၄၂၁၆
R

ပရိယတ္တိ-ဝိသာရဒ၊ ဂန္ထန္တရ ဗဟုသုတ၊ သိက္ခာကာမ၊ စသည်ဥဿုံ၊
ထိုထိုဂုဏ်ဘို့ဖြင့်၊ စွယ်စုံပြောင်မြောက်၊ မှန်သောက်မာတင်၊
အာဇာနည်ဝင်ဖြစ်ဘော်မူကြပေသော
မဲဇာရွှေလည်-မန်လည်မြို့မ၊ ကျော်စောလှသော
မန်လည်ဆရာတော်ဘုရားကြီး။
စစ်ကိုင်းဌာန၊ အရညဝါသီ၊ တောရမှီသော
ချမ်းသာကြီးဆရာတော်ဘုရားကြီး။
ရာမညဝါသီ၊ ဒေသစာရီကြွ၊ တရားပြသော
၊ သုနန္ဒာရာမ-ဆရာတော်ဘုရားကြီး။
သုံးပါးတို့၏-သဒ္ဓိဝိဟာရိက၊ ဓမ္မန္တေဝါသိကအစစ်၊
ဖြစ်တော်မူသော၊ ဓမ္မဝါစက၊ ဂန္ထကာရ၊ ဓမ္မကထိကအကျော်၊
သူ့ငြိမ်းကျောင်းဆရာတော်

# အရှင်သဒ္ဓမ္မဇောတိပါလ

မထေရ်မြတ်သည်၊ ရေးသားစီရင်တော်မူအပ်သော

# ပရမတ္ထသရူပအနုဋ္ဋီကာနာကျမ်းသစ်၊

## ပထမအုပ်။

ပါဠိဆရာ-ဆရာညွန့်။
ကြီးကြပ်ပြင်ဆင်သည်။

ရန်ကုန်မြို့။
၂၅-လမ်း၊ စာဆိုတန်း။ တိုက်နံပါတ် ၅၂။
မြည်ကြီးမန္တလေးဂ်ုင်ပိဋကတ်ပုံနှိပ်တိုက်။
၁၃၀၃-ခုနှစ်၊ ဝါခေါင်လ။

E—334

| ပုဒ်စဉ် နံပါတ်၊ | အကြောင်းအရာ။ | မျက်နှာ နံပါတ်။ |
|---|---|---|
| ၂၁ | သမ္မာသမ္ဗုဒ္ဓပုဒ်အရ-အဓိပ္ပါယ်ကိုပြဆိုခြင်း .... | ၄၆ |
| ၂၂ | အတုလံပုဒ်ကိုထုတ်ဆို၍ပြခြင်း .... .... | ၄၈ |
| ၂၃ | သသဒ္ဓမ္မပုဒ်အရကိုပြဆိုခြင်း .... .... | ၄၉ |
| ၂၄ | ဂဏုတ္တမပုဒ်အရကိုထုတ်ပြခြင်း .... .... | ၅၀ |
| ၂၅ | အဘိဝါဒိယပုဒ်ကိုထုတ်ဆိုခြင်း .... .... | ၅၁ |
| ၂၆ | အဘိဝန္ဒတ္ထသင်္ဂဟပုဒ်အရကိုပြခြင်း .... .... | ၅၃ |
| ၂၇ | ဘာသိဿံပုဒ်အရကိုထုတ်ဆိုခြင်း .... .... | ၅၅ |
| ၂၈ | ရတနာမည်ကြောင်းကိုပြဆိုခြင်း .... ... | ၅၆ |
| ၂၉ | ရတနတ္တယဥဒ္ဒိဋ္ဌကမကိုပြခြင်း .... ... | ၅၆ |
| ၃၀ | အဘိဝန္ဒတ္ထတရားလေးပါးကိုသရုပ်ခွဲခြား၍ပြခြင်း ... | ၅၉ |
| ၃၁ | ပရမတ္ထသဘာဝအရကိုပြဆိုခြင်း .... ... | ၆၁ |
| ၃၂ | ပရမတ္ထတရားလေးပါးတို့၏ပဝတ္တိကမကိုပြခြင်း .... | ၆၁ |
| ၃၃ | ပရမတ္ထဓမ္မတို့၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကိုပြခြင်း .... .... .... | ၆၂ |
| ၃၄ | စိတ်၏အရကိုသဘာဝတ္ထနှင့်တကွပြခြင်း .... | ၆၃ |
| ၃၅ | စိတ်၏လျှင်မြန်ခြင်းကိုပြဆိုခြင်း .... .... | ၆၅ |
| ၃၆ | စိတ်ပရမတ်၏ဖြစ်ပုံစင်ဟန်ကိုပြဆိုခြင်း .... | ၆၇ |
| ၃၇ | စေတသိက်အရကိုထုတ်ပြခြင်း .... .... | ၆၈ |
| ၃၈ | ရုပ်အရပိဋကတ္တယကိုထုတ်ပြခြင်း .... .... | ၇၀ |
| ၃၉ | နိဗ္ဗာနအရပိဋကတ္တယကိုပြခြင်း .... .... | ၇၂ |
| ၄၀ | စိတ္တဘေဒကိုခွဲပြခြင်း .... .... ... | ၇၆ |
| ၄၁ | ဘုံကိုကာမာဝစရခေါ်ပုံကိုပြခြင်း .... .... | ၇၈ |
| ၄၂ | စိတ်ကိုကာမာဝစရ ခေါ်ပုံကိုပြခြင်း .... .... | ၈၂ |
| ၄၃ | ရူပါဝစရ-အရူပါဝစရပုဒ်ကိုပြခြင်း .... .... | ၈၄ |
| ၄၄ | လောကုတ္တရာပုဒ်အရကိုထုတ်ပြခြင်း .... ... | ၈၅ |
| ၄၅ | ကာမာဝစရ-စသောအစဉ်ကိုပြခြင်း .... .... | ၉၁ |
| ၄၆ | သောဘဏစိတ်သရုပ်ကိုခွဲပြခြင်း .... ... | ၉၂ |
| ၄၇ | သောမနဿ-ဥပေက္ခာ-နှစ်ပါးကိုပြခြင်း .... | ၉၃ |

| ပုဒ်စဉ် နံပါတ်၊ | အကြောင်းအရာ၊ | မျက်နှာ နံပါတ်၊ |
|---|---|---|
| ၄၈ | မိဒ္ဓဂတသမ္ပယုတ်-ဝိပ္ပယုတ်နှစ်ပါးကိုပြခြင်း .. | ၉၄ |
| ၄၉ | အသင်္ခါရိက သသင်္ခါရိက-နှစ်ပါးကိုပြခြင်း .... | ၉၅ |
| ၅၀ | သောမနဿဥပေက္ခာစသည်ဖြစ်ကြောင်းကိုပြခြင်း .... | ၉၆ |
| ၅၁ | သောမနဿဥပေက္ခာအထူးကိုပြခြင်း .... .... | ၉၈ |
| ၅၂ | အဋ္ဌကထာဝိနိစ္ဆယကိုပြခြင်း .... ... | ၁၀၀ |
| ၅၃ | လောဘမူစိတ်-သချုပ်ရိုး ခွဲစိတ်နည်းဇယားကွက်ပုံ .. | ၁၀၂ |
| ၅၄ | ဒေါသမူစိတ်နှစ်ပါးကိုရေတွက်၍ပြခြင်း .... | ၁၀၂ |
| ၅၅ | ဒေါမနဿ-ပဋိဃတို့၏ဖြစ်ကြောင်းကိုပြခြင်း .... | ၁၀၃ |
| ၅၆ | မောဟမူစိတ်နှစ်ပါးကိုရေတွက်၍ပြခြင်း .... | ၁၀၄ |
| ၅၇ | ပဝတ္တနကစိတ်မည်ကြောင်းကိုပြခြင်း .... .... | ၁၀၅ |
| ၅၈ | ဥဒ္ဓစ္စစေတနာ၏ပဋိသန္ဓေကျိုးမပေးကြောင်းကိုပြခြင်း | ၁၀၅ |
| ၅၉ | နောက်ဆုံးစိတ်ကိုဥဒ္ဓစ္စသမ္ပယုတ်ဆိုရခြင်း .... | ၁၀၇ |
| ၆၀ | မောဟမူစိတ်၌သင်္ခါရမရှိကြောင်းကိုပြခြင်း .... | ၁၀၇ |
| ၆၁ | စေတသိက်လောဘ၊ ဒေါသနှင့်၊ စိတ်လောဘ၊ ဒေါသ အထူးကိုပြခြင်း .... .... .... | ၁၀၈ |
| ၆၂ | လောဘမူ-ဒေါသမူ-မောဟနှင့်၊မောဟမူ-မောဟအထူး ကိုပြခြင်း .... .... .... | ၁၀၉ |
| ၆၃ | နိဂုံးသုံးရပ်-ပေါင်းစပ်၍ပြခြင်း .... .... | ၁၀၉ |
| ၆၄ | အကုသိုလ်စိတ်ကိုဗုဒ္ဓရိုက်ဆယ်ပါးနှင့်တွဲစပ်ပြခြင်း ... | ၁၁၀ |
| ၆၅ | အကုသလအရ-ဝစနတ္ထတို့ကိုပြခြင်း .... .... | ၁၁၀ |
| ၆၆ | အကုသိုလ်စိတ်သရုပ်ကိုဇယားကွက်ဖြင့်ပြခြင်း .... | ၁၁၁ |
| ၆၇ | အဟိတ်စိတ်ကိုပြဆိုခြင်း .... .... .... | ၁၁၂ |
| ၆၈ | စက္ခုဝိညာဉ်စသည်တို့၏ ဖြစ်ပုံကိုပြခြင်း .... | ၁၁၄ |
| ၆၉ | စက္ခုဝိညာဉ်စသည်တို့၏ ဥပေက္ခာဖြစ်ဟန်ကိုပြခြင်း | ၁၁၇ |
| ၇၀ | ကာယဝိညာဉ်စိတ်၏ ဒုက္ခ-သုခ-ဖြစ်ဟန်ကိုပြခြင်း .... | ၁၁၈ |
| ၇၁ | သမ္ပဋိစ္ဆိုင်း,သန္တီရဏတို့ကိုထုတ်ပြခြင်း .... | ၁၁၉ |
| ၇၂ | သမ္ပဋိစ္ဆိုင်းစိတ်၏ဥပေက္ခာဖြစ်ဟန်၊သန္တီရဏစိတ်၏ သောမနဿ၊ဥပေက္ခာဖြစ်ဟန်ကိုပြခြင်း .... | ၁၂၀ |

| ပုဒ်စဉ် နံပါတ်၊ | အကြောင်းအရာ၊ | မျက်နှာ နံပါတ်၊ |
|---|---|---|
| ၇၃ | နိဂုံးနှစ်ရပ်ကိုခွဲပြချက် .... .... .... | ၁၂၁ |
| ၇၄ | အယိတ်ကြီးယားသုံးပါး၌၊ အာဝဇ္ဇန်းကိုခွဲပြချက် .... | ၁၂၁ |
| ၇၅ | မဟာဂဇမည်သောစိတ်ကိုပြခြင်း .... .... | ၁၂၂ |
| ၇၆ | ဟသိတုပ္ပါဒ်အရကိုထုတ်ပြခြင်း .... .... | ၁၂၃ |
| ၇၇ | အပိတ်စိတ်၌၊ အသင်္ခါရိက– သသင်္ခါရိကနှစ်ပါးကို ပြခြင်း .... .... .... .... | ၁၂၇ |
| ၇၈ | သမ္မယုတ်-ဝိပ္ပယုတ်နှစ်ပါးကိုခွဲခြား၍ပြခြင်း ... | ၁၂၇ |
| ၇၉ | သောဘဏ,အသောဘဏစိတ်တို့ကိုခွဲပြခြင်း .... | ၁၂၈ |
| ၈၀ | ကာမသောဘဏစိတ်အစဉ်ကိုပြခြင်း .... .... | ၁၂၉ |
| ၈၁ | မဟာကုသိုလ်စိတ်ရှစ်ပါးသရုပ်ကိုပြခြင်း ... | ၁၂၉ |
| ၈၂ | ကာမကုသိုလ်ကို မဟာဆိုပုံကိုပြခြင်း .... .... | ၁၃၀ |
| ၈၃ | ပုညသမ္ဘာရ၊ အသင်္ခာရ ကုသိုလ်နှစ်ပါး အထူးကို ပြခြင်း .... .... .... .... | ၁၃၁ |
| ၈၄ | သောမနဿ,ဥပေက္ခာဖြစ်ကြောင်းကိုပြခြင်း .... | ၁၃၂ |
| ၈၅ | ဉာဏသမ္ပယုတ်–ဉာဏဝိပ္ပယုတ်ဖြစ်ကြောင်းကိုပြခြင်း | ၁၃၃ |
| ၈၆ | အသင်္ခါရိက,သသင်္ခါရိကဖြစ်ကြောင်းကိုပြခြင်း .... | ၁၃၄ |
| ၈၇ | ဝိသဇ္ဇနါအရ–သဘာဝတို့ကိုထုတ်ပြခြင်း .... | ၃၃၄ |
| ၈၈ | ဝစနတ္ထ၊လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်ကိုပြခြင်း.... | ၁၃၅ |
| ၈၉ | ကုသိုလ်သုံးတန်၊ပဟာန်သုံးချက်ကိုပြခြင်း .... | ၁၃၆ |
| ၉၀ | နိဗ္ဗာန်နှင့်ဗိုလ်၊အကုသိုလ်ပယ်ပုံကိုပြခြင်း ... | ၁၃၈ |
| ၉၁ | ပုညကြိယာဝတ္ထုတို့ကိုထုတ်ပြခြင်း .... .... | ၁၃၈ |
| ၉၂ | ပုညကြိယာကိုအကျဉ်းရေတွက်ပုံကိုပြခြင်း .... | ၁၄၁ |
| ၉၃ | ဒါနမတ္တ၊ပုညမတ္တ၊ဒါနမယအထူးကိုပြခြင်း .... | ၁၄၂ |
| ၉၄ | မဟပ္ဖလ၊မဟာနိသံသအထူးကိုပြခြင်း.... .... | ၁၄၃ |
| ၉၅ | ဒါနူပနိဿယ၊ သီလူပနိဿယ၊ ဘာဝနူပနိဿယ ကုသိုလ်ကိုပြခြင်း .... .... .... | ၁၄၄ |
| ၉၆ | ဒါနသီလဘာဝနာတို့၏လက္ခဏာစသည်ကိုပြချက် .... | ၁၄၅ |
| ၉၇ | မဟာဝိပါက်အရကိုပေါင်းရုံး၍ပြခြင်း ... .... | ၁၄၇ |

| ပုဒ်စဉ်နံပါတ်။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၉၈ | ဘုရားလောင်းပဋိသန္ဓေစိတ်ကိုပြခြင်း .... ... | ၁၄၈ |
| ၉၉ | ဥက္ကဋ္ဌ-ဩမက-အကျိုးပေးဟန်ကိုပြခြင်း ... | ၁၄၉ |
| ၁၀၀ | မဟာကြိယာအရဝိနိစ္ဆယကိုပြခြင်း .... .... | ၁၅၂ |
| ၁၀၁ | သဗ္ဗညုတဉာဏ်အရကိုထုတ်ပြခြင်း .... .... | ၁၅၄ |
| ၁၀၂ | နိဂုံးသုံးရပ်ကိုပေါင်းစပ်၍ပြခြင်း .... .... | ၁၅၄ |
| ၁၀၃ | ဝေဒနာ,ဉာဏ်,သင်္ခါရအပြားကိုပိုင်းခြား၍ပြခြင်း .... | ၁၅၅ |
| ၁၀၄ | ဉာဏ်အပြားကို ပမာဏအားဖြင့်ပြခြင်း .... ... | ၁၅၆ |
| ၁၀၅ | ကာမစိတ်နိဂုံးသချုပ်ကိုထုတ်ပြခြင်း .... .... | ၁၅၇ |
| ၁င၆ | ကာမဘုံ၌ကာမပုဂ္ဂိုလ်တို့၏စိတ်ကိုပြခြင်း .... | ၁၅၈ |
| ၁၀၇ | ရူပါဝစရစိတ်အရကိုပြဆိုခြင်း .... ... | ၁၅၉ |
| ၁၀၈ | ဈာန်အပြားကိုပိုင်းခြား၍ပြချက် .... .... | ၁၆၀ |
| ၁၀၉ | ဈာန်အင်္ဂါဖြင့်နိဝရဏပယ်ဟန်ကိုပြခြင်း .... | ၁၆၁ |
| ၁၁၀ | ဈာန်ငါးပါးတို့၏အာရုံပြုဟန်ကိုပြခြင်း ... .... | ၁၆၂ |
| ၁၁၁ | ရူပါဝစရစိတ်ကိုအသင်္ခါရ-သသင်္ခါရ-ခွဲပြချက် ... | ၁၆၂ |
| ၁၁၂ | ရူပါဝစရစိတ်ကို သမ္ပယုတ်,ဝိပ္ပယုတ်ခွဲနည်း .... | ၁၆၄ |
| ၁၁၃ | ဝိသဇ္ဇါအရပေါင်းဟန်ကိုပြခြင်း .... .... | ၁၆၄ |
| ၁၁၄ | ပဋိပဒါလေးပါးကိုခွဲခြား၍ပြခြင်း .... .... | ၁၆၅ |
| ၁၁၅ | အဘိညာဉ်စိတ်ကိုပြခြင်း .... .... ... | ၁၆၆ |
| ၁၁၆ | သောမနဿ-ဥပေက္ခာကိုခွဲ၍ပြခြင်း .... .... | ၁၆၈ |
| ၁၁၇ | အရူပါဝစရစိတ်ကိုပြဆိုခြင်း .... .... | ၁၆၉ |
| ၁၁၈ | အာကာသာနဉ္စာယတနကိုပြဆိုခြင်း .... .... | ၁၇၀ |
| ၁၁၉ | ဝိညာဏဉ္စာယတနကိုပြဆိုခြင်း .... ... | ၁၇၁ |
| ၁၁၀ | အာကိဉ္စညာယတနကိုပြဆိုခြင်း .... .... | ၁၇၂ |
| ၁၂၁ | နေဝသညာနာသညာယတနကိုပြဆိုခြင်း .... | ၁၇၃ |
| ၁၂၂ | အရူပါဝစရစိတ်အာရုံကိုပြခြင်း .... .... | ၁၇၄ |
| ၁၂၃ | အရူပသမာပတ်လေးပါးဖြတ်ဟန်ကိုပြချက် .... | ၁၇၅ |
| ၁၂၄ | ဝိသဇ္ဇါပေါင်းဟန်ကိုပြခြင်း .... .... | ၁၇၆ |
| ၁၂၅ | အရူပဝိစ်၌ပုဂ္ဂိုလ်တို့၏စိတ်ရကိုပြခြင်း.... .... | ၁၇၇ |

| ပုဒ်စဉ်နံပါတ်။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၁၂၆ | မဟာဂ္ဂုတ်မည်ကြောင်းကိုပြခြင်း .... .... | ၁၇၇ |
| ၁၂၇ | သမာပဘ်ရှစ်ပါးကိုခွဲခြား၍ပြခြင်း .... .... | ၁၇၈ |
| ၁၂၈ | လောကုတ္တရာစိတ်ကိုပြဆိုခြင်း .... .... | ၁၇၉ |
| ၁၂၉ | မဂ်မည်ကြောင်းကိုပြခြင်း .... .... .... | ၁၈၀ |
| ၁၃၀ | မဂ်လေးပါးကိလေသာပယ်ပုံကိုပြခြင်း ... .... | ၁၈၁ |
| ၁၃၁ | မဂ်ပယ်ကိလေသာ၏ကာလကိုပြခြင်း .... .... | ၁၈၁ |
| ၁၃၂ | အထက်မဂ်ပယ်ပုံကိုမေးဖြေခြင်း .... .... | ၁၈၄ |
| ၁၃၃ | မဂ်ပယ်ကိလေသာကိုပြဆိုခြင်း .... .. | ၁၈၅ |
| ၁၃၄ | မဂ်လေးပါးသစ္စာမြင်ပုံကိုပြခြင်း .... .... | ၁၈၆ |
| ၁၃၅ | တိပရိဝဋ္ဋ၊ ဒွါဒသာကာရကိုပြခြင်း .... .... | ၁၈၇ |
| ၁၃၆ | ဗိသဒ္ဓါပေါင်းဟန်ကိုပြဆိုခြင်း .... ... | ၁၈၈ |
| ၁၃၇ | ဖိုလ်စိတ်လေးပါးကိုပြဆိုခြင်း .... .... | ၁၈၉ |
| ၁၃၈ | သောတာပန်ပုဂ္ဂိုလ်အရ-ပြဆိုခြင်း .... .... | ၁၉၀ |
| ၁၃၉ | သောတာပန်အမည်ထူးခြားပုံကိုပြခြင်း ... .... | ၁၉၄ |
| ၁၄၀ | သကဒါဂါမ်အပြားကိုပြဆိုခြင်း .... ... | ၁၉၅ |
| ၁၄၁ | အနာဂါမ်အပြားကိုပြဆိုခြင်း .... .... | ၁၉၆ |
| ၁၄၂ | ရဟန္တာမည်ကြောင်းကိုပြခြင်း .... .... | ၁၉၇ |
| ၁၄၃ | ယေပုဂ္ဂလာအဋ္ဌသတံ၊ ပရိတ်ကြီးပါဌ်အရ-အရိယာကို ပြခြင်း .... .... .... .... | ၁၉၈ |
| ၁၄၄ | ရဟန္တာပုဂ္ဂိုလ်၌ကုသိုလ်ရှိကြောင်းကိုပြခြင်း .... | ၁၉၉ |
| ၁၄၅ | ရဟန္တာပုဂ္ဂိုလ်၏ဒုစရိုက်ကိုပြဆိုခြင်း .... .... | ၁၉၉ |
| ၁၄၆ | ရဟန္တာတို့အား မနောဒုစရိုက် ဖြစ်ကြောင်း ဝတ္ထုကို ပြခြင်း .... .... .... ... | ၂၀၁ |
| ၁၄၇ | လောကုတ္တရာကြိယာမရှိကြောင်းကိုပြခြင်း .... | ၂၀၂ |
| ၁၄၈ | လောကုတ္တရာအကျဉ်း၌ချာန်ပွါးပုံပြခြင်း .... | ၂၀၂ |
| ၁၄၉ | ဈာန်ပွါးရာ၌နိယာမသုံးပါးကိုခွဲခြား၍ပြခြင်း .... | ၂၀၃ |
| ၁၅၀ | စိတ်-၈၉-ပါးကို ဘုမိဘေဒအားဖြင့် ရေတွက်ပုံကို ပြခြင်း .... .... .... .... | ၂၀၅ |

| ပုဒ်စဉ် နံပါတ်၊ | အကြောင်းအရာ။ | မျက်နှာ နံပါတ်။ |
|---|---|---|
| ၁၅၁ | ဇာတိဘေဒအားဖြင့်ရေတွက်ပုံကိုပြခြင်း .... | ၂၀၆ |
| ၁၅၂ | စိတ်အကျဉ်းအကျယ်သရုပ်အဓိပ္ပါယ်ခွဲပုံဇယားကွက် | ၂၀၈ |
| ၁၅၃ | ၈၉-ရှိရသရုပ်ကိုထုတ်နုတ်၍ပြခြင်း .... .... | ၂၀၉ |
| ၁၅၄ | ပကိဏ္ဏကစေတသိက်-အကြဉ်အားဖြင့်-ခွဲခြား၍ပြခြင်း | ၂၁၀ |
| ၁၅၅ | ပုဂ္ဂိုလ်၌စိတ်ရ-သုဒ္ဓနည်းကိုခွဲပြခြင်း .... .... | ၂၁၁ |
| ၁၅၆ | ဘုံ၌စိတ်ဖြစ်-ဘုမ္မိသုဒ္ဓနည်းကိုပြခြင်း .... .... | ၂၁၁ |
| ၁၅၇ | ပုဂ္ဂိုလ်၌-စိတ်ဖြစ်သောမိဿကနည်းကိုပြခြင်း .... | ၂၁၁ |
| ၁၅၈ | တနည်းဘုံ၌စိတ်ဖြစ်၊မိဿကနည်းကိုပြခြင်း ... | ၂၁၂ |
| ၁၅၉ | ဝီထိကျသောအကြိမ်ဝါရအားဖြင့်ခွဲခြား၍ပြခြင်း .... | ၂၁၃ |
| ၁၆၀ | ရူပသမုဋ္ဌာန်အားဖြင့်-သရုပ်ခွဲနည်းကိုပြခြင်း .... | ၂၁၄ |
| ၁၆၁ | ဗိုဇ်အားဖြင့်သရုပ်ခွဲနည်းကိုပြခြင်း .... ... | ၂၁၄ |
| ၁၆၂ | ဈာနင်္ဂဘေဒအားဖြင့်သရုပ်ခွဲနည်းကိုပြခြင်း .... | ၂၁၅ |
| ၁၆၃ | မဂ္ဂင်အပြားအားဖြင့်သရုပ်ခွဲနည်းကိုပြခြင်း .... | ၂၁၅ |
| ၁၆၄ | ဣန္ဒြေအားဖြင့်သရုပ်ခွဲနည်းကိုပြခြင်း .... .... | ၂၁၆ |
| ၁၆၅ | အဓိပတိပစ္စည်းအားဖြင့်သရုပ်ခွဲနည်းကိုပြခြင်း .... | ၂၁၇ |
| ၁၆၆ | သောမနဿ-ဥပေက္ခာစသည်ကိုပေါင်းပြခြင်း .... | ၂၁၇ |
| ၁၆၇ | ပထမဈာန်၊ဒုတိယဈာန်တို့ကိုပေါင်းရုံး၍ပြခြင်း .... | ၂၁၈ |
| | **၂-စေတသိက်ပိုင်း။** | |
| ၁၆၈ | စေတသိက်လက္ခဏာ ၄-ပါးကိုပြဆိုခြင်း .... | ၂၂၀ |
| ၁၆၉ | ဘုံအားဖြင့်ကာမ-ရူပ-အရူပ-စေတသိက်ကိုခွဲပြခြင်း... | ၂၂၁ |
| ၁၇၀ | တနည်းကမ္မပထ-အကမ္မပထအားဖြင့်သရုပ်ခွဲနည်း.... | ၂၂၂ |
| ၁၇၁ | တနည်းစေတသိက်သရုပ်ခွဲနည်းကိုပြခြင်း .... | ၂၂၂ |
| ၁၇၂ | စေတသိက်တို့၏အစဉ်ကိုပြဆိုခြင်း .... .... | ၂၂၃ |
| ၁၇၃ | ဖဿစေတသိက်ကိုပြဆိုခြင်း .... .... | ၂၂၃ |
| ၁၇၄ | ဝေဒနာစေတသိက်ကိုပြဆိုခြင်း .... .... | ၂၂၄ |
| ၁၇၅ | သညာစေတသိက်ကိုပြဆိုခြင်း .... .... | ၂၂၅ |

| ပုဒ်စဉ် နံပါတ်။ | အကြောင်းအရာ။ | | | မျက်နှာ နံပါတ်။ |
|---|---|---|---|---|
| ၁၇၆ | စေတနာစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၂၇ |
| ၁၇၇ | ဧကဂ္ဂတာစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၂၈ |
| ၁၇၈ | ဇီဝိတိန္ဒြေစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၃၁ |
| ၁၇၉ | မနသိကာရစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၃၂ |
| ၁၈၀ | သဗ္ဗစိတ္တသာဓာရဏမည့်ကြောင်းကိုပြခြင်း | | .... | ၂၃၃ |
| ၁၈၁ | ဝိတက်စေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၃၄ |
| ၁၈၂ | ဝိစာရစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၃၅ |
| ၁၈၃ | အဓိမောက္ခစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၃၆ |
| ၁၈၄ | ဝီရိယစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၃၇ |
| ၁၈၅ | ပီတိစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၃၇ |
| ၁၈၆ | ဆန္ဒစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၃၉ |
| ၁၈၇ | မောဟစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၄၀ |
| ၁၈၈ | အဟိရိကစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၄၃ |
| ၁၈၉ | အနောတ္တပ္ပစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၄၄ |
| ၁၉၀ | ဥဒ္ဓစ္စစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၄၄ |
| ၁၉၁ | လောဘစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၄၅ |
| ၁၉၂ | လောဘနှင့်ဆန္ဒအထူးကိုပြခြင်း | .... | .... | ၂၅၀ |
| ၁၉၃ | ဒိဋ္ဌိစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၅၁ |
| ၁၉၄ | မာနစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၅၆ |
| ၁၉၅ | ဒေါသစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၅၇ |
| ၁၉၆ | ဣဿာစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၅၈ |
| ၁၉၇ | မစ္ဆရိယစေတသိက်ကိုပြဆိုခြင်း | .... | | ၂၅၉ |
| ၁၉၈ | ကုက္ကုစ္စစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၆၃ |
| ၁၉၉ | ထိန-မိဒ္ဓစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၇၁ |
| ၂၀၀ | ဝိစိကိစ္ဆာစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၇၃ |
| ၂၀၁ | သဒ္ဓါစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၇၄ |
| ၂၀၂ | သတိစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၇၇ |
| ၂၀၃ | ဟိရိဩတ္တပ္ပစေတသိက်ကိုပြဆိုခြင်း | .... | .... | ၂၈၇ |

| ပုဒ်စဉ် နံပါတ်၊ | အကြောင်းအရာ၊ | မျက်နှာ နံပါတ်၊ |
|---|---|---|
| ၂၀၄ | အလောဘ၊အဒေါသစေတသိက်ကိုပြဆိုခြင်း .... | ၂၈၀ |
| ၂၀၅ | တတြမဇ္ဈတ္တတာစေတသိက်ကိုပြဆိုခြင်း .... | ၂၈၂ |
| ၂၀၆ | ပဿဒ္ဓိစေတသိက်နှစ်ပါးကိုပြဆိုခြင်း .... .... | ၂၈၄ |
| ၂၀၇ | လဟုတာစေတသိက်နှစ်ပါးကိုပြဆိုခြင်း ... | ၂၈၅ |
| ၂၀၈ | မုဒုတာစေတသိက်ကိုပြဆိုခြင်း .... .... | ၂၈၅ |
| ၂၀၉ | ကမ္မညတာစေတသိက်ကိုပြဆိုခြင်း .... .... | ၂၈၆ |
| ၂၁၀ | ပါဂုညတာစေတသိက်ကိုပြဆိုခြင်း .... ... | ၂၈၆ |
| ၂၁၁ | ဥဇုကတာစေတသိက်ကိုပြဆိုခြင်း .... .... | ၂၈၇ |
| ၂၁၂ | ယုဂဋ္ဌရ၊ယုဂနဋ္ဌခေါ်ရကြောင်းကိုပြဆိုခြင်း .... | ၂၈၈ |
| ၂၁၃ | သမ္မာဝါစာစေတသိက်ကိုပြခြင်း .... .... | ၂၈၉ |
| ၂၁၄ | သမ္မာကမ္မန္တစေတသိက်ကိုပြခြင်း .... .... | ၂၉၁ |
| ၂၁၅ | သမ္မာအာဇီဝစေတသိက်ကိုပြခြင်း .... .... | ၂၉၁ |
| ၂၁၆ | ဝိရတီသုံးပါးကိုပြဆိုခြင်း .... .... .... | ၂၉၄ |
| ၂၁၇ | ဗြဟ္မာတို့၌ဝိရတီရှိ,မရှိကိုပြခြင်း .... .... | ၂၉၇ |
| ၂၁၈ | ဝိတိက္ကမိတဗ္ဗ၊ ဝိရမိတဗ္ဗ အထူးကိုပြခြင်း .... | ၂၉၇ |
| ၂၁၉ | သဟာမ္ပတိဗြဟ္မာ၊တောင်းပန်ရာ၌ သမ္မာဝါစာဖြစ်,မဖြစ် မေးဖြေခြင်း .... .... .... | ၂၉၈ |
| ၂၂၀ | အာရတိ-ဝိရတိအထူးကိုပြခြင်း .... .... | ၂၉၉ |
| ၂၂၁ | ဒုစ္စရိုက်,ဒုရာဇီဝအထူးကိုပြခြင်း .... .... | ၃၀၀ |
| ၂၂၂ | သမ္မာအာဇီဝသရုပ်ကိုမေးဖြေခြင်း .... .... | ၃၀၂ |
| ၂၂၃ | အပ္ပမညာစေတသိက်ကိုပြဆိုခြင်း .... .... | ၃၀၅ |
| ၂၂၄ | အညာထုပေက္ခာကိုမေးဖြေခြင်း .... .... | ၃၀၇ |
| ၂၂၅ | ပညိန္ဒြေစေတသိက်ကိုပြဆိုခြင်း .... .... | ၃၁၂ |
| ၂၂၆ | သမ္ပယောဂ-သင်္ဂဟနည်းမည်ကြောင်းကိုပြဆိုခြင်း.... | ၃၁၆ |
| ၂၂၇ | သမ္ပယောဂနည်း ၁၆-ပါးကိုပြခြင်း .... .... | ၃၁၆ |
| ၂၂၈ | ပကိဏ်းစေတသိက်ပုစ္ဆာ,ဝိသဇ္ဇနာကိုပြခြင်း .... | ၃၁၉ |
| ၂၂၉ | ပကိဏ်းစေတသိက်ကြဉ်ကြောင်းကိုပြခြင်း .... | ၃၂၀ |
| ၂၃၀ | အညသမာန်းအကျယ်ဆောင်ပုဒ်ကိုပြခြင်း .... | ၃၂၁ |

| ဝန်စဉ် နံပါတ်။ | အကြောင်းအရာ။ | မျက်နှာ နံပါတ်။ |
|---|---|---|
| ၂၃၁ | အညသမာနရာသိ၌ဝေဒနာစသည်ခွဲပုံဇယား .... | ၃၂၂ |
| ၂၃၂ | အကုသလသမ္ပယောဂနည်းကိုပြခြင်း .... .... | ၃၂၃ |
| ၂၃၃ | အကုသလရာသိ၌၊ ပုစ္ဆာဝိသဇ္ဇနာကိုပြခြင်း .... | ၃၂၄ |
| ၂၃၄ | အကုသလရာသိ၌သဘောကိုပြခြင်း .... .... | ၃၂၅ |
| ၂၃၅ | အကုသလရာသိ၌ဝေဒနာစသည်ခွဲပုံဇယား .... | ၃၂၇ |
| ၂၃၆ | အကုသလရာသိအကျယ်ကိုပြခြင်း .... .... | ၃၂၈ |
| ၂၃၇ | သောဘဏသမ္ပယောဂနည်းကိုပြခြင်း .... .... | ၃၂၈ |
| ၂၃၈ | ပုစ္ဆာ-ဝိသဇ္ဇနာကိုထုတ်ပြခြင်း .... .... | ၃၂၉ |
| ၂၃၉ | သောဘဏရာသိမှတ်သားဘွယ်ကိုပြခြင်း .... | ၃၃၁ |
| ၂၄၀ | သောဘဏရာသိ၌သရုပ်ခွဲဇယားကွက် .... | ၃၃၄ |
| ၂၄၁ | သောဘဏအကျယ်ကိုပြခြင်း .... ... | ၃၃၆ |
| ၂၄၂ | နိယတ-အနိယတစေတသိက်တို့ကိုပြခြင်း .... | ၃၃၆ |
| ၂၄၃ | သင်္ဂဟနည်းသရုပ်ကိုပြဆိုခြင်း .... .... | ၃၃၈ |
| ၂၄၄ | လောကုတ္တရာနည်း၌သဘောကိုပြခြင်း .... .... | ၃၄၁ |
| ၂၄၅ | မဟဂ္ဂုတ်နည်း၌သဘောကိုပြခြင်း .... .... | ၃၄၁ |
| ၂၄၆ | ကာမသောဘဏ၌သဘောကိုပြခြင်း .... .... | ၃၄၂ |
| ၂၄၇ | ကာမသောဘဏသင်္ဂဟ ၁၂-နည်းကိုပြခြင်း .... | ၃၄၇ |
| ၂၄၈ | အထူးပြုသောစေတသိက်တို့ကိုပြခြင်း .... .... | ၃၄၇ |
| ၂၄၉ | အကုသလသင်္ဂဟသဘောကိုပြခြင်း .... .... | ၃၄၈ |
| ၂၅၀ | အဟိတ်သင်္ဂဟနည်းကိုပြခြင်း .... .... | ၃၄၈ |
| ၂၅၁ | စေတသိက်ပိုင်းသရုပ်ဆောင်ပုဒ်လင်္ကာ .... | ၃၄၉ |


## ၃-ပကိဏ်းပိုင်း။


| | | |
|---|---|---|
| ၂၅၂ | ပဌမဂါထာအနက်သဘောကိုပြခြင်း .... .... | ၃၅၀ |
| ၂၅၃ | ဝေဒနာသင်္ဂဟ-သရုပကိုပြခြင်း .... .... | ၃၅၁ |
| ၂၅၄ | သုခမေကတ္ထဂါထာသရုပ်ကိုပြခြင်း .... .... | ၃၅၂ |
| ၂၅၅ | ဟေတုသင်္ဂဟသရုပကိုပြခြင်း .... .... | ၃၅၃ |

| ပုဒ်စဉ် နံပါတ်၊ | အကြောင်းအရာ။ | မျက်နှာ နံပါတ်။ |
| --- | --- | --- |
| ၂၅၆ | အပဟောတုကာဌာရသေကဂါထာကိုပြခြင်း .... | ၃၅၅ |
| ၂၅၇ | ကိစ္စသင်္ဂဟာကိုပြဆိုခြင်း .... .... .... | ၃၅၇ |
| ၂၅၈ | ကိစ္စ-ဌာန-အထူးကိုပြခြင်း.... .... .... | ၃၅၉ |
| ၂၅၉ | နှစ်ဆဲ့ငါးဌာနကိုတနည်းပြခြင်း .... .... | ၃၅၉ |
| ၂၆၀ | ဒွါရသင်္ဂဟာကိုပြဆိုခြင်း .... .... .... | ၃၆၂ |
| ၂၆၁ | ပုဂ္ဂိုလ်အားဖြင့်၊ဒွါရနှဖြစ်၊စိတ်ကိုစစ်၍ပြခြင်း ... | ၃၆၄ |
| ၂၆၂ | အာရမ္မဏသင်္ဂဟာကိုပြဆိုခြင်း .... .... | ၃၆၅ |
| ၂၆၃ | ကာလဝိမုတ်တရားကိုပြဆိုခြင်း .... .... | ၃၆၇ |
| ၂၆၄ | ဒွါရဝိမုတ်စိတ်အရကိုပြဆိုခြင်း .... .... | ၃၆၇ |
| ၂၆၅ | ဒွါရဝိမုတ်တို့၏အာရုံကိုပြခြင်း .... .... | ၃၇၁ |
| ၂၆၆ | နိမိတ်သုံးရပ်ကို၊အဇ္ဈတ္တ-ဗဟိဒ္ဓသဏ္ဍာန်ဖြင့်ပြခြင်း .... | ၃၇၂ |
| ၂၆၇ | ရဟန္တာစုတိ-အာရုံကိုပြဆိုခြင်း .... ... | ၃၇၃ |
| ၂၆၈ | ကေန်အာရုံပြုသောဂါထာကိုပြခြင်း .... .... | ၃၇၅ |
| ၂၆၉ | အနေကန်အာရုံပြုသောဂါထာကိုပြခြင်း .... | ၃၇၆ |
| ၂၇၀ | ကေန်အာရုံပြုလက်ာကိုပြခြင်း .... .... | ၃၇၆ |
| ၂၇၁ | အနေကန်အာရုံပြုလက်ာကိုပြခြင်း .... .... | ၃၇၇ |
| ၂၇၂ | စေတသိက်အာရုံပြုပုံကိုပြခြင်း .... .... | ၃၇၈ |
| ၂၇၃ | ဝတ္ထုသင်္ဂဟာကိုပြဆိုခြင်း .... .... .... | ၃၇၈ |
| ၂၇၄ | ရူပဘုံ၌ဃာနာဒိတ္တယ-မရပုံကိုပြခြင်း .... .... | ၃၈၀ |
| ၂၇၅ | ဖြဟ္မာဘုံ၌ဂန္ဓာရုံရှိ,မရှိကိုမေးဖြေခြင်း.... .... | ၃၈၀ |
| ၂၇၆ | ဝတ္ထုရုပ်တို့ကိုကေန်မှီ,မမှီကိုပြခြင်း .... .... | ၃၈၁ |
| ၂၇၇ | စေတသိက်၏မှီရာကိုပြခြင်း .... .... | ၃၈၂ |


ပရမတ္ထသရူပအာနှဝဏ္ဏနာကျမ်းသစ်

မာတိကာပြီး၏။

# ပရမတ္ထသရူပဒနုဋ္ဌကာနာကျမ်းသစ်၊

## ပထမအုပ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### (၁) ပဏ္ဍိတဝိလာသနိနိဒါန်း၊

ကိတ္တာဝတာနုခေါ ဘန္တေပဏ္ဍိတော မဟာပညော ဟောတီတိ၊ ဣဓ ဘိက္ခုပဏ္ဍိတော မဟာပညော နေဝတ္တဗျာပါဒါယစေတေတိ၊ နပရဗျာပါဒါယစေတေတိ၊ နူဘယဗျာပါဒါယစေတေတိ၊အတ္တဟိတ၊ပရဟိတ၊ ဥဘယဟိတ၊ သဗ္ဗလောကဟိတမေဝ စိန္တာယမာနောစိန္တေတိ၊ ဧဝံခေါဘိက္ခု ပဏ္ဍိတောမဟာပညောဟောတီတိ၊ ။စတုက္ကင်္ဂုတ္တရပါဠိတော်။

ဘန္တေ၊အရှင်ဘုရား။ ပဏ္ဍိတော၊ အကျိုးအကြောင်းကိုသိ၊ ပညာရှိ၍။ မဟာပညော၊ မြေကြီးအထုကဲ့သို့သောပညာရှိ၍။ ဣတိ၊ ဤသို့။ဝုတ္တေ၊ဟော ကြားညွှန်ပြ၊ပြောဆိုကြ၍။ ဘန္တေ၊အရှင်ဘုရား။ ကိတ္တာဝတာ၊ အဘယ်မျှ လောက်သောအတိုင်းအရှည်ဖြင့်။ ပဏ္ဍိတော၊ပညာရှိသည်။ မဟာပညော၊ ကြီးကျယ်သောပညာရှိသည်။ ဟောတိနုခေါ၊ဧကန်စင်စစ်၊ ဖြစ်ပါသနည်း။ ဣတိ၊ဤသို့။အဝေါစ၊နားတော်လျှောက်၏။ ဘိက္ခု၊သာသနာဘမ်း၊ချစ်သား ရဟန်း။ဣဓ၊ဤသာသနာတော်၌၊ပဏ္ဍိတော၊ပညာရှိဟူသည်။မဟာပညော၊ ကြီးကျယ်သောပညာရှိသော ပုဂ္ဂိုလ်သည်။ အတ္တဗျာပါဒါယ၊မိမိ၏ပင်ပန်း ခြင်းငှါ။နေဝစေတေတိ၊မစေ့ဆော်။ပရဗျာပါဒါယ၊ သူတပါး၏ပင်ပန်းခြင်း ငှါ။နစေတေတိ၊မစေ့ဆော်၊ ဥဘယဗျာပါဒါယ၊မိမိသူတပါး၊နှစ်ပါးစုံသော သူတို့၏ပင်ပန်းခြင်းငှါ။နစေတေတိ၊မစေ့ဆော်။အတ္တဟိတ ပရဟိတ၊ ဥဘယ ဟိတ၊သဗ္ဗလောကဟိတမေဝ၊မိမိ၏အကျိုးစီးပွါး၊ သူတပါးတို့၏အကျိုး

စီးပွါး၊မိမိ၊သူတပါး၊နှစ်ပါးရုံတို့၏အကျိုးစီးပွါး၊ ခပ်သိမ်းသော သတ္တလောက၏အကျိုးစီးပွါးကိုသာလျှင်၊စိန္တာယမာနော၊ရုံခါမမေ့၊ဘန်ဘန်တွေ့ခါ၊ကြံစည်သည့်ဖြစ်ပါ၍၊ စိန္တေတိ၊အမှန်မသွေ၊ကြံစည်ပေ၏၊ဘိက္ခု၊ရဟန်း၊ ဝေခေါ၊ဤသို့လျှင်၊ ပဏ္ဍိတော၊ပညာရှိသည်၊ မဟာပညော၊ ကြီးသောပညာရှိသည်၊ ဟောတိ၊ဖြစ်၏၊ ဣတိ၊ဤသို့၊ အဝေါစ၊ ညွှတ်တော်ပွင့်လင်း၊ ရှေ့ခံတွင်းမှ၊ထင်လင်းကြည်ဖြူ၊မိန့်တော်မူ၏။

ဤသို့အထူးပွတ်၊ ပဏ္ဍိတစကားရပ်တို့ကို၊ တပ်အပ်ထင်ထင်၊ မိန့်တမ်းတင်တော်မူသည်နှင့်ညီစွာ၊ ပဏ္ဍိတတရား-အကျိုးစီးပွါး လေးပါးတို့ကို၊ လိုလားတောင့်တ၊ အဖြာသယရှိတော်မူကြတုန်သော ရဟန်း၊ ရှင်၊ လူ၊ ပဏ္ဍိတမည်သူတို့သည်၊ ဆွန်းပကျ၊သော်ဘ လသည်၊ တနေ့ထွက်ကွင်း၊ ထင်လင်းတောက်ပ၊ ရောင်ဆင်းပြည့်ဝဘိသကဲ့သို့၊ ဗုဒ္ဓဘုရား၊ တည်ထားသာသနာ၊ ရောင်ဝါထွန်းပြ၊ မကွယ်ပခြင်းအလို့ငှါ၊ သု-စိ-ပု-ဘာ၊ အက္ခရာလုံး ပါဠိသုံး၍၊ လုံးရုံပိဋကတ်၊ အထပ်ထပ်ဆရာရာ၊ အဓိပ္ပါယ်အလာတို့ကို၊ သိကြားချိန်သည့်၊ ငဖိရစိန်စက်အဖျား၊ ရိုယ်းကြိုး၏ အသွားကဲ့သို့၊ တက်ကြွားညွှတ်လျှင်၊ အာဇာနည်ဝင်ငြား၊ ပညာရှိဆရာတော်ဘုရားတို့၏၊ နယပဒေသ၊ အာစရိယဝါဒတို့ဖြင့်၊ ကျမ်းလာအစဥ်၊ တန်းဆာဆင်၍၊ ကြည်လင်ကောင်းမြတ်ပသာဒပ်ဂုဏ်၊ ပေါင်းခါဆုံသော၊ ဓမ္မာရုံကျမ်းဂန်ကြီးတို့ကို၊ အသီးအသီး၊ လက်ပန်းမှုမှိုးကြတော့သည်အတိုင်း၊ ညွှတ်အဟုန်ကွန့်ဆိုင်း၊ သမ္ဘာဂုဏ်တွန့်မလျှိုင်းမှု၍၊ ပါဠိ၊ ဋီကာထာဝိုက်သိုင်းလျှက်၊ သဂြိုဟ်ကိုးပိုင်းပါဠိရပ်တို့ကို၊ သရုပ်မြတ်ပေါ်ထင်စေရန်၊ ဋီကာညွှတ်ပါဠိသွားဖြင့်၊ ရေးသားပေလစ်၊ ပရမတ္ထ အနုဝဏ္ဏနာ ဋီကာသစ်ကို၊ ညွှတ်အဟုန် အနက် ဘွင့်လှစ်၍၊ အဓိပ္ပါယ်ယူခါ မစစ်နိုင်သော တပည့်ဒါယကာ အများတို့ကို၊ သနားရှေးရှု၊ ထောက်ထားခါပြုပြီးလျှင်၊ မာဂဓပါဠိဖြင့်မှ၊ စကားစဥ်အဓိပ္ပါယ်သွား၊ ဆန်းကြယ်သည့်သရုပ်များကို၊ ညွှတ်ရထားတင်ယူ၍၊ အသူသူ ကျမ်းအပြတို့ဖြင့်၊ ပရမတ္ထသရူပ ဘေဒနီဝဏ္ဏနာ မည်ပါ၊ သရုပ်ပြကျမ်းသစ်ကြီးကို၊ ဘွင့်လှစ်၍တီးလိုက်သတည်း။

---

## (၂) ပဏ္ဍိတပတိရူပက-ကေန္တပဏ္ဍိတပုဂ္ဂိုလ်-ခွဲပြခြင်း။

ရှေ့ပန်းထိမ်သည်ပမာ၊ ကျမ်းပြုဆရာတို့သည်၊ ရှေ့တုံးတည်းဟူသော ကျမ်းကြီးတို့ကို၊ အသီးအသီး၊ ရေးသားပြုရတော်မူကြ၏၊ ထိုသို့ပြုကြကုန်

သော· သဍ္ဍကာရက ပုဂ္ဂိုလ်တို့သည်၊ ပဏ္ဍိတ ပတိရူပကပုဂ္ဂိုလ်, ကေန္တ ပဏ္ဍိတပုဂ္ဂိုလ်,ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ ပညာရှိယောင်၊ ဟန်ပန်ဆောင်သော။ ပညာအတုခိုး။ ပဏ္ဍိတပတိရူပက ပုဂ္ဂိုလ်မျိုးသည်၊ မကောင်းသဖြင့် ရေးသား။ ဂမ္ဘီရဒေါသသင့်သော စကားတို့ဖြင့်။ သူတပါး ရေးသား၊ပုဒ်အက္ခရာအများတို့ကိုတွေ့ရှိခဲ့လျှင်။အပြစ်စကား။ဒေါသများကို သာလျှင်ဆိုကြ၏၊မိမိမှုကားကောင်းစွာမပြုပြင်နိုင်ကြကုန်၊ ထိုကြောင့်၊ သိ လက္ခန်အဋ္ဌကထာ၌။ ။ပဏ္ဍိတပတိရူပကာ ပဒေပဒေ အက္ခရေအက္ခရေ ဒေါသမေဝဝဒန္တိ။ ။ဟုဘွင့်ပြ၏။ ။ပဏ္ဍိတပတိရူပကာ၊ပညာရှိအတု ပုဂ္ဂိုလ်တို့သည်။ ပဒေ ပဒေ၊ ပုဒ်တိုင်းပုဒ်တိုင်း။ အက္ခရေ အက္ခရေ၊ အက္ခ ရာတိုင်းအက္ခရာတိုင်း။ ဒေါသမေဝ၊ အပြစ်စကားကိုသာလျှင်။ ဝဒန္တိ၊ ဆို ကြကုန်၏။ ။စင်စစ်ပညာရှိသောကေန္တပဏ္ဍိတပုဂ္ဂိုလ်တို့သည်။ကောင်းစွာ ရေးသား။ အဓိပ္ပါယ်စကားတို့ကို တွေ့ရှိလျှင်။ ချီးမွမ်းကုန်၏။ မကောင်းသ ဖြင့် ရေးသား၊ ပုဒ်အက္ခရာ ဝါကျများကို တွေ့ရှိလျှင်။ အပြစ်ကားမဆိုမူ၍။ မှားယွင်းသည့်အဓိပ္ပါယ်များကို၊ပြင်ဆင်၍သာလျှင်။ဖြောင့်မှန်စွာရေးသား ၍ ပေးထား၏။ ထိုကြောင့်၊ သီလက္ခန်အဋ္ဌကထာ၌။ ။ကေန္တပဏ္ဍိတာပန ကထံသုတွာ သုကထိတံပသံသန္တိ။ ဒုက္ကထိတေသု ပါဠိပဒအတ္ထဗျဉ္ဇနေသု ယံယံဝိယုတ္တံ၊ တံတံဥဇုကံကတွာဒေန္တိ၊ ။ဟုဘွင့်ပြ၏။ ။ကေန္တပဏ္ဍိ တာပန၊ပညာရှိအစစ်တို့သည်ကား။ သုကထိတံ၊ ကောင်းစွာဆိုအပ်သော။ ကထံ၊စကားကို။သုတွာ၊ကြားနာရ၍။ ပသံသန္တိ၊ချီးမွမ်းကြကုန်၏။ဒုက္ကထိ တေသု၊ မကောင်းသဖြင့်ဆိုအပ်ကုန်သော။ ပါဠိပဒ–အတ္ထဗျဉ္ဇနေသု၊ပါဠိပုဒ်၊ အနက်,ဗျည်းတို့၌။ ယံယံ၊ အကြင်အကြင်ပုဒ်အနက်သည်။ ဝိယုတ္တံ၊ ဆန့် ကျင်၏။တံတံ၊ထိုထိုပုဒ်အနက်ကို။ဥဇုကံ၊ဖြောင့်မှန်စွာ။ ကတွာ၊ပြု၍။ဒေန္တိ၊ ပေးကုန်၏။ ။ထိုသို့ပြဆိုသောစကားတို့ကို၊ထောက်ထားသိမြင်ကြသဖြင့်၊ ကျမ်းပြုလိုကြ၊ပုဂ္ဂိုလ်များသည်။ “ဗျာချာနံပဋ္ဌလက္ခဏံ”ဟူသော၊ သိဒ္ဓန္တ စန္ဒြိကာဋီကာနှင့်အညီ။ ကျမ်းပြုဆရာ၏ အင်္ဂါလက္ခဏာငါးပါးနှင့် ပြည့်စုံ ကြ၍၊ ကေန္တပဏ္ဍိတပုဂ္ဂိုလ်များဖြစ်ကြစေသတည်း။

ဤသည်လျှင်၊ ပဏ္ဍိတပဋိရူပက–ကေန္တပဏ္ဍိတပုဂ္ဂိုလ်နှစ်ပါးကို ခွဲခြား၍ပြခြင်းတည်း။

---

## (၃) သတ္တကာရက၊ ကျမ်းပြုဆရာဟူသမျှတို့သည်။ ဗာစရိယဝါဒကိုမရရှိလျှင်။ အထက်ပညာမိမိအားရှိသော်လည်း။ ကျမ်းမပြုထိုက်ခြင်းကို ဘော်ပြချက်။

ဗာတ္တဂန္ထိရ၊ ဓမ္မဂန္ထိရ၊ ဒေသနာဂန္ထိရ၊ ပဋိဝေဓဂန္ထိရ–ဟု ဆိုအပ်သော၊နက်နဲခြင်းလေးဝတ်နှင့် ပြည့်စုံတော်မူသောအဘိဓမ္မာဒေသနာတော်သည်။ သမ္မာသမ္ဗုဒ္ဓ၊ သုဂတ၏။ သဗ္ဗညုတ ဉာဏ်၏။ ဘုက်စားရန်အစစ်။ နယသာဂရဖြစ်တော်မူရကား။ အလွန်တရာပင်-သိမ်မွေ့နက်နဲ၊ ခက်ခဲခြင်းဖြစ်တော်မူပေ၏။ထိုသို့သိမ်မွေ့နက်နဲခက်ခဲခြင်းဖြစ်တော်မူသော။အဘိဓမ္မာဂန္ထိရ၏။သရူပအဓိပ္ပါယ်၊ဆန်းတကြယ်ကို။ ပညာရောင်တို့ဖြင့်။ တပြောင်ပြောင်မြင့်ဟီး၊ ဆရာတော်ဘုရားကြီးတို့၏ အထံ့တော်မှ၊ ဗာစရိယဟာတ္တ မုဋ္ဌိ၊လက်ရှိပိုင်ပိုင်။ နယပဒေသအဆိုင်ဆိုင်တို့ကို။ မကိုင်မမိကြပါမူကား။ ဗာတ္တနောမတိ၊မိမိဉာဏ်အရှိဖြင့် ကျမ်းဂန်ကိုပြုစုရေးသားကြလျှင်။ပြစ်တင်ကဲ့ရဲ့၊ဆိုဘွယ်အကြောင်း။ အဓိပ္ပါယ်ချွတ်ချော်။ မမှန်သောပိဋကတ်နယ်အပေါင်းတွေဖြစ်ရခြင်း၊ တည်တန့်နိုင်မာခြင်းမဖြစ်နိုင်ခြင်းတို့ကို။ ထင်လင်းအောင်ဉာဏ်စက္ခုဖြင့်။ ကောင်းမွန်စွာရှုကြ၍။ ကျမ်းပြုခြင်းအမှု။ထိက်သွိတဗ္ဗပြုကြကုန်။ ။အာသဝေါတုန်စင်၊ ရဟန္တာအရှင်၊ ဗျာန်အဘိညာဉ်ရှင်တို့သော်မှလည်း။ဆရာထံ့မှနည်းမရပါမူ။ဟုတ်မှန်စွာကြံစည်သည့်အတိုင်းမဖြစ်နိုင်ကုန်။ထိုကြောင့်ရကား။အရှင်မဟာနာဂမထေရ်ကြီး၏-တူတော်ဖြစ်ပေ။သံဃရက္ခိတ သာမဏေသည်။ မိမိဆံပင်ကို–သင်ရန်းရိတ်သည့် အဆုံး၌ ပင်လျှင်။အရဟတ္တဖိုလ်သို့ရောက်ရကား။ကြံစည်စဉ်းစားသည်မှာ။ မြတ်စွာဘုရားသာသနာ၌။ယနေ့ပင်လျှင်–ရှင်သာမဏေဖြစ်၊ ယနေ့ပင်လျှင် အရဟတ္တဖိုလ်သို့ရောက်၍။သိကြားမင်းစံရာ ဝေဇယန္တာနန်းပြာသာဒ်အဖျားကို။ ခြေမအကြား၌ထား၍လှုပ်ရှားနိုင်သောပုဂ္ဂိုလ်ရှိလေသလော့ဟုတွေးတောဆင်ခြင်လျှင်။တပါးသော ရဟန်းရှင်ကိုမျှမတွေ့မရှိ၊ကေန်ပင်သိ၍။ အဘိညာဉ်တန်းခိုးဖြင့်၊နတ်တို့ဘုံဝင်လျှိုးပြီးလျှင်။သိကြားမင်းပြာသာဒ်ကြီးကို၊ အခါခါ ရိုက်ဟီးလေလျှင်။မတုန်လှုပ်ပင်မတုန်လှုပ်ရကား။ နတ်သမီးများစွာတို့သည်၊ ဒိုအရှင်ဘုရား သံဃရက္ခိတ၊ ပုတ်သိုးသောဆီလဖြင့်။ ဝေဇယန္တာနန်းမပြာသာဒ်ကို၊လှုပ်ရှားနိုင်အံ့နည်းဟူ၍။ကြည်ဆယ်ကစား။ ရယ်ရွှင်သောအားဖြင့်။ ပြောဆိုကြလေလျှင်၊ ဘိဓာရက္ခိတ၊ သာမဏေရှင်သည်။ မိမိ၏ဆရာ

သခင်ရှိရာ၊ သမုဒြာရေလိုဏ်အတွင်း။ သက်ကြွဆင်းလျက်။ ဝေဇယန္တာ
ပြာသာဒ် မလှုပ်နိုင်ခြင်းကိုလျှောက်ထားလေလျှင်၊ မဟာနာဂ ဆရာသခင်
သည်၊ ။ကိံ တာတ သံဃရက္ခိတ အသိက္ခိတွာဝ ယုဒ္ဓံပဝိဋ္ဌောသိ၊ ။
တာတသံဃရက္ခိတ၊ချစ်သားသံဃရက္ခိတ။တွံ၊သင်သည်။ အသိက္ခိတွာဝ၊
အတတ်ကို–လက်ပုးလက်ကြပ်၊ မသင်မူ၍သာလျှင်။ ယုဒ္ဓံ၊ စစ်ပွဲကြီးသို့။ပ
ဝိဋ္ဌော၊တိုက်ခြင်းငှါဝင်သည်။အသိ၊ကိံ၊ဖြစ်လေသလော။ ။ဟူ၍တပည့်
ကိုအပြစ်တင်၍။ သမုဒြာမြစ်ရေအပြင်၌မြော်လာသော။နွားချေးချင်ကိုရင်း၊
မှုံ့အိုးကင်း၌ကြော်သောမှုံ့ကိုရင်း။ဥပမာပြလိုက်သည်ရှိသော်။သံဃရက္ခိတ
ထေရ်အရှင်သည်။ထိုပါပြီဘုရားဟုလျှောက်ထား။ ထိုကြားမင်းစံရာ–ဝေဇ
ယန္တာနန်းပြာသာဒ်သို့ ကြွသွားပြီးလျှင်၊ ရွှေမြေအပြင်ကိုရေလျှင် အတိဖြစ်
စေသားဟု–အဓိဋ္ဌာန်တော်မူ၍၊ ခြေမ၏အဖျားဖြင့်။ ထုပိကာဌက်မနားကို။
လှုပ်ရှားအောင်ပုတ်ခတ်လိုက်သည်ရှိသော်။ဝေဇယန္တာပြာသာဒ်ကြီးသည်၊
တခါတည်းယိမ်းရိုင်၍လဲလေလျှင်။ထိုကြားမင်းနှင့်တကွနတ်သမီးဟူသမျှတို့
သည်။ လျှောက်ထား တောင်းပန်သည် ရှိသော်။ သံဃရက္ခိတ သာမဏေ
ကျော်သည်။တည်မြဲတိုင်းနေရာ၌ထားစေ၍၊ ပြာသာဒ်၏အဖျား၌ တည်ရပ်
လျက်။ဝမ်းမြောက်ကြည်မြိန်း။ဂါထာဥဒါန်းကျူးရင့်တော်မူသည်မှာ၊

အဇ္ဇေဝါ–ဟံပဗ္ဗဇိတော၊ အဋ္ဌပတ္တာ·သဝက္ခယံ။
အဇ္ဇ ကမ္ပေမိ ပါသာဒံ၊ အဟော ဗုဒ္ဓဿ·ဥဠာရတာ။
အဟော ဓမ္မဿ·ဥဠာရတာ၊ အဟောသံဃဿ·ဥဠာရတာ။ ။

အဟံ၊ သံဃရက္ခိတဟု၊ နာမထူးလည်း။ ဘွဲ့အမည်ရှိပေ၊ ငါသာမဏေ
သည်၊ အဇ္ဇေဝ၊အခါကြိုစေ့၊ ယနေ့ပင်လျှင်၊ ပဗ္ဗဇိတော၊ သာသနာထမ်း။
ရဟန်းပြုလျက်။အဇ္ဇ၊ယနေ့၊အာသဝက္ခယံ၊အာသဝေါလေးဖြာ၊ ကုန်ရာ အ
မှန်၊အရဟတ်ဖိုလ်ပျံ့သို့။ပတ္တော၊ရောက်တော်မူပေ၏။အဇ္ဇ၊အခါကြိုစေ့။ ယခု
ယနေ့။ပါသာဒံ၊ထိုကြားမင်းစံရာ၊ဝေဇယန္တာနန်းပြာသာဒ်ကြီးကို၊ကမ္ပေမိ၊
လှုပ်ရှားနိုင်ပေ၏။ ဗုဒ္ဓဿ၊သစ္စာသိဘုရား၊ မြတ်ဘုရား၏၊ ဥဠာရတာ၊ ဂုဏ်
တော်၏ပြန့်ပြောသည့်အဖြစ်သည်၊ အဟော၊ လက်ဖျစ်တီး၍။ အံ့ချီးဘွယ်
ရှိ၏၊ ဓမ္မဿ၊ ဘုရားဟောတော်၊ တရားတော်၏၊ ဥဠာရတာ၊ ဂုဏ်တော်
၏ပြန့်ပြောသည့် အဖြစ်သည်၊ အဟော၊ လက်ဖျစ်တီး၍၊ အံ့ချီးဘွယ်ရှိ၏၊
သံဃဿ၊ရှစ်ယောက်အရိယာ၊မြတ်သံဃာ၏။ ဥဠာရတာ၊ ဂုဏ်တော်၏၊
ပြန့်ပြောသည့်အဖြစ်သည်၊အဟော၊လက်ဖျစ်တီး၍၊အံ့ချီးဘွယ်ရှိ၏၊ ။ဤ

ဝဏ္ဏသာရကေကိုထောက်ထား၍။ အာစရိယဝါဒများကို။ ကောင်းစွာမှတ်သား၍၊ကျမ်းဂန်များကို။ရေးသားပြုစုအပ်တော့သည်။ ထိုကြောင့် ရှင်ဗုဒ္ဓဃောသဆရာမြတ်သည်။ဝိသုဒ္ဓိမဂ်အဋ္ဌကထာမြတ်၌။

ဂမ္ဘီရံ ဗုဒ္ဓဝစနံ၊ အာစေရေ ဥပသိတွာန။
အဓိပ္ပါယံ ဂဟေတွံ၊ ဝဒန္တာ·စရိယာ·သဘာ။ ၅

ဗုဒ္ဓဝစနံ၊ဘုရားသခင်၊ ကိုယ်တော်ရှင်စကားတော်သည်၊ ဂမ္ဘီရံ၊ သိမ်မွေ့ခက်ခဲ၊နက်နဲခြင်း။ နယသာဂရဖြစ်၏၊တသွာ၊ထိုသို့နက်နဲခြင်း။ နယသာဂရဖြစ်သောကြောင့်၊ အာစေရေစ၊ ဆရာသခင်၊ ဉာဏ်ကြီးရှင်ဖြစ်ကြား။ ဆရာသမားတို့ကို၊ ဥပသိတွာန၊အမြဲမပြတ်၊ မှီဝဲဆည်းကပ်၍၊ အဓိပ္ပါယံ၊ အမှန်ဖြောင့်လစ်။အဓိပ္ပါယ်ခဲဆစ်ကို၊ဂဟေတွာ၊ယူအပ်ယူရာ၊ယူစရာကို၊ မှတ်သား၍ယူရာ၏။ ဣတိ၊ဤသို့။ အာစရိယာသဘာ၊အာသဘာမြောက်ပြီး။ အဋ္ဌကထာဆရာကြီးတို့သည်၊ ဝဒန္တိ၊နောင်လာနောက်သား။စာသင်သားတို့အား၊ သတိသားစေရန်၊ ရည်ခါသန့်၍။ မှာတမ်းတော် ဂါထာမြတ်ဖြင့်၊ မှာထားတော်မူ၏။ ။ဤသည်လျှင်။ အာစရိယဝါဒ၊နယဂ္ဂါဟအမှုကို၊ဂရုပြုအပ်သောအကြောင်းတည်း။

ထိုမှတပါးလည်း၊ လင်္ကာဒီပ၊နာမည်ရသော။ သာသနာထွန်း၊ သီဟိုဠ်ကျွန်း၌။မဟာဝိဟာရ၊နာမမည်ဟီး၊ကျောင်းတိုက်ကြီးဝယ် ပရိယတ်တရားကို၊ကြိုးပမ်းတကုပ်၊ စွမ်းအားထုတ်၍ နေပေသော၊ တိ-ပိဋက၊ စူဠာဘယမထေရ်သည်။ရှေးဆရာတို့သည်။ ဘွင့်ပြအပ်ကြား။ အဋ္ဌကထာများကို၊ မနာမယူမူ၍၊ဘုရားဟောဘော်၊ပိဋကတ်သုံးပုံပါဠိတော်ကို၊ သံဝဏ္ဏနာ-အဋ္ဌကထာ-ဘွင့်မည်ဟု-ခမ္ဘောရိ၊ ကျမ်းပြု ဆရာတို့၏ တီးခတ်ရာ ဖြစ်သော တရားစည်ကြီးကို။တီးခတ်သောအခါ၊သံဃာရာဇာမည်လတ်၊ သာသနာပိုင် သံဃပါလမထေရ်မြတ်သည်။ထိုတရားစည်ကိုတီးခတ်သော။ တိပိဋက စူဠာဘယမထေရ်မြတ်အား။ ဂေါဓာ၊ ဟူသောပါဠိကိုပေး၍၊ ၎င်းပါဠိကို။ သံဝဏ္ဏနာ-ဘွင့်ပြပါဟု-ဆိုတော်မူရာတွင်၊ တိပိဋကစူဠာဘယ မထေရ်မြတ်သည်၊ ။ဂေါဓာတိကုမ္ဘီလသဒိသော။ ။ဟုဘွင့်ပြ၏။ ။ဂေါဓာတိ၊ ဂေါဓာဟူသည်ကား၊ ကုမ္ဘီလသဒိသော၊အစာကိုချောင်းသည့် မိကျောင်းနှင့်တူသောအကောင်တည်း၊ ။ဤသို့ဘွင့်ပြသောအခါ၊သံဃပါလမထေရ်မြတ်သည်။ငါ့ရှင်ဘွင့်ဆိုသောသံဝဏ္ဏနာကို၊သဘောမကျနိုင်သေး၊ တဘန်တနည်းကြံ၍။ သံဝဏ္ဏနာ ဘွင့်ပြပါဟု မိန့်တော်မူ ပြန်လျှင်၊ ဉာဏ်တော်

ဖြင့်ဆင်ခြင်၍၊ ။ထုမ္ဗိလသဒိသောတိထလေဝိစရန္တောတိရစ္ဆာနဝိသေ
သော၊ ။ဟုဘွင့်ပြ၏၊ ။ထုမ္ဗိလသဒိသောတိ၊ ထုမ္ဗိလ သဒိသောဟူ
သည်ကား။ထလေ၊ရေနှင့်မနီး။ ကုန်းကြည်း၌။ဝိစရန္တော၊ လှည့်လည်ကျက်
စား။နေတတ်ပြားသော၊တိရစ္ဆာနဝိသေသော၊တိရစ္ဆာန်ဟု။ နာမ်မည်ကြွ။
အကောင်ထူးတည်း။ ။ဤသို့သံဝဏ္ဏနာ၊ဘွင့်ပြန်ပါသော်လည်း။သဘော
မကျနိုင်သေး၍၊ မိန့်ပြန်သောအခါ။ တိပိဋကစူဠာဘယ မထေရ်မြတ်သည်။
တိရစ္ဆာန ဝိသေ သောတိ ယသာ အန္ဓ အတိ မရခံ ဟောတိတိ အမိဋ္ဌါ
ယော။ ။ဟုဘွင့်ပြပြန်၏။ ။တိရစ္ဆာန ဝိသေသောတိ၊ တိရစ္ဆာနဝိသေ
သောဟူသည်ကား၊ ယဿ၊အကြင်သတ္တဝါ၏။ အန္ဓ၊ဥသည်။ အတိမရခံ၊
အလွန်တရာပင်ဆိမ့်၍၊ချိုမြိန်လှသည်။ဟောတိ၊ဖြစ်၏။ ဣတိအယံ၊ဤသည့်
လျှင်၊အမိပ္ပါယော၊အလိုရှိဘွယ်အမိပ္ပါယ်တည်း။ ။ဤသို့ဘွင့်ပြသောအခါ၊
သိဃပါလဆရာတော်ကြီးသည်။ယခင်ါ့ရှင်ဘွင့်ပြသောသံဝဏ္ဏနာ၊သုံးပါး
သည်၊အသီးသီးပင်။ အမှန်မချ။တဝမသွေ။ကောင်းမြတ်လှပေသော။ အတိ
သုန္ဒရစကားပေတည်း။ ထိုသို့ပင်မချအမှန်သို့ ကျသော်လည်း။ ငါ့ရှင်စူဠာ
ဘယသည်။ကေန်ဆတ်ဆတ်။စာမူကားတတ်ပါပေ၏၊ ပညာရောင်တို့ဖြင့်။
တပြောင်ပြောင် မြင့်ဟီး။ ဆရာတော်ကြီးတို့၏။ အထံတော်မှ။ အာစရိယ
လဒ္ဓေါပဒေသ၊ အာစရိယ ပာဌမုခ္ခ–နယုပဒေသတို့ကို၊ မရရှိသေးသော
ကြောင့်။ငါဆရာမြတ်က သဘောမကျနိုင်။ ဘွင့်ပြပါဟုဆိုတိုင်းပင်။ငါ့ရှင်
ဘွင့်တော့သည်။ အကယ်တိတိ။ အာစရိယ လဒ္ဓေါပဒေသ ရရှိပါမူကား။
ဆရာအဘွင့်ခိုင်းတိုင်းမဘွင့်မူ၍။ မိမိဘွင့်သောသံဝဏ္ဏနာဝါကျစကားကို။
ခိုင်မာလှစွာသာကေထား၍၊ကျောက်သိတိုင်အလား။ ပြောကြားရမည်မချ
သာတည်း၊ ထိုကြောင့်ရကား။ ငါ့ရှင် တိပိဋက–စူဠာဘယ၊ ပညာရင့်ပြီး၊
ဆရာကြီးများထံသို့။ အာစရိယဝါဒ-ယူချေဟု။ ပြောဆိုလေသောအခါ၊တိ
ပိဋကစူဠာဘယမထေရ်သည်။အာစရိယဝါဒအယူသွားရ၍။ ။ဤကဲ့သို့
ဝဏ္ဏုပုံထုံးကို။စိတ်နှလုံးတွင်။ယူကြုံးမရ။ နှစ်သက်တော်မူကြပါ၍။ ကျမ်း
တည်းဟူသော ပုလဲကုံးကို၊ သီကုံးလိုကြား။ ထိုထို ပုဂ္ဂိုလ် များတို့သည်။
သဗ္ဗိုဟ်ကျမ်းနှင့် တကွ။ အဘိဓမ္မာ ခုနစ်ကျမ်း။ ညဝါကို အကုန်ဖှမ်း၍။
ဟောစွမ်းနိုင်သော သမုဒ္ဒရာတစင်းကူးမြောက်ခြင်း၊ သဒ္ဒါကျမ်းနှင့်တကွ။
သဒ္ဒနီတိ,ရူပသိဒ္ဓိ,ဗျာသ, သဒ္ဒါငယ်ဟူသမျှတို့ကို။ သိကျွမ်းထိမ္မာနိုင်သော
သမုဒ္ဒရာတစင်းကူးမြောက်ခြင်း။ အနက်ဖြဲမြင်သန်ခြင်းရှိသော အဘိဓာန်
ကျမ်းကို တတ်မြောက်ခြင်းတည်း ဟူသော သမုဒ္ဒရာတစင်း ကူးမြောက်

ခြင်း။ ဝုတ္တောဒယဆန်းကျမ်းနှင့်တကွ။ သဒ္ဒေါမဏ္ဍရီကျမ်း, အလင်္ကာရကျမ်း တို့ကို တတ်မြောက်ခြင်းတည်း ဟူသော—သမုဒြာတစင်း ကူးမြောက်ခြင်း။ ဤသမုဒ္ဒရာ လေးစင်းကို ကူးမြောက်ခြင်း—ဂန္ထသမုဒ္ဒပါရဂူ၊ ဖြစ်တော်မူ ကြပြီးသော်လည်း။ ။ကျမ်းပြုခြင်းအမှု၌။ အာစရိယဝါဒယူသည့်။ အာ စရိယပါရဂူ မဖြစ်ပါမူ။ တိပိဋက ဗုဒ္ဓဘာသာ မထေရ် အလားကဲ့သို့။ မြဲမြဲ သောဒဠှုပတိဋ္ဌာနသဘောသို့မရောက်နိုင်ကြကုန်လတ္တံ့။ ထိုကြောင့်ရကား။ ငါရှင် သဒ္ဓမ္မဇောတိပါလ— မထေရ် မြတ်သည့်လည်း။ အဘိဓမ္မ ပါရဂူ။ စာတတ်ကြီးတဆူ ဖြစ်တော်မူသော။ စလင်းမြို့သား။ သုနန္ဒာရုံဆရာတော် ဘုရားကြီးအထံမှ။ သဒ္ဒါ, သင်္ဂြိုဟ်, ဆန်း, အလင်္ကာ, အဘိဓာန်၊ နိယံ, ပဒဘေ ဒ၊ မာတိကာအဝဝ၊ ညဝါ ဟူသမျှတို့နှင့်တကွ။ ဋီကာကျော်, ကင်္ခါ, အဋ္ဌ သာလိနီ, ပါရာဇိကဏ်, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ အစရှိတို့ကိုတတ်မြောက် အောင်။ သင်ယူပြီးလျှင်။ မန္တလေးမြို့တော်။ ဆရာတော်တို့၏ အထံသို့သွား၍။ စာများကိုလိုက်၍။ အာစရိယဝါဒကိုခံယူ၊ ထိုမှတထောက်။ အနောက်ဘက် စစ်ကိုင်းတောင်ရိုး။ မင်းကွန်းဘုရားကြီး၏အနီး။ အရညဝါသီ—တောရမှီ၍။ စာမရိတန္နန်း။ ကျင့်သုံးတော်မူ၍။ နေတော်မူပေသော။ ချမ်းသာကြီး ဆရာ တော်တို့၏အထံ၌၊ အာစရိယဝါဒကို—ခံယူပြန်သတည်း။ ထိုနောက်တဘန်။ တန်းခိုးလျှံသော—မဲဇာရွှေသိ။ မန်လည်ဆရာတော်ဘုရားကြီးတို့ အထံ၌။ အာစရိယဝါဒဘို့ကို—ခံယူ၍။ ရာမညတိုင်း။ ခပ်လိုင်းဩဘာ။ ဟံသာဝတီ မဏ္ဍလအဝင်အပါ။ မုရဝတ္ထုမည်သာ၊ ပျားမုန့်ရွာသို့အပြန်တွင်။ မဟာတိ ကိစ္စ အမည်ရသောဆေးဆရာ ဆရာသင်း။ တောင်းပန်ရင်းတဘန်၊ ရာထူး ဘွဲ့ခံ။ အာဏာလျှံသွန်း။ ကြုံတာရွာသူကြီး ဦးစံဒွန်းသည်။ တိုက်တွန်းတောင်း ပန်သည်တချက်။ သင်္ဂြိုဟ်ကျက်သူ။ တပည့်ဟူသည့်။ လူအပေါင်းတို့သည် လည်း။ ခဝပ်ညောင်း၍။ တောင်းပန်သည်တလီ။ ဤသုံးဌာန ရှိအညီကြောင့်။ ကျမ်းပေါင်းရုံ လှစ်ခါမြန်း၍။ ဤ"ပရမတ္ထသရူပဘေဒနီဝဏ္ဏနာ"သင်္ဂြိုဟ်ဖွင့် သရုပ်ပြကျမ်းကို။ ထိက်၌တဖွဲ့အမှုပြုအပ်သတည်း။

---

## (၄) သောတုဇနသမုဿာဟဥပေယျာဇဉ်ကိုပြခြင်း။

ဤကျမ်းမြတ်၌။ ဒေသနာနှစ်ရပ်ကို၊ ဇာကန်ဆတ်ဆတ်။ ခွဲဖြတ်၍ ပြဦး အံ့။ ၊လူ,နတ်,ဗြဟ္မာသတ္တဝါတို့၏ကိုးကွယ်ရာအစစ်။ ဖြစ်တော်မူသော။ လောကနာထမည်ကြား၊ မြတ်ဘုရားသည်။ သတ္တဝါဝေနေ။ ;များဗိုလ်နှခြ

တို့အား။ကရုဏာတော်၊တန်ဘန်ဆော်၍၊ဟောတော်မြွက်ကြား။ ထားတော်မူအပ်သောဒေသနာတော်သည်ကား၊ သမ္ဗုတိသစ္စာ။ ပရမတ္ထသစ္စာ၊ဒေသနာအားဖြင့်။ နှစ်ပါးဘေဒရှိတော်မူ၏၊ ထိုကြောင့်ရကား။ မနောရထပူရဏီအဋ္ဌကထာ၌။

ဒုဝေသစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နူပလဗ္ဘတိ။ ။

ဟုဟောကြားတော်မူသည်ကို၊ သာဓကထား၊ သင်္ဂဟဂါထာများဖြင့် ပြတော်မူခဲ့ပြီ။ ။ဝဒတံ၊သေချာပိုင်းဖြတ်။မိပ္ပါယ်ရပ်ဖြင့်။ ဟောကြားထုန်တတ်။ သူတော်မြတ်တို့ထက်။ ဝရော၊ပြိုင်ဘက်ကင်းလတ်။ အလွန်မြတ်ထသော။ သမ္ဗုဒ္ဓေါ၊သစ္စာလေးရပ်။ ငါးခုနက်စံ။ ဉေယျဓံကို။ သယမ္ဘူဉာဏ်စွမ်း။ဆဲ့နှစ်ခန်းဖြင့်။ခွဲခြမ်းတိတိ။သိတော်မူသောဘုရားမြတ်သည်။သမ္ဗုတိံ၊ ခေါ်ဝေါ်ပညပ်၊ သမုတ်အပ်သော သမ္ဗုတိ သစ္စာမြတ်ကိုရင်း။ ပရမတ္ထဉ္စ၊ ရှာနာဖ်နှစ်ရပ်။ သချပ်ပါဌ်ကုံ။ ဆတ်ဆတ်ကြေနှ်။ အမှန်သိအပ်။ ပရမတ္ထသစ္စာမြတ်ကိုရင်း။ ဒုဝေ၊သင်္ချာပိုင်းခြား။နှစ်ပါးထုန်သော။ သစ္စာနိ၊မယွင်းမမှား။သစ္စာစကားတို့ကို။ အက္ခာသိ၊ဟောကြားမြွက်ဘော်။မိန့်တော်မူရှာ၏။ တတိယံ၊ထိုမျှဘင့်ထောက်။ သုံးချမြောက်သောသစ္စာစကားကို။ နူပလဗ္ဘတိ၊ ဒေသနာမြတ်။သုံးပုံပါဌ်၌။မရအပ်မရထိုက်ချေ။

ဤသို့မြွက်ကြား။ ဟောထားတော်မူအပ်သောသစ္စာစကားတို့တွင်။ ပရမတ္ထသစ္စာဟူသည်။ သဘောသတ္တိလက္ခဏာအားဖြင့် ရအပ်သော။ အနိစ္စ၊ ဒုက္ခ၊အနတ္တ၊ခန္ဓာ၊ အာယတန၊ဓာတ်၊ သတိပဋ္ဌာန် စသော တရားမြတ်ကို၊ မှတ်သားအပ်တော့သည်။ သမ္ဗုတိသစ္စာဟူသည်-ရဝေးသော အထူးအစရှိသောအပေါင်းသဏ္ဌာန်အားဖြင့် သိအပ်သော။ သဘောသတ္တိလက္ခဏာ။ ထင်ရှားမရှိသောအားဖြင့်သမုတ်အပ်သောလူ,နတ်,ဗြဟ္မာ,ဟူသောသတ္တ။ ယောကျ်ား,မိန်းမဟူသော ပုဂ္ဂလ။ ငါ,သူတပါး ဟူသောအတ္တ၊ အသက်ဇီဝိန်,စိတ်ဝိညာဉ်ဟုခေါ်ဝေါ်အပ်သော ဇီဝစသောတရားကို မှတ်အပ်တော့သည်။ဤသို့အားဖြင့်ပြားသောသစ္စာ၊တရားနှစ်ပါးတို့အားလျော်စွာ၊ သုံးလူ့ဘ မြတ်စွာသည်။ အကြင်ဝေနေယျ သတ္တဝါတို့အား။ သမ္ဗုတိဒေသနာ စကားကို ကြားနာရမှသာလျှင်။ အနက်သဘောရပ်တို့ကို။ ထိုးထွင်း၍ သိလျက်။ မောဟတရားကိုပယ်ဖျောက်သဖြင့်။ ဈာန်,မဂ်,ဖိုလ်သို့ ရောက်နိုင်ဘွယ်ဌါစွမ်းနိုင်အံ့၊ထိုဝေနေယျကြာ။သတ္တဝါတို့အား၊ သမ္ဗုတိဒေသနာကို

ဟောကြားတော်မူကုန်၏။ အကြင်ဝေနေယျကြာ၊သတ္တဝါတို့အား။ ပရမတ္ထ ဒေသနာစကားကို၊ ကြားနာရမှသာလျှင်။ အနက်သဘောရပ်တို့ကို– ထိုးထွင်းခါသိလျက်၊ မောဟကိုပယ်သဖြင့်၊ချွန်,မဂ်,ဖိုလ်သို့ရောက်နိုင်ဘွယ် ဥါစွမ်းနိုင်အံ့၊ ထိုဝေနေယျကြာ၊ သတ္တဝါတို့အား၊ ပရမတ္ထဒေသနာစကားကို။ဟောကြားတော်မူ၏။ဤအရာ၌၊ဥပမာယမိကောစွေ၊ အတ္ထဇာနန္တိ ပဏ္ဍိတာ၊ဟူသည်နှင့်အညီ၊လောကူပမာအားဖြင့်။အရပ်ဒေသ–ဘာသာ၌၊ထိမ္မာသော။ ဗေဒင်သုံးပုံ၌ တဘက်ကမ်းခတ်။ အနက်သဘောကို တတ်သော။ ဗေဒပါရဂူ ဆရာမြတ်သည်၊ အရပ်ရပ်ကို လှည့်လည်၍၊ အကြင်သူအား ဒမိဠဘာသာဖြင့် ဟောကြားမှသာလျှင်။ အနက်ကိုသိအံ့။ ထိုသူအား၊ ဒမိဠဘာသာဖြင့် ဟောကြား၏။ အကြင်သူအား အန္ဓကဘာသာဖြင့် ဟောကြားမှသာလျှင်။ အနက်ကိုသိအံ့။ ထိုသူအား အန္ဓကဘာသာဖြင့် ဟောကြား၏။ ဤသို့ ဟောကြားသည့် ရှိသော်၊ ထိုထိုဘာသာဖြင့်၊ ထိမ္မာသော ဆရာကို အမိတံကဲ သဟဲပြု၍။လုလင်တပည့်အပေါင်းတို့သည်။ လျှင်မြန်စွာအတတ်၏ပြည့်စုံခြင်းသို့ ရောက်ကုန်၏။ ထိုနည်းတူ၊ ပမာနစံယူ၍။ သုံးလူ့ဘုံမြတ်စွာဘုရားသည်လည်း။ ဒေသနာတော်အဝဝ၊ပိဋကတ်သုံးပုံပါဝင်၍၊ကျွမ်းကျင်တော်မူရကား။ ပိဋကတ်သုံးပုံဒေသနာစကားကို။ ဒေသနာနှစ်ပါးဖြင့်၊ ဝေနေယျအများတို့၊ မဂ်ဖိုလ်တည်းဟူသော အတတ်ကို၊ သင်ကြားတော်မူရှာ၏ဟု၊ဥပမာဥပမေယျနှစ်ရပ်။ဂဟောစပ်၍ မှတ်အပ်တော့သည်။ထိုဒေသနာနှစ်ရပ်တို့တွင်။ ပရမတ္ထဒေသနာသည် မချွတ်ဆတ်ဆတ်၊ သဘောအားဖြင့် မှတ်အပ်သည်ဖြစ်၍၊မချွတ်လွဲသောကြောင့်၊သစ္စာမည်၏။ သမ္မုတိဒေသနာသည်လည်း။ကမ္ဘာဦးအစ၊ပထမကပင်လျှင်။ ခေါ်ဝေါ်သုံးစွဲအပ်သော လောကသင်္ကေတအားဖြင့် မှတ်အပ်သည်ဖြစ်၍၊ မချွတ်မလွဲ မှန်သောကြောင့်၊ သစ္စာမည်၏။ထိုသို့ဖြစ်ရကား။သမ္မုတိဒေသနာစကားကို။ဟောကြားတော်မူသောမြတ်စွာဘုရားအား။ မုသာဝါဒစကားမဖြစ်–ဟုမှတ်သားအပ်တော့သည်။ထိုကြောင့်ရကား။အင်္ဂုတ္တရအဋ္ဌကထာများ၌။

တသ္မာ ဝေါဟာရကုသလဿ၊ လောကနာထဿ ဇန္တုနော။
သမ္မုတိံ ဝေါဟရန္တဿ၊ မုသာဝါဒေါ နဇာယတိ၊ ။

ဟုဘွင့်ပြတော်မူ၏။ ။တသ္မာ၊ ထိုသို့မသွေမလှန်။ မှန်ကန်သည်၏ အဖြစ်ကြောင့်။ဝေါဟာရကုသလဿ၊ ခေါ်ဝေါ်သမုတ်ခြင်း၌ လိမ္မာတော်မူထသော။လောကနာထဿ၊လူတို့၏ကိုးကွယ်ရာအစစ်ဖြစ်ထသော။ သမ္မုတိံ၊

လောကဖြင့်မှတ်အပ်၊ သမ္မုတိသစ္စာစကားတော်မြတ်ကို၊ ဝေါဟာရန္တသော၊
ဟောမြွက်ထိုထို။ ဆိုတော်မူထသော။ သဏ္ဍုနော၊ မြတ်စွာဘုရားအား။ မု
သာဝါဒေါ၊ဘောက်ပြန်ယွင်းမှား။မုသာဝါဒစကားသည်။နဇာယတိ၊ကောန်
စင်စစ်။ အမှန်ပင်မဖြစ်၊ ။ဤသို့၊ လောက သင်္ကေတအားဖြင့်၊ ခေါ်ဝေါ်
သုံးစွဲခါမှု မဂ္ဂအထွဋ်ဌါ ဟောကြားတော် မူအပ်သော။ သမ္မုတိ ဒေသနာ
စကားကို။ ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်,ဓမ္မဋ္ဌိတိဉာဏ်,ယထာဘူတဉာဏ်
မှ-ကင်းဝေး ကြကုန်သော။ အန္ဓပုထုဇဉ် မိုက်တို့သည်။ ပရမတ္ထအားဖြင့်။
ထင်ရှား မရှိသော ခန္ဓာငါးပါးကို။ ထင်ရှားတိတိ၊ ကောန်ပင်ရှိ၏ဟု။ မှတ်
ထင်ခြင်း။တဏှာမညနာ၊ မာနမညနာ၊ ဒိဋ္ဌိမညနာ တရားသုံးပါးတို့သည်။
တင်ရှားဖြစ်ပေါ်လာကုန်၏။ ထိုသို့မိန်းမ,ယောကျ်ား,ဟူသောအားဖြင့်။ မှတ်
ထင်ခေါ်ဝေါ်ပညတ်ခြင်း သမ္မုတိကိုအစွဲပြု၍၊ ငါ၏ခန္ဓာကိုယ်ဟု မှတ်ထင်
ခြင်း။တဏှာမညနာ။ငါသည် ခန္ဓာကိုယ်နှင့် ပြည့်စုံ၏ဟု-ယစ်မူးမှတ်ထင်
ခြင်း။မာနမညနာ၊ဤခန္ဓာငါးပါးသည်။ ငါ၏ကိုယ်၊ငါ၏ကိုယ်နှင့် စပ်၏ဟု
မှတ်ထင်ခြင်း ဒိဋ္ဌိမညနာ။ ဤသုံးပါးမှတ်ထင်သဖြင့်။ သံသရာအစဉ်ကို ချဲ့
ထွင်တတ်သော ပပဉ္စတရားသုံးပါးတို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုပပဉ္စတ
ရားသုံးပါးဖြစ်ကုန်သော။ အန္ဓပုထုဇ္ဇန်ပုဂ္ဂိုလ်တို့အား၊ တထောင့်ငါးရာ-ကိ
လေသာတည်းဟူသော ကိလေသမာရ်၊ထိုကိလေသာကို အရင်းခံပြုသဖြင့်
ပြုအပ်သော-ကုသိုလ်အကုသိုလ်ကံတည်းဟူသောအဘိသင်္ခါရမာရ်၊ထိုကံ
သည်ပစ်ချအပ်သော ခန္ဓာငါးပါးတည်းဟူသော ခန္ဓမာရ်။ထိုခန္ဓာငါးပါး၏
သေဆုံးခြင်းတည်းဟူသော မစ္စုမာရ်။မာရ်နတ်သား၏အလိုသို့လိုက်ရခြင်း
တည်းဟူသောဒေဝပုတ္တမာရ်။ ဤမာရ်ငါးတန်တို့သည် ဘွဲ့ချည် အပ်သည်
ဖြစ်၍။သုံးဆဲ့တဘုံ။ဇာတိမြို့၌။ကျင်လည်ပျော်ပါး၍၊မရပ်မနား။ဒုက္ခများစွာ
ကိုခံစားချက်။ ဘံသရာမှလွတ်မြောက်နိုင်ခြင်း အကြောင်းဖြစ်တော့သည်
ဟုမှတ်။ထိုကြောင့်ရကား။မဟာနိဒ္ဒေသအဋ္ဌကထာ၌။ ။မညမာနောဗန္ဓော
မာရဿ။ ။ဟုဘွင့်ပြတော်မူ၏။ ။မညမာနော၊ရုပ်နာမ်တရား၌။တဏှာ,
မာန,ဒိဋ္ဌိ-သုံးပါးဖြင့်၊ ငါ၏ဥစ္စာငါတကား။ငါ၏ကိုယ်ဟု-မှတ်ထင်ယွင်းမှား
သောသူကို။မာရဿ၊မာရ်ငါးပါး၏။ဝါ၊မာရ်ငါးပါးသည်။ ဗန္ဓော၊သုံးဆဲ့တ
ဘုံ၌၊ အမြဲမပြတ် ဘွဲ့ချည်အပ်၏။ ။ဤသို့ဖြစ်ရကား။ ဤခန္ဓာငါးပါး။ ရုပ်
နာမ်တရားတို့သည်။ထင်ရှားကားမရှိ၊ လောကသင်္ကေတအားဖြင့်ခေါ်ဝေါ်
ခြင်းအကျိုးငှါသာလျှင် ဖြစ်တော့သည်ဟု။ မသိကြကုန်သော။ အန္ဓပုထုဇ္ဇန်
တို့အား၊သမ္မုတိပညတ်တရားကြီး။မဖုံးလွှမ်းစေခြင်းအကျိုးငှါ။ အဘိဓမ္မာ

ချနစ်ကျမ်း၌။ ဟောကြားတော်မူအပ်သော။ နာမ်ရုပ်ပရမတ်။ စိတ်,စေတသိက် စကားရပ်ဘို့ကို။ တပ်အပ်ထင်ထင်။ လွန်သံမြင်အောင်။ နောက်သို့မဆုတ်၊အတိအာရဒ္ဓဝီရိယကိုအားထုတ်အပ်တော့သည်ဟုမှတ်။ထိုကြောင့်ရကား။ဓမ္မပဒပါဠိတော်၌။

> ယောဂါဝေ ဇာယတေ ဘူရိ၊ အယောဂါ ဘူရိသင်္ခယော။
> ဧတံ ဒွေဓာပထံ ဉတွာ၊ ဘဝါယ ဝိဘဝါယစ။
> တထတ္တာနံ နိဝေသေယျ၊ ယထာဘူရိ ပဝဍ္ဎတိ။ ။

ဟုဟောကြားတော်မူ၏။ ။ယောဂါ၊ နောက်သို့ မဆုတ်၊ အားထုတ်ခြင်းကြောင့်။ဝေ၊စင်စစ်။ဘူရိ၊ပညာသည်။ဇာယတေ၊ တနေ့တခြား။တိုးမြင့်ပွါး၏။အယောဂါ၊ဝီရိယရှေးရှု။လုံ့လမပြုခြင်းကြောင့်။ဘူရိသင်္ခယော၊ပညာ၏ကုန်ခန်းခြင်းသည်။ ဟောတိ၊ ဧကန်စင်စစ်၊ အမှန်ပင်ဖြစ်၏။ ဘဝါယစ၊ ပညာပွါးခြင်း၏ရင်း။ဝိဘဝါယစ၊ပညာ၏ဆုတ်ယုတ်ခြင်း၏ရင်း။ဧတံဒွိဓာပထံ၊ ဤနှစ်ဖြာဘွင့်လောင်း။ခရီးကြောင်းကုံ။ဉတွာ၊စိတ်ဝယ်မှိမိ။ ဧကန်သိ၍၊ ယထာ၊အကြင်ဆခြင်းအရာဖြင့်။ ဘူရိ၊ ပညာသည်။ ပဝဍ္ဎတိ၊ မယုတ်ဖွံ့ထွား။တိုးကာပွါး၏။တထာ၊ထိုအခြင်းအရာအားဖြင့်။အတ္တာနံ၊ငါဟုခေါ်ဆို၊ မိမိကိုယ်ကို၊ နိဝေသေယျ၊ မယွင်းမမှား။ ကျိုးဖွံ့ ထွားအောင် သွင်းထားရာ၏။ ။ဤသို့ပြအပ်ပြီးသော ဒေသနာ နှစ်ရပ်တို့တွင်။ ပရမတ္ထဒေသနာစကား ရပ်သည့်လည်း။ လောကိယဒေသနာ၊ လောကုတ္တရဒေသနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်။ လောကီ တရားတည်းဟူသော ဒေသတဗ္ဗသို့ ရောက်သည့် ရှိသော် စိတ်ကို အကြီးအမှူး၊ အဦးပြု၍၊ ဟောကြားတော်မူ၏။ ထိုကြောင့်၊ ဘုရားမြတ်သည်။ ဝိနည်းဒေသနာသို့ရောက်၍။ ပြဿနာကိုမေးသည့်ရှိသော်။ ။ဘိက္ခု၊ရဟန်း။ တွံ၊သင်သည်။ ကံ ဇဝိတ္တော၊ အဘယ်စိတ်ရှိသည်။အာသိ၊ဖြစ်သနည်း၊ ။ဤသို့–လောကိယ ဒေသနာ၌၊ စိတ်ကိုသာလျှင်။ အကြီးအမှူးပြု၍၊ ဟောကြားတော်မူ၏။ ။ဤဝိနည်းဒေသနာမှဘပါးသော သုတ်,အဘိဓမ္မာဒေသနာ၌လည်း။လောကိယဒေသနာ၌။စိတ်ကိုသာလျှင်ပဓာနပြု၍ဟောတော်မူ၏။ပါကဋဖြစ်၍သာလျှင်၊ ဝိနည်းဒေသနာ၌ပြလိုက်သည်။ ။လောကုတ္တရာ တရားတည်းဟူသော ဒေသေတဗ္ဗသို့ ရောက်သည့်ရှိသော်။ ပညာကိုသာလျှင် အကြီးအမှူး။ အဦးပြု၍ ဟောကြားတော်မူ၏။ ထိုကြောင့်ရကား။ သုံးလူ့ဘုံမြတ်ဘုရားသည်။ ။ဘိက္ခု၊ရဟန်း။တွံ၊သင်သည်။ ကတရံပညံ၊ အဘယ်သို့သော မဂ်ပညာကို။

အမိဂတော၊ ရသည်။ အသိ၊ ဖြစ်လေသနည်း။ ။ဟုမေးတော်မူ၏။ ။ ဤသို့ပညာကိုမေးသောအခါဝယ်၊ပညာရှိသောရဟန်းတို့အား၊ ပညာအား လျှောက်ပတ်သော၊သဒ္ဓါ-ဝီရိယ၊သတိ-သမာဓိ-တရား၊ဤလေးပါးတို့သည် အစဉ်တစိုက် လိုက်၍ ဖြစ်တော့သည်သာတည်း။ ထိုကြောင့်။ သုတ်ပါဠိတော်ဘို၌၊ ။ပညဝတော ဘိက္ခဝေ အရိယသာဝကဿ တဒန္ဝယာသဒ္ဓါ သဏ္ဌာတိ။ တဒန္ဝယံဝီရိယံ-သဏ္ဌာတိ။ တဒန္ဝယာသတိသဏ္ဌာတိ။ တဒန္ဝယောသမာဓိသဏ္ဌာတိ။ ။ဟုဟောကြားတော်မူ၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ပညဝတော၊ပညာရှိသော၊အရိယသာဝကဿ၊အရိယာသာဝကအား၊ တဒန္ဝယာ၊ထိုပညာအားလျော်ကပတ်-သင့်လျော်သော။ဝါ၊ပညာသို့အစဉ် လိုက်သော။ သဒ္ဓါ၊သဒ္ဓါတရားသည်။သဏ္ဌာတိ၊ကောင်းစွာတည်၏။ တဒန္ဝယံ၊ထိုသဒ္ဓါတရားသို့ အစဉ်လိုက်သော။ ဝီရိယံ၊ဝီရိယတရားသည်။ သဏ္ဌာတိ၊ကောင်းစွာတည်၏။ တဒန္ဝယာ၊ထိုဝီရိယသို့ အစဉ်လိုက်သော။ သတိ၊ သတိတရားသည်။ သဏ္ဌာတိ၊ကောင်းစွာတည်၏။ တဒန္ဝယော၊ထိုသတိသို့ အစဉ်လိုက်သော။သမာဓိ၊သမာဓိတရားသည်။သဏ္ဌာတိ၊ကောင်းစွာတည် ၏။ ။ဤသို့အားဖြင့်။လောကိယဒေသနာ။ လောကုတ္တရဒေသနာနှစ်ရပ်၌။ ထူးခြားသောအမိဋ္ဌါယ်စကားရပ်တို့ကို။တပ်အပ်သေချာ။ညဏ်စိတ်ဖြာ၍။ မှတ်ထုံရာတော့သည်။ ။အယမေတ္ထဝိညူဟိဝိဒိတဗ္ဗနယော။ ။ဤသည် လျှင်။သောတုဇနစာသင်သားအပေါင်းတို့၏။ကောင်းစွာ-အဘိဓမ္မာတရား တော်ကိုအားထုတ်ခြင်း၌တိုက်တွန်းအပ်သောဥယျောဇဉ်တည်း။

---

## (၅) ဂန္ဓာရန္တပုဗ္ဗပဥ္စကကိုပြဆိုခြင်း။

(၁) မဟာသမုဒ္ဒေ ဥဒကံ၊ ပမေတုံ အာဠှကေနဝါ၊
ပတ္ထေနဝါ နေဝ တာဝ၊ ဉာဏံ သက္ကာ ပမေ-တဝေ။ ။
(၂) ပထဝိ`တုသမဏ္ဍလေ၊ ခါရေတုံ ဥပယိတ္ဂွာန၊
နတ္ထေဝ တဝသမ္ဗုဒ္ဓ၊ ဉာဏံ သက္ကာ ပမေတဝေ။ ။
(၃) အာကာသော မိနေတုံ သက္ကာ၊ ရဇ္ဇုယာ အင်္ဂုလေနဝါ၊
နတ္ထေဝ တဝ သမ္ဗုဒ္ဓ၊ ဉာဏံ သက္ကာ ပမေတဝေ။ ။

(ထေရာပဒါနပထမ–ဂါထာ)။

(၁) သမ္ဗုဒ္ဓ၊ သဗ္ဗညုဒေ့၊ ယျှမ်း။ကြွင်းကျန်မရှိ။ အလုံးစုံ သိတော်မူပြီး။ မြတ်သုရား၊မဟာသမုဒ္ဒေ၊ရှစ်သောင်းလေးထောင်။နက်ကျယ်ဆောင်သော

မဟာသမုဒ္ဒရာလေးစင်း၌၊ ဥဒကာ်ဖေးမြကြည်လင်။ သိတာရေစင်ကို။ အာဠ ကေနဝေါ်၊ပြည်ကွမ်းစားဖြင့်ငင်း။ပတ္တေနဝေါ်၊ကွမ်းစားခွက်ငယ်ဖြင့်ငင်း။ပမေ တုံ၊သချ်ာချင့်ပြိုင်။ ရေတွက်နိုင်ခြင်း၌၊ သင်္ချာ၊ ကေန်ဆတ်ဆတ်။ တတ် ကောင်းပေရာ၏။ တဝ၊သဗ္ဗာသိပြား။ ရှင်တော်ဘုရား၏။ ဉာဏ်၊သဗ္ဗညုမှန်။ မြတ်ရွှေဉာဏ်တော်ကို။ပမေတဝေ၊သချ်ာချင့်လျက်။ရေတွက်ခြင်း၌၊ နေဝ သင်္ချာ၊ကေန်ဆတ်ဆတ်၊မတတ်နိုင်ကောင်းရာသာလျှင်ကတည်း။

(သမုဒ္ဒဇလူပမာ-ဂါထာ)။

(၂) သဗ္ဗညု၊ သဗ္ဗာဥေ္ပယျခံ၊ ကြွင်းကျန်မရှိ။ အလုံးစုံသိတော်မူပြား။ မြတ်ဘုရား။ပထဝီ၊နှစ်သိန်းလေးသောင်း။ချင့်ပေါင်းယူဇနာ၊ ထုထဲစွာသော ၍မဟာပထဝီ၊မြကြီးကို။တုလမဏ္ဍလေ။ဝန်ကိုနိုင်းချိန်။ စဉ်းချိန်ခွင်၌။ ဥပ ယိတ္တာန၊ အလယ်ခွက်သား။ တင်ခါထား၍။ ခါရေတုံ၊ စက်ချိန်ခြင်း၌၊ သင်္ချာ၊ ကေန်ဆတ်ဆတ်။ တတ်ကောင်းပေရာ၏။ တဝ၊သဗ္ဗာသိပြား။ ရှင် တော်ဘုရား၏။ဉာဏ်၊သဗ္ဗညုမှန်။မြတ်ရွှေဉာဏ်တော်ကို။ပမေတဝေ၊သချ်ာ ချင့်လျက်။ ချိန်စက်ခြင်း၌၊ နတ္တေဝသင်္ချာ၊ကေန်ဆတ်ဆတ်၊ မတတ်နိုင် ကောင်းရာသာလျှင်ကတည်း။

(ပထဝီမဏ္ဍလူပမာ-ဂါထာ)။

(၃) သဗ္ဗညု၊ သဗ္ဗာဥေ္ပယျခံ။ ကြွင်းကျန်မရှိ။ အလုံးစုံသိတော်မူပြား၊ မြတ်ဘုရား။အာကာသော၊ အဇဋ္ဌာဖြင်။ ထက်ကောင်းကင်ကို။ ရဇ္ဇုနာဝါ၊ တာကြိုးတာဝါးဖြင့်ငင်း။အင်္ဂုလေနဝေါ်၊လက်သစ်တောင်ကာဖြင့်ငင်း၊ မိနေ တုံ၊ သချ်ာချင့်ပြိုင်။ တိုင်းတာနှိုင်းယှဉ်ခြင်း၌၊ သင်္ချာ၊ ကေန်ဆတ်ဆတ်။ တတ်ကောင်းပေရာ၏။တဝ၊သဗ္ဗာသိပြား။ရှင်တော်ဘုရား၏။ ဉာဏ်၊သမန္တ မှန်၊သဗ္ဗညုတရွှေဉာဏ်တော်ကို။ မိနေတဝေ၊ တိုင်းတာနှိုင်းယှဉ်ခြင်း၌၊န တ္တေဝ-သင်္ချာ၊ကေန်ဆတ်ဆတ်။မတတ်နိုင်ကောင်းရာသာလျှင်ကတည်း။

(အာကာသူပမာ-ဂါထာ)။

မြတ်စွာဘုရား ကိုယ်တော်မြတ်သည်၊ လေးဆဲ့ငါးဝါပတ်လုံး၊ ရတနာ ခွဲလုံး။ ပုလဲကုံးကို၊ သီကုံးဘိသကဲ့သို့၊ ဟောကြားညွှန်ပြတော်မူအပ်သော ဒေသနာတော်သည်၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာအားဖြင့် သုံးပါး အပြား ရှိသည်တို့တွင်၊သုတ္တန်ဒေသနာတော်သည်။ကရုဏာ,ပညာ,နှစ်ပါးပြဋ္ဌာန်း ရကား။ သုတ္တန်ဒေသနာအဋ္ဌကထာ၏ အစ၌။ ရှင်မဟာ ဗုဒ္ဓဃောသဆရာ မြတ်သည်။မြတ်စွာဘုရားအား။ ကရုဏာသီတလဟဒယံ၊ ပညာပဇ္ဇောတဝိ

ဂတမောဟာတမံဟူ၍၊ ကရုဏာ, ပညာ, နှစ်ပါးဖြင့်၊ ချီးမွမ်းတော်မူ၏၊ ဝိနည်းဒေသနာတော်သည်၊ ကရုဏာပြဓာန်းရကား၊ ဝိနည်းဒေသနာအဋ္ဌကထာ၏အစဉ်၊ ရှင်မဟာဗုဒ္ဓဃောသ—ဆရာမြတ်သည်၊ မြတ်စွာဘုရားအား၊ ယော ကပ္ပကောဋိပိ အပ္ပမေယျံ၊ လ၊ နမောမဟာကာရုဏိကဿ တဿ၊ ဟူ၍ ကရုဏာဖြင့်ချီးမွမ်းတော်မူ၏၊ အဘိဓမ္မာဒေသနာတော်သည်၊ ပညာပြဓာန်းရကား၊ အဘိဓမ္မာအဋ္ဌကထာ၏ အစဉ်၊ ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာမြတ်သည်၊ မြတ်စွာဘုရားအား၊ ကရုဏာကို ဥပမာန—အပဓာနပြု၍၊ ဥပမေယျပဓာနဖြစ်သောပညာဖြင့် ချီးမွမ်းတော်မူလိုရကား၊ ကရုဏာဝိယ သတ္တေသု၊ ပညာယဿမဟေသိနော—ဟူ၍၊ အဋ္ဌသာလိနိဋ္ဌ မိန့်တော်မူ၏၊ ဤသို့သုံးရပ်ဒေသနာ ထူးခြားလတ်သည့်နှင့်အညီ၊ ယခုငါဆရာရေးသားသောကျမ်းသည်လည်း၊ အဘိဓမ္မာလက်သန်းအဋ္ဌကထာ၏ အကျင့်ကျမ်းဖြစ်ရကား၊ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို၊ ပဓာနအကြောင်းပြု၍၊ ထောမနာပဏာမကိုသေချာစေ၍ ပြုတော်မူသတည်းဟု၊ တပ်အပ် သေချာ၊ မှတ်ထုန်ရာ၏၊ မြတ်စွာဘုရား၏၊ ပဌမအင်္ဂသာဝကအစစ်၊ ဓမ္မသေနာပတိဖြစ်တော် မူသော၊ လက်ျာတော်ရံ ရှင်သာရိ ပုတ္တရာ၏ အလောင်းတော်သည်၊ တသင်္ချေနှင့်ကမ္ဘာတသိန်းထက်ဝယ်၊ အနောမဒဿီ၊ ဘုံလူးချီသော မြတ်စွာဘုရား၏ ဉာဏ်တော်ကို၊ ချီးမွမ်းကော်ရော်၊ ပူဇော်မြတ်နိုး၊ ရှိခိုးခဲ့ဘူးသောကောင်းမှုကြောင့်၊ ဘဝစဉ်လာ၊ ပညာကျယ်ပွါး၍၊ ငါတို့ဘုရားလက်ထက်တော်တွင်၊ တဆဲ့ခြောက်ရပ်တို့နှင့် ပြည့်စုံသော၊ ပညာ့တေဇာ်ရ၊ ဓမ္မသေနာပတိ, တရားစစ်သူကြီးဖြစ်တော်မူ၏ဟု—ထေရာဂါထာပါဠိတော်ဝယ်၊ ဤဂါထာသုံးပုဒ်၏အကျိုးအာနိသင်ကိုဟောကြားတော်မူခဲ့၏၊ ။ ထိုသို့ဖြစ်ရကား၊ ငါ—ရှင်သဒ္ဓမ္မဇောတိပါလမထေရ်မြတ်သည်လည်း၊ ဘဝများစွာ၊ သံသရာ၌၊ ပညာပြန့်ပွါး၊ အကျိုးဖွံ့ထွားခြင်းအလို့ငှါ၊ ထေရာပါဠိတော်လာ၊ ဤဂါထာသုံးပုဒ်တို့ဖြင့်—ကျမ်းဦးအစ၌၊ ထောမနာပဏာမကိုပြု၏ဟူလိုသော်၊ ။ ရှင်သာရိပုတ္တရာ၊ တဆဲ့ခြောက်ဖြာသော ပညာတော်ဟူသည်ကား၊

(၁) မဟာပညာ၊ ကြီးကျယ်ပြန့်ပြောသောပညာတော်၊

(၂) ပုထုပညာ၊ မြေကြီးအထုကဲ့သို့ထူထဲသောပညာတော်၊

(၃) ဟာသပညာ၊ ရွှင်လန်းသောပညာတော်၊

(၄) ဇဝနပညာ၊ လျင်မြန်သောပညာတော်၊

(၅) တိက္ခပညာ၊ ထက်မြက်သောပညာတော်၊

(၆) နိဗ္ဗေဓိကပညာ၊ ထိုးထွင်းသောပညာတော်၊

(၇) နဝါနုပုဗ္ဗဝိဟာရသမာပတ္တိပညာ၊ ကိုးပါးသော အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ်ပညာတော်၊

(၈) အရဟတ္တမဂ္ဂပညာ၊ အရဟတ္တမဂ်၌ဖြစ်သောပညာတော်၊ ဤတဆဲ့ခြောက်ပါးတို့ပင်တည်း။

---

သုတာနံ ဂရုသိဟာနံ၊ နယံ နိဿာယ သာရကံ။
သရူပဘေဒကံ ဝက္ခံ၊ သဒ္ဒါ-ဒ္ဒါသံ-ဝ-ပေက္ခရေ။ ။
(ဥပေဇ္ဇာဇနဂါထာ)၊

မယာ၊ ကျမ်းပြုဆရာ။ မထေရ်ငါသည်။ သုတာနံ၊ ကျော်စောထင်ရှားထုန်သော၊ ဂရုသိဟာနံ၊ သားများသေဌ်နှင်း။ ခြင်္သေ့မင်းသဘွယ် ဖြစ်ကြသော ဆရာကျော်ဆရာမြတ်တို့၏။ နယံ၊ အဓိပ္ပါယ်ထင်ရှား။ ယူနည်း,ဆ-နည်းများကို၊ နိဿာယ၊ အမှီတံကဲ။ သဟဲပြု၍။ ရုတံ၊ အညီလျော်ကပ်ပတ်။ ရေးသားဘွင့်ဆိုအပ်သော။ နယံ၊ သရုပ်ဆန်းကြယ်၊ အဓိပ္ပါယ်နည်းမြတ်ရှိထသော၊ ပကာရဏံ၊ ပရမတ္ထအနုဝဏ္ဏနာ-ဟု။ နာမတင့်ဆန်း။ မြတ်ရွှေကျမ်းကို၊ သာရကံ၊ ကောင်းမြတ်လှစွာ။ သရူပနယ ဆေက်ဆွာ၊ သရုပ် အဓိပ္ပါယ်။ ဆန်းတကြယ်ကို။ အလွယ်တကူ။ သိတော်မူလိုကြသော၊ စာသင်နှုနယ်၊ သောတုငယ်တို့သည်၊ သဒ္ဒါ၊ နေ့ရောညဉ့်ပါ။ အခါခပ်သိမ်း။ အာဒါသံ ဝ၊ ကြေးမုံပြင် အလားကဲ့သို့။ အပေက္ခရေ-အပေက္ခန္တု၊ အထူးကြုံသ၊ ပရဝပ်ရှောင်း။ စိတ်စေတနာ ကောင်းဖြင့်။ အမြဲမပြတ်။ အထပ်ထပ် အခါခါ၊ ကြည့်ရှု ကြပါစေကုန်ခလို။ ဝါ၊ ကြည့်ရှုကြပါစေကုန်သတည်း။ ဝါ၊ ကြည့်ရှုစေကုန်ချင်လို၏။ (ဤအနက်သည်-အာဒဿ ဗျာ သိဗ္ဗေနူတ္တကာလေပဥ္စမီ-ဟူသော အာချာတ် သုတ်နှင့်အညီ၊ အာသိဋ္ဌအနက်ကိုပြဆိုသတည်း)။

မန္တလေတိ-ဗှယေ ရမ္မေ၊ ဆရာသင်းဆူတိပိသုတာ။
ရစနတ္ထာယ ယာစိတော၊ ထေရဝရေနယံ ကတံ။ ။

(အဘိယာစကဂါထာ)၊

ရမ္မေ၊ သမ္ပုတိနတ်။ စောနေမြတ်၏၊ နေရပ်မှန်လှစ်။ ပျော်မွေ့ဘွယ်ရာဖြစ်ထသော၊ မန္တလေတိ-ဗှယေ၊ မန္တလာဘိဂဗ္ဘာတိတိ မန္တလေးဟု၊ ပြုရေးဗျုပ္ပတ်။ ဝစနတ်နှင့်အညီ။ မန္တိမည်ရ၊ ဆဝ ဝ-ပညာ။ သင်စရာကို။ ယူရာမှန်

လစ်။နေရာဌာနဖြစ်ခြင်းကြောင့်။ မန္တလေးဟု–အမည်ပညတ်၊ သမုတ်မှည့်ခေါ်အပ်သော မြို့၏အင်္ဂါ။ ပြည့်စုံစွာဖြင့်။ မဟာရာဇဌာနီ။ မင်းနေပြည်ဖြစ်သော၊ရတနာပုဉ်မြို့တော်ကြီး၌၊ ဝသန္တေန၊သုတော်တို့ဓလေ့။ ပြကတေ့ဖြင့်နေလေ့ရှိထသော၊ဆရာသင်းအုတိပိဿုတာ၊မိဘ,နှစ်ဖြာ၊လူ့ဝေါဟာဖြင့်၊သညာခေါ် ခြင်း။ဆရာသင်းဟူ၍၊ထင်ရှားစွာထသော။ဥပါသကေန၊မဟာတိကိစ္ဆာ၊နာမတွင်သာ၊ဆေးဆရာဥပါသကာသည်။ ရစနဋ္ဌာယ၊ပညာရွှေတင်။သတိယှဉ်၍၊ပီရိယဖြင့်စီရင်ရေးသားခြင်းအကျိုးငါ။ ယသ္မာ၊အကြင်ကြောင့်၊ယာစိတော၊တောင်းပန်အပ်၏။ တသ္မာ၊ထိုကြောင့်။ ထေရဝရေန၊လောကဆုပြင်၊ဤလူ့ခွင်၌၊စည်ပင်သာယာ၊သာသနာကို။ကောင်းစွာစောင့်လစ်။ အကျိုးတရားဖြစ်ခြင်းကို၊ အလိုရှိတတ်။ ဂုဏ်သကတ်ကြောင့်၊ ရှင်သဒ္ဓမ္မဇောတိပါလ။နာမကျော်လတ်၊ ငါ့မထေရ်မြတ်သည်။ ယံ ပကရဏံ၊အကြင်ပရမတ္ထအနုဝဏ္ဏနာမည့်ဆန်း။မြတ်ရွှေကျမ်းကို။ ကတံ၊ပါဠိ,အဋ္ဌကထာ၊ဋီကာ,အနု၊မဓု,လက်သန်း။ကျမ်းစုံဖြန်း၍။လျှပ်ပန်းခတ်လတ်။ရေးသားအပ်ပြီ၊ တံ၊ ထိုကျမ်းကို၊ သာဓဝေါ၊ သူတော်ကောင်းတို့သည်။ အုက္ကဋ္ဌ၊ကြည့်ရှုစေကုန်သတည်း။ ။ဤသည်လျှင်၊ဂန္ထာရမ္ဘပုဗ္ဗပဋ္ဌကဂါထာပြီးပြီ။

---

## (၄) ပါဠိတော်စသည်မည်ကြောင်းကိုပြဆိုခြင်း။

ဓမ္မေနလဋ္ဌရဇ္ဇတ္တာဓမ္မရာဇာ-ဟု၊ အဋ္ဌကထာပါဌ်၊ မိန့်အပ်သည်နှင့်အညီ၊ ကောင်းခြင်းသုံးဖြာရှိသောတရားတော်ဖြင့်။ ရအပ်သောနိဗ္ဗာန်နေပြည်တော်ရှိသည့်အဖြစ်ကြောင့်။ဓမ္မရာဇာမည်သော သုံးလူ့ထွဋ်ထား။ သဗ္ဗညုမြတ်စွာဘုရား၏၊ပရိယတ္တိခေါ်။ ဒေသနာတော်၌၊ ထင်ပေါ်ကျော်စောသည့်ဖြစ်၍ယုံကြည်အပ်သော ကျမ်းဂန်တို့သည်။ပဘေဒအားဖြင့်၊ ကျမ်းမျိုးရှစ်ပါးရှိ၏။ ရှစ်ပါးအရ။ ပါဠိတော်,အဋ္ဌကထာ,ဋီကာ,အနု,မဓု, လက်သန်း,ဂဏ္ဌိ,ဂန္ထန္တရ။ ယောဇနာအားဖြင့် ပေါင်း ရှစ်ပါးတည်း။ ၎င်းရှစ်ပါးကိုအဘယ်ဗျုပ္ပတ်၊ဝစနတ်ကြောင့်။ကျမ်းဂန်ဟုဆိုအပ်သနည်းဟူမူ။ ။ဂန္ထေတိအတ္ထေသူစေတီတိဂန္ထော။ ။ဟူသော နိရုတ္တိသာရမဉ္ဇူသာဋီကာပါဌ်၊မိန့်အပ်သောဝစနတ္ထနှင့်အညီ ခဝိမ်းသည်။ တိုက်၌ အလိုရှိအပ်သောပုဆိုးအစရှိသောဝတ္ထုတို့ကိုပြတတ်သကဲ့သို့၊ ထိုအတူ ပိဋကတ်သုံးပုံ၌ ရှိသောအလိုရှိအပ်သော အနက်တို့ကို ပြတတ်သောကြောင့်၊ ကျမ်းဂန်ဟု ခေါ်ဆိုအပ်၏။

တနည်း။ ။ဂန္ထိယန္တိ မာလံဝိယ နာနာဘေဒဘိန္နာ အတ္ထာအနုပုဗ္ဗရစိ
ယန္တိ ဧတ္ထာတိ ဂန္ထော၊ ဟူသော ဝစနတ္ထနှင့်အညီ။ ပန်းပွင့်အပေါင်းကို၊ သီတံ
ကြိုးဖြင့်။ အစဉ်အတိုင်းစီအပ်ထားအပ်သကဲ့သို့၊ ထိုအတူ။ ပိဋကတ်သုံးပုံ၌၊
အလိုရှိအပ်သော အနက်တို့ကို အစဉ်အတိုင်း စီရင်ကြောင်းထားကြောင်း
ဖြစ်သောကြောင့်လည်း၊ ကျမ်းဂန်ဟု ဆိုအပ်၏။ ။တနည်း။ ။ဂံဉာဏံ
ခါရေတီတိ ဂန္ထော။ ။ဟူသော ဝစနတ္ထနှင့်အညီ၊ သောတုဇန ဖြစ်ကြသော
ဝေနေယျကြာ၊ သတ္တဝါတို့၏ ဉာဏ်တည်းဟူသော လက်နက်ကို၊ ချွက်
ဆောင်တတ်သောကြောင့်။ ကျမ်းဟုခေါ်ဆိုအပ်၏။

ထိုသို့ဂန္ထသဒ္ဒါကို ထောက်ထား၍၊ ကျမ်းဂန်ဟုဆိုအပ်သော ကျမ်းမျိုး
ရှစ်ပါးတို့တွင်၊ *ပါဠိတော်ဟူသည်။ မြတ်ကုန်သောသီလစသော အနက်တို့
ကိုသိစေတတ်သောကြောင့်ရင်း။ သဘာဝနိရုတ္တိဖြစ်သောကြောင့်ရင်း။ မြတ်
သော စကားတော်၏ အစဉ်ဖြစ်ရကား ပါဠိတော်-ဟု ခေါ်ဆိုအပ်၏။ ထို
ကြောင့်၊ ဝိနယာလင်္ကာရဋီကာ၊ မဓုသာရတ္ထဒီပနီဋီကာတို့၌။ ။ပကဋ္ဌာနံ
အာဠီတိပါဠိ၊ ဥတ္တမာနံ ဝစနာနံ အနုက္ကမောတိအတ္ထော။ ။ဟုဘွင့်ပြ၏။ ။
တနည်း။ မိမိဟုဆိုအပ်သော သမ္မာဒိဋ္ဌိအကျိုး။ သူတပါးဟု ဆိုအပ်သော
မိစ္ဆာဒိဋ္ဌိ၏ မမှန်သည်ကို ပြခြင်းအကျိုးအစရှိသော အနက်ကိုစောင့်တတ်
သောကြောင့်၊ ပါဠိတော်ဟု ခေါ်ဆိုအပ်၏။ ။ထိုကြောင့်။ နိရုတ္တိမဉ္ဇူသာ
ဋီကာ၊ မောဂ္ဂလာန်သဒ္ဒါကျမ်းတို့၌၊ ။အတ္ထပါဠီတိအတ္ထံ ပါတိရက္ခတီတိ
ပါဠိ။ ။ဟုဘွင့်ပြ၏။ ။ပါတောဠိ၊ ဟူသော သုတ်ဖြင့်။ ပါခတ်နှောင်
ဠိပစ္စည်းသက်လေ။

*အဋ္ဌကထာဟူသည်။ မြတ်စွာဘုရား ဟောကြား တော် မူသောပါဠိ
တော်၏အနက်သဘောကိုဖွင့်ဆိုသောကြောင့်၊ အဋ္ဌကထာဟုခေါ်ဆိုအပ်
၏။ ထိုကြောင့်၊ ဝိနယအနုဝဏ္ဏနာဋီကာ၊ မရဋီကာတို့၌။ ။အတ္ထော ကထီယ
တိ ဧတာယာတိ အတ္ထကထာ။ ။ဟုဘွင့်ပြ၏။ ။အတ္ထကထာ၊ ဟုဆိုလို
လျက်။ ဒန္တဇအက္ခရာ ထကို၊ မုဒ္ဓဇအက္ခရာ ဌ ပြု၍ထားသောကြောင့်၊ အဋ္ဌက
ထာဟုဆိုအပ်တော့သည်။ ထိုအဋ္ဌကထာသည်၊ မဟာအဋ္ဌကထာ၊ မဟာ
ပစ္စရိယအဋ္ဌကထာ။ သင်္ခေပအဋ္ဌကထာ။ ကုရုန္ဒီအဋ္ဌကထာ။ အန္ဓကအဋ္ဌက
ထာ၊ ဗုဒ္ဓဃောသအဋ္ဌကထာသစ်။ ဤသို့အားဖြင့် အဋ္ဌကထာကြီးတို့သည်။
ဇမ္ဗူဒိပ်မြေအပြင်ဝယ်။ အလွန်ထင်ရှားကြ၏။ ထိုအဋ္ဌကထာတို့တွင်၊
မဟာအဋ္ဌကထာဟူသည်၊ ရဟန္တာ မထေရ်မြတ်တို့ ပြုစီရင်သောကျမ်း
ဖြစ်ရကား။ မဟာအဋ္ဌကထာ-ဟုခေါ်ဆိုအပ်၏။ ၎င်းမဟာအဋ္ဌကထာကျမ်း

သည်၊ မြတ်စွာဘုရား၏။ လက်ထက်တော်ကာလကပင်၊ ဧကန်တိတိ၊ ရှိတုန်
၏ဟုမှတ်၊ ထိုကြောင့်၊ အနုဋီကာ၌၊ ။ပဌမသင်္ဂီတိယံယာ အဋ္ဌကထာသင်္ဂီ
တာတိဝစနေန သာဘဂဝတော ဓရမာနကာလေပိ အဋ္ဌကထာသံဝိဇ္ဇတိ၊
တေနပါဠွောဝိယ ဘဂဝံမူလိကာ ဝါပိညာယတိ၊ ။ဟုမိန့်၏၊ ။ပဌမ
သင်္ဂီတိယာ အဋ္ဌကထာ သင်္ဂီတာတိဝစနေ၊ သင်္ဂီတာ ဟူသော ပါဌ်ဖြင့်။
ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓရမာနကာလေပိ၊ သက်တော်ထင်ရှားရှိ
သောအခါ၌လည်း၊ သာအဋ္ဌကထာ၊ ထိုမဟာအဋ္ဌကထာသည်။ သံဝိဇ္ဇတိ၊
ထင်ရှားရှိ၏။ တေန၊ ထိုကြောင့်၊ ပါဠွောဝိယ၊ ပါဠိတော်ကဲ့သို့၊ ဘဂဝံမူလိ
ကာဝါ၊ ဘုရားလျှင်အရင်းမူလရှိ၏ဟူ၍လည်း။ ဝိညာယတိ၊ သိအပ်၏။ ၊
မဟာပစ္စရိတအဋ္ဌကထာဟူသည်။ ဘောင်ပေါ်၌နေလျက်ပြုသောကျမ်းဖြစ်
သောကြောင့်။ မဟာပစ္စရိကျမ်းဟုတွင်၏။ ကုရုန္ဒီအဋ္ဌကထာဟူသည်၊ နွယ်
များသောကျောင်း၌ပြုသောကျမ်းဖြစ်သောကြောင့်၊ ကုရုန္ဒီကျမ်းဟုတွင်၏၊
သင်္ခေပအဋ္ဌကထာဟူသည်၊ အနက်အဓိပ္ပါယ်၊ ကျဉ်းကျဉ်းမျှဖြင့်ပြဆိုသော
ကြောင့်၊ သင်္ခေပအဋ္ဌကထာဟုတွင်၏၊ အန္ဓက အဋ္ဌကထာ ဟူသည်၊ ၊
အုတ်တိုက်ထဲတွင်ရေးသော ကျမ်းဖြစ်သောကြောင့်၊ အန္ဓကအဋ္ဌကထာဟု
တွင်သည်၊ ထိုကြောင့်၊ အန္ဓကအဋ္ဌကထာယံ ပြတိုက်အဋ္ဌကထာ၌၊ ။ဟူ
၍ ရွှေဥမင် ဆရာတော် ဘုရားကြီးအနက် သမ္ဗန်တော်မူသည်၊ ။ဤလျှင်
အဋ္ဌကထာဟောင်းကြီးတို့တည်း၊

ဋီကာဟူသည်၊ အဋ္ဌကထာ၏ အနက်ကို၊ အကျယ်ဝိတ္ထာရချဲ့၍ ပြအပ်
သောကြောင့်၊ ဋီကာဟုခေါ်ဆိုအပ်၏၊ ထိုကြောင့်၊ အနုဝဏ္ဏနာဋီကာ၌၊ ။အဋ္ဌက
ထာယအတ္ထော ဋီကိယတိဉာယတိဧတာယာတိဋီကာ၊ ။ဟူဘွင့်ပြ၏၊ ။
တနည်း၊ ။သုံးရတို့၏ ပြည့်ကြောင်းဖြစ်သော ကျမ်းဖြစ်ရကား၊ ဋီကာဆို
အပ်၏၊ ဒက္ကဓတကို၊ မုဋ္ဌဓဋုပြု၍ဋီကာဟုဆိုအပ်၏၊ ။ထိုကြောင့်၊ ဓမ္မပဒ
ဋီကာသစ်၌၊ ။တိဣတ္ထံပူရတိဋီကာ၊ တကာရဿဋကာရံကတွာဋီကာတိ
ဝုတ္တံ၊ ။ဟုဘွင့်ပြ၏၊ ။ထိုဋီကာသည်လည်း၊ သုတ္တန်ဋီကာ၊ ဝိနည်းဋီကာ
အဘိဓမ္မာဋီကာ-ဟူ၍သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင်၊ အဘိဓမ္မာဋီကာ
သည်သာလျှင်၊ အလုံးစုံတို့၏ ရှေးဦးစွာပထမဖြစ်ပေါ်၏၊ ထိုနောင်မှသုတ္တန်
ဋီကာ၊ ထိုနောင်မှ၊ ဝိနည်းဋီကာ ဖြစ်ပေါ်ထင်ရှား၏၊ ထိုသို့ဖြစ်ရကား၊ အဘိ
ဓမ္မာဋီကာကို၊ အလုံးစုံသော ဋီကာတို့၏၊ ရှေးဦးစွာအစ ပထမအရင်းမူလ
ဖြစ်သောကြောင့်၊ မူလဋီကာဟု ခေါ်ဆိုအပ်၏၊ ထိုကြောင့်၊ ။နိရုတ္တိမဉ္ဇူ
သာဋီကာကျမ်း၌၊ ။တဿာသဗ္ဗာသံမူလဘာဝတောမူလဋီကာတိဝုစ္စတိ၊ ။

ဟုဘွင့်ပြ၏။ ၊ထိုမှတပါး။မဏိမဉ္ဇူဋီကာများ၌။ဤအဘိဓမ္မာဋီကာကျမ်း၌။တပည့်သားတို့၏နက်နဲသောဉာဏ်သည်။ တည်ရာဖြစ်သော ကျမ်းဖြစ်ရကား။မူလဟုဆိုအပ်၏။ အဋ္ဌကထာ၏ အနက်ကိုဘွင့်ပြတတ်သောကြောင့်။ ဋီကာဟုဆိုအပ်၏။ထိုကြောင့်။မူလဋီကာဟုဆိုအပ်တော့သည်။

အနုဋီကာဟူသည်ငင်းမူလဋီကာကို။ ထပ်ဆင့်ဘွင့်ပြသောကြောင့်။ အနုဋီကာဟု ဆိုအပ်၏။ မဓုဋီကာ ဟူသည်။ ပျား၏အနှစ် အရသာ တို့ကဲ့သို့။ ကောင်းလှသော အနက်အဓိပ္ပါယ်ကို၊ ပြဆိုသော ကျမ်းဖြစ်သောကြောင့်။ မဓုဋီကာဟုဆိုအပ်၏။လက်သန်းဟူသည်။လောက၌။ လက်မ၊ လက်သန်း ဟူသကဲ့သို့။ အကျဉ်းအဖြွက်မျှ မှတ်သော ဆိုသော ကျမ်းငယ် ဖြစ်သောကြောင့်၊လက်သန်းဟုတွင်သည်။ အစပထမမှာမူကား။ အကျဉ်းအဖြွက်မျှ မှတ်သောကျမ်းငယ်ဖြစ်၍။လက္ခုန်းဟူ၍ဆိုအပ်လျက်။ ကာလလျှားသဖြင့် လက်သန်းတွင်သည်လည်းဆိုထုံး၏ *ဂဏ္ဌိ၊ဟူသည်။ ဋီကာ–အနုမဓုများကဲ့သို့။ ပုဒ်စဉ်ပါဌ်လျောက်မဘွင့်ဘဲ၊ ခက်ခဲစနိုးသော အဆစ်အပုတွင်သာ ဘွင့်သောကျမ်းဖြစ်ရကား၊ဉာဏ်အထူး၏တည်ရာဖြစ်၍။ ဂဏ္ဌိတွင်သည်။ ထိုဂဏ္ဌိသည်=ရှုင္ဂဂဏ္ဌိ၊မဏိမဂဏ္ဌိ၊မဟာဂဏ္ဌိဟု၊သီဟိုဠ်ကျွန်းဝယ်၊ဂဏ္ဌိသုံးကျမ်း။ ထင်ရှားပေါ်ထွန်း၏ဟုမှတ်။ ယောဇနာဟူသည် အဋ္ဌကထာ၏ အနက်။ဝစနတ္ထ။သဒ္ဒနယတို့ကို ယှဉ်ပြသော ကျမ်းဖြစ်ရကား။ ယောဇနာကျမ်းဟုမှတ်အပ်၏။

ဤသို့ပြအပ်ပြီးသော ကျမ်းမျိုးတို့တွင်။ ဤလက်သန်း အဘိဓမ္မတ္ထသင်္ဂဟကျမ်းသည်။ အဘိဓမ္မာ ခုနစ်ကျမ်း၌။ မြတ်စွာဘုရားသည်။ ဝိတ္ထာရအကျယ်။ ဟောကြားသော အဓိပ္ပါယ်တို့ကို ယူလျက်၊တကျမ်းထည်း၌။ အကျဉ်းချုံးခါ၊ပေါင်းရုံး၍ ပြသောကျမ်းဖြစ်ရကား။ အဋ္ဌကထာကျမ်းဟုဆိုအပ်၏။ဤအဋ္ဌကထာမည်သောကျမ်းသည်လည်း။ သင်္ဂဟအဋ္ဌကထာ။သံဝဏ္ဏနာအဋ္ဌကထာ-ဟူ၍။ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ အကျယ်ဝိတ္ထာရပါဠိရပ်တို့ကို။ အကျဉ်းချုံး၍ စီရင်အပ်သော ပါဠိအစဉ်သည်၊ သံဝဏ္ဏေတဗ္ဗပုဒ်ကိုသွတ်၍။ သံဝဏ္ဏနာမပါရှိရကား။ သင်္ဂဟအဋ္ဌကထာမည်၏။သံဝဏ္ဏေတဗ္ဗဖြစ်သော ပါဠိတော်ကိုထား၍။ ဥလ္လိင်္ဂနည်းဖြင့် ဘွင့်အပ်သောစကားအစဉ်သည်။သံဝဏ္ဏနာအဋ္ဌကထာမည်၏။ ။သစ္စသင်္ခေပအဋ္ဌကထာ။ပရမတ္ထဝိနိစ္ဆယအဋ္ဌကထာ၊နာမရူပပရိစ္ဆေဒအဋ္ဌကထာ၊အဘိဓမ္မာဝတာရအဋ္ဌကထာ၊ဝိနယဝိနိစ္ဆယအဋ္ဌကထာ၊ခုဒ္ဒသိက္ခာအဋ္ဌကထာ၊မူလသိက္ခာအဋ္ဌကထာ စသည်တို့ကို။သင်္ဂဟအဋ္ဌကထာ-ဟုမှတ်။ ။ရှင်မဟာ

ဗုဒ္ဓဃောသ၊ စီရင်တော်မူသော။ အဋ္ဌသာလိနီ အဋ္ဌကထာ–စသည်တို့ကို သံဝဏ္ဏနာ အဋ္ဌကထာဟုမှတ်။ ။ဤသင်္ဂြိုဟ်ကျမ်းသည်။သင်္ဂဟသဒ္ဒါကို ထောက် ရကား သင်္ဂြိုဟ်ဟု ဆိုအပ်၏။ ။ဝိနည်း သင်္ဂြိုဟ်။ အဘိဓမ္မာ သင်္ဂြိုဟ်၊သဒ္ဒါသင်္ဂြိုဟ်၊နိပုဏသင်္ဂြိုဟ်၊ ဒုလ္လဘသင်္ဂြိုဟ်စသည်ဖြင့်။ နာမဘိဓေယျကို မှည့်ကြ၏။ ။သတ္တ ပကရဏဿ ဗျာသတ္ထံ သံခိပတော ကထိယတိ ဧတ္ထာတိအဋ္ဌကထာ။ ။ဧတ္ထ၊ဤအဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၌။ သတ္တပကရဏဿ၊ အဘိဓမ္မာခုနစ်ကျမ်း၏။ ဗျာသတ္ထံ၊ အကျယ်ဖြစ်သော အနက်ကို။သံခိပတော၊အကျဉ်းအားဖြင့်။ကထိယတိ၊ဟောဆိုအပ်၏။ ဣတိ တသ္မာ၊ထို့ကြောင့်။အဋ္ဌကထာ၊အဋ္ဌကထာမည်၏။ ။ဒွန္နံ ဇတ္တ၊အက္ခရာနှစ်လုံး ကိုဌာအက္ခရာမုဒ္ဓဇပြုလေ။ဌာန် ဌယုဂ်။ဟူသော သဒ္ဒနီတိကိုထောက်။ ။ ဤသည်လျှင် ပါဠိတော်၊အဋ္ဌကထာ၊ ဋီကာ၊ ကျမ်းတို့၏ ခေါ်ဝေါ်ခြင်း အကြောင်းပြီး၏။

---

## (၇) ရှင်အနုရုဒ္ဓါဆရာ၏အတ္ထုပ္ပတ္တိကိုပြခြင်း။

သီဟိုဠ်ကျွန်း၌။ကျမ်းပြုဆရာဖြစ်သော။ရှင်ဗုဒ္ဓဃောသ၊ရှင်ဗုဒ္ဓဒတ်၊ရှင်ဓမ္မပါလ။ရှင်မဟာနာမ။ရှင်အာနန္ဒာ။ရှင်သာရိပုတ္တရာ။ ရှင်မောဂ္ဂလာန်။ရှင်ကဿပ၊ရှင်ဓမ္မသိရိ။ရှင်အနုရုဒ္ဓါ။ရှင်ဝဇိရဗုဒ္ဓိ။ရှင်စုဠဗုဒ္ဓ၊ရှင်သံဃရက္ခိတ။ ရှင်ဓမ္မ, အစရှိသော ကျမ်းပြု ဆရာတို့တွင်။ ရှင်အနုရုဒ္ဓါ မထေရ်မြတ်၏ နာမည်ပညတ်ကိုပြပေဦးအံ့။ ။တတ္ထ အနုရုဒ္ဓေါတိ အနုပုနပ္ပုနံ ဓမ္မယောဂံ ယုဒ္ဓေတီတိ အနုရုဒ္ဓေါ။ ။ပရမတ္ထအနုဝဏ္ဏနာ ဋီကာသစ်။ ။တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ အနုရုဒ္ဓေါတိ၊ ဟူသည့်ကား။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်မြတ်သည်။ အနုပုနပ္ပုနံ၊ အဘန်ဘန်အထပ်ထပ်။ ဓမ္မယောဂံ၊ တရားတည်းဟူသော စစ်တိုက်ခြင်းကို။ ယုဒ္ဓေတိ၊တိုက်တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။ အနုရုဒ္ဓေါ၊ ရှင်အနုရုဒ္ဓါမည်၏။ အနုပုဗ္ဗ၊ယုဓ ဓာတ်၊အပစ္စည်း၊ယကို၊ရပြု၍၊ အနုရုဒ္ဓဟု၊ ရုပသိဒ္ဓိချုပ်ပြီး၏။ ။ တနည်း။ ဗုဒ္ဓဒေသနာနုရူပါယ၊ ဘုရားရှင်ဒေသနာအားလျော်ကပ်သော။ ပဋိပတ္တိယာ၊ ကျင့်ဝတ်ပဋိပတ်ဖြင့်။ ယုဇ္ဈတိ၊ယှဉ်တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ သော၊သည်။ အနုယုဒ္ဓေါ၊ ရှင်အနုယုဒ္ဓ မည်၏။ ။အနုယုဒ္ဓ မထေရ်ဟုဆိုအပ်လျက်။နိရုတ္တိနည်းဖြင့်။ယအက္ခရာကို၊ရပြု၊ဒအက္ခရာကို။ ဒ္ဓ ပြု၊ ဒွေဘော်လာ၍၊ အနုရုဒ္ဓမထေရ်ဟု ချုပ်ပြီးသည်။ ။၎င်းမထေရ်မြတ်

သည်။ ဤအဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာကျမ်းကို။ သိဟိုဠ်ကျွန်း၊ အနုရာဓမြို့၊ ဝဋ္ဋဂါမဏိမင်း၏မိဘုရား သောမဒေဝီဆောက်သည့်ကျောင်း။ မူလအမတ်ဆောက်သည့်ကျောင်း၊ ၎င်းနှစ်ကျောင်း၌။ အလှည့်အလည်သီတင်းသုံးနေစဉ်။ နမ္ပအမည်ရှိသော ဒါယကာ တောင်းပန်၍။ ရှင်အနုရုဒ္ဓါမထေရ် စီရင်သည်။ မဟာဝင်ဋီကာ၊ ဝံသတ္ထပကာသနီဋီကာအတွက်တည်း။ ။ဤသို့ဋီကာ ၂-စောင်၊ ထွက်လာသည်ကိုထောက်ထား၍။ မောင်နမ္ပသည်။ ကျောင်းဒါယကာမဟုတ်၊ ကပ္ပိယသာတည်း။ သောမဒေဝီနှင့်၊ မူလအမတ်သာ။ ကျောင်းအမ,ကျောင်းဒါယကာတည်းဟု သိသင့်တော့သည်။ အချို့သော ဆရာတို့ပြောဆိုသော ရှင်အနုရုဒ္ဓါ၊ ကျောင်းဒါယကာနောင်နမ္ပ၊ ဟူသော စကားကို၊ အမှားသာတည်းဟုမှတ်။

(၁) ဖိနုဒ္ဒေသိတဝစနံ၊ ဋ္ဌကထာယံ ပကာရဏံ။
သာရတော ဝ ပဏ္ဏွတမ္ဘံ၊ အစလံ သေလပဗ္ဗတံ။ ။
(သတိဒေန္တ ဂါထာ)။

(၂) သဗ္ဗဋီကာ ဂန္ထန္တရာ၊ ဝိကလေယျုပိ အင္ဂကာ။
မိနိတွာ ဒဋ္ဌပါဠေနှ၊ ဂဟေတဗ္ဗာ သုပညဝါ။ ။
(သတိဒေန္တ ဂါထာ)။

ဤလျှင်၊ မဟာအနုရုဒ္ဓါမထေရ်မြတ်၏အတ္ထုပ္ပတ္တိကထာပြီးပြီ။

---

(ဂ) အဘိဓမ္မဂန္ထိရာကာရကိုပြဆိုခြင်း။

နုဒါနိနုမသံအဘိဓမ္မသာဂရ န္တိရဘာဝဇာနနတ္ထံ စတ္တာရော သာဂရာ ဝေဒိတဗ္ဗာ။ ။ဟူသောအဋ္ဌကထာပါဌ်။မိန့်အပ်သည်နှင့်အညီ၊ယခုအခါ၊ ပြလတ္တံ့သောဤပရမတ္ထသရူပဝဏ္ဏနာကျမ်းမှာလည်း။အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ၏သရုပ်အဓိပ္ပါယ်ကိုပြဆိုသော ကျမ်းဖြစ်ရကား။ အဘိဓမ္မာ၏နက်နဲသည့်၏အဖြစ်ကိုသိစေခြင်းငှါ၊ သာဂရတရားလေးပါးကို။ ရှေးဦးစွာကာလ။ပြအပ်၏။ပြပေတော့အံ့၊ပြပိမ့်။

သာဂရဟူသည်။ ရှစ်သောင်း လေးထောင်၊ နက်ဝှမ်း ဆောင်သော၊ တောင်ခွေပတ်ချုပ်။မြစ်မဟာသမုဒ်ကိုမှတ်အပ်၏။အဘယ်ငဲ့ဟူမူ၊ သာဂရအမည်ရှိသောမင်းသား့များသည်၊တူးအပ်သောကြောင့်တည်း။ ။ထိုသို့ဖြစ်ရကား၊အဘိဓာနပ္ပဒီပိကာဋီကာကျမ်း၌။ ။သာဂရေဟိ ရာဇကုမာရေ

ပဘိခတော သာဂရော။ ။ဟုဘွင့်ပြ၏။ ။သာဂရေပတိ၊သာဂရ အမည်ရှိ တုန်သော၊ရာဇကုမာရေပတိ၊မင်းသားတို့သည်။ ခတော၊တူးအပ်သောနေရာ တည်း။သာဂရော၊သာဂရမည်သောမင်းတို့သည်တူးအပ်သောနေရာ။ ။ သမုဒ္ဒရာပြင်ကျယ်၊မြစ်ပင်လယ်ကိုရ၏။ ။တနည်းကား။ ။သာနံဓနာနံ အာကရောတိသာဂရော။ ။ယောပဒေသော၊ အကြင်အရပ်သည်၊ သာနံ ဓနာနံ၊ရွှေငွေဘဏ္ဍာ၊ဥစ္စာရတနာများစွာတို့၏။ အာကရော၊တည်ရာတည်း။ ဣတိသဒ္ဒါ၊ထိုကြောင့်။ သောပဒေသော၊ထိုအရပ်သည်။ သာဂရော၊သာ ဂရမည်၏၊ဝါ၊မဟာသမုဒ္ဒရာမည်၏။ ။ကအက္ခရာ၏။ဂ-အက္ခရာပြု၊အာ ရပစ္စည်းသက်၍ရုပသိဒ္ဓိ ချ်ပြီးလေ၊ ။သာဂရော ဝိယာတိသာဂရာ။ ။ ယေဓမ္မာ၊ အကြင်တရားတို့သည်၊ သာဂရောဝိယ၊မဟာ သမုဒ္ဒရာကဲ့သို့၊ ဟောန္တိ၊ဖြစ်တုန်၏။ ဣတိတသ္မာ၊ထိုင့်၊တေဓမ္မာ၊ထိုတရားတို့သည်၊ သာ ဂရာ၊သာဂရတရား မည်တုန်၏။ ။အဓိပ္ပါယ်သော်ကား။ မဟာသမုဒ္ဒရာ သည်၊ အလွန်တရာနက်ကျယ်ဘိသကဲ့သို့၊ ဤတရားတို့သည်လည်း၊ နက် ကျယ်ရကား၊သာဂရတရားဟု မှတ်ယူသမုတ်အပ်တော့သည်၊ ထိုသာဂရ တရားသည်၊ သံသာရသာဂရ၊ ဇလသာဂရ၊ နယသာဂရ၊ဉာဏသာဂရ၊ ဤသို့အားဖြင့်လေးပါးအပြားရှိ၏၊ထိုလေးပါးတို့တွင်။ သံသာရသာဂရဟူ သည်၊ခန္ဓာငါးပါး၊ အာယတနတဆဲ့နှစ်ပါး၊ ဓာတ်တဆဲ့ရှစ်ပါးတို့၏ အစဉ် မပြတ်၊အထပ်ထပ်အခါခါဖြစ်ခြင်းသာလျှင်တည်း၊ထိုကြောင့်အဋ္ဌကထာ၌၊

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာနစ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။ ။

ဟုမိန့်၏။ ။ခန္ဓာနဉ္စ၊ခန္ဓာတို့၏ငှင်း။ဓာတုအာယတနာနဉ္စ၊ဓာတ်အာယ တနတို့၏ငှင်း။ အဗ္ဗောစ္ဆိန္နံ၊ မပြတ်၊ဝတ္တမာနာ၊ ဖြစ်သော။ ပဋိပါဋိ၊ အစဉ် ကို၊သံသာရောတိ၊ သံသာရာဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ ။ဇလသာဂရဟူ သည်ယူဇနာရှစ်သောင်း လေးထောင် အနက်ရှိသော၊ မဟာသမုဒ္ဒရာပြင် ကျယ်၊မြစ်ပင်လယ်ကိုမှတ်အပ်၏၊နယသာဂရဟူသည်၊ သုံးလု့ထွန်ထား၊ သဗ္ဗညုမြတ်စွာဘုရားသည်၊ နှုတ်တော်တွတ်တွတ် ရွတ်၍ဟောကြားတော် မူအပ်သော ပိဋကတ်သုံးပုံစကားတော်အစဉ်ကိုမှတ်အပ်၏။ ဉာဏသာဂရ ဟူသည်။သယမ္ဘူမှန်၊ သဗ္ဗညုတရွှေဉာဏ်ကိုမှတ်အပ်၏။ ထိုသာဂရလေး ပါးတို့တွင်၊ဤသည်ကား သံသာရသာဂရ၊ဤသည်ကား ဇလသာဂရ၊ဤ သည်ကား နယသာဂရ-ဟူ၍၊သဗ္ဗညုတဉာဏ်မှတပါးသော ပစ္စေကဗောဓိ

ဉာဏ်,သာဝကပါရမီဉာဏ်ဖြင့် မသိစွမ်းနိုင်ထုန်၊သယမ္ဘူမှန် သဗ္ဗညုတ
ဉာဏ်ဖြင့်သာလျှင်သိစွမ်းနိုင်တော်သည်။ ထိုကြောင့်၊ အဋ္ဌသာလိနီအဋ္ဌ
ကထာ၌။ ၊အုမဥ္စသဗ္ဗညုဗုဒ္ဓါဝပဋိဝိဇ္ဈန္တိ၊ ။ဟုဘွင့်ပြ၏၊ ။အနက်ကား။
ဟိသစ္စံ၊ မှန်လှပေ၏။ အုမံနယသာဂရံ၊ ဤနယသာဂရကို။ သဗ္ဗညုဗုဒ္ဓါဝ၊
သဗ္ဗညုဘုရားတို့သည်သာလျှင်၊ပဋိဝိဇ္ဈန္တိ၊ထိုးထွင်း၍လက်ဦးသိကုန်၏။ ။
သာဝကတို့ကား။ဘုရားဟောမှသိကုန်၏ဟူလို။ ။ထိုသို့ပြအပ်သော နယ
သာဂရဟု ဆိုအပ်သော အဘိဓမ္မာ စကားတော် အစဉ်ကို ဆင်ခြင်ကုန်
သော။မြတ်သောဉာဏ်ရှိသော အမျိုးသားတို့အား။ အဆုံးအပိုင်းအခြားမရှိ
သောနှစ်သက်ဝမ်းမြောက်ခြင်းဟု ဆိုအပ်သော ပီတိသောမနဿပါမောဇ္ဇ
တရားသည်ထင်ရှားဖြစ်တော်သည်သာတည်း။ထိုသို့ဖြစ်သော ဝဏ္ဏသာဝ
ကကိုကား ဤဆိုလတ္တံ့သော နည်းဖြင့် သိအပ် တော်သည်၊ သိကြရဟန်
ကား၊ ။မဟာဂတိဂမိယ-တိဿဒတ္တ မဟာထေရ်သည်။ ဗောဓိပင်ကို
ရှိခိုးတော်အံ့ဟုဇမ္ဗူဒိပ်ကျွန်းသို့ သင်္ဘောဖြင့်သွားသည်ရှိသော်။ သင်္ဘော၏
အထက် ကြမ်းပြင်၌ နေလျက်။မဟာသမုဒ္ဒရာပြင်ကျယ်၊ မြစ်ပင်လယ်ကို။
ကြည့်ရှုသတတ်၊ထိုသို့ကြည့်ရှုသောအခါ။မထေရ်မြတ်အား။မဟာသမုဒ္ဒရာ
၏။ ဤမှာဘက်ကမ်းလည်း မထင်။ ဟိုမှာဘက်ကမ်းလည်းမထင်။ စင်စစ်
သော်ကား ထပိုးအဟုန်ဖြင့် ကွဲပျက်၍၊ အထက်သို့ တက်သော ရေပေါက်
ရေမှုန်တို့ဖြင့်ထက်ဝန်းကျင်ပြွန်းသော၊ ဖြန့်ခင်းအပ်သောငွေပြား၊ မလေးပန်း
အခင်းနှင့်တူသော။ မဟာသမုဒ္ဒရာသာလျှင်ထင်၏၊ ထိုသို့ထင်သော အခါ၊
မထေရ်မြတ်သည် ဤသို့ကြံ၏။ မဟာသမုဒ္ဒရာ၏ လှိုင်းထပိုးအဟုန်သည်။
အားကြီးသလော၊ နှစ်ဆဲ့လေးကျမ်း အပြား ရှိသော သမန္တပဋ္ဌာန်းကျမ်း၌
နယမုခသည် အားကြီးသလော-ဟု ကြံစည်သော မထေရ်မြတ်အား။ ဤသို့
တဘန်-ဖြစ်တော်မူပြန်၏။ ဤမဟာသမုဒ္ဒရာကို ပိုင်းခြားအပ်သည်ရှိသော်။
အောက်၌ မြေကြီး၊ အထက်၌ကောင်းကင်၊ တဘက်မှ စကြဝဠာတောင်၊
တဘက်မှကမ်းစွန်းဖြင့်။ အပိုင်းအခြားကိုရရှိ၏။ သုံးလူ့ထွန်းထား။သဗ္ဗညု
မြတ်ဘုရား၏။ ပဋ္ဌာန်းဒေသနာတော်ကျမ်းသည်ကား။ အပိုင်းအခြားမထင်
ရကုန်ပေ-ဟု။ဤသို့သိမ်မွေ့နူးညံ့သော။ပရမတ္ထဓမ္မအစုကို။ ရှုကြည့်သည်ရှိ
သော်။၎င်းမထေရ်မြတ်အား အားကြီးသောဗလဝပီတိအဟုန် ဖြစ်ပေါ်လာ
ရကုန်၏။ထိုသို့ဖြစ်သောပီတိကိုခွါ၍။ ဝိပဿနာကိုပွါးသည်ရှိသော်။ နေမြဲ
တိုင်းဖြစ်၍သာလျှင်။ အလုံးစုံသော ကိလေသာတို့ကို အရဟတ္တမဂ် ထား
သန်လျက်ဖြင့်ပယ်ဖျက်လျက်။အရဟတ္တဖိုလ်သို့ဝင်ခိုရာဖြစ်၍။ ဒီဃာသဝ

အစစ်၊ ရဟန္တာမြတ်ဖြစ်တော့သည်။ ထိုသို့ရဟန္တာဖြစ်သောအခါ။ မဟာဂတိဂမိယတိဿဒတ္တ၊မထေရ်မြတ်သည်။ ဤသို့၊ ဥဒါန်းစကားကိုကြူးရင့်တော်မူ၏။ ။ဥဒါန်းဂါထာမှာမူကား။

အဘ္ဘော ဂန္ထိရဂတံ သုဒုဒ္ဒသံ၊
သယံ အဘိညာယ သဟေတုသမ္ဘဝံ။
ယထာ နုပုဗ္ဗံ နိခိလေန ဒေသိတံ၊
မဟေသိနာ ရူပဂတံ·ဝ ပဿတိ။ ။

သဟေတုသမ္ဘဝံ၊ ပစ္စည်းဟုဆိုအပ်သော အကြောင်းတို့နှင့်တကွ ဖြစ်၍ဖြစ်သော ပစ္စယုပ္ပန်တရားကို၊ သယံ၊ကိုယ်တော်တိုင်၊ အဘိညာယ၊ ထူးသော သဗ္ဗညုတဉာဏ်ဖြင့်သိ၍။ နိခိလေန၊တစုံတခုသော နည်းကို မကြွင်းမကျန်စေမူ၍၊ ယထာနုပုဗ္ဗံ၊ အကြင်အကြင်သို့သော အစဉ်အားဖြင့်။ မဟေသိနာ၊မြတ်စွာဘုရားသည်။ ဒေသိတံ၊ဟောတော်မူအပ်သော။ သုဒုဒ္ဒသံ၊မန္ဒဗုဒ္ဓိတို့သည်၊အလွန်သိနိုင်ခဲသော၊ ဂန္ထိရဂတံ၊နက်နဲသောဖြစ်ခြင်းရှိသော။ စတုဝီသတိ ပဘေဒံ၊ နှစ်ဆဲ့လေးကျမ်းအပြားရှိသော။သမန္တပဋ္ဌာနံ၊သမန္တပဋ္ဌာန်းကျမ်းကို။ ယော ဗုဒ္ဓသာဝကော၊ အကြင်ဘုရားတပည့် သားတော်သည်။ရူပဂတံ၊လက်၌တင်ထားသော အညစ်အကြေးကင်းသော ပတ္တမြားကို၊စက္ခုနာ၊ပြကတေ့သောမျက်စိဖြင့်၊ ပဿတိဣဝ၊မြင်သကဲ့သို့၊ တထာ၊ ထိုအတူ၊ ပဋိဝေဓညာဏေန၊ ပဋိဝေဓဉာဏ်ဖြင့်၊ ပဿတိ၊မြင်၏။ သောဗုဒ္ဓသာဝကော၊ထိုဘုရားသားတော်သည်၊အမှသို့ သာသနေ၊ဤသာသနာတော်၌၊အဘ္ဘော·အတ္ထိဧဝ၊ရှိသည်သာလျှင်တည်း။နောနတ္ထိ၊မရှိသည်မဟုတ်။ ။ ဤသို့သောဝဏ္ဏသာဓုကို ထောက်ထား၍၊ အဘိဓမ္မာတရားတော်မြတ်ကို၊ တတ်အပ်ထင်ထင်၊ လွန်သိမြင်ရအောင်။ ပရမတ္ထအရာဝယ်၊ လွန်ကဲသောအတိအာရဒ္ဓ၊ ဝီရိယတရားကို၊ မထပ်မနား၊ အားထုတ်အပ်လှတော့သည်၊ ။ထိုသို့ဖြစ်ရကား။ အဘိဓမ္မာတရားကို အသီးအသီး ခွဲခြမ်းဝေဘန်ခြင်းကိုပြု၍။နာမပညတ်ကို ထုတ်တော်မူသော မြတ်စွာဘုရားသည်။ခဲယဉ်းသည်ကို ပြုတော်မူ၏၊ လောကူပမာအားဖြင့် သော်ကား၊ တခုသောခွက်၌ထည့်၍တနေ့ပတ်လုံး မွှေအပ်နှော်အပ်တုန်သော၊ အထူးထူးသောရေတို့၏ရင်း။အထူးထူးသောဆီတို့၏ရင်း။အဆင်းအနံ့၊ အရသာတို့၏ထူးသည်၏အဖြစ်ကြောင့်မြင်၍သော်ရင်း။နမ်း၍သော်ရင်း။ လျက်၍သော်ရင်း၊အသီးအသီးကွဲပြားသည်၏ အဖြစ်ကို ပြုတတ်သော အထူးကို သိခြင်းငှါ တတ်

ကောင်းသည့်ဖြစ်ရာ၏။ဤသို့သိခြင်း၌ါတတ်ကောင်းသော်လည်း။ထိုအလုံး
ကိုသိခြင်း၌ါခဲယဉ်း၏။ ထိုသို့သိခြင်း၌ါ ခဲယဉ်းသည့်ထက်။ တခုတည်း
သော အာရုံ၌ဖြစ်ကုန်သော နာမ်တရားဟု ဆိုအပ်သော စိတ်စေတသိက်
တရားတို့၏။အသီးအသီးခွဲခြမ်းဝေဘန်ခြင်းကိုပြု၍သိခြင်း၌ါ၊ အလွန်တရာ
ပင်ခဲယဉ်းလှချေ၏။ထိုကြောင့်၊ရှင်နာဂသေနမည်တွင်။ရဟန္တာအရှင်မြတ်
သည်။ ။ဒုက္ကရံ မဟာရာဇ ဘဂဝတာကတံ။ ။ဟု မိန့်တော်မူ၏။ ။
မဟာရာဇ၊မြတ်သောမိလိန္ဒမင်းကြီး။ဘဂဝတာ၊မြတ်စွာဘုရားသည်၊ဒုက္က
ရံ၊အာရုံတပါး၌ဖြစ်သော၊စိတ်စေတသိက်-နာမ်တရားတို့ကို၊ဤကားဖဿ၊
ဤကားဝေဒနာ၊စေတနာ-စိတ်ဟူ၍သိသာခြားနားပိုင်းခြားမှတ်သားခဲယဉ်း
သောအမှုများကို။ကတံ၊ရွှေညာဏ်တော်ဖြင့် ပြုတော်မူ၏။ အုတိ၊ဤသို့၊အဝေါ
စ၊နာဂသေနမည်၊မဟာထေရ်သည်။အသင့်လွယ်ကူ။ဖြေဆိုတော်မူ၏။ ။
ထိုသို့ဖြေဆိုသောအခါ၊ မိလိန္ဒမင်းကြီးသည်ထင်ရှားအောင်ဥပမာအားဖြင့်
ဟောကြားတော်မူပါဟု လျှောက်ထားရာတွင်၊နာဂသိန်မထေရ်မြတ်သည်၊
မြတ်သောမင်းကြီး။ တယောက်သောသူသည်သင်္ဘောဖြင့်သမုဒ္ဒရာသို့သွား
၍၊ လက်ခုပ်ဖြင့် ရေကိုယူလျက်၊ လျှာဖြင့်လျက် သောအခါ။ ဤရေသည်
ဂင်္ဂါမြစ်ရေ၊ ဤရေသည် ယမုနာ,အစိရဝတီ,မဟီ,သရဘူမြစ်၏ရေ-ဟု၊
သိခြင်း၌ါခဲယဉ်းသည့်ထက်နာမ်တရားဖြစ်သော စိတ်စေတသိက်တရားတို့
ကို။ဤကားဖဿ၊ဤကားဝေဒနာ,သညာ၊ စေတနာ, စိတ်ဟူ၍သိခြင်း၌ါခဲ
ယဉ်းလှ၏။ ဤသို့၊နာဂသေနမည်တွင် မဟာထေရ်ရှင် မိန့်တော်မူ၏။ ထိုသို့
ဖြစ်ရကား၊ဗုဒ္ဓမတည္ဟ၊အာသဘျူအစစ်ဖြစ်တော်မူပေသော။ ရှင်မဟာဗုဒ္ဓ
ဃောသ၊နာမမည်သာအဋ္ဌကထာ ဆရာသော်မှလည်း၊ ပိဋကတ် သုံးပုံပါဠိ
တော်ကို။သံဝဏ္ဏနာအမှု၊ အဋ္ဌကထာကိုပြုသည့်ရှိသော်၊ ရှေးရှေးသော မ
ဟာအဋ္ဌကထာ,ကုရုန္ဒီ အဋ္ဌကထာ,မဟာပစ္စရိတအဋ္ဌကထာ,အန္ဓကအဋ္ဌ
ကထာ, သင်္ခေပအဋ္ဌကထာ။ စသော အဋ္ဌကထာ ဟောင်းတို့ကို အမှီတံကဲ
ပြု၍။အဘိဓမ္မာပါဠိတော်ကို ဘွင့်သည့်ရှိသော်၊ ပိဘင်းပါဠိတော်။ ပဋိစ္စသ
မုပ္ပါဒပိဘင်းအဘွင့် ဘွင့်ခါနီးကာလဝယ်၊ ရှေးရှေးသော အဋ္ဌကထာကြီး
များဘွင့်ထားသောအရာ။ဤနေရာ၌မရှိ၍။ညီးညွှတ်တော်မူသည်မှာ၊ခမ်းဆိမ်း
ဥသျှံ၊ အလုံးစုံသောဝေနေယျကြွ။ သတ္တဝါတို့သည် ငါ့ရှင်ဗုဒ္ဓဃောသကို
အရိုအသေပြု၍နာရာ၏။ ထိုသို့နာရာ၌ငါဆရာသည် မိမိညာဏ်အလျောက်
အမှန်ဖြစ်သောယထာဘူတ၊ ဓမ္မသဘာဝကို ရေးသားမိပါမူကား၊ ငါရေး
သားသောတရားဖြင့်၊နိဗ္ဗာနအောင်ချာသို့။ဝေနေယျအများတို့သည် ရောက်

ရာတို့၏။ အကယ်၍ ငါဆရာညွတ်ပြားလျက်။ အမှားကို ရေးသား မိခဲ့ပါမူကား။ငါ့ကိုယုံကြည်သော။ ဝေနေယျအများတို့သည် သံသရာဝဲဩဃ၌နစ်ခြင်း၏ အကြောင်းသည် ဖြစ်ရတော့မည်တကားဟု—ရှင်မဟာဗုဒ္ဓဃောသဆရာညီးညူတော်မူ၏။ညီးညူသောဂါထာကား။

ဝတ္တုကာမော အဟံ အဇ္ဇ၊ ပစ္စယာကာရ ဝဏ္ဏနံ။
ပတိဋ္ဌံ နာဓိဂစ္ဆာမိ၊ အဇ္ဈောဂါဠှော’ဝ သာဂရံ။ ။

အဟံ၊ဗုဒ္ဓဃောသ-ဟု၊နာမည်တွင်၊ငါမထေရ်အရှင်သည်။အဇ္ဇ၊ယနေ့။ဝါ၊သံဝဏ္ဏနာပြုရာကာလ၊ယခုအခါသမယ၌။ပစ္စယာကာရဝဏ္ဏနံ၊ပဋိစ္စသမုပ္ပါဒ်အဘွင့်သံဝဏ္ဏနာအဋ္ဌကထာကို။ဝတ္တုကာမော၊ ဘွင့်ဆိုလိုပါလျက်။သာဂရံ၊ရှစ်သောင်းလေးထောင်နက်ဝှမ်းဆောင်သည့်။ တောင်ခွေပတ်ချုပ်ရေသမုဒ္ဒ်သို့။အဇ္ဈောဂါဠှော’ဝ၊ကူးဆင်းသက်ငင်။ ယုန်ငယ်သွင်သို့။ပတိဋ္ဌံ၊ထောက်တည်မှီရာ၊သံဝဏ္ဏနာနည်းကို။ နာဓိဂစ္ဆာမိ၊မရနိုင်ပါတကား။ ။ဤသို့ရှင်မဟာဗုဒ္ဓဃောသမဟာထေရ်မြတ်သည်၊ အာစရိယဝါဒမရှိသောအရာဌာန၌။သံဝဏ္ဏနာ၊ ကျမ်းအဋ္ဌကထာကို။ လျင်မြန်စွာမရေးသားမူ၍။ကိုယ်ကိုသမုဒ္ဒရာပြင်ကျယ်။ မြစ်ငင်လယ်သို့ ကူးသွားသော ယုန်သူငယ်အသား။ပမာနထားလျက်။ဥပဒ္ဒဘသတိတရားကို ရှေးသွားပုဗ္ဗင်္ဂမပြုတော်မူပြီး။ပဋိစ္စသမုပ္ပါဒ် အဋ္ဌကထာကြီးကို။ ရေးသားပြုပြင်၊ စီရင်တော်မူသတည်း။ဤသို့သောနယပဒေသ၊ ထောက်ထားတော်မူကြသဖြင့်။ ဂန္ထကာရက-ကျမ်းပြုတော်မူလိုကြသောပုဂ္ဂိုလ်များသည်လည်း။ သတိရှေ့သွား။ ပညာအားဖြင့်မမှားရအောင်၊ဝီရိယတရားကိုအားထုတ်အပ်လှတော့သည်။

(၁) နောင်လာနောက်သား၊တပည့်များ။မှတ်သားသိစေရန်။ ။
(၂) သာဂရလေးဖြာ၊နည်းနယာ၊ထုတ်ခါရေးရပြန်။ ။
(၃) ဗုဒ္ဓဃောသဆရာ၊ဥပဒေလာ၊နောင်လာမှတ်ဘို့ကြံ။ ။
(၄) ဘိဓမ္မာဂဏ္ဌိရ၊နက်ပုံပြ၊နိဋ္ဌယပြီးပြီ-တန်။ ။
(၅) သူများမပြ။ဖော်သာပြ။မှတ်ကြကျမ်းလာမှန်။ ။

အဘိဓမ္မာဂဏ္ဌိရာကာရပြီးပြီ။

## (၈) ပညတ္တိပုဒ်စောဒနာနည်းပြနည်း။

ခပ်သိမ်းသောကျမ်းပြုဆရာတို့၏တံထွာ၊မွေတာလက်သုံးထုံးအခလေ့၊ ပြကတေ့သဘောအားဖြင့်၊ ကျမ်းမပြုမီ ရှေးအတိုကာလ။ အစပထမအခါ သမယဝယ်၊အန္တရာယ်ပျောက်ခြင်း။ ကျမ်းပြီးခြင်းအကျိုး၄ါ၊ ရတနတ္တယပဏာမကို၊ပြုကြမြဲမွေတာစင်စစ်။ကေန်ပင်ဖြစ်၍။ ရှင်မဟာအနုရုဒ္ဓါ။ မဟာထေရ်မွန်။ သီလဝန် ဆရာမြတ်သည်လည်း။ သဒ္ဓကာရ၊ ကျမ်းပြုခံရာတယောက်ဖြစ်တော်မူရကား၊ကျမ်းမပြုမီ ရှေးဦးစွာ,အန္တရာယ ဝိသောသနဂန္ထသမတ္တနအကျိုး၊,ဖွံ့ဖြိုးစေခြင်းအလို၄ါ၊ပဏာမပုဗ္ဗကဂန္ထာရမ္ဘ၊ ဝတ္ထုပုဗ္ဗကဂန္ထာရမ္ဘ၊ အာသိသပုဗ္ဗကဂန္ထာရမ္ဘအားဖြင့် သုံးပါးသော ဂန္ထာရမ္ဘတို့တွင်။ ပဏာမဂါထာပြဋ္ဌာန်းခြင်း ရှေးရှိသောကျမ်းကို အားထုတ်ခြင်းပဏာမပုဗ္ဗကဂန္ထာရမ္ဘကိုပြတော်မူလိုသောရှင်အနုရုဒ္ဓါ၊မဟာထေရ်မွန်၊သီလဝန်ဆရာမြတ်သည်၊သမ္ဗာသမ္ဗုဒ္ဓံ့ဟူသောဂါထာပါဌ်ကိုမိန့်။ ။ ဤသို့ကျမ်းပြုဆရာတို့သည်ကျမ်းမပြုမီရှေးဦးစွာ၊ရတနတ္တယပဏာမပြုကြရာဝယ်။ ဥပမာအားဖြင့် ဆိုသည့်ရှိသော်၊ ။အလွန်တရာ ဝေးလံသော။ သစ်ကျား သားရဲအတိ ပြွမ်းသော ပါဋ္ဌကန္တာရ၊ တောခရီးလမ်းအထူးကို ကူးမြောက်လိုသော ယောကျ်ား ကောင်းသည် မသွားမီ ရှေးအခါက တွေ့လတ္တံ့သောသားရဲခပင်း။ရန်တသင်းကို၊နှိပ်နင်းအံ့သော၄ါ၊ကောင်းစွာသော လက်နက်ကိုရှားသွေးခါကိုင်စွဲလျက်။ဝနန္တတောအတွင်း။ဝင်ရောက်နင်း၍ သွားသောအခါဝယ်၊တပိုးတစ်၊ဥပါဒ်အန္တရာယ်မပြုသဖြင့်။ အလိုရှိရာဌာနသို့၊ချမ်းသာစွာ ရောက်ရဘိသကဲ့သို့၊ ထိုနည်းအတူ၊ပမာယူခါ၊ မလွဲမှု၍ သာလျှင်၊ ကျမ်းဂန်ပြုရသော ဂန္ထကန္တာရ၌ ဉာဏ်တည်းဟူသော မျက်စိ၊ ဝီရိယတည်းဟူသော ခြေထောက်၊ သတိတည်းဟူသော အဘော်တယောက်နှင့်၊ သွားတော်မူလိုကြသော ကျမ်းပြုဆရာ-ထေရ်မဟာတို့သည်၊ ကျမ်းတည်းဟူသောကန္တာရဝယ်။သွားကြုံကြုံလာသောအခါ၊ များစွာသော သေးဒဏ် အန္တရာယ်တည်းဟူသော သားရဲခပင်းတို့ကို၊ နှိပ်နင်းတော်မူအံ့သော၄ါ၊ပဏာမကုသိုလ်ကံတည်းဟူသော ထားသန်လျက်ကို၊ မပျက်အမြဲကိုင်စွဲတော်မူကြပေ၏-ဟုမှတ်အပ်တော့သည်။ ထိုသို့ဖြစ်ရကား၊ ကစ္စာယနဝဏ္ဏနာ သဒ္ဒါဋီကာကျမ်း၌။ဤသို့ဂါထာပဒ၊သခေပကိုပြတော်မူ၏။

အန္တရာယ ဝိဃာတတ္ထံ၊ မင်္ဂလာဒိအတ္ထာယစ။
တေသံ ဂန္ထာနမာရမ္ဘေ၊ ပဏာမာဒိနိ ဝုစ္စရေ။ ။

အန္တရာယ ဝိဃာတတ္ထံ၊ ဘေးရန် ဥပါဒ်အန္တရာယ်ကို ပယ်ဖြတ်ခြင်း အကျိုးငှါလည်း၊ မင်္ဂလာဒိအတ္ထာယစ၊ ပူဇော်ထိုက်စွာ ကောင်းမှုမင်္ဂလာ စသောအကျိုးငှါလည်း။ တေသံ၊ ထိုကျမ်းပြုဆရာတို့အား။ ဂန္ထာနံ၊ ကျမ်းတို့ကို။ အာရမ္ဘေ၊ အားထုတ်ရာ၌။ ပဏာမာဒိနိ၊ ရတနတ္တယ၊ ပဏာမစသည်တို့ကို။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။ ။ဝုစ္စရေ၌၊ အန္တေဝိဘတ်ကိုရေပြုသည်။ ထိုကြောင့်။ နိယံဆရာတို့သည်။ ။ဂရုပုဗ္ဗ၊ ရဿနောက်၌၊ အန္တိ အန္တေ၊ ဤနှစ်ထွေကို၊ ရေအပြုသာများသတည်း-ဟုဆိုကုန်၏။

အာဒေါကြိယာ တတောကတ္တာ၊ တက္ကမ္မကရဏာဒိကံ။
တဗ္ဗိသေသနမဗျယံ၊ ဗုဒ္ဓေါယောဇေ ယထာရဟံ။ ။

ဟူသော သဒ္ဒါဂါထာ၊ ,လာရှိသည်နှင့်အညီ။ ဤသမ္မာသမ္ဗုဒ္ဓံဟူသော ဂါထာပါဌ်၌။ ပဓာနကြိယာကား။ အဘိဝါဒိယ၊ ဟူသတည်း။ ရှိခိုး၍ဟူလို၊ ။ ရှင်အနုရုဒ္ဓါဆရာ၊ ရှိခိုး၍ဟုဆိုသော်။ အဘယ်ပုဂ္ဂိုလ်သည်။ ရှိခိုးသနည်းဟု မေးဘွယ်ရှိရကား။ ထိုအမေးကို-ဖြေဆိုသောငှါ။ အဟံ၊ ငါရှင်မဟာနုရုဒ္ဓါ သည်ဟူသော တတ္တဝတ္တ၊ ပါဌသေသ၊ ဂမျမာန်၊ ကတ္တားပါဌ်ကိုမိန့်။ ။ အရှင် အနုရုဒ္ဓါဆရာ။ ဆရာသည်။ ရှိခိုး၍ဟုဆိုပြီ။ အဘယ်ပုဂ္ဂိုလ်ကို ရှိခိုး သနည်း။ သိကြားသဗ္ဗ၊ သဒ္ဓီ၊ မဟာဗြဟ္မ။ ကဲ့ဒဲစသောနတ်ကြီးတို့ကို ရှိခိုးလေ သလော့။ သို့တည်းမဟုတ်။ ပုရာဏကဿပ၊ မက္ခလိဂေါသာလအစရှိသော တိတ္ထိတို့ကိုရှိခိုးလေသလော့-ဟုမေးရန်ရှိ၍။ ထိုအမေးကို ဖြေကြားတော်မူ လိုသောရှင်အနုရုဒ္ဓါဆရာသည်။ သမ္မာသမ္ဗုဒ္ဓံ၊ ဟူသောကံပုဒ်ကိုမိန့်။ ။ငါ့ရှင် အနုရုဒ္ဓါဆရာသည် သိကြားသဗ္ဗ၊ သဒ္ဓီစသော နတ်တို့ကိုလည်း ရှိခိုးသည် မဟုတ်။ ပုရာဏကဿပစသောတိတ္ထိတို့ကိုလည်းရှိခိုးသည်မဟုတ်။ စင်စစ် အားဖြင့်။ မဘောက်မပြန်သယမ္ဘူ ဉာဏ်ဖြင့် ကိုယ်တော်တိုင်အမှန်သိတော် မူသော၊ သုံးလူ့ထွဋ်ထား မြတ်ဘုရားကို။ ရှိခိုး၍ဟူလို၊ ။ဤသို့စောဒနာ အမေးရှိက၊ သောဓနာ အဖြေကိုလည်း ထုတ်ပြရတော့သည်၊ သောဓနာ အဖြေကို တွေ့ရှိကလည်း၊ စောဒနာ အမေးကိုလည်း တင်ပြရတော့သည်။ ဤသည်လျှင်။ ကျမ်းဂန်ပို့ချ။ ဓမ္မဝါစက၊ စာချပုဂ္ဂိုလ်တို့၏ လက္ခဏာ၊ ဓမ္မတာ သဘောတည်း။ ထိုကြောင့်။ နိယံဆရာတို့သည်။ ။အဖြေမြင်လျှင်၊ အတင် ထုတ်မြဲ၊ မလွဲဘာသာ၊ ဓမ္မတာတည်းဟု မိန့်ဆိုကြ၏။ ။ထိုအတူ၊ သဒ္ဒါ ကျမ်းများ၌လည်း၊ ။ယတ္ထယတ္ထပဒေသေဝ၊ ဒိဋ္ဌေဝိသဇ္ဇနေသတိ၊ တတ္ထ တတ္ထုဒ္ဒိရိတဗ္ဗာ၊ ပုစ္ဆာ တာဝဝိဘာဝိနာ။ ။ဟုမိန့်ဆိုကြ၏။

ရှင်အနုရုဒ္ဓါဆရာ၊ဆရာရှိခိုးသောဘုရားသည်အဘယ်သို့သော ဂုဏ်ထူးဝိသေသ ရှိလေသနည်း။ ဂုဏ်မရှိသော ပုဂ္ဂိုလ်ဖြစ်အံ့၊ ဆရာရှိခိုးခြင်းငှါ မထိုက်သည် မဟုတ်လော့ဟု မေးဘွယ်ရှိ၍။ ထိုအမေးကို ဖြေအံ့သောငှါ အတုလံ၊ သသဒ္ဓမ္မဂဏုတ္တမံ၊ ဟူသောပါဌ်ကိုမိန့်။ ။ငါ့ရှင်အနုရုဒ္ဓါ ရှိခိုးသောဘုရားသည် သီလသမာဓိပညာအရာ၌ အတုမရှိသောဂုဏ်။သူတော်ကောင်းတို့၏တရား။ မြတ်သောသားတော်အရိယာအပေါင်းတည်းဟူသောဂုဏ်ရှိပေ၏။ထိုကြောင့်။ငါရှိခိုး၏ဟူလို။ ။ရှင်အနုရုဒ္ဓါဆရာ။ဆရာသည်၊ဂုဏ်ရှိသောဘုရားကို ရှိခိုးသောဟု ဆရာဆိုပြီ၊ ဆရာသည် အဘယ်စိတ်ဖြင့်ရှိခိုးလေသနည်း။ဘယ၊လာဘ၊ ကုလာစာရ၊အစရှိသော သာမညစိတ်ဖြင့်ရှိခိုးလေသလော။ထိုသာမညစိတ်ဖြင့်ရှိခိုးခြင်းသည်။အန္တရာယ်ပျောက်ခြင်း၊ကျမ်းပြီးခြင်း မဖြစ်နိုင်ရာဟု မေးဘွယ်ရှိ၍၊ ထိုအမေးကို ဖြေကြားအံ့သောငှါ။အဘိဝါဒိယဟူသောပါဌ်၌။အဘိဟူသော။ ဝိသေသတ္ထဒီပကပါဌ်ကိုမိန့်၊ ။ငါ့ရှင် အနုရုဒ္ဓါဆရာသည် သာမညစိတ်ဖြင့် ရှိခိုးသည်မဟုတ်၊ ဘယ၊လာဘ၊ကုလာစာရ၊အစရှိသောစိတ်မှကင်းသော။ဝိသေသဝန္တစိတ်ဖြင့်ရှိခိုး၏ဟူလို၊ ။ဧတ္ထအဘိသဒ္ဒေါဝိသေသတ္ထဝါစကော တေနဘယလာဘကုလာစာရာဒိဝိရဟေန၊ သဒ္ဓါဒိအာဒရေန၊ကာယ၊ဝစီ၊ မနောဒွါရေဟိဝန္ဒိတွာတိအတ္ထံဒဿေတိ၊ ။ဟူသောပါဌ်ကိုထောက်၊ ။အဘိဓမ္မတ္ထသင်္ဟာဒီပနီ၊ ဋီကာကျော် ၂-ကျမ်းတည်း။ ။ရှင်အနုရုဒ္ဓါ ဆရာ။ ဆရာသည်၊ဂုဏ်ရှိသောဘုရားကို။လွန်ကဲသောဝိသေသဝန္တစိတ်ဖြင့်ရှိခိုးသောဟု ဆိုပြီ၊ထိုသို့ရှိခိုးပြီးသည်ကာလဝယ်။ဆရာသည်၊သယနကိစ္စကိုပြု၍နေဦးမည်လော့။သို့တည်းမဟုတ်။ဗာဟိရ–နဝကမ္မအမှုကိစ္စကို၊ ပြုလုပ်ခါ နေဦးမည်လော့ဟုမေးဘွယ်ရှိ၍။ ထိုအမေးကိုဖြေခြင်းငှါ။ ဘာသိဿံ၊ ဟူသောပါဌ်ကိုမိန့်၊ ။ငါဆရာသည်၊ရတနာမြတ်အား၊ ရှိခိုးပြီးသည်၏အခြားမဲ့၌၊ နဝကမ္မ၊သယနကိစ္စကို၊မပြုလိုပြီ။ဘွင့်ဆို–ရေးသားပေတော့အံ့ဟူလို၊ ။ရှင်အနုရုဒ္ဓါဆရာ၊ဆရာသည်။ ဘွင့်ဆိုရေးသားတော့အံ့ဟုဆိုပြီ။ ဆရာဘွင့်ဆိုလတ္တံ့သောကျမ်းသည်။ အနာဓိက၊ အမည်မရှိသောကျမ်းလေလော့။ ဟုမေးဘွယ်ရှိ၍။ ထိုအမေးကို ဖြေကြားအံ့သောငှါ။ အဘိဓမ္မတ္ထ သင်္ဂဟံဟူသောပါဌ်ကိုမိန့်။ ။ငါယခု ရေးသားလတ္တံ့သော ကျမ်းသည်။အနာဓိက၊ အမည်မရှိသော ကျမ်းမဟုတ်၊ အမည်ရှိသော။အဘိဓမ္မတ္ထ သင်္ဂဟာဟုခေါ်ဆိုမည်မှန်း၊လက်သန်း အဋ္ဌကထာကျမ်းဟူလို၊ ။ဤသည်လျှင် ပဉ္စတ္ထိပုဒ်စောဒနာပြနည်းတည်း။

## (၉) ပရမတ္ထရုန်စောဒနာပြနည်း။

တနည်းကား၊ ။အဟံ အဘိဝါဒိယာ၊ ။ဟု ပဓာနကြိယာကို အရကောက်။ ။ငါ့ရှင်အနုရုဒ္ဓါဆရာသည်၊ ရှိခိုး၏ဟူလို။ ။ရှင်အနုရုဒ္ဓါဆရာ အဘိဝါဒိယာ၊ ဟူသောပါဌ်၌၊ အဘိရှေးရှိသောဝန္ဒခါတ်၏ အရဖြစ်သော။ ပဏာမစေတနာစိတ္တုပ္ပါဒ်သည်၊ အာရမ္မဏိကပစ္စယုပ္ပန်၊ တရားဖြစ်ရကား။ ထိုပစ္စယုပ္ပန်တရားသည်၊ ပစ္စည်းအာရုံတရားနှင့်မကင်းကောင်းရကား။ ထိုအာရုံပစ္စည်းတရားသည်။ အဘယ်နည်းဟုမေးဘွယ်ရှိသောကြောင့်၊ သမ္ဗာသမ္ဗုဒ္ဓမတုလံ၊ သသဒ္ဓမ္မဂဏုတ္တမံ၊ ဟူသောပါဌ်ကိုမိန့်၊ ။အဟံ၊ငါသည်။ အဘိဝါဒိယ ရှိခိုးပြီး၍၊ဘာသိဿံ၊ဆိုရပေတော့အံ့၊ ။အရှင်အနုရုဒ္ဓါဆရာ ဘာသိဿံ၊ဟူသောပါဌ်၌၊ ဘာသဓာတ်၏အရဖြစ်သော သတိဝိရိယဉာဏ်ပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်သည်။ အာရမ္မဏိကပစ္စယုပ္ပန် တရားဖြစ်ရကား၊ ထိုပစ္စယုပ္ပန် တရားသည်၊ အာရုံပစ္စည်း တရားနှင့် မကင်းကောင်း၊ ထိုအာရုံပစ္စည်းတရားသည်။အဘယ်နည်းဟုမေးဘွယ်ရှိသောကြောင့်၊ သမ္ဗာသမ္ဗုဒ္ဓမတုလံ၊သသဒ္ဓမ္မဂဏုတ္တမံ၊ဟူသောပါဌ်ကိုမိန့်၊ ။အဟံ၊ငါသည်၊ အဘိဝါဒိယ၊ရှိခိုးပြီး၍၊ ဘာသိဿံ၊ ဆိုရပေတော့အံ့၊ ။အရှင်အနုရုဒ္ဓါဆရာ၊ ဘာသိဿံ၊ ဟူသောပါဌ်၌၊ ဘာသဓာတ်၏ အရဖြစ်သော၊ သတိ၊ ဝိရိယ၊ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်၊ အာရမ္မဏိက ပစ္စယုပ္ပန် တရား ဖြစ်ရကား။ထိုပစ္စယုပ္ပန်တရားသည်၊ အာရုံပစ္စည်းတရားနှင့်မကင်းကောင်း။ ထိုအာရုံပစ္စည်းတရားသည်။ အဘယ်နည်းဟုမေးဘွယ်ရှိသောကြောင့်၊ အဘိဓမ္မတ္ထသင်္ဂဟံ၊ဟူသောပါဌ်ကိုမိန့်။ ။ဘုရားဖြစ်နှင့်၊ကျမ်းဖြစ်သည်၊ဓမ္မာရုံဟု ဆိုအပ်သောပစ္စည်းတရားဟု မှတ်လေ၊ ။ဤသို့ ပရမတ္ထရုန်စောဒနာ ပြနည်းတည်း၊

---

## (၁၀) သဒ္ဒါရုန်စောဒနာပြနည်း၊

တနည်းကား၊ ။အဟံ အဘိဝါဒိယာ၊ ။ဟု ပဓာနကြိယာကို၊ အရကောက်၊ ။ငါရှင်အနုရုဒ္ဓါဆရာသည်၊ရှိခိုး၏ဟူလို၊အရှင်အနုရုဒ္ဓါဆရာ၊ အဘိဝါဒိယာ၊ ဟူသောပါဌ်၌၊ အဘိရှေးရှိသော ဝန္ဒဓာတ်သည်၊ သကမ္မကဓာတ်၊အကမ္မကဓာတ် ၂-ရပ်တို့တွင်၊ သကမ္မကဓာတ် ဖြစ်ရကား။ကံပုဒ်ကိုငဲ့၏၊ထိုကံပုဒ်သည်ကား။ အဘယ်နည်းဟု မေးဘွယ်ရှိသောကြောင့်၊ သမ္ဗာသမ္ဗုဒ္ဓံ၊ ဟူသောပါဌ်ကိုမိန့်၊ ။ရှင်အနုရုဒ္ဓါဆရာ၊ သမ္ဗာသမ္ဗုဒ္ဓံ၊ဟူ

သော၊ဝိမိရှုပ်သည်။ အနုဝါဒရှုပ်နှင့်မကင်းကောင်းရကား၊ငင်းအနုဝါဒရှုပ်ကား။အဘယ်နည်းဟုမေးဘွယ်ရှိသောကြောင့်၊ ထိုအမေးကိုဖြေလိုရကား။ အတုလံသသဒ္ဒမ္ဗဂဏ္ဍုဏ္ဍမံ၊ဟူသောပါဌ်ကိုမှီ၍၊ ၊ဝိမိရှုပ်၊ အနုဝါဒရှုပ်၏ သဘောကိုကား။ ဤပြလတ္တံ့သော စာချနိယံသစ်အတိုင်း သိအပ်၏။ ။ စာချနိယံသစ်ကား၊

ဖြစ်သို့သော၊စဉ်လိုက်ပါ၊မှတ်ရာနုဝါဒရှုပ်၊ ၊
ဂုဏ်၏တည်ရာ၊အနက်သာ၊သိပါဝိမိရှုပ်၊
ပသိဒ္ဓ,အပသိဒ္ဓ၊တနည်းဖြ၊ဥပါယ,ဥပေယျထုတ်။ ။

အဟံ၊ငါသည်။အဘိဝါဒိယ၊ရှိခိုးပြီး၍၊ဘာဘသိဿံ၊ဆိုရပေတော့အံ့၊ ။ အရှင်အနုရုဒ္ဓါဆရာ၊ဘာသိဿံ၊ဟူသောပါဌ်၌ဘာသာဓာတ်၏အရ၊ သကမ္မက၊အကမ္မက၊ ဓာတ်နှစ်ဝတ္ထုတွင်။ သကမ္မကဓာတ်ဖြစ်၍၊ ကံကိုငဲ့ရကား၊ ထိုကံပုဒ်သည် အဘယ်နည်းဟု မေးရန်ရှိ၍၊ အဘိဓမ္မတ္ထသင်္ဂဟံ၊ ဟူသောပါဌ်ကိုမှီ၍၊ ၊ဘုရားဒြဗ်၏ကြိယာပါပုဏ္ဏနသတ္တိ၊ကျမ်းဒြဗ်၏ကြိယာပါပုဏ္ဏနသတ္တိ၊ ကံပုဒ်ကိုသိလေ၊ ၊ဤသည်လျှင်၊ သဒ္ဒါရပ်ဒ် စောဒနာ ပြန့်ည်းတည်း၊ဤသမ္ဗာသမ္ဗုဒ္ဓ၊ပဏာမဂါထာ၌၊ပညတ်နည်း၊ပရမတ်နည်း။ သဒ္ဒါနည်း၊သုံးပါးဖြင့်စောဒနာကာရကို၊ပြရိုးပြစဉ်၊ ထုံးနည်းပြင်အတိုင်းပြလိုက်သည်၊ဤမှတပါးသောမန်ကျည်းရွက်သတ်တက်နည်း၊ ဥဿျှောင်ကိုင်တက်နည်းဘို့ကိုကား၊ ဂန္ထဂရုအားကြောင့်၊ မရေးပြလိုက်ပြီဟုမှတ်၊ ၊စာချနိယံသစ်ကား၊

သဒ္ဒါပညတ်၊ပရမတ်၊သုံးရပ်မေးဖြေလေ။
ဂန္ထာရုဏ္ဍ၊ကျမ်းအစ၊သိကြနည်းသုံးထွေ၊

---

## (၁၁) သမ္ဗန္ဓ၊ဍ္ဍထွက်နည်းကိုပြခြင်း၊

တနည်းအားဖြင့်၊ အစပ်၊အထွက်ဟုဆိုအပ်သော။ သမ္ဗန္ဓ၊ဍ္ဍနည်းဖြင့် ပြလိုက်ဦးတော့အံ့၊ ၊ဤပဏာမ ဂါထာ၌၊ သမ္ဗာသမ္ဗုဒ္ဓံ ဟူသောပါဌ်သည်။အဘယ်မှာစပ်မည်နည်းဟူမူ။ အဘိဝါဒိယမှာ။ အချာတ်မိဝိဘတ်သည့်မဟောအပ်သောအဝုတ္တကံ၊မဟောအပ်သော အဝုတ္တကြိယာဝါစက အဖြစ်ဖြင့်၊ ဝန္ဒဓာတ်တွင်သာစပ်အပ်၏။ ၊ထိုကြောင့် နိယံကျမ်း၌၊ ။ အဝုတ္တမှာ၊ဓာတ်တွင်သာ၊ကံမှာငင်းနည်းပင်ပြု၊ ၊ဟုမိန့်၏၊ ၊ဤသို့အဘိဝါ

ဒိယမှာစပ်လျှင်၊ထွက်သောအခါလည်း။ ၎င်းပါဠိမှထွက်အပ်၏။ထွက်ဟန်ကား၊ဆရာရှိခိုးသောဟုဆိုပြီ၊ အဘယ်သူကိုရှိခိုးသနည်းဟုမေးဘွယ်ရှိ၍။ ထိုအမေးကိုဖြေအံ့သောငှါ၊ သမ္ဗုဒ္ဓံသမ္ဗုဒ္ဓံဟူသောပါဠိကိုမိန့်၊ ။ငါသည်။ ဘုရားကိုရှိခိုး၏ဟူလို။ထိုကြောင့်ရှေးဆရာတော်တို့သည်။ စပ်ရာမှာထွက်။ ထွက်ရာမှာစပ်အနက်ကျမ်းရိုးမိ၏တည်း–ဟု၊ နိယံဘဗ္ဗာကိုမိန့်၏။ ။အဟံ ဟူသောကတ္တားကို၊ အဘိဝါဒိယဝ်၌။လောပ မိဝိဘတ်ဝယ်စပ်မှု၊ ဝန္ဒဝါစ က၊တုလျတ်,လိင်တ်၊ အဖြစ်ဖြင့်စပ်အပ်၏။ ဝန္ဒခါတ်တွင်စပ်မှု။ကာရက– ကြိယာ၊အကြောင်းအကျိုး၊အပေါင်းအစိတ်။အဖြစ်ဖြင့်စပ်အပ်၏။ ။ငါကား လုတ္တနိဒ္ဒိဋ္ဌ၊အာချာတ်မိဝိဘတ်မှာစပ်၍။အဘိဝါဒိယ၊အဘိဝန္ဒာမိ၊ဟူသော အဋ္ဌသမ္ဗန္ဓနည်းအတိုင်းစပ်လိုက်သည်။အဘိဝါဒိယဝ်၌။ အဘိပုဗ္ဗဝန္ဒခါတ်၊ တွာပစ္စည်းမှာလည်းစပ်မှု။ဤနည်းအတိုင်းစပ်အပ်တော့သည်၊ ထိုကြောင့်၊ နိယံကျမ်း၌၊ ။ပစ္စည်းတွင်သာ၊ ကတ္တားအဟံ၊အမှန်စင်စစ်၊စပ်သည့်ဖြစ် မှု၊ဝစ်ဝါတို့ ထိုင်စပ်မြဲ။ ။ပစ္စည်းတွင်သာ၊ စပ်လိုပါမှု၊ ကာကိ ကြောင်း ကျိုး၊စပ်ရိုးပေါင်းစိတ်ဖြစ်မြဲ။ ။ဟုမိန့်ကြ၏။ ။အတုလံသသဒ္ဓမ္မဂဏယုတ္တမ့် သည်၊အဘယ်မှာစပ်မည့်နည်းဟူမူ၊သမ္ဗုဒ္ဓံသမ္ဗုဒ္ဓံမှာ။ အနုဝါဒချပ်။ ဝိဓိချပ် အဖြစ်ဖြင့်စပ်အပ်၏။ထွက်သည်ရှိသော် ၎င်းပါဠိမှထွက်အပ်၏။ထွက်ဟန် ကား၊ဆရာဘုရားကို ရှိခိုးသောဟုဆိုပြီ။ ဆရာရှိခိုးသော ဘုရားသည်၊ အ ဘယ်သို့သောဂုဏ်ထူး ဝိသေသရှိလေသနည်း-ဟု မေးရန်ရှိ၍။ ထိုအမေး ကိုဖြေအံ့သောငှါ၊အတုလံသသဒ္ဓမ္မဂဏယုတ္တမ့်၊ပါဠိကိုမိန့်။ ။ငါရှိခိုးသော ဘုရားသည်။ အတုမရှိသော ဘိလအစရှိသောဂုဏ်နှင့် ပြည့်စုံ၏ဟူလို။ အ ဘိဝါဒိယ-ဟူသောပါဠိသည်၊ အဘယ်မှာစပ်မည်နည်းဟူမူ၊ ဘာသိဿံ၊ ဟူသော အာချာတ်ကြိယာမှာ။ပုဗ္ဗကာလ ကြိယာဝိသေသန၊ဝိသေသျ–အ ဖြစ်ဖြင့်စပ်အပ်၏။ ဤမှထွက်သော်။ ဆရာသည်၊ ဟောပေအံ့ဟုဆိုပြီ။ အ ဘယ်အခါ ကာလမှ ဆိုတော့အံ့နည်းဟု မေးဘွယ်ရှိ၍။ ထိုအမေးကို ဖြေ ခြင်းငှါ၊အဘိဝါဒိယမိန့်၊ဘုရားရှိခိုးပြီးမှဟူလို။ ။ဗျတိ ရေကအားဖြင့်ပြန် စပ်၍၊ပြန်၍လည်းထွက်–လေ။ အဘိဓမ္မတ္ထသင်္ဂဟံ၊ ဟူသောပါဠိသည်။ အ ဘယ်မှာ စပ်မည့်နည်းဟူမူ။ ။ဘာသိဿံ–မှာ ဝစ္စဝါစက၊အဝုတ္တအဖြစ် ဖြင့်စပ်။ ။ထွက်သော်-ဆရာ၊ ဟောပေအံ့ဟုဆိုပြီး၊ အဘယ် ကျမ်းကို ဟောမည်နည်း မေးရန်ရှိ၍၊ ထို အမေးကို ဖြေအံ့သောငှါ။ အဘိဓမ္မတ္ထသင်္ ဟံ-ဟူသောပါဠိကိုမိန့်၊ ။အဘိဓမ္မတ္ထသင်္ဂဟ-ဟု။ခေါ်ဆိုမည့်မှန်း။လက်

သန်း အဓ္ဓကထာကျမ်းကို ပောာပေအံ့-ဟူလို။ ။ဤလျှင် အတ္ထသမ္ဗန္ဓထွ နားဖြင့်။ထွက်နည်း။

---

## (၁၂) နေတ္တိနည်းငါးပါးဖြင့်ခွဲခြား၍ပြဆိုခြင်း။

တနည်းနေတ္တိနည်းငါးပါးဖြင့်။ဘွင့်ဟန်ကား။ ။ဤလင်္ကာဖြင့် ရှေးဦး စွာသိအပ်၏။

(၁) နန္ဒိယာဝဋ္ဋ။တိပုခလနှင့်။သီဟဝိကီဠိ။သုံးပါးရှိ။မှတ်ဘိနည်းအတ္ထံ။
(၂) ဒိသာလောစန။အင်္ကုသ။နှစ်ဝ-နည်းသဒ္ဒံ၊ ။
(၃) နေတ္တိကျမ်းလာ။နည်းငါးဖြာ၊သေချာခွဲစစ်ရန်။ ။
(၄) သမထ-ဝိပဿနာ။ဆန့်ကျင်ရာ။သစ္စာယှဉ်ငင်ပြန်။ ။
(၅) နန္ဒိယာဝဋ္ဋ၊နည်းနယ။ထုတ်ပြအတန်တန်။ ။
(၆) တဏှာလမ္မ။အကုသုလ၊ယှဉ်ယူကြောင်းရှာပြန်။ ။
(၇) တိပုခလ၊နည်းနယ။ထုတ်ပြအတန်တန်။ ။
(၈) အန္ဓြေသတိပဋ္ဌာန်။ဝိပလ္လာ။ယှဉ်ပြန်စီရင်မှန်။ ။
(၉) သီဟဝိက်ဠိတ။နည်းနယ။ထုတ်ပြအတန်တန်။ ။
(၁၀) ဒိသာအင်္ကုဲ။ဤနှစ်ခု၊ခွဲပြု-ရှေ့တွင်ရုံ။ ။

ဤသို့ပြအပ်ပြီးသော။နေတ္တိလင်္ကာကိုအရဆောင်ကြ၍။ ဤသမ္ဗာသမ္ဗုဒ္ဓ မတုလံ၊သသဒ္ဓမ္မဂဏုတ္တမံ၊အဘိဝါဒိယဘာသိဿံ၊အဘိဓမ္မတ္ထသင်္ဂဟံ။ ။ ဟူသောဂါထာပုဒ်၌။ယခုထုတ်ပြသကဲ့သို့၊တပါးသောပါဠိမှာလည်း ထုတ် အပ်၏၊ ဤဂါထာ၌သုံးပါးသော အတ္ထနယတို့တွင် နန္ဒိယာ ဝဋ္ဋနည်းထုတ် ဟန်ကား။ ။ငင်းသင့်ပြုဟ်ပဏာမဂါထာဝယ်။ အဘိဝါဒိယ ဟူသောပုဒ် ဖြင့်။ စေတနာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို ယူအပ်၏။ ထိုစိတ္တုပ္ပါဒ်၌။ သမာ ဓိ-ဟု ဆိုအပ်သော သမထ၊ ပညာ-ဟု ဆိုအပ်သော ဝိပဿနာသည်ရှိ၏။ ထိုသမထ ဝိပဿနာရှိသဖြင့်။ သမထဝိပဿနာ၏ မှီရာဖြစ်သော ဟဒယ ဝတ္ထု၊ သမ္ပယုတ်ဖြစ်သောနာမက္ခန္ဓာ၊ သဟဇာတ်စိတ္တဇရုပ်ကိုလည်း ယူ အပ်၏။ ထိုသမထ၊ ဝိပဿနာကို ယူသဖြင့်။ သမထ ဝိပဿနာ၏။ ဆန့် ကျင်ဘက် အကြောင်းဖြစ်သော။ တဏှာအဝိဇ္ဇာဟူသော နှစ်ပါးသော ဝဋ္ဋ မူလတို့ကိုလည်းယူအပ်၏။ ထိုတရားအပေါင်းတို့တွင်။ တဏှာအဝိဇ္ဇာတို့ သည်၊ သမုဒယသစ္စာမည်၏။ သမထ ဝိပဿနာသည်၊ မဂ္ဂသစ္စာမည်၏။ ကြွင်းသောတရားအပေါင်းသည် ဒုက္ခသစ္စာမည်၏၊ ငင်းသစ္စာသုံးပါးတို့၏

ချုပ်ရာနိဗ္ဗာန်သည်။နိရောဓသစ္စာမည်၏။ ။ဤသို့ပြဆိုခဲ့ပြီးသော၊သံကိလေသပက္ခ,ဝေါဒါနပက္ခ၊ နှစ်ပါးတို့တွင်။ သံကိလေသပက္ခ၌။ တဏှာသည်။ ပထမဒိသာမည်၏၊အဝိဇ္ဇာသည်။ဒုတိယဒိသာမည်၏။ဝေါဒါနပက္ခ၌။ သမထသည်၊ပထမဒိသာမည်၏။ဝိပဿနာသည်။ ဒုတိယဒိသာမည်၏။ ဤသို့အရပ်ဌာနအားဖြင့်၊ဆင်ခြင်ခြင်းသည်။ဒိသာဝိလောစနနည်းမည်၏၊ ။ဤအရာ၌။ပမထဒိသာကိုယှဉ်အပ်၏။ဤအရာ၌၊ ဒုတိယဒိသာကိုယှဉ်အပ်၏။ ဟု စိတ်ဖြင့် ဆင်ခြင်၍၊ စိတ်ဖြင့် သာလျှင် ယှဉ်ခြင်းသည်။ အင်္ကုသနည်းမည်၏၊ ။ဤလျှင် နန္ဒိယာဝဋ္ဋနည်းဖြင့်ထုတ်နည်းတည်း။

တိပုခလနည်းထုတ်ဟန်ကား။အဘိဝါဒိယပုဒ်အရဖြင့်။ ဓေတနာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ရအပ်၏။၎င်းစိတ္တုပ္ပါဒ်၌။အလောဘ,အဒေါသ,အမောဟ-ဟူသောကုသိုလ်မူ တရားသုံးပါးလည်းရအပ်၏။ထိုတွင်။အလောဘဖြင့်သီလက္ခန္ဓတည်းဟူသောဂုဏ်။အဒေါသဖြင့်သမာဓိက္ခန္ဓတည်းဟူသောဂုဏ်။ အမောဟဖြင့် ပညာက္ခန္ဓတည်း ဟူသောဂုဏ်ကို ပြအပ်၏။ ထိုဂုဏ်တို့နှင့် ဆန့်ကျင်ဘက်အကြောင်းဖြစ်သော၊လောဘ,ဒေါသ,မောဟ-ဟူသော အကုသိုလ်မူကိုလည်းပြအပ်၏။ ။ထိုတရားတို့တွင်။ အကုသိုလ် မူသတရားသုံးပါးသည်၊ သမုဒယသစ္စာ၊ ကုသိုလ်မူလ တရားသုံးပါးသည်။ မဂ္ဂသစ္စာ၊ ကြွင်းသောနာမက္ခန္ဓာတရားသည်၊ဒုက္ခသစ္စာ၊ ၎င်းသစ္စာသုံးပါးတို့၏ချုပ်ရာဖြစ်သောနိဗ္ဗာန်သည်၊ နိရောဓသစ္စာမည်၏၊ ဤသို့ပြအပ်ပြီးသော သံကိလေသပက္ခ၊ ဝေါဒါနပက္ခ၊ နှစ်ပါးတို့တွင်။ သံကိလေသပက္ခ၌၊ လောဘသည် ပထမဒိသာ, ဒေါသသည်ဒုတိယ ဒိသာ, မောဟသည် တတိယဒိသာမည် ကုန်၏၊ ဝေါဒါနပက္ခ၌။အလောဘသည်ပထမဒိသာ၊ အဒေါသသည် ဒုတိယဒိသာ၊အမောဟသည်တတိယဒိသာမည်၏၊ ဤသို့အရပ်ဌာနကိုဆင်ခြင်ခြင်းသည်။ဒိသာလောစန နည်းမည်၏၊ ။ဤအရာ၌ ပထမဒိသာကို ယှဉ်အပ်၏၊ဤအရာ၌ ဒုတိယဒိသာကိုယှဉ်အပ်၏၊ ဤအရာ၌တတိယဒိသာကို ယှဉ်အပ်၏-ဟု စိတ်ဖြင့် ဆင်ခြင်၍၊ စိတ်ဖြင့်သာလျှင် ဆင်ခြင်ခြင်းသည် အင်္ကုသနည်းမည်၏။ ။ဤလျှင် တိပုခလနည်းဖြင့်ထုတ်နည်းတည်း၊

သီဟဝိက္ကီဠိတနည်းထုတ်ဟန်ကား။ ။အဘိဝါဒိယ၊ ဟူသောပုဒ်ဖြင့်၊ ဓေတနာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို ကောက်အပ်၏၊ ၎င်းစိတ္တုပ္ပါဒ်၌။ သဒ္ဓါစသောဣန္ဒြေတို့ကို ရအပ်ကုန်၏၊ ဤသို့ဣန္ဒြေကို ရသည်ရှိသော်၊ သတိပဋ္ဌာန်လေးပါးကိုလည်းရအပ်၏၊ထိုတွင်၊ကာယာနုပဿနာသည် အသုဘသညာမည်၏၊ ဝေဒနာသည် ဒုက္ခသညာမည်၏၊ စိတ္တသည် အနိစ္စသညာမည်၏၊

မေ္ဗသည် အနတ္တ သညာမည်၏။ထိုသညာ လေးပါးတို့၏ ဆန့်ကျင်ဘက် အကြောင်းဖြစ်သောတရားကား။သုဘ၊သုခ၊နိစ္စ၊အတ္တသညာ-ဟူသောဝိပ္ပလ္လာသလေးပါးကိုယူအပ်၏။ထိုတွင်၊ ဝိပ္ပလ္လာသသညာသည်။ သမုဒယသစ္စာမည်၏။ သတိပဋ္ဌာန်လေးပါးသည် မဂ္ဂသစ္စာမည်၏။ ကြွင်းသမွယုတ်တရားတို့သည်၊ဒုက္ခသစ္စာမည်၏၊ငင်းသစ္စာသုံးပါးတို့၏ချုပ်ရာနိဗ္ဗာန်သည်။ နိရောဓသစ္စာမည်၏။ ။ဤသို့ပြအပ်ပြီးသော သံကိလေသ, ဝေါဒါနပက္ခနှစ်ပါးတို့တွင်။ သံကိလေသပက္ခ၌။ သုဘသညာသည် ပထမဒိသာမည်၏၊ သုခသည် ဒုတိယဒိသာ၊နိစ္စသည် တတိယဒိသာ၊အတ္တသည် စတုတ္ထဒိသာမည်၏၊ ဝေါဒါနပက္ခမှာလည်း။ နည်းတူသိလေ။ ဤသို့အရပ်ဌာနတို့ကို ရုံစမ်းခြင်းသည်။ဒိသာလောစန နည်းမည်၏။ ဤအရာ၌ ပထမဒိသာကိုယှဉ်အပ်၏။ အစရှိသည်ဖြင့် စိတ်ဖြင့် ဆင်ခြင်၍ ယှဉ်ခြင်းသည် အင်္ကုသနည်းမည်၏။ ။ဤလျှင် သီဟဝိက္ကီဠိတနည်းတည်း။

ထိုသို့ ပြအပ်ခဲ့ပြီးသော နည်းငါးပါးကို ကောင်းမွန်စွာ၊ ကျစ်လစ်သောနှုတ်ဖြင့် စွဲသုံးကြလေတုန်။ ။ဤနည်းငါးပါးကို။ ကစ္စာယနထေရ်မွန်သီလဝန်ပုဂ္ဂိုလ် မြတ်သည်၊ နေတ္တိ ပါဠိတော်ဝယ်။ စာနံပါတ် ၂-သင်္ချာ၌။ ။ ဂါထာဗန္ဓ၊သင်္ဂဟကိုပြတော်မူ၏။

ပထမော နန္ဒိယာဝဋ္ဋော၊ ဒုတိယော စ တိပုက္ခလော။
သီဟဝိက္ကီဠိတော နာမ၊ တတိယော နယလဉ္ဇကော။ ။
ဒိသာလောစနမာဟံသု၊ စတုတ္ထံ နယမုတ္တမံ၊
ပဉ္စမော အင်္ကုသော နာမ၊ သဗ္ဗေ ပဉ္စနယာ ဂတာ။ ။

ဟုရေးသားခဲ့၏။ ။ထိုမှတပါးသော။နေတ္တိကျမ်းလာ။ ဟာရဆဲ့ခြောက်ဖြာကိုကား။ ဂန္ထဂရုအတိဘယကြောင့်။မပြလိုက်ပြီ။

အချုပ်လင်္ကာကား။

(၁) ဒေ၊ဝိ၊ယု၊ပ၊လက်စ၊အာ၊ဝိဘတ်၊ပရိသာ။ ။
(၂) ဝေ၊ပညတ်၊ဩ၊သောဓိဿော၊သမာရောပရိက္ခာ။ ။
(၃) နေတ္တိကျမ်းလာ၊ဆဲ့ခြောက်ဖြာ၊ဟာရကောက်အပ်စွာ။ ။
(၄) ဤနည်းမသိရာ၊ကျမ်းဂန္ထာ၊ဘယ်ခါမတတ်ပါ။ ။
(၅) နောင်လာနောက်သား၊သတိထား၊ကြိုးစားကြံစည်ပါ။ ။

ဤလျှင်နေတ္တိနယပြနည်းပြီးပြီ။

## (၁၃) ဗျဂ္ဂိနယကိုးပါးဖြင့်ခွဲခြားပြဆိုခြင်း။

တနည်း။ ။နဝဗျဂ္ဂိဿ၊ ဒိဝဏ္ဏနာ နည်းဖြင့်။ ဘွင့်ပြခါ ရေးသားခါ။ ပြပေဦးအံ့၊

(၁) ဝါစက၊လက္ခဏိက၊ဗျဥ္ဇက၊သဒ္ဒါသုံးနည်းလာ။ ။
(၂) ဤနည်းတူသာ၊ဗျာပါရ၊သုံးဖြာမှတ်အပ်စွာ၊
(၃) ဝစ္စ၊လက္ချ၊ဗျဂ္ဂျဿ၊အဓိပ္ပေါင်းသုံးဖြာ။ ။
(၄) မုချ-ဥပစာရ၊အာသတ္တိသ၊သတ္တိမန္တဟောသဒ္ဒါ။ ။
(၅) ယခင်သုံးဖြာ၊သတ္တိလာ၊မှတ်ပါဗျာပါရ။
(၆) သဒ္ဒါသုံးရပ်၊ဟောနက်မှတ်၊သိအပ်ဝစ္စဿ။ ။
(၇) နဝဗျဂ္ဂျဿ၊သရုပ၊နယ-ကျမ်းသဒ္ဒါ။ ။
(၈) သဒ္ဒဗောဓိနီ၊ကျမ်းဂန္ထိ၊ဘွင့်ပြီယင်းအရာ။ ။

ဤလင်္ကာအတိုင်း၊ဗျဂ္ဂျနယကိုးပါးကိုထုတ်အပ်၏။ ။ဤသမ္ဗာသမ္ဗုန္ဒ ဟူသောသဒ္ဒါသည်၊ဂုဏဝါစကသဒ္ဒါဖြစ်၍။ ပရမတ်ဖြစ်သော သဗ္ဗညုတ ညာဏ်စသောဂုဏ်အပေါင်းဟု ဆိုအပ်သော မုချတ္ထကိုဟောစွမ်းနိုင်သော သတ္တိရှိသော၊ သတ္တိမန္တသမ္ဗာသမ္ဗုန္ဒ သဒ္ဒါသည် ဝါစကသဒ္ဒါမည်၏။ ထို သတ္တိမန္တဖြစ်သောသမ္ဗာသမ္ဗုန္ဒသဒ္ဒါ၏၊ သဗ္ဗညုတ ညာဏ်တည်းဟူသော၊ မုချတ္ထကိုဟောစွမ်းနိုင်သောသတ္တိသည်၊ဝါစကဗျာပါရမည်၏။ ထိုဝါစက ဖြစ်သော သတ္တိမန္တသမ္ဗာသမ္ဗုန္ဒ သဒ္ဒါသည် ဟောအပ်သော၊ သဗ္ဗညုတ ညာဏ်စသောဂုဏ်အပေါင်းဟုဆိုအပ်သောမုချအနက်သည်၊ဝစ္စမည်၏။ ။ ဤသျှင် ကြိနယ၊မုချဝါစက-တည်း။

ဘုရားရှင်၏ခန္ဓာတော်ဖြစ်တည်းဟူသော ဥပစာရအနက်ကို ဟောစွမ်း နိုင်သောသတ္တိမန္တ၊ သမ္ဗာသမ္ဗုန္ဒသဒ္ဒါသည်၊ လက္ခဏိကသဒ္ဒါမည်၏။ထို သဒ္ဒါ၏ ဘုရားသခင်၏ ခန္ဓာတော် လက္ခဏ်ကဖြစ်သော သမ္ဗာ သမ္ဗုန္ဒဖြစ် တည်းဟူသောဥပစာရတ္ထကိုဟောစွမ်းနိုင်သောသတ္တိသည် လက္ခဏ်ကဗျာ ပါရမည်၏၊ ထိုလက္ခဏ်က ဖြစ်သော သမ္ဗာသမ္ဗုန္ဒသဒ္ဒါသည် ဟောအပ် သော ဘုရားသခင်၏ ခန္ဓာတော်ဟု ဆိုအပ်သော၊ ဥပစာရ အနက်သည်၊ လက္ခဏ်ကမည်၏။ ။ဤသျှင် ကြိနယဥပစာရဝါစက-ဘည်း၊

သုံးလူ့ထွဋ်ထား သဗ္ဗညု မြတ်စွာဘုရား၏ အဇ္ဈတ္တိတ၊ ပရဟိ အကျိုး နှစ်ပါးကို့ဖွံ့ဖြိုးခါ ပြီးစေလို၍တောင့်တအပ်သော၊အာသတ္တိသအနက်၊ ရှင်အနု

ရုဒ္ဓါမဟာထေရ်မြတ်၏ အန္တရာယ်ပျောက်ခြင်း, ကျမ်းပြီးခြင်း အကျိုး၌၊ တောင့်တအပ်သောသမ္ဘာဆန္ဒ စေတသိက်ဟုဆိုအပ်သောအာသီသအနက်၊ ၎င်းအာသီသအနက် နှစ်ပါးကို၊ ဟောစွမ်းနိုင်သောသတ္တိမန္တ၊ သမ္ဘာသမ္ဗုဒ္ဓ သဒ္ဒါသည်။ ဇောတကသဒ္ဒါမည်၏။ ထိုဇောတကဖြစ်သော သမ္ဘာသမ္ဗုဒ္ဓသဒ္ဒါ၏ အာသီသတ္ထကို ဟောစွမ်းနိုင်သော သတ္တိသည်။ ဇောတကဇော ပါရမည်၏။ ထို ဇောတကဖြစ်သော သမ္ဘာသမ္ဗုဒ္ဓသဒ္ဒါသည် ဟောအပ်သော အာသီသအနက် ပေါင်းသည်။ဇောင့်မည်၏။ ။ဤလျှင် ကြိယာအာသီသဝါစက-တည်း။

ဓမ္မ၊ သံဃ သဒ္ဒါမှာလည်း နည်းတူခွဲလေ၊ ။ဇောင့်နယ။သရုပ။ ပြီးထ နိဋ္ဌိတာ၊ ။ဤလျှင် ဇောတ်နယအားဖြင့်ပြနည်းပြီး၏။

---

## (၁၄) အလင်္ကာနည်းဖြင့် ပြဆိုခြင်း။

အလင်္ကာရနည်းဖြင့်။ပြပေဦးအံ့။ ။ထိုသို့ပြဆိုရာဝယ်။အကျဉ်းစကား ကိုကား ဤသို့မှတ်။

(၁) မုချဖြစ်စွာ။အနက်မှာ။မည်ရာဓဿနံ။ ။
(၂) အကြောင်းနည်းမှာ။ဒီပကာ။ကျိုးအတ္ထာပကာသနံ။ ။
(၃) အကြောင်းဒုတိယ။ဝိဘာဝ။ကျိုးဒုတိယနုဘာဝံ။ ။
(၄) အလင်္ကာရ။ကျမ်းအပြ။သိကြ-ဤငါးတန်။ ။

ဤလင်္ကာ အရ။ သမ္ဘာ သမ္ဗုဒ္ဓ၊ ဂါထာ ပါဒကို ထုတ်အပ် လှတော့ သည်။ ။ထုတ်ဟန်ကား။ ။သမ္ဘာ သမ္ဗုဒ္ဓံပုဒ်၌။ သဗ္ဗညုတ ဉာဏ်တော် သည်။ ဓဇာနတ္ထ မည်၏။ ထိုဉာဏ်နှင့် တကွသော နာမက္ခန္ဓာ၊ စိတ္တုပ္ပါဒ်၊ ရုပ်တရားတို့သည်။ ဒီပကတ္ထ မည်၏။ မတွေ မဝေသဖြင့် ဉေယျ နက်စုံ။ တရားတော် ငါးတန်ကို၊ သိတော် မူခြင်းသည်။ ပကာသနတ္ထ မည်၏။ အ ကြောင်းဖြစ်သော ပါရမီဉာဏ်၊ ဝိပဿနာဉာဏ်သည်။ ဝိဘာဝတ္ထမည်၏။ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံတော်မူခြင်း။ ရတော်မူခြင်း၊ နောက်နောက်သောဉာဏ်တော်အစရှိသော အကျိုးတရားသည်။ အာနုဘာ ဝတ္ထမည်၏။ ။ဤငါးပါးသောနည်းကို၊သီလက္ခန်ဒီကာသစ်၌။ ဂါထာဗန္ဓ ဖြင့် ပြခဲ့၏။

ဓဿနံ့ဒီပနဥ္စာပိ၊ ပကာသနံ့ဝိဘာဝနံ၊
အနုဘာဝနမိစ္စေတ္ထ၊ ကြိယာယောဂေနပဥ္စဓာ၊ ။

ဟုပြ၏၊ ။ထိုအတူ၊မန်လည်ဆရာတော်သည်လည်း။နိယံလင်္ကာကို၊ ပေးသနားလိုက်၏။လင်္ကာကား၊ ။အနက်မချ,အဏ္ဍဏ္ဏ၊မချနက်ပြ,ဒသာန၊ အကြောင်းပြ–ပဒီပန၊အကျိုးနက်ပြပကာသ။ယင်းကြောင်းဒုတိယ၊ဝိဘာဝ။ အကျိုးဒုတိယ–အာနုဘာဝ။ငါးဆင့်အနက်ပြ။ ။မိန့်၏၊ ။ဤသျှင်အလင်္ကာ ရဏ္ဏအားဖြင့် နည်းငါးပါးပြနည်းပြီး၏။

---

## (၁၅) သမ္ဗန္ဓဆက္ကသဠ္ဌါနည်းကိုပြဆိုခြင်း။

တနည်းအားဖြင့်။သမ္ဗန္ဓဆက္ကသဠ္ဌါနည်းကို။ နိဒ္ဒေသကျမ်းကို မှီးသဖြင့် ပြဦးအံ့။

သမ္ဗန္ဓော စ ပဒစ္ဆေဒေါ၊ ပဒတ္ထော ပဒဝိဂ္ဂဟော၊
စောဒနာ ပရိဟာရောစ၊ ဆဗ္ဗိဓာ ပဒဝဏ္ဏနာ။ ။

(သဠ္ဌနိဒ္ဒေသဂါထာ)။

၎င်းဂါထာနှင့်အညီ။ အကျဉ်းစကားရဖြင့်။သိလွယ်အောင်ပြဦးအံ့။

(၁) ကရုဏာသညာဏ်။အသိဉာဏ်၊နှစ်တန်စပ်အပ်ရာ၊ ။
(၂) သမ္ဗန္ဓသံဝဏ္ဏနာ၊အရသာ။သေချာမှတ်အပ်စွာ၊ ။
(၃) ထူးပြားကံပုဒ်၊စသည့်ထုတ်။ဘွင့်ဟုတ်သံ–ဝိဘတ္တာ၊ ။
(၄) ပုဒ်ယောဇနံ၊နက်ဘွင့်မှန်၊မှတ်ရန်ပဒတ္ထာ။ ။
(၅) သမာသ်တဒ္ဓိတ်၊တဘာန်ကြိတ်၊ခွဲလုပ်ဝိဂ္ဂဟာ။ ။
(၆) အကုန်မမြင်။အပြစ်တင်။မှတ်ယှဉ်စောဒနာ။ ။
(၇) ယင်းကိုတခါ။ချောမောစွာ။ဖြေရာပရိဟာ။ ။
(၈) သံဝဏ္ဏနာခြောက်ဝ၊ကျမ်းဝယ်ပြ။မှတ်ကြသောတုဇာ၊ ။

ဤလင်္ကာဖြင့် ပြအပ်သော သံဝဏ္ဏနာ ခြောက်ပါးတို့တွင်၊ သမ္ဗန္ဓသံဝဏ္ဏနာဟူသော်ကား၊ ရှင်မဟာနုရုဒ္ဓါဟု။ နာမထေရ်မွန်၊ သီလဝန် ကျမ်းတတ်၊ဆရာမြတ်သည်။သုံးလူ့ထွန်းထား၊သဗ္ဗညုမြတ်စွာဘုရား၊ဟောကြားတော်မူအပ်သော၊ အဘိဓမ္မာဒေသနာ၊ ကျယ်ဝန်းလှသော ကျမ်းခုနစ်ဖြာဝယ်။ယုန်သူငယ်အလား၊ သောတုဇနတို့မကျက်စားနိုင်သောအရာဌာနတို့ကိုတတ်အပ်ထင်ထင်၊ သိမြင်တော်မူ၊ မောင်နှမ္မမည်သော ဥပဋ္ဌာကဒါယကာ၊အဘိယာစကဝင်ကူ၍။ သောတုဇန၊ရဟန်းရှင်လူတို့အထို့ငှါ၊ ကျမ်းပြု

လိုသော ရှင်အနုရုဒ္ဓါဆရာ အားဖြစ်သော။ ကရုဏာဉာဏ်တော်သည်ကား
အကြောင်း။ ။ထိုသို့ကရုဏာဉာဏ်ရှိသည်အတိုင်း။ သတိ၊ဝီရိယ၊ပညာ၊
ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ဖြင့်။ အဘိဓမ္မာ ပြင်ကျယ်၊ ဒေသနာတော်
ခုနစ်သွယ်၊ သမုဒ္ဒရာပင်လယ်ကို၊ အလွန်မကျယ်။ လွန်သိလွယ်သော။ ဂါ
ထာဗန္ဓ၊ ရုက္ခိယဖြင့်ဘွဲ့စီရင်မည်ဟုဆိုအပ်သော။ သမ္မာသမ္ဗုဒ္ဓ ဂါထာပါဠိ
ကိုတွေ့မြင်သဖြင့်။ သောတုဇန ပျားပိတုန်းတို့အား။ အဘိဓမ္မာပန်းရက်ရေ
ကို။သောက်ရတော့ပေမည် မချဟု။အဇ္ဈတ္တသန္တာန်ဝယ်။ပေါ်လာပြန်သော
အသိဉာဏ်သည်ကား၊အကျိုး။ ။ဤကဲ့သို့၊အကြောင်းအကျိုးဉာဏ်နှစ်ပါး
ကို။ တသားတည်းစပ်၍ ပြလိုက်ခြင်းသည်။ သမ္ဗန္ဓသံဝဏ္ဏနာမည်၏။ ။
*ပဒဝိဂ္ဂဟသံဝဏ္ဏနာဟူသည်ကား။သမ္မာသမ္ဗုဒ္ဓံသည်ပုဗ္ဗကာလကြိယာ၏
ကံပုဒ်။အတုလံ-ပုဒ်၊သသဒ္ဓမ္မဂဏုတ္တမံပုဒ်သည်၊ ထိုကံပုဒ်၏ အနုဝါဒရုပ်-
အဘိဝါဒိယသည်ပုဗ္ဗကာလကြိယာပုဒ်။ဘာသိဿံသည်။အပရကြိယာပုဒ်၊
အဘိဓမ္မတ္ထသင်္ဂဟံသည် အပရကာလကြိယာ၏ကံပုဒ်၊ ။ဤသို့အားဖြင့်၊
အထူးထူး အပြားပြားကံပုဒ်၊ ကြိယာပုဒ်ဘို့ကို ခွဲ၍ ကြံစည်ခြင်းသည်၊
ပဒဝိဂ္ဂဟသံဝဏ္ဏနာမည်၏၊

ပဒတ္ထသံဝဏ္ဏနာဆရာကိုကား။ပါဌာနုသာရီသမ္ဗန်၊ဥပမာသမ္ဗန်။ဟေတု
သမ္ဗန်။ဥပမာဟေတုသမ္ဗန်အားဖြင့်၎င်း။တဒ္ဓီလ။တဒ္ဓမ္မ။တဿာရုက္ခာရိ၊
အနက်ပေးနည်းအားဖြင့်၎င်း။ရူပကတ္ထ။သဒိသတ္ထ၊ ဥပမတ္ထ။ သမုပေက္ခတ္ထ။
အနက်ပေးနည်း အားဖြင့်၎င်း၊ အတ္ထယောဇနာ-ဟု ဆိုအပ်သော၊ ပဒတ္ထ
သံဝဏ္ဏနာကိုပြဆိုရေးသားလိုက်ဦးအံ့၊

သမ္မာသမ္ဗုဒ္ဓမတုလံ၊ သသဒ္ဓမ္မ ဂဏုတ္တမံ၊
အဘိဝါဒိယ ဘာသိဿံ၊ အဘိဓမ္မတ္ထ သင်္ဂဟံ၊ ။

(အဋ္ဌကထာပါဌ်)

အဟံ၊လင်္ကာဒီပ၊ ဘိဟာရဝါသီ၊ ရှင်အနုရုဒ္ဓါငါမထေရ်သည်။ ဝါ၊ပည
ဝဏ္ဏ၊အာသဘာမြောက်။တန်ခိုးတောက်သည့်။ကျော်ပေါက်မည်တွင်။ငါအ
နုရုဒ္ဓါထေရ်အရှင်သည်၊ သသဒ္ဓမ္မဂဏုတ္တမံ၊သုတော်အလျှာ၊ရကြောင်းရှာ
သည့်။ဒေသနာတရား။နတ်လူများစွာ။ လူတကာထက်၊ ချွန်ချွန်ထက်အောင်။
ဂုဏ်မြတ်ပြောင်ယောင်။ အရိယာတပည့်အပေါင်းနှင့်တကွ ဖြစ်တော်မူသ
သော၊အတုလံ၊သီလစဟူ၊သတင်းကြူး၍၊ပြိုင်သူပရှင်း။တုဘက်ကင်းတော်
မူထသော၊ သမ္မာသမ္ဗုဒ္ဓံ၊ မဘောက်မပြန်။ သယမ္ဘူဉာဏ်ဖြင့်၊ မိမိကိုယ်

တိုင်၊တရားစိုင်ကို၊ အပိုင်ထိတိ၊ သိတော်မူဘိသော၊ သုံးလူ့ဘဘွား။ မြတ်ဘုရားကို။ အဘိဝါဒိဗယအဘိဝန္ဒာမိ၊စေတနာရှေ့တင်၊ သဒ္ဓါယှဉ်၍။ ကြည်လင်မြတ်နိုး၊လက်စုံမိုးခါ၊ အလွန်ရှိသေစွာ။ရှိခိုးပါ၏။ ဝါ၊ဘာယဉ္စတ်ချိ၊ဝစီမနု၊သုံးခွါရဖြင့်၊ဘယလာဘ၊ကုလကြဉ်ဝေး၊ သံသာဘေးမှ၊လွတ်ရေးရည်မျှော်၊ကျေးဇူးတော်ကို၊ချီးငေါ်မြတ်နိုး၊လက်စုံမိုး၍၊ အလွန်ရှိသေစွာ။ရှိခိုးပါ၏၊ အဘိဝန္ဒိတ္ဝာ၊သဒ္ဓါရိုကြိုး၊လက်စုံမိုးခါ၊ အလွန်ရှိသေစွာရှိခိုးပြီး၍၊ အဘိဓမ္မတ္ထသင်္ဂဟံ၊ကျမ်းမြတ်ဒေသနာ၊ခုနစ်ပြာမှ၊ သချာလေးချက်၊ကျယ်အနက်ကိုသိလျက်လွယ်ကူ။အကျဉ်းဟူ၍၊သိမ်းယူလျောက်ပတ်၊စီရင်အပ်သော၊သဒ္ဒါဗျူဟ်တ်၊ဝစနတ်ကြောင့်၊အဘိဓမ္မတ္ထသင်္ဂဟ-ဟု၊ခေါ်ဆိုမည်မှန်း၊ထက်သန်းအဋ္ဌကထာကျမ်းကို၊ ဘာသိသံ၊ဘာသိဿာမိ၊ ပညာရှေးတင်၊သတိယှဉ်၍၊ဝီရိယဖြင့်စီရင်ပေတော့လတ္တံ့၊ ၊ဤလျှင် ပါဌ္ဌာနုသာရီသမွန်နည်းတည်း၊

---

## (၁၆) ဥပမာလင်္ကာရသမွန်နည်းကိုပြခြင်း၊

တနည်း။ ၊သာသနဗာဟိရေ၊ သာသနာတော်မှ၊ အပဖြစ်သောအခါကာလ၌၊ သသဋ္ဌမ္ဘဂဏာဂ္ဂတ္တမံ၊စကြာရတနာ၊ ရကြောင်းရှာသည့်၊ ဓေသနာတရား။များပြားရတနာ၊ အပေါင်းသာထက်၊ လွန်စွာကောင်းမြတ်၊ ရတနာခုနစ်ရပ်နှင့်တကွဖြစ်ထသော။ အတုလံ၊ တပုံတရာ-တုပစရာမရှိထသော၊ စက္ကဝတ္တိရာဇာနံ၊ လေးကျွန်းသေဌ်နင်း၊ စကြာမင်းကို။ တန္တိန္ဒဇနာ၊ ထိုမင်းဖျားအား။ ညွှတ်တွားကြတုန်သော လေးကျွန်းသားတို့သည်။ဝန္ဒန္တိ ယထာ၊ ရှိခိုးကြကုန်ဘိသကဲ့သို့။တထာ၊ပမာပုံယူ၊ထိုအတူ၊အုဓသာသနန္တရေ၊ဘုရားမြတ်စွာ၊ဤသာသနာအတွင်း၌၊သသဋ္ဌမ္ဘဂဏာဂ္ဂတ္တမံ၊သူတော်ဝ္လျှာ၊ရကြောင်းရှာသည့်၊ ဓေသနာတရား၊ နတ်လူများစွာ။ လူတကာထက်၊ ချွန်ချွန်တက်အောင်၊ဂုဏ်မြတ်ပြောင်မောင်း။ အရိယာတပည့်အပေါင်းနှင့်တကွ ဖြစ်ထသော၊အတုလံ၊ဘိလစပ္ပ၊သတင်းကြူ၍၊ပြိုင်သူပရှင်း၊တုဘက်ကင်းတော်မူထသော၊သမ္မာသမ္ဗုဒ္ဓံ၊မဘောက်မပြန်၊သယမ္ဘူဉာဏ်ဖြင့်၊ မိမိကိုယ်တိုင်၊တရားစိုင်ကို၊ အပိုင်ထိတိ၊ သိတော်မူဘိထသော၊ သုံးလူ့ဘဘွား၊ မြတ်ဘုရားကို၊ တန္တိန္ဒေ၊ထိုသုံးလူ့ထွဋ်ထား၊မြတ်ဘုရားအား၊ညွှတ်တွားသော၊အဟံ၊အနုရုဒ္ဓါမည်တွင်။ ငါထေရ်အရှင်သည်၊ အဘိဝါဒိယ၊ အဘိဝန္ဒာမိ၊

ရှိခိုးပါ၏။ အဘိဝန္ဒိတွာ၊ ရှိခိုးပြီး၍။ အဘိဓမ္မတ္ထသင်္ဂဟံ၊ ကို။ ဘာသိဿံ၊ ဘာသိဿာမိ၊ လတ္တံ့။ ။ဤလျှင် ဥပမာလင်္ကာရသမ္ဗန်နည်းတည်း။

---

## (၁၇) ဟေတွလင်္ကာရသမ္ဗန်နည်းကိုပြခြင်း။

တနည်း။ ။သသဒ္ဓမ္မဂဏုတ္တမံ၊ သော။ အတုလံ၊ သော။ သမ္မာသမ္ဗုဒ္ဓံ၊ ကို။ တနှိုင်နှော၊ သော။ အဟံ၊ ငါသည်။ သမ္မာသမ္ဗုဒ္ဓဿ၊ ၏။ သသဒ္ဓမ္မဂဏုတ္တမတ္တာစ၊ ပရမတ္ထအားဖြင့်ထင်ရှားရှိသောတရား။ လူနတ်အပေါင်းတို့ထက်။ မြတ်သော အရိယာ သံဃာအပေါင်းနှင့်တကွ ဖြစ်သည့်အဖြစ်ကြောင့်၎င်း။ အတုလံ၊ အတုလတ္တာစ၊ သီလစသောဂုဏ်ကျေးဇူးတို့ကြောင့်။ တစုံတယောက်သောသူနှင့်တူတော်မမူသည့်အဖြစ်ကြောင့်၎င်း။ အဘိဝါဒိယ၊ အဘိဝန္ဒာမိ၊ ၏။ အဘိဝန္ဒိတွာ၊ ပြီး၍။ အဘိဓမ္မတ္ထသင်္ဂဟံ၊ ကို။ ဘာသိဿံ၊ ဘာသိဿာမိ၊ ဆိုပေလတ္တံ့။ ။ဤလျှင် ဟေတွလင်္ကာရသမ္ဗန်နည်းတည်း။

---

## (၁၈) ဥပမာဟေတွလင်္ကာရသမ္ဗန်နည်းကိုပြခြင်း။

တနည်း။ ။သာသနဗဟိရေ၍။ သသဒ္ဓမ္မဂဏုတ္တမံ၊ သော။ အတုလံ၊ သော။ စက္ကဝတ္တိရာဇာနံ၊ ကို။ တနှိုင်နှဇနာ၊ ထိုမင်းဖျားအားညွှတ်တွားကြကုန်သော လေးကျွန်းသားတို့သည်။ စက္ကဝတ္တိရာဇဿ၊ လေးကျွန်းသေ၍နင်း။ စကြာမင်းကြီး၏။ သသဒ္ဓမ္မဂဏုတ္တမတ္တာစ၊ စကြာရတနာ၊ ရကြောင်းရှာသည့်။ ဒေသနာတရား။ များပြားရတနာ။ အပေါင်းသာထက်။ လွန်စွာကောင်းမြတ်။ ရတနာခုနစ်ရပ်နှင့်တကွဖြစ်သည့်အဖြစ်ကြောင့်၎င်း။ အတုလံ အတုလတ္တာစ၊ တစုံတရာ။ တုပစရာမရှိသည့်အဖြစ်ကြောင့်၎င်း။ ဝန္ဒနီယထာ၊ ရှိခိုးကြကုန်ဘိသကဲ့သို့။ တထာ၊ ထိုအတူ။ ဆုံသောသာသနဗဟိရေ၍။ သသဒ္ဓမ္မဂဏုတ္တမံ၊ သော။ အတုလံ၊ သော။ သမ္မာသမ္ဗုဒ္ဓံ၊ ကို။ တနှိုင်နှော၊ ထိုသုံးလူ့ထွဋ်ထား။ မြတ်ဘုရားအား။ ညွှတ်တွားသော၊ အဟံ၊ ငါသည်။ သမ္မာသမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သသဒ္ဓမ္မဂဏုတ္တမတ္တာစ၊ သူတော်လျှာ၊ ရကြောင်းရှာသည့်။ ဒေသနာတရား။ နတ်လူများစွာ။ လူတကာထက်၊ မြင့်မြင့်တက်ဆောင်၊ ဂုဏ်မြတ်ပြောင်မောင်း။ တပည့်အပေါင်းနှင့်တကွဖြစ်သည့်အဖြစ်ကြောင့်၎င်း၊ အတုလံ၊ အတုလတ္တာစ၊ သီလစပဉ္စ၊ သတင်းကြူ၍၊ ပြိုင်သူပရှင်း၊ တုဘက်ကင်းသည့်အဖြစ်ကြောင့်၎င်း။ အဘိဝါဒိယ၊ အဘိဝန္ဒာမိ၊ ၏။ အဘိဝန္ဒိတွာ၊ ပြီး၍။

အဘိဓမ္မတ္ထသင်္ဂဟံ၊ကို။ဘာသိဿံ၊ဘာသိဿာမိ၊ဆိုပေလတ္တံ့။ ။ဤလျှင်ဥပမာဟေတွာလင်္ကာရသမ္ဗန်နည်းတည်း။

ဤသို့အနက်သမ္ဗန်ခြင်းလေးပါးကို။သဒ္ဒသာရတ္ထဇာလိနီသဒ္ဒါငယ်၌။ ။

ပါဠာနုသာရိ သမ္ဗန္ဓော၊ သမ္ဗန္ဓော ဥပမာယစ။
ဟေတုနာပိစ သမ္ဗန္ဓော၊ ဥပမာဟေတုနာပိစ။
သမ္ဗန္ဓဘေဒါ ဝိညေယျာ၊ စတုဓာပိ ဝိဘာဝိနာ။ ။

ဟုဘွင့်ပြ၏။ ။အကျဉ်းမှတ်ရ၊လင်္ကာရကိုကား၊ ဤသို့မှတ်အပ်တော့သည်။

(၁) ပါဠိရှိတိုင်းသာ၊စဉ်လျှောက်ခါ။စပ်ပါနက်ပေးရာ။ ။
(၂) ဥပမာထည့်စွက်၊နက်ပေးချက်။မှတ်ချက်နည်းထဝ ါ။ ။
(၃) ဟိတ်လောင်းစွက်ခါ။နက်ပေးရာ၊မှတ်ပါတနည်းသာ၊ ။
(၄) ဟိတ်ဥပမာ။ဤနှစ်ဖြာ၊စွက်ခါနက်ပေးပါ။ ။
(၅) သဒ္ဒတ္ထဇာလိနီ။ကျမ်းဂန္ထီ၊ရေးပြီနက်လေးဖြာ၊ ။

ဤသို့ပြဆိုအပ်ပြီးသည့်မှတပါးသောတသီလ-တန္တမ္ဘ-တဿာရကာရီ အွှတို့ကိုရင်း၊ဂျပက-သဒိသ-ဥပမာ-သမုပေက္ခာ-အွှဲဟု ဆိုအပ်သောသကပက္ခ-ပရပက္ခအွှတို့ကိုရင်း၊ ဂန္ထဂရုအတိဘယကြောင့်၊ မပြလိုက်ပြီ၊ အလိုရှိလျှင်-ဆရာရေးသားသောကစ္စာယနသုတ္တတ္ထယောဇနာကျမ်း၌။ ကြည့်ရှုထုန်လသော။

## (၁၉) ဤပဒဏ္ဍသံဝဏ္ဏနာဒ္ဒိ-သမ္ဗာ သမ္ဗုဒ္ဓဂါထာပါဒကို ဆန်းစစ်၍ပြခြင်း။

| | ဝိသမပါဒ-ပ-တ- | | ပထျာဝတ္တဂါထာ | | သမပါဒ-ဒု-စ- | | |
|---|---|---|---|---|---|---|---|
| ဂ | မ | န | ဂ | လ | တ | ဇ | ဂ |
| ၂ | ၂၂၂ | ၁၁၁ | ၂ | ၁ | ၂၂၁ | ၁၂၁ | ၂ |
| သ | မ္ဗာသမ္ဗု | ဒ္ဓမတု | လံ | သ | သဒ္ဓမ္မ | ဂဏုတ္တ | မံ |
| ဂ<br>လ | မ<br>ယ<br>ရ<br>တ<br>ဇ<br>ဘ | န | ဂ<br>လ | ဂ<br>လ | မ<br>ယ<br>ရ<br>တ<br>ဇ<br>ဘ | ဇ | ဂ<br>လ |
| လ | ဇ | ယ | ဂ | လ | ယ | ဇ | ဂ |
| ၁ | ၁၂၁ | ၁၂၂ | ၂ | ၁ | ၁၂၂ | ၁၂၁ | ၂ |
| အ | ဘိဝါဒိ | ယဘာသိ | သံ | အ | ဘိဝန္ဒ | တ္တွာသဂ် | ဟံ |
| ဂ<br>လ | မ<br>ယ<br>ရ<br>တ<br>ဇ<br>ဘ | ယ | ဂ<br>လ | ဂ<br>လ | မ<br>ယ<br>ရ<br>တ<br>ဇ<br>ဘ | ဇ | ဂ<br>လ |

ဤသမ္ဗာသမ္ဗုဒ္ဓ-ဂါထာသည်၊ ဒံစသရက္ခိတမည်လတ်၊ မထေရ်မြတ်၏ အယူဝါဒအားဖြင့်ပထျာဝတ္တဂါထာမည်၏။ပိဂ်လဆရာမြတ်၏၊ အယူဝါဒအားဖြင့် ပထမ-နကာရ-ဝိပုလဂါထာမည်၏-ဟု၊ တပ်အပ်သေချာမှတ်ထုန်ရာ၏၊ ။ဤသမ္ဗာသမ္ဗုဒ္ဓ-ဟူသော-ဝစနပ္ပဗန္ဓပါဌ်အစဥ္စသည်၊ဂိုဏ်းဂရု၊ လဟု-အက္ခရာတို့ဖြင့်မှတ်၍ ဘွဲ့အပ်သောကြောင့်၊ ဗန္ဓမည်၏၊ ထိုဗန္ဓသည်လည်း ပဇ္ဇဗန္ဓ, ဂဇ္ဇဗန္ဓ, ဝိမိဿဗန္ဓ-အားဖြင့် သုံးပါးအပြားရှိ၏။ထိုသုံးပါးတို့တွင် ပဇ္ဇဗန္ဓမည်၏၊ ထိုပဇ္ဇဗန္ဓသည် ပင်လျှင် ဉာဏ်၏ တည်ရာ ဖြစ်

သောကြောင့် ဂါထာ မည်၏၊ ထိုဂါထာသည်လည်း ဝဏ္ဏဝုတ္တိ ဂါထာ,
မတ္တာဝုတ္တိဂါထာဟူ၍နှစ်ပါးအပြားရှိ၏။ ထိုတွင်ဝဏ္ဏအက္ခရာတို့ကို စစ်၍
သုံးလုံးတဂိုဏ်းဖွဲ့ရကား၊ ဝဏ္ဏဝုတ္တိဂါထာမည်၏၊ အရိယာဂါထာ,ဂီတိ
ဂါထာ,မတ္တာသမကဂါထာ-တို့ကဲ့သို့။အက္ခရာနှစ်လုံးဖြစ်စေ၊ အက္ခရာသုံး
လုံးဖြစ်စေ၊လေးလုံးဖြစ်စေ၊လေးမတ္တာပြည့်လျှင်တဂိုဏ်းဖွဲ့ရသောမတ္တာ
ဝုတ္တိဂါထာ မဟုတ်ကုန်။ ၊ထိုဝဏ္ဏဝုတ္တိ ဂါထာသည်လည်း၊ အဍ္ဍက္ခရ
ပါဒ,နဝက္ခရပါဒ-အစရှိသောအားဖြင့် နှစ်ဆဲ့ခြောက်ပါး-အပြားရှိ၏၊ ထို
နှစ်ဆဲ့ ခြောက်ပါးတို့တွင် ဤသမ္ဗာ သမ္ဗုဒ္ဓ ဂါထာသည် အက္ခရာ ရှစ်လုံး
တပါဒ- လေးပါဒ-တစ်ဂါထာ ပြု၍-ဖွဲ့အပ်ရကား အဍ္ဍက္ခရပါဒ ဝဏ္ဏ
ဝုတ္တိဂါထာမည်၏၊ထိုအဍ္ဍက္ခရ-ဝဏ္ဏဝုတ္တိဂါထာသည်လည်း၊ဝတ္တဂါထာ,
ဝိပုလာဂါထာ, စပလာဂါထာ, ပထျာဝတ္တဂါထာစသော အားဖြင့်များ
သောအပြားရှိ၏၊ ထိုတွင်-ဤဂါထာသည် လေးပါဒ၌ အစအက္ခရာတလုံး
နောင်သဂိုဏ်း-နဂိုဏ်းတို့နှင့် မယှဉ်ခြင်းကြောင့်၎င်း၊ ဝိသမ-ဟု ဆိုအပ်
သောပထမတတိယပါဒတို့၌အစလေးလုံးနောင်နဂိုဏ်းယဂိုဏ်းတို့နှင့်ယှဉ်
ခြင်းကြောင့်၎င်း၊ သမဟုဆိုအပ်သော ဒုတိယပါဒ, စတုတ္ထပါဒတို့၌၊ အစ
လေးလုံးနောင်ဇဂိုဏ်းနှင့်ယှဉ်ခြင်းကြောင့်၎င်း၊ ပထျာဝတ္တ၊ နာမမည်သော၊
မြတ်ဂါထာဟူ၊ဝုတ္တောဒယဆန်းကျမ်းအရ၊မှတ်အပ်လှတော့သည်။ ။ဤ
သို့-ဆန်းစစ်ရခြင်းသည် သာဝကဘာသိတ,ဣသိဘာသိတ-စသောကျမ်း
တတ်သုခမိန်၊ အာသဘိန်တို့၊ စီရင် ကုံးဖွဲ့အပ်သော။ ဂါထာ ဗန္ဓတို့၌သာ
လျှင်စစ်ရ၏။မသင့်လျှင်ပြင်ထည်းပြင်အပ်၏။ဆန်းဂိုဏ်းကြောင့်ဂါထာတို့၌
ပါဌ်ပါဠိမရုံလျှင်လည်း အနက်ပေးသောအခါ၊ နေယျတ္ထနည်း-နိသျည်းဖြင့်
ဆောင်စွက်၍ အနက်ပေးကြလေ၊ ထိုကြောင့်ရကား။ ဒုတ်ကျောင်းဆရာ
တော်-ဦးဗုဓ်သည်၊ ၊ဆန်းကြောင့်ပျက်ကျေ၊ယွင်းကွက်သွေ၊ ဆောင်ထေ-
နက်ပေးခါ၊ ၊ဟု-ကဗျာ,လင်္ကာကို ဘွင့်ဆိုစီကုံးရင့်တော်မူ၏၊ ဘုရား
ဟောတော်-ပါဠိတော်များ၌၊ ဆန်းဂိုဏ်းမသင့်သော်လည်း။ မပြင်ရထုံးဟု
ဝုတ္တောဒယဆန်းကျမ်း၌ပင်ဆိုတော်မူ၏။ ။ဤအဍ္ဍက္ခရဂါထာပါဒများ၌၊
အထူးဝိသေသ။ ပညဝန္တပုဂ္ဂိုလ်များတို့၊ နှလုံးသွင်းရန်မှာမူကား။ အရဟာ
သဉ္ဇါ,ကိရိယာသဉ္ဇါ,ဆရိယာသဉ္ဇါ,စရိယာသဉ္ဇါ,ဝါသဉ္ဇါပါရှိခဲ့လျှင်ရှစ်လုံးဖွဲ့
ဂါထာများ၌၊များသောအားဖြင့် အက္ခရာတလုံး ထွန့်တတ်သည်ဟု-ပါတိ
မောက္ခပဒတ္ထအနုဝဏ္ဏနာဒီကာကျမ်း၌၊ ။တေနဝုတ္တံ ဆန္ဒညူဟိကဝိသမ
ယေအရိယအရဟာစရိယ-ကြိယာဒိသဉ္ဇယောဂေစ၊ သာသန်ကေဟိရဗိတ

ဝိသယေစ အဓိကဏ္ဍရပါဒေါ အနုပဝဇ္ဇော ပုဇ္ဇာရဟော ဝါတိ။ ။ဟုဘွင့်ပြတော်မူ၏။ ဤဒိုကာမိန့်ဆိုသည်အတိုင်း။ လုံးတော် ဆရာတော်ကြီးများလည်း၊ ။အရဟာ–ကိရိယာ၊ စရိယာနှင့်။ဝါသသဒ္ဒါ၊ရှိလေရာ၊ အဏ္ဍရေတလုံးလွှန်မြဲ၊ ။အဏ္ဍရာနှစ်လုံး၊သိမ်းယူကြုံ၊တလုံးဂရုဖြစ်မြဲ၊ ။ထိုကြောင့်ရဘား၊အပိုထား၊ မှတ်သား–နှလုံးစွဲ၊ ။ဟုနိယံသစ်ကို–စပ်တော်မူ၏။ဤနိယံပုဒ်အရ၊ပြယုဂ်ကား။ ။သောဝေကဏ္ဍရမရဟာတိ။ ။ကဏ္ဍရဇ္ဇာတ်ပါဠိတော်။ ။နိဗ္ဗာနသစ္ဆိကိရိယာစ၊ တပေါစ ဗြဟ္မစရိယဉ္စ။ ။ပတိရူပဒေသဝါသောစ။ ။ဟူသော ခုဒ္ဒကပါဌပါဠိတော်။ သုတ္တနိပါတ် ပါဠိတော်တို့ကိုထုတ်လေထုန်၊ ။ဤလျှင် ဆန်းကျမ်းအရ၊သဒ္ဒေပအားဖြင့်ပြခြင်းတည်း။

## (၂၀) အလင်္ကာနည်းဖြင့်ပြဆိုခြင်း။

အလင်္ကာရဋ္ဌကျမ်းအားဖြင့်။ဤသမ္မာသမ္ဗုဒ္ဓဂါထာပါဌ်၌၊အဘိဓေယျတ္ထသင်္ဂဟံဟူသော ပါဌ်သည်၊ မြတ်စွာဘုရား၏ ရွှေဉာဏ်တော် ကျက်စားရာအာရုံဖြစ်၍ဖြစ်သော အလွန်ကျယ်ဝန်းလှစွာသောအတိဗိတ္ထာရ။ အဘိဓေယျာကန္တာရအရေး၊ ခုနစ်ကျမ်းဒေသနာကို နာတိသင်္ခေပ။ အကျဉ်းမျှဖြင့်၊ ပြသမိန့်မြွက်ဆိုနိုင်ခြင်းတည်းဟူသော ဩဇာလင်္ကာရဂုဏ်နှင့်ပြည့်စုံ၏။ ပဒ္ဒာနုနယ်၊သောတုငယ်ဘ်သည် အလွယ်တကူသိစိမ့်သော၊ ဂါထာရဏ္ဍိယတို့ဖြင့်၊ သိမ်းကျုံး၍။ သဒ္ဒါကို ပြခြင်းဟု ဆိုအပ်သော သဒ္ဒါလင်္ကာရဂုဏ်၊ အနက်ကို လွယ်ကူစွာ သိနိုင်ခြင်း အတ္ထာလင်္ကာရဂုဏ်၊ ဘိင်္ဂါရစသော ရသကိုးပါးတို့ကိုပွါးစေခြင်းနှင့်ယှဉ်သောရသဂုဏ်တို့နှင့်လည်း ပြည့်စုံ၏ ဟူလို။ဤလျှင် အလင်္ကာရနယသင်္ခေပတည်း။

## (၂၁) သမ္မာသမ္ဗုဒ္ဓ–ပုဒ်အရ–အဓိပ္ပါယ်ကိုပြဆိုခြင်း။

သမ္မာသမ္ဗုဒ္ဓံ၊ဟူသောပုဒ်အရ၊ ဗုဒ္ဓသဒ္ဒါသည်၊ သုတဗုဒ္ဓ၊ အနုဗုဒ္ဓ၊ပစ္စေကဗုဒ္ဓ၊ သဗ္ဗညုတ ဗုဒ္ဓအားဖြင့် လေးပါး အပြားရှိ၏၊ ထိုတွင် ဗဟုဿုတ–အကြားအမြင်များသော ရှင်ဗုဒ္ဓဃောသကဲ့သို့သောကျမ်းပြုအမေ်။ ဆရာတော်ဖြစ်သောရဟန်းတို့ကို။သုတဗုဒ္ဓဟူ၍၊မှတ်အပ်၏။ အဘဲ့ငေ့ဟူမူ၊ ။ဘဂဝါဗဟုဿုတဘိက္ခုံအတ္ထနောဒ္ဒာနေ့ဌပေသိ။ ။ပါသာဒိကသုတ်အဋ္ဌကထာ၊ ။ဘဂဝါ၊မြတ်စွာဘုရားသည်။ဗဟုဿုတံ၊ကျမ်းဂန်၌ အကြားအမြင်များသော၊ဘိက္ခုံ၊ရှင်ဗုဒ္ဓဃောသမဟာထေရ်ကဲ့သို့ရဟန်းကို၊ အတ္ထ

နော၊မိမိ၏။ဝါ၊ဘုရားကိုယ်တော်မြတ်၏၊ ဉာနေ၊နေရာဉာနန္တိ။ ဉာပေသိ၊ထားတော်မူပေ၏။ ။ဤသို့ဘွင့်ပြသော အဋ္ဌကထာနှင့်အညီ ဖြစ်သောကြောင့်တည်း။ ။ရဟန္တာသာဝကသည် တရားတော်ကိုတဆင့်ခံ၍၊ သစ္စာလေးတန်ကို သိရသောကြောင့် အနုဗုဒ္ဓမည်၏၊ မိမိတပါးတည်းသာလျှင်၊ သစ္စာလေးပါးကိုသိတော်မူသောဘုရားသည်၊ ပစ္စေကဗုဒ္ဓမည်၏၊ လူနတ်ဗြဟ္မာ၊ သတ္တဝါအပေါင်းနှင့်တကွ။သစ္စာလေးပါးကို သိတော်မူသောဘုရားသည်၊ သဗ္ဗညုတဘုရားမည်၏-ဟု သံယုတ္တအဋ္ဌကထာ,မဏိဒီပဋီကာ,အင်္ဂုတ္တရအဋ္ဌကထာတို့၌ လာရှိသည်၊ ထိုတွင်၊ သမ္ဗုဒ္ဓံပုဒ်၌-သဗ္ဗညုတ ဗုဒ္ဓကိုမှတ်ယူအပ်၏၊ အဘဲ့ကြောင့်ဟူမူ၊ သမ္မာသဒ္ဒါ-သံသဒ္ဒါတို့ဖြင့် အထူး ပြုအပ်သောကြောင့်တည်း၊သမ္မာသဒ္ဒါဖြင့်၊သဗ္ဗညုတဉာဏ်ကိုယူအပ်ရကား၊ပစ္စေကဗုဒ္ဓါကိုနစ်စေသည်။ သံသဒ္ဒါဖြင့် သယမ္ဘူမှန်၊ အရဟတ္တ မဂ်ဉာဏ်ကိုယူအပ်ရကား။သာဝကတို့ကိုနစ်စေသည်-ဟုမှတ်သားအပ်၏။ထို့ပြင် ပါရာဇိကဏ် အဋ္ဌကထာ, ဋီကာတို့၌၊ ။သမ္မာ သာမဉ္စ သဗ္ဗဓမ္မေ ဗုဒ္ဓါ အညာသိတိ သမ္မာသမ္ဗုဒ္ဓေါ၊ ။ဟုဘွင့်ပြ၏၊ ။ယောဘဂဝါ၊အကြွင်းမြတ်စွာဘုရားသည်၊သမ္မာ အဝိပရီတံ၊ မဘောက်မပြန်၊ သာမဉ္စ၊အလိုလိုကိုယ်တော်တိုင်၊ သဗ္ဗဓမ္မေ၊သစ္စာလေးပါးခုနှစ်စုံ၊ဉေယျာခယ်မည်ပြား၊အလုံးစုံသောတရားတို့ကို။ဗုဒ္ဓါ အညာသိ၊သိတော်မူပြီ။အတိတသဒ္ဓါ၊ထိုကြောင့်၊ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓမည်တော်မူပေ၏။ ။အဆုံးမရှိသော၊ဂုဏ်တော်အပေါင်းကို ဆောင်သော၊ ခန္ဓာတော် အစဉ်တည့်: ဟူသော ဘုရားဖြစ်ကိုရ၏၊ အဘဲ့ကြောင့်ဟူမူ၊ သဗ္ဗညုတဉာဏ်ကို ရရှိသည်နှင့်တကွ။ ဘုရားဟု ပညပ်အပ်သောကြောင့်တည်း။ ။ဤနေရာ၌ သဗ္ဗညုတ ဘုရားရှင်တို့သည် ခပ်သိမ်းသောတရားတို့ကို ကြိတ်တိတ် သိတော်မူ၏ဟုဆိုရာ၌၊ အခါခပ်သိမ်း အမြဲမပြတ် သိတော်မူ၏ဟု မမှတ်အပ်ကုန်၊ ဓွနှလုံးတော်ဖြင့် ဆင်ခြင်တော်မူပါမှသာလျှင် သိတော်မူ၏ဟု-မှတ်၊ ထိုကြောင့်ရကား၊ နေတ္တိအဋ္ဌကထာ၌၊ ။နတ္ထိ သဗ္ဗညုတဉာဏဿ ဘဂဝတော သဗ္ဗသ္မိံယေဝ ကာလေ ဥပဋ္ဌိတိ သတတ္တာ ဝတ္တနံ၊ ။ဟု-ပဋိနိဒ္ဒေသ ဝါရ၌ ဘွင့်ပြတော်မူ၏။ ။ပဒ်၊မှန်၏။သဗ္ဗညုတဉာဏဿ၊သဗ္ဗညုတ ဉာဏ်တော်သည်၊ ဘဂဝတော၊ မြတ်စွာဘုရားအား။သဗ္ဗသ္မိံယေဝကာလေ၊ ခပ်သိမ်းသောကာလ၌သာလျှင်၊ ဥပဋ္ဌိတိ၊ဖြစ်၏။ နတ္ထိ၊ဤသို့၊ ဝတ္တနံ၊ဆိုခြင်းငှါ၊ နသတတ္တာ၊မတတ်ကောင်း။ နတ္ထိ၊ ဤသို့။ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။ထိုသဗ္ဗညုသည်လည်း၊ ကမသဗ္ဗညု,သကိံသဗ္ဗညု, သတတသဗ္ဗညု, သတ္တိသဗ္ဗညု, ဉာတသဗ္ဗညု-ဟူ၍ ငါးပါးပြား

သတည်း။ ထိုငါးပါးတို့တွင်၊ ဤနေရာ၌ အလုံးစုံသောတရားတို့ကို အစဉ်အတိုင်းသိခြင်းကာလမရှိသောကြောင့် ကမသဗ္ဗညုဟူ၍လည်း မဆိုအပ်၊ တကြိမ်တည်းအလုံးစုံသောတရားတို့ကို အာရုံမပြုနိုင်သောကြောင့် သကိံသဗ္ဗညုဟူ၍လည်းမဆိုအပ်၊ အမြဲမပြတ် သိခြင်းမရှိသောကြောင့် သတတသဗ္ဗညုဟူ၍လည်းမဆိုအပ်၊အကြွင်းမရှိသောအားဖြင့် အလုံးစုံသောတရားကိုသိခြင်းငှါစွမ်းနိုင်သည့်၏အဖြစ်ကြောင့် သတ္တိသဗ္ဗညုဟူ၍ရင်း။ သိအပ်သော တရားတို့ကို အလို ရှိတိုင်း သိတော်မူသောကြောင့် ဉာတ သဗ္ဗညုဟူ၍ရင်း ဆိုအပ်၏ဟူ၍ ဘံပျင်အမတ်ကြီးစီရင်သော ဋီကာကျမ်း၌ မိန့်ပြတော်မူ၏၊ ဤကား သမ္မာသမ္ဗုဒ္ဓ-ပုဒ်အရကိုပြခြင်းတည်း။

---

## (၂၂) အတုလံပုဒ်ကိုထုတ်ဆို၍ပြခြင်း။

အတုလံဟူသောပုဒ်ဝယ်၊ အသဒ္ဒါသည် ပသဇ္ဇပဋိသေဓ, ပရိယုဒါသပဋိသေဓ, အာဂမပဋိသေဓဟူ၍၊ သုံးပါးအပြားရှိသော အ,သဒ္ဒါတို့တွင်၊ ဤပုဒ်၌၊ ဒြဗ်ကိုမြစ်ရကား ပရိယုဒါသဝါစီ အ, သဒ္ဒါဟုမှတ်၊ ထိုကြောင့်ရကား၊ဋီကာတို့၌၊ ။သီလာဒိဟိဂုဏေဟိနတုလောတိအတုလော။ ။ဟုမိန့်တော်မူ၏၊ ။သီလာဒိဟိ၊သီလအစရှိကုန်သော၊ ဂုဏေဟိ၊ဂုဏ်တော်တို့ကြောင့်၊တုလောသဒိသော၊တူမျှသောသူသည်။န၊နတ်နှင့်တကွ။ဘုံလောကန္တ၌မရှိချေ။ဣတိတသ္မာ၊ထိုကြောင့်၊အတုလော၊အတုလမည်တော်မူ၏။ ။မြတ်စွာဘုရား၏ သီလ၊သမာဓိ၊ပညာ။ဝိမုတ္တိဉာဏ်ဒဿနအပေါင်းကို၊အရကောက်အပ်၏၊ဤအတုလံ၊ဟူသောပါဌ်ဖြင့်မြတ်စွာဘုရားကိုယ်တော်မြတ်နှင့်တူသောပုဂ္ဂိုလ်သည်အနန္တစကြဝဠာတို့၌ မရှိကုန်-ဟု၊သေချာစွာမှတ်သားအပ်၏၊ အဘဲ့ကြောင့်ဟူမူ၊ ဤစကြဝဠာမှ တပါးသော စကြဝဠာတို့၌ တပါးသော ဘုရားရှင်တို့၏ ပွင့်တော်မူခြင်း မဖြစ်နိုင်သောကြောင့်တည်း။ ထိုကြောင့်ရကား ဝိနည်းမဟာဝါပါဠိတော်၌။

> နမေ အာစရိယော အတ္ထိ၊ သဒိသော မေ နဝိဇ္ဇတိ၊
> သဒေဝကသ္မိံ လောကသ္မိံ၊ နတ္ထိမေ ပဋိပုဂ္ဂလော၊ ။

ဟုဟောကြားတော်မူ၏။ ။မေမမ၊ငါဘုရားအား၊အာစရိယော၊လောကုတ္တရာ၌ဆရာသည်၊နတ္ထိ၊မရှိ၊မေမယာ၊ငါဘုရားနှင့်၊သဒိသော၊ တူသောသူသည်။ နဝိဇ္ဇတိ၊မရှိ၊သဒေဝကသ္မိံ၊ နတ်ဗြဟ္မာနှင့်တကွသော။ လောက

သို့၊ လုတ္တိလောက-ဘုံဘဝ၌။ ပဋိပုဂ္ဂလော၊ ပြိုင်ဘက်ပုဂ္ဂိုလ်သည်၊ နတ္ထိ၊ မရှိ။ ။ဤပါဠိတော်မြွက်၊စကားရပ်ကိုထောက်သဖြင့်၊ဤစကြဝဠာမှတပါးသော စကြာဝဠာတို့၌၊ ဘုရားပွင့်၏ဟု ယူကြသော ဆရာတို့၏ ဝါဒများကို၊ မသင့်ဟုမှတ်သားအပ်တော့သည်။အဘဲ့ကြောင့်ဟူမူ၊တပါးသောစကြဝဠာတို့၌၊ဘုရားပွင့်ခြင်းသည်။အလျဉ်းပင်မဖြစ်သောကြောင့်တည်း၊ ထိုကြောင့်ရကား၊ ဘိလက္ခန် အဋ္ဌကထာများ၌၊ ။မနုဿလောကေပိ နအညသ္မိံ စက္ကဝါဠေ၊အညသ္မိံ ယေဝစက္ကဝါဠေ။ ။ဟုမိန့်တော်မူ၏။ ။မနုဿလောကေပိ၊လူပြည်၌လည်း၊အညသ္မိံ စက္ကဝါဠေ၊ဤစကြဝဠာမှတပါးသော စကြဝဠာ၌၊နဥပ္ပဇ္ဇတိ၊ပွင့်တော်မမူ၊ အညသ္မိံ ယေဝစက္ကဝါဠေ၊ ဤစကြဝဠာ၌သာလျှင်၊ဥပ္ပဇ္ဇတိ၊ပွင့်တော်မူပေ၏။ ။ဤပါဠိတော်အဋ္ဌကထာတို့ကို ထောက်ထားသဖြင့်၊ တပါးသောစကြဝဠာ၌၊ ဘုရားမပွင့်ဟု သိသင့်တော့သည်ဟု မှတ်၊ ။ဤသည်လျှင် အတုလံပုဒ်အရ ထုတ်ပြခြင်းတည်း။

---

## (၂၃) သာသနဒ္ဓမ္မပုဒ်အရကိုပြဆိုခြင်း။

သာသနဒ္ဓမ္မဂဏှတွာန-ဟူသောပါဌ်၌။ သာသနဒ္ဓမ္မပုဒ်ဝယ်၊ သ,သဒ္ဒါသည် သမဝါယသဒ္ဒါ ဖြစ်ရကား၊ တကွဟူသော သဟတ္ထဝါစက ပုဒ်ဖြစ်သောကြောင့်၊ သပုတ္တဒါရော အာဂတော ဟူသောပုဒ်ကဲ့သို့ ကြိယာသမဝါယ ဟူ၍ တတ်အပ်သေချာ၊ မှတ်ကုန်ရာ၏။ ။သဒ္ဓမ္မ ဟူသော ပုဒ်သည်၊ သူတော်ကောင်းတို့၏ တရားဟူသော အနက်ကိုဟောရကား၊ သာသဒ္ဒါနှင့်တွဲ စပ်အပ်သည့်ရှိသော်၊သတံသပ္ပုရိသာနံအရိယပုဂ္ဂလာနံဓမ္မောသဒ္ဓမ္မော။ ။သတံသပ္ပုရိသာနံ၊ သူတော်ကောင်း ဖြစ်ကုန်သော။ အရိယပုဂ္ဂလာနံ၊ အရိယာပုဂ္ဂိုလ်တို့၏၊ဓမ္မော၊တရားတည်း။ သဒ္ဓမ္မော၊ သူတော်ကောင်းဖြစ်သော အရိယာပုဂ္ဂိုလ်တို့၏တရား။ ။ဤဝစနတ္ထအရ၊ အရိယာဖြစ်သော ပုဂ္ဂိုလ်အပေါင်းတို့၏ ကျင့်ဆောင်အပ်သော တရားတော်ဆယ်ပါးရ၏၊ ထိုတရားတော်ဆယ်ပါးဟု ဆိုသော သဒ္ဓမ္မသည်လည်း၊ ပရိယတ္တိ သဒ္ဓမ္မ,ပဋိပတ္တိသဒ္ဓမ္မ,အဓိဂမသဒ္ဓမ္မအားဖြင့် သုံးပါးရှိ၏၊ထိုတွင် ပိဋကတ်သုံးပုံပါဠိတော်သည် ပရိယတ္တိသဒ္ဓမ္မ မည်၏။ ဓုတင်အကျင့်၊ စုဠခန္ဓကဝတ်၊ မဟာခန္ဓကဝတ်၊ ဘိလသမာဓိ၊ ဝိပဿနာသည် ပဋိပတ္တိသဒ္ဓမ္မမည်၏၊ လေးပါးသော မဂ်၊ထေးပါးသောဖိုလ်၊နိဗ္ဗာန်သည်အဓိဂမသဒ္ဓမ္မမည်၏။ထိုသုံးပါးတို့တွင်၊ ပရိယတ္တိသဒ္ဓမ္မ၊အဓိဂမသဒ္ဓမ္မကို ဤသဒ္ဓမ္မပုဒ်၌ အလိုရှိအပ်၏၊ ။ပရိတ်ကြီး

ဋီကာဆရာ အလိုအားဖြင့် ပဋိပတ္တိသဒ္ဓမ္မကိုလည်း ယူအပ်၏၊ ဤသုံးပါးတို့တွင် ပရိယတ္တိသဒ္ဓမ္မကို ကောင်းစွာသိခဲ့လျှင်၊ ပဋိပတ္တိတရားကိုဖြည့်၍ ပဋိဝေဓ တရားသို့ တည်ရ၏၊ ဝိဘင်းအနုဋီကာကျမ်း၌ မိန့်ပြတော်မူ၏။ ။ဤသည်လျှင် သဒ္ဓမ္မပုန်အရ ထုတ်ပြခြင်းတည်း။

---

## (၂၄) ဂဏုတ္တမပုန်အရကိုထုတ်ပြခြင်း။

ဂဏုတ္တမပုန်၌၊ ဂဏပုန်၏ဝစနတ္ထကား။ ။ဒိဋ္ဌိသီလသာမညာဘာဝေန ဂဏိတော သံဃာဋ္ဌိတောတိဂဏော၊ ။ယောပုဂ္ဂလော၊ အကြင် အရိယာပုဂ္ဂိုလ် ရှစ်ယောက်ကို။ ဒိဋ္ဌိသီလ သာမညာဘာဝေန၊ အယူသီလ၊ တူမျှသည်၏အဖြစ်ဖြင့်။ဂဏိတောသံဃာဋ္ဌိတော၊ ပေါင်းအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊သောပုဂ္ဂလော၊ ထိုအရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ ဂဏော၊ အပေါင်းဂဏမည်၏။ ။အရိယာ သံဃာ ရှစ်ယောက် အပေါင်းရ၏။ဥတ္တမပုန်အရ။ ။ဥဂ္ဂတာနံဝိသေသေန ဥဂ္ဂတောတိဥတ္တမော။ ။ဥဂ္ဂတာနံ၊မြတ်သောပုဂ္ဂိုလ်တို့ထက်၊ ဝိသေသေန၊ အထူးအားဖြင့်။ ဥဂ္ဂတော၊ မြတ်သည် တည်း၊ဣတိတသ္မာ၊ထိုကြောင့်၊ ဥတ္တမော၊ဥတ္တမမည်၏၊ဝါ၊အလွန်အကြူး၊ အထူးသဖြင့်မြတ်၏။ ။အရိယာ ပုဂ္ဂိုလ်ဘို့၏။ ဘိလစသောဘောဂဏ်အပေါင်းကိုရ၏။ ။ဤပုန်နှစ်ရပ်ကို တွဲစပ်အပ်သည်ရှိသော်။ဂဏောစသော ဥတ္တမောစာတိ ဂဏုတ္တမော။ ။ဟုကမ္မဓာရယ် သမာသ်ပြုအပ်၏။ ။ဂဏောစ၊ အရိယာသံဃာတော် အပေါင်းသည်လည်း၊ ဟောတိ၊ ဖြစ်၏။ သော၊ ထိုအရိယာသံဃာအပေါင်းဟူသည်။ဥတ္တမောစ၊ အထူးသဖြင့်မြတ်သည်လည်း၊ဟောတိ၊ဖြစ်၏။ဣတိတသ္မာ၊ထိုကြောင့်။ဂဏုတ္တမော၊ဂဏုတ္တမ-မည်၏။ ။ဤဂဏုတ္တမပါဌ်အရဖြင့်။ အရိယာသံဃာရှစ်ယောက်ကို ရအပ်၏၊ထိုသုဝဏ္ဏဒီပန္၊ စသည်ဥဿုံ၊ ကိုးဝသောဂုဏ်တို့ဖြင့် တန်းဆာဆင်အပ်သော အရိယာပုဂ္ဂိုလ်ရှစ်ယောက်ကို။ သံဃာတော်ဟူ၍-ကောက်ယူရာ၌၊ သုတော်ဗိတ်ဝင်၊ ကလျာဏ ပုထုဇ္ဇဉ်ကိုလည်း။ သွင်းယူအပ်၏၊ ထို့ကြောင့် အင်္ဂုတ္တရအဋ္ဌကထာ၌၊ဌေတ္တွစ သီလဝန္တ ပုထုဇ္ဇနောပိသောတာပန္နေ နေ ဝသင်္ဂဟိတော၊ ။ဟုဘွင့်ပြ၏၊ ။ဌေတွစ၊ဤအရိယာသံဃာ၌လည်း။သီလဝန္တပုထုဇ္ဇနောပိ၊သီလရှိသောကလျာဏပုထုဇ္ဇဉ်ပုဂ္ဂိုလ်ကိုလည်း။ သောတာပန္နေနေဝ၊ သောတာပန်ပုဂ္ဂိုလ် အဖြစ်ဖြင့်သာလျှင်။ သင်္ဂဟိတော၊ ရေတွက်၍ယူအပ်၏၊ ။ထို့ပြင်တပါး-ဝိသုဒ္ဓိမဂ်အဋ္ဌကထာများ၌လည်း၊ သီလ

ဝဋ္ဋပုထုဇဉ်ပုဂ္ဂိုလ်ကို သေက္ခပုဂ္ဂိုလ်-ခုနစ်ယောက်၌ သွင်းအပ်၏-ဟု မိန့်တော်မူသောကြောင့်၊ ဂဏုတ္တမံ ပုန်အရ အရိယာ ပုဂ္ဂိုလ်ရှစ်ယောက်ကို။ မုချတ္ထအားဖြင့်ရ၏၊ကလျာဏပုထုဇဉ်ကို၊ဥပစာရတ္ထအားဖြင့်၊ကောက်ယူအပ်၏။ ။ထိုဂဏုတ္တမဖြစ်သော-သံဃာတော်သည်လည်း၊ ဒက္ခိဏေယျသံဃာ၊သမ္မုတိသံဃာ-ဟူ၍နှစ်ပါးအပြားရှိ၏၊ထိုနှစ်ပါးတို့တွင် စတုဝဂ်-ပဉ္စဝဂ်-အစရှိသော ဝိနည်း ပညတ်တော်ဖြင့်ပြီးသော သံဃာသည်၊ သမ္မုတိသံဃာတော်မည်၏၊ အရိယာသံဃာ ရှစ်ယောက်သည်။ ဒက္ခိဏေယျ သံဃာတော်မည်၏။ထိုနှစ်ပါးတို့တွင်။ သမ္မုတိသံဃာကို သိမ်တွင်း၌ ရအပ်၏။သိမ်၏အပ၌မရအပ်။ သိမ်၏အပ၌တည်သော သံဃာတော်ကို။ အနွယ်အားဖြင့် မြတ်သော အလှူကို ခံထိုက်ရကား။ ဒက္ခိဏေယျသံဃာဟူ၍သာလျှင် မှတ်သားအပ်၏-ဟု ကင်္ခါဋီကာသစ်၌ ဘွင့်ပြတော်မူ၏၊ ။ဤလျှင် ဂဏုတ္တမအရထုတ်ပြခြင်းတည်း။

---

## (၂၅) အဘိဝါဒိယပုန်ကိုထုတ်ဆိုခြင်း။

အဘိဝါဒိယပုန်၌အဘိသဒ္ဒါသည်။ထူးသောအနက်ကိုဟော၏။ဝါဒိယပုန်သည်။ဝန္ဒဓာတ်၊ တွာပစ္စည်းဖြစ်ရကား။ ကိုယ်-နှုတ်-နှလုံး။သုံးပါးလုံးတို့ဖြင့်။ရှိခိုးခြင်းကြိယာကိုရ၏၊ ထိုကြောင့်ရကား၊ ။ဧတ္ထ အဘိသဒ္ဒေါ ဝိသေသတ္ထဝါစကော။ ။ဟု ဘွင့်ပြတော်မူ၏၊ ။ထိုဝန္ဒနာကြိယာသည်လည်း ကာယဝန္ဒနာ၊ဝါစာဝန္ဒနာ၊ မနောဝန္ဒနာအားဖြင့်၊သုံးပါးအပြားရှိ၏။ထိုတွင် ကာယဝန္ဒနာသည်လည်း၊ အဋ္ဌင်္ဂမ္ဗဝန္ဒနာ၊ပဉ္စပတိဋ္ဌိတဝန္ဒနာ၊ အားဖြင့်နှစ်ပါးအပြားရှိ၏။ ထိုတွင်-အဋ္ဌင်္ဂမ္ဗဝန္ဒနာဟူသည်၊ ရှိခိုးထိုက်သောသူ၏ မျက်မှောက်၌၊ ၎င်းပုဂ္ဂိုလ်သို့ရှေးရှု၍-ဦးထိပ်ထက်၌။ လက်ဆယ်ချောင်းကိုစုပေါင်း၍၊ကြာငုံဖူးအသွင်၊တင်မြှောက်ခြင်းကိုမှတ်အပ်၏၊ ပဉ္စပတိဋ္ဌိတဝန္ဒနာဟူသည်။ပုဆစ်ဒူးနှစ်ခု၊ လက်နှစ်ခု၊နဖူးတခု၊ ပေါင်းငါးရပ်သောအင်္ဂါတို့ကိုတည်ရာ မြေပြင်စသည်တို့၌တည်စေ၍၊ ဝန္ဒနေယျပုဂ္ဂိုလ်၏ခြေသို့။ ရှေးရှုညွှတ်သော အားဖြင့်။ ရှိခိုးခြင်းကို မှတ်အပ်၏-ဟု၊ ထေရီအဋ္ဌကထာ၊ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိပုဒ်တို့၌မိန့်တော်မူကြ၏။ ။ဝါစာဝန္ဒနာဟူသည် ရတနာသုံးပါးတို့၏ ဂုဏ်တော်ကို ပြတတ်သော၊ ဂါထာဗန္ဓစုဏ္ဏိယကို၊ စီကုံးရေးသားလျက်၊ချီးမွမ်းထောမနာခြင်းကို မှတ်အပ်၏၊ ။မနောဝန္ဒနာဟူသည်-စိတ်ဖြင့် ရတနာသုံးပါးတို့၏ ဂုဏ်ကိုအောက်မေ့ ကြည်ညိုခြင်း။

နှလုံးသွင်းခြင်း။ဗုဒ္ဓါနုဿတိ၊ဓမ္မာနုဿတိ၊သံဃာနုဿတိ-ဟုဆိုအပ်သော အနုတ္တရိယ တရားဖြစ်သည်ကို မှတ်အပ်၏။ ။ဤသုံးပါးသော ဝန္ဒနာတို့တွင်။ အဘိဝါဒိယပုဒ်၌-ဝါစာဝန္ဒနာကိုပဓာနအားဖြင့်ယူအပ်၏။ကာယဝန္ဒနာ၊မနောဝန္ဒနာကို၊ အပဓာနနည်းအားဖြင့်ယူအပ်၏။ ။ကျမ်းပြုဆရာတို့သည်။ဂန္ထာရမ္ဘကျမ်းအစ၌။ ရတနတ္တယပဏာမပြုကြသော ဝန္ဒနာသည်။ သချပ် တရားကိုယ်အားဖြင့်။ရှိခိုးခြင်းကြိယာကိုပြီးစေတတ်သော။ ကာမာဝစရကုသိုလ်စိတ္တုပ္ပါဒ်-ပဌမဇောစေတနာကို မှတ်အပ်၏။ ထိုပဌမဇောစေတနာသည်။ ရှိခိုးထိုက်သော ရတနာသုံးပါး။ ရှိခိုးတတ်သော ကျမ်းပြုဆရာတို့၏။ အဇ္ဈာသယ,သမ္ပာဒန၊ဤအင်္ဂါနှစ်ပါးတို့နှင့်ပြည့်စုံခြင်းဖြင့်၊ဒိဋ္ဌဓမ္မိကဖြစ်သော။အန္တရာယ်ပျောက်ခြင်း။ကျမ်းပြီးခြင်းအကျိုးတို့ကို။ဖွံ့ဖြိုးစွာပေး၏ဟူလို။ ။ထိုပဏာမစေတနာသည်။ကမ္မစတုက္ကအားဖြင့်။ဒိဋ္ဌဓမ္မဝေဒနီယကံ-ပဌမဇောစေတနာဟူ၍မှတ်အပ်ရကား။ ရတနာသုံးပါးတည်းဟူသော ခေတ္တသမ္ပတ္တိ၊ကျမ်းပြုဆရာတို့၏ အဇ္ဈာသယသမ္ပတ္တိ၊အင်္ဂါနှစ်ပါးရှိသောကြောင့်။ လူနတ်တို့၏ အကျိုးဖြစ်သော။ ပဋိသန္ဓေအကျိုးကိုမပေးနိုင်။ ပဝတ္တိအကျိုးသာလျှင် ပေးစွမ်းနိုင်၏-ဟု မှတ်အပ်၏။ထိုကြောင့်။အဘိဓမ္မာအနုဋီကာကြီး၌။ ။သာပဟိခေတ္တသမ္ပတ္တိယာအာစရိယဿစ အဇ္ဈာသယသမ္ပတ္တိယာဒိဋ္ဌဓမ္မဝေဒနီယဘူတာ။ ။ဟူ၍ဖွင့်ပြတော်မူ၏။ ။ဟိသစ္စံ၊ မှန်၏။ သာ၊ထိုရတနတ္တယပဏာမစေတနာသည်။ခေတ္တသမ္ပတ္တိယာစ၊ ရတနာသုံးပါးတည်းဟူသော ခေတ်ပြည့်စုံခြင်းဖြင့်၎င်း။ အာစရိယဿ၊ကျမ်းပြုဆရာ၏။အဇ္ဈာသယသမ္ပတ္တိယာစ၊ သမ္ပာဒနတည်းဟူသော အလိုအဇ္ဈာသယပြည့်စုံခြင်းဖြင့်၎င်း။ ဒိဋ္ဌဓမ္မဝေဒနီယဘူတာ၊မျက်မှောက်ပစ္စုပ္ပန်ဘဝ၌။ ခံစားအပ်သောအကျိုးဖြစ်၍ဖြစ်၏။ ။ဤဋီကာပါဠိရပ်ဝယ်၊ဒိဋ္ဌဓမ္မဝေဒနီယဘူတာ-ဟူသောပါဌ်ဖြင့်။ဤရတနတ္တယပဏာမစေတနာသည်။မိမိသည်ပင်လျှင် မုချအားဖြင့်။အန္တရာယ်ကိုတားမြစ်နိုင်၏ဟုပြ၏။ရှေးကံဟောင်း၏ဝိပါက်ခန္ဓာအစဉ်ကို။ ကြာမြင့်စွာဖြစ်စေခြင်း၌သာလျှင်။ ဤယခုရတနတ္တယပဏာမကံသည်-ဥပထမ္ဘကဖြစ်၍။အထောက်အပံ့ကိုပြု၏-ဟုမှတ်။ ။အချို့သောဆရာတို့သည်။ ထိုပဏာမစေတနာသည်။ ထိုရှေးကံဟောင်း၏အန္တရာယ်ကိုတားမြစ်ရာ၌။ အထောက်အပံ့ဖြစ်၍။ အန္တရာယ်ကိုတားမြစ်တတ်၏ဟု-ပရိယာယ်အားဖြင့်ဆိုကုန်၏။ရှေးကံဟောင်းသာလျှင်။ မုချအားဖြင့်။အန္တရာယ်ကိုတားမြစ်နိုင်၏-ဟုဆိုကြကုန်၏။ ထိုစကားကိုမမှတ်သားအပ်ကုန်။ဥပထမ္ဘကဟူသည်အန္တရာယ်ကိုမတားမြစ်နိုင်၊ ရှေးကံဟောင်း၏

ဝိပါက်အစဉ်ကိုသာလျှင်။ ကြာမြင့်စွာတည်စေနိုင်၏ဟု တတ်အပ်သေချာ။ မှတ်ကုန်ရာ၏။ ထိုကြောင့်။ နေတ္တိဂဏ္ဌိပုဒ်၌။ ။တံဟိယထာ လဒ္ဓသမ္ဘတ္တိ ဓနကကမ္မဿ တံသမ္ဘတ္တိ-စိရဋ္ဌိတိကံကရောန္တမေဝဗလာနုပ္ပဒါယကကမ္မံ နာမဟောတိ။ ။ဟုမိန့်အပ်၏။ ။ဟိသစ္စံ၊မှန်လှပေ၏။တံ၊ထိုဥပထမ္ဘက ကံသည်။ ယထာလဒ္ဓသမ္ဘတ္တိ ဓနကကမ္မဿ၊ အကြင်ရအပ်သော ပြည့်စုံ ခြင်းရှိသောဓနကကံဟောင်း၏။တံသမ္ဘတ္တိ-စိရဋ္ဌိတိကံ၊ထိုအကျိုး၏ ပြည့်စုံ ခြင်း၊ကြာမြင့်စွာတည်ခြင်းရှိသည်ကို။ ကရောန္တမေဝ၊ပြုသောကံသည်သာ လျှင်။ ဗလာနုပ္ပဒါယ ကမ္မံနာမ၊ အားအဆင့်ပေးသော ဥပထမ္ဘကကံမည် သည်။ ဟောတိ၊ ဖြစ်၏။ ။ဤသည်လျှင် အဘိဝါဒိယ၊ ပုဒ်အရကိုပြခြင်း တည်း။

---

## (၂၄) အဘိဓမ္မတ္ထသင်္ဂဟပုဒ်အရကိုပြခြင်း။

အဘိဓမ္မတ္ထ သင်္ဂဟံ-ဟူသောပါဌ်၌။ အဘိသဒ္ဒါသည်။ လွန်သော အနက်၊ ထူးသော အနက်ကို ဟောရကား။ အဘိအတိရေကောဓမ္မော အဘိဓမ္မောဟူ၍ဖြင်း။ အဘိဝိသိဋ္ဌောဓမ္မော-အဘိဓမ္မောဟူ၍ဖြင်း။ဝစနတ္ထပြု။ ။ အဘိအတိရေကော၊သုတ္တန်ပါဠိတို့ထက်လွန်သော။ဓမ္မော၊တရားသည်။ အဘိဓမ္မော၊သုတ္တန်ပါဠိတို့ထက်လွန်သောတရား။ အဘိဝိသိဋ္ဌော၊သုတ္တန်ပါဠိတို့ထက်ထူးမြတ်သော။ ဓမ္မော၊တရားတည်း။ အဘိဓမ္မော၊သုတ္တန်ပါဠိတော်တို့ထက်ထူးသောတရား။ ။ဓမ္မသင်္ဂဏီစသောအဘိဓမ္မာ ၇-ကျမ်း၌ဟောသောတရားတော်အပေါင်းကိုရ၏။ ဤဝစနတ္ထအရ၊အဘိဓမ္မာ၌၊ အဘိသဒ္ဒါဖြင့်၊ သုတ္တန်ဒေသနာ၊ သုတ္တန်ပါဠိတို့ထက်၊ လွန်ကဲထူးမြတ်သော အနက်ကြောင့်၊ အဘိဓမ္မာမည်၏။ ဝိနည်းဒေသနာပါဠိတော်တို့ထက် လွန်ကဲထူးမြတ်သည် မဟုတ်-ဟုမှတ်။ ထိုကြောင့် မူလဋီကာ၌။ ။ဓမ္မော အတိရေကော၊ဓမ္မာတိရေကော၊သုတ္တန္တာဓိကပါဠိတိအတ္ထော။ ။ဟုဖွင့်ပြ၏။ ။ အတ္ထကား။ ။အတိရေကော၊သုတ္တန်ပါဠိတို့ထက်လွန်သော။ဓမ္မော၊တရားတည်း။ဓမ္မာတိရေကော သုတ္တန်ဒေသနာပါဠိတို့ထက် လွန်သော အဘိဓမ္မာတရား။ သုတ္တန္တာဓိကပါဠိ၊ သုတ္တန်ဒေသနာထက် လွန်သော ဒေသနာပါဠိ။ ဣတိအယံ၊ဤသည်လျှင်။အတ္ထော၊အနက်သဘောတည်း။ဝါ၊ရှင်ဗုဒ္ဓဃောသဆရာ၏ အလိုတော်ပေတည်း။ ။ဤသို့ မူလဋီကာ ဖွင့်ပြသည့် အတိုင်းမှတ်လေ။ ။ဓမ္မောစဝိနယောစဒေသိတောပညတ္တော၊ ဟူသော ပရိနိဗ္ဗာန

သုတ်ပါဠိတော်၌။သုတ်နှင့်အဘိဓမ္မာကိုတွဲ၍။ဓမ္မာဟုဟော၏။ ဝိနည်းကို ဝိနယောဟုတခြားဟောသောကြောင့်။ အဘိဓမ္မာသည်၊ သုတ္တန်ထက်သာ လွန်မြတ်သည်။ ဝိနည်းတော်ထက် မလွန်မြတ်။ ။ထိုကြောင့် အနုဋီကာ၌။ ။အဘိသဒ္ဒေန ဒိဝတ္တေတဇ္ဈတ္တံ ဒီပေတုံသုတ္တန္တာဘိဓမ္မတ္တံ။ ။ဟုဘွင့်၏။ ။အတ္ထကား၊ ။အဘိသဒ္ဒေန၊ အဘိဓမ္မာဟူသောပုဒ်၌ အဘိသဒ္ဒါဖြင့်။ နိဝတ္တေတဗ္ဗတ္တံ၊ နှစ်စေအပ်သော အနက်ကို။ ဒီပေတုံ၊ ပြအံ့သောငှါ။ သုတ္တန္တာဘိ၊သုတ္တန္တာဘဟူ၍။ ဝုတ္တံ၊ မူလဋီကာဆရာ မိန့်တော်မူ၏၊ ။ဤသို့ ပြအပ်ပြီးသော၊ ပါဠိတော်-အဋ္ဌကထာ-ဋီကာစကားရပ်ဘို့ဖြင့်။ အဘိဓမ္မာ သည်၊ သုတ္တန်ထက် သာလွန်၍။ ဝိနည်းဒေသနာထက် မလွန်ဟူရာ၌။ သိ လွယ်ရန်-လောကူ ပမာအားဖြင့်၊ ရတနာအတိ-ပြည့်သော ရတနာ ခုနစ် ပါးဖြင့်တန်းဆာဆင်အပ်သော၊ ရတနာရွှေလှေကြီး ၂-စင်းကို၊ ကမ်းဝယ် ဆိုက်ထားသည်ရှိသော်အနံ့-အလျား-လည်းတူမျှသည့်ဖြစ်ရကား။တစင်း ထက်တစင်းမသာနိုင်။စံပြိုင်ရဘိသကဲ့သို့။ထိုအတူ၊အဘိဓမ္မာနှင့် ဝိနည်းဒေ သနာသည်၊တပါးထက်တပါးမသာ၊အတူတူသာ-ဟု၊မှတ်သားအပ်တော့ သည်။ထိုကြောင့်ရကား။ဒသကနိပါတ်-အင်္ဂုတ္တိုရ်အဋ္ဌကထာ၌။ ။အဘိ ဓမ္မေ အဘိဝိနယေတိဧတ္ထဓမ္မော၊ အဘိဓမ္မော၊ ဝိနယော၊ အဘိဝိနယောတိ စတုက္ကံဝေဒိတဗ္ဗံ၊ တတ္ထဓမ္မောတိသုတ္တပိဋကံ၊ အဘိဓမ္မောတိ သတ္တပကရ ဏာနိ၊ဝိနယောတိဥဘတောဝိဘင်္ဂေါ၊အဘိဝိနယောတိခန္ဓကပရိဝါရော။ ။ ဟုဘွင့်ပြတော်မူ၏။ ။အဘိဓမ္မေ အဘိဝိနယေတိဧတ္ထ၊ အဘိဓမ္မေ အဘိ ဝိနယေဟူသောပါဠိရပ်၌။ ဓမ္မော၊ဓမ္မကိုရင်း။အဘိဓမ္မော၊ အဘိဓမ္မကိုရင်း။ ဝိနယော၊ဝိနယကိုရင်း။ အဘိဝိနယော။ အဘိဝိနယကိုရင်း။ ဣတိ၊ ဤသို့။ စတုက္ကံ၊စတုက္ကကို။ဝေဒိတဗ္ဗံ၊သိအပ်၏။ တတ္ထ၊ထိုလေးပါးတို့တွင်။ ဓမ္မော တိ ဓမ္မဟူသည်ကား။ သုတ္တပိဋကံ၊သုတ္တန်ပိဋကတ်တည်း။ အဘိဓမ္မောတိ၊ အဘိဓမ္မဟူသည်။ သတ္တပကရဏာနိ၊ အဘိဓမ္မာခုနစ်ကျမ်းတို့တည်း။ ဝိန ယောတိ၊ ဝိနယဟူသည်။ ဥဘတောဝိဘင်္ဂေါ၊ ဥဘတောဝိဘင်းတည်း။အ ဘိဝိနယောတိ၊ အဘိဝိနယ ဟူသည်ကား။ ခန္ဓကပရိဝါရော၊ ခန္ဓကပရိဝါရ တို့တည်း။ ။ဤသို့ပြအပ်အဋ္ဌကထာပါဠိရပ်တို့ဖြင့်။ အဘိဓမ္မာ-ဝိနည်း-နှစ် ရပ်ဘို့၏။တပါးနှင့်တပါးမထူးခြားအပ်၊တသားတည်းသာလျှင်-အမြတ်ကို မှတ်ရာ၏။ ။ထိုမှတပါး၊သင်္ခေပဋီကာဆရာကား။အဘိဓမ္မာသည်။သုတ္တန်၊ ဝိနည်းထက်လွန်မြတ်၏-ဟုဆိုရာ၌။ ဝိနည်းထက်လွန်၏ဟု ဆိုခြင်းသည်။ မှသင့်၊အဘဲ့ကြောင့်ဟူမူ၊ ဝိနည်းတော်သည်၊ ဝိနယောနာမဗုဒ္ဓသာသနဿ

အာယု၊ ။ဟုပါရာဇိကဏ် အဠကထာ ဆိုသည်နှင့်အညီ သာသနာတော်အသက်ဖြစ်သောကြောင့်ငှင်း၊ ဝိနည်းတော်တည်မှ၊ သာသနာ တည်သောကြောင့်ငှင်း၊ဤသို့သောအကြောင်းနှစ်ပါးကြောင့်၊ဝိနည်းထက် အဘိဓမ္မာတရားကမထွန်းနိုင်ဟု၊ တတ်အပ်သေချာ၊ မှတ်အပ်ရာတော့သည်။ ။ငှင်းအဘိဓမ္မပုဒ်ကို၊ အဋ္ဌပုဒ်-သင်္ဂဟပုဒ်တို့နှင့်တွဲစပ်သည်ရှိသော်၊ အဘိဓမ္မေ ဝုတ္တာအဋ္ဌာအဘိဓမ္မဋ္ဌာ၊အဘိဓမ္မဋ္ဌာသင်္ဂယှန္တိ ဧတ္တာတိအဘိဓမ္မဋ္ဌသင်္ဂဟော၊ ။အဘိဓမ္မေ၊အဘိဓမ္မာ ၇-ကျမ်း၌၊ ဝုတ္တာ၊ဟောကြားအပ်ကုန်သော၊ အဋ္ဌာ၊အနက်တို့တည်း၊ အဘိဓမ္မဋ္ဌာ၊ အဘိဓမ္မာခုနစ်ကျမ်း၌ ဟောကြားအပ်ကုန်သောအနက်တို့၊ဧတ္ထ၊ဤသင်္ဂြိုဟ်ကျမ်း၌၊အဘိဓမ္မဋ္ဌာ၊အဘိဓမ္မာ-ခုနစ်ကျမ်း၌ ဟောကြားအပ်ကုန်သော အနက်တို့ကို၊ သင်္ဂယှန္တိ၊ အကျဉ်းချုံး၍၊သိမ်းရုံးယူအပ်ကုန်၏၊ ဣတိတသ္မာ၊ထိုကြောင့်၊ အဘိဓမ္မဋ္ဌသင်္ဂဟော၊ အဘိဓမ္မဋ္ဌသင်္ဂဟမည်၏။ ။ဤလျှင် အဘိဓမ္မဋ္ဌသင်္ဂဟ ပုဒ်အရကိုထုတ်ပြခြင်းတည်း။

---

## (၂၇) ဘာဝိဿံပုန်အရကိုထုတ်ပြခြင်း။

ဘာဝိဿံပုန်၌၊ဘာသာဓာတ်အရ၊ကျမ်းပြုဆရာတို့၏အင်္ဂါသုံးဝ၊ပြည့်စုံကြပုံ၊အလုံးစုံကိုပြတော်မူ၏၊ ပြဟန်ကား၊ ။ကျမ်းဂန်ကို ပြုကြလိုသောကျမ်းပြု ဆရာတို့သည်ကား၊ ကျမ်းတည်း ဟူသော ကန္တာရ၌၊ ပါဠိ, အဋ္ဌကထာ,ဋီကာစသည်တို့ဝယ်၊ဉာဏ်ပညာရှိခြင်းတည်းဟူသောမျက်စိ၊မြဲမြံခိုင်ခံ့သော-ဒဠှပရက္ကမဟုဆိုအပ်သောဝီရိယတည်းဟူသောခြေထောက်၊ မမေ့မပျောက်ပြုတတ်ဘဲ၊ အောက်မေ့စဉ်းစား၊မှတ်သားနိုင်ထိုက်သော၊ သတိဘရားတည်း ဟူသော အဘော်တယောက်နှင့်၊ ပြည့်စုံခြင်းသို့ရောက်ကြမှသာလျှင်၊ ကျမ်းရေးသားခြင်း၊ အပြီးမြောက်တော့မည်ဟုမှတ်၊ ထိုကြောင့်ရကား၊ ကစ္စာယနဘေဒဋီကာသစ်များ၌၊ ။သောတုဇနညာဏာနုရူပံ ဂန္ထကရဏံသတိ-ဝီရိယ-ဉာဏာသင်္ဂါတံပဋိညာဏံ။ ။ဟုဘွင့်ပြတော်မူ၏၊ ။သောတုဇနညာဏာနုရူပံ၊သောတုဇနစာသင်သားတို့၏-ဉာဏ်အားလျော်စွာ၊ ဂန္ထကရဏံ၊ကျမ်းကိုပြုရခြင်းသည်၊ သတိဝီရိယဉာဏ သင်္ခါတံ၊ သတိ-ဝီရိယဉာဏ်ဟု ဆိုအပ်သော၊ ပဋိညာဏံ၊ပဋိညာဏ်ကို၊ ဝုတ္တံ၊မိန့်အပ်၏၊ ။ထိုသို့ဖြစ်ရကား၊ ဘာဝိဿံ၊ဟူသောပုဒ်ပဒကို၊မဓ္ဓဝါစက၊စာချပုဂ္ဂိုလ်များသည်၊ကျမ်းပြုဆရာတို့၏ အင်္ဂါသုံးဖြာ၊ပါရှိထေအောင်၊ဘာဝိဿံ၊ဘာဝိဿာဒိ၊ပညာရှေ့တင်၊သတိယှဉ်၍၊ဝီရိ

ယဖြင့်စီရင်ခွက်ဆိုပိမ့်-ဟုအနက်ပေးအပ်၏။ ။ဤသည်လျှင် ဘာသိသံ ပုဒ်အရ ထုတ်ပြခြင်းတည်း။

---

## (၂၈) ရတနာမည်ကြောင်းကိုပြဆိုခြင်း။

ဤသမ္ဗာသမ္ဗုဒ္ဓ-ဂါထာပါဠ်ဝယ်။ ရတနာ သုံးရပ်တို့၏၊ ဥပ္ပတ္တိက္ကမ၊ အဘိဓိသိဒ္ဓတို့ကို၊နေလအလား၊ထင်ရှားစေ၍ပြပေဦးတော့အံ့။ ။ရတနာ ဟူသည်၊လောကီရတနာ-ခုနစ်ပါး,ဆယ်ပါးအပေါင်းတို့ထက်၊အဆအရာ အဆ အထောင် အဆအသောင်းမက။ ချင့်တွက်မရ-နှိုင်းဆမတူ၊ ဘက် ပြိုင်ကင်းပ။ တုမရအောင် ရတနာသုံးပါးကို ဆည်းကပ်သော သူတို့အား၊ စိတ်၏နှစ်သက်ခြင်းကို၊ လွှန်မင်းစွာဖြစ်စေတတ်၊ ဂုဏ်သကာတ်ငွေ၊ဘုရား, တရား,သံဃာ၊ ပေါင်းသုံးဖြာကို၊ ရတနာ မည်လတ်။ ခေါ်ဝေါ်အပ်၏၊ ထို ကြောင့်ရကား၊သုတ္တနိပါတ်အဋ္ဌကထာများ၌၊ ။ရတနန္တိ ရတိံ နယတိ ဝဟ တိ ဇနေတိ ဝဍ္ဎေတီတိ ရတနံ၊ ။ဟူဘွင့်ပြတော်မူ၏။ ။ရတနန္တိ၊ရတနာဟူ သည်ကား။ ယံဗုဒ္ဓါဒိတ္တယံ၊အကြင်ဘုရားအစရှိသောသုံးပါးတို့၏အပေါင်း သည်၊ရတိံ၊မွေ့လျော်ခြင်းကို။ နယတိ-ဝဟတိ၊ ရွက်ဆောင်တတ်၏၊ ဇနေ တိ၊ဖြစ်စေတတ်၏၊ဝဍ္ဎေတိ၊ပွါးစေတတ်၏။ ဣတိတသ္မာ၊ထိုကြောင့်၊ ထံဗုဒ္ဓါ ဒိတ္တယံ၊ထိုဘုရားစသောသုံးပါးတို့၏ အပေါင်းသည်။ ရတနံ၊ ရတနာမည် ၏၊ ။ရတိဇန ဟူ၍-ဆိုလိုလျက်။ တိအစိတ် ဋ္ဌ-ကို-အပြု၍၊ ဇန-ပုဒ်၌- ဇကို ချေ၍၊ သဒ္ဒါနည်း အားဖြင့်-ရတန-ဟူ၍-ရုပ်ပြီးသည်ဟု မှတ်၊ ။ တနည်း။ ။ရမာတနက် ဟူသော-မောဂ္ဂလာန်သုတ်ဖြင့်၊ ရမုဓာတ်နောင် တနက်ပစ္စည်းသက်၍၊ရမန္တိ ဧတ္ထာတိရတနံ၊ ။ဟုဝစနတ်ပြုအပ်၏၊ ။ဧတ္ထ၊ ဤရတနာသုံးပါး၌၊ သဗ္ဗရိသာ၊ သူတော်ကောင်းဘို့သည်၊ ရမန္တိ၊ ပျော်မွေ့ တတ်ကုန်၏၊ဣတိဘသ္မာ၊ထိုကြောင့်၊ရတနံ၊ရတနာမည်၏။ ။ထိုမှတပါး ရတနာတို့၏ သရူပ၊ပဘေဒအရကို သုတ္တနိပါတ် အဋ္ဌကထာကြီးမှယူအပ် ၏၊ဂန္ထဂရု-အတိဘယကြောင့် မပြပြီ။ ။ဤသည်လျှင် ရတနာခေါ်ခြင်း အကြောင်းတည်း။

---

## (၂၉) ရတနတ္တယဥပ္ပတ္တိက္ကမကိုပြခြင်း။

ရတနာသုံးပါးတို့၏ ဖြစ်စဉ်ကို၊ သာသနာဖြင့် ပိုင်းဖြတ်၍ မှတ်အပ်၏၊ အဘယ်ကဲ့သို့ မှတ်အပ်သနည်းဟူမူ၊ ဘုရားလောင်းတို့၏၊ ပဋိသန္ဓေတည်

နေသည့်မှစ၍၊ ဘာတုပရိနိဗ္ဗာန်၊ ဝင်စံသည့်တိုင်အောင် ကာလသည်၊ ဘုရားရှင်တို့၏ ပွင့်ရာကာလ ဗုဒ္ဓုပ္ပါဒ်နမည်၏။ ဘုရားတဆူ၏ သာသနာ အပိုင်းအခြားလည်းမည်၏။ ဤသာသနာအတွင်း၌၊ ရတနာသုံးပါးတို့တွင်၊ ဘုရားရတနာသာလျှင် ရှေးဦးစွာ ဖြစ်ပေါ်တော်မူ၏။ အဘယ့်ကြောင့် ဟူမူ၊ တရားရတနာ၊ သံဃာရတနာတို့သည်။ ဘုရားရတနာလျှင်၊ အရင်းမူလကရှိသောကြောင့်တည်း။ ထိုကြောင့် ကျမ်းဆရာများလည်း။ ဘုရားရတနာကိုရှေးဦးစွာပထာမပြုကြကုန်သည်၊ ထိုနောင်မှ ဘုရားကိုယ်တော်မြတ် ဟောကြားအပ်သော တရားရတနာ ဖြစ်ပေါ် လာ၏၊ ထိုနောင်မှ ဘုရားဟောသော်၊ တရားတော်ကို၊ အသိဉာဏ်ပွါး၊ အမျိုးသားတို့သည်၊ ရဟန်းပြုခါမှသာလျှင်၊ သံဃာရတနာ၊ ထင်ရှားစွာဖြစ်ပေါ်လာရ၏၊ ထိုကြောင့်ရကား၊ ကျမ်းဆရာများလည်း၊ ဘုရားရတနာကိုပထာမပြုပြီးသည့်နောက်မှ၊ တရားရတနာ၊ သံဃာရတနာကိုပထာမပြုကြကုန်၏၊ ထိုကြောင့်၊ သာရတ္ထဒီပနီကာ၌၊ ။ ဗုဒ္ဓရတနမူလကာနိဟိဓမ္မသံဃရတနာနိ၊ တေသုစ ဓမ္မရတနမူလကံသံဃရတနံ၊ ။ ဟုဘွင့်ပြတော်မူ၏။ ။ ဟိပါကင်္ဂကာရဏာဒိ၊ ထင်ရှားစွာပြဦးအံ့၊ ဓမ္မသံဃရတနာနိ၊ တရားရတနာ သံဃာရတနာတို့သည်၊ ဗုဒ္ဓရတနမူလကာနိ၊ ဘုရားရတနာလျှင်အရင်းရှိကုန်၏၊ တေသုစ၊ ထိုရတနာနှစ်ပါးတို့တွင်လည်း၊ သံဃာရတနံ၊ သံဃာရတနာသည်၊ ဓမ္မရတနမူလကံ၊ တရားရတနာလျှင်အရင်းရှိ၏။ ။ ဤနေရာ၌လောကူပမာအားဖြင့်၊ ဘုရားရတနာသည်၊ လပြည့်ဝန်းကြီးနှင့်တူတော်မူ၏။ တရားတော်သည်၊ အမိုက်မှောင်ကိုပျောက်၊ လမင်း၏အရောင်တောက်သည်နှင့် တူတော်မူ၏၊ သံဃာတော်ရတနာသည်၊ လမင်း၏ အရောင်ကြောင့်ဖြစ်သော၊ ဝမ်းမြောက်ခြင်းရှိသော၊ လူအပေါင်းနှင့် တူတော်မူပေ၏-ဟု ဥပမာ ဥပမေယျ-နှစ်ရပ်၊ ဂဟောစပ်၍၊ တတ်အပ်ထင်ထင်၊ သိမြင်အပ်၏၊ ။ ဤသို့-သာသနာ ခေတ်မြတ်ကို၊ သိမ်းဆည်းတော်မူအပ်သဖြင့်၊ ဘုရားမှတရားဖြစ်သည်၊ တရားမှဘုရားဖြစ်သည်ဟု-အခြေမမှီသော အဓိပ္ပါယ်စကားတို့ကို၊ ပြောကြားခြင်းအမှု၊ လျစ်လျူရှုအပ်တော့သည် သောတုဇနအပေါင်းတို့။

## ဝေမာဒိဟိအဋ္ဌကထာယမာဂတဥပမာဟိ၀ိဘာဝေတဗ္ဗာ။

ဤသို့အဋ္ဌကထာနည်းမှတပါး၊ ဋီကာနည်းအားဖြင့်ကား၊ ။ သဗ္ဗသတ္တာနံအဂ္ဂေါ- ဟူသော ပါဠိနှင့်အညီ၊ သတ္တဝါ အပေါင်းတို့ထက် မြတ်သောကြောင့်၊ ဘုရားရတနာကိုရှေးဦးစွာပထာမပြုအပ်၏၊ ထိုဘုရားလျှင် အမွန်

ရှိသောကြောင့်၊ဘုရားနောက်၊ တရားတော်ကိုပထာမပြုအပ်၏၊ ထိုတရား
တော်ဇီတည်ရာ ဖြစ်သောကြောင့်၊ ထိုတရားကို၊ မှီဝဲသောကြောင့်။ တရား
တော်နောက်မှ။သံဃာတော်ကို ပထာမပြုအပ်၏ဟု၊ရတနတ္တယဥ္ပတ္တိက္ကမ
ကိုသိအပ်၏။ ၊ဤနေရာ၌၊ ဘုရားရတနာနှင့်၊တရားတော်ရတနာနှစ်ပါး
တို့သည်၊အမြတ်အားဖြင့် အတူတူဟူ၍ မှတ်သားအပ်၏၊ အဘဲ့ကြောင့်ဟူ
မူ၊နိဿယ၊နိဿိတ ဖြစ်သောကြောင့်တည်း။ထိုကြောင့်ရကား။ ချဋ္ဌကပါဠ
ဋီကာ၌။ ၊ဗွိန္နံပိရတနာနံ-ပဏီတဘာဝေါ ဝဒ္ဓမွော။ ။ဟုမိန့်တော်မူ၏၊ ၊
ဗွိန္နံပိရတနာနံ၊နှစ်ပါးကုန်သောရတနာတို့၏လည်း၊ ပဏီတဘာဝေါ၊ နှစ်
ပါးရုံမြတ်သည်၏ အဖြစ်ကိုသာလျှင်၊ ဝဒ္ဓမွော၊ မှတ်အပ်၏။ ။အဘိဓာန်
ဋီကာ၌ကား။ အလုံးရုံသောတရား 'တို့ထက်။ မြတ်စွာဘုရားသည် သာလျှင်
မြတ်၏ဟုဘွင့်ပြ၍။ ဝိရာဂေါသေဋ္ဌောဓမ္မာနံ၊ ဟူသောဓမ္မပဒပါဠိတော်ကို။
သာဓကထား၍ရေးသားအံ၊ ထိုဋီကာဆရာ၏စကားကို၊ စဉ်းစားခြင်းအမှု၊
ဝိမံသိတဗ္ဗပြုအပ်၏၊ အဘဲ့ကြောင့်ဟူမူ၊ ဝိရာဂေါသေဋ္ဌောဓမ္မာနံ-ဟူသော
ပါဠိတော်သည်၊မဂ်ဖိုလ်တရားတို့ထက်၊နိဗ္ဗာန်တရားမြတ်သည်ကိုသာလျှင်
ရည်သန်၍၊ဟောကြားတော်မူ၏၊ထိုကြောင့်ရကား ဓမ္မပဒအဋ္ဌကထာ၌၊ ၊
ဝိရာဂေါ သေဋ္ဌောဓမ္မာနန္တိ ယာဝတာဘိက္ခဝေ ဓမ္မာသင်္ခတာဝါ အသင်္ခ
တာဝါ၊ ဝိရာဂေါတေသံဓမ္မာနံ အဂ္ဂမက္ခာယတီတိ ဝစနတော သဗ္ဗဓမ္မာနံ
နိဗ္ဗာနသင်္ခါတော ဝိရာဂေါ သေဋ္ဌော၊ ။ဟူ၍-ဘွင့်ပြ၏။ ။ဝိရာဂေါ
သေဋ္ဌောဓမ္မာနန္တိ၊ ဟူသည်ကား၊ ယာဝတာဘိက္ခဝေ၊ပ။ အဂ္ဂမက္ခာယတီ
တိ၊ယာဝတာဘိက္ခဝေ၊ပ၊ အဂ္ဂမက္ခာယတိ-ဟူ၍၊ ဝစနတော၊ ဒုတိယဝတ်၌
ဘုရားဟောခြင်းငှာ၊သဗ္ဗဓမ္မာနံ၊ အလုံးရုံသောတရားတို့ထက်၊ နိဗ္ဗာနသင်္ခါ
တော၊ နိဗ္ဗာန်ဟုဆိုအပ်သော။ ဝိရာဂေါ၊ ရာဂကင်းသော အသင်္ခတတရား
သည်။ သေဋ္ဌော၊မြတ်၏၊ ။ဤသို့အဋ္ဌကထာဆရာ၏-သံဝဏ္ဏနာကိုထော
ထား၍၊ ဓမ္မပဒပါဠိတော်ဝယ်၊ ဝိရာဂေါ၊ ရာဂကင်းတော်မူသော နိဗ္ဗာန်
တရားသည်၊သဗ္ဗဓမ္မာနံ၊အလုံးရုံသောတရားတို့ထက်၊ သေဋ္ဌော၊မြတ်၏-ဟု
အနက်ပေးရာ၏၊ ။အဘိဓာန်ဋီကာဆရာကဲ့သို့-အဋ္ဌကထာ အဘွင့်ကိုမ
ကြည့်မူ၍။ ဝိရာဂေါ၊ရာဂကင်းတော်မူသော ဘုရားသည်။ သဗ္ဗဓမ္မာနံ၊ အ
လုံးရုံသောတရားတို့ထက်၊ သေဋ္ဌော၊မြတ်၏-ဟု အနက်မပေးအပ်၊ ။ဤ
လျှင်-အဘိဓာန်ဋီကာဆရာ-ချော်ချွတ်ခြင်းကို၊ရှင်းလင်း၍ပြခြင်းတည်း။ ။
အချို့သောဆရာတို့သည်ကား၊ ဓမ္မသာမိ-ဓမ္မရာဇာ-ဟူ၍ မြတ်စွာဘုရား
အားဆိုခြင်းကြောင့်၊ တရားတော်ထက်- ဘုရားမြတ်၏-ဟုဆိုကြ၏၊ ထို

စကားလည်းမသင့်။ အဘဲ့ကြောင့်ဟူမူ၊ ဓမ္မသာမိ- ဓမ္မရာဇာဟူသော ပုဒ်ကို။ ဓမ္မဿသာမိဓမ္မသာမိ၊ ဓမ္မဿရာဇာဓမ္မရာဇာ–ဟူ၍ ဆဋ္ဌီတပ္ပုရိသ် ဝိဂြိုဟ်မပြုအပ်။ တရား၏အရှင်၊တရား၏မင်း–ဟူ၍ မဆိုအပ်၊ တရားတော်ဖြင့်လူအပေါင်းကို-အစိုးရသောကြောင့်၊ ဓမ္မေနသဒေဝကဿလောကဿ သာမိဓမ္မသာမိ၊ ဟူ၍တတိယတပ္ပုရိသ်ပြုအပ်၏။ ထိုကြောင့် နေတ္တိအဋ္ဌကထာ၌။ ။နဟိဘဂဝါကိဉ္စိနမဿတိ၊ဓမ္မသာမိတိစ ဓမ္မေနသဒေဝကဿ လောကဿ သာမီတိအတ္ထော၊နဓမ္မဿသာမိ။ ။ဟူ၍ဘွင့်ပြ၏။ ။ယိ၊ ဗျတ်ီရိက်ကိုဆိုဦးအံ့။ ဘဂဝါ၊မြတ်စွာဘုရားသည်၊ ကိဉ္စိ၊တစုံတခုကိုမျှ၊ န နမဿတိ၊ရှိမခိုး၊ဓမ္မသာမိတိစဓမ္မသာမိဟူသည်လည်း၊ဓမ္မေန၊တရားတော် ဖြင့်၊သဒေဝကဿ၊နတ်နှင့်တကွသော၊ လောကဿ၊လူအပေါင်း၏၊ သာမိ၊အရှင်တည်း၊ ဣတိအယံ၊ဤသည်လျှင်၊ အတ္ထော၊အနက်တည်း၊ ဓမ္မဿ၊ တရားတော်၏၊သာမိ၊အရှင်သည်၊နမဟုတ်။ ။ဓမ္မရာဇာပုဒ်လည်း၊ဓမ္မေန လဒ္ဓရဇ္ဇတ္တာ- ဓမ္မရာဇာဟု–ဝိဂြိုဟ်ပြု၍၊ တရားတော်ဖြင့် ရအပ်သောနိုင်ငံ ပြည့်ရှိရကား၊ဓမ္မရာဇာမည်၏-ဟု၊သံယုတ်အဋ္ဌကထာတို့၌မိန့်၏။

ဤသျှင် ပဌမဂါထာအရ၊ဝိနိစ္ဆယပြီးပြီ။

---

## (၃၀) အဘိဓမ္မတ္ထတရားလေးပါးကိုသရုပ်ခွဲခြား၍ပြခြင်း၊

တတ္ထဝုတ္တာ'ဘိဓမ္မတ္ထာ၊ စတုဓာ ပရမတ္ထတော၊
စိတ္တံစေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ။ ။

(သင်္ဂဟအဋ္ဌကထာ)။

တတ္ထတသ္မိံ-အဘိဓမ္မေ၊နာမတင့်ဆန်း၊ထိုအဘိဓမ္မာခုနစ်ကျမ်း၌၊ သဗ္ဗထာ၊တုသိုလ်ခန္ဓာ၊စသည်ဥဿုံ၊ အလုံးစုံသောအပြားအားဖြင့်၊ တထာဂတေဟိ၊ရှေးရှေးယခေါင်၊ နောင်တော်ဘုရားတို့သည်။ ဝုတ္တာ၊ သေချာပိုင်းခြား၊ ဟောကြားတော် မူအပ်ကုန်သော၊ အဘိဓမ္မတ္ထာ၊ အဘိဓမ္မာ မည်တွက်၊ ကျမ်းခုနစ်ချက်၌၊ ဟောမြွက် ကုန်ငြား။ အနက်များ တို့သည်၊ ပရမတ္ထတော၊မဖောက်မပြန်မြတ်၊သဘောရပ်၏အစွမ်းအားဖြင့်သာလျှင်၊စိတ္တံ၊အာရုံကိုသိတတ်၊ဝိညာဏခေါတ်မည်ဟိတ်၊ဝိညာဉ်စိတ်သည်၎င်း။ စေတသိကံ၊ ဖေဒနာစရေ၊ သုံးထွေခန္ဓာ၊ အပေါင်းသာ၎တ်။ မှီတတ်သော စေတသိက်သည်၎င်း၊ ရူပံ၊ နှစ်ဆဲ့ရှစ်ရပ်၊ ဖောက်ပြန်တတ်ထုန်၊ သဘောဟုန်ရှိငြား၊

ရူပက္ခန္ဓာတရားသည်၎င်း၊နိဗ္ဗာန်၊မဂ်ဖိုလ်အာရုံ၊ဖြစ်ကုန်သတတ်သတတ်။ အသင်္ခတဓာတ်သည်၎င်း။ ဆုတ်၊ ဤသို့၊ စတုဓာ၊ သင်္ချာပိုင်းခြား၊ လေးပါးသော အပြားတို့ဖြင့်၊ဌိတာ၊တည်ကုန်၏။

ဤတဏ္ဍုဝုတ္တာဂါထာပါဠိအရ အဓိပ္ပါယ်သော်ကား၊ ၊ဂင်္ဂါမည်ဟီး၊ ထိုမြစ်ကြီး၌၊ သဲထုမကာ၊ ပွင့်တော်မူကြကုန်ပြီးသော ဉာဏတုလွှတ်၊ ဝတ်မြတ်ကျွတ်ပြား။မြတ်ဘုရားတို့သည်။ကလျာဏသုံးပါးဖြင့်။ဟောကြားတော်မူထုန်သော၊အဘိဓမ္မာဟုခေါ်၊ တရားတော်သည်၊ မဘောက်ပြန်လတ်၊ သဘောရပ်ကြောင့်။အလွန့်မြတ်ပြား။ပရမတ္ထသဘောအားဖြင့်၊ ကောဝိဓာတပါး တည်းဟု မှတ်အပ်၏။ ဝိသေသဘောဒ သဘာဝ အရအားဖြင့်။ စိတ်၊စေတသိက်၊ ရုပ်မည်လတ်၊ ဤသုံးရပ်သည်။ဥပါဒ်-ဌီ-ဘင်၊ ခဏစဉ်ငယ်။ ဤသုံးသွယ်နှင့်။ယှဉ်အပ်ထုန်ပြား၊သဘောတရားကြောင့်။ အနိစ္စမည်လတ်၊ အနေကန်ပရမတ်မည်၏။ ၊ရုပ်မှာ=ဇာတိရုပ်ကိုဥပါဒ်။ ဇရတာရုပ်ကိုဌီ၊အနိစ္စတာကိုဘင်ဟု-ယူအပ်ထော့သည်ဟုဆရာတော်ဘုရားကြီးများ။ မိန့်တော်မူ၏၊နိဗ္ဗာန်မည်သတ်၊အသင်္ခတဓာတ်သည်ကား။ဥပါဒ်-ဌီ-ဘင်၊ ခဏအစဉ်မှ၊ဝေကွာကုန်ဘိ။ အနည်းငယ်မျှမရှိသော သဘောတရားကြောင့်၊ နိစ္စမည်လတ်၊ကေန္တပရမတ်မည်၏ဟု၊ တတ်အပ်သေချာ၊ ဒုဝိဓအလာကို မှတ်အပ်၏။ ။တိကနယ-ပဘေဒအားဖြင့်၊စိတ်၊စေတသိက်၊မည်လတ်၊ ဤပရမတ်နှစ်ပါးသည်၊ရုပ်ပရမတ်အား၊ မှီ၍ဖြစ်တတ်သောကြောင့်၊ နိဿိတပရမတ်မည်၏။ ရုပ်ပရမတ်သည်၊ စိတ်၊စေတသိက်တို့မှီရာစင်စစ်၊ ကေန်ဖြစ်သောကြောင့်။ နိဿယပရမတ်မည်၏။ အသင်္ခတဓာတ်၊ နိဗ္ဗာန်မြတ်သည်ကား၊ မှီတတ်-မှီရာ။ဤနှစ်ဖြာမှ၊ဝေးကွာစင်လစ်၊ ကေန်ဖြစ်သောကြောင့်၊ တဒုဘယဝိမုတ္တပရမတ်မည်၏။ ဤသို့အားဖြင့်၊ တိကဘေဒ- သရုပ်ကို သိအပ်၏၊ ၊စတုက္ကဘေဒအားဖြင့်၊ဝိညာဏက္ခန္ဓာဟု ဆိုအပ်သောစိတ်ပရမတ်။ ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဟု ဆိုအပ်သော စေတသိက်ပရမတ်။ ရူပက္ခန္ဓာဟု ဆိုအပ်သော ရုပ်ပရမတ်။ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ပရမတ်၊ဤသို့အားဖြင့်၊ လေးရပ်သောပရမတ်တို့ကို မချဆတ်ဆတ်၊ သိအပ်တော့သည်-ဟုမှတ်။

ဤနိဒ္ဒေသောင်ပုဒ်၊ နယဝုတ်သည်ကား။

(၁) မဘောက်ပြန်မြတ်၊သဘောရပ်၊ပရမတ်တပါးတပါးပင်၊ ၊
(၂) အနိစ္စပရမတ်၊ရွှေသုံးရပ်၊နိစ္စတ်-နိဗ္ဗာန်ပင်။ ။
(၃) ကေန်၊အနေကန်၊ဤနှစ်တန်၊အမှန်ခွဲအပ်ရှင်။ ။

(၄) နိဿယ-နိဿိတ၊ဝိမုတ္တ၊သုံး၀-တနည်းပင်။ ။
(၅) စိတ်စေတသိက်၊ရုပ်,နိဗ်၊တွက်စိတ်လေး၀ပင်။ ။

## (၃၁) ပရမတ္ထသဘာဝအရကိုဆိုပြခြင်း။

ပရမတ်ဟူသည်၊ မိမိတို့၏ သဘောလက္ခဏာမှ၊ မဖောက်ပြန်သော သဘောတရားကိုမှတ်အပ်၏။ထိုကြောင့်ရကား အနုဋီကာ၌၊ ။အဝိပရီတ သဘာဝတော ဝေပရမော ပရာနော အတ္ထောတိ ပရမတ္ထော။ ။ဟုဘွင့်ပြ တော်မူ၏၊ ။အဝိပရိတ သဘာဝတောဝေ၊ မဖောက်မပြန်တတ်သည်၏ အဖြစ် ကြောင့် သာလျှင်၊ ပရမော၊ မြတ်သော၊ ပရာနော၊ ပြဓာန်းသော၊ အတ္ထော၊ သဘောတရားတည်း။ ဣတိတသ္မာ၊ ထိုကြောင့်၊ ပရမတ္ထော၊ပရ မတ်မည်၏၊ ။ပရမတ်ဟူသည်၊အဘယ်သို့မဖောက်ပြန်သနည်းဟူမူ၊စိတ် သည်အာရုံသိခြင်းသဘောမှ ဖောက်ပြန်၍၊ကက္ခဠသဘော, ဝေဒယိတသ သဘောမဖြစ်၊မိမိသဘော၌တည်၏။ခဏငယ်အားဖြင့်၊ ဥပါဒ်,ဌီ,ဘင်၊ရှိသည် တို့တွင်၊ဥပါဒ်၌ရင်း၊ဌီ၌ရင်း၊ဘင်၌ရင်း။ စိတ်သည်အာရုံသိခြင်းသဘောမှ ဖောက်ပြန်၍ မပြောင်းလေ၊စေတသိက်သည်လည်း၊ စိတ်ကိုမှီတတ်သော စိတ္တနိဿိတသဘောမှမပြောင်း၊ရုပ်သည်လည်း၊ကြမ်းထမ်းသောသဘော လက္ခဏာမှမပြောင်း၊ နိဗ္ဗာန်သည်လည်း-ရာဂစဟူ၊ဆဲ့တဆူသော မီးတို့၏ ကင်းငြိမ်းရာအစွန့်ဂူပသမလက္ခဏာသဘောမှ၊ တရံတဆင့်၊ ဖောက်ပြန် ခွင့်မရှိလေဟု တတ်အပ်သေချာ၊မှတ်ထုံ့ရာ၏၊ ။ဤလျှင်တရပ်၊မှတ်သား ဘွယ်တည်း၊

## (၃၂) ပရမတ္ထတရားလေးပါးတို့၏ပဝတ္တိက္ကမကိုပြခြင်း။

လေးပါးသောပရမတ်တို့တွင်၊ နိဗ္ဗာန်တရားကိုနောက်၌ထား၍ ဆိုခြင်း သည်။ ပဉ္စမဘာဝိက ရဟန္တာသာဝက—ပစ္စေကဗုဒ္ဓါ-သမ္ဗာသမ္ဗုဒ္ဓတို့သည် သာလျှင်ရအပ်သောကြောင့်၊နောက်၌ထားအပ်၏ဟုမှတ်။ ပရမတ္ထအနုဝဏ္ဏ နာကျမ်းထွက်၊ ။သင်္ခေပဋီကာ၌ကား၊စိတ်,စေတသိတ်,ရုပ်,တရားတို့၏ ချုပ်ရာစင်စစ်၊ ကေန်ဖြစ်သောကြောင့်။ နောက်ဆုံးထား၍ ဆိုအပ်၏၊ ထိုမှ ကြွင်းသော ပရမတ်သုံးပါးတို့တွင်၊ ရုပ်တရားကို နောက်၌ထားခြင်းသည်၊ စိတ်,စေတသိတ်တို့၏ မှီရာစင်စစ်၊ ကေန်ဖြစ်သောကြောင့်၊ နောက်၌ထား ရသည်ဟုမှတ်၊စိတ်နှင့် စေတသိက် နှစ်ပါးတို့တွင်၊စိတ်ကိုရှေးဦးစွာ ထား

ခြင်းသည်၊ စိတ်သည် ပြဓာန်းသောကြောင့်၊ စိတ်ရှိမှသာလျှင် စေတသိက် ဖြစ်နိုင်သည်၊ စိတ်မရှိလျှင် စေတသိက်မဖြစ်နိုင်၊ ထိုကြောင့် စိတ်ကိုရှေးဦး စွာထားရသည်။ ထိုနောက်မှစိတ်နှင့်မကွေမကွာယှဉ်သော အဝိနာဘာဝ တရားဖြစ်သောကြောင့် စေတသိက်ကို ဆိုရတော့သည်ဟုမှတ်။ ပရမတ္ထ အနုဝဏ္ဏနာဋီကာအဖိပ္ပါယ်တည်း။ ။ဤလျှင်တရင်။ပရမတ်ခွဲ။ရှေ့နောက် ဖြစ်စဉ်ကို။တည်ထွင်သတ်မှတ်၊ဆုံးဖြတ်ခြင်းတည်း၊

---

## (၃၃) ပရမတ္ထဓမ္မတို့၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကိုပြခြင်း၊

(၁) သာမညံ့ဝါ သဘာဝေါဝါ၊ ဓမ္မာနံလက္ခဏံ မတံ၊
ကိစ္စံဝါ တသ္သ သမ္ပတ္တိ၊ ရသောတိ ပဝုစ္စတေ။ ။

(၂) ဖလံဝါ ပစ္စုပဋ္ဌာန၊ မုပဋ္ဌာန-နယောပိဝါ။ ။
အာသန္နကာရဏံ ယံတု၊ တံ ပဒဋ္ဌာနသညိတံ၊ ။

နာမရူပပရိစ္ဆေဒအဘိနဝဋီကာပါဌ်၊ အဘိဓမ္မာဝတာရဋီကာပါဌ်။ နှစ်ရပ် တည်း၊ ။ဓမ္မာနံ၊ပရမတ္ထတရားတို့၏၊ သာမညံ့ဝါ၊ အနိစ္စစသောသာမည သဘောကိုရင်း။ သဘာဝေါဝါ၊ မိမိတို့၏ ဥစ္စာဖြစ်သော၊ ဖဿနန-ဖုသန စသောပိသေသသဘောကိုရင်း၊လက္ခဏံ၊လက္ခဏာဟူ၍၊ မတံ၊သိအပ်၏၊ တဿ၊ထိုပရမတ္ထတရား၏၊ကိစ္စံဝါ၊ပြီးစေအပ်သောအမှုကိုရင်း။ သမ္ပတ္တိဝါ၊ ပြည့်စုံသော ဂုဏ်ကိုရင်း။ ရသောတိ၊ရသဟူ၍။ ပဝုစ္စတေ၊ ပြောဆို၏။ ။ ဖလံဝါ၊ အကျိုးသည်ရင်း။ ဥပဋ္ဌာနနယောပိဝါ၊ ရှေးရှုထင်ခြင်းသည်ရင်း၊ ပစ္စုပဋ္ဌာနံနာမ၊ ပစ္စုပဋ္ဌာန်မည်၏၊ ယံတု အာသန္နကာရဏံ၊ အကြောင် နီးစွာ သောအကြောင်းသည်၊အတ္ထိ၊ရှိ၏၊တံ၊ထိုနီးစွာသောအကြောင်းကို၊ ပဒဋ္ဌာန သညိတံ၊ပဒဋ္ဌာန်ဟုသမုတ်အပ်၏။ ။ဤဂါထာပါဌ် မိန့်အပ်သည်နှင့်အညီ ပရမတ္ထတရားလေးပါးတို့တွင်၊စိတ်သည် အာရုံခြောက်ပါးကိုအထူးသဖြင့် ပိုင်းခြား၍သိခြင်း၊ အာရမ္မဏဝိဇာနန လက္ခဏာရှိ၏။ စေတသိက်တို့၏ရှေ့ သွားခြင်းပုဗ္ဗင်္ဂမကိစ္စရှိ၏၊အစဉ်မပြတ်ဖြစ်ခြင်း၊သန္ဓာနပစ္စုပဋ္ဌာန်ရှိ၏၊နာမ် ရုပ်လျှင်နီးစွာသောအကြောင်းပဒဋ္ဌာန်ရှိ၏၊ (နာမရူပပဒဋ္ဌာန်။ စေတသိက် သည် စိတ်ကိုမှီတတ်ခြင်း၊စိတ္တနိဿိတလက္ခဏာရှိ၏၊စိတ်နှင့် မကွေမကွာ ယှဉ်ခြင်း၊ အဝိယောဂရသ ကိစ္စရှိ၏၊ စိတ်ဖြစ်ခြင်းလျှင် နီးစွာသော အ ကြောင်း၊ပဒ္ဒပဋ္ဌာန်ရှိ၏၊ (စိတ္တုပ္ပါဒပဒဋ္ဌာန်)၊ ။ရုပ်သည်ဖောက်ပြန်ခြင်း

ရှုဥ္နလက္ခဏာရှိ၏၊ ဖရိုဖရဲကြဲခြင်း ဝိကရဏကိစ္စရှိ၏။ အဗျာကတ ပစ္စုပဋ္ဌာန်ရှိ၏။ဝိညာဏ်လျှင်နီးစွာသောအကြောင်းရှိ၏။(ဝိညာဏပဒဋ္ဌာန်)၊ ။ နိဗ္ဗာန်သည် တဆဲ့တပါးသောမီးမှ ငြိမ်းခြင်း၊ သန္တိလက္ခဏာရှိ၏၊ မသေ ခြင်း၊အစ္စုတိကိစ္စရှိ၏၊ သံသရာဝဋ်မှထွက်မြောက်ခြင်း၊ နိဿရဏ ပစ္စုပဋ္ဌာန်ရှိ၏၊ နိဗ္ဗာန်၌ပဒဋ္ဌာန်ကိုကား မရအပ်၊ အဘဲ့ကြောင့်ဟူမူ၊ တစုံ တခုသော အကြောင်းကြောင့်၊ နိဗ္ဗာန်သည် မဖြစ်သောကြောင့်တည်း၊ ထို ကြောင့်ရကား၊ မိလိန္ဒပဉှာပါဠိတော်၌။ ။နကောနုစိကာရဏေနနိဗ္ဗာနံ ဥပ္ပဇ္ဇ တိ၊ ။ဟုဟောကြား တော်မူ၏။ ။ကေနစိကာရဏေန၊ တစုံတခုသော အကြောင်းကြောင့်။နိဗ္ဗာနံ၊နိဗ္ဗာန်သည်၊နဥပ္ပဇ္ဇတိ၊မဖြစ်၊ ။နိဗ္ဗာန်သို့ရောက် ခြင်းအကြောင်းကိုကား။ဤသို့မှတ်အပ်၏၊

ယဝမှိ ဈာနဉ္စ ပညာစ၊ သဝေ နိဗ္ဗာနသန္တိကေ၊
တဏှာယမာဒိ ဘဝတိ၊ ဈာယ ပညာသ ဘိက္ခုနော။ ။

(ဓမ္မပဒပါဠိတော်)။

ယမှိ၊ဝိပဿနာရှုလို၊ အကြင်ပုဂ္ဂိုလ်၌။ ဈာနဉ္စ၊ အနိစ္စ၊စသည်ဖြင့်၊ရုံခါ မဟာင်း။ရှုကြည့်ခြင်းသည်၎င်း၊ ပညာစ၊အလွန်ထက်သန်၊ ပညာဉာဏ်သည် ၎င်း။အတ္တိ၊ကောန်တိတိ၊အမှန်ပင်ရှိ၏။သော၊ဝိပဿနာရှုလို၊ ထိုပုဂ္ဂိုလ်သည်။ ဝေ၊စင်စစ်။နိဗ္ဗာနသန္တိကေ၊ရန်အောင်မည်ဟီး၊မြို့ကြီးအမှန်၊မြို့က်နိဗ္ဗာန်နှင့်။ အမှန်မသွေ။ နီးရတော့ပေ၏။ ။အယံ၊ ဤစတုပါဒိရိသုဗ္ဗိသိလာသည်၊ ဈာ၊ ဤသာသနာတော်၌၊ ပညာသ၊ပညာရှိသော။ ဘိက္ခုနော၊သံသရာညွှန်၊ခန္ဓာ ဝန်ကိုရှုငြား၊ထိုထိုပုဂ္ဂိုလ်အား၊တဏှာ၊ထိုနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်၌၊ အာဒိ၊အစအဦးသည်၊ ဘဝတိ၊မြေလက်ခတ်တီး။ အပြီးမုချ၊ဖြစ်ရ၏၊ ။ ဤလျှင်တရပ်၊မှတ်သားဘွယ်တည်း၊

---

## (၃၄) စိတ်၏အရကိုသဘာဝထွန်းတက္ကပြခြင်း။

စိတ်ဟူသည်။ အာရုံခြောက်ပါးကို၊ ကြံတတ် သိတတ်သော သဘော သည့်စိတ်မည်၏၊ ။ထိုကြောင့်။အဋ္ဌသာလိနီအဋ္ဌကထာ၌။ ။စိတ္တန္တိ အာ ရမ္မဏံစိန္တေတီတိစိတ္တံ၊ဝိဇာနာတီတိအတ္ထော၊ ။ဟုဘွင့်ပြတော်မူ၏။ ။ ယံဝိညာဏံ၊အကြင်ဝိညာဉ်သည်၊ အာရမ္မဏံ၊အာရုံခြောက်ပါးကို၊ စိန္တေ တိ၊သိတတ်၏၊ဆိုတိတသွာ၊ထိုကြောင့်၊တံဝိညာဏံ၊ထိုဝိညာဉ်သည်၊ စိတ္တံ၊

စိတ်မည်၏။ အာရမ္မဏံ၊အာရုံကို၊ ဝိဇာနာတိ၊ သိတတ်၏၊ ဣတိအယံ၊ဤ
သည်လျှင်။အတ္ထော၊အနက်သဘောတည်း။ ။ဤစိတ်သည်၊ စိတက်ဟုဆို
အပ်သောဣြဟနစိန္တာလည်းမဟုတ်။ပညာစေတသိက်ဟုဆိုအပ်သောပဇာ
နန–စိန္တာလည်းမဟုတ်။ဝိညာဏက္ခန္ဓာဖြစ်သောကြောင့်၊ဝိဇာနနစိန္တာမည်
၏။ ။တနည်း။ ။အလုံးစုံသောစိတ်သည်။ မိမိအားလျော်စွာဖြစ်သော၊ သမ္ပ
ယုတ်,ဘုံ,အာရုံစသော အားဖြင့်၊ ဆန်းကြယ်သည်၏ အဖြစ်ကြောင့်၊ စိတ်
မည်၏၊ ဆန်းကြယ်သော ပန်းချီ စသော အမှုကို ပြုတတ်သည်၏ အဖြစ်
ကြောင့်စိတ်မည်၏၊ စိတ်တရားထက်။ ဆန်းကြယ်သောတရား မရှိပြီ။ ထို
ကြောင့်။ အဋ္ဌကထာ၌၊ ။လောကသ္မိံဟိ စိတ္တကမ္မတော ဥတ္တရိအညံ စိတ္တံ
နာမနတ္ထိ၊ ။ဟုဘွင့်ပြတော်မူ၏။ ။လောကေ၊လောက၌၊စိတ္တကမ္မတော၊
ပန်းချီအမှုထက်၊ ဥတ္တရိ၊အလွန်ဖြစ်သော၊ အညံ၊ပန်းချီအမှုမှ တပါးသော၊
စိတ္တံနာမ၊ ဆန်းကြယ်သော အမှုမည်သည်၊နတ္ထိ၊မရှိ။ ။ဤသို့ အဋ္ဌကထာ
ပြဆိုသောပန်းချီကားထက်၊ စိတ်သာလျှင် ဆန်းကြယ်၏၊ ထိုကြောင့်၊ ပါဠိ
တော်တို့၌။ ။တေနပိခေါ ဘိက္ခဝေ စရဏေန စိတ္တေန စိတ္တံ ယေဝ စိတ္တ
တရန္တိ၊ ။ဟုဟောကြားတော်မူ၏။ ။ဘိက္ခဝေ၊ရဟန်းတို့၊ခေါ၊စင်စစ်။စရ
ဏေန၊ပြပုံကား အမည်ရှိသော။ တေနပိစိတ္တေန၊ ထိုပန်းချီကားထက်လည်း၊
စိတ္တံယေဝ၊ စိတ်သည်သာလျှင်။ စိတ္တတရံ၊ အထူးသဖြင့် ဆန်းကြယ်လှ
၏၊ ။ဤသို့အားဖြင့်၊ စိတ်တရား ဆန်းကြယ်သောကြောင့်။ နတ်,လူ,ငရဲ,
တိရစ္ဆာန်, အပြားရှိကုန်သော ဂတိတို့၌။ ဆန်းကြယ်သော ကံ, အသွင်,
သဏ္ဌာန်, အမည်သညာ, ဝေါဟာရ–ခေါ်ဝေါ် ခြင်းအစရှိသော အထူးထူး
အပြားပြားဖြစ်ရကုန်၏။စိတ်တရားကြောင့်။နိဗ္ဗာန်သို့ရောက်နိုင်၏။စိတ်တရား
ကြောင့်–သုဂတိနတ်ရွာသို့ရှင်း၊ ဒုဂ္ဂတိအပါယ် လေးဘုံသို့ရှင်း။ ကြန်ပင်
ရောက်နိုင်ထုန်၏။ထိုကြောင့်ရကား သံယုတ်ပါဠိတော်၌၊

စိတ္တေနနီယတိ လောကော၊ စိတ္တေန ပရိကဿတိ၊
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသ–မန္ဝဂူ၊ ။

ဟုဟောတော်မူ၏၊

စိတ္တေန၊အဘိသင်္ခါရ ဝိညာဉ်စိတ်သည်၊ဝါ၊တဏှာနှင့် ယှဉ်သောစိတ်
သည်၊လောကော လူအပေါင်းကို။ နီယတိ၊ ဆောင်အပ်၏၊ စိတ္တေန၊ အဘိ
သင်္ခါရ ဝိညာဉ် စိတ်သည်။ လောကော၊ လူအပေါင်းကို၊ ပရိကဿတိ၊
ဆွဲငင်အပ်၏၊စိတ္တဿ၊စိတ်ဟုဆိုအပ်သော၊ ဧကဓမ္မဿ၊တခုသောတရား

၏။ဝသံ၊အလိုနိုင်ငံသို့။ သဒ္ဒေဝ၊ အလုံးစုံသောသူတို့သည်သာလျှင်။ အန္တဂူ၊ အစဉ်တစိုက်၊လိုက်ရထုန်၏။ ။ပြည့်ဆရာတော်ဘုရားကြီးအနက်တော်။ ။ ငါတို့၏အနက်ကား၊ ။လောကော၊သတ္တလောတ၊ သတ္တဝါဟူသမျှ၊အာဝဝကို၊စိတ္တေန၊အာရုံစွဲလိပ်၊ ကောင်းသော ယောနိသော မနသိကာရ စိတ်သည်သာလျှင်၊ နိယတော၊အမှန်အဟုတ်၊ ထုတ်ဆောင်အပ်၏။ လောကော၊ သတ္တလောက၊သတ္တဝါဟူသမျှ၊အာဝဝကို၊ စိတ္တေန၊အာရုံစွဲလိပ်၊ မကောင်းသော အယောနိသောမနသိကာရ စိတ်သည်သာလျှင်၊ပရိကဿတိ၊လည်ကြိုးဘွဲ့တပ်၊ ဆွဲငင်အပ်သို့မပြတ်မနား၊ ဆွဲငင်၍ထားအပ်၏။ကေဝဋ္ဋဿ၊ အာရုံကိုသိတတ်၊သဘောရပ်တခုရှိထသော၊ စိတ္တဿ၊ စိတ်တခုတည်း၏သာလျှင်။ဝသံ၊အလိုနိုင်ငံ၊သု့ အကြာသို့။ သဒ္ဒေဝ၊ကြိုးငယ်ပုရွ၊ သတ္တဝါဟူသမျှတို့သည့်ပင်လျှင်။အန္တဂူ၊မငြင်းမဆန်၊သတင်းခံ၍၊မလွန်နိုင်ပဲ၊ အမြဲပိုက်ပိုက်၊တခါတည်းလိုက်ရကုန်၏။ ။ဤစိတ်တရားသည်၊ခပ်သိမ်းဥဿုံ၊အလုံးစုံသော တရားတို့ကို၊ သိမ်းချုံးတတ်သော တရားအစ သာတည်း။ ထိုကြောင့်ရကား။ ဘိုးတော်မင်းလက်ထက်၌၊ တခွန်းတည်းသောစကားဖြင့်။ သုတ္တန်,ဝိနည်း, အဘိဓမ္မာ, ဒေသနာသုံးရပ် ပါဝင်အောင် တရားဟောနိုင်သော ဓမ္မကထိကပုဂ္ဂိုလ်ကိုလိုက်လံရှာဘွေသော်လည်း။အဘယ်ဓမ္မကထိကတယောက်မျှ၊ မဟောနိုင်ကြ၍၊ ကျည်းကန် ကိုရှင်ကြီးနှင့် တွေ့ဆုံမှသာလျှင်၊ ။စိတ္တံ့ရက္ခေထမေဓာဝီ၊စိတ္တံဂုတ္တံသုခါဝဟံ။ ။ဟူသောပါဠိတော်အရ။စိတ်-ပေတကားဟု၊တရားပြမှသာလျှင်။ ဘိုးတော်မင်းတရားကြီးသည့်ဟုတ်ပေစွဟု၊ ချီးမွမ်းအံ့ဩ၊ထောမနာပြီးလျှင် အလှူကြီးလှူဒါန်းတော်မူ၏။ ဤသည့်လျှင် စိတ်ပဓာနအကြောင်းတည်း။

---

## (၃၅) စိတ်၏လျင်မြန်ခြင်းကိုပြဆိုခြင်း။

(အမေး) စိတ်၏မြန်ပုံ။အထုံး၊သိရုံဘယ်သို့နည်း။
(အဖြေ) နှိုင်းခိုင်းစရာ၊ဥပမာ၊လွန်စွာခက်၏တည်း။ ။

စိတ်တရားသည်။ အလွန်ဘရာ၊ လျင်သောအပြန်ရှိ၏။ ထိုသို့လျင်ရာ၌၊ နှိုင်းယှဉ်စရာ၊ဥပမာသည်လည်းမရှိ။ထိုကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်၌၊ ။ယာဝဉ္စိဒံဘိက္ခဝေဥပမာပိနသုကရာ၊ ယာဝလဟုပရိဝတ္တံစိတ္တံ။ ။ဟုမိန့်တော်မူ၏။ ။ဘိက္ခဝေ၊ရဟန်းတို့။ယာဝ၊အကြင်မျှလောက်၊အနုံစိတ္တံ၊ဤစိတ်သည်၊လဟုပရိဝတ္တံ၊လျင်သောအပြန်ရှိ၏။ တာဝ၊ထိုမျှလော၊တထထ

ဝိတ္တာသ၊ ထိုစိတ်၏၊ လဟုပရိဏတ္တတာယ၊ လျင်သော အပြန်ရှိသည်၏ အဖြစ်ကြောင့်။ဥပမာပိ၊နှိုင်းခိုင်းစရာ၊ဥပမာသည်လည်း၊ ယာဝအတိဝိယ။အာလွန်လျှင်။နသုကရာ၊မလွယ်၊ ။ထိုသို့ဥပမာဖြင့်ပြ၍မလွယ်ကြောင်းကိုထပ်သောင်း၍ပြဦးအံ့၊ ။တေရသနိပါတ်၊ ဇဝနဟံသ ဇာတ်တော်၌၊ ဘုရားလောင်းဟင်္သာမင်းသည်၊ ဆယ်နှစ်တိုင်တိုင်၊ဆရာအိမ်၌၊ သင်ပြီးသောအတတ်ရှိထုန်သော၊လေးအတတ်၌လေ့ကျက်ပြီးသော၊ဝသီဘော်ရှိကုန်သော၊လေးယောက်သော လေးသမား တို့ကို၊ နန်းရင်ပြင်၌ စိုက်ထူ အပ်သောကျောက်တိုင်၌၊ကျောက်ထုန်းချင်းကိုကပ်စေ၍၊အရပ်လေးမျက်နှာသို့ ရှေးရှုတပြိုင်နက်၊တချက်ထည့်၊ မြားလေးစင်းတို့ကိုပစ်ခတ်စေ၏၊ထိုအခါဇဝနဟံသာမင်းသည်၊မိမိ၏လည်ပင်း၌၊ ဆည်းလည်းကိုဆွဲစေ၍၊ နန်းရင်ပြင်၌စိုက်အပ်သော ကျောက်တိုင်၏အထက်၌နေလျက်၊ လေးသမားလေးယောက်တို့၏ တပြိုင်နက်ပစ်အပ်သောမြားတို့ကို၊ မြေသို့မကျစေမူ၍၊ ဆောင်ယူခဲ့ပေးလျှင်၊ ဟင်္သာမင်းကိုမမြင်ရကုန်။ ဟင်္သာမင်း၏ လည်ပင်း၌ ဆွဲသောဆည်းလည်းသံ ကိုသာလျှင်ကြားရ၍၊ တဖန်ကျောက်တိုင်သို့ ပြန်၍ နားမှသာလျှင်၊ဟင်္သာမင်းကိုမြင်ရ၏၊ ဤသို့သောအဟုန်သည်၊ ဟင်္သာမင်း၏အယုတ်ဆုံးအဟုန်မျှသာတည်း၊ဤသို့လျင်မြန်သော ဇဝနဟင်္သာမင်း၏ လျင်မြန်ခြင်းထက်၊လနေတို့သည်လျင်မြန်ကုန်၏။ထိုလ,နေတို့ထက်၊လ,နေတို့၏ရှေ့မှပြေးကုန်သော၊ လနတ်သား, နေနတ်သားတို့သည် လျင်မြန်ကုန်၏၊ ထိုထက်သတ္တဝါတို့၏ အာယုသင်္ခါရသည် လျင်မြန်၏၊ ထိုရုပ်အာယုသင်္ခါရလျင်မြန်သည်ထက်၊ နာမ်အာယုသင်္ခါရသည် လျင်မြန်၏ဟု တတ်အပ်သောချာ၊မှတ်ကုန်ရာ၏၊ ။ဝိဂုရဇာတ်တော်၌ကား။မနောမယသိန္ဓောမြင်း၏လျင်မြန်ခြင်းသည်၊ လူတို့၏စိတ်ထက်လျင်မြန်၏ဟုဟောတော်မူ၏။ ထိုသို့ဟောရာ၌၊ဘုရားဟောဇာတ်နှစ်ရပ်တို့သည်၊ဆန့်ကျင်ရာ၏ဟုမူ။ ။မဆန့်ကျင်ကုန်၊ပါဠိတော်၌ကား၊စိတ်တရားထက်လျင်မြန်သော တရားမရှိဟူ၍ဟောပြသည်မှာ။လူတို့ရုပ်တရားထက်၊ လူတို့၏နာမ်တရား၊ နတ်တို့၏ရုပ်တရားထက်၊ နတ်တို့၏နာမ်တရားကိုရည်၍၊ ဟောသည်ဟု-ယူကြရမည်၊ ထိုကဲ့သို့ယူမှပါဠိတော်နှင့်ညီမည်၊ ။ဤဝိဂုရ ဇာတ်တော်၌ကား။ လူတို့၏စိတ်ထက်၊ နတ်မြင်းပျံမြန်သည်ဟုဆိုရာမှာ၊ လူတို့၏စိတ်ထက်၊ နတ်စိတ်သည်မြန်သောသဘောဖြစ်သောကြောင့်၊ သွားခြင်းမြန်ရ၏ဟူလို၊ ။ထိုကြောင့်၊ ပါရာဇိကကဏ် အဋ္ဌကထာ၌၊ ။ဒေဝတာနာမ မဟာပညာ အတိခိပ္ပဇာနန္တိ၊ ။ဟုဘွင့်ပြတော်မူ၏။ ။ဒေဝတာနာမ၊နတ်တို့မည်သည်၊ မဟာ

ပညာ၊မြင့်မြတ်ကြီးကျယ်သော ပညာရှိတုန့်၏၊ အတိဒိပ္ပံ၊ အလွန်လျှင်စွာ။ ဓာနန္တံ၊သိထုန့်၏။ ။ဤလျှင်တရပ်၊စိတ္တလဟုပရိဝတ္တ ဝိနိစ္ဆယတည်း။

---

## (၃၉) စိတ်ပရမတ်၏ပြုစင်ဟန်ကိုပြဆိုခြင်း။

ပရမတ္ထတရား လေးပါးတို့တွင်၊ စိတ်ပရမတ်သည် ပြုစင်၏ဟုမှတ်၊ ပြုစင်ဟန်ကား။ ။ကုသလဥ္စအတ္တနောပရိသုဒ္ဓတာယပဏ္ဍရံနာမ၊အကုသလံ ဘဝင်္ဂနိဿန္ဒေန၊ဝိပါကံဝတ္ထုပဏ္ဍရတာယ။ ။အဌသာသလိနီအဌကထာ။ ။ ပါဌ်သစ္စံ၊မှန်၏။ကုသလံ၊ကုသိုလ်စိတ်သည်။ အတ္တနော၊မိမိ၏။ ပရိသုဒ္ဓတာယ၊ စင်ကြယ်သည်၏အဖြစ်ကြောင့်။ ပဏ္ဍရံနာမ၊ ပြုစင်သည်မည်၏။ အထုသလံ၊အကုသိုလ်စိတ်သည်၊ ဘဝင်္ဂနိဿန္ဒေန၊ ဘဝင်၏အကျိုးဆက်အားဖြင့်။ ပဏ္ဍရံနာမ၊ပြုစင်သည်မည်၏။ ဝိပါကံ၊ဗိပါက်သည်။ဝတ္ထုပဏ္ဍရတာယ၊မှီရာဝတ္ထုပြုစင်သည်၏အဖြစ်ကြောင့်။ပဏ္ဍရံနာမ၊ပြုစင်သည်မည်၏။ ။ဤသို့အဌကထာဆရာ၊ ရှင်ဗုဒ္ဓဃောသပြဆိုဖော်သော-စကားသုံးရပ်တို့တွင်။ ဝိပါက်သည် မည်းညစ်ခြင်းကို ပြုတတ်သော ကံလေသာတို့၏။ ဆန့်ကျင်ဘက် မဟုတ်သည်၏ အဖြစ်ကြောင့်ရင်း၊ သဘောအားဖြင့်-စင်ကြယ်လုန်သော ပသာဒဝတ္ထု-ဟဒယဝတ္ထု-ဟု ဆိုအပ်လုန်သော၊ မှီရာတို့၏အစွမ်းအားဖြင့်ရင်းပြုစင်၏-ဟု၊ဆိုအပ်သောအဓိပ္ပါယ်တို့သည်ကား၊ပဥ္စဝေါကာရဝိပါက်၌သာလျှင်ရအပ်လုန်၏။ စတုဝေါကာရအရူပဘုံ၌ကား၊ မှီရာဝတ္ထုမရှိသောကြောင့်၊မရအပ်လုန်-ဟု၊မူလဋီကာဆရာတော်သည်။ ။အယံပန နယောစတုဝေါကာရေနလဗ္ဘတိဝါတတ္ထဘဝင်္ဂသ တတောနိက္ခန္တဿ ကုသလဿစ ပဏ္ဍရတာ နသိယာ။ ။ဟုပြုတော်မူ၏။ ။အယံပန နယော၊ ဤဝတ္ထုပြုစင်ခြင်းကြောင့်ပြုစင်၏ဟူသောနည်းကို။စတုဝေါကာရေ၊ စတုဝေါကာရဖြစ်သောအရူပဘုံ၌။ နလဗ္ဘတိ၊မရအပ်။ ဟုတိတသ္မာ၊ထိုကြောင့်။ တတ္ထ၊ထိုအရူပဘုံ၌၊ဘဝင်္ဂဿ၊ဘဝင်၏ရင်း၊တတော၊ထိုဘဝင်မှ၊နိက္ခန္တဿ ကုသလဿစ၊ထွက်သောအကုသိုလ်၏ရင်း၊ ပဏ္ဍရတာ၊ပြုစင်သည်၏ အဖြစ်သည်၊နသိယာ၊မဖြစ်နိုင်တန်ရာ။ ။ဤသို့မှီရာဝတ္ထုမရှိသောကြောင့်၊အရူပဘုံ၌ပဏ္ဍရအဖြစ်သည်မဖြစ်သင့်လျှင်။ အဘယ်ကဲ့သို့သော ဝိနိစ္ဆယကို မှတ်သားရအံ့နည်းဟုမေးဘွယ်ရှိရကား၊ ထိုအမေးကို ဖြေတော်မူလိုသော မူလဋီကာ ဆရာသည်၊ ။သဘာဝေါဝါ ယံစိတ္တဿပဏ္ဍရတာတိ။ ။ဟုဘွင့်ပြတော်မူ၏၊ ။စိတ္တဿ၊စိတ်၏၊ အယံပဏ္ဍရတာ၊ ဤပြုစင်သည့်

၏အဖြစ်သည်။ သဘာဝေါဝ၊ သူ့သဘော သည့်လျှင်။ ဟောတိ၊ ဖြစ်၏။ အထိ၊ ဤသို့မှတ်အပ်၏။ ။ဤသို့မူလဋီကာ ဘွင့်ပြသော– သူ့သဘောဟူသည်၊စိတ်၏ညစ်နွမ်းခြင်း မရှိသည်၏ အဖြစ်ကြောင့်၊ မိန့်အပ်၏၊ ဤသို့မိန့်သည်ရှိသော်။ပဘဿရသောစေတသိက်တို့၏ ဖြူစင်သည်၏အဖြစ်သို့ရောက်ခြင်းသည်မဖြစ်ရာ၊ အဘဲ့ကြောင့်ဟူမူ၊ အကြင်ကြောင့် တရားတို့၏သဘောကိစ္စ အထူးကို သိတော်မူသော မြတ်စွာ ဘုရားသည်၊ စိတ်ကို သာလျှင် ပဏ္ဍရဟူ၍ ညွှန်းပြသောကြောင့်တည်း–ဟု၊ အနုဋီကာ ရှင်ဓမ္မပါလ ဘွင့်ပြတော်မူ၏။ ။ထိုသို့အနုဋီကာ မိန့်ပြတော်မူရကား၊ မြတ်စွာဘုရားသည်လည်း။ ဇောဂ္ဂုတ္တရ ပါဠိတော်၌။ ။ပဘဿရမိဒံ ဘိက္ခဝေစိတ္တံ၊ ။ဟု ဟောကြားတော်မူ၏၊ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံစိတ္တံ၊ ဤဘဝင်စိတ်သည်။ ပဘဿရံ၊ ပြိုးပြိုးပြက် ဖြူစင်၏။ ။အင်္ဂုတ္တရ အဋ္ဌကထာ ၌လည်း။ ။ပဘဿရန္တိ ပဏ္ဍရံပရိသုဒ္ဓံ၊ ။ဟုဘွင့်ပြ၏။ ။ဤသို့ဖြူစင်သောစိတ်သည် ညှစ်နွမ်းမှုကား ရာဂစသော ကိလေသာတို့ကြောင့် သာလျှင်၊ ညစ်နွမ်းရတော့သည်ဟုမှတ်။ ရာဂစသောကိလေသာတို့သည် မလွှမ်းလာပါမူကား၊ ပဏ္ဍရ-ပရိသုဒ္ဓတရားသာလျှင်တည်း။ဤအရာ၌၊မူလဋီကာဆရာတော်ကြီးသည်၊အဋ္ဌကထာဆရာ-ရှင်ဗုဒ္ဓဃောသထက်၊ ညွှတ်နက်နေပေစွဟု၊ ငါတို့၏ကျေးဇူးတော်ရှင်၊သုနန္ဒာရာမ ဆရာတော်အရှင် မိန့်တော်မူ၏။ ။ဤသို့မိန့်တော်မူပြီးလျှင်။မူလဋီကာ ဖြေပြအပ်သော ဝါကျစကားကို၊မင်းကြီးဦးကောင်း ဆရာတော်–ဦးပညာသိဟ၊ မှန်ကင်းဆရာတော်-ဦးဝိသုဒ္ဓါစာရ အရှင်မြတ်တို့၊ချွတ်တော်မူသော။ ။ညွှတ်ဆရာ မဟောနိုင်သော်။ကရုဏာ ယောဝအပရာဓော၊မူလဋီကာမဟောနိုင်သော်။ အယမေဝသဘာဝေါ။ ။ဟူသောလင်္ကာကိုချွတ်တော်မူ၏။

စိတ္တပဏ္ဍရအရပြဆိုခြင်းပြီးပြီ။

---

## (၃၇) စေတသိက်အရကိုထုတ်ပြခြင်း။

စေတသိနိယုတ္တံ စေတသိကံ၊ ။စေတသိ၊စိတ်၌။ နိယုတ္တံ၊ယှဉ်သည်တည်း။ စေတသိကံ၊စိတ်၌ယှဉ်သည်။ ။စိတ်နှင့် မကွေမကွာ၊ ယှဉ်တတ်သောတရားသည်၊စေတသိက်မည်၏ဟူလို။ ။ထိုစေတသိက်သည်၊ စိတ်နှင့်ကင်း၍၊အာရုံပြုခြင်းငှါ မစွမ်းနိုင်ထုန်။ စိတ်ဖြစ်မှသာလျှင်၊စေတသိက်ဖြစ်နိုင်၏ဟုမှတ်၊ ထိုကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌။ ။စိတ္တနိဿိတ

လက္ခဏံ စေတသိကံ၊ ။ဟုဖွင့်ပြ၏၊ ။စေတသိကံ၊စေတသိက်သည်၊စိတ္တ
နိဿိတလက္ခဏံ၊စိတ်ကိုမှီ၍ဖြစ်ခြင်းလက္ခဏာရှိ၏၊ ။ဤသို့ဖြစ်ရကား၊
သုံးလူ့ဘမြတ်စွာသည်၊စိတ်ကိုပဓာနထား၍၊ စေတသိက်ကို အပဓာနအား
ဖြင့်၊ အာရုံကိုယူနိုင်ကြောင်းကို။ ဟောကြားတော်မူလိုရကား၊ ဓမ္မပဒပါဠိ
တော်များ၌၊ ။မနောပုဗ္ဗင်္ဂမာဓမ္မာ၊ ။ဟုဟောကြားတော်မူ၏၊ ။ဓမ္မာ၊
နာမက္ခန္ဓာ တရားသုံးပါးတို့သည်၊ မနောပုဗ္ဗင်္ဂမာ၊ ဝိညာဏက္ခန္ဓာလျှင် ရှေ့
သွားရှိကုန်၏၊ ။တနည်းကား၊ ဓမ္မာ၊ နာမက္ခန္ဓာတရား သုံးပါးတို့သည်။
မနောပုဗ္ဗင်္ဂမာ၊ဝိညာဏက္ခန္ဓာလျှင်ပြဋ္ဌာန်းသောတရားရှိကုန်၏။ ။ဤအနက်
နှစ်ပါးတို့၏ အဓိပ္ပါယ်သော်ကား၊ စေတသိက် နာမက္ခန္ဓာတရား သုံးပါးတို့
သည်၊စိတ်နှင့်အတူတကွဖြစ်ငြားသော်လည်း၊ ဝိညာဏက္ခန္ဓာသည် စေတ
သိက်နာမက္ခန္ဓာတို့ကိုသိမ်းယူ၍၊အကြီးအမှူး၏အဖြစ်ဖြင့် ဖြစ်သောကြောင့်
ရှေးဦးစွာဖြစ်သကဲ့သို့ ဖြစ်၏ဟုမှတ်၊ စိတ်သည်သာလျှင် စေတသိက်အား
ဖြစ်စေ တတ်သော နိဗ္ဗတ္တက အကြောင်း တည်း၊ လောကူ ပမာ အားဖြင့်
မင်းသည် လာ၏ဟု ဆိုသော်၊ မင်း၏ပရိသတ် တို့သည် ပါမြဲဖြစ်ရကား၊
ပရိသတ်ပါ၊မပါကိုမေးရန်မရှိ၊အလုံးစုံထွက်လာ၏ဟုဆိုသကဲ့သို့၊ထိုအတူ
စိတ်သည်ဖြစ်သည်ရှိသော်၊ စေတသိက်တို့သည်၊ ဖြစ်မဖြစ်ကိုမေးရန်မရှိ၊
အလုံးစုံဖြစ်၏ဟုမှတ်၊ ထိုသို့ဖြစ်သော်လည်း၊ စိတ်သာလျှင် ထိုစေတသိက်
တို့၏၊ ရှေးဦးစွာဖြစ်၏ဟု။ ဆုန္ဒြိယပဗ္ဗည်းတပ်သောအားဖြင့် ပြော၍ဆိုအပ်၏၊
လောကဝေါဟာရဗ္ဗနည်းဟုမှတ်၊ ။ဤမနောပုဗ္ဗင်္ဂမာ–ပါဠိ၌၊ သဒ္ဒါပုဒ်
ပါဠိ၏အရိပ်အရောင်၊တိုက်ရိုက်နီတတ္ထကိုသာလျှင်ယူ၍၊ စိတ်သည်ရှေးဦး
စွာဖြစ်၏၊ စေတသိက်သည်နောက်ဖြစ်၏ဟု–မယူအပ်၊ မမှတ်အပ်၊ အဘယ့်
ကြောင့်ဟူမူ၊ဤပါဠိသည်အနက်၏ကိုးကွယ်ရာသာလျှင်ဖြစ်၍၊သဒ္ဒါ၏ ကိုး
ကွယ်ရာမဟုတ်သောကြောင့်တည်း၊ ထိုကြောင့်၊ ကေနိပါတ်–အင်္ဂုတ္တရအဋ္ဌ
ကထာ၌၊ ။အတ္ထောဟိ ပတိသရဏံ၊နဗျဉ္ဇနံ၊ ။ဟုဖွင့်ပြတော်မူ၏၊ ။
ဟိသစ္စံ၊မှန်၏၊အတ္ထော၊အနက်သည်၊ ပတိသရဏံ၊ကိုးကွယ်ရာဖြစ်၏၊ ဗျဉ္ဇနံ၊
သဒ္ဒါသည်၊ နပတိသရဏံ၊ ကိုးကွယ်ရာ မဟုတ်၊ ။ဤအဋ္ဌကထာ ပြုကို
ထိမြင်ကြသဖြင့်၊ အတ္ထ ပတိသရဏပုဒ်–သဒ္ဒ ပတိသရဏပုဒ်-နှစ်ရပ်တို့ကို၊
တပဲအပဲ ထင်ထင်၊ ဉာဏ်ဖြင့်ရှုမြင်ကြ၍၊ ပုဒ်ပါဠိ၏–အဓိပ္ပါယ်ကို ယူကြ
ကုန်၊ ။ဤယခုကာလ စာသင်သားတို့သည်ကား၊ ယောဇနာနည်း၊သမ္ဗန္ဓ
နည်းတို့ကိုလည်း ပိုင်းခြားလျက်၊ သေသေချာချာလည်းမထိကြ၊ နိဿယ
အရှိပါဠိတွင်ညှိ၍၊တွတ်တီးတွတ်တာ၊အနက်ကိုပေးပြခါနှင့်၊ စာထုတ် တ

သူ၊ပြုလုပ်သူသာလျှင်များကြ၏။အာစရိယဟာဌမုဋ္ဌိ။ လဒ္ဓေါပဒေသ။နယဂ္ဂါဟကိုလည်း။ပညာရင့်သီး။ ဆရာတော်ဘုရားကြီးတို့၏ အထံမှလည်းမနာမယူကြခြင်းသည်။ စာတတ်ပုဂ္ဂိုလ်နည်းခြင်းအကြောင်းသာတည်း။ ။ထိုကြောင့်။ရှေးဆရာတို့သည်။ ။ဆရာကောင်းထံ၊ နည်းမခံ၊ ဂုဏ်မာန်တကြွားကြွား။ ။သံကိုသံဖျက်။ သံချေးတက်။ မှားချက်အထွန်များ။ ။ဟုစပ်ဆိုတော်မူကြ၏။ ။(စကားချပ်)။

---

## (၃၈) ရုပံအရုပိနိဿယကိုထုတ်ပြခြင်း။

ရုပ္ပနလက္ခဏေန–ရုပ္ပန္တိ ပိ ဝတ္တုံ ဝဋ္ဋတိ။ ရုပ္ပနလက္ခဏဉှေတံ။ ။သမ္မောဟဝိနောဒနီအဋ္ဌကထာပါဠိ။ရုပ္ပနလက္ခဏေန၊ဖောက်ပြန်တတ်သောလက္ခဏာအားဖြင့်၊ရုပ္ပန္တိပိ၊ရုပ်မည်၏ဟူ၍။ ဝတ္တုံ၊ဆိုခြင်းငှါ၊ဝဋ္ဋတိ၊အပ်၏။ဟိသစ္စံ၊မှန်၏။ ဧတံရုပံ၊ဤရုပ်သည်၊ရုပ္ပနလက္ခဏံ၊ဖောက်ပြန်ခြင်းလက္ခဏာရှိ၏၊ ။ရုပ်ဖောက်ပြန်၏ဟူရာ၌။ အအေးဟုဆိုအပ်သောသီတဥတုကြောင့်။ ဖောက်ပြန်ပုံသည်လောကန္တရိက်နိရဲ၌ထင်ရှား၏။ အပူဟုဆိုအပ်သော ဥဏှဥတုကြောင့် ဖောက်ပြန်ပုံသည်အဝီစိနိရဲ၌ထင်ရှား၏။ငတ်မွတ်ခေါင်းပါးခြင်းကြောင့်။ ရုပ်ဖောက်ပြန်ခြင်းသည်၊ ပြိတ္တာဘုံ၌ရင်း။ ဒုဗ္ဘိက္ခန္တရကာလ၌ရင်း ထင်ရှား၏။ မွတ်သိပ်ခြင်းကြောင့်၊ရုပ်ဖောက်ပြန်ခြင်းသည်။ ကာလကဉ္စိကာ၊ပြိတ္တာတို့၌။ ထင်ရှား၏။မှက်၊ခြင်၊လေ၊နေပူတို့ကြောင့်၊ ဖောက်ပြန်ခြင်းကား။ အောက်၊ရာမညတိုင်းပြည်၌ထင်ရှားလှပေပြီ။ဤ၌စကားရပ်၌။ ရုပ်သည်၊ မဖောက်ပြန်တတ်သောပရမတ္ထတရားဖြစ်လျက်၊ အဘယ့်ကြောင့်ဖောက်ပြန်သနည်းဟူမူ။ ။ရုပ်တရားကို ဖောက်ပြန်၏ဟု မိန့်ပြားသော်လည်း၊ ပညတ် တရားကဲ့သို့မဟုတ်။ရုပ်သည်မိမိ၏ ကက္ခဠစသောသဘောကိုမစွန့်။ သီတ၊ဥဏှစသောဆန့်ကျင်ဘက်အကြောင်းတို့၏။အညီအညွတ်ပေါင်းမိခြင်းကြောင့်။ ရှေးရုပ်အစဉ်မှ မတူသော၊ နောက်ရုပ်အစဉ်၏ဖြစ်ခြင်းကိုသာလျှင်။ ဖောက်ပြန်သည်ဟုဆိုသည်။ စင်စစ်အားဖြင့် မဖောက်ပြန်။ မိမိသဘောမှ မပြောင်းရွှေ့။နေပူ၌ နေသောသူ။နေရိပ်၌ နေသောသူတို့ကိုကြည့်ရှုလေ။ ထိုကြောင့်။ဝိဘင်းမူလဋီကာ၌။ ။ဝိကာရုပ္ပတ္တိစသီတာဒိသန္နိပါတေဝိသဒိသုပ္ပတ္တိယေဝ၊နဥပ္ပန္နဿသဘာဝဝိဂမောတိအဓိပ္ပါယော။ ။ဟုဘွင့်ပြတော်မူ၏။ ။ဝိကာရုပ္ပတ္တိစ၊ရုပ်၏ဖောက်ပြန်ခြင်းသို့ရောက်ခြင်းသည်လည်း။သီတာဒိသန္နိပါတေ၊သီတဥတုစသော၊ ဆန့်ကျင်သောအကြောင်း ပေါင်းရုံစည်းဝေးရာ

ဋ္ဌ၊ပိသဒိသုဂ္ဂတ္တိုးယာဝ၊ ရှေးချုပ်အစဉ်မှမတူသော။ နောက်ချုပ်အစဉ်၏ ဖြစ်ခြင်းမျှကိုသာလျှင်၊ဝုတ္တံ၊ဟိန့်အပ်၏၊ ဥပ္ပန္နသဿ၊ဖြစ်သောလက္ခဏာ၏၊ အညထာဘာဝေါ၊ ဘောက်ပြန်သောအားဖြင့်၊ တပါးဟုတ်သည့် အဖြစ်သည်။နဟောတိ၊မဖြစ်၊ ဣတိအယံ၊ဤသည်လျှင်။ အဓိပ္ပါယော၊အဓိပ္ပါယ်ပေတည်း။

ဤကဲ့သို့ဋီကာဆရာမိန့်တော်မူသည်နှင့်အညီ။ဿိတ-ဥဏ္ဏ္ဍကြောင့်။ ရှေးချုပ်နှင့် နောက်ချုပ်မတူခြင်းကိုသာလျှင်၊ ဘောက်ပြန်ခြင်းဟုဆိုလျှင်။ နာမ်တရားတို့အားလည်း။ဆန့်ကျင်ဘက်ဖြစ်သောပဋိရောဓိအကြောင်းနှင့်ပေါင်းဆုံမိလျှင်။ရှေးဖြစ်သောနာမ်တရားနှင့်နောက်နာမ်တရားမတူသောကြောင့်။ ရုပ်တရား မည်၏ဟု-စောဒနာစကား ဝင်ပြားဆုံ။ ထိုစကားသည်။ မှန်လှပေ၏။ထိုသို့ပင်မှန်ပြားသော်လည်း၊ရုပ်တရားကဲ့သို့ နာမ်တရား ရှေ့နောက်မတူခြင်းသည်။ မထင်ရှားထုန်။ ထိုသို့မထင်ရှားသောကြောင့်၊ နာမ်တရားသည်-ဝိသဒိသ အကြောင်းဖြစ်သော။ ရုပ္ပနသဘောမဆိုထိုက်ပေကုန်။ ထိုကြောင့်အနုဋီကာ၌၊ ။အရူပဓမ္မာရူပဓမ္မာနံဝိယပါကဋ ထာဝိကာရဿအဘာဝတောရုဂ္ဂန္တီတိ ရုဋ္ဌနလက္ခဏာတိစနဝုစ္စတိ။ ။ဟုဘ္ဂင့်ပြ၏၊ ။အရူပဓမ္မာ၊နာမ်တရားတို့သည်၊ ရူပဓမ္မာနံ ဒိယာ၊ ရုပ်တရားတို့ကဲ့သို့။ ပါကဋ ဿ၊ ထင်ရှားသော။ ဝိကာရဿ၊ ဘောက်ပြန်ခြင်း၏၊ အဘာဝတော၊ မရှိခြင်းကြောင့်။ရုပ္ပန္တိတိ၊ဘောက်ပြန်တုန်၏ဟူ၍ငင်း။ရုဌနလက္ခဏာန္တိ စ၊ရုပ္ပနလက္ခဏာဟူ၍ငင်း။နဝုစ္စတိ၊မဆိုအပ်၊ ။ရူပဗြဟ္မာတို့အား၊ထင်ရှားသောဿိတဥတု-ဥဏ္ဏ္ဍတု-ဟုဆိုအပ်သော၊ ဆန့်ကျင်သော အကြောင်း တို့ကြောင့်။ ဘောက်ပြန်ခြင်း ရုပ္ပနသဘောမရှိပါလျက်။ အဘဲ့ကြောင့်၊ဗြဟ္မာဟု-သာမညမဆိုမူ၍။ရူပသဒ္ဒါဖြင့်အထူးပြု၍၊ရူပဗြဟ္မာဟုဆိုအပ်လေသနည်းဟူမူ။ ။ဗြဟ္မာတို့အား၊ သဘောဓမ္မတာအားဖြင့်၊ ရုပ်ဟူသော သဘောတရားကို၊ မလွန်နိုင်သောကြောင့်၊ရူပဗြဟ္မာဟုခေါ်ဝေါ်သမုတ်ရလေသည်ဟုမှတ်၊ ။ဗြဟ္မာတို့အား၊ ရုပ်မဘောက်ပြန်ခြင်းဟူသည်၊ ဘုရားလောင်းဖွါးမြင်သောအခါ၊ဘုရားဖြစ်သောအခါစသည်များ၌၊ဝမ်းမြောက်ဝမ်းသာ၊ ရွှင်လန်းစွာဖြင့် ဗြဟ္မာတို့သည်၊ လက်ဝဲလက်ကိုခွေ၍၊ လက်ျာလက်ဖြင့်၊ လက်ပန်းပေါက် ခပ်တီးလေသော်၊ ယုဇနာတသောင်း တိုင်အောင် လက်ပန်းပေါက်သံကို ကြားရလေ၏၊ဤကဲ့သို့လက်ပန်းပေါက်ခတ်ရာ၌၊ ဗြဟ္မာတို့သည်၊ ပကတေ့အခါတို့ထက်၊အထူးသဖြင့် ကိုယ်ရောင်ကိုယ်ဝါ၊ ထွန်းလင်း၍ လှသဖြင့်၊ ချီးမြှောက်သောအနုဂ္ဂဟ ရုပ်ဘောက်ပြန်ခြင်းဖြစ်ရကား၊ ဗြဟ္မာတို့အား၊ ရုပ္ပနသဘောရှိ၏ဟုမှတ်အပ်ကုန်၏၊ ။ဤသည်လျှင်-ရူပပိနိဿယ-မှတ်ဘွယ်တည်း။

## (၃၉) နိဗ္ဗာနအရဝိနိစ္ဆယကိုပြခြင်း၊

နတ္ထိဧတ္ထတဏှာသင်္ခါတံဝါနံ-နိဂ္ဂတံဝါ-တသ္မာဝါနန္တိ နိဗ္ဗာနံ၊ ။အဌကထာ။ ။ဧတ္ထ၊အသင်္ခတဓာတ်၌။ တဏှာသင်္ခါတံ၊တဏှာဟု ဆိုအပ်သော၊ ဝါနံ၊ဝါနသည်၊နတ္ထိ၊မရှိ၊ဝါ၊တနည်းကား၊တသ္မာ၊ထိုအသင်္ခတဓာတ်မှ၊ ဝါနံ၊တဏှာသည်၊နိဂ္ဂတံ၊ထွက်၏။ ဣတိတသ္မာ၊ထိုကြောင့်၊ နိဗ္ဗာနံ၊နိဗ္ဗာန်မည်၏၊ ။ဤသို့-အဌကထာဆရာတို့-ဘွင့်ဆိုသည်နှင့်အညီ၊ ဝါနဟု ဆိုအပ်သောတဏှာမှ၊ထုန်တတ်ထွက်မြောက်တတ်သောထင်ရှားရှိသော သဘောကိုနိဗ္ဗာန်ဟုမှတ်အပ်၏။ ။ရာဂက္ခယော-ဒေါသက္ခယော-မောဟက္ခယော-ဟူ၍၊ ဇမ္ဗုခါဒက သံယုတ်ပါဠိတော်တို့၌၊ ဟောတော် မူသောကြောင့်။ ရာဂ-ဒေါသ-မောဟတို့၏ကုန်ခန်းရာ၊ ငြိမ်းရာသဘောကိုလည်း။ နိဗ္ဗာန်ဟု မှတ်သားအပ်၏၊ ရာဂတို့၏ကုန်ခြင်းကို နိဗ္ဗာန်ဟု မမှတ်သားအပ်၊ ။အဓိကရဏသာဓနဝိဂ္ဂြိုဟ်နှင့်၊ ဘာဝသာဓနဝိဂ္ဂြိုဟ်ကို၊ ကွဲပြားအောင် သတိရှိစေ၊ ။အသင်္ခတဓာတ်ဟုဆိုအပ်သောနိဗ္ဗာန်သည်၊ ပရမတ္ထအားဖြင့် ထင်ထင်ရှားရှားရှိ၏၊ ထိုကြောင့်ရကား၊ အနုဒိုဘာ၌၊ ။အတ္ထေဝ-ပရမတ္ထတောအသင်္ခတဓာတု၊ ။ဟုဘွင့်ပြ၏၊ ။အသင်္ခတဓာတု၊အသင်္ခတဓာတ်ဟုဆိုအပ်သောနိဗ္ဗာန်သည်၊ပရမတ္ထတော၊မှုချဆတ်ဆတ်ပရမတ်အားဖြင့်၊ အတ္ထေဝ၊ထင်ထင်ရှားရှားရှိသည်သာလျှင်တည်း။ ။မိလိန္ဒပဉှာပါဠိတော်၌လည်း၊မိလိန္ဒမင်းကြီးသည်၊ ရှင်နာဂသိန်မထေရ်မြတ်အား၊ အရှင်ဘုရား နိဗ္ဗာန်သည်၊ ထင်ထင် ရှားရှား ရှိပါ၏လောဟု-လျှောက်ကြား၏။ ထိုအခါ ရှင်နာဂသိန်မဟာထေရ်သည်၊ ။အတ္ထိမဟာရာဇနိဗ္ဗာနံမနောဝိညေယျံ၊ ။ ဟုမိန့်တော်မူ၏၊ ။မဟာရာဇ၊မိလိန္ဒမင်းမြတ်။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားသည်၊ အတ္ထိ၊ရှိ၏၊ နိဗ္ဗာနံ၊နိဗ္ဗာန်တရားကို၊ မနောဝိညေယျံ၊မနောဝိညာဏ်ဖြင့် သိအပ်၏။ ။လောကူပမာအားဖြင့်၊ဝါယောဓာတ်ဟု ဆိုအပ်သောလေကဲ့သို့ တည်း၊နိဗ္ဗာန်တရားကို ထင်ထင်ရှားရှားရှိ၏ဟုဆိုရာ၌၊ ရုပ်တရားကဲ့သို့၊ စက္ခုန္ဒြိယကအားဖြင့်၊မြင်မြင်ဝါးဝါး၊ ထင်ရှားသည်မဟုတ်၊ မနောဒွါရိက မနောဝိညာဉ်အားဖြင့်သာလျှင်။ ထင်ရှား၏ဟုမှတ်၊ ။ဤနိဗ္ဗာနကထာ၌၊ အချို့သော ဆရာများသည်၊ ။နိဗ္ဗုန္တိဓီရာယထာယံပဒီပေါ၊ ။ဟူသော ပရိတ်ကြီးပါဠိတော်ကိုအားထား၍၊ နိဗ္ဗာန်ဟူသည် ဆီမီးတောက်ငြိမ်းခြင်း ကဲ့သို့၊ရာဂအစရှိသော တဆဲ့တပါးသောမီးတို့၏ ငြိမ်းခြင်းပင်တည်း။ ရာဂ စသည်တို့၏ မရှိခြင်းမျှပေတည်းဟု-ပြောဆိုကြ၏၊ ထိုဆရာတို့၏ စကား

ကို၊ ပါဠိတော်-အဋ္ဌကထာ ဆရာတို့၏ အဓိပ္ပါယ်များနှင့်—ဆန့်ကျင်သော ကြောင့်၊မမှတ်သားအပ်တုန်။ ။ဝင်းဆရာတို့ကိုးသည့်ကား။သာခကထား သော ပရိတ်ကြီးပါဠိတော်သည့်ကား၊ နိဗ္ဗာန်ကိုပြဆိုသော စကားမဟုတ်၊ ပရိနိဗ္ဗာန် စံသည်ကိုသာလျှင် ပြဆိုသောစကားတည်း။ အဘဲ့ကြောင့်ဟူမူ၊ ၎င်းပါဠိ၏အဆုံး၌ အုဒ္ဒိက္ခံသံဃော-ဟူ၍ ဟောသောကြောင့်တည်း။ အကယ် ၍၊ နိဗ္ဗာန်ကိုဟောသည့်ဖြစ်ငြားအံ့၊ အုဒ္ဒိက္ခံခမ္မေ-ဟုဟောရာ၏။ ဤသို့လည်း မဟောတုန်၊ ။ပရိတ်ကြီး ပါဠိတော် အနက်ကား၊ ။အယံ ပဒီပေါ၊ ဤ ဆီမီးသည်။နိဗ္ဗုတောယထာ၊ငြိမ်းဌေးသကဲ့သို့၊ ဓီရာ၊ ပညာရှိထုန်သော။တော၊ ထိုရဟန္တာ အရှင်မြတ်တို့သည်၊ နိဗ္ဗန္တိ၊ တဘန်မဖြစ်သောအားဖြင့်။ ငြိမ်း ထုန်၏၊ ။အဓိပ္ပါယ်သော်ကား။တုန်ပြီးသော။ဆီးစာဆီရှိသောမီးလျှံသည်၊ အကြွင်းမရှိ၊ ငြိမ်းဌေးဘိသကဲ့သို့၊ ထုန်ပြီးသော-ကံကိလေသာရှိထုန်သော၊ ရဟန္တာအရှင်မြတ်တို့သည်၊ တဘန်မဖြစ်သောအားဖြင့် တဘန်ငြိမ်းတော် မူတုန်၏ဟု-အနုပါဒိသေသနိဗ္ဗာန် စံယူသည့်ကို ရည်၍ဟောတော်မူ၏။

ပရိနိဗ္ဗာန်နှင့်—နိဗ္ဗာန်အထူးကား။ ။ပရိနိဗ္ဗာန်ဟူသည့်—ပညတ်သဘော တည်း။နိဗ္ဗာန်ဟူသည့်ပရမတ်သဘောတည်း။ဤသည်လျှင်အထူးတည်း။ ။ ဤအသင်္ခတဓာတ်— နိဗ္ဗာန်မြတ်သည်၊ စင်စစ်ငြိမ်းဌေးသော၊ အစ္စန္တံ့ဂုပသမ သန္တိလက္ခဏာဖြင့်၊ တပါးတည်းသာတည်း၊ ထိုကြောင့်၊ ဝိသုဒ္ဓိမဂ်အဋ္ဌက ထာ၌၊ ။ဧကမေဝဟိနိဗ္ဗာနံ၊ ။ဟုမိန့်တော်မူ၏။ ။ဟိသစ္စံ၊မှန်၏။နိဗ္ဗာ နံ၊ နိဗ္ဗာန်တရားတော်သည့်၊ ဧကမေဝ၊ တပါးတည်း သာလျှင်တည်း။ ။ ပဘေဒအားဖြင့် သဥပါဒိသေသနိဗ္ဗာန် အနုပါဒိသေသ နိဗ္ဗာန်ဟူ၍၊နှစ်ပါး အပြားရှိ၏။ထိုနှစ်ပါးတို့တွင်၊ ဝိပါက်ခန္ဓာမဂ္ဂရုပ္ပာအကြွင်းရှိသောနိဗ္ဗာန်သည့် သဥပါဒိသေသ နိဗ္ဗာန်မည့်၏၊ အရဟတ္တမဂ်ကိုရည်၍ ဥပစာရထွအားဖြင့် ဆိုသည့်ဟုမှတ်၊ ။ဝိပါက်ခန္ဓာမဂ္ဂရုပ္ပာ အကြွင်းမရှိသောနိဗ္ဗာန်သည့်၊ အနု ပါဒိသေသ နိဗ္ဗာန်မည့်၏၊ ။အသင်္ခတဓာတ်ကိုရည်၍၊ မုချအားဖြင့် ဆို သည့်ဟုမှတ်၊ ဥပါဒိ၊ဟူသည့်၊ ဥပါဒါနက္ခန္ဓာငါးပါးကို မှတ်အပ်၏၊ အဘဲ့ ကြောင့်ဟူမူ၊ ၎င်းခန္ဓာငါးပါးကို၊ ကာမုပါဒါန် စသည်တို့သည့်၊ အာရုံပြု သည့်၏ အစွမ်းအားဖြင့်၊ ပြင်းစွာယူအပ် စွဲလမ်း အပ်သောကြောင့်တည်း။ သေသဟူသည့်၊ ကိလေသာတို့မှ ကြွင်းကျန်ရစ်သော သဘောကိုမှတ်အပ် ၏၊ ဤနှစ်ရပ်ကိုပေါင်းစပ်အပ်သည့်ရှိသော်၊ ။ဥပါဒိယေဝကိလေသေဟိ သေသောတိဥပါဒိသေသော။ ။ဥပါဒိယေဝ၊ခန္ဓာငါးပါးသည်ပင်လျှင်၊ကိ လေသေဟိ၊ကိလေသာတို့မှ၊ သေသော၊ကြွင်းသည်တည်း၊ ဣတိတသ္မာ၊ထို

ကြောင့်၊ ဉပါဒိသေသော၊ ဉပါဒိသေသ မည်၏။ ဤဉပါဒိသေသ နိဗ္ဗာန်ကို ပင်လျှင်၊ ဒိဋ္ဌဓမ္မိကနိဗ္ဗာန်မည်၏ဟု အဋ္ဌကထာပါဠိတော်၌ဟောတော်မူ၏။ ။ နတ္ထိဉပါဒိသေသော ဧတဿာတိအနုပါဒိသေသော။ ။ဧတဿ၊ ထိုအသင်္ခတဓာတ်အား။ ဉပါဒိသေသော၊ ကိလေသာမှ ကြွင်းကျန်ရစ်သော၊ ဉပါဒိ သေသသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုကြောင့်။ အနုပါဒိသေသော၊ အနုပါဒိ သေသမည်၏။ ။ဤအနုပါဒိသေသနိဗ္ဗာန်ကိုပင်လျှင်၊ သမ္ပရာယိကနိဗ္ဗာန် မည်၏ဟု၊ အဋ္ဌကထာပါဠိတော်၌ ဟောတော်မူ၏။ ။ဤလျှင် အကြောင်း ပရိယာယ်အားဖြင့်ပြားဟန်တည်း။

တနည်း။ ။နိဗ္ဗာန်သည် သုညတနိဗ္ဗာန်၊အနိမိတ္တနိဗ္ဗာန်၊ အပ္ပဏိဟိတ နိဗ္ဗာန်၊ဟူ၍ သုံးပါးအပြားရှိ၏။ ထိုတွင်၊ ရာဂ–ဒေါသ–မောဟတို့မှ ဆိတ် သောသဘောကြောင့်၊ သုညတနိဗ္ဗာန်မည်၏။ရာဂ–ဒေါသ–မောဟ တည်း ဟူသောအကြောင်းမှ ကင်းသော သဘောကြောင့်၊ အနိမိတ္တနိဗ္ဗာန်မည်၏။ ရာဂ၊ဒေါသ၊မောဟ၊တည်းဟူသော တောင့်တခြင်းမှ ကင်းသောသဘော ကြောင့်၊အပ္ပဏိဟိတနိဗ္ဗာန်မည်၏။ ။ဤသည်လျှင်၊ အခြင်းအရာအပြား အားဖြင့်၊သုံးပါးပြားသတည်း။

ဤသို့ပြအပ်ပြီးသော အသင်္ခတဓာတ်၊ နိဗ္ဗာန်မြတ်သည်၊ အရိယာသာဝ ကတို့အား၊ ပစ္စက္ခသိဒ္ဓိအားဖြင့်ထင်ရှား၏။ကလျာဏပုထုဇဉ်တို့အား အနု မာနသိဒ္ဓိအားဖြင့်သိမြင်ထင်ရှား၏။ ဤပစ္စက္ခသိဒ္ဓိ၊အနုမာနသိဒ္ဓိနှစ်ပါးသည် လည်း။ဉာဏ်အမြင်၏ထင်ရှားခြင်း။ ဉာဏ်အမြင်၏ အနည်းငယ် ထင်ရှား ခြင်းအားဖြင့်။အာရုံပြုသည်ကိုမှတ်အပ်၏။ထိုကြောင့် သဒ္ဓါယတနသံယုတ် အဋ္ဌကထာ၌၊ ။သပ္ပုရိသာနံ ပညာဒဿနေနပဿန္တာနံ နိဗ္ဗာနံအာလော ကောဝိယပိဝဋံဟောတိ၊ ။ဟု ဘွင့်ပြတော်မူ၏။ ။ပညာ ဒဿနေန၊ ဉာဏ်ပညာအမြင်အားဖြင့်။ ပဿန္တာနံ၊ ရှုမြင်ကြကုန်သော။ သပ္ပုရိသာနံ၊ သူတော်ကောင်းဖြစ်ကုန်သော ကလျာဏပုထုဇဉ် အရိယာတို့အား။ နိဗ္ဗာနံ၊ အသင်္ခတဓာတ်၊နိဗ္ဗာန်မြတ်သည်၊ အာလောကောဝိယ၊နေလ၏အရောင်အ လင်းကဲ့သို့၊ပိဝဋံ၊ဟင်းလင်းပွင့်သည်၊ဟောတိ၊ဖြစ်၏။ ။ဤနိဗ္ဗာနကထာ၌၊ အချို့သောဆရာတို့သည်၊ ။ပဋိပိဋ္ဌမဓ္ဓသဘာဝါနံ သေခါသေခါနံ အရိယ ပုဂ္ဂလာနံ ပတိဋ္ဌာန ဂေါစရနိဝါသနဋ္ဌာနဋ္ဌေနနိဗ္ဗာန နဂရန္တိ ဝုစ္စတိ၊ ။ဟူ သော ဗုဒ္ဓဝံသအဋ္ဌကထာတို့ကို ထောက်ထား၍၊ နိဗ္ဗာန်ဟူသည် အတုမရှိ သောမြို့ကြီးဟူ၍ဝင်း၊ အုံ့ဘွယ်မခန်း နိဗ္ဗာန်နန်းဟူ၍ဝင်းရေးသားကြ၏၊ ။ ပဋိပိဋ္ဌမဓ္ဓသဘာဝါနံ၊ ထိုးထွင်း၍သိအပ်သော လောကုတ္တရာတရား ရှိကုန်

သော။သေက္ခာသေက္ခာနံ၊သေက္ခ—အသေက္ခဖြစ်ကုန်သော။ အရိယပုဂ္ဂလာနံ၊ အရိယာပုဂ္ဂိုလ်တို့၏။ပတိဋ္ဌာန-ဂေါစရ-နိဝါသနဋ္ဌာနဘွေန၊ တည်ရာ,အာရုံပြုရာ,နေရာဟူသောအနက်ကြောင့်၊ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိဗ္ဗာန်တရားမြတ်ကို။နဂရန္တိ၊အုံဘွယ်မခန်း နိဗ္ဗာန်မြို့နန်းဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

ဤအဋ္ဌကထာပါဌ်၌ အဓိပ္ပါယ်သော်ကား။ ။ဤသန္ဓိဝ—အစ္စန္တသဘောလက္ခဏာရှိသော နိဗ္ဗာန်တရားကို၊ ထိုးထွင်း၍ သိအပ်ပြီးသောသစ္စာလေးပါးရှိသော သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်၊ အသေက္ခရဟန္တာပုဂ္ဂိုလ်တို့သည်၊အနုပါဒိသေသပရိနိဗ္ဗာန်မစံမီကာလ—သမယ၌ ငါတို့၏နာမ်ရုပ်ဓမ္မချုပ်ပြီးသည့်နောက်ကာလဝယ်၊ ငါတို့၏တည်ရာကား၊ သင်္ခါရဒုက္ခ-ရာဂစသည်တို့၏ ငြိမ်းရာစင်စစ် ကေန်သဘော လက္ခဏာ ဖြစ်သော နိဗ္ဗာန်သာတည်း။ငါတို့၏အာရုံပြုရာကား၊နိဗ္ဗာန်သာတည်း။ ငါတို့၏မဇရိမသေ၊ အမြဲနေရာကား သန္တိလက္ခဏာ နိဗ္ဗာန်သာတည်းဟူ၍။ သေက္ခအသေက္ခအရှင်မြတ်တို့၏ကြံစည်သော မနောပဏိဓိရှိသော အနက်ကိုသာလျှင် ရည်ရွယ်၍၊ သန္တိလက္ခဏာဖြင့်မှတ်အပ်သည့် နိဗ္ဗာန်တရားကိုအုံဘွယ်မခန်း။ နိဗ္ဗာန်မြို့နန်းဟု၊အဋ္ဌကထာဆရာရှင်ဗုဒ္ဓဒတ္တ ရဟန္တာမိန့်တော်မူ၏။ နိဗ္ဗာန်ဘုံဟူသောဌာန၊ ပရိနိဗ္ဗာန်စံသောပုဂ္ဂိုလ်ဟူသော ဌာနီစကား အဓိပ္ပါယ်များကို၊ ရည်သန်၍ အဋ္ဌကထာ ဆရာမိန့်တော် မူသည် မဟုတ်။ နိဗ္ဗာနံသန္တိလက္ခဏံ၊ ။ဟူ၍-သာလျှင်ရှိ၏။ နိဗ္ဗာနံဌာနလက္ခဏံ-ဟူ၍ အဋ္ဌကထာမရှိ။ ။ ထိုကြောင့် နိဗ္ဗာန်ကို မြို့ကြီး, ပြည်ကြီးဟူ၍ မမှတ်သားအပ်။ ။အရိယာပုဂ္ဂိုလ်တို့၏အာရုံပြုရာ အာရမ္မဏာဓိပတိ ပစ္စည်းတပ်ရာ ဖြစ်သောကြောင့်သာလျှင်၊ နဂရဟူ၍ဆိုသည်ဟုမှတ်။ ထိုကြောင့်၊ အာယတနဝိဘင်းမူလဋီကာ၌။ ။သန္တိကိရိယမာနဥ္စတံ အဓိဂတ္တဗ္ဗာ အာရမ္မဏပစ္စယဘူတဥ္စပဋိစ္စ အဓိပတိပစ္စယဘူတေစ တမ္ဟိပရမဿာသဘာဝေနပိမုတ္တသင်္ခါရဿစဂတိဘာဝေန ပတိဋ္ဌာနဘူတေ ပတိဋ္ဌာယ ခယသင်္ခါတော မဂ္ဂေါ ရာဂါဒယော ခီယတိ။ ။ဟုဘွင့်ပြတော်မူ၏။ ။ယိ၊ ထင်စွာပြဦးအံ့၊ တံ၊ထိုနိဗ္ဗာန်ကို။ အဓိဂတ္တဗ္ဗာ၊ရသိကြ၍၊ သန္တိကိရိယမာနံ၊မျက်မှောက် ပြုအပ်သည်ရှိသော်။ အာရမ္မဏပစ္စယဘူတဥ္စ၊ အာရမ္မဏပစ္စည်းဖြစ်သောဓမ္မာရုံကို၊ ပဋိစ္စ၊အာရုံရည်ရွယ်၍၊အဓိပတိပစ္စယဘူတေစ၊ အဓိပတိပစ္စည်းလည်းဖြစ်သော၊ တမ္ဟိ၊ ထိုထို မိမိမဂ်၌၊ ပရမဿာသ ဘာဝေန၊ အထွန်ချမ်းသာ၊ သက်သာရာကိုရသဖြင့်၊ ဝိမုတ္တသင်္ခါရဿစ၊ ကောင်းစွာသင်္ခါရမှ ထွက်သော ဖလဋ္ဌာန်ပုဂ္ဂိုလ်၏လည်း။ဂတိဘာဝေန၊ရောက်ရာအဖြစ်ဖြင့်၊ ပတိဋ္ဌာနဘူတော၊တည်

ရာဖြစ်သောနိဗ္ဗာန်၌။ ပတိဋ္ဌာယ၊ အာရုံပြုသော အားဖြင့် ထောက်တည်၍။ ခယာဘုတော၊ ကုန်ခြင်းဟုဆိုအပ်သော။မဂ္ဂေါ၊မဂ်သည်။ ရာဂါဒယော၊ရာဂ အစရှိသောကိလေသာတို့ကို။ခိပေတိ၊ထုန်စေတတ်၏။

ဤမူလဋီကာဆရာ၏စကားဖြင့်။ အဓိပ္ပါယ်ထင်ရှားလှလေပြီ။ ။နိဗ္ဗာန် အရဟာတော ဂတိ။ ။ဟူသောပရိဝါပါဠိတော်အရ၊ဒေဝ ဂတိစသော။ဂတိ ငါးပါးကဲ့သို့မဟုတ်။ဝဋ်ဒုက္ခ–ချုပ်ကင်းသဖြင့်။ငြိမ်းအေးသောသန္တိသဘော သို့ရောက်ခြင်းကိုသာလျှင်,မှတ်အပ်၏။ ထို့ကြောင့် မဟာဋီကာ၌။ ။ဂန္တဗ္ဗာ ပါပုဏိတဗ္ဗာတိဂတိနိဗ္ဗာနံ။ ။ဟုဘွင့်ပြ၏။ ။ဂန္တဗ္ဗာပါပုဏိတဗ္ဗာ၊အာ ရုံပြုသောအားဖြင့်ရောက်အပ်၏။ ဆုတိတဿ၊ထို့ကြောင့်။ဂတိ၊ဂတိမည်၏။ နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ လဗ္ဘတိ၊ရအပ်၏။ ။နိဗ္ဗာန်တရားကို ဥပမာအားဖြင့် သာ လျှင် မြို့ဟုမှတ်အပ်၏။ ထို့ကြောင့်၊ သုတ်ပါထေယျအဋ္ဌကထာ၌။ ။နဂရံ ဝိယယတိနိဗ္ဗာနံ၊ပါကာရောဝိယသီလံ၊ ပရိယာယပထောဝိယဟိရီ၊ ဒွါရံဝိယ အရိယမဂ္ဂေါ၊ ပဏ္ဍိတဒေါဝါရိကောဝိယ ဓမ္မသေနာပတိ၊ နဂရပ္ပဝိသနက- နိက္ခမနကဩဠာရိကပါဏာဝိယ အတီတာနာဂတပစ္စုပ္ပန္နာဗုဒ္ဓါ။ ။ဟူ၍ ဘွင့်ပြ၏။ယတိ၊ထင်ရှားစွာပြဦးအံ့။ နဂရံဝိယ၊မြို့ကြီးကဲ့သို့၊ နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ ပါကာရောဝိယ၊မြို့တံတိုင်းကဲ့သို့။ သီလံ၊သီလကို။ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ပရိယာယပထောဝိယ၊မြို့ကိုလှည့်၍သွားသော မင်းလမ်းမခရီး ကဲ့သို့။ဟိရီ၊ဟိရီကို။ ဒဋ္ဌဗ္ဗာ၊မှတ်အပ်၏။ ဒွါရံဝိယ၊မြို့တံခါးကဲ့သို့။ အရိယ မဂ္ဂေါ၊အရိယမဂ္ဂင်ရှစ်ပါးကို။ ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။ ပဏ္ဍိတဒေါဝါရိကောဝိ ယ၊ပညာရှိတံခါးစောင့်ကဲ့သို့။ဓမ္မသေနာပတိ၊ရှင်သာရိပုတြာကို။ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။နဂရပ္ပဝိသနက နိက္ခမနကဩဠာရိက ပါဏာဝိယ၊ မြို့သို့ထွက် ဝင်သောသတ္တဝါတို့ကဲ့သို့။အတီတာနာဂတပစ္စုပ္ပန္နာ၊အတိတ်,အနာဂတ်, ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဗုဒ္ဓါ၊ ဘုရားရှင်တို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ ။ နိဗ္ဗာနအရ-ဝိနိစ္ဆယပြီးပြီ။

## (၄၀) ဓိဗ္ဗာဘေဒကိုခွဲပြခြင်း။

ဤသို့ဝိဘာဂဝဏ္ဏနာ၊အမည်ရသော။ အဘိဓမ္မတ္ထ တရားတို့ကို ပြဆိုပြီး၍။ ဝိဘာဂါကာရတရားတို့ကိုပြတော်မူလိုသော ရှင်အနုရုဒ္ဓါဆရာမြတ်သည်။ တတ္ထစိတ္တံတာဝ၊ ဟူသော ပါဠိကိုမိန့်။ အဓိပ္ပါယ်သော်ကား။ အဘိဓမ္မတ္ထ တရားလေးပါးတို့တွင်။စိတ်သည်အာရုံခြောက်ပါးကိုသိသောဝိသယဝိဇာန

နနလက္ခဏာအားဖြင့် တပါးဘည်းသာတည်း။ ဝိသေသလက္ခဏာအားဖြင့် လောကိယစိတ်၊ လောကုတ္တရစိတ်အားဖြင့်။ ၂-ပါးတည်း။ ။လောကိယ ဟူသည်၊ အကြွင်းမဲ့ ပျက်တတ်သော လောက၌ ဖြစ်တတ်သောကြောင့်၊ လောကီ-မည်၏ဟုမှတ်။ လောကုတ္တရာ-ဟူသည်၊ အကြွင်းမဲ့ ပျက်တတ်သောလောကမှ ထွက်မြောက်တတ်သောကြောင့်။ လောကုတ္တရာမည်၏ဟု မှတ်။ ။တနည်း။ပရိယာပန္နစိတ်။ အပရိယာပန္နစိတ်အားဖြင့် ၂-ပါးအပြား ရှိ၏။ထို ၂-ပါးတို့တွင်၊လောကီစိတ် ၈၁-ခုသည်၊ဝဋ်တရား၌အကျုံးဝင် သောကြောင့်၊ ပရိယာပန္နစိတ်မည်၏၊ လောကုတ္တရာစိတ် ၈-ခုသည်၊ ဝဋ် တရား၌ အကျုံးမဝင်သောကြောင့်၊အပရိယာပန္နစိတ်မည်၏၊ ။ဤကား ဒုကနည်းတည်း၊

တိကနည်းအားဖြင့်၊ စိတ်သည် ပရိတ္တစိတ်, မဟဂ္ဂုတစိတ်, အပ္ပမာဏ စိတ်,အားဖြင့်။ ၃-ပါးအပြားရှိ၏၊ ။ထိုသုံးပါးတို့တွင် ကာမစိတ် ၅၄-ခု သည်၊နည်းသောအာနုဘော်ရှိသောကြောင့်။ ပရိတ္တစိတ်မည်၏။ ရူပါဝစရ, အရူပါဝစရ, ၂၇-ခုသည်၊ မြတ်ထုံသော- ဈာန- လာဘီ- ပုဂ္ဂိုလ်တို့ သည်၊ ရောက်အပ်ကုန်သောကြောင့်။ မဟဂ္ဂုတစိတ်မည်၏၊ လောကုတ္တရာ စိတ်သည်၊ နှိုင်းယှဉ်အပ်သော၊ ရာဂစသော၊ ကိလေသာတို့၏ ဆန့်ကျင် ဘက်ဖြစ်သောကြောင့်၊ အပ္ပမာဏ စိတ်မည်၏။ ။အာရမ္မဏ အနုဘဝန စိတ်။အာရမ္မဏ-နာနုဘဝနစိတ်အားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့ တွင်။ ကုသိုလ်, အဗျာကိတ်စိတ်သည်၊ ရာဂစသည်တို့မှဧရင်း၊ အလောဘ စသည်တို့မှဧရင်း၊ဖြစ်သောကြောင့်။ အာရုံ၏အရသာကို ခံစားတတ်ရကား၊ အာရမ္မဏ အနုဘဝနစိတ်မည်၏၊ ဝိပါက်စိတ်သည်၊ ကံအဟုန်သည်ပစ်ချ အပ်သည်ဖြစ်ရကား၊ အာရုံ၏အရသာကို မခံစားတတ်။ ကြိယာစိတ်သည် အထွန်အားနည်းသည်၏အဖြစ်ကြောင့်ဧရင်း၊ အထွန်ပြိမ်သက်သည်၏ အဖြစ် ကြောင့်ဧရင်း။အာရမ္မဏနာနုဘဝနစိတ်မည်၏။ ။ဤလျှင်၊မူလဋီကာကျမ်း အရ၊ဒုကဘေဒကိုတိက၌သွင်း၍။အထူးဝိသေသ ဆက်၍ပြခြင်းတည်း၊ ။ ဤလျှင် တိက နည်းတရပ်၊

စတုက္ကနည်းကိုပြဦးအံ့။ ။စိတ်သည်ဟီနစိတ်၊ ဥက္ကဋ္ဌစိတ်၊ ဥက္ကဋ္ဌတရ စိတ်၊ဥက္ကဋ္ဌတမစိတ်အားဖြင့်၊ ၄-ပါးအပြားရှိ၏၊ ထို ၄-ပါးတို့တွင်။ကာမ စိတ်သည်ယုတ်သောကာမဘုံ၌၊အကျုံးဝင်သောကြောင့်၊ ဟီနစိတ်မည်၏၊ ရူပစိတ်သည် မြတ်သောရူပဘုံ၌ အကျုံးဝင်သောကြောင့်၊ ဥက္ကဋ္ဌစိတ်မည် ၏၊ အရူပစိတ်သည်၊ မြတ်သည်ထက် မြတ်သော အရူပဘုံ၌ အကျုံးဝင်

သောကြောင့်၊ ဥက္ကဋ္ဌတရစိတ်မည်၏၊ လောကုတ္တရာစိတ်သည်၊ မြတ်သည့်ထက် အလွန်မြတ်သော နိဗ္ဗာန်အာရုံ၊ အမြိုက်ဘုံကို၊ ခိုလှုံသည်၏ အဖြစ်ကြောင့်၊ ဥက္ကဋ္ဌတမ စိတ်မည်၏။ ။ဤလျှင် စတုက္ကဘေဒ-အားဖြင့် စိတ်သချ်ပြခြင်းတည်း။

ဤနေရာ၌၊လင်္ကာအချုပ်-နယဂုဏ်ကား၊ ။ဤသို့မှတ်အပ်၊သိအပ်၏၊

(၁) အာရုံခြောက်တွေ့၊ကြံသိလေ၊ဧကေစိတ်အရ။ ။
(၂) ရှစ်ဆဲ့တဖြာ၊လောကီမှာ၊ရှစ်ဖြာလောကုတ်ပြ။ ။
(၃) ကာမမဟာဂ်၊လောကုတ်စွက်၊သုံးချက်စိတ်အရ၊ ။
(၄) ငါးဆဲ့လေးဖြာ၊စိတ်ကာမာ၊ရူပါဆဲ့ငါးပြ။ ။
(၅) အရူပမှာ၊ဆဲ့နှစ်ဖြာ၊ရှစ်ဖြာလောကုတ္တရ၊ ။
(၆) တခုယုတ်ကိုးဆယ်၊အကျဉ်းသွယ်၊စိတ်ဝယ်မှတ်အပ်စွ။
(၇) မဂ်ဖိုလ်-နှစ်ဆယ်စီ၊ပေါင်းပြန်မှီ၊တထီအကျယ်ပြ။ ။
(၈) စိတ္တသချ်၊အကျဉ်းချုပ်၊မယုတ်မှတ်အပ်စွ။

---

## (၄၁) ဘုံကိုကာမာဝစရခေါ်ပုံကိုပြခြင်း။

ကာမာဝစရစိတ္တံ-အရအဓိပ္ပါယ်သော်ကား၊ ကာမသည် ဝတ္ထုကာမ၊ ကိလေသကာမအားဖြင့်နှစ်ပါးရှိ၏၊ထိုတွင်ဆန္ဒရာဂသည် ကိလေသကာမ မည်၏၊အဘဲ့ကြောင့်ဟူမူ၊ ဝတ္ထုကာမဟုဆိုအပ်သောဘုံသုံးပါး၌ ဖြစ်သော ဝဋ်တရားကို။အလိုရှိတတ်သောကြောင့်တည်း။ ။ထိုကြောင့်မရဒိကာ၌။ ။ကာမေတီတိကာမော၊ဆန္ဒရာဂေါ။ ။ဟုဘွင့်ပြ၏။ ။ယော၊အကြင် ကိလေသကာမသည်။ ကာမေတိ၊ဝတ္ထုကာမကိုအလိုရှိတတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်။သော၊ထိုကိလေသကာမသည်။ ကာမော၊ကာမမည်၏၊ ဆန္ဒရာဂေါ၊ဆန္ဒရာဂကို၊ လဗ္ဘတိ၊ရအပ်၏။ ။ဘုံသုံးပါး၌ ဖြစ်သော ဝဋ်တရားသည် ဝတ္ထုကာမမည်၏၊ အဘဲ့ကြောင့်ဟူမူ။ ကိလေသကာမသည် အလိုရှိအပ်သော ကြောင့်တည်း။ ။ထိုကြောင့် မရဒိကာ၌။ ။ကာမိယတေတိ ကာမော၊ဝတ္ထုကာမော။ ။ဟုဘွင့်ပြ၏။ ။ယောပဒေသော၊အကြင်ထဆဲ့တပါးသောအရပ်ကို၊ ကာမိယတေ၊ ကိလေသကာမသည် အလိုရှိအပ်၏၊ ဣတိတသ္မာ၊ထိုကြောင့်၊ သောပဒေသော၊ထိုတဆဲ့တပါးသော အရပ်သည်၊ ကာမော၊ကာမမည်၏၊ဝတ္ထုကာမော၊ဝတ္ထုကာမကို။လဗ္ဘတိ၊ရအပ်၏၊

ထို ၂-ပါးအပြားရှိသောကာမသည်၊ ဤတဆဲ့တပါးသောအရပ်၌၊ အာရုံ အာရမ္မဏိကအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သောကြောင့်၊ အပါယ် လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်သည် ကာမာဝစရမည်၏။ ထိုကြောင့်၊ မူလဋီကာ၌၊ ။ကာမောဧတ္ထ စရတိ ဧတ္ထာတိကာမာဝစရော၊ အဝီစိအာဒိ ကောဒသဝိဓောဘဝေါ။ ။ဟုဘွင့်ပြ၏၊ ။ဧတ္ထ၊ ဤတဆဲ့ တပါးသော အရပ်၌။ ကာမော၊ နှစ်ပါးသောကာမသည်။ အဝစရတိ၊ ကျင်လည်တတ်ဖြစ် တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သော၊ ထိုတဆဲ့တပါးသော အရပ်သည်။ ကာမာဝစရော၊ ကာမာဝစရမည်၏။ အဝီစိအာဒိကောဒသဝိဓော၊ အဝီစိ အစရှိသော တဆဲ့တပါးအပြားရှိသော၊ ဘဝေါ၊ ဘုံဘဝကို။ လဗ္ဘတိ၊ ရအပ် ၏။ ။ဤဋီကာဆရာတော်မိန့်အပ်သောအဘိဓေယျတ္ထစကားကို ထောက် သဖြင့်၊ အဝီစိငရဲကြီးသို့ ရောက်ရခြင်းသည်လည်း။ လိုချင်တောင့်တသော။ ကာမတဏှာကြောင့်သာလျှင် ရောက်၏ဟုမှတ်၊ မလိုဘဲနှင့် အဝီစိငရဲသို့ ရောက်ရသောသူ မရှိဟု မှတ်အပ်တော့သည်၊ အကယ်၍၊ အဝီစိငရဲသို့၊ မလိုချင်ဘဲနှင့် ရောက်ရသည်ဖြစ်၏ဟုဆိုလျှင်၊ အဝီစိငရဲကြီးသည်၊ ကာမ တဏှာ၏ ကျင်လည်ရာ မဟုတ်သည်ဖြစ်၍၊ ကာမာဝစရဘုံဟု ခေါ်ဝေါ် အပ်သော လက္ခဏာသ ရောက်ရလိမ့်မည်၊ ထိုသို့ ဖြစ်ရကား၊ မဟာအဝီစိ ငရဲကြီးသို့လည်းလိုချင်သောကာမတဏှာ၊ဘဝပတ္ထနာကြောင့်သာ၊ရောက် ရတော့သည်ဟုမှတ်။ ထိုကြောင့်၊ အနုဋီကာ၌လည်း။ ။အဝီစိအာဒိကော ဒသော ကာသနိန္နတာယ ဧကဒ္ဓိဘဏ္ဍံကာမတဏှာဘာဝေန ဂဟေတွာတံ သဘာဝါယဝိသယဘာဝေန ကာမာဝစရဓမ္မာနံဥပလက္ခေတဗ္ဗတ္တာ။ ။ ဟုဘွင့်ပြ၏၊ ။အဝီစိအာဒိကောဒသောကာသနိန္နတာယ၊ အဝီစိအစရှိသော တဆဲ့တပါးသောအရပ်သို့ ညွတ်သည်၏အဖြစ်ဖြင့်၊ ဧကဒ္ဓိဘဏ္ဍံ၊ တစုံတခု သောတဏှာကို။ကာမတဏှာဘာဝေန၊ ကာမတဏှာ၏အဖြစ်ဖြင့်။ ဂဟေ တွာ၊ယူ၍။ တံသဘာဝါယ၊ ထိုညွတ်သောတဏှာသဘော၏၊ ဝိသယဘာ ဝေန၊ အာရုံ၏အဖြစ်ဖြင့်။ ကာမာဝစရဓမ္မာနံ၊ ကာမာဝစရတရားတို့ကို၊ ဥပ လက္ခိတဗ္ဗတ္တာ၊ မှတ်အပ်သည့်၏ အဖြစ်ကြောင့်တည်း။ ။ဤသို့ အနုဋီကာ ဆရာဘွင့်ပြတော်မူသည်အတိုင်း။ ကောင်းမွန်စွာညွှတ်မဆိုင်းဘဲ မှတ်အပ် တော့သည်၊

ထိုစကားရပ်ဝယ်။ တဝတာဘန်၊ စောဒနာဝင်ရန်မှာမူကား၊ ဝိစိငရဲသို့၊ ရောက်ဘို့ရန်ကို၊ တစုံတယောက်သောသူသည်၊ တောင့်တခြင်းအမှုဘယ် အခါမှ မပြုသောကြောင့်၊ အဘယ်မှာ အဝီစိငရဲသို့။ လိုချင်၍ ရောက်ရပါ

သည်ဟုဆိုရန်ရှိတော့အံ့နည်းဟုမေးပြီးအံ့။ ။ထိုစောဒကစကားကို ဤသို့ ဖြေကြားအပ်၏။ ဖြေကြားဟန်ကား၊ ။ငင်းပုဂ္ဂိုလ်တို့သည်၊ အဝိဇ္ဇာကို မိမိသည်၊ ခံရမည့်ဒုက္ခဆင်းရဲကိုတွေ့မြင်၍၊ အလိုပင်မရှိပြီးသော်လည်း၊ ငင်းပုဂ္ဂိုလ်မှာရှိသော၊ ဘဝနိကန္တိသည် တောင့်တသည်၏ အဖြစ်ကြောင့်၊ မိမိပြုသော အကုသိုလ်ကံ၏ အဘော်။ ထကျော်နိ ကန္တိကြောင့်၊ အဝိဇ္ဇာသို့ ရောက်ရတော့သည်ဟုမှတ်။ ထို့ကြောင့်။ မဏိသာရမဉ္ဇူသာ၌၊ ။တဏှာ ကာမိယတိတိ ကိလေသကာမေနပတ္ထိယတိ၊ ယမိဒံဝံသုဂတိဘဝေါယေဝ ကာမယောနာမသိယာ၊နဒုဂ္ဂတိဘဝေါ၊ကသ္မာ၊တေနအပတ္တိတဗ္ဗာတိ။န၊ဘဝ နိကန္တိယာပတ္ထိတဗ္ဗာ။ ဥပပတ္တိဘဝေဟိနိကန္တိယာသတိတဒါဓာရဘာဝ တောတန္နိန္နတာယသော ပဒေသောပိတာယ ပတ္ထိတောနာမ၊ ။ဟုဘွင့်ပြ၏။ ။တဏှာဝစနေ၊ထိုစကားရပ်၌၊ကာမိယတိတိ၊ဟူသည်ကား၊ကိလေသ ကာမေန၊ ကိလေသကာမဖြင့်၊ ပတ္ထိယတိ၊ တောင့်တအပ်၏၊ ယမိဒံယာ၊ အကယ်၍ ကိလေသကာမဖြင့်တောင့်တသည်ဖြစ်ငြားအံ့၊ ဝံသုဂတိ၊ဤသို့ ဖြစ်သည်ရှိသော်၊ သုဂတိဘဝေါယေဝ၊ သုဂတိဘဝသည်သာလျှင်၊ ကာ မယောနာမ၊ ကာမမည်သည်၊ သိယာ၊ ဖြစ်ရာ၏၊ ဒုဂ္ဂတိဘဝေါ၊ ဒုဂ္ဂတိဘဝ သည်၊ နသိယာ၊ မဖြစ်ရာ။ ကသ္မာ၊ အဘယ့် ကြောင့်နည်း ဟူမူကား။ တေန၊ ထိုကိလေသ ကာမဖြင့်၊ အပတ္ထိတဗ္ဗာ၊ မတောင့်တ အပ်သည်၏ အဖြစ် ကြောင့်တည်း၊ ဣတိအယံ၊ ဤသည်ကား၊ စောဒနာ၊ အမေးတည်း။တံ၊ထို စကားသည်။န၊မဟုတ်။ ကသ္မာ၊ အဘယ့်ကြောင့်ဟူမူကား၊ ဘဝနိကန္တိယာ၊ ဘဝသို့ တပ်သော နိကန္တိဖြင့်၊ ပတ္ထိတဗ္ဗာ၊ တောင့်တ အပ်သည့်၏ အ ဖြစ်ကြောင့်တည်း၊ ဟိသစ္စံ၊မှန်၏။ ဥပပတ္တိဘဝေ၊ ဖြစ်လတ္တံ့သော ဥပပတ္တိ ဘဝ၌၊ နိကန္တိယာ၊နိကန္တိသည်၊ သတိ၊ရှိသော်၊ တဒါဓာရဘာဝတော၊ထို သူ၏ တည်ရာ ဖြစ်သောကြောင့်၊ တန္နိန္နတာယ၊ ထိုဘဝသို့ ညွတ်သဖြင့်၊ သောပဒေသောပိ၊ ထိုဒုဂ္ဂတိသားတို့၏တည်ရာအရပ်ကိုလည်း၊ တာယ၊ထို တဏှာတရားဖြင့်၊ပတ္ထိတောနာမ၊တောင့်တအပ်သည်မည်၏။ ။ဘဝတဏှာ နှင့်၊ ဘဝပတ္ထနာ တရားကား၊ မထူးခြားတုန်ဟုမှတ်။ ထို့ကြောင့်၊ ။အဠ ကထာ၌၊ ။ဘဝတဏှာတိဘဝပတ္ထနာ။ ။ဟုမာတိကာအဘွင့်တွင်ပြ၏။ ။ တဝတဏှာတိ၊ ဘဝတဏှာဟူသည်ကား၊ ဘဝပတ္ထနာ၊ဘဝကိုတောင့်တ သောပတ္ထနာတည်း၊ ထိုနည်းအတူ သုတ်ပါထေယျဋီကာ၌လည်း။ ။ဘဝ ပတ္ထနာနာမ ကာမဘဝါဒိနံ ပတ္ထနာဝသေနပဝတ္တတဏှာ၊ ။ဟုပြ၏။ ။ ပတ္ထနာသည်။နှုတ်ကမြွက်၍တောင်းမှပတ္ထနာမည်သည်မဟုတ်၊ ဖြစ်လတ္တံ့

သောဘာဝရွှ။ ဘာဝနိကန္တိဖြင့်ဖြစ်လိုဘိသောတဏှာသာတည်းဟု မှတ်လေ၊ ခဲဆစ်တည်း။

ဤသို့ပြဆိုခဲ့ပြီးသော ကာမနှစ်ပါးတို့၏ကျင်လည်ရာ ဖြစ်သောကြောင့်။ ကာမာဝစရမည့်၏ဟူရာ၌။ ဝိသယဝိသယီ အဖြစ်ဖြင့် တကွတည့်သော။ အာရုံအာရမ္မဏိက အဖြစ်ဖြင့် အချင်းချင်းစပ်သော။ နှစ်ပါးအပြားရှိသော ကာမ၏ ကျင်လည်ရာ အရပ်ကိုမှတ်အပ်၏။ ဤသို့မှတ်အပ်သဖြင့်။ အဘယ်သို့သောဂုဏ်ထူးဝိသေသ။ ရရှိလေသနည်းဟူမူကား။ ။ဤသို့ကိလေသ ကာမ၊ ဝတ္ထုကာမနှစ်ပါးဖြင့်၊ မှတ်အပ်သည်ကိုဆိုသဖြင့်၊ ကိလေသကာမ မပါမရှိ၊ ဝတ္ထုကာမ၏သာလျှင် ဖြစ်ရာဖြစ်ဘိသော။ ရူပ, အရူပ ခေတ်နှစ်ပါးကိုပယ်ရှား အပ်တော့သည်ဟု ဂုဏ်ပုဒ်ကိုမှတ်အပ်၏၊ ။ထိုကြောင့် မူလဋီကာ၌၊ ။တေန ဝတ္ထုကာမသောဝ ပဝတ္တိဒေသော ရူပါရူပခေတ္တ ဒွယံအပနီတံဟောတိ၊ ။ဟုဘွင့်ပြ၏။ ။တေန၊ ထိုနှစ်ပါးအပြားရှိသော ကာမကို သဂြိုဟ်အပ်သဖြင့်။ ဝတ္ထုကာမသောဝ၊ ဝတ္ထုကာမ၏သာလျှင်။ ပဝတ္တိဒေသော၊ ဖြစ်ရာအရပ်ဖြစ်သော။ ရူပါရူပခေတ္တဒွယံ၊ ရူပါရူပခေတ်နှစ်ပါးကို၊ အပနီတံ၊ ပယ်ရှားအပ်သည်၊ ဟောတိ၊ ဖြစ်၏။

ဤသို့ဖြစ်လျှင် ရူပါဝစရ၊ အရူပါဝစရတရားတို့၏ ဝတ္ထုကာမ၏ အဖြစ်ကြောင့်၊ ထိုရူပါဝစရ-အရူပါဝစရတရားလျှင် အာရုံရှိထုန်သော။ ရူပရာဂ၊ အရူပရာဂတို့၏လည်း၊ ကိလေသ ကာမ၏ အဖြစ်ပြီးသောကြောင့်။ အာရုံ အာရမ္မဏိက၏ အစွမ်းအားဖြင့် တည်သော ဝတ္ထုကာမ၊ ကိလေသကာမ ၂-ပါးသည်၊ ရူပ, အရူပဘုံ၌ဖြစ်သည်မဟုတ်လောဟုမေးငြားအံ့၊ ။ထိုဝတ္ထု ကာမကိလေသကာမ နှစ်ပါးသည်၊ ရူပဘုံအရူပဘုံတို့၌ မဖြစ်ဟုမှတ်၊ အဘယ့်ကြောင့်ဟူမူ၊ ရုန့်ရင်းသော ကိလေသာဟု ဆိုအပ်သော ကာမရာဂကိုသာလျှင်၊ ကိလေသကာမ၏အဖြစ်ဖြင့် ယူအပ်သောကြောင့်တည်း၊ ထိုသို့ ရုန့်ရင်းသောကိလေသာဖြစ်သော ကာမရာဂကို၊ ကိလေသကာမ၏ အဖြစ်ဖြင့်၊ ယူအပ်သည်ကိုဆိုအပ်သဖြင့်၊ ရူပ, အရူပဘုံတို့၌၊ ဖြစ်ကုန်သောဗိမာန်, ပဒေသာပင်, အစရှိသော ကာမာဝစရ တရားတို့၌တပ်သော နိကန္တိ၏သဘိမ်မွေ့သည်၏အဖြစ်ကြောင့်။ ကိလေသကာမ၌မယူအပ်ဟုမှတ်၊ ရုန့်ရင်းသော ကာမ ရာဂကိုသာလျှင်။ ကိလေသာ ကာမအဖြစ်ဖြင့် ယူအပ်၏ဟူလို။ ။ ထိုကြောင့်၊ အဘိဓမ္မာဝတာရ ဋီကာသစ်၌၊ ။ဩဠာရိကဘူတဿ ဗဟာလ ကိလေသဿဝ ကာမရာဂဿ ဧဝ ကိလေသကာမ ဘာဝေန အဓိပ္ပေတတ္တာ။ ။ဟုဘွင့်ပြ၏၊ ။ဩဠာရိကဘူတဿ၊ ဩဠာရိက

ဖြစ်သော၊ ဗဟလကိလေသသေဿဝ၊ အားကြီးထူထဲသော ကိလေသာ၏ သာလျှင်ဖြစ်သော၊ ကာမရာဂထော၊ကာမရာဂကို၊ အုံခ၊၍နေရာ၌၊ ကိလေသကာမဘာဝေန၊ကိလေသကာမ၏အဖြစ်ဖြင့်၊အဓိပ္ပေတဗ္ဗာ၊အလိုရှိအပ်သည်၏အဖြစ်ကြောင့်တည်း။

၍သို့ပြုအပ်ပြီးသော၊ ကာမနှစ်ပါး၏ကျင်လည်ရာဖြစ်သောကြောင့်၊တဆဲ့တပါးသောအရပ်သည်၊ ကာမာဝစရမည်၏ဟုဆိုလျှင်၊ ထိုတဆဲ့တပါးသောအရပ်၌၊ ရူပါဝစရ၊ အရူပါဝစရ တရားတို့ သည်လည်း ဖြစ်သောကြောင့်၊ ထိုတဆဲ့တပါးသော အရပ်သည်၊ ရူပါဝစရ-အရူပါဝစရမည်ရာသောအရပ်၌၊ ဝတ္ထုကာမမှတပါးသော ရူပါဝစရ-အရူပါဝစရ တရားတို့သည် မဟုတ်လောဟူမူ။ မမည်ရာ၊ အဘဲ့ကြောင့် ဟူမူ၊ ထိုတဆဲ့တပါးသည်ရှိငြားသော်လည်း၊ ထိုထိုကာမတို့ဖြင့် သာလျှင်၊ ထိုအရပ်ကို၊ မှတ်အပ်သည်၏အဖြစ်ကြောင့်တည်း၊လောကူပမာအားဖြင့်သော်ကား၊ ။အကြင်အရပ်၌၊ သေရည်, သေရက်သောက်သောသူတို့သည်၊ ကျင်လည်၍နေ၏၊ ထိုနောက် ထိုအရပ်ဝယ် တပါးသော သူတို့သည် နေထိုင်လာငြားသော်လည်း၊ရှေးဦးစွာသေရည် သေရက်သောက်သောသူတို့ဖြင့်၊ အရက်သမားတို့၏ နေရာအရပ်ဟူ၍ မှတ်အပ်ပြီးသည်၏ အဖြစ်ကြောင့်၊ အရက်သမားတို့၏နေရာဟူ၍ ဆိုအပ်သကဲ့သို့တည်းဟု မှတ်အပ်တော့သည်၊ ။ ၍လျှင် ဘုံကိုကာမာဝစရခေါ် ခြင်းတည်း။

---

## (၄၂) စိတ်ကိုကာမာဝစရ-ခေါ်ပုံကိုပြခြင်း။

၍ငါးဆဲ့လေးပါးသော စိတ်သည်ကား၊ တဆဲ့တပါးသော အရပ်ဟုဆိုအပ်သော၊ ၍ကာမာဝစရဘုံ၌၊ ကျင်လည် တတ်သည်၏ အဖြစ်ကြောင့်၊ ကာမာဝစရစိတ်ဟု ဆိုအပ်၏၊ ထိုကြောင့် မရှိကာ၌၊ ။ကာမာဝစရေ ယေဘုယျေနအဝစရန္တီတိကာမာဝစရာ၊ ။ဟုဘွင့်ပြ၏၊ ။ယေဓမ္မာ၊အကြင်ငါးဆဲ့လေးပါးသော တရားတို့သည်၊ ကာမာဝစရေ၊ ကာမာဝစရဘုံ၌၊ ယေဘုယျေန၊များသောအားဖြင့်၊ အဝစရန္တိ၊ ကျင်လည်တတ် ဖြစ်တတ်ကုန်၏၊ ဣတိတသ္မာ၊ထိုကြောင့်၊ တေဓမ္မာ၊ တို့သည်၊ ကာမာဝစရာ၊ ကာမာဝစရမည်ကုန်၏၊ ။၍စိတ်ကို ကာမာဝစရာ ဝစရဟု ဆိုအပ်လျက်၊ တခုသော အဝစရသဒ္ဒါကိုချေ၍၊ကာမာဝစရဟု ဆိုအပ်၏၊ ၍စိတ်သည် ကာမဘုံ၌ကျင်လည်တတ်သောကြောင့်၊ ကာမာဝစရ မည်၏ဟု ဆိုလျှင်၊

ဤငါးဆဲ့လေးပါးသောစိတ်သည်၊ ကာမဘုံ၌သာလျှင်ကျင်လည်သေးသည် မဟုတ်၊ရူပ,အရူပဘုံ၌လည်း။ ကျင်လည်တတ်သောကြောင့်။ ရူပါဝစရ-အရူပါဝစရစိတ်လည်းမည်မှုရအံ့လောဟူမူ၊ မမည်သင့်၊ အဘဲ့ကြောင့်ဟူမူ၊ များသောအားဖြင့် ကျင်လည်ခြင်းကို အလိုရှိသော ကြောင့်တည်း။ ။ထို ကြောင့်မရဒိကာ၌။ ။ယေဘုယျစရဏအဠေဩဒဋ္ဌဗ္ဗံ၊ ။ဟုဘွင့်ပြ၏၊ ။စ၊ ဆက်၍ဆိုဦးအံ့။ ထွေ၊ဤနေရာ၌၊ယေဘုယျစရဏံ၊ များသောအားဖြင့် ကျင် လည်ခြင်းကို၊ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏၊ ။ဤငါးဆဲ့လေးပါးသောစိတ်သည်၊ရူပ, အရူပဘုံ၌၊ ဖြစ်ငြားသော်လည်း၊ များသောအားဖြင့် ကာမဘုံ၌ ဖြစ်သော ကြောင့် ကာမာဝစရစိတ်မည်၏ဟုဆိုအပ်၏။ ။လောကူ ပမာအားဖြင့်၊ စစ်မြေရာ အရပ်၌၊ များသော အားဖြင့် ကျင်လည် တတ်သည်၏ အဖြစ် ကြောင့်၊ စစ်ဆင်,ဟူ၍ရအပ်သော အမည်ရှိသောဆင်သည်၊ တပါးသော မြို့အရပ်၌၊ကျင်လည်သည်ကို တွေ့မြင်သော်လည်း၊ စစ်ဆင်ကြီးဟူ၍သာ ခေါ်ဆိုအပ်သကဲ့သို့တည်း-ဟု မှတ်အပ်တော့သည်။

တနည်း၊ဤငါးဆဲ့လေးပါးသောစိတ်၌၊ကာမတဏှာသည်အာရုံပြုသော အားဖြင့်၊ကျင်လည်တတ်ဖြစ်တတ်သောကြောင့်။ ၎င်းငါးဆဲ့လေးပါးသော စိတ်သည်ကာမစိတ်မည်၏ဟုမှတ်၊ ။ထိုကြောင့်၊ဓမ္မသင်္ဂဏီအဋ္ဌကထာ၌၊ ။ အာရမ္မဏကရဏဝသေနဝါထွေကာမောအဝစရတီတိပိကာမာဝစရံ။ ။ ဟုဘွင့်ပြ၏။ ။ထွေ၊ဤငါးဆဲ့လေးပါးသောစိတ်၌၊ကာမော၊ကာမတဏှာ သည်၊အာရမ္မဏကရဏဝသေန၊ အာရုံပြုသည်၏အစွမ်းအားဖြင့်။ အဝစရ တိ၊ကျင်လည်တတ်၏၊ ဣတိတသ္မာ၊ထိုကြောင့်၊တံစိတ္တံ၊ထိုစိတ်သည်၊ ကာ မာဝစရံ၊ ကာမာဝစရစိတ်မည်၏။ ။ဤဝစနတ္ထ၊ အဋ္ဌကထာ အပြဲဝယ်။ အမိပ္ပါယ်သော်ကား။ ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်တို့သည်။ ကာမတဏှာ ကြောင့်သာလျှင်။ ကာမာဝစရ အမည်ရကြတုန်၏၊ ကြိယာမတဏှာ မရှုပါ မူကား။ကာမစိတ်ဟူ၍အမည်မခေါ်နိုင်၊မရနိုင်ဟုမှတ်။ ။တနည်း၊ ။ဤ ငါးဆဲ့လေးပါးသောစိတ်သည်၊ကာမဘုံ၌ပဋိသန္ဓေကို၊ ကျင်လည်စေတတ် သည်၏အဖြစ်ကြောင့်။ ကာမာဝစရ မည်၏ဟုမှတ်၊ ။ထိုကြောင့်၊အဋ္ဌက ထာ၌၊ ။ကာမဘဝသင်္ခါတေကာမေပဋိသန္ဓိံ အဝစာရေတီတိ ကာမာ ဝစရံ၊ ။ဟုဘွင့်ပြ၏၊ ။ယံစိတ္တံ၊ အကြင်စိတ်သည်။ ကာမာဘဝသင်္ခါ တေ၊ကာမဘဝဟုဆိုအပ်သော၊ ကာမေ၊ကာမဘုံ၌၊ ပဋိသန္ဓိံ၊ပဋိသန္ဓေကို။ အဝစာရေတိ၊ကျင်လည်စေတတ်၏၊ ဣတိတသ္မာ၊ထိုကြောင့်။ တံစိတ္တံ၊ ထို

စိတ်သည်၊ကာမာဝစရံ၊ကာမာဝစရစိတ်မည်၏။ ။ဤလျှင် ကာမာဝစရ ပုန်အရကိုထုတ်ပြခြင်းတည်း၊

---

## (၇၃) ရူပါဝစရ-အရူပါဝစရပုန်ကိုပြခြင်း။

ရူပါဝစရစိတ္တံ၊ ဟူသောပုန်၌ အဓိပ္ပါယ်သော်ကား။ ။ရူပဘုံကို ရူပ ဟုဆိုအပ်၏။အဘဲ့ကြောင့်ဟူမူ။ နောက်ဘဝ,ပုန်ကျေသည်၏ အစွမ်းအား ဖြင့် ဖြစ်သောကြောင့်တည်း။ ။ထိုကြောင့်။ မူလဋီကာ၊မဓုဋီကာ၌၊ ။ ရူပဘဝေါရူပံဉတ္တရပဒလောပဝသေန။ ။ဟုဘွင့်ပြ၏။ ။ရူပဘဝေါ၊ရူပ ဘဝသည်။ ဉတ္တရပဒလောပဝသေန၊ နောက်,ဘဝပုန်ကျေသည်၏အစွမ်း အားဖြင့်၊ ရူပံ၊ရူပမည်၏။ ။ကုန္တာပစရန္တိ ဉဒါဟရဏ်၌၊ ဌာနီဖြစ်သော ကုန္တ၏အမည်ကို။ဌာနဖြစ်သောလူ၌တင်စားသောအားဖြင့်။ကုန္တဟူသကဲ့ သို့။ဌာနီဖြစ်သောရူပ၏အမည်ကို၊ဌာနဖြစ်သောဘဝ၌၊တင်စားသောအား ဖြင့်၊ရူပဟူသည်မဟုတ်၊ ဘဝဟူသောနောက်ပုန်ကျေသည်၏ အစွမ်းအား ဖြင့်၊ ရူပ-ဟုဆိုအပ်၏ ဟူလို၊ ။ရူပေအဝစရန္တီတိ ရူပါဝစရာ။ ။ယေ ဓမ္မာ၊ အကြင်တရားတို့သည်၊ ရူပေ-ရူပဘဝေ၊ အသညသတ် ကြဉ်သော ရူပတဆဲ့ငါးဘုံ၌၊ယေဘုယျေန၊များသောအားဖြင့်။ အဝစရန္တိ၊ ကျင်လည် တတ်ဖြစ်တတ်ကုန်၏၊ ဣတိတသ္မာ၊ ထိုကြောင့်။ တေဓမ္မာ၊ တို့သည်၊ ရူပါ ဝစရာ၊ရူပါဝစရမည်ကုန်၏။ ။အရူပဘုံကို။အရူပဟုဆိုအပ်၏။ နည်းတူ-နောက်ဘဝပုန်ကိုကျေ၏ဟုမှတ်အပ်၏။ ။ထိုကြောင့် မဓုဋီကာ၌၊ ။အ ရူပဘဝေါအရူပံ၊အရူပေအဝစရန္တီတိအရူပါဝစရာ၊ ။ဟုဘွင့်ပြ၏။ ။ အရူပဘဝေါ၊အရူပဘုံသည်။အရူပံ၊အရူပမည်၏၊ ယေဓမ္မာ၊ အကြင်တရား တို့သည်၊အရူပေ၊အရူပဘုံ၌၊ ယေဘုယျေန၊များသောအားဖြင့်၊ အဝစရန္တိ၊ ကျင်လည်တတ်, ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ထိုကြောင့်။ တေဓမ္မာ၊ ထို တရားတို့သည်။အရူပါဝစရာ၊အရူပါဝစရမည်ကုန်၏၊ ။ဤရူပစိတ်သည်။ ရူပဘုံ၌များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သောကြောင့်။ ရူပါဝ စရစိတ်မည်၏၊ ။အရူပစိတ်သည်၊အရူပဘုံ၌များသောအားဖြင့် ကျင်လည် တတ်, ဖြစ်တတ်သောကြောင့်၊ အရူပါဝစရ စိတ်မည်၏။ ။ဤလျှင် အဋ္ဌ ကထာဆရာနည်းအရ။ဋီကာဆရာများပြသောစကားတည်း။

တနည်း။ ။ရူပတဏှာကို ရူပဟုဆိုအပ်၏၊ ထိုရူပတဏှာသည်။ ရူပ စိတ်တို့၌။အာရုံပြုသည်၏အစွမ်းအားဖြင့်ဖြစ်တတ်သောကြောင့်၊ ရူပါဝစရ

စိတ်ဟုဆိုအပ်၏။ ။ထိုကြောင့် မူလဋီကာ၌။ ။ရူပတဏှာရူပံ၊ ရူပံအာဝ
စရတိ ဧတ္ထအာရမ္မဏာကရဏဝသေနာတိ ရူပါဝစရံ။ ။ဟုဘွင့်ပြ၏။ ။
ရူပတဏှာ၊ ရူပတဏှာသည်။ ရူပံ၊ ရူပမည်၏။ ဧတ္ထ၊ ဤတဆဲ့ငါးပါးသောစိတ်၌၊
အာရမ္မဏကရဏဝသေန၊ အာရုံပြုသည်၏အစွမ်းအားဖြင့်။ ရူပံ၊ ရူပတဏှာ
သည်။ အာဝစရတိ၊ ကျင်လည်တတ်ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တံ
စိတ္တံ၊ ထိုစိတ်သည်။ ရူပါဝရံ၊ ရူပါဝစရမည်၏။

အရူပဟူသည်။ အရူပတဏှာကိုမှတ်အပ်၏။ ထိုအရူပတဏှာသည်။ အပ
စိတ်၌။ အာရုံပြုသည်၏အစွမ်းအားဖြင့် ဖြစ်တတ်သောကြောင့်။ အရူပါဝစရ
စိတ်မည်၏၊ ။ထိုကြောင့် မူလဋီကာ၌။ ။အရူပ တဏှာ အရူပံ၊ အရူပံအာဝ
စရတိဧတ္ထ အာရမ္မဏကရဏဝသေနာတိ အရူပါဝစရံ။ ။ဟုဘွင့်ပြ၏။ ။
အရူပတဏှာ၊ အရူပတဏှာသည်။ အရူပံ၊ အရူပမည်၏။ ဧတ္ထ၊ ဤတဆဲ့နှစ်ပါး
သောစိတ်၌၊ အာရမ္မဏ ကရဏဝသေန၊ အာရုံပြုသည်၏ အစွမ်းအားဖြင့်။
အရူပံ၊ အရူပတဏှာသည်။ အာဝစရတိ၊ ကျင်လည်တတ်ဖြစ်တတ်၏၊ ဣတိ
တသ္မာ၊ ထိုကြောင့်၊ တံစိတ္တံ၊ ထိုစိတ်သည်၊ အရူပါဝစရံ၊ အရူပါဝစရစိတ်
မည်၏၊ ။ဤလျှင် ရူပါဝစရ၊ အရူပါဝစရပြနည်းတည်း၊

## (၄၄) လောကုတ္တရာပုဒ်အရကိုထုတ်ပြခြင်း။

လောကုတ္တရံ၊ ဟူသော ပုဒ်အရ အဓိပ္ပါယ်သော်ကား။ ။လောကုတ္တရ
ပုဒ်ကို။ လောက,ဥတ္တရ-ဟု၊ ပဒစ္ဆေဒသံဝဏ္ဏာပြု၍။ လောကဟူသည်။ တေ
ဘုမ္မကဝဋ်တရားကိုမှတ်အပ်၏။ အဘဲ့ကြောင့်ဟူမူ၊ ခဏိကဘင်အားဖြင့်၊
ပျက်တတ်သော သဘောအဆုံးပတ်အားဖြင့်။ အကြွင်းမဲ့ ပျက်တတ်သော
သဘော ဖြစ်သောကြောင့်တည်း။ ။ထိုကြောင့် ဓမ္မသင်္ဂဏီ အဋ္ဌကထာ
၌၊ ။လောကောဝုစ္စတိလုဇ္ဇန-ပလုဇ္ဇနဋ္ဌေနဝဋ္ဋံ။ ။ဟုဘွင့်ပြ၏။ ။ဝဋ္ဋံ၊
ဝဋ်တရားကို။ လုဇ္ဇနပလုဇ္ဇနဋ္ဌေန၊ ခဏိကဘင်အားဖြင့် ပျက်တတ်သော
သဘော၊ အဆုံးပတ်အားဖြင့်။ အကြွင်းမဲ့ပျက်တတ်သော သဘောကြောင့်။
လောကော၊ လောကဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏၊ ။ဤလောကဟူသောပုဒ်၌။
လုဇဓာတ်၏အနက်ဓာတွတ္ထကား။ လုဇ္ဇန၊ ပလုဇ္ဇနတ္ထကိုမှတ်အပ်၏။ ထိုလုဇ္ဇန
ပလုဇ္ဇနဟူသည်။ မမြင်ခြင်း-အဒဿနတ္ထ။ ပျက်စီးခြင်း-ဝိနာသနတ္ထကိုသာ
မှတ်။ နိဗ္ဗတ္တနတ္ထတည်းဟူသောဖြစ်ခြင်းကိုမမှတ်သားအပ်။ ထိုကြောင့်၊ ။
ပုထုဇ္ဇဂါမတွင်သော၊ အရိယမဂ္ဂနပေါက္ကန်ပြည်ဝယ်။ ဘိပျင်အမတ်ဗိရင်သော

ဘံပျင်ဋီကာ၌။ ။လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော၊ ဒုတိယံပုရိမသဒ္ဒေဝဝ စနံ၊ဘာဝါဘာဝံဝါဝဏ္ဏောပုနပ္ပုနံနသသတီတိအတ္ထော။ ။ဟုဘွင့်ပြ၏။ ။လုဇ္ဇတိပလုဇ္ဇတိ၊ပျက်တတ်၏။ဆုတိတည္ဝါ၊ထိုကြောင့်။ လောကော၊လောကမည် ၏။ဒုတိယံ၊ပလုဇ္ဇတိဟူသောဒုတိယစကားသည်၊ ပုရိမသဒ္ဒ၊ ရှေးလုဇ္ဇဓာတ် ၏။ဝေဝစနံ၊ဝေဝုစ်ပရိယာယ်တည်း၊ ။ဘာဝါဘာဝံ၊ဘာဝ‌ငယ်-ဘာဝကြီးသို့၊ ဓာဝဏ္ဏော၊ ပြေးလျက်။ ပုနပ္ပုနံ၊ အဘန်ဘန်အထပ်ထပ်၊ နသသတိ၊ပျက်စီး တတ်၏၊ ဆုတိအယံ၊ ဤသည်လျှင်၊ အဿ၊ ထိုလောက ဟူသော ပုဒ်၏၊ အတ္ထော၊အနက်ပေတည်း၊ ။ထိုနည်းအတူ၊ နိရုတ္တိသာရမဉ္ဇူသာဋီကာ၌ လည်း။ ။လုဇ္ဇတိပလုဇ္ဇတိ ဝိနာသံ ဂစ္ဆတီတိ လောကော ဘာဝါဘာဝံ ဓာ ဝဏ္ဏောပုနပ္ပုနံ နဿတီတိ အတ္ထော။ ။ဟုဘွင့်ပြ၏။ ။အနက်ကား၊ ရှေး ဋီကာနှင့်မထူးပြီ။

ထိုဋီကာမှတပါးသော မဓုဋီကာဆရာတို့သည်၎င်း။ ကစ္စာယနဝဏ္ဏနာ ဆရာတို့သည်၎င်း၊ဤလောကဟူသောပုဒ်၌။ နသနအနက်ကိုသာမပြုမူ၍၊ လုဇ္ဇန၊ ပလုဇ္ဇနဓာတ်၊ ပျက်တတ် ဖြစ်သော အနက် ကြောင့်။ ဟု အနက် သမ္ဗန်ကြ၏။ထိုကြောင့်၊ ။မဓုဋီကာ၌၊ ။လုစသဒ္ဒေါပတိ ဋကောသာမည နိဒ္ဒေသေန ဘိဇ္ဇန-နိဗ္ဗတ္တနတ္ထော ဟောတိ၊ ။ဟု ဘွင့်ပြ၏၊ ။ကစ္စာယန ဝဏ္ဏနာ ဋီကာ၌လည်း၊ ။လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော၊ ရုတိဂ္ဂဏော လုဇ္ဇတိ၊ ပဋိသန္ဓိဂ္ဂဏော ပလုဇ္ဇတိ၊ ပုနနိဗ္ဗတ္တတိ၊ ပကာရယုတ္တတ္တာ။ ။ဟု ဘွင့်ပြ၏။ ။ထိုဋီကာဆရာ၏ စကားရပ်၊ ထိုဋီကာဆရာများ၏ နောက် လိုက်ဖြစ်သော၊ ကျမ်းအထူးထူးကိုမှ မနှံ့စပ်၊ လုဇဓာတ်၏ ဓာတွတ္ထကိုမှ မသိတတ်သောဆရာတို့၏။လုဇ္ဇနပလုဇ္ဇနဓာတ်၊ ပျက်တတ်၊ ဖြစ်တတ်သော။ အနက်ပေးနည်းကို တပ်အပ်ထင်ထင်၊ သဒ္ဒါအရာကိုသိမြင်သောဆရာတို့ သည်၊ မမှတ်သားအပ်ကုန်၊ ။ထိုကြောင့်-အနုဋီကာ၌လည်း။ ။အနိစ္စာ နုပဿနာယဝါလုဇ္ဇတိ ဆိဇ္ဇတိဝိနဿတီတိဂဟေတဗ္ဗောလောကော၊ ။ ဟုဘွင့်ပြ၏၊ ။အနိစ္စာနုပဿနာယဝါ၊အနိစ္စအနုပဿနာဖြင့်လည်း၊ လုဇ္ဇ တိဝိနဿတိ၊ ပျက်တတ်၏၊ ဆုတိ၊ဤသို့၊ လောကော၊ လောကကို၊ ဂဟေ တဗ္ဗော၊ယူအပ်၏။ ။ဤအနုဋီကာဆရာကြီး ဘွင့်ဆိုသည်အတိုင်း၊ သဒ္ဒါ ညွှတ်စစ်ခါ သိုင်း၍၊ လုဇဓာတ် အနက်ကုံ၊ ဟုတ်မှန်တိုင်း သိအပ် တော့ သည်။

ထိုလောကသည် ဩကာသ လောက။ သတ္တလောက။ သင်္ခါရလော က အားဖြင့် သုံးပါး အပြားရှိ၏။ ထိုသုံးပါး တို့တွင်။ ကာမ၊ ရူပ၊ အရူပ

ဟုဆိုအပ်သော-သုံးသုံးဆဲ့ဘစ်သည်၊ ဩကာသ လောကမည်၏၊ ဘာဇန လောကဟူ၍လည်းဆိုအပ်၏၊ ထိုသုံးဆဲ့တဘုံ၌တည်သောပုဂ္ဂိုလ်,သတ္တဝါတို့သည်၊ သတ္တလောကမည်၏။ ထိုပုဂ္ဂိုလ်,သတ္တဝါတို့အား၊ တည်ရှိသော ရုပ်နာမ်တရားတို့သည်။သင်္ခါရလောကမည်၏၊ ။ဤသို့။ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ၊ ကောဂ္ဂုတ္တရ အဋ္ဌကထာ၊ မဇ္ဈိမ အဋ္ဌကထာ။ အဘိဓမ္မာ ဝတာရဋီကာ၊မဏိသာရမဉ္ဇူသာဋီကာ။ အဘိဓမ္မတ္ထသင်္ဂဟ ဒီပနီဋီကာ၊ ခြောက်စောင်အထွက်တည်း။ ။ပရမတ္ထ မဉ္ဇူသာဋီကာ၊သာရတ္ထဝိလာသနီ ဋီကာ၊ သာရတ္ထ ဒီပနီဋီကာ ဆရာတို့ကား၊ ။ဥပါဒိန္နကဖြစ်သော ခန္ဓာ တို့၏အပေါင်းသည်၊ သတ္တလောကမည်၏၊ အနုပါဒိန္နကဖြစ်သော ရုပ်တို့၏ အပေါင်းသည်၊ဩကာသလောကမည်၏၊ ဥပါဒိန္နက၊ အနုပါဒိန္နက-နှစ်ပါး တို့၌ဖြစ်သောခန္ဓာသည်၊သင်္ခါရလောကမည်၏-ဟုဆိုလိုက်၏။ ။ထို့ကြောင့် ရင်းဋီကာ ၃-ကျမ်း၌၊ ။တတ္ထ ဥပါဒိန္နက ခန္ဓာနံ သမူဟော သန္တာနော စ သတ္တလောကော၊ အနုပါဒိန္နကရူပါနံ သမူဟော သန္တာနော စ ဩကာသ လောကော၊ ဥဘယေပိ ခန္ဓာ သင်္ခါရလောကော၊ ။ဟုဘွင့်ပြ၏၊ ။တတ္ထ၊ ထိုလောက သုံးပါးတို့တွင်။ ဥပါဒိန္နကနံ၊ ဥပါဒိန္နနှင့်စပ်ထိုင်သော။ ရူပါနံ၊ ရုပ်စသည်တို့၏သမူဟော စ အပေါင်းသည်၎င်း။ သန္တာနော စ၊ အစဉ်သည် ၎င်း၊သတ္တလောကော၊သတ္တလောကမည်၏၊ အနုပါဒိန္နကနံ၊ဥပါဒိန္နနှင့် မစပ် ကုန်သော၊ရူပါနံ၊ရုပ်စသည်တို့၏၊သမူဟော စ၊ အပေါင်းသည်၎င်း။ သန္တာနော စ၊ အစဉ်သည်၎င်း။ ဩကာသလောကော၊ ဩကာသလောက မည်၏။ ဥဘယေပိ၊ နှစ်ပါးစုံသော ဥပါဒိန္နက,အနုပါဒိန္နက၌လည်း။ ခန္ဓာ၊ ခန္ဓာတို့သည်၊ သင်္ခါရလောကော၊ သင်္ခါရလောကမည်၏။

ဤသို့ပြခဲ့သောလောကသုံးပါးကိုလွန်မြောက်တတ်သောကြောင့်၊လော ကုတ္တရာမည်၏၊ ။ထို့ကြောင့်၊မဇ္ဈိမအဋ္ဌကထာ၌၊ ။လောကံ တရတီတိ လောကုတ္တရံ၊ လောကံ ဥတ္တရတီတိ လောကုတ္တရံ၊ လောကံ သမတိက္ကမ္မ အဘိဘုယျ တိဋ္ဌတီတိ လောကုတ္တရံ၊ ။ဟုဘွင့်ပြ၏၊ ။လောကံ၊ လောကသုံးပါးကို၊ တရတိ၊ ကူးခပ်တတ်၏၊ ဣတိ တသ္မာ၊ ထို့ကြောင့်၊လော ကုတ္တရံ၊ လောကုတ္တရာမည်၏။ လောကံ၊ လောကကို၊ ဥတ္တရတိ၊ လွန်မြောက် တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်၊လောကုတ္တရံ၊လောကုတ္တရာမည်၏၊ လော ကံ၊ လောကကို၊ သမတိက္ကမ္မ၊ လွန်၍။ အဘိဘုယျ၊ လွှမ်းမိုး၍၊ တိဋ္ဌတိ၊ တည် တတ်၏၊ ဣတိ တသ္မာ၊ ထို့ကြောင့်၊လောကုတ္တရံ၊ လောကုတ္တရာမည်၏၊ ။ဤ သို့အဋ္ဌကထာပြအပ်၊ဝိဂြိုဟ်သုံးရပ်တို့တွင်၊ ပဌမဝိဂြိုဟ်ဖြင့်၊ မဂ်လေးပါး

၏လောကုတ္တရာမည်ပုံကိုပြသည်။ဒုတိယပဒိဂြိုဟ်ဖြင့်၊ ဖိုထ်လေးပါး၏လောကုတ္တရာမည်ပုံကိုပြသည်။တတိယပဒိဂြိုဟ်ဖြင့်။အသင်္ခတဓာတ်။နိဗ္ဗာန်တရားမြတ်၏လောကုတ္တရာမည်ပုံကို ပြလိုက်သည်ဟု မှတ်အပ်တော့သည်။ ။ထိုကြောင့်၊မူလဋီကာ၌၊ ။တိပိဓောပိစတ္တာရောမဂ္ဂါဒိဒိသု ဧကေကသ္မိံ ယောဇေတဗ္ဗော၊ ။ဟုဘွင့်ပြ၏၊ ။တိပိဓောပိစ၊သုံးပါးအပြားရှိသည်လည်းဖြစ်သော။အတ္တော၊အနက်ကို။မဂ္ဂါဒိသု၊မဂ်စသည်တို့တွင်၊ ဧကေကသ္မိံ၊တပါးပါး၌။ယောဇေတဗ္ဗော၊ယှဉ်အပ်၏၊ ။လောကူပမာအားဖြင့်။လေးထောင့်ကန်။တဘက်ဆည်ကန်စသည်တို့၌ ရောက်သော ဥပ္ပလစသော ကြာမျိုးတို့သည်။ရွံ့နှစ်ညွှံ့ရေတို့၌ ရောက်ကုန်လျက်၊ ထိုအညစ်အကြေးတို့နှင့်၊ မထိမ်းမကျံဘဲ၊ရေပေါ်စွင့်စွင့်တည်ကုန်ဘိသကဲ့သို့၊ ထိုအတူဥပါဒါနက္ခန္ဓာဟု ဆိုအပ်သောလောက၌ဖြစ်ကုန်လျက်၊ထိုလောကနှင့်မထိမ်းကျံဘဲ၊ လောကမှ ဖွယ်မိုးထွက်ဘောက်၊လွန်မြောက်၍တည်တတ်သောကြောင့်၊ လောကုတ္တရာ-ဟုခေါ်ဆိုအပ်တော့သည်။

လောကုတ္တရာစိတ်၌။ လောကသုံးပါးမှလွန်ဘန်ကား၊ ။လောကသုံးပါးတို့တွင်၊ ဩကာသလောကမှ လွန်မြောက်ပုံအရမူကား။ ။သောတာပန်ပုဂ္ဂိုလ်သည်၊ အပါယ်ဘုံမှလွန်မြောက်၏၊သကဒါဂါမ်ပုဂ္ဂိုလ်သည်၊ကာမဘုံတစိတ်မှလွန်မြောက်၏၊အနာဂါမ်ပုဂ္ဂိုလ်သည်အလုံးစုံသောကာမဘုံမှလွန်မြောက်၏၊ ရဟန္တာပုဂ္ဂိုလ်သည်။ ကာမ-ရူပ-အရူပဟု ဆိုအပ်သော။ဘုံမှလွန်မြောက်၏၊ ။ဤလျှင် ဩကာသလောကမှလွန်ပုံတည်း၊ ။သတ္တလောကမှလွန်ပုံကား။ ။သောတာပန်သည် ပုထုဇ္ဇဉ် သတ္တ၀ါမှ လွန်၏၊ သကဒါဂါမ်သည် သောတာပန်မှလွန်၏။ အနာဂါမ်သည် သကဒါဂါမ်မှလွန်၏၊ရဟန္တာသည်အနာဂါမ်မှလွန်၏၊ ။ဤလျှင် သတ္တလောကမှလွန်ပုံတည်း၊ ။သင်္ခါရလောကမှလွန်မြောက်ပုံကား၊ ။သောတာပန်သည်။ခုနစ်ဘ၀ကိုထား၍၊ အစမရှိသောသံသရာဝဋ်၌၊ ဖြစ်လတ္တံ့သော သင်္ခါရလောကမှလွန်၏၊ သကဒါဂါမ်သည် နှစ်ဘ၀ကိုထား၍ သုံးဘ၀တို့၌။ ဖြစ်လေလတ္တံ့သော။ဥပါဒိန္နကသင်္ခါရလောကမှလွန်၏၊အနာဂါမ်သည် တဘ၀ကိုထား၍၊ ဒုတိယဘ၀၌ ဖြစ်လတ္တံ့သော ဥပါဒိန္နက သင်္ခါရ လောကမှလွန်၏။ ရဟန္တာသည် တဘ၀၌ ဖြစ်လတ္တံ့သော သင်္ခါရလောကမှ လွန်၏၊ ။ဤလျှင်၊ သင်္ခါရလောကမှ လွန်ပုံတည်း။ ။ခန္ဓ၀ဂ္ဂသံယုတ် အဋ္ဌကထာ။ကင်္ခါဝိတရဏီအဋ္ဌကထာ၊ ဓမ္မသင်္ဂဏီအဋ္ဌကထာ။ အဘိဓမ္မာဝတာရဋီကာ။မဏိသာရမဉ္ဇူသာဋီကာအထွက်၊ဝိနိစ္ဆယမှတ်ချက်တည်း။

ဤသို့ပြအပ်ပြီးသော စိတ်လေးပါးတို့သည်၊ မိမိတို့ဘုံအားလျော်စွာဖြစ်ကြကုန်၏၊ ထိုသို့ဖြစ်ရကား၊ ၎င်းဝါကျစကား၏။ အဓိပ္ပါယ်များကိုပြပေဦးအံ့၊ ။ပြဟန်ကား၊ ။ဘဝ္ဗန္တိ ဘူမိ၊ ဌာန်၊ အဝဏ္ဏာစ၊ ။အဘိဓမ္မာဝတာရဋီကာ၊ ။ထွေ၊ ဤအရပ်၌။သတ္တာ၊သတ္တဝါတို့သည်။ဘဝန္တိ၊ ဖြစ်ကုန်၏။ဣတိတသ္မာ၊ထိုကြောင့်၊တံဌာန်၊ထိုနေရာသည်၊ ဘူမိ၊ဘုံမည်၏၊ ဌာန်၊ဌာနဘုံကိုရင်း၊အဝဏ္ဏာစ၊အဝဏ္ဏာဘုံကိုရင်း၊လဗ္ဘတိ၊ရအပ်၏။ ။ထိုဘုံသည်ဌာနဘုံ၊အဝဏ္ဏာဘုံအားဖြင့် ၂—ပါးအပြားရှိ၏၊ထိုနှစ်ပါးတို့တွင်၊ ဌာနဘုံသည်၊ ကာမဘုံ၊ရူပဘုံ၊အရူပဘုံအားဖြင့်သုံးပါးရှိ၏မှတ်၊ အဘယ်ကြောင့်ဟူမူ။ ကာမ—ရူပ—အရူပ သတ္တဝါတို့၏ တည်ရာ ဖြစ်သောကြောင့်တည်း။အဝဏ္ဏာဘုံသည်ကား။ ကာမ—ရူပ—အရူပ—လောကုတ္တရာ အားဖြင့်လေးပါးရှိ၏ဟုမှတ်၊ ထိုလေးပါးတို့တွင်၊ ကာမတဏှာဖြင့် ပိုင်းခြားအပ်သည်၏အဖြစ်သည်ကား၊ကာမအဝဏ္ဏာဘုံ၊ ရူပတဏှာ။အရူပတဏှာဖြင့်ပိုင်းခြားအပ်သည်၏ အဖြစ်သည်ကား၊ ရူပအဝဏ္ဏာဘုံ၊ အရူပအဝဏ္ဏာဘုံဟုမှတ်အပ်၏၊ထိုတဏှာသုံးတန်တို့ဖြင့် မပိုင်းခြားအပ်သည်၏အဖြစ်သည်ကား၊လောကုတ္တရာအဝဏ္ဏာဘုံမည်၏ဟုမှတ်အပ်၏။ထိုကြောင့် အဘိဓမ္မာဝတာရဋီကာ၌၊ ။အဝဏ္ဏာတိ စေတ္ထဓမ္မာနံ ကာမတဏှာဒီဟိ ပရိစ္ဆိန္နာပရိစ္ဆိန္နဘာဝေါ။ ။ဟုဘွင့်ပြ၏။ ။၎၊ဆက်၍ဆိုဦးအံ့။ ထွေ၊ ဤနေရာ၌၊ အဝဏ္ဏာတိ၊ အဝဏ္ဏာဘုံသည်ကား။ ဓမ္မာနံ၊ တရားတို့ကို၊ ကာမတဏှာဒီဟိ၊ကာမတဏှာစသော တဏှာသုံးပါးတို့ဖြင့်၊ပရိစ္ဆိန္နာပရိစ္ဆိန္နဘာဝေါ၊ ပိုင်းခြားအပ်သည်၊မပိုင်းခြားအပ်သည်၏အဖြစ်တည်း။

လောကုတ္တရာ၌မူကား ဌာနဘုံကိုမရ။ အဝဏ္ဏာဘုံကိုသာရ၏၊အဘယ်သို့ဘူမိအရ၊ ဖြစ်ရာသော အာကာရကို။ အဋ္ဌကထာဆရာတို့ ပြသနည်းဟူမူ၊ ။ဒုဝေနသာမညဖလံအဓိပ္ပေတံ၊တဉ္စသမ္ပယုတ္တာနံနိဿယဘာဝေသာ တေဓမ္မာဘဝန္တိ ဧတ္ထာတိဘူမိ။ ။ဓမ္မသင်္ဂဏီ အဋ္ဌကထာ။ ။ဒုဝေန၊ဤနေရာ၌ကား၊ သာမညဖလံ၊သာမညဖိုလ်ကို၊ အဓိပ္ပေတံ၊အလိုရှိအပ်၏၊ ယိသဉ္စ၊မှန်၏၊ တံသာမညဖလံ၊ ထိုသာမညဖိုလ်သည်၊ သမ္ပယုတ္တာနံ၊ သမ္ပယုတ်တရားတို့၏။ နိဿယဘာဝတော၊ မှီရာ၏အဖြစ်ကြောင့်၊ ထွေ၊ဤသာမညဖိုလ်၌၊တေဓမ္မာ၊ထိုသမ္ပယုတ်တရားတို့သည်၊ဘဝန္တိ၊ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ထိုကြောင့်။ ဘူမိ၊ဘုံမည်၏၊ ။အဓိပ္ပါယ်သော်ကား၊ ။ကံကြောင့် ဖြစ်ကုန်သော၊ ကာမဘဝ အစရှိသည်တို့ကို၊ ထိုဘဝ စသည်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ မှီရာ အဖြစ်ကြောင့်။ ဘုံဟုဆိုအပ်သကဲ့သို့။ ဤအ

တ္ထ-မဂ်ကြောင့်ဖြစ်သောဖိုလ်ကို၊ အရိယာသာဝက၏ အခါမပြတ် ဝင်စား အပ်သည်၏အဖြစ်ကြောင့်၊ မှီရာဖြစ်ရကား၊ ဘုံဟုဆိုအပ်တော့သည် ဟု မှတ်။ ၊ထိုကြောင့်အနုဋီကာ၌၊ ၊တတောယော ၀ အရိယာဝိစရတရံ့တိ ဝုတ္တံ။ ။ ဟုဘွင့်ပြ၏။ ၊တတောယော ၀၊ထိုသို့ဖိုလ်၏အရိယာပုဂ္ဂိုလ်တို့၏ မှီရာဖြစ် သည်၏အဖြစ်ကြောင့်။ အရိယာ၊အရိယာပုဂ္ဂိုလ်တို့သည်။ ဝိရတရံ၊ကြာမြင့် စွာကာလပတ်လုံး။တိ ဝုတ္တံ ၊လောကန္တတည့်ကုန် ၏။

အရိယာ အရှင်မြတ်တို့သည်၊ မိမိဖိုလ်ကို မိမိတို့မှီကြ၍၊ အဘယ်အထို ၌ါနေကြကုန်သနည်းဟူမူ၊ ၊အရိယာအရှင်မြတ်တို့သည်၊လောကလူများ၊ သူတပါးတို့၏၊အကျိုးစီးပွါးအလို့ငှါ၊ကြာမြင့်စွာကာလပတ်လုံး၊သိတင်းသုံး ခါနေတော်မူကြ၏။ ၊ထိုကြောင့်အနုဋီကာ၌၊ ၊အရိယဖလသန္နိဿယေ နဟိအရိယာ ကတကိစ္စာ သုမ္ဘ နိဗ္ဗုဿဗ္ဗာဘ ဝါမိ ဝိရတရံလောကေ ပရဟိ တာယတိ ဝုတ္တံ။ ၊ဟုဘွင့်ပြ၏၊ ၊ဟိသတ္တံ၊မှန်၏၊အရိယဖလသန္နိဿယေန၊ အရိယာ ဖိုလ်တည်းဟူသော တည်ရာမှီရာဖြင့်၊ အရိယာ၊ အရိယာ ပုဂ္ဂိုလ် တို့သည်၊ ကတကိစ္စာ၊ ပြီးပြီးသော တဆဲ့ ခြောက်ပါးသော မဂ်ကိစ္စရှိကုန် သည်ဖြစ်၍။သုမ္ဘ ၊ကောင်းစွာ၊နိဗ္ဗုဿဗ္ဗာဘ ဝါမိ၊ငြိမ်းငွေ့အပ်ပြီးသောအထုံးစုံ သော ဘဝရှိကုန်သော်လည်း၊ ဝိရတရံ၊ ကြာမြင့်စွာကာလပတ်လုံး၊ လော ကေ၊လောက၌၊ ပရဟိတာယ၊သူတပါး၏အစီးအပွါးကိုပြုခြင်းငှါ၊တိဋ္ဌန္တိ၊ တည်ကုန်၏။ ၊ဤလျှင် လောကုတ္တရာဘုံအရတည်း။

တနည်းအားဖြင့်၊ အဋ္ဌကထာဆရာသည်၊ ဤသို့ပြ၏။ ပြဟန်ကား၊ အ ကြင်ကြောင့် လောကကို လွန်မြောက်သည် အဖြစ်သည် တူလျှင်မူလည်း၊ မိမိဟုဆိုအပ်သော သာမညဖိုလ်သည်လည်းဖြစ်၏၊ နိဗ္ဗာန်ကဲ့သို့ထင်ရှားမ ဖြစ်သည်ကားမဟုတ်၊ ထိုကြောင့်သာမညဖိုလ်ကိုဘုံဟုဆိုအပ်၏-ဟု အဋ္ဌ ကထာဆရာ၊ ရှင်မဟာဗုဒ္ဓဃောသ ပြတော်မူ၏၊ ထိုသို့ပြသည်အတိုင်း၊ မ ဆိုင်းလျှင်စွာ၊ အဘယ်သို့မှတ်ရန်အကျဉ်းချုပ်၊ အဓိပ္ပါယ်သရုပ်ကိုသိရပါ အံ့နည်းဟူမူ၊ဤသို့မှတ်အပ်၏၊ ၊အရူပကုသိုလ်လေးခုသည်၊အရူပဝိပါက် လေးခုဟုဆိုအပ်သော၊ အရူပဘုံသို့ ရောက်ကြောင်း အကျင့်သာဖြစ်သကဲ့ သို့၊ ထိုအတူမဂ်ကုသိုလ်လေးခုသည်၊ ဖိုလ်လေးပါး နိဗ္ဗာန်တရားတည်း ဟူ သော၊ လောကုတ္တရာဘုံသို့ရောက်ကြောင်းအကျင့်၏အဖြစ်ကြောင့်၊ အကျိုး ဖြစ်သောဖိုလ်လေးပါး။နိဗ္ဗာန်တရားတို့ကို။လောကုတ္တရာအဝတ္ထာဘုံဟူ၍၊ ယူအပ်၏၊ ၊ထိုကြောင့် မူလဋီကာ၌၊ ၊တေနပလနိဗ္ဗာနာနိသင်္ဂဟေတိ၊ တေသုယံ ဖလံဘာဝတိ၊ တံ ဘူမိတိဝုစ္စတိ၊ ၊ဟုဘွင့်ပြ၏၊ ၊တေန၊ ထိ

ကြောင့်၊ ပလနိဗ္ဗာနာနိ၊ ဖိုလ်,နိဗ္ဗာန်တို့ကို၊ သင်္ချာတိ၊ သိမ်းရုံး၍ယူ၏၊ တေသု၊ ထိုတရားတို့၌။ ယံပယံ၊ အကြင်အကျိုးသည်။ ဘဝတိ၊ ဖြစ်၏၊ တံပယံ၊ ထိုအကျိုးကို၊ ဘူမိတိ၊ ဘုံဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ ၊ ဤသျှင် ဘုမိဝိသေသ အရနှင့်တကွ၊ စိတ္တုစတုက္ကအပြ–အပြီးသတ်လိုက်ပြီ။

## (၄၅) ကာမာဝစရစသောအစဉ်ကိုပြခြင်း၊

ဤသို့အားဖြင့်၊ စိတ်ပရမတ်ကို ဝေဘန်ပြီး၍၊ ယခုအခါ ကာမဘုံ, စသည်တို့ဝယ် ဖြစ်ထုန်သော စိတ်တို့ကို ဓာတ်,သမ္ပယောဂ, စသောအပြားအားဖြင့်၊ ဝေဘန်ခွဲခြမ်း၍ပြဖို့သော၄၊ တတ္ထကတမံကာမာဝစရံ၊ ဟူသော ပါဠိကို-မိန့်အပ်သတည်း။ ၊ တတ္ထ၊ ထို ၄-ပါးသောစိတ်တို့တွင်၊ ကာမာဝစရံ၊ ကာမာဝစရစိတ်သည်၊ ကတမံ၊ အဘယ်စိတ်ပေနည်း။ ၊ ဤပါဠိ၌ရပ်၌၊ ကတမံပုဒ်သည် ပုစ္ဆာဓေါတက- သဗ္ဗနာမ်ပုဒ်တည်း။ အဘဲ့ကြောင့်ဟူမူ၊ စိတ်ဖြစ်ကိုပွဲသောကြောင့်တည်း၊ ၊ ထိုစိတ် လေးပါးတို့တွင်။ ကာမာဝစရစိတ်ကို ယုတ်ညံ့သော ဟီနစိတ် ဖြစ်သောကြောင့်၊ ရှေးဦးစွာပြတော်မူ၏၊ ထိုနောက် ရူပါဝစရစိတ်ကို မြတ်သော ဥက္ကဋ္ဌစိတ် ဖြစ်သောကြောင့် ပြတော်မူ၏၊ ထိုနောက် အရူပါဝစရစိတ်ကို မြတ်သည်ထက် မြတ်လှသော ဥက္ကဋ္ဌတရစိတ်ဖြစ်သောကြောင့်ပြတော်မူ၏။ ထိုနောက် လောကုတ္တရာစိတ်ကို မြတ်သည်ထက် အလွန်မြတ်သော ဥက္ကဋ္ဌတမစိတ်ဖြစ်သောကြောင့် ပြတော်မူ၏၊ ထိုလေးပါးသောစိတ်တို့အရ၊ ကာမာဝစရစိတ်အပြတွင်လည်း၊ အသောဘဏစိတ် ၃၀-ကို ရှေးဦးစွာဆိုခြင်းသည်လည်း၊ သောဘဏစိတ်ထက်၊ အသောဘဏစိတ်သည်ယုတ်ညံ့သောသဘောရှိသောကြောင့်၊ ရှေးဦးစွာဆိုတော်မူ၏၊ အသောဘဏစိတ်တို့တွင်လည်း။ အကုသိုလ်စိတ်သည် အကြောင်းတရားဖြစ်သောကြောင့်၊ အဟိတ်စိတ်တည်းဟူသော အကျိုးတရား၏ရှေးဦးစွာဆိုရလေတော့သည်၊ အကုသိုလ်စိတ်တို့တွင်လည်း လောဘမူစိတ်ကိုအဝိဇ္ဇာတဏှာတည်းဟူသော မူလနှင့်ယှဉ်သောကြောင့်ရင်း၊ ပဋိသန္ဓေတည်နေသောသတ္တဝါတို့အား၊ ဝီထိစိတ်၏အစွမ်းအားဖြင့်၊ လောဘဓောစိတ်တို့၏သာလျှင်၊ ရှေးဦးစွာစောခြင်းကြောင့်ရင်း။ ရှေးဦးစွာမိန့်အပ်၏၊ ထိုနောက်နှိဟိတ်ချင်းတူသောကြောင့်၊ ဒေါသမူစိတ်ကိုဆိုအပ်၏၊ ထိုနောင် ဧကဟိတ် ဖြစ်သောကြောင့် မောဟမူစိတ်ကို ဆိုတော်မူ၏၊ သောမနဿသမ္ပယုတ်တို့ကို ရှေးဦးစွာဆိုခြင်းသည်၊ ဒေသနက္ကမ–ဒေသနာ အစဉ်ဖြစ်

သောကြောင့်၊ ရွေးဦးစွာဆိုအပ်၏။ အ-သ ၂-ပါးတို့တွင်လည်း။ သသင်္ခါရိက ထက် အသင်္ခါရိကသည်ထက်သော သဘောရှိသောကြောင့်၊ ရှေးဦးစွာဆို အပ်၏။ ။ဤသည်လျှင်။ ပရမတ္ထသရူပအနုဝဏ္ဏနာဒီကာထွက်၊ စိတ်ထား စဉ်အဖြွက်တည်း၊

---

## (၄၆) လောဘမူစိတ်သရုပ်ကိုခွဲပြခြင်း။

အဋ္ဌဓာ လောဘမူလာနိ၊ ဒေါသမူလာနိစ ဒွိဓာ၊
မောဟမူလာနိစ ဒွေတိ၊ ဒွါဒသာကုသလာ သိယုံ၊ ။
(သင်္ဂဟအဋ္ဌကထာပါဠိ)၊

လောဘမူလာနိ၊ လောဘဟုဆိုအပ်သောမူလရှိကုန်သောစိတ်တို့သည်၊ အဋ္ဌဓာ၊ ရှစ်ပါးအပြားရှိကုန်သည်၊ သိယုံ၊ ဖြစ်ကုန်၏၊ ဒေါသမူလာနိစ၊ ဒေါ သဟုဆိုအပ်သောမူလရှိကုန်သော စိတ်တို့သည်လည်း။ ဒွိဓာ၊ နှစ်ပါးအပြား ရှိကုန်သည်၊ သိယုံ၊ ဖြစ်ကုန်၏၊ မောဟမူလာနိစ၊ မောဟလျှင် မူလရှိကုန် သောစိတ်တို့သည်လည်း၊ ဒွေ၊ နှစ်ပါးအပြားရှိကုန်သည်၊ သိယုံ၊ ဖြစ်ကုန်၏၊ ဣတိ၊ ဤသို့၊ အကုသလာ၊ အကုသိုလ်စိတ်တို့သည်။ ဒွါဒသ-ဒွါဒသဝေ၊ တဆဲ့ နှစ်ပါးတို့သည်သာလျှင်၊ သိယုံ၊ ဖြစ်ကုန်၏၊

ဤဂါထာပါဠိအရ-အဓိပ္ပါယ်သော်ကား။ လောဘမူစိတ်ရှစ်ပါး၊ ဒေါသ မူစိတ်နှစ်ပါး၊ မောဟမူစိတ်နှစ်ပါး၊ ဤသို့လျှင် အကုသိုလ်စိတ် တဆဲ့နှစ်ပါး ဖြစ်သတည်း။ ဤတဆဲ့နှစ်ပါးသော အကုသိုလ်စိတ်တို့တွင်၊ လောဘမူစိတ် ရှစ်ပါးအရ-သရူပတ္ထကား။

### ၁—သောမနဿ ၄-ပါး၊

သောမနဿ-သဟဂုတ်-ဒိဋ္ဌိဂတသမ္ပယုတ်-အသင်္ခါရိကစိတ်တခု။
သောမနဿ-သဟဂုတ်-ဒိဋ္ဌိဂတသမ္ပယုတ်-သသင်္ခါရိကစိတ်တခု။
သောမနဿ-သဟဂုတ်-ဒိဋ္ဌိဂတဝိပ္ပယုတ်-အသင်္ခါရိကစိတ်တခု၊
သောမနဿ-သဟဂုတ်-ဒိဋ္ဌိဂတဝိပ္ပယုတ်-သသင်္ခါရိကစိတ်တခု၊

### ၂—ဥပေက္ခာ ၄-ပါး၊

ဥပေက္ခာသဟဂုတ်-ဒိဋ္ဌိဂတသမ္ပယုတ်-အသင်္ခါရိကစိတ်တခု၊
ဥပေက္ခာသဟဂုတ်-ဒိဋ္ဌိဂတသမ္ပယုတ်-သသင်္ခါရိကစိတ်တခု၊

ဥပေက္ခာသဟဂုတ်–ဒိဋ္ဌိဂတဝိပ္ပယုတ်–အသင်္ခါရိကစိတ်တခု၊
ဥပေက္ခာသဟဂုတ်–ဒိဋ္ဌိဂတဝိပ္ပယုတ်–သသင်္ခါရိကစိတ်တခု၊

ပေါင်း–လောဘမူစိတ်ရှစ်ပါး၊

တနည်း။တရားပေါင်းအားဖြင့်ရေတွက်နည်းကား၊သောမနဿဝေဒနာ ၄–ပါး။ဥပေက္ခာဝေဒနာ ၄–ပါးပေါင်းရှစ်ပါးတည်း၊ ။တနည်း။သမ္ပယုတ် ၄–ပါး။ဝိပ္ပယုတ် ၄–ပါး။ ပေါင်းရှစ်ပါးတည်း။ ။တနည်း။ အသင်္ခါရိက ၄–ပါး။ သသင်္ခါရိက ၄–ပါး၊ ပေါင်းရှစ်ပါးတည်း၊ ဤသို့လျှင် လောဘမူစိတ်၌၊ တရားပေါင်း ၂၄–ပါးဖြစ်သတည်း။

---

## (၄၇) သောမနဿ–ဥပေက္ခာ–နှစ်ပါးကိုပြခြင်း၊

သောမနဿ–ဟူသော အမည်သည် စိတ်၏အမည်မဟုတ်၊ ဝေဒနာစေတသိက်၏အမည်သာတည်းဟုမှတ်၊ ထိုကြောင့် ဋီကာဆရာတို့သည်။ ။သုန္ဒရံမနောသုမနော။ ။သုန္ဒရံ၊ကောင်းသော၊မနော၊စိတ်တည်း၊သုမနော၊ကောင်းသောစိတ်၊ ။ကောင်းသောစိတ်ကိုရ၏၊ ။သုမနဿဘာဝေါသောမနဿံ။ ။သုမနဿ၊ကောင်းသောစိတ်၏၊ဘာဝေါ၊အဖြစ်တည်း၊သောမနဿံ၊ကောင်းသောစိတ်၏အဖြစ်၊ ။မာနသိက–သုခဝေဒနာစေတသိက်ကို ရ၏။ ။ဟုမိန့်တော်မူ၏၊ ၎င်းသောမနဿပုဒ်ကို သဟဂတပုဒ်နှင့်တွဲစပ်မှ သာလျှင်၊သောမနဿဝေဒနာနှင့်–ဧကုပ္ပါဒ,ဧကနိရောဓ,ဧကာရမ္မဏ,ဧကဝတ္ထုက–ဟူသောလက္ခဏာ ၄–ပါးနှင့်တကွဖြစ်သောစိတ်ကိုရ၏ဟု မှတ်လေ။ ။ဥပေက္ခာသဟဂတပုဒ်မှာလည်း၊ ဤနည်းအတူမှတ်ရာ၏၊ ။အလှူးမှာမူကား၊ ။သုခဒုက္ခေဟိ ဥပေတာယုတ္တာ အဝိရုဒ္ဓါ ဗုဂ္ဂါ အနုဘဝနံ ဥပေက္ခာ။ ။သုခဒုက္ခေဟိ၊ သုခဒုက္ခတို့နှင့်၊ ဥပေတာယုတ္တာ အဝိရုဒ္ဓါ၊ မဆန့်ကျင်သည် ဖြစ်၍၊ ဗုဂ္ဂါအနုဘဝနံ၊ခံစားခြင်းတည်း။ ဗုတိတာဒွာ၊ ထိုကြောင့်၊ ဥပေက္ခာ၊ဥပေက္ခာမည်၏။ ။ဤဝစနတ္ထအရဖြင့်။သုခ ဒုက္ခနှင့် မဆန့်ကျင်သည်ဖြစ်၍၊ လျစ်လျူရှုသောအခြင်းအရာတို့၌ ကောင်းစွာတည်သဖြင့်၊အာရုံအရသာကိုခံစားသောသဘောကိုဥပေက္ခာမည်၏ဟုမှတ်၊ ။ဤ၌လည်း၊သဟဂတပုဒ်နှင့်တွဲစပ်မှသာလျှင် စိတ်ကိုရ၏ဟုမှတ်၊ ဤသို့ပြခဲ့ပြီးသောပါဠိတို့ကိုထောက်ထား၍။ ကောင်းသောစိတ်၏အဖြစ်သည် သောမနဿမည်၏၊ သုခ,ဒုက္ခတို့နှင့် မဆန့်ကျင်မူ၍ လျစ်လျူအားဖြင့် အာရုံ၏

အရသာကို ခံစားသော သဘောသည် ဥပေက္ခာ မည်၏ ဟူ၍ ပိုင်းခြား၍ မှတ်သားအပ်၏။

---

## (၄၈) ဒိဋ္ဌိဂတသမ္ပယုတ်-ဝိပ္ပယုတ်နှစ်ပါးကိုပြခြင်း။

ဒိဋ္ဌိဂတဟူသောအမည်သည် စိတ်၏အမည်မဟုတ်၊ ဒိဋ္ဌိစေတသိက်၏ အမည်သာလျှင်တည်း။ ။မိစ္ဆာပဿတီတိဒိဋ္ဌိ၊ ။ဒိဋ္ဌိယေဝဒိဋ္ဌိဂတံ။ ။ မိစ္ဆာ၊မှားသောအားဖြင့်၊ ပဿတိ၊ရှုမြင်တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ ဒိဋ္ဌိ၊ဒိဋ္ဌိမည်၏။ ။အကုသိုလ်အရာကိုထောက်၍၊မိစ္ဆာဒိဋ္ဌိကိုသာလျှင်အလိုရှိအပ်၏။ ။ဒိဋ္ဌိယေဝ၊မိစ္ဆာဒိဋ္ဌိသည်ပင်လျှင်၊ဒိဋ္ဌိဂတံ၊ဒိဋ္ဌိဂတမည်၏။ ။ ၎င်းဒိဋ္ဌိဂတဖုန်ကို သမ္ပယုတ္တဖုန်နှင့် တွဲစပ်မှ သာလျှင်၊ ဒိဋ္ဌိစေတသိက်နှင့် ဧကုပ္ပါဒအစရှိသောလက္ခဏာလေးပါးအပြားတို့နှင့်ယှဉ်သောစိတ်ကို ရ၏ ဟုမှတ်။ ။ဒိဋ္ဌိဂတဝိပ္ပယုတ်မှာလည်း နည်းတူပင်တည်း။ ဒိဋ္ဌိစေတသိက်နှင့်မယှဉ်သောသဘောသာလျှင် ထူးတော့သည်ဟူ၍မှတ်။

၎င်းမိစ္ဆာဒိဋ္ဌိသည် ပဘေဒ အားဖြင့်၊ ခြောက်ဆဲ့ နှစ်ပါး အပြား ရှိ၏။ ခြောက်ဆဲ့နှစ်ပါးအရ၊ ပုဗ္ဗန္တကပ္ပိက ဘံသရာရှေ့အစွန်းကို ကြံဆသောဒိဋ္ဌိသည်ကား၊တဆဲ့ရှစ်ပါးအပြားရှိ၏။အပရန္တကပ္ပိက ဘံသရာနောက်အစွန်းကိုကြံဆသောဒိဋ္ဌိသည်ကား။လေးဆဲ့လေးပါးအပြားရှိ၏။၎င်းသို့လျှင်ခြောက်ဆဲ့နှစ်ပါးသောဒိဋ္ဌိဖြစ်၏၊ ထိုတွင်၊ ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိတဆဲ့ရှစ်ပါးဟူသည်။ သဿတဒိဋ္ဌိလေးပါး၊ဧကစ္စသဿတဒိဋ္ဌိလေးပါး၊ အန္တာနန္တိကဒိဋ္ဌိလေးပါး။အမရာဝိက္ခေပိကဒိဋ္ဌိလေးပါး၊အဓိစ္စသမုပ္ပန္နဒိဋ္ဌိနှစ်ပါး၊ပေါင်းတဆဲ့ရှစ်ပါးတည်း၊ ။အပရန္တကပ္ပိကဒိဋ္ဌိ-လေးဆဲ့လေးပါးဟူသည်၊သညီဝါဒဒိဋ္ဌိ-တဆဲ့ခြောက်ပါး၊အသညီဝါဒဒိဋ္ဌိ-ရှစ်ပါး၊နေဝသညီနာသညီဝါဒဒိဋ္ဌိ-ရှစ်ပါး၊ ဥစ္ဆေဒဝါဒဒိဋ္ဌိခုနစ်ပါး၊ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိ ငါးပါး၊ ပေါင်းလေးဆဲ့လေးပါး၊ဖြစ်သတည်း။ ၎င်းခြောက်ဆဲ့နှစ်ပါးသောဒိဋ္ဌိတို့တွင်၊ သဿတဒိဋ္ဌိဟူသည် ခန္ဓာငါးပါးအတ္တဘောသည်၎င်း၊ သင်္ခါရလောကသည်၎င်း၊ မြဲ၏ ဟု-ယူသောအယူဝါဒကိုမှတ်အပ်၏၊ ဧကစ္စသဿတဒိဋ္ဌိဟူသည်၊ သတ္တဝါ-သင်္ခါရတို့သည်အချို့ကားမြဲ၏၊အချို့ကားမမြဲဟု-ယူသောအယူဝါဒကို မှတ်အပ်၏၊ အန္တာနန္တိကဒိဋ္ဌိဟူသည် လောကသည် အဆုံးရှိ၏၊ လောကသည်အဆုံးမရှိဟု-ယူသောအယူဝါဒကိုမှတ်အပ်၏၊အမရာဝိက္ခေပိကဒိဋ္ဌိဟူသည်၊ကုသိုလ်အကုသိုလ်နှစ်ရပ်တို့သည်ရှိရာ၌၊ကုသိုလ်ဟူ၍၎င်း၊အကု

သိုလ်ဟူ၍ရင်းမဆိုတုန်၊ မပြီးမပြတ်စကားမပြ–တုန်ထွပ်သော အယူဝါဒကိုမှတ်အပ်၏။ အဝိဇ္ဇ သမုပ္ပန္န ဒိဋ္ဌိ ဟူသည်၊ သတ္တဝါ–သင်္ခါရ တို့သည် အကြောင်းကား ကင်းလျက်ဖြစ်၏ဟုယူသောအယူဝါဒကိုမှတ်အပ်၏။ ။ ဤသည်လျှင်၊ ရှေးအဘို့ဟု ဆိုအပ်သော အတိတ်ကာလကိုကြံ၍ ယူသော ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိအဖွက်တည်း။

သညီဝါဒဒိဋ္ဌိဟူသည်၊အတ္တဘောသည် ရုပ်စိတ်၏အထက်ဟု ဆိုအပ်သောနောက်ကာလ၌၊ သေခြင်းမရှိမြဲ၏၊ ထိုအတ္တဘောကို သညာဟု–ယူသောအယူဝါဒကိုမှတ်အပ်၏။အသညီဝါဒ–ဒိဋ္ဌိဟူသည်၊အတ္တဘောသည် ရုပ်စိတ်၏အထက်၌မြဲ၏၊ ထိုအတ္တဘောကို သညာမရှိဟု–ယူသောအယူဝါဒကိုမှတ်အပ်၏။ နေဝသညီနာသညီဝါဒဒိဋ္ဌိဟူသည်၊ အတ္တဘောသည် ရုပ်စိတ်၏ အထက်၌မြဲ၏၊ ထိုအတ္တဘော၌ သညာရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ဟု–ယူသောအယူဝါဒကိုမှတ်အပ်၏။ ဥစ္ဆေဒဒိဋ္ဌိဟူသည်၊ သတ္တဝါတို့သည်သေလျှင်၊ ဘဝကင်းပြတ်၏ဟု–ယူသော အယူဝါဒကိုမှတ်အပ်၏၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိဟူသည် ပစ္စုပ္ပန်အတ္တဘော၌ပင်၊ နိဗ္ဗာန်ရှိ၏ဟု–ယူသော အယူဝါဒကိုမှတ်အပ်၏။ ။ဤသည်လျှင် နောက်အဘို့ဟုဆိုအပ်သော အနာဂတ်ကာလကိုကြံ၍ ယူသော အပရန္တကပ္ပိက ဒိဋ္ဌိအဖွက်တည်း။ ဤခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိတို့တွင်၊ ဥစ္ဆေဒ–ဒိဋ္ဌိခုနစ်ပါးသည်ဥစ္ဆေဒဒိဋ္ဌိမည်၏၊ကြွင်းသော ၅၅–ပါးသော ဒိဋ္ဌိတို့သည် သဿတဒိဋ္ဌိမည်ကုန်၏။ ။ဤ ၆၂–ပါးသောဒိဋ္ဌိအရ–အကျယ်ကိုသိလိုလျှင်၊သုတ်သီလက္ခန်–ဗြဟ္မဇာလသုတ်–ပါဠိတော်၊ အဋ္ဌကထာမှာ ပါရှိ၏။ စာတတ်ပေတတ်–ဆရာမြတ်တို့ကိုချောက်ထားကြလေကုန်။ ဂန္ထဂရုအတိဘယကြောင့်။ မပြပြီ၊ ဆရာ–ရေးသားသော ဒိဋ္ဌိဝိနိစ္ဆယ ကထာ ကျမ်းငယ်၌လည်းကြည့်ရှုကြလုန်လသေး။

---

## (၄၉) အသင်္ခါရိက–သသင်္ခါရိနှစ်ပါးကိုပြခြင်း။

သင်္ခါရဟူသည်၊နောက်စိတ်ကိုထက်သည်အဖြစ်တည်းဟူသော ထန်းသာအထူးဖြင့်စီရင်တတ်သောပုဗ္ဗပယောဂကိုမှတ်အပ်၏၊ ထိုပုဗ္ဗပယောဂသည်လည်းမိမိပုဗ္ဗပယောဂ၊ သူတပါးပုဗ္ဗပယောဂအားဖြင့်၊ နှစ်ပါးအပြားရှိ၏၊ ထိုတွင်၊ပါဏာတိပါတ,စသောအထုသိုလ်ပြုသောအခါ၊ ထိနမိဒ္ဓနှိပ်စက်ခြင်း၊ ကိုယ်၏မခန့်ခြင်းအစရှိသည်တို့ကြောင့်၊ စိတ်၏တွန့်တိုခြင်းဖြစ်

သည့်ရှိသော်၊ထိုစိတ်အားထက်ခြင်းကိုဖြစ်စေခြင်း၏အစွမ်းအားဖြင့်၊ ဒွါရ သုံးပါးနှင့်ဖြစ်သောမိစ္ဆာစာဝါယာမလည်းလာသည်၊မိမိ၏ပုဗ္ဗပယောဂမည်၏။ အထူ သိုလ်ပြုလုပ်ရာ၌။ တွန့်တိုသောစိတ်ရှိသောသူအား၊ သင်ကဲ့သို့ သူရသတ္တိ ဗလသတ္တိနှင့်ပြည့်စုံသောသူသည်၊ အထူသိုလ်ပြုခြင်း၌ လျှောက်ပတ်၏၊ ပြုလော့-ပြုလော့ဟု-တိုက်တွန်းသည့်၏ အစွမ်း အားဖြင့်၊ သူတပါး တို့၏ ကာယဒွါရ-ဝစီဒွါရတို့၌ဖြစ်သော စေခိုင်းခြင်းအာဏတ္တိသည်၊သူတပါးပုဗ္ဗ ပယောဂမည်၏၊ ။ကုသိုလ်ပြုရာ၌လည်း ဤနည်းအတူ၊ ပုဗ္ဗပယောဂကို မှတ်အပ်ကုန်၏။ ။ဤသို့ပြအပ်ခဲ့ပြီးသော ပုဗ္ဗပယောဂသည် အကြင်စိတ်၌ မရှိငြားအံ့၊ ထိုစိတ်သည်အသင်္ခါရမည်၏။ ။အကြင်စိတ်၌ ပုဗ္ဗပယောဂ သည်တကွဖြစ်ငြားအံ့၊ထိုစိတ်သည် သသင်္ခါရမည်၏၊ ။ထို့ကြောင့် ဋီကာ ကျော်ကျမ်းမြတ်၌၊

ပုဗ္ဗပယောဂသမ္ဘူတော၊ ဝိသေသော စိတ္တသမ္ဘဝီ။
သင်္ခါရော တံဝသေနေတ္ထ၊ ဟောတျာ သင်္ခါရိကာဒိတာ။ ။

ဟုပြတော်မူ၏။ ။ပုဗ္ဗပယောဂသမ္ဘူတော၊ ရှေးပုဗ္ဗပယောဂကြောင့် ဖြစ်သော၊ စိတ္တသမ္ဘဝီ၊ နောက်စိတ်၌ ဖြစ်လေ့ရှိသော၊ ဝိသေသော၊ ထက် သောအဖြစ်ဟုဆိုအပ်သောတန်းဆာအထူးသည်၊ သင်္ခါရော၊သင်္ခါရမည် ၏၊ တံဝသေန၊ထိုသင်္ခါရ၏ အစွမ်းအားဖြင့်။ ဧတ္ထ၊ဤစိတ်၌၊ အသင်္ခါရိကာ ဒိတာ၊အသင်္ခါရိက အစရှိသော အဖြစ်သည်၊ ဟောတိ၊ဖြစ်၏၊ ။ဤသည် လျှင်၊အသင်္ခါရ-သသင်္ခါရအရတည်း။

---

(၅၀) သောမနဿ-ဥပေက္ခာစသည်ဖြစ်ကြောင်းကိုပြခြင်း။

(၁) အာရုံ-အုဋ္ဌော၊သော,သန္ဓေ၊ထိပ်လေ သဘာဝ၊ ။
(၂) အကြောင်းသုံးတန်၊သော,ဖြစ်ရန်၊ကေန်-မှတ်အပ်စွ၊ ။
(၃) အာရုံမဋ္ဌော၊ဥ,သန္ဓေ၊နက်လေသဘာဝ၊
(၄) ဥပေက်ဝေဒနာ၊ဖြစ်စေရာ၊သုံးဖြာကာရဏာ။ ။
(၅) သဿတု-ဋ္ဌေ၊စွဲယူလေ၊မိုလေဒိဋ္ဌိကာ၊ ။
(၆) အကြောင်းနှစ်ဖြာ၊ဒိဋ္ဌိမှာ၊ဋီကာဝိနိ့ဖွက်ဟာ၊
(၇) လျှောက်ပတ်ဥတု၊ဘောဇဉ်မှု၊မှတ်ရှုအာဝါသ၊ ။
(၈) နေရာလျှောက်ပတ်၊ကိုယ်ခန္ဓလတ်၊ငါးရပ်အသင်္ခါရ၊ ။
(၉) ထိုမှပြန်ဘက်၊ဝိပ်,သ,ထွက်၊မှတ်ချက်ကြောင်းအရ၊ ။

ဤလင်္ကာအရ၊ သောမနဿ-ဥပေက္ခာတို့၏ ဖြစ်ခြင်းအကြောင်းသည် ကား ထင်ရှားသိသာပြီ။ဒိဋ္ဌိအကြောင်းအရကားသတ္တသည်မြဲ၏၊ဇီဝသည် မြဲ၏ဟုမှတ်ထင်သောသဿတအယူရှိသောပုဂ္ဂိုလ်။ သတ္တသည်၎င်း။ ဇီဝ သည် ၎င်းပြတ်၏။ သေသည်အခြားမဲ့၌ မဖြစ်လတ္တံ့ စသည်ဖြင့် ဖြစ်သော ဥစ္ဆေဒ အယူရှိသော ပုဂ္ဂိုလ်လည်းတပါး၊ မှားယွင်းသော အယူရှိသော ပုဂ္ဂိုလ်ကိုမှီဝဲသော သူလည်းတပါး။ ၎င်းနှစ်ပါးတို့သည် မိစ္ဆာဒိဋ္ဌိဖြစ်ခြင်း အကြောင်းတည်း။ ။ဤလျှင်ဒီကာဆရာနည်းတည်း။ ။ဗုဒ္ဓမတညွှာအဋ္ဌက ထာဆရာတော်နည်းကား။ ။ဒိဋ္ဌိဖြစ်ခြင်းအကြောင်းရှစ်ပါးရှိ၏၊ ရှစ်ပါး အရကို ဤသို့မှတ်အပ်၏။

ခန္ဓာအဝိဇ္ဇာဖဿော စ၊ သညာ တက္ကော အယောနိသော။
ဒုမ္မိတ္တောပရတောဃောသော၊ ဒိဋ္ဌိဋ္ဌာနာနိ အဋ္ဌဓာ။ ။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ဘိလက္ခန်။အင်္ဂုတ္တရအဋ္ဌကထာသုံးစောင်ပါ၌ ရစနာဂါထာ။ ။ခန္ဓာ၊ခန္ဓာငါးပါးတို့၎င်း။အဝိဇ္ဇာ၊မောဟ၎င်း။ဖဿော စ၊ ဖဿစေတသိက်၎င်း။သညာ၊သညာစေတသိက်၎င်း။ တက္ကော၊ဝိတက်စေ တသိက်၎င်း။ အယောနိသော၊မသင့်မတင့်နှလုံးသွင်းခြင်း၎င်း။ ဒုမ္မိတ္တော၊မ ကောင်းသောအဆွေခင်ပွန်း၎င်း။ ပရတောဃောသော၊ မိတ်ဆွေယုတ်ထံမှ ကြားနာရသောမိစ္ဆာတရားသံ၎င်း။ ဣတိ၊ဤသို့။ ဒိဋ္ဌိဋ္ဌာနာနိ၊မိစ္ဆာအယူ၏ အကြောင်းတို့သည်၊ အဋ္ဌဓာ၊ ရှစ်ပါးအပြားရှိကုန်၏။ ။၎င်းဂါထာ၏ အ ဓိပ္ပါယ်သော်ကား။ ရုပ်သည်ပင်ငါ၊ ငါသည်ပင်ရုပ်။ ဝေဒနာပင်ငါ၊ငါပင် လျှင်ဝေဒနာ၊အစရှိသောအားဖြင့်၊ခန္ဓာငါးပါးကိုစွဲလမ်း၍သက္ကာယဒိဋ္ဌိဖြစ် ခြင်းကြောင့်။ခန္ဓာငါးပါးသည်ဒိဋ္ဌိဖြစ်ခြင်းအကြောင်းမည်၏၊ဟုတ်မှန်တိုင်း သောရုပ်နာမ်ခန္ဓာ,စသည်တို့၏။သဘောလက္ခဏာတို့ကို။မသိမမြင်သဖြင့်၊ ရောင်ရမ်းစွဲလမ်းသောကြောင့်။ အဝိဇ္ဇာသည်လည်းဒိဋ္ဌိဖြစ်ခြင်းအကြောင်း မည်၏။မိုဃ်းကားကုန်း၏၊မြေကြီးကားလုံး၏ဟူ၍-ထင်သော အခြင်းအရာ အားဖြင့်ကြိဆ၍ စွဲသမ်းယူတတ်သောကြောင့်။ ဝိတက်သည် ဒိဋ္ဌိဖြစ်ခြင်း အကြောင်းမည်၏၊မိုဃ်းကား ကုန်း၏စသည်ဖြင့်။စွဲလမ်းယူမှား မှတ်တတ် သောသညာသည်။ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်းမည်၏။ဒိမိသဘောနှင့်တွေ့သမျှ- ထင်သမျှကို စွဲလမ်း ယူမှားတတ် သောကြောင့် ဖဿသည် ဒိဋ္ဌိဖြစ်ခြင်း အကြောင်းမည်၏။ မသင့်မတင့်-ဘောင်ပြန်စွဲလမ်း၍- ယူမှားတတ်သော ကြောင့်၊အယောနိသောမနသိကာရသည်ဒိဋ္ဌိ၏ဖြစ်ခြင်းအကြောင်းမည်၏၊

မကောင်းသော အသွေးခင်ပွန်း၏၊ အကျင့်အမူ-အယူ ဝါဒသို့၊ အစဉ်သဖြင့် စွဲလမ်းယူမှား တတ်သောကြောင့်။ ပါပမိတ္တသည် ဒိဋ္ဌိဖြစ်ခြင်းအကြောင်း မည်၏။မကောင်းသဖြင့် ပြောဟောသောတရားစကားကို ကြားနာရခြင်းနှင့် ကြားနာရသည်အတိုင်း၊ စွဲလမ်းယူမှားတတ်သောကြောင့်။ ပရတောဃောသသည်။ဒိဋ္ဌိဖြစ်ခြင်းအကြောင်းမည်၏။ ။ဤသည်လျှင်။အဋ္ဌကထာဆရာ တော်ပြအပ်သောပါဠိတော်နည်း။ဒိဋ္ဌိဖြစ်ခြင်းအကြောင်း၄ပါးတည်း။

အဋ္ဌသာလိနီအဋ္ဌကထာ၌ကား။ ။သူတော်ကောင်းတို့၏ဟောပြတော်မူအပ်သော တရားစကားကို မကြားနာရခြင်း။ မကောင်းသော အသွေးခင်ပွန်းရှိခြင်း၊ အရိယာသခင်၊ ရဟန်းတော်အရှင်တို့ကို မဖူးမြင်ခြင်း၊ မသင့်မတင့်-နှလုံးသွင်းခြင်း၊ ဤသို့သော အကြောင်းတရားတို့ကြောင့်၊ ဒိဋ္ဌိဟုဆိုအပ်သောမိစ္ဆာအမြင်သည်ဖြစ်၏ဟု မှတ်အပ်တော့သည်ဟူ၍ ရှင်မဟာဗုဒ္ဓဃောသဆရာဘွင့်ပြတော်မူ၏။ ။ဒိဋ္ဌိအယူရှိသောပုဂ္ဂိုလ်တို့သည်၊ တခုတည်းသောအယူ၌မတည်နိုင်ကုန်၊ရံခါသဿတအယူ၌ကျ၏၊ရံခါဥစ္ဆေဒအယူ၌ကျ၏၊ အမရာမည်သောငါးကြီးကဲ့သို့ဖြစ်၏ဟုမှတ်၊ ယခုကာလ၌၊ စာပြုရေရှုံးရာဇ်တို့ကိုယူလေ။

---

## (၅၁) သောမနဿ-ဥပေက္ခာအထူးကိုပြခြင်း။

သောမနဿနှင့်-ဥပေက္ခာနှစ်ပါး၏ထူးခြင်းပုံဝိနိစ္ဆယကို။ အနည်းငယ် မျှပြဦးအံ့။ ။သောမနဿသဟဂတတော့ဥပေက္ခာသဟဂတံဗလဝတရံ။ ။ အာဘိဓမ္မာ ဝတာရ ဋီကာသစ်။ ။သောမနဿ သဟဂတော၊ သောမနဿသဟဂုတ် စိတ်ထက်။ ဥပေက္ခာသဟဂတံ၊ ဥပေက္ခာသဟဂုတ်စိတ်သည်။ ဗလဝတရံ၊ အားကြီး၏၊ ။ဤသို့ ဋီကာ ဆရာတော် ပြဆိုသည့် စကားရပ်၏အဓိပ္ပါယ်သော်ကား၊အကုသိုလ်အရာမှာဖြစ်စေ၊ကုသိုလ်အရာ မှာဖြစ်စေ၊ အာသေဝနအထုံရသောစိတ်သည်၊ အားကြီးခြင်း ဗလဝဖြစ်ရ ကား။သောမနဿဟုဆိုအပ်သော-အာသေဝန အားနည်းသောစိတ်ထက်၊ ဥပေက္ခာဟုဆိုအပ်သော အာသေဝန-အားကြီးသောစိတ်သာလျှင်။ အကျိုး တရားလည်းဗလဝဖြစ်တော့သည်။သောမနဿစိတ်တို့သဘောသည်၊အာ သေဝနပစ္စည်း အားနည်းရကား။ အနည်းငယ်မျှအာရုံကို တွေ့ကြုံရှိခဲ့လျှင်။ မနက်နဲသောအဂ္ဂိရသဘောအားလျော်စွာ၊ ဝမ်းမြောက်ခြင်း ပါယောဇ္ဇ ဖြစ်တော့သည်ဟုမှတ်၊ ဥပေက္ခာစိတ်တို့သဘောသည်။ အာသေဝနပစ္စည်း

အားကြီးရကား။ လွန်မင်းစွာ နှစ်သက်ဘို့ ကောင်းသော အာရုံကိုတွေ့ကြုံငြားသော်လည်း။ နက်နဲသော ဂမ္ဘီရ သဘောအားလျော်စွာ၊ ဝမ်းမြောက်ခြင်းပါမောဇ္ဇာမဖြစ်မူ၍၊ လျစ်လျူရှုခြင်း သဘော ဖြစ်တော့သည်။ ထိုသို့ဖြစ်၍။ဥပေက္ခာသဘောရှိသောသူသည်။လွန်မင်းစွာအားကြီးသော အာရုံအပေါင်းတို့ထက်၊အထူးသဖြင့်အားကြီးသောအာရုံကို တွေ့ကြုံမှသာလျှင်။ ဝမ်းမြောက်ခြင်းပါမောဇ္ဇဖြစ်တော့သည်၊ ထိုသို့ဥပေက္ခာ သဘောရှိသောသူသည်။ဝမ်းမြော်ခြင်းပါမောဇ္ဇဖြစ်ခြင်းကို။သောမနဿသဘောဟုမမှတ်အပ်။ ဥပေက္ခာသဘောဟူ၍သာမှတ်အပ်သည်။ အဘဲ့ကြောင့်ဟူမူ၊ သောမနဿသဘောမဟုတ်သည်ဖြစ်၍၊ဥပေက္ခာသဘောဖြစ်သောကြောင့် အာရုံအနည်းငယ်မျှနှင့် ဝမ်းမြောက်ခြင်းမဖြစ်မူ၍။ အာရုံအားကြီးစွာတွေ့ကြုံခါမှ၊ဝမ်းမြောက်ခြင်းဖြစ်တော့သည်၊ ဥပက္ခာ၏ဝမ်းမြောက်ခြင်းနှင့်၊ သောမနဿ၏ ဝမ်းမြေ့ာက်ခြင်းကား မတူကြကုန်ဟုမှတ်၊ ဥပေက္ခာဟုဆိုတိုင်း ဝမ်းမြောက်ခြင်း ပါမောဇ္ဇ မဖြစ်ဟုမမှတ်လင့်၊ ဥပေက္ခာနှင့် ပဋိသန္ဓေနေသောသူမှာလည်း အဘယ်မှာ ဝမ်းမြောက်ခြင်းပါမောဇ္ဇ မဖြစ်ဘဲရှိတော့အံ့နည်း၊ဝမ်းမြောက်ခြင်းရှိတော့သည့်သာတည်း။သောမနဿနှင့်ပဋိသန္ဓေနေသောပုဂ္ဂိုလ်များကဲ့သို့သာလျှင် တွေ့မြင်တိုင်း၊ တွေ့မြင်တိုင်း။ ဝမ်းမြော်ခြင်းမဖြစ်ကုန်ဟုမှတ်။ ပါမောဇ္ဇ သည့်လည်း သောမနဿ အရင်းမူလရှိသောပါမောဇ္ဇ၊ဥပေက္ခာအရင်းမူလရှိသောပါမောဇ္ဇအားဖြင့်နှစ်ပါးအပြားရှိ၏၊ထိုတွင်၊ သောမနဿ အရင်းမူလရှိသော ဝမ်းမြောက်ခြင်း ပါမောဇ္ဇသည်ဖြစ်လွယ်၊ ပျက်လွယ်သောသဘောရှိ၏၊ လောကပစ္စက္ခသိဒ္ဓိအားဖြင့်လည်းထင်ရှား၍။အာသေဝနလည်းအားနည်းခြင်းဒုဗ္ဗလဖြစ်သည်၊ဥပေက္ခာအရင်းမူလရှိသော ဝမ်းမြောက်ခြင်းပါမောဇ္ဇသည်၊ ဖြစ်ခဲ၊ပျက်ခဲသောသဘောရှိ၏၊လောကပစ္စက္ခသိဒ္ဓိအားဖြင့်၊မထင်ရှား။အနုမာနသိဒ္ဓိအားဖြင့်သာထင်ရှား၏၊အာသေဝနလည်း အားကြီးခြင်း ဗလဝဖြစ်သည်၊ ။ဤလျှင်ပါမောဇ္ဇအရ။ထူးခြားပုံတည်း၊

အကျိုးတရားအားကြီး, အားနည်းခြင်းဟုဆိုအပ်သောဗလဝ-ဒုဗ္ဗလမှာလည်း။အာသေဝနပစ္စည်း၊ အထောက်အပံ့၊အများအနည်းကြောင့်သာဖြစ်ရတော့သည်ဟုမှတ်လေ၊ ကုသိုလ် အကျိုးပေးရာဝယ်ဖြစ်သောဥက္ကဋ္ဌဩမကတို့၏အဆုံးအဖြတ်ကိုပြသောအခန်းကိုလှမ်း၍ယှဉ်ခါကြည့်ရှုလေ၊ ။ ဤသို့အဓိပ္ပါယ်အကျဉ်းကိုသာ နှလုံးသွင်း၍၊ ဥပေက္ခာ, သောမနဿတို့၏၊ ဗလဝ-ဒုဗ္ဗလ-ဖြစ်ခြင်းကိုသိကြလေ၊ ။အရင်းစစ်၊ အမြစ်မြေကြီးက-ဟူ

ဆိုသကဲ့သို့။ အဖြစ်မူလဖြစ်သော ပဓာနအကြောင်းကိုသာ ရှာကြံ၍သိအပ်တော့သည်။ ဆန်စင်ရော၊ ကျည်ပွေ့မလိုက်နိုင် ဆိုဘိသကဲ့သို့။ သုတ္တန်နည်းအားဖြင့်တနည်းဗလဝ,ဒုဗ္ဗလ။အဘိဓမ္မာနည်းအားဖြင့်။ ဗလဝဒုဗ္ဗလ။ဤသို့အဝဝဆုံးဖြတ်သဖြင့်။ ရေးသူ။ ကြည့်သူ နှစ်ယောက်။ ဘယ်သူမျှ၊ ဉာဏ်ဟုတ်မှန်စွာမပေါက်လျက်။ ဋီကာဆရာတော်၏။ အာဘောဂနှလုံးသွင်းဟုဆိုအပ်သော၊ လိုရင်းပိဏ္ဍတ္ထအဓိပ္ပါယ်သို့။မရောက်နိုင်ခြင်း။ နိရတ္ထကသာဖြစ်တော့သည် ဟုမှတ်။ ။ဤလျှင်။ ဋီကာ ဆရာတော်အား။ သောမနဿ-ဥပေက္ခာဗလဝ-ဒုဗ္ဗလ-အရပြခန်းပြီးပြီ။

---

## (၅၂) အဌကထာဝိနိစ္ဆယကိုပြခြင်း။

အဌကထာဆရာရှင် ဗုဒ္ဓဃောသ၏ အဆုံးအဖြတ်ကိုကား။ ဤသို့မှတ်အပ်သိအပ်၏။ သိရဟန်ကား။ ။သဒ်ေပတော အာထုသလံပတ္တာယာဝိပါကံဗဟုံဒေတိ၊သာဩဠာရိကာ။ ယာဇပ္ပံ၊ သာသုခုမာ။ကုသလံပတ္တာပန အပ္ပဝိပါကာ ဩဠာရိကာ၊ ဗဟုဝိပါကာသုခုမာ။ ။သမ္မောဟဝိနောဒနီ အဌကထာ။ဝိသုဒ္ဓိမဂ်အဌကထာပါဠိ။ ။သဒ်ေပတော၊အကျဉ်းအားဖြင့်။ အကုသလံ၊အကုသိုလ်သို့။ ပတ္တာ၊ရောက်၍။ ယာ၊အကြင်အကြောင်းတရားသည်။ဝိပါကံ၊အကျိုးကို။ဗဟုံ၊များစွာ။ ဒေတိ၊ပေး၏။ သာ၊ထိုအကြောင်းတရားသည်၊ ဩဠာရိကာ၊ရုန့်ရင်းကြမ်းတမ်း၏။ ယာ၊ အကြင်အကြောင်းတရားသည်၊ ဝိပါကံ၊အကျိုးကို၊ အပ္ပံ၊ အနည်းငယ်။ဒေတိ၊ပေး၏။ သာ၊ ထိုအကြောင်းတရားသည်။သုခုမာ၊သိမ်မွေ့၏။ကုသလံ၊ကုသိုလ်သို့၊ ပတ္တာပန၊ ရောက်၍မူကား၊ အပ္ပဝိပါကာ၊ အကျိုးပေး နည်းမူ၊ ဩဠာရိကာ၊ ရုန့်ရင်းကြမ်းတမ်း၏။ဗဟုဝိပါကာ၊အကျိုးပေးများမူ၊သုခုမာ၊သိမ်မွေ့၏။ ။ဤအဌကထာပါဠိ၏အဓိပ္ပါယ်သော်ကား။အကုသိုလ်အရာ၌။အကျိုးပေးများသောစိတ်ကိုအားကြီးသောဗလဝစိတ်ဟုမှတ်၊ ကုသိုလ်အရာ၌မူကား။အကျိုးပေးအားနည်းသောစိတ်ကိုအားကြီးသောဗလဝစိတ်ဟုမှတ်။ အဘယ့်ကြောင့်ဟူမူ။အဖြစ်ဒေါသများသောကြောင့်တည်း။ ထိုကြောင့်မူလဋီကာ။ မဟာဋီကာကျမ်းတို့၌။ ။ဗဟုဝိပါကာ အကုသလာ ဒေါသုဿန္နတာယဩဠာရိကာ၊တထာအပ္ပဝိပါကာကုသလာ။ ။ဟုဘွင့်ပြ၏။ ။ဗဟုဝိပါကာ၊အကျိုးပေးများသော။အကုသလာ၊ အကုသိုလ်သည်။ဒေါသုဿန္နတာယ၊ အဖြစ်ဒေါသများသောကြောင့်။ ဩဠာရိကာ၊ ရုန့်ရင်းကြမ်းတမ်း၏။ အပ္ပဝိပါ

ကာ၊အကျိုးပေးအားနည်းသော။ကုသလာ၊ကုသိုလ်သည်။ တထာ၊ထိုအတူ အပြစ် ဒေါသ များသောကြောင့်။ ရှုန်ရင်း ကြမ်းတမ်း၏။ ။အကုသိုလ် အရာ၌။အကျိုးပေး အားနည်းသော စိတ်ကို အားနည်းသော ဒုဗ္ဗလစိတ်ဟု မှတ်။ ကုသိုလ်အရာ၌မှာမူကား။ အကျိုးပေးများသော စိတ်ကို၊ အားနည်း သောဒုဗ္ဗလ စိတ်ဟုမှတ်။ အဘဲ့ကြောင့်ဟူမူ။ အပြစ်ဒေါသ နည်းပါးသော ကြောင့်တည်း။ထိုကြောင့်မူလဋီကာ၊ဝိသုဒ္ဓိမဂ်မဟာဋီကာတို့၌။ ။မန္ဒဒေါ သတ္တာ၊အပ္ပဝိပါကာ၊အကုသလာ၊သုခုမာ၊တထာ၊ဗဟုဝိပါကာ၊ကုသလာစ၊ ။ ဟုဘွင့်ပြ၏။ ။မန္ဒဒေါသတ္တာ၊ အပြစ်ဒေါသနုံ့နှေးသောကြောင့်၊ အပ္ပဝိပါ ကာ၊အကျိုးပေးအားနည်းသော၊ အကုသလာ၊ အကုသိုလ်သည်၊ သုခုမာ၊ သိမ်မွေ့၏၊ ဗဟုဝိပါကာ၊ အကျိုးပေးများသော။ ကုသလာစ၊ကုသိုလ်သည် လည်း။တထာ၊ထိုအတူ၊အပြစ်ဒေါသနည်းပါးသောကြောင့်သိမ်မွေ့၏။

ဤသို့ပြခဲ့ရာဝယ်၊ဩဠာရိကာဟုဆိုလျှင်။ဗလဝဟုမှတ်အပ်၏။ သုခုမာ ဟုဆိုလျှင်။ ဒုဗ္ဗလဟု မှတ်အပ်၏။ ဤစကားရပ်တွင်၊ အကုသိုလ် အရာ၌၊ ကိလေသာ၏လွန်ခြင်းမလွန်ခြင်းကြောင့်။ ဗလဝ—ဒုဗ္ဗလအဖြစ်ကိုသိလွယ် ၏။ ကုသိုလ်၌ အပြစ်ဒေါသ များသောကြောင့်။ အကျိုးပေး နည်းရာဝယ်၊ အဘယ်သို့အားဖြင့်။ ဗလဝအဖြစ်ကို။ မှတ်ရအံ့နည်းဟူမူ။ ။ဥပနိဿယ ဝသေန၊ဥပနိဿယ၏အစွမ်းအားဖြင့်၊ ဒေါသုဿန္နတာ၊ အပြစ်ဒေါသများ သည်၏အဖြစ်ကို၊ ဝေဒိတဗ္ဗာ၊သိအပ်၏။ ။ဤသို့အနုဋီကာ၊ မိန့်လာသည် နှင့်အညီ၊ ဥပနိဿယပစ္စည်း၏အစွမ်းအားဖြင့်။ ကိလေသာ လွန်ကဲသော သန္တာန်၌ဖြစ်သော ကုသိုလ်တရားတို့သည်၊ ကိလေသာတရားတို့ကြောင့်၊ ကျဉ်းမြောင်းခြင်းသို့ရောက်ရကား၊ ပွန်မြတ်သောအကျိုးကို၊ဖွံ့ဖြိုးစွာမပေး နိုင်၊ဥပမာအားဖြင့်သော်ကား၊မြက်စသည်တို့ဖြင့် ကျဉ်းမြောင်းရာအရပ်၌၊ စိုက်အပ်သော၊ ကောက်ပင်တို့သည်၊ ကောင်းမွန်သော အသီးကို မဖြင့်စေ ဘိသကဲ့သို့ တည်းဟုမှတ်၊ ဤနည်းကိုမှီ၍၊ ဒေါသနည်းသော ကုသိုလ်မှာ ထည်းဘိလေ၊ အပြစ်များသည်ကိုထောက်ထား၍၊ ဗလဝစိတ်၊အပြစ်နည်း သည်ကိုထောက်ထား၍၊ ဒုဗ္ဗလစိတ်—ဟုဆုံးဖြတ်အပ်သော အဋ္ဌကထာ၏ စကားနိမိတ်ကို၊ဘိသင့်တော့သည်၊ အကျဉ်းဆောင်ပုဒ်။ နယဥတ်ကိုကား၊ ဤသို့ ဘိအပ်—မှတ်အပ်ရာ၏။

(၁) ထောဘမူမှာ၊သော,ထက်သာ၊ဥပေက္ခာဗလဝ၊ ။

(၂) စ—တ—အသင်္ခ၊ဒု—ပ—ဆန္ဒ၊ပဥ္စမတ်ကြီးရှစ်ဝ၊ ။

(၃) ဓာဘိဝဓ္ဓာဝဇာဒရဒိကာ၊ မိန့်ချက်ပါ၊ သေချာညာဏ်ဖြင့်ဆ။ ။
(၄) ဓကျိုးများလတ်၊ ဓားကြီးမှတ်၊ နည်းလတ်ဒုဗ္ဗလ။ ။
(၅) ကုသိုလ်မှာကား၊ ကျိုးပေးများ၊ မှတ်သားဒုဗ္ဗလ။ ။
(၆) ဓကျိုးပေးရော၊ ဓားနည်းပါ၊ ယှုပါဗလဝ။ ။
(၇) သော-ဥ-နှစ်ခထိး၊ မခွဲခြမ်း၊ မိန့်မြန်းသမ္ဘောဟာ။ ။
(၈) ဓမိဋ္ဌါယ်ချက်၊ လွှန့်စွာခက်၊ ညာဏ်မနက်မသိကြ။ ။

ဤလျှင်၊ ဥပေက္ခာ၊ သောမနဿ၊ ဝိနိစ္ဆယ၊ ဓာသုံးဓဖြတ်။ နိဂုံးသတ်လိုက်ပြီ။

(၅၃) လောဘမူစိတ်-သရုပ်ရိုးခွဲ ပိတ်နည်းဇယားကွက်ပုံ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| သောမနဿ | ၄ | ဘံ- | ၂ | ဗ- ၂ | ဘံ- ၂ | သ- ၂ | သောမနဿတရားပေါင်း | ၁၂ |
| ဥပေက္ခာ | ၄ | ဘံ- | ၂ | ဗိ- ၂ | ဘံ- ၂ | သ- ၂ | ဥပေက္ခာတရားပေါင်း | ၁၂ |
| သမ္ပယုတ် | ၄ | သော- | ၂ | ဥ- ၂ | ဓာ- ၂ | သ- ၂ | သမ္ပယုတ်တရားပေါင်း | ၁၂ |
| ဝိပ္ပယုတ် | ၄ | သော- | ၂ | ဥ- ၂ | ဓာ- ၂ | သ- ၂ | ဝိပ္ပယုတ်တရားပေါင်း | ၁၂ |
| ဓာသင်္ခါရိက | ၄ | သော- | ၂ | ဥ- ၂ | ဓာ- ၂ | ဗိ- ၂ | ဓာသင်္ခါရိကတရားပေါင်း | ၁၂ |
| သသင်္ခါရိက | ၄ | သော- | ၂ | ဥ- ၂ | ဓာ- ၂ | ဗိ- ၂ | သသင်္ခါရိကတရားပေါင်း | ၁၂ |

လောဘမူစိတ်တရားပေါင်း- ၂၄

{လောဘမူစိတ္တ၊ သရူပ၊ ဓာရ-ပြီးလုန်ပြီ}။

(၅၄) ဒေါသမူစိတ်နှစ်ပါးကိုရေတွက်၍ပြခြင်း။

{ ဒေါမနဿသဟဂုတ်-ပဋိဃသမ္ပယုတ်-ဓာသင်္ခါရိက စိတ်တခု။
ဒေါမနဿသဟဂုတ်-ပဋိဃသမ္ပယုတ်-သသင်္ခါရိကစိတ်တခု။ }

ပေါင်း-ဒေါသမူစိတ်နှစ်ပါး။

ဤဒေါသမူစိတ်၌၊ ဒေါမနဿ၊ ပဋိဃတရားနှစ်ပါးတို့သည်၊ ဓာဘယ်သို့ ထူးခြားသနည်းဟူမူ၊ ။ဒေါမနဿဟူသည်ဝေဒနာက္ခန္ဓာတရား၌ဓာတွင်း ဝင်သောဝေဒနာစေတသိက်ကို မှတ်ဓာပ်၏။ ပဋိဃဟူသည် သင်္ခါရက္ခန္ဓာ တရား၌ ဓာတွင်းဝင်သော ဒေါသစေတသိက်ကို မှတ်ဓာပ်၏။ ။ဤသည် လျှင် ဓာထူးတည်း။ ။ဤပြဓာပ်ပြီးသည့်ကား ဋီကာဆရာ၏နည်းဟုမှတ်။

အဇ္ဈတ္တနည်းအားဖြင့်၊ ဒေါမနဿသည်၊ အနိဋ္ဌာရုံကိုခံစားခြင်း အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏာရှိ၏။ ပဋိဃသည်–ကြမ်းတမ်းခြင်း စဏ္ဍိက္ကလက္ခဏာရှိ၏။ ။ဤသို့လက္ခဏာအားဖြင့်ထူးခြား၏၊ ။ဤသည်ကား အဘိဓမ္မာ အဇ္ဈတ္တနည်းတည်း၊ ။သုတ်အဇ္ဈတ္တနည်းအားဖြင့်။အားနည်းသော အမျက်သည်ဒေါသမည်၏၊ အားကြီးသောအမျက်သည် ပဋိဃမည်၏–ဟု၊ အထူးကိုပြတော်မူ၏၊ ။ဤစိတ်၌ဒေါမနဿဟုဆိုလျှင်၊ပြီးကောင်းလျက် ပဋိဃသမ္ပယုတ္တံဟု–အဘယ့်ကြောင့် နောက်ထပ် ဆိုအပ်သနည်း ဟူမူ၊ ။ ဒေါမနဿ–ပဋိဃတို့၏ စင်စစ်တကွဖြစ်သည်၏အဖြစ်ကိုပြခြင်းငှါ၊ ပဋိဃ သမ္ပယုတ္တံပါဠ်ကိုထပ်၍ဆိုအပ်သတည်း။

---

## (၅၅) ဒေါမနဿ–ပဋိဃတို့၏ဖြစ်ကြောင်းကိုပြခြင်း။

အလိုမရှိအပ်သောအနိဋ္ဌာရုံသည်၎င်း၊ရန်ညှိုးဖွဲ့ခြင်းအကြောင်းအာဃာတဝတ္ထုကိုးပါးသည်၎င်း။ ဤအကြောင်းဆယ်ပါးသည် ဒေါမနဿ,ပဋိဃတို့၏ဖြစ်ခြင်းအကြောင်းမည်၏၊ ။ဤ၌၊အာဃာတဝတ္ထုကိုးပါးအရကား၊ ဤသူသည်ငါ၏အကျိုးမဲ့ကိုရှေး၌လည်းပြုပြီ။ယခုလည်းပြုဆဲ။ နောင်လည်း ပြုလတ္တံ့ဟု၊ မိမိကိုယ်ကိုအကြောင်းပြုသုံးပါး၊ ဤသူသည် ငါချစ်သောသူ၏အကျိုးမဲ့ကိုရှေး၌လည်းပြုပြီ၊ ယခုလည်းပြုဆဲ။ နောင်လည်းပြုလတ္တံ့ဟု၊ မိမိချစ်သောသူကိုစွဲ၍သုံးပါး၊ ဤသူသည် ငါမုန်းသောသူ၏ အကျိုးစီးပွါး ကိုရှေး၌လည်းပြုပြီ။ယခုလည်းပြုဆဲ၊ နောက်လည်းပြုလတ္တံ့ဟု မိမိ၏ရန်သူ ကိုစွဲ၍သုံးပါး။ပေါင်းရန်ညှိုးဖွဲ့ခြင်းအကြောင်းကိုးပါးတည်း၊ ။နဝကင်္ဂုတ္တရ ပါဠိတော်ထွက်တည်း၊

တနည်း၊ ။ဤအာဃာတဝတ္ထုကိုးပါးမှတပါး၊ အဋ္ဌာနကောပ–အရာမ ဟုတ်သည်၌အမျက်ထွက်ခြင်းသည်လည်း။ဒေါသဖြစ်ခြင်းအကြောင်းမည် ၏။အဋ္ဌာနကောပဟူသည်လေလာသည်၌၎င်း၊ငုတ်ငြှာသည်၌၎င်း၊အမျက် ထွက်ခြင်းကိုမှတ်ယူအပ်၏။ ဤသို့သောငုတ်ငြှာ,လေလာသည်၌ အမျက် ထွက်ခြင်းအဋ္ဌာနကောပသည်သင်္ခါရ၌ဖြစ်သောကြောင့်အပါယ်သို့ရောက် ကမ္မပထမြောက်အောင်အကျိုးမပေးဟုမှတ်၊ ။ထို့ကြောင့်ရကား၊အဋ္ဌသာ လိနီအဋ္ဌကထာ၌၊ ။အဋ္ဌာနာဃာတောပန သင်္ခါရေသု ဥပ္ပန္နော ကမ္မပထ ဘေဒံနကရောတိ၊ ။ဟု ဘွင့်ပြတော်မူ၏၊ ။သင်္ခါရေသု၊ အသက်မရှိ သောအဝိညာဏကသင်္ခါရတို့၌၊ဥပ္ပန္နော၊ ဖြစ်သော၊ အဋ္ဌာနာဃာတောပန၊

အရာမဟုတ်သည်၌အမျက်ထွက်ခြင်းသည်ကား၊ ကမ္ဗုပထဘောဓ၊ကမ္ဗုပထ အထူးကို၊နကရောတိ၊မပြုတတ်၊

မူလဋီကာ၍ရှင်အာနန္ဒာသည်ကား၊သဝ်ါရဋ္ဌ်ဖြစ်သောအဗျာနကောပသည် သာလျှင်၊ကမ္ဗုပထမြောက်အောင် မပြုတတ်၊သတ္တဝါတို့၌ ဖြစ်သောအဗျာန ကောပသည်ကား၊အပါယ်သို့ရောက်၊ ကမ္ဗုပထမြောက်အောင် ပြုတတ်၏ဟုဆို ၏။ ။ထိုကြောင့်မူလဋီကာ၌။ ။သင်္ခါရေသု ဥပ္ပန္နောအဗျာနကောပေါ ကရော တိတိဝိညာယတိ။ ။ဟုဘွင့်ပြ၏၊ ။သင်္ခါရေသု၊အသက်မရှိသောသတ္တဝါ တို့၌။ဥပ္ပန္နော၊ဖြစ်သော၊အဗျာနကောပေါ၊အရာမဟုတ်သည်၌ အမျက်ထွက် ခြင်းသည်၊ကမ္ဗုပထဘေဒံ၊ ကမ္ဗုပထအထူးကို၊ကရောတိ၊ပြုတတ်၏။ ဣတိ၊ ဤသို့၊ဝိညာယတိ၊သိအပ်၏။ ။သတ္တဝါတို့၌ဖြစ်သော အဗျာနကောပသည် ကား၊မူလဋီကာ၌ပါရှိပြီ၊ဂန္ထဂရုအတိဘယကြောင့်၊မပြလိုက်ပြီ၊

(၁) မိမိ,ချစ်သူ၊မုန်းသည့်သူ၊သုံးသူကြောင်းကိုး၀။ ။

(၂) အတိတ်,ပစ္စုပ္ပန်၊နာဂတ်မှန်၊ယှဉ်ရန်အကြောင်းပြ။ ။

(၃) အဗျာနကောပ၊ပေါင်းပြန်က၊ကြောင်းရမိန့်မြွက်ဟာ။

ဒေါသမူစိတ်ပြီးပြီ၊

---

## (၅၆) မောဟမူစိတ်နှစ်ပါးကိုရေတွက်ပြခြင်း။

{ ဥပေက္ခာသဟဂုတ်-ဝိစိကိစ္ဆာသမ္ပယုတ်စိတ်တခု၊ }
{ ဥပေက္ခာသဟဂုတ်-ဥဒ္ဓစ္စသမ္ပယုတ်စိတ်တခု။ }

ပေါင်း–မောဟမူစိတ်နှစ်ပါး၊

ဤမောဟမူစိတ်၌၊ဥဒ္ဓစ္စသမ္ပယုတ်,ဝိစိကိစ္ဆာသမ္ပယုတ်တို့သည်၊အာရုံ၌ ပြင်းစွာ တုန်လှုပ်တတ်ကုန်၏။ အဘယ်သို့ တုန်လှုပ်သနည်းဟူမူ၊ ။ဥဒ္ဓစ္စ သည်မိမိ၏ယူဆအပ်သောတခုသောအာရုံ၏ အခြင်းအရာ၌သာလျှင် တည် ၍တုန်လှုပ်တတ်၏၊ဝိစိကိစ္ဆာသည်ရူပါရုံစသည်တို့တွင်။ တခုသောအာရုံ၌ သာလျှင် ဖြစ်ငြားသော်လည်း၊ မဟုတ်မှု၍ ဖြစ်လေ သလော၊ ဟုတ်လေ သလော တပါးသောအခြင်းအရာလေလော-စသဖြင့်၊ တွေးတောခြင်းများ သောကြောင့်၊ အထူးထူးသောအာရုံ၌ တုန်လှုပ်၏ဟူ၍ ဆိုအပ်၏။ ။ထို ကြောင့်၊အဋ္ဌကထာ၌။ ။ဥဒ္ဓစ္စဉ္စ်ကောရမ္မဏေဝိပ္ဖန္ဒတိ၊ဝိစိကိစ္ဆာနာနာရမ္မ ဏေ။ ။ဟုဘွင့်ပြတော်မူ၏။ ။ပဒိသမ္ဗန္ဓ်၊မှန်၏၊ဥဒ္ဓစ္စံ၊ဥဒ္ဓစ္စသည်၊ဧကာရမ္မဏေ၊

တခုတည်းသောအာရုံ၌၊ ဝိပ္ပန္နတိ၊ တုန့်လှုပ်၏။ ဝိစိကိစ္ဆာ၊ဝိစိကိစ္ဆာသည်၊ နာနာရမ္မဏေ၊အထူးထူးသောအာရုံ၌၊ဝိပ္ပန္နတိ၊တုန့်လှုပ်၏။

---

## (၅၇) ပဝဋ္ဋနကစိတ်မည်ကြောင်းကိုပြခြင်း။

(အမေး) ပဝဋ္ဋနကစိတ်၊သဥ္စာယစိတ်၊ယူရိပ်ဘယ်သို့နည်း။

(အဖြေ) ဥဒ္ဓစ္စ–ဝိစိ၊နှစ်ပါးရှိ၊မှတ်ဘိအာရ–ဤသို့တည်း။ ၊

အာရမ္မဏေ ပဝဋ္ဋနကစိတ္တာနိ နာမကတိတိ ဝုတ္တေ အုမာနေဝ ဒွေတိ ဝတ္တဗ္ဗံ။ ၊အဥ္ဍသာလိနီအဋ္ဌကထာ။ ၊အာရမ္မဏေ၊အာရုံ၌၊ပဝဋ္ဋနကစိတ္တာ နိနာမ၊လည်တတ်လိမ့်တတ်သော စိတ်တို့မည်သည်။ ကတိ၊ အဘယ်မျှတို့ နည်း၊အုတိ၊ဤသို့၊ဝုတ္တေ၊ဆိုသည်ရှိသော်။အုမာနိဒွေ၊ဤဥဒ္ဓစ္စသမ္ပယုတ်–ဝိစိ ကိစ္ဆာသမ္ပယုတ်နှစ်ပါးတို့တည်း။ ဣတိ၊ဤသို့။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ ၊အဓိပ္ပါယ်သော်ကား။ ၊ဝိစိကိစ္ဆာစိတ်သည်။စင်စစ်ကေန္တအားဖြင့်အာရုံ လိမ့်တတ်၏။ ဥဒ္ဓစ္စသည်ကား ရအပ်သော အဓိမောက္ခ ရှိသည့်၏ အဖြစ် ကြောင့်၊ ရအပ်သော ထောက်တည်ရာ ရှိသည်ဖြစ်၍၊ တန့်၍–တန့်၍–လိမ့် လည်တတ်၏။ ၊လောကူပမာအားဖြင့်။အလုံးတခု၊လေးထောင့် တခုဖြစ် ကုန်သော နှစ်ခုသောကျောက်တို့ကို ချိုင့်ဝှမ်းရာ အရပ်၌လိမ့်၍ လွှတ်အပ် ကုန်သည်ရှိသော်၊လုံးသောကျောက်သည်။စင်စစ်ကေန္တအားဖြင့်လိမ့်လည် တတ်၏၊ လေးထောင့် ကျောက်သည်တန့်၍–တန့်၍ လိမ့်လည်သကဲ့သို့လိမ့် လည်တတ်၏။ဤသို့ဥပမာ,ဥပမေယျနှစ်ရပ်။ဂဟောစပ်၍၊ တပ်အပ်သချာ၊ မှတ်ဟူအပ်ရာ၏။ ၊ဤလျှင်တရပ်။အထူးတနည်းမှတ်။

---

## (၅၈) ဥဒ္ဓစ္စစေတနာ၏ပဋိသန္ဓေကျိုးမပေကြောင်းကိုပြခြင်း။

(အမေး) ဥဒ္ဓစ္စစိတ္တာ၊သန္ဓေခါ၊မပေးပါဘယ်ကြောင့်နည်း။

(အဖြေ) သောတမဂ္ဂါ၊ မပယ်ပါ၍၊ နာနာကစ္စ၊ပစ္စယ၊ မတပ်ရသော ကြောင့်တည်း။

သောတာပတ္တိမဂ်သည်၊ ပယ်အပ်သော တရား မဟုတ်သောကြောင့်၊ ဥဒ္ဓစ္စသည်ပဋိသန္ဓေကို မပေးဟုမှတ်၊ အကယ်၍ဥဒ္ဓစ္စသည်၊ ပဋိသန္ဓေပေး ခဲ့ငြားအံ့။ဒသာနေန ပဟာတဗ္ဗ–ဝိဘင်း၌လာရာ၏၊လာလည်းမလာခဲ့၊ထိုသို့

မလာသောကြောင့်၊ ပဋိသန္ဓေအကျိုးကိုမပေးဟု-အဋ္ဌကထာဆရာ ဘွင့်ပြ တော်မူ၏၊ ။မူလဋီကာ-ရှင်အာနန္ဒာသည်ကား။ ။တေသံ ဝိပါကေဉာဏံ အတ္တပဋိသန္ဓိဒါ၊ ။ပဋိသန္ဓိဒါမဂ် ပါဠိတော်၊ ။တေသံ၊ထိုဥဒ္ဓစ္စစိတ်တို့ ၏၊ဝိပါကေ၊အကျိုးပေးရာ၌၊ဉာဏံ၊သိသောဉာဏ်သည်၊ အတ္တပဋိသန္ဓိဒါ၊ အတ္တပဋိသန္ဓိဒါမည်၏၊ ။ဤသို့လာရှိသောကြောင့် ဥဒ္ဓစ္စသည်၊ပဋိသန္ဓေ အကျိုးကိုးပေး၏-ဟုမိန့်တော်မူ၏။

ဤသို့ အဋ္ဌကထာဆရာ။ မူလဋီကာဆရာနှစ်ဦးတို့သည်၊ တဦးနှင့်တဦး အထူးပြင်းခံရာ၌။အနုဋီကာ ဆရာကြီးဆုံးဖြတ်တော်မူသည်မှာ၊ ။ဤပဋိ သန္ဓိဒါမဂ် ပါဠိတော်သည်၊ ဥဒ္ဓစ္စစိတ်၏ ပဋိသန္ဓေ အကျိုးပေးခြင်းကို ပြ သည်မဟုတ်၊ ပဝတ္တိ အကျိုးပေးဟန်ကိုသာလျှင် ရည်သန်၍၊ တေသံဝိပါ ကေဉာဏံ အတ္တပဋိသန္ဓိဒါ-ဟုပြတော်မူ၏။ ။ပဋ္ဌာန်းပါဠိတော်၌လည်း။ နာနာက္ခဏိကာဒဿနေန ပဟာတဗ္ဗစေတနာ ဝိပါကာနံခန္ဓာနံ ကဋတ္တာစ ရူပါနံကမ္မပစ္စယေနပစ္စယော။ ။ဟူ၍ ဒဿနေနပဟာတဗ္ဗစေတနာကိုသာ လျှင်။ပဋိသန္ဓေပေးကြောင်းကို၊ ဟောကြားတော်မူ၏။ ဘာဝနာယ-ပဟာ တဗ္ဗဖြစ်သော ဥဒ္ဓစ္စစေတနာကို။ ပဋိသန္ဓေပေးကြောင်းကို ဟောကြားတော် မမူ။ နာနာက္ခဏိက ကမ္မပစ္စည်းနှင့် ကင်း၍လည်း၊ ပဋိသန္ဓေမပေးနိုင်-ဟု မှတ်၊ ။ထိုကြောင့်အနုဋီကာ စာန်ပါတ် ၁၂၁-၌၊ ။နစ နာနာက္ခဏိက ကမ္မပစ္စယံဝိနာ ပဋိသန္ဓိအာကဍ္ဎနံ အတ္ထိတိ ပဋိသန္ဓိအနာကဍ္ဎနတောတတ္ထ အနာဂတာတိဝုတ္တံ၊ ။ဟုဘွင့်ပြ၏၊ ။နာနာက္ခဏိကကမ္မပစ္စယံ၊နာနာက္ခဏိ ကကမ္မပစ္စည်းကို။ဝိနာ၊ကင်း၍၊ ပဋိသန္ဓိအာကဍ္ဎနံ၊ ပဋိသန္ဓေအကျိုးကိုငင် ခြင်းသည်၊နစအတ္ထိ၊မရှိ။ဣတိ၊ဤသို့။ပဋိသန္ဓိအနာကဍ္ဎနတော၊ပဋိသန္ဓေကို မငင်သောကြောင့်။ တတ္ထ၊ ထိုဒဿနေန ပဟာတဗ္ဗ ထိုက်၌၊ အနာဂတာ၊ မလာ။ဣတိ၊ဤသို့။ဝုတ္တံ၊မိန့်အပ်၏။

ထို့မှတပါး၊ လက်ဒီပ၊ နာမတင့်ဝှမ်း၊ဘိပ်ဟိုင်ကျွန်းနေ၊ ဗုဒ္ဓမိတ္တမဟာ ထေရ်သည်ကား၊ရင်းဥဒ္ဓစ္စသည်၊ပုထုဇဉ်သန္တာန်၌ဖြစ်မူ၊ ပဋိသန္ဓေ-ပဝတ္တိ အကျိုးနှစ်ပါးကိုပေးနိုင်၏။သောတာပန်၊သကဒါဂါမ်၊အနာဂါမ်သန္တာန်၌ ဖြစ်ပါမူကား။ပဋိသန္ဓေအကျိုးကိုမပေးနိုင်ဟု-ဝိသေသအားဖြင့်ဟောကြား တော်မူ၏၊ ။ဤလျှင်တရပ်-မှတ်ဘွယ်တည်း။

## (၃၉) နောက်ဆုံးစိတ်ကို ဥဒ္ဒစ္စသမ္ပယုတ်ဆိုရခြင်း၊

ဥဒ္ဒစ္စ စေတသိက်သည်၊ အလုံးစုံသော အကုသိုလ်၌ ယှဉ်သော သဗ္ဗာကုသလသာဓာရဏ ဖြစ်သောကြောင့်၊ အလုံးစုံသော အကုသိုလ်စိတ်၌ပင်၊ ဥဒ္ဒစ္စသမ္ပယုတ္တံ–ဟူ၍ဆိုသင့်လျက်။ အဘယ့်ကြောင့်နောက်ဆုံးဖြစ်သောစိတ်၌သာလျှင်။ဥဒ္ဒစ္စသမ္ပယုတ္တံ-ဟု ဆိုလေသနည်းဟူမူ၊ ဥဒ္ဒစ္စသည်တဆဲ့တပါးသောစိတ်နှင့်ယှဉ်သောအခါ မိမိသည်မပြဓာန်းသည်ဖြစ်၍၊ ဥဒ္ဒစ္စသမ္ပယုတ္တံ ဟုမဆိုနိုင်၊ နောက်ဆုံးဖြစ်သောစိတ်၌ကား။မိမိပြဓာန်းသည်ဖြစ်၍၊ သချပ်အားဖြင့်ထုတ်၍။ ဥဒ္ဒစ္စသမ္ပယုတ္တံ-ပုဒ်ကို ဟောကြား အပ်တော့သည်၊ ထိုကြောင့်ရကား ဋီကာကျော်ကျမ်းမြတ်၌။

သဗ္ဗာကုသလယုတ္တမ္ပိ၊ ဥဒ္ဒစ္စံ အန္တိမာနသေ၊
ဗလဝံ ဣတိ တံယေဝ၊ ဝုတ္တမုဒ္ဒစ္စယောဂတော။ ။
ဟုမိန့်တော်မူ၏။

ဥဒ္ဒစ္စံ၊ဥဒ္ဒစ္စသည်၊ သဗ္ဗာကုသလယုတ္တမ္ပိ၊အလုံးစုံသော အကုသိုလ်စိတ်နှင့်ယှဉ်ပြားသော်လည်း၊ အန္တိမာနသေ၊နောက်ဆုံးဖြစ်သောစိတ်၌၊ ဗလဝံ၊ အားရှိ၏။ဣတိတသ္မာ၊ထိုကြောင့်၊တံယေဝ၊ထိုနောက်ဆုံးစိတ်ကိုသာလျှင်၊ ဥဒ္ဒစ္စယောဂတော၊ဥဒ္ဒစ္စနှင့်ယှဉ်သောအားဖြင့်၊ ဝုတ္တံ၊မိန့်တော်မူအပ်၏၊ ။ ယေဝါပနက-ဥဒ္ဒစ္စ၊ သရူပဥဒ္ဒစ္စ- နှစ်ပါးကို သိလေ။ ဝိဝိကိစ္ဆာ၌ လည်း၊ ကေန္တဝိဝိကိစ္ဆာ၊ပတိရူပကဝိဝိကိစ္ဆာဟူ၍အပြားကိုသိလေ၊

---

## (၄၀) မောဟမူစိတ်၌သင်္ခါရမရှိကြောင်းကိုပြခြင်း၊

(အမေး) မောဟစိတ်မှာ၊သင်္ခါရ၊နှစ်ဖြာမရှိဘယ်ကြောင့်နည်း။

(အဖြေ) သဘောထက်လပ်၊အားထုတ်အပ်၊နှစ်ရပ်မရှိသောငြေတည်း။

သဘာဝတိက္ခတာယစ ဥဿာဟေတဗ္ဗတာယစ အဘာဝတောသင်္ခါရဘေဒေါပိနေဒ်နတ္ထိ၊ ။ဋီကာကျော်။ ။သဘာဝတိက္ခတာယစ၊ သဘောအားဖြင့်ထက်ခြင်းအံ့ရင်း၊ ဥဿာဟေတဗ္ဗတာယစ၊ အားထုတ်အပ်သည်အဖြစ်၏ရင်း၊ အဘာဝတော၊မရှိသည်၏အဖြစ်ကြောင့်၊ နေဒံ၊ထိုမောဟမူစိတ်တို့အား၊သင်္ခါရဘေဒေါပိ၊သင်္ခါရအပြားသည်လည်း၊နတ္ထိ၊မရှိ၊ ။အဓိပ္ပါယ်ကား၊ ဤမောဟစိတ်သည်၊ သဘောအာဖြင့် ထက်ခြင်း မရှိသောကြောင့်၊ အသင်္ခါရိကမရှိ၊ ဤမောဟမူ စိတ်သည် အားထုတ် အပ်သည်

အဖြစ်မရှိလေသောကြောင့်။ သသင်္ခါရိကလည်းမရှိ-ဟူလို၊ ။အဘိဓမ္မာဝတာရတို့၌လည်းနည်းတူ။ ။ဤနေရာ၌။လယ်တီဆရာတော်သည်ကား၊ မောဟမူစိတ်ကို အသင်္ခါရိကဟုမှတ်အပ်၏ဟု ရေးသား၏။ ဋီကာကျော်စကားကိုမူကား၊သသင်္ခါရအဘိဓမ္မာ-အသင်္ခါရအဘိဓမ္မာ-ဟုပြသော ပဋိစ္စသမုပ္ပါဒ် အဋ္ဌကထာနှင့်မညီဟု ပယ်၏၊ ထိုစကားသည် မသင့်။ အဘဲ့ငြေ့ဟူမူ။ပဋိစ္စသမုပ္ပါဒဝိဘင်း အဋ္ဌကထာ၌။သင်္ခါရနှစ်ပါးသည်ကား၊ လောဘမူဒေါသမူ၌ယှဉ်သောမောဟကိုသာလျှင်ရည်သန်၍ ဘွင့်ကြားသောကြောင့်တည်း၊ မောဟမူ၌-မောဟသည်ကား၊သင်္ခါရနှစ်ပါးမှလွတ်သော မောဟမည်၏ဟုမှတ်အပ်၏၊

ဤသည်လျှင်၊မောဟမူ၌-သင်္ခါရဖြစ်ဟန်တည်း၊

---

## (၆၁) စေတသိက်လောဘ၊ဒေါသနှင့်၊စိတ်လောဘ၊ဒေါသ အထူးကိုပြခြင်း၊

စေတသိက် လောဘ- ဒေါသတို့သည်၊ မူလလည်းမည်၏၊ ကမ္မပထလည်းမည်၏။စိတ်လောဘ-ဒေါသတို့သည်မူလသာမည်၏၊ကမ္မပထမမည်ထုံ့ဟု တပ်အပ်သေချာ၊မှတ်ထုံ့ရာ၏၊ ထိုကြောင့် သုတ်ပါထေယျအဋ္ဌကထာ၌၊ ။အဘိဇ္ဈာဗျာပါဒါကမ္မပထာစေဝမူလာနိစ၊ ။ဟုဘွင့်ပြတော်မူ၏။ ။အဘိဇ္ဈာ ဗျာပါဒါ၊ လောဘနှင့်-ဒေါသတို့သည်၊ ကမ္မပထာစေဝ၊ ကမ္မပထလည်းမည်ကုန်၏၊ မူလာနိစ၊ မူလလည်းမည်ကုန်၏၊ ။စိတ်ကိုကား အဝုတ္တသိဒ္ဓိ နည်းဖြင့် သိအပ်၏၊ ။ကမ္မပထဟူသည်-တုသိုလ်,အကုသိုလ်ကံသည်ပင်လျှင်၊ သုဂတိ-ဒုဂ္ဂတိတို့၏ သွားရာလမ်းခရီး အစစ်ဖြစ်သောကြောင့်၊ ကမ္မပထမည်၏။ထိုကြောင့် သင်္ဂီတိသုတ်အဋ္ဌကထာ၌၊ ။ကမ္မာနေဝသုဂတိဒုဂ္ဂတီနံပထဘူတတ္တာကမ္မပထာနာမ၊ ။ဟုဘွင့်ပြတော်မူ၏။ ။ကမ္မာနေဝ၊တုသိုလ်,အကုသိုလ်ကံတို့သည်ပင်လျှင်၊သုဂတိ-ဒုဂ္ဂတီနံ၊ သုဂတိဘဝ,ဒုဂ္ဂတိဘဝတို့၏၊ ပထဘူတတ္တာ၊ သွားရာလမ်းကြောင်းအစစ်ဖြစ်သောကြောင့်၊ကမ္မပထာနာမ၊ကမ္မပထမည်ကုန်၏၊ ။ဤကမ္မပထသည်လည်း၊နိယတကမ္မပထ၊အနိယတကမ္မပထဟူ၍နှစ်ပါးအပြားရှိ၏၊ထိုတွင်၊ ကာယကံ သုံးပါး-ဝစီကံလေးပါးတို့၌ရှိသော စေတနာ စေတသိက်သည်၊ အချင်းခပ်သိမ်းကမ္မပထအားဖြင့် မမြဲသောကြောင့် အနိယတကမ္မပထမည်၏၊ မနောကံသုံးပါး၌ရှိသော လောဘ-ဒေါသ-ဒိဋ္ဌိ-စေတသိက် တို့သည်

အချင်းခပ်သိမ်း ကမ္ဘပထအားဖြင့်မြဲသောသဘောရှိသောကြောင့်၊ နိယတကမ္ဘပထမည်ကုန်၏၊ ထိုကြောင့်၊ မြတ်စွာဘုရားသည်၊ စေတနာတရား၏ မမြဲသောအနိယတကမ္ဘပထတရားဖြစ်သောကြောင့်၊ ကမ္ဘပထဟု ထင်ရှားစွာ ဟောတော်မမူ၊ ကံဟူ၍သာလျှင်၊ ဆဋ္ဌနိပါတ်အင်္ဂုတ္တိုရ်ကျမ်း၌၊ ၊စေတနာဟံဘိက္ခဝေကမ္မံဝဒါမိ၊ ၊ဟုဟောကြားတော်မူ၏၊ ၊ဤသည့်လျှင် ကမ္ဘပထနှစ်ပါးတည်း၊

---

## (၆၂) လောဘမူ-ဒေါသမူယှဉ်သောမောဟနှင့်၊ မောဟမူ၌ယှဉ်သောမောဟအထူးကိုပြခြင်း၊

ဒွမာနိဒွေပိမောမူဟာစိတ္တာနိနာမ၊ ၊ဟူသောသင်္ဂြိုဟ်ပါဠိ၌၊ ၊မောဟ-မူဟာစိတ္တာနိဟူ၍ ဆိုလိုလျက် ရှေးဟာအက္ခရာတလုံးကိုချေ၍၊ မောဟမူစိတ်ဟု-ရှင်အနုရုဒ္ဓါ ရေးသားတော်မူ၏၊ ၊ဒွိဝေဝစနော သဒ္ဒေါ်အတိရေကတ္တဝါစကောဟူသော၊ ၊ပရိဘာသာ-သဒ္ဒါသုတ်နှင့်အညီ၊ ပရိယာယ်ပုန်နှစ်ချက်၊ မြင့်သောအနက်ထွက်စမြဲဟူသောအနက်အရ၊ ဤ၌လည်း မောမူဟာ၊ ဟု-ပရိယာယ်နှစ်ချက်ဆင့်သောငေ့၊ လောဘမူ၊ ဒေါသမူစိတ်၌-ရှိသော-မောဟတို့ထက်၊ မောဟမူစိတ်၌ရှိသော မောဟသည် သာလွန်၍ ထက်၏ ဟုမှတ်၊ ပြယုဂ်အားဖြင့် ဟတ္ထိနာဂေါ-ဒေဝဒေဝေါ-ပုန်တို့ကဲ့သို့တည်း၊ ထိုကြောင့် ဋီကာ ဆရာများသည်၊ ၊မောဟေန အတိသယေန မုယှန္တိ့ဘ်မုယှန္တိ မူလန္တရဝိရဟတောတိ မောမူဟာနိ၊ ၊ဟုမိန့်တော်မူ၏၊ ၊ယာနိစိတ္တာနိ၊ အကြင်စိတ်တို့သည်၊ မူလန္တရ-ဝိရဟတော၊ လောဘ,ဒေါသဟုဆိုအပ်သောမူလတပါးမှကင်းခြင်းကြောင့်၊ မောဟေနအတိသယေန၊ အလွန်တွေဝေသဖြင့်၊ မုယှန္တိ့ဘ်မုယှန္တိ၊ ပြင်းစွာတွေဝေတုန်၏၊ ဣတိတသ္မာ၊ ထိုကြောင့်၊ တာနိစိတ္တာနိ၊ ထိုစိတ်တို့သည်၊ မောမူဟာနိ၊ မောမူဟာစိတ်မည်ထုန်၏၊ ၊ဤလျှင်တရပ်—မောမူဟာ မှတ်ဘွယ်တည်း၊

---

## (၆၃) နိဂုံးသုံးရပ်—ပေါင်းစပ်၍ပြခြင်း။

အဋ္ဌဓာ-ဟူသောပါဠိအရ၊ ပေါင်းဟန်ကား၊ လောဘမူစိတ်ရှစ်ပါးတည်း၊ ကမ္ဘပထ ခုနစ်ပါးနှင့်မြှောက်၊ ၅၆-ပါးဖြစ်၏၊ ၎င်း၅၆-ပါးကိုကာလသုံးပါးနှင့်မြှောက်၊ ၁၆၈—ပါးဖြစ်၏၊ ၎င်းကိုအာရုံခြောက်ပါးနှင့်မြှောက်၊ တထောင့်-ရှစ်ပါးဖြစ်၏၊ ၎င်းကိုအဇ္ဈတ္တ-ဗဟိဒ္ဓ-သန္တာန်နှစ်ပါးနှင့်မြှောက်၊ နှစ်ထောင့်-တဆဲ

ခြောက်ပါးသောလောဘမူစိတ်တို့သည် ဖြစ်၏။ ။ဒွေပိ-ဟူသောပါဌ်အရ ပေါင်းဟန်ကား၊ ဒေါသမူစိတ်နှစ်ပါးကိုတည်။ ကမ္မပထ-ချနစ်ပါးနှင့်မြွာ၊ တဆဲ့လေးပါးဖြစ်၏။ ၎င်းကိုကာလသုံးပါးနှင့်မြှောက်၊ ၄၂-ပါးဖြစ်၏၊ ၎င်းကိုအာရုံခြောက်ပါးနှင့်မြှောက်၊ ၂၅၂-ဖြစ်၏၊ ၎င်းကိုအဇ္ဈတ္တ,ဗဟိဒ္ဓသန္တာန်နှစ်ပါးနှင့်မြှောက်၊သုံးရာ့လေးပါးဖြစ်၏၊ ။ဒွေပိဟူသောပါဌ်အရ-ပေါင်းဟန်ကား။ မောဟမူစိတ်နှစ်ပါးကိုတည်၊ အကုသလကမ္မပထ ဆယ်ပါးနှင့်မြှောက် ၂၀-ဖြစ်၏။၎င်း ၂၀-ကိုကာလ သုံးပါးနှင့်မြွာ၊ခြောက်ဆယ်ဖြစ်၏။၎င်းကိုအာရုံခြောက်ပါးနှင့်မြှောက်။ ၃၆၀-ဖြစ်၏။ ၎င်းကိုအဇ္ဈတ္တဗဟိဒ္ဓသန္တာန်နှစ်ပါးနှင့်မြှောက်၊ ၇၂၀-ဖြစ်၏။

---

(၆၄) အဗျာကတ်စိတ်ကို ဇုဂ္ဂရိုက်ဆယ်ပါးနှင့်တွဲစပ်ပြခြင်း။

(၁) ကာမေသုမိစ္ဆာ။အဘိဇ္ဈာ။ဒိဋ္ဌိကာလောဘကြောင့်။ ။
(၂) ပါဏာ,ဖရုသံ။ဗျာပါဒ်။သုံးတန်ဒေါသကြောင့်။ ။
(၃) အဒိန္န,မုသာ။ပိသုဏာ။ပလာပါ-သုံးတန်ကြောင့်၊
(၄) ဒုစ္စရိတ၊ပေါင်းဆယ်ဝ။မှတ်ပ-အကု,ကြောင့်။ ။

---

(၆၅) အကုသလအရ-ဝစနတ္ထဘို့ကိုပြခြင်း။

အဗျာဒိုဘ်သည်၊ အပြစ်နှင့်တကွ မကောင်းသော အနိဋ္ဌအကျိုးကို ပေးခြင်းသာဝဇ္ဇနုက္ခဝိပါကလက္ခဏာရှိ၏။ အကျိုးမဲ့ကိုဖြစ်စေခြင်းအနတ္ထဇနနရသရှိ၏။ညစ်နွမ်းခြင်းသံကိလေသပစ္စုပဋ္ဌာန်ရှိ၏။ မသင့်မတင့်နှလုံးသွင်းခြင်းအယောနိသော မနသိကာရ ပဒဋ္ဌာန်ရှိ၏။ ။အကုသိုလ်ဟူသည်၊ ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော တရားဖြစ်သောကြောင့်၊ အကုသိုလ်မည်၏ဟုမှတ်။လောကူပမာအားဖြင့်။ အဆွေခင်ပွန်း၏ ဆန့်ကျင်ဘက်ဖြစ်သောသူတို့သည်၊ ရန်သူမည်သကဲ့သို့မှတ်၊ ထိုကြောင့်ရကား။ အဋ္ဌကထာ၌၊ ။နကုသလာအကုသလာ-ကုသလပဋိပက္ခာတိအတ္ထော၊ ။ဟုဘွင့်ပြ၏၊ ။ယောဇနာ၊ အကြင်တရားတို့သည်၊ ကုသလာ၊ ကုသိုလ်မည်ကုန်သည်။န၊မဟုတ်ကုန်၊ ဣတိတသ္မာ၊ထိုကြောင့်၊ တေဓမ္မာ၊ထိုတရားတို့သည်၊ အကုသလာ၊အကုသိုလ်မည်ကုန်၏။ကုသလပဋိပက္ခာ၊ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော တရားတို့တည်း။ ဣတိအယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။ ။အကုသလ-ဝိနိစ္ဆယပြီးပြီ၊

## (၄၄) အကုသိုလ်စိတ်သရုပ်ကိုဇယားကွက်ဖြင့်ပြခြင်း။

| | | | | | | | |
|---|---|---|---|---|---|---|---|
| သောမနဿ | ၄ | သံ–၂ | ဝိ–၂ | အ–၂ | သ–၂ | | |
| ဥပေက္ခာ | ၆ | သံ–၄ | ဝိ–၂ | အ–၂ | သ–၂ | မ–၂ | |
| ဒေါမနဿ | ၂ | သံ–၂ | ဝိ–ပ | အ–၁ | သ–၁ | | |
| သမ္ပယုတ် | ၈ | သော–၂ | ဥ–၂ | မ–၂ | အ–၃ | သ–၃ | မ–၂ |
| ဝိပ္ပယုတ် | ၄ | သော–၂ | ဥ–၂ | အ–၂ | သ–၂ | | |
| အသင်္ခါရိက | ၅ | သော–၂ | ဥ–၂ | မ–၁ | သံ–၃ | ဝိ–၂ | |
| သသင်္ခါရိက | ၅ | သော–၂ | ဥ–၂ | မ–၁ | သံ–၃ | ဝိ–၂ | |
| မောဟမူ | ၂ | သော–ပ | ဥ–၂ | အ–ပ | သ–ပ | သံ–၂ | |
| တရားပေါင်း ၃၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | |

လင်္ကာအချုပ်ကား၊

(၁) ဥ,ခြောက်–သော,လေး။ ဒေါသ,နှေး။မှတ်တွေးဆဲ့နှစ်တန်။
(၂) သံ,ရှစ်-ဝိပ်,လေး။ တနည်းတွေး။တွက်ရေး–ဠါဒသံ၊ ။
(၃) အ,ငါး–သ,ငါး၊မော,နှစ်ပါး။ပေါင်းပြားဆဲ့နှစ်တန်၊ ။
(၄) အကုသလာ။တရားမှာ၊သချ်ာဆတ္တိံသံ၊ ။

ဤအကုသိုလ်စိတ်၌။ခ ယ္ဗာစက်-ဗဋ္ဌစက်-လှည့်၍ပြဦးအံ့။

သောမနဿ-သာလျှင်ဖြစ်၍။ သမ္ပယုတ် မဖြစ်သောစိတ် ၂။ သမ္ပယုတ်သာလျှင်ဖြစ်၍။ သောမနဿ မဖြစ်သော စိတ်-၆။ သောမနဿလည်းဖြစ်၊ သမ္ပယုတ်လည်းဖြစ်သောစိတ် ၂။သောမနဿလည်းမဖြစ်သမ္ပယုတ်လည်းမဖြစ်သောစိတ်–၂။ ပေါင်းအကုသိုလ်စိတ်–၁၂–ပါး ဖြစ်သတည်း၊ ။ထိုနောက်–သောမနဿကိုမူလထား၍၊ဝိပ္ပယုတ်ကိုရင်း။ အသင်္ခါရိကကိုရင်း၊ သသင်္ခါရိကကိုရင်း၊မူထိတွဲရှက်၍စက်လှည့်လေ၊ ထိုနောက်–ဥပေက္ခာကို မူလတည်ထား၍။သောမနဿစသည်ကိုမူထိပြုလေ၊ ။ဤမျှပြသောနယပဒေသကိုမှီး၍။ဉာဏ်ကြီးသင့်ပြီ၊

(၁) ဤနည်းမှီခါ။တွက်စစ်ပါ။သချ်ာအင်္ဂမေယျာ၊ ။
(၂) မူလမူလီ၊အလိလိ။ဉာဏ်မှီတွက်စေသော၊ ။
(၃) ဤမျှပြကာ။ပဒေသ။သိကြသောတုဇော။ ။

တနည်းအားဖြင့်သရုပ်ခွဲရန်ကား။ ။ကာမဘုံ၌သာလျှင်ဖြစ်၍၊ရူပဘုံ၌မဖြစ်သောစိတ် ၂–ပါး၊ရူပဘုံ၌သာလျှင်ဖြစ်၍၊ ကာမဘုံ၌ မဖြစ်သောစိတ်မရှိ၊ကာမဘုံ၌လည်းဖြစ်၊ရူပဘုံ၌လည်းဖြစ်သောစိတ် ၁၀–ပါး၊ ကာမဘုံ၌လည်းမဖြစ်၊ရူပဘုံ၌လည်းမဖြစ်သောစိတ်–မရှိ၊ပေါင်းအကုသိုလ်စိတ်၁၂–ပါးတည်း။ ။ဤသည်လျှင်၊ အကုသိုလ်စိတ် ၁၂–ပါး၌၊ စက်လှည့်ခြင်းဘုမ္မိဘေဒနည်းတည်း။

ပုဂ္ဂလဘေဒအားဖြင့်၊ စက်လှည့်ဟန်ကား။ ။ပုထုဇဉ် ပုဂ္ဂိုလ်၌သာလျှင်ဖြစ်၍၊သေက္ခပုဂ္ဂိုလ်၌မဖြစ်သောစိတ် ၅–ပါး၊သေက္ခပုဂ္ဂိုလ်၌သာလျှင်ဖြစ်၍၊ ပုထုဇဉ်ပုဂ္ဂိုလ်၌မဖြစ်သောစိတ်–မရှိ၊ ပုထုဇဉ်ပုဂ္ဂိုလ်၌လည်းဖြစ်၊သေက္ခပုဂ္ဂိုလ်၌လည်းဖြစ်သောစိတ် ၇–ပါး၊ ပုထုဇဉ်ပုဂ္ဂိုလ်၌လည်းမဖြစ်၊သေက္ခပုဂ္ဂိုလ်၌လည်းမဖြစ်သောစိတ်–မရှိ၊ ပေါင်းအကုသိုလ်စိတ် ၁၂–ပါးတည်း။ ။ဤသည်လျှင် ပုဂ္ဂလဘေဒတည်း။

(၁) သပြိုဟ်သရုပ်၊သဒ္ဒါရုပ်၊အားထုတ်ကြံအပ်ပြား၊ ။
(၂) မချကောန်၊တတ်ဖျော်မှန်၊သောတုဇန်သတိထား၊
(၃) အကုသလ၊သရူပ၊ပြီးထနည်းအများ၊ ။

အကုသလစိတ္တသရူပံ ဒုတိသမတ္တံ။

---

## (၄၇) အဟိတ်စိတ်ကိုဆိုခြင်း။

သတ္တာကုသလာပါကာနိ၊ ပုညပါကာနိအဋ္ဌဓာ၊
ကြိယစိတ္တာနိတီဏီတိ၊ အဋ္ဌာရသအဟေတုကာ၊ ။
(သင်္ဂဟအဋ္ဌကထာပါဠိ)။

အကုသလပါကာနိ၊အကုသလဝိပါက်စိတ်တို့သည်၊ သတ္တ၊ခုနစ်ပါးအပြားရှိကုန်သည်၊ ဘဝယုံ၊ဖြစ်ကုန်၏၊ပုညပါကာနိ၊ အဟိတ်အကုသလဝိပါက်စိတ်တို့သည်၊အဋ္ဌဓာ၊ရှစ်ပါးအပြား ရှိကုန်သည်၊ ဘဝယုံ၊ ဖြစ်ကုန်၏၊ ကြိယစိတ္တာနိ၊ အဟိတ် ကြိယာစိတ်တို့သည်၊ တီဏိ၊ သုံးပါးအပြားရှိကုန်သည်၊ ဘဝယုံ၊ဖြစ်ကုန်၏၊ ဣတိ၊ဤသို့၊ အဟေတုကာ၊အဟိတ်စိတ်တို့သည်၊ အဋ္ဌာရသ၊အဋ္ဌာရသဝေ၊တဆယ့်ရှစ်ပါးတို့သည်သာလျှင်၊ဘဝယုံ၊ဖြစ်ကုန်၏။

ဤဂါထာပါဌ်အရ၊ အဓိပ္ပါယ် သရူပတ္ထသော်ကား၊ ။အဟိတ်စိတ်–ဆဲ့ရှစ်ပါးတို့တွင်၊ အကုသိုလ်စိတ်၏အကျိုးတရားဖြစ်သောကြောင့်၊ အကုသလဝိပါက်စိတ်ကို ရှေးဦးစွာပြတော်မူ၏။ ထိုနောင်–အဟိတ်ဝိပါက်စိ၏

ချင်းတူသောကြောင့် ကုသလဝိပါက်ကိုပြတော်မူ၍၊ ထိုနောင်အဗျာကတ ဖြစ်သော အဟိတ်ချင်း တူသောကြောင့်။ ကြိယာစိတ်ကို ဆိုအပ်၏၊ ပဉ္စ ဝိညာဉ် သမ္ပဋိစ္ဆိုင်း စသည်တို့ကို မူကား။ စိတ္တနိယမအား အစွမ်းအားဖြင့်၊ အစဉ်အတိုင်းဆိုအပ်၏။

ဤ ၁၈—ပါးသော အဟိတ်စိတ်တို့တွင်၊ အကုသလဝိပါက် ခုနစ်ပါးအရကား။

| | | |
|---|---|---|
| ၁ | ဥပေက္ခာသဟဂုတ်-စက္ခုဝိညာဉ်စိတ်တခု။<br>ဥပေက္ခာသဟဂုတ်-သောတဝိညာဉ်စိတ်တခု။<br>ဥပေက္ခာသဟဂုတ်-ဃာနဝိညာဉ်စိတ်တခု။<br>ဥပေက္ခာသဟဂုတ်-ဇိဝှါဝိညာဉ်စိတ်တခု။<br>ဒုက္ခသဟဂုတ်-ကာယဝိညာဉ်စိတ်တခု။<br>ဥပေက္ခာသဟဂုတ်-သမ္ပဋိစ္ဆိုင်းစိတ်တခု။<br>ဥပေက္ခာသဟဂုတ်-သန္တိရဏစိတ်တခု။ | အကုသလ ဝိပါက် ၇-ပါး။ |
| ၂ | ဥပေက္ခာသဟဂုတ်-စက္ခုဝိညာဉ်စိတ်တခု။<br>ဥပေက္ခာသဟဂုတ်-သောတဝိညာဉ်စိတ်တခု။<br>ဥပေက္ခာသဟဂုတ်-ဃာနဝိညာဉ်စိတ်တခု။<br>ဥပေက္ခာသဟဂုတ်-ဇိဝှါဝိညာဉ်စိတ်တခု။<br>သုခသဟဂုတ်-ကာယဝိညာဉ်စိတ်တခု။<br>ဥပေက္ခာသဟဂုတ်-သမ္ပဋိစ္ဆိုင်းစိတ်တခု။<br>သောမနဿသဟဂုတ်-သန္တိရဏစိတ်တခု။<br>ဥပေက္ခာသဟဂုတ်-သန္တိရဏစိတ်တခု။ | ကုသလဝိပါက် ၈-ပါး။ |
| ၃ | ဥပေက္ခာသဟဂုတ်-ပဉ္စဒွါရာဝဇ္ဇန်းစိတ်တခု။<br>ဥပေက္ခာသဟဂုတ်-မနောဒွါရာဝဇ္ဇန်းစိတ်တခု။<br>သောမနဿသဟဂုတ်-ဟသိတုပ္ပါဒ်စိတ်တခု။ | အဟိတ်ကြိယာ ၃-ပါး။ |
| | စက္ခုဝိညာဉ်နွေး။<br>သောတဝိညာဉ်နွေး။<br>ဃာနဝိညာဉ်နွေး။<br>ဇိဝှါဝိညာဉ်နွေး။<br>ကာယဝိညာဉ်နွေး။ | နွေးပဉ္စဝိညာဉ်တဆယ်တည်း။ |

{သမ္မောဟဝိနောဒနီ ဋီကာဟောင်း၊ ပဋ္ဌာနပါဠိတော် ၁.၃၊} မနောဓာတ်သုံးပါးတည်း။
{ဥပေက္ခာသန္တီရဏ ဋီကာ။} အဟိတ်ပဋိသန္ဓေအရပ်ဟုခေါ်သည်။
{သောမနဿသန္တီရဏ။ ဟာသိတုပ္ပါဒ်။} အဟိတ်သောမနဿအရပ်ဟုခေါ်သည်။
{မနောဒွါရာဝဇ္ဇန်း} ဝုဋ္ဌောဟုရှိုင်း။မဟာဂဇဟုရှိုင်းခေါ်သည်။

---

## (၄၈) စက္ခုဝိညာဉ်စသည်တို့၏ဖြစ်ပုံကိုပြခြင်း။

ဤသို့ပြဆိုအပ်ပြီးသော အကုသလဝိပါက်, ကုသလဝိပါက် စိတ်တို့၌၊ ငွေပဉ္စဝိညာဉ်တဆယ်တို့တွင် စက္ခုဝိညာဏပုဒ်အရ။ အဓိပ္ပါယ်အပြသော်ကား၊ ။စက္ခုသည်ပသာဒစက္ခု,မံသစက္ခုအားဖြင့်နှစ်ပါးအပြားရှိ၏။ထိုတွင်၊ မျက်ပြူအရေးအဝန်းဖြင့် ရစ်ရံအပ်သော မျက်နက်ဝန်း၏ အလယ်။ သန်းဦးခေါင်း၏တည်ရာပမာထမျှ၊ မျက်လွှာခုနစ်လွှာတို့ကို နှံ့၍တည်သော ပသာဒသည်သာလျှင်၊မုချစက္ခုမည်ရင်းတည်း။ ထိုပသာဒစက္ခု၏တည်ရာ မျက်မှောင်ရိုးဖြင့်ဝိုင်းခြားအပ်သော အသားဆိုင်ဟုဆိုအပ်သောမံသစက္ခုသည်ကား၊ ဌာနီဖြစ်သောပသာဒ၏စက္ခုအမည်ကို ဌာနဖြစ်သော အသားဆိုင်၌တင်စား၍၊ ဌာန္ယူပစာရ နည်းအားဖြင့် စက္ခုဟုဆိုအပ်၏၊ ။ဤသို့ပြအပ်ပြီးသော စက္ခုပသာဒ၌မှီ၍ဖြစ်သောကြောင့်၊ စက္ခုဝိညာဉ်ဟုခေါ်ဆိုအပ်၏။ ။စက္ခုသ္မိံ နိဿိတံ ဝိညာဏံစက္ခုဝိညာဏံ၊ ။ဟုဝစနတ်ပြု။ ၊ စက္ခုသ္မိံ၊စက္ခုပသာဒ၌။နိဿိတံ၊မှီသော။ဝိညာဏံ၊ဝိညာဉ်တည်း။ စက္ခုဝိညာဏံ၊စက္ခုပသာဒ၌ မှီ၍ဖြစ်သောဝိညာဉ်။ ၊ဤစက္ခုဝိညာဉ်သည်၊ စက္ခုပသာဒ၌မှီ၍၊ ရူပါရုံကိုသိတတ်ခြင်း၊ ရူပဝိဇာနန လက္ခဏာရှိ၏၊ ဤစက္ခုဝိညာဉ်သည်ကား၊ စက္ခုပသာဒ ရူပါရုံ–အာလောက–မနသိကာရ–တည်းဟူသောအကြောင်းလေးပါးရုံညီညွတ်သောအခါ၌ဖြစ်၏။အကြောင်း လေးပါးတို့တွင်၊ တပါးပါးချို့သော အခါမူကား၊ စက္ခုဝိညာဉ် မဖြစ်နိုင်၊ ထိုကြောင့်။ပိဘင်းပါဠိတော်၌။ ။စက္ခုံပဋိစ္စရူပေစဉပ္ပဇ္ဇတိစက္ခုဝိညာဏံ၊ ၊ ဟုဟောကြားတော်မူ၏။ ။လင်္ကာအချုပ်ကား။

စက္ခု-ရူပ၊အာလောက၊မနသိကာရော။ ၊
အကြောင်းလေး၀၊ပြည့်ရုံက၊ဖြစ်ရစက္ခုဟော။ ၊

စက္ခုဝိညာဉ်ပြီးပြီ။

သောတသည်လည်း။ပသာဒသောတ,ဓံသသောတ အားဖြင့်နှစ်ပါးအပြားရှိ၏။ထိုတွင်။သသမ္ဘာရနား၏အတွင်း၀ယ်။ လက်စွပ်သဏ္ဌာန်ရှိသော ပြည့်ရှိဆိပ်မွေ့သော-နီသော အဆင်းရှိသော-နားမွေးအရပ်၌ နှံ့စေလျက်တည်သောပသာဒသည်သာလျှင်၊မုချသောတမည်ရင်းတည်း။ထိုပသာဒ၏ တည်ရာ အသားဆိုင်ကား။ ဌာနူပစာရ အားဖြင့် သောတမည်၏။ ။ ဤ၌လည်း။ ။သောတသ္မိံ နိဿိတံ ဝိညာဏံ သောတဝိညာဏံ။ ။ဟူ၀စနတ်ပြု၊ ။သောတသ္မိံ၊သောတပသာဒ၌။ နိဿိတံ၊မှီသော။ ဝိညာဏံ၊ဝိညာဉ်တည်း။သောတဝိညာဏံ၊သောတပသာဒ၌မှီ၍ဖြစ်သောဝိညာဉ်။ ။ ဤသောတဝိညာဉ်သည်၊သောတပသာဒ၌မှီ၍ သဒ္ဒါရုံကို သိခြင်းသဒ္ဒဝိဇာနနလက္ခဏာရှိ၏၊ ဤသောတဝိညာဉ်သည်လည်း။သောတပသာဒသဒ္ဒါရုံ-အာကာသ-မနသိကာရ-ဟူသောအကြောင်းလေးပါးရုံညီသောအခါ၀ယ်ဖြစ်၏၊ ။အချုပ်ကား၊

သောတ—သဒ္ဒ၊အာကာသ၊မနသိကာရော။ ။
အကြောင်းလေး၀၊ပြည့်ရုံက၊သောတဖြစ်စေသော၊ ။

ဤလျှင် သောတအရ-ပြီးပြီ။

---

ဃာနသည်လည်း၊ပသာဒဃာန,ဓံသဃာန,အားဖြင့် ၂-ပါးအပြားရှိ၏။ထိုတွင်။သသမ္ဘာရ-နှာခေါင်း၏ အတွင်း၀ယ်။ဆိတ်ခြေခွါ သဏ္ဌာန်ရှိသော အရပ်၌နှံ့စေလျက်တည်သော ပသာဒသည်သာလျှင် ဃာနမည်ရင်းဖြစ်၏၊ ဃာနပသာဒ၏ တည်ရာ အသားပိုင်ကား၊ဌာနူပစာရအားဖြင့် ဃာနမည်ရ၏၊ ။ဃာနသ္မိံ နိဿိတံဝိညာဏံဃာနဝိညာဏံ၊ ။ဟူ၀စနတ်ပြု။ ။ ဃာနသ္မိံ၊ဃာနပသာဒ၌၊နိဿိတံ၊မှီသော။ ဝိညာဏံ၊ဝိညာဉ်တည်း။ဃာနဝိညာဏံ၊ ဃာနပသာဒ၌မှီ၍ ဖြစ်သောဝိညာဉ်၊ ။ဤဃာနဝိညာဉ်သည်လည်း၊ ဃာနပသာဒ—ဂန္ဓာရုံ—ဝါယော-မနသိကာရ ဟူသော အကြောင်းလေးပါးရုံညီသောအခါ၀ယ်ဖြစ်၏။အချုပ်ကား၊

ဃာန-ဂန္ဓ၊ဝါယောပြ၊မနသိကာရော။ ။
အကြောင်းလေး၀၊ပြည့်ရုံက၊ဃာနဖြစ်စေသော၊ ။

ဤလျှင် ဃာနအရပြီးပြီ။

ဇိဝှါသည်လည်း။ ပသာဒဇိဝှါ, မံသဇိဝှါ,အားဖြင့်နှစ်ပါးရှိ၏။ ထိုတွင်။ သသမ္ဘာရ-လျှာ၏ အလယ်ဝယ် အလယ်၌ပြတ်သော ကြာရွက်၏ အဖျားပိုင်းနှင့်တူသောအရပ်၌။နှံ့စေလျက်တည်သောပသာဒသည်။ ဇိဝှါမည်ရင်းတည်း။ဇိဝှါပသာဒ၏ တည်ရာ အသားဆိုင်သည်ကား။ ဌာနူပစာရအားဖြင့်ဇိဝှါမည်၏။ ။ဇိဝှါယနိဿိတံဝိညာဏံဇိဝှါဝိညာဏံ၊ ။ဟုဝစနတ်ပြု၊ ။ဇိဝှါယ၊ဇိဝှါပသာဒ၌။ နိဿိတံ၊ မှီသော။ ဝိညာဏံ၊ဝိညာဉ်တည်း။ ဇိဝှါဝိညာဏံ၊ဇိဝှါပသာဒကိုမှီ၍ ဖြစ်သောဝိညာဉ်။ ။ဇိဝှါပသာဒ၌မှီ၍၊ ရသာရုံကိုသိတတ်ခြင်း။ရသဝိဇာနနလက္ခဏာရှိ၏၊ ။ဤဇိဝှါဝိညာဉ်သည်လည်း။ ဇိဝှါပသာဒ-ရသာရုံ-အာပေါ-မနသိကာရ-ဟူသော အကြောင်းလေးပါး ရုံညီသောအခါဝယ်ဖြစ်၏။အချုပ်ကား။

ဇိဝှါ-ရသ၊ အာပေါပြု၊မနသိကာရော။
အကြောင်းလေးဖြာ၊ ပြည့်စုံရာ၊ ဇိဝှါဖြစ်စေသော၊ ။

ဤလျှင် ဇိဝှါအရပြီးပြီ။

---

ကာယသည်လည်း။ ပသာဒကာယ,မံသကာယအားဖြင့် နှစ်ပါးအပြားရှိ၏၊ထိုတွင်။ ကမ္မဇတေဇောဓာတ်၏ တည်ရာ- ဆံဖျား-အမွေးဖျား။ ခြေသည်း-လက်သည်းဖျား။ ခြောက်သွေ့သော အရေဖျားကိုဒင်း ချန်ထား၍၊ ကြွင်းသော ကိုယ်အလုံး၌ နှံ့စေလျက် တည်သော ပသာဒသည်သာလျှင်။ ကာယမည်ရင်းသာတည်း၊ ကာယပသာဒ၏ တည်ရာ အသားဆိုင်သည်ကား။ဌာနူပစာရအားဖြင့်။ကာယမည်သတည်း။ ။ကာယတဿိ နိဿိတံဝိညာဏံကာယဝိညာဏံ၊ ။ဟုဝစနတ်ပြု၊ ။ဤကာယဝိညာဉ်သည် ကာယပသာဒကိုမှီ၍ ဖေါဋ္ဌဗ္ဗာရုံကိုသိခြင်း။ ဖေါဋ္ဌဗ္ဗဝိဇာနန လက္ခဏာရှိ၏။ ။ဤဝိညာဉ်သည်။ ကာယပသာဒ-ဖေါဋ္ဌဗ္ဗာရုံ-ပထဝီ-မနသိကာရ-အကြောင်းလေးပါးရုံညီသောအခါဖြစ်၏။အချုပ်ကား။

ကာယပသာဒ၊ဖေါဋ္ဌဗ္ဗ၊ပထဝီ-အာဝဇ္ဇော။
အကြောင်းလေးဝ၊ပြည့်စုံက၊ကာယဖြစ်ရပေါ့။ ။

ဤလျှင် ကာယဝိညာဉ်အရပြီးပြီ။

ဒွေပဉ္စဝိညာဉ်တဆယ်အရ-အပြတည်း။

---

ဤသို့ ဖြစ်ဆို အပ်ပြီးသော ဒွေပဉ္စ ဝိညာဉ် တဆယ်တို့၏ ဖြစ်ခြင်း အကြောင်းလေးပါးကို၊ အဋ္ဌကထာဆရာတို့ပြတော်မူကြသည်မှာ၊ အာရမ္မဏ ပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုဟန်ကိုရည်သန်၍ပြတော်မူသည်ဟု မှတ်ရာ၏။ ဖြစ်တတ်သောဇနကအားဖြင့်ကား။ ပါဠိတော်တို့၌။ ။ကမ္မဿကတတ္တာ ဥပစိတတ္တာဥပ္ပန္နံဟောတိစက္ခုဝိညာဏံ။ ။စသည်ဖြင့် မိန့်တော်မူ၏။ ။ ကမ္မဿ၊ ကုသိုလ်ကံ-အကုသိုလ်ကံကို။ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ ဥပစိတတ္တာ၊ ဖြည့်ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့်၊ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်သည်။ ဥပ္ပန္နံ၊ ခဏတ္တယသို့ရောက်သည်။ ဟောတိ၊ ဖြစ်၏။ ။ ဤ ပါဠိတော်အရ။ စက္ခုဝိညာဉ်၏ ဖြစ်ခြင်း အကြောင်းသည်၊ ဇနကကံ တည်းဟူသောအကြောင်းတပါးမျှသာတည်း-ဟုပြတော်မူ၏။ ။သောတ ဝိညာဉ်တို့မှာလည်း- နည်းတူတည်း။ ။ကမ္မဿကတတ္တာ-ဥပစိတတ္တာ ဟူ၍ ဟိတ်နှစ်ချက်ခတ်ရကား၊ ဤစက္ခုဝိညာဉ်စသော ဝိညာဉ် ငါးပါးနှင့် တကွ၊ပသာဒငါးပါးဖြစ်ပေါ်ရန်ကုသိုလ်ကံသည်ကား၊အားကြီးသောဗလဝ ကံဟုမှတ်သားအပ်၏။ထိုသို့ဖြစ်ရကား။သုမင်္ဂလဝိလာသိနီအဋ္ဌကထာ၌။ ။ ကတတ္တာဥပစိတတ္တာတိ ဧတ္ထသကိမ္ပိကတံကတမေဝ၊ အဘိဏှကရဏေန ပန ဥပစိတံ ဟောတိ၊ ။ဟုဘွင့်ပြတော်မူ၏။လက္ခဏာသုတ်အဘွင့်၊ ။ကတတ္တာဥပစိတတ္တာတိ ဧတ္ထ၊ကတတ္တာ-ဥပစိတတ္တာ ဟူသောပါဌ်၌၊ သကိမ္ပိ၊ တကြိမ်လည်း၊ ကတံ၊ပြုသောကံသည်၊ ကတမေဝ၊ကတတ္တာကံမည်သည် သာလျှင်တည်း။ အဘိဏှကရဏေန၊ မပြတ်မလတ်-အထပ်ထပ် ပြုသဖြင့် ကား၊ ဥပစိတံ၊ဥပစိတကံသည်။ ဟောတိ၊ ဖြစ်၏။ ။ဟိတ်နှစ်ချက် ခတ် ဖြစ်၏ဟုမှတ်။ ။ဤသျှင်တရပ်။ ဒွေပဉ္စဝိညာဏဓာတ်၏-ဇနက အခဏ်း တည်း။

---

## (၆၉) စက္ခုဝိညာဉ်စသောလေးပါးသောဝိညာဉ်တို့၏ ဥပေက္ခာဖြစ်ဟန်ကိုပြခြင်း။

ထိုစက္ခုဝိညာဉ် စသောစိတ်လေးခုတို့သည်၊စက္ခု ဝတ္ထုစသည်ကို မှီရကား၊မှီရာဝတ္ထုလည်းဥပါဒါရုပ်သာတည်း၊အာရုံလည်းဥပါဒါရုပ်သာလျှင် တည်း။ ဤသို့ဥပါဒါရုပ်ချင်းချင်း၊ ထိခိုက်ကြခြင်းသည်လည်း၊ အလွန်အား နည်းခြင်း ဒုဗ္ဗလဖြစ်၍၊ဝါဂွမ်းစိုင်-နှစ်ခုတို့၏ ထိခိုက်ခြင်းကဲ့သို့ ဖြစ်တော့ သည်၊ထိုသို့ထိခိုက်ခြင်းအားနည်းသောကြောင့်၊ဣဋ္ဌာရုံ,အနိဋ္ဌာရုံ-အလုံးစုံ

သောအာရုံတို့၌၊ဥပေက္ခာသဟဂုတ်သာလျှင်ဖြစ်ရတော့သည်-ဟုမှတ်။ ထိုကြောင့်၊ ဋီကာကျော်ကျမ်းမြတ်၌၊

ဝဏ္ဏာလမ္ဗဏာသဘာဝါနံ၊ ဘူတိကာနဥ္စဃဋ္ဋနံ၊
ဒုဗ္ဗလံ ဋ္ဌတိစက္ခာဒိ၊ စတုစိတ္တမုပေက္ခကံ။ ။

ဟုမိန့်တော်မူ၏။ ။ဝဏ္ဏာလမ္ဗဏာ သဘာဝါနံ၊ မှီရာသဘော-အာရုံသဘောဖြစ်ထုံသော၊ဘူတိကာနံ၊ဥပါဒါရုပ်တို့၏။ဃဋ္ဋနံ၊ထိပါးခြင်းသည်၊ ဒုဗ္ဗလံ၊ အားနည်းသည်၊ ဟိယသ္မာ၊အကြင်ကြောင့်၊ ဟောတိ၊ဖြစ်၏။ ဋ္ဌတိ တသ္မာ၊ထိုကြောင့်၊စက္ခာဒိစတုစိတ္တံ၊စက္ခုဝိညာဉ်စသောလေးပါးသောစိတ်သည်၊ ဥပေက္ခကံ၊ဥပေက္ခာ ဝေဒနာနှင့် ယှဉ်သည်၊ ဟောတိ၊ဖြစ်၏၊ ။ ဤသျှင်၊စက္ခုဝိညာဉ်စသောစိတ်တို့၏ ဥပေက္ခာဖြစ်ဟန်တည်း။

---

## (၁၀) ကာယဝိညာဉ်စိတ်၏ ဒုက္ခ-သုခ ဖြစ်ဟန်ကိုပြခြင်း။

ကာယဝိညာဉ်စိတ်၏-အာရုံမှာမူကား၊အာပေါဓာတ်ကြဉ်သောထုံသုံးပါးသာတည်း။ဤဖေါဋ္ဌဗ္ဗာရုံမဟာဘုတ်သည်၊ ကာယပသာဒနှင့်ထိခိုက်သည်ရှိသော်၊ကာယပသာဒကိုလွန်၍၊ ကာယပသာဒ၏မှီရာ၊ မဟာဘုတ်တိုင်အောင်ထိခိုက်သည်၊ ဤသို့မဟာဘုတ်ချင်း၊ ထိခိုက်ခြင်းသည်လည်း၊ အလွန်အားကြီးခြင်း ဗလဝဖြစ်တော့သည်၊ပေထက်တင်သော၊ ဝါဂွမ်းစိုင်ကို တူဖြင့်ထုသည်ရှိသော်၊ဝါဂွမ်းစိုင်ကိုလွန်၍၊ ပေနှင့်-ထိခိုက်သကဲ့သို့ ဖြစ်၏၊ ထိုသို့ဝဏ္ဏ,အာရုံထိခိုက်ခြင်း။ အလွန်ပြင်းထန်သောကြောင့်၊ ကာယဝိညာဉ်သည်။ အနိဋ္ဌာရုံ၌ဒုက္ခသဟဂုတ်၊ ဣဋ္ဌာရုံ၌ သုခသဟဂုတ် အစစ်။ ကေန်ဖြစ်တော့သည်ဟုမှတ်၊ ထိုကြောင့်၊ ဋီကာကျော်ကျမ်းမြတ်၌၊

ကာယနိဿယဖေါဋ္ဌဗ္ဗ၊ ဘူတာနံ ဃဋ္ဋနာယ တု၊
ဗလဝတ္တာန ဝိညာဏံ၊ကာယိကံ မန္ဒုဝေဒနံ၊ ။

ဟုဘွင့်ကြား၏၊ ။ကာယနိဿယ ဖေါဋ္ဌဗ္ဗ ဘူတာနံ၊ကာယဝိညာဉ်၏မှီရာဖြစ်သော၊ဖေါဋ္ဌဗ္ဗာရုံ မဟာဘုတ်တို့၏၊ ဃဋ္ဋနာယတု၊ ထိခိုက်ခြင်း၏ကား၊ဗလဝတ္တာ၊အားကြီးသည်၏အဖြစ်ကြောင့်၊ကာယိကံ၊ကာယပသာဒကိုမှီ၍ဖြစ်သော၊ ဝိညာဏံ၊ကာယဝိညာဉ်သည်၊ မန္ဒုဝေဒနံ၊ဥပေက္ခာဝေဒနာနှင့်ယှဉ်သည်၊ နဟောတိ၊မဖြစ်။ ။ဤသျှင် ကာယဝိညာဉ်၌ သုခ,ဒုက္ခ ဖြစ်ဟန်တည်း။

## (၇၁) သမ္ပဋိစ္ဆိုင်း,သန္တီရဏတို့ကိုထုတ်ပြခြင်း။

သမ္ပဋိစ္ဆိုင်း စိတ်ဟူသည်၊ ပဉ္စဝိညာဉ်သည်၊ မြင်အပ်, ကြားအပ်, နံအပ်, သာယာအပ်, တွေ့ကြုံအပ်သောအာရုံကို ခံဘတ်သောကြောင့်၊ သမ္ပဋိစ္ဆိုင်းမည်၏။ ။ပဉ္စဝိညာဏဂဟိတံ အာရမ္မဏံသမ္ပဋိစ္ဆတိတိသမ္ပဋိစ္ဆနံ၊ ။ဟုဝစနတ်ပြ၏။ ။ပဉ္စဝိညာဏ ဂဟိတံ၊ ပဉ္စဝိညာဉ်သည် ယူအပ်သော။အာရမ္မဏံ၊ရူပ,စသောအာရုံငါးပါးကို၊သမ္ပဋိစ္ဆတိ၊ ခံလင့်သကဲ့သို့ဖြစ်တတ်၏၊ ဣတိတသ္မာ၊ထို့ကြောင့်၊ သမ္ပဋိစ္ဆနံ၊ သမ္ပဋိစ္ဆိုင်းမည်၏၊ ။ သန္တီရဏ ဟူသည်၊ သမ္ပဋိစ္ဆိုင်း ခံအပ်သော အာရုံကို စုံစမ်းထတ်သောကြောင့်။ သန္တီရဏမည်၏၊ ။ယထာသမ္ပဋိစ္ဆိတံ အာရမ္မဏံ သမ္မာတီရေတီတိ သန္တီရဏံ၊ ။ဟုဝစနတ်ပြ၏၊ ။ယထာ သမ္ပဋိစ္ဆိတံ၊ သမ္ပဋိစ္ဆိုင်းသည်ခံတိုင်းသော။အာရမ္မဏံ၊ရူပါရုံစသောအာရုံငါးပါးကို၊သမ္မာ၊ကောင်းစွာ။တီရေတိ၊စုံစမ်းတတ်၏။ဣတိတသ္မာ၊ထိုကြောင့်၊ သန္တီရဏံ၊ သန္တီရဏမည်၏၊ ။သမ္ပဋိစ္ဆိုင်းနောက်၌အမြဲတည်၍၊ အာရုံငါးပါးကို စုံစမ်းတတ်သည်ဟူလို၊ ။ဤသို့ပြဆိုအပ်ပြီးသောစိတ်တို့သည်၊ထုသိုလ်–အကုသိုလ်တို့၏အကျိုးနှစ်ပါးဖြစ်သည်၊ သဟာဂုတ်သာလျှင်ပြားတော့သည်၊ ကုသိုလ်၏အကျိုး၌ကား။ သန္တီရဏ နှစ်ပါးရှိသကဲ့သို့။ အကုသိုလ်အကျိုး၌ အဘဲ့ကြောင့်၊ သောမနဿ သန္တီရဏ မဖြစ်ရသနည်း ဟူမူကား။ ။ကုသလဝိပါက်၌ကား။ဣဋ္ဌာရုံ–ဣဋ္ဌမဇ္ဈတ္တာရုံ၏ အစွမ်းအားဖြင့်၊ ဝေဒနာပြားသင့်သောကြောင့်၊ဣဋ္ဌာရုံ၌ သောမနဿသန္တီရဏဖြစ်၏၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌ဥပေက္ခာသန္တီရဏဖြစ်၏။အကုသလဝိပါက်မှာမူကား။အနိဋ္ဌာရုံ–အနိဋ္ဌမဇ္ဈတ္တာရုံ၏အစွမ်းအားဖြင့်။ ဝေဒနာမပြားနိုင်ရကား၊ အနိဋ္ဌမဇ္ဈတ္တာရုံဘပါးတည်းသာလျှင်ဖြစ်သောကြောင့်။၎င်းအာရုံ၌ ဥပေက္ခာသန္တီရဏစိတ်သည် ဖြစ်၏။ အကယ်၍အကုသလဝိပါက်၌ အနိဋ္ဌာရုံသည်ဖြစ်ငြားအံ့။ ဒေါမနဿသန္တီရဏဖြစ်ရာ၏၊ထိုသို့ဖြစ်ပါမူ။ ဒေါသနှင့်ပဋိဃဘာရေးတို့သည်။မကွေမကင်းကောင်းသောအဝိနာဘာဝတရားဖြစ်သောကြောင့်၊ပဋိဃသန္တီရဏလည်းပါဝင်ရာ၏၊ဤသို့လည်း။။အကုသိုလ်တရားတို့သည်။အဗျာကတတရားတို့၌။မဖြစ်နိုင်ကုန်၊ထို့ကြောင့်၊အကုသလဝိပါက်၌၊ ဥပေက္ခာသန္တီရဏတပါးကိုသာလျှင်ထားကုန်ရာ၏။ထိုကြောင့်၊ ဋီကာကျော်ကျမ်းမြတ်၌။ ။နဟိဘိန္နဇာတိကောဓမ္မောဘိန္နဇာတိကောသုဥပလဗ္ဘတိ။ ။ဟုဘွင့်ပြတော်မူ၏။ ။ဟိယသ္မာ၊အကြင်ကြောင့်၊ဘိန္နဇာတိကော၊ ပြားသောဇာတ်ရှိသော၊ဓမ္မော၊

သဘောတရားကို၊ ဘိန္နဇာတိကေသု၊ ပြားသောဇာတ်ရှိကုန်သော တရားတို့၌၊ နဥပလဗ္ဘတိ၊ မရအပ်။ ။ဤဖျှင်တရပ်၊ သန္တီရဏကိုပြရာ စကားရပ်တည်း။

---

## (၇၂) သမ္ပဋိစ္ဆိုင်းစိတ်၏ဥပေက္ခာဖြစ်ဟန်၊ သန္တီရဏစိတ်၏ သောမနဿ၊ဥပေက္ခာဖြစ်ဟန်ကိုပြခြင်း။

သမ္ပဋိစ္ဆိုင်းဒွေသည်။ မိမိနှင့်မှီရာမတူသောပဉ္စဝိညာဉ်၏အခြားမဲ့၌ ဖြစ်သဖြင့်။မှီရာတူသောစိတ်မှအနန္တရပစ္စည်းကိုမရသောကြောင့်၊ သဘောတူအထောက်အပံ့ကင်းသော ယောက်ျားကဲ့သို့၊ အလွန်အားကြီးသည် မဖြစ်ရကား၊ ကောင်း,မကောင်းသောအခြင်းအရာအားဖြင့်။အာရုံ၏ အရသာကိုခံစားခြင်းငှါ မစွမ်းနိုင်၊ ထိုကြောင့်ရကား၊ ခပ်သိမ်းသော အာရုံ၌ပင်လျှင်၊ ဥပေက္ခာဖြစ်ရ၏ဟုမှတ်။ ထိုကြောင့်၊ ဋီကာကျော်ကျမ်းမြတ်၌၊

သမာန-နိဿယောယသ္မာ၊ နတ္ထာနန္တရပစ္စယော။
တသ္မာဒုဗ္ဗလမာလမ္ဗေ၊ သောပေက္ခံသမ္ပဋိစ္ဆနံ။ ။

ဟုမိန့်တော်မူ၏။ ။သမာန-နိဿယော၊တူသောမှီရာရှိသော၊အနန္တရပစ္စယော၊အနန္တရပစ္စည်းသည်၊ ယသ္မာ၊အကြင်ကြောင့်၊ နတ္ထိ၊မရှိ။ တသ္မာ၊ ထိုင့်။ဒုဗ္ဗလမာလမ္ဗေ၊အားနည်းသောအာရုံ၌၊ သမ္ပဋိစ္ဆနံ၊ သမ္ပဋိစ္ဆိုင်းဒွေးသည်၊သောပေက္ခံ၊ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်၏။ ။စက္ခုဝိညာဉ်သည် စက္ခုဝတ္ထုကိုမှီ၏၊သမ္ပဋိစ္ဆိုင်းသည် ဟဒယဝတ္ထုကိုမှီ၏၊ ထိုသို့မှီရာမတူသောစိတ်မှ အနန္တရပစ္စည်းကိုရ-ရကား၊ အားသေး၏ဟူလို။ ။ကုသလဝိပါက် သန္တီရဏသည်ကား။ မိမိနှင့် မှီရာ တူသော သမ္ပဋိစ္ဆိုင်း စိတ်မှ အနန္တရပစ္စည်းကိုရသဖြင့်၊အလွန်အားကြီးသည်ဖြစ်ရကား၊ အတိဣဋ္ဌာရုံ၌ သောမနဿသန္တီရဏ၊ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာသန္တီရဏ-ဖြစ်၏ဟုမှတ်။ ထိုကြောင့်ရကား။ ဋီကာကျော်ကျမ်းမြတ်၌၊

သမာနနိဿယောယသ္မာ၊ လဒ္ဓါနန္တရပစ္စယော။
တသ္မာဗလဝမာလမ္ဗေ၊ သုခုပေက္ခုတီရဏံ။ ။

ဟုမိန့်တော်မူ၏။ ။သင်္ဂဟဂါထာ-ရစိတာမယာ။ ။သမာန-နိဿယော၊တူသောမှီရာရှိသော၊အနန္တရပစ္စယော၊အနန္တရပစ္စည်းသည်၊ယသ္မာ၊

အကြွင်ကြောင့်။လဒ္ဓါ၊ရရှိ၍၊ဘသွာ၊ထိုကြောင့်၊ ဗလဝမာလမ္ဗော၊အားကြီးသောအာရုံ၌၊သုခုပေက္ခ္ဓ၊သောမနဿဝေဒနာ-ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊တိရဏံ၊သန္တီရဏသည်။ဟောတိ၊ဖြစ်၏၊ ။သမ္ပဋိစ္ဆိုင်းသည်၊ ဟာဒယဝတ္ထုကိုမှီသည်၊ သန္တီရဏသည်လည်း ဟာဒယဝတ္ထုကိုမှီ၏၊ထိုသို့မှီရာတူသောစိတ်မှ အနန္တရပစ္စည်းရ၏ဟူလို၊

## (၇၃) နိဂုံးနှစ်ရပ်ကိုခွဲပြချက်၊

ဤအဟိတ်စိတ်ဝယ်၊ ကုသလဝိပါက်စိတ်၏နိဂုံး၌၊ အဟေတုကသဒ္ဒါကိုထည့်၍၊ အကုသလ ဝိပါက်စိတ်၏ နိဂုံး၌၊ အဘယ့်ကြောင့် အဟေတုကသဒ္ဒါကို မထည့်လေသနည်းဟူမူ၊ အကုသလ ဝိပါက်၏ အဟိတ်စင်စစ်–တပါးတည်းသာလျှင်ဖြစ်၏၊ အဟိတ်ဟု လျဉ်းပါးဘွယ်မရှိသောကြောင့်၊ အဟေတုကသဒ္ဒါကို-မထည့်သည်ဟု မှတ်အပ်၏။ ကုသလဝိပါက်သည်ကား၊ အဟိတ်,သဟိတ်နှစ်ပါးရှိ၍၊ လျဉ်းပါးရန်ရှိသောကြောင့်၊အဟေတုကသဒ္ဒါကိုကုသလဝိပါက်၏နိဂုံး၌။ထည့်သွင်းအပ်တော့သည်ဟုမှတ်။

## (၇၄) အဟိတ်ကြိယာသုံးပါး၌၊အာဝဇ္ဇန်းကိုခွဲပြချက်၊

အဟိတ်ကြိယာသုံးပါးတို့တွင်၊ရှေးဦးစွာသောစိတ်သည်။ငါးဒွါရ၌ထင်လာသောအာရုံငါးပါးကိုဆင်ခြင် နှလုံးသွင်းတတ်သောကြောင့်၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်မည်၏၊ထို့ကြောင့် ဋီကာဆရာတို့သည်၊ ။ပဉ္စဒွါရေအာဝိဘူတမာရမ္မဏံအာဝဇ္ဇေတီတိပဉ္စဒွါရာဝဇ္ဇနံ၊ ။ဟုဋီကာတော်မှ ဆို၏။ ။ယံစိတ္တံ၊ အကြွင်စိတ်သည်၊ ပဉ္စဒွါရေ၊ငါးဒွါရ၌၊ အာဝိဘူတံ၊ထင်ရှား၍ပေါ်လာသော၊ အာရမ္မဏံ၊ငါးပါးသောအာရုံကို။အာဝဇ္ဇေတိ၊ဆင်ခြင်နှလုံးသွင်းတတ်၏၊ ဣတိတသ္မာ၊ထိုကြောင့်။တံစိတ္တံ၊ထိုစိတ်သည်။ပဉ္စဒွါရာဝဇ္ဇနံ၊ပဉ္စဒွါရာဝဇ္ဇန်းမည်၏၊ ။ဤပဉ္စဒွါရဝဇ္ဇန်းသည်။ရှေး၌တစုံတခုသောစိတ်သည် မယူဘူးသောအာရုံ၌၊တကြိမ်သာလျှင်ဖြစ်ခြင်းကြောင့်၎င်း၊ မိမိနှင့်ဇာတ်မတူသော၊ဇော,ဘဝင်အစဉ်ကိုလည်စေခြင်းဗျာပါရတပါးကိုငဲ့ကွက်ခြင်းနှင့်တကွဖြစ်ခြင်းကြောင့်၊ကောင်း,မကောင်းသော အခြင်းအရာအားဖြင့်အာရုံ၏အရသာကိုခံစားခြင်းငှါ မစွမ်းနိုင်ရကား၊ ဥပေက္ခာ ဝေဒနာနှင့်တကွ ဖြစ်၏ဟုမှတ်၊ မနောဒွါရာဝဇ္ဇန်းမှာလည်း ဤနည်းအတူ၊ အဓိပ္ပါယ်ကိုယူလေ၊ ထိုကြောင့်ရကား အဘိဓမ္မာဝတာရဋီကာစသည်တို့၌၊

အထဝါ ကေမေကာသာ၊ ကိစ္စဒွယပယုတ္တတော။
ဖုဋ္ဌံ အာဝဇ္ဇနဒွယံ၊ သောပေက္ခန္တုပလက္ခယော။ ॥

ဟုမိန့်၏။ ။အထဝါ၊ တနည်း တုံသော်ကား။ ကေမေကာသာ၊ တချို့ တည်း တချို့တည်းသောစိတ်၏။ ကိစ္စဒွယပယုတ္တတော၊ နှစ်ပါးသော ကိစ္စတို့ နှင့်ယှဉ်ခြင်းကြောင့်။ ဖုဋ္ဌံအာဝဇ္ဇနဒွယံ၊ ဤအာဝဇ္ဇန်းနှစ်ပါးကို။သောပေက္ခန္တိ၊ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်၏ဟူ၍။ ဥပလက္ခယော၊ မှတ်ရာ၏။ ။မနော ဒွါရာဝဇ္ဇန်းသည်ကား။ ဒိဋ္ဌ-သုတ-မုတ-စသည့်တို့၏အစွမ်းအားဖြင့်။ ရှေ့ရှု ထင်လာသော အာရုံခြောက်ပါးကို ဆင်ခြင်တတ်၏။ နှုံးသွင်း တတ်သော ကြောင့်။မနောဒွါရာဝဇ္ဇန်းမည်၏ဟူလို။ထိုကြောင့်ရကား။ဋီကာဆရာတော် များသည်။ ။မနောဒွါရေအာပါထဂတမာရမ္မဏံ အာဝဇ္ဇေတီတိမနောဒွါ ရာဝဇ္ဇနံ။ ။ဟုမိန့်တော်မူ၏။ ။ယံစိတ္တံ၊အကြင်စိတ်သည်။ မနောဒွါရေ၊ မနောဒွါရ၌။ အာပါထံ၊ထင်ခြင်းသို့။ ဂတံ၊ ရောက်လာသော၊ အာရမ္မဏံ၊ အာရုံကို။ အာဝဇ္ဇေတိ၊ဆင်ခြင်တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ တံစိတ္တံ၊ ထိုစိတ်သည်၊မနောဒွါရာဝဇ္ဇနံ၊မနောဒွါရာဝဇ္ဇန်းမည်၏။ ။ဤမနောဒွါရာ ဝဇ္ဇန်းသည်၊အကြင်အခြင်းအရာအားဖြင့်။ သန္တီရဏသည် စုံစမ်းပြီးသော အရုံကို မှတ်တတ်သောကြောင့်၊ ဝုဋ္ဌောလည်းမည်၏။ ထိုကြောင့် သင်္ဂြိုဟ် ကျမ်း၌ပင်။ မနောဒွါရာဝဇ္ဇနံပန-ပဉ္စဒွါရေဝေါဋ္ဌဗ္ဗန ကိစ္စံသာဓေတိ။ ။ဟု ပကိဏ်းပိုင်း၌ရေးသားလတ္တံ့။ ။မနောဒွါရာ ဝဇ္ဇနံပန၊ မနောဒွါရာဝဇ္ဇန်း သည်ကား။ပဉ္စဒွါရေ၊ပဉ္စဒွါရ၌။ ဝေါဋ္ဌဗ္ဗနကိစ္စံ၊ ဝုဋ္ဌောတည်းဟူသော ကိစ္စ ကို။သာဓေတိ၊ပြီးစေနိုင်၏။ ။မနောဒွါရဝီထိ၌ကား။ ဝုဋ္ဌောမမည်။ မနော ဒွါရာဝဇ္ဇန်းသာလျှင်တည်း-ဟုမှတ်။ ။ဤလျှင်၊ အာဝဇ္ဇန်းနှစ်ပါး၏ ဝိနိစ္ဆယ ပေတည်း၊

---

## (၇၅) မဟာဂဇမည်သောစိတ်ကိုပြခြင်း။

(အမေး) မဟာဂဇမည်လိပ်။ဂုဏ်မည်ဟိတ်။အဘယ်စိတ်ပေနည်း။
(အဖြေ) မနောဒွါရာဝဇ္ဇန်း။ဂုဏ်မည်ဆန်း။မြော်မှန်းဤစိတ်တည်း။

မြတ်စွာဘုရားအား။ ထင်ရှားရှိပေသော ဆဓာသာဓာရဏဉာဏ်တော် တို့သည်လည်း။ဤမနောဒွါရာဝဇ္ဇန်းသည် ယူ၍ပေးအပ်သော အာရုံကိုသာ လျှင်ယူရကား၊မနောဒွါရာဝဇ္ဇန်းစိတ်ကို။ မဟာဂဇစိတ်-ဟု မှတ်သားအပ်

ဖြ။ထိုကြောင့်ရကား။အဋ္ဌသာလိနီအဋ္ဌကထာ၌ကား။ ။မဟာဂဇ္ဇံနာမေတံ
စိတ္တံ၊ဣမဿအနာရမ္မဏံနာမနတ္ထိ၊အသဗ္ဗညုဘညာဏံသဗ္ဗညုတညာဏဂ
တိကံနာမကတမန္တိ ဝုတ္တေအနုဒန္တိ ဝတ္တဗ္ဗံ။ ။ဟုဘွင့်ပြတော်မူ၏။ ။တံစိတ္တံ၊
ဤမနောဒွါရာဝဇ္ဇန်းစိတ်သည်။မဟာဂဇ္ဇနာမ၊ ဆင်ပြောင်ကြီးနှင့် တူသော
စိတ်မည်၏။ဣမဿ၊ဤစိတ်၏၊ အနာရမ္မဏံနာမ၊ အာရုံမပြုနိုင်သော အရာ
ဌာနမည်သည်။နတ္ထိ၊မရှိ။အသဗ္ဗညုဘညာဏံ၊ သဗ္ဗညုတညာဏ်မဟုတ်ဘဲ
လျက်။သဗ္ဗညုဘညာဏဂတိကံနာမ၊သဗ္ဗညုဘညာဏ်နှင့်အလားတူသော
စိတ်မည်သည်။ကတမံ၊အဘယ်နည်း။ ဣတိ၊ဤသို့။ ဝုတ္တေ၊ဆိုသည်ရှိသော်။
အနုဒန္တိ၊ဤမနောဒွါရာဝဇ္ဇန်းစိတ်ဟူ၍။ ဝတ္တဗ္ဗံ၊ဟောပြွက်ဆိုအပ်၏။ ။ဤ
မနောဒွါရာဝဇ္ဇန်းစိတ်သည်သဗ္ဗညုတညာဏ်တော်နှင့်အလားတူသောစိတ်
ဖြစ်ရကား။ဆင်ပြောင်ကြီးနှင့်တူသောမဟာဂဇ-စိတ်ဟု။ရှင်ဗုဒ္ဓဃောသ၊
နာမထင်ပေါ်၊အဋ္ဌကထာဆရာတော်၊မိန့်တော်မူသတည်း။

---

## (၁၄) ဟာသိတုပ္ပါဒ်အရကိုထုတ်ပြခြင်း။

ဟာသိတုပ္ပါဒေတီတိဟာသိတုပ္ပါဒံ။ ။ယံစိတ္တံ၊အကြင်စိတ်သည်။ ဟာ
သိတံ၊ပြုံးခြင်းမျှကို။ဥပ္ပါဒေတိ၊ဖြစ်စေတတ်၏။ ဣတိ၊တသ္မာ၊ထိုကြောင့်။ တံ
စိတ္တံ၊ထိုစိတ်သည်။ ဟာသိတုပ္ပါဒံ၊ ဟာသိတုပ္ပါဒ်မည်၏။ ။ဤဟာသိတုပ္ပါဒ်
စိတ်သည်ပြုံးခြင်းရယ်ရွှင်ခြင်းကို ဖြစ်စေသည်ရှိသော်။ဘုရားရှင်တို့အား။
ဤစိတ်ဖြင့် ရယ်ရွှင်လေသလော ဟူမူ။ ။ဤဟာသိ တုပ္ပါဒ်စိတ်ဖြင့်။ ဝမ်း
မြောက်ခြင်း သောမနဿမျှကိုသာလျှင် ဖြစ်စေသည် ရယ်ရွှင်ခြင်းဟာသန
ကိုမဖြစ်စေတုန်။အဘယ့်ကြောင့်ဟူမူ။ပဥ္စဒွါရိကစိတ်သည် ဝိညတ်ကိုမဖြစ်စေ
သောကြောင့်တည်း။ ထိုကြောင့်ကား။ ပဥ္စဒွါရ၌ ဤစိတ်ဖြင့်၊ ဘုရားရှင်တို့
အားရယ်ရွှင်ခြင်းမဖြစ်ဟုမှတ်အပ်၏။မနောဒွါရ၌မူကား၊ ရယ်ရွှင်ခြင်း
ကိုဖြစ်စေ၏ဟုမှတ်၊ထိုကြောင့်ရကား၊ အနုဋီကာကြီး၌။ ။ဧတ္ထစပဥ္စဒွါရေ
ဣမိနာစိတ္တေနသောမနဿုပ္ပါဒနမတ္တံဒဋ္ဌဗ္ဗံ နဟာသုပ္ပါဒနံ၊ ပဥ္စဒွါရိကစိတ္တာ
နံ အဝိညတ္တိဇနကတ္တာ၊မနောဒွါရေပန ဟာသုပ္ပါဒနံပီတိ။ ။ဟုဘွင့်ပြ
တော်မူ၏။ ။စ၊ဆက်၌ဆိုဦးအံ့။ဧတ္ထ၊ဤစကားရပ်၌။ ပဥ္စဒွါရေ၊ပဥ္စဒွါရ၌။
ဣမိနာစိတ္တေန၊ဤဟာသိတုပ္ပါဒ်စိတ်ဖြင့်။သောမနဿုပ္ပါဒနမတ္တံ၊ ဝမ်းမြောက်
ခြင်းကိုဖြစ်စေခြင်းမျှကို။ ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏၊ ဟာသုပ္ပါဒနံ၊ရယ်ရွှင်ခြင်းကို
ဖြစ်စေခြင်းကို။ နဒဋ္ဌဗ္ဗံ၊မမှတ်အပ်။ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား။ပဥ္စ

ဒွါရိကစိတ္တာနံ၊ ပဥ္စဒွါရိကစိတ်တို့၏၊ အဝိညတ္တိဇနကတ္တာ၊ ဝိညတ်ကိုမဖြစ်စေတတ်သည့်၏အဖြစ်ကြောင့်တည်း။ မနောဒွါရေပန၊ မနောဒွါရ၌ကား။ ဟာသုပ္ပါဒနံ၊ ရယ်ရွှင်ခြင်းကိုဖြစ်စေခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ဤဟာသိတုပ္ပါဒစိတ်ဖြင့်။ ပဉ္စဒွါရ၌၊ သောမနဿဖြစ်ဟန်ကား။ ။ရဟန္တာအရှင်မြတ်သည် ကမ္ဗောဇ်ဝန်းစီးဖြန်းရာဌာန၊ အရပ်ဒေသကို တွေ့မြင်သောအခါ၊ ဤဟာသိတုပ္ပါဒ်စိတ်ဖြင့်စက္ခုဒွါရ၌ဝမ်းမြောက်စွာသော။ သောမနဿဖြစ်၏၊ ဘဏ္ဍာဝေဘန်ရာဌာနသို့ရောက်၍။ ပုထုဇဉ်ရဟန်းတွေလုယက်သောအသံကို ရဟန္တာပုဂ္ဂိုလ်ကြားသိသောအခါ၊ ငါ့အား လောလုပ္ပတဏှာကိုပယ်အပ်ရကား၊ ဤပုဂ္ဂိုလ်တို့ကဲ့သို့မလုရက်ရပြီဟု။ ဤစိတ်ဖြင့်သောတဒွါရ၌၊ ဝမ်းမြောက်ခြင်း သောမနဿဖြစ်၏၊ ရဟန္တာပုဂ္ဂိုလ်သည် ပန်းနံ့သာတို့ဖြင့် စေတီတော်ကို ပူဇော်လျက်၊ ဤစိတ်ဖြင့်ဃာနဒွါရ၌။ ဝမ်းမြောက်ခြင်းသောမနဿဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်သည် အရသာနှင့် ပြည့်စုံသော ဆွမ်း ဘောဇဉ်တို့ကို သိတင်းသုံးဘော်တို့နှင့်ဝေဘန်၍သုံးဆောင်သောအခါ၊ ငါ့အားသာရဏီယဝတ် ပြည့်စုံလေပြီတကားဟု။ ဤစိတ်ဖြင့်ဇိဝှါဒွါရ၌။ ဝမ်းမြောက်ခြင်းသောမနဿဖြစ်၏၊ ရဟန္တာပုဂ္ဂိုလ်သည်။ အာဘိသမာစာရိကဟုဆိုအပ်သော ဝတ်ကိုပြည့်ကျင့်သောအခါ၊ ငါ့အားအာဘိသမာစာရိကဝတ်သည်ပြည့်စုံလေပြီတကားဟု၊ ဤစိတ်ဖြင့် ကာယဒွါရ၌ ဝမ်းမြောက်ခြင်း သောမနဿဖြစ်၏၊ ။ဤသည်လျှင်၊ ပဥ္စဒွါရ၌ ဤဟာသိတုပ္ပါဒ်စိတ်ဖြင့်။ ဝမ်းမြောက်ခြင်းသောမနဿဖြစ်ပုံတည်း။

မနောဒွါရ၌ကား။ အတီတ်ကိုအာရုံပြု၍။ ကဏှရှင်ရသေ့, မဃဒေဝမင်းကြီး, ဇောတိပါလ လုလင်ဖြစ်သော အခါကာလ၌၊ ပြုခဲ့ဘူးသောအကြောင်းကိုဆင်ခြင်၍၊ မြတ်စွာဘုရားသည် ဤဟာသိတုပ္ပါဒ်စိတ်ဖြင့်၊ မနောဒွါရ၌ပြုံးတော်မူ၏။ အနာဂတ်ကိုအာရုံပြု၍၊ ဒေဝဒတ်သည်ငရဲမှလွတ်လျှင် အဋ္ဌိဿရပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့။ အဇာတသတ္တုမင်းကြီးသည်၊ ဝိဇိတာဝီပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ဟုမြင်တော်မူ၍။ ဤသိတုပ္ပါဒ်စိတ်ဖြင့် မနောဒွါရ၌ပြုံးတော်မူ၏။ ဤလျှင် မနောဒွါရ၌ ဤဟာသိတုပ္ပါဒ်စိတ်ဖြင့် ရယ်ရွှင်ခြင်း ဟာသဖြစ်ပုံတည်း။

ဤသို့ ပြုံးရယ်ခြင်း သည်လည်း။ ပုဂ္ဂိုလ်အားဖြင့်။ အမြတ် ဖြစ်သော ပုဂ္ဂိုလ်၏ ပြုံးရယ်ခြင်း။ အလတ်ဖြစ်သော ပုဂ္ဂိုလ်၏ပြုံးရယ်ခြင်း။ အယုတ်ဖြစ်သောပုဂ္ဂိုလ်၏ ပြုံးရယ်ခြင်း ဟူ၍လည်း သုံးပါး။ ပုထုဇဉ်၏ ရယ်ခြင်း သေက္ခ၏ရယ်ခြင်း၊ အသေက္ခ၏ ရယ်ခြင်း–ဟူ၍လည်း သုံးပါး။ ရယ်သော

အခြင်းအရာ အားဖြင့်ကား၊ သိတ–ဟာသိတ–ဝိဟာသိတ–ဥပဟာသိတ–အတိ
ဟာသိတ– အပဟာသိတဟူ၍ ခြောက်ပါး အပြားရှိ၏။ ။ထိုခြောက်ပါးတို့
တွင်၊ မျက်လုံး,နှုတ်ခမ်း, စဉ်းငယ်အနေပျက်ရုံ–ပြုံးခါပြုံ၍ ရယ်ခြင်းသည်
သိတရယ်ခြင်းမည်၏။စဉ်းငယ်သွားပေါ်ရုံရယ်ခြင်းသည်ဟာသိတရယ်ခြင်း
မည်၏၊ ဤရယ်ခြင်းနှစ်ပါးသည်မြတ်သောပုဂ္ဂိုလ်၏ ရယ်ခြင်းမည်၏။ ပြက
တော့သောအသံ–ညှင်းညှင်းထွက်ရုံရယ်ခြင်းသည် ဝိဟာသိတရယ်ခြင်းမည်
၏။ပခုံး,ဦးခေါင်းလှုပ်အောင် ရယ်ခြင်းသည် ဥပဟာသိတရယ်ခြင်း မည်၏။
ဤရယ်ခြင်း နှစ်ပါးသည် အလတ် ဖြစ်သော ပုဂ္ဂိုလ်၏ ရယ်ခြင်း မည်၏၊
မျက်ရည်ထွက်အောင်ရယ်ခြင်းသည် အပဟာသိတရယ်ခြင်းမည်၏။ လက်
ပစ်–ခြေပစ်မရှိက်မရှုနိုင်အောင်ရယ်ခြင်းသည် အတိဟာသိတရယ်ခြင်းမည်
၏၊ဤရယ်ခြင်းနှစ်ပါးသည်အယုတ်ဖြစ်သောပုဂ္ဂိုလ်၏ရယ်ခြင်းမည်၏။ ။
မြတ်စွာဘုရား၏ ပြုံးတော် မူခြင်းသည်ကား၊ ပြက်တော့သော ရွှေနှုတ်ခမ်း
တော်မှ၊ စဉ်းငယ်လစ်ရုံပြုံ၍၊ ပြုံးတော်မူလေရကား၊ ရယ်ခြင်းခြောက်ပါး
တို့တွင်။ သိတဖြစ်သောပြုံးခြင်းဖြင့်ပြုံးတော်မူ၏ဟု မှတ်အပ်၏၊ ထိုကြောင့်
ဇာတ်အဋ္ဌကထာ၌။ ။သိတကမ္မံ အကာသိ၊ ။ဟုပြတော် မူ၏၊ ။သိ
တကမ္မံ၊ရွှေနှုတ်ခမ်းတော်မှ-စဉ်းငယ်လစ်ရုံမျှ၊ပြုံးခြင်းအမှုကို၊ အကာသိ၊ပြု
တော်မူ၏၊ ။ဤသို့မြတ်စွာဘုရား ပြုံးတော်မူသည်ရှိသော်၊ ခရုသင်းပွတ်
သစ်၊ပုလဲနှစ်အလားကဲ့သို့၊ ဖြူစင်စွာသောသွားတော်မှ–ဖြူသောရောင်ခြည်
တော်တို့သည်၊ ရွှေတုရုအရပ်မျက်နှာသို့ ထွက်သွားလတ်၍။ ချုံ,သစ်ပင်
စသည်တို့၌ စွဲကပ်သဖြင့် ဖွေးဖွေးဖြူစွာတောက်ပလာ၏ဟု မှတ်အပ်၏၊ ။
ဤကား ဇာတ်အဋ္ဌ ကထာအလို၊ ။ပဋ္ဌာနပါတ် အဂ်ုတ္တရ အဋ္ဌကထာ၌
ကား၊မြတ်စွာဘုရားရှင်သည်။သွားတော်၏အဖျားကို ပြခါမျှဖြစ်သောမန္ဒဟ
သိတရယ်ခြင်းကို ရယ်တော်မူ၏–ဟု ပြတော်မူ၏၊ ထိုကြောင့် ၎င်းအဋ္ဌက
ထာ၌၊ ။ဗုဒ္ဓါနံဟာသိတံဟဋ္ဌပဟဋ္ဌာကာရ မတ္တမေဝ ဟောတိ၊ အဂ္ဂဒန္တေ
ဒဿေတွာမန္ဒဟသိတံဟာသိ။ ။ဟုဘွင့်ပြတော်မူ၏၊ ။ဗုဒ္ဓါနံ၊ဘုရားရှင်
တို့၏၊ ဟာသိတံ၊ရယ်ရွှင်တော်မူခြင်းသည်၊ ဟဋ္ဌပဟဋ္ဌာ ကာရမတ္တမေဝ၊
ရွှင်ရွှင်ပြပြ–ပြုံသော အခြင်းအရာမျှသည်သာလျှင်၊ ဟောတိ၊ဖြစ်၏၊ အဂ္ဂ
ဒန္တေ၊သွားတော်အဖျားတို့ကို၊ဒဿေတွာ၊ပြတော်မူ၍၊မန္ဒဟသိတံ၊နုံ့သော
ရယ်ခြင်းကို၊ ဟာသိ၊ ရယ်ရွှင်တော်မူပြီ။ ။ဤသို့ ရယ်ရွှင်တော်မူသည်
ရှိသော်၊မြတ်စွာဘုရား၏၊စွယ်တော်လေးချောင်းတို့မှ၊လျှပ်စစ်ရောင်၊ပြိုးပြိုး
ပြောင်ဘိသကဲ့သို့၊ ကြီးမားသော ထန်းထုံးပင်စည်ခန့်မျှ–ပမာဏဖြစ်သော

ရောင်ခြည်တော်တို့သည်တက်လတ်၍။ သုံးကြိမ်တိုင်တိုင်။ ဦးခေါင်းတော် မြဘ်ကို လက်ျာရစ်ပတ်လျာ်။ စွယ်တော်အဖျားဘို့၌ ဝင်သွားတော်မူပေ၏။ ။ဤကား။ အင်္ဂုတ္တရ အဋ္ဌကထာ အလို။ ။ဤအရာ ဌာန၌။ လင်္ကာဆောင်ပုဒ်ကား။

(၁) မျက်စိပွင့်မျှ၊ရယ်ရွှင်က၊မှတ်ပ*သိတ-သာ။ ။
(၂) သွားပေါ်ရုံမျှ၊ရယ်ရွှင်က၊မှတ်ပ*ဟသိတာ။ ။
(၃) ညှင်းညှင်းအသံ၊ထွက်ရယ်ပြန်၊တဘန်*ဝိဟသိတာ။ ။
(၄) ပခုံးလက်မျှ၊လှုပ်ရယ်က၊*ဥပဟသိတာ။ ။
(၅) မျက်ရေယိုထွက်၊ဤရယ်ချက်၊မိန့်ခြွက်*အပဟသိတာ။ ။
(၆) လက်ခြေကိုပစ်၊ရယ်ရွှင်လစ်၊မှတ်စစ်*အတိဟသိတာ။ ။
(၇) ရယ်ရွှင်ခြောက်ဝ၊သရူပ၊အရကျက်အပ်စွာ။ ။
(၈) သူမြတ်-သူလတ်၊သူယုတ်မှတ်၊ရအပ်နှစ်ဝိလာ။ ။
(၉) အလင်္ကာရ၊ကျမ်းဝယ်ပြ၊မှတ်ကြသောတုဇာ။ ။

ဤအဟိတ်စိတ်-တဆဲ့ရှစ်ပါး၌။ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သောစိတ် တဆဲ့သုံးပါးကိုပြဦးအံ့၊တဆဲ့သုံးပါးအရ-အကုသိုလ်သောမနဿလေးပါး။ မဟာကုသိုလ်သောမနဿလေးပါး၊မဟာကြိယာ သောမနဿ၊လေးပါး၊ ဟသိတုပ္ပါဒ်-တပါး၊ပေါင်းတဆဲ့သုံးပါးတို့တည်း။ ထိုတဆဲ့သုံးပါးတို့တွင်၊ ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက်တို့သည်။ အကုသိုလ်သောမနဿ လေးပါးမဟာကုသိုလ်သောမနဿလေးပါး။ ဤရှစ်ပါးသောစိတ်တို့ဖြင့်။ ရယ်ရွှင်ကုန်၏။ ရဟန္တာကြဉ်သော သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့သည်။ အကုသိုလ်ဒိဋ္ဌိဂတဝိပ္ပယုတ်သောမနဿစိတ်နှစ်ခု။ မဟာကုသိုလ်သောမနဿ လေးခု။ ဤခြောက်ပါးသောစိတ်တို့ဖြင့်ရယ်ရွှင်ကုန်၏။ရဟန္တာပုဂ္ဂိုလ်သည်။မဟာကြိယာသောမနဿလေးခု။ ဟသိတုပ္ပါဒ်၊ ဤစိတ်ငါးပါးတို့ဖြင့်။ ရယ်ရွှင်ကုန်၏။ဘုရားရှင်သည်ကား။ မဟာကြိယာ သောမနဿ ဉာဏသမ္ပယုတ်စိတ်-နှစ်ခု။ဟသိတုပ္ပါဒ်-ဤစိတ်သုံးပါးတို့ဖြင့် ရယ်ရွှင်ကုန်၏။ ။အင်္ဂုတ္တရ အဋ္ဌကထာ၊ အဋ္ဌသာလိနီ အဋ္ဌကထာ အထွက်တည်း။ ။လင်္ကာအချုပ်၊ နယငုတ်ကား။

(၁) အကုသိုလ်,သော၊ဟသိတော၊ကု,တိ,သောမဟာ။ ။
(၂) ဟာသ,အကြောင်း၊ထူးပြားရှောင်း၊စိတ်ပေါင်းတေရသာ။ ။
(၃) ရှစ်ပုထုဇန်၊ခြောက်သေက္ခ၊ငါးတန်ရဟန္တာ။ ။

(၄) ဘုရားရှင်မှာ၊စိတ်သုံးဖြာ၊မှတ်ပါသောတုဇာ။ ။
(၅) အဋ္ဌသာလိနီ၊ကျမ်းဂန္ထီ၊ဘွင့်ပြီ-ဓမ္မကထာ။ ။

---

## (၇၇) အပဟိတ်စိတ်၌၊အသင်္ခါရိက-သသင်္ခါရိက နှစ်ပါးကိုပြခြင်း။

အဟေတုကာနံ ပန ရူပါဒိသု အဘိနိပါတမတ္တာဒိ ကိစ္စာနံ နသသင်္ခါရိကဝိဇ္ဇမ္ဘနေ ဒ္ဓါသဘာဝေါတိ အသင်္ခါရိကတာ နတ္ထိ၊ အသင်္ခါရိက ဝိရုဒ္ဓသဘာဝါဘာဝါနာပိ-သသင်္ခါရိကတာတိ ဥဘယာပိရောဓာ-ဥဘယေနာပိ တေသံနိဒ္ဒိဋ္ဌံ အနုဇာနာတိ။ ။မူလဋီကာ။ ။ပန၊အထူးကို ဆိုဦးအံ့၊ ရူပါဒိသု၊ရူပါရုံစသည်တို့၌၊ အဘိနိပါတမတ္တာဒိကိစ္စာနံ၊ ရှေးရှုကျခါမျှ ဖြစ်ခြင်းစသောကိစ္စရှိကုန်သော၊အဟေတုကာနံ၊အပဟိတ်တရားတို့၏၊ သသင်္ခါရိကဝိဇမ္ဘနဒ္ဓါ၊သသင်္ခါရိကနှင့်ဆန့်ကျင်သော၊သဘာဝေါ၊သဘောသည်။ န၊မရှိ၊ ဣတိ တသ္မာ၊ ထိုကြောင့်၊ အသင်္ခါရိကတာ၊ အသင်္ခါရိက၏ အဖြစ်သည်၊ နတ္ထိ၊မရှိ၊အသင်္ခါရိကဝိရုဒ္ဓသဘာဝါဘာဝေါ၊ အသင်္ခါရိကနှင့်-ဆန့်ကျင်သောသဘော၏မရှိခြင်းကြောင့်၊ သသင်္ခါရိကတာ၊ သသင်္ခါရိက၏အဖြစ်သည်၊ နာပိအတ္ထိ၊ရှိလည်းမရှိ၊ ဣတိဘသ္မာ၊ ထိုကြောင့်၊ ဥဘယာဝိရောဓာ၊ အသင်္ခါရိက,သသင်္ခါရိက နှစ်ပါးတို့နှင့်ဆန့်ကျင်သော သဘော မရှိခြင်းကြောင့်၊ ဥဘယေနပိ၊ အသင်္ခါရိက-သသင်္ခါရိက ၂ံဖြင့်လည်း၊ တေသံ၊ ထိုအပဟိတ်ဝိပါက်စိတ်တို့အား၊နိဒ္ဒိဋ္ဌံ၊ဖြစ်ခြင်းကို၊အနုဇာနာတိ၊ခွင့်ပြုတော်မူ၏။ ။အပဟိတ်စိတ်သည်၊တပါးသော ကုသိုလ်-အကုသိုလ်ကံ၏၊ အကျိုးမှုကားဖြစ်၏၊မိမိ၏အသင်္ခါရိက-သသင်္ခါရိက-ဖ၏ ကျိုးသည်ကားမဖြစ်ကုန်၊ မဖြစ်နိုင်။အဘယ်ကဲ့သို့ဟူမူ၊ ကမ္မဇရုပ်ကဲ့သို့တည်း။ထိုကြောင့်၊ အနုဋီကာ၌၊ ။ဥဘယေနာပိတေသံနိဒ္ဒိဋ္ဌံ အနုဇာနာတိ။ ယထာကမ္မဇာ ရူပါနံ့ အဓိပ္ပါယော၊ ။ဟုဘွင့်ပြ၏။ ။ထိုကြောင့် ရကား၊ ငါတို့ဆရာတော်သည်၊ ။မူလဋီ-ဓိပ္ပါယ်ခက်၊ ကျမ်းကနက်နဲ။ ။စပ်ဆိုတော် မူ၏။ ။ ဤ၌လျှင် အသင်္ခါရိက ဝိနိစ္ဆယတည်း၊

---

## (၇၈) သမ္ပယုတ်-ဝိပ္ပယုတ်နှစ်ပါးကိုခွဲခြား၍ပြခြင်း၊

ဤအပဟိတ်စိတ်သည်၊ အလောဘ,စသောသမ္ပယုတ်ဟိတ် မရှိသည်၏ အဖြစ်ကြောင့်၊ ဝိပ္ပယုတ်ဟုမှတ်သားအပ်၏၊ထိုကြောင့်ရကား၊ ဓမ္မသင်္ဂဏီ

ပါဠိတော်၌၊ ။ဟေတုဝိပ္ပယုတ္တမ္ဗော။ ။ဟူ၍ ဟောကြားတော်မူ၏၊ ။ဟေတုဝိပ္ပယုတ္တာ၊ဟိတ်နှင့် မယှဉ်ကုန်သော၊ ဓမ္မာ-နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ်။ ဇီဝလည်းမဟုတ်ကုန်သော သဘောတရား တို့သည်၊ သံဝိဇ္ဇန္တိ၊ရှိကုန်၏။ ။အရကောက်ကား၊အဟိတ်စိတ်အဋ္ဌာရသ၊ဆန္ဒကြဉ်သောအညသမာန်းစေတသိက်တဆဲ့နှစ်ပါး။မောဟမူဒွေး၌ မောဟ၊ ရုပ်အဋ္ဌဝိသ၊နိဗ္ဗာန်ရ၏။ ။ဤပါဠိတော်အရ၊ဟေတုဝိပ္ပယုတ္တာဓမ္မအပြဖြင့်၊နိဗ္ဗာန်တရားကိုသမ္ပယုတ်။ဝိပ္ပယုတ်နှစ်ရပ်တို့တွင်၊ ဝိပ္ပယုတ်ဟုကေန်ဆတ်ဆတ်သိမှတ်အပ်၏ဟု ဟောကြားတော်မူ၏။ဤသို့နိဗ္ဗာန်တရားသည် ဟေတုဝိပ္ပယုတ္တာဓမ္မာ၌ပါဝင်၍၊အလောဘ,စသော ဟိတ်တို့နှင့်မယှဉ်သောကြောင့်ယခုကာလ၌။နိဗ္ဗာန်ကိုတောင့်တပတ္ထနာပြုခြင်းသည်၊အလောဘ-ဟု၊ဟောကြားကြသောဆရာတို့၏စကားကို၊မမှတ်သားအပ်တုန်။နိဗ္ဗာန်ကိုတောင့်တပတ္ထနာပြုခြင်းသည်၊ သမာဆန္ဒသာလျှင်တည်း၊ ပဏ္ဏာသ အဋ္ဌကထာတွင်လာသည်၊စေတသိက်ပိုင်း၌ထင်ရှားလတ္တံ့။

**အဟေတုက, စိတ္တသရုပ် ဒုတိသမတ္တံ။**

---

## (၇၉) သောဘဏ,အသောဘဏစိတ်ကိုခွဲပြခြင်း။

ပါပါဟေတုကမုတ္တာနိ၊ သောဘဏာနိတိဝုစ္စရေ။
ဧကူနသဋ္ဌိစိတ္တာနိ၊ အထေက နဝုတီပိဝါ။ ။

(သင်္ဂဟအဋ္ဌကထာပါဠ်)။

ပါပါဟေတုကမုတ္တာနိ၊ အကုသိုလ်စိတ် အဟိတ်စိတ်တို့မှ လွတ်ကုန်သော၊ ဧကူနသဋ္ဌိစိတ္တာနိ၊ တခုယုတ်ခြောက်ဆယ် အတိုင်းအရှည်ရှိကုန်သော စိတ်တို့ကို၊ သောဘဏာနိတိ သောဘဏစိတ်အမည်ရှိကုန်၏ ဟူ၍၊ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။ အထဝါ၊တနည်းကား။ ဧကနဝုတိစိတ္တာနိပိ၊ ကိုးဆဲ့တပါးကုန်သောစိတ်တို့ကိုလည်း၊သောဘဏာနိတိ၊သောဘဏစိတ် အမည်ရှိကုန်၏၊ဟူ၍၊ဝုစ္စရေ၊ဆိုအပ်ကုန်၏။

ဤဂါထာပါဌ်၌၊ဧကူနသဋ္ဌိ-ဟူသောပါဌ်ဖြင့်။ သောဘဏစိတ်အကျဉ်းကိုပြတော်မူ၏။ ဧကူနဝုတိပိဝါ-ဟူသောပါဌ်ဖြင့်၊ သောဘဏစိတ်အကျယ်ကိုပြတော်မူ၏၊ ပါပါဟေတုကမုတ္တာနိ၊ဟူသောပါဌ်ဖြင့်၊ အကုသိုလ် ၁၂-အဟိတ် ၁၀-တို့ သည်ကား။ အသောဘဏ စိတ်- သုံးဆယ်ဟု သိအပ်

ကြောင်းကို အရက္ခသိမ္မိနည်း။ ဗျာဘိရေကနည်းဖြင့် သိအပ်၏ဟု ပြတော်မူ၏။ ။သောဘဏ စိတ်ဟူသည် အပြစ်ကင်းသော အလောဘ, စသော ထင့်တယ်သော ဟိတ်သုံးပါးတို့နှင့် ယှဉ်သောကြောင့် သောဘဏ မည်၏ ဟူလို။ ။အသောဘဏဟူသည် ထိုတင့်တယ်သော အလောဘ,စသော ဟိတ်တို့နှင့် မယှဉ်သောကြောင့်။ အသောဘဏမည်၏ဟူလို။ ။ဤလျှင်၊ အသောဘဏ–သောဘဏစိတ်ကိုပြခြင်းတည်း။

---

## (၈၀) ကာမသောဘဏစိတ်အစဉ်ကိုပြခြင်း။

ကာမသောဘဏစိတ် ၂၄-ပါးအရ၊ကုသိုလ်-ဝိပါက်-ကြိယာအားဖြင့်၊ သုံးပါးရှိသည်တို့တွင်၊ ကုသိုလ်စိတ်သည်ဝိပါက်ကြိယာတို့ထက်၊ ပြဓာန်းသောအကြောင်းမူလဖြစ်သောကြောင့်၊ ရှေးဦးစွာမိန့်ဆိုတော်မူ၏။ထိုနောင်မှ ကုသိုလ်၏ အကျိုးတရား ဖြစ်သောကြောင့်၊ ဝိပါကဲစိတ်ကို ဆိုတော်မူ၏။ ထိုနောက်မှ အကျိုးပေးခြင်းသတ္တိမှ ကင်းသောကြောင့်၊ ကြိယာစိတ်ကိုဆိုတော်မူ၏ဟု၊ တတ်အပ်သေချာ၊ မှတ်ကုန်ရာ၏။ ။ဤသည်လျှင်-ပရမတ္ထ အနုဝဏ္ဏနာဋီကာထွက် စိတ်အစဉ်ပြချက်တည်း။

---

## (၈၁) မဟာကုသိုလ်စိတ်ရှစ်ပါးသရုပ်ကိုပြခြင်း။

သောမနဿသဟဂုတ်-ဉာဏသမ္ပယုတ်–အသင်္ခါရိက-တခု။
သောမနဿသဟဂုတ်-ဉာဏသမ္ပယုတ်–သသင်္ခါရိက–တခု၊
သောမနဿသဟဂုတ်–ဉာဏဝိပ္ပယုတ်–အသင်္ခါရိက-တခု၊
သောမနဿသဟဂုတ်-ဉာဏဝိပ္ပယုတ်–သသင်္ခါရိက–တခု။

သောမနဿ ၄-ပါး၊

ဥပေက္ခာသဟဂုတ်-ဉာဏသမ္ပယုတ်-အသင်္ခါရိက-တခု၊
ဥပေက္ခာသဟဂုတ်-ဉာဏသမ္ပယုတ်–သသင်္ခါရိက-တခု၊
ဥပေက္ခာသဟဂုတ်-ဉာဏဝိပ္ပယုတ်-အသင်္ခါရိက-တခု၊
ဥပေက္ခာသဟဂုတ်-ဉာဏဝိပ္ပယုတ်–သသင်္ခါရိက-တခု၊

ဥပေက္ခာ ၄-ပါး။

ဤလျှင်–မဟာကုသိုလ်-ရှစ်ပါးရေတွက်ပုံတည်း၊

မဟာဝိပါက်-မဟာကြိယာရှစ်ပါးတို့၌လည်း။ ဤနည်းအတူ ရေတွက်အပ်ထုန်၏။ ။တနည်း။ထရေးပေါင်းဟန်အားဖြင့်။ ရေတွက်ဟန်ကိုကား။ ဤသို့ရေတွက်အပ်၏။

| | | |
|---|---|---|
| သောမနဿ ၄-ပါး။<br>ဥပေက္ခာ ၄-ပါး။ | မဟာကုသိုလ်ရှစ်ပါး။ | |
| သမ္ပယုတ် ၄-ပါး။<br>ဝိပ္ပယုတ် ၄-ပါး။ | မဟာကုသိုလ်ရှစ်ပါး။ | |
| အသင်္ခါရိက ၄-ပါး။<br>သသင်္ခါရိက ၄-ပါး။ | မဟာကုသိုလ်ရှစ်ပါး။ | |

မဟာဝိပါက်-မဟာကြိယာတို့၌လည်း၊ ဤနည်းအတူရေတွက်ကြလေကုန်။

---

## (၈၂) ကာမကုသိုလ်ကို မဟာဆိုပုံကိုပြခြင်း။

(အမေး) ကာမကုသိုလ်၊မဟာဆို၊ဘယ်အလိုကြောင့်တပ်သနည်း။

(အဖြေ) ဘုရား ပဋိသန္ဓေ၊ ပေးတတ်စေ၊ ဤအနေ ကြောင့် တပ်သတည်း။

သဗ္ဗညုဘုရားရှင်တို့၏ ပဋိသန္ဓေ နေခြင်းတည်းဟူသော ဝိပါက်ကိုဖြစ်စေတတ်သောကုသိုလ်ဖြစ်သောကြောင့်-မဟာကုသိုလ်-ဟု မိန့်ဆိုတော်မူအပ်၏။ ဤမဟာကုသိုလ်၌။ မဟာသဒ္ဒါသည် ပူဇော် အပ်သော အနက်ကိုဟော၏။ ထိုကြောင့်။အဘိဓမ္မာဝတာရဋီကာကြီး၌။ ။ပစ္ဆိမဘာဝိကဗောဓိသတ္တာနံ ပဋိသန္ဓိအာကဍ္ဎနတော မဟန္တံ ပူဇိတံ့ကုသလစိတ္တန္တိ မဟာကုသလစိတ္တံ။ ။ဟုဖွင့်ပြတော်မူ၏။ ။ပစ္ဆိမဘာဝိကဗောဓိသတ္တာနံ၊နောက်ဆုံးဘဝ၌ဖြစ်သော ဘုရားလောင်းတို့၏။ ပဋိသန္ဓိအာကဍ္ဎနတော၊ ဝိပါက်ပဋိသန္ဓေကိုဆွဲငင်တတ်သောကြောင့်။မဟန္တံ၊ပူဇိတံ၊မြတ်နိုးကော်ရော်။ ပူဇော်အပ်သော။ကုသလစိတ္တံ၊ကုသိုလ်စိတ်တည်း။ ဣတိတသ္မာ၊ထိုကြောင့်။ မဟာ ကုသလစိတ္တံ၊မဟာကုသိုလ်စိတ်မည်၏။ ။ဤဋီကာပါဌ်ကိုအမြင်သဖြင့်။ အချို့သော သင်္ဂြိုဟ် အကောက် ဆရာတို့သည်။ ကာမ ကုသိုလ်သည်။ တပါးသော ကုသိုလ်တို့ထက်။ ပဝတ္တိအခါ၊ တဆဲ့ခြောက်ပါးသော အကျိုးကိုပေးနိုင်သောကြောင့်။ မဟာကုသိုလ်ဟုဆိုအပ်၏ဟူ၍ရင်း။ဒိဋ္ဌဓမ္မ

အကျိုးကို ပေးတတ်သောကြောင့်၊ မဟာကုသိုလ်ဟု ဆိုအပ်၏။ ဟူ၍ဝင်း ရေးသားသော အဓိပ္ပါယ်စကားကိုမှတ်သားအပ်၊ အဘယ့်ကြောင့်ဟူမူ၊ ဤ အဓိပ္ပါယ်စကားသည်၊ မဟာဝိပါက် မဟာကြိယာတို့၌ မယူနိုင်သောကြောင့် တည်း၊ ဋီကာဆရာ၏အဓိပ္ပါယ်စကားကား၊ မဟာကြိယာ၌လည်း၊ ရဟန္တာ တို့သည် ရသောစိတ်ဖြစ်ရကား၊ သင့်တင့်လျောက်ပတ်လှ၏-ဟုမှတ်၊ ဤလျှင်တရပ်၊ ကာမကုသိုလ်၌၊ မဟာသဒ္ဒါတပ်တည်း၊

---

## (၁၃) ပုညသင်္ခါရညာဏသင်္ခါရကုသိုလ်နှစ်ပါး အထူးကိုပြခြင်း။

(အမေး) ပုည၊ ညာဏ၊ သင်္ခါရ၊ ထူသလဘာယ်သို့နည်း၊ ။

(အဖြေ) စည်းစိမ်လိုက၊ ပုညပြ၊ ညာဏ–ပညာတည်း၊ ။

ဤကာမာဝစရ ကုသိုလ်သည်၊ ပုညသင်္ခါရ ကုသိုလ်၊ ညာဏသင်္ခါရ ကုသိုလ်-ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုတွင်၊ ပညာပါရမီရခြင်းအထို့ငှါပြုအပ် သော ကုသိုလ်သည်၊ ညာဏသင်္ခါရကုသိုလ်မည်၏၊ ဥစ္စာစည်းစိမ်-တထိန် ထိန်ကိုရခြင်းအကျိုးငှါ ပြုအပ်သော ကုသိုလ်သည်၊ ပုညသင်္ခါရကုသိုလ် မည်၏၊ ဤကုသိုလ် နှစ်ရပ်တို့တွင်၊ ပုညသင်္ခါရ ကုသိုလ်သည်၊ ဝဋ္ဋဂါမိ ကုသိုလ်မည်၏၊ ညာဏသင်္ခါရကုသိုလ်သည်၊ ဝိဝဋ္ဋဂါမိ ကုသိုလ် မည်၏၊ ပါရမီကုသိုလ်ဟူသည်လည်း၊ မဂ်ဖိုလ်နိဗ္ဗာန်ကို၊ လိုချင်တောင့်တ၊ သမ္မာ ဆန္ဒပို၊ ဝိဝဋ္ဋကုသိုလ်ကိုသာလျှင်မှတ်အပ်၏။ သမ္ဗောဓိဆုတောင်း။ ဘုရား လောင်းမှတပါးသောလူသာမညတို့သည် ပြုအပ်သော ဝဋ္ဋဂါမိကုသိုလ်ကို ပါရမီကုသိုလ်ဟုမမှတ်သားအပ်၊ ထိုကြောင့် ဘိလင်္ကာနှင့်ဋီကာသစ်၌။ ။န ဟိသမ္မာသမ္ဗောဓိယာဒိပတ္ထနမည္တြအကာရဏပါယကောသလ္လပရိဂ္ဂဟိ တာနိဝဋ္ဋဂါမိနိဒါနာဒိနိ-ပါရမီသင်္ချံ လဘ္ဘန္တိတိ။ ။ဟုဘွင့်ပြတော်မူ၏၊ ။ ဟိ၊ဗျတိရိက်ကိုပြဦးအံ့၊ သမ္မာသမ္ဗောဓိယာဒိပတ္ထနံ၊ ဘုရားဆုကြီး စသော ပတ္ထနာကို၊အညတြ၊ကြဉ်၍၊ အကာရဏပါယကောသလ္လ ပရိဂ္ဂဟိတာနိ၊ မဂ်ဖိုလ်,နိဗ္ဗာန်သို့ ရောက်ကြောင်းမဟုတ်သော ဝဋ်ဆင်းရဲ၌လိမ္မာသော ညာဏ်ဖြင့်သိမ်းဆည်းကုန်သော၊ ဝဋ္ဋဂါမိနိဒါနာဒိနိ၊ ဝဋ္ဋဂါမိဒါနစသည်တို့ သည်၊ပါရမီသင်္ချံ၊ ပါရမီ ဟူသော အရေအတွက်ကို။ နလဘ္ဘန္တိ၊ မရအပ် ကုန်၊ ။ဤလျှင်တရပ်၊ဝိသေသမှတ်ရန်တည်း၊

## (၁၄) သောမနဿ,ဥပေက္ခာဖြစ်ကြောင်းကိုပြခြင်း။

ဤမဟာကုသိုလ်စိတ်၌။သောမနဿ၊ဥပေက္ခာ၊ ဉာဏသမ္ပယုတ်၊ဉာဏဝိပ္ပယုတ်၊အသင်္ခါရိက၊ သသင်္ခါရိကတို့၏ ဖြစ်ခြင်းအကြောင်းတို့ကို ပြပေဦးအံ့။ ။ပြဟန်ကား။ ။ရှုပါရုံစသော အာရုံလည်း အင်္ဂါတပါး။သဒ္ဓါတရားများသည်အဖြစ်လည်းတပါး။ စင်ကြယ်သော အယူရှိသည်၏အဖြစ်တပါး။ ကုသိုလ်အာနိသင်ကိုမြင်လေ့ရှိသည်၏ အဖြစ်တပါး၊ တဆဲ့တပါး သောပီတိသမ္ဗောဇ္ဈင် ဖြစ်ခြင်း အကြောင်းတပါး၊ မနက်နဲသော သဘောရှိခြင်းတပါး။သောမနဿနှင့် ပရိသင်္ဂနေခြင်းတပါး၊ ဤသို့သောအကြောင်းတရားတို့ကြောင့်၊ မဟာကုသိုလ်သောမနဿသဟဂုတ် စိတ်တို့သည်ဖြစ်ထုန်၏ဟု မှတ်သားအပ်၏။ထိုမှပြန်ဘက်အားဖြင့် ဥပေက္ခာဖြစ်ခြင်းကို သိလေ၊ ။လက်ာအချုပ်နယင်္ဂုတ်ကား။

သဒ္ဓါပြောကြွယ်။ စင်ကြယ်အယူ၊ မြင်မှု အာနိသင်။ ဗောဇ္ဈင်ဆဲ့တစ်၊ သော,ဖြစ်သင်္ဂ။အာဒွေအာရုံ။မနက်တုံသဘော၊အကြောင်းဟောသည်၊ ။ မှတ်ပြောသောမနဿ ဖြစ်ကြောင်းတည်း၊ ။ဤအရာဝယ်၊အာရမ္မာရုံသည်တပ်မက်ဘွယ်သောရဇ္ဇနိယအာရုံဖြစ်သောကြောင့်။ဤအာရုံလျှင်-အာရုံရှိသော စိတ်သည်၊ ကုသိုလ်အဘယ်သို့ ဖြစ်သနည်းဟူမူ။ ။ငါသည် ဤအာရမ္မာရုံ၌၊ ကုသိုလ်ကိုသာပြုသင့်၏-ဟုမှတ်သောနိယမိတ စိတ်၏အစွမ်းအားဖြင့်၎င်း၊ ငါသည် ဤအာရမ္မာရုံ၌ ကုသိုလ်ကိုသာလျှင်ပြုသင့်၏ ဟု-ညွှတ်စေအပ်သော ပရိဏာမိတစိတ်၏အစွမ်းအားဖြင့်၎င်း။ကြံမ်ဘန်များစွာလေ့လာအပ်၊ ဖြစ်စေအပ်သော၊ သမုဒါစာရစိတ်၏ အစွမ်းအားဖြင့်၎င်း။ ငါသည်ကုသိုလ်ကိုသာလျှင် ဖြစ်စေသင့်၏။ အကုသိုလ်ကို မဖြစ်စေကောင်းဟု- နှလုံးကောင်းသွင်းခြင်းဟုဆိုအပ်သော အာဘောဂ၏အစွမ်းအားဖြင့်၎င်း၊အာရမ္မာရုံကြောင့် ကုသိုလ်ဖြစ်၏ဟု မှတ်အပ် တော့သည်၊ ။ဤလျှင် အဋ္ဌကထာ အထွက်တည်း၊ ။နောက်စကားတို့ကားထင်ရှားပြီ၊ ။ပီတိ သမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းဆဲ့တပါးကား၊ ။ဘုရားရှင်ကို အောက်မေ့ခြင်းဗုဒ္ဓါနုဿတိအစ၊ ဥပသမာနုဿတိ အဆုံးရှိနစ်ပါး၊ ဒေါသပြော၍ ကြမ်းထမ်းသော ပုဂ္ဂိုလ်ကိုကြဉ်ရှောင်ခြင်း။ အဒေါသ ပြော၍- သိမ်မွေ့သော ပုဂ္ဂိုလ်ကို မှီဝဲခြင်း၊ ကြည်ညိုဘွယ်သော သုတ္တန်ကိုဆင်ခြင်ခြင်း၊ ထိုပီတိသို့ ညွှတ်သောစိတ်ရှိသည်၏အဖြစ်၊ ပေါင်း ဆဲ့တပါးတို့တည်း၊ ထိုသို့ဖြစ်ရကား၊ ဆရာတော် ဦးဗုဓသည်။ဤသို့ကဗျာစပ်တော်မူခဲ့၏။ ။စပ်ဟန်ကား၊ ။အနုဿတိ၊အာ

ဒိဿတ္တ၊လုခကိုကြည့်၍၊ ယှဉ်သိန္ဒြ၊ ပသာဒသုတ်၊ အဓိမုတ်ဟု၊ မယုတ်ပီတိ ပွါးကြောင်းဆဲ့တစ်ဘည်း။ ။ဟုစပ်တော်မူခဲ့၏။ ။ဤလျှင်သောမနဿ ဖြစ်ခြင်း အကြောင်းတည်း။ ။ပါဠိသာကေကိုကား။ ဂန္ထဂရုအတိဘယ ကြောင့်။မပြလိုက်ပြီ။

---

## (၁၅) ဉာဏသမ္ပယုတ်-ဉာဏဝိပ္ပယုတ်ဖြစ်ကြောင်းကိုပြခြင်း။

ဉာဏသမ္ပယုတ်ဖြစ်ခြင်း အကြောင်းကား။ ။အကြင်သူသည်။ အပြစ်မရှိသောအသက်မွေးခြင်း အကြောင်းဖြစ်သော ထိပ္ပ–ကမ္မ–အတတ်–သက်ကြည့်ဗေဒင်။ မွေ့ဆိပ်ချမန္တရား စသော အတတ်တို့ကို။ သူတပါးတို့အား သင်စေခြင်း၊ သူတပါးတို့အား တရားဟောပြောခြင်း။ တရား ဟောသော ပုဂ္ဂိုလ်ကိုပူဇော်သက္ကာရပြု၍၊တရားကိုဟောစေခြင်း၊နောင်အခါပညာကြီး သည်ဖြစ်လို၏၊ဤသို့ဆုတောင်း၍၊ အထူးထူးအပြားပြားသော ဒါနကိုပေး လှူခြင်း။ဤသို့သဘောရှိသောတုသိုလ်ကံကိုမှီ၍ဖြစ်သောကုသိုလ်သည်။ ဉာဏသမ္ပယုတ်ဖြစ်ခြင်းအကြောင်းဖြစ်ရကား၊ ဤကုသိုလ်ကံလည်းတပါးဟု ကောက်ရတော့သည်။

ဒေါမနဿဟူသောဗျာပါဒကင်းသောရူပဘုံ၌ပဋိသန္ဓေနေသောသူအား လည်း၊ပဋိသန္ဓေကိုမှီ၍ ဖြစ်သော ကုသိုလ်သည်၊ ဉာဏသမ္ပယုတ် ကုသိုလ် ဖြစ်ရကား။ဤရူပဘုံ၌ပဋိသန္ဓေနေခြင်းလည်းအကြောင်းတပါး။ ။ပညာဒ သကသို့ရောက်သောသတ္တဝါတို့အား၊ ပညိန္ဒြေရင့်ခြင်းကိုမှီ၍လည်း ဖြစ် သောကုသိုလ်သည်၊ ဉာဏသမ္ပယုတ်ကုသိုလ် ဖြစ်ရကား။ ဤပညိန္ဒြေ၏ရင့် ခြင်းလည်းအကြောင်းတပါး၊ကိလေသာတို့ကိုခွါ၍အပ်ကုန်သော ပုဂ္ဂိုလ်တို့ အား၊ကိလေသာတို့၏ဝေးသည်အဖြစ်ကိုမှီ၍ဖြစ်သောကုသိုလ်သည်၊ ဉာဏ သမ္ပယုတ်ကုသိုလ်ဖြစ်ရကား။ ဤကိလေသာမှ ဝေးသည်အဖြစ်သည်လည်း အကြောင်းတပါး။ ခုနစ်ပါးသောဓမ္မဝိစယသမ္ဗောဇ္ဈင်၏ဖြစ်ခြင်းအကြောင်း လည်းတပါး၊ ဤအကြောင်းတို့ကြောင့်၊ ဉာဏ်သမ္ပယုတ်ဖြစ်၏ဟုမှတ်၊ ။ အချုပ်လင်္ကာပုဒ်၊ နယဒုတ်ကား၊ ။အကြောင်းကမ္မ၊ ရူပသန္ဓေ၊ ဣန္ဒြေပါ ကံ၊ ဝေးလံကိလေ၊ ဗောဇ္ဈင်ဓမ္မ၊ ခုနစ်ဝသည်။ ။ဉာဏ ဖြစ်ကြောင်း အရတည်း။

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းအကြောင်းခုနစ်ပါးဟူသည်၊ ခန္ဓာ,အာယတန,ဓာတ်တို့ကိုမှီသော မေးမြန်းခြင်း၏ များသောအဖြစ်လည်းတပါး၊ဆံ,

ဝိဒ္ဓံသေန္တီတိကုသလာ၊ ။ဟုမိန့်တော်မူ၏။ ။ယေဓမ္မာ၊ အကြင်တရားတို့သည်။ ကုစ္ဆိတေ၊ ပညာရှိတို့ စက်ဆုပ်အပ်-ကဲ့ရဲ့အပ်ကုန်သော၊ ပါပကေ၊ ယုတ်မာကုန်သော၊ ဓမ္မေ၊ အကုသိုလ် တရားတို့ကို၊ သလယန္တိ၊ စလယန္တိ၊ တဒင်္ဂပဟာန်ဖြင့် တုန်လှုပ်စေတတ်ကုန်၏၊ သလယန္တိ- ကမ္ပေန္တိ၊ ဝိက္ခမ္ဘနပဟာန်ဖြင့် ပြင်းစွာ တုန်လှုပ် စေတတ်ကုန်၏၊ သလယန္တိ၊ ဝိဒ္ဓံသေန္တိ၊ သမုစ္ဆေဒ ပဟာန်ဖြင့် အကြွင်းမဲ့ ပျက်စီး စေတတ်ကုန်၏၊ ဣတိ တသ္မာ၊ ထိုကြောင့်။ တေဓမ္မာ၊ ထိုတရားတို့သည်၊ ကုသလာ၊ ကုသိုလ်မည်ကုန်၏၊

ဤအဋ္ဌကထာပါဠိ၌၊ စကားရပ်၌၊ စလယန္တိ-ဟူသောဓာတွတ္ထဖြင့်၊ ကာမာဝစရကုသိုလ်သည်၊ အကုသိုလ်တရားတို့ကိုတဒင်္ဂပဟာန်ဖြင့် ပယ်ဟန်အကြောင်းကို ပြတော်မူ၏၊ ကမ္ပေန္တိ-ဟူသော ဓာတွတ္ထဖြင့်၊ မဟဂ္ဂုတ်ကုသိုလ်သည်၊ အကုသိုလ် တရားတို့ကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ဟန်ကို ပြတော်မူ၏၊ ဝိဒ္ဓံသေန္တိ-ဟူသောပါဌ်ဖြင့်၊ လောကုတ္တရာ ကုသိုလ်သည်၊ အကုသိုလ် တရားတို့ကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်ဟန်ကို ပြတော်မူ၏။ ထိုကြောင့်၊ မူလဋီကာကြီး၌။ ။သလနဿ အတ္ထဒီပနာနိစလနာဒီနိ တိဏိ တဒင်္ဂပ္ပဟာနာဒီဟိယောဇေတဗ္ဗာနိ။ ။ဟု-ဖွင့်ပြတော်မူ၏။ ။သလနဿ၊ သလဓာတ်၏၊ အတ္ထဒီပနာနိ၊ အနက်ကိုပြတတ်ကုန်သော၊ စလနာဒီနိ၊ စလနအစရှိကုန်သော၊ တိဏိ၊ သုံးပါးတို့ကို။ တဒင်္ဂပ္ပဟာနာဒီဟိ၊ အဒင်္ဂပဟာန်အစရှိသော သုံးပါးသော ပဟာန်တို့ဖြင့်၊ယောဇေ တဗ္ဗာနိ၊ ယှဉ်တွဲအပ်ကုန်၏၊ ။ဤသို့ပြတော်မူသည်နှင့်အညီ၊ ကုသိုလ်တရားတို့သည်၊ အကုသိုလ်တရားတို့ကို ပယ်တတ်-သတ်တတ်ရကား၊ ပဟာယက တရားမည်ကုန်၏။ အကုသိုလ် တရားတို့သည် ပယ်အပ်သောတရား ဖြစ်ရကား၊ ပဟာတဗ္ဗ-တရားမည်ကုန်၏။ဤတရားနှစ်ပါးတို့သည်၊ လောကူပမာအားဖြင့်၊ ကြောင်နှင့်ကြွက်ကဲ့သို့မှတ်အပ်၏၊

---

## (၁၉) ကုသိုလ်သုံးတန်၊ ပဟာန်သုံးချက်ကိုပြခြင်း။

ကုသိုလ်သုံးမျိုးတို့၏ ပယ်ဟန်ကို ပြဦးအံ့။ ။ပါဏာတိ ပါတ,စသော ဒုစ္စရိုက်ဆယ်ပါးတို့၌။ ကမ္မပထ မြောက်အောင်၊ ရှက်ဆောင်အားကြီးစွာ ဖြစ်လတ္တံ့သော၊ ဝီတိက္ကမကိလေသာ အကုသိုလ် စေတနာကို၊ ပါဏာတိ ပါတာဝေရမဏီ-စသော ကာမာဝစရ ကုသိုလ်-ဝိရတိစေတနာ သုစရိုက်

ဆယ်ပါးတို့သည်။တဒင်္ဂပဟာန်သတ္တိဖြင့်ပယ်ရှားကုန်၏၊ ။တဒင်္ဂပဟာန် ဟူသည်၊ ထံ-အင်္ဂ-ပုဒ်ဖြတ်၍။ ထိုထိုကုသိုလ်အင်္ဂါဖြင့်။ ပယ်၍ ဟူလို၊ ဥပမာအားဖြင့်၊ ဆီမီးရောင်ဖြင့်၊ အမိုက်မှောင်ကို ပယ်ဖျောက် သကဲ့သို့ တည်း၊ ။၍ကား ကာမာဝစရကုသိုလ်အပြတည်း။

မဟဂ္ဂုတ်ကုသိုလ်၌ကား၊မျက်နှာ,မျက်ခွက်၊ ခြေလက်အင်္ဂါ၊ သောက် ဖြန်ချွတ်ယွင်းအောင်ကိုယ်တွင်းသန္တာန်ကထိုးကျင့်တတ်သော၊ပရိယုဋ္ဌာန ကိလေသာ၊ နီဝရဏအကုသိုလ်ကို၊ မဟဂ္ဂုတ်ဈာန်အင်္ဂါကုသိုလ်စေတနာ သည်၊ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်ရှားလေ၏။ ။ဝိက္ခမ္ဘန ပဟာန်ဟူသည်၊ ဈာန်အင်္ဂါဖြင့်၊နီဝရဏဘို့ကို ခွါတတ်၏ဟူလို၊ ဥပမာအားဖြင့် ရေအိုးဖြင့် မှော်သေး,မှော်ညှင်းတို့ကိုတွန်းခွါဘိသကဲ့သို့တည်း၊ ။၍ကား မဟဂ္ဂုတ် ကုသိုလ်အပြတည်း။

လောကုတ္တရာကုသိုလ်၌ကား။ ကိုယ်တွင်းသန္တာန်၌၊ အမြဲကိန်းထတ် သောအနုသယကိလေသာတည်းဟူသောအကုသိုလ်ကို မဂ်ကုသိုလ်စေတ နာလေးပါးသည်၊သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ပယ်တတ်၏ဟုမှတ်၊ ။ ၍ကား လောကုတ္တရာကုသိုလ်အပြတည်း။ ။သမုစ္ဆေဒပဟာန် ဟူသည်၊ သိကြားမင်း၏ လက်နက်၊ ဝဇိရစိန်စက်ကဲ့သို့၊ အကြွင်းမဲ့ ပယ်ဖြတ်၏ဟူ လို၊ ။ထိုကြောင့်ရကား၊ကုသိုလ်-အကုသိုလ် ၂-ပါးတို့၏ထူးခြားဟန်ကို၊ မြတ်စွာဘုရားသည် ထိုထိုပါဠိတော်တို့၌၊

ပဟာယကံ့ဝ ပုညမ္ဒိ၊ ပဟာတဗ္ဗံဝ ပါပကံ၊
ထံ ပဒီပန္ဓကာရံဝ၊ ဒွယံသြတွာခုကံဝိယ၊ ။

ဟုဟောတော်မူ၏၊ ။ပုညမ္ဒိ၊ကုသိုလ်ကောင်းမှုသည်၊ ပဟာယကံဝ၊ ပယ်တတ်သော တရားသာတည်း။ ပါပကံ၊မကောင်းမှု၊ အကုသိုလ်သည်၊ ပဟာတဗ္ဗံဝ၊ ပယ်အပ်သောတရားသာတည်း၊ တံဒွယံ၊ထိုကုသိုလ်-အကု သိုလ်နှစ်ပါးသည်၊ပဒီပန္ဓကာရံဝ၊ဆီမီးရောင်နှင့်၊ အမိုက်မှောင် အလားကဲ့ သို့ရင်း၊ သြတွာခုကံဝိယ-သြတုအာခုကံဝိယ၊ကြောင်နှင့်ကြွက်အလား၊ ပုံ မခြားဘိသကဲ့သို့ရင်း၊ဟောတိ၊ဖြစ်၏၊ ။၍လျှင်-ပဟာန်သုံးချက်တို့ဖြင့်၊ ကုသိုလ်သုံးချက်တို့ကိုနှိုင်းယှဉ်၍ပြဆိုခြင်းတည်း၊

## (၉၀) နိဗ္ဗာန်နှင့်ဖိုလ်၊ အကုသိုလ်ပယ်ပုံကိုပြခြင်း။

(အမေး) နိဗ္ဗာန်နှင့်ဖိုလ်၊ ဘယ်ကုသိုလ်၊ ဘယ်လိုပယ်သနည်း။
(အဖြေ) နိဿရဏပဟာန်၊ ပဿဒ္ဓန်၊ ဧကန်ပယ်၏တည်း။ ။

အသင်္ခတဓာတ်၊ နိဗ္ဗာန်မြတ်သည်၊ မိမိကိုအာရုံပြုကုန်သော သတ္တဝါတို့ကို သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်စေသဖြင့်၊ ကိလေသာတို့မှ လွတ်စေကင်းစေတတ်၏။ နိဿရဏပဟာန်သတ္တိဖြင့်ပယ်၏ဟူလို၊ ဥပမာအားဖြင့်၊ ဤမှာဘက်ကမ်းမှ။ ဟိုမှာကမ်းသို့၊ ကြိုးတမ်းကိုဆွဲလျက် ကူးဘိသကဲ့သို့တည်း။ ။ဖိုလ်လေးပါးသည်ကား၊ မဂ်ပယ်အပ်ပြီးသောကိလေသာ၏ အနိုးအဟုန်တို့ကိုနောက်တဖန်ငြိမ်းအေးစေဟန် အားဖြင့်ပယ်ရှား၏၊ ပဋိပဿဒ္ဓနပဟာန်ဟူလို၊ ဥပမာအားဖြင့်၊ ပြာပုံကြီးကိုရေထပ်၍ဖျန်းဘိသကဲ့သို့တည်း။ ဤအကြောင်းတို့ကို သမ္မောအဋ္ဌကထာကြီးမှယူအပ်ကုန်၏။

---

## (၉၁) ပုညကြိယာဝတ္ထုတို့ကိုထုတ်ပြခြင်း။

ဤမဟာကုသိုလ်ရှစ်ပါးတို့ကို ပုညကြိယာဝတ္ထုတို့ဖြင့် သိအပ်၏။ ပုညကြိယာဆယ်ပါးကို မြတ်စွာဘုရား ဟောကြားတော်မမူကုန်၊ ဘုရားဟောတော်၊ ပါဠိတော်မှာမူ၊ ဒါနမယ-ပုညကြိယဝတ္ထု၊ သီလမယ-ပုညကြိယဝတ္ထု၊ ဘာဝနာမယ-ပုညကြိယဝတ္ထု အားဖြင့်။ သုံးပါးသော ပုညကြိယာဝတ္ထုသည် သာလျှင် လာရှိပေ၏၊ ထိုကြောင့်ရကား၊ အဋ္ဌသာလိနီ အဋ္ဌကထာကြီး၌၊ ။သုတ္တန္တပန တိကေယေဝ ပုညကြိယဝတ္ထူနိ အာဂတာနိ၊ ။ဟုဖွင့်ပြတော်မူ၏။ ။သုတ္တန္တပန၊ ပါဠိတော်၌ကား၊ တိကေယေဝ၊ သုံးပါးသည်သာလျှင်ဖြစ်ကုန်သော၊ ပုညကြိယဝတ္ထူနိ၊ ပုညကြိယဝတ္ထုတို့သည်၊ အာဂတာနိ၊ လာရှိပေကုန်၏။ ။ဤသို့အဋ္ဌကထာဆရာမြတ် မိန့်တော်မူရကား၊ ဘုရားဟောတော်မူရင်းအားဖြင့်၊ ပုညကြိယဝတ္ထု သုံးပါးဟူ၍ မှတ်သားအပ်၏။ ဆယ်ပါးဟူ၍ ပါဠိတော်၌ မမှတ်သားအပ်။ အင်္ဂုတ္တိုရ်ပါဠိတော်-သင်္ဂီတိသုတ်ပါဠိတော်၌ရှုလေ။

ဤသို့အားဖြင့် ဟောကြား၊ ပုညကြိယာဝတ္ထုသုံးပါးတို့တွင်၊ ဒါနမယပုညကြိယာဝတ္ထု၌လည်း၊ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ-ဟူ၍ စေတနာသုံးပါးကိုရရှိအပ်၏၊ သီလမယပုညကြိယဝတ္ထု၌လည်း၊ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ-သုံးရပ်ကိုရရှိအပ်၏၊ ဘာဝနာမယပုည

ကြိယာဝတ္ထု၌လည်း။ပုဗ္ဗ-မုဉ္စ-အပရစေတနာကိုရရှိအပ်၏၊ အဘယ်ကဲ့သို့ ရအပ်သနည်းဟူမူ၊ ဒါနကို ပေးလှူအံ့ဟု ကြံသော ပုဂ္ဂိုလ်၊ သီလဖြည့်အံ့ ဟုကြံသောပုဂ္ဂိုလ်၊ဘာဝနာကိုပွါးအံ့ဟုကြံသောပုဂ္ဂိုလ်တို့အား။ ပုဗ္ဗစေတ နာတို့သည်ဖြစ်ကုန်၏၊ အလှူဒါနကိုပေးလှူသောအခါ၌။ သီလကိုဖြည့်ကျင့် သောအခါ၌။ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းသောအခါ၌။ မုဉ္စစေတနာတို့သည် ဖြစ်ကုန်၏။ဒါနကိုလှူအပ်ပြီ။သီလကိုဖြည့်ကျင့်အပ်ပြီ၊ ဘာဝနာကမ္မဋ္ဌာန်း ကိုစီးဖြန်းအပ်ပြီဟု ဆင်ခြင် အောက်မေ့ သောအခါ၊ အပရစေတနာဖြစ်၏ ဟုမှတ်။ ။အဋ္ဌသာလိနီအဋ္ဌကထာထွက်။စကားအပြွက်တည်း။

ဤစကားရပ်ဝယ်၊မုဉ္စစေတနာဟုဒါနမှာသာလျှင် ခေါ်ဝေါ်အပ်၏၊သီ လ-ဘာဝနာတို့၌မှာမူကား၊ မဇ္ဈစေတနာဟူ၍ ခေါ်ဝေါ်အပ်၏ဟုချမ်းသာ ကြီးဆရာတော်ဘုရား မိန့်တော်မူပေ၏။ထိုစကားသည်ကား၊ အဘိဓမ္မာဝ တာရဋီကာသစ်-နှင့်ညီပေ၏။ထိုကြောင့်ရကား၊၎င်းဋီကာကျမ်း၌၊ ။သီလံ ပရိပူရေန္တဿ ဥပ္ပန္နာ မဇ္ဈိမစေတနာ။ ။ဟူ၍မိန့်တော်မူပေ၏။ ။သမ္မောဟ ဝိနောဒနီအဋ္ဌကထာကြီး၌ကား၊ ဒါနနှင့်အတူပင်၊ သီလ၌လည်း၊ပုဗ္ဗ-မုဉ္စ- အပရစေတနာဟူ၍ဉာဏဝိဘင်းဝယ် ပြတော်မူပေ၏၊ ။ဤစကား၂-ရပ် တို့ကိုတသမတ်တည် ယူကြကုန်ရကား။မုဉ္စစေတနာဟူသည် စွန့်လွှတ်ခြင်း အနက်ကိုဟောရကား၊ ဒါနအရာ၌သင့်၏။ သီလအရာ၌မူကား၊ တစုံတခု ကိုမျှမစွန့်လွှတ်ရကား မသင့်-အလယ်၌ ဖြစ်၍သာလျှင်။မဇ္ဈစေတနာဟူ၍ သာလျှင်ဆိုသင့်၏။ ဋီကာသစ်ဆရာတော်ကြီးတော်မူဟန်နှင့်တူပေ၏။ ချမ်း သာကြီးဆရာတော်လည်း နှစ်သက်တော် မူပေ၏ဟု မိန့်တော်မူ၏၊ ငါတို့ အလိုအားဖြင့်၊ သီလစောင့်ရာ၌၊ ဒုဿီလျစေတနာကို ပယ်စွန့်မှသာလျှင်၊ သုသီလျစေတနာကိုရသောကြောင့်၊သီလမှာလည်း၊မုဉ္စစေတနာဟူ၍ပင်၊ အဋ္ဌကထာကြီးလာရှိသည့်အတိုင်းပင်သဘောကျပေ၏၊ ။တေသုယုတ္တ တရံ ဝိစိနိတွာ ဂဟေတဗ္ဗံ။ ။ဤသို့ပြအပ်ပြီးသော ပုညကြိယာဝတ္ထုသုံးပါး တို့ကိုကမ္မဒွါရဖြင့်၊ ယှဉ်တွဲအပ်သည် ရှိသော်၊ ကိုးပါးသော ကမ္မဒွါရ တို့ သည်ဖြစ်ကုန်၏။ဖြစ်ဟန်ကား၊ ဧကြင်အခါဝယ်၊အညိုအရွှေစသောအဆင်း ရှိသောပန်းပွင့်တို့ကိုရသည်ရှိသော်၊ထိုပန်း၌အဆင်း၏အစွမ်းအားဖြင့်နှလုံး သွင်း၍၊ဝဏ္ဏဒါနသည်ငါ့အားဖြစ်ရလတ္တံ့ဟု-ရတနာသုံးပါးတို့အားပူဇော် သောအခါ၊ ဒါနဖြင့်ပြီးသောဒါနမယကုသိုလ်ဖြစ်၏၊ ။၎င်းပန်းပွင့်ကိုပင် လျှင်အာရုံပြု၍၊ ဤအလှူသည် ငါတို့၏အမျိုးအနွယ် အစဉ်အားဖြင့် ပြုအပ် သောကျင့်ဝတ်ပေတည်းဟု နှလုံးသွင်း၍။ရတနာသုံးပါးတို့အား ပူဇော်ခြင်း

နှံ့၊ စာရိတ္တသီလဖြင့်ပြီးသော သီလမယကုသိုလ်ဖြစ်၏။ ။ငင်းပန်းပွင့်ကို ပင်လျှင်၊ ရတနာသုံးပါးအားပူဇော်၍။ ဤပန်း၏အဆင်းသည်ကုန်ခြင်းပျက်ခြင်းသို့ရောက်လတ္တံ့-ဟူ၍၊ခယဝယကမ္မဋ္ဌာန်းကိုဖြစ်စေငြားနှံ့။ ဘာဝနာဖြင့်ပြီးသော ဘာဝနာမယ ကုသိုလ်သည်ဖြစ်၏။ ။ဤသို့ဒါနမယ ကုသိုလ်၊ သီလမယကုသိုလ်၊ ဘာဝနာမယကုသိုလ်-သုံးရပ်တို့တွင်။ တခုတခုသော ဒါနမယကုသိုလ် ဖြစ်သည်ရှိသော်။ ငင်းဒါနမယ ကုသိုလ်သည် ပင်လျှင်။ ကိုယ်တိုင်ပြု၍လှူသောအခါကာယကံဒါနမယကုသိုလ်ဖြစ်၏။သား,မယားစသည်တို့ကို စေလွှတ်၍ လှူသောအခါ၊ ဝစီကံ ဒါနမယ ကုသိုလ်ဖြစ်၏။ဤထင်ရှားရှိသောဝတ္ထုကိုပင်လျှင်အာရုံပြု၍၊ဝဏ္ဏဒါနကို ဖြစ်စေတော့နှံ့ဟု ကြံစည်သောအခါ၊ မနောကံ ဒါနမယကုသိုလ် ဖြစ်၏ဟုမှတ်။ ။ဤလျှင် ဒါနမယကုသိုလ်၌သုံးပါးပြားဟန်တည်း။

ဤနည်းအတူ၊သီလမယကုသိုလ်၌လည်း၊ ပန်းစသောဝတ္ထုကိုရ၍။ အမျိုးစဉ်ဆက်၏အစွမ်းအားဖြင့်။ နှလုံးသွင်း၍၊ ကိုယ်တိုင်ပြု၍လှူလျှင် ကာယကံသီလမယ၊သူတပါးကိုစေ၍ ပူဇော်မှုကား။ ဝစီကံသီလမယ၊ထင်ရှားရှိသောဝတ္ထုကိုအာရုံပြု၍၊ ဝဏ္ဏဒါန-ဖြစ်စေနှံ့ဟု ကြံစည်သောအခါ။မနောကံသီလမယ ကုသိုလ်ဖြစ်၏ ဟုမှတ်၊ ။ဤလျှင် သီလမယ ကုသိုလ်၌ သုံးပါးပြားဟန်တည်း။

ဘာဝနာမယကုသိုလ်၌လည်း။ ပန်းစသောဝတ္ထုတို့ကိုရ၍၊ ရတနာသုံးပါးအားပူဇော်၍စကြံသွားလျက်၊ ကုန်းခြင်း-ပျက်ခြင်းအားဖြင့်၊နှလုံးသွင်းသောပုဂ္ဂိုလ်အား၊ ကာယကံ-ဘာဝနာမယ၊ ငင်းပန်းဝတ္ထုတို့ကို နှုတ်ဖြင့်သုံးသပ်၍စီးဖြန်းသော ပုဂ္ဂိုလ်အား ဝစီကံ-ဘာဝနာမယ၊ ကိုယ်အင်္ဂါ၊နှုတ်အင်္ဂါတို့ကိုမလှုပ်ရှားစေမူ၍၊ စိတ်ဖြင့်သုံးသပ်၍ စီးဖြန်းသော ပုဂ္ဂိုလ်အား၊ မနောကံ-ဘာဝနာမယ ကုသိုလ်ဖြစ်၏ဟုမှတ်။ ။ဤလျှင်-ဘာဝနာမယကုသိုလ်၌သုံးပါးပြားဟန်တည်း။ ။ဤသို့အားဖြင့်၊အဆင်းတည်းဟူသောရူပါရုံကိုအာရုံပြု၍ ဖြစ်သော မဟာကုသိုလ်ကို၊ပုညကြိယာ ဝတ္ထုသုံးပါးတို့ဖြင့်ယှဉ်၍၊ကိုးပါးသော ကမ္မဒွါရတို့ဖြင့် ဝေဘန်၍ တရားမင်းဖြစ်ငြား၊ မြတ်ဘုရားသည် ပြတော်မူ၏။ထိုကြောင့်ရကား၊ အဋ္ဌသာလိနီ အဋ္ဌကထာကျမ်း၌၊ ။နဝဟိကမ္မဒွါရေဟိ ဘာဇေတွာ ဒဿေတိ ဓမ္မရာဇာ၊ ။ဟု ဘွင့်ပြတော်မူ၏။ ။နဝဟိကမ္မဒွါရေဟိ၊ကိုးပါးသောကမ္မဒွါရတို့ဖြင့်၊ဘာဇေတွာ၊ ဝေဘန်၍၊ ဓမ္မရာဇာ၊ တရားမင်းဖြစ်ငြား၊ မြတ်စွာ ဘုရားသည်၊

ဒသောတိ၊ပြတော်မူ၏။ ။သင်္ခါရုံစသည်တို့၌လည်း၊ ဤအတူ ဝေဘန်ကြ လေကုန်။ ။ဤလျှင်တရပ်၊မှတ်သားရန်တည်း။

---

(၉၂) ပုညကြိယာကို အကျဉ်းရေတွက်ပုံကိုပြခြင်း။

(အမေး) ပုညကြိယာ ဆယ်ပါး၊ အကျဉ်းအား၊ သွင်းပြား ဘယ်သို့ နည်း။ ။

(အဖြေ) အစ အလယ်၊ အလယ် အစ၊ နောက်ချင်းချ၊ သုံးဝ ဖြစ်သ တည်း၊ ။

ပါဠိတော်အလာ၊ဒါန-သီလ-ဘာဝနာ-ပုညကြိယာသုံးပါးတို့တွင်၊ဒါန နှင့်-ပတ္တိဒါန-ပတ္တာနုမောဒနတို့သည်။ဆွေသာမဿရိယတရားတို့၏ဆန့်ကျင် ဘက်အားဖြင့်တူသောကြောင့်၊ဒါန၌ သွင်းယူအပ်၏။ အပစာယန,ဝေယျာ ဝစ္စတို့သည်၊စာရိတ္တသီလဖြစ်သောကြောင့်၊သီလ၌သွင်းယူအပ်၏၊ဓမ္မသဝ န-ဓမ္မဒေသနာ-ဒိဋ္ဌိဇုကမ္မတို့သည်၊ ကုသိုလ်တရားတို့ကို ပွါးများစေတတ် သောကြောင့်၊ဘာဝနာ၌သွင်းယူအပ်၏။ တနည်း၊ ဒိဋ္ဌိဇုကမ္မသည်၊ ကိုးပါး သောပုညကြိယာဝတ္ထုတို့၏အကျိုးအာနိသင်တို့ကို ကြီးမား-မြင့်မြတ်ခြင်း ကိုပြုတတ်သောကြောင့်၊ဒါန-သီလ-ဘာဝနာ-သုံးပါးတို့၌ပင်သွင်းယူအပ် ၏ဟုအဋ္ဌကထာကြီး၌မိန့်တော်မူ၏၊ ။ဤအရာဌာန၌၊ ပုညကြိယာဝတ္ထု တို့ကိုသွင်းဟန်ပြဦးအံ့၊

| | | |
|---|---|---|
| ဒါန-ပတ္တိဒါန-ပတ္တာနုမောဒန | | |
| သီလ-အပစာယန-ဝေယျာဝစ္စ | } | ဒိဋ္ဌိဇုကမ္မ}ပုညကြိယာသွင်းဟန်၊ |
| ဘာဝနာ-ဓမ္မသဝန-ဓမ္မဒေသနာ၊ | | |

တနည်းအားဖြင့်၊ပုညကြိယဝတ္ထု-ဆယ်ပါး၌၊ကာယကံ-ဝစီကံ-မနော ကံအားဖြင့်၊ ခွဲဟန်ကား၊ ဤသို့မှတ်သားအပ်၏၊ဒါန-အပစာယန-ဝေယျာ ဝစ္စ-ဤသုံးပါးသည်။ကာယဒွါရ၌ ဖြစ်သောကြောင့် ကာယကံမည်၏၊ဘာ ဝနာ-ပတ္တိဒါန-ပတ္တာနုမောဒန-ဓမ္မဒေသနာ ဤလေးပါးတို့သည်၊ဝစီဒွါရ၌ ဖြစ်သောကြောင့်ဝစီကံမည်၏၊သီလ-ဓမ္မသဝန-ဒိဋ္ဌိဇုကမ္မ-ဤသုံးပါးသည် မနောဒွါရ၌ ဖြစ်တတ်သောကြောင့် မနောကံမည်၏၊ ဤသို့လျှင်-ကာယကံ သုံးပါး၊ ဝစီကံ ၄-ပါး။မနောကံ သုံးပါးအားဖြင့်၊ပုညကြိယာ ၁၀-ပါးဖြစ် သတည်း။

ဇယားကွက်ပြဟန်ကား။

| | | |
|---|---|---|
| ဒါန | ဘာဝနာ | သီလ |
| အပစာယန | ပတ္တိဒါန<br>ပတ္တာနုမောဒ | ဓမ္မဿဝန |
| ဝေယျာဝစ္စ | ဓမ္မဒေသနာ | ဒိဋ္ဌိဇုကမ္မ |
| ကာယကံ ၃-ပါး | ဝစီကံ ၄-ပါး | မနောကံ ၃-ပါး |

---

## (၄၃) ဒါနမတ္တ၊ပုညမတ္တ၊ဒါနမယအထူးကိုပြခြင်း။

(အမေး) ဒါနမတ္တ၊ ပုညမတ္တ၊ ဒါနမယ၊ ဤသုံးဝ၊ အရဘယ်သို့ ထူးသနည်း။ ။

(အဖြေ) အရဟံဒါန၊ အဝိဇ္ဇမာန်၊ စေ သုံးတန်၊ ပြည့်စုံမှန် အရ ထူးသတည်း။ ။

အဓိပ္ပါယ်သော်ကား။ အနုသယကင်းကုန်သော၊ ရဟန္တာအရှင်မြတ်တို့၏၊လှူဒါန်းအပ်သော ပရိစ္စာဂစေတနာသည်၊ ဒါနမတ္တသာလျှင်ဖြစ်၏။ ပုညမတ္တ-ဒါနမယ-မဖြစ်ကုန်၊ ထိုကြောင့်။ အဘိဓမ္မာဝတာရဋီကာသစ်၌။ ။ ခီဏာသဝါနမ္ပိတထာပဝတ္တာဒါနမေဝ။ ။ဟု ဖွင့်ပြတော်မူ၏။ ။ခီဏာသဝါနမ္ပိ၊ ရဟန္တာပုဂ္ဂိုလ်တို့၏လည်း။ တထာပဝတ္တာ၊ ထိုသို့ပေးလှူသော အခြင်းအရာအားဖြင့်ဖြစ်သောစေတနာသည်။ဒါနမေဝ၊အလှူဒါနမျှသာလျှင်တည်း။ ။ထင်ရှားမရှိသော ဝတ္ထုကိုအာရုံပြု၍ ဖြစ်သော စေတနာသည်၊ ကုသိုလ်ဖြစ်ခါမျှ၊ ပုညမတ္တသာလျှင်တည်း။ ထိုကြောင့်–မူလ ဋီကာကြီး၌၊ နဟိဒါနဝတ္ထုံအဝိဇ္ဇမာနကမ္ပိသဒ္ဒဟန္တာနံပုညံနဟောတီတိ။ ။ဟုဖွင့်ပြတော်မူ၏။ ။ဟိယသ္မာ၊အကြင်ကြောင့်။ ဒါနဝတ္ထုံ၊ဒါနဝတ္ထုသည်၊ အဝိဇ္ဇမာနကမ္ပိ၊ ထင်ရှားမရှိသော်လည်း။ သဒ္ဒဟန္တာနံ၊ဒါနဝတ္ထုကို လှူဖွယ်ဟု ပြုလုပ်ရှာကြသောပုဂ္ဂိုလ်အား၊ ပုညံ၊ကုသိုလ်သည်၊ နဟောတိ၊မဖြစ်သည် ကား။န၊မဟုတ်။ဟောတိဧဝ၊ဖြစ်သည်သာလျှင်တည်း။ ။ပုညမတ္တကုသိုလ် ဟူလို၊ ။မဏိမဉ္ဇူသာ၌လည်း။ ။ပုညမတ္တမေဝဟောတီတိဒဿေတိ။ ။ ဟုပြတော်မူ၏။ ။ထင်ရှားရှိသောဝတ္ထုကိုအာရုံပြု၍၊စွန့်လွှတ်လှူဒါန်းသည်၏အစွမ်းအားဖြင့် ဖြစ်သောစေတနာသည်၊ဒါနဖြင့် ပြီးသော ဒါနမယပုညကြိယာဝတ္ထုမည်၏။ ။ထိုကြောင့်ရကား။ အဘိဓမ္မာ ဝတာရဋီကာသစ်

န္တိ။ ၊အဋ္ဌန္နာဝိဇ္ဇမာနဝတ္ထုံပရိစ္စဇဝသေနပဝတ္တာစေတနာဒါနမယပုညကြိယ ဝတ္ထုနာမ၊ ၊ဟုဘွင့်ပြတော်မူ၏၊ ။အဋ္ဌန္နာ၊ ၈ပါး၏၊ ဝိဇ္ဇမာနဝတ္ထုံ၊ ထင်ရှားရှိသော ဝတ္ထုကို။ ပရိစ္စဇဝသေန၊စွန့်လွှတ်သည်၏ အစွမ်းအားဖြင့်။ပဝတ္တာ၊ဖြစ်သော၊ စေတနာ၊ပေးလှူသောစေတနာသည်၊ ဒါနမယပုညကြိယာဝတ္ထုနာမ၊ ဒါနဖြင့် ပြီးသော ပုညကြိယဝတ္ထုမည်၏။ ၊အနုဋီကာဆရာတော်သည်ကား။အဋ္ဌကထာဆရာရှင်ဗုဒ္ဓဃောသ ပြအပ်သော။ ဝိဇ္ဇမာနဝတ္ထုံ–ဟူသော ပါဌ်ဖြင့်၊ ဒေယျဓမ္မ–လှူဒါန်းဘွယ် ဝတ္ထု–မရှိဘဲလျက်။စိတ္တုပ္ပါဒ်ဖြင့်၊ ဒါနမယကုသိုလ်ဖြစ်၏ဟုကြံသ၍၊ မလှူဒါန်း–မပေးကမ်း။စိတ်ဖြင့်ရည်မှန်း၍ နေကြကုန်သော မဏ္ဍုဂီယသူဌေးကြီးတို့၏ အလွန်ပြေးသွားသောအတိဓာဝနကို အကုသိုလ်ဇောကို၊နှစ်စေတော်မူ၏ ဟုပြတော်မူ၏။

---

## (၄၄) မဟပ္ဖလ၊မဟာနိသံသအထူးကိုပြခြင်း။

(အမေး) မဟပ္ဖလ၊မဟာနိသံသ၊၏နှစ်ဝ၊ကျိုးပြမည်သို့ထူးသနည်း။
(အဖြေ) မဟပ္ဖလ၊ဝဋ်သုခ၊အာနိသံသ–ဝိဝဋ်တည်း။ ၊

အဓိပ္ပါယ်အားဖြင့်၊ဝဋ္ဋာမိသဖြစ်သော လူနတ်စည်းစိမ်တို့၏ ပြည့်စုံခြင်းအကျိုးကို ပေးနိုင်သောကုသိုလ်သည်၊ မဟပ္ဖလကုသိုလ်မည်၏၊ ဝိဝဋ်ဖြစ်သောမဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသောအကျိုးကို ပေးနိုင်သော ကုသိုလ်သည်။ မဟာနိသံသကုသိုလ်မည်၏။ ထိုကြောင့်ရကား၊ ဒသကနိပါတ်–အင်္ဂုတ္တရအဋ္ဌကထာ၌၊ ၊မဟပ္ဖလာဟောန္တိ၊မဟာနိ သံသာတိလောကိယ သုခေန ဖလ ဘူတေန မဟပ္ဖလာ၊ လောကုတ္တရေန မဟာနိသံသာ။ ၊ဟု ဘွင့်ပြတော်မူ၏။ ။မဟပ္ဖလာဟောန္တိ၊ မဟာနိသံသာတိ၊ဟူသည်ကား၊ လောကိယသုခေန၊လောကီချမ်းသာဟုဆိုအပ်သော၊ ဖလဘူတေန၊ အကျိုး၏အဖြစ်ဖြင့်၊မဟပ္ဖလာ၊မဟပ္ဖလမည်၏၊လောကုတ္တရေန၊လောကုတ္တရာချမ်းသာဟုဆိုအပ်သော၊ဖလဘူတေန၊ အကျိုး၏အဖြစ်ဖြင့်။မဟာနိသံသာ၊ မဟာနိသံသမည်၏၊ ၊မဟပ္ဖလအကျိုးဟူသည်၊ကြီးစွာသောလောကီချမ်းသာကို ဆိုးတတ်၏၊ မဟာနိသံသ အကျိုးဟူသည်၊ မြတ်သော လောကုတ္တရာချမ်းသာ၏အထောက်အပံ့ဖြစ်သော။ အာနိသင်သည် ဖြစ်တတ်၏–ဟုမှတ်၊ ထိုကြောင့် ရကား၊ မူလပဏ္ဏာသအဋ္ဌကထာ၊ အာကင်္ခေယျသုတ် အဘွင့်၌၊ ၊မဟန္တံလောကိယသုခံ ဖလန္တီတိ မဟပ္ဖလာ၊မဟတော လောကုတ္တရ

သုခသာပစ္စယော ဟောန္တိတိ မဟာနိသံသာ။ ။ဟု ဘွင့်ပြတော်မူ၏။ ။မဟန္တ၊ကြီးစွာသော။လောကိယသုခ၊လောကီချမ်းသာကို။ဖလန္တိ၊သီးတတ်ကုန်၏။ဣတိတသ္မာ၊ထိုကြောင့်။မဟပ္ဖလာ၊မဟပ္ဖလမည်ကုန်၏။ မဟာတော၊မြတ်သော၊ လောကုတ္တရသုခဿစ၊ လောကုတ္တရာချမ်းသာ၏လည်း၊ ပစ္စယာ၊အထောက်အပံ့ဖြစ်သောအကြောင်းတို့တည်း။ဣတိတသ္မာ၊ထိုကြောင့်။မဟာနိသံသာ၊ မဟာနိ သံသ မည်ကုန်၏။ ။သုတ် မဟာဝါ အဋ္ဌကထာအလိုအားဖြင့်။ပဋိသန္ဓေအကျိုးသည် မဟပ္ဖလအကျိုးမည်၏။ပဝတ္တိ၌ ဂုဏ်အာနိသင်အကျိုးသည်။အာနိသံသအကျိုးမည်၏ဟု၊ပါယာသိရာဇညသုတ်-အဘွင့်၌မိန့်တော်မူပေ၏။

---

## (၄၅) ဒါနူပနိဿယ၊သီလူပနိဿယ၊ဘာဝနူပနိဿယ ထုသိုဏ်ကိုပြခြင်း။

ဥပနိဿယ ပစ္စည်းတပ်ကုန်သော မဟာကုသိုလ်တို့သည်၊ ဒါနူပနိဿယ-သီလူပနိဿယ-ဘာဝနူပနိဿယဟူ၍သုံးပါးအပြားရှိကုန်၏။ ထိုတွင်၊ ဒါနူပနိယဿ-သီလူပနိဿာယ ထုသိုဿ်တို့သည်။ အားသေးသော နုဗ္ဗလတရားဖြစ်ရကား၊ အောက်မဂ်–အောက်ဖိုလ်သုံးပါးတို့သို့ရောက်စေကုန်၏။ ဘာဝနူပနိဿယကုသိုလ်သည်။ အားကြီးသော ဗလဝတရားဖြစ်ရကား၊ အရဟတ္တမဂ်အရဟတ္တဖိုလ်ဘို့သို့ရေ>ံစေတုန်၏ဟု မဂ္ဂဖလဒါနက္ကမ–အားဖြင့်။ ပိုင်းခြားမှတ်သားအပ်ကုန်၏၊ ထိုကြောင့်ရကား။ ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ၌။ ။ဒါနသီလုပ နိဿယာဟိ တယော မဂ္ဂေစ ဖလာနိစ ပါပေန္တိ၊ ဘာဝနူပနိဿယော အရဟတ္တံ ပါပေတိ။ ။ဟု ဘွင့်ပြတော်မူ၏၊ ။ဟိ သစ္စံ၊မှန်လှပေ၏။ဒါနသီလုပနိဿယာ၊ ဒါနူပနိဿယကုသိုလ်-သီလုပနိဿယကုသိုဿ်တို့သည်၊ တယောမဂ္ဂေစ၊ သုံးပါးသောမဂ်တို့သို့ရင်း၊ ဖလာနိစ၊ သုံးပါးသောဖိုလ်တို့သို့ရင်း။ပါပေန္တိ၊ရောက်စေတတ်ကုန်၏၊ ဘာဝနူပနိဿယော၊ဘာဝနူပနိဿယကုသိုလ်သည်၊အရဟတ္တံ။အရဟတ္တမဂ်-အရဟတ္တဖိုလ်သို့၊ပါပေတိ၊ရောက်စေ၏၊ ။ဤသို့အဋ္ဌကထာဆရာမြတ်သည်၊ ပိုင်းဖြတ်မှတ်သား။ မဂ်ဖိုလ်အစဉ်အားဖြင့်ထားခဲ့ရကား။ ဤသုံးပါးကိုပင်သျှင်၊ နေ့ညမယုတ်၊ကြိုးစားအားထုတ်၊ ပြုလုပ်အပ်၏၊ ဤသို့ပြုလုပ်ခဲ့ပါလျှင်။ဒါနဖြင့်။လောဘအကုသိုလ်ကိုပယ်၊ သီလဖြင့် ဒေါသ အကုသိုလ်ပယ်။ ဘာဝနာဖြင့် မောဟ အကုသိုလ်ကို ပယ်ရှား၍။ အလောဘ–အဒေါသ–အမော

ဟာ-ကုသိုလ် သုံးချက်ဖြင့်၊ နိဗ္ဗာန်ထွက်ကြောင်း၊ ရောက်ရန်စင်စစ်။ ဖြစ်တော့သည်ဟုမှတ်။ ။ဤသုံးရပ်တို့တွင်၊ ဒါနသည် ပါရမီဖြည့်စဉ်၌။သီလတရားအား ကျေးဇူးများ၍ ပြုလွယ်ရကား၊ ရှေးဦးအစ-ပဌမ ဟု- ဟောကြားတော်မူ၏။ ။ထိုကြောင့်၊သီလကွန့် ဋီကာသစ်၌။ ။တဿုပဏိဒါနံသီလဿ ဗဟုပကာရံ သုကရဉ္စာတိအာဒိမှိဝုတ္တံ။ ။ဟုဘွင့်ပြ၏။ ။ဟိ၊ထင်စွာအထူးကိုပြဦးအံ့။ တဿ၊ထိုပါရမီဆယ်ပါးတို့တွင်၊ ဒါနံ၊ဒါနတရားသည်။ သီလဿ၊သီလအား။ဗဟုပကာရံစ၊ကျေးဇူးလည်းများ၏။ သုကရဉ္စ၊ပြုလည်းပြုလွယ်၏။ဣတိတသ္မာ၊ထိုကြောင့်။ အာဒိမှိ၊အစ၌။ ဝုတ္တံ၊ဟုရားဟောကြားတော်မူ၏။ ။နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်၌ကား၊ သီလတရားသာလျှင်အဦးဆုံးအာဒိတရားဖြစ်၏ဟုမှတ်။ထိုကြောင့်။ဓမ္မပဒပါဠိတော်၌။ ။တတြာယမာဒိဘဝတိ။ ။ဟုဟောကြားတော်မူ၏။ ။တတြ၊ထိုနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်၌။အယံ၊ဤစတုပါရိသုဒ္ဓိသီလသည်။အာဒိ၊အစမည်သည်။ဟောတိ၊ဖြစ်၏။ ။၎င်းအဋ္ဌကထာ၌လည်း။ ။စတုပါရိသုဒ္ဓိသီလံ ပတိပုဗ္ဗဋ္ဌာနံနာမ။ ။ဟုဘွင့်ပြတော်မူ၏။ ။ဟိ၊မှန်လှပေ၏၊စတုပါရိသုဒ္ဓိသီလံ၊စတုပါရိသုဒ္ဓိသီလသည်။ ပုဗ္ဗဋ္ဌာနံနာမ၊ရှေးဦးစွာကျင့်အပ်သောဌာနမည်၏။ ။အသင်္ခတဓာတ်နိဗ္ဗာန်မြတ်ကို။ပစ္စက္ခသိဒ္ဓိအားဖြင့်။မျက်မှောက်ပြုရာ၌လည်း၊ သောတာပတ္တိမဂ်သာလျှင်။ ရှေးဦးစွာ မျက်မှောက်ပြုပေ၏။ ထိုကြောင့်၊တိကမာတိကာပါဠိတော်၌၊ ။ဒဿနေနပဟာတဗ္ဗာဓမ္မာ။ ။ဟူ၍ ဟောကြားတော်မူ၏။ ။ဤသို့သုံးရပ်။ အဆုံးအဖြတ်ကို၊ အရာဌာနအားဖြင့် မှတ်အင်တုန်ရာ၏၊ ထိုကြောင့် ရကား။ ရှေးပညာရှိ။ ကဝိဆရာ၊ ထေရ်မဟာတို့သည်။ ။သီလအစ၊ မဂ်ပဌမ၊ ဒါနရှေးဦးစွာ၊ ။ဟုစပ်ဆိုတော်မူကြပေထုံး၏။

---

## (၉၆) ဒါန-သီလ-ဘာဝနာတို့၏၊လက္ခဏာစသည်ပြချက်၊

ပုညကြိယသုံးပါးတို့တွင်၊ဒါနတရားသည်၊ဒါတဗ္ဗဝတ္ထု၊ကို စွန့်ကြဲခြင်းပရိစ္စာဂလက္ခဏာရှိ၏။သူ့ဘွယ်ဝတ္ထု၌ တွယ်တာကပ်ငြိတတ်သော လောဘကိုဖျက်ဆီးခြင်းလောဘဝိဒ္ဓံသနရသရှိ၏။ဘဝငယ်,ဘဝကြီးတို့ကိုပြည့်စုံစေခြင်း၊ ဝိဘဝဟု ဆိုအပ်သော နိဗ္ဗာန်ကို ပြည့်စုံစေခြင်း ဘဝ, ဝိဘဝသမ္ပတ္တိပစ္စုပဋ္ဌာန်ရှိ၏။သဒ္ဓါတရားဖြင့် ယုံကြည်သက်ဝင်ခြင်းသဒ္ဓေယျပစ္စုပဋ္ဌာန်ရှိ၏။ ။သီလတရားသည်၊ကုသိုလ်တရားတို့ကို တည်ထားစေခြင်း

ကုသလပတိဋ္ဌာပနလက္ခဏာရှိ၏၊ ဒုဿီလျစေတနာကိုဖျက်ဆီးခြင်းဒုဿီ
လျပိန္နသနရသရှိ၏၊ ပြုစင်ခြင်း-သောစေယျပစ္စုပဋ္ဌာန်ရှိ၏။ ဟိရိဩတ္တပ္ပပဒ
ဋ္ဌာန်ရှိ၏။ ။ဘာဝနာတရားသည်၊ ကုသိုလ်တရားတို့ကို ပွါးစေခြင်းကုသ
လဝဍ္ဎာပနလက္ခဏာရှိ၏။ အကုသိုလ်ကိုပယ်ခြင်း-အကုသလ ပဟာနရသ
ရှိ၏၊ သူတော်ကောင်းတို့၏ အကျင့်၌သက်ဝင်ခြင်း-သတာ စာရောက္ကမန
ပစ္စုပဋ္ဌာန်ရှိ၏၊ ယောနိသောမနသိကာရပဒဋ္ဌာန်ရှိ၏။ ။ငင်း ၄-ပါး၏အဆုံး
အဖြတ်အကျယ်သည် ဘုမိပရိစ္ဆေဒ-အထက်ပိုင်း၌ထင်ရှားလတ္တံ့။ ။ထို
၃-ပါးတို့တွင် ဒါနအရာ၌၊ အလှူပေးဒါယကာတို့သည်၊ ဒါန၏အကျိုးကို
များစွာသိမှသာလျှင်။ အကျိုးကြီးပေ၏။ ဒါန၏အကျိုးကိုမသိပါလျှင်၊ အကျိုး
မကြီးဟုမှတ်၊ ထိုသို့ဖြစ်သောကြောင့်၊ မြတ်စွာဘုရားသည်၊ ရှင်သာရိပုတ္တရာ
မထေရ်အား၊ ပေးလှူသောဒါနနှင့်၊ ရှင်သာရိပုတ္တရာ မထေရ်သည် မြတ်စွာ
ဘုရားအား ပေးလှူသောဒါန ၂-ပါးသည်ရှိ၏။ ထို ၂-ပါးတို့တွင် မြတ်
စွာဘုရားသည် ရှင်သာရိပုတ္တရာအား လှူသော ဒါနသည်သာလျှင်-အကျိုး
ကြီးပေ၏၊ အဘယ့်ကြောင့်ဟူမူ။ မြတ်စွာဘုရားသည်သာလျှင်၊ ဒါနအကျိုးကို
ကုန်စင်အောင် သိနိုင်သောကြောင့်တည်း။ ။ထိုကြောင့်၊ ဒက္ခိဏဝိဘင်္ဂ
သုတ်အဋ္ဌကထာ၌၊ ။သမ္မာသမ္ဗုဒ္ဓေနသာရိပုတ္တတ္ထေရဿဒိန္နံမဟပ္ဖလံ၊ ။
ဟုဘွင့်ပြ၏။ ။သမ္မာသမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ သာရိပုတ္တတ္ထေရဿ၊
သာရိပုတ္တရာမထေရ်အား။ ဒိန္နံ၊ ပေးလှူသောအလှူသည်၊ မဟပ္ဖလံ၊ အကျိုး
ကြီးပေ၏။ ။ဤသို့အဋ္ဌကထာအပြ။ ဒါန၏အကျိုးကို ရှင်သာရိပုတ္တရာသိ
သည်ထက်။ မြတ်စွာဘုရားသည်-သာ၍သာလျှင် သိတော်မူသောကြောင့်။
ရှင်သာရိပုတ္တရာ၏အလှူဒါနထက်မြတ်စွာဘုရား၏ ဒါနသည်သာလျှင်၊ အ
ကျိုးကြီးသည်များကိုမှတ်သားမိကြသဖြင့်။ ဒါနကိုပြုလိုကုန်ငြား။ လူအများ
တို့သည်၊ ဒါန၏အကျိုးပေးလှူပုံအမျိုးမျိုးကိုများစွာသိအောင် အားထုတ်ကြ
၍၊ ခြောက်ပါးသောပုညာယုဟာန-တရားကိုမှတ်သားကြကုန်ရာသတည်း၊

ပုညာယုဟာနတရား၊ ခြောက်ပါးအရကား။

သယံကာရ-မိမိ၏သဘောအလျောက်ပြုသောကုသိုလ်၊
ပရံကာရ-သူတပါးပြုသည်ကိုမြင်၍ အတုအပပြုသောကုသိုလ်၊
သာဟတ္ထိက-ကိုယ်တိုင်ပြုသောကုသိုလ်၊
အာဏတ္တိက-သူတပါးကိုစေခိုင်း၍ပြုသောကုသိုလ်၊
သမ္ပဇာန-ကံ,ကံ၏အကျိုးကိုယုံကြည်၍ပြုသောကုသိုလ်၊
အသမ္ပဇာန-ကံ,ကံ၏အကျိုးကိုမယုံကြည်မူ၍ပြုသောကုသိုလ်၊

အဋ္ဌကထာအထွက်။

ဤသို့ပြအပ်ပြီးသောတရားခြောက်ပါးတို့တွင်။ သဟေတုကာရ၊ သဟဇ္ဇ ကာ၊ သမ္ပယုတ္တသိုလ်သုံးပါးသည် အထူးသဖြင့်ကောင်းမြတ်၏။ ပရိကာရ၊ အာဘာဇ္ဇကာ၊ အသင်္ခာရိကသုံးပါးသည် ရွှေသုံးရပ်ကဲ့သို့ မမြတ်ဟုမှတ်အပ် တော့သည်။

မဟာကုသိုလ်အရ။ဝိနိစ္ဆယပြီးပြီ။

---

## (၉၇) မဟာဝိပါက်အရကိုပေါင်းရုံး၍ပြခြင်း။

မဟာဝိပါက်ရှစ်ပါး၌။သချပ်ရေတွက်ဟန်မှာမူကား။ ရှေးနှင့်တူပြီ။ ။ အုမာနိအဋ္ဌပိ- သဟေတုကကာမာဝစရ ဝိပါကစိတ္တာနိနာမ။ ။ဟူသော ပါဠိ၌။ဗိသဒ္ဒါဖြင့်မဟာဝိပါက်ရှစ်ပါးကိုတည်း။ အာရုံခြောက်ပါးနှင့်မြှောက် သည့်ရှိသော် ၄၈-ပါးရ၏။ဒင်း ၄၈-ပါးကို၊ဟီန-မဇ္ဈိမ—ပဏီတ—သုံးပါးနှင့် မြှောက် ၁၄၄-ပါးဖြစ်၏။ဤမဟာဝိပါက်စိတ်၌။ ကုသိုလ်စိတ်ကဲ့သို့ပုညာ ကြိယဝတ္ထုတို့၏မဖြစ်ခြင်းကြောင့်၊ ပုညကြိယာတို့ဖြင့်မမြှောက်အပ်။ သ ဟာဓာတာဓိပတိပစ္စည်း မတပ်သောကြောင့်။ အဓိပတိနှင့်လည်း မမြှောက် အပ်။ကာယကံ ဝစီကံ—မနောကံတို့၏အစွမ်းအားဖြင့် မဖြစ်သောကြောင့်။ ကံ ၃—ပါးနှင့်လည်းမမြှောက်အပ်ဟု၊အဋ္ဌကထာ—ဋီကာတို့၌မိန့်၏။ ။ဝိပါ ကာ၊သဒ္ဒါအရ ဝိပါက်ဟူသည်၊အကျိုးမပေးခြင်းအဝိပါကလက္ခဏာရှိ၏။ ပဋိသန္ဓေ-ဘဝင်—စုတိ-တဒါရုံ ဟူသော ရသရှိ၏။ အစဉ်ဖြစ်ခြင်း-သန္တာန ပစ္စုပဋ္ဌာန်ရှိ၏။သင်္ခါရပဒဋ္ဌာန်ရှိ၏။ဤသို့ပိုင်းခြားမှတ်သားအပ်သောဝိပါက် တရားတို့သည်၊အချင်းချင်း-ထူးထုန်သောကုသိုလ်,အကုသိုလ်တို့၏အကျိုး ဖြစ်သောကြောင့်၊ ဝိပါက်မည်၏ဟုမှတ်၊ ထိုကြောင့်ရကား၊ အဋ္ဌသာလိနီ အဋ္ဌကထာ၌။ ။အညမညဝိသိဋ္ဌာနံ ကုသလာကုသလာနံပါကာတိဝိပါ ကာ၊ဝိပက္ကဘာဝမာပန္နာနံအရူပဓမ္မာနမေတံအဓိဝစနံ၊ ။ဟုဘွင့်ပြ၏၊ ။ ယောဓမ္မာ၊အကြင်တရားတို့သည်၊အညမညံ၊အချင်းချင်း၊ဝိသိဋ္ဌာနံ၊ ထူးကုန် သော။ကုသလာကုသလာနံ၊ကုသိုလ်အကုသိုလ်တို့၏၊ပါကာ၊အကျိုးတရား တို့တည်း၊ဣတိတသ္မာ၊ထိုကြောင့်၊ တေဓမ္မာ၊ထိုတရားတို့သည်။ ဝိပါကာ၊ ဝိပါက်မည်ကုန်၏၊ ဧတံ၊ ဤဝိပါက်ဟူသောအမည်သည်၊ ဝိပက္ကဘာဝံ၊ရင့် ကျက်ခြင်းသို့။အာပန္နာနံ၊ ရောက်ကုန်သော၊ အရူပဓမ္မာနံ၊ နာမ်တရားတို့၏၊ အဓိဝစနံ၊အမည်တည်း၊

ဤသို့အဋ္ဌကထာစကားရပ်၌။ ကမ္မဇရုပ်တို့သည်နှစ်ပါးသောကုသိုလ်-အကုသိုလ်တို့၏ အကျိုးဖြစ်သောကြောင့်။ ကုသလာ ကုသလာနံပါကာတိ ဝိပါကာ၊ဟူသည်နှင့်အညီဝိပါက်မည်ကောင်းရာ၏ဟုစောဒနာမူပြားအံ့။ ။ ၎င်းကမ္မဇရုပ်သည်။ ကုသိုလ်အကုသိုလ်တို့၏ အကျိုးတရား ဖြစ်ငြားသော်လည်း။ အကြောင်းဖြစ်သော ကုသိုလ်,အကုသိုလ်တို့နှင့်၊ နာမ်၏အဖြစ်ဖြင့်မတူသောကြောင့်။ဝိပါက်မမည်နိုင်လေ၊ အကြောင်းနာမ်နှင့် နာမ်ချင်း တူသောစိတ်သည်သာလျှင်။ ဝိပါက်မည်၏ဟူလို၊ ။လောကူပမာအားဖြင့်။ သလေးစပါးစသည်တို့၏ အသီးစသည်။ မိမိတို့၏အကြောင်းသလေးနှင့်တူသောကြောင့်။ သလေးဟု ခေါ်ဝေါ် ရပေ၏။ အညွန့်, အရွက် တို့သည် အကြောင်းဖြစ်သော သလေးပင်နှင့်မတူသောကြောင့်။ သလေးပင်ဟု၊ နောက်တဘန်၊အခေါ်ဝေါ်မခံရဘိသကဲ့သို့၊ဤနည်းတူ၊ အကြောင်းနာမ်နှင့်တူသော စိတ်သည်သာလျှင် ဝိပါက်မည်ရ၏၊ အကြောင်းနာမ်နှင့် မတူသော ကမ္မဇရုပ်သည်။ ကုသိုလ်အကုသိုလ်တို့၏ အကျိုးဖြစ်သော်လည်း။ ဝိပါက်မမည်သင့်ကုန်ဟုမှတ်၊ ။မူလဋီကာထွက်တည်း။

---

## (၄၈) ဘုရားလောင်းပဋိသန္ဓေစိတ်ကိုပြခြင်း။

(အမေး) မဟာ၈စ်တွင်၊ဘယ်စိတ်လျှင်၊ဘုရား၇ှင်သန္ဓေနေသနည်း။

(အဖြေ) တိ-ဟိတ်သောမနဿ၊အသင်္ခါ၊ဗုဒ္ဓါလောင်းမြတ်နေသတည်း။

တဗ္ဗသမ္ဗောဓိသတ္တာ ပန္တိမပဋိသန္ဓိဂ္ဂဟဏေပဌမေနသောမနဿသဟဂတ တိဟေတုက- အသင်္ခါရိက-မဟာဝိပါကေ စိတ္တေန ပဋိသန္ဓိံ ဂဏှန္တိ။ ။ဟု-အဋ္ဌသာလိနီ,သုတ်မဟာဝါအဋ္ဌကထာတို့၌ပြရကား။မဟာဝိပါက် ပဌမ စိတ်ဖြင့်။ ဘုရားလောင်း ပဋိသန္ဓေ နေတော်မူ၏ ဟု ရှင်ဗုဒ္ဓဃောသ-မိန့်တော်မူ၏။ မဟာသိဝ မထေရ်၏ အလိုအားဖြင့်။ သောမနဿစိတ်ထက်-ဥပေက္ခာစိတ်သည်၊ နက်နဲသောဂန္ဓီရ-အားကြီးသော ဗလဝသဘောဖြစ်ရကား။ မဟာဝိပါက်စိတ်ရှစ်ပါးတို့တွင်၊ ဥပေက္ခာသဟဂုတ်-ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်ဖြင့် ပဋိသန္ဓေနေပေ၏ ဟု မှတ်အပ်၏၊ ဤမဟာသိဝမထေရ်ဆိုအပ်သော ဥပေက္ခာစိတ်ဖြင့်၊ ပဋိသန္ဓေတည်နေကြသော ပုဂ္ဂိုလ်တို့သည် ကြီးကျယ်-မြင့်မြတ်သော အဇ္ဈာသယ ရှိပေကုန်၏၊ နတ်၌ဖြစ်သောအာရုံကို တွေ့ကြုံသော်လည်း၊လျှပ်ပေါ်-လော်လည်ခြင်းမရှိကုန်ရကား မဟာသိဝမထေရ်၏စကားသည်။လျှောက်ပတ်လှပေ၏။ ထိုသို့

ပင်လျောက်ပတ်ပြီးသော်လည်း။ ဤသောမနဿ–ဥပေက္ခာစိတ်နှစ်ပါးတို့တွင်၊ သောမနဿစိတ်သည်သာလျှင်။ ကရုဏာ မေတ္တာတို့၏ ရှေးအဘို့၌ဖြစ်ရကား၊ သောမနဿ သဟဂုတ်-ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်နှင့် ပဋိသန္ဓေနေခြင်းကိုမှတ်သားအပ်ကုန်၏။

ဤပဌမစိတ်ဖြင့် ပဋိသန္ဓေ တည်နေကြကုန်သော သူတို့သည်၊ အသက်အသချေ်ရှည်ပေကုန်၏၊ ထိုသို့ဖြစ်လျက် အဘဲ့ကြောင့် ငါတို့ဘုရားရှင်သည်၊ အသက်တော် ရှစ်ဆယ်သာလျှင်၊ တည်နေရလေသနည်းဟူမူ၊ ။ဘုရားရှင်သည်၊ အသက်အသချေ်၊ တည်နေခြင်းငှါ စွမ်းနိုင်သော ကံကိုပြည့်စုံ၏၊ ထိုသို့ပင်ဖြစ်ငြားသော်လည်း၊ လူတို့၏အသက်တန်းငါးပုံငါးရကျိသည်တွင်၊ ထပုံ-တခုကိုအကြွင်းထား၍။ ပရိနိဗ္ဗာန် စံနေရမည် ဓမ္မတာ ဖြစ်ရကား။ အသက်တော်ရှစ်ဆယ်ပင်၊ ပရိနိဗ္ဗာန်စံရပေ၏၊ ။ထိုကြောင့်။ ။ဓမ္မတာ ဝေသာတိဝေဒိတဗ္ဗာ။ ။ဟု–မဟာပဒါနသုတ်ဋီကာ၌ ဘွင့်ပြ၏၊ ။မူလဋီကာ–အနုဋီကာတို့၌ကား၊ ဥတု,ဘောဇဥ်ဘောက်ပြန်သည်၏ အစွမ်းအားဖြင့်ရင်း၊ အမိအဘသုက်သွေး၏ အစွမ်းအားဖြင့်ရင်း၊ သက်တော်ရှစ်ဆယ်နှင့်ပင်၊ပရိနိဗ္ဗာန်စံရပေကုန်၏ဟု မိန့်တော်မူ၏။ ။ဤလျှင်တရပ် ဝိသေသမှတ်ဘွယ်ထည်း၊

---

## (၉၉) ဥက္ကဋ္ဌ-ဩမက–အကျိုးပေးဟန်ကိုပြခြင်း၊

မဟာကုသိုလ်ရှစ်ပါးတို့တွင်၊ဉာဏသမ္ပယုတ် ၄–ပါးသည်။ဥက္ကဋ္ဌဟူ၍ရင်း၊ ဩမကဟူ၍ရင်း၊ အမည်နှစ်ရပ်ကွဲပြားခြင်းကိုမှတ်အပ်၏၊ ဉာဏဝိပ္ပယုတ် ၄-ပါးမှာလည်း၊ဤနည်းအတူပင်လျှင်။ဥက္ကဋ္ဌ-ဩမက–ဟူ၍ကွဲပြားခြင်းကိုမှတ်အပ်၏၊ ဤသို့မှတ်အပ်ရာ၌၊ တိဟိတ်-ဥက္ကဋ္ဌကုသိုလ် ဟူသည်၊ အကြင်သူသည်၊သမ္မာဒိဋ္ဌိကိုရှေ့သွားပြု၍ ပေးလှူသောအခါ၊မုဉ္စစေတနာမှ၊ ရှေ့အဘို့၌ရင်း၊နောက်အဘို့၌ရင်း၊ရှေ့အဘို့နောက်အဘို့နှစ်ပါးတို့၌ရင်း။ အကုသိုလ်တရား၊လောဘစသည်ကိုပယ်ရှား၍၊ကုသိုလ်တရားသာလျှင်၊ ခြံရံအပ်၏နောက်၌လည်း၊ အာသေ ၁နုပစ္စည်းကိုရ၍ ငါတို့သည်၊ လှူအပ်သော အလှူသည်၊ကောင်းမွန်လျောက်ပတ်၏၊ ထူးမြတ်လှပေ၏၊ ဝမ်းမြောက်သော အလှူသည်၊ တိဟိတ်ဥက္ကဋ္ဌကုသိုလ် မည်၏။ ။အကြင်သူသည် ရှေးနည်းအတူ၊သမ္မာဒိဋ္ဌိကိုရှေ့သွားပြု၍၊မုဉ္စစေတနာဖြင့် ပေးလှူသည်မှ၊ ရှေ့နောက်ဖြစ်သောကာလ၌၊ လောဘ–ဒေါသ–မောဟ–စသော အကုသိုလ်ကို ခြံရံ

အပ်၏၊နောက်အခါ၌လည်း။ ဤကုသိုလ်ကိုငါပြုမိပြီ၊မှားလေစွဟုနှလုံးမသာယာခြင်းကို ဖြစ်စေသောအလှူသည်၊ တိဟိတ်ဩမကကုသိုလ်မည်၏၊ ။ ဤလျှင် ဉာဏသမ္ပယုတ်ကုသိုလ်နှစ်ပါး၊ထူးခြားဟန်တည်း၊

အကြင်သူသည်၊ သမ္မာဒိဋ္ဌိကို၊ ရှေ့သွား မပြုမူ၍၊ ပေးလှူသည်မှ၊ ရှေ့နောက်ဖြစ်သော ကာလတို့၌၊ အကုသိုလ် တရားကို ပယ်ရှား၍၊ ကုသိုလ်တရားကိုသာလျှင် ခြံရံအပ်၏၊ နောက်အခါ၌လည်း။ အာသေဝနပစ္စည်းကို ရ၍၊ငါတို့သည့်လှူအပ်သောအလှူသည်၊ ကောင်းမွန်လျောက်ပတ်၊ထူးမြတ်လှပေ၏ဟု ဝမ်းမြောက်စွာ လှူသော အလှူသည်။ ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်မည်၏၊ ။အကြင်သူသည်။ရှေးနည်းအတူ။ သမ္မာဒိဋ္ဌိကိုရှေ့သွားမပြုမူ၍။ မုဒုစေတနာဖြင့် ပေးလှူသည်မှ၊ ရှေ့နောက် ဖြစ်သော ကာလတို့၌၊ အကုသိုလ်တရားတို့ကိုလည်းခြံရံအပ်၏၊နောက်အခါ၌လည်း။ဤကုသိုလ်ကိုငါပြုမိသည်၊မှားလေစွဟုနှလုံးမသာယာခြင်းကိုဖြစ်စေသောအလှူသည်၊ ဒွိဟိတ်ဩမကကုသိုလ်မည်၏၊ ။ဤလျှင် ဉာဏဝိပ္ပယုတ်ကုသိုလ်နှစ်ပါး။ထူးခြားဟန်တည်း၊

ဤလေးပါးသောကုသိုလ်တို့တွင်။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်သည်၊ သမာပတ်ရျာန်, မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို ရထိုက်သော၊ တိဟိတ်ပုဂ္ဂိုလ် အဖြစ်တည်းဟူသော၊မဟာဝိပါက်-ဉာဏသမ္ပယုတ်-ပဋိသန္ဓေကိုပေးတတ်၏။တိဟိတ် ဩမကကုသိုလ်၊ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်နှစ်ပါးတို့သည်၊ သမာပတ်ရျာန်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်,နိဗ္ဗာန်ကို မရထိုက်သော၊ ဒွိဟိတ်ပုဂ္ဂိုလ် အဖြစ်တည်း ဟူသော၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ပဋိသန္ဓေကိုပေးတတ်၏။ဒွိဟိတ်ဩမကကုသိုလ်သည်၊ ပဋိသန္ဓေအခါ၌ ကန်းသော ဇစ္စန္ဓပုဂ္ဂိုလ်၊ ပဋိသန္ဓေအခါ၌၊ နားပင်းသော ဇစ္စဗဓိရပုဂ္ဂိုလ်။ ပဋိသန္ဓေအခါ၌ အ,သော ဇစ္စမူဂပုဂ္ဂိုလ်၊ပဋိသန္ဓေအခါ၌ရူးသွပ်သောဇစ္စုမ္မတ္တကပုဂ္ဂိုလ်၊အသံတချို့ ထပ်ခါထပ်ခါ၊များစွာထစ်၍နေသောမမ္မပုဂ္ဂိုလ်။ မိန်းမ,ယောက်ျား၊ အင်္ဂါနှစ်ပါး မပါမရှိသော နပုံးပုဂ္ဂိုလ်။ ထိုနိမိတ်အင်္ဂါနှစ်ပါးရှိသော၊ ဥဘတောဗျည်းပုဂ္ဂိုလ်အဖြစ်တည်းဟူသော ယုတ်ညံ့သောအဟိတ်၊ ကုသလဝိပါက် ဥပေက္ခာသန္တီရဏ-ပဋိသန္ဓေကို ပေးတတ်၏။ ထိုကြောင့်ရကား။ သူတော်ကောင်းဖြစ်ကြ၊အမျိုးသားတို့သည်၊ကုသိုလ်တရား-ဒါနများကိုအားထုတ်၍၊ပြုလုပ်သောအခါ၊အတ္တဒိဋ္ဌိ-အစရှိသောအားဖြင့်၊ သမ္မာဒိဋ္ဌိဆယ်ပါးကို ရှေ့သွားပြုကြ၍၊ရှေ့နောက်ဖြစ်သောကာလတို့၌။လောဘ,ဒေါသ,မောဟ, အကုသိုလ်တို့ကိုပယ်ရှား၍။ ထက်သန်ပြည့်ဖြိုး၊ ကောင်းကျိုးတရားကိုပေး

စွမ်းနိုင်သော ဉာဏသမ္ပယုတ်ဟု ဆိုအပ်သော၊ တိဟိတ် ဥက္ကဋ္ဌ–အလှူကို၊ သတိရှေ့သွား၊ဉာဏ်ပညာအားဖြင့်ပြုကြကုန်ရာ၏၊

ဤသို့ပြအပ်၊ဥက္ကဋ္ဌ–ဩမကနှစ်ရပ် ကုသိုလ်တို့၏၊ အကျိုးပဋိသန္ဓေပေးသောအရာဝယ်၊ဟိတ်တပ်၍တဘန်၊ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှ ထုတ်နုတ်၍ ပြဦးအံ့။ ။တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်သည်၊ တိဟိတ် ပဋိသန္ဓေကို အကျိုးပေးရာ၌၊အကြောင်းရှစ်ပါးကိုရမှသာလျှင်၊ပဋိသန္ဓေကိုပေးနိုင်၏၊အကြောင်းရှစ်ပါး ဟူသည်ကား၊ ကုသိုလ်ပြုရာ ဇောခဏ၌၊ အလောဘ-အဒေါသ-အမောဟ-ဟု ဆိုအပ်သော ဟိတ်သုံးပါး၊ ထိုထို ဘုံဘဝကို တောင့်တ၍ ပတ္ထနာနိကန္တိခဏ၌၊လောဘ–မောဟတည်းဟူသော အကုသိုလ်ဟိတ်နှစ်ပါး၊ ဝိပါက်ပဋိသန္ဓေခဏ၌ အလောဘ–အဒေါသ–အမောဟ–အဗျာကတဟိတ်သုံးပါး၊ပေါင်းဟိတ်ရှစ်ပါးတည်း။ ။တိဟိတ်ဩမကကုသိုလ်သည်၊ ဒွိဟိတ်ပဋိသန္ဓေကိုပေးရာ၌၊ အကြောင်းဟိတ်- ခုနစ်ပါးဟူသည်၊ ကုသိုလ်ဇောခဏ၌၊ ဟိတ် ၃–ပါး၊နိကန္တိက္ခဏ၌ ဟိတ် ၂–ပါး၊ ပဋိသန္ဓေခဏ၌၊ အလောဘ-အဒေါသ-ဟိတ် ၂–ပါး၊ပေါင်းဟိတ်-ခုနစ်ပါးကိုရအပ်၏။ ။ဒွိဟိတ်–ဥက္ကဋ္ဌ ကုသိုလ်သည်၊ ဒွိဟိတ်ပဋိသန္ဓေပေးရာ၌၊ အကြောင်းဟိတ်ခြောက်ပါးဟူသည်၊ကုသိုလ်ဇောခဏ၌၊အလောဘ-အဒေါသဟိတ် ၂-ပါး၊ နိကန္တိက္ခဏ၌၊လောဘ–မောဟဟိတ် ၂-ပါး၊ပဋိသန္ဓေခဏ၌၊အလောဘ-အဒေါသဟိတ် ၂-ပါး၊ပေါင်းခြောက်ပါးတည်း။ ။ဒွိဟိတ်ဩမကကုသိုလ်သည်၊အဟိတ်ပဋိသန္ဓေကိုပေးရာ၌၊ အကြောင်းဟိတ် ၄-ပါးအရ၊ ကုသိုလ်ဇောခဏ၌၊ အလောဘ–အဒေါသဟိတ် ၂–ပါး၊ နိကန္တိခဏ၌၊ လောဘ–မောဟဟိတ် ၂–ပါး၊ ပေါင်းအကြောင်း ၄–ပါးတည်း။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌၊ဟောကြားအပ်သောဟိတ်ရပုံတည်း၊

(၁) { မဟာကုသိုလ်၊ / တိဟိတ်ဥက္ကဋ္ဌကုသိုလ် } { ပဋိသန္ဓေအခါ / ဉာဏသမ္ပယုတ်-၄ }

{ ပဝတ္တိအခါ၊ / မဟာဝိပါက်–ကုသလဝိပါက် ၁၆ }

(၂) { တိဟိတ်ဩမကကုသိုလ် / ဒွိဟိတ်–ဥက္ကဋ္ဌကုသိုလ် } { ဉာဏဝိပ္ပယုတ်–၄ }

{ဉာဏဝိပ္ပယုတ်-၄၊ကုသလဝိပါက်-၁၂}

(၃) {ဒွိဟိတ် ဩမကကုသိုလ်} {ဥပေက္ခာသန္တိ-၁}

{အဟိတ်ကုသလဝိပါက်-၈}

ဤသရုပ်အပြ၊ဆောင်ပုဒ်နယ၊လက်ာအရမှာမှုကား၊

(၁) တိဟိတ်ဥက္ကဋ္ဌ၊ကုသလေ၊သန္ဓေတိဟိတ်ပေး။
(၂) အဟိတ်ကုသလာ၊ဝိမဟာ၊ဆဲ့ခြောက်ဖြာပဝတ္တိကြွေး၊
(၃) တိဟိတ်ဩမက၊ဒွိဥက္ကဋ္ဌ၊ဒွိဟိတ်ပြ-သန္ဓေပေး။
(၄) တဆဲ့ခြောက်တွင်၊သံ့,လေးကြဉ်၊ဆဲ့နှစ်ပင်-ပဝတ်ပေး။
(၅) ဒွိဟိတ်ဩမက၊အဟိတ်ပြ၊ပဝတ္တ-ဝိရှစ်တွေး၊
(၆) တိပိဋကစူဋ္ဌနာဂ၊နည်းဝါဒ၊ဗိဇ-ပမာရေး၊

မဟာဝိပါက်အရ၊ ဝိနိစ္ဆယပြီးပြီ၊

## (၁၀၀) မဟာကြိယာအရဝိနိစ္ဆယကိုပြခြင်း၊

ဤမဟာကြိယာရှစ်ခုဋ္ဌလည်း၊သရုပ်အရေအတွက်သည်၊ရှေးကုသိုလ် နှင့်တူပြီ၊ ၊ဇ္ဈမာနိအဋ္ဌပိသဟေတုက-ကာမာဝစရကြိယစိတ္တာနိနာမ။ ၊ ဟူသောပါဠိ၌၊ပိသဒ္ဒါပေါင်းဟန်ကိုကုသိုလ်နှင့်တူပြီဖြစ်၍မပြပြီ၊ ၊ကြိယာ ဟူသည်ပြုခါမျှ ဖြစ်ခြင်း ကရဏမတ္တလက္ခဏာရှိ၏၊ ဓောတည်း ဟူသော ဇဝနရသရှိ၏၊အစဥ်ဖြစ်ခြင်းသန္တာနပစ္စုပဋ္ဌာန်ရှိ၏၊အရဟတ္တဖိုလ်ပဒဋ္ဌာန် ရှိ၏၊ ၊ထိုသို့သောကြိယာသည်၊ပြုခြင်း-ပြီးစေခြင်းမျှသာလျှင်ဖြစ်၍၊တစုံ တခုသောအကျိုးကိုမပေးနိုင်ကုန်၊ထိုကြောင့်ရကား၊ဋီကာစသည်တို့၌၊ ၊ ကရဏမတ္တံကိရိယာ၊ ၊ဟုပြတော်မူ၏၊ ၊ကရဏမတ္တံ၊ပြုခြင်း-ပြီးခြင်း မျှသည်၊ ကိရိယာ၊ ပြုခြင်းပြီးခြင်းမျှတည်း၊ ၊ရဟန္တာ အရှင်မြတ်တို့၏၊ ကိုယ်အမှုအရာ,နှုတ်အမှုအရာ, တို့ဖြင့် ပြုခြင်း အာကာရ အခြင်းအရာကို ကြိယာဟု ခေါ်ဝေါ်အပ်၏၊ (ကြိယာ ဟူသောပုဒ်သည်၊ ကာရကောရိရိယ ဟူသော သဒ္ဒါကြီးသုတ်ဖြင့်၊ကရဓာတ်နောက်၊ရိရိယ-ပစ္စည်းရောက်ရကား ရမ္ဘိရန္တေ့ာရာဒိနော ဟူသောသုတ်ဖြင့်၊ရအက္ခရာ တို့ကိုချေ၍၊ က အက္ခရာ ကို ရိအက္ခရာနှင့် ယှဥ်ကပ်၍၊ ရအက္ခရာ-ဝိပရိတ်ပြု၍၊ ကြိယ-ဟု ရုပ်ပြီး အပ်၏၊ ထိုနောက်-အတ္ထိလိင်ဓောတက အာပစ္စည်းသက်ပြန်လျှင်၊ ကြိယာ-

ပြီးပြန်တော့သည်)။ ကြိယာစိတ်ဟူသမျှသည်၊ အကျိုးမပေး၊အဘဲ့ကြောင့် အကျိုးမပေးသနည်းဟူမူ၊ အဝိဇ္ဇာ၊တဏှာတည်းဟူသော ဝဋ်မြစ်ပြတ်ပြီး သောရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သောကြောင့်တည်း။ ဥပမာအားဖြင့်၊ ပြတ်ပြီးသောအမြစ်ရှိသောသစ်ပင်၏ပန်းကဲ့သို့တည်း။ ။ဤသည်ကား။ဇော၏အဖြစ်သို့ ရောက်သော ကြိယာတဆဲ့ရှစ်ပါးကို ဆိုလိုသည့်ဟုမှတ်၊ ထို ကြောင့်၊အဋ္ဌသာလိနီအဋ္ဌကထာ၌။ ။ယံဇဝနဘာဝပ္ပတ္တံတံဆိန္နမူလရုက္ခ ပုပ္ဖံဝိယအဖလံဟောတိ။ ။ဟုဘွင့်ပြ၏။ ။ဇဝနဘာဝပ္ပတ္တံ၊ဇော၏အဖြစ်သို့ ရောက်သော။ယံ၊အကြင်ကြိယာသည်၊အတ္ထိ၊ရှိ၏။တံ၊ထိုကြိယာသည်။ဆိန္န မူလကရုက္ခပုပ္ဖံဝိယ၊ အမြစ်ပြတ်ပြီးသော သစ်ပင်၌ ပွင့်သော ပန်းကဲ့သို့၊ အဖလံ၊အသီးကိုမဖြစ်စေသည်၊ဟောတိ၊၏။ ။ဤသို့မိန့်ဆိုသည့်အတိုင်း။ ရဟန္တာသန္တာန်၌ဖြစ်သောကြောင့်၊ ဇောအဖြစ်သို့ရောက်သောကြိယာသည်၊ အကျိုးမပေးမူရှိပါစေဦး။ဇောအဖြစ်သို့မရောက်သော၊ ပုထုဇ္ဇဉ်သန္တာန်ဖြစ် သော၊အာဝဇ္ဇန်းနွေးသည်၊အဘယ်ကြောင့်၊ အကျိုးမပေးသနည်းဟူမူ၊ အာ သေဝနပစ္စည်းကိုမရသောကြောင့်၊အာဝဇ္ဇန်းနွေးသည်၊အကျိုးမပေး။ဥပမာ အားဖြင့်၊ အသီးမပါအချည်းနှီးသာဖြစ်သော ပန်းကဲ့သို့တည်း။ လေပန်းဟူ လို။ဤနေရာ၌ မူလဋီကာဆရာတော်သည်၊အဓိပ္ပါယ်ရှင်းပြသည်မှာ၊ထိုသီး ကင်းမပါ။အချည်းနှီးသာဖြစ်သောလေပန်းပွင့်သည့်၊သစ်ပင်၏အမြစ်မပြတ် သေးငြားသော်လည်း၊ အသီးကို မသီးနိုင်သကဲ့သို့။ ထိုအတူ၊ မပြတ်သေး သော။အဝိဇ္ဇာ၊တဏှာ၊တည်းဟူသော ဘဝမူလရှိသော။ သေက္ခပုဂ္ဂိုလ်တို့ အားဖြစ်သော၊ အာဝဇ္ဇန်းနွေးကြိယာသည် အကျိုးဝိပါက်ကို မဖြစ်စေနိုင်၊ ထိုကြောင့်၊ လေပန်းနှင့်တူ၏။ ။အမြစ် ပြတ်သော သစ်ပင်၏ အပွင့်သည်၊ အမြစ် မပြတ်သေးသည်ရှိသော်၊ အသီးကို သီးနိုင်ရာ၏သို့၊ ထိုနည်းအတူ ပြတ်ပြီးသောဘဝမူလရှိသော။ ရဟန္တာအားသာလျှင်ဖြစ်သော အာဝဇ္ဇန်း နွေးမှတပါးသောကြိယာသည်။ဝဋ်မြစ်မပြတ်သေးသည်ရှိသော်။ အကျိုးကို ဖြစ်စေနိုင်ရာ၏။ ယခုမူကား၊ ရဟန္တာသန္တာန်အား ဘဝမူလ၊ဝဋ်မြစ်ပြတ် သောကြောင့်၊ အကျိုးကိုမဖြစ်စေနိုင်ကုန်၊ ထိုကြောင့်၊ ပြတ်သောသစ်ပင်၏ အပွင့်နှင့်တူ၏ဟူလို။ ။ဤလျှင် မူလဋီကာ၏ အဓိပ္ပါယ်တည်း။ ။ပါဠိကို ကား။ဂန္ထဂရုအတိဘယကြောင့်၊မပြလိုက်ပြီ။

---

## (၁၀၁) သဗ္ဗညုတဉာဏ်အရကိုထုတ်ပြခြင်း၊

(အမေး) သဗ္ဗညုဉာဏ်၊စိတ်ဝေဘန်၊ကောန်-ဘယ်စိတ်နည်း။
(အဖြေ) မဟာကြိယံ၊ပထမံ၊ကောန်၍စိတ်တည်း၊

မြတ်စွာဘုရားအား ဖြစ်တော်မူသော သဗ္ဗညုတ ဉာဏ်ဟူသည်၊ သရူပတ္တအားဖြင့်၊သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်၊အသင်္ခါရိက-မဟာကြိယာစိတ်ကို မှတ်အပ်၏၊ ထိုကြောင့်-သုတ်ဘိလက္ခန် အဋ္ဌကထာ၌၊ ၊ တဥ္စတဒုပတိ ဉာဏသမ္ပယုတ္တ မဟာကြိယစိတ္တေသု လဗ္ဘတိ၊ ၊ဟုဘွင့်ပြတော်မူ၏၊ ၊ဟိ၊မှန်လှပေ၏။ တံ၊ထိုသဗ္ဗညုတရွှေဉာဏ်ကို၊ စတူသု၊လေးပါးကုန်သော၊ ဉာဏသမ္ပယုတ္တ မဟာကြိယာ စိတ္တေသု၊ ဉာဏသမ္ပယုတ် မဟာကြိယာစိတ်တို့၌။ လဗ္ဘတိ၊ ရအပ်၏၊ ၊၍သုတ် အဋ္ဌကထာ အလိုအားဖြင့်၊မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၌ယှဉ်သော၊ပညာစေတသိက်ကို သဗ္ဗညုတ ဉာဏ်ဟု မှတ်အပ်၏-ဟု သာမညာကာရ အားဖြင့်ပြတော်မူ၏၊ဖိနာလင်္ကာရ-ဋီကာကျမ်း၌ကား ရေ,မိုးအစုံအစုံ၊ တန်းခိုးပြာဋိဟာ ပြသောအခါတို့၌၊ သောမနဿသဟဂုတ်-ဉာဏသမ္ပယုတ်၊ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်-အသင်္ခါရိက-မဟာကြိယာ၌ ရှိသောပညာစေတသိက်ဟူ၍ ပြတော်မူ၏၊ ၊သတ္တဝါတို့၏ အနုသယ စရိုက်နှလုံးသွင်း၊ ဣန္ဒြေရင့်ခြင်း၊မရင့်ခြင်းကို ထောက်ချင့်စာနာ၊ သိသောအခါတို့၌၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်-အသင်္ခါရိက မဟာကြိယာစိတ်၌ ယှဉ်သောပညာ-ဟူ၍ပြတော်မူ၏၊ ၊ပါဠိကိုကား၊ဂန္ထဂရုအတိဘယကြောင့်၊ မပြလိုက်ပြီ။

---

## (၁၀၂) နိဂုံးသုံးရပ်ကိုပေါင်းစပ်၍ပြခြင်း၊

ဣမာနိအဋ္ဌပိ-ဟူသောပုဒ်သုံးပါးသည်။ အငယဝနိဂုံးမည်၏။ဣစ္စေဝံ၊ဟူသောပုဒ်သည်။သမုဒါယနိဂုံးမည်၏။ ထိုနိဂုံးနှစ်ပါးတို့တွင်၊ အဝယဝ-ဖြစ်သော အစိတ်-အစိတ်နိဂုံးဝယ်။ မဟာကုသိုလ်စိတ်၏နိဂုံး၌၊ သဟေတုက သင်္ခါ-မပါမရှိ။ မဟာဝိပါက်-မဟာကြိယာစိတ်တို့၏ နိဂုံး၌မှာမူကား။ သဟေတုက သင်္ခါပါရှိခြင်းသည်၊ အဘယ်သို့အကြောင်းကြောင့် ဖြစ်သနည်းဟူမူ။ ၊ကာမာဝစရ စိတ်ဝယ်၊ ကုသိုလ်သည် သဟိတ် ကုသိုလ်ဟူ၍။ တပါးတည်းသာရှိသောကြောင့်။ ကာမကုသိုလ်ဟုရေးသားလျှင်သဟိတ်ကု

သိုလ်လေလေ့။ အဟိတ်ကုသိုလ် လေလေ့-ဟု၊ တွေးတော ယုံမှားရန်မရှိ
ရကား။ မဟာကုသိုလ်စိတ်၏ နိဂုံး၌သဟေတုက သင်္ခါကိုမထည့်သွင်းအပ်။
မဟာဝိပါက်-မဟာကြိယာစိတ်တို့၏ နိဂုံး၌ကား။ သဟိတ်ကာမ ဝိပါက်။
အဟိတ် ကာမဝိပါက်။ သဟိတ်ကြိယာ–အဟိတ်ကြိယာ-ဟူ၍ နှစ်မျိုးစီရှိ
ရကား။ ယုံမှားဘွယ်ကိုပယ်ဖျောက်ခြင်းငှါ၊ သဟေတုကသင်္ခါဖြင့်။ ဝိသေသ
န-မ,တော်မူရသည်-ဟုမှတ်၊ ။ ထိုကြောင့်သင်္ခါကျမ်းတတ်။ မထေရ်မြတ်
တို့သည်။ ။ ယတ္ထယတ္ထ အာသင်္ကာ အတ္ထိ၊ တတ္ထတတ္ထ ပဒိုသေခေါကာ
တဗ္ဗော။ ။ ဟု ပရိဘာသာသုတ်ကို ထုတ်တော်မူကြ၏။ ။ ယတ္ထယတ္ထ၊
အကြင်အကြင် အရာဌာနန၌။ အာသင်္ကာ၊ ယုံမှားဘွယ်သည်။ အတ္ထိ၊ ရှိ၏။
တတ္ထတတ္ထ၊ ထိုထိုနေရာဌာနန၌။ ပဒိုသေခေါ၊ ဝိသေသန-မ,၍တားမြစ်ခြင်း
ကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ။ သင်္ခါကျမ်းပြု၊ ယထာဘူတကထနဝိသေသ
န၊ ဗျဝစ္ဆေဒ-ဝိသေသန-နှစ်ရပ်တို့တွင်၊ ဂေါတမောဘဂဝါပုန်ကဲ့သို့။ ဤနေ
ရာ၌၊ ဗျဝစ္ဆေဒ-ဝိသေသန ဟူ၍၊ သဟေတုကသင်္ခါကို မှတ်အပ်၏။ ။ ဤ
နေရာ၌ဝိသေသနနှစ်ပါး၏၊ ထူးခြားဟန်ကို စာချနိုယံသစ်၌၊ ။ ယထာဘူ
တ-ဝိသေသ၊ သမ္ဘဝ-ရှိလေရာ၊ ။ ဗျဝစ္ဆေဒ၊ ဝိသေသ၊ နှစ်ဝရှိအပ်စွာ။ ။
ဟုပြဆိုအပ်ခဲ့ပြီ။ သင်္ခါကိုငွနနည်း၊ ။ မဟာကြိယာအရ၊ ဝိနိစ္ဆယပြီးပြီ။

---

(၁၀၃) ဝေဒနာ,ဉာဏ်,သင်္ခါရအပြားကိုပိုင်းခြား၍ပြခြင်း။

ဝေဒနာ-ဉာဏ-သင်္ခါရ၊ ဘေဒေန စတုဝီသတိ။
သဟေတုကာမာဝစရ၊ ပုည-ပါက-ကြိယာ မတာ။ ။

သဟေတု ကာမာဝစရ- ပုညပါကကြိယာ၊ သဟိတ်-ကာမာဝစရ-
ကုသိုလ်,ဝိပါက်, ကြိယာစိတ်တို့ကို။ ဝေဒနာဉာဏသင်္ခါရဘေဒေန၊ ဝေဒ
နာ-ဉာဏ်- သင်္ခါရတို့၏ အပြားဖြင့်။ စတုဝီသတိစ၊ ၂၄-ပါး အပြားရှိ
ထုန်၏ဟူ၍။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။ မတာ၊ ဉာဏ်တွင်တပ်တပ်။ သိ
အပ်ကုန်၏။ ။ ဤဂါထာပါဌ်၏ အဓိပ္ပါယ်စကားရပ် သော်ကား။ ။ မဟာ
ကုသိုလ်စိတ်ရှစ်ပါးအရ၊ သောမနဿဝေဒနာ ၄-ပါး။ ဥပေက္ခာဝေဒနာ
၄-ပါး၊ ဉာဏသမ္ပယုတ် ၄-ပါး၊ ဉာဏဝိပ္ပယုတ် ၄-ပါး။ အသင်္ခါရိက ၄-ပါး။
သသင်္ခါရိက ၄-ပါး၊ ဤသို့ရေတွက်အပ်သော၊ သရူပဋ္ဌအရောဝယ်၊ ပဘေ
ဒအားဖြင့်။ ပြားဟန်မှာမူကား။ ။ ခံစားခြင်း ဝေဒယိတ သဘောရှိသော
ဝေဒနာသည်။ သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာ,ဟူ၍ နှစ်ပါးအပြား

ရှိ၏။ထိုနှစ်ပါးတို့တွင်။ သောမနဿ ဝေဒနာသည်။ ဉာဏ်နှင့် ယှဉ်သော သောမနဿဝေဒနာ၊ ဉာဏ်နှင့်မယှဉ်သော သောမနဿဝေဒနာဟူ၍ နှစ်ပါးပြား သတည်း။ ဥပေက္ခာ ဝေဒနာသည်လည်း။ ဉာဏ်နှင့် ယှဉ်သော ဥပေက္ခာဝေဒနာ၊ဉာဏ်နှင့်မယှဉ်သော ဥပေက္ခာဝေဒနာဟူ၍ နှစ်ပါးပြားသတည်း။ဤသည်လျှင် ဝေဒနာနှစ်ဝသည်။ ဉာဏ်လေးဝ ဖြစ်ဟန်တည်း။ ထိုဉာဏ်လေးဝတို့တွင်။ ဉာဏ်နှင့်မယှဉ်သော သောမနဿဝေဒနာသည်။အသင်္ခါရိကတပါး၊သသင်္ခါရိကတပါးအားဖြင့်နှစ်ပါးပြားသတည်း။ဉာဏ်နှင့်မယှဉ်သောသောမနဿဝေဒနာသည်လည်း။ အသင်္ခါရိကတပါး၊ သသင်္ခါရိကတပါးအားဖြင့်နှစ်ပါးပြားသတည်း။ဤသည်လျှင်၊သောမနဿဝေဒနာမှ၊သင်္ခါရလေးပါးပြားဟန်တည်း။ ဥပေက္ခာဝေဒနာမှ-သင်္ခါရလေးပါးပြားဟန်လည်း။ဤနည်းအတူတည်း၊ ဤသို့လျှင်ဉာဏ်လေးဝမှ၊ သင်္ခါရရှစ်ပါးပြားသတည်း။ ဤဂါထာကို၊ ဗိဇတ္ထရူပနနည်း အားဖြင့်၊ သရုပ်ပြသောဂါထာဟူ၍မှတ်အပ်၏။

## (၁၀၄) ဉာဏ်အပြားကိုပမာအားဖြင့်ပြခြင်း။

ဤဂါထာ၌ဝေဒနာသည် သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာဟူ၍။ ပြားရကား၊ ဝေဒနာအပြားသည် ပြားသင့်ပေ၏။ ဉာဏ်အပြားသည်ကား။ ဉာဏ သမ္ပယုတ် တပါး၌သာလျှင် ဉာဏ်ယှဉ်၍၊ ဉာဏ ဝိပ္ပယုတ်၌ ဉာဏ်မယှဉ်သောကြောင့်၊ မသင့်နိုင်-ဟူမူ၊ ၊ဝဿကတော သုဘိက္ခောဒုဗ္ဘိက္ခော၊ ။သုဘိက္ခော၊ဝဖြိုးသာယာခြင်းကိုရင်း။ဒုဗ္ဘိက္ခော၊ငတ်မွတ်ခေါင်းပါးခြင်းကိုရင်း။ဝဿကတောယထာ၊မိုးသည်ပြုပြင်အပ်သကဲ့သို့တည်း။ ၊ ဤပြယုဂ်၌ တိုင်းနေသူ-လူအပေါင်းတို့၏။ အစာအာဟာရပေါများခြင်းကို၊ မိုးသည်ပြုအပ်၏၊ တိုင်းနေသူ-လူအပေါင်းတို့၏။ အစာအာဟာရ-မွတ်သိပ်ခေါင်းပါးခြင်းကို မိုးသည်သာလျှင် ပြုပြင်အပ်၏။ ဤသို့ပြုပြင်သည်ရှိသော်၊ သုဝုဋ္ဌိကာလ-ဒုဗ္ဗုဋ္ဌိကာလ၊ နှစ်ဌာနဖြစ်သကဲ့သို့၊ ထိုနည်းအတူ ယှဉ်ခြင်းကိုရင်း၊ မယှဉ်ခြင်းကိုရင်း။ဉာဏ်သည်သာလျှင်ပြုပြင်ရကား။ ဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ်-ဟူ၍၊ ပြားရတော့သည်ဟုမှတ်။ ။သင်္ခါရအပြားမှာလည်းနည်းတူမှတ်လေ၊

## (၁၀၅) ကာမစိတ်နိဂုံးသချုပ်ကို ထုတ်ပြခြင်း။

ကာမေ တေဝီသပါကာနိ၊ ပုညာပုညာနိ ဝီသတိ။
ဧကာဒသ ကြိယာစေတိ၊ စတုပညာသ သဗ္ဗထာ။ ။

(သင်္ဂဟာအဋ္ဌကထာ)။ ။ကာမေ၊ ကာမတဆဲ့တဘုံ၌၊ ပါကာနိ၊ဝိပါက်စိတ်တို့သည်၊တေဝီသ၊နှစ်ဆဲ့သုံးပါးတို့သည်။ဆိုယုံ၊ဖြစ်ကုန်၏။ ပုညာပုညာနိ၊ကုသိုလ်—အကုသိုလ်စိတ်တို့သည်၊ ဝီသတိ၊ နှစ်ဆယ်တို့သည်၊ ဆိုယုံ၊ဖြစ်ကုန်၏၊ ကြိယာ၊ ကြိယာစိတ်တို့သည်၊ ဧကာဒသ၊ တဆဲ့တပါးတို့သည်၊ ဆိုယုံ၊ဖြစ်ကုန်၏၊ ဣတိ၊ဤသို့၊သဗ္ဗထာ၊ခပ်သိမ်းသောအပြားအားဖြင့်၊ စတုပညာသဧဝ၊ ငါးဆဲ့လေးပါးအပြားရှိကုန်သည်သာလျှင်။ ဆိုယုံ၊ဖြစ်ကုန်၏၊ (စသည်ခွါပုဒ်ကိုအဝတာရဏထုတ်၍ပေးလေ)။

ဤဂါထာပါဌ်အရ၊ သချုပ်ပြသည်ကား။

| | | | | | |
|---|---|---|---|---|---|
| ၁ | အကုသလဝိပါက် | ၇ | ကာမဝိပါက်–၂၃ | ကာမစိတ် ၅၄–ပါး။ |
| | ကုသလဝိပါက် | ၈ | | |
| | မဟာဝိပါက် | ၈ | | |
| ၂ | အကုသိုလ် | ၁၂ | ကုသိုလ်အကုသိုလ် ၂၀ | |
| | မဟာကုသိုလ် | ၈ | | |
| ၃ | အဟိတ်ကြိယာ | ၃ | ကြိယာစိတ်–၁၁ | |
| | မဟာကြိယာ | ၈ | | |

ကာမစိတ်သောမနဿ-ဥပေက္ခာစသည်ကိုပြဦးအံ့၊

| | | | | |
|---|---|---|---|---|
| ၄ | သောမနဿ | ၁၈ | ကာမစိတ် ၅၄–ပါး၊ | ။တနည်း၊ |
| | ဥပေက္ခာ | ၃၂ | | |
| | သောဒေါ-မဟုတ် | ၄ | | |
| ၅ | သမ္ပယုတ် | ၂၀ | ကာမစိတ် ၅၄–ပါး။ | ။တနည်း၊ |
| | ဝိပ္ပယုတ် | ၃၄ | | |
| ၆ | အသင်္ခါရိက | ၁၇ | ကာမစိတ် ၅၄-ပါး၊ | ။တနည်း၊ |
| | သသင်္ခါရိက | ၁၇ | | |
| | အ-သ-မဟုတ် | ၂၀ | | |

ဤကာမစိတ် ၅၄-၌ ခဏ္ဍစက်-ဗန္ဓစက်လှည့်ဦးအံ့။

သောမနဿ သာလျှင်ဖြစ်၍၊သမ္ပယုတ်မဖြစ်သောစိတ် ၁၀။သမ္ပယုတ် သာလျှင်ဖြစ်၍၊ သောမနဿမဖြစ်သောစိတ် ၁၂။ သောမနဿလည်းဖြစ်၊ သမ္ပယုတ်လည်း ဖြစ်သောစိတ် ၈။ သောမနဿလည်း မဖြစ်၊ သမ္ပယုတ် လည်းမဖြစ်သောစိတ် ၂၄၊ဤသို့လျှင်ကာမစိတ် ၅၄-ပါးဖြစ်သတည်း။ ။ ဤနည်းစတုက္ကကိုမှီး၍၊မူလ-မူလီကိုတွဲ၍သရုပ်ခွဲကြလေ၊

(၁) မူလ-မူလီ၊အထိလီ၊ဥာဏ်မှီတွက်စေသော၊

(၂) ဤနည်းမှီခါ၊တွက်စစ်ပါ။သချာအပွမေယျာ။

ဤကာမစိတ်၌၊ သရုပ်ခွဲဇယားကွက်ကိုကားမပြပြီ။ စိတ်ပိုင်းအဆုံးသို့ ရောက်မှသာလျှင်၊တပေါင်းတည်းပြလတ္တံ့။

---

## (၁၀၆) ကာမဘုံ၌ ကာမပုဂ္ဂိုလ်တို့၏စိတ်ကိုပြခြင်း၊

(၁) မဟာထုသိုလ်၊အကုသိုလ်၊အဟိတ်ကိုဟာသိကြဉ်၊

(၂) သုံးဆဲ့-ခုနစ်၊အပါယ်ဖြစ်၊စင်စစ်မိန့်ထွက်ပင်။

(၃) သုံးဆဲ့ခုနစ်မှာ၊ဝိပ်လေးဖြာ၊သွင်းခါစိတ်ဖြစ်ယှဉ်။

(၄) လေးဆဲ့တဖြာ၊သုဂ္ဂတိမှာ၊ရရာအမြဲပင်၊

(၅) လေးဆဲ့တစ်မှာ၊ဘိလေးဖြာ၊သွင်းပါ-တိဟိတ်တွင်၊

(၆) လေးဆဲ့ငါး၀၊စိတ်အရ၊မှတ်ကြသရုပ်-စဉ်၊

(၇) ဒွိဟိဝိစိ၊ပယ်နှုတ်ဘိ၊မိမိဖိုလ်ကိုယှဉ်၊

(၈) သောတာပန္နာ၊သကာဒါ၊ရရာအမြဲပင်၊

(၉) လေးဆဲ့တစ်မှာ၊ဒေါပယ်ပါ၊ဖလာနုတ်သည့်ယှဉ်၊

(၁၀) သုံးဆဲ့ကိုးဖြာ၊အနာဂါ၊ဖလာလှည့်လည်ယှဉ်။

(၁၁) ကာမဝိပါ၊ကြိယာ၊ရဟာဖိုလ်-ထည့်လျှင်၊

(၁၂) သုံးဆဲ့ငါးဖြာ၊ဈာန်မူပါ၊ရဟန္တာစိတ်ရပင်၊

(၁၃) ဈာန်ရဖြစ်ပြန်၊မဟဂ္ဂုံ၊ကိုးတန်ကု,ကိ,ယှဉ်၊

(၁၄) မဂ္ဂဖွဲ့မှာ၊တစ်စီသာ၊သေချာအမြဲပင်၊

(၁၅) ကာမဘုမ္မိ၊စိတ်ရဘိ၊မှတ်သိ-ပြီးထင်ထင်၊

(ဈာနလာဘီ ပုဂ္ဂိုလ်ဖြစ်လျှင်၊ ရှေးပြခဲ့ပြီးသော၊ ဈာန်မရ-စိတ်အရတို့ တွင်၊ တိဟိတ်ပုထုဇ္ဇဉ်-သေက္ခသုံးယောက်ဖြစ်လျှင်၊ မဟာဂ္ဂုတ်၊ ကုသိုလ်-

ကိုးပါးကိုထည့်အပ်၏၊ရဟန္တာဖြစ်လျှင်၊ မဟာကြိယာကိုးပါးကိုထည့်အပ်၏၊ ။(ဤလျှင်စကားချပ်)၊

ကာမာဝစရ စိတ္တသရုပ် ဒုတိသမတ္တ၊

(၁၀၇) ရူပါဝစရစိတ်အရကို ပြဆိုခြင်း။

ပဉ္စဓာဈာနဘေဒေန၊ ရူပါဝစရမာနသံ၊
ပုညပါကကြိယာဘေဒါ၊ တံ ပဉ္စဒသဓာ ဘဝေ၊ ။

ရူပါဝစရမာနသံ၊ရူပါဝစရစိတ်သည်။ ဈာနဘေဒေန၊ ပဉ္စမဈာန်အစရှိသောဈာန်အင်္ဂါတို့နှင့် ယှဉ်သောအပြားအားဖြင့်၊ ပဉ္စဓာ-ပဉ္စဝိဓံ၊ ငါးပါးအပြားရှိသည်၊ ဘဝေ၊ဖြစ်၏။ ပုညပါကကြိယာဘေဒါ၊ကုသိုလ်,ဝိပါက်,ကြိယာတို့၏အပြားအားဖြင့်။ တံ ထိုရူပါဝစရစိတ်သည်၊ ပဉ္စဒသဓာ၊တဆဲ့ငါးပါးအပြားရှိသည်၊ဘဝေ၊ဖြစ်၏၊

ဤဂါထာပါဌ်၏ အဓိပ္ပါယ် စကားရပ်သော်ကား၊ ။ရူပါဝစရ စိတ်သည်၊ပထမဈာန်၊ဒုတိယဈာန်၊ တတိယဈာန်၊စတုတ္ထဈာန်၊ ပဉ္စမဈာန်အားဖြင့် ငါးပါးအပြားရှိ၏၊ကုသိုလ်ငါးပါး,ဝိပါက်ငါးပါး၊ ကြိယာငါးပါးအားဖြင့်၊တဆဲ့ငါးပါးဖြစ်သတည်း။

(၁) ဝိတက်–ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာ-တည်းဟူသောအင်္ဂါငါးပါးရှိသော ပထမဈာန်၊

(၂) ဝိစာရ-ပီတိ-သုခ–ဧကဂ္ဂတာ တည်း ဟူသော အင်္ဂါ လေးပါးရှိသော ဒုတိယဈာန်၊

(၃) ပီတိ-သုခ–ဧကဂ္ဂတာ-တည်း ဟူသော အင်္ဂါ သုံးပါး ရှိသော တတိယဈာန်။

(၄) သုခ-ဧကဂ္ဂတာ-တည်းဟူသောအင်္ဂါနှစ်ပါးရှိသောစတုတ္ထဈာန်။

(၅) ဥပေက္ခာ–ဧကဂ္ဂတာ–တည်းဟူသော အင်္ဂါ နှစ်ပါးရှိသော ပဉ္စမဈာန်၊

ဤနည်းအတူ၊ ရူပါဝစရဝိပါက်-ကြိယာ တို့မှာလည်း ရေတွက် ခွဲယူအပ်တုန်၏မှတ်၊

## (၁၀၈) ဈာန်အပြားကိုပိုင်းခြား၍ပြချက်၊

ဤရူပါဝစရစိတ်၌၊ဈာန်ငါးပါးတို့တွင်၊ ပထမဈာနံ-ဟူသော ပါဌ်အရ၊ ဓေသနက္ကမ-ဒေသနာအစဉ် အားဖြင့်၎င်း၊ ဥပ္ပတ္တိက္ကမ-ဖြစ်စဉ်အားဖြင့်၎င်း ရှေးဦးစွာ ဖြစ်သောကြောင့်၊ ပထမ မည်၏ဟူလို၊ ၊ဈာန်ဟူသည်၊ အာရမ္မဏူပနိဇ္ဈာနဈာန်၊လက္ခဏူပနိဇ္ဈာနဈာန်-ဟူ၍၊ နှစ်ပါးအပြားရှိ၏၊ ထိုတွင်၊ သမာပတ်ရှစ်ပါးသည် ပထဝီကသိုဏ်းဆေစရှိသောအာရုံကိုကပ်၍ ရှုတတ်သောကြောင့်၊ အာရမ္မဏူပနိဇ္ဈာန-ဈာန်မည်၏၊ ဝိပဿနာမဂ်ဖိုလ်တို့တွင်၊ ဝိပဿနာသည်- အနိစ္စ အစရှိသော လက္ခဏာကို ကပ်၍ ရှုတတ်သောကြောင့်၊မဂ်သည်-ဝိပဿနာပြုအပ်သောကိစ္စ၏မဂ်ဖြင့် ပြည့်စုံခြင်းကြောင့်၊ ဖိုလ်သည် နိရောဓသစ္စာ၏ဟုတ်မှန်သော တထလက္ခဏာကိုကပ်၍ ရှုတတ်သောကြောင့်၊ လက္ခဏူပ နိဇ္ဈာနဈာန်ကို အလို ရှိအပ်၏။ ၊အဋ္ဌကထာ အထွက်၊ဈာန်မှတ်ချက်၊ ၊အဘဲ့ကြောင့် ဈာန်မည်သနည်းဟူမူ။ ၊ပထဝီ ကသိုဏ်းစသော အာရုံကိုကပ်၍ ရှုခြင်းကိစ္စရှိသည်၏ အဖြစ်ကြောင့်၎င်း၊ ကာမစ္ဆန္ဒအစရှိသောနီဝရဏတို့ကိုဖုတ်ဖြိုက်တတ်သောကြောင့်၎င်း၊ဈာန် မည်၏ဟုမှတ်၊ထိုကြောင့်ရကား။ ၊ကသိဏာဒိ အာရမ္မဏံ ဈာယတိ ဥပ နိဇ္ဈာယတီတိ ဈာနံ၊ ။ဟူ၍၎င်း၊ ၊ပစ္စနီကဓမ္မေ ဈာပေတီတိ ဈာနံ၊ ၊ ဟူ၍၎င်း။ ၊မိန့်တော်မူကြ၏၊ ၊ယံဓမ္မဇာတံ၊ အကြင် တရား သဘော သည်၊ကသိဏာဒိအာရမ္မဏံ၊ကသိုဏ်းစသောအာရုံကို၊ ဈာယတိဥပနိဇ္ဈာ ယတိ၊ကပ်၍ ရှုတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊ တံဓမ္မဇာတံ၊ ထိုတရား သဘောသည်၊ဈာနံ၊ဈာန်မည်၏၊ ၊ဤလျှင် ပထမဝိကပ်အနက်၊ ၊ယံဓမ္မ ဇာတံ၊အကြင်တရားသဘောသည်၊ ပစ္စနီကဓမ္မေ၊ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတရားတို့ကို၊ဈာပေတိ၊လောင်စေတတ်၏၊ ဣတိတသ္မာ၊ထိုကြောင့်၊ တံဓမ္မဇာတံ၊ထိုတရားသဘောသည်၊ ဈာနံ၊ဈာန်မည်၏၊ ။ဤလျှင် ဒုတိယ ဝိကပ်အနက်၊ ၊ဤသို့မိန့်အပ်၊ ဝစနတ္ထနှင့်အညီ၊ ကသိုဏ်းစသော အာရုံ ကိုကပ်၍ ရှုခြင်းကိစ္စ၊ နီဝရဏတရားတို့ကို ဖုတ်ဖြိုက်ခြင်း ကိစ္စ၊ နှစ်ပါးရှိ ခြင်းကြောင့်၊ဝိတက်စသောစေတသိက်ငါးပါးကိုသာလျှင် ဈာန်ဟု ခေါ်ဝေါ် အပ်၏၊တပါးသောဖဿစသောစေတသိက်တို့သည်၊ ဤသို့ဆိုအပ်ပြီးသော ကိစ္စနှစ်ပါး မရှိခြင်းကြောင့်၊ဈာန်ဟု-မခေါ်ဝေါ်အပ်ကုန်၊ ၊ဟု-သစ္စသင်္ခေပ အဋ္ဌကထာ၌မိန့်တော်မူပေ၏။

(အမေး) ဈာန်နှင့်ဈာနင်၊ဤနှစ်အင်၊အဆိုလျှင်ထူးသနည်း၊

(အဖြေ) အပေါင်းဈာန်ယှဉ်၍၊စိတ်ဈာနင်၊ ဤတွင်အထူးတည်း၊

ဈာန်ဟူသည်၊ ဝိတက်စသော ငါးပါးအပေါင်းကိုသာလျှင် မှတ်အပ်၏၊ ဈာနင် ဟူသည်- ဝိတက်- ဝိစာရ-ဟူသော အစိတ်-အစိတ်ကို မှတ်အပ်၏။ လောကူပမာ အားဖြင့်၊ ဖွည်းဟု ခေါ်ဝေါ်ရာ၌၊ ဖွည်းဘီး-လှည်းဒိမ်-စသောအဆောက်အဦးအပေါင်းကို ပေါင်းစပ်မှသာလျှင်၊ ဖွည်း့ရထားဟု ခေါ်ဝေါ်ရ၏၊ တခုစီခွဲ၍ထားခဲ့သည်ရှိသော်၊ လှည်းအင်္ဂါဟုခေါ်ဝေါ်ရ၏သို့။ ဈာန်နှင့်-ဈာနင်တို့လည်း၊ အပေါင်း့အစိတ်ဟူ၍ပိုင်းခြားအပ်၏၊ ၊ဤလျှင် ဈာန်နှင့်ဈာနင်အထူးတည်း။

---

(၁၀၉) ဈာန်အင်္ဂါဖြင့်နီဝရဏပယ်ဟန်ကိုပြခြင်း။

ဈာန်အင်္ဂါတို့သည်၊ ငါးပါးရှိသည်တို့တွင်၊ ဝိတက်သည်-ထိနမိဒ္ဓနီဝရဏကို၊ ဝိစာရသည်-ဝိစိကိစ္ဆာကို၊ ပီတိသည်-ဗျာပါဒကို။ သုခသည်-ဥဒ္ဓစ္စ-ကုက္ကုစ္စကို၊ ဧကဂ္ဂတာသည်-ကာမစ္ဆန္ဒကို၊ ရေသည့်-မီးကိုငြိမ်းစေဘိသကဲ့သို့၊ ငြိမ်းစေတတ်၏ဟု—ပေဋကောပဒေသကျမ်း၌မိန့်ဆိုတော်မူ၏၊ ၊(ပေဋကောပဒေသဟူသည်။ နေတ္တိကျမ်းကိုဆိုလိုသည်၊ ၊စကားချုပ်)၊ ၊အဝိဇ္ဇာနီဝရဏကိုကား၊ ဈာနအင်္ဂါနှင့်မပယ်နိုင်ကုန်၊ အရဟတ္တမဂ်ဖြင့်သာလျှင်ပယ်နိုင်ကုန်၏။ ထိုကြောင့်ရကား၊ အဋ္ဌသာလိနီ အဋ္ဌကထာ၌၊ ၊အဝိဇ္ဇာအရဟတ္တမဂ္ဂေနပဟီယတိ။ ၊အဝိဇ္ဇာ၊အဝိဇ္ဇာကို။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်၊ ပဟီယတိ၊ ပယ်အပ်၏။ ၊မာန-ကိုလည်း၊ ဤနည်းအတူမှတ်၊

(အမေး) ပဥ္စမဈာန်တွင်၊ ဥပေက္ခာ၊ ဈာနင်ခြောက်ပါးရှိအံ့နည်း၊
(အဖြေ) ဥပေက်ဈာနင်၊ ငြိမ်သက်လျှင်၊ သုခတွင်သွင်းသတည်း၊

ဥပေက္ခာဝေဒနာသည်ငြိမ်သက်သောသဘောရှိသောကြောင့်။ သုခဝေဒနာ၌ သွင်းရကား။ ဈာန်အင်္ဂါငါးပါး သာလျှင်တည်း။ ခြောက်ပါးမဟုတ်၊ ထိုကြောင့်ရကား၊ သမ္မောဟ အဋ္ဌကထာကြီး၌၊ ၊ဥပေက္ခာ သန္တဝုတ္တိတ္တာ၊ သုခမိစ္စေဝဘာသိတာ၊ ၊ဟုမိန့်တော်မူ၏။ ။ဥပေက္ခာ၊ ဥပေက္ခာဝေဒနာကို၊ သန္တဝုတ္တိတ္တာ၊ ငြိမ်သက်သောဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့်၊ သုခမိစ္စေဝ၊ သုခဟူ၍သာလျှင်၊ ဘာသိတာ၊ ဆိုအပ်၏၊ ၊သစ္စသင်္ခေပအဋ္ဌကထာမှာလည်းနည်းတူ၊

---

## (၁၁၀) ဈာန်ငါးပါးတို့၏အာရုံပြုဟန်ကိုပြခြင်း။

{ ကသိုဏ်း ၁၀-ပါး၊
အသုဘ ၁၀-ပါး။
အာနာပါနဿတိ။
ကာယဂတာသတိ။
မေတ္တာ-ကရုဏာ-မုဒိတာ။ } ဤ ၂၅-ပါးသောပဋိဘာဂနိမိတ်ကို ပထမဈာန်-အာရုံပြုသည်။

{ ကသိုဏ်း ၁၀-ပါး။
အာနာပါနဿတိ။
မေတ္တာ-ကရုဏာ-မုဒိတာ။ } ဤ ၁၄-ပါး သော ပဋိဘာဂ နိမိတ်ကို။ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန် အာရုံပြုသည်။

{ ကသိုဏ်း ၁၀-ပါး။
အာနာပါနဿတိ။
ဥပေက္ခာ။ } ဤ ၁၂-ပါးသော ပဋိဘာဂ နိမိတ် ကို ပဥ္စမဈာန်အာရုံပြုသည်။

လင်္ကာအချုပ်၊နယဒုတ်ကား။

(၁) ဈာန်ငါးမည်ရ၊အာရုံပြု၊ဆိုကြ၍သို့လာ။
(၂) အသုဘ-ကသိဏာ၊အာနာပါ၊မေတ္တာ,တု,မု,ကာ။
(၃) နှစ်ဆဲ့ငါး၀၊အာရုံပြု၊ဈာန-ပထမာ။
(၄) ဒသကသိဏာ၊မုဒိတာ၊ကရုဏာ,မေတ်,အာနာ။
(၅) တဆဲ့လေးတန်၊ဒု,တ,ဈာန်၊စတုတ္ထံ အာရုံသာ။
(၆) ကသိဏ,အာနာ၊ဥပေက္ခာ၊ဆဲ့နှစ်ဖြာ ပဥ္စမာ။

---

## (၁၁၁) ရူပါဝစရစိတ်ကို အသင်္ခါရ-သသင်္ခါရခွဲပြချက်။

ဤရူပါဝစရဈာန်ကိုမူကား။ရှေးဘဝ၌အားထုတ်ခဲ့သော။ပုဗ္ဗာဘိသင်္ခါရရှိကြသော်လည်း။ယခုဘဝ၌ဈာန်ဖြစ်ရန်ထပ်မံ၍ အားထုတ်ခြင်းအမှုကို မပြုလျှင်ဈာန်ကိုမရနိုင်၊ ယခုဘဝ၌ ထပ်၍တဘန်၊ အားထုတ်ခြင်းပြုပြန်မှသာလျှင် ဈာန်ကိုရနိုင်၏။ ယခုပစ္စုပ္ပန်တွင်လည်း၊ ရှေးရပြီးသော ဈာန်ကို အဘန်ဘန်ဝင်စားနိုင်မှသာလျှင်။ချပ်တရက်ဈာန်ကို ဝင်စားနိုင်၏။ ဈာန်ကို ရပြီးသည်နောက်။သမ္မာပဇ္ဇနအားဖြင့်ထပ်မံ၍မဝင်စားလျှင်၊ ဈာန်ကိုအမြန်မဝင်စားနိုင်ထုန်။ထိုသို့ရှေးဦးစွာအားထုတ်အပ်သော၊ပုဗ္ဗာဘိသင်္ခါရရှိပါမှ

သာလျှင်၊ ဈာန်တရားကိုရသောကြောင့်၊ ဤရူပါဝစရစိတ်ကို သသင်္ခါရိက ဟူ၍ မှတ်သားအပ်၏။ ထိုကြောင့်ရကား အဋ္ဌသာလိနီ အဋ္ဌကထာ၌။ ။ သသင်္ခါရေန သပ္ပယောဂေန ကိလမန္တော ဝိက္ခမ္ဘေတိ။ ။ဟုမိန့်တော်မူ၏၊ ။ အဘိဓမ္မာဝတာရအဋ္ဌကထာ၌လည်း။

ရူပါဝစရစိတ္တေသု၊ သသင်္ခါရိကမာဒိသော၊
ပုဗ္ဗပယောဂေနဝိနာ၊ တေသံအနုပ္ပဇ္ဇနတော၊ ။

ဟုမိန့်၏။ ။ရူပါဝစရစိတ္တေသု၊ ရူပါဝစရစိတ်တို့၌။ သသင်္ခါရိကံ၊ သသင်္ခါရဟူ၍။ အာဒိသော၊ ယူရာ၏။ ကသ္မာ၊ အဘယ့်ကြောင့်ဟူမူ။ ပုဗ္ဗပယောဂေန၊ ရှေးဦးစွာအားထုတ်အပ်သော ပုဗ္ဗပယောဂနှင့်။ ဝိနာ၊ ကင်း၍။ တေသံ၊ ထိုဈာန်တရားတို့၏။ အနုပ္ပဇ္ဇနတော၊ မဖြစ်နိုင်သောကြောင့်တည်း။

ဓိဓိရပြီးသောဈာန်တရားကို နောက်ထပ်တဘန်၊ သမာပဇ္ဇန
အားဖြင့်ဝင်စားပြန်သဖြင့်၊ အလျင်အမြန်ဈာန်ထ
နိုင်သော။ ဗုဒ္ဓရက္ခိတမထေရ်ဝတ္ထုကို
ပြဦးအံ့။

ဘိပဟိုဋ္ဌကျွန်း၊ ရှင်မဟိန္ဒ မထေရ် တို့သည် ကျရောက်ရာ၊ သရက်ပင် ရောက်သောထုန်း၌၊ မဟာရောဟဏဂုတ္တမထေရ်ကြီး၊ မကျန်းမာတော်မူ သောအခါ။ သူနာကိုအလုပ်အကျွေးပြုလာကြကုန်သော၊ ရဟန်းတော်သုံး သောင်းတို့သည်၊ ဈာန်ရ-ဈာနလာဘီတို့သည် ဖြစ်ကုန်သတတ်။ ထိုအခါ ဝယ် မဟာရောဟဏမထေရ်ကြီးအား၊ နေ့တိုင်းမပျက်၊ ယာဂုကြိုလျက်၊ ဆက်ကပ်သော လုဥပါသကာ အသွင်ယောင်ဆောင်လျက်နေသော။ နဂါး လုလင်ကို သုပဏ္ဏရာဇာဂဠုန်မင်းသည် တွေ့မြင်လေလျှင်။ ကောင်းကင်မှ သက်ဆင်း၍၊ ဘမ်းယူမည်လာသည်ရှိသော်။ ထိုနဂါးလုလင်ကလေးသည်၊ ရဟန်းတော်သုံးသောင်းတို့အား။ ဂဠုန်၏ဘေးရန်ကို တားမြစ်တော် မူကြ ပါဟု-လျှော်ထားတောင်းပန်လေလျှင်။ ဈာနလာဘီအရှင်တို့သည်။ အဆော တလျင်ဈာန်ကိုဝင်စား၍၊ ဈာန်မရနိုင်ကြ၊ လက်မှိုင်ကျခါမှသာလျှင်။ ရှစ်ဝါ ရသောဗုဒ္ဓရက္ခိတ မထေရ်ကလေးသည်၊ ဈာန်ကို အဆောတလျင် ဝင်စား ပြီးလျှင်၊ တောင်ကြီးကိုဖန်ဆင်းလျက်၊ နဂါးလုလင်၏လက်မောင်းကိုကိုင် ပြီး၍၊ တောင်ခေါင်းကြီးသို့သွင်းသောအခါ၊ သုပဏ္ဏရာဇာဂဠုန်မင်းသည်၊ တောင်ကိုအတောင်ဖြင့်ရိုက်ပြီးလျှင်၊ ကောင်းကင်ခရီးသို့ပျံလျက်၊ သွားရ

ပေ၍၊ ထိုအခါမထေရ်ကြီးသည် ဤသို့ဆိုတော်မူ၏။ ။သစေအာဝုသော ရက္ခိတော၊နာဘဝိဿ၊ သဗ္ဗေဝဂါရယှာအဿာမ၊ ။အာဝုသော၊ ငါ့ရှင်တို့။ရက္ခိတော၊ဗုဒ္ဓရက္ခိတသည်။ သစေနာဘဝိဿ၊အကယ်၍ မရှိသည်ဖြစ်ငြားအံ့၊သဗ္ဗေဝ၊အလုံးစုံသောငါတို့သည်သာလျှင်၊ ဂါရယှာ၊ အကဲ့ရဲ့ခံရကုန်သည်၊ အဿာမ၊ဖြစ်ရကုန်အံ့။ ။ဤဝတ္ထုကိုထောက်ထား၍။ ဈာန်ရပြီးသော ပုဂ္ဂိုလ်ဖြစ်ငြား သော်လည်း၊ ၎င်း ဈာန်ကို ထပ်၍ မသုံးသပ်လျှင်၊ မဝင်စားနိုင်ထုန်၊

---

## (၁၁၂) ရူပါဝစရစိတ်ကို သဓ္ဓယုတ်, ဝိဠယုတ်ခွဲနည်း။

ဤရူပါဝစရစိတ်သည်၊ ပညာနှင့် ယှဉ်သောကြောင့်၊ ဉာဏသမ္ပယုတ်မည်၏။ဝိပ္ပယုတ်မဟုတ်၊ထိုကြောင့်ရကား၊ အဋ္ဌသာလိနီအဋ္ဌကထာ၌။ ။ ရူပါဝစရာရူပါဝစရံပန တိဟေတုကမေဝ ဉာဏသဓ္ဓယုတ္တမေဝ၊ ။ဟုဘွင့်ပြတော်မူ၏၊ ။ရူပါဝစရာရူပါဝစရံပန၊ရူပါဝစရစိတ်–အရူပါဝစရစိတ်သည်ကား။ တိဟေတုကမေဝ၊ တိဟိတ်သည်သာလျှင်တည်း၊ ဉာဏသဓ္ဓယုတ္တမေဝ၊ဉာဏသမ္ပယုတ်သည် သာလျှင်တည်း၊ ။အရူပမှ–လောကုတ္တရာမှာလည်း၊ သသင် ါရိက– ဉာဏသမ္ပယုတ်– ဟူ၍သာလျှင် မှတ်အပ်၏

---

## (၁၁၃) ဝိသဒ္ဓါအရပေါင်းဟန်ကိုပြခြင်း။

ဈာနာနိပဉ္စပိရူပါဝစရကုသလစိတ္တာနိ၊ ။ဟူသောပါဠိ၌ အကြွင်းဝင်သောဝိသဒ္ဓါဖြင့် ပေါင်းအပ်သည်ရှိသော်။ များစွာသော ဈာန်စိတ်တို့သည် ဖြစ်ကုန်၏၊ ။ဖြစ်ဟန်ကား၊ရူပါဝစရဈာန်သည်၊စတုက္ကနည်း ၄-ပါး၊ပဉ္စကနည်းငါးပါး၊ ပေါင်းသုဒ္ဓိကနဝကကိုးပါးဖြစ်၏၊၎င်းကိုဒုက္ခာပဋိပဒါဒန္ဓာဘိညာ–စသောပဋိပဒါ ၄-ပါးနှင့်မြှောက်သည်ရှိသော်၊ပဋိပဒါနဝက လေးပါးဖြစ်၏၊ ရှေးပြခဲ့သော သုဒ္ဓိကနဝကကို တည်ပြန်၍၊ ပရိတ္တံ–ပရိတ္တာရမ္မဏံ,စသောအာရမ္မဏစတုက္ကနှင့် မြှောက်သည်ရှိသော်၊ အာရမ္မဏနဝက လေးပါးဖြစ်၏။ဤသို့လျှင်၊ သုဒ္ဓိကနဝက,ပဋိပဒါနဝက,အာရမ္မဏနဝက, သုံးရပ်ပေါင်းသည်ရှိသော် နဝကကိုးပါးဖြစ်၏။ ပဋိပဒါစတုက္ကကို အာရမ္မဏစတုက္ကနှင့်မြှောက်ပြန်သည်ရှိသော်၊ တဆဲ့ခြောက်ပါးဖြစ်၏။ ၎င်းတဆဲ့ခြောက်ပါးနှင့်၊ရှေးဆိုအပ်ပြီးသောသုဒ္ဓိကနဝကကို မြှောက်သည် ရှိသော်

နဝက တဆဲ့ခြောက်ပါးဖြစ်၏။ ၎င်းတဆဲ့ခြောက်ပါးနှင့်၊ နဝက ကိုးပါးကို ပေါင်းပြန်သော်၊ နဝက နှစ်ဆဲ့ငါးပါးဖြစ်၏။ ပထဝီအစ-ဩဒါတ-အဆုံးရှိသောကသိုဏ်းရှစ်ပါးတို့၌၊ ရှေ့လေးပါးတို့တွင် တခုတခု၌၊ သုဒ္ဓိကနဝက တပါး၊ ပဋိပဒါနဝကလေးပါး၊ အာရမ္မဏနဝကနှစ်ပါး၊ ပဋိပဒါရမ္မဏနဝက ရှစ်ပါး၊ ပေါင်း ၁၅-ပါးသော နဝကတို့သည် ဖြစ်ကုန်၏၊ ဤသို့သော် နဝက ပေါင်းခြောက်ဆယ်တို့သည်ဖြစ်ကုန်၏-ဟုဒီပနီဋီကာ၌ ပြတော်မူပေ၏။

---

## (၁၁၄) ပဋိပဒါလေးပါးကိုခွဲခြား၍ပြခြင်း။

စတသောဈာနမာဘိက္ခဝေပဋိပဒါ၊ကတမာစတဿော၊ ဒုက္ခာပဋိပဒါ-ဒန္ဓာဘိညာ၊ ဒုက္ခာပဋိပဒါခိပ္ပါဘိညာ၊ သုခါပဋိပဒါဒန္ဓာဘိညာ၊ သုခါပဋိပဒါခိပ္ပါဘိညာ။ ။စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်။ ။ဘိက္ခဝေ၊ရဟန်းတို့၊ပဋိပဒါ၊အကျင့်တို့သည်၊ စတဿော၊ ဤလေးပါးတို့တည်း။ ကတမာစတဿော၊အဘယ်လေးပါးတို့နည်းဟူမူ၊ ဒုက္ခာပဋိပဒါ၊ဆင်းရဲငြိုငြင်သော အကျင့်ရှိသော၊ဒန္ဓာဘိညာ၊နှံ့နှေးသောအဘိညာဉ်ရှိသော။ ပဋိပဒါ၊အကျင့် ၎င်း။ဒုက္ခာပဋိပဒါ၊ဆင်းရဲငြိုငြင်သောအကျင့်ရှိသော၊ ခိပ္ပါဘိညာ၊လျင်မြန်သောအဘိညာဉ်ရှိသော၊ပဋိပဒါ၊အကျင့်၎င်း။ သုခါပဋိပဒါ၊ ချမ်းသာသော အကျင့်ရှိသော။ဒန္ဓာဘိညာ၊နှံ့နှေးသောအဘိညာဉ်ရှိသော၊ ပဋိပဒါ၊အကျင့် ၎င်း။သုခါပဋိပဒါ၊ချမ်းသာသောအကျင့်ရှိသော၊ခိပ္ပါဘိညာ၊လျင်မြန်သော အဘိညာဉ်ရှိသော။ ပဋိပဒါ၊အကျင့်၎င်း၊ ဣမာစတဿော၊ ဤလေးပါးတို့ တည်း။ ။ဤပါဠိတော်အရ-ပဋိပဒါ ဟူသည်၊ သမထဘာဝနာဖြင့် ဈာန်ကိုဖြစ်စေခြင်း၊ ဝိပဿနာ ဘာဝနာဖြင့် မဂ်ကို ဖြစ်စေခြင်းကို မှတ်အပ်၏။ အကြင် ပုဂ္ဂိုလ်တို့သည်။ ကိလေသာတို့ကို ခွါသည်ရှိသော်၊ ငြိုငြိုငြင်ငြင် ခွါရသည်ဖြစ်အံ့၊ဒုက္ခပဋိပဒါမည်၏။ ကိလေသာတို့ကို အလွယ်တကူခွါရ သည်ဖြစ်အံ့၊သုခပဋိပဒါမည်၏၊အပ္ပနာ၏အဟုန်ကို၎င်း၊ဝိပဿနာ၏ အဟုန် ကို၎င်း ယူသည် ရှိသော်၊ ကြာမြင့်မှ ရသည်ဖြစ်အံ့၊ ဒန္ဓာဘိညာ မည်၏၊ အလျင် အမြန်ရသည်ဖြစ်အံ့။ ခိပ္ပါဘိညာမည်၏-ဟူလို။ ။အဋ္ဌကထာဥမိန့် ချက်။ ။ဤအကျင့်ပဋိပဒါသည်၊ ထူပဲရှားလေသလော-မထူပဲရှားလေသ လော့ဟူမူ၊ထူပ်ရှား၏ဟုမှတ်၊ ထိုစကားသည်သင့်စွ၊ မြတ်စွာဘုရား၏၎င်း၊ ရှင်သာရိပုတ္တရာမထေရ်၏၎င်း၊လေးပါးသောမဂ်တို့သည်၊သုခါပဋိပဒါခိပ္ပါ ဘိညာသည် ဖြစ်၏၊ ရှင်မောဂ္ဂလာန် မထေရ်မြတ်အား သောတာပတ္တိမဂ်

သည်၊ သုခါပဋိပဒါခိပ္ပါဘိညာ မည်၏။ အထက်မဂ်သုံးပါးသည် ဒုက္ခာပဋိပဒါ-ခိပ္ပါဘိညာ မည်၏။ အဘယ့်ကြောင့်ဟူမူ၊ ငိုက်မျည်းခြင်းဖြင့် နှိပ်စက်သည်၏ အဖြစ်ကြောင့်တည်း။ မြတ်စွာဘုရားကိုယ်တော်မြတ်သည်၊ ရှင်မောဂ္ဂလာန်မထေရ်မြတ်ကို၊ ခုနစ်ရက်ပတ်လုံး၊ သူငယ်ကိုစောင့်ရှောက်သကဲ့သို့၊ စောင့်ရှောက်တော်မူ၏။ ရှင်မောဂ္ဂလာန်မထေရ်မြတ်သည်၊ တနေ့သောအခါ၌၊ ငိုက်မျည်း၍နေသတတ်။ ထိုအခါ မြတ်စွာဘုရားသည်၊ ဤသို့မိန့်တော်မူပေ၏။ ။ မောဂ္ဂလာနပစလာယသိနော်တွံမြာဟ္မဏ။ ။ မြာဟ္မဏ၊ မကောင်းမှုကိုအပပြုခြင်းသဘောရှိထသော။ မောဂ္ဂလာန၊ မောဂ္ဂလာန်။ တွံ၊ သင်သည်။ ပစလာယသိနော၊ မျက်လွှာတဖျပ်ဖျပ်၊ မှေးတုပ်မှေးတုပ်ရှိသလော့။ ။ ဤဝဏ္ဏကိုထောက်ထား၍၊ ဤသို့သဘောရှိသော မဟာဘိညာဉ်သို့ ရောက်သော သာဝကကြီး၏ပဋိပဒါသော်မှလည်း၊ ဖျပ်ရှားသေး၏၊ ကြွင်းသောပုဂ္ဂိုလ်တို့အား၊ အဘယ်မှာဆိုဘွယ်ရှိတော့အံ့နည်း၊ဟု တပ်အပ်သချာ၊ မှတ်တုန်ရာ၏။ ။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌မှာမူကား၊ သာဝကနှစ်ပါးတို့၏ပဋိပဒါသည်တသီးတခြားအားဖြင့်လာရှိ၏။ အဋ္ဌသာလိနီအဋ္ဌကထာနှင့်မတူ။ ။ နိကာယ်ဆရာတို့၏ဝါဒဟူ၍သာမှတ်အပ်၏။

---

## (၁၁၅) အဘိညာဉ်စိတ်ကိုပြခြင်း။

(အမေး) အဘိညာဉ်စိတ်၊ မည်သည့်ဟိတ်၊ စွဲလိတ်ဘယ်သို့နည်း။
(အဖြေ) ရူပ-ကု,ကိမှန်၊ ပဥ္စမံ၊ အဘိညာဉ်ဆွေးပေတည်း။

ဥပစာရတောပဋ္ဌာယယာဝ အပ္ပနာ၊ တာဝပဝတ္တာပညာ အဘိညာတိ ဝုစ္စတိ၊ ။ အဋ္ဌသာလိနီ အဋ္ဌကထာ။ ။ ဥပစာရတော၊ ဈာန်၏ ဥပစာရဇောမှ၊ ပဋ္ဌာယ၊ စ၍၊ ယာဝ၊ အကြင်မျှလောက်၊ အပ္ပနာ၊ အပ္ပနာဇောသည်၊ အတ္ထိ၊ ရှိ၏၊ တာဝ၊ ထိုမျှလောက်၊ ပဝတ္တာ၊ ဖြစ်သော၊ ပညာ၊ ပညာ စေတသိက်ကို၊ အဘိညာတိ၊ အဘိညာဉ်ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ ။ ရူပါဝစရကုသိုလ်ကြိယာ ပဥ္စမဈာန်ဆွေး၌ယှဉ်သောပညာကို အဘိညာဉ်ဟူ၍မှတ်။ အဘယ့်ကြောင့်ဟူမူ၊ အောက်ပညာမှထူးသောအားဖြင့် သိတတ်သောကြောင့်တည်း။ ။ အဘိဝိသေသတောဇာနာတီတိအဘိညာဏံ၊ ။ ယံဓမ္မဇာတံ၊ အကြင်တရား၏သဘောသည်။ အဘိဝိသေသတော၊ ထူးသောအားဖြင့်၊ ဇာနာတိ၊ သိတတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်၊ တံဓမ္မဇာတံ၊ ထိုတရားသဘောသည်၊ အဘိညာဏံ၊ အဘိညာဉ်မည်၏၊ ထိုအဘိညာဉ်သည်၊ အထူးသဖြင့်

သိထတ်သောသာမညလက္ခဏာအားဖြင့် တပါးသာတည်း။ဝိသေသလက္ခဏာအားဖြင့်။ ဒုဗ္ဗိဝိဓအဘိညာဉ်၊ ဒိဗ္ဗသောတအဘိညာဉ်၊ စေတောပရိယအဘိညာဉ်၊ ပုဗ္ဗေနိဝါသအဘိညာဉ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်အားဖြင့် ငါးပါးအပြားရှိ၏၊ လောကီအဘိညာဉ်ငါးပါးဟူလို၊ ။၎င်းငါးပါးတွင်၊ အာသဝက္ခယညာဏ်ကိုထည့်သွင်းလျှင်၊အဘိညာဉ်ခြောက်ပါးဖြစ်သတည်း။ ။ အဘိညာဉ်ကိစ္စတပ်သော ပဋ္ဌမဈာန်နှင့်၊အဘိညာဉ်ကိစ္စမတပ်သော ပဋ္ဌမဈာန်သည်၊ အဘယ်သို့ ထူးခြားပါသနည်းဟူမူ၊ ။အဘိညာဉ် ကိစ္စတပ်သော ပဋ္ဌမဈာန်သည်။ပဋိသန္ဓေ–ပဝတ္တိအကျိုးကိုမပေးနိုင်။အဘဲ့ကြောင့်ဟူမူ၊ ။တူသောဘုံမှ အာသေဝနပစ္စည်းကို မရသောကြောင့်အကျိုးမပေးဟု မှတ်အပ်၏ဟူ၍ နာမရူပပရိစ္ဆေဒအဋ္ဌကထာ၌။

သမာနာသေဝနေလဒ္ဓေ၊ ဝိဇ္ဇမာနေ မဟာဗ္ဗလေ။
အလဒ္ဓါတာဒိသံဟေတုံ၊ အဘိညာ န ဝိပစ္စတိ။ ။

ဟုမိန့်တော်မူ၏၊ ။သမာနာ သေဝနေ၊ သဘောတူသောစိတ်မှ အာသေဝနပစ္စည်းကို၊ လဒ္ဓေ၊ရအပ်သော်မှ၊ မဟာဗ္ဗလေ၊ အားကြီးသောအဖြစ်သည်။ဝိဇ္ဇမာနေ၊ရှိပါမှ၊ ဝိပါကံ၊အကျိုးကို၊ ဒေတိ၊ပေးနိုင်၏၊ အဘိညာ၊အဘိညာဏသိုဝ်သည်။တာဒိသံဟေတုံ၊ထိုသို့သောအကြောင်းကို၊ အလဒ္ဓါ၊ မရ၍၊နဝိပစ္စတိ၊အကျိုးမပေးနိုင်၊ ။ဤသို့ ရှင်အနုရုဒ္ဓါဆရာ ဆိုအပ်သော အဓိပ္ပါယ်ကို အနုဋီကာဆရာ ရှင်ပြပါလသည် မနှစ်သက်။အဘဲ့ကြောင့်ဟူမူ၊ အာဒိကမ္မိက ပထမဈာန်ဇောသည်၊ တူမျှသောစိတ်မှ၊ အာသေဝနပစ္စည်း မရငြားသော်လည်း၊ အကျိုးပေးသည်ကို ထောက်သော ကြောင့်တည်း၊ ။အနုဋီကာဆရာတော်၏အလိုအားဖြင့်ကား၊အဘိညာဉ်စေတနာသည်။ကာမတရားစသည်ကိုအာရုံပြု၍၊ စတုတ္ထဈာန်သမာဓိ၏ အာနိသင်ကြောင့်ဖြစ်ရကား၊ ဝိပါက်အရာ၌တည်ရ၏။ ထိုကြောင့်၊ အာရုံမတူသော ပညတ်ကို အာရုံပြုသော ဝိပါက်ကို အကျိုးမပေးနိုင်–ဟူ၍၊ ယတိမှတ်၍။ ပဋိစ္စသမုပ္ပါဒ် အဘွင့် အနုဋီကာ၌ မိန့်တော်မူ၏၊ ။အဘိညာဉ် ကိစ္စတပ် သော ပဋ္ဌမဈာန်သည်ကား။ ရုပ်ဒြေငါးပါးအားလျော်စွာ။ အကျိုး ပေး၏ဟူ သို၊ ။ဤလျှင် အထူးတည်း။

## (၁၁၆) သောမနဿ-ဥပေက္ခာကို ခွဲ၍ပြခြင်း။

| | | | |
|---|---|---|---|
| ပထမဈာန် | ၃ | သောမနဿ-တဆဲ့နှစ်ပါး၊ | ရူပစိတ်-၁၅၊ |
| ဒုတိယဈာန် | ၃ | | |
| တတိယဈာန် | ၃ | | |
| စတုတ္ထဈာန် | ၃ | | |
| ပဉ္စမဈာန် | ၃ | ဥပေက္ခာ-သုံးပါး၊ | |

ဤရူပါဝစရစိတ်၌ ရူပပုဂ္ဂိုလ်တို့၏စိတ်ရကို ပြဆိုဦးအံ့၊

(၁) အထုသိုထ်ဝယ်၊ဒေါသပယ်၊အဟိတ်ဝယ်-တဆဲ့တစ်၊
(၂) စက္ခုသောတ၊အာဝဇ္ဇ၊ပဋိစ္ဆသံတီဖြစ်၊
(၃) မဟာမဟာဂ်၊ထုသိုလ်စွက်၊ထည့်ရက်မိသနှစ်၊
(၄) သုံးဆဲ့ကိုးပါး၊တိဟိတ်သား၊ရဂြားပုဂ္ဂလစ်၊
(၅) ဒိဋ္ဌိဝိစိ၊ပယ်နှုတ်ဘိ၊မိမိဖလာဖြစ်၊
(၆) သုံးဆဲ့ငါးဝ၊စိတ်အရ၊သော-သ-အနာဂစ်၊
(၇) ဇာနာဒိကြည်၊အဟိတ်တွင်၊ကိ,လျှင်မဟာဖြစ်၊
(၈) ကိရိမဟာဂ်၊မိသံစွက်၊ဖလက်သုံးဆဲ့တစ်၊
(၉) ရူပပုဂ္ဂလ၊စိတ်အရ၊ပြီးထသရုပ်စစ်၊

ဤရူပါဝစရစိတ်သည်၊ စတုက္ကနည်းအားဖြင့်၊ ကုသိုလ်လေး၊ ဝိပါက်လေး၊ကြိယာလေးအားဖြင့်၊တဆဲ့နှစ်ပါးဖြစ်သတည်း၊ ပဉ္စကနည်းအားဖြင့်၊ ကုသိုထ်ငါးပါး၊ ဝိပါက်ငါးပါး၊ ကြိယာငါးပါး၊ ပေါင်းတဆဲ့ငါးပါး ဖြစ်သတည်း၊ ၊ဓမ္မသင်္ဂဏီ ပါဠိတော်၌၊ ရူပါဝစရစိတ်ကို စတုက္ကနည်းဖြင့်သာလျှင်ဟောကြားတော်မူခဲ့၏၊ရှင်အနုရုဒ္ဓါမထေရ်သည်ကား၊ ဤသင်္ဂြိုဟ်ကျမ်း၌၊ပဉ္စကနည်းဖြင့်၊မိန့်ကြားရေးသားတော်မူခဲ့၏၊အဘဲ့ကြောင့်၊ ရှင်အနုရုဒ္ဓါမထေရ်မြတ်သည်၊ ဘုရားဟောပါဠိတော်နည်း၊ စတုက္ကကိုမရေးသားမူ၍၊ပဉ္စကနည်းကိုရေးသားပါသနည်းဟူမူ၊ ၊စတုက္ကနည်း၏၊ပဉ္စကနည်း၌ အကြွမ်း ဝင်သော ကြောင့်တည်း၊ ၊ထိုကြောင့် ရကား၊ သင်္ခေပ ဋီကာ၌၊ ၊စတုက္ကနယဿ ပဉ္စကနယေအန္တောဂဓတ္တာ၊ ၊ဟူ၍ ဘွင့်တော်မူပေ၏၊ ၊စတုက္ကနယဿ၊ စတုက္ကနည်း၏၊ ပဉ္စကနယေ၊ ပဉ္စကနည်း၌၊ အန္တောဂဓတ္တာ၊ အကြွမ်းဝင်သောကြောင့်တည်း၊ ၊ဤသို့ပြအပ်ပြီးသော နည်းနှစ်ရပ်တို့တွင်၊ ရူပါဝစရစိတ်သည်၊ စတုက္ကနည်းအားဖြင့်၊ အဘယ်

ပုဂ္ဂိုလ်အား ဖြစ်သနည်း ဟူမူ။ ။ဝိတက်- ဝိစာရ- ဈာန်အင်္ဂါ နှစ်ပါးကို တပေါင်းတည်းလွန်မြောက်အောင်ပွါးနိုင်သော။ တိက္ခပညာကိုက ပုဂ္ဂိုလ်အား စတုက္ကနည်း ရူပါဝစရဈာန်စိတ်သည်ဖြစ်၏ဟုမှတ်၊ ။ထိုမှတပါး၊ ပဉ္စက နည်းသည်ကား၊ ဝိတက်-ဝိစာရ-ဈာန်အင်္ဂါနှစ်ပါးကို။ အသီးအသီး လွန် မြောက်အောင်ပွါးသော။ နာတိတိက္ခပုဂ္ဂိုလ်အား ဖြစ်၏ဟုမှတ်၊ ။ဤသို့ ပုဂ္ဂလဇ္ဈာသယ အားဖြင့်၊ ကွဲပြား၏ဟု မှတ်သားကြလေကုန်။ ။သိပ္ပါဟု ဋီကာနည်းတည်း။

ရူပါဝစရ စိတ္တသင်္ဂဟံ ဉာတိ သမတ္တံ။

## (၁၁၇) အရူပါဝစရစိတ်ကိုပြဆိုခြင်း။

အာကာသာနဉ္စာယတနဓေနဲ့၊ စတုခေါရူပ္ပမာနသံ၊
ပုညပါကကြိယာဘေဒါ၊ ပုနဒွါဒသဓာဝိတ်။ ။

(သင်္ဂဟအဋ္ဌကထာပါဠ်)။ ။အာရုပ္ပမာနသံ၊ အရူပါဝစရစိတ်သည်၊ အာသမ္မာအာပ္ပဘေဒေန၊ ကောင်းကင် အာရုံအစရှိသော အာရုံတို့၏အပြား အားဖြင့်။ စတုဓာ၊ လေးပါးသောအပြားတို့ဖြင့်၊ ဋ္ဌိတံ၊တည်၏။ ပုန၊တဖန်။ ပုညပါကကြိယာဘေဒါ၊ ကုသိုလ်, ဝိပါက်,ကြိယာတို့၏ အပြားအားဖြင့်၊ ဒွါဒသဓာ၊တဆဲ့နှစ်ပါးသောအပြားတို့ဖြင့်၊ ဋ္ဌိတံ၊ တည်၏၊ ။ဤဂါထာပါဌ် ၏ရ။ အဓိပ္ပါယ်အပြသော်ကား။ ။အရူပါဝစရ စိတ်သည်။ ကောင်းကင် အာရုံ-အာကာသာနဉ္စစိတ်အာရုံ-နတ္ထိဘော ပညတ်အာရုံ-အာကိဉ္စည စိတ် အာရုံ-အားဖြင့် လေးပါးအပြားရှိ၏။ ကုသိုလ်စိတ်လေးပါး၊ ဝိပါက်စိတ် လေးပါး၊ကြိယာစိတ်လေးပါးတို့၏ အစွမ်းအားဖြင့်။ တဆဲ့နှစ်ပါးဖြစ်ကုန်၏ ဟုမှတ်အပ်၏။

အရူပါဝစရ ကုသိုလ်စိတ်-လေးပါးအရ၊

| | | |
|---|---|---|
| အာကာသာနဉ္စာယတန | ၁ | အရူပကုသိုလ် ၄-ပါး၊ |
| ဝိညာဏဉ္စာယတနစိတ် | ၁ | |
| အာကိဉ္စညာယတနစိတ် | ၁ | |
| နေဝသညာနာသညာယတနစိတ် | ၁ | |

ဝိပါက်ကြိယာစိတ်တို့မှာလည်း၊ ဤနည်းအတူလေးပါးစီ ရေတွက်အပ် ကုန်၏၊ပေါင်းအရူပစိတ် ၁၂-ပါးကိုသေချာစွာရေတွက်အပ်ကုန်၏၊

## (၁၁၈) အာကာသာနဉ္စာယတနကိုပြဆိုခြင်း၊

ဤအရူပစိတ်၌။ အာကာသဟူသည်။ မရေးခြစ် အပ်သောကြောင့် အာကာသမည်၏၊ ထိုအာကာသသည်။ အဇဋာကာသ၊ ပရိစ္ဆိန္နာကာသ၊ ကသိဏုဂ္ဃာဋိမာကာသ၊ ရူပပရိစ္ဆေဒါကာသ-အားဖြင့်၊ လေးပါးအပြားရှိ၏။ ထိုတွင်ဤအရူပစိတ်၌၊ ကသိဏုဂ္ဃာဋိမာကာသကို အလိုရှိအပ်၏၊ ကသိဏုဂ္ဃာဋိမာကာသဟူသည်၊ ပြကတေ့သော ကောင်းကင်မဟုတ်၊ အာကာသ ကသိဏ်းသည်ကြဉ်အပ်သော ကသိဏ်း ပဋိဘာဂ နိမိတ်ကိုးပါးတို့တွင် တပါးပါးကိုခွါ၍ ရအပ်သော ကောင်းကင်ကိုမှတ်အပ်၏၊ အဘဲ့ကြောင့် အာကာသကသိဏ်းကို ကြဉ်အပ်သနည်းဟူမူ၊ ထိုအာကာသ ကသိဏ်းကိုခွါခြင်းငှါ မထတ်ကောင်းသောကြောင့် ကြဉ်ရသတည်း၊ ကသိဏ်းခွါ၏ဟူသည်။ ထိုကသိဏ်းတို့ကိုနှလုံးသွင်းခြင်းကို မပြုသဖြင့်၊ကွယ်ပျောက်သည်ကိုဆိုလိုသည်။ဟုအဘိဓမ္မာ ဝတာရ ဋီကာ၌မိန့်၏။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ကား။ ထိုကသိဏ်းပဋိဘာဂနိမိတ်ကိုနှလုံးမသွင်းဘဲ၊ မဆင်ခြင်ဘဲ၊ ထိုနိမိတ်နှံ့ရာအရပ်ကို အာကာသော အာကာသော-ဟု နှလုံးသွင်းခြင်းပြုသည်ရှိသော်၊ထိုနိမိတ်ကသိဏ်းကို ခွါသည်မည်၏ဟု မိန့်တော်မူ၏။ ထိုကြောင့် ရကား။ ဝိသုဒ္ဓိမဂ်၌။

ကသိဏံ ဥဂ္ဃါဋေန္တော သော၊ န ကိလဉ္ဇံဝ ပူပံဝ။
ကေဝလံ တမနာဝဇ္ဇံ၊ အာကာသောတိ ဇာနတိ။ ။

ဟုမိန့်၏။ ။သော၊ထိုယောဂီပုဂ္ဂိုလ်သည်။ ကသိဏံ၊ကသိဏ်းကို၊ ဥဂ္ဃါဋေန္တော၊ခွါသည်ရှိသော်၊ ကိလဉ္ဇံ ဣဝ၊ ဖျာကဲ့သို့၎င်း၊ပူပံဝ၊ မုံ့ရှက်ကိုကဲ့သို့၎င်း နဥဂ္ဃါဋေတိ၊ခေါက်လိပ်ထုတ်ဆယ်၍ခွါသည်မဟုတ်။ ကေဝလံ၊သက်သက်၊တံ၊ထိုကသိဏ်းနိမိတ်ကို၊အနာဝဇ္ဇံ၊ မဆင်ခြင်ဘဲ၊အာကာသော ဣတိ၊ကောင်းကင်ဟူ၍။ ဇာနတိ၊ ရှုဆင်ခြင်၏။ ။ထိုသို့-ဆိုအပ်ပြီးသော ကသိဏ်းပဋိဘာဂနိမိတ်ကိုခွါ၍ ရအပ်သော ဟင်းလင်းအပြင်ထင်သော ကောင်းကင်ပညတ်ကိုယောဂီပုဂ္ဂိုလ်သည်အာကာသောအနန္တော၊အာကာသောအနန္တော၊ဟုကမ္မဋ္ဌာန်းစီးဖြန်းသဖြင့်၊ဤအာကာသာနဉ္စာယတနဈာန်ကိုရ၏။ဤသို့စီးဖြန်းအပ်သော-ကောင်းကင် ပညတ်သည် ဖြစ်ခြင်း-ပျက်ခြင်းအခိုက်အတံ့ မရှိသောကြောင့်၎င်း၊ အဆုံးမရှိဟု နှလုံးသွင်းသည်၏အစွမ်းအားဖြင့်၎င်း၊အာကာသအနန္တဟုသိအပ်၏၊ ထိုနောက် သကာတ်အနက်ရွတာ

ပစ္စည်းသက်သဖြင့်၊ အာကာသာနဉ္စ, ဟုဆိုအပ်၏၊ ဤအာကာသာနဉ္စဟုဆို
အပ်သော ကောင်းကင်ပညတ်လျှင်အာရုံရှိသော ပဌမဈာန်စိတ်ကို ဟောနိုင်
ခြင်းငှါ၊ အာယတနသဒ္ဒါကို နောက်ထားသည်ကိုပြု၍၊ အာကာသာနဉ္စာယ
တနဟု နာမပညတ်၊ အမည်မှတ်အပ်တော့သည်၊ ထိုကြောင့်ရကား၊ ဋီကာ
ဆရာများသည်၊ ။အာကာသာနဉ္စမေဝ အာယတနံ အာကာသာနဉ္စာယတ
နံ၊ ။ဟု-အဝဓာရဏကမ္မဓာရယ်သမာသ်ကိုဖွင့်လှစ်တော်မူ၏။ ။အာ
ကာသာနဉ္စမေဝ၊ ဥပါဒ်ဌီဘင်ဟု ဆိုအပ်သော အပိုင်းအခြား အဆုံးပျက်
စီးခြင်းမရှိသောကောင်းကင်ပညတ်ပင်လျှင်၊ အာယတနံ၊ ဈာန်စိတ်၏တည်
ရာတည်း၊ အာကာသာနဉ္စာယတနံ၊ အဆုံးမရှိသော ကောင်းကင် ပညတ်
သည်ပင်လျှင် ဈာန်စိတ်၏ တည်ရာ၊ ။ဤဝိဂြိုဟ် အရ၊ ကောင်းကင်
ပညတ်သည်မှုချအားဖြင့်၊ အာကာသာနဉ္စာယတန ဈာန်စိတ်တည်းဟူသော
ဌာနီ၌တင်စား၍၊ ဌာနူပစာရနည်းအားဖြင့်၊ အာကာသာနဉ္စာယတန မည်
သတည်း။ ။ဤလျှင်တရပ်။

## (၁၁၉) ဝိညာဏဉ္စာယတနကိုပြခြင်း။

ဈာန်ကိုလိုလား၊ ယောဂီပုဂ္ဂိုလ်များသည်၊ ဤအာကာသာနဉ္စာ ယတန
ဈာန်ကိုပင်လျှင်၊ ဝိညာဏံ အနန္တံ-ဟု စီးဖြန်းသဖြင့်၊ ဤဝိညာဏဉ္စာယတန
ဈာန်ကိုရသည်ဖြစ်အံ့၊ ဤပဌမာရုပ္ပဝိညာဉ်သည်၊ ဝိညာဏဉ္စာယတနစိတ်၏
အာရုံဖြစ်သည်၊ ထိုသို့ဖြစ်ရကား၊ ဥပါဒ်-ဌီ-ဘင် အပိုင်း အခြား မရှိသော
ကောင်းကင်၏အနန္တအဖြစ်ကို၊ ဥပါဒ်-ဌီ-ဘင် အပိုင်းအခြားရှိသော အာကာ
သာနဉ္စာယတနစိတ်၌တင်စားသဖြင့်ဖြစ်သောနှလုံးသွင်းခြင်း၏ အစွမ်းအား
ဖြင့်၊ ၎င်းအာကာသစိတ်ကိုပင်၊ ဝိညာဏံအနန္တံ-ဟုစီးဖြန်းသည်ဟုမှတ်။ ။
အဘိဓမ္မာဝတာရဋီကာအလွက်။ ဝိညာဏံအနန္တံဟု-စီးဖြန်းသည့်အတိုင်း၊
ဝိညာဏံနန္တံဟု ဆိုသင့်သော်လည်း။ သကတ်အနက်၌ ကျပစ္စည်းသက်၍၊
ဝိညာဏဉ္စဟု ဖြစ်သည်၊ ထိုနောက်အာကာသာနဉ္စစိတ်ကို အာရုံပြုသော
ဝိညာဏဉ္စဈာန်စိတ်ကို ဟောခြင်းငှါ အာယတနသဒ္ဒါကိုပြု၍၊ ဝိညာဏဉ္စာ
ယတနဟု-နာမပညတ်-အမည် မှတ်အပ်တော့သည်၊ ထိုကြောင့်ရကား၊ ဋီ
ကာဆရာများသည်၊ ။ဝိညာဏဉ္စမေဝ အာယတနံ ဝိညာဏဉ္စာယတနံ၊ ။
ဟု ဝစနတ်ပြုတော်မူကြ၏၊ ။ဝိညာဏဉ္စမေဝ၊ ပဌမအရုပ္ပဝိညာဉ်သည်
ပင်လျှင်၊ အာယတနံ၊ ဒုတိယအရုပ္ပစိတ်၏တည်ရာတည်း၊ ဝိညာဏဉ္စာယတ

နံ၊ပထမာရုပ္ပဝိညာဉ်သည့်ပင်လျှင် ဒုတိယအရုပ္ပစိတ်၏တည်ရာ။ ။ဤဝစနတ်ဆရာ။ ဌာနအာရုံ ဖြစ်သော ပဌမာရုပ္ပဝိညာဉ်၏ ဝိညာဏဉ္စာ ယတန အမည်ကိုဌာနီအာရမ္မဏိကဖြစ်သောဈာနစိတ်၏စိတ်၌တင်စား၍၊ဌာနူပစာရ အားဖြင့်။ဝိညာဏဉ္စာယတနဈာန်စိတ်ဟုဆိုအပ်၏။ ။ဤ လျှင်တခုပ်။

## (၁၂၀) အာကိဉ္စညာယတနကိုပြဆိုခြင်း။

ဈာန်ကိုရ်လား၊ယောဂီပုဂ္ဂိုလ်များသည်၊ အာကာသာနဉ္စာယတနဈာန်စိတ်၏မရှိခြင်းနတ္ထိဘောပညတ်ကိုအာရုံပြု၍၊နတ္ထိကိဉ္စိနတ္ထိကိဉ္စိဟု ကမ္မဋ္ဌာန်းစီးဖြန်းသဖြင့်။ အာကိဉ္စညာယတန ဈာန်ကုဖြစ်စေ၏။ ။ဤ၌-အာကိဉ္စဟူသည်၊ပဌမာရုပ္ပဝိညာဉ်အား- အနည်းငယ်ဘင်ခြမ်းမျှသော်လည်း။ အကြွင်းမရှိရကား။အကိဉ္စဟုမှည့်အပ်တော့သည်။ထိုကြောင့်ရကား၊ဋီကာများ၌၊ ။နတ္ထိကိဉ္စနံ အပ္ပမတ္တကံအဝသိဋ္ဌမဿဘင်္ဂမတ္တမ္ပိအဝသိဋ္ဌံ အဿာတိ အကိဉ္စနံ၊ ။ဟုဖွင့်တော်မူ၏။ ။အဿ၊ ထိုပဌမအရုပ္ပဝိညာဉ်အား၊ ကိဉ္စနံအပ္ပမတ္တကံ၊အနည်းငယ်မျှသော။ ဘင်္ဂမတ္တမ္ပိ၊ဘင်ခြမ်းမျှလည်း၊ အဝသိဋ္ဌံ၊ အကြွင်းသည်။နတ္ထိ၊မရှိ။ဣတိတသ္မာ၊ထိုကြောင့်၊အကိဉ္စနံ၊အာကိဉ္စနမည်၏။ ။ဤ၌ဝိသဇ္ဇနာချဖြင့်၊ ထိုပဌမာရုပ္ပဝိညာဉ်စိတ်အား၊ ဥပါဒ်ဌီဘင်ကိုရှိ၏ ဟူ၍ဆိုဘွယ်မရှိ၊ ဘင်ခအာမျှလည်းမရှိဟူလိုဟု ပေါင်းအပ်၏။ ။ထိုအကိဉ္စ၏အဖြစ်သည် အာကိဉ္စညမည်၏။ အကိဉ္စညဟူသည်၊ နတ္ထိဘော ပညတ်ကိုမှတ်အပ်၏၊ အကိဉ္စဿ ဘာဝေါ အာကိဉ္စညံ၊ဟု ဘာဝအနက်-ဏျပစ္စည်းသက်ရကား၊ ဘာဝတဒ္ဓိတ်ဟုမှတ်သားအပ်၏၊ ။အကိဉ္စနဿ၊ ဘင်ခြမ်းမျှအကြွင်းမရှိသည်၏။ ဘာဝေါ၊ အဖြစ်တည်း။ အာကိဉ္စညံ၊ ဘင်ခြမ်းမျှမရှိသည့်၏အဖြစ်၊ ။နတ္ထိဘောပညတ်ကိုရစေ။ ။သိုနတ္ထိဘော ပညတ်ကိုအာရုံပြု၍ဖြစ်သော တတိယာရုပ္ပဈာန်စိတ်ကိုဟောခြင်းငှါအာယတနသဒ္ဒါကိုပြု၍၊အာကိဉ္စညာယတနဟု နာမပညတ်။ အမည်မှတ်အပ်တော့သည်။ ထိုကြောင့်ရကား၊ဋီကာဆရာ များသည်၊ ။အာကိဉ္စညမေဝ အာယတနံအာကိဉ္စညာယတနံ။ ။ဟုဝစနတ်ပြုတော်မူ၏။ ။အာကိဉ္စညမေဝ၊ ဘင်ခြမ်းမျှမရှိသောနတ္ထိဘောပညတ်သည်ပင်လျှင်၊ အာယတနံ၊ တတိယအရုပ္ပစိတ်၏တည်ရာတည်း၊ အာကိဉ္စညာယတနံ၊ ဘင်ခြင်းမျှ မရှိသော နတ္ထိဘော ပညတ်သည်ပင်လျှင် တတိယအရုပ္ပစိတ်၏တည်ရာ၊ ။ဤ၌လည်းဌာနအာရုံဖြစ်သော နတ္ထိဘောပညတ်၏ အမည်ကိုဌာနီအာရမ္မဏိက ဖြစ်သော ဈာန်

စိတ်၌တင်စား၍၊ ဥာနူပစာအားဖြင့်၊ အာကိဉ္စညာယတန ဈာန်စိတ်ဟုဆို အပ်၏။ ။ဤလျှင်တရပ်။

## (၁၂၁) နေဝသညာနာသညာယတနကို ပြဆိုခြင်း။

ဈာန်ကိုလိုလား၊ယောဂီပုဂ္ဂိုလ်များသည်။ဤအာကိဉ္စညာယတန ဈာန်ကို ပင် အာရုံပြု၍၊သန္တမေတံ-ပဏီတမေတံ-ဟု ကမ္မဋ္ဌာန်းစီးဖြန်းသဖြင့်။နေဝ သညာ နာသညာယတနဈာန်ကို ရပေ၏။ ဤနေဝသညာ နာသညာ ယတန အမည်သည်ကား၊ ဘာဝနာအခြင်းအရာကိုစွဲ၍မဖြစ်၊ စတုတ္ထအရူပဝိညာဉ်၏ အခြင်းအရာ အထူးကိုသာလျှင် စွဲ၍ ဖြစ်သည်ဟု မှတ်။ ထိုစတုတ္ထ အရူပ ဝိညာဉ်၏အခြင်းအရာအထူးဟူသည်လည်း။ ထိုစတုတ္ထ အရူပဝိညာဉ်၌ရုန့် ရင်းသောသညာမရှိ သိမ်မွေ့သောသညာသည်ကားရှိ၏ဟုမှတ်။ ဤ၌ရုန့်ရင်း သော သညာကိစ္စဟူသည်ကား၊ အာရုံကိုမှတ်နိုင်ခြင်း ဝိပဿနာ၏ အာရုံ အဖြစ်သို့ရောက်၍၊ငြီးငွေ့သည် ကိုဖြစ်စေခြင်းဟုဆိုအပ်သော ထင်သောပဋု သညာကိစ္စကိုပြုခြင်း၌ မစွမ်းနိုင်သောအကြောင်းကို မှတ်အပ်၏။ သိမ်မွေ့ သောသညာ ကိစ္စဟူသည် သင်္ခါရတရားကြွင်းသည်ဖြစ်၍၊ သိမ်မွေ့သော သညာရှိသည်ကိုမှတ်အပ်၏။ ဤစတုတ္ထအရူပဈာန်၌ ရုန့်ရင်းသော သညာ ကားမရှိ၊ သိမ်မွေ့သောသညာရှိ၏ဟူရာ၌၊လောကူပမာအားဖြင့် သပိတ်ကို ဆီသုတ်သောဥပမာ၊ခရီး၌ရေရှိသောဥပမာကိုမှတ်အပ်၏။ ။ဆိုဟန်ကား သာမဏေသည်၊ သပိတ်ကိုဆီသုတ်လိမ်း၍ ထားရာ၏။ ယာဂုသောက်အံ့ သောအခါ၌၊ ဆရာမထေရ်ကြီးသည်၊သပိတ်ကိုယူခဲ့သာမဏေဟု ဆိုလေ လျှင်။ သပိတ်၌ ဆီရှိပါ၏အရှင်ဘုရားဟု သာမဏေလျှောက်ထား ရာတွင် မထေရ်မြတ်ဆရာရှင်သည်၊ဆီရှိလျှင်ဆီယူခဲ့ဟု ပြောပြန်သောအခါ၊ ဆီမရှိ ပါဟုလျှောက်ထားပြန်၏။ ဤဥပမာစကား၌၊အနက်သာ ဝတ္ထုဖြစ်၍၊ ယာဂုနှင့် တကွမဆပ်ရကား၊ ဆီရှိ၏ ဘုရားလျှောက်ကြားသကဲ့သို့။ဆီကျည်တောက် ၌၊ ထည့်သွင်း လောက်အောင် ဆီမရှိရကား၊ ဆီမရှိပါဘုရားဟု-လျှောက် ကြားသကဲ့သို့၊ ထိုအတူ စတုတ္ထအရူပဈာန်၌ ရုန့်ရင်းသော သညာကားမရှိ၊ သိမ်မွေ့သော သညာသည် ရှိ၏ဟု-ဥပမာ ဥပမေယျ နှစ်ရပ်၊ ဂဟေစပ်၍ မှတ်အပ်၏။ ။တနည်း။ ဆရာနှင့်သာမဏေ ခရီးသွားကြ ရာဝယ်၊ သာမ ဏေရှေ့ကသွား၍၊ ရေကိုမြင်လေလျှင်၊ ရေရှိသည်၊တိနပ်ချွတ်တော်မူပါဟု လျှောက်ထားလျှင် ဆရာမထေရ်အရှင်သည်၊ ရေရှိလျှင် ရေသနုပ်ကိုယူခဲ့၊

ရေချိုးမည်ပြောကြားသောအခါ၊ ရေမရှိပါဘုရားဟု လျှောက်ကြား ပြန်၏။ ဤဥပမာစကား၌၊ ဘိနပ်ဖွတ်လောက်အောင်ရေရှိသောကြောင့်၊ ရေရှိ၏ ဟု ဆိုသကဲ့သို့၊ ရေချိုးလောက်အောင် ရေမရှိသောကြောင့်၊ ရေမရှိဟု ဆိုဘိသကဲ့သို့၊ ဤနည်းအတူ၊ ဤစတုတ္ထအရူပဈာန်၌၊ ရုန့်ရင်းသော သညာကား မရှိ၊ သိမ်မွေ့သောသညာသည်ရှိ၏ဟု။ ဥပမာ–ဥပမေယျနှစ်ရပ်၊ ဂဟောစပ်၍ မှတ်အပ်၏။ ။အဋ္ဌကထာ အဖွင့်တည်း။ ဤစတုတ္ထအရူပစိတ်၌၊ သညာကို သာလျှင်၊ ဥပလက္ခဏနည်းဖြင့်မှတ်၍ နေဝသညာနာသညာဟုဆိုလေသည်၊ ဝေဒနာစသည်ကိုဆိုလိုမူကား၊ နေဝဝေဒနာ နာဝေဒနာစသည်ဖြင့် ဆိုသင့်ပေ၏၊ ထိုကြောင့်၊ ဋီကာ၌။ ။သညာဝသေန စတုတ္ထဈာနူပလက္ခဏံ နိဒဿနမတ္တံ။ ။ဟုဖွင့်ပြ တော်မူ၏။ ။စ၊ ဆက်၍ ဆိုဦးအံ့။ ထွေ၊ ဤရူပါဝစရ စိတ်၌၊ သညာဝသေန၊ သညာစေတသိက်၏ အစွမ်းအားဖြင့်၊ ဈာနူပလက္ခဏံ၊ ဈာန်ကိုမှတ်ခြင်းသည်၊ နိဒဿနမတ္တံ၊ ညွှန်ပြကြောင်း နိဒဿန နည်းမျှသာ တည်း၊ ။ဤစတုတ္ထအရူပဈာန်စိတ်ကို နေဝသညာ နာသညာ- ဟူသော ပုဒ်ဖြင့်သာလျှင် ဟောနိုင်ဘွယ်ရှိ၏။ထိုသို့ပင်ဟောနိုင်ငြားသော်လည်း။ ဒေသနာအလျဉ်သို့ကျသဖြင့်၊နေဝသညာ နာသညာယတန-ဟု ဆိုအပ်၏။ ။ ဤလျှင်ထရပ်။

---

## (၁၂၂) အရူပါဝစရစိတ်အာရုံကိုပြခြင်း။

အရူပစိတ် တဆဲ့နှစ်ပါးတို့တွင်၊ အာကာသာနဉ္စာ ယတနစိတ် သုံးပါး သည် အာကာသ ကသိဏ်းသည် ကြွင်းအပ်သော ကသိဏ်းကိုးပါးတို့တွင် တပါးပါးကိုခွါ၍ ရအပ်သောကောင်းကင်ပညတ် မြွာရုံကိုအာရုံပြု၏၊ အာ ကိဉ္စညာယတနစိတ်သုံးပါး သည်၊ အာကာသာနဉ္စာယတနကုသိုလ်, ကြိယာ ၏မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ်ကို အာရုံပြု၏၊ ဝိညာဏဉ္စာယတ နကုသိုလ်သည်ကား၊ ဤဘဝ-ရှေးဘဝ-အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာ ကာသာနဉ္စာယတနကုသိုလ်ကိုအာရုံပြု၏။ဝိညာဏဉ္စာယတန ဝိပါက်သည် ကား၊ရှေးဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကု သိုလ်ကိုအာရုံပြု၏၊ ဝိညာဏဉ္စာယတန ကြိယာသည်ကား။ ဤဘဝ- ရှေး ဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသောအာကာသာနဉ္စာယတနကုသိုလ်၊ ဤဘဝ သာလျှင်၊အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကြိယာကို အာရုံပြု၏၊ဤသို့ပိုင်းခြား၍မှတ်သားအပ်၏။ ။နေဝသညာ နာသညာ ယတန

ကုသိုလ်သည်၊ ဤဘဝ-ရှေးဘဝ—အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်ကို အာရုံပြု၍၊ နေဝသညာ နာသညာယတန ဝိပါက်သည်၊ ရှေးဘဝ-အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသောအာကိဉ္စညာယတနကုသိုလ်ကိုအာရုံပြု၍။နေဝသညာနာသညာယတန ကြိယာသည်။ ဤဘဝ-ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်ကိုရင်း။ဤဘဝ သာလျှင် အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသောအာကိဉ္စညာယတနကြိယာကိုရင်း အာရုံပြု၍၊

ဤအရာ၌၊လင်္ကာအချုပ်၊နယဒုတ်မှာမူကား၊

(၁) အာကာသုံးချ၊ကောင်းကင်ပြု၊နတ္ထိရှု-အာကိဉ္စံ၊
(၂) ဝိညာကုသလ၊နှစ်ဘဝ၊အဇ္ဈတ္တ-အာရုံမှန်၊
(၃) ဝိညာပါက၊ရှေးဘဝ၊အဇ္ဈတ္တ-ကုအာကံ၊
(၄) ဝိညာကိရိ၊ဘဝဒွိ၊ကုတိ,အဇ္ဈတ္တံ။
(၅) နေဝသုံးဖြာ၊နည်းတူသာ၊အာကိဉ္စာပြုလေပြန့်။
(၆) တဆဲ့နှစ်ဝ၊အရူ၊အာရုံပြု—သိစေရန်၊

---

## (၁၂၃) အရူပသမာပတ်လေးပါးဖြတ်ဟန်ကိုပြချက်။

ဤအရူပစိတ် လေးပါးတို့သည်။ ဥပေက္ခာ ဧကဂ္ဂတာ-တည်းဟူသော၊ အင်္ဂါနှစ်ပါး နှစ်ပါးစီ သာလျှင် ရှိကုန်သောကြောင်း၊ ငြိမ်သက်သော သန္တဂုဏ်၊ မွန်မြတ်သော ပဏီတဂုဏ်သည်လည်း။ တပါးထက် တပါးမသာ။ အတူတူဖြစ်ရာသည်ဟုမှတ်ရအံ့လောဟူမူ၊ ။အရူပစိတ်သည်၊ အင်္ဂါအားဖြင့်၊ နှစ်ပါး—နှစ်ပါးချင်းတူကြငြားသော်လည်း၊ ဘာဝနာထူးသောကြောင့် ရှေးရှေးသော သမာပတ်အင်္ဂါထက်၊ နောက်နောက်သောသမာပတ်အင်္ဂါသည် မွန်မြတ်၏ဟုမှတ်၊လောကူပမာအားဖြင့်။ အလျားအနံ ပမာဏ-တူမျှလျက်။ ကခြင်း, သီခြင်း၊တီးမှုတ်ခြင်း၊ နံ့သာပန်းမာလ်, ဘောဇဉ် အရသာ၊ အိပ်ရာနေရာ,စသောကာမဂုဏ် ထူးခြားသဖြင့်၊ အောက်အောက်သော ပြာသာဒ်အပြင်ထက်၊ အထက် အထက်သော ပြာသာဒ် အပြင်သည်။ သာလွန်ထူးမြတ်သော ဘုံလေးဆင့် ပြာသာဒ်ဥပမာကဲ့သို့၊ တယောက်သော မိန်းမသည်။ရက်အပ်သောလေးပိုလ်၊ သုံးပိုလ်,နှစ်ပိုလ်, တပိုလ်ရှိသော ပုဆိုး လေးထည်တို့သည်၊အလျား အနံ အသွင် အပြင်တူမျှလျက်၊နူးညံ့ သိမ်မွေ့,

သောအဖြစ်ကြောင့်၊ အဘိုးများစွာ ထိုက်သောအဖြစ်တို့ဖြင့်၊ ရှေးရှေးပုဆိုးတို့ထက်၊ နောက်နောက် ပုဆိုးတို့သည်သာလျှင်၊ သာလွန် မွန်မြတ် သကဲ့သို့၎င်း၊ ဤအတူ-အရူပစိတ်တို့သည်လည်း၊ ရှေးရှေးစိတ်ထက်၊ နောက်နောက်စိတ်သည်၊ ဘာဝနာဝိသေသကြောင့်၊ ထူးမြတ်လှ၏ဟု မှတ်။ ။သို့ကြောင့်–အဋ္ဌသာလိနီ အဋ္ဌကထာ၌၊

သုပ္ပဏီတတရာ ဟောန္တိ၊ ပစ္ဆိမာ ပစ္ဆိမာ ဣဓ။
ဥပမာ တတ္ထ ဝိညေယျာ၊ ပါသာဒ-တလသာဋိကာ။

ဟုမိန့်၏။ ။ဣဓ၊ ဤလေးပါးဘို့တွင်၊ ပစ္ဆိမာ ပစ္ဆိမာ၊ နောက်နောက် သမာပတ်တို့သည်၊ သုပ္ပဏီတတရာ၊ အလွန်အကြူး၊ ထူး၍ ထူး၍ မြတ်ကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ တတ္ထ၊ ထိုထူး၍ထူး၍မွန်မြတ်သည့်၌၊ ပါသာဒတလသာဋိကာ၊ ကာမဂုဏ်နိ့ပြင့်၊ လေးဆင့်သောပြာသာဒ်အပြင်လေးပေါ်ကြမ်းချော၊ ထူးပြားသော ပုဆိုးလေးထည်ဟု ဆိုအပ်ကုန်သော၊ ဥပမာ၊ နှိုင်းယှဉ်အပ်သော ဥပမာတို့ကို၊ ဝိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။ ။ဤအရူပစိတ်သည်၊ တပါးထက်တပါးသည် အာရုံလွန်၍ ဖြစ်ရကား၊ အာရမ္မဏာတိက္ကမ စိတ်မည်၏။ ရူပါဝစရ စိတ်သည်ကား၊ တပါးထက်တပါးသည်ဈာန်အင်္ဂါလွန်၍ ဖြစ်ရကား၊ အင်္ဂါတိက္ကမစိတ်မည်၏ဟုမှတ်။ ။ဤအရူပစိတ်၌၊ အာရုံလွန်ရာ မဟုတ်-ဥပမာကိုလည်း သိကြကုန်လေသး။ ။အာဝဝေဇအုပ်တို့၌၊ ထုတ်ကြပြီးဖြစ်၍၊ ဒး သစ်မထုတ်လိုက်ပြီ။ ။ဤလျှင်တရင်၊ အပြီးသတ်တည်း။

---

## (၁၂၄) ဝိသဒ္ဒါပေါင်းဟန်ကိုပြခြင်း။

ဣမာနိစတ္တာရိပိ အရူပါဝစရ ကုသလစိတ္တာနိ။ ။ဟူသော ပါဌ် အရဝိသဒ္ဒါဖြင့် ပေါင်းဟန်၊ အာကာသာနဉ္စသော သုဒ္ဓိက- ဧကက လေးပါး၊ ၎င်း ၄-ပါးကို၊ ပဋိပဒါလေးပါးနှင့် မြှောက်သော်၊ ပဋိပဒါဧကက ၁၆-ပါး၊ ရှေးသုဒ္ဓိက ဧကကကိုတည်၊ အာရုံလေးပါးနှင့်မြှောက်၊ အာရမ္မဏဧကက ၁၆-ပါး။ ရှေးသုဒ္ဓိက သက်သက် ၄-ပါးနှင့်ပေါင်းသော်၊ ဧကကပေါင်း ၃၆ ပါးဖြစ်၏၊ ပဋိပဒါ ၄-ပါးကို၊ အာရုံ ၄ ပါးနှင့် မြှောက်၊ ၁၆၊ ၎င်း ၁၆-ပါးနှင့်သုဒ္ဓိကဧကက၊ ၄-ပါးနှင့်မြှောက်၊ ဧကကပေါင်း ၆၄-ပါး။ ၎င်း ၆၄-ပါးနှင့်ရှေးဧကက ၃၆-ပါးကိုပေါင်းလျှင်၊ ဧကကပေါင်း တရာဖြစ်၏၊ ဈာန်အပြားပေါင်းလေတော့၊ အရူပအကျယ်ဖြစ်လတ္တံ့။

## (၁၂၅) အရူပစိတ်၌ပုဂ္ဂိုလ်တို့၏စိတ်ရကိုပြခြင်း။

(၁) ဒေါသကိုပယ်၊အကုငယ်၊တသွယ်စိတ်ဝုဋ္ဌော။
(၂) မဟာအရူပ၊ထုသိုလ်ပြ၊တဝ-ဝိပါကော။
(၃) စတုဝီသ၊တိဟိတ်ရ၊အရူပပုဂ္ဂလော။
(၄) ဒိဋ္ဌိဝိစိ၊ကြည့်ရှုတုံဘိ၊မှတ်သိစိတ်ဝိသော။
(၅) သောသကာဒါဂါမ်၊အနာဂါမ်၊ရရန်မြဲမုချော။
(၆) မဟာအရူပါ၊ကြိယာ၊မနောဒွါ-မိဖိုလ်နှော။
(၇) ဝိဝိဝိပါက်၊ထည့်ခါစွက်၊ဆဲ့ငါးချက်—ရဟန္တော။
(၈) အရူပပုဂ္ဂိုလ်၊စိတ်ရဆို၊ပြီးထိုနိဋ္ဌိတော။

အရူပါဝစရ စိတ္တသရူပံ နုတိ သမတ္တံ။

---

## (၁၂၆) မဟဂ္ဂုတ်မည်ကြောင်းကိုပြခြင်း။

အကြင်ပြဆိုအပ်ခဲ့ပြီးသောရူပစိတ် ၁၅–ပါးနှင့်၊အရူပစိတ် ၁၂-ပါးကို ပေါင်းစပ်သည့်ရှိသော်၊ အမည်အားဖြင့်၊ မဟဂ္ဂုတ်စိတ်ဟု အဘဲ့ကြောင့် မှည့်ခေါ် အပ်ပါ သနည်းဟူမူ။ ။ဤရူပ-အရူပစိတ်သည်၊ ကြီးကျယ်မြင့် မြတ်သောအရိယာစသော အဖြစ်ကိုရင်း၊နိဗ္ဗာန်,မဂ်ဖိုလ်သို့ရင်း၊ ရောက်စေ တတ်သောကြောင့် မဟဂ္ဂုတ်ဟု၊ အမည်သမုတ် အပ်တော့သည်ဟု မှတ်။ ထိုကြောင့် ရကား၊ ။မဟန္တဘာဝံ ဂတန္တိ မဟဂ္ဂတံ၊ ။ဟု-ဝစနတ်ပြု တော်မူ၏။ ။မဟန္တဘာဝံ၊မြင့်မြတ်ကြီးမားသည့်အဖြစ်သို့၊ဂတံ၊ရောက် သည်တည်း၊ဣတိတသ္မာ၊ထိုကြောင့်၊ မဟဂ္ဂတံ၊ မဟဂ္ဂုတ်မည်၏။ ။တ နည်း၊ ။အကြင်ရူပ-အရူပဈာန်တရားတို့ကို မြတ်ကုန်သော။ ဆန္ဒ,ဝိရိယ, စိတ္တ,ပညာရှိကုန်သောပုဂ္ဂိုလ်တို့သည်၊ ကျင့်အပ်သောကြောင့်၊ မဟဂ္ဂုတ် ဟုမှတ်သားအပ်ထုန်၏။ ။အဋ္ဌသာလိနီအဋ္ဌကထာအထွက်တည်း။

(အမေး) မဟဂ္ဂုတ်ကုသလာ၊ဝိပါကာ၊တူစွာဘဲ့ကြောင့်ပေးသနည်း။
(အဖြေ) ဒုတိယဘဝ၊ကျိုးပေးရ၊နိယတကံဖြစ်သောကြောင့်တည်း။

ဤ မဟဂ္ဂုတ် စိတ်သည်၊ အန္တရာယ် မရှိခဲ့သော်၊ ဥပပဇ္ဇ ဝေဒနီယ ကံ၏ အစွမ်းအားဖြင့်၊ ဒုတိယဘဝ၌အကျိုးပေးခြင်းမြဲသောကာလရှိသော ကြောင့်၊ တူသော အကျိုးကို ပေး၏၊ ထိုကြောင့် ရကား၊ အဋ္ဌသာလိနီ

အဋ္ဌကထာ၌၊ ။ရူပါဝစရာ ရူပါဝစရံပန အနန္တရာယေန ဒုတိယသတ္တယော ဝ အတ္တဘာဝေ ဝိပါကံဒေတိတိဝိ ထုသလာ နဂတိမေဝ ကတွာ ဘာဇိ တံ။ ။ဟူ၍ဘွင့်ပြ၏။ ။ရူပါဝစရာရူပါဝစရံ၊ရူပါဝစရ,အရူပါဝစရ ကံ သည်၊ အနန္တရာယေန၊ ဈာန်ကျခြင်း၏ အကြောင်း ဖြစ်သော အန္တရာယ် ကင်းသဖြင့်၊ ဒုတိယသတ္တယော ဝ၊ နှစ်ခုမြောက် သာလျှင်ဖြစ်သော၊ အတ္တဘာ ဝေ၊အတ္တဘော၌၊ဝိပါကံ၊အကျိုးကို၊ဒေတိ၊ပေး၏။ ဣတိတသ္မာ၊ထိုကြောင့်၊ ကုသလာ နဂတိမေဝ၊ ကုသိုလ်နှင့်တူသော အလားရှိသည်ကို သာလျှင်၊ ကတွာ၊ပြု၍၊ဘာဇိတံ၊ဝေဘန်အပ်၏။ ။လောကူပမာအားဖြင့်၊ဆင်,မြင်း စသော အသက်ရှိသော သဝိညာဏက သတ္တဝါ၊ အသက်မရှိသော အ ဝိညာဏကဖြစ်သော တော, တောင်, စသည်တို့၏ အရိပ်သည်၊ ထိုဆင် မြင်း, တော, တောင်စသည်တို့နှင့် တူသကဲ့သို့၊ ထိုအတူ-ရူပ, အရူပတို့ သည်၊ မိမိကုသိုလ်နှင့် တူသည်လျှင် တည်းဟု၊ တပ်အပ် သေချာ၊ ညှာဆ မိတ်ခြာ၍။ မှတ်ယူအပ်ရာ၏။ ။လောကုတ္တရာ၌ ကား၊ မဂ်ဖြစ် ပြီးသည် နောက်၊ဖိုလ်တည်းဟူသောအကျိုးကို၊အမှန်မချ၊တာဘဝ၌ပေးခြင်းမြဲသော ကြောင့်၊ တူသောအကျိုးကိုပေးတုန်၏ဟုမှတ်၊ ထိုကြောင့်ရကား။ တိကမာ တိကာပါဠိတော်၌၊ ။သမ္မတ္တနိယတာဓမ္မာ၊ ။ဟု ဟောကြားတော်မူခဲ့ ၏။ ။ဤလျှင်တရပ်၊မှတ်အပ်သော၊ဝိနိစ္ဆယစကားမြွက်တည်း။

---

## (၁၂၇) သမာပတ်ရှစ်ပါးကိုခွဲခြား၍ပြခြင်း၊

ဈာနလာဘီအရှင်၊ရဟန္တာထေရ်သခင်တို့သည်၊ ရအပ်-ဝင်စားအပ်ပြီး သော သမာပတ်တို့သည် ရှစ်ပါးရှိ၏။ ရှစ်ပါး အရ-စတုက္ကနည်းအားဖြင့်၊ ရူပါဝစရဈာန်လေးခု၊ အရူပါဝစရဈာန်လေးခု၊ ဤရှစ်ပါးကို မှတ်အပ်၏၊ ဤသမာပတ်ရှစ်ပါးနှင့်ပြည့်စုံသော သူသည်သာလျှင်၊ အဘိညာဉ်ကို ရနိုင် ၏၊သမာပတ်မပြည့်စုံလျှင်၊ အဘိညာဉ်ကို မရနိုင်တုန်၊ ထိုကြောင့်ရကား၊ အဘိဓမ္မာဝတာရအဋ္ဌကထာ၌၊

> ရူပါရူပသမာပတ္တိ၊ နိဗ္ဗတ္တိတွာနအဋ္ဌဟိ၊
> လောကိကာဟိ(အဘိညာယော၊ဘာဝေတဗ္ဗာ)ဝိဘာဝိနာ၊ ။

ဟုမိန့်၏၊ ။ရူပါရူပသမာပတ္တိ၊ရူပ,အရူပ သမာပတ်ကို၊နိဗ္ဗတ္တိတွာန၊ ဖြစ်စေဦး၍၊အဋ္ဌဟိ၊ရှစ်ပါးသောသမာပတ်တို့ဖြင့်၊လောကိကာဟိ၊ လောကီ

လည်းဖြစ်ကုန်သော၊အဘိညာဉ်ယော၊အဘိညာဉ်တို့ကို၊ ဝိဘာဝိနာ၊ပညာရှိသည်၊ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။ ၊ဤရှစ်ပါးသော သမာပတ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ ရုတော့ပြတ်ကြွေ သေခဲ့သည် ရှိသော်၊ အဘယ်သမာပတ်၏အစွမ်းအားဖြင့်။ ဒုတိယဘဝ၌ အကျိုးပေးမည်နည်းဟူမူ။ ၊သမာပတ် ရှစ်ပါးတို့တွင်၊ အကြင်သမာပတ်ကို လေ့လာအပ်၏။ ထိုသမာပတ်ဖြင့်၊ဖြစ်ပွားဘုံ၌ အကျိုးပေးနိုင်၏ဟုမှတ်၊ အကယ်၍ သမာပတ်ရှစ်ပါးလုံးကိုပင်လေ့လာသည်ဖြစ်ငြားအံ့။ရှစ်ပါးလုံးကိုပင်ပေးမည်လော့ဟူမူ။ ၊ဤရှစ်ပါးတို့တွင်၊ ပဂ္ဂုနာတရားဖြင့်၊ လိုချင်တောင့်တအပ်သော၊သမာပတ်၏အစွမ်းအားဖြင့်။ ဖြစ်ပွားဘုံ၌အကျိုးပေး၏၊ အကယ်၍ရှစ်ပါးသောသမာပတ်ကိုရငြားသော်၊ဘယ်သမာပတ်ကိုမျှ၊ ပဂ္ဂုနာဖြင့် မတောင့်တသည်ဖြစ်ငြားအံ့၊ ရုတော့ခါနီးအခါ၌၊ ဝင်စားအပ်သော သမာပတ်၏ အစွမ်းအားဖြင့်၊ အကျိုးပေး၏၊ အကယ်၍သေခါနီးအခါ၌ ဝင်စားအပ်သော၊ သမာပတ်မရှိသည်ဖြစ်ငြားအံ့။ အထက်ဖြစ်သော နေဝသညာ နာသညာယတန သမာပတ်ဖြင့်၊ ဖြစ်ပွားဘုံ၌ဖြစ်၏ဟုမှတ်။ ၊ဓမ္မပဒယ ပိဘာင်း အဋ္ဌကထာ-အထွက်၊ သမာပတ် အမြွက်တည်း။ ၊နိရောဓသမာပတ်ကိုထည့်လျှင်။ သမာပတ်ကိုးပါး။ ဖလသမာပတ်ကိုထည့်ပြန်လျှင်၊ သမာပတ်ဆယ်ပါးဖြစ်၏ဟုမှတ်၊

မဟဂ္ဂတ စိတ္တသရုပ် ဣတိ သမတ္တံ၊

---

## (၁၂၈) လောကုတ္တရာစိတ်ကိုပြဆိုခြင်း။

စတုမဂ္ဂပ္ပဘေဒေန၊ စတုဓာ ကုသလံ တထာ။
ပါကံ တဿ ဖလတ္တာတိ၊ အဋ္ဌဓာနုတ္တရံ မတံ၊ ။

(သင်္ဂဟ အဋ္ဌကထာပါဌ်)၊ ၊ကုသလံ၊ လောကုတ္တရာ ကုသိုလ်စိတ်သည်၊စတုမဂ္ဂပ္ပဘေဒေန၊လေးပါးသောမဂ်နှင့်ယှဉ်သောအပြားအားဖြင့်၊စတုဓာ-စတုဗ္ဗိဓံ၊လေးပါးအပြားရှိသည်၊ဟောတိ၊ဖြစ်၏။ တထာ၊ထိုနည်းအတူ၊ပါကံ၊လောကုတ္တရာဝိပါက်သည်၊တဿ-တဿေဝ၊ထိုကုသိုလ်စိတ်၏သာလျှင်၊ ဖလတ္တာ၊အကျိုး၏အဖြစ်ကြောင့်၊ စတုဓာ-စတုဗ္ဗိဓံ၊လေးပါးအပြားရှိသည်၊ဟောတိ၊ဖြစ်၏၊ဣတိ၊ဤသို့၊အနုတ္တရံ၊လောကုတ္တရာစိတ်ကို၊အဋ္ဌဓာ၊အဋ္ဌဓာဣတိ၊ရှစ်ပါးအပြားရှိ၏ဟူ၍၊မတံ၊သိအပ်၏၊ ၊ဤဂါထာပါဌ်၏

အဓိပ္ပါယ်သော်ကား။ အနုတ္တရမည်သော လောကုတ္တရာစိတ်သည်၊ ကုသိုလ် လေးပါး။ ဝိပါက်လေးပါး။ အားဖြင့် ရှစ်ပါးအပြားရှိ၏။ ထိုတွင်ကုသိုလ်လေး ပါးအရကား။

| | |
|---|---|
| သောတာပတ္တိမဂ်-စိတ်တခု၊<br>သကဒါဂါမိမဂ်-စိတ်တခု၊<br>အနာဂါမိမဂ်-စိတ်တခု။<br>အရဟတ္တမဂ်-စိတ်တခု။ | မဂ်လေးပါး<br>ပထမဈာန်သောမနဿချည်းမှတ်။ |
| သောတာပတ္တိဖိုလ်စိတ်တခု၊<br>သကဒါဂါမိဖိုလ်စိတ်တခု။<br>အနာဂါမိဖိုလ်စိတ်တခု။<br>အရဟတ္တဖိုလ်စိတ်တခု။ | ဖိုလ်လေးပါး။<br>ပထမဈာန်သောမနဿချည်းမှတ်။ |

ဤလောကုတ္တရာ စိတ်အကျဉ်းသည်၊ ဝေဒနာအားဖြင့် သောမနဿ ဟူ၍သာမှတ်အပ်၏။ သင်္ခါရအားဖြင့် သသင်္ခါရ။ သမ္ပယောဂ အားဖြင့် သမ္ပယုတ်ဟူ၍မှတ်။

---

## (၁၂၉) မဂ်မည်ကြောင်းကိုပြခြင်း။

မဂ်ဟူသည်။တထောင့်ငါးရာ-ကိလေသာတို့ကို သတ်ဖြိုး၍၊ အသင်္ခတ ဓာတ်နိဗ္ဗာန်မြတ်သို့၊ သွားတတ်သော ဂုဏ်သကတ်ကြောင့်၊ မဂ်မည်၏ဟု မှတ်၊ထိုကြောင့်ရကား။ဋီကာများ၌လည်း၊ ။ကိလေသေမာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိမဂ္ဂေါ။ ။ဟုပြတော်မူ၏။ ။ကိလေသေ၊ တထောင့်ငါးရာကိ လေသာတို့ကို၊ မာရေန္တော၊ သမုစ္ဆေဒ၊ မည်ပဟာန်ဖြင့်။ ကေန်သတ်ဆတ် သတ်လျက်၊ နိဗ္ဗာနံ၊အသင်္ခတဓာတ်။ နိဗ္ဗာန်မြတ်သို့၊ ဂစ္ဆတိ၊ အာရုံပြုခြား ရောက်သောအားဖြင့်သွားတတ်၏၊ ဣတိတသ္မာ၊ထိုကြောင့်၊ မဂ္ဂေါ၊မဂ်မည် ၏။( ဤမဂ္ဂေါဟူသောပုဒ်သည်။ မရဓာတ်-ဂမုဓာတ်၊ ဤနှစ်ရပ်ဖြင့်ပြီးသော မဂ္ဂယုဂဋ္ဌဓာတ်-ဟုမှတ်။ငါးကြင်းပွက်ကဲ့သို့။အစုံ-အစုံဖြစ်၍တည့်တတ်ရ ကား။မဂ္ဂယုဂဋ္ဌဓာတ်ဟု-ရှေးပညာရှိသဒ္ဒါညဏ်ရှိသောသဒ္ဒပါရဂူပုဂ္ဂိုလ် တို့သည်မိန့်ဆိုကြကုန်၏။ ။ငါးကြင်းပွက်အလား၊ဓာတ်နှစ်ဖြာ၊မဂ္ဂယုဂ ဋ္ဌဓာတ်။ ။နိယံသစ်။ ။ဤလျှင်စကားချုပ်၊ ။သဒ္ဒါညဏ်ကိုဋ္ဌနနည်း) တထောင့်ငါးရာ၊ကိလေသာအရကား၊ ။နံ-နိ-လက်ကိုတည်။ကံ့,သန္တာန်

နှင့်မြောက်၊ ။တထောင့်ငါးရာ၊ကိလေသာ၊ထိုအခါ အပြီးမြောက်။ ။ ဤလင်္ကာအတိုင်းသိအပ်၏။

## (၁၃၀) မဂ် ၄-ပါး ကိလေသာပယ်ပုံကိုပြခြင်း။

(အမေး) ကိလေသာပယ်၊မဂ်လေးသွယ်၊ဘဲ့နှယ်ပယ်သနည်း။

(အဖြေ) လျှပ်စစ်ရောင်ပမာ၊အောက်သုံးဖြာ၊ ထက်မှာ မိုးကြိုးတည်း။

မဂ်လေးပါးတို့တွင်၊ အောက်မဂ်သုံးပါးတို့သည်၊ လျှပ်စစ်ရောင်ကဲ့သို့၊ ကိလေသာတည်းဟူသောအမိုက်မှောင်တို့ကိုပယ်၏၊ ထိုကြောင့်၊ သုတ္တန္တမာတိကာပါဠိတော်၌၊ ။ဝိဇ္ဇူပမာဓမ္မာ၊ ။ဟူ၍ဟောကြားတော်မူ၏၊ ။ ဝိဇ္ဇူပမာ၊လျှပ်စစ်လျှင် ဥပမာရှိကုန်သော။ ဓမ္မာ၊အောက်မဂ်သုံးချွန် ရှိသော ပညာတရား တို့သည်၊ ဝါ၊သတ္တလည်း မဟုတ်-ဇီဝလည်း မဟုတ်သော တရားတို့သည်။သံ၀ိဇ္ဇန္တိ၊ရှိတုန်၏၊ ။အရဟတ္တမဂ်သည်၊သံကြိုးမင်းလက်နက်၊ဝဇိရစိန်စက်ကဲ့သို့ အကြွင်းမရှိသော ကိလေသာ အမိုက်မှောင်တို့ကို ပယ်ဖျက်တော်မူ၏၊ထိုကြောင့်၊ သုတ္တန္တမာတိကာပါဠိတော်၌၊ ။ဝဇိရူပမာဓမ္မာ၊ ။ဟူ၍ ဟောကြားတော်မူ၏၊ ။ဝဇိရူပမာ၊သိကြားလက်နက်၊ မိုးကြိုးစက်လျှင်ဥပမာရှိကုန်သော၊ဓမ္မာ၊အရဟတ္တမဂ်၌ရှိသောပညာတရား တို့သည်၊သံ၀ိဇ္ဇန္တိ၊ရှိတုန်၏၊ ။ဤစကားရပ်၌၊ သိကြားလက်နက်၊ ဝဇိရစိန်စက်ဟူသည်၊မိမိ၏ကျသောနေရာ၌၊တရံတရသော ဝတ္ထုဖြစ်သည် မကျွဲမပျက်မူ၍၊တည်တန့် နိုင်သည်မရှိ။ ကွဲပျက်၍ တဘန်ဇေ့စပ်ပေါက်ရောက် ဖြန့်ခြင်းငှါ မဖြစ်သကဲ့သို့၊ ထိုနည်းအတူ၊ အရဟတ္တမဂ် ပညာတည်းဟူ သော ဝဇိရစိန်လက်နက်ဖြင့်၊ သံကြိုးမင်းနှင့် တူသော အရိယာတို့သည်၊ ကိလေသာတည်းဟူသောဝတ္ထုဖြစ်၌၊ချလိုက်သည်ရှိသော်၊တဘန်ဇေ့စပ်- ပေါက်ရောက်ခြင်း မဖြစ်နိုင်ထုန်ဟု-တပ်အပ် သေချာ မှတ်ထုန်ရာ၏၊ ။ အဋ္ဌကထာ၊မူလဋီကာအဖွင့်ပါယ်တည်း။

## (၁၃၁) မဂ်ပယ်ကိလေသာ၏ကာလကိုပြခြင်း။

(အမေး) မဂ်၏ပယ်ရာ၊ကိလေသာ၊သုံးဖြာကာလအဘယ်နည်း။

(အဖြေ) သုံးဖြာကာလ၊မဆိုရ၊နာဂတဟု ပြသတည်း။

မဂ်လေးပါးတို့သည်ပယ်အပ်သောကိလေသာကို၊အတိတ်ကိလေသာ၊ ပစ္စုပ္ပန် ကိလေသာ၊ အနာဂတ် ကိလေသာဟူ၍၊ မဆိုအပ်ဟု-သမ္မောအဋ္ဌ

ကထာ,အင်္ဂုတ္တရအဋ္ဌကထာတို့၌ မိန့်ဆိုအပ်၏။ ဤစကားရပ်၌ အတိတ် ကိလေသာကိုပယ်၏ဟု ဆိုငြားအံ့၊ ထုံ့ပြီး။ ချုပ်ပြီးသော ကိလေသာတို့ကိုပယ်သည်မည်ထိမ့်မည်၊ထိုအတိတ်ကိလေသာသည်လည်း၊မဂ်ဖြစ်သောခဏ၌၊ချုပ်ခဲ့ပြီးဖြစ်၍၊မရှိတုန်ရကား၊ အတိတ်ဖြစ်သောကိလေသာတို့ကိုပယ်၏ဟု မဆိုအပ်ကုန်၊အကယ်၍။ အနာဂတ်ကိလေသာတို့ကိုပယ်၏ဟု ဆိုငြားအံ့၊ မဖြစ်ပေါ်သေးသော ကိလေသာတို့ကို ပယ်သည်မည်ရာ၏။ ထိုအနာဂတ်ဖြစ်သော ကိလေသာတို့သည်၊ မဂ်ဖြစ်သော ခဏ၌ မရှိသေး။ မပေါ်လာသေးကုန်၊ထို့ကြောင့်ရကား၊အနာဂတ်ကိလေသာတို့ကိုပယ်၏ဟုမဆိုနိုင်၊ အကယ်၍ ပစ္စုပ္ပန်ကိလေသာတို့ကိုပယ်၏ ဆိုငြားအံ့၊ ရာဂဖြင့် တပ်သော သူသည်၊ ရာဂကို ပယ်နိုင်ရာ၏။ ဒေါသဖြစ်ဆဲသော သူသည်၊ ဒေါသကို ပယ်နိုင်ရာ၏၊ မောဟဖြင့် တွေဝေဆဲ ဖြစ်သော သူသည်၊ မောဟကိုပယ်နိုင်ရာ၏၊ ကိလေသာတည်း ဟူသော ကဏှတရား။ အရိယာမဂ်တည်းဟူသောသုက္ကတရား၊ ဤတရားနှစ်ပါးတို့သည် ရောရှက်ရာ ရောက်လိမ့်မည်၊ ဤကဲ့သို့ရောရှက်လျှင် မဂ္ဂဘာဝနာသည် အရောင်အလင်းမရှိ။ကိလေသာအတိညစ်နွမ်းခြင်းဖြစ်ဘိရာ၏၊ ထိုသို့သော အဖြစ်ဒေါသရောက်မည်ဖြစ်သောကြောင့်၊ပစ္စုပ္ပန်ကိလေသာကိုလည်း မပယ်နိုင်ထုန်၊ ဤကဲ့သို့ ကိလေသာကိုမှ မပယ်နိုင်ခဲ့ပါလျှင်၊ မဂ်ကိုပွါးခြင်း, ဖိုလ်ကို မျက်မှောက် ပြုခြင်း, တရားထူးရခြင်းမရှိဟု မှတ်သားရမည်လော့ဟူမူ၊ ။ထိုသို့စောဒကဆရာဆိုတိုင်း မဂ်ကိုပွါးခြင်း၊ဖိုလ်ကိုမျက်မှောက်ပြုခြင်း၊ကိလေသာကိုပယ်ခြင်း တရားထူးရရှိခြင်းရှိ၏ဟုမှတ်၊

ဥပမာအားဖြင့် အသီးနှင့် တကွသော ပျိုနုသော သရက်ပင်ကြီး တခုသည်ရှိရာ၏၊ ထိုသရက်ပင်၏အသီးတို့ကို လူတို့သည် သုံးဆောင်စားသော်ကြရာ၏၊ကြွင်းကျန်သောအသီးတို့ကိုပုတ်ခပ်လျက်၊တောင်းခွက်တို့၌ ပြည့်စေကုန်၏၊ ထိုအခါ တယောက်သော ယောကျ်ားသည်၊ ထိုသရက်ပင်ကို ပေါက်ဆိန်စသော ဝတ္ထုဖြင့်ခုတ်ဖြတ်၏၊ ထိုသို့ခုတ်ဖြတ်သော ယောကျ်ားသည်၊အတိတ်,ပစ္စုပ္ပန်,အနာဂတ်ကာလသုံးပါး၌ဖြစ်သော အသီးတို့ကား၊ ထိုခဏ၌ထင်ရှားမရှိကုန်သောကြောင့် မပျက်စီးကုန်၊ အဘယ့်ကြောင့်ဟူမူ၊ အတိတ်ကာလ၌ သီးသောအသီးတို့ကိုလည်း၊လူတို့သည်ဆွတ်၍ စားသော်အပ်ကုန်ပြီ။အနာဂတ်၌ ဖြစ်သောအသီးတို့ကိုလည်း၊ မသီးသေးကုန်၊ပျက်စီးခြင်း၌ မတတ်နိုင်တုန်၊ ပစ္စုပ္ပန်ကာလ၌ ဖြစ်သော အသီးတို့ကိုလည်း၊အကြင်အခါ ထိုသစ်ပင်ကိုဖြတ်၏၊ထိုအခါအသီးတို့သည်မရှိသောကြောင့်၊

မဖျက်ဆီးနိုင်ကုန်ဘိသကဲ့သို့၊ ထိုအတူမဂ်သည် စင်စစ်အားဖြင့်၊ အတိတ် အနာဂတ်၊ ပစ္စုပ္ပန်တို့၌ ဖြစ်သောကိလေသာတို့ကို မပယ်ဟု-မှတ်အပ်၏၊ ထိုသို့အထင်အရှား၊ မျက်မှောက်အားဖြင့်၊ အနာဂတ်ကိလေသာကို မပယ်ငြားသော်လည်း၊ သရက်ပင်ကိုဖြတ်သောသူသည်၊ အကယ်၍ မဖြတ်မချတ်ပါလျှင်၊ နောင်သောအခါသရက်ပင်တို့သည်သီးကုန်၏၊ ထိုသူသည်ချတ်ဖြတ်သောကြောင့်၊ နောက်အခါသရက်သီးကို မသီးလေရသကဲ့သို့၊ ထိုအတူမဂ်သည်မဖြစ်ပါလျှင်၊ ကိလေသာတို့သည် နောင်အနာဂတ်၌ ဖြစ်ရောက်ထိုက်၏၊ ယခုမှာမူကား၊ မဂ်ဖြစ်သောကြောင့်၊ နောက်အခါ ဖြစ်ရဘို့ဖြစ်သောအနာဂတ် ကိလေသာတို့သည် မဖြစ်သောကြောင့်၊ မဂ်သည် အနာဂတ်ကိလေသာတို့ကို ပယ်၏ဟုမှတ်။ ထိုကြောင့် ကထာဝတ္ထုအဋ္ဌကထာ၌၊ ၊နိဗ္ဗာနာရမ္မဏေန အရိယမဂ္ဂေပဝတ္တိတေကိလေသာ အနုပ္ပန္နာယေဝ နုပ္ပဇ္ဇန္တီတိ ပဟီနာ နာမဟောန္တိ၊ ၊ဟုဘွင့်ပြတော်မူ၏၊ ၊နိဗ္ဗာနာရမ္မဏေ၊နိဗ္ဗာန်လျှင် အာရုံရှိသော၊ အရိယမဂ္ဂေ၊ အရိယမဂ်သည်၊ ပဝတ္တိတေ၊ ဖြစ်သည်ရှိသော်၊ အနုပ္ပန္နာယေဝ၊ မဖြစ်ကုန်သေးသည်သာလျှင် ဖြစ်ကုန်သော၊ကိလေသာ၊ကိလေသာတို့သည်၊ နုပ္ပဇ္ဇန္တိ၊မဖြစ်ကုန်၊ ဣတိတသ္မာ၊ထိုကြောင့်၊ပဟီနာနာမ၊ပယ်သည်မည်ကုန်သည်၊ဟောန္တိ၊ဖြစ်ကုန်၏၊

ဤအဋ္ဌကထာပါဠိဝယ်၊ အဓိပ္ပါယ် သော်ကား၊ ၊အမိုက်ကို စွန့်ပစ်သောသူအား၊အမှိုက်၌စွန့်ပစ်ခြင်းလုံ့လသည်ရှိသကဲ့သို့၊ ကိလေသာတို့ကို စွန့်ပစ်သောပုဂ္ဂိုလ်အား၊အတိတ်အစရှိသော ကိလေသာတို့၌ စွန့်ပစ်ခြင်းလုံ့လသည်မရှိ၊ထိုသို့ပင်လုံ့လမရှိသော်လည်း၊ နိဗ္ဗာန်ကိုအာရုံပြုရာ၌၊မဂ်သည် ဖြစ်သည်ရှိသော်၊ အသီး မရှိသေးသော သစ်ပင်ကို မချတ်ဖြတ်သေးလျှင်၊ ပထဝီရသ အာပေါရသတို့ကိုအစွဲပြု၍၊ ကေန်သီးမည်ဖြစ်တော့သည်၊ချတ်ဖြတ်ခြင်းကြောင့်သာလျှင်၊အနာဂတ်ကာလ၌၊သီးလတ္တံ့ အသီးတို့ကိုမသီးရဘိသကဲ့သို့၊ ထိုနည်းအတူ အရိယမဂ်မဖြစ်သေးလျှင်၊ ပုထုဇ္ဇဉ်သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌၊ကေန်ပင်ကိလေသာဖြစ်ပေါ်လာမည်၊ အရိယမဂ်ဖြစ်ခြင်းကြောင့်သာလျှင်၊ အနာဂတ်၌ဖြစ်လတ္တံ့သောကိလေသာတို့သည်မဖြစ်ရကုန်၊ထိုကြောင့် အနာဂတ်ဟုဆိုထိုက်သော ကိလေသာတို့ကို ပယ်၏ဟုဆို၊ ၊ထိုကြောင့်ရကား၊ကထာဝတ္ထုအနုဋီကာ၌လည်း၊ ၊ဥပ္ပဇ္ဇနာရဟာ ခဏတ္တယံနအာဂတာတိ အနာဂတာနာမဘဝိယုံ၊ ၊ဟုဘွင့်ပြ၏၊ ၊မဂ္ဂေန၊ မဂ်သည်၊ပဟာတဗ္ဗတ္တာ၊ပယ်အပ်သောကြောင့်၊ ဥပ္ပဇ္ဇနာရဟာ၊ဖြစ်ခြင်းငှါထိုက်ကုန်သော၊ ကိလေသာ၊ ကိလေသာတို့သည်၊ ခဏတ္တယံ၊ ဥပါဒ်-ဌီ-

ဘင်၊ခထဝယ်ဆစ၌သို့၊ နဇာဂတာ၊ မပေါ်လာကြကုန်၊ ဆူတိတသွာ၊ ထို ကြောင့်။ အနာဂတာနာမ၊ အနာဂတ်ကိလေသာမည်ထုန်သည့်၊ ထိယုံ၊ဖြစ် ထုန်၏၊ ၊ဤလျှင်-ကိလေသပဟာနကထာထရပ်၊အပြီးသတ်တည်း၊

---

(၁၃၂) အထက်မဂ်ပယ်ပုံကိုမေးဖြေခြင်း၊

(အမေး) အောက် မဂ်ပယ်ရာ၊ ကိလေသာ၊ ထပ်ခါထက် မဂ်ပယ် သနည်း၊

(အဖြေ) ကိလေသာဝယ်၊ထပ်မဂ်ပယ်၊အသစ်ဝယ်ပယ်သတည်း၊

အညေ့ အညော ပဇဟာတိ၊ ၊အဋ္ဌသာထိနီ၊ ၊အညေ့၊ တပါးကုန် သော၊ကိလေသေ၊ကိလေသာတို့ကို၊အညော၊တပါးသော၊ မဂ္ဂေါ၊မဂ်သည်၊ ပဇဟာတိ၊ပယ်၏။ ၊ဤနေရာ၌ ဥပမာအားဖြင့်ကား၊တယောက်သောသူ သည်၊ ညစ်နွမ်းသောပုဆိုးကိုခဝါသည်အား ပေးအပ်ရာ၊ ခဝါသည်သည်၊ မြေပေါက်ဆပ်ပြာ၊သစ်ခိပ်းဆပ်ပြာ၊ နွားချေးဆပ်ပြာ ဤဆပ်ပြာသုံးပါးကို ပေးပြီး၍၊ရေ၌ဆေးလျော်၍ ရုန့်ရင်းရုန့်ရင်းသောအညစ်အကြေးတို့ကို ပျော ပါစေ၏၊ထိုနောင် မစင်ကြယ်သေးရကား၊ နှစ်ကြိမ်မြောက်လည်း၊ ဤနည်း အတူ၊သုံးကြိမ်မြောက်လည်းဤနည်းအတူ၊၄-ကြိမ်မြောက်လည်း။ဤနည်း အတူရေ၌ဖွပ်လျော်၍။ချည်မွေးမြင်အတွင်း၌ရှိသော အညစ်အကြေးတို့ကို ပျောပါစေ၍၊ပုဆိုးရှင်အားပေးအပ်လေသော်၊ ပုဆိုးရှင်သည်နံ့သာကြုတ်၌ ထည့်၍။အလိုရှိသောခထာ၌၊ ဝတ်ရုံသုံးဆောင်လေဘိသကဲ့သို့၊ ထိုအတူ ညစ်နွမ်းသောပုဆိုးနှင့်တူသော ကိလေသာလိမ်းကပ်သောစိတ်ကို ဆပ်ပြာ သုံးပါးနှင့်တူသော ဝိပဿနာသုံးရပ်ဖြင့် ဆေးလျော်၍၊ သောတာပတ္တိမဂ် ဖြင့်၊ကိလေသာငါးပါးကိုကုန်ခန်းစေခြင်း၊ နှစ်ကြိမ်မြောက်သကဒါဂါမိမဂ် ဖြင့်၊ ဘဲယောဇဉ်နှစ်ပါးကိုကုန်ခန်းစေခြင်း၊ သုံးကြိမ်မြောက်အနာဂါမိမဂ် ဖြင့်၊ ဘဲယောဇဉ်နှစ်ပါးတို့ကို ကုန်ခန်းစေခြင်း၊ လေးကြိမ်မြောက်လည်း။ အရဟတ္တမဂ်ဖြင့်ကိလေသာ၇စ်ပါးတို့ကိုဘုန်ခန်းစေခြင်း၊ အလွန်စင်ကြယ် သောနံ့သာကြုတ်တွင် သွင်းထားသော ပုဆိုးကို။ လိုသောခထာ– လိုသော ခထာ၌ဝတ်ရုံသည်နှင့်တူစွာ။အလွန်စင်ကြယ်သောရဟတ္တာစိတ်ကို၊ အလိုရှိ သောခထာ၌ဖလသမာပတ်တို့ဖြင့် နေတော်မူ၏-ဟု၊ ဥပမာဥပမေယျနှစ်ရပ် ဂဟောစပ်၍မှတ်ယူအပ်၏။ ၊ဤသည်လျှင်၊မဂ်လေးပါးသည်။ကိလေသာ ကိုပယ်ခြင်းတည်း။

## (၁၃၃) မဂ်ပယ်ကိုလေသာကိုပြခြင်း။

မဂ်စိတ်လေးပါးတွင်၊သောတာပတ္တိမဂ်သည်၊ ဒိဋ္ဌိဂတသမ္ပယုတ်–ဝိစိကိစ္ဆာသဟုဆိုအပ်သော ငါးပါးသောစိတ်ကို အကြွင်းမဲ့ပယ်၏၊သကဒါဂါမိမဂ်သည်၊ ဓါသမူဒွေးကို ခေါင်းပါးစေသော အားဖြင့်ပယ်၏၊ အနာဂါမိမဂ်သည်၊ ဓါသမူဒွေးကို အကြွင်းမဲ့ပယ်၏၊ အရဟတ္တမဂ်သည်၊ ဒိဋ္ဌိဂတဝိပ္ပယုတ်,ဥဒ္ဓစ္စကိုအကြွင်းမဲ့ပယ်၏၊ ဤသို့အားဖြင့်မဂ်လေးပါးတို့သည်၊တဆဲ့နှစ်ပါးသော အကုသိုလ်စိတ်ကိုပယ်ရှား၏၊ ဤအရာ၌၊ စိတ်,စေတသိက်ကိုသာ ပယ်သည်မဟုတ်။ စိတ္တုပ်၏ အစွမ်းအားဖြင့် ဖြစ်သော၊ သဝ္ဂယုတ်တရားတို့ကိုလည်း ပယ်ကုန်၏ဟုမှတ်၊ဤအရာ၌၊စောရဃာတကဥပမာကို ဆောင်ပြအပ်၏။ ။တဦးသော တိုင်းကြီး သေဌ္ဌးနင်း။ ပြည့်ရှင်မင်းသည်၊ စံနေတော်မူသော အခါဝယ်၊ ပစ္စန္တရစ် မြို့ရွာတို့၌၊ အမြဲအရံတထောင်စီရှိပြား၊ ခိုးမှုးတကျိပ် နှစ်ယောက် သားတို့သည်။ ပေါပေါက်ထတြွ၊ သောင်းကြမ်းကြသည်ကို၊ ဧကန်တိတိ၊သိတော်မူသိ၍၊ အမတ်ကြီး လေးယောက်တို့ကို အသီးအသီးဗိုလ်မှူး။ခန့်ရာထူးနှင့်ထား၍၊ တိုက်ဖျက်စေသောအခါဝယ်၊ တဦးသောဗိုလ်မှူး စစ်သည်တို့သည်၊ အခြံအရံတထောင်နှင့် တကွ၊ ခိုးမှူးငါးယောက်တို့ကို တိုက်ဖျက်သုတ်သင်လတ်သည်ရှိသော်၊တဦးသောဗိုလ်မှူး စစ်သည် တို့ကလည်း၊ နှစ်ဦးသော ခိုးမှူးတို့ကို အခြံအရံနှင့် တကွ၊ ဘမ်းဆီးချည်နှောင်၊ဒုတ်တထောင်တို့ဖြင့်၊အားနည်းဆောင်ပြု၍၊နှောင်အိမ်တွင် သွင်းထားရာဝယ်။ ထွက်ပြေးတိမ်းရှောင်၊ တောတောင်အတွင်းသို့၊ ပုန်းအောင်းနေသည်တို့ကို၊ တဦးသောဗိုလ်မှူး စစ်သည်တို့သည်၊ လိုက်လံဘမ်းဆီး၍၊အပြီးတိုင်သုတ်သင်၊ရှင်းလင်းရတော့သည်၊ တဦးသောဗိုလ်မှူး စစ်သည်တို့ကလည်း၊ကြွင်းကျန်သောခိုးမှူးငါးယောက်တို့ကို၊ အခြံအရံနှင့် တကွ၊တိုက်ဖျက်ကုန်စင်၊သုတ်သင်ရှင်းလင်းသဖြင့်၊ဘေးရန်ခပ်သိမ်း၊ငြိမ်းသည်ဖြစ်၍၊ စစ်ဆောင်သော သူရဲအပေါင်း ခြံရံလျက်၊ မြတ်သော ရွှေနန်းတော်သို့တက်၍၊ ကြီးမြတ်လှစွာ၊ မင်းစည်းစိမ် ချမ်းသာကို ခံစံမွေ့လျော်၊ ပျော်တော်မူစွာနေ၏။ ။ဤဥပမာ၌၊ပြည့်ရှင်မင်းကြီးကဲ့သို့၊တရားမင်းဖြစ်ပြား၊မြတ်ဘုရားကိုမှတ်အပ်၏၊ အမတ်ကြီးလေးယောက်ကဲ့သို့၊ ယောဂါဝစရမည်ပြား၊အမျိုးသားကိုမှတ်အပ်၏၊ အခြံအရံနှင့်တကွ၊ခိုးမှူးငါးယောက်တို့ကို၊ တဦးသောဗိုလ်မှူးသည် သတ်ဘိသကဲ့သို့၊ သောတာပတ္တိ မဂ်ဖြင့်၊ စိတ္တုပ်နှင့်တကွ၊ အကုသိုလ်စိတ် ငါးပါးတို့ကိုပယ်ဖျက်ခြင်းကိုမှတ်အပ်၏၊

ထိုအတူ ခိုးမှုးနှစ်ယောက်ကို။ တဦးသောဗိုလ်မှူးသည်၊ အားနည်းအောင်ပြု ဘိသကဲ့သို့၊ သကာဓါဂါမိမက်ဖြင့် စိတ္တဂ်နှင့်တကွသော၊ ခေါသမူနွေကို ပါး အောင်ပြုခြင်းကိုမှတ်အပ်၏၊ အားနည်းသော ခိုးမှူးနှစ်ယောက်တို့ကိုတဦး သောဗိုလ်မှူးဘမ်းဆီးသတ်ဖြတ်ခြင်းကဲ့သို့၊ အနာဂါမိမက်ဖြင့်သိမ်မွေ့သော ဒေါသမူနွေကို။စိတ္တဂ်နှင့်တကွ၊ အကြွင်းမဲ့ပယ်ပျောက်ခြင်းကိုမှတ်အပ်၏။ ကြွင်းကျန်သောခိုးမှူးငါးယောက်တို့ကို။ တဦးသောဗိုလ်မှူးသည်၊အကြွင်း မဲ့တိုက်ဖျက်သကဲ့သို့၊ အရဟတ္တမက်ဖြင့်၊ စိတ္တဂ်နှင့်တကွ၊ ကြွင်းကျန်သော ဥဒ္ဒစ္စ-ဝိဇ္ဇယုတ် လေးပါး။ ပေါင်းငါးပါးတို့ကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်းကို မှတ်အပ်၏။ တကျိပ် နှစ်ယောက်သော ခိုးသူတို့ကို၊သတ်ဖြတ်သည့်မှစ၍။ ဘေးဘယမရှိ၊ချမ်းသာဘိ၍၊ကြီးစွာသောရွှေနန်းစည်းစိမ်ကိုခံစားဘိသကဲ့ သို့၊ အကုသိုလ်တရား တဆဲ့နှစ်ပါးတို့ကို၊ ပယ်ရှားသည့်နေ့မှစ၍၊ကိလေ သာဘေးရန်ငြိမ်း၍၊ ကောင်းမြတ်သော မက်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ မြတ် သောနိဗ္ဗာန်ချမ်းသာကို ခံစားခြင်းကိုမှတ်သားအပ်၏ဟု၊ဥပမာ-ဥပမေယျ နှစ်ရပ်၊ ဂဟေစပ်၍၊ မှတ်အပ်၏။ ။ဤလျှင် မက်၏ အကုသိုယ်ပယ်ခြင်း တည်း။

---

## (၁၃၄) မက်လေးပါးသစ္စာမြင်ပုံကိုပြခြင်း။

(အမေး) ပဌမ-မက်မြင်။သစ်၊လေးအင်၊ အထက်မဂ္ဂင်မြင်သနည်း။

(အဖြေ) ပဌမ-မက်မြင်လေ၊ သစ်လေးတွေ၊ ထက်မဂ္ဂေ ထပ်၍မြင် သတည်း။

ဇှမေသုစတူသုမဂ္ဂေသု ပထမ-မဂ္ဂေန စတ္တာရိ သစ္စာနိဒိဋ္ဌာနိ၊ဥပရိမဂ္ဂတ္တ ယံဒိဋ္ဌကမေဝ ပဿတိ၊ နအဒိဋ္ဌံ ပဿတိ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ ပါဠ်၊ ။စတူသု၊ လေးပါးကုန်သော။ ဇှမေသုမဂ္ဂေသု၊ ဤမက်လေးပါးတို့ တွင်။ ပထမ-မဂ္ဂေန၊ သောတာပတ္တိမက်သည်။ စတ္တာရိ၊ လေးပါးထုန်သော၊ သစ္စာနိ၊ သစ္စာတို့ကို။ ဒိဋ္ဌာနိ၊ မြင်အပ်ကုန်၏။ ဥပရိမဂ္ဂတ္တယံ၊ အထက်မက် သုံးခုအပေါင်းသည်၊ ဒိဋ္ဌကမေဝ၊ပထမ-မက်သည် မြင်အပ်ပြီးသော သစ္စာ လေးပါးတရားကိုသာလျှင်။ ပဿတိ၊ မြင်နိုင်၏၊ အဒိဋ္ဌကံ၊ပဌမ-မက်သည် မမြင်အပ်သော အသစ်သစ္စာကို၊ နပဿတိ၊မမြင်၊ ။ဤအဋ္ဌကထာပါဠ် မိန့်အပ်သည်နှင့်အညီ၊ပထမ-မက်မြင်အပ်ပြီးသော သစ္စာလေးပါးကို၊ဒုတိယ စသော မက်တို့သည်၊ ထပ်၍ မြင်ကုန်၏ဟု။ တပ်အပ်သေချာ။ မှတ်ကုန်ရာ

၏။ ။ပချုပ်လေးလုံးကို၊ မိးရောင်ဖြင့် ကြည့်သော ဥပမာကို၊ ဤနေရာ၌ အသုံးပြုအပ်၏။ ။ဤလျှင်တရပ်၊အမိပ္ပါယ်စကားမြွက်တည်း၊

---

## (၁၄၅) တိပရိဝဋ္ဋ၊ဒွါဒသာကာရကိုပြခြင်း၊

(အမေး) ဗုဒ္ဓမြွက်စွာ၊မြင်သစွာ၊ဆဲ့နှစ်ဖြာအရ ဘယ်သို့နည်း။

(အဖြေ) အပြန်သုံး၀၊လေးချပြ၊ဆဲ့နှစ်၀ ခြင်းရာတည်း၊

ဣမေသုစတူသု အရိယသစ္စေသု ဧဝံတိပရိဝဋ္ဋံဒွါဒသာကာရံ ယထာဘူ တံဉာဏဒဿနံဝိသုဒ္ဓံအဟောသိ။ ။ဝိနည်းမဟာဝါပါဠိတော်၊ ။စတူ သု၊ လေးပါးကုန်သော၊ဣမေသု အရိယသစ္စေသု၊ဤအရိယသစ္စာတို့၌။ ဧဝံ၊ ဤသို့၊တိပရိဝဋ္ဋံ၊ သုံးခုသော အပြန်ရှိထသော၊ ဒွါဒသာကာရံ၊ တဆဲ့နှစ်ပါး သော အခြင်းအရာ ရှိထသော။ ယထာဘူတံ၊ မဘောက်မပြန် ဟုတ်မှန်ထ သော၊ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်၊ ဝိသုဒ္ဓံ၊ အထူးသဖြင့် စင်ကြယ် သည်။အဟောသိ၊ဖြစ်ပြီ။ ။ဤပါဠိတော်မြွက်။ မိန့်တော်မူအပ်သည်နှင့်အ ညီ၊မြွက်စွာဘုရားသည် သစ္စာလေးပါး၊မြွက်တရားကို၊ပိုင်းခြားထင်ထင်၊သိ မြင်ရာ၌၊ သုံးပါးသော အပြန်အလှာ၊ တဆဲ့နှစ်ပါးသော အခြင်းအရာတို့ဖြင့် သိ၏ဟုမှတ်သားအပ်၏၊ ။သစ္စာလေးပါးတို့၌အပြန်သုံးပါး၊အခြင်းအရာတ ဆဲ့နှစ်ပါးဟူသော်ကား၊ ။ဤလောကီစိတ်-ဘောဘိတိ၊ လောဘကြဉ်သော စေတသိက်ကေပညာသ၊ ရုပ်အဋ္ဌဝီသတရားတို့သည်ကား၊ ဒုက္ခသစ္စာမည် ၏၊လောဘစေတသိက်သည်ကား၊ သမုဒယသစ္စာမည်၏။ အသင်္ခတဓာတ် နိဗ္ဗာန်မြတ်သည်ကား၊နိရောဓသစ္စာမည်၏။မဂ္ဂင်ရှစ်ပါးသည်ကား၊မဂ္ဂသစ္စာ မည်၏။ ဤသို့သစ္စာလေးပါးတို့၌ မရောမရှက်သောအားဖြင့်၊ ဝေဘန်ပိုင်း ခြား၊ဟုတ်မှန်စွာသိပါသောဉာဏ်သည် သစ္စဉာဏ်မည်၏၊ဒုက္ခသစ္စာသည် ကား ပိုင်းခြား၍သိအပ်သော ပရိညေယျကိစ္စမည်၏၊ သမုဒယသစ္စာသည် ကား ပယ်အပ်သော ပဟာတဗ္ဗကိစ္စမည်၏၊ နိရောဓသစ္စာသည်ကား မျက် မှောက်ပြုအပ်သော သစ္ဆိကာတဗ္ဗကိစ္စမည်၏။ မဂ္ဂသစ္စာသည်ကား အဘန်ဘန် ပွါးအပ်သော ဘာဝေတဗ္ဗကိစ္စတရားမည်၏ဟူ၍၊ သစ္စာလေးပါးတို့၏ကိစ္စ ကိုပိုင်းခြားဝေဘန်၍ သိနိုင်သောဉာဏ်သည်၊ ကိစ္စဉာဏ်မည်၏၊ ဤသစ္စာ လေးပါးတို့၌ ပရိညေယျစသော ကိစ္စ၏-ပြုအပ်ပြီးသည် အဖြစ်ကို ဆုံးဖြတ် သောအားဖြင့်၊ထိသောသဘောဉာဏ်သည် ကတဉာဏ်မည်၏။ ဤသို့လျှင် သစ္စာလေးပါးတို့၌၊ အပြန်အလှာသုံးပါး၊ အခြင်းအရာ တဆဲ့နှစ်ပါးတို့သည်

ဖြစ်ကုန်သတည်း။ ။ဤသို့ပြဆိုအပ်ပြီးသောနည်းအားဖြင့်။မြတ်စွာဘုရားသည်သစ္စာလေးပါးကိုပိုင်းခြား၍သိရာ၌ မြတ်စွာဘုရားသည် သောတာပန်သကဒါဂါမ်အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ပြီးမှသာလျှင်၊အရဟတ္တမဂ်ဖိုလ်သို့ရောက်၍၊သဗ္ဗညုတဘုရားအဖြစ်သို့ ပေါက်တော့သည်ဟုမှတ်၊ ထိုကြောင့်ရကား၊ဘုရားမဂ်လေးတန် သည်ကား၊ ကိလေသာ အခြားမရှိသော မဂ်လေးတန်မည်၏-ဟု၊ဝိသေသအားဖြင့်ပိုင်းခြား၍မှတ်အပ်၏၊ ထိုကြောင့်ရကား၊ ဝဇိရဗုဒ္ဓိဋီကာ၌၊ ။နဘဂဝါသောတာပန္နာဒိဘာဝံပတွာ ဗုဒ္ဓေါဇာတောတိသမယာနုရူပသင် နိဝါရဏတ္ထံ စတုသုတိဝုတ္တံ။ ။ဘဂဝါ၊ မြတ်စွာဘုရားသည်။ သောတာပန္နာဒိဘာဝံ၊ သောတာပန် အစရှိသော အဖြစ်သို့။ပတွာ၊ရောက်၍။ ဗုဒ္ဓေါ၊ ဘုရားသည်။ နဇာတော၊မဖြစ်။ဣတိ၊ဤသို့။သမယာနုရူပသင်နိဝါရဏတ္ထံ၊ အယူတပါးကို တားမြစ်ခြင်းအကျိုးငှါ။စတုသုတိ၊စတုသုပဟူ၍၊ အာစရိယေန၊ အဋ္ဌကထာဆရာမြတ်သည်၊ ဝုတ္တံ၊မိန့်တော်မူအပ်၏။ ။ဤသို့လျှင်တရပ် မှတ်ဘွယ်တည်း။

---

(၁၃၄) ပိသဗ္ဗါပေါင်းဟန်ကိုပြခြင်း။

ဣမာနိစတ္တာရိပိ လောကုတ္တရ ကုသလစိတ္တာနိနာမ။ ။ဟူသောပါဠိ၌ အကြွမ်းဝင်သော ပိသဗ္ဗါဖြင့်ပေါင်းဟန်ကား။ ။သောတာပတ္တိမဂ်ကိုသုညတမဂ်၊ အပ္ပဏိဟိတမဂ်နှစ်ပါးနှင့်မြွှော်၊နှစ်ပါးရ၏။ ၎င်းနှစ်ပါးကိုပဌိပဒါလေးပါးနှင့်မြှောက်။ ရှစ်ပါးရ၏။ရှေးအမည်နှစ်ပါးနှင့်-ဆယ်ပါးဖြစ်၏။ ထိုနည်းအတူ၊မဂ်၊သတိပဋ္ဌာန်၊သမ္မပဓာန်၊ဣဒ္ဓိပါဒ်။ဣန္ဒြေ၊ဗိုလ်၊ဗောဇ္ဈင်၊သစ္စာ၊သမထ၊ ဓိပသနာ၊ဓမ္မခန္ဓာ၊အာယတန၊ဓာတ်၊ အာဟာရ၊ ဖဿ၊ဝေဒနာ၊သညာ၊စေတနာ၊စိတ်၊ ဤတဆဲ့ကိုးပါးသော အမည်တို့၌လည်း၊ တဆယ်စီဖြစ်၏။ဤသို့လျှင်အပေါင်းအားဖြင့်၊နှစ်ရာဖြစ်၏။၎င်းနှစ်ရာကိုတည်၊အဓိပတိလေးပါးနှင့်မြှောက်၊ရှစ်ရာဖြစ်၏။ ရှေးနှစ်ရာနှင့် ပေါင်းပြန်လျှင်၊ တထောင်ဖြစ်၏။၎င်းတထောင်တည်ပြီမဂ်လေးပါးနှင့်မြှောက်၊လေးထောင်ဖြစ်၏။ ။ဤသို့လျှင် ဓမ္မသင်္ဂဏီပါဠိတော်အရ၊ လောကုတ္တရာမဂ်စိတ်၊လေးထောင်တည်း၊ သစ္စဝိဘင်း ပါဠိတော်အရ၊ မဂ်စိတ်ခြောက်ထောင် မြှောက်နည်းကိုကား။ အဘိဓမ္မတ္ထသင်္ဂဟာဒိပနီကျမ်း၌ယူကြလေ။ဂန္ထဂရုအတိဘာယကြောင့် မပြလိုက်ပြီဟုမှတ်။

မဂ်စိတ်လေးပါးအပြီးသတ်ပြီ။

## (၁၃၇) ဖိုလ်စိတ်လေးပါးကိုပြဆိုခြင်း။

ဖိုလ်ဟူသည်၊ အကြောင်းရင်းနှင့်တူစွာ ဖြစ်သော သဘောကို မှတ်အပ်၏၊ ထိုကြောင့်ရကား၊ ဋီကာဆရာများသည်၊ ။ဖလတိပစ္စယာဘာဝံဂစ္ဆတီ တိဖလံ၊ ။ဟုမိန့်၏၊ ။ပစ္စယာဘာဝံ၊ ရင့်ကျက်သည့်အဖြစ်သို့၊ ဖလတိ၊ ဂစ္ဆတိ၊ ရောက်တတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်၊ ဖလံ၊ ဖိုလ်မည်၏။ ။ဤသို့ပြအပ်ပြီးသော ဖိုလ်စိတ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကိုသာလျှင်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟူ၍ ခေါ်ဝေါ်အပ်၏။ မဂ်ပုဂ္ဂိုလ်တို့မှာမူကား၊ သောတာပတ္တိဖလသစ္ဆိကိရိယ၊ သကဒါဂါမိဖလသစ္ဆိကိရိယ၊ အနာဂါမိဖလသစ္ဆိကိရိယ၊ အရဟတ္တဖလ သစ္ဆိကိရိယပုဂ္ဂိုလ်ဟူ၍၊ ခေါ်ဝေါ်အပ်ကြောင်းကို၊ ဥပရိပဏ္ဏာသ ပါဠိတော် ဒက္ခိဏ ဝိဘင်္ဂသုတ်၌၊ ဟောကြားတော်မူခဲ့၏။ ။ဤနေရာ၌ မဂ်ပုဂ္ဂိုလ်အား လှူရသည်နှင့်၊ ဖိုလ်ပုဂ္ဂိုလ်အား လှူရခြင်းသည်။ အလှူချင်းဘယ်သို့ ထူးမည်နည်းဟူ၍မေးမူ၊ ။၎င်းပုစ္ဆာ အမေးကိုဖြေဆိုခြင်း၌ ခဲယဉ်းလှ၏၊ အဘယ့်ကြောင့်ဟူမူ။ မဂ်ခဏ၌ ဆိုင်းတွခြင်းမရှိ၊ မဂ်ဖြစ်သည် နောက်၌ပင်လျှင်၊ ဘဝင်မခြားမူ၍ အစဉ်အားဖြင့် ထသားတည်းဖြစ်သောကြောင့်တည်း။ ။အဋ္ဌကထာ ဆရာတော်တို့သည်လည်း၊ မဂ်စိတ်ခဏတ္တယနှင့်ပြည့်စုံသော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အား၊ ပေးလှူခြင်း ၌ါစွမ်းနိုင်ပါမည်လော့ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာကို မိန့်ကြားတော်မူကြသည်မှာ၊ ဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာ၌။ ။ကိံ ပန မဂ္ဂသမင်္ဂီဿ သက္ကာ ဒါနံဒါတုန္တိ၊ အာမသက္ကာ၊ အာရဒ္ဓဝိပဿကဿဟိပိဏ္ဍာယ ဂေဟဒွါရေ ဌိတဿ အာသနသာလာယံဝါ ဝိဟာရေဝါ နိသိန္နဿ မနုဿာ ပတ္တေ ခါဒနီယံဝါ ဘောဇနီယံဝါ ပက္ခိပန္တိ ပတ္တံဝါ အာဒါယ စရံ ဂတွာ ပက္ခိပန္တိ၊ တသ္မိံ ခဏေ မဂ္ဂဝုဋ္ဌာနံ ဟောတိ၊ ဣဒံဒါနံ မဂ္ဂသမင်္ဂီနော ဒါနံနာမ။ ။ဟုမိန့်တော်မူကြပေ၏၊ ။မဂ္ဂသမင်္ဂီဿ၊ မဂ်၏ခဏတ္တယနှင့်ပြည့်စုံသောပုဂ္ဂိုလ်အား၊ ဒါနံ၊ အလှူကို၊ ဒါတုံ၊ ပေးခြင်းငှါ၊ သက္ကာကိံ၊ တတ်ကောင်းပါမည်လော့၊ ဣတိ၊ ဤသို့၊ ပေပုစ္ဆေယျ၊ အကယ်၍မေးငြားအံ့၊ အာမသက္ကာ၊ ဩတတ်ကောင်းပါ၏၊ ဟိ၊ သစ္စံ၊ မှန်လှပေ၏၊ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ၊ ဂေဟဒွါရေ၊ အိမ်တံခါး၌၊ ဌိတဿ၊ ရပ်လာသော။ အာရဒ္ဓဝိပဿကဿဝါ၊ အားထုတ်အပ်သော ဝိပဿနာရှိသောပုဂ္ဂိုလ်၏၎င်း၊ အာသနသာလာယံဝါ၊ ဆွမ်းစားဇရပ်၌၎င်း၊ ဝိဟာရေဝါ၊ ကျောင်း၌၎င်း၊ နိသိန္နဿဝါ၊ နေထိုင်သောပုဂ္ဂိုလ်၏၎င်း၊ ပတ္တေ၊ သပိတ်၌၊ ခါဒနီယံဝါ၊ ခဲဘွယ်ကို၎င်း၊ ဘောဇနီယံဝါ၊ ဘောဇဉ်ကို၎င်း၊

မနသိကာ၊လူတို့သည်။ ပက္ခိပန္တိ၊ထည့်ကုန်၏။ ပတ္တံ ဝါ သပိတ်ကိုလည်း။အာဒါယ၊ဆောင်ယူ၍။ဃရံ၊အိမ်သို့။ဂန္တွာ၊သွား၍။ခါဒနီယံဝါ၊ခဲဘွယ်ကိုငင်း။ဘောဇနီယံဝါ၊ ဘောဇဉ်ကိုငင်း။ ပက္ခိပန္တိ၊ထည့်လှူကုန်၏။ တသ္မိံ ခဏေ၊ထိုခဏ၌။မဂ္ဂဝုဋ္ဌာနံ၊မဂ်မှထခြင်းသည်။ ဟောတိ၊ဖြစ်၏။ အုဒ္ဒါနံ၊ ဤအလှူသည်။မဂ္ဂသမင်္ဂီနော၊မဂ်၏ ခဏတွင်ယှဉ်ပြည့်စုံသောပုဂ္ဂိုလ်အား။ဒါနံနာမ၊ပေးလှူသောဒါနမည်၏။ ။ဤသို့အဋ္ဌကထာ ဆရာတော်သည်၊ မဂ္ဂသမင်္ဂီဒါနကိုအာဘုတပရိကပ္ပနာနည်းဖြင့်ကြံဆ၍၊ပြတော်မူပေ၏။ ။ဤလျှင်ဖလဋ္ဌာန်,မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၏ထူးခြားဟန်တည်း။

---

## (၁၃၈) သောတာပန်ပုဂ္ဂိုလ်အရပြဆိုခြင်း။

သောတာပန္နပုဒ်၌။ သောတဟူသည် မဂ္ဂင်ရှစ်ပါးကိုမှတ်အပ်၏။အာပန္နဟူသည် ရှေးဦးစွာ နိဗ္ဗာန်သို့ရောက်ခြင်းကိုမှတ်အပ်၏။ ဤနှစ်ရပ်ကိုပေါင်းစပ်အပ်သည်ရှိသော်၊ နိဗ္ဗာန်သို့အာရုံပြုသည်၏အစွမ်းအားဖြင့်၊ ရှေ့ရှုကပ်တတ်သောအရိယမဂ္ဂင်ရှစ်ပါးသို့၊ အထက်မဂ်ပုဂ္ဂိုလ်သုံးပါးတို့၏ ရှေးဦးစွာရောက်ခြင်းရှိသော ပုဂ္ဂိုလ်သည်၊ သောတာပန် ပုဂ္ဂိုလ်မည်၏။ ။အရိယမဂ္ဂသောတဿအာဒိတောပန္နတ္တာတိ သောတာပန္နံ။ ။ဝေါဟာ၊ ထိုပုဂ္ဂိုလ်အား။အရိယမဂ္ဂသောတဿ၊အရိယာမဂ္ဂင်တည်းဟူသော ရေအယဉ်၏။ အာဒိတော၊ရှေးဦးစွာ။ ပန္နဲ့ရောက်ခြင်းသည်။ အတ္ထိ၊ရှိ၏။ ဣတိတသ္မာ၊ထိုကြောင့်၊သောတာပန္နံ၊သောတာပန်မည်၏။

ထိုသောတာပန်သည်၊ဈာန်ရသော–သောတာပန်၊ ဈာန်မရသော–သောတာပန်ဟူ၍။နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင်၊ဈာန်ရသော သောတာပန်သည်၊ ထိုဘဝ၌ အရဟတ္တဖိုလ်သို့ရောက်ပါမူ၊ပရိနိဗ္ဗာန်စံရ၏။ အကယ်၍၊ ဤဘဝ၌ အရဟတ္တဖိုလ်သို့မရောက်သေးမူကား၊ ဗြဟ္မာ့ဘုံသို့ရောက်ရ၏။ ထိုသို့ဗြဟ္မာ့ဘုံသို့ရောက်သည်ရှိသော်၊ ကာမဘုံတ်သို့ မပြန်သောကြောင့်၊ အနာဂါမ်မဟုတ်သော်လည်း၊ဈာန်၏အစွမ်းအားဖြင့်။ဈာနအနာဂါမ်မည်၏ဟု၊တပ်အပ်သေချာ။မှတ်ကုန်ရာ၏၊ ထိုကြောင့်ရကား၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ၌။ ။တတ္ထ ရူပါဝစရ နိဗ္ဗတ္တာ သောတာပန္န သကဒါဂါမိနော နပုန ဣဓာဂန္တာ၊တတ္ထေဝပရိနိဗ္ဗာယန္တိ၊ဧတေပိဈာနအနာဂါမိနောနာမ၊ ။ဟုဘွင့်ပြတော်မူ၏။ ။တတ္ထ၊ထိုစကားရပ်၌။ ရူပါဝစရေ၊ ရူပါဝစရဘုံ၌။ နိဗ္ဗတ္တာ၊ဖြစ်ကုန်သော။သောတာပန္န၊သကဒါဂါမိနော၊သောတာပန်–သက

ဒါဂါပ်တို့သည်၊ပုန၊တဘန်၊ဆူဓ၊ဤကာမဘုံသို့၊နအာဂန္တာ၊မပြန်လာကြ ထုန်၊ဟိ၊မှန်လှပေ၏။ ဧတေ၊ထိုရှုပဘုံသို့ရောက်ထုန်သော သောတာပန်နှ့သ ကဒါဂါမ်တို့သည်၊ဈာန-အနာဂါမိနောနာမ ဈာနအနာဂါမ်မည်ထုန်၏၊

သုက္ခဝိပဿက- ဈာန်စေးခြောက်သော သောတာပန်သည်၊ ဧကဗီဇီ သောတာပန်၊ကောလံကောလသောတာပန်၊သတ္တက္ခတ္တုပရမသောတာပန် ဟူ၍၊သုံးပါးအပြားရှိ၏၊ထိုတွင်၊ဧကဗီဇီသောတာပန်ဟူသည်၊ လူ့ဘုံ၌ဖြစ် စေ၊နတ်ဘုံ၌ဖြစ်စေ၊ တခုသောပဋိသန္ဓေ၊ တည်နေသည်ဖြစ်၍၊ အရဟတ္တ ဖိုလ်သို့ရောက်၍၊ပရိနိဗ္ဗာန်စံရပေ၏၊ ထိုသို့တဘဝသာလျှင်နေ၍၊ ပရိနိဗ္ဗာန် စံရသော သောတာပန်သည်၊ဧကဗီဇီသောတာပန်မည်၏၊ထိုကြောင့်၊ ပုဂ္ဂလ ပညတ္တိ အဋ္ဌကထာ၌၊ ။ယဿဟိ သောတာပန္နဿ ဧကံယေဝ ခန္ဓဗီဇံ အတ္ထိ၊ ဧကံအတ္တဘာဝဂ္ဂဟဏံ၊သောဧကဗီဇီနာမ။ ။ဟုဘွင့်ပြ၏၊ ။ယဿ ဟိ၊ အကြင်ကြောင့်၊ ယဿ သောတာပန္နဿ၊ အကြင် သောတာပန် အား၊ ဧကံယေဝခန္ဓဗီဇံ၊တခုသာလျှင်ဖြစ်သော ဘဝမိညာဉ် မျိုးစေ့သည်၊ အတ္ထိ၊ရှိ၏၊သော၊ထိုသောတာပန်သည်၊ ဧကဗီဇီနာမ၊ ဧကဗီဇီသောတာပန် မည်၏၊ ။ပုဂ္ဂလပညတ်ပါဠိတော်၌ကား မနုဿဘဝံဟူ၍၊မြတ်စွာဘုရား ဟောတော်မူခြင်းသည် နိဒဿန၊နည်းမျှသာဟုမှတ်၊ နတ်ဘဝ၌လည်းဖြစ် စေသေး၏၊ဤသည်လျှင်၊ဧကဗီဇီသောတာပန်တည်း၊

ကောလံကောလ သောတာပန် ဟူသည်၊ လူဘုံ၌ ပဋိသန္ဓေတကြိမ်နေ၊ နတ်တို့ပြည်၌ပဋိသန္ဓေတကြိမ်နေပြီး၍၊ အရဟတ္တဖိုလ်သို့ရောက်လျက်၊ ပရိ နိဗ္ဗာန်စံသောပုဂ္ဂိုလ်ရင်း၊နှစ်ဘဝမှစ၍၊ နတ်လူရောသည်၏အစွမ်းအားဖြင့်၊ ပဋိသန္ဓေ-ခြောက်ဘဝနေ၍၊ပရိနိဗ္ဗာန်စံသော သောတာပန်ပုဂ္ဂိုလ်သည်ရင်း၊ ကောလံကောလ သောတာပန် ပုဂ္ဂိုလ်မည်၏၊ ထိုကြောင့်ရကား၊ ပုဂ္ဂလ ပညတ္တိအဋ္ဌကထာ၌၊ ။ဒွေတီဏိကုလာနီတိ ဒေဝမနုဿဝသေန ဒွေဝါတ ယောဝါ ဘဝေဆုတိ အယမွိဓိဿကာဘဝေနေဝ ကထိတော။ ။ဟုဘွင့်ပြ၏၊ ။ဒွေတီဏိကုလာနီတိ၊ဒွေတီဏိကုလာနီ ဟူသည်ကား၊ ဒေဝမနုဿ ဝသေန၊ နတ်၊လူရောသည်၏ အစွမ်းအားဖြင့်၊ ဒွေဝါ၊နှစ်ပါးလည်း ဖြစ်ထုန် သော၊ တယောဝါ၊သုံးပါးလည်းဖြစ်ကုန်သော၊ ဘဝေ၊ ဘဝတို့ကို၊ ဆုတိ၊ ဤသို့၊အယမ္ပိ၊ ဤကောလံကောလ သောတာပန်ကိုလည်း၊ ဓိဿကာဘဝေ နေဝ၊လူနတ်ရောသောဘဝဖြင့်သာလျှင်၊ကထိတော၊ဟောတော်မူအပ်၏၊ ။ ဤ၌လည်း ပါဠိတော်အပြ၊ဒွေတီဏိအရလည်း၊နိဒဿနနည်းမျှသာတည်း၊ ခြောက်ဘဝတိုင်အောင်ယူလေထုန်၊

သဗ္ဗာကုသလပုဂ္ဂိုလ်ပရမသောတာပန်ဟူသည်၊ ထုတ္တိဘဝ၌သောတာပန်ဖြစ်၍၊ ဤဘဝမှသွားပြီးလျှင်၊ နတ်ဘဝ၌ပဋိသန္ဓေတည်နေလျက်၊ ထိုနတ်ဘဝမှလူ့ဘဝသို့တဘန်၊ လူ့ဘဝမှနတ်ဘဝသို့တဘန်၊ အပြန်ပြန်၊ ဤသို့လူ,နတ်ရော သည့်၏အစွမ်းအားဖြင့်၊ လူ့ဘဝ၌သုံးဘဝ၊ နတ်ဘဝ၌လေးဘဝ၊ ပေါင်းခုနစ်ဘဝ၌၊ ပဋိသန္ဓေတည်နေ၍၊ ပရိနိဗ္ဗာန်စံသောပုဂ္ဂိုလ်သည်၊ သဗ္ဗာကုသလပုဂ္ဂိုလ်ပရမ သောတာပန် မည်၏။ ၊ထိုသောတာပန်သည် ရှစ်ခုမြောက်ဘဝကို မယူ လေ၊ ထိုကြောင့်၊ ပုဂ္ဂလပညတ္တိအဋ္ဌကထာ၌၊ ၊အဋ္ဌမံဘဝံနာဒိယတိတိ၊ ၊ ဟုဘွင့်ပြ၏၊ ။အဋ္ဌမံ၊ ရှစ်ကြိမ်မြောက်သော။ ဘဝံ၊ ဘဝကို။ နာဒိယတိ၊ မယူ။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏၊ ။ဤသို့ပြအပ်ပြီးသော သောတာပန် သုံး ယောက်တို့တွင်။ သဗ္ဗာကုသလပုဂ္ဂိုလ်ပရမသောတာပန်သည်။ ခုနစ်ဘဝ၌သာလျှင် နေရ၏ဟု–ဆိုခြင်းသည်၊ ကာမဘုံဖြစ်သော သောတာပန်ကိုရည်၍ လူနတ် တို့၏ အရောင်၏ အစွမ်းအားဖြင့် ဆိုသည်ဟုမှတ်။ ရူပ–အရူပဘဝ၌ကား၊ အပိုင်းအခြားမရှိ–ဟုမှတ်၊ ထိုကြောင့်ရကား–အနုဋီကာ၌၊ ၊ယံပနနတေ ဘဝံအဋ္ဌမ မာဒိယန္တီတိဝုတ္တံ၊ တမ္ပိကာမာဝစရ ဘဝံယေဝ သန္ဓာယာဟ၊ မဟဂ္ဂတဘဝါနံပရိစ္ဆေဒါနုတ္တိတ္တာဒိတ္တိ၊ ။ဟုဘွင့်တော်မူ၏။ ။နတေဘဝံ အဋ္ဌမမာဒိယန္တီတိ၊ ဟူသော၊ ယံဝစနံ၊ အကြင်စကားကို၊ ဝုတ္တံ၊ ပရိတ်ကြီး ပါဠိတော်၌ဟောတော်မူ၏။ တမ္ပိ၊ ထိုစကားကိုလည်း၊ ကာမာဝစရဘဝံယေ ဝ၊ ကာမဘုံ၌ဖြစ်သော သောတာပန်ကိုသာလျှင်။ သန္ဓာယ၊ ရည်ရော်၍။ အာ ဟ၊ မိန့်တော်မူ၏၊ မဟဂ္ဂတဘဝါနံ၊ ရူပ, အရူပဘုံ၌ ဖြစ်သော သောတာပန် ပုဂ္ဂိုလ်တို့၏။ ဝါ၊ အား၊ ပရိစ္ဆေဒေါ၊ အပိုင်းအခြားဘဝများသည်။ နတ္ထိ၊ မရှိ၊ ဣတိ၊ ဤသို့။ အာစရိယာ၊ ကျမ်းတတ်အမေ၌၊ ဆရာတော်တို့သည်၊ ဝဒန္တိ၊ ဟောပြကြ ကုန်၏။ ၊ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌လည်း။ ၊တယောပိ ဣမေ သောတာပန္နာကာမဘဝဝသေနဝုတ္တာ၊ ရူပါရူပဘဝေပန ဗဟုကာပိ ပဋိသန္ဓိယောဂဏှန္တိ၊ ၊ဟုဘွင့်ပြ၏။ ၊တယောပိ၊ သုံးယောက်လည်း ဖြစ်ကုန်သော၊ ဣမေသောတာပန္နာ၊ ဤသောတာပန် တို့ကို။ ကာမဘဝ– ဝသေန၊ ကာမဘုံ၏ အစွမ်းအားဖြင့်၊ ဝုတ္တာ၊ မိန့်အပ်၏၊ ရူပါရူပဘဝေပန၊ ရူပ အရူပဘဝ၌ကား။ ဗဟုကာပိ၊ အကြိမ်များစွာလည်း ဖြစ်ကုန်သော၊ ပဋိသန္ဓိ ယော၊ ပဋိသန္ဓေတို့ကို၊ ဂဏှန္တိ၊ ယူကြကုန်၏။

ဤသို့ အဋ္ဌကထာ, ဋီကာ ဆရာတော်တို့၊ မိန့်တော် မူသည်နှင့် အညီ၊ ဖြုပ္ပွာဘုံ၌ အကြိမ် တထောင်၊ အကြိမ် တသောင်းပင် ဖြစ်ငြား သော် လည်း။ အောက်ကာမဘုံသို့မလာသည်၏အစွမ်းအားဖြင့်။ တဘဝသာလျှင်

ထိုအပ်၏၊လူနတ်တို့ကိုရောရှက်၍ရန်ဆန်သွားလာသည်၏အစွမ်းအားဖြင့်၊ နှစ်ဘဝသုံးဘဝ ယူရမည်ဟုမှတ်၊ထိုကြောင့်၊ ဖြပ္ပဘုံ၌ များစွာဖြစ်ငြား သော်လည်း၊ သတ္တက္ခတ္တုပရမအရ ခုနစ်ကြိမ်သာလျှင် ယူရမည်ဟုမှတ် လေ၊ထိုကြောင့်ရကား၊ဘဝ၏ အပိုင်းအခြားကိုမူလဋီကာ၌၊ ၊အနာဂါမိ နော ပန အနေကက္ခတ္တုံစထေ္တဝဥပပဇ္ဇန္တိ သသဟော္တာအနာဂမနဝသေန ဧကောဘဝေါတိ ဂဟေတွာဝုတ္တံ။ ၊ဟု ဘွင့်ပြတော်မူ၏။ ။အနာဂါမိ နော၊အနာဂါမ်ပုဂ္ဂိုလ်၏။အနေကက္ခတ္တုံ၊အကြိမ်များစွာ၊ထ္တေဝ၊ထိုဖြပ္ပဘုံ၌ပင်လျှင်၊ ဥပပဇ္ဇန္တိ သသ၊ ဖြစ်ငြားသော်လည်း။ ဟော္တာ၊ အောက်ဖြစ် သော ကာမဘုံသို့၊ အနာဂမနဝသေန၊မလာသည်၏ အစွမ်းအားဖြင့်၊ ဧ ကော၊တခုသော၊ဘဝေါ၊ဘဝတည်း။ဣတိ၊ဤသို့၊ဂဟေတွာ၊ယူ၍၊ ဝုတ္တံ၊မိန့် အပ်၏၊ ။ဤမူလဋီကာပါဠိ၌ အနာဂါမ်သာလျှင်ပြပါလျက်၊အဘဲ့ကြောင့် သတ္တက္ခတ္တုပရမ သောတာပန် အရာ၌၊ သွင်း၍ ပြသနည်းဟုမူ၊ ။ဤအ မိဋ္ဌါယ်သည်ကား၊ အနာဂါမ်၌သာလျှင် ပြသည့်စကားမဟုတ်သေး၊ သော တာပန်၌လည်း၊ဆောင်၍ပြသင့်၏ဟုမှတ်လေ၊ ထိုကြောင့်၊အနုဋီကာ၌၊ ။ ဧကောဘဝေါတိ ဂဟေတွာဝုတ္တန္တိ ဧတေန သတ္တဘဝေပ္ပဘဝေတိအာဒိမှိ အဓိပ္ပါယဝသေနနေတဗ္ဗတ္တံ၊နယထာရုတဝသေနာတိ ဒဿေတိ၊ ။ဟုပြ တော်မူ၏၊ ။ဧကောဘဝေါတိ ဂဟေတွာ ဝုတ္တန္တိ ဧတေန၊ ဟူသောပါဌ် ဖြင့်။ သတ္တဘဝေတိအာဒိမှိ၊ ခုနစ်ဘဝကိုပြသော သတ္တက္ခတ္တုပရမသောတာ ပန်၊ နှစ်ဘဝကိုပြသောကောလံကောလသောတာပန်ဟူသော ဤစကားရပ် ကိုလည်း၊ အဓိပ္ပါယဝသေန၊ဋီကာဆရာ။ ရှင်အာနန္ဒာ၏ အလိုအစွမ်းအား ဖြင့်၊ နေတဗ္ဗတ္တံ၊ ဆောင်၍သိအပ်သောအနက်ရှိသည့်၊ ဟောတိ၊ဖြစ်အံ၊ယ ထာရုတဝသေန၊တိုက်ရိုက်ရှိတိုင်းသောပါဌ်၏အစွမ်းအားဖြင့်၊ နဟောတိ၊ မဖြစ်။ဣတိ၊ဤသို့၊ဒဿေတိ၊ပြတော်မူ၏။ ။ဤသို့မူလဋီကာ၊ရှင်အာနန္ဒာ ဆရာတော်၏၊ အဓိပ္ပါယ်စကား အရဖြင့်၊ ရူပ,အရူပဘုံ၌ သောတာပန်တို့ သည်။ဘဝများစွာဖြစ်နေသောကြောင့်၊ ခုနစ်သာမယူမူ၍၊ အကြိမ်များစွာ ယူရမည်ဟု ပြသောပရိသတ္တိဒါမင် အဋ္ဌကထာ အနုဋီကာ ဆရာတော်တို့ စကားကို ရုံစမ်းအပ်၏ဟု၊ ဝိစာရေတဗ္ဗစကားကို မဆိုသော်လည်း၊ဆိုရာ ရောက်ပေသည်ဟုမှတ်လေ၊ ။ဤလျှင် သောတာပန္နဝိနိစ္ဆယတည်း၊

---

## (၁၃၉) သောတာပန်အမည်ထူးခြားပုံကိုပြခြင်း။

သောတာပန်ဘို့သည်၊ ကောဠံကောလ,သတ္တက္ခတ္တုပရမဟူ၍။အမည်နာမပိသေသအားဖြင့်။အဘယ့်ကြောင့်ထူးခြားပါသနည်းဟူမူ။ ။ဤအမေးန္တိဆရာတို့၏ ဝါဒကွဲပြားဟန်ကိုပြဦးအံ့၊ဘိပဟိုင်ဋီကျွန်းနေ၊ မထေရ်မြတ်တို့သည်။ သောတာပန်တို့အား ရှေးအကြောင်းသည်မှတ်၏ဟု ဆိုကြကုန်၏။ အချို့သော မထေရ်မြတ်တို့သည်၊ပထမ-မဂ်သည် မှတ်၏ဟုဆိုကြကုန်၏။အချို့သောမထေရ်မြတ်တို့သည်၊ အထက်မဂ်သုံးပါးသည်မှတ်၏ဟုဆိုကြကုန်၏။ ဤသို့ပြဆိုအပ်သော သုံးဝါဒတို့တွင်။ရှေ့ဘဝမှထာသောအကြောင်းသည်မှတ်၏ဟုဆိုသောပထမဆရာ၏ဝါဒ၌၊ပထမ-မဂ်၏ဥပနိဿယကိုပြုခဲ့ဘူးသော ပုဂ္ဂိုလ်ဖြစ်အံ့၊ အထက်မဂ်သုံးပါး၏ ဥပနိဿယကိုမပြုခဲ့ဘူးရကား။ အထက်မဂ်သုံးပါးကို မရနိုင်ရာသော အပြစ်ဒေါသရောက်ရာ၏၊ ။ဒုတိယဆရာ၏ဝါဒ၌ ပထမ-မဂ်သည်မှတ်၏ဟုဆိုငြားအံ့။အထက်မဂ်သုံးပါးသည်အကျိုးထူးမရှိရာဟူသောအပြစ်ဒေါသသို့ရောက်ရာ၏။ ။တတိယ ဆရာ၏ ဝါဒ၌၊အထက်မဂ်သည်မှတ်၏ ဟုဆိုငြားအံ့၊ပထမ-မဂ်သည် မဖြစ်မပေါ်မီ၊ အထက်မဂ်သုံးပါး ဖြစ်ရာ၏ ဟူသော အပြစ်ဒေါသရောက်ရာ၏၊ ထိုသို့ဖြစ်သောကြောင့်။ ၎င်းသုံးဝါဒထုံးပင် မသင့်ဟုအဋ္ဌကထာဆရာ ပြတော်မူ၏။ ။အမှန်ဝိနိစ္ဆယ သည်ကား။ အထက်မဂ်သုံးပါး၏ ဝိပဿနာဉာဏ်သည်သာလျှင် မှတ်၏ဟုမိန့်တော်မူ၏၊ထိုကြောင့် ပဋ္ဌပကြိုဏ်အဋ္ဌကထာ၌။ ။တိဏ္ဏံမဂ္ဂါနံဝိပဿနာနိယမေတိတိဝါဒေါပနယုတ္တိ။ ။ဟုဘွင့်ပြ၏။ ။တိဏ္ဏံ၊သုံးပါးကုန်သော။ မဂ္ဂါနံ၊အထက်မဂ်တို့၏။ ဝိပဿနာ၊ဝိပဿနာသည်၊ နိယမေတိ၊မှတ်၏။ ဣတိ၊ဤသို့။ ဝုတ္တော၊မိန့်ဆိုအပ်သော၊ဝါဒေါ၊အယူဝါဒသည်၊ယုတ္တိ၊သင့်၏။ ။ဤသို့သင့်မြတ်သောဝါဒ၌၊အထက်မဂ်သုံးပါးတို့၏ ဝိပဿနာသည်။အလွန်အားကြီးစွာဗလဝဖြစ်ငြားအံ့။ ကောဠံ သောတာပန်ဖြစ်၏၊ အထက်မဂ်သုံးပါး၏ ဝိပဿနာသည်၊အနည်းငယ်နုံငြားအံ့ ကောလံကောလသောတာပန်မည်၏။ အထက်မဂ်သုံးပါး၏ဝိပဿနာသည်၊အလွန်နုံငြားအံ့၊ သတ္တက္ခတ္တုပရမ သောတာပန်ဖြစ်၏။ဤသို့သော ကောဠံ ကောလံကောလ၊သတ္တက္ခတ္တုပရမသောတာပန်ဟူသောအမည်နာမ ပိသေသကို၊ အဘယ်ပုဂ္ဂိုလ်တို့သည်မှည့်ခေါ်ဝေါ်အပ်လေသနည်းဟူမူ။ ။ငါးမာရ်အောင်မြင်၊မြတ်ဘုန်းရှင်သည်၊မှည့်တော်မူအပ်သော အမည်၏အစွမ်းအားဖြင့်။ထိုကဲ့သို့မည်ကုန်၏၊ လောကုပမာအား

ဖြင့်၊ အမိအဘတို့သည်။ သတို့သားအား ပေးအပ်သော အမည်ကို လူအပေါင်းတို့သည် ခေါ်ဝေါ်သမုတ်သကဲ့သို့တည်း။ ။အင်္ဂုတ္တရဋီကာ၊သမထဝဂ်အဘွင့်၌မိန့်တော်မူ၏။ ။ထိုသောတာပန်သုံးယောက်တို့တွင်၊သတ္တက္ခတ္တုပရမ၊ကောလံကောလ သောတာပန်ကိုကား၊ နတ်လူတို့၏အရောင်၏အစွမ်းအားဖြင့်ယူအပ်၏၊ဧကဗီဇီသောတာပန်ကိုကား၊ လူတို့၏ဘဝ၏အစွမ်းသာလျှင်ဖြစ်စေ၊နတ်တို့၏ဘဝသာဖြစ်စေယူအပ်၏။ ။ဤသည်လျှင် သောတာပန်သုံးယောက်နှာမပိသေသတည်း။

## (၁၄၀) သကဒါဂါမ်အပြားကိုပြခြင်း။

သကဒါဂါမ်ဟူသည်။ပဋိသန္ဓေ၏အစွမ်းအားဖြင့်၊ဤလူ့ပြည်သို့တကြိမ်တခါ၊လာတတ်သောပုဂ္ဂိုလ်ကိုမှတ်အပ်၏၊ ထိုကြောင့်ရကား၊ ဋီကာဆရာများသည်၊ ။ပဋိသန္ဓိဝသေနဣမံမနုဿလောကံသကိံ အာဂန္တွာတိတိသကဒါဂါမီ၊ ။ဟုမိန့်၏။ ။ယော၊အကြင်ပုဂ္ဂိုလ်သည်၊ပဋိသန္ဓိဝသေန၊ပဋိသန္ဓေ၏အစွမ်းအားဖြင့်၊ ဣမံမနုဿလောကံ၊ဤလူ့ပြည်သို့၊သကိံ၊တကြိမ်၊အာဂန္တွာ၊လာရောက်တတ်၏၊ဣတိတသ္မာ၊ထိုကြောင့်၊သော၊ထိုပုဂ္ဂိုလ်သည်၊သကဒါဂါမီ၊သကဒါဂါမ်မည်၏။ ။ထိုသကဒါဂါမ်သည်၊ လူ့ပြည်၌သကဒါဂါမိဖိုလ်သို့ရောက်၍၊ ဤလူ့ပြည်၌ ပရိနိဗ္ဗာန်စံသော သကဒါဂါမ်တယောက်၊နတ်ပြည်၌သကဒါဂါမိဖိုလ်သို့ရောက်၍၊နတ်ပြည်၌ပရိနိဗ္ဗာန်စံသော သကဒါဂါမ်တယောက်၊လူ့ပြည်၌သကဒါဂါမ်ဖိုလ်သို့ရောက်၍၊ နတ်ပြည်၌ပရိနိဗ္ဗာန်စံရသောသကဒါဂါမ်တယောက်၊ နတ်ပြည်၌သကဒါဂါမိဖိုလ်သို့ရောက်၍၊ လူ့ပြည်၌ပရိနိဗ္ဗာန်စံရသောသကဒါဂါမ်တယောက်၊ လူ့ပြည်၌ သကဒါဂါမ် ဖိုလ်ကိုရ၍ နတ်ပြည်၌ဖြစ်၍၊ လူ့ပြည်၌ ပရိနိဗ္ဗာန် စံရသော သကဒါဂါမ်တယောက်၊ ဤသို့အားဖြင့် ငါးယောက်ရှိ၏၊ထိုငါးယောက်တို့တွင်၊နောက်ဆုံးဖြစ်သော ပဉ္စမသကဒါဂါမ်ကိုသာလျှင် ယူအပ်မှတ်အပ်၏ဟု၊ပုဂ္ဂလပညတ္တိအဋ္ဌကထာ၌ဘွင့်ပြတော်မူ၏။

(အမေး) ဧကဗီဇီ၊မည်ရှိနာမံ၊ သောတာပန်နှင့်၊ သကဒါဂါမ်၊
ဤနှစ်တန်၊အမှန်ဘယ်သို့ထူးသနည်း။

(အဖြေ) သန္ဓေတခါ၊ဗေဇာ၊သကဒါ-နှစ်သန္ဓေ အထူးတည်း။

ဧကဗီဇီသောတာပန်သည်၊ပဋိသန္ဓေတခါသာလျှင်နေ၏၊ သကဒါဂါမ်ပုဂ္ဂိုလ်သည်၊ ပဋိသန္ဓေနှစ်ခါတည်နေ၏၊ ဤသို့လျှင် ပဋိသန္ဓေအားဖြင့် ထူး

သတည်း။ထိုကြောင့်။အင်္ဂုတ္တရဋီကာ-သမထာဝဂ်၌။ ။ကေဗိဖိဿကောဝ ပဋိသန္ဓိ၊သကာဒါဂါမိဿ ဒွေပဋိသန္ဓိယော၊ဖုဓံတေသံ နာနာကာရဏံ၊ ။ ဟုဘွင့်ပြ၏။ ။ကေဗိဖိဿ၊ကေဗိဖိသောဘာပန်အား။ ကောဝပဋိသန္ဓိ၊ တခုသောပဋိသန္ဓေသည်သာလျှင်၊ဟောတိ၊ဖြစ်၏။သကာဒါဂါမိဿ၊ သကဒါဂါမ်ပုဂ္ဂိုလ်အား။ဒွေပဋိသန္ဓိယော၊နှစ်ခုသောပဋိသန္ဓေတို့သည်၊ဟောန္တိ၊ ဖြစ်ကုန်၏။ဖုဒံ၊ဤသည်ကား။တေသံ၊ထိုပုဂ္ဂိုလ်နှစ်ယောက်တို့၏။ နာနာကာ ရဏံ၊ထူးခြားသောအကြောင်းတည်း။ ။သကဒါဂါမ်ပြီး၏။

---

## (၁၇၁) အနာဂါမ်အပြားကိုပြဆိုခြင်း။

အနာဂါမ်ဟူသည်။ပဋိသန္ဓေ၏အစွမ်းအားဖြင့်ဤကာမဓာတ်-ကာမဘုံ သို့မလာသော ပုဂ္ဂိုလ်ကို မှတ်အပ်၏။ ထိုကြောင့်ရကား။ ဋီကာဆရာများ သည်။ ။ပဋိသန္ဓိဝသေန ဣမံ ကာမဓာတုံ နအာဂစ္ဆတီတိ အနာဂါမီ။ ။ ဟုမိန့်တော်မူကြ၏။ ။ပဋိသန္ဓိဝသေန၊ပဋိသန္ဓေ၏ အစွမ်းအားဖြင့်။ ဣမံ ကာမဓာတုံ၊ဤကာမဓာတ်သို့၊ နအာဂစ္ဆတိ၊မလာတတ်၊ ဣတိတသ္မာ၊ထို ကြောင့်၊ အနာဂါမီ၊အနာဂါမ်မည်၏။ ။ပဝတ္တိအခါမှာမူကား၊ ဘုရားဖူး မြင်ခြင်း။တရားတော်ကိုနာခြင်းအကျိုးငှါ။ဤလူ့ဘုံသို့လာသေး၏ဟူလို။ ။ ပုဂ္ဂလပညတ် အဋ္ဌကထာအထွက်တည်း။ ။ထိုအနာဂါမ်သည်။အန္တရာ ပရိနိဗ္ဗာယီအနာဂါမ်။ဥပဟစ္စပရိနိဗ္ဗာယီအနာဂါမ်။အသင်္ခါရပရိနိဗ္ဗာယီအ နာဂါမ်၊ သသင်္ခါရပရိနိဗ္ဗာယီအနာဂါမ်၊ ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ အနာ ဂါမ်၊ ဤသို့အားဖြင့် ငါးယောက်ဖြစ်သတည်း။ ထိုတွင် အကြင်အနာဂါမ် သည်။သုဒ္ဓါဝါသ-ငါးဘုံ၌ဖြစ်၍၊ အသက်တဝက်၏အလယ်ကိုမလွန်မူ၍၊အ ကြား၌သာလျှင် ကိလေသပရိနိဗ္ဗာန်စံ၍။ အရဟတ္တဖိုလ်သို့ရောက်၏။ ထိုအ နာဂါမ်သည်။အန္တရာပရိနိဗ္ဗာယီအနာဂါမ်မည်၏။အသက်တဝက်၏အလယ် ကိုလွန်၍။အရဟတ္တဖိုလ်သို့ ရောက်သော အနာဂါမ်သည် ဥပဟစ္စပရိနိဗ္ဗာ ယီ အနာဂါမ်မည်၏။ အလွယ်တကူ၊ မပင်ပန်းမူ၍။ ချမ်းသာသဖြင့် အရ ဟတ္တဖိုလ်သို့ ရောက်သော အနာဂါမ်သည်။ အသင်္ခါရ အနာဂါမ်မည်၏။ အားထုတ်ပင်ပန်း၊ ကိုယ်စိတ်နွမ်းသဖြင့်၊ အရဟတ္တဖိုလ်သို့ ရောက်သော အနာဂါမ်သည်၊ သသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်မည်၏။ ဤလေးယောက် သောအနာဂါမ်ပုဂ္ဂိုလ်တို့ကိုသုဒ္ဓါဝါသငါးဘုံ၌ရအပ်၏၊ ။ဥဒ္ဓံသောတ-အ ကနိဋ္ဌဂါမီ အနာဂါမ်၌မူကား။လေးပါးသောစတုက္ကကို မှတ်ယူအပ်၏။

အကြွင်အနာဂါမ်သည်၊အဝိဟာဘုံမှစ၍၊အထက်ဘုံကိုသုတ်သင်၍၊ အက နိဋ္ဌဘုံသို့ရောက်လျက်၊ပရိနိဗ္ဗာန်စံရ၏၊ ထိုပုဂ္ဂိုလ်သည် ဥဒ္ဓံသောတ အက နိဋ္ဌဂါမိမည်၏၊ အကြွင်အနာဂါမ်ပုဂ္ဂိုလ်သည်၊ အဝိဟာဘုံမှစ၍၊ အထဝ္ပါ ဘုံသို့ရင်း၊သုဒဿာဘုံသို့ရင်း၊ သုဒဿီဘုံသို့ရင်းသွား၍ ပရိနိဗ္ဗာန်စံရ၏၊ ထိုပုဂ္ဂိုလ်သည် ဥဒ္ဓံသောတသာမည်၏၊ အကနိဋ္ဌဂါမိမမည်–ဟုမှတ်။ ။ အကြွင် အနာဂါမ်သည်၊ကာမဘုံမှ အကနိဋ္ဌဘုံ၌ဖြစ်၍ ပရိနိဗ္ဗာန်စံရ၏၊ ထို ပုဂ္ဂိုလ်သည် အကနိဋ္ဌသာမည်၏၊ ဥဒ္ဓံသောတမမည်–ဟုမှတ်။ ။အကြွင် အနာဂါမ်သည်၊သုဒ္ဓါဝါသငါးဘုံတို့တွင်အောက်လေးဘုံ၌ဖြစ်၍၊ ထိုအောက် လေးဘုံ၌ပင်လျှင် ပရိနိဗ္ဗာန်စံရ၏၊ထိုပုဂ္ဂိုလ်သည်ဥဒ္ဓံသောတလည်းမဟုတ် အကနိဋ္ဌဂါမိလည်းမဟုတ်ဟုမှတ်၊ ။သုတ်ပါထေယျအဋ္ဌကထာအတွက် ထည်း။ ။၌လျှင် အနာဂါမ်အရဝိနိစ္ဆယထည်း။

---

## (၁၄၂) ရဟန္တာမည်ကြောင်းကိုပြခြင်း။

ရဟန္တာဟူသည်၊ ဘဝသရေစက်၏ ကိလေသာတည်းဟူသော အကန့် အကွက်တို့ကို၊အရဟတ္တမဂ်ဉာဏ်ဖြင့်၊ပယ်သတ်တတ်သော အရဟာမည် သောပုဂ္ဂိုလ်ကိုမှတ်အပ်၏၊အဘယ်ကဲ့သို့ပယ်ဖျက်သနည်းဟူမူ၊ ။အဝိဇ္ဇာ ဘဝတဏှာဖြင့် ပြီးသော၊ ပုညာဘိ သင်္ခါရဟု ဆိုအပ်သော အကန့်ကို၊ ဇရာမရဏဟု ဆိုအပ်သောအကွပ်ကို၊ အာသဝတည်းဟူသော ဝင်ရိုးတို့ ဖြင့် ထိုးလျက်၊ ကာမ–ရူပ–အရူပ၊ဘဝသုံးပါးတည်းဟူသောရထား‌ကြီး၌ ယှဉ်စိုးလျက်၊ အစမရှိသောဘဝသရေစက်၏၊ ကိလေသာဟု ဆိုအပ်သော အကန့်ကို၊ရဟန္တာပုဂ္ဂိုလ်သည်ဝိရိယတည်းဟူသောခြေထောက်ကိုဆီလ တည်းဟူသောမြေကြီးပေါ်၌တည်ထားလျက်၊ သဒ္ဓါတရားတည်းဟူသော လက်ဖြင့်၊ သမာဓိတည်းဟူသော ကျောက်ပျာဝယ်၊ ကောင်းစွာသွေးအပ် သော အရဟတ္တမဂ်တည်းဟူသော ပေါက်ဆိန်ကိုယူ၍၊ မှုန်မှုန်ညက်ညက် ဖျက်ဆီး၏ဟူ၍မှတ်အပ်၏၊ ။ထိုကြောင့်ရကား–ဋီကာဆရာများသည်၊ ။ ကိလေသသင်္ခါတာ အရဟတာ အနေနာတိ အရဟာ၊ ။ဟု–မိန့်တော် မူကြ၏၊ ။အနေန၊ဤရဟန္တာပုဂ္ဂိုလ်သည်၊ ကိလေသသင်္ခါတာ၊ ကိလေ သာဟုဆိုအပ်သော၊ အရာ၊ဘဝသရေစက်၏အကန့်တို့ကို၊ ဟတာ၊ပယ်ဖျက် သတ်အပ်ကုန်၏၊ ဣတိ၊တသ္မာ၊ထိုကြောင့်၊ အရဟာ၊ရဟန္တာမည်၏၊ ။ ထိုရဟန္တာပုဂ္ဂိုလ်သည်၊သုက္ခဝိပဿကရဟန္တာ၊သမထယာနိကရဟန္တာ

အားဖြင့် နှစ်ပါးအပြားရှိ၏။ထိုတွင်ချာန်မရသော ရဟန္တာသည်၊ သုက္ခဝိပဿကရဟန္တာမည်၏။ချာန်ရသောရဟန္တာသည်သမထယာနိကရဟန္တာမည်၏။ ။ဤစကားရပ်၌၊ ရဟန္တာဖြစ်ခြင်းတူပါလျက်၊ ဈာန်ရခြင်းဈာန်မရခြင်း အကြောင်းသည်ကား၊ ရှေးဘဝ၌ အားထုတ်ခဲ့သော ဝုဗ္ဗပယောဂဘာဝနာအားကြီးသော၊ ရဟန္တာပုဂ္ဂိုလ်သည်၊ ဈာန်ကိုရ၏။ပုဗ္ဗပယောဂဘာဝနာ မရှိသောရဟန္တာသည်၊ ဈာန်စေးခြောက်သော သုက္ခဝိပဿကပုဂ္ဂိုလ်ဖြစ်၏-ဟူ၍။တတ်အပ်သေချာ၊ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ရေးသားတော်မူခဲ့၏။ ။ဤသည်လျှင် ရဟန္တာတည်း၊

---

## (၁၄၃) ယောပုဂ္ဂလာအဋ္ဌသတံ၊ ပရိတ်ကြီးပါ၌အရ အရိယာကိုပြခြင်း။

ကေဗိဇီ-ကောလံကောလ၊သတ္တက္ခတ္တုပရမ-သောတာပန်သုံးယောက်ကို၊ပဋိပဒါလေးပါးနှင့်မြှောက်။သောတာပန်-တကျိပ်နှစ်ယောက်ရ၏၊ ။ကာမ-ရူပ-အရူပ-သကဒါဂါမ်သုံးယောက်ကိုပဋိပဒါလေးပါးနှင့်မြှောက်။ သကဒါဂါမ်-တကျိပ်နှစ်ယောက်ရ၏၊ ရှေး၌ ပြခဲ့ပြီးသော၊ အနာဂါမ်ငါးယောက်တို့သည်၊ အဝိဟာဘုံ၌ ငါးယောက်၊ အတပ္ပါဘုံ၌ ငါးယောက်၊ သုဒဿာဘုံ၌ ငါးယောက်။ သုဒဿီဘုံ၌ငါးယောက်၊ အကနိဋ္ဌဘုံ၌ ဥဒ္ဓံသောတအနာဂါမ်မရှိခြင်းကြောင့် လေးယောက်၊ ပေါင်းအနာဂါမ် နှစ်ဆဲ့လေးယောက်တို့သည်ဖြစ်ကုန်၏၊ ။သုက္ခဝိပဿကရဟန္တာ,သမထယာနိက ရဟန္တာနှစ်ယောက်၊ မဂ်ဖိုလ်ပုဂ္ဂိုလ်အားဖြင့် လေးယောက်ထည့်လျှင်၊ ငါးဆဲ့ လေးယောက်။ ၎င်း ၅၄-ယောက်တို့သည်လည်း၊ သဒ္ဓါတရားကို အရင်းပြု၍ မဂ်ဖိုလ် ရသော ၅၄-ယောက်။ ပညာတရားကို အရင်းပြု၍ မဂ်ဖိုလ်ရသော ၅၄-ယောက်။ ဤနှစ်ရပ်ကို ပေါင်းစပ်အပ်သည် ရှိသော်၊ အရိယာပုဂ္ဂိုလ်တရာ့ရှစ်ယောက်ဖြစ်တော့သည်တည်း။ဤအရကိုရည်၍၊ ။တရာ့ရှစ်လာ၊အရိယာ၊ သေချာကောက်စမ်းအဘာယ်နည်း။ ။ဟူ၍ ရှေးဆရာကျော်၊ မထေရ်မေ်ာတို့သည်၊ မိန့်တော်မူကြပေ၏၊ ။သုတ္တ နိပါတ်အဋ္ဌကထာ အထွက်တည်း။

---

## (၁၄၄) ရဟန္တာပုဂ္ဂိုလ်၌ထုသိုလ်ရှိကြောင်းကိုပြခြင်း၊

(အမေး) ရဟန္တာ၌၊ ထုသလာ၊ရှိရာမှန်၏အဘာယ်နည်း၊
(အဖြေ) ရဟန္တာ၌၊ကုသလာ၊သေချာရှိ၏တည်း၊

**ဝီတာသဝမည်ဟီး။** ရဟန္တာကြီးတို့သည်၊ ကြိယာသမာပတ်ကိုမဝင်စားသေးသမျှကာလပတ်လုံး ကုသိုလ်ရ၏။ကုသိုလ်ဖြစ်၏၊ အဘယ်ကြောင့်ဟူမူ၊ ။ပုထုဇ္ဇဉ်သေက္ခဖြစ်သော ကာလ၌၊ ဝင်စားအပ်သော ကုသိုလ်သမာပတ်ရှိသောကြောင့်တည်း။ရဟန္တာဖြစ်ပြီး၍သမာပတ်ကိုဝင်စားသောအခါမှစ၍၊ ရဟန္တာ ပုဂ္ဂိုလ်အား၊ ကြိယာဖြစ်၏ဟု မှတ်လေ၊ ထိုကြောင့်ရကား။အဋ္ဌသာလိနီအဋ္ဌကထာ၌၊ ။တတ္ထဝီတာသဝဿပုထုဇ္ဇနကာလေနိဗ္ဗတ္တိတသမာပတ္တိယာဝနံ နသမာပန္နတ္တာ၊တာဝကုသလာဝ၊သမာပန္နကာလေကြိယာဟောတိ၊ ဝီတာသဝကာလေပနဿနိဗ္ဗတ္တသမာပတ္တိကြိယာဝဟောတိ၊ ။ဟူဘွင့်ပြတော်မူ၏၊ ။တတ္ထ၊ထိုသမာပတ်တို့တွင်။ ဝီတာသဝေ၊ရဟန္တာပုဂ္ဂိုလ်သည်၊ ယာဝ၊ အကြင်မျှလောက်ကာလပတ်လုံး။နံ၊ ထိုသမာပတ်ကို၊ နသမာပန္နတ္တာ၊ မဝင်စားကုန်၊ တာဝ၊ထိုသို့မဝင်စားသမျှကာလပတ်လုံး၊ ဝီတာသဝဿ၊ ရဟန္တာ ပုဂ္ဂိုလ်၏၊ ပုထုဇ္ဇန ကာလေ၊ ပုထုဇ္ဇဉ်ကာလ၌၊ နိဗ္ဗတ္တိတသမာပတ္တိ၊ ဖြစ်စေအပ်သော သမာပတ်သည်၊ ကုသလာဝ၊ ကုသိုလ်သည်သာလျှင်၊ ဟောတိ၊ ဖြစ်၏၊ သမာပန္နကာလေ၊ ဝင်စားသောကာလ၌။ ကြိယာဝ၊ကြိယာသည်သာလျှင်၊ ဟောတိ၊ ဖြစ်၏၊ ဝီတာသဝကာလေ၊ ရဟန္တာဖြစ်သော ကာလ၌၊ အဿ-အနေန ဝီတာသဝေန၊ထိုရဟန္တာပုဂ္ဂိုလ်သည်။နိဗ္ဗတ္တိတသမာပတ္တိ။ဖြစ်စေအပ်သော သမာပတ်သည်။ကြိယာဝ၊ကြိယာသည်သာလျှင်တည်း။ ။ဤသို့အဋ္ဌကထာပါဠိမိန့်တော်မူသည်နှင့်အညီ၊ ရဟန္တာပုဂ္ဂိုလ်အား၊ ကုသိုလ်ဖြစ်ရာ ကာလ-ကြိယာဖြစ်ရာကာလ ဤနှစ်ဝတ္ထုကိုပိုင်းခြား၍ သိကြလေကုန်၊ ။သတိမူကြလေ၊ ။ဤလျှင်တရပ် မှတ်ဘွယ်တည်း။

---

## (၁၄၅) ရဟန္တာပုဂ္ဂိုလ်၏ဒုက္ခရိုက်ကိုပြဆိုခြင်း။

(အမေး) ရဟန္တာအား၊ဖြစ်ကုန်ငြား၊ ဒုက္ခရိုက်ကား၊အဘယ်နည်း၊
(အဖြေ) ရဟန္တာအား၊ဖြစ်ကုန်ငြား၊မနောဒုက္ခရိုက်သာတည်း၊

ဒုက္ခရိုက်တို့သည်၊ပုထုဇ္ဇဉ်ဒုက္ခရိုက်၊ရဟန္တာဒုက္ခရိုက်ဟူ၍ နှစ်ပါးအပြားရှိ၏၊ထိုတွင်၊ဆယ်ပါးသောကမ္မပထဒုက္ခရိုက်တို့သည်၊အပါယဂါမိဖြစ်သောကြောင့်၊ပုထုဇ္ဇဉ် ဒုက္ခရိုက်မည်၏၊ ၎င်းပုထုဇ္ဇဉ်ပုဂ္ဂိုလ်၌ ဖြစ်သော ဒုက္ခရိုက်ဆယ်ပါးကို၊ မဂ်အားဖြင့် ပယ်ကုန်၏၊ ပယ်ဟန်ကား၊ သောတာပတ္တိမဂ်သည်။ကာယဒုက္ခရိုက်သုံးပါး၊မုသာဝါဒ၊ပိသုဏဝါစာ-ဝစီဒုက္ခရိုက်နှစ်ပါး၊

ဋီကာ္ဍာဒိပ္ပို၊ပေါင်းခြောက်ပါးကိုပယ်လေ၏၊ ဖရုသဝါစာ၊ ဗျာပါဒ၊ ဤကမ္မပထ-နှစ်ပါးကို အနာဂါမိမဂ်သည်ပယ်၏၊ သမ္ဖပ္ပလာပ၊ အဘိဇ္ဈာ၊ဤကမ္မပထ-နှစ်ပါးကို အရဟတ္တမဂ်သည် ပယ်၏ဟု-အင်္ဂုတ္တရ အဋ္ဌကထာ၌လာရှိပေ၏၊ ။ပိသုဏ္ဍမဂ်အဋ္ဌကထာ၌ကား၊ ။ပိသုဏဝါစာကိုအနာဂါမိမဂ်ဖြင့်မပယ်သည်ဟုလာရှိ၏။ ဤသို့ဆိုခြင်းသည် အပါယဂါမိ-မဟုတ်သော-ပိသုဏဝါစာကိုရည်၍ ဆိုပေ၏။အင်္ဂုတ္တရအဋ္ဌကထာ၌ကား၊ အပါယဂါမိဖြစ်သောကမ္မပထသတ္တိရှိသော ပိသုဏဝါစာကိုရည်၍ သောတာပတ္တိမဂ်ပယ်ဟန်ကို မိန့်တော်မူ၏၊ ဤသို့ယူမှ အဋ္ဌကထာ နှစ်ကျမ်း ညီညွတ်မည်ဟု ငါတို့ ကျေးဇူးရှင်၊ ချမ်းသာကြီး ဆရာတော် မိန့်ဘူးသည်၊ ။အာဝရိယဝါဒ၊ ။ဤနေရာ၌ ဒုစ္စရိုက် ဆယ်ပါးကို မဂ်ပယ်စဉ် လက်ာအချုပ်ကား၊

ကာယသုံးထိ။ဝစီအစ။နှစ်ဝမှတ်လေ-တထွေဒိပ္ပိ၊ ပယ်ဘိသောမဂ်။ဖရုသက်ဗျာပံ၊အနာဂါမ်ပယ်၊ကြွင်းဝယ်နှစ်ဝ၊ အရဟာမိုလ်၊ ပယ်ကြောင်းဆိုသည်၊ ။အင်္ဂုတ္တိုရ်ကျမ်း အလာတည်း၊

အာသဝေါကုန်စင်။ရဟန္တာအရှင်ဘို့၌။မနောဒုစ္စရိုက်ဖြစ်၏ဟု၊ ကောန်ဆတ်ဆတ်။မှတ်သားအပ်ထုန်၏၊ထိုကြောင့် သုမင်္ဂလဝိလာသနီအဋ္ဌကထာ သဉ်ဂီတိသုတ် အဘွင့်၌၊ ။ဓမ္မသေနာ ပတိသဒိသဿပိ ခီဏာသဝဿ မနောဒုစ္စရိတံ ဥပ္ပဇ္ဇတိ ဧဝ၊ ။ဟုဘွင့်ကြားတော်မူ၏၊ ။ဓမ္မသေနာပတိ သဒိသဿ၊ တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာနှင့်တူသော၊ခီဏာသဝဿပိ၊ရဟန္တာအရှင်မြတ်အားလည်း၊ မနောဒ္ဒါရေ၊မနောဒွါရ၌၊သဉပါရမ္ဘဝသေန၊ဆိုဘွယ်နှင့်တကွ ဖြစ်သည်၏ အစွမ်းအားဖြင့်၊ မနောဒုစ္စရိတံ၊ မနောဒုစ္စရိုက်သည်၊ ဥပ္ပဇ္ဇတိဧဝ၊ဖြစ်သည်သာလျှင်တည်း။ ။ဤသို့ မိန့်အပ် ပါဠိရပ်ဘို့နှင့်အညီ ရဟန္တာအား ဖြစ်သောမနောဒုစ္စရိုက်ဟူသည်။ အပါယ်သို့ရောက်ကျစေတတ်သော အပါယဂါမိဒုစ္စရိုက်မဟုတ်၊မြတ်စွာဘုရားသည်မချီးမွမ်းအပ်သောမနောဒွါရ၌ ဖြစ်သောဒုစ္စရိုက်ကိုမှတ်အပ်၏၊ထိုကြောင့်ရကား လီနတ္ထပကာသနီဋီကာ၌၊ ။မနောဒုစ္စရိတန္တိ မနောဒွါရိကံ အပ္ပသတ္ထံစရိတံ သတ္ထာရာ အပ္ပသတ္ထတာယပဟိတံဒုစ္စရိတံနာမဇာတံ၊ ။ဟုမိန့်ပြတော်မူ၏၊ ။မနောဒုစ္စရိတန္တိ၊ဟူသည်ကား၊ မနောဒွါရိကံ၊မနောဒွါရ၌ဖြစ်သော၊ အပ္ပသတ္ထံ၊ ဘုရားမချီးမွမ်းအပ်သော၊စရိတံ၊အကျင့်တည်း၊ ပဟိသဒ္ဒံ၊မှန်၏။သတ္ထာရာ၊မြတ်စွာဘုရားသည်၊ အပ္ပသတ္ထတာယ၊ မချီးမွမ်းအပ်သည်၏ အဖြစ်ကြောင့်၊ မနောဒုစ္စရိတံနာမ

မနောဒုစရိုက် မည်သည်၊ ဓာတ်၊ဖြစ်၏။ ။ဤသို့ ဘုရားချီးမွမ်းတော်မမူသောမနောဒုစရိုက်ဟူသည်၊တပည့်သားနှင့်တကွသူတပါးကိုဆုံးမကာမြစ်ခြင်းအမှု၊ မပြုတော့နှုံဟု ကြံစည်သော ဝိတက်မှုကို မှတ်သားအပ်၏၊ ထိုကြောင့်၊ သုမင်္ဂလဝိလာသိနီအဋ္ဌကထာ၌၊ ။၎င်းပရိနိဗ္ဗာနမိဿာမိ၊နာဒ္ဒသာသိဿာမိတိဝိတက္ကိတမတ္တမ္ပိထေရဿ မနောဒုစ္စရိတံနာမဓာတံ။ ။ဟုဆွင့်ဖြ၏။ ။၎င်း၊ဤသို့၊ပရံ၊သူတပါးကို၊ နုဗ္ဗြဝမိဿာမိ၊မဆုံးမတော့နှုံ၊ နာဒ္ဒသာသိဿာမိ၊ မကာမြစ်တော့နှုံ၊ အုတိ၊ဤသို့၊ ဝိဘက္ကိတမတ္တမ္ပိ ကြံစည်သောဝိတက်မှုသည်လည်း၊ထေရဿ၊ရှင်သာရိပုတ္တရာအား၊မနောဒုစ္စရိတံနာမ၊မနောဒုစရိုက်မည်သည်၊ဓာတံ၊ဖြစ်၏၊ ။ဤသည်လျှင် ရဟန္တာတို့အား ဒုစရိုက်ဖြစ်ဟန်တည်း။

---

## (၁၄၉) ရဟန္တာတို့အားမနောဒုစရိုက်ဖြစ်ကြောင်း၊ ဝတ္ထုကိုပြခြင်း၊

စာတုမေယျတိုင်းပြည်၌၊ မြတ်စွာဘုရားနေတော်မူသောအခါ၊ရှင်သာရိပုတ္တရာ,ရှင်မောဂ္ဂလာန်အမှူးရှိသောရဟန်းငါးရာတို့သည်၊ ဘုရားထံသို့ကြွလာကြရာ၊ရဟန်းငယ်တို့၏၊ ဆူညံသည့်တွက်တာကြောင့်၊ ရှင်သာရိပုတ္တရာ,ရှင်မောဂ္ဂလာန်တို့ကို၊ငါဘုရား၏အထံ၌မနေကြနှင့်ဟု နှင်ထုတ်တော်မူသောအခါ၊သာကီဝင်မင်းများစွာတို့သည်၊မြတ်စွာဘုရားအား၊ ကန်တော့ဝန်ချ၊တောင်းပန်ကြလေလျှင်၊ဘုရားရှင်ထံသို့၊ ရှင်သာရိပုတ္တရာ,ရှင်မောဂ္ဂလာန်တို့သည်၊ပြန်၍ဘဘန်ရောက်တော်မူကြသောအခါ၊ သုံးလူ့ဘမြတ်စွာသည်၊ချစ်သားသာရိပုတ္တရာ၊ငါဘုရားနှင်တော်မူသောအခါ ဝယ်၊ ချစ်သားသည်အဘယ်ကဲ့သို့နှလုံးထား၍ နေသနည်းဟုမေးတော်မူလေလျှင်၊ရှင်သာရိပုတ္တရာထေရ်အရှင်သည်၊ မြတ်စွာဘုရားသခင်အား လျှောက်ကြားသည်မှာ၊ငါ့ကိုဘုရားရှင်၏ အနှင်ခံရခြင်းသည်၊ပရိသတ်မလိမ္မာသည့်၏ အဖြစ်ကြောင့် အနှင်ခံရပေသည်၊ ယနေ့မှစ၍၊ တပည့် ပရိသတ်တို့အား၊ မဆုံးမတော့နှုံ၊ မကာမြစ်တော့နှုံဟုကြံမိပါသည်ဘုရားဟု လျှောက်ကြားတော်မူသောအခါ၊ သုံးလူ့ဘမြတ်စွာသည်၊ ။အာဂမေဟိတွံ သာရိပုတ္တ၊ နခေါ တေသာရိပုတ္တပုနပိဧဝရူပံစိတ္တံဥပ္ပါဒေတဗ္ဗံ။ ။ဟုမိန့်တော်မူ၏၊ ။သာရိပုတ္တ၊သာရိပုတ္တရာ၊ တွံ၊သင်ချစ်သားသည်၊ အာဂမေဟိ၊ ဆိုင်းတွင့်ပါဦးလော့၊သာရိပုတ္တ၊ချစ်သားသာရိပုတ္တရာ၊ တေ၊သင်ချစ်သားအား၊ ပုနပိ၊နောင်

တဘာန်လည်း။ ဝေရှပံ၊ ဤသို့သဘောရှိသော၊ စိတ္တံ၊ မနောဒွါရိုက်ဖြစ်သော စိတ်ကို၊ နဉပ္ပါဒေတဗ္ဗံ၊ မဖြစ်စေအပ်။ ၊ဤသို့ပဏ္ဍာသပါဠိတော်–စာတုမေယျသုတ်တွင်လာရှိ၏။ ။အကျယ်ကို-၎င်းပါဠိတော်မှာယူ၊

---

## (၁၄၇) လောကုတ္တရာအကျဉ်းခွဲချာန်ပွါး၍ပြခြင်း၊

(အမေး) လောကုတ္တရာမှာ၊ကြိယာ၊မပါဘဲကြောင့်နည်း။

(အဖြေ) မဂ်စိတ်ခဏ၊တကြိမ်ကျ၊ အရဟိုကြောင့်တည်း၊

မဂ္ဂသကေစိတ္တက္ခဏိကတ္တာ လောကုတ္တရဿ ကြိယာ အသမ္ဘဝေါ ဟောတိ၊ ၊ဋီကာ၊ ၊မဂ္ဂဿ၊မဂ်စိတ်၏၊ဧကစိတ္တက္ခဏိကတ္တာ၊တကြိမ်ကျသည်အဖြစ်ကြောင့်၊လောကုတ္တရဿ၊လောကုတ္တရာစိတ်အား၊ကြိယာ အသမ္ဘဝေါ၊ကြိယာစိတ်၏ မဖြစ်ခြင်းသည်၊ ဟောတိ၊ဖြစ်၏၊ ။မဂ်သည် တဘာန်ပယ်အပ်သော ကိလေသာ မရှိရကား။ နောက်ထပ် မဖြစ်နိုင်ကုန်။ နောက်တဘာန်မဖြစ်သောကြောင့်။ကြိယာမရှိဟုမှတ်။ဖိုလ်သည်ကား နိဗ္ဗာန်ကိုအာရုံပြု၍။ဖလသမာပတ်သာလျှင်၊ဒိဋ္ဌဓမ္မချမ်းသာကို၊ခံစားခြင်းအကျိုး ငှါ၊အကြိမ်ကြိမ်ဖြစ်၏ဟူလို၊

---

## (၁၄၈) လောကုတ္တရာအကျဉ်းခွဲချာန်ပွါး၍ပြခြင်း၊

ဈာနင်္ဂယောဂဘေဒေန၊ ကတွေကေကန္တု ပဉ္စဓာ။
ဝုစ္စတာနုတ္တရံ စိတ္တံ၊ စတ္တာလီသဝိဓန္တိ စ၊ ၊

ဈာနင်္ဂယောဂဘေဒေန၊ ဈာန်အင်္ဂါတို့နှင့် ယှဉ်သော အပြားအားဖြင့်၊ ဧကေကံ၊တခုတခုသော၊ အနုတ္တရံ၊ လောကုတ္တရာဖြစ်သော၊ စိတ္တံ၊တုစိတ္တံ ဝေ၊စိတ်ကိုသာလျှင်၊ ပဉ္စဓာ၊ ငါးပါးငါးပါး အပြားအားဖြင့်၊ ကတွာ၊ပြု၍၊ စတ္တာလီသဝိဓံ၊လေးဆယ်အပြားရှိသည်၊ဘဝေ၊ဖြစ်၏၊ဣတိ၊ဤသို့၊ပရမတ္ထဝိဒူဟိ၊ပရမတ်မြင်သိ၊ ပညာရှိတို့သည်၊ ဝုစ္စတိ၊ ဆိုအပ်၏၊ ။ဤဂါထာ၌ တုသဒ္ဒါသည် အဝဓာရဏတ္ထဇောတကဟူ၍မှတ်၊

လောကုတ္တရာစာကျယ်၊ဇယားကွက်ပုံကား၊

| | | | | | | |
|---|---|---|---|---|---|---|
| သောတာပတ္တိမဂ် | ပထမဈာန် | ဒုတိယဈာန် | တတိယဈာန် | စတုတ္ထဈာန် | ပဉ္စမဈာန် | ငါးပါး |
| သကဒါဂါမိမဂ် | ပထမဈာန် | ဒုတိယဈာန် | တတိယဈာန် | စတုတ္ထဈာန် | ပဉ္စမဈာန် | ငါးပါး |
| အနာဂါမိမဂ် | ပထမဈာန် | ဒုတိယဈာန် | တတိယဈာန် | စတုတ္ထဈာန် | ပဉ္စမဈာန် | ငါးပါး |
| အရဟတ္တမဂ် | ပထမဈာန် | ဒုတိယဈာန် | တတိယဈာန် | စတုတ္ထဈာန် | ပဉ္စမဈာန် | ငါးပါး |
| သောတာပတ္တိဖိုလ် | ပထမဈာန် | ဒုတိယဈာန် | တတိယဈာန် | စတုတ္ထဈာန် | ပဉ္စမဈာန် | ငါးပါး |
| သကဒါဂါမိဖိုလ် | ပထမဈာန် | ဒုတိယဈာန် | တတိယဈာန် | စတုတ္ထဈာန် | ပဉ္စမဈာန် | ငါးပါး |
| အနာဂါမိဖိုလ် | ပထမဈာန် | ဒုတိယဈာန် | တတိယဈာန် | စတုတ္ထဈာန် | ပဉ္စမဈာန် | ငါးပါး |
| အရဟတ္တဖိုလ် | ပထမဈာန် | ဒုတိယဈာန် | တတိယဈာန် | စတုတ္ထဈာန် | ပဉ္စမဈာန် | ငါးပါး |

လောကုတ္တရာလေးဆယ်၊

## (၁၄၉) ဈာန်ပွါးရာ၌၊ဈာနနိယာမ၊ဝေဒနာနိယာမ၊ဗိပဿနာ နိယာမ သုံးပါးကိုခွဲခြား၍ပြခြင်း၊

လက်ဒီပ၊နာမမည်ထွန်း၊ ဘိဟိုဠ်ကျွန်း၌၊ ပိဋကတ် ကျမ်းဂန်၊ ကေန် တတ်မြော် တန်းခိုးတော်ကုန်သောဆရာတော်ကြီးတို့သည်၊ တိပိဋက စူဠနာ ဂမထေရ်၊ မဟာဒတ္တမထေရ်၊ တိပိဋကစူဠာဘယမထေရ်ဟူ၍ သုံးပါးတို့ သည်၊ပညာရောင်တို့ဖြင့်၊ တပြောင်ပြောင်တော်ပထျက် ထင်ရှားရှိကြကုန် ၏၊ ထိုမထေရ်မြတ် သုံးပါးတို့တွင်၊ တိပိဋက စူဠနာဂ မထေရ်သည်ကား၊ ဝုဋ္ဌာနဂါမိနီဝိပဿနာဖောဝိထိ၏ရှေးအဘို့၌၊ဝင်စားအပ်သောဈာန်သည် မဂ်အားမှတ်၏ဟူ၍ဆိုတော်မူ၏၊မဟာဒတ္တမထေရ်သည်ကား၊ ဝုဋ္ဌာနဂါမိ နီဝိပဿနာဖောဝိထိ၏ ရှေးအဘို့၌ သုံးသပ်အပ်သော ဈာန်သည် မဂ်အား မှတ်၏ဟုဆိုတော်မူ၏၊တိပိဋကစူဠာဘယမထေရ်မြတ်သည်ကား၊ အောက် ပဉ္စမဈာန်နှင့်တူသော ပဉ္စင်္ဂိကဖြစ်မှုကား၊ ကောင်းလေစွစသည်ဖြင့်၊တပါး ပါးသော ဈာန်နှင့်တူသော မဂ်ဖြစ်ခြင်းကို တောင့်တသော ပုဂ္ဂိုလ်၏အဇ္ဈာ သယသည် မဂ်အားမှတ်အပ်၏ဟု ဆိုတော်မူ၏၊ထိုသုံးပါးတို့၏ဝါဒသုံးရပ်

တို့ဝွင်၊တိပိဋကစူဠနာဂမထေရ်မြတ်၏ဝါဒ၌ဆမိပ္ပါယ်သော်ကား၊အကြင်
ပုဂ္ဂိုလ်သည်၊ အမှတ်မဲ့ တပါးပါးသောချာန်ကို ဝင်စား၍၊ ထိုချာန်မှထ၍၊
ခန္ဓာငါးပါးပကိဏ္ဏကသင်္ခါရကို၊ အနိစ္စစသောလက္ခဏာအားဖြင့် သုံးသပ်
၏၊ ထိုယောဂီပုဂ္ဂိုလ်အား၊ သုံးသပ်သည့်၏ အခြားမဲ့၌၊ မဂ်ကိုရသည် ဖြစ်
ငြားအံ့၊ထိုမဂ်သည်၊ဝင်စားသောချာန်အားလျော်စွာဖြစ်၏၊ ။ပဌမချာန်ကို
ဝင်စားသည်ဖြစ်အံ့၊ပဌမချာန်မဂ်ကျ၏၊ ဒုတိယချာန်ကိုဝင်စားသည်ဖြစ်အံ့၊
ဒုတိယချာန်မဂ်ကျ၏ဟူလို၊ မဟာဒတ္တ မထေရ်မြတ်၏ ဝါဒ၌ အဓိပ္ပါယ်
သော်ကား၊ အကြင်ပုဂ္ဂိုလ်သည်၊ အမှတ်မဲ့သောချာန်ကို အနိစ္စစသည်အား
ဖြင့်သုံးသပ်၏၊ထိုယောဂီပုဂ္ဂိုလ်အား၊ သုံးသပ်သည့်၏အခြားမဲ့၌၊ မဂ်ကိုရ
သည်ဖြစ်ငြားအံ့၊ ထိုမဂ်သည်သုံးသပ်သော ချာန်အားလျော်စွာဖြစ်၏၊ ပဌမ
ချာန်ကိုသုံးသပ်မူ၊ ပဌမချာန်မဂ်ကျ၏၊ ဒုတိယချာန်သုံးသပ်မူ ဒုတိယချာန်
မဂ်ကျ၏၊ ။တိပိဋကစူဠာဘယမထေရ်မြတ်၏ဝါဒ၌ အဓိပ္ပါယ်သော်ကား၊
အကြင်ပုဂ္ဂိုလ်သည်၊ပဌမချာန်စသည်တို့တွင်၊ အမှတ်မရှိသောချာန်ကိုဝင်
စားပြီး၍၊ထိုချာန်မှထ၍၊ တပါးသော ခန္ဓာငသောသင်္ခါရကို အနိစ္စစသော
အားဖြင့် သုံးသပ်သည့်၏အခြားမဲ့၌၊မဂ်ကိုရသည်ဖြစ်ငြားအံ၊ပုဂ္ဂိုလ်၏အလို
ဆန္ဒအဇ္ဈာသယအားလျော်စွာ၊ပဌမချာန်နှင့်တူသောမဂ်ကိုအလိုရှိမူ၊ ပဌမ
ချာန်မဂ်ကိုရ၏၊ ဒုတိယ ချာန်မဂ်ကို အလိုရှိမူ၊ ဒုတိယ ချာန်မဂ်ကိုရ၏ဟူ
မှတ်၊ ။ထိုယောဂီပုဂ္ဂိုလ်အား၊ အဘယ်ချာန်ကိုမျှအလိုမရှိငြားအံ့၊အောက်
အောက်ချာန်ကိုဝင်စား၍၊ အထက်အထက်ချာန်ကို သုံးသပ်သည့်၏အခြား
မဲ့၌ မဂ်ဖြစ်အံ့၊ ထိုမဂ်သည် သုံးသပ်သော သမ္မသိတ ချာန်နှင့် တူ၏၊ အ
ထက်အထက်ဖြစ်သောချာန်ကိုဝင်စား၍၊ အောက်အောက်ဖြစ်သော ချာန်
ကိုသုံးသပ်သည့်၏အခြားမဲ့၌ မဂ်ဖြစ်အံ့၊ ထိုမဂ်သည်ဝင်စားအပ်သော ပါဒ
ကချာန်နှင့်တူ၏၊ အဘယ့်ကြောင့်ဟူမူ၊ အောက်အောက်ချာန်ထက်၊ အထက်
အထက်ချာန်သည်၊အားကြီးခြင်းဗလဝဖြစ်သောကြောင့်တည်း၊ ထိုကြောင့်
ရကား၊ ရှေးပညာရှိတို့သည်၊ ။ပုဂ္ဂိုလ်ယောဂီ၊လိုမရှိမူ၊ဥပရိမှန်၊အထက်
ချာန်နှင့်၊လေးတန်မဂ်မှာ၊တူသည်သာဟု၊ ။ဋီကာအရှင်မိန့်သတည်း၊ ။
ဟုစပ်ဆိုတော်မူကြကုန်၏၊ဤချာနနိယာမ၌ ပြအပ်သော၊ပါဒကဆရာ၊သမ
္မသိတဆရာ၊ပုဂ္ဂလဇ္ဈာသယဆရာကြီးတို့သည်ကား၊ကျမ်းပြုအမည်၊ပုဂ္ဂိုလ်
ကျော်တို့သည်သာလျှင်တည်း၊ထိုကြောင့်ရကား၊ အဋ္ဌသာလိနီအဋ္ဌကထာ
၌၊ ။ဝေံ၊တ၊ယောပိထေရာပဏ္ဍိတာဗျတ္တာဗုဒ္ဓိသမ္ပန္နာ၁၀၊ တေနတေသံဝါဒံ
တန္တိံ ကတွာထပယိံသု၊ ။ဟုဘွင့်ပြတော်မူ၏၊ ။ဝေံ၊ဤသို့၊ တယော

ပိ၊သုံးပါးလည်း ဖြစ်ထိုက်သော၊ ထေရ၊ မထေရ်ကြီး တို့သည်၊ ပဏ္ဍိတ၊ ပညာရှိထိုက်၍၊ ဗျတ္တ၊ပိဋကတ်ခွဲလိမ္မာပေကုန်၍၊ ဗုဒ္ဓိသမ္ပန္န၁၀၊အာဇာနည် မှန်၊အဆိုညွှတ်နှင့် ပြည့်စုံကြကုန်သည်သာလျှင်တည်း၊ တေန၊ ထိုကြောင့်၊ တေသံ၊ ထိုပညာရောင်ခြည်ဟိး၊ ထိုဆရာတော်ကြီးတို့၏၊ ဝါဒံ၊ အယူဝါဒ ကို၊ တန္တိံ ကတွာ၊အစဉ်ပြု၍၊ အာစရိယာ၊ ကျမ်းတတ်အကျော်၊ အဋ္ဌက ထာဆရာတော်တို့သည်၊ ထပယိံသု၊ ထားကြလေကုန်ပြီ၊ ၊ ဈာနနိယမ ဝိနိစ္ဆယတည်း၊

ဝေဒနာနိယမသည်ကား။ ဝိပဿနာနိယမ၏ အစွမ်းအားဖြင့် သာလျှင် ဖြစ်ကုန်၏။ဖြစ်ဟန်ကား၊ဝုဋ္ဌာနဂါမိနီဝိပဿနာဇောသည်၊သောမနဿသ ဟဂုတ်ဖြစ်အံ့၊ မဂ်သည်လည်း သောမနဿသဟဂုတ်ဖြစ်၏၊ ဝုဋ္ဌာနဂါမိနီ ဝိ ပဿနာဇောသည် ဥပေက္ခာသဟဂုတ်ဖြစ်အံ့၊မဂ်သည်လည်း၊ ဥပေက္ခာသ ဟဂုတ်ဖြစ်၏ဟု တပ်အပ်သေချာ၊မှတ်ကုန်ရာ၏၊ ၊ဤသည်လျှင် ဝေဒနာ နိယမတည်း၊ ၊ဈာန်စေးခြောက်သော သုက္ခဝိပဿကပုဂ္ဂိုလ်အား၊ ပါဒ ကဈာန်စသည်တို့၏အစွမ်းအားဖြင့် မှတ်ဘွယ်မရှိရကား။ ဝိပဿနာနိယမ အားဖြင့်၊ ပဉ္စင်္ဂိကသာလျှင်ဖြစ်၏၊ ဈာန်ကိုရသော ဈာနလာဘီပုဂ္ဂိုလ်အား လည်း၊ဈာန်ကိုအခြေပါဒကမပြုဘဲ။ ပြီးပြွမ်းသောပကိဏ္ဏကသင်္ခါရကိုသုံး သပ်၍ဖြစ်သောမဂ်သည်လည်း၊ ဝိပဿနာနိယမအားဖြင့်သာလျှင်၊ အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ပဉ္စင်္ဂိကမဂ်ဖြစ်၏ဟုမှတ်အပ်၏၊ ဤသည်လျှင် ဝိပ ဿနာနိယမတည်း၊ ၊ဖိုလ်၏ဈာနင်္ဂနိယမ-ဝေဒနာနိယမသည်လည်းမဂ် နှင့်တူသည်သာလျှင်တည်း၊ ၊ဤသည်လျှင်-ဝေဒနာနိယမ ပြခန်းတည်း။

---

## (၁၅၀) စိတ် ၈၉-ပါးကိုဘူမိဘေဒအားဖြင့် ရေတွက်ပုံကိုပြခြင်း၊

စတုပညာသဓာ ကာမေ၊ ရူပေပန္နရသီရယေ၊
စိတ္တာနိ ဒွါဒသာရူပ္ပေ၊ အဋ္ဌဓာနုတ္တရေ တထာ။ ။

(သင်္ဂဟအဋ္ဌကထာ)။ ။ကာမေ၊ ကာမ-၁၁-ဘုံ၌၊ စိတ္တာနိ၊စိတ်တို့ ကို၊စတုပညာသဓာ၊ငါးဆဲ့လေးပါးအပြားရှိကုန်၏ဟူ၍၊ဤရယေ၊ မိန့်တော် မူ၏၊ ရူပေ၊ အသညသတ်ကြဉ်သော ၁၅-ဘုံ၌၊ စိတ္တာနိ၊ စိတ်တို့ကို။ ပန္န ရသ၊၁၅-ပါးအပြားရှိထိုက်၏ဟူ၍။ ဤရယေ၊ မိန့်တော်မူ၏၊ အရူပေ၊အရူပ လေးဘုံ၌၊ စိတ္တာနိ၊စိတ်တို့ကို။ ဒွါဒသ၊တဆဲ့နှစ်ပါးအပြားရှိကုန်၏ဟူ၍၊ဤ

ရယော၊မိန့်တော်မူ၍၊ တထာ၊ထို့မှတပါး။ အနုတ္တရေ၊ လောကုတ္တရာကိုးပါး
အပေါင်း၌။စိတ္တာနိ၊စိတ်တို့ကို၊အဋ္ဌဓာ၊ရှစ်ပါးအပြားရှိကုန်၍ဟူ၍၊ဤရယော၊
မိန့်တော်မူ၍၊ ။ဒုင်းဂါထာအရ၊သရူပတ္ထသော်ကား။

| | | | | |
|---|---|---|---|---|
| ၁ | အကုသိုလ်စိတ် | .... | ၁၂ | ကာမစိတ်–၅၄၊ |
| | အဟိတ်စိတ် | .... | ၁၈ | |
| | မဟာကုသိုလ် | .... | ၈ | |
| | မဟာဝိပါက် | .... | ၈ | |
| | မဟာကြိယာ | .... | ၈ | |
| ၂ | ရူပကုသိုလ် | .... | ၅ | ရူပစိတ်–၁၅၊ |
| | ရူပဝိပါက် | .... | ၅ | |
| | ရူပကြိယာ | .... | ၅ | |
| ၃ | အရူပကုသိုလ် | .... | ၄ | အရူပစိတ်–၁၂၊ |
| | အရူပဝိပါက် | .... | ၄ | |
| | အရူပကြိယာ | .... | ၄ | |
| ၄ | မဂ်စိတ် | .... | ၄ | အနုတ္တရစိတ်–၈၊ |
| | ဖိုလ်စိတ် | .... | ၄ | |

ပေါင်းစိတ် ၈၉–ပါး။

---

## (၁၅၁) ဓာတ်ဘေဒအားဖြင့်ရေတွက်ပုံကိုပြခြင်း၊

ဒွါဒသာကုသလာနေဝံ၊ ကုသလာနေကဝီသတိ၊
ဆတ္တိံသေဝဝိပါကာနိ၊ ကြိယစိတ္တာနိ ဝီသတိ။ ။

(သင်္ဂဟာအဋ္ဌကထာပါဠိ)။ ။ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်၊
အထုသလာနိ၊အထုသိုလ်စိတ်တို့သည်။ဒွါဒသဧဝ၊တဆဲ့နှစ်ပါးအပြားရှိကုန်
သည်သာလျှင်၊ထိယုံ၊ဖြစ်ကုန်၏၊ ကုသလာနိ၊ကုသိုလ်စိတ်တို့သည်၊ ဧကဝီ
သတိ၊နှစ်ဆဲ့တပါးအပြားရှိကုန်သည်၊ ဆိယုံ၊ဖြစ်တုန်၏။ ဝိပါကာနိ၊ဝိပါက်
စိတ်တို့သည်၊ ဆတ္တိံသေဝ၊ သုံးဆဲ့ခြောက်ပါးအပြားရှိကုန်သည်သာလျှင်၊
ထိယုံ၊ဖြစ်ကုန်၏၊ကြိယစိတ္တာနိ၊ကြိယာစိတ်တို့သည်၊ဝီသတိဧဝ၊နှစ်ဆယ်

အတိုင်းအရှည်ရှိထုန် သည်သာလျှင်၊ ဆိုယုံ၊ဖြစ်ဘုန်ပြီ။ ။ဤဂါထာအရ-
သရုပ္ပသော်ကား၊

| | | | |
|---|---|---|---|
| ၁ | လောဘမူ | ၈၊ | အကုသိုလ်ဓာတ်-၁၂၊ |
| | ဒေါသမူ | ၂။ | |
| | မောဟမူ | ၂၊ | |
| ၂ | မဟာကုသိုလ် | ၈၊ | ကုသိုလ်ဓာတ်-၂၁၊ |
| | မဟဂ္ဂုတ်ကုသိုလ် | ၉၊ | |
| | လောကုတ္တရာကုသိုလ် | ၄၊ | |
| ၃ | ကုသလဝိပါက် | ၈။ | ဝိပါက်ဓာတ်-၃၆၊ |
| | အကုသလဝိပါက် | ၇၊ | |
| | မဟာဝိပါက် | ၈၊ | |
| | မဟဂ္ဂုတ်ဝိပါက် | ၉၊ | |
| | လောကုတ္တရာဝိပါက် | ၄၊ | |
| ၄ | အဟိတ်ကြိယာ | ၃၊ | ကြိယာဓာတ်-၂၀၊ |
| | မဟာကြိယာ | ၈၊ | |
| | မဟဂ္ဂုတ်ကြိယာ | ၉၊ | |

ပေါင်းစိတ် ၈၉-ပါးတည်း၊

| စိတ်-အမည် | စေတသိက် | ဝေဒနာ | ဟိတ် | ကိစ္စ | ဒွါရ | အာရုံ | ဝတ္ထု | ပစ္စည်း |
|---|---|---|---|---|---|---|---|---|
| လောဘမူစိတ် ၈ | ၂၂ | ၂ | ၂ | ၁ | ၆ | လောကီအာရုံ | ၁ | ၁၈ |
| ဒေါသမူစိတ် ၂ | ၂၂ | ၁ | ၂ | ၁ | ၆ | ၎င်းအာရုံ | ၁ | ၁၈ |
| မောဟမူစိတ် ၂ | ၁၆ | ၁ | ၀ | ၁ | ၆ | ၎င်းအာရုံ | ၁ | ၁၇ |
| အကုသလ ဝိပါက် ၇ | ၁၀ | ၂ | မ | ၁၁ | ၆ | ကာမအာရုံ | ၆ | ၁၇ |
| ကုသလဝိပါက် ၈ | ၁၁ | ၃ | မ | ၁၁ | ၆ | ကာမအာရုံ | ၆ | ၁၇ |
| အဟိတ်ကြိယာ ၃ | ၁၂ | ၂ | မ | ၃ | ၆ | အလုံးစုံ | ၁ | ၁၇ |
| မဟာကုသိုလ် ၈ | ၃၈ | ၂ | ၃ | ၁ | ၆ | ထက်မက်ကြည် | ၁ | ၁၈ |
| မဟာဝိပါက် ၈ | ၃၃ | ၂ | ၃ | ၄ | ၆ | ကာမ | ၁ | ၁၇ |
| မဟာကြိယာ ၈ | ၃၅ | ၂ | ၃ | ၁ | ၆ | အလုံးစုံ | ၁ | ၁၈ |
| ရူပကုသိုလ် ၅ | ၃၅ | ၂ | ၃ | ၁ | ၁ | ပညတ်အာရုံ | ၁ | ၁၈ |
| ရူပဝိပါက် ၅ | ၃၅ | ၂ | ၃ | ၃ | မ | ၎င်းအာရုံ | ၁ | ၁၇ |
| ရူပကြိယာ ၅ | ၃၅ | ၂ | ၃ | ၁ | ၁ | ၎င်းအာရုံ | ၁ | ၁၈ |
| အရူပကုသိုလ် ၄ | ၃၀ | ၁ | ၃ | ၁ | ၁ | ပညတ်မဟဂ္ဂုတ် | ၁ | ၁၈ |
| အရူပဝိပါက် ၄ | ၃၀ | ၁ | ၃ | ၃ | မ | ၎င်းအာရုံ | မ | ၁၇ |
| အရူပကြိယာ ၄ | ၃၀ | ၁ | ၃ | ၁ | ၁ | ၎င်းအာရုံ | ၁ | ၁၈ |
| မဂ်လေးပါး | ၃၆ | ၁ | ၃ | ၁ | ၁ | နိဗ္ဗာန်အာရုံ | ၁ | ၁၇ |
| ဖိုလ်လေးပါး | ၃၆ | ၁ | ၃ | ၁ | ၁ | ၎င်းအာရုံ | ၁ | ၁၈ |
| မဂ်နှစ်ဆယ် | ၃၆ | ၂ | ၃ | ၁ | ၁ | ၎င်းအာရုံ | ၁ | ၁၇ |
| ဖိုလ်နှစ်ဆယ် | ၃၆ | ၂ | ၃ | ၁ | ၁ | ၎င်းအာရုံ | ၁ | ၁၈ |

## (၁၅၃) နည်းထူးဝိသေသ၊ဂန္ထိရသချုပ်၊နယငုတ်ကို၊လက်ဆုပ် လက်ကိုင်၊ရသိနိုင်စေခြင်းအကျိုးငှါ၊ ထုတ်နုတ်၍ပြခြင်း။

(၁) ခဏ္ဍစက္က-ဗန္ဓစက္ကံ၊ ပကိဏ္ဏကဉ္စ ပုဂ္ဂလံ၊
ဝီထိဝါရံ့တုမ္ဗိဘေဒံ၊ သမုဋ္ဌာနဖလံ တထာ၊ ။
(၂) ဗျာနင်္ဂ-မဂ္ဂင်္ဂဘေဒံ၊ ဈာန္ဓိယာဒိစ ပစ္စယံ၊
သင်္ခေပသင်္ဂဟံ ဧတံ၊ နယံ လိခေယျ ပညဝါ၊ ။

(သင်္ခေပဂဏ္ဌိန မာတိကာ)။ ။ခဏ္ဍစက္ကဉ္စ၊ မူလမည့်ထွက်၊ ခဏ္ဍစက် ဖြင့်၊အချက်ကျခွဲခြင်းငှင်း၊ ဗန္ဓစက္ကဉ္စ၊မူလိတွဲရှက်၊ဗန္ဓစက်ဖြင့်၊ အချက်ကျခွဲ ခြင်းငှင်း။ ပကိဏ္ဏကဉ္စ၊ ပကိဏ်းစေတသိက်ကြည့်- စိတ်ပေါင်းယှဉ်၍၊ အ လျှင်မြန်စွာ၊သချုပ်လာခြင်းငှင်း၊ပုဂ္ဂလဉ္စ၊သုဒ္ဓ,မိဿက၊နည်းနှစ်ဝ ဖြင့်၊ရကြ ပုဂ္ဂိုလ်၊သချုပ်ဆိုခြင်းငှင်း၊ ဝီထိဝါရဉ္စ၊ဝီထိအကြိမ်ဖြစ်၊ ခဲစစ်သချုပ်။ နယ ငုတ်ကို၊ခွဲထုတ်ခြင်းငှင်း၊ဘုမ္မိဘေဒဉ္စ၊ဘုံ၏အပြား။ စိတ်ယှဉ်ထား၍၊ မှတ် သားသိစေ၊နည်းနှစ်ထွေကို၊ရေတွက်ခြင်းငှင်း။ သမုဋ္ဌာနဉ္စ၊ရုပ်ဖြစ်ကြောင်း ဘန်၊စိတ်ဖြစ်ရန်ကို၊ကောန်တိတိ၊ ရေတွက်ဘိခြင်းငှင်း၊ ဖလဉ္စ၊ဖိုလ်နှင့်ယှဉ် ခါ၊သချုပ်လာကို၊သေချာပိုင်းဖြတ်၊ခွဲသိမှတ်ခြင်းငှင်း။ တထာ၊ထိုမှို။ ဗျာနင် ဘေဒဉ္စ၊ဈာန်အင်္ဂါအပြား၊စိတ်ယှဉ်ထား၍၊ခွဲခြားသိလို၊ပေါင်းဆိုခြင်းငှင်း၊ မဂ္ဂင်ဘေဒဉ္စ၊မဂ္ဂင်အပြား၊နည်းထူးထား၍၊ ခွဲခြားခြင်းငှင်း၊ ဈာန္ဓိယာဒိဘေ ဒဉ္စ၊ဈာန္ဓြေတွဲခါ၊ခွဲယှဉ်ခါဖြင့်၊ သေချာစွာရေတွက်ခြင်းစသောနည်းငှင်း၊ပစ္စ ယဘေဒဉ္စ၊စိတ်လုံးအရ၊ပစ္စည်းယှဉ်ခါပြခြင်းငှင်း။ ဣတိ၊ဤသို့၊ သင်္ခေပသင် ဟံ၊ အသိမွေ့ပါပို့တော်မှထုတ်၊ သင်္ပိုဟ်၏သချုပ်ကို၊ ခွဲထုတ်ရေတွက်ရာ ရေတွက်ကြောင်းဖြစ်သော၊ ဧတံနယံ၊ ဤသို့အချုပ်-အတုမရှိသော နည်း သချုပ်ကို၊ ပညဝါ၊ပညာလိုလား။ အမျိုးကောင်း သားသည်၊လိခေယျ၊အမြဲ မပြတ်။ ညထ်ရဟတ်ဖြင့်၊ တွဲစပ်ဘွဲခါ၊ ခွဲအပ်ရာ၏။ ဝါ၊ဆရာကောင်းထံ၊ နည်းနာခံ၍၊သင်အံလေ့ကျက်၊ရေတွက်မှန်စွာ၊သင်မှတ်ရာ၏။

ဤသို့ ပြအပ်ပြီးသော မာတိကာ ဂါထာအရ၊ဂဏ္ဌန၊နည်းအပေါင်းတို့ တွင်၊ခဏ္ဍစက်,ဗန္ဓစက်-လှည့်နည်းသချုပ်ကိုခွဲထုတ်ပြကြဆိုဦးအံ့၊

စိတ်တခု ယုတ်ကိုးဆယ်တို့၌။သောမနဿသာဖြစ်၍၊ သင်္ခယုတ်မဖြစ် သောစိတ် ၁၀၊ သမ္မယုတ်သာဖြစ်၍၊ သောမနဿမဖြစ်သောစိတ် ၂၇၊ သောမနဿလည်းဖြစ်၊ သမ္မယုတ်လည်းဖြစ်သောစိတ် ၂၈၊ သောမနဿ

လည်းမဖြစ်-သခ္ခယုတ်လည်း-မဖြစ်သောစိတ်-၂၄။ ဤသို့လျှင် စိတ်ရှစ်ဆဲ့ကိုးပါ။သရုပ်အားဖြင့်ဖြစ်သတည်း။

သောမနဿကိုမူလတည်၍၊ဝိပ္ပယုတ်-အသင်္ခါရိက-သသင်္ခါရိက-ဇွဲ့ကိုမူထိသွတ်၍သရုပ်ခွဲကြလေ။

(၁) ဤသို့စသည်၊အလီထီ။ကြံ့စည်ခွဲအပ်ပြန်၊
(၂) ဤမှုနယ၊ပြလိုက်က၊ညထပွါးစေရန်၊
(၃) မှုထိတွဲရှက်။ဗဒ္ဓစက်။မှတ်ချက်နည်းအမှန်၊
(၄) မှုလမည်ထွက်။ခဏ္ဍစက်၊ခွဲချက်ဝိသေသ၊
(၅) သောတုဝေနေ၊များဗိုလ်ခြေ။ခွဲလေအဘန်ဘန်။

---

## (၁၅၄) ပကိဏ္ဏကစေတသိက် အကြည့်အားဖြင့် ခွဲခြား၍ပြခြင်း။

စိတ်-အကျယ်တို့၌၊ ပကိဏ်း စေတသိက်- တခါကြည့် ခံရသောစိတ် (၃၀) ပကိဏ်းစေတသိက်-နှစ်ခါကြည့်ခံရသောစိတ် (၁၄)၊ ပကိဏ်းစေတသိက်-သုံးခါအကြည့်-ခံရသောစိတ်(၄၀)၊ ပကိဏ်းစေတသိက်ခြောက်ခါအကြည့်ခံရသောစိတ်(၁၀)၊ ပကိဏ်းစေတသိက်-တခါမျှ အကြည့်မခံရသောစိတ်(၂၇)။ ဤသို့လျှင်- စိတ်အကျယ်- တရာ့ နှစ်ဆဲ့တပါး ဖြစ်သတည်း။ ။လင်္ကာ ဆောင်ပုဒ်ကား၊ ။ပကိဏ်းတခါ၊ကြည့်ရာသုံးဆယ်၊ ဒွေးဝယ်ဝုဒ္ဓ၊သုံးဝတထီ၊ခြောက်မှိဒသ၊မရနှစ်ဆယ်၊ ခုနှစ်သွယ်သည်၊ ။အကျယ်စိတ်ရခွဲဝေတည်း။

(၁) ကာမသောဘဏ၊ဥပေက္ခ၊လောဘံ-ဥ-ဒေါသာ၊
(၂) ဟသိ-ဒုဗျာန်၊သုံးဆယ်မှန်၊ကြည့်ရန်-စိတ်တခါ၊
(၃) ဥဒ္ဓစ္စ-သောဘိ၊ဝုဗ္ဗောမှိ၊ဆဲ့တထီတတိယာ၊
(၄) နှစ်ခါကြည့်ပြ၊ဆဲ့လေးဝ၊အရစိတ်သင်္ချာ။
(၅) မနောဓာတ်သုံးတန်၊ဝိကိစ္ဆံ၊တိရဏံဥပေက္ခာ။
(၆) စ-မ-ဗျာန်၊လေးဆယ်မှန်၊သုံးတန်ကြည့်စိတ်သာ။
(၇) ပဥ္စဝိညာဉ်၊ခြောက်ခါကြည့်၊စိတ်တွင်မှတ်အစ်စွာ၊
(၈) ထိုမှသေသ၊ကြွင်းသမျှ၊မရ-သတ်ဝိသာ။
(၉) တရာ့နှစ်ဆယ်၊စွန်းတသွယ်၊အကျယ်စိတ်ဖြစ်ရာ၊
(၁၀) ပကိဏ္ဏက၊ဆဗ္ဗိဓ၊နယခွဲစိတ်ပြာ။

## (၁၅၅) ပုဂ္ဂိုလ်၌စိတ်ရ-သုဒ္ဓနည်းကိုခွဲပြခြင်း။

စိတ် ၈၉-ပါးအကျဉ်း၌။ ပုထုဇဉ်လေးယောက်သာလျှင်ရသော စိတ် (၅) သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်သာလျှင်ရသောစိတ်(၇)။ရဟန္တာပုဂ္ဂိုလ်သာလျှင်ရသောစိတ် (၁၉)။ ပုထုဇ္ဇဉ်သေက္ခ-နှစ်ယောက်သာလျှင် ရသော စိတ်(၂၄)။ပုထုဇဉ်-သေက္ခ-ရဟန္တာ-သုံးယောက်ရသောစိတ်(၃၄)ဤသို့လျှင်စိတ်အကျဉ်း ၈၉-ပါးဖြစ်သတည်း။ ။အကျဉ်းဆောင်ပုဒ်။နယဂုတ်ကား။ ။ပုထုသာရ၊စိတ္တငါးသွယ်၊သေက်ဝယ်ခုနစ်။အသေက္ခမှာ။ ဆဲ့ကိုးဖြာတည်း။သေက္ခာပုထု၊ရမှုဓောဝီ၊သုံးယော်မှိက။ဓောတိံသသည်။ ။စိတ်ရအကျဉ်းနည်းသစ်သွင်း။ ။ဤလျှင် တရပ်။ပုဂ္ဂိုလ်နှင့်ကပ်၍ခွဲခြင်းတည်း။

---

## (၁၅၆) ဘုံ၌စိတ်ဖြစ်-ဘုမ္မိသုဒ္ဓနည်းကိုပြခြင်း။

စိတ် ၈၉-ပါးအကျဉ်း၌။ကာမဘုံ၌သာလျှင်ဖြစ်သော စိတ်(၁၆)။ရူပဘုံ၌သာလျှင်ဖြစ်သောစိတ်(၅)။အရူပဘုံ၌သာလျှင် ဖြစ်သောစိတ်(၄)။ပေါင်းသော် စိတ် ၂၅-ပါးတည်း။ကာမဘုံ-ရူပဘုံ-နှစ်ပါး၌ဖြစ်သောစိတ် (၂၄)။ ဒွိဗဒ္ဓစိတ်မည်၏။ ။ကာမဘုံ-ရူပဘုံ-အရူပဘုံ။ ဤသုံးဘုံ၌ဖြစ်သော စိတ် (၄၂)။တိဗဒ္ဓစိတ်မည်၏။ ဤသို့လျှင်စိတ်အကျဉ်း။၈၉-ပါးဖြစ်သတည်း။ ။အကျဉ်းဆောင်ပုဒ်၊ နယဂုတ်ကား။ ။တဘုံစိရ၊ပဉ္စဝီသာ၊ ဘုံနှစ်ဖြာဖြစ်။ စိတ်စစ်ဗာဝီ၊ ဘုမ္မိသုံးမှာ၊ဒွေစတ္တာလီသ၊ စိတ်ဖြစ်ရသည်။ ။မှတ်ပအကျဉ်းနည်းသစ်မင်း။ ။ဤလျှင်တရပ်၊ဘုံနှင့်ကပ်၍ခွဲခြင်းတည်း။

---

## (၁၅၇) ပုဂ္ဂိုလ်၌-စိတ်ဖြစ်သောဓိဿကနည်းကိုပြခြင်း။

စိတ် ၈၉-ပါး၌။ ပုဂ္ဂိုလ်တယောက်စီရသောစိတ် (၂၆)။ ပုဂ္ဂိုလ်လေးယောက်စီရသောစိတ် (၁၄)။ ပုဂ္ဂိုလ် ငါးယောက်စီ ရသောစိတ် (၁၃)။ ပုဂ္ဂိုလ်ခြောက်ယောက်ရသောစိတ် (၂)။ ပုဂ္ဂိုလ်ခုနစ်ယောက်ရသောစိတ် (၁၇) ပုဂ္ဂိုလ် ရှစ်ယောက်ရသောစိတ် (၁၇)။ ဤသို့လျှင်စိတ်အကျဉ်း ရှစ်ဆဲ့ကိုးပါးဖြစ်သတည်း။ ။အကျဉ်းဆောင်ပုဒ်။နယဂုတ်ကား။ ။ပုဂ္ဂိုလ်တယောက်စီ။ဆဗ္ဗီစိတ်ကောက်။လေးယောက်စုဒ္ဒ။ပဉ္စတေရစ်၊ ခြောက်ဖြစ်နှစ်ပါး။ခွန်ကားသတ္တရစ်၊ ရှစ်ယောက်ဖြစ်မူ။ ဆဲ့ခွန်ဟူသည်။ ။ပေါင်းယူရှစ်ဆဲ့ကိုးပါးတည်း။ ။တနည်းဆောင်ပုဒ်ကား။

(၁) ကာမာဝစရဆဲ့ရှစ်၊ လောကုတ်ရှစ်၊ ရလစ်တယောက်စီ။
(၂) ဒိဋ္ဌိဝိစိစွက်၊ ကုမဟာဂ်၊ ဆဲ့လေးချက်လေးယောက်မှီ၊
(၃) ဝိပါက်မဟာ၊ သဲလေးဖြာ၊ မဟာဂ္ဂါဝိကိုးထိ၊
(၄) တဆဲ့သုံးဝ၊ငါးယောက်ရ၊ မှတ်ကြံ-ကြံစည်စည်။
(၅) ဒေါသဒွယ၊ ပုဂ္ဂလ၊ အရခြောက်ယောက်မှီ၊
(၆) ဒိဋ္ဌိဝိပ်–ဥစ္စာ၊ ကုမဟာ၊ ဝိပါကာဝိပ်လေးထိ။
(၇) တဆဲ့ခုနစ်၊ စိတ်ရလစ်၊ ခုနစ်ပုဂ္ဂိုလ်မှီ၊
(၈) အဟိတ်၌တွင်၊ ဟာသိကြဉ်၊ ပုဂ္ဂိုလ်လျှင်ရှစ်ယောက်ရည်၊
(၉) တခုယုတ်ကိုးဆယ်၊ အကျဉ်းသွယ်၊ မှတ်ဘွယ်စိတ်သဒ္ဒိ။

---

## (၁၅၈) တနည်းဘုံ၌စိတ်ဖြစ်၊ မိထာကနည်းကိုပြခြင်း၊

စိတ် ၈၉–ပါး၌၊ တဘုံ၌ဖြစ်သောစိတ်(၄)၊ သုံးဘုံ၌ဖြစ်သောစိတ် (၄)၊ ခြောက်ဘုံ၌ဖြစ်သောစိတ်(၁)၊ ခုနစ်ဘုံ၌ဖြစ်သောစိတ် (၈)၊ တဆဲ့တဘုံ၌ဖြစ်သောစိတ်(၈)၊ တဆဲ့ခုနစ်ဘုံ၌ဖြစ်သောစိတ်(၁)၊ နှစ်ဆဲ့တဘုံ၌ဖြစ်သောစိတ်(၄)။ နှစ်ဆဲ့နှစ်ဘုံ၌ဖြစ်သောစိတ်(၁၁)၊ နှစ်ဆဲ့သုံးဘုံ၌ဖြစ်သောစိတ် (၂)၊ နှစ်ဆဲ့လေးဘုံ၌ဖြစ်သောစိတ်(၂)၊ နှစ်ဆဲ့ငါးဘုံ၌ဖြစ်သောစိတ် (၇)၊ နှစ်ဆဲ့ခြောက်ဘုံ၌ဖြစ်သောစိတ်(၂၃)၊ သုံးဆယ်၌ဖြစ်သောစိတ်(၁၄)၊ ဤသို့လျှင်စိတ်အကျဉ်း ရှစ်ဆဲ့ကိုးပါးဖြစ်သတည်း။ ။အကျဉ်းဆောင်ပုဒ်၊ နယဝတ်ကား။ ။တဘုံ၌လေး၊ သုံးဘုံလေးတည့်၊ ခြောက်ဘုံရေတစ်၊ ခုနစ်ရှစ်ထွေ၊ ဆဲ့တစ်ရေရှစ်၊ ဆဲ့ခုနစ်ငေး၊ လေးဧကေဝီ၊ ဗာဝီဆဲ့တစ်၊ တေဝီသကြို၊ ဝိတ် နှစ်ရုံရ၊ ဓာဝီသဝယ်၊ နှစ်သွယ်စိတ်မှီ၊ ပဥ္စဝီသတ္တ၊ ဆဗ္ဗီသဝယ်၊ နှစ်ဆယ်သုံးဝ၊ တိံသဘုမ္မေ၊ ဆဲ့လေးထွေသည်၊ ။ခွဲဝေ သရုပ်အကျဉ်းတည်း၊ ။ထ နည်းဆောင်ပုဒ်ကား။

(၁) အရူပဝိပါ၊ တဘုံသာ၊ ဖြစ်ရာစိတ်ဟုဟော၊
(၂) အရူပဝိပါက်၊ အောက်လေးချက်၊ သုံးထွက်ဘုံဋ္ဌိကော။
(၃) ပဥ္စမဈာန်၊ ဝိပါကံ၊ ခြောက်တန်ဘုံဖြစ်သော၊
(၄) မဟာဝိပါ၊ ဤရှစ်ဖြာ၊ ကာမာသုဂတိဟော၊
(၅) ဃာနာဒိခြောက်-ဝ၊ ဒေါသဒွ၊ ဆဲ့တစ်ဝ-ဘုံကာမော၊
(၆) သောတာပတ္တိမဂ်၊ ဆဲ့ခွန်ထွက်၊ ဘုံချက်ကာ၊ ရူပေါ၊
(၇) သောဖိုလ်သကဒါဂ၂မဲ၊ မဂ်၊ နာဂါမ်၊ လေးတန်ကော်ဝီသော၊

(၈) ရူပထုံ,ကိ၊စိတ်ဟာသိ၊ဘုဒ္ဓိမှာဝိသော။
(၉) အာ–ကာ–ကုံ,ကိ၊ဖြစ်တုံသိ၊ဘုဒ္ဓိတောဝိသော၊
(၁၀) ဝိညာဏမှာ၊ထုံ,ကိလာ၊ဘုံမှာဇောဝိသော၊
(၁၁) အာ,ကိံ ထုံ,ကိ၊ဒွိဠ်ဝိစိ၊ဘုံရှိ–ပဉ်ဝိသော၊
(၁၂) မနောခေါတ်သုံးထိ၊စသောတိ၊ကံရိမဟာရော၊
(၁၃) နေဝရု–ကိမှန်၊မိုထ်နာဂါမ်၊အရဟာ်မဂ်ဖိုလ်နှော၊
(၁၄) နှစ်ဆဲ့သုံးဝ၊စိတ်အရ၊ဘုံပြဆဗ္ဗိသော၊
(၁၅) ဒွိဠ်ငိပ်–ဥဒ္ဒစ္စာ၊မနောဒွါ၊မဟာကုသလော၊
(၁၆) တဆဲ့လေးထွေ၊စိတ်ဖြစ်လေ၊ဘုံရေသုံးဆယ်ဟော၊
(၁၇) ကျေနနုဝုတ်၊စိတ်ပေါင်းဘိ၊မှတ်သိဘုံထွက်ပြော၊

ဤသို့ ပြအပ်ပြီးသော–ပုဂ္ဂလဘေဒ၊ ဘုမ္မိဘေဒ သရူပအရတို့ကိုပြခြင်း သည်။ သစ္စသင်္ခေပအဋ္ဌကထာ–အဘိဓမ္မာဝတာရ အဋ္ဌကထာလာရှိသည် အတိုင်း၊ညွှတ်အဟုန်ဆုတ်မဆိုင်းဘဲ၊ဟုတ်တိုင်းပင်ပြအပ်ကုန်သတည်း။ ။ ဤလျှင်တရပ်–သရုပ်မှတ်၊

---

## (၁၅၉) ဝိထိကျသော အကြိမ်ဝါရအားဖြင့်ခွဲခြား၍ပြခြင်း၊

စိတ်အကျဉ်း ၈၉–ပါးတို့၌ ဝိထိစိတ်အစဉ်၌၊ တကြိမ်သာလျှင် ကျနိုင်သောစိတ် (၁၇)၊တကြိမ်ရင်း၊နှစ်ကြိမ်ရင်း၊ကျနိုင်သောစိတ်(၁)၊ တကြိမ်ရင်း၊အကြိမ်များစွာရင်း၊ကျနိုင်သောစိတ်(၂၅)၊တကြိမ်ရင်း၊နှစ်ကြိမ်ရင်း၊ သုံးကြိမ်ရင်း၊ ကျနိုင်သောစိတ်(၁)တကြိမ်ရင်း၊ နှစ်ကြိမ်ရင်း၊ အကြိမ်များ စွာရင်းကျနိုင်သောစိတ်(၁၂)၊ နှစ်ကြိမ်၊ သုံးကြိမ်၊ အကြိမ်များစွာကျနိုင် သောစိတ်(၂)၊ငါးကြိမ်၊ ခြောက်ကြိမ်၊ ခုနစ်ကြိမ်ကျနိုင်သောစိတ်(၂၁)၊ တကြိမ်နှစ်ကြိမ်အကြိမ်များစွာဖြစ်သောစိတ်(၂)၊သုံးကြိမ်လေးကြိမ် ငါး ကြိမ်ခြောက်ကြိမ် ခုနစ်ကြိမ် ဖြစ်သောစိတ်(၈)။ ဤသို့လျှင် စိတ်အကျဉ်း ရှစ်ဆဲ့ကိုးပါးဖြစ်သတည်း။ ။လင်္ကာ အချုပ်ကား၊ ။တကြိမ်တည်းဖြစ်၊ ဆဲ့ခုနစ်သာ၊တစ်,နှစ်မှာဇ၊ စိတ်ရထွေးလော့၊ တစ်ထွေးအများ၊ နှစ်ဆဲ့ငါး ဖြစ်၊တစ်နှစ်သုံးမှာ၊တခုသာတည်း၊တပြာနှစ်များ၊ဆဲ့နှစ်ပါးကျုံး၊နှစ်သုံးများ ခြောက်၊နှစ်ခုကောက်လေ၊ငါးခြောက်ခွန်နစ်၊ နှစ်ဆဲ့တစ်ဖြစ်၊ တစ်နှစ်သုံးများ၊ နှစ်ပါးကောက်ရေး၊သုံးလေးငါးခြောက်၊ခုနစ်ခြောက်မှာ၊ရှစ်ခုလာသည်။ ။ တပြာခုယုတ်ကိုးဆယ်တည်း။ ။ပဌာန်းအနုဋ္ဌရပ္ပဋ္ဌည်းအရသရုပ်တည်း၊

ဝိထိပိုင်း၌–သရုပ်အရ–လင်္ကာပြလတ္တံ့၊

## (၁၆၀) ရူပသမုဋ္ဌာန်အားဖြင့်-သရုပ်ခွဲနည်းကိုပြခြင်း၊

(၁) တဒါရုံပါ၊မနောဓာ၊ရူပါ-ဝိပါကော။

(၂) တဆဲ့ကိုးဖြာ၊ ရုပ်ကိုသာ၊ သေချာ ဖြစ်၏ဟော။ ။(တပါးကို ဖြစ်စေ ၁၉)။

(၃) အပ္ပနာဇောမှာ၊ဣရိယာ၊ရုပ်ပါ-ဖြစ်စေသော။ ။(နှစ်ပါးကိုဖြစ်စေ ၂၆)။

(၄) မဟာကုကိဇော၊ဥပေက်ဟော၊ဝုဋ္ဌောဒေါသဇော။

(၅) အကုဥပေက္ခာ၊အဘိညာ၊ဝိညတ္တာ-ရုပ် ဣရိယော။ ။(၃-ပါးကို ဖြစ်စေ-၁၉)။

(၆) မဟာကုကိ၊သောရှစ်ရှိ၊လောဘသိသောလေးဟော။

(၇) ဟသိစွက်က၊ဆဲ့သုံး၀၊ဖြစ်စွလေးခုဟော။ ။(ရုပ်-ဣရိယာပုထ် ဝိညတ်၊ရယ်ရွှင်ခြင်း ၄-ပါးကိုဖြစ်စေ)။

(၈) အရူပဝိပါ၊ဝိညာဏာ၊ဆဲ့လေးဖြာမဖြစ်ဟော။

(၉) ရှစ်ဆဲ့ကိုးပါး၊စိတ်ဖြာပြား၊ပေါင်းပြွားသောတုဇော။

ဤလင်္ကာအရ၊စိတ်ကိုပေါင်းရကြသည်ရှိသော်၊ အဘိညာဉ်ခွေးကိုနုတ်၍ ၈၉-ပြုလုပ်လေ။

---

## (၁၆၁) ဗိုလ်အားဖြင့် သရုပ်ခွဲနည်းကိုပြခြင်း၊

| | | | | |
|---|---|---|---|---|
| ၁ | ဟသိတုပ္ပါဒ်<br>မနောဒွါရာဝဇ္ဇန်း | | ဗိုလ် ၂-ပါး။ | စိတ် ၈၉။ |
| ၂ | ဝိစိကိစ္ဆာ | | ဗိုလ် ၁-ပါး။ | |
| ၃ | ကြွင်းအကုသိုလ် | ၁၁ | ဗိုလ် ၁-ပါး။ | |
| ၄ | ဉာဏဝိပ္ပယုတ်ဇော | ၁၂ | ဗိုလ် ၆-ပါး။ | |
| ၅ | ဉာဏသမ္ပယုတ်ဇော<br>မဟဂ္ဂုတ်လောကုတ္တရာ | ၁၂<br>၃၅ | ဗိုလ် ၇-ပါး။ | |
| ၆ | ကြွင်းသောအဟိတ်စိတ် | ၁၆ | ဗိုလ်တပါးမျှမရ။ | |

အချုပ်လင်္ကာကား၊ ။နှစ်မိုဃ်ဝိတ်နှစ်၊ သုံးမိုလ်တစ်တည်း၊ လေးဖြစ်ဂေဏ်ဒ၊ခြောက်ဝဗာဝိ၊ခွန်မြိဝိတ်ရ၊ သတ္တစာလီ၊မဂ္ဂိဗလ၊ဆဲ့ခြောက်ပြသည့်၊ အရှစ်ဆဲ့ကိုးပါးတည်း၊ ။ဤသည်သျှင်မိုထ်နှင့်သရုပ်ခွဲဘာန်ထည်း။

---

(၁၆၂) ဈာနင်္ဂဘေဒအားဖြင့်။သရုပ်ခွဲနည်းကိုပြခြင်း၊

| | | | |
|---|---|---|---|
| ၁ | လောဘမူ သောမနဿ | ၄ | ဈာနင်ငါးပါး၊ |
| | သောသန္တိဟသိတုပ္ပါဒ် | ၂ | |
| | ကာမသောဘဏ-သော | ၁၂ | |
| | ပထမဈာန် | ၁၁ | |
| ၂ | လောဘမူ ဥပေက္ခာ | ၄ | ဈာန်ငါးပါး၊ |
| | မောဟမူ သခ္ခရိန္တိုင်း | ၄ | |
| | ဥသန္တိ-အာဝဇ္ဇန်းဒွေး | ၄ | |
| | ကာမသောဘဏ-ဥ | ၁၂ | |
| | ဒုတိယဈာန် | ၁၀ | |
| ၃ | တတိယဈာန် | ၁၁ | ဈာနင်နှစ်ပါး။ |
| ၄ | စတုတ္ထဈာန် | ၁၁ | ဈာနင်နှစ်ပါး၊ |
| | ပဥ္စမဈာန် | ၂၃ | |
| ၅ | ဒွေးပဥ္စဝိညာဉ် | ၁၀ | ဈာနင်မရ၊ |

ပေါင်းအကျယ် ၁၂၁-ပါးဖြစ်၏၊

လင်္ကာအချုပ်ကား၊ ။နှစ်ဆဲ့ကိုးတန်၊ ဈာန်ငါး၀၊သတ္တတိ´သာ၊လေးဖြာဈာန၊ ဂေဏ်ဒ-တိဈာန်၊ ဒု-မှန်သုံးဆယ်၊ စွန်းဝယ်လေးခု၊ ဈာန်တခုမရှိ၊ အဈာန်မှု၊ဆယ်ခုယူသည်၊ ။ပေါင်းယူဝိတ်ရအကျယ်တည်း။

---

(၁၆၃) မဂ္ဂင်အပြားအားဖြင့် သရုပ်ခွဲနည်းကိုပြခြင်း။

| | | | |
|---|---|---|---|
| ၁ | ဝိစိကိစ္ဆာဝိတ် | ၁ | မဂ္ဂင် ၂–ပါး။ |
| ၂ | ဒိဋ္ဌိဝိပ္ပယုတ် | ၄ | မဂ္ဂင် ၃–ပါး၊ |
| | ဥဒ္ဓစ္စ-ဒေါသမူ | ၃ | |

၃ {နိဗ္ဗိဒါသဂ္ဂယုတ် ၄ | ဉာဏဝိပ္ပယုတ် ၁၂ | ပထမဈာန်ကြဉ်သော | မဟာဂ္ဂုတ် ၂၄} မဂ္ဂင် ၄-ပါး၊

၄ {ရူပပထမဈာန် ၃ | ကာမသောဘဏဉာဏသမ္ပယုတ် ၁၂} မဂ္ဂင် ၅-ပါး၊

၅ {ပထမဈာန်ကြဉ်သော | လောကုတ္တရာစိတ် ၃၂} မဂ္ဂင် ၇-ပါး၊

၆ {လောကုတ္တရာ-ပထမဈာန် ၈} မဂ္ဂင်း ၈-ပါး။

၇ {အဟိတ်စိတ် ၁၈} မဂ္ဂင် တပါးမှမရ၊

အချုပ်လင်္ကာကား၊ ။မဂ္ဂင်ဒွယ၊စိတ်ရတစ်သာ၊သုံးမှာသတ္တ၊လေးဖြ-လေးဆယ်၊ငါးဝယ်ဆဲ့ငါး၊ခွန်ကား ဒွတ္တိံသာ၊ရှစ်မှာရှစ်ပင်၊မဂ္ဂင်မရ၊ဆဲ့ရှစ်ဝသည်၊ ။ပေါင်းထ စိတ်ကျယ် အရတည်း။ ။ဆမဂ္ဂင်ယုတ္တံ နတ္ထိ-ဟူသောသဗ္ဗသင်္ခေပ အဋ္ဌကထာ အရ၊ ဝိရတိ ယှဉ်သော ဉာဏသမ္ပယုတ်ကို ရည်၍၊မဂ္ဂင်ဖြင့်ပြလိုက်သည်။ဝိရတိသုံ့ဉ်မှု၊မဂ္ဂင်ခြောက်ပါးရ၏၊

---

(၁၆၄) ဈာနင်္ဂအားဖြင့်၊သရုပ်ခွဲနည်းကိုပြခြင်း။

၁ {ဟသိတုပ္ပါဒ်-မနောဒွါရာဝဇ္ဇန်း | ကြဉ်သောအဟိတ်စိတ် ၁၆} ဈာနင်္ဂ ၂-ပါး၊

၂ {ဝိစိကိစ္ဆာစိတ် ၁} ဈာနင်္ဂ ၃-ပါး၊

၃ {ဒွေပဉ္စဝိညာဏ်ကြဉ်သော | အကုသိုလ် ၁၁ | ဟသိတုပ္ပါဒ်-မနောဒွါရာဝဇ္ဇန်း၊} ဈာနင်္ဂ ၄-ပါး၊

၄ {ဉာဏဝိပ္ပယုတ် ၁၂} ဈာနင်္ဂ ၆-ပါး၊

၅ {ဉာဏသမ္ပယုတ် ၁၂ | မဟာဂ္ဂုတ် ၂၇} ဈာနင်္ဂ ၇-ပါး၊

၆ {လောကုတ္တရာ ၈} ဈာနင်္ဂ ၈-ပါး၊

အချုပ်လင်္ကာကား၊ ။ဈာနင်္ဂဒွယ၊စိတ်ရဆဲ့ခြောက်၊ သုံးယောက်တစ်ရှိ၊လေးသိ-ဆဲ့သုံး၊ခြောက်ချုံး-ဆဲ့နှစ်၊ခွန်ဖြစ်သုံးဆယ်။စွန်းဝယ်ကိုးခု၊ရှစ်ခု

ရှစ်ဖြာ၊ပေါင်းအပ်စွာသည်၊ ။စိတ်တခုယုတ်ကိုးဆယ်တည်း၊ ။မနိဗ္ဗေ ကိုမှုကား။ဝေဒနာကိုဝေဒနာချင်း မရသကဲ့သို့မှတ်လေ။ ။ဤလျှင်တရပ် သရုပ်မှတ်၊

---

(၁၆၅) အဓိပတိပစ္စည်းအားဖြင့်သရုပ်ခွဲနည်းကိုပြခြင်း၊

| | | | |
|---|---|---|---|
| ၁ | လောဘမူ | ၈ | အာရမ္မဏာဓိပတိ အနေကာန်စိတ် ၂၈ |
| | မဟာကုသိုလ် | ၈ | |
| | မဟာကြိယာသမ္ပယုတ် | ၄ | |
| | လောကုတ္တရာ | ၈ | |
| ၂ | ကြွင်းငါးဆဲ့ခြောက်ပါး။ | | အာရမ္မဏာဓိပတိ ကောန်စိတ် ၅၆ |
| ၃ | ဒေါသမူနွေး | ၂ | ကောန်,အနေကာန်နှစ်ပါးအလွတ် ၅ |
| | မောဟမူနွေး | ၂ | |
| | ဒွက္ခကာယဝိညာဉ်၊ | ၁ | |
| ၄ | လောဘမူ | ၈ | သဟဇာတာဓိပတိ အနေကာန်စိတ် ၂၆ |
| | ဒေါသမူ | ၂ | |
| | မဟာကုသိုလ် | ၈ | |
| | မဟာကြိယာ | ၈ | |
| ၅ | အပ္ပနာဇော | ၂၆ | သဟဇာတာဓိပတိကောန်စိတ် ၂၆ |
| ၆ | အဟိတ် | ၁၈ | သဟဇာတာဓိပတိ၊ ကောန်–အနေကာန်နှစ်ပါး အလွတ် ၃၇ |
| | မောဟမူ | ၂ | |
| | မဟာဝိပါက် | ၈ | |
| | မဟဂ္ဂုတ်ဝိပါက် | ၉ | |

---

(၁၆၆) သောမနဿ–ဥပေက္ခာစသည်ကိုပေါင်းပြခြင်း၊

| | | | |
|---|---|---|---|
| ၁ | သောမနဿ | ၃၈ | စိတ် ၈၉၊ |
| | ဥပေက္ခာ | ၄၇ | |
| | သော-ဥ-မဟုတ် | ၄ | |

၂ { သမ္ပယုတ် ၅၅ / ဝိပ္ပယုတ် ၃၄ } စိတ် ၈၉။

၃ { အသင်္ခါရိက ၁၇ / သသင်္ခါရိက ၅၂ / အ-သ-မဟုတ် ၂၀ } စိတ် ၈၉။

၁ { သောမနဿ ၆၂ / ဥပေက္ခာ ၅၅ / သော-ဥ-မဟုတ် ၄ } စိတ် ၁၂၁-အကျယ်။

၂ { သမ္ပယုတ် ၈၇ / ဝိပ္ပယုတ် ၃၄ } စိတ် ၁၂၁-အကျယ်။

၃ { အသင်္ခါရိက ၁၇ / သသင်္ခါရိက ၈၄ / အ-သ-မဟုတ် ၂၀ } စိတ် ၁၂၁-အကျယ်။

ဤနည်းမှီခါ၊သရုပါ၊သေချာတွက်စစ်ဟော။
ဝိဇ္ဇာမယ၊ညာဏ်ရောင်ပြ၊ခွဲကြသောတုချော။

---

(၁၆၇) ပထမဈာန်၊ဒုတိယဈာန်တို့ကိုပေါင်းရုံး၍ပြခြင်း။

ယထာစ ရူပါဝစရံ၊ ဂယှတာနုတ္တရံ တထာ။
ပဌမာဒိဈာနဘေဒေ၊ အာရုပ္ပဉ္စာပိ ပဉ္စမေ။ ။
ဧကာဒသဝိဓံ တသ္မာ၊ ပဌမာဒိကမီရိတံ၊
ဈာနမေကေကမန္တေ တု၊ တေဝီသတိ-ဝိဓံ ဘဝေ။ ။

(သင်္ဂဟ၊အဋ္ဌကထာပါဌ်)။ ။ရူပါဝစရံ၊ရူပါဝစရစိတ်ကို။ပဌမာဒိဈာနဘေဒေ၊ပဌမာဒိဈာနဘေဒေန၊ပဌမဈာန်အစရှိသောအပြားအားဖြင့်၊ဂယှတိယထာ၊ယူအပ်သကဲ့သို့၊တထာ၊ထိုအတူ၊အနုတ္တရဉ္စ၊လောကုတ္တရာစိတ်ကိုလည်း၊ပဌမာဒိဈာနဘေဒေ၊ပဌမာဒိဈာနဘေဒေန၊ပဌမဈာန်အစရှိသောအပြားအားဖြင့်၊ဂယှတိ၊ယူအပ်၏၊အာရုပ္ပဉ္စာပိ၊အရူပစိတ်ကိုလည်း၊ပဉ္စမေ၊ပဉ္စမဈာနဘာဝေန၊ပဉ္စမဈာန်၏အဖြစ်ဖြင့်၊ယသ္မာ၊အကြင်ကြောင့်၊ဂယှတိ၊

ယူအပ်၏။ တသ္မာ၊ ထိုကြောင့်၊ ပဉ္စမာဒိကံ၊ ပဉ္စမဈာန်အစရှိသော၊ ဧကေကံ၊ တပါးပါးသော၊ ဈာနံ၊ ဈာန်စိတ်ကို။ ကောဋ္ဌာသဝိဓံ၊ ထဆဲ့တပါးအပြားရှိ၏ဟူ၍။ ဤရိတံ၊ ဆိုအပ်၏၊ အန္တေတု၊ အဆုံးဖြစ်သောပဉ္စမဈာန်စိတ်သည်ကား။ တေဝီသတိဝိဓံ၊ နှစ်ဆဲ့သုံးပါး-အပြားရှိသည်၊ ဘဝေ၊ ဖြစ်၏။

ဤဂါထာအရ-သရူပတ္တအပြသော်ကား။

| | | | | | |
|---|---|---|---|---|---|
| ၁ | ရူပါဝစရ ၃ / လောကုတ္တရာ ၈ | ပထမဈာန် | ၁၁၊ | | |
| ၂ | ရူပါဝစရ ၃ / လောကုတ္တရာ ၈ | ဒုတိယဈာန် | ၁၁၊ | | |
| ၃ | ရူပါဝစရ ၃ / လောကုတ္တရာ ၈ | တတိယဈာန် | ၁၁၊ | ဈာန်စိတ်ပေါင်း ၆၇၊ | |
| ၄ | ရူပါဝစရ ၃ / လောကုတ္တရာ ၈ | စတုတ္ထဈာန် | ၁၁၊ | | |
| ၅ | ရူပါဝစရ ၃ / အရူပါဝစရ ၁၂ / လောကုတ္တရာ ၈ | ပဉ္စမဈာန် | ၂၃၊ | | |

ဤတွင်၍ဉာဏ်အဟုံရပ်ဆိုင်း၍ စိတ်ပိုင်းအပြီးသတ်လိုက်ပြီ။

သဒ္ဓမ္မဇောတိပါလေန၊ သုသင်္ခတေ ပကရဏေ၊
စိတ္တဘေဒ-ပရိစ္ဆေဒေါ၊ ဘယာဘာဝေန နိဋ္ဌိတော။ ။

သဒ္ဓမ္မဇောတိပါလေန၊ သူတော်တရား၊ ထွန်းကား စေ၍၊ ကောင်းစွာ စောင့်ရှောက်၊ သမ္မာဆန္ဒ-ရောက်ခြင်းရှိသောကြောင့်၊ ရှင်သဒ္ဓမ္မဇောတိပါလ-ဟု၊ နာမမည်ရှိ၊ ပညာရှိမထေရ်မြတ်သည်၊ သုသင်္ခတေ၊ ကရုဏာရွှေ ထင်၊ ပညာယှဉ်၍၊ စီရင်ရေးသား အပ်သော၊ ပကရဏေ၊ ပရမတ္ထ သရူပ အနုဝဏ္ဏနာမည်ဆန်း၊ မြတ်ဖွဲ့ကျမ်း၌၊ ပထမော၊ အစပကတူး၊ ရှေးဦးစွာသော၊ စိတ္တဘေဒပရိစ္ဆေဒေါ၊ စိတ်အပြားကိုခွဲတိုင်း၊ စိတ်သရုပ်အပိုင်းသည်၊ ဘယာဘာဝေန၊ အန္တရာယ်ဘေး၊ မရှိစေးသဖြင့်၊ နိဋ္ဌိတော၊ အပြီးအဆုံး၊ နံရုံးခါးပတ်၊ တခန်းရပ်ပြီ၊

# ၂။ စေတသိတ်ပိုင်း။

## (၁၆၇) စေတသိက်လက္ခဏာ ၄-ပါးကိုပြဆိုခြင်း။

ဧကုပ္ပါဒ-နိရောဓာစ၊ ဧကာလမ္ဗဏ-ဝတ္ထုကာ၊
စေတောယုတ္တာဒွိပညာသ၊ ဓမ္မာစေတသိကာမတာ။ ။

ဧကုပ္ပါဒ-နိရောဓာစ၊ စိတ်နှင့်တကွဖြစ်ခြင်း၊ စိတ်နှင့်တကွချုပ်ခြင်းရှိကုန်သည်ရှင်း၊ ဧကာလမ္ဗဏဝတ္ထုကာ၊ စိတ်နှင့်တူသောအာရုံ-တူသောမှီရာရှိကုန်သည်ရှင်း၊ ဟုတ္တွာ၊ ဖြစ်၍၊ စေတောယုတ္တာ၊ စိတ်နှင့်ယှဉ်ကုန်သော၊ ဒွိပညာသ၊ သချ်ာပိုင်းခြား၊ ငါးဆဲ့နှစ်ပါးကုန်သော။ ဓမ္မာ၊ သဘောတရားတို့ကို၊ စေတသိကာ၊ စေတသိက်အမည်ရှိကုန်၏ဟူ၍၊ မတာ၊ သိအပ်ကုန်၏။

ဤဂါထာပါဌ်၌၊ ဧကုပ္ပါဒ-အစ၊ ဝတ္ထုကာအဆုံးရှိသောပါဌ်ဖြင့်၊ စေတသိက်၏လက္ခဏာလေးပါးရှိဟန်များကို၊ ခွဲခြား၍ပြတော်မူ၏။ ပဋမဝါကျရသုံးခွဲကား၊ လက္ခဏာလေးပါးကိုရအပ်၏၊ စတုဝါကျရသုံးခွဲကား၊ ဝတ္ထုရုပ်မရှိသောကြောင့်၊ ဧကဝတ္ထုကလက္ခဏာကိုမရအပ်ကုန်၊ သုံးပါးသာလျှင်ရအပ်ကုန်၏။ ။ထိုကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌၊ ။အရူပေ ပနဝိနာပိဧကဝတ္ထုကဘာဝံသမ္ပယောဂေါလဗ္ဘတိ၊ ။ဟုဘွင့်ပြ၏၊ ။အရူပေပန၊ အရူပဘုံ၌ကား၊ ဧကဝတ္ထုကဘာဝံ၊ တူသောမှီရာရှိသည်၏ အဖြစ်ကို၊ ဝိနာပိ၊ ကြဉ်၍လည်း၊ သမ္ပယောဂေါ၊ စေတသိက်ယှဉ်ခြင်းကို၊ လဗ္ဘတိ၊ ရအပ်၏။

ဤဂါထာ ပါဌ်၌၊ အနုလောမနည်း၊ ပဋိလောမ နည်းဖြင့်၊ စိစစ်ပုံကို ပြဦးမည်။ ။ဤသို့ ပြအပ်ပြီးသော လက္ခဏာ လေးပါးတို့တွင်၊ ဧကုပ္ပါဒတပါးတည်းသာလျှင်မပြမူ၍၊ အဘယ်ကြောင့်၊ ဧကနိရောဓ-စသော သဒ္ဒါသုံးပါးကို၊ ထပ်၍ဆိုရလေသနည်းဟူမူ၊ ။စောဒနာတင်၊ ။ဤလက္ခဏာ ၄-ပါး၊ အရတို့တွင်၊ ဧကနိရောဓသဒ္ဒါဖြင့်၊ စိတ်နှင့်အတူတကွဖြစ်သော ကမ္မဇရုပ်၊ စိတ္တဇရုပ်တို့၏ စေတသိက်အဖြစ်ကို နစ်စေသည်၊ ဧကာလမ္ဗဏသဒ္ဒါဖြင့်၊ စိတ်နှင့်တကွဖြစ်၊ တကွချုပ်ကုန်သော၊ ဝိညတ်ရုပ်၊ အဝိနိဗ္ဘောဂရုပ်တို့၏စေတသိက်အဖြစ်ကိုနစ်စေသည်၊ ဧကဝတ္ထုကသဒ္ဒါဖြင့်၊ ရှေးလက္ခဏာသုံးပါးနှင့်ပြည့်စုံသော စေတသိက်တို့သည်၊ စင်စစ်တူသော မှီရာရှိကုန်သော အဖြစ်ရှိသည်ကို ဥက္ကဋ္ဌ နည်းအားဖြင့် ပြတော် မူသည် ဟုမှတ်၊ ။ဤသျှင်

သောဓနာ အဖြေတည်း။ ။ဤလျှင် အနုလောမ နည်းအားဖြင့် မိစစ်ခြင်း တည်း၊

ဤသို့ပြဆိုအပ်ပြီးသောလက္ခဏာလေးပါးတို့တွင်။ကေဝဋ္ဌကြ-တပါး ကိုသာလျှင်မဆိုမူ၍၊အဘဲ့ကြောင့်။ကော လမ္ဗဏစသောသဒ္ဒါသုံးပါးကိုဆို အပ်လေသနည်း ဟူမူ။ ။စောဒနာတင်၊ ။ဤလေးပါး တို့တွင်၊ ကော လမ္ဗဏာသဒ္ဒါဖြင့်။မရဏာသန္တိဝိထိဋ္ဌ။ တူသောမှီရာရှိသော၊ ဇော-တဒါရုံ-ရုတ်တို့၏စေတသိက်အဖြစ်ကိုနစ်စေသည်။ ကေနိရောဓသဒ္ဒါဖြင့်၊ တူသော မှီရာရှိသော ပဋိသန္ဓေ, ပထမဘဝင်တို့၏ စေတောယုတ္တ အဖြစ်ကို နစ်စေ သည်၊ကေ့ဋ္ဌါဒသဒ္ဒါဖြင့်။ယခင်ပြအပ်ပြီးသော လက္ခဏာသုံးပါးနှင့် ပြည့်ရုံ သောစေတသိက်တို့သည်၊အမြဲအားဖြင့်တူသောဖြစ်ခြင်းရှိသည်၏အဖြစ်ကို ပြတော်မူ၏၊ ။ဤလျှင် ပဋိလောမ-နည်းအားဖြင့်စိစစ်ခြင်းတည်း။

---

ဋ္ဌိပဉ္စာသ-ဓွော-စေတသိကာပါဠိအရ၊စေတသိက်၏ သရူပဋ္ဌကိုထုတ်ပြဦးအံ့။

(၁၄၉) ဘုံအားဖြင့်၊ကေဇ-ဋ္ဌဇ-တိဇ-စေတသိက်ကိုခွဲပြခြင်း၊

| | |
|---|---|
| ဒေါသ<br>ဣဿာ<br>မစ္ဆရိယ<br>ကုက္ကုစ္စ | ဤလေးပါးသည် ကာမဘုံ၌ဖြစ်၏၊ |
| ကရုဏာ<br>မုဒိတာ | ကာမ-ရူပ-နှစ်ဘုံ၌ဖြစ်၏၊ |
| ကြွင်း ၄၉-ပါး<br>သောစေတသိက်<br>အပေါင်းတို့<br>သည်၊ | ကာမ-ရူပ-အရူပ ၃-ဘုံ၌ဖြစ်၏၊ |

လင်္ကာဆောင်ပုဒ်ကား။ ။စေတသိက်ကေဇ၊ဒေါ,ဣ,မ,ကုစ္စာ၊ဋ္ဌဇက-ပမည္ဘာ၊တိဇမှာအရ၊ဆတာထိသအကြွင်းလာ၊ မြဲမှတ်ဘို့ရာ၊ ပေါင်းလိုက် ပါက ဋ္ဌိပဉ္စာရယ်၊ အတိတခါဖြစ်ပါပေါ့ကွဲလေး၊ ။ဘုမ္မိဘေဒ၊ သရုပ်ခွဲ နည်းတည်း၊

## (၁၇၀) တနည်း ကမ္မပထ-အကမ္မပထအားဖြင့်သရုပ်ခွဲနည်း။

| | |
|---|---|
| လောဘ<br>ဒေါသ<br>မောဟ<br>အလောဘ<br>အဒေါသ<br>အမောဟ<br>ဝိရတိ<br>စေတနာ | ကမ္မပထစေတသိက်ဆယ်ပါး။ |
| ကြွင်း-စေတသိက်<br>လေးဆဲ့-နှစ်ပါး | အကမ္မပထမည်၏။ |

လက်ာသောင်ဝုဒ်ကား။ ။ကမ္မခေါ်စေရ၊သရုပဆယ်ဖြာ၊ ကြွင်းသမျှ အကမ္မာ။နှိပညာဖြစ်မြဲ၊ နည်းနယာယှဉ်တွဲ၍၊ မလွဲပအာခါခါ၊ခွဲတုန်ကြရာ။ ပေါင်းလိုက်ပါကစေသ၌ာ၊မယွင်းတခါဖြစ်ပါလိမ့်မကွဲလေး။ ။ကမ္မဘေ ဒအားဖြင့်ခွဲနည်းတည်း။

---

## (၁၇၁) တနည်း စေတသိက်သရုပ်ခွဲနည်းကိုပြခြင်း။

အဝိနိဗ္ဘောဂ စေတသိက် ဟူသည်၊ သဗ္ဗစိတ္တ သာဓာရဏ- ခုနစ်ပါး တည်း၊ကြွင်းသောစေတသိက်လေးဆဲ့ငါးပါးသည်၊ ဝိနိဗ္ဘောဂစေတသိက် မည်၏၊၍သို့လျှင်စေတသိက်ငါးဆဲ့နှစ်ပါးဖြစ်သတည်း။ ။ဒုကနည်း။

သာဝဇ္ဇ စေတသိက် ဟူသည်၊ အကုသိုလ်စေတသိက် တဆဲ့လေးပါး တည်း၊ အနဝဇ္ဇစေတသိက်ဟူသည်၊ သောဘဏစေတသိက်-နှစ်ဆဲ့ငါးပါး တည်း။နေဝသာဝဇ္ဇ၊ နအနဝဇ္ဇစေတသိက်ဟူသည်၊ အညသမာန်း စေတ သိက်တဆဲ့သုံးပါးတည်း။ ။ပေါင်းငါးဆဲ့နှစ်ပါးဖြစ်သတည်း၊ ။တိကနည်း၊

ယုဂန္ဒရ စေတသိက်ဟူသည်၊ တဆဲ့လေးပါးရှိ၏၊ တဆဲ့လေးပါး ဟူ သည်၊သောဘဏစေတသိက်မှ၊တဆဲ့နှစ်ပါးရ၏၊ ထိနမိဒ္ဓထည့်လျှင်၊ တဆဲ့ လေးပါးဖြစ်သတည်း၊ အယုဂန္ဒရစေတသိက်ဟူသည်၊ ကြွင်းသုံးဆဲ့ရှစ်ပါး တည်း၊ပေါင်းငါးဆဲ့နှစ်ပါးဖြစ်သတည်း၊ ။ဒုကနည်း၊

ထိုမှ ထပါး-ဓမ္မသင်္ဂဏီ ပါဠိတော်များ၌၊ ယေဝါ ပနက–ဓမ္မဒေသ၊ စသည်အားဖြင့်။ ဟောကြားတော် မူသေး၏၊ ဂန္ထဂရုအတိဘယကြောင့်၊ မပြလိုက်ပြီ၊ ။ဤသည်လျှင် စေတသိက်သရုပ်ပြခြင်းတည်း။

## (၁၇၂) စေတသိက်တို့၏အစဉ်ကိုပြဆိုခြင်း။

အညသမာနရာသိ။ အကုသလ ရာသိ၊ သောဘဏ ရာသိ၊ သုံးပါးတို့တွင်၊ အဘဲ့ကြောင့် အညသမာနရာသိကို ရှေးဦးစွာ၊ ရှင်အနုရုဒ္ဓါ မထေရ်ပြဆိုသနည်းဟူမူ၊ ။အညသမာန် စေတသိက်သည့်၊ သောဘဏစိတ်–အသောဘဏ စိတ်တို့နှင့် ယှဉ်သောကြောင့်။ ရှေးဦးစွာ ဆိုအပ်သည်၊ ထိုအညသမာနရာသိတို့တွင်လည်း၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ကိုရှေးဦးစွာအဘဲ့ကြောင့်ဆိုသနည်းဟူမူ။ စိတ်အယှဉ်၌ အရာကျယ်သော မဟာဝိသယ စေတသိက်ဖြစ်သောကြောင့်၊ရှေးဦးစွာ ဆိုအပ်တော့သည်၊ထိုသဗ္ဗစိတ္တသာဓာရဏ စေတသိက်တွင်လည်း။ ဖဿစေတသိက် စသည်တို့ကိုရှေးဦးစွာဆိုခြင်းသည်၊ မြတ်စွာဘုရား ဟောတော်မူသော၊ ဒေသနာဝါရဒေသနာအစဉ်ဖြစ်၍၊ ဟောအပ်၊ ဆိုအပ်တော့သည်၊ ထိုကြောင့်။ ။အဋ္ဌသာလိနီ၌၊ ။ဒေသနာ ဝါရေနေဝ ဖဿောပဌမံဝုတ္တော၊ ။ဟုဘွင့်ပြတော်မူ၏၊ ။ပန၊ အဆျော်ကို ဆိုဦးအံ့၊ ဒေသနာ ဝါရေနေဝ၊ ဒေသနာအလှည့်ဖြင့်သာလျှင်၊ ဖဿော၊ ဖဿစေတသိက်ကို၊ ပဌမံ၊ ရှေးဦးစွာ၊ ဘဂဝတာ၊မြတ်စွာဘုရားသည်၊ဝုတ္တော၊ဟောတော်မူအပ်၏။

## (၁၇၃) ဖဿစေတသိက်ကိုပြဆိုခြင်း။

ဖဿဟူသည်၊ ။အာရမ္မဏံ ဖုသတီတိ ဖဿော၊ ။ယောသဘာဝေါ၊အကြင်သဘောတရားသည်၊ အာရမ္မဏံ၊ အာရုံကို၊ ဖုသတိ၊ တွေ့ထိတတ်၏၊ ဣတိတသ္မာ၊ကြောင့်၊ သောသဘာဝေါ၊ ထိုသဘောတရားသည်၊ ဖဿော၊ ဖဿစေတသိက်မည်၏၊ ။ဤ၌၊ တွေ့ခြင်း ကြိယာ၏ ကတ္တားကား၊တရားမှတပါးမရှိပြီ၊တရားသာလျှင် ကတ္တားဖြစ်သည်ဟုသိစိမ့်သောငှါ၊ဖုသတိဟု–တရားကိုပင်၊ ကတ္တားအဖြစ်ဖြင့် ညွှန်းသတည်း။ ထိုကြောင့်၊ ပညာရင့်ဘိး–ဆရာကြီးတို့သည်၊ ။စွန့်အပ်–စွန့်တတ်၊မှတ်သည်တပါး။ ကံ၊ကတ္တားကား။ တခြားမလာ၊ ကိုယ်သာရင်း၊ မှတ်တုံရှောင်း၊ အပေါင်းသောတုဇာ၊ ။ဟု–စပ်ဆိုတော်မူကြကုန်၏။ ။ထိုဖဿသည်၊အာရုံကို

တွေ့ထိခြင်း၊ပုသန-လက္ခဏာရှိ၏၊ ထိုစကားသည်မှန်၏၊ ဖဿသည်-နာမ် တရားဖြစ်သော့ကြောင့် အာရုံ၌ ဧကန်စင်စစ်-မတွေ့ထိငြား သော်လည်း၊ တွေ့ထိသောအခြင်းအရာဖြင့်သာလျှင် ဖြစ်၏ဟုမှတ်၊ ဥပမာအားဖြင့်၊ သစ် ပင်၏အခက်အဖျားနှ်ငမကောင်းသဖြင့် တည်သောယောက်ျားကိုမြင်၍၊မြေ ကြီး၌တည်သောမရဲရင့်သော ပုဂ္ဂိုလ်အား၊ သထုံးမြင်းခေါင်းတွပ်ခြင်းကဲ့သို့ တည်း၊ထိုဖဿသည်၊စက္ခုသမ္ဘဿ၊သောတသမ္ဘဿ၊ ဃာနသမ္ဘဿ၊ဇိဝှါ သမ္ဘဿ၊ ကာယသမ္ဘဿ၊ မနောသမ္ဘဿအားဖြင့် ခြောက်ပါး အပြားရှိ၏၊ ထိုခြောက်ပါးတို့တွင်။ စက္ခုဝိညာဉ်နှင့်ယှဉ်ရှိသော ဖဿစေတသိက်သည်၊ စက္ခုသမ္ဘဿမည်၏၊သောတဝိညာဉ်နှင့်ယှဉ်ရှိသော ဖဿစေတသိက်သည်၊ သောတသမ္ဘဿမည်၏၊ဃာနဝိညာဉ်နှင့်ယှဉ်ရှိသောဖဿစေတသိက်သည်၊ ဃာနသမ္ဘဿမည်၏၊ဇိဝှါဝိညာဉ်နှင့်ယှဉ် ရှိသော ဖဿစေတသိက်သည်၊ ဇိ ဝှါသမ္ဘဿမည်၏၊ကာယဝိညာဉ်နှင့်ယှဉ်ရှိသောဖဿစေတသိက်သည်၊ကာ ယသမ္ဘဿမည်၏၊နှေးပဉ္စဝိညာဉ် ၁၀-ကြဉ်သောစိတ် ၇၉-နှင့်ရှိသောဖဿ စေတသိက်သည်၊မနောသမ္ဘဿမည်၏၊ ။ဤဖဿခြောက်ပါးကို သုတ် ပါထေယျပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်း၌ လာရှိသည်ဟုမှတ်၊ ။ ဖဿစေတသိက်ပြီးပြီ။

---

## (၁၇၄) ဝေဒနာစေတသိက်ကိုပြဆိုခြင်း။

ဝေဒနာဟူသည်၊ ။ဝေဒိယတိ အာရမ္မဏရသံ အနုဘဝတီတိ ဝေဒ နာ။ ။ယာဓမ္မဇာတိ၊အကြင်တရားသဘောသည်၊ အာရမ္မဏရသံ၊ အာရုံ ၏အရသာကို-ဝေဒိယတိ အနုဘဝတိ၊ ခံစား တတ်၏၊ ဣတိ တသ္မာ၊ ထို ကြောင့်၊သာဓမ္မဇာတိ၊ထိုတရားသဘောသည်၊ဝေဒနာ၊ဝေဒနာမည်၏၊ ။ ထိုဝေဒနာသည်၊အာရုံ၏ အရသာကိုအစိုးတရခံစားခြင်း ဝေဒယိတလက္ခ ဏာရှိ၏။ ဥပမာအားဖြင့်၊ ကောင်းသောဘောဇဉ်အရသာကို၊ ခံစားသော ပြည့်ရှင်မင်းကဲ့သို့ မှတ်သားအပ်၏။ဝေဒနာမှ ကြွင်းသော တရားတို့သည်၊ အာရုံ၏အရသာကိုခံစားငြားသော်လည်း တစိတ်တဒေသမျှသာခံစားရ၏၊ အစိုးတရမခံစားရချေ၊ ထိုကြောင့်၊ ကြွင်းသော တရားတို့ကို-စဖိုသည်နှင့် တူ၏ဟုမှတ်၊ထိုကြောင့်၊ အဋ္ဌသာလိနီ၌၊ ။အာရမ္မဏရသာနုဘဝနဋ္ဌာနံ ပတွာသေသ-သမ္ပယုတ္တဓမ္မာ ဧကဒေသမေဝအနုဘဝန္တိ၊ ။ဟူ၍ဖွင့် ပြ၏၊ ။အာရမ္မဏရသာနုဘဝနဋ္ဌာနံ၊အာရုံ၏ အရသာကို၊ ခံစားခြင်းဋ္ဌာန

သို၊ပဋ္ဌာ၊ရောက်၍၊သောသသမ္ဖဿဇာ၊ဝေဒနာမှကြွင်းသောသမ္ဖဿတ်
တရားတို့သည်၊ဧကဒေသမဋ္ဌကမေဝ၊ တစိတ်မျှကိုသာလျှင်။အနုဘဝန္တိ၊
ခံစားကုန်၏။ ။ထိုဝေဒနာသည်လည်း။စက္ခုသမ္ဖဿဇာဝေဒနာ၊စသော
အားဖြင့်၊ ခြောက်ပါးအပြားရှိ၏၊ ထိုတွင်၊စက္ခုပသာဒ်ငွေးနှင့်ရှိသောသဟဇာ
တပသကြောင့်ဖြစ်သောဝေဒနာစေတသိက်သည်၊ စက္ခုသမ္ဖဿဇာဝေဒ
နာမည်၏၊ နောက်နည်းတူသိလေ၊ ။သုတ်ပါဠိထေယျပါဠိတော်၊ အဋ္ဌက
ထာ ဋီကာအထွက်တည်း၊ ။ဝေဒနာသံယုတ်ပါဠိတော်၌ကား။ ဝေဒနာ
ရှစ်ရာ၊လာရှိသေး၏။ကျယ်မည်စိုး၍မပြပြီ၊ ။တနည်း၊သာတဝေဒနာ၊အ
သာတဝေဒနာအားဖြင့် ၂–ပါးရှိ၏၊ ထိုသာတဝေဒနာသည်လည်း၊ကာယိ
ကသာတဝေဒနာ၊ မာနသိကသာတ ဝေဒနာအားဖြင့် ၂-ပါးရှိ၏။အသာတ
ဝေဒနာမှာလည်း၊နည်းတူ ၂-ပါးရှိ၏၊နေဝသာတနာသာတဝေဒနာကိုထည့်
၍လည်း၊သုံးပါးပြားသေး၏၊ ။ဤကား မဏိသာရမဥ္ဇူဆရာတော်မျှားဝါ
ဒ၊ ။တနည်း၊နိတဋ္ဌဝေဒနာ၊ နေယျဋ္ဌဝေဒနာအားဖြင့် ၂–ပါးရှိ၏၊ ထို
၂–ပါးတို့တွင်၊သုခဝေဒနာကို၊အနိစ္စအသခ်တဟူ၍ဟောရာ၌နိတဋ္ဌဝေဒ
နာမည်၏၊ အလုံးစုံသောဝေဒနာကို ဒုက္ခဟုဟောရာ၌၊ဘောက်ပြန်သည်၏
အစွမ်းအားဖြင့်။နေယျဋ္ဌဝေဒနာကို သိအပ်၏၊ ။ဤကား–ကထာဝတ္ထု
မူလဋီကာ–အမိဠ္ဌါယ်တည်း။ ။ဝေဒနာစေတသိက်ပြီးပြီ၊

---

## (၁၇၅) သညာစေတသိက်ကိုပြဆိုခြင်း။

သညာဟူသည်၊ ။နီလာဒိဘေဒံ အာရမ္မဏံသဉ္ဇာနာတီတိသညာ၊ ။
ယာဝမ္မဇာတိ၊သည်၊နီလာဒိဘေဒံ၊အညိုစသည်အပြားရှိသော၊အာရမ္မဏံ၊
အာရုံကို၊သဉ္ဇာနာတိသည့်ကတ္တာဇာနာတိ၊ အမှတ်ပြု၍–သိတတ်၏။ ဣတိ
တသ္မာ၊ထိုကြောင့်၊ သာဝမ္မဇာတိ၊သည်။ သညာ၊ သညာမည်၏။ ။ထိုသ
ညာသည် အမှတ်ပြု၍သိခြင်းလက္ခဏာရှိ၏၊ဥပမာအားဖြင့်၊သစ်စသည်တို့
၌၊ တစဉ်းသမားအစရှိသော သူတို့သည်၊အမှတ်ပြု၍သိသကဲ့သို့တည်း။ တ
နည်း၊ဆံခြေ၊မန်းဝန်း၊တမြက်စွန်းဖြင့်၊ ဆင်ကိုညွှန်းသော သူကန်းနှင့်တူ၏၊
တူဟန်ကား။ ဆင်ဟူသည် အဘယ်နည်းဟု မေးသည် ရှိသော်။ မမြင်ဘဲ
လျက်၊ ဆင်ခြေကိုစမ်းဘူးသော သူကန်းသည်။ ဆင်ဟူသည်-ဆုံခြေကဲ့သို့၊
တည်း၊ နားကို စမ်းဘူးသော သူကန်းသည်၊ ဆင်ဟူသည်-မန်းဝန်းကဲ့သို့
တည်း။အမြီးဖျားကိုစမ်းဘူးသောသူသည်၊ဆင်ဟူသည်၊ တမြက်စွန်းကဲ့သို့

တည်း၊ ဤသို့အသီးအသီး ယူအပ်သော အမှတ်ဖြင့်၊ဆင်ကိုညွှန်းသော
သုကန်းနှင့်တူ၏ဟုမှတ်လေ။

ထိုသညာသည်၊ ဉာဏ်နှင့်ယှဉ်သောသညာ၊ဉာဏ်နှင့်မယှဉ်သော သ
ညာအားဖြင့် ၂-ပါးရှိ၏၊ ထို ၂-ပါးတို့တွင်၊ဉာဏ်နှင့်ယှဉ်သောသညာသည်။
ဉာဏ်၏နောက်သို့အစဉ်လိုက်လေ၏၊ ထိုကြောင့်၊အဋ္ဌသာလိနီ၊ ။ယာပ
နေတ္ထဉာဏသမ္ပယုတ္တာဟောတိ၊ သာသညာ ဉာဏမေဝ အနုဝတ္တတိ။ ။
ဟုဘွင့်ပြ၏။ ။ပန၊အထူးကိုဆိုဦးအံ့။ဧတ္ထ၊ဤသညာတို့တွင်၊ယာသညာ၊
အကြင်သညာသည်၊ ဉာဏသမ္ပယုတ္တာ၊ ဉာဏ်နှင့်ယှဉ်သည်၊ ဟောတိ၊၏၊
သာသညာ၊ ထိုဉာဏ သမ္ပယုတ် သညာသည်။ ဉာဏမေဝ၊ ဉာဏ်ကိုသာ
လျှင်၊အနုဝတ္တတိ၊ အစဉ်လိုက်၏၊ ။ဤသို့အဋ္ဌကထာဆရာ ဘွင့်သည်နှင့်
အညီ။ ဉာဏ်နှင့်ယှဉ်သော သညာသည်၊ ဉာဏ်၏နောက်သို့ အစဉ်တစိုက်
လိုက်သောကြောင့်၊ များသောအားဖြင့်၊နှလုံးသွင်းတတ်သည်မဖြစ်၊ဘောက်
ပြန်သောအားဖြင့် ယူတတ်သည် မဖြစ်ဟုမှတ်၊ထိုကြောင့်မူလဋီကာ၌။ ။
တသ္မာ အဘိနိဝေသ ကာရိကာ ဝိပရီတဂ္ဂါဟိကာစန ဟောတီတိ အဓိပ္ပါ
ယော၊ ။ဟုဘွင့်ပြ၏၊ ။တသ္မာ၊ထိုကြောင့်။ အဘိနိဝေသကာရိကာစ၊
များသောအားဖြင့်နှလုံးသွင်းခြင်းကိုပြုတတ်သည်၎င်း။ ဝိပရီတဂ္ဂါဟိကာစ၊
ဘောက်ပြန်သောအားဖြင့် ယူတတ်သည်၎င်း။နဟောတိ၊မဖြစ်။ဣတိအယံ၊
ဤသည်ကား။ အဓိပ္ပါယော၊အဋ္ဌကထာဆရာအလိုတည်း။

ထိုမှတပါး။ သမာဓိနှင့်ယှဉ်သော သညာသည်လည်း။ ဉာဏ်နှင့်ယှဉ်
သောသညာကဲ့သို့ သမာဓိနောက်သို့ အစဉ်တစိုက်။ လိုက်၏ဟုမှတ်လေ။
ထိုကြောင့်။အနုဋီကာ၌၊ ။ယထာဉာဏပဋ္ဌာနေစိတ္တုပ္ပါဒေသညာဉာဏံအနု
ဝတ္တတိ၊ဧဝံသမာဓိပဋ္ဌာနေ သမာဓိန္တိ ဒဿေတိ။ ။ဟုဘွင့်ပြ၏၊ ။ဉာ
ဏပဋ္ဌာနေ၊ပြဋ္ဌာန်းသောဉာဏ်ရှိသော၊စိတ္တုပ္ပါဒေ၊စိတ္တုပ္ပါဒ်၌၊ သညာ၊သ
ညာသည်၊ဉာဏံ၊ဉာဏ်သို့၊ အနုဝဝတ္တတိယထာ၊အစဉ်လိုက်သကဲ့သို့၊ ဧဝံ၊
ဤအတူ၊သမာဓိပဋ္ဌာနေ၊ သမာဓိပြဋ္ဌာန်းသော၊ စိတ္တုပ္ပါဒေ၊ စိတ္တုပ္ပါဒ်၌၊
သညာ၊သညာသည်၊ သမာဓိံ၊သမာဓိသို့၊အနုဝတ္တတိ၊အစဉ်လိုက်၏၊ဣတိ
အမုံအတ္ထံ၊ဤသို့သောအနက်ကို၊ အာစရိယော၊သည်၊ဒဿေတိ၊ပြ၏၊ ၊

တနည်း၊ ထိုသညာသည်၊ ရူပသညာ၊သဒ္ဒသညာ၊ဂန္ဓသညာ၊ရသသညာ၊
ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာအားဖြင့် ၆-ပါးအပြားရှိ၏၊ ထို ၆-ပါးတို့တွင်၊
ရူပါရုံကိုအာရုံပြု၍ဖြစ်သောသညာသည်၊ရူပသညာမည်၏၊ အကြွင်းသညာ
ကိုနည်းတူသိလေ၊ တနည်း။ အနိစ္စသညာ၊အနတ္တသညာ၊ အသုဘသညာ၊

အာဒိနဝသညာ၊ ပဟာနသညာ၊ ဝိရာဂသညာ၊ တုသလသညာ၊ နေကွမ္မသညာ, စသောအားဖြင့်များသောအပြားရှိ၏။ ။သုတ်ပါထေယျပါဠိတော်အထွက်တည်း။ ။သညာပြီးပြီ။

---

## (၁၇၆) စေတနာစေတသိက်ကိုပြဆိုခြင်း။

စေတနာ ဟူသည်။ ။စေတယ တီတိ စေတနာ။ ။ယာ ဓမ္မဇာတိ၊ သည်။အတ္တနာ၊မိမိနှင့်၊သဒ္ဓိံ၊တကွ။သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်တရားတို့ကို၊ အာရမ္မဏေ၊ အာရုံ၌။ စေတယတိ၊ စေ့စပ် နှိုးဆော်တတ်၏။ ဣတိတသ္မာ၊ ကြောင့်၊သာဓမ္မဇာတိ၊သည်။စေတနာ၊စေတနာမည်၏။ ။စေ့စပ်နှိုးဆော်၏ဟူသည်လည်း။သမ္ပယုတ်တရားတို့ကို၊ မိမိ၊မိမိကိစ္စ၌။ အရာကျအောင်ချထားစီရင်ဘိသကဲ့သို့ ဖြစ်သည်ကို မှတ်သားအပ်၏။ ထို့ကြောင့် အနုဋီကာ၌။ ။ပဗန္ဓတီတိသမ္ပယုတ္တဓမ္မေသကသကကိစ္စေပဋ္ဌပေတိ၊ ။ဟုဘွင့်ပြ၏။

ပဗန္ဓတီဘိ၊ကား။ သမ္ပယုတ္တဓမ္မေ၊သမ္ပယုတ်တရားတို့ကို။ သကသကကိစ္စေ၊မိမိ၊မိမိဘို့၏။ဖုသန-ဝေဒိယန-သဉ္ဇာနနစသောကိစ္စ၌။ ပဋ္ဌပေတိ၊ အရာကျအောင်ချထား စီရင်သကဲ့သို့ ဖြစ်တတ်၏။ ။ထိုစေတနာသည်၊ စေ့စပ်နှိုးဆော်ခြင်း စေတယိတလက္ခဏာရှိ၏။ ဥပမာအားဖြင့်။ မိမိကိစ္စ၊သူတပါးကိစ္စကိုပြီးစေတတ်သော တပည့်ကြီး၊ လက်သမားကြီးနှင့် တူ၏။ ။တနည်း။ ပုံတီးဆရာဥပမာ ကိုလည်းမှတ်အပ်၏။ ပုံ။ မောင်း။ လင်းကွင်း။ စောင်းညှင်း။စပ်ဆုပ်။ လက်ချပ်၊ ဖြောက်တီးသူတို့သည်၊ ဘွဲ့သီးခံသောပုံဆရာသည်၊မိမိတီးသည်ရှိသော်၊လက်သားတို့လည်း မိမိဘို့ကိုင်စွဲသောတူရိယာကို၊ဆရာလက်ချက်နှင့်လျော်စွာ၊ ညီညာဖြဖြ၊တီးမှုတ်ကြရဘိသကဲ့သို့မှတ်အပ်၏။

ထိုစေတနာသည်၊နာနာက္ခဏိကစေတနာ၊ သဟဇာတစေတနာ၊ ဟူ၍ ၂-ပါးရှိ၏။ထို ၂-ပါးတို့တွင်၊ နာနာက္ခဏိကစေတနာသည်၊ ကုသိုလ်,အကုသိုလ်အားဖြင့် ၂-ပါးရှိ၏။ သဟဇာတ စေတနာသည်၊ ကုသိုလ်,အကုသိုလ်၊ဝိပါက်,ကြိယာအားဖြင့် ၄-ပါးရှိ၏။ထို ၄-ပါးတို့တွင်။ နာနာက္ခဏိကစေတနာသည်သာလျှင်၊ကမ္မပစ္စည်းဖြစ်၍၊ပဋိသန္ဓေကိုပေးနိုင်၏။ ဝိရတီစေတသိက်ကား၊ ကမ္မပထမြောက်အောင် ပဋိသန္ဓေကိုမပေးနိုင်၊ စေတနာစေတသိက်သည်သာ၊ကမ္မပစ္စည်းတပ်၍။ ပဋိသန္ဓေကိုပေးနိုင်၏ဟုမှတ်။ ထို့ကြောင့်၊မူလဋီကာ၌၊ ။ယာယိဝိရတီဟိသမ္ပယုတ္တစေတနာ၊ကာယဝစီ

ကမ္မာနီတိဝုစ္စန္တိ၊တာသဥ္စကမ္မပထဘာဝေါယုတ္တော။ ။ဟုဘွင့်ပြ၏။ ။ယာယတိပိရတိယိ၊ အကြင်ဝိရတိတို့နှင့်။ သမ္ပယုတ္တစေတနာ၊ ယှဉ်ဘက်ဖြစ်ကုန်သော စေတနာတို့ကို။ ကာယဝစီကမ္မာနီတိ၊ ကာယကံ-ဝစီကံဟူ၍၊ ဝုစ္စန္တိ၊ဆိုအပ်ကုန်၏။ တာသဥ္စ၊ ထိုစေတနာတို့၏ သာလျှင်။ ကမ္မပထဘာဝေါ၊ကမ္မပထအဖြစ်သည်။ယုတ္တော၊သင့်၏။ ။တနည်း။ထိုစေတနာသည် သုတ်ပါထေယျပါဠိတော်နည်းအားဖြင့်။ ရူပသဉ္စေတနာ၊ သဒ္ဒသဉ္စေတနာ၊ ဂန္ဓသဉ္စေတနာ၊ရသသဉ္စေတနာ၊ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ဓမ္မသဉ္စေတနာ၊ ဟူ၍ ခြောက်ပါး အပြားရှိ၏ဟု မှတ်အပ်တော့သည်။ ။စေထနာ.စေတသိက် ပြီးပြီ။

---

## (၁၇၇) ဖေဿတာစေတသိက်ကိုပြဆိုခြင်း။

ဖေဿတာဟူသည်။ ။ဖေကံအဂ္ဂံ အာရမ္မဏံ ဖုသယာတိဖေဿ။ ။ဖုသယသိတ္တသာ၊ဤစိတ်အား။ဖေကံ၊တခုတည်းသော။အဂ္ဂံအာရမ္မဏံ၊အာရုံသည်။ အတ္တိ၊ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တံစိတ္တံ၊ထိုစိတ်သည်။ဖေဿ၊ ဖေဿမည်၏။ ။ဤဝစနတ္ထ၌။ အဂ္ဂသဒ္ဒါသည်၊ အာရမ္မဏဝါစက၊ အာရုံ ဟူသောအနက်ကို ဟော၏ဟုပြ၏။ ထိုသို့ဋီကာဆရာပြသည့်ရှိသော်၊ အဂ္ဂသဒ္ဒါ၏ အဿုဒ္ဓါရကိုပြသော၊ အဘိဓာန်၌ မပါမရှိဟု မေးမြန်းဆုံ၊ အဘိဓာန်၌မပါသော်လည်း၊ သတ္တဒ္ဒဘာသာအားဖြင့် စီရင်သောသဒ္ဒါကျမ်းတွင်ကား၊သဒ္ဒမ္မဒိကာ၌။ ။အဂ္ဂသဒ္ဒေါ စေဆွာလမ္ဗဏဝါစကောတိ။ ။ဟုဘွင့်ပြ၏။ ။အဂ္ဂသဒ္ဒါအာရမ္မဏဝါစက၊သတ္တဝုဒ္ဓိကျမ်း၌ပါရှိသည်ဖြစ်၍၊ ဋီကာကျော်ဆရာ၏ စကားသင့်မြတ်လှ၏၊ ထိုမှတပါး၊ သတ္တဝုဒ္ဓိကျမ်းလာ၊ အဂ္ဂသဒ္ဒါ၏၊အဿုဒ္ဓါရဂါထာကား။

အဂ္ဂံကောဋ္ဌာသကောဋ္ဌာဒိ၊ ပုရတ္ထာလမ္ဗဏေသုစ၊
ပရိမာဏေသမူဟေစ၊ တီသုသေဋ္ဌုတ္တမာဒိကေ၊ ။

ဟုဘွင့်ပြ၏။ ။ဤသို့အဂ္ဂသဒ္ဒါ၏အာရမ္မဏဝါစကတ္တဟောနည်းကို၊ သတ္တဒ္ဒဘာသာကျမ်းတို့၌ ရှိကြောင်းကို မတွေ့မမြင်၊ ဉာဏ်မရှင်မိသောကြောင့်၊ နာမည်ထင်ပေါ်၊ လယ်တီ ဆရာတော်သည်၊ မိမိ ရေးသားသော ပရမတ္ထဒီပနီ ဋီကာသစ်၌။ ။ကေစိပန၊ အာရမ္မဏေအဂ္ဂသဒ္ဒေါ ပဝတ္တော တိဝဒန္တိ၊တံနသုန္ဒရံ၊နဟိအဂ္ဂသဒ္ဒေါအာရမ္မဏေ ပရိယာယေနကတ္ထစိဒိဋ္ဌော

တိ၊ ။ဟုဘွင့်၍၊ ။ကေစိပန၊ အချို့သော ဋီကာကျော်ဆရာ မဏိမဉ္ဇူ ဆရာတို့သည်။အာရမ္မဏေ၊အာရုံ၌။အဂ္ဂသန္တေ၊အဂ္ဂသန္တါသည်၊ ပဝတ္တော၊ ဖြစ်၍။ဣတိ၊ဤသို့၊ဝဒန္တိ၊ဆိုကြကုန်၏။တံ၊ထိုဆရာတို့စကားသည်။နသုန္ဒရံ၊ မကောင်း။ ဟိသစ္စံ၊မှန်၏၊ အဂ္ဂသန္တေ၊ အဂ္ဂသန္တါသည်၊ အာရမ္မဏပရိယာ ယော၊အာရမ္မဏပရိယာယ်ကို။ကတ္ထစိ၊တစုံတရာသောကျမ်းတို့၌။နဒိဋ္ဌော၊ ငါလယ်တီဆရာမတွေ့၊ ဣတိတသ္မာ၊ထိုကြောင့်။ တံ၊ထိုဋီကာကျော်-မဏိ မဉ္ဇူဆရာ၏စကားသည်။ နသုန္ဒရံ၊မကောင်း။ ။ဤသို့ဘွင့်ကြားသောပရ မတ္ထဒီပနီစကားကို ပယ်ရှား၍၊ ဋီကာကျော်ဆရာစကားကိုသာ မှတ်သား အပ်ကြောင်းကို ငါဆရာ ရေးသားသော အဘိဓမ္မတ္ထ အနုဝဏ္ဏနာ ဋီကာ သစ်၌လည်း။

ပရမတ္ထဒီပနီယံပန “အဂ္ဂသန္တော စေတ္ထကောဋ္ဌာသတ္တောဝယုဇ္ဇတိ၊ ကေစိပန အာရမ္မဏေ အဂ္ဂသန္တော ပဝတ္တောတိ ဝဒန္တိ၊ တံနသုန္ဒရံ၊ နဟိ အဂ္ဂသန္တော အာရမ္မဏ ပရိယာယော ကတ္ထစိ ဒိဋ္ဌော”တိ ဝုတ္တံ၊ တံဒုဝုတ္တံ၊ သဒ္ဓမ္မ ဋီကာယံ အဂ္ဂသန္တော အာလမ္ဗဏဝါစကောတိ ဝုတ္တတ္တာ၊ ဝုတ္တဉ္စေတံ သက္ကဋ ဂန္ထေပိ၊

အဂ္ဂံ ကောဋ္ဌာသကောဋီသု၊ ပုရတ္ထာလမ္ဗဏေသုစ။
ပရိမာဏေသမူဟေစ၊ ဘိသုသေဋ္ဌုတ္တမာဓိကေတိ။ ။

ဟုဘွင့်ပြ၏။ ။ပရမတ္ထ ဒီပနီယံပန၊ ပရမတ္ထဒီပနီ ဋီကာသစ်၌ကား။ ဧတ္ထ၊ဤအရာ၌၊ အဂ္ဂသန္တော၊အဂ္ဂသန္တါသည်၊ ကောဋ္ဌာသတ္တောဝ၊အဘို့အစု အနက်ရှိသည်သာလျှင်၊ ယုဇ္ဇတိ၊သင့်၏၊ ကေစိပန၊ ကေစိ ဆရာတို့သည် ကား။ အာရမ္မဏေအဂ္ဂသန္တော ပဝတ္တောတိ၊ဟူ၍၊ ဝဒန္တိ၊ဆိုကြကုန်၏၊ တံ၊ ထိုစကားသည်၊ နသုန္ဒရံ၊မကောင်း။ ဟိသစ္စံ၊မှန်၏၊ အဂ္ဂသန္တော၊ကို၊ အာရမ္မ ဏပရိယာယော၊အာရမ္မဏ ပရိယာယ်ကို၊ကတ္ထစိ၊တစုံတရာသောကျမ်း၌၊ နဒိဋ္ဌော၊ငါမတွေ့၊ ဣတိ၊ဤသို့၊ ဝုတ္တံ၊ လယ်တီဆရာတော် ဘွင့်ဆိုအပ် ၏၊တံ၊ထိုလယ်တီဆရာတော် ဘွင့်သောစကားသည်၊ ဒုဝုတ္တံ၊မကောင်း သဖြင့် ဘွင့်ခြင်းတည်း၊ ကသ္မာ၊ အဘယ့်ကြောင့် ဟူမူကား၊ သဒ္ဓမ္မဋီကာယံ၊ သဒ္ဓမ္မဋီကာ၌၊အဂ္ဂသန္တော အာလမ္ဗဏဝါစကောတိ၊ဟူ၍။ ဝုတ္တတ္တာ၊ဘွင့်ဆို သောကြောင့်တည်း။ ဟိယသ္မာ၊ အကြင်ကြောင့်၊ သက္ကဋဂန္ထေ၊ သက်က ရိုက်ကျမ်း၌၊ အဂ္ဂံ ကောဋ္ဌာသကောဋီသု၊ပ၊မာဓိကေတိ၊ ဟူ၍၊ ဧတံဝစနံ၊ ကို၊ ဝုတ္တံ၊ဘွင့်ဆို၏၊ ။ဤသျှင် ဆရာရေးသောဋီကာနှင့်၊ လယ်တီဋီကာ တိုက်စန်းပြီးပြီ၊

ကေဂ္ဂသာ ဘာဝေါကေဂ္ဂတာ။ ။ကေဂ္ဂသာ၊တခုတည်းသော အာရုံရှိသည်၏၊ဘာဝေါ၊အဖြစ်တည်း။ ကေဂ္ဂတာ၊တခုတည်းသောအာရုံရှိသည်၏အဖြစ်။ ။သမာဓိသည်အကြီးအမှူးအဖြစ်တည်းဟူသော လက္ခဏာရှိ၏၊တနည်း။သမ္ပယုတ်တရားတို့၏မပြန့်လွင့်ခြင်းလက္ခဏာရှိ၏။ ။ဥပမာအားဖြင့်။လေထိတ်သောအခါ၌ ဆီမီးလျှံတို့၏တည်ခြင်းကဲ့သို့။ စိတ်၏တည်ခြင်းကိုမှတ်အပ်၏။ ။ထိုသမာဓိသည်၊သဝိတက္ကသဝိစာရသမာဓိ၊အဝိတက္ကဝိစာရမတ္တ သမာဓိ၊ အဝိတက္ကအဝိစာရ သမာဓိ အားဖြင့် သုံးပါးတည်း။ ထိုသုံးပါးတို့တွင်၊ပထမဈာန်သမာဓိသည်။သဝိတက္က-သဝိစာရသမာဓိမည်၏၊ဒုတိယဈာန်သမာဓိသည်။ အဝိတက္က ဝိစာရမတ္တ သမာဓိမည်၏။ ကြွင်းသောဈာန်၌ ရှိသော သမာဓိသည်။ အဝိတက္ကအဝိစာရသမာဓိမည်၏၊ ။ တနည်း၊ ခဏိကသမာဓိ၊ အပ္ပနာသမာဓိ၊ ဥပစာရသမာဓိအားဖြင့် သုံးပါးရှိ၏၊ထိုသုံးပါး၏အကျယ်သည်ကမ္မဋ္ဌာန်းပိုင်း၌ထင်ရှားလတ္တံ့။

ဧင်းကေဂ္ဂတာစေတသိက်သည်၊တခုတည်းသောအာရုံ၌တည်ကြည့်ခြင်း မပြန့်လွင့်ခြင်း လက္ခဏာရှိသည်ဖြစ်၍၊ ပြန့်လွင့်သောတုန့်လှုပ်သော၊ ဥဒ္ဓစ္စသမ္ပယုတ်၌။ ဘယ်သို့ယှဉ်မည်နည်းဟူရာ၌။ ။မဏိမဉ္ဇူ၊ဆရာ ရေးသားတော်မူသော အဿဒမ္မက ပုဂ္ဂိုလ်သောဝိယာ၊ မြင်းကိုဆုံးမသော ယောကျ်ားကဲ့သို့တည်းဟု ဆိုအပ်သောဥပမာကို။နှိသက်ခံလျက်၊သင်္ဂြိုဟ်အကောက်ဆရာများရေးသား၍ ပြောဆိုကြခြင်းသည်၊အလွန်တရာပင် မသင့်ဟုမှတ်၊ အဘယ်မှာ မြင်းဆရာသည်၊ မြင်းကိုဆုံးမသကဲ့သို့၊ပရမတ် အရာသဘောတရားတို့သည်ဖြစ်နိုင်အံ့နည်း၊ ဤကဲ့သို့ ယုတ္တိယုတ္တာမရှိသော စကားကို မမှတ်သားအပ်၊ ။ဝိနိစ္ဆယအနှစ်-အရသာ စစ်ကိုကား၊ ဤသို့မှတ်သားအပ်၏၊ ။မှတ်သားဟန်ကား။ ။ဥဒ္ဓစ္စသည် အာရုံ၌ ပြန့်လွင့်၏-ဟုဆိုပြားသော်လည်း၊ မိမိတို့သဘောလက္ခဏာတူသော ဥဒ္ဓစ္စစေတသိက်နှင့်၊ ဥဒ္ဓစ္စစိတ်ယှဉ်သော အခါသာလျှင်၊ သဘာဂချင်း ဖြစ်၍ ပြန့်လွင့်သည်၊ ဥပမာအားဖြင့်၊ကိုယ်တူစိတ်တူဖြစ်သောလူဆိုးနှစ်ယောက်ကဲ့သို့တည်း၊ဧင်းဥဒ္ဓစ္စစိတ်သည်၊သဘောလက္ခဏာမတူသော၊မိမိထက်တန်းခိုးကြီးသောသမာဓိဟုဆိုအပ်သောကေဂ္ဂတာနှင့်ယှဉ်သောအခါ၊ အာရုံ၌မပြန့်လွင့်မူ၍၊ တည်ကြည်စွာဖြစ်ရတော့သည်၊ဥပမာအားဖြင့်။ တန်းခိုးကြီးသောအစိုးရမင်းတို့ လာရောက်သောအခါ၊ လူဆိုးများမဆိုးဝံ့သကဲ့သို့တည်း။ ထိုကြောင့်၊ အဋ္ဌသာလိနီ အဋ္ဌကထာ၌၊ ။အာရမ္မဏေစိတ္တဿဌာ အာဓိယတိ ထပေတီတိ သမာဓိ၊ သောဝ ဝိက္ခေပဿ အဘိဘဝနတော အဓိပတိယဋ္ဌေန အိန္ဒြိယံ၊

ဟုဘွင့်ပြတော်မူ၏။ ။ယောသဘာဝေါ၊ အကြင် သဘော တရားသည်။ အာရမ္မဏေ၊ အာရုံ၌။ စိတ္တံ၊ စိတ်ကို။ သမ္ဗာ၊ ကောင်းစွာ။ အာဓိယတိထပေတိ၊ ထားတတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်။ သောသဘာဝေါ၊ ထိုသဘောတရားသည်။ သမာဓိ၊ သမာဓိမည်၏။ သောသမာဓိ၊ ထိုသမာဓိသည်။ ဝိက္ခေပထာ၊ ပြန့်လွင့်သောဥဒ္ဓစ္စကို။ အဘိဘဝနတော၊ လွှမ်းမိုးတတ်သည်၏အဖြစ်ကြောင့်။ အဓိပတိယဋ္ဌေန၊ အစိုးတရဟူသော အနက်ကြောင့်။ ဣန္ဒြိယဥ္စ၊ ဣန္ဒြေမည်သည်လည်း။ ဟောတိ၊ ဖြစ်၏။

ဤသို့အဋ္ဌကထာဆရာဘွင့်ပြသည်ကို ထိမြင်ကြသဖြင့်။ ဣန္ဒြိယပစ္စည်းတပ်နိုင်၍။ ဣန္ဒြေအမည်ရသောသမာဓိတရားသည်။ ဣန္ဒြေအမည်မရမရှိသောဥဒ္ဓစ္စနောက်သို့။ မြင်းဆရာသည့် မြင်း၏အလိုသို့ အတန်ငယ် လိုက်ရသကဲ့သို့၊ တခုသော အာရုံ၌ တဝိထိဝုင်း၊ ၂-ဝိထိဝုင်း။ ၃-ဝိထိဝုင်းတည်စေ၍ယှဉ်သည့်ဟု ရေးသားသောမိန္တာအများကိုမှတ်သားအပ်။ အဘယ်မှာ၊ ဣန္ဒြိယစင်စစ် သမထစင်စစ်ဧကန်ဖြစ်သော သမာဓိဟုဆိုအပ်သောဧကဂ္ဂတာစေတသိက်က–ဘာဗျမဟုတ်သောဥဒ္ဓစ္စ၏အလိုသို့၊ လိုက်တို့ရှိတော့အံ့နည်း။ ။မဏိမဉ္ဇူဆရာ–မဏိမဉ္ဇူနောက်လိုက်သပြိုဟ်အကောက်ဆရာများ၏။ မဟာအမှား၊ ပိပိစဉ်းစား၍သတိထားလေ။ ဤကဲ့သို့ဋီကာဆရာများ၏မှားသောနေရာ၌။ ရဲရဲဝံ့ဝံ့၊ ငါတို့ပယ်စွန့်ခြင်းသည်။ ရှင်မဟာဗုဒ္ဓဃောသ၊ အမည်ရသော၊ အဋ္ဌကထာ ဆရာတော်ကြီးကို အားကိုးအားထားရသောကြောင့်တည်း။ ။အယမေတ္ထ ဝိနိစ္ဆယသာရော။ ။ဧကဂ္ဂတာစေတသိက်ပြီးပြီ။

---

## (၁၇၈) ဇီဝိတိန္ဒြေစေတသိက်ကိုပြဆိုခြင်း။

ဇီဝိတိန္ဒြေဟူသည်။ ။ဇီဝန္တိ သမ္ပယုတ္တဓမ္မာ ဧတေနာတိ ဇီဝိတံ။ ။ဧတေန၊ ဓမ္မဇာတေန၊ ထိုတရားသဘောဖြင့်။ သမ္ပယုတ္တဓမ္မာ၊ သမ္ပယုတ်တရားတို့သည်။ ဇီဝန္တိ၊ ရှင်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ရှင်တတ်သည်၏ အဖြစ်ကြောင့်။ တံဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ဇီဝိတံ၊ ဇီဝိတမည်၏။ ။ဇီဝိတမေဝ ဣန္ဒြိယံ ဇီဝိတိန္ဒြိယံ။ ။ဇီဝိတမေဝ၊ ဇီဝိတသည်ပင်လျှင်။ ဣန္ဒြိယံ၊ သဟဇာတ်တရားတို့ကိုစောင့်ခြင်း၌ အစိုးရသည့်တည်း။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတသည်ပင်လျှင်သဟဇာတ်တရားတို့ကို စောင့်ခြင်း၌အစိုးရသည်၊ ဝါ၊ ဇီဝိတိန္ဒြေမည်၏။ ။ထိုဇီဝိတိန္ဒြေသည်၊ မပြတ်မစဲဖြစ်တတ်သည်ဖြစ်၍ ပဝတ္တဟု

ဆိုအပ်သော၊ ဥပမိန္ဒြိယဏ္ဍာအစဉ်၌၊ အပိုးရသည်ဖြစ်၍ ဖြစ်၏ဟုမှတ်၊ ၎င်း စေတသိက်သည်၊ မိမိနှင့်တကွ၊ မခွဲခြမ်း မဝေဘန်အပ်တုန်သော၊ ရုပ်နာမ် တရားတို့ကို အစဉ်စောင့်ခြင်း အနုပါလနလက္ခဏာရှိ၏၊ ဥပမာအားဖြင့်၊ ရေသည်ကြာစသည့်တို့ကိုအစဉ်စောင့်၏သို့မှတ်အပ်၏၊တနည်း၊မင်းသားကို စောင့်သော အထိန်းကဲ့သို့လည်းမှတ်အပ်၏၊ ၊ထိုဇီဝိတိန္ဒြေသည့် ရုပ်ဇီဝိ တိန္ဒြေ၊ နာမ်ဇီဝိတိန္ဒြေအားဖြင့် နှစ်ပါးရှိသည့်တွင်၊ နာမ်ဇီဝိတိန္ဒြေဟုမှတ်။ ၎င်းဇီဝိတိန္ဒြေ နှစ်ပါးသည်၊ ချုပ်သောအခါ စုတိစိတ်၏ ဘင်္ဂက္ခဏာဝယ်၊ တပြိုင်နက် ၂-ပါးစုံ၊ အတူချုပ်ကုန်၏မှတ်။ ထိုကြောင့်၊ ကထာဝတ္ထုအဋ္ဌ ကထာ၌၊ ၊စုတိက္ခဏာသို့ဥပ ဇီဝိတာနိသဟောဝဘိဇ္ဇန္တိ။ ၊ဟုဘွင့်ပြ၏၊ ၊ ဟိသတ္တံ၊မှန်လှပေ၏။ စုတိက္ခဏာသို့၊ စုတေ့ဆဲခဏ၌၊ ဒွေပိ၊နှစ်ပါးလည်းဖြစ် ကုန်သော၊ ဇီဝိတာနိ၊ ဇီဝိတိန္ဒြေတို့သည်၊ သဟောဝ၊ အတူတကွသာလျှင်၊ ဘိဇ္ဇန္တိ၊ပျက်ကုန်၏၊ ။ဇီဝိတိန္ဒြေစေတသိက်ပြီးပြီ၊

---

## (၁၇၉) မနသိကာရစေတသိက်ကိုပြဆိုခြင်း၊

မနသိကာရဟူသည်။ ၊ကြိယာကာရော၊ မနသိကာရော မနသိကာ ရော၊ ၊ကိရိယာ၊ အာရုံပြုခြင်း၊ ကာရော၊အာရုံကိုပြုခြင်း၊ မနသိ၊စိတ်၌၊ ကာရော၊ အာရုံပြုခြင်း၊ မနသိကာရော၊ စိတ်၌ အာရုံကိုပြုခြင်း။ ၊ထိုစေ တသိက်သည်သမ္ပယုတ်တရားတို့ကိုအာရုံသို့ရှေးရှုနှင်၏သို့၊ပြေးစေ၏သို့ဖြစ် ခြင်းသာရဏလက္ခဏာရှိ၏၊ဥပမာအားဖြင့်၊ မြင်းကိုနှင်တတ်သော ရထား ထိန်းကဲ့သို့၊ အာရုံကိုရှေးရှုနှင်တတ်ပြေးစေတတ်သောတရားဟူ၍ မှတ်အပ် ၏၊ ။ထိုမနသိကာရသည်။ အာရမ္မဏပဋိပါဒက မနသိကာရ ဝီထိပဋိပါ ဒကမနသိကာရ၊ ဇဝနပဋိပါဒက မနသိကာရအားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင်၊ ဤမနသိကာရ စေတသိက်သည်၊ အာရုံကို စီရင်တတ်- ထင်စေတတ်သောကြောင့်၊ အာရမ္မဏပဋိပါဒက မနသိကာရမည်၏၊ ရှေး ဖြစ်သောဘဝင်စိတ်မှမတူသော ဝီထိစိတ်-ဇောစိတ်ကို ပြုတတ်ရကား၊မန သိကာရဟု မှတ်အပ်၏ ဟူလို၊ ၊ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည်၊ ဝီထိစိတ်ကို စီရင်တတ်-ထင်စေတတ်သောကြောင့်။ ဝီထိပဋိပါဒက မနသိကာရမည်၏။ မနောဒွါရာဝဇ္ဇန်းသည်၊ ဇောစိတ်ကို စီရင်တတ်-ထင်စေတတ်သောကြောင့် ဇဝန ပဋိပါဒက မနသိကာရ မည်၏။ ၊ပဉ္စဒွါရာဝဇ္ဇန်းဖြင့်၊ ရှေးစိတ်က- နောက်စိတ်ကိုအထူးပြုမှ ပဉ္စဒွါရ ဝီထိဖြစ်သည်၊ ထို့အတူမနောဒွါရာဝဇ္ဇန်း

ဖြင့်။ရှေးစိတ်က–နောက်စိတ်ကို အထူးပြုမှုမနေဘဲ ဂါရဝိထိဓာဖြစ်သည်ဟု လို။မနသိကာရစေတသိက်ဖြင့်၊နှလုံးသွင်းခြင်းကိုပြုမှု၊ အလုံးစုံသောအာရုံ ဟူသမျှသည်ထင်သည်ဟုမှတ်။ ၎င်းမနသိကာရနှင့် သတိစေတသိက်သည် အဘယ်သို့ထူးသနည်းဟူမူ၊သတိစေတသိက်သည်အာရုံ၌မတွေဝေသည် ၏အစွမ်းအားဖြင့်။အာရုံသို့ရှေးရှုသည်ဖြစ်၍ဖြစ်တတ်၏၊ မနသိကာရသည် အာရုံ၌ကောင်းစွာယှဉ်လျက် သံယောဇန၏အစွမ်းအားဖြင့်။အာရုံသို့ရှေးရှု သည်ဖြစ်၍ ဖြစ်တတ်၏။ ဤလျှင် အထူးတည်း။ ၊ဝိသုဒ္ဓိမဂ်–မဟာဋီကာ အထွက်တည်း၊

ဝိတက်သည်၊ သမ္ပယုတ်တရားတို့ကို အာရုံတင်တတ်သည်၊ စေတနာ သည်စေ့ဆော်တတ်သည်၊ မနသိကာရသည် အာရုံသို့ဆောင်တတ်သည်၊ ယင်းသို့ဖြစ်သော်၊ဤတရားသုံးပါးသည်မထူးမပြားသကဲ့သို့ရှိ၏။အဘယ် သို့ထူးပြားသနည်းဟူမူကား၊ဝိတက်သည် သမ္ပယုတ်တရားတို့ကို အာရုံ၌ တင်သကဲ့သို့ဖြစ်တတ်၏၊စေတနာသည်အာရုံ၌ဝိတက်တင်အပ်သောတရား တို့ကို မိမိနှင့်တကွ-ယှဉ်စေတတ်၏။ စစ်မြေဗိုလ်ပါကို ယှဉ်စေတတ်သော ဗိုလ်မှူးကဲ့သို့တည်း၊ မနသိကာရသည် ဝိတက်တင်အပ်သော-အာရုံ၌သမ္ပ ယုတ်တရားတို့ကို ရှေးရှု ယှဉ်စေတတ်၏၊ အာဇာနည်မြင်းတို့ကို ရထား၌ ယှဉ်စေတတ်သောရထားထိန်းကဲ့သို့တည်း၊ဤသို့ဝိတက်၊ စေတနာ၊မနသိ ကာရတရားသုံးပါး ထူးပြား၏ဟုမှတ်။ ။အဘိဓမ္မာဝတာရဋီကာ၊ မဟာ ဋီကာအထွက်တည်း၊ ၊ဤလျှင် မနသိကာရစေတသိက်ပြီးပြီ။

---

## (၁၈၀) သဗ္ဗစိတ္တသာဓာရဏမည်ကြောင်းကိုပြခြင်း။

သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဟူသည်၊ ။သဗ္ဗေသမ္ပိ ဧကူနနဝုတိ စိတ္တာနံ သာဓာရဏာတိ သဗ္ဗစိတ္တသာဓာရဏာ။ ။ဒီပနီဋီကာ၊ ။ယောဓမ္မာ၊ အကြင်စေတသိက်တို့သည်။သဗ္ဗေသမ္ပိ၊အလုံးစုံလည်းဖြစ်ကုန်သော၊ဧကူန- နဝုတိစိတ္တာနံ၊တခုယုတ်ကိုးဆယ်သောစိတ်တို့အား၊သာဓာရဏာ၊ဆက်ဆံ ကုန်သည်တို့တည်း၊ ဣတိ၊ကြောင့်၊ တေဓမ္မာ၊ ထိုစေတသိက် ခုနစ်ပါးတို့ သည်၊သဗ္ဗစိတ္တသာဓာရဏာ၊မည်ကုန်၏၊ ၊သဒ္ဒါကျမ်း၌သဗ္ဗသဒ္ဒါသည်- သာဝသေသသဗ္ဗ၊အနာဝသေသသဗ္ဗအားဖြင့်၊နှစ်ပါးရှိသည်တို့တွင်၊ ဤ၌- အနာဝသေသသဗ္ဗဟုမှတ်။

(၁) သာဝသေသ၊ ရှိသဗ္ဗ၊ အရကြွင်းလေရာ။ ။(သဗ္ဗေတသန္တိဒဏ္ဍဿ သာပြယုဂ်)။

(၂) အနာဝသေသ၊ ရှိသဗ္ဗံ၊ အရမကြွင်းပါ။ ။(သဗ္ဗေမဂ္ဂပရာယနာ၊ ပြယုဂ်)။ ။စာချနိယံ။

သဗ္ဗစိတ္တသာဓာရဏစေတသိက်ပြီးပြီ။

---

## (၁၀၁) ဝိတက်စေတသိက်ကိုပြဆိုခြင်း။

ပကိဏ်းစေတသိက်တို့တွင်ဝိတက်ဟူသည်။ ။အာရမ္မဏံဝိတက္ကေတိ သမ္ပယုတ္တဓမ္မေ အဘိနိရောပေတီတိဝိတက္ကော။ ။ယောသဘာဝေါ၊သည်။ သမ္ပယုတ္တဓမ္မေ၊သမ္ပယုတ်တရားတို့ကို။အာရမ္မဏံ၊အာရုံသို့။ဝိတက္ကေတိ၊အဘိနိရောပေတိ၊ရှေ့ရှုတင်တတ်၏။ ဣတိ၊ကြောင့်။ သောသဘာဝေါ၊ သည်။ ဝိတက္ကော၊မည်၏။ ။ထိုဝိတက်သည်။အာရုံ၌စိတ်ကိုရှေ့ရှုတင်ခြင်းလက္ခဏာရှိ၏။အဘိနိရောပနလက္ခဏာ-ဟူလို။ဥပမာအားဖြင့်၊ တရုံတယောက်မင်းစိုးမပေါက်၊မရောက်ဘူးသော တောတွင်းသားယောကျ်ားသည်။ မင်းကျွမ်းဝင်သောဆွေမျိုးကိုရင်း၊အဆွေခင်ပွန်းကိုရင်း၊ အမှီတကဲသဟဲပြု၍၊ မင်း၏နန်းတော်သို့၊ ဝင်ထွက်ရဘိသကဲ့သို့၊ ထိုအတူ စိတ်တို့သည် ဝိတက်ကိုမှီ၍၊ အာရုံသို့တက်ရ၏ဟုမှတ်၊ ။ဤအရာ၌၊စိတ်သည်၊ဝိတက်ကိုမှီ၍ အာရုံသို့တက်ရ၏ဟုဆိုလျှင်။ မနောပဉ္စဒွါရမာဝဇ္ဇနာဟူသော ပါဠိနှင့်ဆန့်ကျင်ရာ၏ဟူမူ၊မဆန့်ကျင်။အဘယ့်ကြောင့်ဟူမူ၊စိတ်သည်အာရုံသို့မတက်ချင်မူ၊ဝိတက်စေတသိက်သည်စိတ်ကိုအာရုံသို့မတင်နိုင်။ ဝိတက်စေတသိက်သည် စိတ်ကအာရုံသို့ တက်ချင်လိုသောကြောင့်သာ။ အာရုံသို့တင်ရတော့သည်။ စိတ်သည်သာလျှင်ပဓာနဖြစ်၏ဟုမှတ်။ ။ထိုဝိတက်သည် ကာမဝိတက်၊ ဗျာပါဒဝိတက်၊ဝိဟိံသာဝိတက်အားဖြင့်သုံးပါးရှိ၏။ထိုသုံးပါးတို့တွင်၊ကာမဝိတက်သည်၊ချစ်အပ်မြတ်နိုးအပ်သောသတ္တဝါ-သင်္ခါရ-တို့ကိုကြံသော ပုဂ္ဂိုလ်အားဖြစ်၏၊ဗျာပါဒဝိတက်သည်၊မချစ်မနှစ်သက်အပ်သောသတ္တဝါ သင်္ခါရတို့ကိုအပျက်ထွက်၍ကြည့်ရှုသောကာလမှစ၍၊ ပျက်စီးသည့်တိုင်အောင်ဖြစ်၏။ ဝိဟိံသာဝိတက်သည်၊ သင်္ခါရတို့၌မဖြစ်၊ ဤသတ္တဝါသည် သေပါစေသတည်း။ပြတ်ပါစေသတည်း၊ ပျက်စီးပါစေသတည်းဟု ကြံစည်သောအခါကာလ၌ဖြစ်၏။ဤလျှင်အကုသိုလ်ဝိတက်သုံးပါးတည်း၊ ကုသိုလ်ဝိတက်မှာမူကား၊ နေက္ခမ္မဝိတက်သည်၊ အသုဘဘာဝနာ၏ ရှေ့အတို့၌ဖြစ်

၏၊အဗျာပါဒဝိတက်သည်။ မေတ္တာဘာဝနာ၏ ရှေ့အဘို့၌ဖြစ်၏၊ အဝိဟိံသာဝိတက်သည်။ကရုဏာ၏ရှေ့အဘို့၌ဖြစ်၏၊ ၊ဤလျှင် ကုသိုလ်ဝိတက်သုံးပါးတည်း၊သုမင်္ဂလဝိလာသနီအဋ္ဌကထာအတွက်တည်း။ ။ဝိတက်စေတသိက်ပြီးပြီ၊

## (၁၈၂) ဝိစာရစေတသိက်ကိုပြဆိုခြင်း၊

အာရမ္မဏေ တေန စိတ္တံ ဝိစရတီတိ ဝိစာရော၊ ၊တေန သဘာဝေန၊ ထိုသဘောဖြင့်၊အာရမ္မဏေ၊အာရုံ၌၊ စိတ္တံ၊စိတ်သည်။ ဝိစရတိ၊သုံးသပ်တတ်၏၊ဣတိတသ္မာ၊ထိုကြောင့်၊သောသဘာဝေါ၊ထိုသဘောတရားသည်၊ ဝိစာရော၊ ဝိစာရမည်၏၊ ၊ထိုဝိစာရသည်၊ အာရုံကို အဘန်တလဲလဲ သုံးသပ်ခြင်း အာရမ္မဏာနုမဇ္ဇနလက္ခဏာရှိ၏၊ ၊ဥပမာအားဖြင့်၊ထိုဝိတက်နှင့်ဝိစာရသည်၊ ထိုးအပ်သောခေါင်းလောင်း၏ ရှေးဦးစွာမြည်သောအသံနှင့်ဝိတက်နှင့်တူ၏၊အဘဲ့ကြောင့်ဟူမူထိုဝိတက်သည့်ဝိစာရထက် ရုန့်ရင်းသည်၏အဖြစ်ကြောင့်ရင်း၊ ဝိစာရ၏ရှေ့သွားဖြစ်သည်၏အဖြစ်ကြောင့်ရင်းတည်း၊ ခေါင်းလောင်း၏ နောက်ဆင့်၍၊ မြည်သောအသံနှင့် ဝိစာရနှင့်တူ၏၊ အဘဲ့ကြောင့်ဟူမူ၊ ဝိတက်အောက်ထိပ်မွေ့သည်၏အဖြစ်ကြောင့်ရင်း။ အာရုံကိုအဘန်တလဲလဲသုံးသပ်ဆင်ခြင်သော သဘောရှိသည်၏ အဖြစ်ကြောင့်ရင်းတည်း၊ထိုအတူ၊ ငှက်၏ဥပမာ၊ပိတုန်း၏ ဥပမာတို့ကိုလည်းသိကြလေ၊ ထိုဝိစာရသည်၊ သာမည ဝိစာရ၊ ဝိသေသဝိစာရဟူ၍ နှစ်ပါးအပြားရှိ၏။ ထို ၂-ပါး၏ အထူးသည်ထင်ရှားလှပြီဖြစ်၍မပြပြီ။ ဤအရာ၌ ဝိတက်ဟူသည်နှင့်၊ဝိစာရဟူသည်၊အဘယ်သို့ထူးသနည်းဟူမူကား၊ ဝိတက်သည်စကားဆိုသည်၏ရှေ့အဘို့၌ဖြစ်၏။ဝိစာရသည်၊ စကားဆိုသည် နောက်အဘို့၌ ဖြစ်၏ဟုမှတ်၊ ၊ထိုနည်း ဝိတက်သည်၊ ပကိဏ်း စေတသိက်၌ အတွင်းဝင်၏။ ဝိစာရဟူသည်၊သဗ္ဗစိတ္တသာဓာရဏ၌အတွင်းဝင်သော မနသိကာရစေတသိက်တည်း၊ဤလျှင်အထူးတည်း။ ။အဘိဓာန်ဋီကာအတွက်တည်း၊ ၊ဝိစာရပြီးပြီ၊

## (၁၈၃) အဓိမောက္ခစေတသိက်ကိုပြခြင်း၊

အဓိမောက္ခဟူသည်၊ ။အဓိမုစ္စနံ အဓိမောက္ခော၊ ။အဓိမုစ္စနံ၊ အာရုံ၌ဆုံးဖြတ်ခြင်း။ အဓိမောက္ခော၊ အာရုံ၌ဆုံးဖြတ်ခြင်း၊ ။ထိုအဓိမောက္ခ

သည်၊အာရုံကိုဆုံးဖြတ်ခြင်းသန္နိဋ္ဌာနလက္ခဏာရှိ၏။ဥပမာအားဖြင့်အာရုံ၌
တုန့်လှုပ်ခြင်းကင်းသည့်၏အဖြစ်ဖြင့်။ မြဲမြံစွာစိုက်အပ်သောတံခါးတိုင်ကဲ့
သို့အာရုံ၌မြဲမြံတည်တံ့သောတရားဟုမှတ်အပ်၏။ ။အဓိမောက္ခနှင့်သဒ္ဓါ-
စေတသိက်သည်။ အဘယ်သို့ ထူးသနည်းဟူမူ။ ။အဓိမောက္ခသည် မ
ဘောက်မပြန် မှန်သည့် မှုလည်းဖြစ်စေ၊ ချွတ်ယွင်း ဘောက်ပြန်၊ မမှန်သည့်
မှုလည်းဖြစ်စေ၊ ဟုတ်ဟုတ်ငြားငြားသော အခြင်းအရာအားဖြင့်အာရုံ၌ဆုံး
ဖြတ်ခြင်းဖြစ်၏၊ ဤသို့မဆုံးဖြတ်သောပုဂ္ဂိုလ်သည်၊ပါဏာတိပါတစသည်
၌ဒုင်း၊ဒါနစသည်၌ဒုင်းမဖြစ်၊ သဒ္ဓါတရားသည်ကားကြည်ညိုခြင်းငှါ ထိုက်
သောရတနာသုံးပါးတို့၌၊ ကြည်ညိုသောအားဖြင့် ဆုံးဖြတ်ခြင်းသည်ဖြစ်၏။
ဤသည်လျှင်အဓိမောက္ခ၊သဒ္ဓါစေတသိက်အထူးတည်း။ ထိုကြောင့်မူလဋီ
ကာ၌။ ။နယိဒမနုမိမုစ္စနံ ပါဏာတိပါတာဒီသု ဒါနာဒီသု ဝါ ပဝတ္တတိ၊ သဒ္ဓါ
ပနပသာဒနီယေသုပသာဒါဓိမောက္ခောတိ အယမေတေသံဝိသေသော။ ။
ဟုဖွင့်ပြ၏။ ။ဣဒံသဒ္ဒါ့မှန်၏။အနုမိမုစ္စနံ၊မဆုံးဖြတ်သောပုဂ္ဂိုလ်သည်၊
ပါဏာတိပါတာဒီသု၊ ပါဏာတိပါတ အစရှိသည်တို့၌ဒုင်း။ ဒါနာဒီသု ဝါ၊
အလှူအစရှိသည်တို့၌ဒုင်း၊နပဝတ္တတိ၊မဖြစ်၊ ပန၊အထူးကို ဆိုဦးအံ့။ သဒ္ဓါ၊
သဒ္ဓါသည်၊ ပသာဒနီယေသု၊ ကြည်ညိုခြင်းငှါ ထိုက်ကုန်သော ဝတ္ထုတို့၌။
ပသာဒါဓိမောက္ခော၊ကြည်ညိုသောအားဖြင့် ဆုံးဖြတ်ခြင်းသည်၊ ဟောတိ၊
၏၊ ဣတိအယံ၊ ဤဟုတ်ဟုတ်ငြားငြားသော အခြင်းအရာဖြင့်ဆုံးဖြတ်ခြင်း၊
ကြည်ညိုသောအားဖြင့် ဆုံးဖြတ်ခြင်းသည်။ ဧတေသံ၊ ထိုအဓိမောက္ခသဒ္ဓါ
တို့၏၊ ဝိသေသော၊အထူးတည်း။ ။နိစ္ဆယတရားဟူသည်၊ အာရုံကိုဆုံး
ဖြတ်ချက်ဆောင်တတ်သောတရားတည်း။ထိုနိစ္ဆယတရားနှင့်အဓိမောက္ခ
သည် အဘယ်သို့ ထူးသနည်းဟူမူ။ ။အဓိမောက္ခသည်။ အာရုံသို့သက်
ဝင်၍တည်၏။နိစ္ဆယသည်။ အာရုံကိုဆုံးဖြတ်ခါမျှသာတည်း။ ။တနည်း
အဓိမောက္ခသည်။ကြည်ညိုခြင်းပသာဒ၌လည်းဖြစ်၏၊ နိစ္ဆယသည်၊ ကြည်
ညိုခြင်း၌ မဖြစ်တုန်။ ဤလျှင်အထူးတည်း။ ။အဘိဓာန် ဋီကာ အထွက်
တည်း။ ။ထိုအဓိမောက္ခသည်၊ မိစ္ဆာဓိမောက္ခ၊ သမ္မာဓိမောက္ခအားဖြင့်
၂-ပါးအပြားရှိ၏၊ထိုတွင်၊မိစ္ဆာဓိမောက္ခသည် မယုံကြည်အပ်၊ မကြည်ညို
အပ်သော အသဒ္ဓမ္မဟာနိယဝတ္ထု၌ဖြစ်၏။ သမ္မာဓိမောက္ခသည် ကြည်ညိုအပ်
သောသဒ္ဓမ္မဟာနိယဝတ္ထု၌ဖြစ်၏။ ။ထိုကြောင့်။ ပရမတ္ထသရူပအနုဝဏ္ဏနာ
ဋီကာသစ်၌၊ ။တတ္ထမိစ္ဆာဓိမောက္ခော အသဒ္ဓမ္မဟာနိယေ ဝတ္ထုသ္မိံ ပဝတ္တတိ၊
သမ္မာအဓိမောက္ခော ပန သဒ္ဓမ္မဟာနိယေ ဝတ္ထုသ္မိံ ပဝတ္တတီတိ ဝေဒိတဗ္ဗော။ ။

ဟုဘွင့်ပြ၏။ ၊တတ္ထ၊ထို ၂-ပါးတွင်၊မိစ္ဆာဓိမောက္ခော။မိစ္ဆာအဓိမောက္ခ သည်၊အသန္နိဟာနိယော၊ မယုံကြည်အပ်မယုံကြည်ထိုက်သော၊ ဝတ္ထုသို့ ပူ ရာဏကဿပ စသော ဝတ္ထု၌၊ပဝတ္တတိ၊ဖြစ်၏၊သမ္မာအဓိမောက္ခော၊သည်၊ သန္နိဟာနိယော၊ယုံကြည်အပ်ယုံကြည်ထိုက်သော။ဝတ္ထုသို့၊ရတနာသုံးပါး၌၊ ပဝတ္တတိ၊ဖြစ်၏၊ဣတိ၊ဤသို့၊ဝေဒိတဗ္ဗော၊သိအပ်၏၊ ၊အဓိမောက္ခပြီးပြီ၊

## (၁၀၄) ဝိရိယစေတသိက်ကိုပြဆိုခြင်း၊

ဝိရိယဟူသည်၊ ၊ဝီရာနံဘာဝေါဝိရိယံ။ ၊ဝီရာနံ၊စွမ်းနိုင်သောသူတို့ ၏၊ဘာဝေါ၊အဖြစ်တည်း၊ ဝိရိယံ၊စွမ်းနိုင်သောသူတို့၏အဖြစ်၊ ၊ဝီရသဒ္ဒါ သည် ရဲစွမ်းသောသူ၏ ဝီရမည်ခြင်း၏ အကြောင်း ဖြစ်သော ဝါယာမဓမ္မ ဖြစ်ကိုပဝတ္တနိမိတ်ပြု၍ပုဂ္ဂိုလ်ဖြစ်ကိုဟောရကား၊ ဝါယမသည်ဘာဝအရ ဖြစ်၍ဝိရိယမည်၏။ဤကိုရည်၍ မူလဋီကာ၌၊ ၊ဝီရဘာဝေါတိယေနဝီရော နာမဟောတိ သောဓမ္မောတိအတ္ထော၊ ၊ဟုဘွင့်ပြ၏။ထိုဝီရိယသည်၊သစ္စ ယုတ်ထရားတို့ကိုထောက်ပံ့ခိုင်ခံ့စေခြင်း ဥပတ္ထမ္ဘနလက္ခဏာရှိ၏၊ ဥပမာ အားဖြင့် ဆွေးမြေ့သောအိမ်ကိုထောက်သောတိုင်နှင့်တူ၏၊ ထိုဝီရိယသည် သမ္မာဝါယာမ၏အမည်သာတည်း၊ထိုသမ္မာဝါယာမသည်၊သမ္မာဝါယာမ၊ မိစ္ဆာဝါယာမအားဖြင့်နှစ်ပါးအပြားရှိ၏၊ထိုတွင်၊သမ္မာဝါယာမကိုကုသိုလ် ၌ရအပ်၏၊မိစ္ဆာဝါယာမကို၊ အကုသိုလ်၌ ရအပ်၏၊ ၊ထို ၂-ပါးတို့တွင် ကောင်းစွာ အားထုတ်အပ်သော ဝီရိယသည်၊ အလုံးစုံသောပြည့်စုံခြင်း၏ အမြစ်မူလဖြစ်၏၊ထိုကြောင့်၊ အဋ္ဌသာလိနီအဋ္ဌကထာ၌၊ ၊သမ္မာအာရဒ္ဓံ သဗ္ဗာသံသမ္ပတ္တီနံမူလံဟောတီတိဒဋ္ဌဗ္ဗံ၊ ၊ဟုဘွင့်ပြ၏၊ ၊သမ္မာ၊အသင့် အားဖြင့်၊အာရဒ္ဓံ၊အားထုတ်သောဝီရိယသည်၊ သဗ္ဗာသံ၊ခပ်သိမ်းကုန်သော၊ သမ္ပတ္တီနံ၊ပြည့်စုံခြင်းတို့၏၊ မူလံ၊အကြောင်းအမြစ်သည်၊ ဟောတိ၊၏၊ဣတိ၊ ဤသို့၊ဒဋ္ဌဗ္ဗံ၊၏၊ ၊ဝီရိယစေတသိက်ပြီးပြီ၊

## (၁၀၅) ပီတိစေတသိက်ကိုပြဆိုခြင်း၊

ပီတိဟူသည်၊ ။ပီနယတိကာယစိတ္တံ တပ္ပေတိ ဝဍ္ဎေတီတိ ပီတိ၊ ။ ယာဓမ္မောတိ၊သည်၊ကာယစိတ္တံ၊ ကိုယ်စိတ်ကို၊ ပီနယတိတပ္ပေတိဝဍ္ဎေတိ၊ ပွါးစေတတ်၏၊ ဣတိတသ္မာ၊ထိုကြောင့်၊ သောဓမ္မောတိ၊ ထိုတရားသဘော သည်၊ပီတိ၊ပီတိမည်၏၊ ၊ထိုပီတိသည် နှစ်သက်ခြင်း သမ္ပိယာယနလက္ခ

ထောက်၍၊ ဥပမာအားဖြင့်၊ပြည့်တန်သောပတ္တမြားရတနာကိုရသောယောက်ျားကဲ့သို့ဘည်း။ ။ထိုပီတိသည်၊ ခုဒ္ဒကာပီတိ၊ခဏိကာပီတိ၊ ဩက္ကန္တိကာပီတိ၊ဥဗ္ဗေဂါပီတိ၊ ဖရဏာပီတိ–ဟူ၍ ငါးပါးအပြားရှိ၏၊ ထိုငါးပါးတို့တွင်၊ခုဒ္ဒကာပီတိသည်။ခန္ဓာကိုယ်၌ကြက်သီးမွေးညှင်းထခြင်းကိုသာလျှင်ပြုခြင်းငှါစွမ်းနိုင်၏။တဘန်ထပ်၍ အကြိမ်ကြိမ်မဖြစ်ဟုမှတ်။ ။ခဏိကာပီတိသည်၊ခဏ–ခဏ၌၊ လျှပ်စစ်ပြက်သည်နှင့် တူသည် ဖြစ်၍ အဘန်များစွာဖြစ်၏၊ ။ဩက္ကန္တိကာ ပီတိသည်။ လှိုင်းထပိုးသည် သမုဒ္ဒရာကမ်းသို့သက်၍ သက်၍ပျက်၏သို့၊ ထိုအတူ၊ ခန္ဓာကိုယ်သို့သက်၍သက်၍ ပျက်၏ဟုမှတ်။ ။ဥဗ္ဗေဂါပီတိသည်၊ သန်သော အားရှိသည် ဖြစ်၍ ကိုယ်ကိုအထက်သို့ပျံတက်သည်ကိုပြု၍။ကောင်းကင်၌လေဟုတ်သော ဝွမ်းပုံကဲ့သို့ ခုန်၍သွားပျံတက်စေခြင်း အတိုင်းအရှည်သို့ ရောက်သည်ဖြစ်၏။ ။ဖရဏာပီတိသည်၊ အလုံးစုံသောကိုယ်သည်မှုတ်၍ လေပြည့်စေအပ်သော ငါးစည်ပေါင်းကဲ့သို့ရင်း။သည်းစွာသောတလည်မြစ်လောင်း၊တောင်ကျချောင်းရေအလျှံသည်၊ စီးဝင်သောတောင်ဂှမ်းကဲ့သို့ရင်း၊ အစဉ်မပြတ် ထက်ဝန်းကျင်မှတွေ့နှံ့သည်ဖြစ်၏၊

ထိုငါးပါးသောပီတိတို့တွင်။ဥဗ္ဗေဂါပီတိသည်၊ ကောင်းကင်သို့ပျံတက်စေနိုင်သောအာနုဘော်ရှိ၍၊ ဖရဏာပီတိသက်ပင်၊ပဏီတတရ၊ မြတ်ခြင်းဖြစ်သလောဟူမူ၊ ။ဥဗ္ဗေဂါပီတိထက်၊ဖရဏာပီတိသာလျှင်မြတ်၏။အဘဲ့ကြောင့်ဟူမူ။ မတုန်မလှုပ် အမြဲတည်သောကြောင့်တည်း။ ။ထိုကြောင့် မူလဋီကာ၊ဝိသုဒ္ဓိမဂ်–မဟာဋီကာ ၂–ကျမ်း၌။ ။ဥဗ္ဗေဂတောဖရဏာနိစ္စလတ္တာ စိရဋ္ဌိတိကတ္တာစပဏီတတရာ။ ။ဟုဘွင့်ပြ၏။ ။ဥဗ္ဗေဂတော၊ ဥဗ္ဗေဂါပီတိထက်၊ဖရဏာ၊ဖရဏာပီတိသည်၊နိစ္စလတ္တာ၊ တုန်လှုပ်ခြင်းမရှိသောကြောင့်ရင်း၊ စိရဋ္ဌိတိကတ္တာစ၊ ကြာမြင့်စွာ တည်သောကြောင့်ရင်း၊ ပဏီတတရာ၊အလွန်သဖြင့်မြတ်၏၊ ။ခုဒ္ဒကာပီတိနှင့်–ခဏိကာပီတိသည် အဘယ်သို့ထူးသနည်းဟူမူ၊ ခုဒ္ဒကာပီတိသည်၊ လျင်စွာကြက်သီးမွေးညှင်းထခါမျှပြု၍ ပျက်သည်ရှိသော်၊ တဘန်ထပ်၍ မဖြစ်။ ခဏိကာပီတိသည်၊ အကြိမ်များစွာအခါခါ၊အထပ်ထပ်ဖြစ်၏ဟုမှတ်၊ ထိုကြောင့် ပရမတ္ထမဉ္ဇူသာဋီကာ၌၊ ။ခုဒ္ဒိကာလပဟံလောမဟံသနမတ္တံကတွာဘိန္နာနပုနဥပ္ပဇ္ဇတိ၊ ခဏိကာဗဟုလံ ဥပ္ပဇ္ဇတိ၊ ။ဟုဘွင့်ပြ၏။ ။ထိုသို့ပြဆိုအပ်ပြီးသောငါးပါးသောပီတိသည် ပဿဒ္ဓိ၏ တည်ရာ တိုက်ကို ယူလျက်၊ ရင့်ကျက်ခြင်းသို့ရောက်၍၊ ကာယပဿဒ္ဓိ–စိတ္တပဿဒ္ဓိ၊ တည်းဟူသော ၂–ပါး အပြားရှိ

သော၊ ပဿဒ္ဓိသားကိုဘွားမြင်၏ဟုမှတ်။ ထိုနောက် ပဿဒ္ဓိတည်းဟူသော သားသည်။ ကိုယ်ဝန်ကိုယူလျက်၊ ရင့်ကျက်ခြင်းသို့ရောက်၍၊ ကာယိကသုခ၊ စေတသိက သုခတည်းဟူသော၊ သားကိုဘွားပြန်၏။ ထိုနောက်၊ ၎င်းသုခ တရားကလည်း၊ ကိုယ်ဝန်ကိုယူလျက်၊ ရင့်ကျက်ခြင်းသို့ရောက်၍၊ ခဏိက သမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိဖြစ်သော သားကိုဘွားမြင်ပြန်၏၊ အကျဉ်းချုပ်ကား။ ။ပီတိ၏သားကား–ပဿဒ္ဓိ၊ ပဿဒ္ဓိ၏သားကား–သုခ၊ သုခ၏သားကား–သမာဓိဖြစ်၍။ မြစ်ရပြီဟူလို၊ ။အဋ္ဌကထာအထွက်၊

၎င်းပီတိစေတသိက်နှင့် ပါမောဇ္ဇသည်၊ အဘယ်သို့ ထူးသနည်းဟူမူ၊ အနည်းငယ်သောနှစ်သက်ခြင်းသည်ပါမောဇ္ဇမည်၏၊ အားကြီးသောနှစ်သက် ခြင်းသည် ပီတိမည်၏၊ ထိုကြောင့်။ သုမင်္ဂလဝိလာသနီအဋ္ဌကထာ၌။ ။ ပါမောဇ္ဇန္တိ တရုဏပီတိ၊ ပီတိတိ ဗလဝပီတိ။ ။ဟုဘွင့်ပြ၏၊ ။ပါမောဇ္ဇန္တိ၊ ပါမောဇ္ဇဟူသည်၊ တရုဏပီတိ၊ ပျို့နုသောနှစ်သက်ခြင်းတည်း။ ပီတိတိ၊ ပီတိ ဟူသည်ကား၊ ဗလဝပီတိ၊ အားကြီးသော နှစ်သက်ခြင်းတည်း၊ ။ထိုမှ တပါး၊ ။သုခဝေဒနာသည်လည်း၊ ဣဋ္ဌာရုံကိုခံစားခြင်းလက္ခဏာရှိ၏၊ ပီတိ သည်လည်းဣဋ္ဌာရုံကိုခံစားခြင်းလက္ခဏာရှိ၏။ ထိုသို့ဖြစ်ရကား။ အဘယ်သို့ ထူးခြားသနည်းဟူမူ၊ ။ဣဋ္ဌာရမ္မဏ ပဋိလာဘတုဋ္ဌိပီတိ၊ ပဋိလဒ္ဓရသာ နုဘဝနံ သုခံ။ ။ဟု–အဋ္ဌသာလိနီ အဋ္ဌကထာ၌ဘွင့်ပြ၏၊ ။ဣဋ္ဌာရမ္မဏ ပဋိလာဘတုဋ္ဌိ၊ ဣဋ္ဌာရုံကိုရခြင်း၏ အစွမ်းအားဖြင့် ဖြစ်သောနှစ်သက်ခြင်း သည်။ ပီတိ၊ ပီတိမည်၏။ ပဋိလဒ္ဓရသာနုဘဝနံ၊ ရအပ်ပြီးသောအာရုံ၏ အရ သာကို ခံစားခြင်းသည်၊ သုခံ၊ သုခမည်၏၊ ။အရသာကို မခံစားခင် နှစ် သက်ခြင်းသည် ပီတိမည်၏၊ ရပြီးသောဝတ္ထုကို နှစ်သက်ခြင်းသည် သုခ မည်၏၊ ။ဤသည်လျှင်ပီတိ၊ သုခ အထူးတည်း။ ။တနည်း၊ ပီတိသည် ခန္ဓာအားဖြင့် သင်္ခါရက္ခန္ဓာမည်၏၊ သုခသည် ဝေဒနာက္ခန္ဓာ မည်၏။ ။ အဋ္ဌကထာအထွက်၊ ။ပီတိပြီး၏၊

---

## (၁၈၄) ဆန္ဒစေတသိက်ကိုပြဆိုခြင်း၊

ဆန္ဒဟူသည်၊ ။ဆန္ဒနံဆန္ဒော၊ ။ဆန္ဒနံ၊ အလိုရှိခြင်း။ ဆန္ဒော၊ အလို ရှိခြင်း၊ ။ထိုဆန္ဒသည်၊ အာရုံပြုခြင်းငှါအလိုရှိသည်၏အဖြစ်လျှင်၊ ကတ္တု ကမျတာလက္ခဏာရှိ၏၊ ဥပမာအားဖြင့်၊ ဤဆန္ဒစေတသိက်သည် အာရုံကို ယူခြင်းနှိုဥပွာထုပ်ကို ယူခြင်းငှါ ဖြန့်စမ်းသော ခိုးသူ၏ လက်နှင့် တူ၏ဟု

မှတ်။ ။ထိုဆန္ဒသည်သမ္မာဆန္ဒ-မိစ္ဆာဆန္ဒအားဖြင့် ၂-ပါးရှိ၏။ ထို ၂-ပါး တို့တွင်၊ သမ္မာဆန္ဒကို ကုသိုလ်ပြုရာ၌ ရအပ်၏။ မိစ္ဆာဆန္ဒကိုအကုသိုလ်ပြု ခြင်း၌ရအပ်၏။ ဤစကားရပ်ဝယ်၊ မဂ်,ဖိုလ်,နိဗ္ဗာန်ကို လိုချင်တောင့်တရာ၌ ကုသိုလ်ဖြစ်သောသမ္မာဆန္ဒပဏ္ဏနာကိုသာမှတ်အပ်၏။ ထို့ကြောင့်။ ။မူလ ပဏ္ဏာသ အဋ္ဌကထာ၊ မူလပရိယာယသုတ် အဘွင့်၌။ ။ခေမံ ပတ္ထေထ ဘိက္ခဝေါတိ ဧတ္ထကတ္တုကမျတာကုသလဆန္ဒပဏ္ဏနာ၊ အယမေဝ ဣဓာဓိပ္ပေ တာ။ ။ဟုဘွင့်ပြ၏။ ။အနက်ကား။ ။ဘိက္ခဝေါ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်၊ ခေမံ၊ နိဗ္ဗာန်ကို၊ ပတ္ထေထ၊ လိုချင်တောင့်တ၊ ဆုတောင်းကြတုန်၊ ဣတိဧတ္ထ၊ ဤပါဠိတော်၌၊ ကတ္တုကမျတာ ကုသလဆန္ဒပဏ္ဏနာ၊ ဆောရုံပြုခြင်း ၌ အလိုရှိသည်၏ အဖြစ်တည်း ဟူသော၊ ကုသိုလ်သမာဆန္ဒဟု ဆိုအပ် သောလိုချင်တောင့်တခြင်းသည်၊ အာဂတာ၊ လာ၏။ အယမေဝ၊ ဤကုသိုလ် သမာဆန္ဒပဏ္ဏနာကိုသာလျှင်၊ ဣဓ၊ ဤအရာ၌၊ အဓိပ္ပေတာ၊ အလိုရှိအပ်၏။ ။ မဏိဒီပဋီကာမှာလည်း နည်းတူပြ၏။ ။ရာဂနှင့် ဆန္ဒသည်၊ အဘယ်သို့ ထူးသနည်းဟူမူ၊ ။အားနည်းသောတပ်ခြင်းသည် ဆန္ဒမည်၏၊ အားကြီး သောတပ်ခြင်းသည် ရာဂ မည်၏။ ။သဠာယတန ဝိဘင်္ဂ အဋ္ဌကထာ အထွက်တည်း။ ။ဆန္ဒပြီးပြီ။

ပကိဏ်း စေတသိက် ဟူသည်၊ ။ပကာရေနကိဏ္ဏာ ဝိပ္ပကိဏ္ဏာတိ ပကိဏ္ဏကာ။ ။ယေစေတသိကာ၊ အကြင်စေတသိက်တို့သည်၊ ပကာရေန၊ ကုသိုလ်,အကုသိုလ်,ဝိပါက်, ကြိယာအပြားအားဖြင့်၊ ကိဏ္ဏာဝိပ္ပကိဏ္ဏာ၊ ပြွမ်းထုန်သည်တို့တည်း။ ဣတိ၊ ကြောင့်၊ တေစေတသိကာ၊ တို့သည်။ ပကိဏ္ဏ ကာ၊ ပကိဏ်းစေတသိက်မည်ကုန်၏။ ။ပြီးပြီ။

အညသမာနရာသိ၊ တွင်အမည်၊ ပြီးပြီနိဋ္ဌိတာ။

---

## (၁၀၇) မောဟစေတသိက်ကိုပြဆိုခြင်း။

ဤသို့ရှေးဦးစွာအစ၊ မာတိကာဋ္ဌာန၌၊ ပြအပ်သောရာသိသုံးပါးတို့တွင်၊ ပဟာဝိသယ၊ အမည်ရှိသော အညသမာန ရာသိကိုပြဆိုပြီး၍၊ ယခုအခါ၌၊ အကုသလအမည်ရသောရာသိအရကို၊ ခွဲခြမ်းစိတ်ဖြာ၍၊ ပြတော်မူလိုသော အရှင်မဟာ၊ နူရုဒ္ဓါဟု၊ နာမည်သာ၊ ထေရ်ဆရာသည်၊ မောပဟောစသည်။ အစချီ၍မိန့်၊ ။ဤကား အနုသန္ဓ၊ ၂ဏ္ဍ။

(၁) ဝုတ္တာ,ပရ၊မည်နှာမ၊နှစ်ဝနူသနွေ။

(၂) ဂန္တာဝရိယ၊တက်အပ်စွ၊မှတ်ပဥ္စနည်းပေ။ ။ဝါချနိယံသစ်။

မောဟအရကား။ ။အာရမ္မဏေမုယှတီတိ မောဟော။ ။ယောသဘာဝေါ၊အကြင်သဘောတရားသည်။ယသ္မာ၊အကြင်ကြောင့်။အာရမ္မဏေ၊အာရုံ၌။ မုယှတိ၊တွေဝေတတ်၏။ ဣတိ၊ကြောင့်။ သောသဘာဝေါ၊ ထိုသဘောတရားသည်။မောဟော၊မောဟစေတသိက်မည်၏။ ။မောဟသည်လက္ခဏာအားဖြင့်၊သတ္တဝါတို့အားရှိသောစိတ်၏ဝမ္မသဘောကို မသောက်မပြန်မမြင်နိုင်ခြင်းဟူသောပညာမျက်စိကန်းသည်၏အဖြစ်လျှင် လက္ခဏာရှိ၏၊ထိုကြောင့်၊ ။အဋ္ဌသာလိနီအဋ္ဌကထာ၌။ ။သောစိတ္တဿအန္ဓဘာဝလက္ခဏော။ ။ဟုဘွင့်ပြ၏။ ။သောမောဟော၊ထိုမောဟစေတသိက်သည်။ စိတ္တဿ၊သတ္တဝါတို့အား ဖြစ်သောစိတ်၏၊ အန္ဓဘာဝလက္ခဏော၊ ပညာ မျက်စိကန်းသည်၏ အဖြစ်လျှင် လက္ခဏာရှိ၏။ ။ဥပမာအားဖြင့် သော်ကား။ ဘွင့်နိုင်ခဲသည် နှုတ်နိုင်ခဲသည် ဖြစ်သော ပလိဃဟု ဆိုအပ်သော တံခါးကျည်နှင့်တူ၏။ ။ထိုမောဟသည်၊မိစ္ဆာဉာဏ်လည်းမည်၏၊ ထိုမိစ္ဆာဉာဏ်ဟူသည်၊မကောင်းမှုပြုခြင်းတို့၌အကြောင်းကိုကြံခြင်းတို့၏ အစွမ်းအားဖြင့်ရင်း၊မကောင်းမှုကိုပြုပြီး၍ ငါသည်ကောင်းစွာပြုအပ်ပြီဟု၊ ဤသို့ဆင်ခြင်သောအခြင်းအရာအားဖြင့်ရင်းဖြစ်သောမောဟသာတည်း၊ ။ ဝိဘင်္ဂအဋ္ဌကထာအလွက်။

ဤမိစ္ဆာဉာဏ်ကို၊ အနာထပိဏ်သူဌေး၏ ကျွန်မသည်။ မိမိအားသတ်လတ္တံ့ဖြစ်သော ခိုးသူယောက်ျားအား မသတ်မိရှေးအဘို့၌ လှည့်ပတ်ဖြားရောင်းသော အရာမှာယူအပ်၏။ထိုကျွန်မသည်၊ ဥပါယ်တမည်ဖြင့်၊ ခိုးသူကို။ ရေတွင်း၌တွန်းချ၍သတ်ပြီး၍မိမိ၏အသက်ရှင်ရာဝယ်၊သုံးလူ့ဘမြတ်ဘုရားသည်၊ ။သာ ဒါတိ ဌာနုပ္ပတ္တိ ကာယ ပညာယသမ္ဘူဂတာ၊ ။ ဟု-ဇာတ်အဋ္ဌကထာ၌ဟောတော်မူခြင်းသည်၊ ခိုးသူ၏ဇီဝိတိန္ဒြေကို ဖျက်ဆီး ရအောင်ကြံသော ဇောဝါရကိုရည်၍ ဟောသည် မဟုတ်၊ မိမိ၏ဇီဝိတိန္ဒြေကိုချခြင်းမှ လွတ်အောင်ကြံသော ဉာဏသမ္ပယုတ်ဇောဝါရကို ရည်သန်၍ ဟောတော်မူသည်ဟုမှတ်၊ မိမိဇီဝိတိန္ဒြေကို လွတ်အောင် ကြံသော ဇောဝါရကား။ရှေးဦးစွာဖြစ်၏၊ ခိုးသူ၏ဇီဝိတိန္ဒြေကိုဖျက်ဆီးရအောင် ကြံသောဇောဝါရကားနောက်ဖြစ်၏၊ဤကဲ့သို့သော အရာကိုရည်၍ပဋ္ဌာန်းဒေသနာတော်၌၊ ။ပညာရာဂဿ၊ဒေါသဿ၊မောဟဿ၊မာနဿ၊ဒိဋ္ဌိယာ၊ပတ္ထနာယ၊ ။ဟူ၍ဟောတော်မူသည်၊ ။ပညာ၊ပညာသည်၊ ရာဂဿ၊

ရာဂအားရင်း၊ဒေါသဿ၊အားရင်း။မောဟဿ၊အားရင်း၊မာနဿ၊အားရင်း။
ဒိဋ္ဌိယာ၊အားရင်း၊ ပဏ္ဏနာယ၊ဘဝသမ္ပတ္တိ၊ဘောဂသမ္ပတ္တိကိုတောင့်တသော
တဏှာအားရင်း။ ဥပနိဿယပစ္စယေန၊ ပကတူပ နိဿယပစ္စည်းဖြင့်၊ ပစ္စ
ယော၊ကျေးဇူးပြုသည်။ ဟောတိ၊၏။ ၊ခိုးသူယောက်ျား၏ ဓိပိဋ္ဌေကိုဖျက်
ဆီးလိုသော အကုသိုလ် စေတနာရဖြင့် သိသည် မှာလည်း၊ ပညာ မဟုတ်၊
သညာဝိညာဉ်တို့၏သိခြင်းသက္ကိသာတည်း။

ထို၄တပါး၊ အကုသိုလ်ဖြစ်ခြင်းအကြောင်းဖြစ်သောလက်နက်ကိဒ္ဓိယာ
လုပ်ခြင်း၌လိမ္မာခြင်းသည်၊ဥပါယပိဋ္ဌာမည်၏။ရင်းဥပါယပိဋ္ဌာ၌၊ အပြစ်ကို
မမြင်သည်၏အဖြစ်ဟု ဆိုအပ်သော ဖုံးလွှမ်းခြင်းသည်မိစ္ဆာဉာဏ်မည်၏၊
ထိုကြောင့် ဝိဘင်းမူလဋီကာ၌၊ ၊ဇာလကိစ္စပဘံ ဝိဇာနာဒိ ကုသလတာ
သက်ပွန်ဥပါယပိဋ္ဌာ၊တဿာမိစ္ဆာဘာဝပဋိစ္ဆာဒနဘာဝေနပဝတ္တော တဒါ
ကာရောမောဟောဥပါယပိဋ္ဌာဝသေနဥပ္ပန္နောတိဒဋ္ဌဗ္ဗော၊ ၊ဟုဘွင့်ပြ၏၊
ဇာလကိစ္စပဘံဝိဇာနာဒိကုသလတာ၊ကွန်ပစ်ခြင်း၊ ပိုက်ချခြင်းအစရှိသည်၌
လိမ္မာသည်၏အဖြစ်ဟုဆိုအပ်သော၊ သက်ပွန်၊ကြံခြင်းသည်။ဥပါယပိဋ္ဌာ၊
အကြောင်းကိုကြံခြင်းမည်၏။ဘဿာ၊ထိုဥပါယပိဋ္ဌာ၏၊မိစ္ဆာဘာဝပဋိစ္ဆာ
ဒနဘာဝေန၊ ဘောက်ပြန်သည်၏ အဖြစ်ကို ဖုံးလွှမ်း တတ်သည်၏ အဖြစ်
ကြောင့်၊ တဒါကာရော၊ထိုဖုံးလွှမ်းသော အခြင်းအရာ ရှိသော၊ မောဟော၊
မောဟသည်။ ဥပါယပိဋ္ဌာဝသေန၊အကြောင်းကိုကြံခြင်း၏အစွမ်းအားဖြင့်၊
ဥပ္ပန္နော၊ဖြစ်၏။ဣတိ၊ဤသို့။ ဒဋ္ဌဗ္ဗော၊မှတ်အပ်၏၊ ၊သဝိဇာနာဒိ၌၊ အာဒိ
သဒ္ဒါ၏အာဒိဝဏ္ဏအရကိုကား၊လက်နက်ကြံယာစသည်ကိုယူလေ၊

(၁) အာဒိသဒ္ဒ၊တွေ့လေကာ၊အာဒိဝဏ္ဏယူ၊

(၂) အဋ္ဌကထာ၊ကျမ်းဋီကာ၊မှတ်ပါအဆူဆူ၊ ၊စာချနိယံသစ်၊

ထိုမောဟသည် ဒိဋ္ဌိနှင့်ယှဉ်သော ဒိဋ္ဌိသဟိတ မောဟ၊ ဒိဋ္ဌိနှင့်မယှဉ်
သောဒိဋ္ဌိရဟိတမောဟအားဖြင့် ၂-ပါးအပြားရှိ၏။ထိုတွင်။ရုံစမ်းဆင်ခြင်
တတ်သောပညာ၏ ဆန့်ကျင်ဘက် တရားဖြစ်၍၊ သက်သက် တွေဝေခြင်း
သည်၊ ဒိဋ္ဌိရဟိတမောဟမည်၏၊ တိတ္ထိဆရာတို့။ပြောဟောသော တရားစ
ကားကိုယုံကြည်ခြင်း၌ ဖြစ်သောမောဟသည်ဒိဋ္ဌိသဟိတမောဟမည်၏၊
ထိုကြောင့်။မွေသင်္ဂဏီအနုဋီကာ၌၊ ၊အနုပပရိက္ခာမောဟော၊သော်စေဏ္ဍ
ဒိဋ္ဌိရဟိတောဝေဒိတဗ္ဗော၊ ဒိဋ္ဌိသဟိတဿပနဒိဋ္ဌိယာ အနုဝိဓာယကတ္တာ
တဂ္ဂဟဏေနေဝဂဟဏံ၊ ၊ဟုဘွင့်ပြ၏။ ၊အနုပပရိက္ခာ၊ရုံစမ်းဆင်ခြင်
ခြင်းကင်းသောတရားသည်၊ မောဟော၊မောဟတည်း။ စ၊ဆက်၍ဆိုဦးအံ့၊

ထွေ့၊ဤအရာ၌။သော၊ထိုမောဟကို။ဒိဋ္ဌိရဟိတော၊ဒိဋ္ဌိမှကင်းသည်ကို၊ ဝေဒိတဗ္ဗော၊သိအပ်၏။ ဒိဋ္ဌိသဟိတဿ၊ဒိဋ္ဌိနှင့်တကွဖြစ်သောမောဟ၏၊ ဒိဋ္ဌိယာ၊ဒိဋ္ဌိကို၊ အနုပိဓာယကတ္တာ၊ အတုသိုက်၍ ကျင့်တတ်သည်၏ အဖြစ်ကြောင့်၊ တဂ္ဂဟဏေန၊ ထိုဒိဋ္ဌိကို ယူခြင်းဖြင့်သာလျှင်၊ ဂဟဏံ၊ ယူခြင်းသည်။ဟောတိ၊၏။ ။ထိုမောဟတရားတို့ကို။ပည္စဝန္တ၊အာသဘျအစ။ဖြစ်ကြသော သုတော်ကောင်းတို့သည်။ ရှောင်ကြဉ်လိုသော စိတ်ထားနှင့် ပယ်ရှားခြင်းအမှုကို။သမ္မာရကုသိုလ်ရဖြင့်ပြုကြပါကုန်။ အဘဲ့ကြောင့်ဟူမူ။ အလုံးစုံသောအကုသိုလ်တို့၏မူလအဖြစ်သဘွယ်ဖြစ်သောကြောင့်တည်း။ ထိုကြောင့်။အဋ္ဌသာလိနီအဋ္ဌကထာ၌၊ ။သဗ္ဗာကုသလာနံမူလန္တိဒဋ္ဌဗ္ဗော။ ။ဟုဘွင့်ပြ၏၊ ။သဗ္ဗာတုသလာနံ၊ အစုံသောအကုသိုလ်တို့၏၊ မူလန္တိ၊အဖြစ်အခြေဟူ၍။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏၊ ။မောဟပြီးပြီ။

---

## (၁၈၈) အဟိရိကစေတသိက်ကိုပြဆိုခြင်း။

အဟိရိကအရ။ ။နဟိရိယတီနလဇ္ဇတီတိ အဟိရိကော။ ။ယောပုဂ္ဂလော၊အကြင်ပုဂ္ဂိုလ်သည်၊ ယသ္မာ၊ကြောင့်၊ နဟိရိယတိနလဇ္ဇတိ၊ မစက်ဆုပ်တတ်၊ ဝါ၊ မရှက်တတ်၊ ဣတိ၊ကြောင့်၊ အဟိရိကော၊ အဟိရိကမည်၏၊ ။ပုဂ္ဂိုလ်ရ၏၊ ။အဟိရိကဿ ဘာဝေါ အဟိရိကံ၊ ။အဟိရိကဿ၊ မရှက်တတ်သောပုဂ္ဂိုလ်၏၊ ဘာဝေါ၊အဖြစ်တည်း။ အဟိရိကံ၊မရှက်တတ်သောပုဂ္ဂိုလ်၏အဖြစ်၊ ။စေတသိက်ရ၏။

(၁) ဖြစ်ပေါ်မှာ။ဘောဆင့်လာ။ဂုထ်သာထိုပုန်ကောက်။

(၂) ဤနည်းနယာ။မြိုး၍သာ၊ကောက်ပါယွင်းမဘောက်၊

စာချနိယံသစ်၊

အဟိရိကာ-ဟုဆိုလိုလျက်၊တခုသောကအက္ခရာကိုချေ၍၊ အဟိရိကဟုဆိုရ၏၊ ။ငိကာ၊ ။ထိုအဟိရိကသည်၊ကာယဒုစ္စရိုက်တို့မှ မစက်ဆုပ်ခြင်းလက္ခဏာရှိ၏၊ဥပမာအားဖြင့်။ရွာသူဘို့၏ဝက်များ။ မစင်ကိုစားသကဲ့သို့မှတ်၊ ။အဟိရိကသည်။ဓာတိအဟိရိက၊ပယောဂ အဟိရိကအားဖြင့်နှစ်ပါးရှိ၏၊ထိုနှစ်ပါးတို့တွင်၊ ပဋိသန္ဓေဓာတ်အားဖြင့်၊ အကုသိုလ်မှမရှက်ခြင်းသည်။ဓာတိအဟိရိကမည်၏၊ တစုံတခုသောအကြောင်း ပယောဂကြောင့်၍၊ အကုသိုလ်မှမရှက်ခြင်းသည်၊ ပယောဂ အဟိရိကမည်၏။ ။အဟိရိက-ပြီးပြီ၊

## (၁၈၉) အနောတ္တပ္ပစေတသိက်ကိုပြခြင်း။

အနောတ္တပ္ပဟူသည်။ ။နဩတ္တပ္ပတီတိ အနောတ္တပ္ပံ။ ။ယံဓမ္မဇာတံ၊ အကြောင်တရားသဘောသည်။နဩတ္တပ္ပတိ၊မလန့်တတ်။ဣတိ၊ကြောင့်။တံဓမ္မဇာတံ၊သည်၊ အနောတ္တပ္ပံ၊မည်၏။ ထိုအနောတ္တပ္ပသည်။အထုသိတ်မှ၊ မှုံးမှုံးလည်လည်။ထိတ်ထိတ်လန့်လန့်မရှိသည်၏အဖြစ်တည်းဟူသောလက္ခဏာ ရှိ၏။ဥပမာအားဖြင့်။ မီးရောင်ကိုရွှေတောင်မှတ်၍တိုးသော ပိုးဖလံကောင်နှင့်တူ၏။ထိုအနောတ္တပ္ပသည်လည်း။ဇာတိအနောတ္တပ္ပ၊ပယောဂအနောတ္တပ္ပ နှစ်ပါးကိုသိလေ။ ။ဤသို့ပြအပ်ပြီးသော တရားနှစ်ပါးတို့တွင်။ အဘယ်စေတသိက်သည်၊ အားကြီးခြင်း။ ဗလဝ ဖြစ်သနည်းဟူမူ။ ။နှစ်ပါးရုံပင် အားကြီးခြင်းဗလဝဖြစ်၏။ ဥပမာအားဖြင့်။မစင်ကျင်းကြီးဖြင့် မိမိကိုယ်ကို ထိမ်းကျုံလျက်။ မြွေ၏ခံတွင်းသို့ လက်သွင်းလျက် နေသော သူငယ်မိုက်သည်။ ထိုကျင်းကြီး၌။ မြွေ၌စက်ဆုပ်ဘွယ် ကြီးစွာသော အဖြစ်တို့ကို မရုံစမ်းခြင်းကြောင့်။ မစက်ဆုပ်ခြင်း၊ မလန့်ခြင်းကိုကဲ့သို့။ ထိုအတူသာလျှင်၊ တရားဓမ္မ သဘောကို။ မသိမမြင် ခြင်းကြောင့်။ မောဟ တရားသည်၊ အထုသိတ်မှ မစက်ဆုပ်ခြင်း၊ မလန့်ခြင်းဖြစ်ရတော့သည်။ ထိုသို့ဖြစ်ရကား။ ထိုစေတသိက်နှစ်ပါးတို့သည်။ မောဟနှင့်ယှဉ်သော စိတ္တုပ္ပါဒ်တို့၌။ နှစ်ပါးရုံပင် အားကြီးခြင်းဗလဝ၊ ဖြစ်ရ၏ဟုမှတ်။ ထိုကြောင့်။ အဘိဓမ္မာဝတာရ ဋီကာ၌။ ။တသ္မာတံ သမ္ပယုတ္တစိတ္တုပ္ပါဒေဥဘယမ္ပိဗလဝတရံဟောတိ၊ ။ ဟုဘွင့်ပြ၏။ ။တသ္မာ၊ထိုကြောင့်။တံသမ္ပယုတ္တစိတ္တုပ္ပါဒေ၊ ထိုမောဟနှင့် ယှဉ်သောစိတ္တုပ္ပါဒ်၌။ ဥဘယမ္ပိ၊ နှစ်ပါးရုံသည်လည်း။ ဗလဝတရံ၊ အားကြီးသည်။ဟောတိ၊ဖြစ်၏။ ။ဤဋီကာ၌။တသ္မာ၊ကား။ လဒ္ဓဂုဏ်ပုဒ်။ ဥဘယမ္ပိ၌။ပံသဇ္ဇါကား။သမ္ပိဏ္ဍနတ္ထဇောတကဟုမှတ်။ ။အနောတ္တပ္ပပြီးပြီ။

---

## (၁၉၀) ဥဒ္ဓစ္စစေတသိက်ကိုပြဆိုခြင်း။

ဥဒ္ဓစ္စဟူသည်။ ။ဥဒ္ဓတဿဘာဝေါဥဒ္ဓစ္စံ။ ။ဥဒ္ဓတဿ၊ အထက်၌ တုန်လှုပ်သောစိတ်၏။ဘာဝေါ၊အဖြစ်တည်း။ ဥဒ္ဓစ္စံ၊အထက်၌တုန်လှုပ်သော စိတ်၏အဖြစ်။ ။ထိုဥဒ္ဓစ္စသည်စိတ်မငြိမ်သက်ခြင်း အဝူပသမ လက္ခဏာ ရှိ၏။ဥပမာအားဖြင့်၊ လေခပ်သဖြင့်လှုပ်သောတံခွန်ကုတ်ကားနှင့်တူ၏။ ထို ဥဒ္ဓစ္စကို၊ စိတ္တဝိက္ခေပတရားဟူ၍မှတ်အပ်၏။ အဘဲ့ကြောင့်ဟူမူ၊ စိတ်ကိုအ ထုးထုးသောအာရုံ၌ပစ်ချထတဲသောကြောင့်တည်း။ ထိုကြောင့်။အဋ္ဌသာလိ

နှိ အဋ္ဌကထာ၌။ ။ဝိတ္တပဝိက္ခေပေါတိဒွန္ဒွံ၊ ။ဝိတ္တပဝိက္ခေပေါတိ၊ ဝိတ်၏ ပြန့်လွင့်ကြောင်းဟူ၍၊ ဒွန္ဒွံ၊ဖွတ်အပ်၏။ ။ဥဒ္ဓစ္စသည်၊ သရူပဥဒ္ဓစ္စ၊ ယေဝါပနကဥဒ္ဓစ္စအားဖြင့် ၂-ပါးပြား၏။ ။ဥဒ္ဓစ္စပြီးပြီ။

---

## (၁၉၁) လောဘစေတသိက်ကိုပြခြင်း။

လောဘ ဟူသည်၊ ။လုဗ္ဘတိတိ လောဘော။ ။ယော သဘာဝေါ၊ သည်၊သယံ၊အလိုလို၊ လုဗ္ဘတိ၊တပ်မက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊ သောသဘာဝေါ၊သည်၊လောဘော၊လောဘမည်၏။ ။ထိုလောဘသည်၊ ငါ၏ဥစ္စာ,ငါငါဟူ၍၊ အာရုံကို ကိုင်းခြင်းစွဲလမ်းခြင်း။ အာရမ္မဏဂ္ဂဟဏလက္ခဏာရှိ၏။ ။ဥပမာအားဖြင့်၊မျောက်နှဲစေးကဲ့သို့တည်း၊ ။ထိုလောဘသည်။ သတ္တဝါတို့ကို၊ သံသရာဝဋ်၌၊ ဆွဲငင်သည်၏ အစွမ်းအားဖြင့်၊ ဇောမည်၏ဟုဆိုအပ်၏၊ ထိုကြောင့်၊ အဋ္ဌသာလိနီ အဋ္ဌကထာ၌၊ ။ဇောဟုမ်ပုရိသံ ပရိကဍ္ဎတိ၊ တဿ တဿေဝ ဘဝဿ အဘိနိဗ္ဗတ္တိယာတိ ဟိဂ္ဂံ၊ ။ဟုဘွင့်ပြ၏၊ ။ဟိသဒ္ဒါ၊မှန်၏၊တဿေဝတဿေဝဘာဝဿ၊ထိုထိုကာမဘာဝစသည်ဟု ဆိုအပ်သော ဝိပါက်–ကဋတ္တာရုပ်၏သာလျှင်၊ အဘိနိဗ္ဗတ္တိယာ၊ဖြစ်ခြင်းငှါ၊ ဇော၊တဏှာသည်၊ ဟုမ်ပုရိသံ၊ဤသတ္တဝါကို၊ ပရိကဍ္ဎတိ၊ ထက်ဝန်းကျင်မှ ငင်ဆွဲတတ်၏၊ ဣတိ၊ဤသို့။ ဝုတ္တံ၊မိန့်အပ်၏။ ။ ထိုလောဘ၊ တဏှာအကုသိုလ်သည်၊ ဝဋ်သုံးပါး၌၊ သတ္တဝါတို့ကို ဖြစ်စေတတ်သောကြောင့်။ဇနိကဟူ၍လည်းဆိုအပ်၏၊ တနည်း။ ထိုတဏှာသည်၊ သတ္တဝါတို့ကိုဝဋ်သုံးပါး၌၊ရတိပဋိသန္ဓေ၏အစွမ်းအားဖြင့်၊ ချုပ်တတ်၊ စပ်တတ်သော သဘောကြောင့်၊ သိဗ္ဗနီဟုဆိုအပ်၏၊ ဥပမာအားဖြင့်၊ အပ်လျှိသမားသည်၊ တခုသောပုဆိုးဖြင့်၊ တခုသောပုဆိုးကို ချုပ်စပ်ဘိသကဲ့သို့၊ ဖွတ်အပ်တော့သည်၊ထိုတဏှာတရားသည် ဝေနေယျကြာ၊ သတ္တဝါတို့ကို။ ကာမ၊ရူပ၊အရူပဘာဝ ဟုဆိုအပ်သော၊ဘုံသုံးပါးသံသရာ၌။ငြီးငွေ့ဆန့်ကျင်ခြင်းကို မပေးမူ၍၊ ရောက်ရာ ရောက်ရာ၊ ဘဝသံသရာ၌၊ ပိယသဟာယ။ ချစ်လှသော အဆွေခင်ပွန်းကဲ့သို့၊ မွေ့လျော်စေ၏။ ထိုသို့ ဖြစ်ရကား၊ ။ ဣတိဝုတ်ပါဠိတော်,အင်္ဂုတ္တိုရ်ပါဠိတော်တို့၌၊

တဏှာဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါနသံသရံ၊
ဣတ္ထဘာဝညထာဘာဝံ၊ သံသာရံ နာတိဝတ္တတိ၊

ဟုဟောတော်မူ၏။ ။တဏှာ ဒုတိယော၊ တဏှာတည်းဟူသော အဖော်ရှိသော၊ ပုရိသော၊ သတ္တဝါသည်၊ ဒီဃံ၊ ရှည်မြင့်စွာသော။ အဒ္ဓါနံ၊ ကာလပတ်လုံး။ ဣတ္ထဘာဝညထာဘာဝံ၊ ဤလူ၏အဖြစ်စသည်မှတပါးသော နတ်၏အဖြစ်စသည်ကို၊ သံသရံ၊ သံသရန္တော၊ ကျင်လည်ရသည်ဖြစ်၍၊ သံသာရံ၊ သံသရာဝဋ်ကို။ နာတိဝတ္တတိ၊ မလွန်နိုင်။ ။ထိုသို့ပါဠိတော်ကို။ ထောက်ထားသဖြင့်၊ တေဘုမ္မကသံသရာဝယ်၊ လူနတ်စသည်တို့ ဖြစ်ရခြင်းသည်၊ တဏှာတည်းဟူသော အကုသိုလ်ကြောင့်သာလျှင်ဖြစ်သောအဖြစ်၊ အလွန်တရာပင်ထင်ရှားလှ၏။ ထိုသို့ဖြစ်ရကား၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌။ ။တဏှာဒုတိယောတိ အယမ္ပိ သတ္တော အနမတဂ္ဂေ သံသာရဝဋ္ဋေ သံသရန္တော န ဧကကောဝ သံသရတိ၊ တဏှံ ပန ဒုတိယကံ လဘန္တောဝ သံသရတိ၊ တေန ဝုတ္တံ တဏှာဒုတိယောတိ။ ။ဟုဖွင့်ပြ၏။ ။တဏှာဒုတိယောတိ၊ ဟူသည်ကား။ အယံသတ္တော၊ ဤသတ္တဝါသည်၊ အနမတဂ္ဂေ၊ မသိအပ်သော အစရှိသော၊ သံသာရဝဋ္ဋေ၊ သံသရာဝဋ်၌၊ သံသရန္တော၊ ကျင်လည်ရသည်ရှိသော်၊ ဧကကောဝ၊ တယောက်ထည်းသာလျှင်၊ န သံသရတိ၊ ကျင်လည်သည်မဟုတ်၊ ပန၊ စင်စစ်သော်ကား၊ တဏှံ ဒုတိယကံ၊ တဏှာတည်းဟူသော အဖော်ကို။ လဘန္တောဝ၊ ရသော်သာလျှင်။ ဟိယသ္မာ၊ အကြင်ကြောင့်၊ သံသရတိ၊ ကျင်လည်နိုင်၏။ တေန၊ ထိုကြောင့်၊ တဏှာဒုတိယောတိ၊ တဏှာဒုတိယောဟူ၍၊ ဝုတ္တံ၊ ဘုရားဟောတော်မူ၏။

ထိုတဏှာတရားသည် အလွန်တရာ ထူထပ်သောသဘောကြောင့်၊ ဝနထမည်၏။ ထိုသို့ဖြစ်သောကြောင့်၊ ထိုတဏှာတည်းဟူသော တောအုပ်ကြီးကို သစ်ပင်ကြီးကို ဖြတ်အပ်လှ၏။ ထိုတဏှာတည်းဟူသော သစ်ပင်ကြီး၊ တောအုပ်ကြီးတို့ကို မဖြတ်နိုင်သမျှကာလပတ်လုံး၊ တဏှာတရားကသည်၊ သတ္တဝါတို့ကိုကြိုးဖြင့်လည်းပင်း၌ဖွဲ့အပ်သောနွားတို့ကဲ့သို့၊ လိုရာလိုရာဖြစ်သောဘုံဘဝဌာနသို့၊ ဆောင်အပ်သဖြင့်၊ ဝေနေယျသတ္တဝါတို့သည်၊ တဏှာတည်းဟူသောဘဝရဇ္ဇုနောက်သို့၊ တကောက်-ကောက်လိုက်ရတော့သည်ဟုမှတ်၊ ထိုသို့ဖြစ်၍၊ ထိုတဏှာတည်းဟူသော ထိုထိုဘဝသို့ ဆွဲငင်ဆောင်ယူတတ်သောကြိုးကြီးကို။ အရိယမဂ်၊ ဓားသန်လျက်ဖြင့်၊ လျင်မြန်စွာဖြတ်ရလေအောင်၊ ပုညသမ္ဘာရ ကုသိုလ် အထူးကို၊ ဖြည့်ဆည်းပူးအပ်တော့သည်၊ ထိုကြောင့်၊ ။ဓမ္မပဒပါဠိတော်၌။

ဝနံ ဆိန္ဒထ မာ ရုက္ခံ၊ ဝနတော ဇာယတေ ဘယံ၊
ဆေတွာ ဝနဉ္စ ဝနထဉ္စ၊ နိဗ္ဗာနာ ဟောထ ဘိက္ခဝေါ။ ။

ဟုဟောတော်မူ၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဝန်၊ တောကြီးသဘွယ်ဖြစ်သောတဏှာကို။ ဆိန္ဒထ၊ ဖြတ်ထုန်လော၊ ရုက္ခံ၊ ပြကတေ့သော သစ်ပင်ကို။ မာဆိန္ဒထ၊ မဖြတ်ကြကုန်လင့်။ ဝနတော၊ တောဒရပ်ကြီးသဘွယ် ဖြစ်သောတဏှာကြောင့်။ ဘယံ၊ ဘေးသည်။ ဇာယတေ၊ ဖြစ်၏။ ဝနဉ္စ၊ တောဒရပ်ကြီးသဘွယ်ဖြစ်သော တဏှာကိုင်း။ ဝနထဉ္စ၊ ထူထပ်သည်ထက် ထူထပ်သော တဏှာကိုင်း။ ဆေတွာ၊ ဖြတ်၍။ နိဗ္ဗနာ၊ တဏှာကင်းကုန်သည်။ ဝါ၊ တဏှာတည်းဟူသောတောမှထွက်မြောက်ကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ ။ထိုတဏှာသည်။ နှိုးနှောရောယှက်ပေါင်းဘက်သည်၏ အစွမ်းအားဖြင့် သင်္ဂဟမည်၏။ ထိုသင်္ဂဟသည်။ တဏှာသင်္ဂဟ-မိတ္တသင်္ဂဟအားဖြင့် ၂-ပါးရှိ၏။ ထို ၂-ပါးတို့တွင်။ ဤနေရာ၌။ တဏှာသင်္ဂဟကို မှတ်အပ်၏။ ။တနည်း အားဖြင့် ထိုတဏှာသည်။ ကာမဂုဏ် ငါးပါး၌ တပ်တတ်သောကာမတဏှာ။ ရူပဘဝ-အရူပဘဝ၌ တပ်တတ်သော ဘဝတဏှာ၊ ဥစ္ဆေဒ-ဒိဋ္ဌိဟုဆိုအပ်သော-ဝိဘဝဒိဋ္ဌိ၌တပ်တတ်သောဝိဘဝတဏှာဟူ၍သုံးပါးအပြားရှိ၏။ ထိုတဏှာသုံးပါးသည်။ ပွါးအပ်သည်ရှိသော် တဏှာဝိစရိုက် တရာ့ရှစ်ပါးဖြစ်၏။ ထိုကြောင့်။ မူလဋီကာ၌။ ။တဏှာဝိပ္ဖန္ဒိဘနိဝေသောအဋ္ဌသတတဏှာဝိစရိတာဒိဘာဝေန တဏှာပဝတ္တိယေဝ။ ။ဟုဘွင့်ပြ၏။ ။တဏှာဝိပ္ဖန္ဒိဘနိဝေသော၊ တဏှာ၏ အထူးထူး အပြားပြားတုန်လှုပ်ခြင်း၊ နှထုံးသွင်းခြင်းဟူသည်၊ အဋ္ဌသတတဏှာဝိစရိတာဒိဘာဝေန၊ တရာ့ရှစ်ပါးသောတဏှာတို့၏ဖြစ်ခြင်းအစရှိသည်တို့၏ အဖြစ်ဖြင့်၊ တဏှာပဝတ္တိယေဝ၊ တဏှာ၏ဖြစ်ခြင်းပင်တည်း။

တဏှာဝိစရိုက်တရာ့ရှစ်ပါးအရကား၊

(၁) တဏှာသုံးတန်၊ တည်ထားမှန်။ အာ,ကာ,သန်နှင့်မြှောက်၊

(၂) တရာ့ရှစ်ဖြာ။ ယင်းတဏှာ၊ ထိုခါအပြီးမြောက်။ ။

ထိုတဏှာမည်သော လောဘသည်။ သမလောဘ ဝိသမလောဘဟူ၍ ၂-ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်၊ မိမိဆိမ်းဆည်းအပ်သောဝတ္ထု၌ ဖြစ်သော လောဘသည် သမလောဘမည်၏၊ သူတပါးဆိမ်းဆည်းအပ်သော ဝတ္ထု၌ဖြစ်သောလောဘသည်။ ဝိသမလောဘမည်၏။ တနည်း၊ သင့်သော အရာဌာန၌လည်း။ အားကြီးစွာဖြစ်သောလောဘသည်၊ ဝိသမလောဘမည်၏။ ထိုကြောင့်။ ဧတ္တဝတ္ထုသုတ်အဋ္ဌကထာ၌။ ။ဝိသမလောဘောတိပရိဘောဂယုတ္တေပိ ဌာနေသု အတိဗလဝ လောဘော။ ။ဟုဘွင့်ပြ၏။ ။ဝိသမ

လောဘောတိ၊ ဝိသမလောဘ ဟူသည်ကား၊ ပရိဘောဂယုတ္တေသုပိ၊ သုံးဆောင်ခြင်းငှါသင့်သည်လည်းဖြစ်ကုန်သော၊ ဌာနေသု၊အရာတို့၌၊ အတိဗလဝလောဘော၊ အားကြီးသောလောဘတည်း။ ။အဋ္ဌသာလိနီ အဋ္ဌကထာမှာလည်းနည်းတူဖြစ်၏။ ။တနည်း၊ထိုလောဘသည်၊အတြိစ္ဆလောဘ၊ မဟိစ္ဆလောဘ၊ပါပိစ္ဆလောဘ၊ အပ္ပိစ္ဆလောဘအားဖြင့် လေးပါးအပြားရှိ၏၊ထိုတွင်၊မိမိဥစ္စာဖြစ်သောဝတ္ထုနှင့်သာလျှင်မရောင့်ရဲမူ၍သူတပါးလာဘ်လာဘ၌တောင့်တခြင်းသည်၊ အတြိစ္ဆလောဘမည်၏။ ယူခြင်းသုံးဆောင်ခြင်း၌အတိုင်းအရှည်ကိုမသိသော လောဘသည်၊ မဟိစ္ဆလောဘမည်၏၊ ယုတ်မာသော အလိုဆိုးဖြင့် နှိပ်စက်သည် ဖြစ်၍၊ အံ့ဘွယ်ကို ပြုသဖြင့်၊ အတိုင်း အရှည်ကို မသိသည်ထက် မသိအောင် ဖြစ်သော လောဘသည်၊ ပါပိစ္ဆလောဘမည်၏၊ထိုသုံးပါးတို့တွင်မဟိစ္ဆတာလောဘနှင့်ပြည့်စုံသောပုဂ္ဂိုလ်ကိုရောင့်ရဲစေခြင်းငှါ အလွန်တရာပင်ခဲယဉ်းလှ၏၊ ထို့ကြောင့်၊ ။အဋ္ဌကထာကြီးတို့၌၊

အဂ္ဂိက္ခန္ဓော သမုဒ္ဒေါစ၊ မဟိစ္ဆော စာပိ ပုဂ္ဂလော၊
သကဋေန ပစ္စယံ ဒေန္တု၊ တယောပေတေ အတပ္ပယာ၊ ။

ဟုဘွင့်ပြကြ၏၊ ။အဂ္ဂိက္ခန္ဓော၊မီးပုံကြီးသည်၎င်း။ သမုဒ္ဒေါစ၊သမုဒ္ဒရာသည်၎င်း။မဟိစ္ဆော စာပိ၊အလိုကြီးသည်လည်းဖြစ်သော၊ ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်၎င်း။ သကဋေန၊ လှည်းဖြင့်၊ ပစ္စယံ၊ ပစ္စည်းကို။ ဒေန္တု၊ ပေးသည်ဖြစ်စေကုန်၊ တေ တယောပိ၊ထိုသုံးပါးတို့သည်လည်း။ အတပ္ပယာ၊မရောင့်ရဲကုန်၊ ။အပ္ပိစ္ဆလောဘဟူသည်၊ပစ္စယအပ္ပိစ္ဆ၊ ဓုတင်္ဂအပ္ပိစ္ဆ၊ ပရိယတ္တိအပ္ပိစ္ဆ၊အဓိဂမအပ္ပိစ္ဆ၊အားဖြင့်လေးပါးအပြားရှိ၏။ထိုလေးပါးတို့တွင်၊ပစ္စယအပ္ပိစ္ဆရှိသောပုဂ္ဂိုလ်သည်၊ များစွာသောပစ္စည်းတို့ကို ပေးသည်ရှိသော်၊ အနည်းငယ်မျှကိုယူ၏၊ အနည်းငယ်သော ပစ္စည်းတို့ကို ပေးသည်ရှိသော်၊ အလွန်အနည်းငယ်မျှသာယူ၏၊အကုန်မယူပြီ၊ဓုတင်အပ္ပိစ္ဆနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်၊ မိမိ၏ဓုတင်အကျင့်နှင့် ပြည့်စုံသည်၏ အဖြစ်ကို သူတပါးတို့အားမသိစေပြီ၊ ပရိယတ္တိအပ္ပိစ္ဆနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်၊ မိမိ၏ ပိဋကတ်သုံးပုံ၌၊ လိမ္မာသော ဗဟုသုတအရာကို သူတပါးတို့အား၊ သိစေခြင်းငှါမပေးပြီ၊ အဓိဂမအပ္ပိစ္ဆနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်၊ မိမိ၏မဂ်ဖိုလ်ရသည်၏အဖြစ်ကိုသူတပါးတို့အား သိစေခြင်းငှါ မပေးပြီ။ ။ဤသို့အင်္ဂုတ္တရအဋ္ဌကထာ အတွက်၊ အပ္ပိစ္ဆလောဘ မှတ်ချက်တည်း။ ။သမ္မော အဋ္ဌကထာမှာလည်းနည်းတူ။

တနည်း၊ ၊ထိုလောဘဟုဆိုအပ်သော တဏှာသည်၊ မဟာတဏှာ၊
အတိတဏှာ၊ ဂိဒ္ဓတဏှာအားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင်၊
အထူးထူးသော အာရုံကိုအလိုရှိသောတဏှာသည် မဟာတဏှာမည်၏၊
တခုသောအာရုံ၌၊အကြိမ်များစွာအလိုရှိသောတဏှာသည်၊ အတိတဏှာ
မည်၏၊ ဤနှစ်ပါးရုံသော အရာဌာန၌၊ တပ်တတ်သောတဏှာသည်၊ ဂိဒ္ဓ
တဏှာမည်၏၊ ၊ဤလျှင်အဘိဓာန်ဋီကာအထွက်၊တဏှာသုံးချက်တည်း၊ ၊
တနည်း၊ ၊ထိုလောဘသည်၊တဏှာ၏ အမည်အားဖြင့်၊ကိလေသာဟူ၍
လည်း အမည်သမုတ်အပ်သေး၏၊ ထိုကိလေသာသည်၊ ဝီတိက္ကမကိလေ
သာ၊ပရိယုဋ္ဌာနကိလေသာ၊အနုသယကိလေသာ–ဟူ၍ သုံးပါးအပြားရှိ၏၊
ထိုသုံးပါးတို့တွင်၊သိက္ခာပုဒ်ကိုလွန်ကြူးသောအခိုက်အတန့်သည်၊ဝီတိက္ကမ
ကိလေသာ မည်၏၊ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ခဏတ္တယသို့ ရောက်သော
ပစ္စုပ္ပန်ကိလေသာသည်၊ ပရိယုဋ္ဌာန ကိလေသာမည်၏၊ မဂ်ဖြင့်မပယ်အပ်
သေးသော၊ ကိန်းသောကိလေသာသည်၊ အနုသယကိလေသာမည်၏၊ ၊
အဘဲ့ကြောင့်ဟူမူ၊ အကြောင်းတရားတို့၏ညီညွတ်ခြင်းကို ရသည်ရှိသော်၊
တဘန်ဖြစ်ခြင်းငှါ ထိုက်သောကြောင့်တည်း၊ထိုကြောင့်၊သင်္ဂဟိသုတ်ဋီကာ
၌၊ ၊ကာရဏလာဘေဟိသတိဥပ္ပန္နာရဟာကိလေသာသန္တာနေအနုအနု
သယိတာဝိယဟောန္တိ၊တသ္မာတေတဒဝတ္ထာ အနုသယာတိဝုစ္စန္တိ၊ ၊ဟု
ဘွင့်ပြ၏၊ ၊ကာရဏလာဘေ၊ အကြောင်း တရားတို့၏ ညီညွတ်ခြင်းကို
ရသည်။ သတိ၊ရှိသော်၊ ဥပ္ပန္နာရဟာ၊ဖြစ်ခြင်းငှါ ထိုက်ကုန်သော၊ ကိလေ
သာ၊ကိလေသာတို့သည်၊သန္တာနေ၊ပုထုဇဉ်သန္တာန်၌၊အနု·အနု၊အဘန်ဘန်၊
သယိတာဝိယ၊ကိန်းဘိသကဲ့သို့၊ ဟိယသ္မာ၊အကြင်ကြောင့်၊ ဟောန္တိ၊ဖြစ်
ကုန်၏၊ တသ္မာ၊ ထိုကြောင့်၊ တဒဝတ္ထာ၊ ထိုမဂ်ဖြင့် မပယ်အပ်သေးသော
အခိုက်အတန့်ရှိသော၊တေ၊ထိုကိလေသာတို့ကို၊ အနုသယာတိ၊ အနုသယ
ဟူ၍၊ဝုစ္စန္တိ၊ဆိုအပ်ကုန်၏၊ ၊ထိုသို့ပြအပ်ပြီးသောကိလေသာနှင့်၊လောဘ
သည် အတူတူဟုမှတ်သားအပ်၏၊ထိုကြောင့်၊ စက္ကဝဏ္ဏိသုတ်ဋီကာ၌၊ ၊
အတိဗလဝါလောဘောတိ အတိဝိယဗလဝါ ဗဟလ ကိလေသာ၊ ၊ဟု
ဘွင့်ပြ၏၊ ၊အတိဗလဝါလောဘောတိ၊ဟူသည်ကား၊အတိဝိယ၊အလွန်
လျှင်၊ ဝါ၊အလွန်ကဲ့သို့၊ ဗလဝါ၊ အားကြီးသော၊ ဗဟလကိလေသော၊ထူ
ထဲသောကိလေသာသည်၊ ဟောတိ၊ ၏၊ ၊ဤသို့ဋီကာ ဆရာပြဆိုသည့်
အတိုင်း၊ ဗဟလ ကိလေသာသည်၊ အဘယ်သို့သော အရာ၌ ဖြစ်သော ကိ
လေသာကို၊အလိုရှိအပ်မှတ်အပ်သနည်းဟူမူ၊ ၊မိမိတို့သည်၊သုံးဆောင်

ခြင်း၌ါသင့်သော။မိမိတို့၏သားမယားဖြစ်ငြားသော်လည်း၊သန္ဓေရှိသောအခါ။သူငယ်တို့အား၊ နို့တိုက်သောအခါ၊ ယောနိဆင်းရဲသောအခါ၊ဥတုလာသောအခါတည်းဟူသောအကာလ၊ ဓာတ်တော်၊စေတီရှိရာအရပ်၊ စာပေသင်ကြားတရားနာရာအရပ်၊ ဆရာရှိရာအရပ်၊ မိဘတို့ ရဝေးနေထိုင်ရာအရပ်တည်းဟူသောအဒေသ။ထိုအခါကာလ၌။မေထုနကိစ္စ-ပြုကျင့်ရာဝယ်၊ ထိုဗဟာလကိလေသာကို မှတ်အပ်တော့သည်၊ ထိုကြောင့်၊ စက္ကဝတ္တိသုတ်ဋီကာ၌။ ။ယောနအကာလေ အဒေသေစပ ဝတ္တတိ၊ ။ဟုဘွင့်ပြ၏၊ ။ယောန၊ အကြွင်ဗဘာလကိလေသာသည်၊ အကာလေစ၊ အခါမဟုတ်သည်၌ ၎င်း။အဒေသေစ၊ အရပ်မဟုတ်သည်၌၎င်း။ ပဝတ္တတိ၊ဖြစ်၏၊ ။ဤဗဟာလကိလေသာနှင့်၊ယခင်ပြခဲ့သောဝိသမလောဘမှာမှုကားအတူတူသာတည်းဟု မှတ်အပ်တော့သည်။ ။ထိုမှတပါး။ယောကျ်ားတို့အား၊ ယောကျ်ားတို့၌တပ်သော ဆန္ဒရာဂ၊မိန်းမတို့အားမိန်းမတို့၌တပ်သောဆန္ဒရာဂ၊ ဤသို့အချင်းချင်းသဘာဂဝတ္ထု၌ တပ်သော ဆန္ဒရာဂဟု ဆိုအပ်သောလောဘကို မိစ္ဆာဓမ္မဟုဆိုအပ်၏။ ထိုကြောင့်၊သုမင်္ဂလဝိလာသိနီဋီကာ၌။ ။မိစ္ဆာဓမ္မောတိမိစ္ဆာဝိပရီတော အဝိသဘာဂဝတ္ထုကော လောဘဓမ္မော။ ။ဟုဘွင့်ပြ၏။ ။မိစ္ဆာဓမ္မောတိ၊မိစ္ဆာဓမ္မဟူသည်။မိစ္ဆာဝိပရီတော၊မှားယွင်းဘောက်ပြန်သော အားဖြင့်။ အဝိသဘာဂဝတ္ထုကော၊ သဘောတူဝတ္ထုရှိသော၊ (နှစ်ခုပဋိဘိ၊ ရှိတုံဘိ၊ ပကတိ အနက်ပေး။ ဟူသော နိယံအတိုင်းအနက်ပေး)၊ လောဘဓမ္မော၊ လောဘတရား သာတည်း။ ။ထိုလောဘတရားသည် တဏှာမြစ်၏အဖြစ်ဖြင့်၊ စည်ပင်ပွါးစီး၊ကြီးမားလတ်သော်၊ လျင်မြန်သော ရေအလျဉ်ရှိသောမြစ်သည်။ မိမိအပေါ် ၌ ကျသောဝတ္ထုကို ယူ၍၊ မဟာသမုဒ္ဒရာသို့သွား၏သို့၊ သတ္တဝါတို့ကိုယူ၍အပါယ်ဝဋ်ဆင်းရဲသို့သာလျှင် သွားတော့သည်ဟုမှတ်၊ ။လောဘစေတသိက်ပြီးပြီ၊

---

## (၁၉၂) လောဘနှင့်ဆန္ဒအထူးကိုပြခြင်း၊

ထို သို့ပြအပ်ပြီးသော လောဘ စေတသိက်နှင့်။ ဆန္ဒစေတသိက်ကား၊ အဘယ်သို့ထူးသနည်းဟူမူ၊ ။အာရုံကိုယူခြင်း၌ အလိုရှိသည်အဖြစ်မျှဟု ဆိုအပ်သော အားနည်းသောဓမ္မလတပ်နှစ်သက်ခြင်းကို ဆန္ဒဟူ၍မှတ်အပ်၏၊ အာရုံ-အလွန်တပ်မက်မောခြင်းဟု ဆိုအပ် သော အားကြီးသော ဗလဝတပ်နှစ်သက်ခြင်းကို လောဘဟူ၍မှတ်အပ်၏။ ။ပြဟ္ဘဓာလသုတ်-အဋ္ဌကထာအတွက်တည်း၊

## (၁၉၃) ဒိဋ္ဌိစေတသိက်ကိုပြဆိုခြင်း။

ဒိဋ္ဌိဟူသည်။ ။မိစ္ဆာပဿန္တိ သတ္တာတာယာတိဒိဋ္ဌိ။ ။တာယ၊ ထိုသဘောတရားဖြင့်။ မိစ္ဆာ၊ အနိစ္စစသော သဘာဝမှဖောက်ပြန်သောနိစ္စစသောအားဖြင့်၊ သတ္တာ၊ သတ္တဝါတို့သည်၊ ပဿန္တိ၊ ရှုတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သော၊ ထိုသဘောတရားသည်။ ဒိဋ္ဌိ၊ ဒိဋ္ဌိမည်၏။ ။ထိုဒိဋ္ဌိစေတသိက်သည် မသင့်မတင့်သော အကြောင်းအနုပါယ၊ လမ်းရိုးမမှန်သော ဥပထအားဖြင့် နှလုံးသွင်းခြင်း။ အယောနိသော အဘိနိဝေသ လက္ခဏာရှိ၏။ ဥပမာအားဖြင့်၊ အလွန်သက်ဝင်နိုင်ခဲသော တောအုပ်ကြီးကဲ့သို့ မှတ်အပ်၏။ ။ထိုဒိဋ္ဌိ၏ဖြစ်ရန် အကြောင်းမှာလည်း–လေးပါးရှိ၏။ လေးပါးအရကား။ ။မသူတော်တို့၏တရားကိုနာရခြင်း၎င်း။ မကောင်းသောအဆွေခင်ပွန်းရှိသည်၏အဖြစ်၎င်း။ အရိယာသူတော်ကောင်းတို့ကိုမဖူးချင်လိုသည်၏ အဖြစ် အစရှိသည်၎င်း။ မသင့်သော အားဖြင့် နှလုံးသွင်းခြင်း၎င်း။ ဤသို့သောအကြောင်းတို့ကြောင့် သာလျှင်။ မှားသောအမြင်၏ ဖြစ်ခြင်းကို မှတ်အပ်၏။

ထိုဒိဋ္ဌိသည်–ယာထာဝ၊ အယာထာဝ အားဖြင့် ၂–ပါးရှိသည်တို့တွင်၊ မမှန်ချွတ်ယွင်းသော အယာထာဝဒိဋ္ဌိကိုသာ မှတ်အပ်၏။ အဘဲ့ကြောင့်ဟူမူ။ ချွတ်ယွင်း၍ ယူတတ်သည်၏ အဖြစ်ကြောင့်တည်း။ ။ထိုအယာထာဝဒိဋ္ဌိသည်လည်း။ နိယတဒိဋ္ဌိ၊ အနိယတဒိဋ္ဌိအားဖြင့် ၂–ပါးရှိ၏။ ထို ၂–ပါးတို့တွင်၊ နိယတဒိဋ္ဌိသည်။ အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိအားဖြင့် သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင်၊ သတ္တဝါတို့အား၊ သံသရာမှစင်ကြယ်ခြင်း၏ အကြောင်းမရှိ၊ အကြောင်းမရှိဘဲသာသတ္တဝါတို့သည်စင်ကြယ်ကုန်၏–အစရှိသည်ဖြင့်။ ကံ–ကံ၏အကျိုး၊ နှစ်ပါးစုံကိုမြစ်သောအယူသည် အဟေတုကဒိဋ္ဌိမည်၏။ မကောင်းမှုကိုပြုသော်လည်းပြုသည်မမည်၊ မကောင်းမှုမရှိ၊ မကောင်းမှုမဖြစ်၊ ကောင်းမှုကိုပြုသော်လည်းပြုသည်မမည်၊ ကောင်းမှုမရှိ၊ ကောင်းမှုမဖြစ်ဟု ကံကိုမြစ်သောအယူသည်။ အကြိယဒိဋ္ဌိမည်၏၊ အလှူ၏ အကျိုးမရှိ၊ ကောင်းမှု၊ မကောင်းမှု၏အကျိုးမရှိ အစရှိသည်ဖြင့်။ ကံ၏အကျိုးကိုမြစ်သောအယူသည်။ နတ္ထိကဒိဋ္ဌိမည်၏။ ။မူလဋီကာ၊ ပဏ္ဏာသဋီကာ၊ ဘိလက္ခဏဋီကာသစ်အထွက်တည်း။ ။အကျဉ်းမှတ်ရ၊ စကားပုံ–ဂါထာကား။ ဤသို့တည်း။

မိစ္ဆာဒိဋ္ဌိ တယော ဝုတ္တာ၊ အကြိယာနတ္ထိဟေတုကာ။
ဟောန္တိ မာ ပဋိဗာဟေန၊ ကမ္မပါကုဘယံ ကမာ၊ ။

အကြိယာနတ္ထိဟေတုကာ၊ အကြိယဒိဋ္ဌိ၊နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ အားဖြင့်၊တယော၊သုံးပါးကုန်သော။မိစ္ဆာဒိဋ္ဌိ၊မိစ္ဆာဒိဋ္ဌိတို့ကို၊ဝုတ္တာ၊ဟော တော်မူအပ်ကုန်၏။ ဣမာဒိဋ္ဌိယော၊ဤဒိဋ္ဌိသုံးပါးတို့သည်၊ ကမာ၊အစဉ် အ တိုင်း၊ကမ္မပါကုဘယံ၊ကံ–ကံ၏အကျိုးနှစ်ပါးစုံကို၊ပဋိဗာဟေန၊ မြစ်သော အားဖြင့်၊ဟောန္တိ၊ဖြစ်ကုန်၏။

ထိုဒိဋ္ဌိသုံးပါးတို့တွင်၊ တပါးပါးသော ဒိဋ္ဌိသို့သက်ဝင်သော သူသည်၊ သုံးပါးစုံကိုသက်ဝင်သည်မည်၏။ အဘယ့်ကြောင့်ဟူမူကား၊ ။ကံကိုတား မြစ်သည်ရှိသော်၊ဝိပါက်ကိုတားမြစ်သည်ဖြစ်သောကြောင့်ရင်း၊ ဝိပါက်အ ကျိုးကို တားမြစ်သည်ရှိသော်၊ ကံကိုတားမြစ်သည် ဖြစ်သောကြောင့်ရင်း တည်း၊ထိုကြောင့်၊သီလက္ခန်အဋ္ဌကထာ၌၊ ။တတ္ထ ကမ္မံ ပဋိဗာဟန္တေနာပိ ဝိပါကောပဋိဗာဟိတောဟောတိ၊ ဝိပါကံပဋိဗာဟန္တေနာပိကမ္မံ ပဋိဗာဟိ တံဟောတိ၊ ။ဟုဘွင့်ပြ၏၊ ။တတ္ထ၊ထိုသုံးပါးတို့တွင်။ကမ္မံ၊အကြောင်း ကံကို၊ ပဋိဗာဟန္တေနာပိ၊တားမြစ်သဖြင့်လည်း။ ဝိပါကော၊အကျိုးဝိပါက် ကို။ပဋိဗာဟိတော၊တားမြစ်သည်၊ ဟောတိ၊ဖြစ်၏။ ဝိပါကံ၊အကျိုးဝိပါက် ကို၊ ပဋိဗာဟန္တေနာပိ၊ တားမြစ်သဖြင့်လည်း။ ကမ္မံ၊ကံကို၊ ပဋိဗာဟိတံ၊ တားမြစ်သည်။ဟောတိ၊၏၊ ။၎င်းဒိဋ္ဌိသုံးပါးကိုဘုရားရှင်လက်ထက်တော် ကာလဝယ်။တိတ္ထိတို့တားမြစ်ကြ၏၊တားမြစ်ကြဟန်ကား။ ။ပူရဏသည် ကံကိုတားမြစ်၏၊ အဇိတသည် ဝိပါက်ကိုတားမြစ်၏၊ မက္ခလိသည် ကံအ ကျိုး ၂-ပါးစုံကို တားမြစ်၏၊ ။ထိုသို့ပြအပ်ခဲ့ပြီးသော ဒိဋ္ဌိသုံးပါးကိုယူ သောသူသည်၊ အဘယ်အခါသမယဇောခဏ၌၊ နိယတစင်စစ်၊ ကေန်ဖြစ် သနည်းဟူမူကား။ ။ပထမဇော၊ဒုတိယဇော၊တတိယဇော၊စတုတ္ထဇော၊ ပဉ္စမဇော၊ ဆဋ္ဌမဇောတို့၌၊ ကုစား၍ရကောင်းသေး၏၊ သတ္တမဇောခဏ၌၊ ဂင်္ဂါဝါဠုသဲထုမက၊အစရှိသောဘုရားရှင်တို့၏လည်း၊ ကုစား၍ရင်းသူကို မရတော့ပြီ၊ ထိုကြောင့်၊ သာမညဖလသုတ်အဋ္ဌကထာ၌၊ ။သတ္တမေဇဝနေ ဗုဒ္ဓါနမ္ပိ အတေကိစ္ဆာ၊ ။ဟုဘွင့်ပြ၏၊ ။သတ္တမေ၊သတ္တမဇောခဏ၌။ဗုဒ္ဓါနံပိ၊ ဘုရားရှင်တို့၏လည်း။အတေကိစ္ဆာ၊မကုစားနိုင်ကုန်။

ထိုနိယတမိစ္ဆာဒိဋ္ဌိ၊အယူရှိသောပုဂ္ဂိုလ်သည်။ဒုတိယဘဝ၌-နတ်ရွာသို့ လည်း မရောက်နိုင်၊ မဂ်,ဖိုလ်,နိဗ္ဗာန်ကိုကား၊ ဆိုဘွယ်မရှိ၊ သံသရာဝဋ်၌

အမြစ်နှင့် တူသောကြောင့်၊ သံသရာဘဝမှ မထမြောက်နိုင်ဟုမှတ်အပ်၏။ ထိုကြောင့်၊ ဧကနိပါတ်အင်္ဂုတ္တိုရအဋ္ဌကထာ၊ သုမင်္ဂလဝိလာသိနီအဋ္ဌကထာ တို့၌။ ။ခါဏုကောနာမေသသတ္တော၊ ပဋ္ဌဝိဂေါပကော၊ ယေဘုယျေနဧဝ ရူပဿ ဘဝတောဝုဋ္ဌာနံနတ္ထိ။ ။ဟုဘွင့်ပြ၏။ ။သောသောသတ္တော၊ ထို သတ္တဝါသည်၊ ခါဏုကောနာမ၊ သံသရာဝဋ်မြဲသင်ငုတ်မည်၏၊ ပဋ္ဌဝိဂေါ ပကော၊ မြေကြီးကိုစောင့်၏။ ယေဘုယျေန၊ များသောအားဖြင့်၊ ဧဝရူပဿ၊ ဤသို့သောပုဂ္ဂိုလ်အား၊ ဘဝတော၊ သံသရာဘဝမှ၊ ဝုဋ္ဌာနံ၊ ထခြင်းသည်။ နတ္ထိ၊ မရှိ။ ။ဤအဋ္ဌကထာ၌၊ နိယတ မိစ္ဆာဒိဋ္ဌိ ဟူသော ပုဂ္ဂိုလ်သည်၊ သံသာရခါဏုပဋ္ဌဝိ ဂေါပကဖြစ်၍။ဘဝမှမထဟူ၍ ဆိုအပ်သောစကား သည်၊တိုက်ရိုက်သိအပ်သောနီတတ္ထစကားမဟုတ်။ ဆောင်၍သိအပ်သော နေယျတ္ထစကားသာတည်း။ထိုကြောင့်၊ သာရတ္ထဝိလာသိနီဋီကာ၌။ ။ဝဋ္ဋခါ ဏုကောနာမေသသတ္တောတိ အာဒိဝစနံနေယျတ္ထမေဝ၊နနီတတ္ထံ။ ။ဟုဘွင့် ပြ၏။ ။ဝဋ္ဋခါဏုကောနာမေသ သတ္တောတိအာဒိဝစနံ၊ ဝဋ္ဋခါဏုကော၊ပ။ သတ္တောဟူသော ဤစကားသည်၊ နေယျတ္ထမေဝ၊ ဆောင်၍ သိအပ်သော စကားသာလျှင်တည်း။န–နီတတ္ထံ၊တိုက်ရိုက်သိအပ်သောစကားမဟုတ်၊

ဤသို့ဋီကာဆရာဆိုခြင်းသည်၊ အဘယ်အကြောင်းကြောင့် ဆိုသနည်း ဟူမူ၊ မိစ္ဆာဒိဋ္ဌိဖြစ်ခြင်း၏အကြောင်းကို စွဲလမ်း၍၊ ထိုအယူကို ယူသော အခါ၊ သတ္တမဇောစေတနာဖြင့်။ အပါယ်ငရဲသို့ရောက်လျှင်၊ ရှေးရှေးသော ဘဝသံသရာ၊ အဆက်ဆက်က ပြုခဲ့ဘူးသော ကုသိုလ်ထူးစေတနာသည်၊ ရံခါဝင်၍၊ဥပနိဿယပစ္စည်းဖြင့်ကျေးဇူးပြုခဲ့ပါမူကား၊ထိုအယူဝါဒကို မိမိ သတိရ၍စွန့်ပစ်သည့်ကာလ၊ထိုငရဲမှ လွတ်ရတော့သည်ဖြစ်သောကြောင့် တည်း။ထိုကြောင့်၊ဧကင်္ဂုတ္တရဋီကာ၊မူလဋီကာတို့၌လည်း။ ။တံဂဟေတွာ ဌိတနိယတစေတနာယဒိတံပိသမ္ဘေတိ၊ မဂ္ဂေါပိဿအနိဝါရိတောတိဒဿေတိ၊ တေနေဝအာဂမဋ္ဌကထာသုယေဘုယျေနဘဝတောဝုဋ္ဌာနန္တိတိဝုတ္တံ။ ။ ဟုဘွင့်ပြ၏၊ ။တံဂဟေတွာဌိတနိယတ၊ ဟူသည်ကား။ စေတနာ၊ မိစ္ဆာဒိဋ္ဌိ အယူကိုနှစ်သက်၍ယူသောစေတနာသည်၊တံ၊ထိုအယူကို။ယဒိပိသမ္ဘေတိ၊ အကယ်၍စွန့်ငြားအံ့၊အဿ၊ထိုသူအား၊မဂ္ဂေါပိ၊မဂ်ကိုလည်း၊အဝါရိတော၊ မမြစ်အပ်၊ဣတိ၊ဤသို့၊ဒဿေတိ၊ပြတော်မူ၏။တေနေဝ၊ထိုကြောင့်သာလျှင်။ အာဂမဋ္ဌကထာသု၊ သုတ်အဋ္ဌကထာတို့၌၊ ယေဘုယျေန ဘဝတောဝုဋ္ဌာနံ နတ္ထိတိ၊ဟူ၍၊ဝုတ္တံ၊ဆိုတော်မူအပ်၏၊

ထိုသို့နေယျတ္ထစကားဖြစ်လျှင်၊ အဋ္ဌကထာဆရာတော်တို့၏ ဆိုကြ ဘွင့်ကြသော ဘဝမှထမြောက်ပြီ ဟူသော စကားကို အဘယ်သို့ မှတ်သားရတော့အံ့နည်း။ ။အဋ္ဌကထာဆရာတော်တို့ဆိုသောစကားသည်၊ အာသေဝနအထုံပါသည်၏အစွမ်းအားဖြင့်။ ရှေးဘဝကယူခဲ့ဘူးသောမိစ္ဆာအယူကို မစွန့်မူ၍၊ ဘဝန္တရ-ဒုတိယဘဝတပါး၌ ထိုထိုမှားသောအယူကို နှစ်သက်သောသူကိုသာလျှင်ရည်သန်၍၊ သံသရာဝဋ်မှထမြောက်ခြင်းမရှိ သံသရာသစ်ငုတ်၊ ပထဝီဂေါပကဟုဆိုတော်မူသည်၊ ထိုသို့ဖြစ်၍ အဋ္ဌကထာ၌။ ယေဘုယျေန–ဟူ၍၊ ယေဘုယျသဒ္ဒါဖြင့်ပြတော်မူ၏။ ထိုကြောင့်။ ။မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၌၊ ။အာသေဝန ဝသေနပနဘဝန္တရေပိတံတံ ဒိဋ္ဌိံ ဝိရောစေတိယေဝ၊ ဧဝရူပဿဟိယေဘုယျေနဘဝတောဝုဋ္ဌာနံနာမနတ္ထိ။ ။ဟုဘွင့်ပြ၏၊ ။အာသေဝနဝသေနပန၊ ရှေးဘဝက အထုံပါတတ်သောအာသေဝနပစ္စည်းအစွမ်းအားဖြင့်ကား၊ ဘဝန္တရေပိ၊ ဘဝတပါး၌လည်း။ တံတံ ဒိဋ္ဌိံ၊ ထိုထိုမှားသောအယူကို၊ ရောစေတိယေဝ၊ နှစ်သက်တတ်သည်သာလျှင်တည်း၊ ဟိသစ္စံ၊ မှန်၏။ ဧဝရူပဿ၊ ဤသို့မိစ္ဆာအယူရှိသောပုဂ္ဂိုလ်အား၊ ယေဘုယျေန၊ များသောအားဖြင့်၊ ဘဝတော၊ ဘဝမှ၊ ဝုဋ္ဌာနံ၊ ထခြင်းသည်၊ နတ္ထိ၊ မရှိ။ ။သာရတ္ထဝိလာသိနီဋီကာမှာလည်းနည်းတူပြ၏၊ ။ထိုသို့ယူသောနိယတမိစ္ဆာဒိဋ္ဌိကံသည်၊ ပဉ္စနန္တရိယကံငါးပါးတို့ထက် အလွန်တရာပင် အပြစ်ကြီးလှ၏၊ အဘဲ့ကြောင့်ဟူမူ အပိုင်းအခြားဘယ်ရွေ့ဘယ်မျှဟု ခံစားရာကာလမရှိသောကြောင့်တည်း။ ။ထိုကြောင့်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ ဧင်းအဋ္ဌကထာ၊ အဋ္ဌသာလိနီ အဋ္ဌကထာတို့၌၊ ။ပရမံဝဇ္ဇန္တိ ဒဋ္ဌဗ္ဗံ၊ ။ဟုဘွင့်ပြ၏၊ ။ပရမံ၊ လွန်ကဲသော၊ ဝဇ္ဇန္တိ၊ အပြစ်ဟူ၍၊ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏၊ ။အင်္ဂုတ္တရအဋ္ဌကထာ၌လည်း၊ ။တေဟိပိမိစ္ဆာဒိဋ္ဌိယေဝမဟာသာဝဇ္ဇတရာတိအဓိပ္ပါယော၊ ။ဟုဘွင့်ပြ၏၊ ။တေဟိပိ၊ ထိုအနန္တရိယကံငါးပါးတို့ထက်လည်း၊ မိစ္ဆာဒိဋ္ဌိယေဝ၊ မိစ္ဆာဒိဋ္ဌိကံသည်သာလျှင်။ မဟာသာဝဇ္ဇတရာ၊ အလွန်သဖြင့် ကြီးကျယ်သောအပြစ်ရှိ၏၊ ဣတိအယံ၊ ဤသည်လျှင်၊ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။ ဝါ၊ အလိုရှိအပ်သောစကားတည်း။ ။အပြစ်ကြီးပုံကား။ ။ထိုမိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်သည်။ ကမ္ဘာပျက်သောအခါ။ လူများစွာတို့ဗြဟ္မာ့ပြည်သို့ရောက်သောအခါ။ မိမိသည်မရောက်နိုင်မူ၍၊ တပါးသော နောက်ဆုံးစကြဝဠာ၌၊ ငရဲ၌ဖြစ်၍ ခံနေရတော့သည်၊ အကယ်၍၊ ထိုစကြဝဠာကိုမီးလောင်ပြန်သည်ရှိသော်၊ တခုသောကောင်းကင်အပြင်ဝယ်၊ ငရဲကြီးအလိုလိုကံအလျောက်ဖြစ်၍၊ ကျက်ရတော့လတ္တံ့ဟုမှတ်၊ ။မနောရ

ထပ္ပုရဏီ အဋ္ဌကထာအတွက်။ ။ထိုသို့ ဖြစ်သောကြောင့်၊ မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း၊ မသူတော်တရားပြောင်းကို ဟောတတ်သော အသာရပုဂ္ဂိုလ်တို့ကို၊ အဆိပ်ပြင်းတောက်၊ မြွေပွေးမြွေဟောက်ကဲ့သို့ ကြောက်အပ်လှတော့သည်။ ။ထိုကြောင့်၊ ရှင်မဟာဗုဒ္ဓဃောသ၊ မဟာထေရ်မြတ်သည်၊ ဤသို့မှာတမ်းတော်စကားဖြင့်မှာတော်မူ၏။

တသ္မာအကလျာဏဇနံ၊ အာသီဝိသမိဝေါရဂံ၊
အာရကာပရိဝဇ္ဇေယျ၊ ဘူတိကာမောဝိစက္ခဏော။ ။

ဟုရေးသားတော်မူ၏။ ။ယသ္မာ၊ ထိုသို့ အဖြစ်ကြီးကျယ်၊ ဘံသာရသစ်ဝှတ်သဘွယ်ဖြစ်သောကြောင့်၊အကလျာဏဇနံ၊သူတော်ကောင်းတရား၊ လွန်ကင်းပြားသော၊ တရားမဖြူ၊ ရဟန်းရှင်လူ၊မသူတော်သောပုဂ္ဂိုလ်မြူကို၊ အာသီဝိသံ၊လတ်တလောမျက်မှောက်၊အဆိပ်တောက်လျှင်၊သေပျောက်စေတတ်သောအဆိပ်ဟုန်ရှိထသော၊ ဥရဂံ၊အုဝ၊ မြွေပွေးမြွေဟောက်ကဲ့သို့၊ ဘူတိကာမော၊ဗိုဓိမွေ့၊သခ္ခရာယဣကအကျိုးဂုဏ်ဖွင့်ဖြိုးခြင်းငှါအလိုရှိသော၊ ဝိစက္ခဏော၊ အထူးထူး အကျိုးမြင်၊ ပညာရှင်ဖြစ်သော သူတော်ကောင်းသည်၊အာရကာ၊ဝေးလံစွာ၊ပရိဝဇ္ဇေယျ၊ အနီးတွင်မကပ်၊ ထက်ဝန်းကျင်ရှောင်ကြဉ်ရာ၏။ ။ဒိဋ္ဌိစေတသိက်ပြီးပြီ။

---

## (၁၉၄) မာနစေတသိက်ကိုပြဆိုခြင်း။

မာနဟူသည်၊ ။မညတီတိမာနော။ ။ယောသဘာဝေါ၊သည်၊မညတိ၊အတိမညတိ၊ငါဟူသော အမှုကို ပြုတတ်ကြုံးဝါးတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊သောသဘာဝေါ၊သည်၊ မာနော၊မာနမည်၏။ ။ထိုမာနသည်၊ ထောင်လွှားတက်ကြွခြင်းဥဏ္ဏတိလက္ခဏာရှိ၏။ဥပမာအားဖြင့်၊သူရူးကဲ့သို့မှတ်အပ်၏။ထိုမာနသည်၊ယာထာဝမာန်၊ အယာထာဝမာန်အားဖြင့် ၂-ပါးရှိ၏။ ထို ၂-ပါးတို့တွင်၊ ယာထာဝမာန်သည်လည်း၊ သုံးပါး အပြား ရှိ၏။ သုံးပါးအရ၊သေယျပုဂ္ဂိုလ်အားဖြစ်သောမြတ်သော သေယျမာန်(မြတ်သည့်မာနဟူလို) သဒိသပုဂ္ဂိုလ်အားဖြစ်သောတူသော သဒိသမာန်၊ ဟီနပုဂ္ဂိုလ်အားဖြစ်သောယုတ်သောဟီနမာန်၊ ဤသုံးပါးတို့တည်း၊ ထိုယာထာဝမာနသုံးပါးကို၊အရဟတ္တမဂ်ဖြင့်သာလျှင်ပယ်နိုင်၏။ထိုကြောင့်၊ သုတ်ပါထေယျအဋ္ဌကထာ တို့၌၊ ။ယာထာဝ မာနာနာမ အရဟတ္တ မဂ္ဂဝဇ္ဈာ။ ။ဟု

မိန့်တော်မူ၏၊ ။ယာထာဝ မာနာနာမ၊ ယာထာဝ မာန်မည်သည်၊ အရဟတ္တမဂ္ဂဝဇ္ဈာ၊အရဟတ္တမဂ်ဖြင့် ကြဉ်အပ်၏။ ။ထိုယာထာဝမာန်သည်၊ အပြစ်မကြီးသောကြောင့်၊ အရဟတ္တမဂ်ဖြင့်သာလျှင် ပယ်အပ်၏၊ အပါယ်သို့လည်းမလားကုန်၊ အဘယ်ကဲ့သို့ဟူမူ။ ဘဝသို့တပ်တတ်သော နိကန္တိတရား၊ သက္ကာယ ဒိဋ္ဌိတရားများ ကဲ့သို့တည်း၊ ။ထိုကြောင့်၊ ပါထေယျ ငိုကာ၌၊ ။ယာထာဝမာနာဘဝနိကန္တိဝိယ၊အတ္တဒိဋ္ဌိဝိယစ နမဟာသာဝဇ္ဇာ၊တသ္မာတေနအပါယဂမနီယာ၊ ။ဟုဘွင့်ပြ၏၊ ။ယာထာဝမာနာ၊ ဟုတ်မှန်သော မာန်တို့သည်၊ ဘဝနိကန္တိဝိယ၊ ဘဝသို့ တပ်တတ်သော နိကန္တိတရားသို့ငှါ်း၊အတ္တဒိဋ္ဌိဝိယစ၊သက္ကာယဒိဋ္ဌိကဲ့သို့ငှါ်း၊ နမဟာသာဝဇ္ဇာ၊အပြစ်ကြီးသည်မဟုတ်၊တသ္မာ၊ ထိုကြောင့်၊ တေ၊ထိုယာထာဝမာန်တို့သည်။နအပါယဂမနီယာ၊အပါယ်သို့မလားစေတတ်ကုန်၊ ။ထိုသို့ဟုတ်မှန်သောဝတ္ထုရှိသော ထိုယာထာဝမာန်ကိုအရဟတ္တမဂ်ဖြင့် ပယ်၏ဟုဆိုခြင်းသည်၊ အကြွင်းမဲ့ အနုဝသေသအားဖြင့် ပယ်သည်ကိုသာ ရည်သန်၍ဆိုတော်မူသည်၊ ထိုမှတပါးသော ငှါ်းယာထာဝမာန်၏ ရှုန့်ရင်းကြမ်းတမ်းသောအမူအရာဘို့ကို မူကား၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်တို့ဖြင့် ပယ်ကုန်၏ဟုမှတ်၊

အယာထာဝမာန်ဟူသည်၊ မြတ်သောသေယျပုဂ္ဂိုလ်အားဖြစ်သော၊တူသောသဒိသမာန်၊ယုတ်သောဟီနမာန် ၂-ပါး၊တူသော သဒိသပုဂ္ဂိုလ်အားဖြစ်သော၊မြတ်သောသေယျမာန်၊ ယုတ်သောဟီနမာန် ၂-ပါး၊ယုတ်သောဟီနပုဂ္ဂိုလ်အား ဖြစ်သော၊ မြတ်သော သေယျမာန်၊ တူသော သဒိသမာန် ၂-ပါး၊ပေါင်းကိုးပါးတည်း၊ ထိုအယာထာဝမာန်ကိုသောတာပတ္တိမဂ်ဖြင့်၊ ပယ်အပ်၏၊ထိုကြောင့်၊ သုတ်ပါထေယျအဋ္ဌကထာ၌၊ ။အယာထာဝမာနာနာမပထမမဂ္ဂဝဇ္ဈာ၊ ။ဟုဘွင့်ပြ၏၊ ။အယာထာဝမာနာနာမ၊မဟုတ်မမှန်သောအယာထာဝမာန်မည်သည်၊ ပထမမဂ္ဂဝဇ္ဈာ၊ သောတာပတ္တိမဂ်ဖြင့်ပယ်အပ်၏၊ထိုအယာထာဝမာန်သည်။ မဟုတ်မမှန်သော ဝတ္ထုရှိသောကြောင့်။မဟာသာဝဇ္ဇ-အပါယဂမနီကဟုမှတ်အပ်၏။ ။ထိုမှတပါးသော၊ ဥန္နတိမာန်၊အတ္တုက္ကံသနမာန်၊ပရဝမ္ဘနမာန်ဘို့ကိုကား၊သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ယူလေ။ အလွန်များလှချေ၏။ မူလမာန်ကိုသာ ပြခြင်းသည်၊ ပဓာန-အကြောင်းမည်၏။ ။မာနနှင့်၊ဒိဋ္ဌိစေတသိက်သည်၊သဘောလက္ခဏာအားဖြင့်တူသကဲ့သို့ဖြစ်ရကား၊မာနသည်-တရားအပေါင်း၌။ အားကြီးသည်ဖြစ်၍၊ မိမိကိုယ်ကို ချီးမြှောက်သည်အစွမ်းအားဖြင့်ဖြစ်၏။ ဒိဋ္ဌိသည်

တခုတခုသော တရားဌှ်၊ နိစ္စစသော အခြင်းအရာ အားဖြင့် ယူ၍ ဖြစ်၏။ ဤသို့သော အထူးကို အဘိဓမ္မာဝတာရဋီကာသစ်၌ပြတော်မူ၏၊ ။ထိုမာန သည်လည်း အပါယ်သို့ဆောင်တတ်သော တရားဖြစ်၍ရှောင်ကြဉ်အပ်လှ တော့သည်၊ ။ထိုကြောင့်၊ပါဠိတော်ဘ်ျဌှ်၊ ။မာနံပရာဘဝတောမုခံ၊ ။ဟု ဟောတော်မူ၏၊ ။မာနံ၊မာနသည်၊ ပရာဘဝတော၊ ပျက်စီးခြင်း၏၊ မုခံ၊ အကြောင်းပေတည်း၊ ။မာနစေတသိက်ပြီးပြီ။

---

## (၁၉၅) ဒေါသစေတသိက်ကိုပြဆိုခြင်း၊

ဒေါသဟူသည်၊ ။ဒုဿတီတိ ဒေါသော။ ။ယောသဘာဝေါ၊အကြင် သဘောတရားသည်၊ ဒုဿတိ၊ပြစ်မှားတတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်၊ သောသဘာဝေါ၊သည်၊ဒေါသော၊ဒေါသမည်၏။ ။ထိုဒေါသသည်ရှုနှ်ရင်း ကြမ်းတမ်းသည်၏ အဖြစ်တည်းဟူသော စဏ္ဍိက္က လက္ခဏာရှိ၏။ ဥပမာ အားဖြင့်လှန်ဒဏ်ဖြင့်ခပ်အပ်သော မြွေဟောက်ကဲ့သို့တည်း။ထိုဒေါသတရား သည်ကား၊သူ့ဘပါးတို့ပျက်စီးသည်လည်းရှိ၏၊ မပျက်စီးသည်လည်းရှိ၏၊ မိမိမူကား အယုတ်သဖြင့်၊ အဆင်းအရေ ဘောက်ပြန်ခြင်းစသော အဖြစ် သို့ရောက်၍၊စင်စစ်မချွတ်ပျက်စီးရလေ၏၊ ထိုကြောင့်၊ ဒေါသကြီးသောသူ သည်၊ဆိုမင်းထွယ်သည်ဟု။ အဋ္ဌကထာဆိုချေသည်၊ ဥပမာအားဖြင့်၊ သူ တပါးကိုပစ်ခပ်ခြင်းငှါ လက်ဖြင့်ကိုင်၍ယူသောမစင်သည်၊မိမိကိုလက်ဦး လူး၏သို့။သူတပါးကား၊လူးသည်လည်းရှိ၏၊မလူးသည်လည်း ရှိကောင်း၏ ဟုမှတ်အပ်တော့သည်၊

ပညာသိမြင်၊ ပဏ္ဍိတ်ဝင်သော၊ ရဟန်းရှင်လူတို့သည်၊ အဆိပ်နှင့်ရော သော ကျင်ပုတ်သည်၊ အချင်းခဝ်သိမ်းစွန့်အပ်, စက်ဆုပ် အပ်ဘိသကဲ့သို့၊ သုံးဆောင်သောကာလ၊ အကျိုးပေးရာကာလတို့၌၊ စင်စစ်အနိဋ္ဌဖြစ်သော ကြောင့် ဒေါသသို့ အလိုမလိုက်၊ အချင်းခပ်သိမ်း စွန့်အပ်, စက်ဆုပ်အပ် သည်၏အဖြစ်ကို မှတ်အပ်, ထင်မြင်အပ်သဖြင့်၊ ပယ်ရှား ကြကုန်၏၊ ထို ကြောင့်၊ ပါဠိတော်တို့၌၊ ။ဒေါသောအတ္ထံနဇာနာတိ ဒေါသောဓမ္မံနပဿ တိ၊ ။စသည်ဖြင့်ဟောကြားတော်မူ၏၊ ။ဒေါသော၊ဒေါသတရားသည်၊ အတ္ထံ၊အကျိုးစီးပွါးရှိ,မရှိကို၊နဇာနာတိ၊မသိ၊ ဒေါသော၊ဒေါသတရားသည်၊ ဓမ္မံ၊တရားဟုတ်သည် မဟုတ်သည်ကို၊ နပဿတိ၊ မသိမမြင်၊ ။ဒေါသ နှင့်ပဋိဃအထူးကိုကား ဤသို့မှတ်အပ်၏၊ ။အားနည်းသောအမျက်သည်

ဒေါသမည်၏။ အားကြီးသော အမျက်သည် ပဋိဃမည်၏။ ။ထိလက္ခန် အဋ္ဌကထာအထွက်တည်း။

ကောဓနှင့်ဒေါသသည်၊ အဘယ်ကဲ့သို့ ထူးသနည်းဟူမူ၊ ။ရှေးဦးစွာ ဖြစ်သော အမျက်သည်-ကောဓမည်၏၊ နောက်အဘို့၌ ဖြစ်သော အမျက် သည် ဒေါသမည်၏။ ဤသို့အထူးကိုမှတ်အပ်တော့သည်။ ။ကင်္ခါဓာတ် အဋ္ဌကထာအထွက်တည်း။ ။ထိုဒေါသတရား ကောဓတရားကို ပညာရှိ တို့အား။ အားရှိသော ဗလတရားဟုမဆိုအပ်တုန်၊ သည်းခံခြင်းဟု ဆိုအပ် သော ခန္တီအားတို့သည်သာလျှင် အားမည်ကုန်၏ဟုမှတ်၊ထိုကြောင့်။ဘိသ ဓာတ်အဋ္ဌကထာ၌။ ။ပဏ္ဍိတာနာမခန္တိဗလာဘဝန္တိ၊နကောဓဗလာတိ၊ ။ ဟုဘွင့်ပြ၏။ ။ပဏ္ဍိတာနာမ၊ ပညာရှိတို့မည်သည်၊ ခန္တိဗလာ၊သည်းခံ ခြင်းခန္တီအားရှိကုန်သည်၊ဘဝန္တိ၊ဖြစ်ကုန်၏၊ ကောဓဗလာ၊ဒေါသအမျက် အားရှိကုန်သည်၊ နဘဝန္တိ၊ မဖြစ်ကုန်၊ ဣတိ၊ဤသို့၊ ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ ။ ဒေါသစေတသိက်ပြီးပြီ၊

---

## (၁၉၄) ဣဿာစေတသိက်ကိုပြဆိုခြင်း။

ဣဿာဟူသည်၊ ။ပရသမ္ပတ္တိံ ဣဿတီတိဣဿာ၊ ။ယထာဓမ္မဓာတ်၊ အကြွင်တရားသဘောသည်။ပရသမ္ပတ္တိံ၊ သူတပါးစည်းစိမ်ကို။ ဣဿတိ၊ ငြူစူတတ်၏။ဣတိတသ္မာ၊ထိုကြောင့်။သဒ္ဓမ္မဓာတ်၊သည်။ဣဿာ၊ဣဿာ မည်၏။ ။ထိုဣဿာသည်။သူတပါး၏ပြည့်ပြည့်စုံစုံနေသည်ကို ငြူစူခြင်း ဥဿူယနလက္ခဏာရှိ၏၊ဥပမာအားဖြင့်၊သိရိမာပြည့်တန်းဆာမနှင့်တူ၏။ ။ ထိုဣဿာတရားကို၊ လူဖြင့်၎င်း,ရဟန်းဖြင့်၎င်း,ပြအပ်၏၊ ပြယုဂ်ကား။ ။ အချို့လူတို့သည်။သူတပါးတို့၏စည်းစိမ်ဥစ္စာရွှေငွေရတနာတို့ကိုရသည် ကို မြင်လျှင်၊ထိုလာဘ်ဖြင့်မနှစ်သက်နိုင်၊ ဤသူသည်ဤစည်းစိမ်မှဆုတ်ယုတ်၍ အထီးကျန်သည်ဖြစ်ပါလတ္တံ့နည်းဟု၊ဣဿာတရားဖြစ်တတ်၏၊ ။အချို့ သောရဟန်းတို့မှာမူကား၊ ဣဿာနှိပ်စက်သော စိတ်ရှိသည်ဖြစ်၍၊ တပါး သော ရဟန်းတို့အား။အကြားအမြင်၊ ပရိယတ်စသည်တို့ကြောင့် ဖြစ်သော လာဘ်လာဘတို့ကိုမြင်၍၊ ဤရဟန်းသည် အဘယ်အခါ ကာလဝယ်၊ ဤ လာဘ်စသည်မှ၊ ယုတ်ပါလတ္တံ့နည်းဟု-ဣဿာတရားဖြစ်တတ်၏။ ။ထို ဣဿာတရားသည်။ တစုံတခုအကျိုးမရှိ၊မိမိစီးပွါးကိုသာဖျက်တတ် သည် ဖြစ်၍၊သူတော်သူမြတ်တို့သည် ယောနိသောရှေးထား၊ကောင်းမွန်သောမန

ဘိတရားဖြင့်၊ အမြဲမပြတ်၊အထပ်ထပ်-အခါခါ၊ နှလုံးထားရာတော့သည်၊ ထိုကြောင့်၊ ပညာရင့်သီး၊ ဖြည့်ဆရာတော် ဘုရားကြီးသည် ဤသို့သော ဩဝါဒကထာစကားဖြင့်။တပည့်သားတို့အားဟောကြားတော်မူ၏။

ဣဿာနုလဘိခါ ယောဂံ၊ ဟာဒယေ ဓလတိ-ဝ တော။
နေဝ ဝိန္ဒန္တိ ပါမောဇ္ဇံ၊ သမ္ဗုဒ္ဓါဒိပတိ သေဝိတံ၊ ။

ယောဂံ၊အကြြင်နှလုံးသွင်းမကောင်း။ ဣဿာကိုယ်တွင်း ဆောင်းသောသူဘို့၏။ဟာဒယေ၊နှလုံး၌။ဣဿာနုလဘိခါ၊ သူ့စည်းစိမ်ကိုငြူစူခြင်းလက္ခဏာရှိသောဣဿာဟူသောမီးလျှံသည်၊ ဓလတိဝ၊ထိန်ထိန်တောက်၏သို့ဖြစ်၏၊ တော၊ထိုဣဿာဟူသောကိုယ်တွင်းမီးလျှံကိုလက်ခံမှားသောသူတို့သည်၊သမ္ဗုဒ္ဓါဒိပတိ၊ ဘုရားပစ္စေကဗုဒ္ဓါ၊ အရိယာသူတော်ကောင်းတို့သည်၊ သေဝိတံ၊မှီဝဲသုံးဆောင်အပ်သော။ ပါမောဇ္ဇံ၊အဖို၊ နူးသောဝမ်းမြောက်ခြင်း တည်းဟူသောပါမောဇ္ဇမှုကိုလည်း၊နေဝ ဝိန္ဒန္တိ၊မရနိုင်သည်သာတည်း၊ ၊ အပိကား၊ဂျမာန်လုတ္တနိဒ္ဒိဋ္ဌတည်း၊ ထိုအပ်သဒ္ဒါဖြင့်၊ နူးသောဝမ်းမြောက်ခြင်းဟူသောပါမောဇ္ဇကိုမျှမရသေး၏ရှင့်၊ အားကြီးသောဝမ်းမြောက်ခြင်း တည်းဟူသောပီတိ၊ ကိုယ်စိတ်၏ ငြိမ်းခြင်း တည်းဟူသော ပဿဒ္ဓိစသည်တို့ကိုကား ဆိုဘွယ်မရှိ၊ မရသည်သာဟု၊ဂရုဟာမှုသတည်း၊ ၊ဤသို့ ဖြည့်ဆရာတော်ဘုရားကြီး ဆုံးမတော်မူသည်အတိုင်း၊ သတိ တရားထားသင့်တော့သည်၊ ၊ထိုအတူ၊ရှင်မဟာဗုဒ္ဓဃောသဆရာတော်သည်လည်း၊ ဘံယောဇနန္တိ ဒဠှဖွံ၊ ၊သံယောဇနန္တိ၊သံယောဇဉ်ကြိုးတစင်းဟူ၍။ဒဠှဖွံ၊ မှတ်အပ်၏။ ၊ဤသို့မိန့်ပြတော်မူ၏။ ၊ဣဿာစေတသိက်ပြီးပြီ၊

---

## (၁၉၇) မစ္ဆရိယစေတသိက်ကိုပြဆိုခြင်း။

အတ္တနောသမ္ပတ္တိံ မစ္ဆရတိတိမစ္ဆရော၊ ၊ယောပုဂ္ဂလော၊အကြြင်ပုဂ္ဂိုလ်သည်၊အတ္တနော၊မိမိ၏။ သမ္ပတ္တိံ၊ပြည့်စုံသောစည်းစိမ်ကို၊ မစ္ဆရတိ၊ဝန်တိုတတ်၏။ဣတိတသ္မာ၊ထိုကြောင့်။သော၊သည်၊ မစ္ဆရော၊မည်၏။ ၊ပုဂ္ဂိုလ်ရ၏၊ ၊မစ္ဆေရဿ ဘာဝေါမစ္ဆရိယံ၊ ၊မစ္ဆေရဿ၊ဝန်တိုခြင်းရှိသောသူ၏၊ဘာဝေါ၊အဖြစ်တည်း၊ မစ္ဆရိယံ၊ ဝန်တိုခြင်းရှိသောသူ၏အဖြစ်၊ဝါ၊ မစ္ဆရိယမည်၏၊ ၊အျွတ္တတာဘာဝေတု-ဟူသောသုတ်ဖြင့်၊တုသဒ္ဒါဖြင့်၊ဣယပစ္စည်းသက်၊ ၊ဤမစ္ဆရိယသည်၊ ရပြီးသည်လည်းဖြစ်သော၊ ရဆဲသတ္တံ့

မှုသည်းဖြစ်ကုန်သော မိမိ၏စည်းစိမ်တို့ကို၊ လျှို့ဝှက်ခြင်းလက္ခဏာရှိ၏၊ ။ ဥပမာအားဖြင့်၊ဥဘာတောပဒုဋ္ဌဇာတ်၌ တင်ပါသည်လင်မယားနှင့်တူ၏၊ ။ ထိုမစ္ဆရိယသည်၊အာဝါသမစ္ဆရိယ၊ကုလမစ္ဆရိယ၊လာဘမစ္ဆရိယ၊ဝဏ္ဏမစ္ဆရိယ၊ဓမ္မမစ္ဆရိယအားဖြင့်၊ငါးပါးအပြားရှိ၏၊ထိုငါးပါးတို့တွင်၊အရာမ်တွင်း၌ဖြစ်စေ၊ပရိဝုဏ်ကျောင်း၌ဖြစ်စေ၊ ညဉ့်အတို့နေရာအရပ်၊နေ့သန့်ရာအရပ်ဖြစ်စေ၊သီလရှိသောရဟန်းတို့၏ လာရောက်ခြင်းကိုအလိုမရှိ၊ လာသော်လည်းလျင်စွာသွားပါစေသတည်း။ ဤသို့ဝန်တိုခြင်းသည် အာဝါသမစ္ဆရိယမည်၏။ငြင်းခုံခိုက်ရန်စသည့်ကိုပြုတတ်သောရဟန်းဆိုးစသည်တို့၏ နေခြင်းကိုအလိုမရှိသောရဟန်းအား၊အာဝါသမစ္ဆရိယမဖြစ်၊ ။နိဂ္ဂေပကထာအဋ္ဌကထာ၌၊ ။ဘဏ္ဍနကာရကာဒိနံပနတတ္ထဝါသံအနိစ္ဆတော အာဝါသမစ္ဆရိယံနဟောတိ၊ ။ဟုဘွင့်ပြ၏၊ ။ပန၊ဗျတ်ရိုက်ကိုဆိုဦးအံ့။ဘဏ္ဍနကာရကာဒီနံ၊ ငြင်းခုန်ခြင်းကိုပြုတတ်သော-ရဟန်းဆိုးစသည့်တို့၏၊ တတ္ထ၊ ထိုအာဝါသ၌၊ ဝါသံ၊နေခြင်းကို၊အနိစ္ဆတော၊ အလိုမရှိသောရဟန်းအား၊ အာဝါသမစ္ဆရိယံ၊အာဝါသမစ္ဆရိယသည်၊နဟောတိ၊မဖြစ်၊

အလုပ်အကျွေးဖြစ်သောအမျိုး၊ အဆွေတော်သော အမျိုးတို့နှင့် ထပါးသောရဟန်းတို့၏ ကပ်ခြင်းကို အလိုမရှိသောရဟန်း၏ အဖြစ်သည်၊ကုလမစ္ဆရိယမည်၏၊ ယုတ်မာသော ရဟန်းတို့၏ ကပ်ခြင်းကို အလိုမရှိသောရဟန်းအား ကုလမစ္ဆရိယမဖြစ်၊ထိုကြောင့်အဋ္ဌကထာ၌၊ ။ပါပပုဂ္ဂလဿ ပနဥပသင်္ကမနံအနိစ္ဆတောကုလမစ္ဆရိယံနဟောတိ၊ ။ဟုဘွင့်ပြ၏၊ ။ ပန၊ဗျတ်ရိုက်ကိုဆိုဦးအံ့၊ပါပပုဂ္ဂလဿ၊ယုတ်မာသောအလဇ္ဇီရဟန်း၏၊ဥပသင်္ကမနံ၊ကပ်ခြင်းကို၊ အနိစ္ဆတော၊အလိုမရှိသောရဟန်းအား၊ ကုလမစ္ဆရိယံ၊ကုလမစ္ဆရိယသည်၊နဟောတိ၊မဖြစ်၊

ပစ္စည်းလေးပါးကို ရခြင်းဟု ဆိုအပ်သော ထိုလာဘ်ကို၊ ထပါးသော သီလရှိသောရဟန်းသည်၊ မရပါစေသတည်း၊ ဤသို့ကြံသောရဟန်းအား၊ လာဘမစ္ဆရိယဖြစ်၏၊ ။အကြင်ရဟန်းသည်၊သဒ္ဓါ၍လှူအပ်သောပစ္စည်းတို့ကိုဖျက်ဆီးတတ်၏၊ မသုံးဆောင်ခြင်း၊မကောင်းသဖြင့် သုံးဆောင်ခြင်းစသည့်တို့၏အစွမ်းအားဖြင့် ဖျက်ဆီးတတ်၏၊ဝုပ်သိုးသည့်အဖြစ်သို့ရောက်သော်လည်း၊သူတပါးအားမပေးတတ်၊ ထိုကဲ့သို့သောရဟန်းဆိုးကိုမြင်၍၊ ဤရဟန်းသည်၊ဤလာဘ်ကိုမရပါစေသတည်း၊ တပါးသော သီလရှိသော ရဟန်းတို့သည်၊ ရပါစေသတည်း-ဟု ကြံသော သူအား မစ္ဆရိယ မဖြစ်ဟုမှတ်၊

ကိုယ်၏ကျေးဇူး၊ ဂုဏ်၏ကျေးဇူးရှိသောသူတပါးကိုချီးမွမ်း၍ ပြောဆို
သောအခါ၌၊အဘယ်သို့သောအဆင်း၊ အဘယ်သို့သောဂုဏ်ရှိအံ့နည်း-ဟု
စသည်ဖြင့်၊အပြစ်တင်၍ဝန်တိုခြင်းသည်၊ဝဏ္ဏမစ္ဆရိယမည်၏။

အကြင်ပုဂ္ဂိုလ်သည်။မိမိသည်သိအပ်သော၊ ရှုဂုဏ်အာဝသောပါဠိတော်
ကျမ်းဂန်၊အဋ္ဌကထာအစဉ်ကို၊သူတပါးတို့အား မသိစေလိုခြင်းသည်၊ ဓမ္မ
မစ္ဆရိယမည်၏။ ။အကြင်သူသည်။လျှပ်ပေါ်၏၊ ရံခါရဟန်း၊ ရံခါပုဏ္ဏား
သည်ဖြစ်၏၊ ထိုသို့ ဖြစ်ရကား။ ဤငယုတ်မာသည်၊ နူးညံ့သော၊ သိမ်မွေ့
သော၊ထုသိုထိစသော တရားအထူးကိုဖျက်၍။ နှောင့်ရှက်လတ္တံ့၊ ဤသို့
ပုဂ္ဂိုလ်ကိုရှုစမ်း၍။ဓမ္မကိုချီးမြှောက်သဖြင့် မပေးမူ၍ နေသောသူအား ဓမ္မ
မစ္ဆရိယမဖြစ်ဟုမှတ်။ ။ဤတရားတော်သည်၊သိမ်မွေ့နူးညံ့၏၊ဤပုဂ္ဂိုလ်
သည်၊အကယ်၍ သင်ယူပြီးအံ့၊ မိမိကိုယ်ကိုထင်ရှားပြု၍။ ပျက်စီးလတ္တံ့၊
ဤသို့ကြံ၍သော်လည်းတရားတော်ကိုရှုစမ်း၍ ပုဂ္ဂိုလ်ကိုချီးမြှောက်သော
အားဖြင့် မပေးမူ၍နေသောသူအား ဓမ္မမစ္ဆရိယမဖြစ်ဟုမှတ်၊ ထိုကြောင့်၊
သုတ်ပါထေယျအဋ္ဌကထာ၊ နိဒ္ဒေသပကာသနီအဋ္ဌကထာ၊ သင်္ဂီတိသုတ်ဋီကာ
တို့၌၊ ။အယံ ဓမ္မံ ဥဂ္ဂဟေတွာ အညထာ အတ္ထံ ဝိပရိဝတ္တေတွာ နသေ
ဿတီတိ ဓမ္မာနုဂ္ဂဟေန န ဒေတိ၊ အယံ ဓမ္မံ ဥဂ္ဂဟေတွာ ဥန္နတော ဥန္နဠော
အဝူပသန္တစိတ္တော အပုညံ ပသဝိဿတီတိ ပုဂ္ဂလာနုဂ္ဂဟေန န ဒေတိ၊ နတံ
အဒါနံ မစ္ဆရိယံ၊မစ္ဆရိယလက္ခဏဿေဝ အဘာဝတော၊ ။ဟုဖွင့်ပြ၏၊ ။
အယံ၊ဤပုဂ္ဂိုလ်သည်။ဓမ္မံ၊ဤတရားကို၊ ဥဂ္ဂဟေတွာ၊သင်၍၊ အညထာ၊
တပါးသောအခြင်းအရာအားဖြင့်၊အတ္ထံ၊အနက်ကို၊ဝိပရိဝတ္တေတွာ၊ဖောက်
ပြန်စေ၍၊နသေဿတိ၊ပျက်စီးစေလတ္တံ့၊ဣတိ၊ဤသို့၊ဓမ္မာနုဂ္ဂဟေန၊တရား
တော်ကိုချီးမြှောက်သဖြင့်၊ န ဒေတိ၊မပေး၊ အယံ၊ ဤပုဂ္ဂိုလ်သည်၊ ဓမ္မံ၊
ဤတရားကို၊ဥဂ္ဂဟေတွာ၊သင်၍၊ဥန္နတော ဥန္နဠော၊အဝူပသန္တစိတ္တော၊မငြိမ်
သက်သောစိတ်ရှိသည်ဖြစ်၍။အပုညံ၊မကောင်းမှုကို၊ ပသဝိဿတိ၊ ပွါးစေ
လတ္တံ့၊ဣတိ၊ဤသို့၊ ပုဂ္ဂလာနုဂ္ဂဟေန၊ ပုဂ္ဂိုလ်ကိုချီးမြှောက်သဖြင့်၊ န ဒေတိ၊
မပေး။တံအဒါနံ၊ထိုသို့မပေးခြင်းသည်၊နမစ္ဆရိယံ၊မစ္ဆရိယမဟုတ်။ကသ္မာ၊
အဘယ့်ကြောင့်နည်းဟူမူကား။မစ္ဆရိယလက္ခဏဿဝ၊ မစ္ဆရိယလက္ခဏာ
၏သာလျှင်၊အဘာဝတော၊မရှိခြင်းကြောင့်တည်း။

ထိုမစ္ဆေရငါးပါး၏၊ အကျိုးအပြစ်ကိုပြပေဦးအံ့၊ ။ထိုမစ္ဆေရငါးပါး
တို့တွင်။ အာဝါသမစ္ဆရိယကြောင့်။ ဘီလူး၊ပြိတ္တာဖြစ်၍၊ ထိုကျောင်းအရပ်
သာဝါသ၌ တမြက်ချေး တို့ကို ဦးခေါင်းဖြင့် ရွက်၍၊ လှည့်လည်ရတော့

သည်၊ ။ကုလမစ္ဆရိယကြောင့်။ ခံတွင်းမှသွေးသည် အန်ထွက်၍။ ဝမ်းသွေးကျသည်လည်းဖြစ်၍၊ အူတို့သည် အပိုင်းအပိုင်း အထုံးအထုံးဖြစ်၍။ ထွက်ကုန်၏။ ။လာဘမစ္ဆရိယကြောင့်၊ စပါးကြီးမြွေ ဖြစ်တတ်၏။ ။ ဤသို့မှတ်၊တနည်းအားဖြင့်သော်ကား၊ဤသို့မှတ်အပ်သေး၏။

အာဝါသေန လောဟဂေဟော၊ ကုလေန ဂူထနိရယော၊
လာဘေန အပ္ပလာဘော ဝ၊ ဝဏ္ဏေနတု အဝဏ္ဏကော၊
ဓမ္မာ တုက္ကုဠနိရယော၊ ပဉ္စတေ ဝိညုဝဏ္ဏရေ။ ။

အဋ္ဌသာလိနီရစနာဂါထာ။ ။အာဝါသေန၊အာဝါသမစ္ဆရိယကြောင့်၊ လောဟဂေဟော၊သံအိမ်ငရဲ၌၊ပစ္စတေ၊ကျက်ရတတ်ချေ၏။ ကုလေန၊ကုလမစ္ဆရိယကြောင့်။ဂူထနိရယော၊ဘင်ပုတ်ငရဲ၌၊ပစ္စတေ၊ ကျက်ရတတ်ချေ၏။ လာဘေန၊လာဘမစ္ဆေရကြောင့်၊အပ္ပလာဘော ဝ၊နည်းသောလာဘ်ရှိသည်။ ဟောတိ၊ဖြစ်၏၊ဝဏ္ဏေန၊ဝဏ္ဏမစ္ဆရိယကြောင့်၊ အဝဏ္ဏကော၊အဆင်းမလှသည်။ဟောတိ၊၏၊ဓမ္မာ၊ဓမ္မမစ္ဆေရကြောင့်၊ကုက္ကုဠနိရယော၊ပြာပူငရဲ၌၊ ပစ္စတေ၊ကျက်ရ၏၊ ဣတိ၊ဤသို့၊ ဝဇ္ဇံ၊အပြစ်ကို၊ ဝိဒူ၊ မြင်ကြ၍။ ဝိညူ၊ပညာရှိသည်၊တံ၊မစ္ဆေရံ၊ထိုမစ္ဆေရတရားကို၊ဝဇ္ဇရေ၊ကြဉ်ရှောင်ရာ၏။

တနည်းအားဖြင့်၊ထိုမစ္ဆရိယသည်။မုဒုမစ္ဆရိယ–ထဒ္ဓမစ္ဆရိယအားဖြင့် ၂–ပါးရှိ၏။ ထို ၂–ပါးတို့တွင်၊ ဤစည်းစိမ်သည်၊ ငါ့အားသာလျှင် ဖြစ်စေ၊ သူတပါးအားမဖြစ်စေလင့်။ဤသို့အထုံးဖုံလည်းဖြစ်ကုန်သော စည်းစိမ်တို့၌ ဖြန့်နှံ့စေခြင်းငှါအလိုမရှိသောသူ၏ အဖြစ်သည်၊ နူနူ့ဝန်တိုခြင်းဟု ဆိုအပ်သောမုဒုမစ္ဆရိယမည်၏၊အကြင်ပုဂ္ဂိုလ်သည်၊သူတပါးတို့အားပေးလှူသော အလှူကိုလည်း၊မပေးလှူအောင်မြစ်တတ်၏၊ ထိုပုဂ္ဂိုလ်၏အဖြစ်သည်၊ ကြမ်းကြမ်းဝန်တိုခြင်းဟု ဆိုအပ်သော ထဒ္ဓမစ္ဆရိယ မည်၏၊ ။နိဂ္ဂဏ္ဍိပကာသ အဋ္ဌကထာ အထွက်တည်း၊ ။ထိုမစ္ဆေရ တရားကို၊ မကောင်းသော အခြင်း အရာသို့ ရောက်စေ, ဖြစ်စေတတ်သော စိတ်၏ ဘောက်ပြန်သော အဖြစ်တည်းဟုမှတ်အပ်၏၊ထိုကြောင့်၊အဋ္ဌကထာ၌၊ ။စေတသော ဝိရူပဘာဝေါတိဒဋ္ဌဗ္ဗံ။ ။ဟုဘွင့်ပြ၏၊ ။စေတသော၊စိတ်၏။ ဝိရူပဘာဝေါ၊ ဘောက်ပြန်သောအဖြစ်တည်း။ဣတိ၊ဤသို့၊ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏၊ ။မစ္ဆရိယစေတသိက်ပြီးပြီ၊

## (၁၉၈) ကုက္ကုစ္စစေတသိက်ကိုပြဆိုခြင်း၊

ကုက္ကုစ္စ ဟူသည်၊ ၊ကုစ္ဆိတံ ကတန္တိ ကုကတံ၊ ၊ကုစ္ဆိတံ၊ရွံရှာစက်ဆုပ်အပ်သော၊ကတံ၊ဒုစ္စရိုက်,သုစရိုက်အမှုတည်း၊ဣတိ၊ကြောင့်၊ ကုကတံ၊ ကုကတမည်၏။ ၊အမှုကိစ္စကိုရ၏၊ ၊ကုကတဿဘာဝေါကုက္ကုစ္စံ၊ ။ ကုကတဿ၊ ရွံရှာစက်ဆုပ် အပ်သော ဒုစရိုက်–သုစရိုက် အမှုကို အာရုံပြု၍ ဖြစ်သော နှလုံးမသာယာသော စိတ္တုပ္ပါဒ်၏၊ ဘာဝေါ၊ အဖြစ်သည်၊ ကုက္ကုစ္စံ၊ကုက္ကုစ္စ မည်၏၊ ၊ဤ၀စနတ္ထ၏ အဓိပ္ပါယ် သော်ကား၊ ၊ပြုမိလွန်ကျူးသော ဒုစရိုက်။ ။မပြုမကျင့် မိသော သုစရိုက်အမှုသည်၊ ရွံရှာစက်ဆုပ်အပ်သောကြောင့်၊ ကုကတမည်ရင်းသာတည်း၊ ထိုအမှုကိုအာရုံပြု၍၊သူတော်ကောင်းတို့၊ စက်ဆုပ်ရွံရှာဘွယ်၊ အပါယ်လားကြောင်း၊ ဤသည့်ဤသည့်မကောင်းမှုဒုစရိုက်ကို၊ငါပြုမိလေသည်၊ ခက်စွဟုနှလုံးမသာယာသောစိတ္တုပ္ပါဒ်၊နတ်ရွာနိဗ္ဗာန်ဟုဆိုအပ်သော သဂ္ဂမောက္ခကို ရခြင်း၏အကြောင်း၊ ကောင်းမြတ်သော၊ ဤသည့်ဤသည့်သုစရိုက်တရားကို၊ မပြုမကျင့်မိလေ၊ ငါ့အားသေခါနီးအခါ၊ အဘိဇ္ဈာ၊တာဏ၊ လေဏ–ပရာယနဖြစ်သောတစိုးတစိသောသုစရိုက်တရားမရှိသည့်ကားခက်စွ၊ငါ့ကိုယ်ဟု–နှလုံးမသာယာသောစိတ္တုပ္ပါဒ်သည်လည်း ပထဝီကသိုဏ်းလျှင် အာရုံရှိသောဈာန်သည်၊ ပထဝီကသိုဏ်း မည်သကဲ့သို့၊ ကာရဏူပစာရ နည်းအားဖြင့် ကုကတမည်သတည်း၊ထိုကုကတမည်သောနှလုံးမသာယာသော စိတ္တုပ္ပါဒ်၏အဖြစ်ဟူသောသတ္တိကြောင့်သဒ္ဒပဝတ္တိနိမိတ်ဖြစ်သောကုက္ကုစ္စစေတသိက်သည်၊ကုက္ကုစ္စမည်၏ဟူ၍ မှတ်အပ်တော့သည်၊ ထိုကြောင့် မဟာနိဒ္ဒေသပါဠိတော်၌၊ ၊ကတောမေ ပါဏာတိ ပါတော၊ အကတာမေ ပါဏာတိပါတာဝေရမဏီတိဥပ္ပဇ္ဇတိ ကုက္ကုစ္စံ၊စေတသောဝိပ္ပဋိသာရော၊မနောဝိလေခေါ၊ ၊ဟုဘွင့်ပြ၏၊ ။မေ၊ငါသည်။ပါဏာတိပါတော၊သူ၏အသက်ကိုလျှင်စွာချခြင်းကို၊ ကတော၊ ပြုအပ်ပြီ၊ မေ၊ငါသည်၊ ပါဏာတိပါတာ၊ သူ့အသက်ကိုလျှင်စွာချခြင်းမှ၊ ဝေရမဏီ၊ ကြဉ်ခြင်းကို၊ အကတာ၊ မပြုမိ၊ ဣတိ၊ဤသို့၊ကုက္ကုစ္စံ၊နောက်၌ အဘန်တလဲလဲပူပန်ခြင်းသည်၊ဥပ္ပဇ္ဇတိ၊ဖြစ်၏၊ စေတသော၊စိတ်၏၊ ဝိပ္ပဋိသာရော၊ နှလုံးမသာယာခြင်းသည်၊ မနောဝိလေခေါ၊နှလုံး၌ရေးခြစ်ခြင်းသည်၊ဥပ္ပဇ္ဇတိ၊ဖြစ်၏၊

ဤအရာဝယ်၊ စောဒနာဝင်ဘွယ်ကား၊ မပြုမိသေးသော သုစရိုက်အမှုသည်၊ မပြုသေးဘဲလျက်၊ အဘယ့်ကြောင့်၊ ကုကတ မည်လေသနည်း ဟူမူ

ကား၊ လောကနှင့်သူတော်တို့တွင်၊ ပြုအပ်ပြုသင့်သော ကောင်းမှုကို၊ မပြုမိသောသူတို့သည်၊ တာထ-လေထ-ပရောဟထဖြစ်သော ကောင်းမှုကို ငါ မပြုမိပါ၊ စက်ဆုပ်ဘွယ်အမှုဖြစ်ခဲ့၏တကားဟု၊ ပြုသင့်ကျင့်သင့်လျက်၊ မပြုမိမကျင့်မိသော ကောင်းမှုကို၊ စက်ဆုပ်ဘွယ်အမှုဟု ခေါ်ဝေါ်ကြရကား၊ လောက ဝေါဟာရ အားလျော်စွာ၊ နှစ်,လ,နေ့ရက်ထွန်၍ မပြုမိ,မကျင့်မိသောသုစရိုက် အမှုသည်လည်း၊ ကုက္ကုစ္စ မည်လေသတည်း၊ ။လောက ဝေါဟာရဝိသယောသဗ္ဗေါ၊ နေကဥ္စ ပရမတ္ထတော၊ ။ဟူသောသဒ္ဒါကျမ်း များ၏ပရိဘာသာနှင့်အညီ၊ သဒ္ဒါဟူက၊ လောကဝေါဟာရ အရောသာ ဟူ သတည်း၊ ထိုကုက္ကုစ္စသည်နောက်၌အဘန်တလဲလဲပူပန်စေခြင်းနှိပ်စက်ခြင်း ညှဉ်းဆဲခြင်းပစ္ဆာနုတာပလက္ခဏာရှိ၏၊ ထိုကြောင့်၊ အဋ္ဌကထာ၌၊ ။ထံ ပနေတံပစ္ဆာနုတာပလက္ခဏံ၊ ။ဟုဘွင့်ပြ၏၊ ။ထံပနေတံကုက္ကုစ္စံ၊ ထိုကုက္ကုစ္စ စေတသိက်သည်ကား၊ ပစ္ဆာနုတာပလက္ခဏံ၊ နောင်၌အဘန်တလဲလဲ ပူပန် ခြင်းလက္ခဏာရှိ၏၊ ။ဤသို့အဋ္ဌကထာဆရာပြသောပစ္ဆာနုတာပလက္ခဏံ၊ ဟူသောပါဌ်ဖြင့်၊ ကုက္ကုစ္စစေတသိက်သည်၊ အတိဘ်ကို အာရုံပြုသည်ဟု မှတ်အပ်တော့သည်၊ ဥပမာအားဖြင့် ကုက္ကုစ္စသည် ကျွန်နှင့်တူ၏ဟုမှတ်၊ ထိုကြောင့် အဋ္ဌကထာ၌၊ ။ဒါသဗျသနံ ဒဋ္ဌဗ္ဗံ၊ ။ဟုဘွင့်ပြ၏၊ ။ဒါသဗျ ဝိယ၊ ကျွန်၏အဖြစ်ကဲ့သို့၊ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏၊ ။ဒါသဿဘာဝေါဒါသဗျံဟု ဝစနတ္ထပြုသောအနက်၌ ဗျပစ္စည်းသာတည်း၊ ။ကျွန်နှင့်တူဟန်ကား၊ ။ မိမိကိုယ်ကို အပိုးမရသောကျွန်သည်၊ အပိုးရသူအရှင်ကသည်၊ ဤအမှုကို မပြုလင့်၊ ဤအမှုကိုပြုဟူ၍၊ မြစ်တားဆုံးမလျက်၊ မြစ်သည့်အရာကိုပြုမိ၍၊ ငါသည်အရှင်မြစ်တားသည်အမှုကိုပြုမိ၏၊ ခွင့်ပြုသည်ကိုမပြုမိဟု နောက်၌ အဘန်တလဲလဲ ပူပန်ခြင်းဖြစ်သကဲ့သို့၊ ထိုအတူ၊ ငါသည် မြတ်စွာဘုရား မြစ်တားတော်မူသည့်အရာကိုပြုမိ၏၊ ခွင့်ပြုတော်မူသည့် အရာကို မပြုမိဟု နောက်၌-အဘန်တလဲလဲပူပန်ခြင်းဖြစ်တော့သည်ဟုမှတ်လေ၊

ဤအရာ၌အနုဝယ်၊ လယ်တီဆရာတော်ဘုရားသည်၊ ။ဤသို့ရေးသား တော်မူ၏၊ ။ပြုအပ်ပြီးသောဒုစရိုက်အမှု၊ မပြုကျင့်မိသော သုစရိုက်အမှု သည်၊ ကုက္ကုစ္စမည်၏ဟု ဆိုသော ဋီကာကျော်ဆရာ၏စကားသည် မသင့်၊ ၎င်းသုစရိုက် ဒုစ္စရိုက်အမှုကိုအာရုံပြု၍နှလုံးမသာယာသော စိတ္တုပ္ပါဒ်သည် သာလျှင်ကုက္ကုစ္စမည့်၏၊ ၎င်းကုက္ကုစ္စဟုဆိုအပ်သော ဝိပ္ပဋိသာရစိတ္တုပ္ပါဒ် ၏ဖြစ်ခြင်းအကြောင်းအဖြစ်သည်၊ ကုက္ကုစ္စမည့်၏ဟုရေးသားတော်မူ၏၊ ။ ဤသို့ရေးသားရာ၌၊ လယ်တီဆရာတော်သည်၊ ဋီကာကျော်၏ အဓိပ္ပါယ်ကို

ကား၊ကုန်အောင်မနိုက်မှု၍၊ ၎င်းဋီကာကို၊ တံ နယုဇ္ဇတိယေဝဟု ဖတ်ခတ်
လိုက်ခြင်းသည်၊ဓိဓိဉာဏ်ကိုမချင့်။ဋီကာကျော်ဆရာ၏ပညာကိုလည်း မရှိ
လင့်ဖြစ်သောအမှုအရာစကား မသင့်ခြင်းသာဖြစ်တော့သည်ဟုမှတ်၊ ။ဋီ
ကာကျော်ဆရာတော်ကားပြုမိသောနုစရိုက်၊မပြုမိမကျင့်မိသော သုစရိုက်
သည် ပညာရှိတို့သည်စက်ဆုပ်အပ်သောကြောင့်၊ကုကတမည်၏၊ ၎င်းကု
ကတအမှုကိုအာရုံပြု၍ဖြစ်သော နှလုံးမသာယာသော ဝိပ္ပဋိသာရစိတ္တုပ္ပါဒ်
သည်ကား၊ ကာရဏူပစာရနည်းအားဖြင့် ကုကတမည်၏ဟုမှတ်အပ်သည်
ဖြစ်၍၊ ကုကတသဘာဝေါကုက္ကုစ္စံဟု-ဘာဝတဒ္ဓိတ်ဆင့်၍၊ ပြလေတော့
သည်၊ထိုသို့ဖြစ်၍ ပရမတ္ထဒီပနီဆရာဖြစ်သော လယ်တီ၏စကားကို မမှတ်
သားအပ်၊ ။ထိုကြောင့်။ ငါဆရာရေးသားသောအဘိဓမ္မတ္ထအနုဝဏ္ဏနာဋီ
ကာသစ်၌၊ ႑ ။ဧတ္ထစဝိဘာဝနိယံပနကုစ္ဆိတံကတံ ကုကတံကတာကတ
နုစ္စရိတသုစရိတံ ယံဝုတ္တံ၊တံနယုဇ္ဇတိယေဝါတိပရမတ္ထဒီပနိယံဝဏ္ဏိတံ။
တမ္ပိနုဝဏ္ဏိတံ။ ဋီကာစရိယေန အဓ္ဓကထာနယံ အာနေတွာ မချနယေနဝါ
ကာရဏူပစာရနယေနဝါတသာကိစ္စဝေဝတနုပါယဝိပ္ပဋိသာရစိတ္တုပ္ပါဒ
ကုကတံ ဝဏ္ဏိတတ္တာ။ ။ဟုဘွင့်ပြ၏။ ။ဧ၊ဆက်၍ဆိုလိုက်ဦးအံ့၊ဧတ္ထ၊
၌နေရာ၌။ ဝိဘာဝနိယံပန၊ ဋီကာကျော်၌ကား။ ကုစ္ဆိတံကတံ ကုကတံ၊
ကတာကတနုစ္စရိတ သုစရိတံ၊ဟူ၍။ယံဝစနံ၊အကြင်စကားကို။ဝုတ္တံ၊မိန့်
အပ်၏၊တံ၊ထိုစကားသည်၊နယုဇ္ဇတိယေဝ၊မသင့်သည်သာလျှင်တည်း၊ ဣ
တိ၊ ဤသို့၊ပရမတ္ထဒီပနိယံ၊ ပရမတ္ထဒီပနီမည်သောလယ်တီဋီကာ၌၊ဝဏ္ဏိတံ၊
ဘွင့်ဆို အပ်၏။ တံပိ၊ ထိုဘွင့်ဆို အပ်သော စကားသည်လည်း။ နုဝဏ္ဏိတံ၊
မကောင်းသဖြင့် ဘွင့်ဆိုအပ်သောစကားတည်း၊ကသ္မာ၊အဘယ့်ကြောင့် ဟူမူ
ကား၊ဋီကာစရိယေန၊ဋီကာကျော်ဆရာသည်၊အဋ္ဌကထာနယံ၊အဋ္ဌကထာ
မှလာရှိသောနည်းကို၊ အာနေတွာ၊ဆောင်၍၊ မချနယေနဝါ၊ မချနည်းဖြင့်
၎င်း၊ကာရဏူပစာရနယေနဝါ၊ကာရဏူပစာနည်းအားဖြင့်၎င်း၊ တဿ၊ထို
ကုက္ကုစ္စ၏၊ကိစ္စဝေဝ၊ကိစ္စကို၎င်း။ တဒုပါယဝိပ္ပဋိသာရစိတ္တုပ္ပါဒဥ္စ၊ထိုကိစ္စ
လျှင် အကြောင်းရှိသော နှလုံးမသာယာသောစိတ္တုပ္ပါဒ်ကို၎င်း၊ ကုကတန္တိ၊
ကုကတဟူ၍၊ ဝဏ္ဏိတတ္တာ၊ ဘွင့်ဆိုအပ်သည့်၏ အဖြစ်ကြောင့်တည်း၊ ။
ဤသျှင်ဆရာရေးသောဋီကာနှင့်။ လယ်တီဋီကာ တိုက်ခတ်းတရပ်။အပြီး
သတ်ပြန်ပြီ၊

ဤကုက္ကုစ္စစေတသိက်၌ပြုအပ်ပြီးသောဒုစ္စရိုက်၊ မပြုကျင့်မိသော သုစ
ရိုက်ကိုသာအာရုံပြု၍၊ နှလုံးမသာယာခြင်း၊ နောင်တ-တဘန် ပူပန်ခြင်းကို

သာ။ကုသလ္ပူ ဟူ၍။ကေ နိဿိတသတ္တ မှတ်အပ်ကြောင်းကို၊ ထိုထိုပါဠိတော် အဋ္ဌကထာ၊ ဋီကာတို့၌။ ပြဆိုတော်မူသည်၊ ။ထိုမှတပါးသော ပြုအပ်ပြီး သောကောင်းမှုရှိသောသူသည်၊ဂါကားသုစရိုက်ကိုပြုမိလေခြင်းဟူ၍ဝင်း။ မပြုအပ်သော မကောင်းမှုရှိသော သူသည် ဂါကား ဒုစရိုက်ကို မပြုမိလေ ခြင်းဟူ၍ဝင်း ဘောက်ပြန်ခြင်းသည်ကား။ကုသလ္ပမဟုတ်၊သညာဝိပ္ပလ္လာသ စသော လေးပါးသော ဝိပ္ပလ္လာသတို့တွင်၊ ဒိဋ္ဌိဝိပ္ပလ္လာသဟု မှတ်အပ်တော် သည်-ဟု။ကေတုမာလာဘိဓေ၊ နာမထင်ပေါ်။ တိုင်းလုံးကျော်သော။ စ လင်းဆရာတော်ဘုရားကြီးဆုံးဖြတ်တော်မူသည်။ ။ဝါနုတ္တမ နှံ့ဒဋ္ဌဖွံ့၊

မြို့ပြင်ကြီးဆရာတော်ဟု။ အခေါ်ခံသော၊ ဦးစန္ဒိမာ မထေရ်မြတ်သည် ကား။ဤသို့ဆုံးဖြတ်တော်မူ၏။ ဆုံးဖြတ်ဟန်ကား။ ။အချို့သော ဆရာတို့ လည်း။ ရှေးနည်းအဘိုးအဘိုးယှဉ်၍။ ကုကတ္တအဘိဓေယျတ္ထ ကုက္ကုစ္စ၏ အာရုံကို၊အတိတ်၌ အစွမ်းအားဖြင့်သာလျှင် ပြုအပ်ပြီးသောဒုစရိုက်၊ သုစ ရိုက်၊မပြုလိုက်ရမပြုလိုက်မိသော၊ ဒုစရိုက်၊သုစရိုက်ဟူ၍၊ လေးပါးပင်ယူ ကုန်၏၊ထိုသို့ယူခြင်းသည်မသင့်၊ အဘဲ့ကြောင့်ဟူမူ၊ ထိုထိုပါဠိတော်၊အဋ္ဌ ကထာ၊ဋီကာ၌၊ပြုအပ်ပြီးသောဒုစရိုက်၊မပြုမိသောသုစရိုက်ဟူ၍ ၂-ပါးကို သာလျှင်ဘွင့်ပြသော ကြောင့်တည်း၊ ။ထိုမှတပါးသော၊ ပြုအပ်ပြီးသော ဒါနထုသိုလ် သုစရိုက် အမှုကိုအာရုံပြု၍။ ပူပန်ခြင်းသည်ဝင်း။ မပြုလိုက်မိ သောပါဏာတိပါတ အကုသိုလ်ဒုစရိုက် အမှုကိုအာရုံပြု၍ ပူပန်ခြင်းသည် ဝင်း၊ကုက္ကုစ္စမဟုတ်၊မိမိဥစ္စာ ထုန်ခန်းခြင်းကို အာရုံပြု၍။ စိုးရိမ်ပူပန်သော တရားဟု ဆိုအပ်သောသောက- မိမိကိုယ်အားမြွေကိုက်ခြင်း စသောဗျသန ကိုသာ အာရုံပြု၍။ စိုးရိမ်ပူပန်သော တရားဟုဆိုအပ်သော သောက-ဟူ၍ သာ မှတ်အပ်၏။ သစ္စဝိဘင်းပါဠိတော်၌ လာသော၊ ။အညတရညတရေ န ဝါ နုက္ခဓမ္မေနသမန္နာဂတဿသောကော။ ။ဟူသောစကားကိုလည်း ထောက်၊ ။ကုက္ကုစ္စနှင့်သောကကား။တူယောင်ရိုးမှားထင်မှတ်တတ်သည်၊ စသည်ဖြင့် ဆုံးဖြတ်တော်မူ၏။ ။ထိုဆရာတော်၏ စကားကို။ ရုံစမ်းခြင်း ဝိစာရဏာ၊ဝိမံသနအမှုကိုပြုအပ်တော့သည်။ ။ဝိမံသိတွာဂဟေတဗ္ဗံ။

ဤကုက္ကုစ္စ၏။လက္ခဏာပြရာ၊ဒုစရိတ–သုစရိတအနုဝယ်။ပါဏာတိပါ တစသော ဒုစရိုက် ဆယ်ပါးကိုသာ၊ ဒုစရိုက်အရ ဟူ၍ဝင်း၊ ပါဏာတိပါ တာဝေရမဏစသော သုစရိုက်ဆယ်ပါးကိုသာ၊ သုစရိတအရ၊ သုစရိုက် ဟူ၍ဝင်း၊မယူအပ်၊ မမှတ်အပ်သေး၊ ထိုမှတပါးသော မိစ္ဆာအယူရှိသော ပုဂ္ဂိုလ်တို့သည်၊ အမျိုးအကျင့်အားလျော်စွာ၊ စေတီတော်အား ရှိခိုးခြင်းစ

သော မကောင်းမှုကို ပြုခဲ့လျှင်၊ ၎င်းအမှုကို ဒုစ္စရိတ မှတ်ထင်၍ ငါသည်။ စေတီတော်အား ရှိခိုးခဲ့မိလေစွတကားဟု မှတ်ထင်ခြင်း၊ အဘန်ဘန်ပူပန်ခြင်းသည်၎င်း။ ပုတ်သင် အစရှိသောသတ္တဝါတို့ကို သတ်ခြင်းအစရှိသော အကျင့်ကိုမပြုခဲ့လျှင်၊ ၎င်းအမှုကို သုစရိတ မှတ်ထင်၍၊ ငါသည်–ပုတ်သင် စသောကောင်းသောအမှုကိုမပြုမိခဲ့လေစွတကားဟုမှတ်ထင်ခြင်း၊ အဘန်ဘန်ပူပန်ခြင်းသည်၎င်း။ ကုက္ကုစ္စဖြစ်၏ဟု မှတ်သင့်တော့သည်၊ ထိုနည်းအတူ–သမ္မာအယူရှိသော ပုဂ္ဂိုလ်သည်၊ အယူဘောက်ပြန်သောအခါ၌၎င်း။ မိစ္ဆာအယူရှိသောပုဂ္ဂိုလ်သည်လည်း။ အယူဘောက်ပြန်သောအခါ၌၎င်း၊ ကုက္ကုစ္စဖြစ်သင့်၏။

အကျဉ်းရုပ်၊ စကားပုကား။ ။ဒုစရိုက်ဖြစ်စေ၊ သုစရိုက် ဖြစ်စေ၊ပြုအပ်ပြီးသောအမှုကို၊ဒုစရိုက်ထင်မှတ်လျှင်၊ ကုက္ကုစ္စဖြစ်၏။ဒုစရိုက်ဖြစ်စေ၊ သုစရိုက်ဖြစ်စေ၊ မပြုမိသောအမှုကို၊ သုစရိုက်ထင်မှတ်လျှင်။ ကုက္ကုစ္စဖြစ်၏။ ။ထိုကြောင့်၊နိက္ခေပကဏ္ဍ မူလဋီကာ၌။ ။အနုဝဇ္ဇဥ္စ ဘိက္ခုဒဿန စေတိယဝန္ဒနာဒိံ ဝဇ္ဇသညီ အကတ္တာကတ္တာစ ကောဓိအသဒ္ဓေါ ဝိပ္ပဋိသာရီ ဟောတိ။ ။ဟုဘွင့်ပြ၏။ ။အနုဝဇ္ဇဥ္စ၊ အပြစ်မရှိသည်လည်းဖြစ်သော၊ ဘိက္ခုဒဿန စေတိယဝန္ဒနာဒိံ၊ ရဟန်းတို့ကို ဖူးမြင်ခြင်း။ စေတီတော်ကို ရှိခိုးခြင်းအစရှိသည်ကို။ ဝဇ္ဇသညီ၊ အပြစ်ရှိ၏ဟု အမှတ်ရှိသည်ဖြစ်၍။ အကတ္တာစ၊ မပြုမူ၍၎င်း၊ ကတ္တာစ၊ ပြုပြီး၍၎င်း၊ ကောဓိ၊ အချို့သော၊ အသဒ္ဓေါ၊ သဒ္ဓါတရားမရှိသောပုဂ္ဂိုလ်သည်။ ဝိပ္ပဋိသာရီ၊ နှလုံးမသာယာခြင်းရှိသည်၊ ဟောတိ၊ ဖြစ်၏။ ။ဤသို့မူလဋီကာဆရာတော်ဖွင့်တော်မူအပ်သောကုက္ကုစ္စ ဝိနိစ္ဆယတည်း။ အလွန်တရာပင်။နက်နဲသော ဂူဠတ္ထ၊ နိပုဏတ္ထ၊ အဆိုအနှစ်ကို၊ ဉာဏ်တည်းဟူသော ယန္တရားဖြင့် ညှစ်ယူလျက်။ အဓိပ္ပါယ်ခဲစစ်ကို ပြလိုက်သည်။ ။ထိုကြောင့်။ရှေးဆရာတော် တို့သည်၊ ။မူလဋီ–ဓိပ္ပါယ် နက်။ကျမ်းကခက်ခဲ။ ။ဟု လင်္ကာကုံစပ်ဆိုတော်မူ၏။

ထိုကုက္ကုစ္စသည်။ ယာထာဝကုက္ကုစ္စ၊ အယာ ထာဝကုက္ကုစ္စ အားဖြင့် ၂–ပါးရှိ၏။ထို ၂–ပါးတို့တွင်။ရှေးအခါ၌ဝယ်၊မကောင်းမှု၌ကောင်းမှုဟုမှတ်ထင်၍ပြုပြီး၍၊နောက်အခါကာလသို့ကျရောက်မှ၊ငါသည်မကောင်းမှုကိုပြုမိလေစွတကားဟု၊နောက်တဘန်ပူပန်ခြင်းသည်၎င်း။ ရှေးအခါကာလဝယ် ကောင်းမှုကို၌၊ မကောင်းမှုဟု မှတ်ထင်ပြုပြီး၍ ၎င်းကောင်းမှုကို မပြုမူ၍ နောက်အခါကာလသို့ ကျရောက်မှ၊ ငါသည်ကောင်းမှုကို မပြုမိလေစွတကားဟုနောင်တဘန်ပူပန်ခြင်းသည်၎င်း၊ ယာထာဝကုက္ကုစ္စမည်၏။ အယာ

ထာဝကုက္ကုစ္စဟူသည်။ ရှေးအခါကာလဝယ်၊ ကောင်းမှုကံ၌။ ကောင်းမှုကံဟုမှတ်ထင်သည်ဖြစ်၍။ ၎င်းကောင်းမှုကံကိုပြု၍။ နောက်အခါကာလသို့ကျရောက်မှ၊ ငါသည်မကောင်းမှုကို ပြုမိလေစွတကားဟု။ နောင်တတန်ပူပန်ခြင်းသည်၎င်း။ ရှေးအခါကာလဝယ်၊ မကောင်းမှု၌၊ မကောင်းမှုကံဟုမှတ်ထင်သည်ဖြစ်၍၊ ၎င်းမကောင်းမှုကံကိုမပြုမူ၍၊ နောင်အခါကာလသို့ရောက်မှ၊ ကောင်းမှုကံကိုငါမပြုလေစွတကားဟု နောင်တတန်ပူပန်ခြင်းသည်၎င်း။ အယထာထာဝကုက္ကုစ္စမည်၏။ ၊ထိုကုက္ကုစ္စစေတသိက်သည်၊ မအပ်သည်၌ အပ်သည်ဟုအမှတ်ရှိသည်၏ အဖြစ်ကြောင့်၊ လွန်ကျူးခြင်းကိုပြုအပ်သည်ရှိသော်။ ဝတ္ထုကိုလွှမ်းမိုး၍ကျင့်ခြင်းပြီးသည် နောက်တဘန်ဖြစ်သောသတိရှိသည်ဖြစ်၍၊ ငါသည်မကောင်းသော အမှုကိုပြုမိလေစွတကားဟု အဘန်တလဲလဲပူပန်သော သူအားဖြစ်သည်ဟုမှတ်။ ၊အဋ္ဌသာလိနီ အဋ္ဌကထာ အထွက်တည်း၊

၎င်းထုက္ကုစ္စဘရားကို၊ မနောဝိလေခတရားဟု မှတ်သားအပ်၏၊ အဘဲ့ကြောင့်ဟူမူ။ ၎င်းကုက္ကုစ္စသည်၊ သတ္တဝါတို့၏ စိတ်ကို ပွတ်ဆောက်ဖျားသည်။ အွေခွက်ကိုရေးခြစ်၏သို့၊ ရေးခြစ်ဘတ်သည် ဖြစ်သောကြောင့်တည်း၊ ထိုသို့ဖြစ်ရကား၊ အဋ္ဌကထာ ဆရာသည်၊ ၊တသ္မာ မနောဝိလေခေါတိ ဝုတ္တံ၊ ၊ဟုဘွင့်ပြ၏၊ ၊တသ္မာ၊ထိုကြောင့်၊ မနောဝိလေခေါတိ၊မနောဝိလေခတရားဟူ၍၊ဝုတ္တံ၊မိန့်အပ်၏။ ၊ထိုမှတပါးသော ဝိနည်းဒေသနာလာသောဝိနယကုက္ကုစ္စဟူသည်။ ဤအမှုသည် အပ်ထိမ့်လော၊ မအပ်ထိမ့်လောဟု။ ဆုံးစမ်းဆင်ခြင်သော ဝိမံသနအခြင်းအရာအားဖြင့် ဖြစ်သော စိတ္တုပ္ပါဒ်သည်၊ ဝိနယကုက္ကုစ္စမည်၏။ ထိုကြောင့်၊ အဋ္ဌသာလိနီအဋ္ဌကထာ၏အဘွင့်ဖြစ်သော၊ နိက္ခေပကဏ္ဍမူလဋီကာ၌၊ ၊ကပ္ပတိနုကပ္ပတီတိပဝတ္တစိတ္တုပ္ပါဒေါဝိနယကုက္ကုစ္စံ၊ ၊ဟုဘွင့်ပြ၏။ ၊ကပ္ပတိ၊အပ်ထိမ့်လော၊ ၊နုကပ္ပတိ၊ မအပ်ထိမ့်လော၊ဣတိ၊ဤသို့။ ပဝတ္တစိတ္တုပ္ပါဒေါ၊ဖြစ်သောစိတ္တုပ္ပါဒ်သည်သာလျှင်။ ဝိနယကုက္ကုစ္စံ၊ဝိနယကုက္ကုစ္စမည်၏။

၎င်းကုက္ကုစ္စသည်၊ဆုံးစမဲသော ဝိမံသနအားဖြင့်ဖြစ်သော ကုသိုလ်ကြိယာစိတ္တုပ္ပါဒ်သာတည်း။ အကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်သော ကုက္ကုစ္စမဟုတ်ဟု ဗျတိရေက အဓိပ္ပါယ်ကို မှတ်အပ်တော့သည်၊ ထိုကြောင့် မရုဋီကာ၌။ ၊ပဝတ္တစိတ္တုပ္ပါဒေါ ဝိနယကုက္ကုစ္စန္တိ ဧတေန အကုသလကုက္ကုစ္စံ နိဝတ္တေတိ။ ၊ဟုဘွင့်ပြ၏။ ၊ပဝတ္တစိတ္တုပ္ပါဒေါ ဝိနယကုက္ကုစ္စန္တိ ဧတေန၊ ပဝတ္တစိတ္တုပ္ပါဒေါ ဝိနယ ကုက္ကုစ္စံဟူသောပါဌ်ဖြင့်။ အကုသလကုက္ကုစ္စံ၊ အကုသိုလ်ဖြစ်

သောကုက္ကုစ္စကို၊ ဝါ၊အကုသိုလ်စိတ်မှာယှဉ်သောကုက္ကုစ္စကို၊ နီဝရဏန္တိ၊ နှစ်စေတော်မူ၏။ ။ဤသို့အဋ္ဌကထာဆရာ၊ဋီကာဆရာတို့ ဖွင့်ပြသောဝိနယကုက္ကုစ္စကိုလဇ္ဇီပေသလစိတ်ဝင်၊ သုတော်ငင်စစ်၊ ပညာရှင်ဖြစ်တော်မူကြကုန်သောရဟန်းတော်တို့သည်၊ ရှိသင့်ရှိအပ်၊ရှိထိုက်တော့သည်။ ထိုသို့ရှိသင့်ရကား။ မြတ်စွာဘုရား လက်ျာတော်ရံ ရှင်သာရိ ပုတ္တရာ ဘွဲ့တော်အမည်ထျံ့သော ရဟန္တာအရှင်မြတ် သော်မှလည်း။ ဤသို့ဝိနယ ကုက္ကုစ္စဖြစ်တော်မူသေး၏။ အဘယ်သို့ ဖြစ်သနည်း ဟူမူကား။ ။သုံးလူ့ ထွဋ်ထား၊ သဗ္ဗညု မြတ်စွာဘုရားသည်၊ ရဟန်းတို့အား။ နေ့တိုင်းနေ့တိုင်းနေ၍၊ ညှော်သည့်တ္ကတည်းခိုသောဇရပ်၌။ ဝတ်တည်အပ်သောသွမ်းကိုသုံးဆောင်ခြင်းကိုပယ်တော်မူအပ်သည်ဖြစ်၍၊ ငါ့ရှင်သာရိပုတ္တရာသည်။ ၎င်းဇရပ်၌မသုံးဆောင်မူ၍၊အလှူခံခြင်းငှါအပ်လိမ့်လော၊ မအပ်လိမ့်လောဟု၊ နှစ်ခွသောစိတ်ကိုဖြစ်စေ၍၊အလှူခံတော်မမူကုန်၊ ။အဋ္ဌကထာအထွက်တည်း၊

ဤသို့ ပြအပ်ပြီးသော ပါဠိအဋ္ဌကထာ၊ ဋီကာလက်သန်း အာဂုံမြန်း၍၊ ဟောစွမ်းနိုင်သောသတ္တိဗျတ္တိတည်းဟူသော ဝဇီရစိန်လက်နက်၊မိုးယံကြိုးစက်ပမာ၊ညာဏ်အဟုန်သန္တာရှိတော်မူသော၊ငါတို့ကျေးဇူးရှင်၊ မဟာအရိယဝံသာဘိဓေ—ဟု နာမတွင်သော၊ သုနန္ဒာရာမဆရာတော်အရှင်သည်၊ငါတို့ငယ်စဉ်အခါကာလဝယ်၊ ငါတို့ပျားမှတ်ရွာဌာနသို့၊ရှင်ပြုအလှူဒါနအထိုငှါ၊စက်သူဌေးဦးဘိုးမောင်သည်ပင့်လျှောက်၍၊လာရောက်သောအခါဝယ်၊ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကဲ့သို့၊ ဝိနယ ကုက္ကုစ္စ ရှိတော်မူသည်ဖြစ်၍၊ ဝိနယမာမကမဟုတ်သော တွေ့မြင်ကရ-မြင်မြင်ဝါးဝါး၊ ရဟန်းများနှင့်၊ ပေါင်းသင်းခြင်းသံဝါသကိစ္စကိုမပြုနိုင်၍နေတော်မူသောအခါ၊အချို့ရဟန်းတော်တို့သည်၊ပါဠိအဋ္ဌကထာဋီကာကိုလည်းမသိ၊ဝိနည်းကိုမှ-ရှေ့နောက်မညှိ တတ်ဘဲနှင့် ငါတို့ ဆရာတော် ဘုရားကြီး ထံသို့ လာရောက်ပြီး၊ လျှောက်ကြားသည်မှာ၊အရှင်ဘုရားသည်တပည့်တော်များနှင့်သံဝါသကိစ္စမပြုနိုင်ချင်။ ကုက္ကုစ္စ ပကတတာကြောင့်။ အာပတ် သင့်တကားဟု၊ မာနကိုရှေ့ထား၍၊ ပြောကြားသည် ကာလဝယ်၊ ဆရာတော်ဘုရားကြီးသည်၊ ပညာရှိတို့ထုံးနည်းအတိုင်းဟောပြောသော်လည်း၊မနာမယူဆရာတော်ကိုမာန်မူသောအခါ၊ဆရာတော်ဘုရားကသည်းခံပါတော့ဟုတောင်းပန်လိုက်သည်။ ။ဤကုက္ကုစ္စပကတတာဟူသောပဋ္ဌိပကတာသဒ္ဒါသည်၊ပါဠိတွေ ကုက္ကုစ္စပကတော၊ ဟူသောပါဠိတော်ကဲ့သို့ နှံ့ပစက်ခြင်း ပိဋ္ဌနဋ္ဌအနက်ကို ဟောရကား အပ်လေသလော၊မအပ်လေသလောဟုယုံမှားသံသယရှိလျက်

အပ်၏ဟုတဘာန်။ လွန်ကျူး၍ပြုဘိသောရဟန်းမှာသာလျှင်။ အာပတ်သင့်တော့သည်၊ ဝိနယကုက္ကုစ္စရှိ၍၊ တရံတခုမလွန်ကျူးဘိသော ပုဂ္ဂိုလ်တို့မှာ အဘယ်မှာအာပတ်သင့်နိုင်တော့အံ့နည်း။ ။ဤသို့သီးသန့်ခြားနားပိုင်းခြား၍မသိပါဘဲနှင့်။ ဝိနယယကုက္ကုစ္စကို၊ ကုက္ကုစ္စပကတတတာယ အာပဇ္ဇတိ၊ ဟူသောစကားနှင့်ပြောဆိုခြင်းသည်။ ခါးတောင်းကျိုက်တခြား၊ ဖင်တခြားဖြစ်သောနိရုတ္တကစကား။ ပညာရှိတို့ရယ်ဘွယ်များသာဖြစ်တော့သည်။

ထိုကုက္ကုစ္စပကတတတာကြောင့် သင့်ပုံကိုပြဦးအံ့။ ။ကထံကုက္ကုစ္စပကတတာယအာပဇ္ဇတိ၊ ကပ္ပိယာကပ္ပိယံ နိဿာယ ကုက္ကုစ္စေဥပ္ပန္နေ ဝိနယဓရံ ပုစ္ဆိတွာ ကပ္ပိယဉ္စေကတ္တဗ္ဗံသိယာ။ အကပ္ပိယဉ္စေ နကတ္တဗ္ဗံ။ အယံပန ဝဋ္ဋတိတိမဒ္ဒိတွာ ဝီတိက္ကမတိယေဝ၊ ဧဝံ ကုက္ကုစ္စပကတတတာယ အာပဇ္ဇတိ။ ။ပါစိတျာဒိအဋ္ဌကထာ။ သဟဓမ္မိကဝဂ်ဝိလေခနသိက္ခာပုဒ်အဘွင့်။ ဝိနယသင်္ဂြိုဟ်အဋ္ဌကထာ။ ပကိဏ္ဏက အဆုံးအဖြတ်အဘွင့်။ ။ကုက္ကုစ္စပကတတတာယ၊ ကုက္ကုစ္စ နှိပ်စက်သဖြင့်။ ကထံ အာပဇ္ဇတိ၊ အဘယ်သို့သင့်သနည်းဟူမူကား။ ကပ္ပိယာကပ္ပိယံ၊ အပ်သည်မအပ်သည်ကို။ နိဿာယ၊ မှီ၍။ ကုက္ကုစ္စေ၊ ကုက္ကုစ္စသည်။ ဥပ္ပန္နေ၊ ဖြစ်လတ်သော်။ ဝိနယဓရံ၊ ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကို။ ပုစ္ဆိတွာ၊ မေး၍။ စေ ကပ္ပိယံ၊ အကယ်၍အပ်သည် ဖြစ်ငြားအံ့။ ကတ္တဗ္ဗံ၊ ပြုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ နော စေ အကပ္ပိယံ၊ မအပ်သည်ဖြစ်ငြားအံ့။ နကတ္တဗ္ဗံ၊ မပြုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ အယံပန၊ ဤသည်ကား။ ဝဋ္ဋတိ၊ အပ်၏ဟူ၍။ မဒ္ဒိတွာ၊ နင်းနယ်၍။ ဝီတိက္ကမတိယေဝ၊ လွန်ကျူးသလျှင်ကတည်း။ ဧဝံ၊ ဤသို့။ ကုက္ကုစ္စပကတတတာယ၊ ကုက္ကုစ္စနှိပ်စက်သဖြင့်။ အာပဇ္ဇတိ၊ ရောက်ရ၏။ ။ဤသို့အဋ္ဌကထာဆရာဘွင့်ပြသည့်အတိုင်း သိမြင်သဖြင့်၊ ဝိနယကုက္ကုစ္စဖြစ်ခါမျှကို။ လွန်ကျူးခြင်းနှင့်တကွ နှိပ်စက်ခြင်းကိုပြသော ကုက္ကုစ္စပကတတတာဟူ၍။ ပြောဆိုသောမဟာအမှားကို သေသေချာချာသိအောင်။ ဆရာတော်ထံနည်းခံ၍၊ စာပေသင်လေဦး။ ။အဇာနနာနံ ဘာသိတဝစနံ အပ္ပမာဏံ။ ။အဇာနနာနံ၊ မသိမမြင်သောသူတို့၏။ ဘာသိတဝစနံ၊ ပြောကြားသောစကားသည်။ အပ္ပမာဏံ၊ ပညာရှိတို့ ပမာဏမပြုသင့်။ ။ဤသို့ပရိဘာသာလာသည့်အတိုင်း ပမာဏမထားသင့်သော်လည်း "ငတောကပြော၊ ငတောကယုံ"ဟု ဆိုဘိသကဲ့သို့။ ယခုထက်တိုင် ယခင်စကား မဟုတ်မဟတ်ကို၊ အဟုတ်အဟတ် ထင်ထျက်၊ လူဗာလတို့ ပြောကြသည်ဖြစ်၍။ ရေးသားရတော့သည်။

ကုက္ကုစ္စစေတသိက်ပြီးပြီ။

## (၁၉၉) ထိန-မိဒ္ဓစေတသိက်ကိုပြဆိုခြင်း၊

ထိနမိဒ္ဓ၊ နှစ်ပါးတို့တွင်၊ ထိနဟူသည်၊ ။ထိနနံ ထိနံ။ ။ထိနနံ၊ စိတ်၏မခန့်ခြင်း၊ ထိနံ၊ စိတ်၏မခန့်ခြင်း။ ။ထိနသည်၊ အားထုတ်ခြင်းကင်းသည်၏အဖြစ်တည်းဟူသောအနုဿာဟလက္ခဏာရှိ၏၊ ။ဥပမာအားဖြင့်၊ နေပူဖြင့် တွေ့ထိသောပန်းကဲ့သို့တည်း၊ ။မိဒ္ဓနံမိဒ္ဓံ၊ ။မိဒ္ဓနံ၊ စေတသိက်၏မခန့်ခြင်း။ မိဒ္ဓံ၊ စေတသိက်၏မခန့်ခြင်း။ ။မိဒ္ဓသည်–အမှုန့်မကောင်းသည်၏အဖြစ်၊ မခန့်သည်၏အဖြစ်တည်းဟူသောအကမ္မညတာလက္ခဏာရှိ၏၊ ။ဥပမာအားဖြင့်၊ မီးပူဖြင့်တွေ့ထိသောအမွေးကဲ့သို့တည်း။ ။ထိုထိနနှင့် မိဒ္ဓ ၂–ပါး၏အထူးကား၊ ထိနသည်၊ စိတ်၏မခန့်ခြင်း။ မိဒ္ဓသည်ဝေဒနာ၊ သညာ၊ သင်္ခါရဟု ဆိုအပ်သော ခန္ဓာသုံးပါး၏ မခန့်ခြင်းဟုမှတ်။ ။ထို့ကြောင့်၊ သုတ်ပါထေယျ အဋ္ဌကထာ၌။ ။ထိနံ စိတ္တဂေလညံ၊ မိဒ္ဓံ ခန္ဓတ္တယဂေလညံ။ ။ဟုဖွင့်ပြ၏။ ။ထိနံ၊ ထိနစေတသိက်သည်၊ စိတ္တဂေလညံ၊ စိတ်၏နာသည် အဖြစ်တည်း၊ မိဒ္ဓံ၊ မိဒ္ဓစေတသိက်သည်၊ ခန္ဓတ္တယဂေလညံ၊ ခန္ဓာသုံးပါး၏နာသည်အဖြစ်တည်း၊

ဤသို့အဋ္ဌကထာဆရာသည်၊ စိတ္တဂေလညဟုဆိုသဖြင့်၊ စိတ်၏သာလျှင်၊ နာသည်အဖြစ်ကိုပြတော်မူ၍၊ ခန္ဓတ္တယ ဂေလညဖြင့်ကား၊ နာမ်ခန္ဓာ သုံးပါးနှင့်တကွသော ရူပကာယ၏ ဂေလည–နာသည် အဖြစ်ကို ပြတော်မူသည်၊ အဘဲ့ကြောင့်ဟူမူ၊ ထိနမိဒ္ဓစေတသိက်၏၊ အိပ်ငိုက်မျဉ်းခြင်း၏အကြောင်း ဖြစ်သောကြောင့်တည်း၊ ထိုသို့ ဖြစ်ရကား၊ ။သင်္ဂဟ သုတ်ဋီကာ၌၊ ။ ဧတ္ထစ စိတ္တဂေလညေန စိတ္တဿဝ အကလျတာ၊ ခန္ဓတ္တယဂေလညေန ပန ရူပကာယဿပိ၊ ထိနမိဒ္ဓဿနိဒ္ဒါပဟေတုတ္တာ၊ ။ဟုဖွင့်ပြ၏။ ။စ၊ ဆက်၍ ဆိုဦးအံ့၊ ဧတ္ထ ဝစနေ၊ ဤစကားရပ်၌၊ စိတ္တဂေလညေန၊ စိတ္တဂေလညဖြင့်၊ စိတ္တဿဝ၊ စိတ်၏သာလျှင်၊ အကလျတာ နာသည်အဖြစ်သည်၊ ဟောတိ၊ ဖြစ်၏၊ ခန္ဓတ္တယဂေလညေန၊ ခန္ဓာသုံးပါး၏ဂေလညဖြင့်၊ ရူပကာယဿပိ၊ ရူပကာယ၏လည်း၊ အကလျတာ၊ နာသည်အဖြစ်သည်၊ ဟောတိ၊ ဖြစ်၏၊ (ပိသဒ္ဒါဖြင့်၊ နာမက္ခန္ဓာသုံးပါးကိုလည်းပေါင်းလေ)။ ကသ္မာ၊ အဘဲ့ကြောင့်နည်းဟူမူ၊ ထိနမိဒ္ဓဿ၊ ထိနမိဒ္ဓ စေတသိက်၏၊ နိဒ္ဒါပဟေတုတ္တာ၊ အိပ်ခြင်း၏အကြောင်း ဖြစ်သောကြောင့်တည်း၊

ဤသို့ပြအပ်ပြီးသောထိနမိဒ္ဓ ၂–ပါးတို့တွင်၊ မိဒ္ဓစေတသိက်သည်၊ တရားတို့ကို ဝိတ်ပင်တတ်သောကြောင့်၊ သမောရုန္ဓတိတရားမည်၏၊ ဥပမာအား

ဖြင့်သော်ကား၊မြို့ကိုပိတ်၍ ယူအပ်သည်ရှိသော်၊ ထုတ္တိုသည်ပြင်ဘက်သို့၊ ထွက်ခြင်းငှါ မရကုန်၏သို့။ ထိုနည်းအတူ မိဒ္ဓစေတသိက်ဖြင့်၊ ပိတ်ပင်အပ်ထုန်သောတရားတို့သည်၊ဖြန့်သည့်၏အစွမ်းအားဖြင့်၊ ထွက်ခြင်းငှါ မရကုန်ဟုမှတ်အပ်တော့သည်။ ။ထိုထိန,မိဒ္ဓစေတသိက်သည်၊ သေက္ခပုထုဇ္ဇဉ်တို့အား၊အိပ်ခြင်း၏ရှေ့အဘို့၊နောက်အဘို့တို့၌ ဖြစ်ကုန်၏၊ ရဟန္တာပုဂ္ဂိုလ်တို့ရာမူကား။ထိနမိဒ္ဓမရှိထုန်၊အဘဲ့ကြောင့်ဟူမူ။ထိုထိန,မိဒ္ဓကို၊ အရဟတ္တမဂ်နှင့်ပယ်သောကြောင့်တည်း။ထိုသို့ဖြစ်လျှင်၊ရဟန္တာတို့အား။ ကြိန်းစက်ခြင်း နိဒ္ဒါတရားသည်၊ မရှိဟု မှတ်တော့အံ့လော့ဟူမူ။ ရှိ၏၊ ရဟန္တာတို့ကြိန်းစက်တော်မူခြင်းမှာကား၊ရဟန္တာအရှင်မြတ်တို့အား၊ကာရဇကာယ၏အားနည်းသည်၏ အဖြစ်ဖြင့်၊ ဝိတိစိတ်ဖြင့် မရောမရှက်။ ဘဝင်စိတ်သို့သက်ခြင်းဖြစ်လတ်သော်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ အိပ်ခြင်း ဖြစ်တော့သည်။ ထိုကြောင့်၊ ။နိက္ခေပကဏ္ဍ အဋ္ဌကထာ၌။ ။ခီဏာသဝါနံ ပနကရဇကာယဿဒုဗ္ဗလဘာဝေန ဘဝင်္ဂေါတ္တရဏံဟောတိ၊ တသ္မိံ အသမ္ဘိန္နေ ဝတ္တမာနေတေ-သုပ န္တိ ။သာနေသံနိဒ္ဒါနာမဟောတိ။ ။ဟုဘွင့်ပြ၏၊ ။ပန၊အထူးကိုဆိုဦးအံ့။ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏၊ ကရဇကာယဿ၊ ကရဇကာယ၏၊ဒုဗ္ဗလဘာဝေန၊ အားနည်းသည်၏အဖြစ်ဖြင့်၊ ဘဝင်္ဂေါတ္တရဏံ၊ ဘဝင်သို့သက်ခြင်းသည်။ဟောတိ၊၏။ တသ္မိံ၊ထိုဘဝင်စိတ်သည်၊ အသမ္ဘိန္နေ၊ဝီထိစိတ်နှင့်မရောမူ၍သာလျှင်၊ ဝတ္တမာနေ၊ ဖြစ်သည်ရှိသော်၊တေ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည်၊ သုပန္တိ၊အိပ်တုန်၏၊ သာသုပနာ၊ ထိုအိပ်ခြင်းသည်၊ နေသံ၊ ထိုရဟန္တာ ပုဂ္ဂိုလ်တို့၏၊ နိဒ္ဒါနာမ၊ အိပ်မှုသည် မည်သည်၊ ဟောတိ၊၏။ ။ဤသို့ဖြစ်သောကရဇကာယ၏၊ အားနည်းသည်၏ အဖြစ်သည်။မဂ်ဖြင့်သတ်အပ်သည်မဟုတ်။ထိုသို့ဖြစ်၍၊ ဥပါဒိန္နကသန္တာန်၌ငှင်း။အနုပါဒိန္နက သန္တာန်၌ငှင်း။ ကရဇကာယ၏ အားနည်းသည်၏ အဖြစ်ကို၊ ရအပ်တော့သည်၊ရဟန်ကား။ ။ရဟန္တာအရှင်မြတ်သည်၊ရှည်စွာသောခရီးသို့၊ကြွသွားသော်ငှင်း၊ တပါးပါးသောအမှုကိစ္စကိုပြုတော်မူ၍၊ ပင်ပန်းသော်ငှင်း၊ဤသို့သောအခါ၌၊ ကရဇကာယ၏အားနည်းသည်၏ အဖြစ်ကို၊ ဥပါဒိန္နကသန္တာန်၌ ရအပ်၏၊ အချို့ကုန်သော ထက္ကိုပင် စသည်တို့၏ အရွက်တို့သည် နေပူသဖြင့် ဖြန့်ကုန်၏၊ ညဉ့်၌ တွန့်ကုန်၏၊ ပဒုမ္မာကြာပန်းစသည်တို့သည်၊ နေပူသဖြင့် ပွင့်ကုန်၏၊ ညဉ့်၌တွန့်ကုန်၏၊ ဤလျှင် ကရဇကာယသဗ္ဗသ၏ အားနည်းသည်၏ အဖြစ်ကို၊အနုပါဒိန္နသန္တာန်၌ ရအပ်၏ဟုမှတ်။ ။ထိနမိဒ္ဓစေတသိက်ပြီး၏။

## (၂၀၀) ဝိစိကိစ္ဆာစေတသိက်ကိုပြဆိုခြင်း။

ဝိဂတာဝိကိစ္ဆာတိဝိစိကိစ္ဆာ။ ။ဝိကိစ္ဆာ၊ဉာဏ်ဖြင့်ကုသိုလ်ဟူသောကုစားခြင်းမှ၊ဝိဂတာ၊ကင်းသည်တည်း၊ ဇာတိတသ္မာ၊ထိုကြောင့်။ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာမည်၏။ ။ဤဝစနတ္ထအဓိပ္ပါယ်ကား။ ဤ စေတသိက် သက်ဝင်၍နေသောသူဘို့အား၊ဉာဏ်ဘည်းဟူသော ဆေးသမားသည် ကုစားခြင်းငှါ၊ ခဲယဉ်းသည်၏အဖြစ်ကြောင့်၊ဝိဂတာ ဝိကိစ္ဆာဟု၊အဋ္ဌကထာဆရာတို့မိန့်အပ်၏။ ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ ကုစားကောင်းသည် မဟုတ်သည်၏ အဖြစ် ကြောင့်။ ကုစား၍ မရသည်ကို ရည်၍သန်လျက် ဆိုသည် မဟုတ်။ ထိုကြောင့်မူလဋီကာ၌။ ။ဝိဂတာဝိကိစ္ဆာတိကိစ္ဆိတုံ ဒုက္ကရတာယဝုတ္တံ၊နသဗ္ဗထာဝိကိစ္ဆာဘာဝါဝိစိကိစ္ဆာယာတိတဒတ္ထံဒဿေတိ။ ။ဟုဘွင့်ပြ၏။ ။ဝိဂတာဝိကိစ္ဆာတိဧတံ၊ ဟူသောစကားကို၊ကိစ္ဆိတုံ၊ ကုစားခြင်းငှါ၊ ဒုက္ကရတာယ၊ ခဲယဉ်းသည်၏ အဖြစ်ကြောင့်၊ ဝုတ္တံ၊မိန့်အပ်၏။ ဝိစိကိစ္ဆာယ၊ဝိစိကိစ္ဆာ၏၊ သဗ္ဗထာ၊ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ ဝိကိစ္ဆာဘာဝါ၊ကုစားကောင်းသည်မဟုတ်သည်၏အဖြစ်ကြောင့်။ နဝုတ္တံ၊ မဆိုအပ်၊ ဇာတိ၊ဤသို့၊ တဒတ္ထံ၊ထိုအနက်ကို၊ ဒဿေတိ၊ပြ၏။ ။ထိုဝိစိကိစ္ဆာသည်ယုံမှားခြင်း သံသယလက္ခဏာရှိ၏။ ။ဥပမာအားဖြင့်၊နှစ်ခြာကွဲသောခရီးနှင့်တူ၏။ ။ၦင်းဝိစိကိစ္ဆာသည်၊ကေ႑ဝိစိကိစ္ဆာ၊ပဋိရူပကဝိစိကိစ္ဆာအားဖြင့် ၂-ပါးအပြားရှိ၏၊ထို ၂-ပါးတို့တွင်၊ဘုရား၌ ယုံမှားခြင်းအစရှိသော ၈-ပါးသော ယုံမှားခြင်းသည်၊ ကေ႑ဝိစိကိစ္ဆာမည်၏။ အတိတ်၌ယုံမှားခြင်းငါးပါး၊အနာဂတ်၌ယုံမှားခြင်းငါးပါး၊ပစ္စုပ္ပန်၌ယုံမှားခြင်းခြောက်ပါး၊ပေါင်း၁၆-ပါးသောယုံမှားခြင်းသည်၊ပဋိရူပကဝိစိကိစ္ဆာမည်၏၊ၦင်းယုံမှားခြင်း ၂-ပါး၏အကျယ်ကို၊ အင်္ဂုတ္တရအဋ္ဌကထာ၊ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ယူလေ၊ ကျယ်မည်စိုး၍ မပြပြီ၊ ၦင်းဝိစိကိစ္ဆာ တရားကိုလည်း။ မနောဝိလေခ တရားဟု၊ အဋ္ဌကထာ ဆရာ ရှင်မဟာဗုဒ္ဓဃောသ ထုတ်တော်မူခဲ့၏။

(အမေး) မနောဝိလေခမည်၊ဤနှစ်ထိ၊အညီဘယ်သို့ကောက်မည်နည်း။
(အဖြေ) ကုသလေ့စ္စ၊ဝိကိစ္ဆာ၊ဤနှစ်ဖြာ၊သေချာမှတ်အပ်သတည်း။
ဝိစိကိစ္ဆာပြီးပြီ၊

အထုသလရာသိ၊တွင်နာမည်၊ပြီးပြီနိဋ္ဌိတာ၊

## (၂၀၁) သဒ္ဓါစေတသိက်ကိုပြဆိုခြင်း။

ဤသို့ အကုသလရာသိကို သရုပဏ္ဍအားဖြင့် ပြပြီး၍။ ယခုအခါ၌ သောဘဏရာသီကို။ သရုပဏ္ဍအားဖြင့် ပြအံ့သောငှါ။ သဒ္ဓါသတိ,စသောပါဠ်ကို ဆိုနို။ ။သဒ္ဓါဟူသည်၊ ။သဒ္ဓဟန္တိ သဏ္ဍာတေ ယာတိသဒ္ဓါ၊ ။တေ ယ ဓမ္မဇာတိယာ၊ ဤသဘောတရားဖြင့်၊ သဏ္ဍာ၊ သတ္တဝါတို့သည်၊ သဒ္ဒဟန္တိ၊ ယုံကြည်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊ သာဓမ္မဇာတိ၊ ထိုတရားသဘောသည်။ သဒ္ဓါ၊ မည်၏၊ ။ဤသဒ္ဓါစေတသိက်သည်ရတနာသုံးပါး၊ ကံ၊ ကံ၏ အကျိုးဟုဆိုအပ်သော သဒ္ဓေယျဝတ္ထုကို ယုံကြည်ခြင်းသဒ္ဒဟန လက္ခဏာရှိ၏။ ဥပမာအားဖြင့်၊ ရေနောက်မြူကို ကြည်စေတတ်သော ဥဒကပ္ပသာဒကမဏိကဲ့သို့ ဝတ်မင်းဖျား၏၊ ပဋ္ဌမြား ရတနာနှင့်တူ၏။ ထိုသဒ္ဓါတရားကိုကုသိုလ်တရားတို့ကိုယူခြင်း၌ လက်နှင့်တူ၏၊ အလုံးစုံသော လူ,နတ်စည်းစိမ်တို့ကို ပြီးစေခြင်းဥစ္စာနှင့်တူ၏။ အမြိုက်နိဗ္ဗာန် တည်းဟူသော အသီးဖလကိုသီးစေခြင်း၌။ မျိုးစေ့နှင့်တူ၏ဟုမှတ်အပ်၏။

ဤအရာဝယ်။ အမိဠ္ဍါယ်သော်ကား၊ လောက၌၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဟု။ သရဏ-တာဏ-လေဏ-ပရာယန အစစ်ကိုး ကွယ်ရာပုန်းအောင်းရာဖြစ်သောပုညခေတ်ရှိ၏၊ ကုသိုလ်ကံ,အကုသိုလ်ကံ ထိုကံ၏ကောင်းကျိုး၊ မကောင်းကျိုးမည်သည်ရှိ၏ဟုငါးပါး၌ယုံကြည်ခြင်း သည်၊ သဒ္ဓါတရားမည်၏၊ ပုရာဏကဿပ,စသောတိတ္ထိတက္ကတွန်းတို့၌၊ ယုံကြည်၊ကြည်ညိုခြင်းတို့ကား။ သဒ္ဓါတရားမမည်။ မိစ္ဆာအဓိမောက္ခစေတ သိက်သာတည်း၊ ထိုကြောင့် မူလဋီကာ၌၊ ။ပသာဒနီယဋ္ဌာနေသုပသာ ဒဿပဋိပက္ခဘူတံ အကုသလံအသဒ္ဓိယံ၊ မိစ္ဆာ အဓိမောက္ခောစ၊ ။ဟု ဘွင့်ပြ၏။ ။ပသာဒနီယဋ္ဌာနေသု၊ ကြည်ညိုအပ်သောရတနာသုံးပါး။ ကမ္မ ဖလစသောတရားတို့၌၊ ပသာဒဿ၊ ကြည်ညိုခြင်း၏၊ ပဋိပက္ခဘူတံ၊ ဆန့် ကျင်ဘက်ဖြစ်၍ ဖြစ်သော။ အကုသလံ၊ အကုသိုလ်သည်။ အသဒ္ဓိယံ၊ အသဒ္ဓိ ယမည်၏၊ မိစ္ဆာဓိမောက္ခောစ၊ ကြည်ညိုအပ်သော ပူရာဏကဿပ အစရှိ သည်တို့၌ ကြည်ညိုခြင်းဟုဆိုအပ်သော မိစ္ဆာအဓိမောက္ခသည်လည်း။ ဝါ၊ များသောအားဖြင့်ဆုံးဖြတ်ခြင်းသည်လည်း။ ဟောတိ၊ ၏။ ။ဤနည်းအတူ။ အမှတ်မဲ့သော သူတို့၏၊ တရုံတခုသော အကြောင်းကိုစွဲ၍ ကြည်ညိုခြင်း သည်လည်းသဒ္ဓါတရားမဟုတ်၊ အဓိမောက္ခစေတသိက်သာတည်း၊ ဤအရာ ဝယ်၊ အချို့သောသူတို့သည်။ များသောအားဖြင့်၊ ရတနတ္တယ၊ ကမ္မဖလတို့၌၊

ပညာရှေးရှု၊သတိကိုမပြုမူ၍။အမှတ်မဲ့စကားပြောကောင်း၍ကြည်ညိုခြင်း၊ တရားဟောအသံကောင်း၍ ကြည်ညိုခြင်းစသည်တို့သည်သာလျှင် များကြ၏၊သတိရှိကြစေ၊သဒ္ဓါမပါ၊အမိမယောင်္ဂသာတည်းဟုမှတ်လေ၊

ထိုသို့ပြခဲ့သောသဒ္ဓါတရားသည်။ပဘေဒအားဖြင့်၊ အာဂမနသဒ္ဓါ၊အဓိဂမသဒ္ဓါ၊ဩကပ္ပနသဒ္ဓါ၊ ပသာဒသဒ္ဓါအားဖြင့်လေးပါးရှိ၏၊ထိုတွင်၊ သဗ္ဗညုဘုရားလောင်း၊ပစ္စေကဗုဒ္ဓါအလောင်း၊သာဝကဗောဓိအလောင်းတို့အား အမြဲရင့်သီး ပဏ္ဏနာဆုကြီးကို ပန်ထွာသည်မှစ၍၊လာရှိသော သဒ္ဓါသည်၊ အာဂမသဒ္ဓါမည်၏။ ၊အရိယာသာဝကတို့အား၊ သစ္စာလေးပါးကို ထိုးထွင်း၍သိသဖြင့် ရအပ်သောသဒ္ဓါသည်၊အဓိဂမသဒ္ဓါမည်၏။ တနည်းမဂ်ဖိုလ်နှင့်ယှဉ်သောသဒ္ဓါသည်လည်း၊အဓိဂမသဒ္ဓါမည်၏၊ ဘုရား,တရား,သံဃာ-ဟူ၍ ဆိုအပ်သည်ရှိသော်၊ ဆန့်ကျင်ဘက် တရားတို့သည် မနှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်၊ တုန်လှုပ်ခြင်း မရှိသည် ဖြစ်၍၊ သက်ဝင်အပ်သောသဒ္ဓါသည်၊ဩကပ္ပနသဒ္ဓါမည်၏၊ ကြည်ညိုအပ်သောဝတ္ထု၌၊ ကြည်ညိုခြင်းသည် ပသာဒသဒ္ဓါမည်၏၊ထိုကြောင့်၊"သင်္ဂီတိသုတ်ဒိကာ၌။ ၊ပသာဒုပ္ပတ္တိပသာဒနိယေဝတ္ထုသို့ ပသီဒနမေဝ။ ၊ဟုဖွင့်ပြ၏၊ ၊ပသာဒုပ္ပတ္တိ၊ပသာဒသဒ္ဓါဖြစ်ခြင်းသည်၊ပသာဒနိယေ၊ကြည်ညိုအပ်သော၊ ဝတ္ထုသို့၊ရတနာသုံးပါးဟုဆိုအပ်သောဝတ္ထု၌၊ပသီဒနမေဝ၊ကြည်ညိုခြင်းသည် သာလျှင်တည်း၊ ။ဤလျှင်၊ အင်္ဂုတ္တရ အဋ္ဌကထာ၊သုတ်မဟာဝါ အဋ္ဌကထာ၊သံယုတ္တအဋ္ဌကထာအထွက်၊သဒ္ဓါအပြားလေးချက်တည်း၊

မုဒ္ဓပသန္နသဒ္ဓါဟူသည် သဒ္ဓါတရား အားကြီး၍၊ ပညာနဲ့သောပုဂ္ဂိုလ်အားဖြစ်သော ကြည်ညို ခြင်းသည်၊သဒ္ဓါစစ်မဟုတ်၍၊ မိုက်သောကြည်ညိုခြင်းဟုဆိုအပ်သော မုဒ္ဓပသန္နသဒ္ဓါဟုဆိုအပ်၏။အဘယ့်ကြောင့်ဟူမူ၊ကြည်ညိုအပ်သော ဝတ္ထုမဟုတ်သောပါပဉ္စမ်မှိ၊ အလဇ္ဇီဒုဿီလစသောဝတ္ထု၌ ကြည်ညိုတတ်သော ကြောင့်တည်း၊ ၊ထိုကြောင့်၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌၊ ၊ဗလဝသဒ္ဓေါဟိ မန္ဒပညော မုဒ္ဓပ္ပသန္နောဟောတိ၊ အဝတ္ထုသို့ ပသီဒတိ၊ ။ဟုဖွင့်ပြ၏၊ ၊ဟိသစ္စံ၊မှန်၏၊ ဗလဝသဒ္ဓေါ၊ သဒ္ဓါတရားအားကြီးသော၊ မန္ဒပညော၊ပညာနည်းသောသူသည်၊ မုဒ္ဓပ္ပသန္နော မိုက်သောကြည်ညိုခြင်းရှိသည်၊ ဟောတိ၊ ဖြစ်၏၊ အဝတ္ထုသို့၊ ကြည်ညိုအပ်သောဝတ္ထုမဟုတ်သည်၌၊ပသီဒတိ၊ကြည်ညိုတတ်၏၊ ။မုဒ္ဓပသန္နသဒ္ဓါသည်၊သဒ္ဓါတုသဒ္ဓါယောင်သာတည်း၊သဒ္ဓါစစ်မဟုတ်၊ ရတနတ္တယကမ္မဖလ၊ငါးဌာနတို့၌သက်ဝင်ယုံကြည်သော သဒ္ဓါသည်သာလျှင်၊ သဒ္ဓါစစ် သဒ္ဓါမြစ် အရင်း

မူလဖြစ်သောကြောင့်၊အဝေစ္စပသန္နသဒ္ဓါဟု ဆိုအပ်၏၊ ၊ဤသျှင်ဝိသုဒ္ဓိမဂ်မဟာဋီကာအထွက် မုဒ္ဓပသန္နသဒ္ဓါ၊အဝေစ္စပသန္နသဒ္ဓါမှတ်ချက်၊ ဤအရာ ဝယ်။ ထုသိုလ်ဖြစ်ခြင်း အကြောင်းသုံးပါးတို့တွင်။ လှူဘွယ် ဝတ္ထုဟု ဆိုအပ်သောဒေယျဓမ္မ၊အလှူခံပုဂ္ဂိုလ်ဟုဆိုအပ်သော ဒက္ခိဏေယျသည်၊ ဖြစ်လွယ်ရလွယ်၏၊ သဒ္ဓါတရားကား၊ ဖြစ်ရန် ရရန်-ကေန် အလွန်တရာ ပင်ခဲယဉ်း၏၊ ပုထုဇ္ဇဉ်တို့၏ သဒ္ဓါတရားသည်၊ အမြဲမတည်ဘဝါးဟှမ်းတိုင်းဘဝါးလှမ်းတိုင်းဖြင့်အထူးထူးဖြစ်၍ပျက်စီးတတ်၏၊ ထို့ကြောင့်၊ရှင်မောဂ္ဂလာန် တည်းဟူသော အဂ္ဂသာဝက ကိုယ်တော်မှ သော်လည်း ဥပဋ္ဌာကဒါယကာ၏ အသက်ကိုရှင်း၊ ဥစ္စာကိုရှင်း ချနစ်ရက် အတွင်းမပျက်စီးရအောင်၊ငါစောင့်မည်၊ သဒ္ဓါတရားကိုကား၊ သင်ဒါယကာသာလျှင် မပျက်အောင်စောင့်ပေတော့ဟုဆိုတော်မူရ၏၊ဥဒါန်းပါဠိတော်မှာကြည့်လေ။ ။ ထိုသို့သဒ္ဓါတရားသည်၊ခဲယဉ်းသည်ဖြစ်ရကား၊ ၊အင်္ဂုတ္တရ အဋ္ဌကထာ၌၊ ။ဋ္ဌေစဒ္ဓေယျ သုလဘာ ဒေယျဓမ္မာစဝ ဒက္ခိဏေယျာစ၊သဒ္ဓါပန ဒုလ္လဘာ၊ ၊ဟုဘွင့်ပြ၏၊ ။စ၊ဆက်၍ဆိုဦးအံ့၊ဋ္ဌေဝစနေ၊ဤစကားရပ်၌၊ ဒေယျဓမ္မာစဝ၊ လှူဘွယ်ဝတ္ထုတို့သည်၎င်း။ ဒက္ခိဏေယျာစ၊ အလှူခံပုဂ္ဂိုလ်တို့သည်၎င်း၊ ဋ္ဌေဓမ္မာ၊ တရားနှစ်ပါးတို့သည် ၊ သုလဘာ၊ ရလွယ်ကုန်၏၊ သဒ္ဓါပန၊သဒ္ဓါတရားသည်ကား၊ ဒုလ္လဘာ၊ရခဲ၏၊ ၊ဤသျှင် သဒ္ဓါစေတသိက်၏ဒုလ္လဘာဖြစ်ပုံတည်း။

တနည်းအားဖြင့်၊၎င်းသဒ္ဓါတရားသည်၊နောက်သို့မဆုတ်၊ ရုတ်ရုတ်နှစ်ထျက်သက်ဝင်ခြင်းဟုဆိုအပ်သော ပက္ခန္ဒနလက္ခဏာ ရှိ၏၊ဥပမာအားဖြင့်၊ မိကျောင်းမကာရ်း။ ဘမ်းစားတတ်သော ရက္ခိုသ်စသည်တို့ဖြင့် ပြွမ်းသော ကမ်းထုံးပြည့်သော မြစ်ကြီးသို့ရောက်၍၊ ကြောက်တတ်သော သူတို့သည် နှစ်ဘက်သောကမ်းတို့၌ တည်သောအခါ ရဲရင့်သောစစ်သူကြီးသည် လာလတ်၍။ ကောင်းစွာသွေးအပ်သော သန်လျက်ကို ကိုင်လျက်၊ အသင်တို့မကြောင့်ကြလင့်။ငါ၏နောက်ကလာလိုက်ခဲ့ထုန့်ဟုဆို၍၊ မြစ်ကြီးသို့သက်ခါဆင်းပြီး၍၊လာတိုင်းလာတိုင်းသောငါးထိပ်မကာရ်းတို့ကိုတားမြစ်၍၊ဤမှာဘက်မှဟိုမှာဘက်သို့၊လူများစွာတို့ကိုချမ်းသာစွာပြု၍ဆောင်သကဲ့သို့၊ထိုအတူ-ဒါနကိုပေးလှူသောသူအားသီလကိုစောင့်သောသူအား၊ဘာဝနာကိုပွါးသောသူအား၊သဒ္ဓါတရားသည် ရှေ့သွားပုဗ္ဗင်္ဂမပုရေစာရိက အမှန်စင်စစ်၊ ကေန်ဖြစ်တော့သည်ဟု မှတ်အပ်၏။ ထိုသို့ဖြစ်ရကား၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌၊ ၊အာဠဝကဘီလူးသည်၊ သံသရာဝဋ်ဒုက္ခမှ လွန်

ပြောက်နိုင်သော တရား၊ စင်ကြယ်နိုင်သော တရားတို့ကို၊မြတ်ဘုရားအား မေးလျှောက်သောအခါ၀ယ်၊သုံးလူ့ဘမြတ်စွာသည်၊ ၊ဤသို့ ဟောကြား တော်မူ၏၊ ဟောကြားဟန်ကား၊

သဒ္ဓါယ တရတိဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ၊
ဝီရေန ဒုက္ခမစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ၊ ၊
(အာဠဝကသံယုတ်ပါဠိ)၊

အာဠဝက၊ဘြမ်းတမ်းရှန့်ကြူး၊ အာဠဝကဘီလူး၊ သဒ္ဓါယ၊သက်ဝင် ယုံကြည်၊သဒ္ဓါတရားကြောင့်၊ဩဃံ၊ဩဃလေးဖြာ၊သံသရာကို၊တရတိ၊လွန် မြောက်နိုင်၏၊ အပ္ပမာဒေန၊ကုသိုလ်ကောင်းမှု၊ အရရဂ္ဂ၊ သတိမပေါ့၊ မမေ့ မလျော့ခြင်းကြောင့်၊ အဏ္ဏဝံ၊ဘဝပြင်ကျယ်၊ မြစ်ပင်လယ်သံသရာကို၊ တရ တိ၊ကူးမြောက်နိုင်ပေ၏၊ ဝီရေန၊ ထကြွလုံ့လ၊ ဝီရိယတရားကြောင့်၊ ဒုက္ခံ၊ ထမလွှန် ပစ္စုပ္ပန်၊ နှစ်တန်သော ဆင်းရဲကို၊ အစ္စေတိ၊ လွန်မြောက် နိုင်၏၊ ပညာယ၊အသိထက်သန်၊ပညာဉာဏ်ကြောင့်၊ ပရိသုဇ္ဈတိ၊ကိလေသာမှေး၊ တဏှာဘေးမှ လွတ်ရေး လွတ်ဘွယ်၊ လွန်စင်ကြယ်နိုင်၏၊ ၊သဒ္ဓါ စေ တသိက်ပြီးပြီ၊

---

## (၂၀၂) သတိစေတသိက်ကိုပြဆိုခြင်း၊

သတိဟူသည်၊ ၊သရဏံသတိ၊ ၊သရဏံ၊အောက်မေ့ခြင်း၊ သတိ၊ အောက်မေ့ခြင်း၊ ၊ဤသတိသည်၊ ဗူးတောင်းသည် ရေ၌ မငုတ်မနစ်မျော သွားဘိသို့၊ အာရုံကိုမျော၍ သွားစိမ့်သောငှါ မပေးမူ၍ ကျောက်ဖျာကဲ့သို့ မလှုပ်မရှား၊အာရုံကိုထားခြင်းအပိလာပနလက္ခဏာရှိ၏၊ဥပမာအားဖြင့်မင်း ၏ဘဏ္ဍာကိုသိမ်းဆည်းသော ဘဏ္ဍာစိုးနှင့်တူ၏၊ တနည်းငင်းသတိသည်၊ စီးပွါးမဲ့ကိုဆောင်တတ်သော ဒုစ္စရိုက်တရားကိုပယ်ရှား၍၊ အကျိုးစီးပွါးကို ဆောင်တတ်သောသုစရိုက်တရားကိုချီးပင့်ခြင်း၊ ဥပဂ္ဂဏှန လက္ခဏာရှိ၏၊ ဥပမာအားဖြင့်စကြဝတေးမင်း၏သားကြီးရတနာသည်၊ စကြဝတေးမင်း၏ စီးပွါးမဲ့ကို ဆောင်တတ်သောသူကို ပယ်ရှား၍၊ အကျိုးစီးပွါးကို ဆောင် တတ်သောသူကို၊ ချီးကပ်စေဘိသို့ မှတ်အပ်၏၊ တနည်း၊ ငင်းသတိသည် စက္ခုဒွါရကို စောင့်ရှောက်တတ်သည်၏ အဖြစ်ကြောင့် တံခါးစောင့်နှင့်တူ ၏ဟုမှတ်၊ ၊ငင်းသတိသည်၊ မိစ္ဆာသတိ၊ သမ္မာသတိ ၂-ပါးတို့တွင်၊ ဤ

အရာ၌၊သမ္မာသတိတရားကိုသာမှတ်အပ်၏။မိစ္ဆာသတိ,ဟူသည်။လောကီအာရုံကာမဂုဏ်ဖြစ်၍ဖြစ်သော သား,မယားကြေးကျွန်။ ဉစ္စာပစ္စည်းတို့ကို အောက်မေ့သောအကုသိုလ်စိတ္တုပ္ပါဒ်သာတည်း၊ထိုကြောင့်၊ပရိသန္တိဒါမင်အဋ္ဌကထာ၌၊ ၊မိစ္ဆာသတိတိ သတိပဋိပက္ခာဘုတာ အကုသလ စိတ္တုပ္ပါဒါ၊ ၊ဟုဘွင့်ပြ၏၊ ၊မိစ္ဆာသတိတိ၊ဟူသည်ကား။သတိပဋိပက္ခာဘုတာ၊ သတိ၏ဆန့်ကျင်ဘက်ဖြစ်ကုန်သော၊ အကုသလ စိတ္တုပ္ပါဒါ၊ အကုသိုလ်စိတ္တုပ္ပါဒ်တို့သာတည်း။ ၊သတိစေတသိက် နှင့်၊သညာစေတသိက်–နှစ်ပါး၏အထူးကား၊ သညာသည်ရှေးဦးစွာယူအပ်သောအာရုံနိမိတ်၌၊ မပြဋ္ဌာန်းသောကိစ္စရှိ၏၊ သတိသည်ကား၊ ရှေးဦးစွာ ယူအပ်သော အာရုံနိမိတ်၌ ပြဋ္ဌာန်းသော ကိစ္စရှိသည်ဖြစ်၍ ဖြစ်၏၊ ဤသျှင်တနည်း၊ အဘိဓမ္မာဝတာရဋီကာသစ်အထွက်တည်း။ ၊သတိစေတသိက်ပြီးပြီ၊

---

## (၂၀၃) ဟိရီဩတ္တပ္ပစေတသိက်ကိုပြဆိုခြင်း၊

ဟိရီဟူသည်။ ၊ကာယဒုစ္စရိတာဒီဟိ ဟိရိယတီတိ ဟိရီ၊ ၊ကာယဒုစ္စရိတာဒီဟိ၊ကာယဒုစ္စရိုက်စသည်တို့မှ။ ဟိရိယတိ၊ရှက်တတ်၊ စက်ဆုပ်တတ်၏၊ ဣတိ တသ္မာ၊ ထိုကြောင့်၊ ဟိရီ၊ ဟိရီမည်၏။ ၊ထိုဟိရီသည်၊ အကုသိုလ်မှ–စက်ဆုပ်ခြင်းလက္ခဏာရှိ၏၊တနည်း၊ရှိသေထိုက်သောသူတို့၏စကားကိုရှေ့ရှုနာခြင်းဝန်ခံခြင်းနှင့်တကွဖြစ်သောရိုသေခြင်း၊သပ္ပဋိဿဝလက္ခဏာရှိ၏၊ဥပမာအားဖြင့်အမျိုးကောင်း၏ချွေးမနှင့်တူ၏၊

ဩတ္တပ္ပဟူသည်၊ ၊ကာယဒုစ္စရိတာဒီဟိ ဩတ္တပ္ပတီတိ ဩတ္တပ္ပံ၊ ၊ကာယဒုစ္စရိတာဒီဟိ၊ ကာယဒုစ္စရိုက်စသည်တို့မှ၊ ဩတ္တပ္ပတိ၊ကြောက်လန့်တတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်၊ ဩတ္တပ္ပံ၊ မည်၏၊ ။ထိုဩတ္တပ္ပသည်။ အကုသိုလ်မှလန့်တတ်၊ ကြောက်တတ်ခြင်းလက္ခဏာရှိ၏၊ ဥပမာအားဖြင့်၊ မိမိအားပရိသန္တေ၊ကိုယ်ဝန်ရှိခြင်းမှကြောက်သောပြည့်တန်းဆာမနှင့်တူ၏။ ဤသို့ပြအပ်ခဲ့ပြီးသော ဟိရီဩတ္တပ္ပ၏အထူးမှာကား။ ၊ဟိရီသည် မိမိသျှင်အကြီးအမှူးရှိ၏။ ဩတ္တပ္ပသည်၊ လောကသျှင် အကြီးအမှူးရှိ၏။ တနည်း၊ ဟိရီသည်။ အဇ္ဈတ္တ သမုဋ္ဌာန်သျှင် အကြောင်းရှိ၏၊ ဩတ္တပ္ပသည် ဗဟိဒ္ဓ သမုဋ္ဌာန်သျှင် အကြောင်းရှိ၏၊ ထို ၂–ပါးတို့တွင်၊ အဇ္ဈတ္တ သမုဋ္ဌာန်သျှင် အကြောင်းရှိသောဟိရီသည်၊မိမိ၏အမျိုးနှင့်ပြည့်စုံသောဇာတ်ကိုဆင်ခြင်၍၎င်း၊အရွယ်ကိုဆင်ခြင်၍၎င်း၊ ရဲရင့်သည်၏ အဖြစ်ကိုဆင်ခြင်၍၎င်း၊ များ

သောအကြား အမြင် ရှိသည်၏ အဖြစ်ကို ဆင်ခြင်၍ရင်း၊ ဤလေးပါးသော အကြောင်းကြောင့်ဝေနေယျတို့အားဖြစ်၏၊ ဗဟိဒ္ဓသမုဋ္ဌာန်လျှင်အကြောင်း ရှိသောဩတ္တပ္ပသည်၊ ပရိသတ်လေးပါးတို့ကဲ့ရဲ့ရှုတ်ချခြင်းတို့ကို၊ ကြောက်လန့်သည်၏ အဖြစ်ကြောင့်၊ ဝေနေယျတို့အားဖြစ်၏၊ ဤသို့အားဖြင့်၊ ဟိရီဩတ္တပ္ပတရားနှစ်ပါး၏ထူးခြားပုံကိုသိလေမှတ်လေ၊

ဤဟိရီဩတ္တပ္ပတရားနှစ်ပါးသည်၊လောကကို ထိန်းသိမ်းစောင့်ရှောက်ကုန်သောကြောင့်၊ လောကပါလတရားမည်၏၊ အကယ်၍ဤတရား ၂-ပါး မရှိခဲ့လျှင်၊ သူ့ဥစ္စာခိုးခြင်း၊ သူ့သားအိမ်ယာ ပြစ်မှားခြင်းစသည်ကို မဆိုထားနှင့်ဦး၊ အမိ၊မိထွေး၊အရီးစသော ကိုယ်ကွယ်ထိုက်သော မိန်းမများကို သော်လည်း၊ မယားလုပ်၍၊ ခွေးဝက်ကြက်တို့ကဲ့သို့ဖြစ်၍၊ လောကသည် ပျက်စီးလတ္တံ့၊ထိုကြောင့်၊လောကပါလတရား ၂-ပါးဟု-ဒုကအင်္ဂုတ္တိုရ်ပါဠိတော်၌၊ ၊ဒွေမေဘိက္ခဝေသုက္ကာဓမ္မာလောကံပါလေန္တိ၊ကတမေဒွေ၊ဟိရီစ၊ ဩတ္တပ္ပဉ္စ၊ ၊ဟုဟောကြားတော်မူ၏၊ ၊ဘိက္ခဝေ၊ ရဟန်းတို့၊ သုက္ကာ၊ ဖြူစင်ကုန်သော၊ဒွေ၊နှစ်ပါးကုန်သော၊ဣမေဓမ္မာ၊ဤတရားတို့သည်၊လောကံ၊ လူအပေါင်းကို၊ ပါလေန္တိ၊စောင့်ရှောက်ကုန်၏၊ ဒွေ၊နှစ်ပါးတို့သည်၊ ကတမေ၊ အဘယ်သည်တို့နည်းဟုမူကား၊ ဟိရီစ၊ ဟိရီစေတသိက် သည်၎င်း၊ ဩတ္တပ္ပဉ္စ၊ ဩတ္တပ္ပစေတသိက်သည်၎င်းတည်း၊ ၊၎င်းတရား နှစ်ပါးကို၊ ရှေးပညာရှိ၊ကဝိအမေဒ်၊မထေရ်ကျော်တို့သည်ကား၊ ၊လူ့အပေါင်းတို့၏၊ အကွပ်တရားမည့်၏ဟုဆိုကြ၏၊ အဘဲ့ကြောင့်ဟူမူ၊ ဤတရား ၂-ပါးမရှိခဲ့လျှင်၊ အစည်းမရှိသောဝါး၊ အကွပ်မရှိသောကြမ်းသည်၊ ပျက်စီးသကဲ့သို့ ပျက်စီးလိမ့်မည်၊ ဧကန်စင်စစ်၊ ဖြစ်သောကြောင့်တည်း၊ ထိုကြောင့်၊ ၊ လူတို့အကွပ်-ဟိရောတ္တပ္ပ၊ ၊ဟုပညာရှိတို့စပ်ဆိုကြကုန်၏၊ ဧကန်ပါတ် မဟိသဇာတ်ဘော်၌ကား၊ ဒေဝဓမ္မ၊ ဒေဝဓမ်-တရားဟု ဟောကြားတော်မူ၏၊ ၊ဤသို့ဟောကြား၊ ဒေဝဓမ်တရားတို့ကို ပြည့်စုံစေ၍ အကုသိုလ်တည်းဟူသောရန်သူပုန်ကို၊ ပယ်ရှားတုန်ရာ၏၊ပညာဝန္တ-ဝိညူတို့၊လောကူပမာအားဖြင့်၊နှစ်လုံးသောဘံတွေခဲသည်ရှိ၏၊ ထိုနှစ်လုံးတို့တွင်၊ တခုသော ဘံတွေသည်ငွေမြ၏၊မစင်ဖြင့် ထိမ်းကျံအပ်သည်ဖြစ်၏၊ တခုသော-ဘံတွေခဲသည်၊အထျံ့စွဲ၍ရဲရဲတောက်၏၊ မစင်ဖြင့် မလိမ်းကျံအပ်သည်ဖြစ်၏၊ ထိုနှစ်လုံးသော ဘံတွေခဲတို့ဝယ်၊ တလုံးသောဘံတွေခဲကို၊ ငွေမြပင် ငွေမြြား သော်လည်း၊ မစင်ထိမ်းကျံအပ်သည်ဖြစ်၍၊ စက်ဆုပ်ခြင်းကြောင့်၊ လူတို့ မကိုင်သကဲ့သို့၊ ပညာရှိတို့သည်၊ အဇ္ဈတ္တဖြစ်သောလဇ္ဇီတရားသို့ သက်၍၊

မကောင်းမှုကိုမပြုခြင်းကိုမှတ်အပ်၏၊ပုသောသံတွေခဲကို၊လောင်ဆုံသည့်မှ ကြောက်သောကြောင့်၊ လူတို့ မကိုင်ခြင်းကဲ့သို့၊ ပညာရှိတို့သည် အပါယ် ဘေးမှကြောက်သောကြောင့်၊အကုသိုလ်ကိုမပြုခြင်းကိုမှတ်အပ်၏။

ဤဟိရိဩတ္တပ္ပ၊ တရား ၂-ပါးတို့သည်၊ မကောင်းမှုကို ကြဉ်ခြင်းနှိ အထွန်ပင်ထင်ရှားဖြ၏၊ထင်ရှားဟန်ကား၊ အချုပ်သောသူသည်၊အမျိုး၏ မြတ် သည့်အဖြစ်ကိုဆင်ခြင်၍၎င်း၊ ဆရာဖြစ်သောသူရား၏ မြတ်သည့်အဖြစ်ကို ဆင်ခြင်၍၎င်း၊ အမွေဥစ္စာ ဖြစ်သော လောကုတ္တရာ တရား၏ မြတ်သည့်၏ အဖြစ်ကိုဆင်ခြင်၍၎င်း။ သီတင်းသုံးဘော်တို့၏မြတ်သည့်၏ အဖြစ်ကိုဆင် ခြင်၍၎င်း၊ ဤလေးပါးသော အကြောင်းတို့ဖြင့်၊ ဟိရီတရားကို ဖြစ်စေ၍၊ အကုသိုလ်ကိုမပြုထုန်၊အချုပ်သောသူသည်၊ မိမိကိုယ်ကို။မိမိစွပ်စွဲခြင်း ဟု သောဘေးငင်း၊ သူတပါးတို့စွပ်စွဲစောဒနာခြင်းဘေးငင်း၊မင်းဒဏ်ပိုးဒဏ် ဘေးငင်း၊အပါယ်ဘေးငင်း၊ဤသို့သောအကြောင်းတို့ဖြင့်၊ ဩတ္တပ္ပကို ဖြစ် စေ၍၊ အကုသိုလ်ကိုမပြုကုန်၊ ၊ထိုတရား ၂-ပါးတွင်၊ ဟိရီတရားအား ကြီးစွာဗလဝဖြစ်ရာ၌၊ဩတ္တပ္ပသည် ဒုဗ္ဗလ-အဗ္ဗောဟာရိက၊ဩတ္တပ္ပသည် အားကြီးစွာ ဗလဝဖြစ်ရာ၌၊ ဟိရိသည်၊ဒုဗ္ဗလ အဗ္ဗောဟာရိကသာတည်း၊ ဤသျှင်၊ ဟိရောတ္တပ္ပနှစ်ပါး၏ အလုးကို၊ အဘိဓမ္မာဝတာရ၊ ဋီကာ၌ဘွင့် ပြခြင်းတည်း၊ ၊ဟိရီ၊ဩတ္တပ္ပစေတသိက်ပြီးပြီ။

---

## (၂၀၄) အလောဘ၊အဒေါသ၊စေတသိက်ကိုပြဆိုခြင်း၊

အလောဘ ဟူသည်။ ၊နလုဗ္ဘတီတိ အလောဘော၊ ၊နလုဗ္ဘတိ၊ မတပ်တတ်၊ဣတိတသ္မာ၊ထိုကြောင့်၊ အလောဘော၊အလောဘမည်၏၊ ၊ ၎င်းအလောဘသည်၊ အာရုံ၌ စိတ်၏-မတပ်မက်မောခြင်း ထက္ခဏာ ရှိ၏၊ ဥပမာအားဖြင့်၊ကြာဘက်၌ရေပေါက်ကဲ့သို့တည်း။ ၊အဒေါသဟူသည်။ ၊ နဒုဿတီတိ အဒေါသော၊ ၊နဒုဿတိ၊ မပြစ်မှားတတ်၊ ဣတိ တသ္မာ၊ ထိုကြောင့်၊အဒေါသော၊အဒေါသမည်၏၊ ၊၎င်းအဒေါသသည်၊ မကြမ်း တမ်းသည့်၏အဖြစ်သျှင် လက္ခဏာရှိ၏၊ ဥပမာအားဖြင့်၊ မိမိအလိုသို့လိုက် သောအဆွေခင်ပွန်းကဲ့သို့တည်း။

ဤအရာဝယ်၊ အလောဘ၊ အဒေါသ-အမောဟတို့၏ သဘောအရကို၊ ခွဲခြား၍ပြပေဦးအံ့၊ ၊ထိုသုံးပါးတို့တွင်၊ အလောဘသည် ဒါနဖြစ်ခြင်း၏ အကြောင်းတည်း၊ အဒေါသသည် သီလဖြစ်ခြင်း၏ အကြောင်းတည်း၊အ

မောဟသည်-ဘာဝနာဖြစ်ခြင်း၏ အကြောင်းတည်း၊ တနည်း အလောဘဖြင့်၊ လူတို့၏ လယ်ယာအစရှိသည်တို့၌၊ ငြင်းခုံခြင်း၏မရှိခြင်းကြောင့်၊ ချမ်းသာစွာ နေရခြင်းရှိသည့်၏ အဖြစ်သည်ဖြစ်၏၊ အမောဟဖြင့်၊ ရဟန်းတို့၏ အယူ၌ငြင်းခုံခြင်း၏မရှိခြင်းကြောင့်၊ ချမ်းသာစွာနေရခြင်းရှိသည့်၏ အဖြစ်သည်ဖြစ်၏၊ အဒေါသဖြင့်၊ လူရဟန်းတကွ ၂-ပါးစုံတို့၏၊ ငြင်းခုံခြင်း၏ မရှိခြင်းကြောင့်၊ ချမ်းသာစွာ နေရခြင်း ရှိသည့်၏အဖြစ်သည်ဖြစ်၏၊ ။ဤသို့ အဋ္ဌကထာဆရာပြတော်မူရာဝယ်အမိပ္ပါယ်ထင်ရှားအောင်၊ သိသာစေရန် အထိုဌ်၊မူလဋီကာရှင်အာနန္ဒာသည်၊ ၊ကာမရာဂါဘိနိဝေသ ဝိနိဗန္ဓာယဟိဂ ဟဋ္ဌာဂဟဋ္ဌေဟိဝိဝဒန္တိ၊ဒိဋ္ဌိရာဂါဘိနိဝေသဝိနိဗန္ဓာသမဏာသမဏေဟိ တိ၊ ၊ဟုဘွင့်ပြ၏၊ ။ဟိသဒ္ဒါ၊မှန်၏။ကာမရာဂါဘိနိဝေသဝိနိဗန္ဓာ၊ကာမ ရာဂဖြင့်၊ မှားသောအားဖြင့်၊ နှလုံးသွင်းခြင်းသည့် ရစ်ပွဲအပ် ကုန်သော၊ ဂဟဋ္ဌာ၊လူတို့သည်၊ ဂဟဋ္ဌေဟိ၊လူတို့နှင့်၊ဝိဝဒန္တိ၊ငြင်းခုံကုန်၏။ဒိဋ္ဌိရာဂါဘိ နိဝေသဝိနိဗန္ဓာ၊ ဒိဋ္ဌိရာဂဖြင့် မှားသောအားဖြင့် နှလုံးသွင်းခြင်းသည် ရစ်ပွဲ အပ်ကုန်သော၊ သမဏာ၊ ရဟန်းတို့သည်၊ သမဏေဟိ၊ ရဟန်းတို့နှင့်၊ ဝိဝ ဒန္တိ၊ငြင်းခုံကြကုန်၏၊ ဣတိ၊ဤသို့မှတ်အပ်၏။ ။ဤလျှင် ပစ္စုပ္ပန်ဘဝ၌ဖြစ် ခြင်းအကြောင်းတည်း၊

ထမလွန်၌ မှာမူကား၊ ၊အလောဘကြောင့်။ပြိတ္တာဘုံ၌ပဋိသန္ဓေအား ဖြင့် ဖြစ်ခြင်းသည်မဖြစ်ကုန်၊ အဘဲ့ကြောင့်ဟူမူ၊ လောဘကြောင့်သာလျှင်၊ ပြိတ္တာဘုံ၌ဖြစ်သောကြောင့်တည်း၊ ၊အဒေါသကြောင့်။ငရဲဘုံ၌ပဋိသန္ဓေ အားဖြင့် ဖြစ်ခြင်းသည်မဖြစ်ကုန်၊ အဘဲ့ကြောင့်ဟူမူ၊ ဒေါသ ကြောင့်သာ လျှင်၊ငရဲဘုံ၌ဖြစ်သောကြောင့်တည်း၊ ၊အမောဟကြောင့်၊တိရစ္ဆာန်ဘုံ၌ ပဋိသန္ဓေ အားဖြင့် ဖြစ်ခြင်းသည် မဖြစ်ကုန်၊ အဘဲ့ကြောင့်ဟူမူ၊ မောဟ ကြောင့်သာလျှင်တိရစ္ဆာန်ဘုံ၌ဖြစ်သောကြောင့်တည်း၊ဝိပဿနာအမြင်မှာ မူကား၊ ၊အလောဘဖြင့် အနိစ္စဟု ရှုခြင်းသည်ဖြစ်၏၊ အဒေါသဖြင့် ဒုက္ခ ဟုရှုခြင်းသည်ဖြစ်၏၊ အမောဟဖြင့်၊ အနတ္တဟုရှုခြင်းသည်ဖြစ်၏၊ သံသရာ မှလွတ်ရန်မှာမူကား၊ အလောဘဖြင့်၊ ဇာတိဒုက္ခသည်မဖြစ်ရမခံရကုန်၊ အ ဘဲ့ကြောင့်ဟူမူ၊ ပဋိသန္ဓေနေရသော ဇာတိဒုက္ခ၏၊ တဏှာလောဘလျှင်အ ကြောင်းရင်းရှိသည့်၏အဖြစ်ကြောင့်တည်း၊ အဒေါသဖြင့်၊ ဇရာဒုက္ခသည် မဖြစ်ရ၊ အဘဲ့ကြောင့်ဟူမူ၊ ထက်သော ဒေါသရှိသောသူအား၊လျင်စွာအို ခြင်း၏ဖြစ်ထင်သောကြောင့်တည်း။ အမောဟဖြင့်၊ မရဏဒုက္ခသည်မဖြစ်၊ အဘဲ့ကြောင့်ဟူမူ၊ တွေဝေသောမောဟရှိသော သူအားသာလျှင်၊ တွေဝေ

သဖြင့်သေရခြင်း ဆင်းရဲသောကြောင့်တည်း။ ။ဤလျှင်၊ အဓောဘာ-အနေါသ-အမောဟာဖြစ်ချက်ပြီးပြီ။

---

## (၂၀၅) တတြမဇ္ဈတ္တတာစေတသိက်ကိုပြခြင်း။

တတြမဇ္ဈတ္တတာဟူသည်။ ။တတြတေသုတေသုဓမ္မေသုမဇ္ဈတ္တတာ တတြမဇ္ဈတ္တတာ၊ ။တတြတေသုတေသုဓမ္မေသု၊ထိုထိုသမ္ပယုတ်ဖြစ်သော စိတ်,စေတသိက်တရားတို့၌။ မဇ္ဈတ္တတာ၊ အလယ်အကြား၌တည်သော သဘောရှိသော သူ၏အဖြစ်သည်၊ တတြမဇ္ဈတ္တတာ မည်၏။ ။လျစ်လျူရှုသည့်ဟူသည်၊အလယ်အကြား၌ တည်သည်ကို ဆိုသည်ဟုမှတ်အပ်၏။ ဤတတြမဇ္ဈတ္တတာသည်၊ သမ္ပယုတ် ဖြစ်သော စိတ် စေတသိက်တို့ကို အာရုံမပြုဘဲလျက်၊ အဘယ့်ကြောင့် တတြမဇ္ဈတ္တတာဟုဆိုအပ်သနည်း။ ။အညီအမျှဖြစ်ကုန်သော ထိုစိတ်,စေတသိက်တို့၌ လျစ်လျူရှုတတ်သည်၏အဖြစ်ကြောင့် တတြမဇ္ဈတ္တတာဟုဆိုအပ်သည်ဟုမှတ်၊ထိုကြောင့်မူလဋီကာ၌၊ ။အတဒါရမ္မဏတ္တေပိ ဟိတေသုသမပ္ပဝတ္တေသုဥဒါသိနဘာဝတောတတြမဇ္ဈတ္တတာတိဝုစ္စတိ-ဟုဆိုဖြ။ ။အတဒါရမ္မဏတ္တေ၊ ထိုစိတ်စေတသိက်လျှင်အာရုံရှိသည်မဟုတ်သည်၏အဖြစ်သည်၊သတိပိ၊ရှိသော်လည်း၊သမပ္ပဝတ္တေသု၊အညီအမျှဖြစ်ကုန်သော၊တေသု၊ထိုစိတ်စေတသိက်တရားတို့၌၊ဥဒါသိနဘာဝတော၊လျစ်လျူရှုတတ်သည်၏အဖြစ်ကြောင့်၊တတြမဇ္ဈတ္တတာတိ၊တတြမဇ္ဈတ္တတာဟူ၍၊ဝုစ္စတိ၊ဆိုအပ်၏။ ။ထိုတတြမဇ္ဈတ္တတာသည် သမ္ပယုတ်ဖြစ်သော စိတ်စေတသိက်တို့ကို အညီအမျှ၊ အကြင်အကြင် မိမိကိစ္စတို့၌ဖြစ်စေခြင်းသမဝါဟိတလက္ခဏာရှိ၏၊ဥပမာအားဖြင့်၊သဇ္ဇယုတ်မလွန် အညီအမျှဖြစ်ကုန်သော အာဇာနည်မြင်းတို့ကို၊ လျစ်လျူရှုရသော ရထားထိန်းနှင့်တူ၏၊ ။တခုခုသောတရားကို ဘော်ဝင်ရိုင်းပင်း အသင်းမပြုမူ၍၊ လျစ်လျူရှုသည်ကို တတြမဇ္ဈတ္တတာ စေတသိက်ဟု သေချာစွာမှတ်အပ်၏။

ဤအရာ၀ယ်၊ဥပေက္ခာအပြား၊ပေါင်းဆယ်ပါးကိုခွဲခြား၍ထုတ်ဦးအံ့၊ ။ဆဠင်္ဂုပေက္ခာ၊ ဗြဟ္မဝိဟာရုပေက္ခာ၊ ဗောဇ္ဈင်္ဂုပေက္ခာ၊သင်္ခါရုပေက္ခာ၊ ဝေဒနုပေက္ခာ၊ ဝိပဿနုပေက္ခာ၊ တတြမဇ္ဈတ္တုပေက္ခာ၊ ဈာနုပေက္ခာ၊ ပါရိသုဒ္ဓိဥပေက္ခာအားဖြင့်ဆယ်ပါးရှိ၏၊ ၎င်းဆယ်ပါးအရဆောင်ပုဒ်ကိုကား၊ ဤသို့မှတ်အပ်၏။

(၁) ဆ,ဖြ,ဇောဝိ၊သ,ဝေ,ဝိ၊ပါရိ,တ,ဈာန၁၊ ။
(၂) ဥပေက္ခာမည်ရ၊သရုပ၊အရဉ်ဆယ်ဖြာ၊ ။
(၃) ဆ,ဖြ,ဇော,တ၊ဈာ,နှင့်ပ၊အတ္တ-တတြာ၊ ။
(၄) သံ,ဝိ,ဘေဒ၊ခွေခမ္ဘ၊အတ္တ-မြတ်ပညာ၊ ။
(၅) ရိ,ဝေ,ဘေဒ၊ခွေခမ္ဘ၊အတ္တ-ပုဒ်အလာ၊ ။
(၆) ဥပေက္ခာသရုပ်၊အကျဉ်းချုပ်၊မယုတ်မှတ်အပ်စွာ၊ ။

ထိုဥပေက္ခာဆယ်ပါးတို့တွင်၊ဆဠင်္ဂုပေက္ခာဟူသည်၊ ရဟန္တာတို့သည် ကောင်း မကောင်းသော အာရုံခြောက်ပါးကို ရှုတတ်သော်၊ ဝမ်းသာစွာလည်းမရှိ။နှလုံးမသာယာသည်လည်းမရှိ၊လျစ်လျူဖြစ်သည်ကား၊ဆဠင်္ဂုပေက္ခာတည်း၊ သဗ္ဗေသတ္တာကမ္မဿကာစသောအားဖြင့်၊ သတ္တဝါခပ်သိမ်းတို့၌လျစ်လျူရှုသည်ကား ဗြဟ္မဝိဟာရုပေက္ခာတည်း၊ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂ ဘာဝေတိစသည်ဖြင့် လာသောသဟဇာတ်တရားတို့၌၊ လျစ်လျူရှုသော ဥပေက္ခာကား၊ဗောဇ္ဈင်္ဂုပေက္ခာတည်း၊ လုံ့လပြင်းစွာအားထုတ်ခြင်းလည်းမရှိ ထုံ့လလျော့ခြင်းလည်းမရှိသော ဝီရိယသည်ကား၊ဝီရိယုပေက္ခာတည်း၊သင်္ခါရတရားတို့၌ လျစ်လျူရှုသော ဉာဏ်သည်ကား၊သင်္ခါရုပေက္ခာတည်း၊ အဒုက္ခမသုခဝေဒနာသည်ကား၊ ဝေဒနုပေက္ခာတည်း၊ ဝိပဿနာဉာဏ်ကား၊ ဝိပဿနုပေက္ခာတည်း၊ ယေဝါပနကဋ္ဌဟောတော်မူအပ်သော သဟဇာတ် တရားတို့ကို အမျှရွက်ဆောင်သော ဥပေက္ခာစေတသိက်ကား၊ တတြမဇ္ဈတ္တုပေက္ခာတည်း၊ဥပေက္ခကောစဝိဟာရတိ၊ ။ဟူ၍၊ ဈာနပါဠိ၌လာသော မြတ်လှစွာသောတတိယဈာန်ချမ်းသာ၌လည်း၊ လျစ်လျူရှုသည်ကား၊ ဈာနုပေက္ခာတည်း၊စတုတ္ထဈာန်၌ဥပေက္ခာကား၊ပါရိသုဒ္ဓိဥပေက္ခာတည်း။

ဤလျှင် ဥပေက္ခာဆယ်ပါး သရုပ်အကျဉ်းချုပ်အဓိပ္ပါယ်တည်း၊

အယံပိဥပေက္ခာတတ္တတတ္တပါဠိပဒေသေ အာဂတနယတော စဘူမိပုဂ္ဂလစိတ္တာရမ္မဏာ ခန္ဓာသင်္ဂဟာကေကုဏ ကုသလတ္တိကာသင်္ခေပဝသေန စ အဋ္ဌသာလိနီယာ ခမ္ဘသင်္ဂဟာ အဋ္ဌကထာယ ရုတ္တနယေန ဝေဒိတဗ္ဗာ၊ ။ဟူသော ပါရာဇိကကဏ္ဍအဋ္ဌကထာလာသည်ကို ခွဲခြားချဲ့ပြပေဦးအံ့၊ ။ငင်းဥပေက္ခာ ၁၀–ပါးကို၊ ဘုံအားဖြင့် ဆုံးဖြတ်ဘိုရာ၊ လင်္ကာအချုပ်ကား၊ ။ဆ,သင်,ဝိပဿ၊သုံးရပ်ကာမာ၊ ဗြ,ဈာန်,ပါဟူ၊ သုံးဆူရူပ၊ဗောဇ္ဈင်္ဂ၊ ကာမလောကုတ်၊ဤသို့ထုတ်၊ ။မယုတ်သုံးစဉ်ရသတည်း။

ပဋိဃုလ်အားဖြင့်ဆုံးဖြတ်ဟန်ကား၊ ၊ဆဋ္ဌင်,အရဟန်၊ကြွင်းကျန်ကိုး၀၊ ဥပေက္ခာမှာ၊ သေက္ခာပုထု၊ဖြစ်မှုရဟန်၊ဤသုံးတန်၊ကောန်ဖြစ်သတည်း၊

စိတ္တအဆုံး အဖြတ်ကား၊ ၊ဗျာနုပေက္ခန်၊ သောမနံတည့်၊ဖြုဟ္ဂ,၀ေ, ပါ၊ဥပေက္ခာပြ၊ ကြွင်း ခြောက်၀မှာ၊ ဥ,သော,လာ၊ မှတ်ပါစိတ်ယှဉ်အရ တည်း၊

အာရုံအားဖြင့် ဆုံးဖြတ်ဟန်ကား၊ ၊ဗောဇ္ဈင်, နိဗ္ဗာန်၊ ဖြ,ဈာန်,ပါရိ၊ မျှောသိအာရုံ၊ကြွင်းခြောက်ရုံမှာ၊ရုံခြောက်ဖြာ၊ရမ္မဏာအရအခွဲတည်း၊

ခန္ဓအားဖြင့် ဆုံးဖြတ်ဟန်ကား၊ ၊၀ေ-၀ေဒနံ၊ ကြွင်းကိုးတန်မှာ၊ခန္ဓာ အရ၊သင်္ခါရသာ၊ဘွဲ့ကုန်ရာ၊ခန္ဓာဤသို့ခွဲသတည်း၊

ကေက္ခဏာ အားဖြင့်ကား၊ ၊၀ေ,ပိ,ရိမှာ၊ ထပြိုင်သာဖြစ်၊ကြွင်းကျန် ရှစ်မှာ၊အသီးသာ၊သေချာခွဲရန်တည်း၊

ကုသလတ္တိကအားဖြင့် ခွဲဟန်ကား၊ ၊ဆဋ္ဌင်,အဗျာ၊ဝေ,မှာသုံး၀၊ကျန် ရှစ်၀-မှာ၊ကုနှင့်ဗျာ၊သေချာမှတ်တို့တည်း၊

သင်္ခေပအားဖြင့်၊ ၊ဝံ,၀ေ တတြ၊ ပညာဏ၊ ဆယ်၀ လေးခုတည်း၊ ။ ဤလျှင် တတြမဇ္ဈတ္တတာစေတသိက်ပြီးပြီ။

---

## (၂၀၆) ပဿဒ္ဓိစေတသိက်နှစ်ပါးကိုပြဆိုခြင်း၊

ကာယပဿဒ္ဓိ၊စိတ္တပဿဒ္ဓိ-ဟူသည်၊ ၊ပဿမ္ဘနံပဿဒ္ဓိ၊ ၊ပဿမ္ဘနံ၊ငြိမ်းခြင်း။ ပဿဒ္ဓိ၊ငြိမ်းခြင်း၊ ၊ကာယဿပဿဒ္ဓိ၊ကာယပဿဒ္ဓိ၊ ။ ကာယဿ၊ဝေဒနာက္ခန္ဓာစသော ခန္ဓာသုံးပါးအပေါင်း၏၊ ပဿဒ္ဓိ၊ပူပန်စေ တတ်သော ဥဒ္ဒစ္စပြဓာန်းသော ကိလေသာတို့ကို ငြိမ်းစေခြင်းတည်း၊ကာယ ပဿဒ္ဓိ၊ ဝေဒနာက္ခန္ဓာစသော ခန္ဓာသုံးပါးအပေါင်း၏ ပူပန်စေတတ်သော ဥဒ္ဒစ္စပြဓာန်းသောကိလေသာတို့ကို ငြိမ်းစေခြင်း၊ ၊စိတ္တဿပဿဒ္ဓိ စိတ္တ ပဿဒ္ဓိ၊ ၊စိတ္တဿ၊သောဘဏစိတ်၏၊ ပဿဒ္ဓိ၊ပူပန်စေတတ်သော ဥဒ္ဒစ္စ ပြဓာန်းသောကိလေသာတို့ကိုငြိမ်းစေခြင်းတည်း၊ စိတ္တပဿဒ္ဓိ၊သောဘဏ စိတ်၏ ပူပန်စေတတ်သော ကိလေသာတို့ကို ငြိမ်းစေခြင်း၊ ၊၎င်းစေတ သိက် ၂-ပါးသည်၊ လက္ခဏာအားဖြင့်၊ ကိုယ်စိတ်ကို ပူပန်စေတတ်သော ဥဒ္ဒစ္စပြဓာန်းသော၊ ကိလေသာတို့ကို ငြိမ်းစေခြင်း။ကာယစိတ္တဒရထဝူပသ မလက္ခဏာရှိ၏၊ ၊၎င်းစေတသိက်တို့သည် ကိုယ်စိတ်တို့၏၊ မငြိမ်သက် ခြင်း၊ တုန်လှုပ်ခြင်းကိုပြုတတ်သော ဥဒ္ဒစ္စပြဓာန်းသောကိလေသာတို့၏ဆန်

ကျင်ဘက်ဖြစ်၍ ဖြစ်ကုန်၏၊ ။ဥပမာ အားဖြင့်၊ အလွန် ေးမြကြည်လင်သောရေနှိ၊ လွတ်အပ်သော ငါးနှင့်တူ၏၊ ။ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ပြီးပြီ၊

---

## (၂၀၇) လဟုတာစေတသိက်နှစ်ပါးကိုပြခြင်း။

ကာယလဟုတာ၊စိတ္တလဟုတာ-ဟူသည်၊ ။ကာယဿလဟုဘာဝေါ ကာယလဟုတာ၊ ။ကာယဿ၊ ဝေဒနာစသော ခန္ဓာသုံးပါးအပေါင်း၏၊ လဟုဘာဝေါ၊ ပေါ့သည့်အဖြစ်တည်း၊ ကာယလဟုတာ၊ ဝေဒနာစသော ခန္ဓာသုံးပါး အပေါင်း၏ ပေါ့သည့်အဖြစ်၊ ။စိတ္တဿလဟုဘာဝေါ စိတ္တလဟုတာ၊ ။စိတ္တဿ၊သော ဘာဏစိတ်၏၊ လဟုဘာဝေါ၊ပေါ့သည့်အဖြစ်တည်း၊ စိတ္တလဟုတာသောဘာဏစိတ်၏ ပေါ့သည့်အဖြစ်၊ ။ငင်းစေတသိက် ၂-ပါးသည် ကိုယ်စိတ်တို့၏ လေးသည့် အဖြစ် ဟူသော ထိနမိဒ္ဓ ပြဋ္ဌာန်းသောကိလေသာတို့ကိုငြိမ်းစေခြင်း၊ ကာယစိတ္တဂရုဘာဝ-ပူသာမလက္ခဏာရှိ၏၊ ။ငင်းစေတသိက် ၂-ပါးသည်၊ ကိုယ်,စိတ် နှစ်ပါးတို့၏ လေးသည်၏ အဖြစ်ဟူသော ထိန မိဒ္ဓ-ပြဋ္ဌာန်းသော ကိလေသာတို့၏ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ထုန်၏၊ ဥပမာအားဖြင့်၊ ရွံ့ညွန်မှ ကင်းပြီးသော ညီမျှသောခရီး၌၊လမ်းသွားသော ပကတေ့သော ယောကျ်ားနှင့်တူ၏၊ ။လဟုတာပြီးပြီ၊

---

## (၂၀၈) မုဒုတာစေတသိက်ကိုပြခြင်း။

ကာယမုဒုတာ၊စိတ်မုဒုတာ-ဟူသည်၊ ။ကာယဿမုဒုဘာဝေါကာယမုဒုတာ၊ ။ကာယဿ၊ဝေဒနာစသောခန္ဓာသုံးပါး၏၊မုဒုဘာဝေါနူးညံ့သည်၏အဖြစ်သည်၊ ကာယမုဒုတာ၊မည်၏၊ ။စိတ္တဿ မုဒုဘာဝေါ စိတ္တမုဒုတာ၊ ။စိတ္တဿ၊သောဘာဏစိတ်၏၊ မုဒုဘာဝေါ၊ နူးညံ့သည်၏အဖြစ်သည်၊စိတ္တမုဒုတာ၊မည်၏၊ ။ငင်းစေတသိက် ၂-ပါးသည်၊ ကိုယ်စိတ်တို့၏ခက်ထန်ခိုင်မာသည်၏ အဖြစ်ဟူသော ဒိဋ္ဌိမာနပြဋ္ဌာန်းသော ကိလေသာတို့ကို ငြိမ်းစေခြင်း၊ ကာယစိတ္တထဒ္ဓဘာဝူပသမ လက္ခဏာရှိ၏၊ ငင်းစေတသိက်သည်၊ ကိုယ်စိတ်တို့၏၊ ခက်ထန်ခိုင်မာသည်၏အဖြစ်ကိုပြုတတ်သော ဒိဋ္ဌိမာနပြဋ္ဌာန်းသော ကိလေသာတို့၏၊ ဆန့်ကျင်ဘက်ဖြစ်၍ဖြစ်ထုန်၏၊ ၊

ဥပမာအားဖြင့်၊ ချစ်ခင်ပုံမက်၊ အလွန် နှစ်သက်ခြင်း ရှိသော၊ ဆွေမျိုးတို့၏ အလယ်သို့ရောက်သောစစ်သူကြီးနှင့်တူ၏၊ ။မုဒုတာပြီးပြီ၊

---

## (၂၀၉) ကမ္မညတာစေတသိက်ကိုပြခြင်း၊

ကာယကမ္မညတာ၊ စိတ္တကမ္မညတာ–ဟူသည်၊ ။ကာယကမ္မညဘာဝေါကာယကမ္မညတာ၊ ။ကာယကမ္မညဘာဝေါ၊ကိုယ်၏အမှုန္ဒကောင်းသည်၏အဖြစ်သည်၊ ကာယကမ္မညတာ မည်၏၊ ။စိတ္တဿ ကမ္မညဘာဝေါစိတ္တကမ္မညတာ၊ ။စိတ္တဿ၊ သောဘဏစိတ်၏၊ ကမ္မညဘာဝေါ၊အမှုန္ဒ ကောင်းသည်၏ အဖြစ်သည်၊ စိတ္တကမ္မညတာ မည်၏၊ ။ထိုစေတသိက်သည်လက္ခဏာအားဖြင့်၊ဒါန,သီလ စသော ပုညကြိယာ၌၊ မကောင်းသည်၏အဖြစ်၊ မလျောက် ပတ်သည်၏အဖြစ်ဟူသော၊ ကာမစ္ဆန္ဒပြဓာန်းသော ဘံကိလေသဓမ္မတို့ကိုငြိမ်းစေခြင်း၊ အကမ္မညတာဘာဝူပသမ လက္ခဏာရှိ၏၊ ထို စေတသိက်သည် ကိုယ်စိတ်တို့၏၊ အမှုန္ဒ မကောင်းသည်၏အဖြစ်ကိုပြုတတ်ကုန်သော ဆိုအပ်ပြီးသောဥဒ္ဓစ္စ,စသည်မှကြွင်းထုန်သော၊ ကာမစ္ဆန္ဒနီဝရဏ၊ ဘံကိလေသဓမ္မာတို့၏ ဆန့်ကျင်ဘက် ဖြစ်၍ဖြစ်ကုန်၏၊ ဥပမာအားဖြင့်အစီးအပွါးကိုပြုခြင်းတို့၌၊ ယှဉ်ခြင်းငှါခံ့သည်၏အဖြစ်၊ သင့်လျော်သည်၏အဖြစ်ကို ဆောင်တတ်ရကား၊ ဦးသစ်စဖြစ်သော ရွှေစင်နှင့်တူ၏ဟုမှတ်၊ ။ကမ္မညတာပြီးပြီ၊

---

## (၂၁၀) ပါဂုညတာစေတသိက်ကိုပြခြင်း၊

ကာယပါဂုညတာ၊ စိတ္တပါဂုညတာဟူသည်၊ ။ကာယဿ ပါဂုညဘာဝေါကာယပါဂုညတာ၊ ။ကာယဿ၊ ဝေဒနာစသောနာမက္ခန္ဓာ၏၊ ပါဂုညဘာဝေါ၊ လေ့လာစွမ်းနိုင်သောအဖြစ်သည်၊ ကာယပါဂုညတာ၊မည်၏၊ ။စိတ္တဿပါဂုညဘာဝေါစိတ္တပါဂုညတာ၊ ။စိတ္တဿ၊သောဘဏစိတ်၏၊ပါဂုညဘာဝေါ၊လေ့လာစွမ်းနိုင်သောအဖြစ်သည်၊စိတ္တပါဂုညတာမည်၏၊ ။ထိုစေတသိက်သည် လက္ခဏာ အားဖြင့်၊ ကိုယ်စိတ်တို့၏ နာသည်၏အဖြစ်ဟူသော၊အသဒ္ဓိယစသောပါပဓမ္မတို့၏ဆန့်ကျင်ဘက်၏ အဖြစ်တည်းဟူသောအဂေလညဘာဝလက္ခဏာရှိ၏၊ရင်းစေတသိက်သည်၊ ကိုယ်စိတ်တို့၏၊ နာသည်၏အဖြစ်ကို ပြုတတ်တုန်သော အသဒ္ဓိယစသော ပါပဓမ္မတို့၏ ပဟာယပဋိပက္ခ၊ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကုန်၏၊ ဥပမာအား

ဖြင့်၊ အလွန်တရာနက်သောရေ၌၊ လွှတ်အပ်သော မီကျောင်းကဲ့သို့မှတ်အပ်၏၊ ။ပါဂုညတာစေတသိက်ပြီးပြီ၊

---

## (၂၁၁) ဥဇုကတာစေတသိက်ကိုပြခြင်း။

ကာယုဇုကတာ၊ စိတ္တုဇုကတာဟူသည်၊ ။ကာယဿ ဥဇုဘာဝေါ ကာယုဇုကတာ၊ ။ကာယဿ၊ဝေဒနာ စသော ခန္ဓာသုံးပါး၏၊ ဥဇုဘာဝေါ၊ဖြောင့်မတ်သည်၏ အဖြစ်သည်၊ ကာယုဇုကတာမည်၏၊ ။စိတ္တဿ ဥဇုဘာဝေါ စိတ္တုဇုကတာ၊ ။စိတ္တဿ၊သောဘဏစိတ်၏၊ဥဇုဘာဝေါ၊ ဖြောင့်မတ်သည်၏ အဖြစ်သည်၊ စိတ္တုဇုကတာ၊မည်၏။ ။ထိုစေတသိက်တို့သည် ကိုယ်စိတ်တို့၏ ဖြောင့်မတ်သည်၏အဖြစ် ဟူသော အဇ္ဇဝလက္ခဏာရှိ၏၊ ၎င်းစေတသိက်သည်၊ ကိုယ်စိတ်တို့၏ကောက်သည်၏အဖြစ်ကို ပြုတတ်သော၊ မာယာသာဌေယျ အစရှိသည်တို့၏၊ ပဟာယက-ပဋိပက္ခ ဆန့်ကျင်ဘက်ဖြစ်၍ဖြစ်ကုန်၏၊ ။ကာယုဇုကတာ၊ စိတ္တုဇုကတာသည်၊ ထွန်တုံးကောက်ဟုဆိုအပ်သော နင်္ဂလကောဋိဝင်္က၊ နွားသေးကောက်ဟုဆိုအပ်သောဂေါမုတ္တဝင်္က၊ လရေးကောက်ဟုဆိုအပ်သောစန္ဒလေခါဝင်္က အားဖြင့်သုံးပါးသောအကောက်တို့မှ ဆန့်ကျင်တော့သည်ဟူရာဝယ်၊မှတ်ဘွယ်အဓိပ္ပါယ်သော်ကား၊ ။အကြင်ပုဂ္ဂိုလ်အား သုံးပါးသော ကမ္မဒွါရတို့သည်၊ မစင်ကြယ်ကုန်သည်ဖြစ်၏၊ ထိုသူသည် နွားသေးကောက်ဟုဆိုအပ်သောအစမှ အဆုံးတိုင်ကောက်သော ဂေါမုတ္တဝင်္ကမည်၏၊ အကြင်ပုဂ္ဂိုလ်အား အမှတ်မရှိကုန်သော၊ နှစ်ပါးကုန်သော ကမ္မဒွါရတို့သည်၊မစင်ကြယ်ကုန်သည်ဖြစ်ထုန်၏၊ ထိုသူသည် လရေးကောက်ဟုဆိုအပ်သော အလယ်မှသည် အဆုံးတိုင်အောင် ကောက်သော စန္ဒလေခါဝင်္ကမည်၏၊ အကြင်ပုဂ္ဂိုလ်အားအမှတ်မရှိသော တခုသောကမ္မဒွါရသည်၊ မစင်ကြင်ကုန်သည်ဖြစ်ကုန်၏၊ ထိုသူသည်၊ ထွန်တုံးကောက်ဟုဆိုအပ်သော အဆုံးတွင်သာကောက်သော နင်္ဂလကောဋိဝင်္ကမည်၏၊ ။ဤလျှင် အဋ္ဌကထာ၊ ရှင်မဟာဗုဒ္ဓဃောသ၊ အင်္ဂုတ္တရဋီကာ ဆရာတော်တို့၏ နည်းတည်း၊ ။ဒီဃနိကာယ်ကို ဆောင်သောသူတို့၏ အလိုအားဖြင့်၊ အချို့သောရဟန်းသည်၊ အထုံးရုံသော ပထမ၊ ဒုတိယ၊တတိယ-အရွယ်သုံးပါး၌၊ နှစ်ဆဲ့တပါးသော အနေသန ကျက်စားရာမဟုတ်သော အဂေါစရတို့ကို၊ ကျင့်လိုရာရာကျင့်၏။ထိုရဟန်းသည်ဂေါမုတ္တအကောက်မည်၏၊ အကြင်ရဟန်းသည်၊ ပထမ

အရွယ်၌၊စတုပါရိသုဒ္ဓိ သီလကိုဖြည့်၍။ ၊လဇ္ဇီသီလဝန္တ-ဝိနယ ကုက္ကုစ္စ-သိက္ခာကာမဖြစ်၍၊ ဒုတိယ တတိယ အရွယ်၌၊ ရှေးရဟန်းတို့နှင့် အတူပြုကျင့်တတ်၍၊ ထိုရဟန်းသည် စန္ဒလေခကောဒိ အကောက်မည်၍၊ အကြင်ပုဂ္ဂိုလ်သည် ပထမ၊ မဇ္ဈိမအရွယ်၌၊ စတုပါရိသုဒ္ဓိ သီလကို ဖြည့်၍၊ လဇ္ဇီ ဘုက္ကုစ္စသိက္ခာကာမဖြစ်၍၊ပစ္ဆိမအရွယ်၌ ရှေးရဟန်းနှင့် အတူပြုကျင့်၍။ ထိုရဟန်းသည်၊နင်္ဂလကောဒိအကောက်မည်၍၊ ၊ဤလျှင်အကောက်သုံးပါးတည်း၊ ၊ငင်း စေတသိက်သည် ဥပမာအားဖြင့်၊ တွင်းသို့ ဝင်သောမြွေနှင့်တူ၏ဟုမှတ်၊ ၊ဥဒ္ဓုကာစေတသိက်ပြီးပြီ၊

---

## (၂၁၂) ယုဂဠရ၊ယုဂနဒ္ဓဓါရကြောင်းကိုပြခြင်း။

ဤကာယပဿဒ္ဓိစသော စေတသိက်တို့ကို၊ ဒရထ နိမ္မဒ္ဒန အစရှိသော ကိစ္စအားဖြင့်၊ တူသည်ဖြစ်သောကြောင့်၊ တခုတည်း ဆိုအပ်လျက်၊ အဘဲ့ကြောင့်-နှစ်ပါး နှစ်ပါး ယုဂဠရတွဲ၍၊ ဆိုရလေသနည်းဟူမူ၊ စိတ္တပဿဒ္ဓိ အစရှိသည်ဖြင့်၊စိတ်သာလျှင် ပဿဒ္ဓိ-လဟု-မုဒု-ကမ္မည-ဥဇုဖြစ်၏၊ကာယပဿဒ္ဓိ အစရှိသည်တို့ဖြင့်ကား ဝေဒနာစသော နာမကာယသည်ငင်း၊ရူပကာယသည်ငင်း။ ပဿဒ္ဓိစသည် ဖြစ်၍ ဖြစ်၏၊ ထိုကြောင့် ကာယပဿဒ္ဓိစသည်၌ သာလျှင်၊ ဘုရားမြတ်စွာသည်၊ တရားတို့၏ ဒုဝိဓအဖြစ်ကိုဟောတော်မူအပ်၏၊ သမာဓိစသည်တို့၌၊ ဒုဝိဓအဖြစ်ကို-ဟောတော်မမူ၊ ထိုသို့ဘုရားရှင်ဟောသည့်အတိုင်း၊ ရှင်မဟာအနုရုဒ္ဓါ မဟာထေရ်သည်လည်း၊ ဆိုတော်မူရ၏၊ထိုကြောင့်မူလဋီကာ၌၊ ၊ဋ္ဌေစ စိတ္တပဿဒ္ဓိအာဒီဟိ-စိတ္တမေဝပဿဒ္ဓိလဟု၊ မုဒု ကမ္မညံ၊ပဂုဏံ၊ ဥဇုစဟောတိ၊ ကာယပဿဒ္ဓိအာဒီဟိပန ရူပကာယောပိ၊ တေနေဝေတ္ထ ဘဂဝတာ ဓမ္မာနံ ဒုဝိဓ ဘာဝုတ္တော၊ နသမ္မာဓိ၊ ၊ဟုဘွင့်ပြ၏၊ ၊စ၊ဆက်၍ဆိုဦးအံ့၊ဋ္ဌေ၊ဤနေရာ၌၊စိတ္တပဿဒ္ဓိ အာဒီဟိ၊စိတ္တပဿဒ္ဓိစသည်တို့ဖြင့်၊ စိတ္တမေဝ၊စိတ်သည်သာလျှင်၊ ပဿဒ္ဓိ လဟု၊မုဒု၊ကမ္မညံ့စ၊ ငြိမ်းခြင်း-ပေါ့ခြင်း-နူးညံ့ခြင်း-အမှုန္ဒခံ့ခြင်းသည်ငင်း၊ ပဂုဏံ၊လေ့လာခြင်းသည်ငင်း၊ဥဇုစ၊ဖြောင့်မတ်ခြင်းသည်ငင်း၊ဟောတိ၊၏၊ ကာယပဿဒ္ဓိအာဒီဟိ ကာယပဿဒ္ဓိ စသည်တို့ဖြင့်၊ ရူပကာယောပိ၊ ရူပကာယသည်လည်း။ ဟောတိ၊ဖြစ်၏၊ တေနေဝ၊ ထိုကြောင့် ပင်လျှင်၊ ဋ္ဌေ၊ ဤနေရာ၌၊ဘဂဝတာ၊မြတ်စွာဘုရားသည်၊ ဓမ္မာနံ၊တရားတို့၏၊ ဒုဝိဓတာ၊ နှစ်ပါးအပြားရှိသည်၏အဖြစ်ကို၊ဝုတ္တာ၊မိန့်အပ်၏၊

ဤစေတသိက်-ဆယ်ဖိုးကို၊လှည်းထမ်းပိုး၌ ကပ်အပ်သောနွားတို့ကဲ့သို့ အချင်းချင်းအကြောင်းနိမိတ်၏အဖြစ်ဖြင့်။တပါးသည်တပါးကို မလွန်သောအားဖြင့် အညီအညွတ်တူသော ကိစ္စရှိသည့်၏အဖြစ်ကြောင့်။ယုဂန္ဓရ-စေတသိက်ဟု ဆိုအပ်၏။ ။ယုဂံ ဓာရေန္တီတိ ယုဂန္ဓရာ။ ။ယေဂေါဏာ၊ အကြင်နွားတို့သည်။ ယုဂံ၊ ထမ်းပိုးအစုံကို။ ဓာရေန္တိ၊ဆောင်တတ်ကုန်၏။ ဣတိတသ္မာ၊ထိုကြောင့်။ တေဂေါဏာ၊ထိုနွားတို့သည်။ ယုဂန္ဓရာ၊ယုဂန္ဓရ မည်ကုန်၏။ ။နွားကို အရကောက်လေ။ ။ယုဂန္ဓရာ ဝိယာတိ ယုဂန္ဓရာ။ ။ယေစေတသိကာ၊အကြင်စေတသိက်တို့သည်။ယုဂန္ဓရာဝိယ၊ထမ်းပိုးအစုံကိုဆောင်သောနွားတို့ကဲ့သို့တည်း၊ ဣတိတသ္မာ၊ထိုကြောင့်။ တေစေတသိကာ၊ ထိုစေတသိက်တို့သည်။ ယုဂန္ဓရာ၊ယုဂန္ဓရမည်ကုန်၏။ ။တနည်း။ ။ယုဂနဒ္ဓ-ဟုသဒ္ဒါနည်းအားဖြင့် ဆိုအပ်၏။အာဇာနေယျယုဂေါ ဝိယ ယုဂလကော ဟုတွာ အညမညာနာတိဝတ္တနေန နဒ္ဓါဝိယာတိ ယုဂနဒ္ဓါ။ ။အာဇာနေယျယုဂေါဝိယ၊အာဇာနည်မြင်းအစုံကဲ့သို့။ယုဂလကော၊ အစုံသည်။ ဟုတွာ၊ဖြစ်၍။ အညမညာနာတိ၊ဝတ္တနေန၊ အချင်းချင်းတပါးသည်တပါးကို မလွန်ခြင်းဖြင့်။ နဒ္ဓါဗဒ္ဓါဝိယ၊ဖွဲ့အပ်ကုန်သကဲ့သို့။ ပဝတ္တာ၊ ဖြစ်ကုန်၏။ဣတိတသ္မာ၊ထိုကြောင့်။ ယုဂနဒ္ဓါ၊ယုဂနဒ္ဓါမည်ကုန်၏။ ။၎င်း စေတသိက်တို့ကို။ အလောဘစသောဟိတ်တို့နှင့်ယှဉ်သောကြောင့်။ သောဘဏစေတသိက်ဟုဆိုအပ်ကုန်၏။ သောဘဏစိတ်နှင့်သာလျှင် ဆက်ဆံသောကြောင့်။သာဓာရဏဟုဆိုအပ်ကုန်၏။

သောဘဏသာဓာရဏ၊ဆဲ့ကိုးဝ၊အရ ပြီးကုန်ပြီ။

---

## (၂၁၃) သမ္မာဝါစာစေတသိက်ကိုပြခြင်း။

သမ္မာဝါစာဟူသည်။ ။သမ္မာ၊ဝဒန္တိ ဧတာယာတိ သမ္မာဝါစာ။ ။ဧတာယ၊ဤတရားသဘောဖြင့်။ သမ္မာ၊ကောင်းစွာ။ ဝဒန္တိ၊ဆိုတတ်ကုန်၏။ ဣတိတသ္မာ၊ထိုကြောင့်။သာဓမ္မဇာတိ၊ထိုတရားသဘောသည်။သမ္မာဝါစာ၊ မည်၏။ ။ဋီကာနည်းတည်း။ ။အဋ္ဌကထာနည်းအာ ဖြင့်ကား၊ ။သုန္ဒရာပသတ္ထာဝါဝါစာသမ္မာဝါစာ။ ။သုန္ဒရာ၊ကောင်းသော။ဝါ၊တနည်းကား။ ပသတ္ထာ၊ချီးမွမ်းအပ်သော။ ဝါစာ၊စကားသည်။ သမ္မာဝါစာ၊ ကောင်းသော ချီးမွမ်းအပ်သောစကား၊ ။ဤသမ္မာဝါစာဟူသည်၊ဝစီဒုစရိုက်ကိုအကြွင်း မဲ့ခွါတတ်သော မိစ္ဆာဝါစာမှ ကြဉ်ကြောင်းဖြစ်သောတရားတည်းဟုမှတ်။

ထိုသမ္ပာဝါစာသည်၊ သမ္မုတိတရားတို့ကို သိမ်းဆည်းခြင်း လက္ခဏာရှိ၏၊တနည်း၊သုဘာသိတကိုနာသောသူကိုသိမ်းဆည်းခြင်းလက္ခဏာရှိ၏၊ ။ ထိုသို့ဖြစ်ရကား၊ မူလဋီကာ၌၊ ။သာသိနိဒ္ဒဘာဝတောသမ္ပယုတ္တဓမ္မေ ပရိဂ္ဂဏှာတိ သမ္ပာဝါစာ ပဝ္ဂယသုဘာသိတသောတာရံဇနံ၊ ။ဟုဘွင့်ပြ၏။ ။သာ၊ထိုသမ္ပာဝါစာသည်၊သိနိဒ္ဒဘာဝတော၊ပြေပြစ်သည်၏အဖြစ်ငှါ၊ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်တရားတို့ကို၊ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်းတတ်၏။ သမ္ပာဝါစာ ပဝ္ဂယသုဘာသိတသောတာရံ၊သမ္ပာဝါစာလျှင် အကြောင်းရှိသောစကားကိုနာသော၊ဇနံ၊လူကိုလည်း။ ပရိဂ္ဂဏှာတိ၊သိမ်းဆည်းတတ်၏၊ ။ဤသမ္ပာဝါစာ၏ချေချပ်ပြေပြစ်သည်၏ အဖြစ်ကိုကား၊ သဏ္ဍါစသော တရားအလုံးနှင့် ယှဉ်သည်၏ အဖြစ်ကြောင့်သာတည်းဟု မှတ်အပ်တော့သည်၊ထိုကြောင့်၊အနုဋီကာ၌၊ ။သဏ္ဍါဒိသသယောဂတောသသာသိနိဒ္ဒဘာဝေါ ဒဋ္ဌဗ္ဗော။ ။ဟုဘွင့်ပြ၏။ ။သဏ္ဍါဒိသသယောဂတော၊ သဏ္ဍါ အလုံးနှင့် ယှဉ်ခြင်းကြောင့်။ တဿာ၊ ထိုသမ္ပာဝါစာ၏၊ သိနိဒ္ဒဘာဝေါ၊ ချေချပ်ပြေပြစ်သည်၏အဖြစ်ကို။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။

ထိုသမ္ပာဝါစာသည်။ စေတနာဝါစာ၊ဝိရတိဝါစာ၊ သဒ္ဒဝါစာအားဖြင့် သုံးပါးရှိ၏၊ထိုသုံးပါးတို့တွင်၊ ကောင်းစွာကာရကကြိယာနှင့်ပြည့်စုံစွာဆိုခြင်းဟူသော အဝိသုဒ္ဓဝါစာ၊ တရားနှင့်ယှဉ်၍ ဆိုခြင်းဟူသော အသမ္ဘိန္နလာပ၊ချစ်ဘွယ်-သာယာဘွယ်ဆိုခြင်းဟူသောအဖရုသဝါစာ၊မှန်ကန်စွာဆိုခြင်းဟူသောအမုသာဝါဒ၊ဤအင်္ဂါလေးတန်နှင့်အမှန်ပြည့်စုံစွာ ပြောဆိုအပ်သော စကားသည် စေတနာဝါစာမည်၏။ ။စကားဆိုရန်၊ ဤအင်္ဂါလေးတန်ပါဠိကို အလိုရှိလျှင် သုတ္တနိပါတ် ပါဠိတော် သုဘာသိတသုတ်၌ ကြည့်လေ။ ဂန္ထဂရုအတိဘာယကြောင့်၊ ကဝိမပြလိုက်ပြီ။ အချုပ်လက်ာကား။

(၁) သုဘာသိတံ၊ယင်းခွေ့၊သဂ္ဂပိယသာ။ ။
(၂) စကားအရာ၊အင်လေးဖြာ၊ကျမ်းမှာဤသို့လာ။ ။

ဝစီဒုစရိုက်လေးပါးမှ-ရှောင်ကြဉ်ခြင်းသည် ဝိရတိဝါစာ မည်၏။ နှုတ်မြွက်ခြင်းသည် သဒ္ဒဝါစာမည်၏။ ထိုသုံးပါးတို့တွင်၊ ဝိရတိဝါစာကိုသာလျှင်၊ဤ၌အလိုရှိအပ်၏။ ။အဋ္ဌကထာအထွက်သမ္ပာဝါစာပြချက်တည်း။

## (၂၁၄) သမ္မာကမ္မန္တစေတသိက်ကိုပြဆိုခြင်း။

သမ္မာကမ္မန္တဟူသည်။ ။သမ္မာပဝတ္တောကမ္မန္တော သမ္မာ ကမ္မန္တော၊ သမ္မာ၊ကောင်းစွာ။ပဝတ္တော၊ဖြစ်သော။ ကမ္မန္တော၊အမှုတည်း။ သမ္မာကမ္မန္တော၊ကောင်းစွာဖြစ်သောအမှု၊ ။ဋီကာနည်းတည်း။အဋ္ဌကထာနည်းအားဖြင့်။ ။သုန္ဒရောပသဋ္ဌောဝါကမ္မန္တောသမ္မာကမ္မန္တော။ ။သုန္ဒရော၊ကောင်းသော။ဝါ၊တနည်းကား။ ပသဋ္ဌော၊ချီးမွမ်းအပ်သော။ ကမ္မန္တော၊အမှုတည်း။ သမ္မာကမ္မန္တော၊ကောင်းသောအမှု။ ။ဤသမ္မာကမ္မန္တဟူသည့်မိစ္ဆာကမ္မန္တကိုဖြတ်တတ်သော ပါဏာတိပါတ စသည့်တို့မှ ကြဉ်ကြောင်း ဖြစ်သော တရားတည်း။ ။ထိုသမ္မာကမ္မန္တသည်၊ကောင်းသောအမှုရှိအားထုတ်ခြင်း သမုဋ္ဌာနလက္ခဏာရှိ၏။ ထိုသမ္မာကမ္မန္တသည်၊ စေတနာကမ္မန္တ၊ ဝိရတိကမ္မန္တ၊ ကြိယာကမ္မန္တ၏ အစွမ်းအားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင်။အပြစ်မရှိသောအမှုကိုပြုစေတတ်သောစေတနာသည်၊စေတနာကမ္မန္တမည်၏။ ကာယဒုစ္စရိုက်သုံးပါးမှရှောင်ကြဉ်ခြင်းသည့်၊ဝိရတိကမ္မန္တမည်၏။ အပြစ်မရှိသောအမှုကိုပြုသော ကိုယ်အမူအရာသည်။ ကြိယာကမ္မန္တမည်၏။ဤသုံးပါးတို့တွင်၊ဤအရာ၌။ဝိရတိကမ္မန္တကိုမှတ်အပ်၏။ ။အဋ္ဌကထာ အထွက်–သမ္မာကမ္မန္တပြချက်။

---

## (၂၁၅) သမ္မာအာဇီဝစေတသိက်ကိုပြခြင်း။

သမ္မာအာဇီဝ ဟူသည်။ ။သမ္မာအာဇီဝန္တိ ဧတေနာတိ သမ္မာအာဇီဝေါ။ ။ဧတေန၊ ဤ တရားသဘောဖြင့်။ သမ္မာ၊ကောင်းစွာ။ အာဇီဝန္တိ၊ အသက်မွေးတတ်ကုန်၏။ ဣတိတသ္မာ၊ထိုကြောင့်။ သမ္မာအာဇီဝေါ၊သမ္မာအာဇီဝမည်၏။ ။ဋီကာနည်းတည်း။အဋ္ဌကထာနည်းအားဖြင့်။ ။သုန္ဒရောပသဋ္ဌောဝါအာဇီဝေါသမ္မာအာဇီဝေါ။ ။သုန္ဒရော၊ကောင်းသော။ဝါ၊တနည်းကား။ ပသဋ္ဌော၊ချီးမွမ်းအပ်သော။အာဇီဝေါ၊အသက်မွေးခြင်းတည်း။ သမ္မာအာဇီဝေါ၊ကောင်းသောအသက်မွေးခြင်း။ ။ထိုသမ္မာအာဇီဝသည်၊ ဝိရိယအာဇီဝ၊ ဝိရတိ အာဇီဝဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် အပြစ်မရှိသောကုန်သွယ်ခြင်းအစရှိသောအမှုကိုပြု၍၊ အသက်မွေးသောသူ၏ ထုလသည့်ဝိရိယအာဇီဝမည်၏။ အသက်မွေးကြောင်း ကာယဝစီ ဒုစ္စရိုက်ခုနစ်ပါးမှ ရှောင်ကြဉ်ခြင်းသည်၊ ဝိရတိ၊ အာဇီဝမည်၏။ ထို၂-ပါးတို့တွင်၌

အရာ၌၊ ဝိရတီအာဇီဝကိုအလိုရှိအပ်၏။ ။ထိုအာဇီဝသည်၊ လက္ခဏာအားဖြင့်၊ အသက်မွေးသောသတ္တဝါကိုဖြူစင်စေခြင်း ဝေါဒါနလက္ခဏာရှိ၏။ ။ဤလျှင် အဋ္ဌကထာအတွက်သမ္မာအာဇီဝပြချက်။

ဤသို့ပြအပ်ပြီးသော ဝိရတီသုံးပါးတို့တွင်၊ သမ္မာဝါစာ၊သမ္မာကမ္မန္တနှစ်ပါးသည် အာဇီဝဟေတုကိုမငဲ့မူ၍။ ကာယ-ဝစီဒွာရိက်မှ ကြဉ်သည်။ သမ္မာအာဇီဝသည်အာဇီဝဟေတုကိုငဲ့၍ ကာယ-ဝစီဒွာရိက်မှကြဉ်သည်၊ ဤလျှင်အထူးတည်း။ ။ယင်းသို့ထူးသော ဝိရတီသုံးပါးတို့၏ ဗျာသနတ္ထအဓိပ္ပါယ်ကိုပြဦးအံ့၊ ။ပြဟန်ကား။ ။လူတို့ လောကဓံမင်း,မင်း၏အမတ်တို့သည်မြူးထူးခြင်း၌ လေ့လာလိုသည်ဖြစ်၍ငင်း၊ ရဲရင့်သည်၏အဖြစ်ကိုပြလို၍ငင်း၊သားကိုသတ်ခြင်း၊ ခရီးလမ်း၌လုယက်ခြင်း၊ သူ၏သား,မယားကိုလွန်ကျူးခြင်းဟု ဆိုအပ်သော အကြင်အမှုကိုပြု၏၊ ဤအမှုသည်၊ အကုသိုလ်ကာယကံမည်၏။ထိုကာယကံမှ ရှောင်ကြဉ်ခြင်းသည်၊ သမ္မာကမ္မန္တမည်၏၊ အသက်မွေးကြောင်း မဟုတ်သော မုသာဝါဒ စသော ဝစီကံကိုအကြင်သူသည်ပြောဆို၏။ ထိုဝစီကံမှ ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာမည်၏၊ အသက် မွေးခြင်း၏ အကြောင်းကြောင့် မုဆိုး-တံငါ စသည်တို့သည်၊ သတ္တဝါကိုသတ်၏။ အရှင်မပေးသော သူ့ဥစ္စာကိုခိုးယူ၏။ ဤသို့ပြုခြင်းသည်။မိစ္ဆာဇီဝမည်၏၊ထိုမိစ္ဆာဇီဝမှရှောင်ကြဉ်ခြင်းသည်၊သမ္မာအာဇီဝမည်၏။အချို့သောသူသည်၊ တံစိုးလက်ဆောင်ကိုယူ၍ မသားကိုဆို၏။ ချောပစ်ကုန်းတိုက်သောစကားကိုဆို၏၊ ဤသို့ဆိုခြင်းသည် မိစ္ဆာဇီဝမည်၏၊ထိုမိစ္ဆာဇီဝမှရှောင်ကြဉ်ခြင်းသည်၊ သမ္မာအာဇီဝမည်၏၊ ။ဤသမ္မာအာဇီဝသည်အသက်မွေးကြောင်းဟုမှတ်၊ အသက်မွေးကြောင်းမပါလျှင်သမ္မာအာဇီဝမဖြစ်၊ဝါစာ,ကမ္မန္တသာဖြစ်၏၊သဘင်သမားကခြေသည်များမှာသမ္မာအာဇီဝပျက်၏၊သမ္မာဝါစာသမ္မာကမ္မန္တမပျက်ကုန်။ရွှေနေများမှာသမ္မာအာဇီဝပျက်၏၊သမ္မာဝါစာ၊သမ္မာသမ္မန္တမပျက်ကုန်။ မုဆိုးတံငါများမှာသမ္မာအာဇီဝပျက်၏၊ဝါစာ,ကမ္မန္တမပျက်ကုန်။ ။ဤလျှင်တြိနယနည်း။ ။ရယ်ရွှင်လို၍မသားပြောသောသူမှာ။သမ္မာဝါစာပျက်၏၊သမ္မာအာဇီဝမပျက်၊ ။မင်းတို့သည် မြူးတူးလို၍သားသမင်တို့ကိုသတ်ငြားအံ့၊ သမ္မာကမ္မန္တပျက်၏။သမ္မာအာဇီဝမပျက်၊ ။ဒုက္ကနယနည်းတည်း။

ဤသမ္မာအာဇီဝအရာဌာန၌၊ မိမိသည် ရှေးအခါကာလ၌ တံငါမုဆိုးလုပ်၍ရသောပစ္စည်းဖြင့်၊ တံငါအမှု၊မုဆိုးအမှုမှ ကြဉ်ရှောင်လျက်၊ ဒါနစသောအလှူကိုလှူခြင်းအမှုကို ပြုသောသူအား သမ္မာအာဇီဝဖြစ်၏ဟုမှတ်၊

အဘဲ့ကြောင့်ဟူမူ၊ ပစ္စည်းဝတ္ထုသည် အဝိဇ္ဇာဝယလဒ္ဓဖြစ်သော်လည်း စေတနာသည်ပြုစင်သောစေတနာဖြစ်သောကြောင့်တည်း။ ပစ္စည်းသည့်ကား ဝိရတိ မဟုတ်။ အကုသိုလ်မှရှောင်ကြဉ်ခြင်း စေတနာသည်သာလျှင်၊ ဝိရတိဖြစ်သည်ဟု မှတ်သား ကြလေ၊ ထိုကြောင့် အဋ္ဌကထာ၌၊ ။ဝိနာတေဟိရမတီတိဝိရတိ၊ ။ဟုဘွင့်ပြ၏။ ။တေဟိ၊ ထိုအကုသိုလ် စေတနာတို့မှ၊ ဝိနာ၊ ကြဉ်၍၊ ဝါ၊ ကင်း၍၊ ရမတိ၊ ကြဉ်တတ်၏။ ဒုတိတသ္မာ၊ ထိုကြောင့်၊ ဝိရတိ၊ ဝိရတိမည်၏။ ။ဝေရမဏီအမည်သည်လည်း၊ ဝိရတိပါဌ်နှင့်သဒ္ဒါသာလျှင် ကွဲပြား၍၊ အနက်ကား တူသည်သာတည်း။ ထိုဝေရမဏီသည်လည်း၊ အကုသိုလ်စေတနာမှ ရှောင်ကြဉ်ခြင်းကြောင့်၊ ဝေရမဏီမည်၏ဟု မှတ်။ ထိုကြောင့် သီလကွန်ဒိုကာသစ်၌၊ ။တတော ပါပဓမ္မတော ဝိရတိ တောယာတိဝိရမဏီတိ ဝတ္တဗ္ဗေ နိရုတ္တိနယေန ဒုကာရသ ကောရံကတွာ ဝေရမဏီတိ ဝုတ္တံ၊ ။ဟုဘွင့်ပြ၏။ ။တောယ၊ ဤစေတနာဖြင့်၊ တတော ပါပဓမ္မတော၊ ထိုမကောင်းမှု အကုသိုလ်မှ၊ ဝိရမတိ၊ အထူးသဖြင့် ရှောင်ကြဉ်တတ်၏။ ဒုတိတသ္မာ၊ ထိုကြောင့်၊ ဝိရမဏီ၊ မည်၏။ ဒုတိ၊ ဤသို့၊ ဝတ္တဗ္ဗေ၊ ဆိုအပ်လျက်၊ နိရုတ္တိနယေန၊ သဒ္ဒါနည်း အားဖြင့်၊ ဒုကာရသ၊ ဒုအက္ခရာ၏၊ ကောရံ၊ ကေက္ခရာကို၊ ကတွာ၊ ပြု၍၊ ဝေရမဏီတိ၊ ဝေရမဏီဟူ၍၊ ဝုတ္တံ၊ မိန့်အပ်၏။ ။ဤသို့ဋီကာ ဆရာပြသည်အတိုင်း၊ ခုဒ္ဒကပါဌ အဋ္ဌကထာ၌၊ ဝေရမဏီသိက္ခာပဒံ-ဟူ၍ရင်း၊ ဝိရမဏီသိက္ခာပဒံ-ဟူ၍ရင်း၊ ဘွင့်ပြတော်မူ၏၊ ၎င်းနှစ်ပါးစုံကို၊ ကုသိုလ်စိတ်နှင့်ယှဉ်သောဝိရတိဟုမှတ်အပ်၏။

ဤသို့ပြခဲ့ပြီးသောအဋ္ဌကထာဋီကာတို့ဖြင့် အဝိဇ္ဇာဝယလဒ္ဓ ပစ္စည်းပင်ဖြစ်သော်လည်း၊ ဝိရတိ၏အစွမ်းအားဖြင့် သမ္မာအာဇီဝ ဖြစ်၏ဟုမှတ်။ အဋ္ဌကထာဆရာမြတ်တို့သည်လည်း၊ အကြင်အခါ၌၊ မိစ္ဆာဇီဝကိုပယ်၏၊ ထိုအခါ၌ သမ္မာအာဇီဝသည်ဖြစ်၏ဟု ပြတော်မူလိုရကား၊ မဂ္ဂင်ဝိဘင်း အဋ္ဌကထာ၌၊ ။ယသ္မိံ သမယေ မိစ္ဆာအာဇီဝံ ပဇဟာတိ၊ သာအာဇီဝံ ပူရေတိ၊ တသ္မိံ သမယေ သမ္မာဝါစာ သမ္မာကမ္မန္တာ နတ္ထိ၊ ။ဟုဘွင့်ပြတော်မူ၏။ ။ယသ္မိံ သမယေ၊ အကြင်အခါ၌၊ မိစ္ဆာအာဇီဝံ၊ အကုသိုလ်စေတနာဟုဆိုအပ်သော မိစ္ဆာအာဇီဝကို၊ ပဇဟာတိ၊ ပယ်စွန့်၏၊ သာ၊ ထိုကုသိုလ်စေတနာသည်၊ အာဇီဝံ၊ အာဇီဝကို၊ ပူရေတိ၊ ပြည့်စေ၏၊ တသ္မိံ သမယေ၊ ၌၊ သမ္မာဝါစာ သမ္မာကမ္မန္တာ၊ သမ္မာဝါစာ သမ္မာကမ္မန္တတို့သည်၊ နတ္ထိ၊ မရှိကုန်၊ ။ဤလျှင်အနက်တည်း။ ။ ရဟန်းတော်များမှာမူကား၊ အဝိဇ္ဇာဝယလဒ္ဓပစ္စည်းကိုမသုံးဆောင်အပ်ကုန် သုံးဆောင်လျှင်အာပတ်သင့်၏၊ သူတပါးအားလှူလျှင် တပါးသောရဟန်းအား

မဆပ်တုန်သကဲ့သို့၊ လွှတ်ရှိမှာ မဖြစ်ကုန်မဟုတ်ထုန် လွှတ်ရှိမှကား၊ ဆပ်သည့်သာတည်း။ လွှတ်ရှိမှာအာပတ်သင့်စရာမရှိကုန်၊ အထုသိုလ်မှာလည်း၊ တံငါမှုဆိုးအမှု။ ပြုလုပ်ဆဲခဏ၌၊ ကမ္မပထမြောက်ပြီး ဖြစ်သောကြောင့်၊ နောက်တဘန်ထပ်၍။ ကံလည်းမထိုက်။ သမ္မာအာဇီဝလည်း တဘန် မပျက်ထုန် အထုသိုလ်ပြုသည်အခါကာလမှရှောင်ကြဉ်သောအခါသမ္မာအာဇီဝမပျက်မူ၍ ဖြစ်တော့သည်သာတည်း။ ။ဓမ္မပဒအဋ္ဌကထာ အထွက် ဖြစ်သောကက္ကုဋမှုဆိုးကြီး၏ဝတ္ထုကိုလည်းထောက်လေ။ ။အယမေတ္ထ ပိန္ဍတ္ထ ယသာရေအဋ္ဌကထာဒိတောဥဒ္ဓရိတွာအာစရိယပရံပရာဘတောတိဒဋ္ဌဗ္ဗော။

## (၂၁၉) ဝိရတီသုံးပါးကိုပြဆိုခြင်း။

ထိုဝိရတီစေတသိက်သည်လည်း။ သမ္ပတ္တဝိရတီ၊ သမာဒါနဝိရတီ၊ သေတု-ဃာတဝိရတီဟူ၍သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်၊ အကြင်ပုဂ္ဂိုလ်သည်သိက္ခာပုဒ်တို့ကိုမယူမူ၍၊ မိမိ၏ဇာတ်အနွယ်အမျိုးစသည်ကိုအောက်မေ့၍၊ အကုသိုလ်ကိုပြုခြင်းသည်။ ငါ့အားမလျောက်ပတ်ဟုမိမိဖိတ်၌ရောက်လာသောအကုသိုလ်ကိုရှောင်ကြဉ်၏၊ ထိုအခါဝယ်ရင်းပုဂ္ဂိုလ်အား၊ သမ္ပတ္တဝိရတီသည်ဖြစ်၏။ ဤသမ္ပတ္တဝိရတီကို သိဟိုဠ်ကျွန်းဝယ်၊ ဇက္ကနသီတင်းသည်၏ဝိရတီကဲ့သို့ မှတ်အပ်၏၊ မဟာဇက္ကန်၊ စူဠဇက္ကနညီအစ်ကိုနှစ်ယောက်ဝတ္ထုကို အဋ္ဌသာလိနီအဋ္ဌကထာမှ ယူအပ်၏။ ယခုအခါကာလ၊ စာပြောဆရာ၊ ရဟန်းရှင်တို့သည်။ အဋ္ဌကထာဋီကာ၏အဓိပ္ပါယ်ကို ဟုတ်မှန်စွာယူနိုင်မည်ကိုထားဦးတော့၊ ရင်းအဋ္ဌကထာပြ၊ ဇက္ကနသီတင်းသည်၊ ညီအစ်ကိုနှစ်ယောက်၏နာမည်ကိုမျှ၊ ဟုတ်မှန်စွာမသိကြ၍၊ စူဠစက္ကလ-မဟာစက္ကလစသည်ဖြင့် ပြောဟောခြင်းသည်၊ မဟာအမှားသာတည်း။ ဘယ်ပုဂ္ဂိုလ်များထံဆရာလုပ်၍ပြသည်ကိုလည်းမသိရ။ ဤကဲ့သို့မှားသောအရာကို အနည်းငယ်မျှပြလိုက်ဦးအံ့၊ ဘုရားအလောင်းသိဒ္ဓတ္ထ-မင်းသားစီးတော်မူသောမြင်းကိုခန္ဓကမြင်းဟုအသီးအသီး-အသာက-အသက-မိရိုးဖလာ အစဉ်အဆက်ခေါ်ဝေါ်ကြခြင်းသည်၊ အလွန်တရာပင်မှားခြင်းသာတည်း။ အဘဲ့ကြောင့်ဟူမူ၊ အဋ္ဌကထာတို့၌၊ ကဏ္ဍကမြင်းဟူ၍သာ ပါရှိသောကြောင့်တည်း။ ထိုကြောင့်၊ အင်္ဂုတ္တရအဋ္ဌကထာ၊ အဋ္ဌသာလိနီ အဋ္ဌကထာ၊ ငါးရာ့ငါးဆယ်ဇာတ်အဋ္ဌကထာ၊ ဗုဒ္ဓဝံသ အဋ္ဌကထာတို့၌။ ။ကဏ္ဍကောဂိဝတောပဋ္ဌာယ အာယာမေနအဋ္ဌာရသဟတ္ထောဟောတိ၊ တဒနုစ္ဆဝိကေနဥဗ္ဗေဓေနသမန္နာဂတော၊ ထာမဇဝနသမ္ပန္နော၊ သဗ္ဗသေတော၊ ဓောတသင်္ခသဒိသော။ ။

ကဏ္ဍကော၊ကဏ္ဍကမြင်းသည်၊ဂိဝတော၊လည်ပင်းမှ၊ပဋ္ဌာယ၊စ၍၊အာယာ မေန၊အလျားအားဖြင့်၊ အဋ္ဌာရသဟတ္ထော၊တဆဲ့ရှစ်တောင်ရှိသည်၊ ယော တိ၊ဖြစ်၍၊ထဒနုရူပ ဝိကေန၊ ထိုအလျားနှင့်လျော်သော၊ဥဗ္ဗေဓေန၊ အစောက် အားဖြင့်၊သမန္နာဂတော၊ပြည့်စုံ၍၊ထာမဇဝနသမ္ပန္နော၊ အစွမ်းအဟုန်လျင် မြန်ခြင်းနှင့်ပြည့်စုံသည်ဖြစ်၍၊သဗ္ဗသေတော၊ တကိုယ်လုံး ဖွေးဖွေးဖြူသော၊ ဓောတသင်္ခသဒိသော၊ ခရုသင်းပွတ်သစ်နှင့် တူသောမြင်းတည်း။ ။ကဏ္ဍ ကံအာရုယှ ဆန္နသဟာယောဝ ဒသသဟဿိလောကဓာတု ဒေဝတာယတိ ကတပရိဝါရော မဟာဘိနိက္ခမနံ နိက္ခမိတွာ။ ။ဟု အဋ္ဌသာလိနီ လာရှိ တော့သည်။ ။ကဏ္ဍကကံ ဝဓနတ္ထ ပြုလုပ်မှု၊ ။ကမတိယာ တီတိ ကဏ္ဍော၊ ။ကမတိယာတိ၊သွားတတ်၍၊ဆုတိတသွာ၊ထိုကြောင့်။ကဏ္ဍော၊ ကဏ္ဍမည်၍။ ။ပစ်သောမြားကို အရကောက်၊ ။သီဃဇဝတ္တာကဏ္ဍော ဝိယာတိ ကဏ္ဍကော။ ။ဥပမာ တဒ္ဓိတ်၊ ။ယော အသော၊ အကြင် မြင်းသည်။ သီဃဇဝတ္တာ၊ လျင်မြန်သော အဟုန်ရှိသည်၏ အဖြစ်ကြောင့်၊ ကဏ္ဍော ဝိယ၊မြားကဲ့သို့၊ဂစ္ဆတိ၊သွားတတ်၏၊ဆုတိတသွာ၊ထိုကြောင့်၊သော အသော၊ထိုမြင်းသည်၊ကဏ္ဍကော၊ကဏ္ဍကမည်၏၊ ။ဤသို့အဋ္ဌကထာ-ဋီကာ-အထင် အရှား ရှိသည်ကို မြင်ဆဲသဖြင့်၊ ခန္ဒကမြင်းဟု ဆိုသော မဟာအမှား၊ပိဋကတ်သုံးပုံမှာ၊မပါသောစကားဟုပယ်ရှားကြလေတုန်၊ ။ ဤအတူ ရုဇ္ဇစက္ကလ,မဟာစက္ကလ-ဟု ပြောဟောခြင်းအမည်ကိုလည်း၊ပယ် ရှားကြကုန်၊အဋ္ဌသာလိနီ အဋ္ဌကထာ၌ကား။ဆိဟဋ္ဌဒီပေဇဂ္ဂနုဥပါသကဿ ဝိယ၊ ဟုဘွင့်ပြတော်မူ၏။ ။စက္ကလလို့-ဘယ် အဋ္ဌကထာမှာမှ-မရှိလေ တုန်။မိရိုးဖလာဆရာတို့၊ ။ဤကဲ့သို့၊ ပါဠိ-အဋ္ဌကထာပြလို့မှ၊ မယုံကြည် နိုင်သောသူတို့ကို၊ အလွန်တရာ မိုက်သော-ရဟန်းရှင်လူ ဟုဆိုသင့်တော့ သည်၊ ထိုကြောင့်။ ဆီးဘနီ ဆရာတော်ဘုရားကြီးသည်။ ဆုတောင်းတော် မူခဲ့၏၊ဆုတောင်းဟန်ကား။ ။ဝိနည်းမကြိုက်၊ လောကလိုက်၊ ဘုန်းကြီး မိုက်နှင့် လွဲစေသော်၊ ။တရားမကြိုက်၊ အမှားလိုက်၊ မိဘမိုက်နှင့်လွဲစေ သော်၊ ။သုရားမကြိုက်၊အမျှားလိုက်၊ဆရာမိုက်နှင့်လွဲစေသော်။ ။ဟူ၍- ဆုတောင်းတော်မူ၏။

ရဟန်းသံဃာတို့အထံ၌ဖြစ်စေ။မိမိဘာသာ အလျောက်ဖြစ်စေ၊ပါဏာ တိပါတာဝိရမာမိ၊ ဟူ၍ငင်း၊ ပါဏာတိပါတာ ဝေရမဏီ သမာဒိယာမိ ဟူ ၍ငင်း၊သိက္ခာပုဒ်ကို ယူသောသူအား။ အသက်ကိုစွန့်၍၊ ငါသည်တစုံတခု သောအထုသိုတ်ကို မထွန်မကြွေးလျက်၊ အထူးအားထုတ်တော့မည် ဟူ၍

ဖြစ်သောဝိရတီသည်၊ သမာဒါနဝိရတီမည်၏၊ ဤဝိရတီကိုဥတ္တရ-ဝဍ္ဍမာနတောင်၌နေသော၊ ဥပါသကာ၏-ဝိရတီကဲ့သို့မှတ်အပ်၏၊ အရိယပုဂ္ဂိုလ်တို့အား မဂ်နှင့်ယှဉ်သော ဝိရတီသည်၊ သေတုဃာတ ဝိရတီဟု မှတ်အပ်၏၊ သမုစ္ဆေဒဝိရတီလည်းမည်၏၊ သေတုဃာတဟူသည်၊ သေတုံဟနတီတိ သေတုဃာတော၊ပစ္စယဃာတောတိအတ္ထော။ ၊ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ ၊ သေတုံ၊အကြောင်းကို၊ ဟနတိ၊ဖျက်ဆီးတတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်၊ သေတုဃာတော၊ သေတုဃာတမည်၏၊ ပစ္စယဃာတော၊ အကြောင်းကို ဖျက်ဆီးတတ် သတ်တတ်၏၊ ဣတိအယံ၊ ဤသည်ကား၊ အတ္ထော၊အနက်တည်း။ ၊ဝဋ်ကို ဖွဲ့တတ်သော၊ ရာဂစသော အကြောင်းကို ပယ်သတ်တတ်သောကြောင့်၊ သေတုဃာတမည်၏-ဟုမှတ်၊ ၊ဤဝိရတီ သုံးပါးတို့တွင်၊သမ္ပတ္တ-သမာဒါနဟုဆိုအပ်သော၊ဝိရတီ-နှစ်ပါးသည်၊ လွန်ကြူးအပ်သော၊ဖီဝိတိန္ဒြေစသော-ဝိတိက္ကမိတဗ္ဗဝတ္ထုကိုအာရုံပြု၏၊နောက်သမုစ္ဆေဒဝိရတီသည်၊ နိဗ္ဗာန်ကိုအာရုံပြု၏၊ ထိုကြောင့်၊ သီလက္ခန်အဋ္ဌကထာ၌၊ ၊ တတ္ထပုရိမာဒွေဝိရတိယောယံဝေါရောပနာဒိ ဝသေန ဝိတိက္ကမိတဗ္ဗံဇီဝိတိန္ဒြိယာဒိဝတ္ထု၊ တံအာရမ္မဏံကတွာပဝတ္တန္တိ၊ ပစ္ဆိမာနိဗ္ဗာနာရမ္မဏာဝ။ ၊ ဟုဘွင့်ပြ၏၊ ၊တတ္ထ၊ထိုသုံးပါးသောဝိရတီတို့တွင်၊ ပုရိမာ၊ရှေး၌ဖြစ်ကုန်သော၊ဒွေဝိရတိယော၊ နှစ်ပါးသောဝိရတီတို့သည်၊ ဝေါရောပနာဒိဝသေန၊ ထားလက်နက်နှင့်ခွင်းချခြင်းစသည်၏ အစွမ်းအားဖြင့်၊ ဝိတိက္ကမိတဗ္ဗံ၊လွန်ကြူးအပ်သော၊ ယံဇီဝိတိန္ဒြိယာဒိ ဝတ္ထု၊ အကြင် ဇီဝိတိန္ဒြေ စသော ဝတ္ထုသည်၊အတ္ထိ၊ရှိ၏၊တံ၊ထိုဇီဝိတိန္ဒြေစသောဝတ္ထုကို၊အာရမ္မဏံကတွာ၊ အာရုံပြု၍၊ပဝတ္တန္တိ၊ဖြစ်ကုန်၏၊ပစ္ဆိမာ၊နောက်ဖြစ်သောသမုစ္ဆေဒဝိရတီသည်၊ နိဗ္ဗာနာရမ္မဏာဝ၊နိဗ္ဗာန်ကိုအာရုံပြုသည်သာလျှင်တည်း။ ၊ဤလျှင် ဝိရတီသုံးပါး၏၊အာရမ္မဏ-နာနတ္တ-အရပြီးပြီ၊

ထိုသို့ပြအပ်ခဲ့ပြီးသောဝိရတီသုံးပါးတို့တွင်၊သမ္ပတ္တနှင့် သမာဒါန-ဝိရတီသည်၊ ဝိတိက္ကမိတဗ္ဗဝတ္ထုကို အာရုံအပြုတချို့ပြားသော်လည်း၊ ဝိတိက္ကမိတဗ္ဗဝတ္ထုကိုအာရုံပြု၍၊ဝိရမိတဗ္ဗ ဖြစ်သော ဒုဿီလျဖြစ်သော စေတနာမှ ကြဉ်ရာ၌၊သမ္ပတ္တဝိရတီဖြစ်အံ့၊ပစ္စုပ္ပန်ဖြစ်သော ဝိတိက္ကမိတဗ္ဗကိုအာရုံပြု၍၊ ဒုဿီလျစေတနာမှ ကြဉ်သည်ဟူ၍မှတ်၊ သမာဒါနဝိရတီဖြစ်အံ့၊ ပစ္စုပ္ပန် အနာဂတ်ဖြစ်သော ဝိတိက္ကမိတဗ္ဗကို အာရုံပြု၍၊ ဒုဿီလျစေတနာမှ ကြဉ်သည်-ဟူ၍မှတ်၊ ၊သိက္ခာပဒဝိဘင်းအဋ္ဌကထာအလွက်၊လောကီဝိရတီနှစ်ပါးပြချက်တည်း။

## (၂၁၇) ဖြဟ္မာတို့၌ဝိရတီရှိ,မရှိကိုပြခြင်း။

ဤအရာ၌ာနဝယ်၊ ပုဏ္ဏသာရပ်၊အမေးပုန်ကို၊ ထုတ်ဆိုဦးတော့မှုံ၊ ။ ထုတ်ဟာန်ကား။

(အမေး) ထက်ရပ်ဘုံမှိ ဝိရတီ၊သုံးထိဖြဟ္မာရှိမှုံနည်း။

(အဖြေ) ရှေးဝိရတီ၊မရှိပြီ၊တထိသမုဇ္ဆေ-ရှိသတည်း။

ထိုဝိရတီ သုံးပါးတွင်၊ ဖြဟ္မာတို့မှာ၊ သမ္ပတ္တ ဝိရတီ၊ သမာဒါနဝိရတီ တို့သည်မရှိကုန်။ အဘဲ့ကြောင့်ဘူမူ၊လွန်ကြူးအပ်သောဝတ္ထု၏၊ ဖြဟ္မာ့ဘုံ၌ မရှိသောကြောင့်တည်း။ လောကုတ္တရာဖြစ်သော သမုစ္ဆေဒ-ဝိရတီကား ရှိသင့်၏ဟုမှတ်။ ထိုကြောင့်-ကထာဝတ္ထု-အနုဋီကာ၌၊ ။ဝိတိက္ကမိတဗ္ဗာ ဘာဝတော၀တာဝတိ ံသတောပဋ္ဌာယဥပရိဒေ၀လောကေသုသမာဒါန- သမ္ပတ္တဝိရတိ ၀သေန ပုရေတဗ္ဗာသိ၀ရာနသန္တိ၊ လောကုတ္တရာပန သန္တိ ယေဝ၊ ။ဟုဘွင့်ပြတော်မူ၏၊ ။ဝိတိက္ကမိတဗ္ဗာ ဘာဝတော၀၊ လွန် ကြူးအပ်သောဝတ္ထုမရှိသည်၏အဖြစ်ကြောင့်သာလျှင်၊တာဝတိ ံသတော၊ တာဝတိ ံသာ နတ်ပြည်မှ၊ ပဋ္ဌာယ၊စ၍၊ ဥပရိဒေ၀လောကေသု၊ အထက် ဖြစ်သောနတ်ပြည်ဖြဟ္မာ့ပြည်တို့၌၊ သမာဒါန-သမ္ပတ္တဝိရတိ၀သေန၊ဆောက် တည်၍ကြဉ်ခြင်း၊ ရောက်အပ်သောဝတ္ထုတို့ကို ကြဉ်ခြင်းတို့၏အစွမ်းအား ဖြင့်၊ ပုရေတဗ္ဗာ၊ ဖြည့်အပ်ကုန်သော၊ သိ၀ရာ၊စောင့်ရှောက်ခြင်းတို့သည်၊ နသန္တိ၊မရှိကုန်၊လောကုတ္တရာပန၊လောကုတ္တရာဝိရတီဘို့သည်ကား၊သန္တိ ယေဝ၊ရှိကုန်သည်သာလျှင်တည်း။ ။ဤလျှင်တရပ်၊မှတ်သားဘွယ်၊

---

## (၂၁၈) ဝိတိက္ကမိတဗ္ဗ၊ဝိရမိတဗ္ဗအထူးကိုပြခြင်း။

(အမေး) ဝိတိက္ကမိ-တဗ္ဗ၊ ဝိရမိတဗ္ဗ၊ ဤနှစ်ဝ၊ အရ ဘယ်သို့ ထူး သနည်း။

(အဖြေ) ဇီဝိတိန္ဒြေ၊ ဝိတိက္ကမေတဗ္ဗ၊ စေတနံမှာ၊ဝိရမာ၊ သဘာဝါ ဤသို့ထူးသတည်း။

ပါဏာတိပါတ စသည်တို့၏ အာရုံဖြစ်သော၊ ဇီဝိတိန္ဒြေ စသည်သည်၊ ဝိတိက္ကမိတဗ္ဗ ဝတ္ထုမည်၏၊ ရှောင်ကြဉ်အပ်သော ပါဏာတိပါတ စသော ခုစရိုက်- စေတနာသည်၊ ဝိရမိတဗ္ဗ ဝတ္ထုမည်၏၊ ။သိက္ခာပဒ ဝိဘင်း၊

သမ္ဗောဓအဋ္ဌကထာအထွက်။ပိသောသအချက်တည်း။ ။ဤနည်းအတူ၊မိုင်းခိုင်းဆရာတော် ဘုရားကြီး၊မန်လည်ဆရာတော် ဘုရားကြီးများလည်း သဘောကျပေသည်။ငါတ္တိုကျေးဖူးရင်။သုနန္ဒာရာမ ဆရာတော် အရှင်သည်ကား။ဤသို့မိန့်တော်မူ၏၊ မိန့်ဟန်ကား၊ အဋ္ဌသာလိနီ အဋ္ဌကထာ၌၊ ။ဝိတက္ကမိတဗ္ဗတော ယောဝ ဝေရမဏီနာမ ဟောတိ။ ။ဝိတက္ကမိတဗ္ဗတော ယောဝ၊လွန်ကြူးအပ်သော ဝိတက္ကမိတဗ္ဗ ဝတ္ထုမှသာလျှင်။ ဝေရမဏီနာမ၊ ကြဉ်ခြင်းဝိရမိတဗ္ဗသည်။ဟောတိ၊၏။ ။ဤသို့ဘွင့်ပြသောကြောင့်။ဝေရစေတနာဟူသော ဝိရမိတဗ္ဗဝတ္ထုသည်၊ အာရမ္မဏိကပစ္စယုပ္ပန်တည်း။ ထိုစေတနာ၏အာရုံဖြစ်သော၊ဇီဝိတိန္ဒြေစသော ဝိတက္ကမိတဗ္ဗဝတ္ထုသည်ကား၊ အာရုံပစ္စည်းတရားတည်း။ ဝိရမိတဗ္ဗဝတ္ထုကိုရှောင်ကြဉ်လျှင်ပင်၊ဝိတက္ကမိတဗ္ဗဝတ္ထုကိုလည်း ရှောင်ကြဉ်ခြင်း ဖြစ်သောကြောင့်၊ သဘောအားဖြင့်ကားထူး၏။ကြဉ်ရှောင်သောအားဖြင့် မထူးကုန်-ဟုမှတ်ဟု၊ တပ်အပ်သေချာ၊ စာချသောအခါ၌ မိန့်တော်မူ၏။ ။ဤလျှင်၊ဝိတက္ကမိတဗ္ဗဝတ္ထု၊ဝိရမိတဗ္ဗဝတ္ထု ပိသောသ၊နာနာဝါဒတည်း။

---

(၂၁၉) သဟာဓိပတိပြဟ္မာ၊တောင်းပန်ရာ၌၊သမ္ဘာဝါစာ ဖြစ်,မဖြစ်မေးဖြေခြင်း။

(အမေး) သဟမ္ပတိပြဟ္မာ၊မြတ်ဗုဒ္ဓါအား၊ တရားဟောပါ၊ တောင်းပန်လာ၊သမ္ဘာဝါစာဖြစ်လိမ့်လော၊

(အဖြေ) ရိုးယံးရပ်ပြဟ္မံ၊ သဟမ္ပတိ၊ တောင်းပန်သည့်ခါ၊ ဝါစာသမ္ဘ၊ မဖြစ်ရ၊ပမည့္စေတသိ၊ဖြစ်၏တည်း။

သဟမ္ပတိပြဟ္မာသည်၊ မြတ်စွာဘုရားအား-တရားဟောတော်မူပါဟု-တောင်းပန်သောအခါ၊ အရေဠာနမှာ--ဝန်ဆင်းရဲ၌ကြဉ်လည်ကြသော၊ဒုက္ခိတသတ္တဝါအပေါင်းကိုအာရုံပြု၍၊တောင်းပန်သော အရေဖြစ်သောကြောင့်၊ ကရုဏာ စေတသိက် ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ် ဖြစ်၏ဟုမှတ်။ ။ယခင်ပြခဲ့ပြီးသော။ဋီကာ စကားများကိုလည်းထောက်၊ ကရုဏာ ဒုက္ခိတသတ္တာရမ္မဏာ၊ဟူသောအဋ္ဌကထာကိုလည်းထောက်၊အချို့သောသပြိုဟ်အကောက်ဆရာတို့သည်၊ သမ္ဘာဝါစာကားမဖြစ်- သုဘာသိတဝါစာဖြစ်၏ဟု-ရေးသားကြခြင်းသည်၊ အပ္ပမညာစေတသိက်၊သဘောအလာကိုလည်း မချင့်၊သဟာဓိပတိပြဟ္မာတောင်းပန်သောစကားကိုလည်းညာဏ်မစွင့်၊ အတ္တ

နောမတိ၊ မိမိ၏အဓိပ္ပါယ်မတင့်ခြင်းသာတည်း၊ မုံရွေးဆရာတော်အဖြေ၌ကား၊ ၊မြင်းမိုရ်ခန့်လုံး၊ရွှေပန်းကုံးနှင့်၊သုံးလူ့ထွန်းထား၊မြတ်ဘုရားအား၊ တရားဟောကြောင်း။ခညွတ်ပြောင်း၍၊ တောင်းပန်သောအခါ၊ မိုဃ်းပြဟ္မာအား။သမ္မာဝါစာ၊မဖြစ်ပါတည်း။ ၊ဟူ၍သမ္မာဝါစာမဖြစ်ကြောင်းကိုသာ စပ်တော်မူသည်၊ ဘယ်စေတသိက်ဖြစ်၏ဟု-မပါမရှိ၊ ၊၍ချုပ်တချက်၊ မှတ်သားဘွယ်အဓိပ္ပါယ်အပွက်တည်း။

---

## (၂၂၀) အာရတိ ဝိရတီအထူးကိုပြခြင်း၊

(အမေး) အာရတီ-ဝိရတိ၊၏နှစ်ထိ၊အညီဘယ်သို့ထူးသနည်း၊
(အဖြေ) မနောကိုမှီ၊ အာရတီသာ၊ ဝစီကာယ၊ ဖြစ်အပ်စွ၊ မှတ်ပ ဝိရတီအရတည်း၊

အဓိပ္ပါယ်ကား၊စိတ်ဖြင့်သာလျှင်၊ မကောင်းမှုမှ ကြဉ်ခြင်းသည်။ အာရတီမည်၏၊ ကိုယ်နှုတ်တို့ဖြင့်။ မကောင်းမှုမှ ကြဉ်ခြင်းသည်၊ ဝိရတီမည်၏၊ ထိုကြောင့်၊ သုတ္တနိပါတ် အဋ္ဌကထာ၌။ ၊အာရတိနာမ ပါပေအာဒီနဝဒဿာဝိနောမနသာဝေ အနဘိရတိဝိရတီနာမ၊ကမ္မဒွါရဝသေနကာယဝါစာဟိဝိရမဏံ၊သာစေသာဝိရတီနာမ၊ ၊ဟုဖွင့်ပြ၏၊ ။အာရတီနာမ၊ အာရတီမည်သည်ကား၊ပါပေ၊မကောင်းမှု၌၊ အာဒီနဝဒဿာဝိနော၊အပြစ်ဟု ရှုလေ့ရှိသောသူ၏။ မနသာဝေ၊ စိတ်ဖြင့်သာလျှင်။ အနဘိရတိ၊ မမွေ့လျော်ခြင်းတည်း။ဝိရတီနာမ၊ဝိရတီမည်သည်။ ကမ္မဒွါရဝသေန၊ကမ္မဒွါရ၏ အစွမ်းအားဖြင့်။ ကာယဝါစာဟိ၊ ကိုယ်နှုတ်တို့ဖြင့်၊ ဝိရမဏံ၊ကြည်ခြင်းတည်း၊သာစေသာ၊ထိုကြဉ်ခြင်းသည်၊ ဝိရတီနာမ၊ဝိရတီမည်၏၊ ၊၎င်းသို့ အဋ္ဌကထာဆရာတော်၏ အဖြေအတိုင်း၊အာရတီ-ဝိရတီတို့၏ အထူးကိုငါတို့ကျေးဇူးရှင်သုနန္ဒာရာမဆရာတော်အရှင်၊မန်လည်ဆရာတော်များမိန့်ဆိုသည်ကို၊ ကြားနာရပေသည်၊ အင်းခန်းဆရာတော်ဘုရားကြီးကား၊ အာရတီ၌၊အာရှေးရှိသောရမုဓာတ်၊ဝိရတီ-၌၊ဝိရှေးရှိသော ရမုဓာတ်၊၎င်းသို့၊အာဥပသာရ ဝိဥပသာရ-သာလျှင်ထူး၍၊ ရမုဓာတ်၏။ ဓာတွတ္ထမှာမူကား။ အကုသိုလ်မှကြဉ်ခြင်း၊ ပရိဝဇ္ဇနတ္ထ၊ အနက်ဖြစ်၍၊မထူးကုန်ဟု-အဋ္ဌသာလိနီအဋ္ဌကထာကို၊ဝိသုဒ္ဓါရုံတိုက်သစ်၌ညနေသုံးချက်တီးအချိန်တွင်၊ ပို့ချသောအခါ၊ ပြောဆိုသည့်ကို၊ ငါဆရာ- ရှင်ဇောတိပါလ-ကြားသိရ ပေတော့သည်။

ဒိဇကျပ၊အမည်ရသော၊ ဌက်တွင်းတောရန္တ ဘိဘင်းသုံးတော်မူသော၊ ချမ်းသာကြီးဆရာတော်ဘုရားသည်ကား၊ ။အာရတိဟူသည် ဝိတိက္ကမိတဗ္ဗ-ဝတ္ထုကို မတွေ့မဆိုင်မီ၊ ရှောင်ကြဉ်ခြင်းသာတည်း။ ဝိရတိဟူသည် ဝိတိက္ကမိတဗ္ဗ ဝတ္ထုကို၊ တွေ့ဆိုင်တိတိ၊ ရှိသည်ကို ရှောင်ကြဉ် ခြင်းသာ တည်းဟု၊ မိန့်တော်မူ၏၊ ။ဤလျှင်တဝါဒ၊ ။ကေစိတို့၏၊ အယူဝါဒကို လည်း အဋ္ဌကထာဝါဒ-အာစရိယဝါဒတို့မှ တသီးပင်ပြဦးအံ့၊ ။ဒုစ္စရိုက် ဖြစ်သောအကုသိုလ်မှ၊ ရှောင်ကြဉ်ခြင်းသည်၊ အာရတိမည်၏၊ဒုရာဇီဝအ ကုသိုလ်မှ ရှောင်ကြဉ်ခြင်းသည် ဝိရတိမည်၏၊ ။ဤလျှင် အထူးဝိသေသ တည်း၊

---

## (၂၂၁) ဒုစ္စရိုက်,ဒုရာဇီဝအထူးကိုပြခြင်း၊

(အမေး) ဒုစ္စရိုက်၊ဒုရာဇီဝ၊ဤနှစ်ဝ၊အရာဘယ်သို့နည်း၊

(အဖြေ) ဒုစ္စရိုက်မှာ၊ ဝါစာ,ကမ္မ၊ အာဇီဝမှာ၊ ဒုဇီဝါ၊ သေချာ ဤသို့တည်း။

အမိပ္ပါယ်ကား။အသက်မွေးခြင်းအကြောင်းမဟုတ်သော၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ အကုသိုလ်သည်၊ ဒုစ္စရိုက်အကုသိုလ်မည်၏။ အသက်မွေးခြင်း အကြောင်းဖြစ်သောမိစ္ဆာဇီဝအကုသိုလ်သည်၊ ဒုရာဇီဝအကုသိုလ်မည်၏၊ ထိုကြောင့် ပရမတ္ထအနုဝဏ္ဏနာ ဋီကာသစ်၌၊ ။အနာဇီဝဟေတုက-ကာ ယဝစီဒုစ္စရိတံ ဒုစ္စရိတံနာမ၊ အာဇီဝဟေတုက-ကာယ ဝစီဒုစ္စရိတံ ဒုရာဇီ ဝေါနာမာတိ အယမေတေသံဝိသေသော။ ။ဟုဘွင့်ပြတော်မူ၊ ။ဤသို့ အားလျှင်-ဒုစ္စရိုက်,ဒုရာဇီဝ-အထူးကိုသိလေကုန်။

ဤသို့ပြဆိုခဲ့သည်အတိုင်း၊ အဋ္ဌကထာဝါဒ၊ဋီကာဝါဒ၊အာစရိယဝါဒ တို့နှင့်အညီ၊ ဝိရတိ,အာရတိ၏ အထူးကို သိကြရာဝယ်၊ ဝိရတိဟူသည်။ ကာယကံ၊ ဝစီကံအားဖြင့်၊ ခုနစ်ပါးသာရှိ၏။ မနောကံ၌ ဝိရတိဖြစ်ခြင်းရှိ သည်မဟုတ်။ အဘဲ့ကြောင့်ဟူမူ။ မနောကံ သုံးပါးကို ဝိရတိ ဘိလဖြင့် ဆောက်တည် ကောင်း၏ဟု ဘယ်ပါဠိတော်, အဋ္ဌကထာ, ဋီကာတွင်မျှ မလာမရှိတုန်။အာရတိသိလဖြင့်သာ လာရှိပေသည်၊လာရှိဟန်ကား။ဒသ အင်္ဂုတ္တိုရ်ပါဠိတော်၌၊အနဘိဇ္ဈာ၊အဗျာပါဒ၊သမ္မာဒိဋ္ဌိဟူ၍သာလျှင်၊အာရ တိသိလအဖြစ်ချကိုပြ၏၊ပါဏာတိပါတာပဋိဝိရတော စသောဝိရတိသိလ ကဲ့သို့၊အဘိဇ္ဈာပဋိဝိရတောဟူ၍ရင်း၊ အဘိဇ္ဈာဝေရမဏီသိက္ခာပဒံသမ္မာ

ဒိယာသမိ-ဟူ၍ငင်း။ပိရတီသီလအဖြစ်ဖြင့်မနောကံမလာသမရှိထုန်၊ထိုကြောင့်၊ သင်္ဂီတိသုတ်ဋီကာနံပါတ် ၂၄၂-၌။ ။နဟိမနောဒုစ္စရိတတောဝိရတိအတ္ထိ အနဘိဇ္ဈာဒိယေဝ တပ္ပဟာနသဒ္ဒိကော။ ။ဟုဘွင့်ပြ၏။ ။ယင်း၊ဗျတိရိက် ကိုဆိုဦးအံ့။ မနောဒုစ္စရိတတော၊ မနောဒုစ္စရိုက်သုံးပါးအား။ ဝိရတိ ဝိရတီ သည်၊နအတ္ထိ၊မရှိ၊ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား၊ အနဘိဇ္ဈာဒိယေဝ၊ အနဘိဇ္ဈာစသည်တို့ဖြင့်သာလျှင်၊တပ္ပဟာနသိဒ္ဓိတော၊ ထိုအဘိဇ္ဈာစသည် ကိုပယ်ခြင်းပြီးသောကြောင့်တည်း။

ဤဋီကာ၌။အနဘိဇ္ဈာဒိယေဝတပ္ပဟာနသိဒ္ဓိတောဟူသောပါဌ်ဖြင့်၊ အန ဘိဇ္ဈာအဗျာပါဒ သမ္မာဒိဋ္ဌိ-ဟု၊ရှောင်ကြဉ်အပ်သော အာရတီသီလကိုမျှပြ သောကြောင့်၊အဘိဇ္ဈာဝေရမဏီစသည်ဖြင့်၊မနောကံပါထည့်စွက်၍ သီလ ခံယူကြသော။ အာရတိဝိရတီအထူးကိုမျှ မသိကြသော ဒသဝတ္ထုသီလပေး သောဆရာတို့၏မိစ္ဆာအမှားကိုတခါတည်းပယ်ရှားကြလေ။ ။အဋ္ဌကထာ ကြီးများလည်း ဋီကာနှင့်နည်းတူပြတော်မူ၏၊ ။ဤဒသ အရိယဝတ္ထု သီလ ခံယူနည်းပေါ်ပေါက်သည့်မှာမူကား၊ ဟာသ်ာတ ခေ့ဖြူစသော အရပ်တို့၌။ ရဟန်းရှင်လုတို့ခံယူပေးလေ့ရှိကုန်၏။ထိုဆရာတို့သည်။ ဒသအင်္ဂုတ္တိုရ်ပါဠိ တော်၌။ပါဏာတိပါတာပဋိဝိရတောစသည်ဖြင့်၊ ကာယကံ-ဝစီကံကိုမိုင်း ခြား၍၊ပဋိဝိရတသဒ္ဒါကိုအထူးပြု၍ဟောကြား၏၊ မနောကံမှာမူကား။ ပဋိ ဝိရတသဒ္ဒါဖြင့်မဟောကြားမူ၍၊အနဘိဇ္ဈာ,အဗျာပါဒ,သမ္မာဒိဋ္ဌိ-ဟု၊ဟော ကြားပါလျက်၊ ဤကဲ့သို့ထူးခြားချက်ကိုမျှမသိ၊ ပါဠိတော်၏အဓိပ္ပါယ်ကိုမျှ မရိပ်မိ။ သင်္ဂီတိသုတ်ဋီကာကိုမျှမတွေ့ရှိ၊ အဋ္ဌကထာကိုမျှ ရှာနောက်မကြည့် ကြမူ၍၊ယင်းပါဠိတော်ကိုသာဝကကူလျက်၊သီလခံယူနည်း အထူးကိုပြုလုပ် ကြခြင်းသည်၊ သဒ္ဒါအဘိဓမ္မာ တတ်ကြွယ်၍၊ ဖြူးမြှုံရောက်မည့် ပုဂ္ဂိုလ်တို့ နည်းဟုဆိုသင့်တော့သည်၊ ။ငင်းဆရာများသည်၊သဒ္ဒါလည်းမတတ်၊အဘိ ဓမ္မာလည်းမတတ်ဘဲနှင့် အင်္ဂုတ္တိုရ်ပါဠိတော်ကို ဤဒသအရိယ ဝတ္ထုသီလ ခံယူနည်းဟု အမည်တပ်၍ ပြုလုပ်ခြင်းကို၊လောကူပမာအားဖြင့် ဆိုသည် ရှိသော်၊ မဟောသဓဇာတ်တော်၌။ ။ဘေရီပရိဗိုဇ်မနှင့် မဟောသဓာတို့ သည်။တွေ့ကြုံကြသည်ကာလ၊ ဘေရီပရိဗိုဇ်မကသည်၊ မဟောသဓာအား မေးလိုက်သည့်မှာ။ မဟောသဓာ သုခမိန်-စူဠနီ ဗြဟ္မဒတ် မင်းကြီးသည် သင်အားဖြန့်သော လက်ရှိပါ၏လော့၊ မတွန့်ထံပ်သော လက်ရှိပါ၏လော့။ အထူး ချီးမြှောက်ပါ၏လော့ဟု လက်ဝါးကိုဖြန့်၍ မေးသောအခါ၊မဟော သဓာသည်၊မင်းကြီးသည်ဆုတ်သောလက်ကိုမဖြန့်သေးပါဟုဖြေလိုသဖြင့်၊

လက်ကိုဆုတ်၍ပြ၏၊ ထိုအခါဘေရိပရဗိုဇ်မသည်၊ မဟောသဓာမင်းကြီး အချီးမြှောက်ကိုမခံရ၍၊ ကိုယ်စိတ်ပင်ပန်းမှုငါကဲ့သို့ ရဟန်းလုပ်ပါလော့ဟု ပြောလို၍၊ လက်ဖြင့် ဦးခေါင်းကိုသုံးသပ်၍ပြသည်။ ထိုအခါမဟောသဓာ သည် ကျွေးမွေးရသောသားမယားရှိခြင်းကြောင့် ရဟန်းမပြုနိုင်ဟုပြောလို ရကား၊ ဝမ်းကိုလက်ဖြင့်သုံးသပ်၍ပြ၏၊ ဤသို့တယောက်နှင့် တယောက် ပြောပြသည်ကိုမြင်သိကြသောအချို့သောမောင်းမ၊နန်းတော်သူ-ညာဏ်ကြီး ရင်လုတို့သည်၊ အမိပ္ပါယ်ကောက်ယူ ကြသည်မှာ၊ ဘေရိပရဗိုဇ်မသည်၊ လက်ဝါးကိုဖြန့်သည်မှာ၊မဟောသဓာမင်းကြီးကိုလက်ဝါးဖြင့် ရိုက်သတ် ပါလော့ဟုဆိုသည်၊ မဟောသဓာက၊လက်ကိုဆုတ်ပြသည်မှာ၊ လက်ဝါး ဖြင့်ရိုက်၍မသတ်၊သံလျက်နှင့်ခုတ်၍ သတ်မည်ဟု-လက်ဆုတ်ကိုပြသည်၊ တဘန်-ဘေရိပရဗိုဇ်မကဦးခေါင်းကိုသုံးသပ်သည်မှာမင်းကြီး၏ ဦးခေါင်း ကိုဖြတ်ပါလော့ဟုဆိုသည်၊ မဟောသဓာသည်၊ ဝမ်းကိုလက်ဖြင့် သုံး သပ်၍ပြသည်မှာ ဝမ်းတိုက်ကိုသံလျက်နှင့်ထိုး၍သတ်မည်ဟု-ဆိုသည်ဟူ၍၊အဓိပ္ပါယ်ကောက်ယူ၏၊ ဤသို့အဓိပ္ပါယ် ကောက်ယူသော မင်းမောင်းမ တို့နှင့်၊ ဒသအင်္ဂုတ္တိုရ် ပါဠိတော်ကို အဓိပ္ပါယ်ကောက်၍၊ ဒသ အရိယဝဿ သိလဟု အမည်ပြု၍၊ နည်းပေးသောသူတို့သည်တူမျှချေ၏၊ ။အာရုတိ- ဝိရတိ၏ အဆုံးအဖြတ်တည်း။

---

## (၂၂၂) သမ္မာအာဇီဝသရုပ်ကိုမေးဖြေခြင်း။

(အမေး) အာဇီဝမှာ၊အသီးသာ၊သရုပ်ရှိအံ့နည်း။
(အဖြေ) အာဇီဝမှာ၊မရှိပါ၊ဝါစာ,ကမ္မန္တမှာဝင်သတည်း၊

ဤဝိရတိသုံးပါးတို့တွင်၊အာဇီဝသည် အသီးအခြားသရုပအားဖြင့်မရှိ၊ သမ္မာဝါစာသမ္မာကမ္မန္တကိုယူသဖြင့်၊အာဇီဝပါ-ပါဝင်တော့သည်ဟုမှတ်၊ ထို့ကြောင့်၊ ဓမ္မသင်္ဂဏီအဋ္ဌကထာ၌၊ ။အာဇီဝေါနာမသပါဠိယာဗျာ နတ္ထိ၊ဝါစာကမ္မန္တေသု ဂဟိတေသုဂဟိတောဝဟောတိတပ္ပက္ခိကတ္တာ၊ ။ဟု ဘွင့်ပြ၏၊ ။စ၊ဆက်၍ဆိုဦးအံ့၊သေ ဧသောအာဇီဝေါနာမ၊ဤအာဇီဝမည် သည်၊ပါဠိယာဗျာ၊အသီးအခြား၊နတ္ထိ၊မရှိ။ဝါစာကမ္မန္တေသု၊သမ္မာဝါစာ၊ သမ္မာကမ္မန္တတို့ကို၊ဂဟိတေသု၊ယူအပ်ကုန်သည်ရှိသော်၊ ဂဟိတောဝ၊ယူ အပ်သည်သာလျှင်၊ ဟောတိ၊ဖြစ်၏၊ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား၊ တပ္ပက္ခိကတ္တာ၊ထိုသမ္မာဝါစာ-သမ္မာကမ္မန္တတို့၏အဘို့၌ ဖြစ်သည်၏အဖြစ်

ကြောင့်တည်း။ ။ဤသို့ဝါစာ-ကမ္မန္တတို့ယူလျှင်။အာဇီဝပါသည့်ရှိသော်၊ အာဇီဝကိုတသီးတခြား၊အဘယ့်ကြောင့်၊ဟောပြန်ပါသနည်းဟူမူ၊ ။ပါဏာတိပါတအစရှိသည့်တို့ဖြင့် ဖြစ်စေအပ်သောအစား။အဝတ်,သက်နိုးစသောပစ္စည်းတို့ကိုအမြဲမှီဝဲလျှက်၊ အထူးသိလ်မှ မရှောင်ကြဉ်ဘဲ ပြုကျင့်သောသူအား၊မိစ္ဆာဇီဝဖြစ်သည့်ကိုပြဆုံသော၄ါ၊ဤသမ္မာအာဇီဝကို ထိုသမ္မာဝါစာသမ္မာကမ္မန္တတို့မှ၊အသီးအခြားထုတ်အပ်သည်ဟုမှတ်။ ။ထိုကြောင့် အဋ္ဌကထာ၌။ ။ဝုဝပဋိသေဝနဝသေနပနာယံတတောနီဟရိတွာဒဿိတော၊ ။ဟုဘွင့်ပြ၏။ ။ဝုဝပဋိသေဝနဝသေန၊အမြဲမှီဝဲခြင်း၏အစွမ်းအားဖြင့်။ ဝါ၊ မိစ္ဆာဇီဝမှ မရှောင်ကြဉ်မှု၌ အမြဲမှီဝဲခြင်း၏အစွမ်းအားဖြင့်၊ အယံအာဇီဝေါ၊ဤသမ္မာအာဇီဝကို၊တတော၊ထိုဝါစာကမ္မန္တမှ၊ နီဟရိတွာ၊ထုတ်နှုတ်၍၊ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒဿိတော၊ ပြတော်မူ၏။ ဣတိ၊ဤသို့မှတ်အပ်၏။

ဤသို့အာဇီဝ စေတသိက်သည့်ဝါစာ, ကမ္မန္တတို့နှင့် တရားကိုယ်ခြားသော်လည်း၊ဝုဝပဋိသေဝန-ဟု ဆိုအပ်သောမိစ္ဆာဇီဝမှ မရှောင်ကြဉ်ဘဲ၊ အမြဲမှီဝဲသည့်၏အစွမ်းအားဖြင့်။ ဝါစာကမ္မန္တာတို့မှထုတ်၍ ပြအပ်သည်ဟုပြဆိုသဖြင့်၊ကာယကံသုံးပါး၊ဝစီကံလေးပါးနှင့်တကွ၊ သမ္မာအာဇီဝကိုရှစ်ခုမြောက်ပြု၍ ၎င်းသီလကို အာဇီဝဋ္ဌမကသီလဟု-ပြုအပ်တော့သည်။ ထိုကြောင့်၊အင်္ဂုတ္တရ အဋ္ဌကထာ,သုတ်သီလက္ခန် အဋ္ဌကထာ၊သဂ္ဂဝိဘင်းအဋ္ဌကထာ,သီလက္ခန် ဋီကာသစ်တို့၌၊ ။အာဇီဝဋ္ဌမကသီလံနာမစတုဗ္ဗိဓ-ဝစီဒုစ္စရိတ-တိဝိဓကာယ သုစရိတေဟိ သဒ္ဓိံ သမ္မာအာဇီဝံ အဋ္ဌမံကတွာ ဝုတ္တံ အာဒိဗြဟ္မစရိယကသီလံ။ ။ဟုဘွင့်ပြ၏။ ။အာဇီဝဋ္ဌမကသီလံနာမ၊အာဇီဝဋ္ဌမကသီလမည်သည်၊ စတုဗ္ဗိဓ ဝစီသစရိတ၊ တိဝိဓ ကာယသုစရိတေဟိ၊လေးပါးသော ဝစီသုစရိုက်။ သုံးပါးသောကာယသုစရိုက်တို့နှင့်၊ သဒ္ဓိံ၊ အတူတကွ၊ သမ္မာ အာဇီဝံ၊ သမ္မာအာဇီဝကို။ အဋ္ဌမံ၊ ရှစ်ခု မြောက်ကို၊ ကတွာ၊ပြု၍၊ အာဒိဗြဟ္မစရိယကသီလံ၊ အာဒိဗြဟ္မစရိယကသီလကို၊ဝုတ္တံ၊ မိန့်အပ်၏။ ။ဤနည်းအတူ၊ဝိဘင်းပါဠိတော်၊ သုတ်ပါဠိတော်တို့၌ လာရှိတော့သည်ဟုမှတ်။ ။၎င်းအာဇီဝသည်၊ ပဋိပတ္တိ အစဉ်အားဖြင့် မဂ်၏အစဟုဆိုအပ်ရကား၊ အာဒိဗြဟ္မစရိယက သီလ-ဟု ဆိုအပ်၏။ အဘိသီလသိက္ခာပုဒ်၌အကျုံးဝင်သောသီလဟုသမှုသည်။ အဘိသမ္မာစာရိကသီလမည်၏။ ဤသို့ပြဆိုခဲ့ သည်အတိုင်း ပါဠိအဋ္ဌကထာ အာဂုံကို သိုင်းကြည့်၍၊ ဟုတ်တိုင်းကို တတ်အပ်ထင်ထင် သိမြင်အပ်ကြတော့သည်။

စောင့်ထိန်းအပ်သောသီလဟူသည်၊ သီလံလောကေအနုတ္တရံ၊ဟူသော ပါဠိတော်နှင့်အညီ မွန်မြတ်သည်ချည်းဖြစ်ကြ၍။အာဇီဝဋ္ဌမကသီလကိုဖြစ်စေ၊ငါးပါးရှစ်ပါးသီလကိုဖြစ်စေ၊မကျိုးမပေါက်မပြောက်မကြား၊ထုံခြုံစွာ စောင့်ရှောက်ထားလျက်၊အဓိသီလအမည်ထွက်အောင်သာလျှင်၊ထုံလကြိုး ကုတ် စွမ်းအားထုတ်၍၊ စောင့်သုံးခြင်း ကိစ္စကို ပြုအပ်၏၊ ဘယ်သီလမျိုး မဆို၊အဓိသီလဖြစ်အောင်စောင့်နိုင်မှ အလွန်မြတ်၍ နိဗ္ဗာန်ဓာတ်သို့ရောက် နိုင်သည်၊၊ အဓိသီလ ဖြစ်အောင် မစောင့်သုံးနိုင် ပါလျှင်၊ ငါးပါး–ရှစ်ပါး ၁၀–ပါး၊အာဇီဝဟုဆိုအပ်သောဘယ်သီလများမှ၊နိဗ္ဗာန်သို့မရောက်နိုင်တုန် ဟုမှတ်။ထိုကြောင့် ပါထေယျဋီကာ၌၊ ။အဓိသီလမေဝ၊နိဗ္ဗာနာဓိဂမဿ ပစ္စယ ဘာဝတော၊ ။ဟုဘွင့်ပြ၏။ ။အဓိသီလ မေဝ၊ အဓိသီလသည် သာလျှင်တည်း၊ နိဗ္ဗာနာဓိဂမဿ၊နိဗ္ဗာန်သို့ရောက်ရခြင်း၏၊ ပစ္စယဘာဝ တော၊အကြောင်း ဖြစ်သောကြောင့်တည်း၊ ။သံယုတ္တအဋ္ဌကထာ၊ ဝိသုဒ္ဓိ မဂ်မဟာဋီကာတို့၌လည်း၊ ။ဘဝဂါမိသီလ ဝိဘဝဂါမိသီလဟုနှစ်ပါး ပြသည့်ကိုလည်းသတိမူလေ၊ ။ဤကဲ့သို့ဘွင့်ပြ၊ပါဠိအဋ္ဌကထာဋီကာအဝဝ တို့ကို၊တပ်အပ်ထင်ထင်၊ ဟုတ်မှန်စွာသိမြင်ကြသဖြင့်၊ ငါးပါးသီလတော် ကမြတ်သည်၊ ဆယ်ပါးသီလက မြတ်သည်၊ အာဇီဝဋ္ဌမက သီလကမြတ် သည်ဘု ဝိဝါဒစကား၊ဝိဂ္ဂရကျယ်မပွါးစေမူ၍၊ မိမိသီလတရားကိုသာ လျှင် ကြိုးစားအားထုတ်၊ အဓိသီလဖြစ်အောင် ပြုလုပ်ကြလေ၊ထိုင့်၊စရိယ ပိဋကတ်ပါဠိတော်၌၊သုံးလူ့ထွန်းထား၊သဗ္ဗညုမြတ်စွာဘုရားသည်၊

ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော၊
သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ၊ ။

ဝိဝါဒံ၊တယောက်တယော၊ မထောက်ပြင်းဟုန်။ ငြင်းခုန်ကွဲပြားစကား များခြင်းကို၊ဘယတော၊ကြောက်ဘွယ်အတိ၊ဘေးဘျမ်းများ၏ဟူ၍၊ဒိသွာ၊ ပညာရှေ့တင်၊သိမြင်ကြ၍၊အဝိဝါဒဉ္စ၊ မခုန်မငြင်း၊ညီညွတ်ခြင်းကိုလည်း၊ ခေမတော၊ဘေးဘယမသန်း။ဧးမြချမ်း၏ဟူ၍။ဒိသွာ၊ပညာရှေ့တင်။ သိမြင် ကြ၍။သမဂ္ဂါ၊ညီညွတ်သောကိုယ်ရှိကြကုန်သည်၊ သခိလာ၊ ချိုသာပြေပြစ် ကျစ်လစ်သော စကားရှိကြကုန်သည့်၊ ဟောထ၊ ဖြစ်ကြကုန်လော့၊ ဧသာ၊ ဤသို့ဆုံးမခြင်းသည့်၊ ဗုဒ္ဓါနုသာသနီ၊ သမုဒ္ဓရာ၊ဂင်္ဂါမြစ်ထဲ၊ သဲထုံးမက။ ပွင့်တော်မူကြကုန်ပြီးသော သဗ္ဗာသိမြင် ဘုရားရှင်တို့၏ အကျိုး လိုလား၊ ဆုံးမတော်မူသော အနုသာသနီစကားတော်တည်း။ ။ဤလျှင် ဝိရတိ စေ တသိက်သုံးပါး၏ စကားသင်္ခေပအားဖြင့်ပြီးပြီ၊

## (၂၂၃) အပ္ပမညာစေတသိက်ကိုပြဆိုခြင်း။

အပ္ပမညာစေတသိက်နှစ်ရပ်တို့တွင်၊ ကရုဏာဟူသည်၊ ။ကရောတိ ပရဒုက္ခေသတိသာဓူနံဟဒယခေဒံဇနေတီတိကရုဏာ၊ ။ယာဓမ္မဇာတ်၊အကြင်တရားသဘောသည်၊ပရဒုက္ခေ၊သူတပါးဆင်းရဲသည်၊ သတိ၊ရှိသော်၊ ဝါ၊ဖြစ်လတ်သော်၊သာဓူနံ၊သူတော်ကောင်းတို့၏၊ ဟဒယကမ္ပနံ၊ နှလုံးတုန်လှုပ်ပင်ပန်းသည်ကို၊ကရောတိ၊ပြုတတ်၏၊ ဣတိတသ္မာ၊ထိုကြောင့်၊သာဓမ္မဇာတိ၊ ထိုတရားသဘောသည်၊ ကရုဏာ၊ ကရုဏာမည်၏။ ။ကမ္ပနဟူသည်လည်း၊သူတပါးဆင်းရဲသည်ကိုမြင်၍၊ ထိုဆင်းရဲကို ပယ်လိုသူ၏ မခံနိုင်သော အခြားအရာအားဖြင့် စိတ်၏တောက်ပြန်ခြင်း၊ အညထတ္တဖြစ်သည်ကို မှတ်အပ်၏၊ ထိုကရုဏာသည်၊ သတ္တဝါတို့အား ဖြစ်သော ဒုက္ခဆင်းရဲကိုပယ်လိုသော အခြင်းအရာအားဖြင့်ဖြစ်ခြင်း ဒုက္ခာပနယနာကာရပဝတ္တိလက္ခဏာရှိ၏။

မုဒိတာဟူသည်။ ။ပရသမ္ပတ္တိံ ဒိသွာမောဒန္တိတိမုဒိတာ၊ ။ယာဓမ္မဇာတိ၊အကြင်တရားသဘောသည်၊ပရသမ္ပတ္တိံ၊သူတပါး၏ပြည့်စုံခြင်းကို၊ ဒိသွာ၊မြင်၍၊ မောဒန္တိ၊ဝမ်းမြောက်တတ်ကုန်၏၊ ဣတိတသ္မာ၊ ထိုကြောင့်၊ သာဓမ္မဇာတိ၊ထိုတရားသဘောသည်၊ မုဒိတာ၊မုဒိတာမည်၏၊ ။ထိုမုဒိတာသည်၊သူတပါး၏ စည်းစိမ်ပြည့်စုံကုံလုံကြွယ်ဝသည်ကို၊ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း ပမောဒနလက္ခဏာရှိ၏၊ ။ထိုနှစ်ပါးတို့တွင်၊ကရုဏာသည်၊ဒုက္ခိတသတ္တဝါကိုအာရုံပြု၏၊မုဒိတာသည်၊သုခိတသတ္တဝါကိုအာရုံပြု၏ဟုမှတ်၊ ။၍အပ္ပမညာစေတသိက်သည်၊ နှစ်ပါးရှိလျက်၊ အခြားစေတသိက်ကဲ့သို့၊ဣဟူသော သင်္ချာသဒ္ဒါကို မထည့်မူ၍၊သာမညအားဖြင့်ဆိုခြင်းသည်၊ ကမ္မဋ္ဌာန်းပိုင်း၌၊ စတသော အပ္ပမညာဟောဟု-ဆိုလတ္တံ့ဖြစ်သောကြောင့်တည်း၊၍စေတသိက်ပိုင်း၌၊ လေးပါးစေ့အောင်ရေတွက်လိုမူ၊ အဒေါသစေတသိက်ဖြင့်၊မေတ္တာကိုယူ၍၊ တတြမဇ္ဈတ္တတာဖြင့်၊ ဥပေက္ခာကိုယူ၍၊အပ္ပမညာလေးဆုကိုထည့်သွင်း၍ မှတ်ယူအပ်တော့သည်၊

ထိုသို့မှတ်ယူရာဝယ်၊မေတ္တာဟူသည်၊ ။မေဇ္ဇတီတိမေတ္တာ၊ ။ယာဓမ္မဇာတိ၊အကြင်တရားသဘောသည်၊ မေဇ္ဇတိ၊ချစ်တတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်၊ သာဓမ္မဇာတိ၊ ထိုတရား သဘောသည်၊ မေတ္တာ၊ မေတ္တာမည်၏၊ ။ထိုမေတ္တာ၏ ချစ်ခြင်းဟူသည်၊ တဏှာ ပြဋ္ဌာန်းသော ချစ်ခြင်းကို မှတ်ရအံ့ သော့ပျှံမူ၊ တဏှာ ပြဋ္ဌာန်းသော ချစ်ခြင်းမဟုတ်၊ ဉာဏ်ပညာ

ပြဋ္ဌာန်းသော အစီးအပွါးကိုလိုသော အခြင်းအရာဖြစ်သောအားဖြင့် ချစ်၏ ဟူလို၊ ထိုကြောင့်။ မူလဋီကာ၌၊ ။ ဉာဏပုဗ္ဗင်္ဂမံ ဟိတာကာရပဝတ္တိ ဝသေန သိနေဟန္နံ ဒဠှမ္ပိ၊ နတဏှာယန ဝသေန၊ ။ ဟုဘွင့်ပြတော်မူ၏၊ ။ ဉာဏ ပုဗ္ဗင်္ဂမံ၊ ဉာဏ်ရှေ့သွားရှိသော။ ဟိတာကာရပဝတ္တိ ဝသေန၊ အစီးအပွါးလို သောအခြင်းအရာဖြစ်ခြင်း၏အစွမ်းအားဖြင့်၊ သိနေဟန္နံ၊ ချစ်ခြင်းကို။ ဒဠှမ္ပိ၊ မှတ်အပ်၏၊ တဏှာယနဝသေန၊ တဏှာတည်းဟူသောချစ်ခြင်း၏ အစွမ်း ဖြင့်။ နဒဠှမ္ပိ၊ မမှတ်အပ်။ ။ ထိုမေတ္တာသည့်–သတ္တဝါတို့၏အကျိုးစီးပွါးကို ကျင့်သောအခြင်းအရာအားဖြင့်ဖြစ်ခြင်းဟိတာကာရပဝတ္တိလက္ခဏာရှိ၏၊

ဥပေက္ခာဟူသည်။ ။ မဇ္ဈတ္တဘာဝူပဂမနေန ဥပေက္ခတီတိ ဥပေက္ခာ။ ။ ယာဓမ္မဇာတိ၊ အကြင်တရားသဘောသည်၊ မဇ္ဈတ္တဘာဝူပဂမနေန၊ အလတ် သဘောရှိသည်၏အဖြစ်သို့ ရောက်ခြင်းဖြင့်၊ ဥပေက္ခတိ၊ ဥပပတ္တိတော အုက္ခ တိ၊ အသင့်အားဖြင့်ရှုတတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်။ သာဓမ္မဇာတိ၊ သည်၊ ဥပေက္ခာ၊ ဥပေက္ခာမည်၏။ ။ ထိုဥပေက္ခာသည်၊ ပိယစသည်အပြားရှိထုန် သောသတ္တဝါတို့၌၊ အလတ်သဘောရှိသောအခြင်းအရာအားဖြင့်ဖြစ်ခြင်း၊ မဇ္ဈတ္တာကာရပဝတ္တိလက္ခဏာရှိ၏၊ ထိုလေးပါးသောအပ္ပမညာတို့၏သမ္ပတ္တိ ဝိပတ္တိတို့ကို ခွဲခြား၍ပြလိုက်ဦးအံ့၊ ဗျာပါဒကို၊ ဝိက္ခမ္ဘနပဟာန် အားဖြင့် ငြိမ်းခြင်းသည်၊ မေတ္တာ၏ ပြည့်စုံခြင်းမည်၏၊ တဏှာသိနေဟ၏ ဖြစ်ခြင်း သည်၊ မေတ္တာ၏ ပျက်စီးခြင်းမည်၏။ ထိုကြောင့်၊ ။ မေတ္တာမုခေန ဟိရော ဂေါ ဝဍ္ဎတိ။ ။ ဟုမိန့်တော်မူ၏။ ။ ဟိသစ္စံ၊ မှန်၏။ မေတ္တာမုခေန၊ မေတ္တာ ကိုအကြောင်းပြုသဖြင့်၊ ရာဂေါ၊ ရာဂတရားသည်။ ဝဍ္ဎတိ၊ လှည့်ပတ်ဖြား ယောင်းတတ်၏။ သတ္တဝါတို့ကိုညှဉ်းဆဲကြောင်းဖြစ်သောပဒိုသစိတ္တုပ္ပါဒ်၏ ငြိမ်းအေးခြင်းသည်၊ ကရုဏာ၏ ပြည့်စုံခြင်းမည်၏။ သောက ဖြစ်ခြင်းသည် ကရုဏာ၏–ပျက်စီးခြင်းမည်၏၊ ထိုကြောင့်။ ။ ကရုဏာမုခေန သောကော ဝဍ္ဎတိ၊ ။ ဟုမိန့်တော်မူ၏၊ ။ ကရုဏာမုခေန၊ ကရုဏာကိုအကြောင်း ပြုသဖြင့်။ သောကော၊ သောကတရားသည်၊ ဝဍ္ဎတိ၊ လှည့်ပတ်ဖြားယောင်း တတ်၏၊ ။ မပျော်မွေ့ခြင်း အရတိ၏ ငြိမ်းပျောက် ခြင်းသည်၊ မုဒိတာ၏ ပြည့်စုံခြင်းမည်၏။ ဂေဟာသိတ ပီတိအားဖြင့်။ ရွှင်ခြင်း၏ဖြစ်ခြင်းသည် မုဒိ တာ၏ပျက်စီးခြင်းမည်၏။ ။ မုန်းခြင်း။ ချစ်ခြင်းတို့ကိုငြိမ်းစေခြင်း။ ချခြင်း သည်၊ ဥပေက္ခာ၏ပြည့်စုံခြင်းမည်၏၊ ကာမဂုဏ်ကိုမှီသော၊ သောမနဿ– ဒေါမနဿမှကင်းလျက်၊ သက်သက်အညာဏသာဖြစ်ခြင်းသည်၊ ဥပေက္ခာ ၏ပျက်စီးခြင်းဝိပတ္တိမည်၏၊

## (၂၂၄) အညာဩထုပေက္ခာကိုမေးဖြေခြင်း။

(အမေး) အညာဩထုပေက္ခာ၊ ဟူသည်မှာ၊ သေချာ ကောက် စမ်း အဘယ်နည်း။

(အဖြေ) မောဟယှဉ်လာ၊ဥပေက္ခာ၊သေချာအရကောက်၏တည်း၊

အညာဏ သမ္ပယုတ္တာဥပေက္ခာဝေဒနာအညာဏုပေက္ခာတိပိဝေါဟာရံ ယောဝနာမံ၊ ။သင်္ခေါဟာပိနော့ဒနီအဋ္ဌကထာ၊ ။အညာဏသမ္ပယုတ္တာ၊ ဉာဏ်နှင့်မယှဉ်သော၊ဥပေက္ခာဝေဒနာ၊ဥပေက္ခာဝေဒနာသည်၊ အညာဏု ပေက္ခာ၊မည်၏။ ဇွတိပိ၊ဤသို့လည်း။ ဝေါဟာရံယော၀၊ထိုဥပေက္ခာတို့၏သာ လျှင်။ နာမံ၊ အမည်သည်။ ဟောတိ၊၏၊ မောဟစေတသိက်နှင့် ယှဉ်သော ဥပေက္ခာသည်၊အညာဏုပေက္ခာ–ဟူလို။ ။မူလဋီကာ၌လည်း။ ။သောမ နဿ-ဒေါမနဿရဟိတံ၊ အညာဏမေဝ အညာဏုပေက္ခာ၊ ။ဟူ၍ဖွင့်ပြ ၏၊ ။ထိုသို့ဖြင့်ပြီးသောလေးပါးသောအဂ္ဂမညာတို့၏-ဆက်ဆံသောသာ ဓာရဏအကျိုးသည်ကား၊ ဝိပဿနာသုခ-သုဂတိဘဝ၏ ပြည့်စုံခြင်းဘဝ သမ္ပတ္တိ-တို့ကိုမှတ်အပ်၏၊အသီးအသီးမကွေမကွာဖြစ်သော အာဝေဏိက အကျိုးမှာမူကား၊ မေတ္တာသည် ဗျာပါဒကို ဖျောက်ခြင်း အကျိုးရှိ၏။ ကရု ဏာသည်–ဝိဟိံသာကို ဖျောက်ခြင်းအကျိုးရှိ၏၊မုဒိတာသည်–အရတိကို ဖျောက်ခြင်းအကျိုးရှိ၏၊ဥပေက္ခာသည်ရာဂကိုဖျောက်ခြင်းအကျိုးရှိ၏။ ။ ဤလျှင်တရပ်တည်း။

ဤလေးပါးသော အဂ္ဂမညာတို့တွင်။ တပါးတပါးသော တရားတို့အား နီးသောရန်သူ၊ ဝေးသောရန်သူ၏ အစွမ်းအားဖြင့် ၂-ပါးအပြားရှိ၏၊ ထို တွင် ရာဂသည်။မေတ္တာ၏-နီးသောရန်သူမည်၏၊ အဘဲ့ကြောင့်ဟူမူ၊ ဂုဏ် ကိုရှုခြင်းသဘောတူသည်၏ အဖြစ်ကြောင့်၊ အဆွေခင်ပွန်းကဲ့သို့ နှတ်ဖြင့် သာချစ်ယောင်မူ၍၊ ရန်သူကဲ့သို့တူသော အခြင်းအရာအားဖြင့် ဖျက်တတ် သောကြောင့်တည်း၊ဤသို့ဖြစ်ရကား၊ရာဂဟူသောတရားသည်၊ လျှင်စွာအ ခွင့်ကိုရှာ၍၊သတ်မေ့လွတ်ခါ၊မျှဖြင့်မေတ္တာကိုတွန်းဖယ်၍၊ ထိုမေတ္တာ၏အာ ရုံ၌မိမိသည်ဖြစ်ခြင်းငှါ၊ထိုက်သည် အဖြစ်ကြောင့်၊ ထိုရာဂတရားမှကောင်း စွာမေတ္တာကိုစောင့်ရှောက်အပ်၏၊ ။ဗျာပါဒသည် မေတ္တာ၏ သဘောနှင့် မတူသည်၏ အဖြစ်ကြောင့် မေတ္တာ၏ ဝေးသော ရန်သူမည်၏၊ ထိုကြောင့် ဗျာပါဒမှကြောက်၍ခြင်း ကင်းသည်ဖြစ်၍၊ ။မေတ္တာကိုပွါးအပ်၏၊ ။ ဤကားတရပ်၊

ချစ်အပ်၊သာယာအပ်၊နှစ်သက်အပ်သော၊ကာမအာရုံ၊ အလုံးစုံကို-ငါမ ရလေစွတကားဟု၊တညဥ်းတွားတွားပြုသဖြင့်ကြီးသောသူအား၊ ဒေါမနဿ ပြဋ္ဌာန်းသော၊သောကတရားသည်။ ကရုဏာ၏နီးသောရန်သူမည်၏။ အဘဲ့ ကြောင့်ဟူမူ၊ပျက်စီးခြင်းဝိပ္ပတ္တိကိုရှုခြင်းသဘောတူသည်၏အဖြစ်ကြောင့် တည်း။ဝိဟိံသသည် ကရုဏာ၏ သဘောနှင့် မတူသည်၏ အဖြစ်ကြောင့် ဝေးသောရန်သူမည်၏။ ထိုကြောင့်၊ဝိဟိံသကို ကြောက်ရွံ့ခြင်း ကင်းသည် ဖြစ်၍၊ကရုဏာကိုပွါးအပ်၏။ ။ချစ်အပ်သာယာအပ်-နှစ်သက်အပ်သော ကာမအာရုံ အလုံးစုံကို ငါရပေစွတကားဟု-အဘန်တလဲလဲကြံအောက်မေ့ သောသူအား၊သောမနဿပြဋ္ဌာန်းသောပဟာသတရားသည်၊မုဒိတာ၏နီး သောရန်သူမည်၏၊အဘဲ့ကြောင့်ဟူမူ၊ ပြည့်စုံခြင်းသမ္ပတ္တိကိုရှုခြင်းသဘော တူသည်၏ အဖြစ် ကြောင့်တည်း။ ။အရတိသည် မုဒိတာ၏ သဘောနှင့် မတူသည်၏အဖြစ်ကြောင့်၊ဝေးသောရန်သူမည်၏၊ထိုကြောင့်၊ အရတိအခွင့် ရအံ့သည်မှ၊ ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိသည်ဖြစ်၍၊ မုဒိတာကို ပွါးအပ် ၏၊ ။ကာမဂုဏ်ကို မှီသော၊ သောမနဿ- ဒေါမနဿမှ ကင်းလျက်၊ အညာဏ သက်သက်သာ ဖြစ်သော ဥပေက္ခာသည်၊ အဖြစ်ကျေးဇူးကို၊ အထူးစိစစ် မဆင်ခြင်သော အားဖြင့်၊ သဘောတူသည်၏အဖြစ်ကြောင့်၊ ဥပေက္ခာ၏-နီးသော ရန်သူမည်၏၊ ရာဂ-ပဋိဃတို့သည် ဥပေက္ခာနှင့် သ ဘောမတူသည်၏ အဖြစ်ကြောင့်၊ ဥပေက္ခာ၏ ဝေးသောရန်သူမည်၏။ ထို ကြောင့်၊ရာဂ-ပဋိဃမှ-ကြောက်ရွံ့ခြင်းကင်းသည်ဖြစ်၍ ဥပေက္ခာကို ပွါး စေအပ်၏။

ဤသို့ပြရာဝယ်၊လင်္ကာအချုပ်၊နယဝုတ်ကား၊

(၁) ရာဂ-ဒေါသ၊ဤနှစ်ဝ၊မေတ္တာ့ရန်နှစ်သူ။
(၂) သော-ဝိဟိံသ၊ဤနှစ်ဝ၊ကရုဏာ့ဖြစ်ရန်သူ။
(၃) ပဟာသ-အရတိ၊နှစ်ပါးရှိ၊မုဒိဖြစ်ရန်မူ။
(၄) အညာဏုပေက္ခာ၊ ပဋိဃာနှင့်၊ ရာဂါမှတ်ရှု၊ ဤနှစ်ခု၊ ဥပေက္ခာရန်သူ။
(၅) နီးဝေးနှစ်ဝ၊ရန်ကိုပြ၊ပမည့်-စေတသူ။

ဤသို့ပြအပ်ပြီးသော မေတ္တာ၊ကရုဏာ၊မုဒိတာ၊ ဥပေက္ခာ-စေတသိက် တို့သည်၊အတိုင်းအရှည်ပမာဏမရှိကုန်သော၊ထုံးစုံများစွာသတ္တဝါတည်း ဟူသော့အာရုံ၌၊ ဖြစ်တတ်သောကြောင့်၊ အပ္ပမညာ-ဟူ၍ ဆိုအပ်၏၊ ထို

ကြောင့်။ အဋ္ဌသာလိနီအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သုတ်ပါထေယျ
အဋ္ဌကထာ၊ အပ္ပမညာဝိဘင်းအဋ္ဌကထာတို့၌၊ ။ယသ္မာပနသဗ္ဗာပေတာ
အပ္ပမာဏေဂေါစရေပဝတ္တန္တိ၊ တသ္မာ အပ္ပမညာတိဝုစ္စန္တိ၊ အပ္ပမာဏာဟိ
သတ္တာ ဧတာသံ ဂေါစရဘူတာ။ ။ဟုဘွင့်ပြ၏။ ။ပန၊ အတ္ထိတပါးကို
ဆိုဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်၊ သဗ္ဗာပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။
ဧတာ၊ ထိုမေတ္တာ-ကရုဏာ-မုဒိတာ-ဥပေက္ခာတို့သည်။အပ္ပမာဏေ၊ပမာဏ
မရှိသော။ ဂေါစရေ၊အာရုံ၌။ပဝတ္တန္တိ၊ဖြစ်ကုန်၏။ တသ္မာ၊ထိုကြောင့်။ အပ္ပ
မညာတိ၊အပ္ပမညာဟူ၍။ ဝုစ္စန္တိ၊ဆိုအပ်ကုန်၏၊ဟိ၊ထင်စွာဆိုဦးအံ့။အပ္ပမာ
ဏာ၊အတိုင်းအရှည်မရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဧတာသံ၊ထို
မေတ္တာစသည်တို့၏။ ဂေါစရဘူတာ၊ အာရုံဖြစ်၍ဖြင်ကုန်၏။ ။ဤသို့အဋ္ဌ
ကထာဆရာဘွင့်ပြသည်နှင့်အညီ။တယောက်တည်းပင်ဖြစ်သော သတ္တဝါ
အား အာရုံပြု၍။မေတ္တာကမ္မဋ္ဌာန်းကို၊ စီးဖြန်းပင်စီးဖြန်းငြားသော်လည်း။ ထို
မေတ္တာ စသည်တို့၏ သဘောသည်၊ အလုံးစုံသော ကိုယ့်အရပ်ကို။ နှံ့စေ
သည်၏အစွမ်းအားဖြင့်သာလျှင်။ဖြစ်သည်၏အဖြစ်ကြောင့်။ အပ္ပမညာဟု-
ခေါ်ဆိုအပ်၏။ထိုကြောင့်။မူလဋီကာ၌၊ ။မေတ္တာဒီနံဧကသတ္တာရမ္မဏာနမ္ပိ
အပ္ပမာဏဂေါစရတာဝုတ္တာတိဝေဒိတဗ္ဗာ။ ။ဟုဘွင့်ပြ၏။ ။မေတ္တာဒီနံ၊
မေတ္တာအစရှိသည်တို့၏။ ဧကသတ္တာရမ္မဏာနမ္ပိ၊တယောက်သောသတ္တဝါ
လျှင်အာရုံရှိကုန်သော်လည်း။ အပ္ပမာဏ ဂေါစရတာ၊ အတိုင်းအရှည်မရှိ
သောအာရုံရှိသည်၏ အဖြစ်ကို၊ ဝုတ္တာ၊မိန့်အပ်၏။ ဣတိ၊ဤသို့၊ ဝေဒိတဗ္ဗာ၊
သိအပ်၏။

ဤအပ္ပမညာ စေတသိက် အရာဝယ်။ လယ်တီဆရာတော်သည်၊ ဋီကာ
ကျော်ရေးသား အပ်သော၊ ။အပ္ပမာဏ သတ္တာရမ္မဏတ္တာ အပ္ပမညာ-
တာဧဝ အပ္ပမညာ။ ။ဟူသော-သွဒ္ဒတဒ္ဓိတ်-ဏပစ္စည်းဝုန်ကို။ နသုန္ဒရံ၊
ဟုပုတ်လိုက်ခြင်းသည်အထွန်ပင်မသင့်ဟုမှတ်၊ အဘဲ့ကြောင့်ဟူမူ၊ ဤသို့
သွဒ္ဒတဒ္ဓိတ်၊ ဏပစ္စည်းကို၊ သဂီတိသုတ်ဋီကာကြီး၌လည်း ဘွင့်ပြသော
ကြောင့်တည်း။ထိုကြောင့်၊ ငါဆရာရေးသားသော အဘိဓမ္မတ္ထအနုဝဏ္ဏနာ
ဋီကာသစ်၌၊ ။ဧတ္တစ ပရမတ္ထဒီပနိယံ ဋီကာသု ပနအပ္ပမာဏသတ္တာရမ္မ
ဏတ္တာအပ္ပမာဏာ၊ တာဧဝအပ္ပမညာတိဝုတ္တံ၊ တံနသုန္ဒရန္တိ ဝဏ္ဏိတံ၊တဒ္ဓ
နုဝဏ္ဏိတံ၊ ကသ္မာ၊ ဋီကာစရိယော ဝိဂ္ဂဟာဒဿနပါဠေနသွဒ္ဒတဒ္ဓိတံဝဏ္ဏိ
တတ္တာ၊ ထေနဝုတ္တံ၊ သဂီတိသုတ္တဋီကာယံပိ၊ ကေထ္မိ ဝိသတ္တေပမာဏဂဟ
ဏေန၊ အနဝသေသပရဏေန၊ နတ္ထိဧတာသံဂဟေတဗ္ဗ ပမာဏန္တိ ဟိ အပ္ပ

မာတာ၊ အဂ္ဂမာတာဝေ အပ္ပမညာ ဘိ။ ။ ဟုဘွင့်ပြ၏။ ။ စ၊ သက်၏ ဆိုဦးအံ့၊ ဝေဿဝစနေ၊ ဤစကားရပ်၌။ ပရမတ္ထဒီပနီယံ၊ ပရမတ္ထဒီပနီ၊ လယ်တီဋီကာ၌။ ။ ဝဏ္ဏိတံ၊ မှာသွား၍စပ်၊ ။ ဋီကာသုပန၊ ဋီကာတို့၌ကား။ အပ္ပမာဏသတ္တာရမ္မဏတ္တာ၊ ပ။ အပ္ပမညာတိ၊ အပ္ပမညာဟူ၍။ ဝုတ္တံ၊ မိန့်အပ်၏။ တံ၊ ထိုစကားသည်။ နသုန္ဒရံ၊ မကောင်း။ ဣတိ၊ ဤသို့။ ဝဏ္ဏိတံ၊ ဘွင့်ဆိုအပ်၏။ ထဒ္ဓ၊ ထိုလယ်တီဆရာဆိုသောစကားသည်လည်း။ ဒုဝဏ္ဏိတံ၊ မကောင်းသဖြင့်ဘွင့်သော-စကားတည်း။ ကသ္မာ၊ အဘဲ့ကြောင့်ဟူမူ။ ဋီကာစရိယော၊ ဋီကာကျော် ဆရာသည်။ ဝိဂ္ဂဟာဒဿန ပါဌေန၊ အပ္ပမာဏ သတ္တာ ရမ္မဏတ္တာ၊ ဟူသောဝိဂြိုဟ်ပြပါဌ်နှင့်။ သဟ၊ တကွ။ သွတ္တတဒ္ဓိတံ၊ သွတ္ထတဒ္ဓိတ်ကို။ ဝဏ္ဏိတတ္တာ၊ ဘွင့်ဆိုအပ်သည်အဖြစ်ကြောင့်တည်း။ တေန၊ ထိုကြောင့်။ သင်္ဂီတိသုတ္တဋီကာယံ၊ သုတ်ပါထေယျပါဠိတော်၊ သင်္ဂီတိသုတ်-အဋ္ဌကထာ အဘွင့်ဋီကာ၌။ ကေသဉ္စိပိ သတ္တေ ပမာဏဂဟဏေန၊ အနဝသေသ ဖရဏေန၊ နတ္ထိ ဧတာသံ ဂဟေတဗ္ဗံ ပမာဏန္တိ ဟိ အပ္ပမာဏာ၊ အပ္ပမာဏာဝေ အပ္ပမညာတိ၊ ဟူ၍။ ဝုတ္တံ၊ မိန့်တော်မူအပ်၏။ ။ ဤသို့ပြခဲ့ပြီးသော၊ အပ္ပမာဏ သတ္တာရမ္မဏတ္တာ၊ ဟူသောပါဌ်ဖြင့်။ ဋီကာကျော်ဆရာသည်၊ နတ္ထိပမာဏံ ဧတာသန္တိ အပ္ပမာဏာ၊ ဟူသောဝိဂြိုဟ်ကိုပြသည်။ ဤသို့သောတုဓနတို့၊ ဝိဂြိုဟ်စစ်ပြုလုပ်ရန်အလို့ငှါ။ ဝိဂြိုဟ်ပြကိုပြသောပါဌ်ကို။ ဝိဂြိုဟ်စစ်ပါဌ်ဟု-လယ်တီဆရာထင်မှတ်လျက်။ သွတ္ထတဒ္ဓိတ်-ပုဒ်ကိုလည်းပယ်မြစ်၍။ နသုန္ဒရံ၊ ဟု-ထုတ်ခြင်းသည်။ သင်္ဂီတိသုတ်-ဋီကာဆရာ၏ စကားများကို၊ လယ်တီဆရာ မမှတ်သားမိ၊ မတွေ့ရှိခြင်းကြောင့်သာတည်း။ ။ ဤလျှင်၊ လယ်တီဋီကာနှင့်ဆရာ့ဋီကာတိုက်ခန်းပြီးပြန်ပြီ။

ဤသို့ ပြအပ်ပြီးသော အပ္ပမညာတို့သည်။ မြတ်သော အနက်သဘော ကြောင့်၎င်း။ ဒေါသအပြစ်မရှိသည်၏ အဖြစ်ကြောင့်၎င်း ဗြဟ္မဝိဟာရမည်ကုန်၏။ အဘဲ့ကြောင့် မြတ်သနည်းဟူမူ၊ တပါးကုန်သောကမ္မဋ္ဌာန်းတို့သည်၊ သမာ ပဋိပတ္တိ ဖြစ်ကုန်သော်လည်း၊ မိမိ၏အကျိုးစီးပွါး အဖြစ်ဖြင့် ကောင်းသောအကျင့်မျှသာတည်း၊ ဤဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်းတို့သည်ကား သဗ္ဗေ သတ္တာ သုခိတာ ဟောန္တု၊ စသည်ပရဟိတပဋိပတ္တိဖြစ်ပေကုန်၏၊ ထိုကြောင့် သတ္တဝါတို့၌၊ ကောင်းသောအကျင့်၏အဖြစ်ကြောင့်၊ ဝိဟာရတို့သည် သေဋ္ဌ ဖြစ်၍မြတ်ကုန်၏။

တနည်း၊ ဥပပတ္တိဗြဟ္မာပွါးစေအပ်ပြီးသောကျေးဇူးရှိကုန်သော ဘုရားအလောင်းတို့သည်၊ နိဝရဏစသောအပြစ်ကင်းသောစိတ်ရှိကုန်သည် ဖြစ်၍

နေကုန်၏သို့။ထိုဥပပတ္တိဗုဒ္ဓကိုရဖြပ္ဗာတို့နှင့်အတူ၊ထိုမေတ္တာစသား၊တရားလေးပါးနှင့် ယှဉ်တုန်သောယောဂီပုဂ္ဂိုလ်ဆီလ၀န်တို့သည်လည်း၊ ဥပပတ္တိဖြပ္ဗာ ဗုဒ္ဓကိုရ ဖြပ္ဗာနှင့် တူကုန်သည် ဖြစ်၍၊ ဖြပ္ဗဝိဟာရ–ဟုဆိုအပ်တော့သည်ဟုမှတ်၊ထိုကြောင့်အဋ္ဌသာလိနီအဋ္ဌကထာတို့၌၊ ၊သေဋ္ဌဋ္ဌေန တာ၀နိဒ္ဒေါ်သဘာ၀ေနစေတ္တဖြပ္ဗဝိဟာရတာ၀ေဒိတဗ္ဗာ၊ ၊ဟုဘွင့်ပြ၏၊ ၊တာ၀၊ရှေးဦးစွာ၊ သေဋ္ဌဋ္ဌေန၊မြတ်သောအနက်သဘောကြောင့်၎င်း၊ နိဒ္ဒေါ်သဘာ၀ေနစ၊အပြစ်ဒေါသမရှိသည်၏အဖြစ်ကြောင့်၎င်း၊ဖြပ္ဗဝိဟာရတာ၊ဖြပ္ဗဝိဟာရမည်သည်၏အဖြစ်ကို၊ဝေဒိတဗ္ဗာ၊သိအပ်၏။ ၊လောကူပမာအားဖြင့် ဤဖြပ္ဗဝိဟာရတရားတို့သည်၊ သားငယ်၊သားနာ၊ ယု၀ါဖြစ်ပြီး၊ကြီးပြောင်စင်မြောက်၊ အရွယ်ရောက်သောသား၊ ရေးခြားလူမှုပွန်၊ ကိုယ်ပင်ချွန်၍၊ မိမိကိစ္စကိုလေ့ကျက်ဆောင်ရွက်နိုင်အားသော သားဟု ဆိုအပ်သောသားလေးယောက်တို့၏အမိသည်၊ သားငယ်၏ကြီးပွါးခြင်း၊ သားနာ၏ အနာကိုပျောက်ပယ်ခြင်း၊ အရွယ် ရောက်သော သား၏ ကြွလိုမြစ်သို့၊ပျိုပျစ်နုနယ် အရွယ်ပြည့်ရုံခြင်း၌ မြင့်မြဲစွာတည်ခြင်း၊မိမိကိစ္စ၌ လေ့ကျက်ရွက်ဆောင်တတ်နိုင်အားသောသား၏၊ကိစ္စအားဖြင့်တရုံတခုသောအလှည့်အစဉ်၌၊အားထုတ်ကြောင့်ကြ ဗျာပါရမရှိခြင်း၊ ဤသို့သောသားလေးယောက်တို့၌၊ပျော်ကပ်ပတ်စွာအလိုရှိခြင်းဖြစ်၍၊ ကျင့်ဘိသကဲ့သို့၊ထိုအတူ၊ဖြပ္ဗဝိဂ်ရ်တရားဖြင့် နေလေ့ရှိသော ရဟန်းရှင်လူဘို့သည်လည်း၊ ချစ်အပ် မချစ်အပ်လျစ်လျူရှုအပ်–ရန်သူဖြစ်လတ်သော အလုံးစုံသော သတ္တ၀ါတို့၌ မေတ္တာစသည်၏အစွမ်းအားဖြင့် ဖြစ်၏ဟုမှတ်၊

မေတ္တာစသည်တို့၏ သရူပတ္တအရ–လင်္ကာနယကား၊

(၁) အနောဓိသ၊သြဓိသ၊ပေါင်းကဋ္ဌါဒသာ၊
(၂) အပ္ပနာ,ဟု၊နှုံ,လေးခု၊မြောက်မှု–ဋ္ဌစတ္တာ၊
(၃) လေးရာ့ရှစ်ဆယ်၊ဂဏန်းချယ်၊မြောက်ဆယ်ရပ်မျက်နှာ၊
(၄) ငါးရာ့နှစ်ဆယ်၊ရှစ်ရကယ်၊မျှားကျယ်ပေါင်းမေတ္တာ၊
(၅) နောဓိပဋ္ဌ၊သြ,သတ္တ ဋ္ဌါဒ–ပုဂ္ဂလာ။
(၆) အရပ်ဆယ်ဝ၊မြောက်ပွါးက၊တရာ့နှစ်ဆယ်သာ၊
(၇) တရာ့သုံးဆယ်၊နှစ်ရကယ်။မျှားကျယ်ကရုဏာ၊
(၈) မုဒိ–ဥပေက္ခာ၊နည်းတူသာ၊သေချာမှတ်အင်စွာ၊

အပ္ပမညာစေတသိက်ပြီးပြီ၊

## (၂၂၅) ပညိန္ဒြေစေတသိက်ကိုပြဆိုခြင်း။

ပညိန္ဒြေဟူသည်။ ။ပဇာနာတီတိ ပညာ။ ။ယာဝဓ္မ ဇာတိ၊ အကြင်တရားသဘောသည်၊ ပဇာနာတိ၊ အပြားအားဖြင့် သိတတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်။သာဝဓ္မဇာတိ၊ထိုတရားသဘောသည်၊ ပညာ၊ပညာမည်၏။ ။အဘယ်ကိုသိသနည်းဟူမူ၊ဒုက္ခစသောသစ္စာလေးပါးကိုသိ၏ဟူလို။မဟာအဋ္ဌကထာဆရာတော်၏ အလိုအားဖြင့်၊ အနိစ္စ–ဒုက္ခ–အနတ္တတို့ကို အပြားအားဖြင့်၊သိစေတတ်သောကြောင့်ပညာမည်၏၊ ထိုပညာသည်၊ အဝိဇ္ဇာကိုလွှမ်းမိုးတတ်ရကား၊အစိုးရသောအနက်ကြောင့်၊ဣန္ဒြေမည်၏။ ။ပညာဝဣန္ဒြိယံပညိန္ဒြိယံ။ ။ပညာဝ၊ ပညာသည်သာလျှင်၊ ဣန္ဒြိယံ၊ဣန္ဒြေမည်၏။ ပညိန္ဒြိယံ၊ပညာသည်ပင်လျှင်ဣန္ဒြေ၊ ထိုပညိန္ဒြေသည်ထွန်းပြခြင်းဩဘာသလက္ခဏာရှိ၏။ဥပမာအားဖြင့်၊နံရံလေးခုသောအိမ်၌ ညအခါဝယ်ထွန်းအပ်သောဆီမီးလျှံနှင့်တူ၏၊အရောင်အလင်းတို့သည်လေးပါးရှိ၏၊လေးပါးအရ၊ ဇွသမင်း၏ အရောင်၊ နေမင်း၏အရောင်၊ မီး၏အရောင်၊ ပညာ၏အရောင်အားဖြင့်လေးပါးတည်း၊ ထိုအရောင်လေးပါးတို့တွင်၊ ပညာတည်းဟူသောအရောင်အလင်းသည်သာလျှင် ရှေးအရောင်တို့ထက် အလွန်အကြူးအလူးသဖြင့်မြတ်တော့သည်။လောက၌ပညာနှင့်တူသောအရောင်မည်သည်မရှိ၊ ထိုကြောင့်၊ အဋ္ဌသာလိနီ အဋ္ဌကထာ၌။ ။ပညောဘာသ သမော ဩဘာသောနာမနတ္ထိ၊ ။ဟုဘွင့်ပြ၏၊ ။ပညောဘာသ သမော၊ပညာအရောင်အလင်းနှင့်တူသော၊ ဩဘာသောနာမ၊ အရောင်အလင်းမည်သည်၊ နတ္ထိ မရှိ၊ ။အဘဲကြောင့်ဟူမူ။တခုတည်းသောထက်ဝယ်ပလ္လင်ဖြင့်၊ နေသောပညာရှိသောပုဂ္ဂိုလ်အား၊တသောင်းသောလောကဓာတ်သည်။ တပြိုင်နက်သောအရောင်ရှိသည်ဖြစ်၏၊ဤသို့ဖြစ်သောကြောင့်တည်း။

ဤပညာသည် စိန္တာမယပညာ၊သုတမယပညာ၊ ဘာဝနာမယပညာ–ဟူ၍၊သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်။ လွှဲလဖြင့် စီရင်အပ်ကုန်သောကမ္မာယတနသိပ္ပါယတန ဝိဇ္ဇဋ္ဌာန–ဟုဆိုအပ်သော လက်မှုပညာအတတ်ကိုသူတပါးထံမှမကြားမနာရမူ၍ ရသိအပ်၏၊ ထိုပညာသည်၊ စိန္တာမယပညာမည်၏။ယခင်ပြဆိုအပ်ပြီးသောအတတ်တို့ကို။သူတပါးအထံမှ ကြားနာရ၍ သိအပ်ရအပ်၏၊ ထိုပညာသည် သုတမယ ပညာမည်၏၊ အလုံးစုံသောမဂ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ပညာ။ဝိပဿနာပညာတို့သည်။ဘာဝနာမယပညာမည်၏၊ထိုပညာသုံးပါးတို့တွင် သစ္စာနုလောမိကဉာဏ်၊ ကမ္မသက

တဉာဏ်ကိုလည်း။ ဝိဇ္ဇာမယ ပညာဟူ၍သာမှတ်အပ်၏။ ။ထိုဝိဇ္ဇာမယ ပညာဟုဆိုအပ်သောသစ္စာနုလောမိကဉာဏ်သည်။ ဘုရားလောင်း,ပစ္စေက ဗုဒ္ဓါလောင်းနှစ်ပါးတို့အား ပစ္ဆိမဘဝိက အခါကာလများ၌ဖြစ်၏ဟုမှတ်။ ကြွင်းသော ကမ္မဿကတပညာစသည်တို့သည်၊ အလုံးစုံသော ဖြည့်သော ပါရမီရှိသောမဟာပညာတို့အားဖြစ်၏ဟုမှတ်။ ။သုတ်ပါထေယျ ဋီကာ အထွက်တည်း။

ထိုပညာသည်ပင်လျှင်၊ ထက်ဝန်းကျင် အပြားအားဖြင့် သိတတ်သော ကြောင့်၊ သမ္ပဇဉ္ဉတရားမည်၏။ ထိုသမ္ပဇဉ္ဉ တရားသည်လည်း၊ သာတ္ထက သမ္ပဇဉ္ဉ၊ သပ္ပါယသမ္ပဇဉ္ဉ၊ ဂေါစရသမ္ပဇဉ္ဉ၊ အသမ္မောဟသမ္ပဇဉ္ဉအားဖြင့် လေးပါးရှိ၏။ ထိုလေးပါးတို့တွင်၊ စေတီတော်ကို ရှိခိုးခြင်းအစရှိသော အ ကြောင်းကြောင့်၊ ရှေ့သို့တက်ခြင်း,အစရှိသည်တို့၌၊ အကျိုးရှိသည် အကျိုး မရှိသည်ကို သိမ်းဆည်းခြင်းသည်၊ သာတ္ထကသမ္ပဇဉ္ဉမည်၏။ အကျိုးတ ရားပင်ရှိသော်လည်း၊ လျောက်ပတ်သည်၊ မလျောက်ပတ်သည်ဖြစ်၍ ဖြစ် သောရူပါရုံအစရှိသည်ကို သိမ်းဆည်းခြင်းသည်၊ သပ္ပါယသမ္ပဇဉ္ဉမည်၏။ ဆွမ်းခံရွာတို့၌-ရှေ့သို့တက်ခြင်း အစရှိသောအရာတို့၌၊ ကမ္မဋ္ဌာန်းကို မစွန့် ခြင်းသည်၊ ဂေါစရသမ္ပဇဉ္ဉမည်၏။ ရှေ့သို့တက်ခြင်းအစရှိသည်တို့ကို၊ နိ သတ္တနိဇ္ဇီဝ အစရှိသောဓာတ်၏အစွမ်းအားဖြင့်၊ စူးစမ်းဆင်ခြင်ခြင်းသည်၊ အသမ္မောဟ သမ္ပဇဉ္ဉမည်၏။ ။ဤသည်လျှင်-သမ္မောဟဝိနောဒနီ အဋ္ဌ ကထာ၊ မူလဋီကာတို့၏အထွက်တည်း။

ထိုပညာသည်ပင်လျှင်၊ မဖောက်မပြန်၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေ တတ်သည့်၏အဖြစ်ဖြင့်၊ မြင်တတ်သည်၏အဖြစ်ကြောင့်၊ သမ္မာဒိဋ္ဌိမည်၏။ ထိုသမ္မာဒိဋ္ဌိသည်လည်း၊ ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိ၊ ဝိပဿ နာသမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိအားဖြင့်ငါးပါးအပြားရှိ၏။ ထိုငါး ပါးတို့တွင်-ကမ္မဿကတာသမ္မာဒိဋ္ဌိသည်၊ လူ့နတ်စည်းစိမ်စသောဘဝ၏ ပြည့်စုံခြင်းကိုငင်၏။ ဈာနသမ္မာဒိဋ္ဌိသည်၊ ရူပဘဝ-အရူပဘဝ၌ပဋိသန္ဓေကို ပေး၏။ မဂ္ဂသမ္မာဒိဋ္ဌိသည်။ သုံးသုံးပါး ဟုဆိုအပ်သော ဝဋ်တရားကိုဖျက်ဆီး ၏။ ဖလသမ္မာဒိဋ္ဌိသည်၊ ဘဝကိုတားမြစ်၏၊ ဝိပဿနာသမ္မာဒိဋ္ဌိသည်လည်း၊ ပဋိသန္ဓေကိုမပေးမငင်။ ။ဤလျှင်၊ အဋ္ဌကထာဝါဒတည်း။

တိပိဋကစူဠာဘယမထေရ်၏ ဝါဒအားဖြင့်ကား၊ ၎င်းဝိပဿနာ သမ္မာ ဒိဋ္ဌိကိုပွါးအပ်သော ပုဂ္ဂိုလ်သည်၊ ဤယခုပစ္စက္ခဘဝ၌၊ အရဟတ္တဖိုလ်ကို ရောက်ခြင်းငှါ စွမ်းပါမူကား၊ ပဋိသန္ဓေမပေးဟု ဆိုခြင်းသည်သင့်မြတ်၏။

၅။ဘဝင်္ဂ-အရဟတ္တဖိုလ်သို့မရောက်သော၊ သတ္တဝါတို့၏ ပရမသောတာပန် ဖြစ်ပါမူကား။ ခုနစ်ဘဝကို ပဋိသန္ဓေပေးသေး၏၊ အဘဲ့ကြောင့်ဟူမူ၊ ခုနစ် ဘဝအတွက်။ အဝိဇ္ဇာ, တဏှာတည်းဟူသော ဝဋ်မြစ်၊ မပြတ်သေးသော ကြောင့်တည်း၊ ထိုကြောင့်၊ ကေဂုတ္တရအဋ္ဌကထာ၌၊ ။တိပိဋကစူဠာဘ ယတ္ထေရောပနာဟ၊သစေဝိပဿနာသမ္ဗာဒိမ္ဗိ ဘာဝိတာဒိဗ္ဗေဝ ဓမ္မေအရ ဟတ္တံပါပေတုံ သက္ကောတိ၊ နုဇ္ဇေထံလုသလံ၊ သစေနသက္ကောတိ သတ္တဘ ဝေဒေတိ အာဝုသောတိ။ ။ဟုဘွင့်ပြတော်မူ၏၊ ။တိပိဋကစူဠာဘယ ထ္ထေရောပန၊တိပိဋကစူဠာဘယမထေရ်သည်ကား။ အာဟ၊ဆို၏။ ကိံ အာ ဟ၊ အဘယ်သို့ဆိုသနည်းဟူမူကား။ အာဝုသော၊ငါ့ရှင်တို့၊ ဘာဝိတာ၊ပွါး စေအပ်သော၊ဝိပဿနာသမ္ဗာဒိမ္ဗိ၊ဝိပဿနာပညာသည်၊ဒိဗ္ဗေဝဓမ္မေ၊မျက် မှောက်သော ကိုယ်၌ အဖြစ်၌၊ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့၊ ပါပေတုံ၊ ရောက်စေခြင်းငှါ၊သစေသက္ကောတိ၊ အကယ်၍တတ်နိုင်သည်ဖြစ်အံ့၊ နုဇ္ဇေ တံနုတိဝေတံ၊ဤသို့တတ်နိုင်ခြင်းသည်။ကုသလံ၊ကောင်း၏။သစေနသက္ကော တိ၊အကယ်၍မတတ်နိုင်သည်ဖြစ်အံ့၊ သတ္တဘဝေ၊ခုနစ်ဘဝတို့ကို။ ဒေတိ၊ ပေး၏။နုတိ၊ဤသို့။အာဟ၊ဆို၏။

ဤသို့ပြရာ၊သမ္ဗာဒိမ္ဗိဉာဏ်ပညာသည်၊ အလွန်တရာပင်လောကီ,လော ကုတ်။နှစ်ဖြာသော အကျိုးဟုတ်တို့ကို။ ရွက်ဆောင် တတ်သည်အ၏ အဖြစ် ကြောင့်၊ တပါးသောတရားတို့ထက် ပွန်မြတ်၏ဟု မှတ်အပ်၏။ပါရမီဆယ် ပါးတို့တွင်လည်း။ပညာပါရမီသာလျှင်မြတ်၏။ကြွင်းသောပါရမီတရားတို့ သည်။ပညာပါရမီ၏အခြံအရံသာဖြစ်ကုန်၏၊ ထိုကြောင့်၊သတ္တဘတ္တဇာတ် အဋ္ဌကထာ၌၊ ။အမတ မဟာနိဗ္ဗာန သမ္ဘာပကောသုဟိ ဓမ္မေသုပညာဝ သေဋ္ဌာ၊ အဝသေသာ တဿ ပရိဝါရာဟောန္တိ။ ။ဟုဘွင့်ပြ၏၊ ။ဟိ သစ္စံ၊မှန်၏။အမတမဟာနိဗ္ဗာန သမ္ဘာပကေသု၊ အမြိုက်နိဗ္ဗာန်သို့ရောက်စေ တတ်ကုန်သော၊ဓမ္မေသု၊တရားတို့တွင်။ပညာဝ၊ပညာပါရမီသည်သာလျှင်။ သေဋ္ဌာ၊မြတ်၏၊ အဝသေသာ၊ ကြွင်းကုန်သောပါရမီတို့သည်။ တဿ၊ထို ပညာပါရမီ၏။ပရိဝါရာ၊အခြံအရံတို့သည်၊ဟောန္တိ၊ဖြစ်ကုန်၏။ ။လောကရူ ပမာအားဖြင့်သော်ကား၊ ကြယ်တာရာအပေါင်းတို့ထက်၊ အကြီးအမှူးဖြစ် သော၊ အလျှံဝင်းဝင်း၊ရွှေလမင်းကဲ့သို့ ပညာပါရမီသည်သာလျှင်၊ မှန်ကန် စွာထွန်းလင်းနိုင်တော့သည်၊ ထိုသို့ဖြစ်၍၊အလွန်တရာ သိနိုင်ခဲသော အရိ ယာအရှင်ထေရ်သခင်ပုဂ္ဂိုလ်မြတ်တို့ကို။ဉာဏ်သန္တာရလျှင်၊ ဉာဏ်ဟောန် ယှဉ်မှသာလျှင်။ တပ်အပ်ထင်ထင်သိမြင်နိုင်တော့သည်၊ အကယ်၍၊ဉာဏ်

သမ္မာမယှဉ်မူ၍၊မံသစက္ခုဖြင့်ငှင်း။ ဒိဗ္ဗစက္ခုဖြင့်ငှင်း။ ရှုဆင်ခြင်ပင် ရှုဆင်ခြင်ငြားသော်လည်း၊ အရိယာအရှင်တို့ကို မသိမမြင်နိုင်ကုန်၊ အဘဲ့ကြောင့်ဟူမူ။ထိုမံသစက္ခု-ဒိဗ္ဗစက္ခုတို့၏အဆင်းမျှကိုမြင်ခြင်းကြောင့်တည်း။

ဤအရာ၌၊သာဓကဝတ္ထု၊ ထုတ်ပြပြီလိုက်ဦးအံ့၊ ။ထိပ်တိုင်ဇွဲနိုင်ကျွန်းဝယ်၊ ဗိတ္တလတောင်၌ နေလေ့ရှိသော၊ ရဟန္တာ မထေရ်မြတ်၏ အလုပ်အကျွေးဖြစ်သော၊ အရွယ်ကြီးမှရဟန်းပြုသော။ တောထွက် ရဟန်းဆိုကြီးသည်၊ တနေ့သောအခါ၌၊ ရဟန္တာအရှင်မြတ်နှင့်တကွ၊ ဆွမ်းခံသွားကြရာဝယ်၊ ငှင်းတောထွက်ရဟန်းဆိုသည်၊မထေရ်မြတ်၏ သပိတ်သင်္ကန်းတို့ကိုယူ၍၊ နောက်မှ လိုက်သည်ရှိသော်၊ရဟန္တာမထေရ်မြတ်ကို မေးလျှောက်၏၊ အဘယ်သို့လျှောက်သနည်းဟူမူ၊ အရှင်ဘုရား၊ အရိယာပုဂ္ဂိုလ်တို့မည်သည်၊ အဘယ်သို့ သဘောရှိကုန်သနည်းဟု မေးလျှောက်၏၊ ထိုအခါရဟန္တာအရှင်မြတ်ကသည်၊ ငါ့ရှင်ဤသာသနာတော်၌၊အချို့သောအသက်ကြီးရဟန်းတို့သည်၊ အရိယာပုဂ္ဂိုလ်တို့၏ သပိတ်သင်္ကန်းကိုကိုင်ယူ၍၊ ဝတ်ကြီးဝတ်ငယ်ကိုပြုလျက်။ တကွအတူပင် သွားသော်လည်း၊၊ အရိယာတို့ကို၊ မသိသည်သာတည်းဟု ဆိုတော်မူ၍၊ အာဝုသော၊ ငါ့ရှင်။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့ကို၊ ဝေံဒုဇ္ဈာနာ၊ဤသို့သိနိုင်ခဲကုန်၏။ ဤသို့စသည်ဖြင့်၊ ရဟန္တာအရှင်မြတ်က၊ ပြောဆိုသော်လည်း၊ ထိုတောထွက်ရဟန်းသည်၊ အနည်းငယ်မျှမရိပ်မိ၊မသိလေ။ ။ထိုသို့ဖြစ်၍ စက္ခုဖြင့် မြင်သော်လည်း။မြင်သည်မမည်၊ ဉာဏ်ပညာဖြင့် မြင်မှသာလျှင်၊ မြင်ခြင်းကေန်၊ စင်စစ်မှန်တော့သည်ဟုမှတ်၊

ဤစေတသိက်၌၊ သဒ္ဓါ၊ပညာ၊ ဝိရိယတို့၏ အထူးကိုကား။ အဝ-ဝ စာအုပ်တို့၌၊ အခါခါအထိထိ၊ထုတ်ပြကြပြီဖြစ်၍၊လျစ်လျူသဘောဖြင့်။ လိမ်တစ္စ အမှုကိုမပြုတော့ပြီ။ ။သဒ္ဓါ၊ဝိရိယတို့သည်၊ဉာဏ်နှင့်ယှဉ်သည်ရှိသော်၊ ဉာဏ်နောက်သို့ အစဉ်တပိုက်၊ လိုက်၍ဖြစ်တော့သည်၊ ဉာဏ်နှင့်မယှဉ်သောအခါ၊အခြင်းအရာကိုယူသည့်၏ အစွမ်းအားဖြင့် ဖြစ်ရာဝယ်၊ ဝိရိယ၌သည်မဖြစ်မှန်း၊သဒ္ဓါသာလျှင် ဖြစ်မှန်းတော့သည်ဟုမှတ်၊ အခြင်းအရာကိုယူသည့်မှ၊ကြွင်းသောကာလတို့၌၊ ဝိရိယသာလျှင် ဖြစ်မှန်း၏ ဟုမှတ်၊ ။ဤလျှင်ပညိန္ဒြေ၊စေတသိက်ပြီးပြီ။

(၁) သောဘဏသဒ္ဓါ၊ဗျည်းဝိသာ၊ဤမှာပြီးပြည့်စွာ၊
(၂) ဒွိပညာသ၊သရူပ၊အရစေတသိကာ၊
(၃) ပါဠိအဌကထာ၊ကျမ်းဋီကာ၊ဆရာစရိယာ၊

(၄) နောက်သားနောင်လာ၊သိစိမ့်ငှါ၊ရေးပါဇောဆရာ။
(၅) ဤတွင်တရပ်၊သဘာဝတ်၊ဆုံးဖြတ်နိမ္မိတာ။

စေတသိက်သရုပ်ပြီးပြီ။

---

## (၂၂၄) သမ္ပယောဂ-သင်္ဂဟနည်းမည်ကြောင်းကိုပြဆိုခြင်း။

ဧတေသံ စိတ္တာဝိယုတ္တာနံ၊ ယထာယောဂမိတော ပရံ။
စိတ္တုပ္ပါဒေသုပစ္စေကံ၊ သမ္ပယောဂေါ ပဝုစ္စတိ။ ။

အဋ္ဌကထာပါဌ်။ ။စိတ္တာ ဝိယုတ္တာနံ၊ စိတ်နှင့် မကွေမကွာ ယှဉ်ကုန်သော။ဧတေသံစေတသိကာနံ၊ထိုစေတသိက်တို့၏။ ယထာယောဂံ၊ယှဉ်သင့်သည်အားလျော်စွာ။ ဣတော၊ဤစေတသိက်သရုပ်ကိုပြဆိုပြီးသည်မှ။ ပရံ၊နောက်၌၊စိတ္တုပ္ပါဒေသု၊စိတ္တုပ္ပါဒ်တို့၌၊ပစ္စေကံ၊အသီးအသီး။သမ္ပယောဂေါ၊ကောင်းစွာ အပြားအားဖြင့် ယှဉ်ခြင်းကို။ ပဝုစ္စတိ၊အပြားအားဖြင့် ဆိုအပ်၏။ ။ဤဂါထာပါဌ်ဝယ်၊သမ္ပယောဂနည်းဟူသည်၊ အဘယ်သို့နည်းဟူမူ။ ။သမ္မာ ပကာရေန ယောဂေါ သမ္ပယောဂေါ။ ။သမ္မာ၊ ကောင်းစွာ။ ပကာရေန၊စေတသိက်၌စိတ်ကိုသင်္ချာတပ်၍ပြသည်အပြားအားဖြင့်။ယောဂေါ၊ ယှဉ်ခြင်းတည်း၊ သမ္ပယောဂေါ၊ ကောင်းစွာစေတသိက်၌ စိတ်ကိုသင်္ချာတပ်၍ပြသည်အပြားအားဖြင့်ယှဉ်ခြင်း။ ။သင်္ဂဟနည်းဟူသည်။ ။သင်္ဂဟနံ သမောဓာနံ သင်္ဂဟော။ ။သင်္ဂဟနံ သမောဓာနံ၊ စိတ်၌စေတသိက်ကိုသင်္ချာတပ်၍ ပေါင်းရုံးခြင်းတည်း၊ သင်္ဂဟော၊ စိတ်၌စေတသိက်ကိုသင်္ချာတပ်၍ပေါင်းရုံးခြင်း။ ။ဤလျှင်၊သမ္ပယောဂနည်း–သင်္ဂဟနည်းဟူလို။

---

## (၂၂၅) သမ္ပယောဂနည်း ၁၄-ပါးကိုပြခြင်း။

သတ္တသဗ္ဗတ္ထ ယုဇ္ဇန္တိ၊ ယထာယောဂံ ပကိဏ္ဏကာ။
စုဒ္ဒသာကုသလေသွေဝ၊ သောဘဏေသွေဝ သောဘဏာ။ ။

သတ္တ၊ခုနစ်ပါးသော သဗ္ဗစိတ္တသာဓာရဏတို့သည်၊ သဗ္ဗတ္ထ၊ အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ်တို့၌၊ ယုဇ္ဇန္တိ၊ယှဉ်ကုန်၏။ ပကိဏ္ဏကာ၊ ပကိဏ်းစေတသိက် ခြောက်ပါးတို့သည်၊ သဗ္ဗတ္ထ၊ အလုံးစုံသော စိတ်ထခု

ယုတ်ကိုးဆယ်၊ အကျယ်တရာ့နှစ်ဆဲ့တပါးတို့၌၊ ယထာယောဂံ၊ ယှဉ်သင့်သည်အားလျော်စွာ၊ ဆဓာ၊ ခြောက်ပါးအပြားအားဖြင့်၊ ယုဇ္ဇန္တိ၊ ယှဉ်ကုန်၏၊ ရုဒ္ဒသ၊ တဆဲ့လေးပါးသော အကုသိုလ် စေတသိက်တို့သည်၊ အကုသလေသွေဝ၊ အကုသိုလ်စေတသိက်တို့၌သာလျှင်၊ ယထာယောဂံ၊ ယှဉ်သင့်သည် အားလျော်စွာ၊ ပဥ္စဓာ၊ ငါးပါးအပြားအားဖြင့်၊ ယုဇ္ဇန္တိ၊ ယှဉ်ကုန်၏၊ သောဘဏာ၊ သောဘဏစေတသိက်တို့သည်၊ သောဘဏေသွေဝ၊ သောဘဏစိတ် တို့၌သာလျှင်၊ ယထာယောဂံ၊ ယှဉ်သင့်သည်အားလျော်စွာ၊ စတုဓာ၊ လေးပါး အပြားအားဖြင့်၊ ယုဇ္ဇန္တိ၊ ယှဉ်ကုန်၏၊

အညသမာန်းစေတသိက် တဆဲ့သုံးပါးတို့တွင်၊ သဗ္ဗစိတ္တ သာဓာရဏ စေတသိက်ခုနစ်ပါးတို့သည်၊ အလုံးစုံသောစိတ်တို့၌ဖြစ်ကုန်၏၊ ။ပကိဏ်း စေတသိက် ခြောက်ပါးတို့တွင်၊ ဝိတက် စေတသိက်သည်၊ စိတ်အကျယ် ၁၂၁-ပါးတို့တွင်၊ ဒွေပဉ္စဝိညာဉ်တဆယ်၊ ဒုတိယဈာန်ကောဒသ၊ တတိယ ဈာန် ကောဒသ၊ စတုတ္ထဈာန် ကောဒသ၊ ပဉ္စဈာန်-ထေဝီသ၊ ဤခြောက်ဆဲ့ ခြောက်ပါးသောစိတ်တို့မှမဖြစ်ကုန်၊ ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သောကာမ စိတ်လေးဆဲ့လေးပါး၊ ပဌမဈာန်ကောဒသ၊ ဤငါးဆဲ့ငါးပါးသော စိတ်တို့၌ သာလျှင် ဖြစ်ကုန်၏၊

ဝိစာရ စေတသိက်သည်၊ စိတ်အကျယ် ၁၂၁-ပါးတို့တွင်၊ ဒွေပဉ္စ ဝိညာဉ်တဆယ်၊ တတိယဈာန်ကောဒသ၊ စတုတ္ထဈာန်ကောဒသ၊ ပဉ္စမဈာန် ထေဝီသ၊ ဤငါးဆဲ့ငါးပါးသောစိတ်တို့မှမဖြစ်၊ ဒွေပဉ္စဝိညာဉ် ကြဉ်သော ကာမစိတ် လေးဆဲ့လေးပါး၊ ပဌမဈာန်ကောဒသ၊ ဒုတိယဈာန် ကောဒသ၊ ဤခြောက်ဆဲ့ခြောက်ပါးသောစိတ်တို့၌သာလျှင်ဖြစ်ကုန်၏။

အဓိမောက္ခစေတသိက်သည် စိတ်အကျဉ်းတရ ယုတ်ကိုးဆယ်တို့တွင်၊ ဒွေပဉ္စဝိညာဉ် ၁၀၊ ဝိစိကိစ္ဆာသဟဂုတ်၊ ဤတဆဲ့တပါးတို့၌ မဖြစ်၊ ကြွင်း သော ၇၈-ပါးသောစိတ်တို့၌သာလျှင်ဖြစ်ကုန်၏၊

ဝီရိယ စေတသိက်သည်၊ အကျဉ်းတရယုတ် ကိုးဆယ် တို့၌၊ ပဉ္စဒွါရာ ဝဇ္ဇန်း၊ ဒွေပဉ္စဝိညာဉ် ၁၀၊ သမ္ပဋိစ္ဆိုင်းနှစ်။ သန္တီရဏ ၃-ခု၊ ဤတဆဲ့ခြောက် ပါးသောစိတ်တို့၌မဖြစ်၊ ကြွင်း ၇၃-ပါးသောစိတ်၌ဖြစ်ကုန်၏၊

ပီတိစေတသိက်သည်၊ စိတ်အကျယ် ၁၂၁-ပါးတို့တွင်၊ ဒေါသမူနှစ်၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅၊ ကာယဝိညာဉ်နှစ်၊ စတုတ္ထဈာန် ၁၁၊ ဤခုနစ် ဆယ်သောစိတ်တို့၌မဖြစ်၊ ကြွင်းသောစိတ်ငါးဆဲ့တပါးတို့၌ဖြစ်ကုန်၏၊

ဆန္ဒစေတသိက်သည်။ စိတ်တခုယုတ် ၉၀-တို့တွင်အဟိတ်စိတ်အဋ္ဌာရသ၊ မောဟမူနှေး၊ ဤနှစ်ဆယ်သောစိတ်တို့၌မဖြစ်၊ ကြွင်းသောစိတ်တခုယုတ်ခုနစ်ဆယ်တို့၌ဖြစ်၏။ ။ဤလျှင် ပကိဏ်းခြောက်နည်းတည်း။ ။ဤအညသမာန်းရာသိ၌ အချုပ်လင်္ကာကား။

(၁) သဗ္ဗသာဓာရဏ၊ ခုနစ်ဝ၊ ယှဉ်ရစိတ်ကုန်မှာ။
(၂) ကာမစိတ်တွင်၊ ခွေးပဉ်ကြဉ်၊ ထည့်လျှင်ရျာနိပထမာ။
(၃) ငါးဆဲ့ငါးဝ၊ စိတ်အရ၊ ယှဉ်က-ဝိတက္ကာ။
(၄) ဝိတက်စိတ်တွင်၊ ဒုရျာန်ယှဉ်၊ ဝိစာယှဉ်ခြောက်ဆဲ့ခြောက်ဖြာ။
(၅) စိတ်ကျဉ်းဝိစိ၊ ပဉ္စဝိညာဆယ်၊ ကြဉ်ပြန်ဘွယ်၊ ခုနစ်ဆယ် ရှစ် မောက္ခာ။
(၆) ပဥ္စဒွါ၊ ဝိညာဉ်၊ သံတီ၊ ကြဉ်၊ စိတ်ယှဉ်ဝီရိယာ။
(၇) ခုနစ်ဆဲ့သုံး၊ အကျဉ်းချုံး၊ ယှုကြုံးဂဏန်းလာ။
(၈) ငါးဆဲ့ငါး-ဥဒေါ၊ သု၊ ဒုဆဲ့တစ်ခု-စတုတ္ထာ။
(၉) စိတ်အကျယ်တွင်၊ ကြဉ်လိုက်လျှင်၊ ပီတိယှဉ်-ဇော်ပညာ။
(၁၀) အဟိတ်မောဟ၊ ကြဉ်ဝိသ။ ဆန္ဒစိတ်ယှဉ်လာ။
(၁၁) ခြောက်ဆဲ့ကိုး၀၊ အကျဉ်းပြ၊ သရူပ- ဤလင်္ကာ။
(၁၂) အညသမာန၊ ခုနစ်ဝ၊ နယသမ္ဗယောဂါ။

ဤအညသမာန်း ရာသိ၌ စက်လှည့်ဟန်ကား။ ။ဝိတက်သာ ယှဉ်၍၊ ဝိစာရ မယှဉ်သောစိတ်မရှိ၊ ဝိစာရသာယှဉ်၍၊ ဝိတက်မယှဉ်သောစိတ်၊ ဒုတိယရျာန် ၁၁၊ ဝိတက်-ဝိစာရနှစ်ပါးယှဉ်သောစိတ် ၅၅။ ဝိတက်၊ ဝိစာရ နှစ်ပါးမယှဉ်သောစိတ် ၅၅။ ပေါင်းလျှင် တရာ့နှစ်ဆဲ့တပါးသောစိတ်ဖြစ်၏။ ။ဤနည်းကိုမှီ၍၊ ဝိတက်ကိုမူတည်၍၊ ဝိစာရ-အဓိမောက္ခ-ဝီရိယ-ပီတိ-ဆန္ဒဘို့ကို၊ မူထိတွဲရှက်၍-သရုပ်စက်လှည့်ကြလေထုန်၏။

ဤနည်းမှီက၊ စက်လှည့်ကြ၊ သရူပစိတ်စိတ်မှာ။
နယပဒေသ၊ အကျဉ်းပြ၊ ဝိတ္ထာရသိအဝ်စွာ၊
ဝဏ္ဏဂရု၊ ကျမ်းလေးမူ၊ ပယ်ပြုအကျဉ်းသာ၊

---

## (၂၂၈) ပကိဏ်းစေတသိက်ပုစ္ဆာဝိသဇ္ဇနာကိုပြခြင်း။

ဤပကိဏ်းစေတသိက်၌သရုပ်အရ၊ ပုစ္ဆာ-ဝိသဇ္ဇနာကား။

(အမေး) တရာ့တဆယ်။ စိတ်မှာဝယ်၊ အဘယ် စေတသိက် ပေတို့နည်း၊

(အဖြေ) ခုနစ်ဆဲ့ရှစ်တွင်၊ ပွါးများနင်၊ ဖြစ်ချင်အဓိမောက္ခတည်း၊

အဓိမောက္ခစေတသိက်သည်၊ စိတ်အကျယ်-တရာ့နှစ်ဆဲ့တပါး၌ ယှဉ်သောအခါ၊ ဒွေးပဉ္စဝိညာဉ်၊ ဝိကိစ္ဆာ၊ တဆဲ့တပါးကိုကြဉ်လျှင်၊ တရာ့တဆယ်သောစိတ်၌ယှဉ်၏ဟုလို၊

(အမေး) တရာ့ ငါးထွေ၊ စိတ်တွင်နေ။ ဧကေ စေတသိက် အဘယ်နည်း။

(အဖြေ) ခုနစ်ဆဲ့သုံးပါး၊ များနင်ပွါး၊ နေပြား၀ိရိယသာတည်း၊

ဝိရိယစေတသိက်သည်၊ စိတ်အကျယ်-တရာ့နှစ်ဆဲ့တပါး၌၊ ယှဉ်သောအခါ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေးပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဆဲ့ခြောက်ပါးသောစိတ်ကိုကြဉ်လေလျှင်၊ တရာ့ငါးပါးသောစိတ်၌ယှဉ်၏ဟုလို။

(အမေး) တရာ့တစ်တွင်၊ စိတ်မှာယှဉ်၊ ထိလျှင် ဘော်စပ်း အဘယ်နည်း၊

(အဖြေ) ခြောက်ဆဲ့ ကိုးပါး။ များနင်ပွါး၊ မှတ်သား ဆန္ဒစေတသိက်တည်း။

ဆန္ဒစေတသိက်သည်။ စိတ်အကျယ်-တရာ့နှစ်ဆဲ့တပါး၌ ယှဉ်သောအခါ၊ အဟိတ်စိတ်-မောဟမူ၊ ဤနှစ်ဆယ်သောစိတ်ကြဉ်သောအခါ၊ တရာ့တပါးသောစိတ်၌ယှဉ်၏ဟုလို၊

(အမေး) နှစ်ဆဲ့ခုနစ်ဖြာ၊ စိတ်တွင်လာ၊ ဆဲ့သုံးဖြာ စေတသိက် အဘယ်နည်း၊

(အဖြေ) လောဘ မူသော၊ မဟာသော၊ ဆဲ့တစ်ဟော ပထမ ဈာန်တည်း၊

လောဘမူသောမနသာ-၄၊ မဟာကုသိုလ်·မဟာဝိပါက်-မဟာကြိယာသောမနဿ-၁၂၊ ပထမဈာန်-၁၁၊ ပေါင်း-၂၇-ပါးသောစိတ်၌၊ အညသမာန်း ၁၃-ရ၏ဟုလို၊

(အမေး) သုံးဆယ်စိတ်တွင်၊ ဆဲ့နှစ်အင်၊ ဖြစ်ချင်စေတသိက် အဘယ်နည်း၊

(အဖြေ) ကာမသောဘဏ၊ ဥပေက္ခာနှင့်၊ လောဘမူဥပေက်၊ ဒေါသစ်ဟသိ၊ ဒုစျာန်ရှိ၊ မှတ်ဘိ သုံးဆယ်တည်း။ ။အညသမာန်းစေတသိက် ၁၂–ပါးရ၏ဟူလို။

(အမေး) တဆဲ့လေးစစ်၊ စိတ်တွင်ဖြစ်၊ ဆဲ့တစ် စေတသိက် အဘယ်နည်း။

(အဖြေ) ဥဒ္ဓစ္စ–သောတိ၊ဝုဋ္ဌောမှိလစ်၊ ဆဲ့တစ်တတိယာ၊ ဈာန်အလာ၊ ဆဲ့လေးဖြာစိတ်ရတည်း။ ။အညသမာန်း-စေတသိက်-တဆဲ့တပါးရ၏ဟူလို။

(အမေး) သချာလေးဆယ်၊စိတ်မှာဝယ်၊တဆယ်စေတသိက်အဘယ်နည်း။

(အဖြေ) ဝိစိကိစ္ဆံ၊ တိရထံ ဥပေက်၊ သုံးစစ်မနောခေတ်၊ ဈာန်မြတ်–စတုတ္ထ၊ ပဉ္စမ၊ မှတ်ပလေးဆယ်တည်း။ ။အညသမာန်း–စေတသိက်–တဆယ်ရ၏ဟူလို။

(အမေး) ဒသစိတ်ဝယ်၊ခုနစ်သွယ်၊အဘယ်စေတသိက်တို့နည်း။

(အဖြေ) ဒွေးပဉ္စဝိညာဏ်၊တဆယ်မှန်၊သဗ္ဗစိတ္တံတည်း။

ဤသို့ ပြအပ်ပြီးသော ဂုဏ္ဍာ, ဝိသဇ္ဇနာတို့ကို ကြည့်ရှု၍၊ ပကိဏ်းစေတသိက်၌ သရုပ်ခွဲကြလေ။

---

## (၂၂၉) ပကိဏ်းစေတသိက်ကြည့်ကြောင်းကိုပြခြင်း၊

ဤအညသမာနရာသိ၌၊ဝိတက်သည်။အဘဲ့ကြောင့်၊ဒုတိယဈာန်စသည့်ကိုကြည့်သနည်းဟူမူ၊ ဘာဝနာ၏ အစွမ်းအားဖြင့် ပယ်သောကြောင့်၊ ကြည့်သည်ဟုမှတ်၊ ထိုကြောင့်၊ဒီပနီ၌၊ ။ဒုတိယဈာနစိတ္တာဒီနဥ္စဘာဝနာဗလေနပဟီနတ္တာ၊ ။ဟု ဘွင့်ပြ၏၊ ။ဒုတိယ ဈာန စိတ္တာဒီနဥ္စ၊ ဒုတိယ ဈာန်စသည်တို့ကိုလည်း၊ဘာဝနာဗလေန၊ဘာဝနာ၏အစွမ်းအားဖြင့်၊ပဟီနတ္တာ၊ ပယ်သည်၏အဖြစ်ကြောင့်တည်း၊ ။ဒွေပဉ္စဝိညာဉ်–၁၀–ကိုကား၊ ဈာနင်္ဂကိစ္စ၊တပ်ခြင်းကင်းသောကြောင့်၊ ကြည့်သည်ဟုမှတ်၊ ။ဤလျှင် ဝိဇာက်၌မေးရန်ဖြေရန်၊ဝိစာရမှာလည်းနည်းတူ၊ ။အဓိမောက္ခသည်၊အဘဲ့ကြောင့်ဒွေပဉ္စဝိညာဉ်၊ဝိစိကိစ္ဆာကိုကြည့်သနည်းဟူမူ၊ ။ဒွေပဉ္စဝိညာဉ်သည်၊ဆုံးဖြတ်ခြင်း အဓိမုစ္စနကိစ္စ ကင်းသောကြောင့် ကြည့်သည်၊ ဝိစိကိစ္ဆာသည်၊ နှိုးနှိုးနှစ်ခွသော သဘောရှိသောကြောင့် ကြည့်သည်–ဟုမှတ်၊ ။ဤလျှင်အာ

ဓိမောက္ခနှင့်ကြည့်ပုံတည်း။ ။ဝီရိယသည်၊ပဉ္စဒွါရဝဇ္ဇန်းစသောထဆဲခြောက်ပါးသောစိတ်တို့ကို၊ အဘဲ့ကြောင့်ကြည့်သနည်းဟူမူ။ ၎င်းထဆဲခြောက်ပါးသောစိတ်သည်၊ ဗိုလ်ကိစ္စတပ်ခြင်း ကင်းသောကြောင့်၊ ကြည့်သည်ဟုမှတ်။ ပီတိသည်၊ ဒေါသမူနွေ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကို အဘဲ့ကြောင့်-ကြည့်သနည်းဟူမူ၊ ။ပီတိနှင့်ဆန့်ကျင်ဘက်ဖြစ်၍-ကြည့်သည်ဟုမှတ်။ ။ထို့မှတပါး–သုခသဟဂုတ်–ကာယ ဝိညာဉ်ကိုကား။ကာယိကဝေဒနာဖြစ်၍–မာနသိကဝေဒနာဖြစ်သောပီတိ-သည်ကြည့်၏ဟုမှတ်၊ဥပေက္ခာ၅၅–ကိုကား၊သောမနဿသဘောမရှိသောကြောင့်ကြည့်သည်၊ စတုတ္ထဈာန်တို့ကိုကား၊ ဘာဝနာ၏-အစွမ်းကြောင့်၊ ကြည့်သည့်ဟုမှတ်၊ ဤလျှင်ပီတိနှင့်ကြည့်ပုံတည်း၊ ။ဆန္ဒသည် မောဟမူနွေ၊ အဟိတ်တို့ကို၊ အဘဲ့ကြောင့် ကြည့်သနည်းဟူမူ၊ ။၎င်းစိတ်တို့သည်၊ ပြုလိုသည့် အဖြစ်တည်းဟူသော၊ ကတ္တုကမျတာသဘော မှ ကင်းသောကြောင့် ကြည့်သည်၊ ဟုမှတ်အပ်၏၊ ။ဤလျှင် ဆန္ဒနှင့်ကြည့်ပုံတည်း၊ ။အညသမာနရာသိနှင့်-ပကိဏ္ဏကဝိသဇ္ဇနာပြီးပြီ၊

---

## (၂၃၀) အညသမာန်းအကျယ်ဆောင်ပုဒ်ကိုပြခြင်း။

။ဤအညသမာန်းရာသိနှင့်၊ ဝိဂ္ဂြနသမရန္တိသေအရ၊ ဆောင်ပုဒ်လင်္ကာကို ပြပေဦးအံ့၊ ။စိတ်ကျဉ်းကိုတည်၊ခုနစ်ထိသဗ္ဗ၊ မြွောက်က တဘန်၊ ရော ဖြန့်ခြောက်ချက်။ ပက်ထင်းစွက်က။ မှတ်ပတထောင်၊ ငါးဆယ် ဆောင် သည်၊ ။များမြောင်အရ၊အညတည်း။

အကျယ်မှာကား၊ မှတ်သားသင့်ာ၊ ထောင့်သုံးရာနှင့်၊ စွန်းမှာသုံးဆယ်၊ ငါးခုကယ်သည်၊ ။အလွယ်အည အပေါင်းတည်း။

။ဤလျှင်၊ စိတ်နှင့်အညီအမျှ၊ စေတသိက်ဖြရာ၏ဟု၊ ။ရှင်မဟာအနုရုဒ္ဓါ မထေရ်ဆိုသည်အတိုင်း။မဆိုင်းမတွ၊လင်္ကာနိယမဖြင့်၊ အကျဉ်းအကျယ်၊ နည်းနှစ်သွယ်ဖြင့်၊ပြဆိုခြင်းတည်း၊ ။အညသမာနရာသိ-အရသရုပထည်း။

---

## (၂၃၀) အညသမာနရာသီနှစ်ဝေဒနာစသည်လွှဲပုံဇယား။

| စေတသိက် | ဝေဒနာ | ဟေတု | ကိ | ဒွါရ | အာရုံ | ဝဏ္ဏ | ဘုံ | အကမ္မပထ | သမုစ္စည်း | ပစ္စည်း | မရသောပစ္စည်းစု |
|---|---|---|---|---|---|---|---|---|---|---|---|
| ဖဿ | ၅ | ၆ | ၁၄ | ၆ | အလုံးစုံ | ၆ | ၃၀ | အကမ္မပထ | ၁ မည် | ၁၈ | ဟေ-ပု-ကံ-ဣ°-ဗျာ-မ- |
| ဝေဒနာ | မ | ၆ | ၁၄ | ၆ | ၎င်း | ၆ | ၃၀ | ၎င်း | ၃ မည် | ၁၉ | ဟေ-ပု-ကံ-ဟာ-မ- |
| သညာ | ၅ | ၆ | ၁၄ | ၆ | ၎င်း | ၆ | ၃၀ | ၎င်း | မ— | ၁၇ | ဟေ-ပု-ကံ-ဟာ-ဣ°-ဗျာ-မ- |
| စေတနာ | ၅ | ၆ | ၁၄ | ၆ | ၎င်း | ၆ | ၃၀ | ၎င်း | ၁-မည် | ၁၉ | ဟေ-ပု-ဣ°-ဗျာ-မ |
| ဧကဂ္ဂတာ | ၅ | ၆ | ၁၄ | ၆ | ၎င်း | ၆ | ၃၀ | ၎င်း | ၅—မည် | ၂၀ | ဟေ-ပု-ကံ-ဟာ- |
| ဇီဝိတိန္ဒြေ | ၅ | ၆ | ၁၄ | ၆ | ၎င်း | ၆ | ၃၀ | ၎င်း | ၁—မည် | ၁၈ | ဟေ-ပု-ကံ-ဟာ—ဗျာ-မ |
| မနသိကာရ | ၅ | ၆ | ၁၄ | ၆ | ၎င်း | ၆ | ၃၀ | ၎င်း | မ— | ၁၇ | ဟေ-ပု-ကံ-ဟာ-ဣ°-ဗျာ-မ- |
| ဝိတက္က | ၃ | ၆ | ၉ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၂—မည် | ၁၉ | ဟေ-ပု-ကံ-ပါ-ဣ°- |
| ဝိစာရ | ၃ | ၆ | ၉ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၁—မည် | ၁၈ | ဟေ-ပု-ကံ-ဟာ-ဣ°-မ- |
| အဓိမောက္ခ | ၃ | ၆ | ၉ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၁ မည် | ၁၇ | ဟေ-ပု-ကံ-ဟာ-ဣ°-ဗျာ-မ |
| ဝီရိယ | ၃ | ၆ | ၇ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၁၀—မည် | ၁၉ | ဟေ-ပု-ကံ-ဟာ-ဗျာ- |
| ပီတိ | ၁ | ၅ | ၆ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၁-မည် | ၁၈ | ဟေ-ပု-ကံ-ပါ-ဣ°-မ- |
| ဆန္ဒ | ၃ | ၆ | ၅ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၁-မည် | ၁၇ | ဟေ-ပု ကံ-ဟာ-ဣ°-ဗျာ-မ- |

အညသမာန၊ တေရသ၊ သရုပ်နိဒ္ဒေသ၊

## (၂၃၂) အကုသလသမ္ပယောဂနည်းကိုပြခြင်း။

အကုသလရာသိ၌။ အကုသိုလ်စေတသိက်တဆဲ့လေးပါးတို့တွင်၊ မော ဟ–အဟိရိက–အနောတ္တပ္ပ–ဥဒ္ဓစ္စဟုဆိုအပ်သောသဗ္ဗာကုသလသာဓာရဏ စေတသိက်တို့သည်အကုသိုလ် ၁၂-ပါး၌ယှဉ်ကုန်၏။ လောဘစေတသိက် သည်။ လောဘမူစိတ်၌ယှဉ်၏။ ဒိဋ္ဌိစေတသိက်သည်၊ ဒိဋ္ဌိဂတ သမ္ပယုတ် လေးခု၌ယှဉ်၏၊မာနစေတသိက်သည်။ ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု၌ ယှဉ်၏၊ ၅၂သုံးပါး တနည်းဟုမှတ်။ ၊ဒေါသ–ဣဿာ၊မစ္ဆရိယ–ကုက္ကုစ္စ။ . ၅၂လေး ခုသောစေတသိက်သည်၊ ဒေါသမူ၌ယှဉ်၏၊ ထိနမိဒ္ဓ စေတသိက်သည်၊ လောဘမူ-သသင်္ခါရိကစိတ်လေးခု၊ ဒေါသမူသသင်္ခါရိကစိတ်တခု။ ၅၂ငါး ခုသောစိတ်၌ယှဉ်၏၊ဝိစိကိစ္ဆာစေတသိက်သည်၊ဝိစိကိစ္ဆာသဟဂုတ်စိတ် ၌ယှဉ်၏။ ၊၅၂လျှင်သမ္ပယောဂငါးနည်းတည်း။ ။လင်္ကာအချုပ်ကား။

(၁) မော,ဟိရိက၊နောတ္တပ္ပ၊ဥဒ္ဓစ္စ၅၂လေးဖြာ၊
(၂) အကုဆဲ့နှစ်၊ယှဉ်ခါဖြစ်၊သဗ္ဗစ်ဓာရဏာ၊
(၃) လောဘ–လောရှစ်၊ဒိဋ္ဌိ,ဘံ,ဖြစ်၊မာနစ်–ဝိပ်၌သာ၊
(၄) ဒေါ,ဣဿ,မစ်,ကုက္ကုံ၊၅၂လေးတန်၊ယှဉ်ရန်စိတ်ဒေါမှာ။
(၅) ထိနမိဒ္ဓံ၊စေနှစ်တန်၊သသင်္ခါစိတ်ငါးဖြာ။
(၆) ဝိစိကိစ္ဆာ၊ဝိစိမှာ၊ယှဉ်ရာနည်းငါးဖြာ၊
(၇) အကုသလ၊ရာသိပြ၊ငါးဝနည်းအလာ၊

၅၂သို့ပြအပ်ပြီးသော နည်းငါးပါးကို နိဂုံးချုပ်လျက်၊ အချုပ်သင်္ဂဟဂါ ထာကို ပြတော်မူလိုသော ရှင်အနုရုဒ္ဓါ-ဆရာသည်၊ သဗ္ဗာပုညေသု စတ္တာ ရောဂါထာကိုမိန့်သည်၊

(၁) သဗ္ဗာပုညေသု စတ္တာရော၊ လောဘမူလေ တယောဂတာ၊
ဒေါသမူလေသု စတ္တာရော၊ သသင်္ခါရေ ဒွယံတထာ။ ။
(၂) ဝိစိကိစ္ဆာ-ဝိစိကိစ္ဆာ၊ ဝိတ္တေစာတိ စတုဒ္ဒသ၊
ဒွါဒသာ ကုသလေသွေဝ၊ သမ္ပယုဇ္ဇန္တိ ပဉ္စဓာ၊ ၊

စတ္တာရော၊ လေးပါးကုန်သော စေတသိက်တို့သည်၊ သဗ္ဗာပုညေသု၊အ လုံးစုံသောအကုသိုလ်စိတ်တို့၌၊ဂတာ၊ဖြစ်ကုန်၏၊ တယော၊သုံးပါးသောစေ တသိက်တို့သည်၊လောဘမူလေ၊လောဘမူစိတ်ရှစ်ခု၌၊ ဂတာ၊ဖြစ်ကုန်၏၊

စတ္တာရော၊လေးပါးကုန်သောစေတသိက်တို့သည်၊ ဒေါသမူလေသု၊ဒေါသမူစိတ်နှစ်ခုတို့၌၊ ဂတာ၊ဖြစ်ကုန်၏၊ ဒွယံ၊ထိနမိဒ္ဓစေတသိက် နှစ်ခုအပေါင်းသည်၊ သသင်္ခါရေ၊သသင်္ခါရိကစိတ်ငါးခု၌၊ ဂတံ၊ဖြစ်၏၊ တထာ၊ထိုမှတပါး၊ဝိစိကိစ္ဆာ၊ဝိစိကိစ္ဆာစေတသိက်သည်၊ဝိစိကိစ္ဆာစိတ္တေ၊ဝိစိကိစ္ဆာစိတ်၌၊ဂတာ၊ဖြစ်၏၊ ဣတိ၊ဤသို့၊ရုဒ္ဒသ၊တဆဲ့လေးပါးတုန်သောအကုသိုလ်စေတသိက်တို့သည်၊ဒွါဒသာကုသလေသွေဝ၊တဆဲ့နှစ်ပါးသောအကုသိုလ်စိတ်တို့၌သာလျှင်၊ ပဉ္စဓာ၊ ငါးပါးအပြားအားဖြင့်၊ သမ္ပယုတ္တာနိ၊ အညီအညွတ်အပြားအားဖြင့်ယှဉ်ကုန်၏၊ ။ဤသည်လျှင်၊ အကုသလရာသိနည်းငါးပါးဂါထာတည်း။

---

## (၂၃၃) အတုသလရာသိ၌၊ပုစ္ဆာဝိသဇ္ဇနာကိုပြခြင်း။

(အမေး) စေတသိက်ခြောက်ဝ။စိတ်လေးဝ၊အရဘယ်သို့နည်း။
(အဖြေ) လောဘမူအသင်္ခါ။ဤလေးတန်။ခြောက်တန်စေရတည်း။

လောဘမူအသင်္ခါရိကလေးပါးတို့တွင်၊ဒိဋ္ဌိသမ္ပယုတ် အသင်္ခါရိကနှစ်ပါး၌၊သဗ္ဗာကုသလသာဓာရဏလေးပါး၊လောဘ–ဒိဋ္ဌိ-ပေါင်းစေတသိက်ခြောက်ပါးရ၏၊ဒိဋ္ဌိဝိပ္ပယုတ် အသင်္ခါရိကနှစ်ပါး၌၊ သဗ္ဗာကုသလသာဓာရဏလေးပါး၊လောဘ-မာန-ပေါင်းစေတသိက်ခြောက်ပါးရ၏၊ ။ဤတွင်တရပ်–မှတ်ရန်တည်း။

(အမေး) စေတသိက်ရှစ်ဝ၊စိတ်ငါးဝ၊အရဘယ်သို့နည်း။
(အဖြေ) လောဘမူသသင်္ခါ၊ဒေါသမှန်၊ငါးတန်စေရှစ်တည်း။

လောဘမူစိတ်–သသင်္ခါရိကလေးပါးတို့တွင်၊ဒိဋ္ဌိသမ္ပယုတ်-သသင်္ခါရိက-နှစ်ပါး၌၊ သဗ္ဗာကုသလသာဓာရဏ-၄။လောဘ–ဒိဋ္ဌိ–ထိန-မိဒ္ဓ။ပေါင်းစေတသိက်ရှစ်ပါးရ၏။ ဒိဋ္ဌိဝိပ္ပယုတ် သသင်္ခါရိကနှစ်ပါး၌–သဗ္ဗာကုသလသာဓာရဏ-၄၊လောဘ-မာန-ထိန-မိဒ္ဓ-ပေါင်းရှစ်ပါးရ၏၊ဒေါသမူအသင်္ခါရိကတခု၌၊သဗ္ဗာကုသလသာဓာရဏ-၄၊ဒေါသ-ဣဿာ-မစ္ဆရိယ၊ကုက္ကုစ္စ ပေါင်းရှစ်ပါးတည်း၊ ။ဤလျှင်တရပ် မှတ်ရန်တည်း။

(အမေး) စေတသိက်ဒသ၊စိတ်ကေ၊အရဘယ်သို့နည်း။
(အဖြေ) ဒေါသမူသသင်္ခါ၊ဤတတန်၊ဆယ်တန်စေရတည်း။

ဓေါသမူစိတ် သသင်္ခါရိကစိတ်တရှဲ၊ သဗ္ဗာထုသလသာဓာရထ—၄၊ ဓေါသ—ဗျာသာ—မစ္ဆရိယ—ကုက္ကုစ္စ—ထိနမိဒ္ဓ—ပေါင်းဆယ်ပါးရ၏တည်း။

(အမေး) စေတသိက်ဇယျစိတ်ကော၊အရဘယ်သို့နည်း၊

(အဖြေ) ဥဒ္ဓစ္စစိတ်ထည်း၊

(အမေး) စေတသိက်ပဥ္စစိတ်ကော၊အရဘယ်သို့နည်း၊

(အဖြေ) ဝိစိကိစ္ဆာစိတ်တည်း။ ၊

---

## (၂၃၄) အကုသလရာသိန္ဒသဘောကိုပြခြင်း၊

၍အကုသလရာသိန္ဒ၊မောဟာအစရှိသော စေတသိက်လေးပါးတို့သည်၊ အဘဲ့ကြောင့် အထုသိုလ်စိတ် ၁၂–ပါး၌ ယှဉ်သနည်းဟူမူ၊ ၊အချို့သော အနွဗာလ ပုထုဇ္ဇဉ် တို့သည်၊ ပါဏာတိပါတ စသော ကုသိုလ်ကံကို ပြုကျင့်ကြသောအခါ၊ အကုသိုလ်၏အကျိုးဖလ၊နိရယ၏ ဘေးဒုက္ခအပြစ်တို့ကို၊မမြင်မထိသော မောဟကြောင့်လည်းပြုကြ၏၊ အပြစ်ကိုပင် သိမြင်ငြားသော်လည်း၊ အထုသိုလ်မှ မစက်ဆုပ်သည် ဖြစ်သော အဟိရိကကြောင့်လည်းပြုကျင့်ကြထုန်၏၊ အတုသိုလ်မှမလန့်သော-အနောတ္တပ္ပကြောင့်လည်းပြုကျင့်ကြကုန်၏၊ အကုသိုလ်မှလန့်ငြားသော်လည်း၊ အကုသိုလ်မပြုထုဝ်ရ ထျင်၊မငြိမ်သက်သောစိတ်ရှိသောဥဒ္ဓစ္စကြောင့်လည်းပြုကျင့်ကြ၏၊၍တရားတို့တွင်၊ တပါးပါးနှင့်ပြည့်စုံသောသူသည်၊ အကုသိုလ်အလုံးစုံကို၊ပြုကျင့်ကုန်ရကား၊၍စေတသိက်လေးပါးသည်၊တဆဲ့နှစ်ပါးသောအကုသိုလ်စိတ်၌ ယှဉ်၏ဟူလို၊ ၊ဋီကာအထွက်၊

ဒိဋ္ဌိ—မာနစေတသိက်တို့သည်၊ဒုစ္စရိုက်နှင့်၊နီးစွာသောအကြောင်း အဖြစ် ဖြင့်တူသောကြောင့်၊တပေါင်းတည်းဖြစ်သင့်သည်မဟုတ်ပါလောဟူမူ၊ ၊ မဖြစ်သင့်၊အဘဲ့ကြောင့်နည်း၊ ဒိဋ္ဌိသည်၊ငါ၏ကိုယ်ဟု မှတ်ထင်သောအတ္တ ဒိဋ္ဌိအစွမ်းရှိ၏၊မာနသည်လည်းငါတကားဟု—ထောင်လွှားသောအစွမ်းရှိ၏၊ ထိုကြောင့်ရကား၊တိုင်းကြီးသေဌ်နင်း၊ မင်းကြီးတို့သည်၊ တပါးသောတိုင်း ကြီးသေဌ်နင်း၊ မင်းတို့နှင့်အတူတကွ၊ တနန်းတထီးတည်း၌ မနေကြသကဲ့ သို့၊ထိုအတူဒိဋ္ဌိနှင့်မာနသည်၊ စိတ္တုပ္ပါဒ်တခုတည်း၌အတူတကွ မဖြစ်ကြ ကုန်ဟုမှတ်၊ ထိုကြောင့်ရကား၊ အနုဋီကာကြီး၌၊ ၊မာနထာဒိဋ္ဌိသမိသာ ပဝတ္တို၊ ထထာဟိ၊ သောအမိပတိဝိယ အညာမိပတိနာ၊ ဒိဋ္ဌိယာသဟ နပ

ဝတ္တတိ။ ။ဟုဘွင့်ပြ၍။ ။မာနဿ၊မာနစေတသိက်၏။ဒိဋ္ဌိသဒိသာ၊ဒိဋ္ဌိနှင့်တူသော။ပဝတ္တိ၊ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ တထာဟိ၊ထတောငဝ၊ထိုကြောင့်ပင်လျှင်။ သော၊ထိုမာနသည်။ အဓိပတိဝိယ၊ အဓိပတိပစ္စည်းကဲ့သို့ အညအဓိပတိနာ၊တပါးသောအဓိပတိနှင့်။ နပဝတ္တတိယထာ၊မဖြစ်ဘိသကဲ့သို့။ဒိဋ္ဌိယာ၊ဒိဋ္ဌိစေတသိက်နှင့်။သဟ၊တကွ။နပဝတ္တတိ၊မဖြစ်။ ။ဒေါသမူစိတ်၌ ဒေါသစေတသိက်ယှဉ်လျှင်။သင့်တန်စေ။ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စတို့သည်။ အဘဲ့ကြောင့် ယှဉ်လေသနည်းဟူမူ။ ။ဣဿာစေတသိက်ဖြင့် သူတပါး၏ စည်းစိမ်ဥစ္စာကို။ ငြူစူသော ပုဂ္ဂိုလ်အားငင်း။ မစ္ဆရိယစေတသိက်ဖြင့်။မိမိစည်းစိမ်ကိုနှမြောဝန်တိုသောပုဂ္ဂိုလ်အားငင်း။ကုက္ကုစ္စဖြင့် ပြုအပ်ပြီးသောဒုစရိုက်။ မပြုလိုက်မိသောသုစရိုက်ကို။ အဘန်ဘန်ပူးရိမ်သော ပုဂ္ဂိုလ်အား။ ထိုထိုအာရုံ၌ ထိပါးသော ဒေါသပဋိဃာတ၏ အစွမ်းအားဖြင့် ဖြစ်သောကြောင့်။ ဤစေတသိက်သုံးပါးသည်။ ဒေါသမူစိတ်၌ ဖြစ်နိုင်၏ဟူလို။ ။ထိနမိဒ္ဓစေတသိက်နှစ်ပါးသည်။အဘဲ့ကြောင့်။ သသင်္ခါရိကစိတ်၌ သာလျှင် ဖြစ်သနည်းဟူမူ။ ။အမှုကိုပြုခြင်း၌ မခံ့သော သဘောရှိသော ပုဂ္ဂိုလ်အား။သဘောအားဖြင့် ထက်တုန်သော အသင်္ခါရိက စိတ်တို့၌ မဖြစ်ခြင်းကြောင့်။ ထိနမိဒ္ဓစေတသိက်တို့သည်။ သသင်္ခါရိကစိတ်၌သာလျှင် ဖြစ်ထုန်၏။ ။ဤသည်လျှင်။အကုသလရာသိ၌ သဘောမှတ်ရန်တည်း။

## (၂၃၅) အကုသလရာသိဝေဒနာစသည်ခွဲပုံဇယား။

| စေတသိက် | ဝေဒနာ | ယောတု | ကိစ္စ | ဒွါရ | အာရုံ | ဝတ္ထု | ဘုံ | ကမ္မပထ | သမ္ပယုတ်စည်း | ပစ္စည်း | မရသောပစ္စည်းစု |
|---|---|---|---|---|---|---|---|---|---|---|---|
| မောဟ | ၃ | ၂ | ၁ | ၆ | လောကီ | ၁ | ၃၀ | အကမ္မပထ | ၇ | ၁၇ | ပု-ကံ-ပါ-ဟာ-ဈ-ဈာ-မ- |
| အဟိရိက | ၃ | ၃ | ၁ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၁ | ၁၆ | ဟေ-ပု-ကံ-ပါ-ဟာ-ဈ-ဈာ-မ |
| အနောတ္တပ္ပ | ၃ | ၃ | ၁ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၁ | ၁၆ | ၎င်း |
| ဥဒ္ဓစ္စ | ၃ | ၃ | ၁ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၃ | ၁၆ | ၎င်း |
| လောဘ | ၂ | ၁ | ၁ | ၆ | ၎င်း | ၁ | ၃၀ | ကမ္မပထ | ၉ | ၁၇ | ပု-ကံ-ပါ-ဟာ-ဈ-ဈာ-မ |
| ဒိဋ္ဌိ | ၂ | ၂ | ၁ | ၆ | ၎င်း | ၁ | ၃၀ | ကမ္မပထ | ၈ | ၁၆ | ဟေ-ပု-ကံ-ပါ-ဟာ-ဈ-ဈာ-မ |
| မာန | ၂ | ၂ | ၁ | ၆ | ၎င်း | ၁ | ၃၀ | အကမ္မပထ | ၃ | ၁၆ | ၎င်း |
| ဒေါသ | ၁ | ၁ | ၁ | ၆ | ၎င်း | ၁ | ၁၁ | ၎င်း | ၅ | ၁၆ | မိ-ပု-ကံ-ပါ-ဟာ-ဈ-ဈာ-မ |
| ဣဿာ | ၁ | ၂ | ၁ | ၆ | ၎င်း | ၁ | ၁၁ | ၎င်း | ၁ | ၁၅ | မိ-ပု-ကံ-ပါ-ဟာ-ဈာ-မ |
| မစ္ဆရိယ | ၁ | ၂ | ၁ | ၆ | ၎င်း | ၁ | ၁၁ | ၎င်း | ၁ | ၁၅ | ၎င်း |
| ကုက္ကုစ္စ | ၁ | ၂ | ၁ | ၆ | ၎င်း | ၁ | ၁၁ | ၎င်း | ၁ | ၁၅ | ၎င်း |
| ထိန | ၃ | ၃ | ၁ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၂ | ၁၆ | ဟေ-ပု-ကံ-ပါ-ဟာ-ဈ-ဈာ-မ |
| မိဒ္ဓ | ၃ | ၃ | ၁ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၁ | ၁၆ | ၎င်း |
| ဝိစိကိစ္ဆာ | ၁ | ၁ | ၁ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၄ | ၁၅ | ဟေ-မိ-ပု-ကံ-ပါ-ဟာ-ဈ-ဈာ-မ |

အကုသလ၊သရုပ၊ပြီးထိနိဋ္ဌိတာ၊

## (၂၃၆) အကုသလရာသိအကျယ်ကိုပြခြင်း။

ဤအကုသလရာသိ၌။ မိစ္ဆေန သမမုန္နိသေအရ၊ ဆောင်ပုဒ်လင်္ကာပြဦး အံ့၊ ။အကုသိုလ်ဝယ်။ ရှစ်ဆယ်နှင့်သုံး၊ ပေါင်းရုံးသင်္ချာ၊ သရူပါကား။ ဆဲ့ နှစ်ဖြာတည်ထား၊ လေးပါးသမ္ဗ။ မြောက်ကြွတဘာနှ်၊ ထည့်ရန်စိတ်မှီ၊ ရှစ်လီ ဿောဘာ၊ လေး၀ဒိဋ္ဌိ, မာ၊ ဒေါသာ, ဣဿ, မစ်၊ ကုစစ်, နှစ်ထွေ။ ထိနေ, မိဒ္ဓ၊ ပဋ္ဋ ဝိသာ၊ ဝိကိစ္ဆာတစ်၊ သင်္ချာလှစ်သည်၊ ။မှတ်စစ်ရှစ်ဆယ်သုံးပါးတည်း၊ ။ အကုသလရာသိပြီး၏။

---

## (၂၃၇) သောဘဏသမ္ပယောဂနည်းကိုပြခြင်း။

သောဘဏရာသိ၌၊ သောဘဏစေတသိက် ၂၅-ပါးတို့တွင်၊ သောဘဏ သာဓာရဏ စေတသိက် တဆဲ့ကိုးပါးတို့သည်၊ သောဘဏစိတ်-တခု ယုတ် ခြောက်ဆယ်တို့၌ ယှဉ်ကုန်၏။ ။ဝိရတိ စေတသိက် သုံးခုသည်၊ လောကုတ္တရာရှစ်ခု၊ မဟာကုသိုလ်ရှစ်ခု၊ ဤတဆဲ့ခြောက်ပါးသောစိတ်တို့၌ ယှဉ်ကုန်၏၊ ဤတဆဲ့ခြောက်ပါးသောစိတ်တို့တွင်။ လောကုတ္တရာစိတ်၌ယှဉ် သောအခါ၊ မဂ်စိတ် တချက်တည်းသာလျှင် ရှိသောကြောင့်၊ အမြဲတပြိုင် နက်ယှဉ်၏ဟူလို၊ ကာမာဝစရကုသိုလ်၌ယှဉ်သောအခါ၊ အာရုံပြားသော ကြောင့်၊ အသီးအသီးယှဉ်ကုန်၏။ ရံခါသာတည်း၊ ။အပ္ပမညာစေတသိက် နှစ်ခုတို့သည်၊ ပဉ္စမဈာန် ကြဉ်သောရူပစိတ် ၁၂-ခု၊ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ ဤ ၂၈-ခုသော စိတ်တို့၌ သာလျှင် အာရုံပြားသော ကြောင့်-အသီးအသီး ယှဉ်၏ ဟူလို၊ ။ပညာ စေတသိက်သည်၊ မဟာ ကုသိုလ် ဉာဏ သမ္ပယုတ်လေးခု၊ မဟာဝိပါက် ဉာဏသမ္ပယုတ်-လေးခု၊ မဟာကြိယာ ဉာဏသမ္ပယုတ် ၄-ခု။ ရူပစိတ် ၁၅-ခု၊ အရူပစိတ် ၁၂-ခု၊ လောကုတ္တရာစိတ် ၈-ခု၊ ဤ ၄၇-ပါးသောစိတ်တို့၌ယှဉ်ကုန်၏၊ ။ဤသည် လျှင်သောဘဏရာသိ၌၊ နည်းလေးပါးတည်း၊ ။ဤသို့ပြအပ်ပြီးသောနည်း လေးပါးကို၊ နိဂုံးချုပ်၍။ ပြတော်မူလိုသောရှင်အနုရုဒ္ဓါဆရာသည်၊ ဧကူနဝီ သတိဓမ္မာဟူသောဂါထာကိုမိန့်၏၊ ။အချုပ်ဂါထာပါဌ်အနက်ကား၊

(၁) ဧကူနဝီသတိ ဓမ္မာ၊ ဇာယန္တေကူနသဋ္ဌိသု၊
တယော သောဠသစိတ္တေသု၊ အဋ္ဌဝီသတိယံ ဒွယံ၊ ။

(၂) ပညာ ပကာသိတာ သတ္တ၊ စတ္တာလီသဝိဓေသုပိ၊
သမ္ပယုတ္တာ စတုဓေဝံ၊ သောဘဏေသွေဝ သောဘဏာ၊ ။

ကြေနပီသတိ၊တခုယုတ်နှစ်ဆယ်သော၊မွှာ၊စေတသိက်တို့သည်။ ကြေနသဗ္ဗိသု၊တခုယုတ်ခြောက်ဆယ်သောစိတ်တို့၌၊ ဇာယန္တိ၊ဖြစ်ကုန်၏။ တယော၊သုံးပါးကုန်သော၊ မွှာ၊ဝိရတီစေတသိက်တို့သည်။ သောဠသစိတ္တေသု၊တဆဲ့ခြောက်ပါးသောစိတ်တို့၌၊ဇာယန္တိ၊ဖြစ်ကုန်၏။ ဒွယံ၊အပ္ပမညာစေတသိက်နှစ်ခုအပေါင်းသည်၊ အဋ္ဌဝီသတိယံ၊နှစ်ဆဲ့ရှစ်ပါးသောစိတ်၌၊ ဇာယတိ၊ဖြစ်၏။ ပညာ၊ပညိန္ဒြေစေတသိက်ကို။ သတ္တာစတ္တာလီသ ဝိဓေသုပိ၊လေးဆဲ့ခုနစ်ပါးအပြားရှိသော စိတ်တို့၌သာလျှင်၊ ပကာသိတာ၊ပြအပ်၏။ ဝေ၊ဤသို့။သောဘဏာ သောဘဏစေတသိက် ၂၅-ပါးတို့သည်။သောဘဏေသွေဝ၊ သောဘဏစိတ်တခု ယုတ်ခြောက်ဆယ် တို့၌သာလျှင်၊ စတုဓာ၊ လေးပါး အပြားအားဖြင့်၊ သမ္ပယုတ္တာ၊ အညီအညွတ် အပြားအားဖြင့် ယှဉ်ကုန်သည်၊ဟောန္တိ၊ဖြစ်ကုန်၏။ ။ဤဂါထာပါဌ်အရ၊လင်္ကာအချုပ်ကား။

(၁) သောဘဏသာဓာရဏ။ဆဲ့ကိုး၀၊သောဘဏစိတ်၌သာ၊
(၂) ငါးဆဲ့ကိုးသွယ်၊မှတ်သားဘွယ်။အလွယ်မှတ်အပ်စွာ၊
(၃) ဝိရတီသုံးတန်။ကု,ကာမံ။ရှစ်တန်လောကုတ်မှာ၊
(၄) တဆဲ့ခြောက်၀၊စိတ်အရ။ယှဉ်ရစိတ်အလာ။
(၅) မဟဂ္ဂုတ်တွင်၊မ,ချာန်ကြဉ်။ကု,ကိပင်စိတ်မဟာ၊
(၆) နှင်ဆဲ့ရှစ်၀၊ယှဉ်အပ်စွ။မှတ်ပ–ပမညာ၊
(၇) ဆဲ့နှစ်သမ္ပယုတ်၊မဟဂ္ဂုတ်။လောကုတ်စိတ်ရှစ်ဖြာ၊
(၈) လေးဆဲ့ခုနစ်ထွေ။ပညိန်စေ၊မှတ်လေဤသချာ၊
(၉) သောဘဏရာသီ၊ဤလေးထိ။ကြံစည်တွက်အပ်စွာ။

---

## (၂၃၈) ပုဗ္ဗာဝိသဇ္ဇနာကိုထုတ်ပြခြင်း၊

ဤသောဘဏရာသိ၌၊ ပုဗ္ဗာနုယဝိဘာဂ်ကို၊ ထုတ်နုတ်၍ ပြဆိုရေးသားပေဦးအံ့၊

(အမေး) စတုစိတ်နေ။ဗျည်းဝိသေ၊စေတသိက်ကားအဘယ်နည်း၊

(အဖြေ) မဟာ ထုသလ၊ ဉာဏ်လေး၀၊ သောဘဏ စေတသိက် အရထည်း၊

မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးပါး၌၊ သောဘဏစေတသိက် နှစ်ဆဲ့ငါးပါး၊ပေါင်းစေတသိက် ၂၅-ပါးရ၏ဟူလို၊

(အမေး) စတုစိတ်နေ၊ဓောဝိသော၊စေတသိက်ကားအဘယ်နည်း၊
(အဖြေ) ဉာဏဝိပ္ပယုတ်၊ပညိန္ဒြနှုတ်၊မယုတ်စေရတည်း၊

မဟာကုသိုလ်- ဉာဏဝိပ္ပယုတ် လေးပါး၌၊ သောဘဏ စေတသိက် ၂၅-ပါးတို့တွင်၊ပညိန္ဒြေကြဉ် ၂၄-ပါးရ၏ဟူလို၊

(အမေး) အဋ္ဌစိတ်နေ၊တေဝိသော၊စေတသိက်ကားအဘယ်နည်း၊
(အဖြေ) လောကုတ္တရာယှဉ်၊ပမဉ္ဉကြဉ်၊စေလျှင်အရတည်း၊

လောကုတ္တရာစိတ်ရှစ်ပါး၌၊သောဘဏစေတသိက် ၂၅-ပါးတွင်၊ အပ္ပမညာကိုကြဉ်၍၊ ၂၃-ပါးသော စေတသိက်ကိုရ၏ဟူလို၊

(အမေး) သောဠသ စိတ်နေ၊ ဗာဝိသော၊ စေတသိက် ကား အဘယ်နည်း၊
(အဖြေ) မဟာဘိဉာဏ်၊ မဟဂ္ဂုံ၊ ပ-ဒု-တ-စ-ဈာန်ဟူသတည်း၊

မဟာကြိယာ ဉာဏသမ္ပယုတ်-လေးပါး၊ မဟဂ္ဂုတ်ပထမဈာန်-သုံး၊ ဒုတိယဈာန်-သုံး၊တတိယဈာန်သုံး၊စတုတ္ထဈာန်သုံး၊ပေါင်းတဆဲ့ခြောက်ပါးသောစိတ်တို့၌၊ သောဘဏ စေတသိက် ၂၅-ပါးတွင်၊ ဝိရတီ သုံးလုံးကို ကြဉ်၍ ၂၂-ပါးသောစေတသိက်ရ၏ဟူလို၊

(အမေး) စတုစိတ်နေ၊ဧကဝိသော၊စေတသိက်ကားအဘယ်နည်း၊
(အဖြေ) မဟာကိရိယာ၊ဝိပ်လေးဖြာ၊သောဘဏာစေရတည်း၊

မဟာကြိယာ- ဉာဏဝိပ္ပယုတ် လေးပါး၌၊ သောဘဏ စေတသိက် ၂၅-ပါးတို့တွင်၊ ဝိရတီ-ပညိန္ဒြေကိုကြဉ်၍ ၂၁-ပါးသောစေတသိက်ရ၏ဟူလို၊

(အမေး) နဝဂေ်စိတ်နေ၊ဝီသဖွေ၊စေတသိက်ကားအဘယ်နည်း၊
(အဖြေ) မဟဂ္ဂုတ် ပဉ္စမဈာန်၊ ဝိပါက် ဉာဏ်၊ ရရန် စေတသိက် ပေတည်း၊

မဟဂ္ဂုတ်ပဉ္စမဈာန် တဆဲ့ငါးပါး၊ မဟာဝိပါက်ဉာဏသမ္ပယုတ်-လေးပါး၊ပေါင်းတဆဲ့ကိုးပါးသောစိတ်၌၊ ဝိရတီ-အပ္ပမညာ ကြဉ်သော စေတသိက် ၂၀-ရ၏ဟူလို၊

(အမေး) စတုပိတ်နေ၊ဆဲ့ကိုးထွေ၊စေတသိက်ကားအဘယ်နည်း။

(အဖြေ) မဟာဝိပါကံ၊ဝိပ်လေးတန်၊ရရန်စေတသိက်အရတည်း။

မဟာဝိပါက် ဉာဏဝိပ္ပယုတ်လေးပါး၌။ ဝိရတိ– အပ္ပမညာ– ပညိန္ဒြေ ကြဉ်သော–သောဘဏစေတသိက်–တဆဲ့ကိုးပါးရအံ့ဟူလို။

ဤသည်လျှင် သောဘဏရာသိ၌ ပုစ္ဆာဝိသဇ္ဇနာတည်း၊

---

## (၂၃၉) သောဘဏရာသိမှတ်သားဘွယ်ကိုပြခြင်း။

ဤသောဘဏစေတသိက်သည်၊ ကုသိုလ်ဝိပါက်–ကြိယာပက္ခတို့၌၊အလောဘဟုန်၊အဒေါသဟုန်။ အမောဟဟုန်၊တန်းခိုးဂုဏ်တို့ဖြင့် ယှဉ်သောကြောင့်၊သောဘဏဟမည်ရကုန်အံ့။ သောဘဏဟူ၍ဆိုအပ်သဖြင့်၊ အကုသိုလ်စေတသိက်ကိုအသောဘဏ စေတသိက်ဟုဆိုအပ်၏ ဟူလို၊ ၊အညသမာန်းစေတသိက်တို့သည်ကား၊သောဘဏသက်သက်လည်းမဟုတ်၊ အသောဘဏ သက်သက်လည်းမဟုတ်ရကား၊ နှစ်ပါးသောပက္ခမှ လွတ်သောကြောင့်၊ သောဘဏဟူ၍လည်း မခေါ်ဝေါ်အပ်၊ အသောဘဏ ဟူ၍လည်း မခေါ်ဝေါ်အပ်၊ထိုကြောင့်၊အပါဒါန်နည်းအားဖြင့်သာလျှင် သောဘဏယှဉ်ခိုက်။ အသောဘဏကို အပါဒါန်ကန်၊ အသောဘဏ ယှဉ်ခိုက်၊ သောဘဏကိုအပါဒါန်ကန်အပ်၏ဟူ၍သာလျှင်မှတ်အပ်အံ့၊

သောဘဏရာသိ၌၊ ဝိရတိစေတသိက်သုံးပါးသည်၊ လောကုတ္တရာမှာ ယှဉ်သောအခါ၊ မဂ်စိတ်တချက်တည်းသာဖြစ်ခြင်းဖြင့်၊ မဂ်အားလျော်စွာ၊ ဒုစရိုက် ဒုရာဇီဝ တို့ကို–ပယ်ခြင်း၌ စွမ်းနိုင်သော အခြင်းအရာ အားဖြင့် ဖြစ်သောကြောင့်၊ အမြဲယှဉ်၏ဟုမှတ် နိယတပါဌ်ကိုထောက်၊ ၊ဋီကာ အထွက်–မှတ်ချက်တည်း၊

ဤဝိရတီတို့သည်-အထူးထူးသောအာရုံရှိကြသော်လည်း၊ပါဒကဈာန် စသည်၏အစွမ်းအားဖြင့်၊ ဒုတိယဈာန်တို့၌။ သမ္မာသင်္ကပ္ပမဂ္ဂင်–ကင်းသကဲ့သို့၊ဤဝိရတီတို့၏တရံတခါမျှလည်း မဂ်စိတ်၌ ကင်းခြင်းမရှိသောကြောင့်၊ တပါးတည်းသော မဂ္ဂင်ဖြင့် ကာယဒုစရိုက် စသည်ကို–တပြိုင် နက်ပယ် ပြီးသောဒုစရိုက်ကိုတဘန်ထပ်၍ငြိမ်းလေသောကြောင့်ငင်း၊လောကုတ္တရာ စိတ်၌၊ ဝိရတီသည်-တပေါင်းတည်၊ ယှဉ်ကုန်၏ဟုမှတ်၊ ကေတောပါဌ်ကို ထောက်လေ၊ ၊ဋီကာအထွက်–မှတ်ချက်တည်း၊

ဤပိရတိသည် ကာမာဝစရကုသိုလ်၌ ယှဉ်သောအခါ။ တရံတခါ-အသိးသိးဖြစ်မှာကား၊ ဒုစ္စရိုက်တို့ကို ရှောင်ကြဉ်သော အခါမှာသာဖြစ်၏။ မရှောင်ကြဉ်သောအခါမှာမဖြစ်လုန်။ ရှောင်ကြဉ်သောအခါမှာဖြစ်ငြားသော်လည်း၊ ဝိတိဏ္ဏမိတဗ္ဗဟု ဆိုအပ်သော အာရုံတို့၏-အလွန်လွန် ပြားသောကြောင့် တပေါင်းတည်း ကာမကုသိုလ်၌ မဖြစ်ကုန်။ အသီးအသီးသာဖြစ်ကုန်၏ဟုမှတ်။ ကဒါစိ-ဝိသုံဝိသုံ၏-အဓိပ္ပါယ်တည်း။

အပ္ပမညာ စေတသိက်သည်၊ အဘဲ့ကြောင့် ပဥ္စမဈာန်ကို ကြဉ်သနည်းဟူမူ။ ၊အပ္ပမညာသည်၊ အပ္ပနာဝိထိသို့ ရောက်သောအပ္ပမညာ၊ အပ္ပနာဝိထိသို့မရောက်သော အပ္ပမညာအားဖြင့် နှစ်ပါးရှိ၏။ထိုတွင်၊ အပ္ပနာဝိထိသို့ရောက်သော အပ္ပမညာသည်၊ မြမြဲသောသမာဓိတို့ဖြင့် မှီရာတည်ရာရှိရကား။ တရံတဆစ်၊ သောမနဿဝေဒနာမှ ကင်း၍မဖြစ်ကုန်။ထိုကြောင့်၊ ဥပေက္ခာ ပဥ္စမဈာန်ကို-အပ္ပမညာ စေတသိက်သည် ကြဉ်၏။ ၊ဤလျှင် မဟဂ္ဂုတ်စိတ်၌ ယှဉ်သောအပ္ပမညာကိုပြခြင်းတည်း၊

အပ္ပနာသို့ မရောက်သော အပ္ပမညာသည်ကား၊ တယောက်သော သူသည်။သဗ္ဗေသတ္တာစသည်ဖြင့် မေတ္တာ-ကရုဏာ။ ဘာဝနာကို ပွါးသည်ရှိသော်၊ပွါးစကာလ၌-သောမနဿဝေဒနာနှင့်ယှဉ်၍၊ အကျက်များ။ အခါခါ-တာရှည်လျှားသောအခါ၊ ပုဗ္ဗပရိစယ၏ အစွမ်းအားဖြင့်၊ လျစ်လျူဖြစ်သော ဥပေက္ခာဝေဒနာနှင့်ယှဉ်၍-စီးဖြန်းခြင်းဖြစ်ရတော့သည်။လောကူပမာအားဖြင့်၊ မိမိလေ့ကျက်ပြီးသော ကျမ်းဂန်ကို-ရွတ်ဘတ် သရဇ္ဈာယ်သူသည်၊တရံတခါ၊တပါးသောအာရုံကို၊ နှလုံးသွင်း၍၊ ရွတ်ဘတ်သရဇ္ဈာယ်ငြားသော်လည်း၊ သရဇ္ဈာယ်ခြင်းဖြစ်သကဲ့သို့တည်း၊ ထိုကြောင့်၊အပ္ပနာသို့မရောက်သော မဟာကုသိုလ်, မဟာကြိယာတို့၌ ယှဉ်သော အပ္ပမညာသည်၊ အလေ့အကျက်မများသေးလျှင်၊ သောမနဿမှာယှဉ်၍၊ အလေ့အကျက်များသောအခါဝယ်၊ ဥပေက္ခာမှာ ယှဉ်သည်ဖြစ်ရကား။ မဟာကုသိုလ်-ကြိယာ၊ဥပေက္ခာရှစ်ခု၌။အပ္ပမညာမယှဉ်နိုင်ဟုဆိုသော-သစ္စာဝိဓိပ်ဆရာ၊ရှင်ဓမ္မပါလကို ကေစိဝါဒ-ဟု။ ရှင်အနုရုဒ္ဓါမဟာထေရ်မြတ်သည်၊ ကေစိဝဒန္တိ-ဟုမိန့်တော်မူ၏၊ ၊ဤအရာ၌၊ ကျမ်းဆရာတို့၏-ဓမ္မတာကိုပြဦးအံ့၊ ကေစိ-ကေနစိဆိုလျှင်၊ မိမိအောက်ပညာယုတ်သည် ဟုမှတ်။ အညေ,ဧကေ,ကေစ္စေဆိုလျှင်၊မိမိနှင့်ပညာတူသည်ဟုမှတ်၊ အပရေဟုဆိုလျှင် ဆရာတူသည့်ဟုမှတ်၊ ၊စာချနိယံသစ်ကား။

(၁) အညော့ဧကော၊ကောဠွေ၊မှတ်လေကိုယ့်ဘန်းတူ၊

(၂) အပရေဟူ၊ဆရာတူ၊မှတ်ယူကျမ်းသူသူ၊

(၃) ကောစိ့ကောနစိ၊ရှိတုံဘိ၊ဒိမိကိုယ့်အောက်ယူ၊

(၄) အာစရိယာ၊ရှိသည့်မှာ၊မှတ်ပါကိုယ့်ဆက်ပြု၊

(၅) အဋ္ဌကထာ၊ကျမ်းဋီကာ၊ဂဏ္ဌိဏ္ဌရာကျမ်းဝယ်ဟူ၊

သောဘဏရာဿိ၌-မှတ်သားဘွယ်ပြီးပြီ။

## (၂၇၀) သောဘဏရာသိ၌ သရုပ်ခွဲဇယားကွက်။

| စေတသိက် | ဝေဒနာ | ဟေတု | ဈာန် | ဥပါရ | အာရုံ | ဝတ္ထု | ဘုံ | ကမ္မပထ | သမ္ပယုတ် | ပစ္စည်း | မရသောပစ္စည်းရ |
|---|---|---|---|---|---|---|---|---|---|---|---|
| သဒ္ဓါ | ၂ | ၃ | ၅ | ၆ | အလုံးစုံ | ၁ | ၃၀ | အကမ္မပထ | ၂ | ၁၀ | ဟေ-ပူ-ကံ-ပါ ဈာ-မ- |
| သတိ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၀ | ၁၉ | ဟေ-ပူ-ကံ-ဟာ-ဈာ- |
| ဟိရီ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၁ | ၁၇ | ဟေ-ပူ-ကံ-ဟာ-ဣ°-ဈာ-မ |
| ဩတ္တပ္ပ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၁ | ၁၇ | ၎င်း |
| အလောဘ | ၂ | ၂ | ၅ | ၆ | ၎င်း | ၁ | ၃၀ | ကမ္မပထ | ၁ | ၁၀ | ပူ-ကံ-ဟာ-ဣ°-ဈာ-မ |
| အဒေါသ | ၂ | ၂ | ၅ | ၆ | ၎င်း | ၁ | ၃၀ | ကမ္မပထ | ၁ | ၁၀ | ၎င်း |
| မဇ္ဈတ္တတာ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ | ၃၀ | အကမ္မပထ | ၁ | ၁၇ | ဟေ-ပူ-ကံ-ဟာ-ဣ°-ဈာ-မ- |
| ကာယပဿဒ္ဓိ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၁ | ၁၇ | ၎င်း |
| စိတ္တပဿဒ္ဓိ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၁ | ၁၇ | ၎င်း |
| ကာယလဟုတာ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၁ | ၁၇ | ၎င်း |
| စိတ္တလဟုတာ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၁ | ၁၇ | ၎င်း |
| ကာယမုဒုတာ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ | ၃၀ | ၎င်း | ၁ | ၁၇ | ၎င်း |

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| မိစ္ဆာမူဒုတာ | ၂ | ၃ | ၅ | ၆ | ရှင်း | ၁ | ၃၀ | ရှင်း | ၁ | ၁၇ | ရှင်း |
| ကာယကမ္မညတာ | ၂ | ၃ | ၅ | ၆ | ရှင်း | ၁ | ၃၀ | ရှင်း | ၁ | ၁၇ | ရှင်း |
| စိတ္တကမ္မညတာ | ၂ | ၃ | ၅ | ၆ | ရှင်း | ၁ | ၃၀ | ရှင်း | ၁ | ၁၇ | ရှင်း |
| ကာယပါဂုညတာ | ၂ | ၃ | ၅ | ၆ | ရှင်း | ၁ | ၃၀ | ရှင်း | ၁ | ၁၇ | ရှင်း |
| စိတ္တပါဂုညတာ | ၂ | ၃ | ၅ | ၆ | ရှင်း | ၁ | ၃၀ | ရှင်း | ၁ | ၁၇ | ရှင်း |
| ကာယုဇ္ဇုကတာ | ၂ | ၃ | ၅ | ၆ | ရှင်း | ၁ | ၃၀ | ရှင်း | ၁ | ၁၇ | ရှင်း |
| စိတ္တုဇ္ဇုကတာ | ၂ | ၃ | ၅ | ၆ | ရှင်း | ၁ | ၃၀ | ရှင်း | ၁ | ၁၇ | ရှင်း |
| သမ္မာဝါစာ | ၂ | ၃ | ၁ | ၁ | ဇိရဇိဘဇ္ဇ | ၁ | ၃၀ | ကမ္မပထ | ၁ | ၁၀ | ဟေ-ပူ-ကံ-ဟာ-ဣ-ဈာ- |
| သမ္မာကမ္မန္တ | ၂ | ၃ | ၁ | ၁ | ရှင်း | ၁ | ၃၀ | ကမ္မပထ | ၁ | ၁၀ | ရှင်း |
| သမ္မာအာဇီဝ | ၂ | ၃ | ၁ | ၁ | ရှင်း | ၁ | ၃၀ | ကမ္မပထ | ၁ | ၁၀ | ရှင်း |
| ကရုဏာ | ၂ | ၃ | ၄ | ၁ | ပညတ် | ၁ | ၅၆ | အကမ္မပထ | ၁ | ၁၇ | ဟေ-ပူ-ကံ-ဟာ ဣ-ဈာ-မ |
| မုဒိတာ | ၂ | ၃ | ၄ | ၁ | ရှင်း | ၁ | ၅၆ | ရှင်း | ၁ | ၁၇ | ရှင်း |
| ပညိန္ဒြေ | ၂ | ၂ | ၅ | ၆ | အလုံးစုံ | ၁ | ၃၀ | ကမ္မပထ | ၇ | ၁၀ | ပူ-ကံ-ဟာ-ဈာ- |

သောဘာဏဗျဉ်းပိဿ၊ သရူပ။ ပြီးထနိဋ္ဌိတာ။

## (၂၄၁) သောဘဏအကျယ်ကိုပြခြင်း။

သောဘဏရာသိ၌၊ စိတ္တေနသမမုန္တိသေအရ–ခွဲခြား၍–လက်ာဖြင့်ပြပေဦးအံ့၊ ။သောဘဏစိတ္တ၊သဗ္ဗေပတည်း။မြောက်မျိုးသောဘဏ။ဆဲ့ကိုးဝနှင့်၊ တဝထဘန်၊ယောရန်ဝိရတီ၊နှစ်ထိပမင်၊တသွင်ပညာ၊စိတ္တာအရှိ၊ သွင်းတုံ ဘိက၊ မှတ်ပတထောင်၊ နှစ်ရာသောင်ခုနစ်၊ နှစ်သွယ် ဖြစ်သည်၊ ။ခွဲစစ် သချှာ်အရထည်း၊ ။အကျယ်အပြ၊သရုပကား၊

စိတ်အကျယ်မှာ၊နှစ်ထောင်သာ၊ရှစ်ဖြာစေတသိက။<br>
ဒိပနီငိုကာ၊မိန့်မြွက်လာ၊ဉာဏာဖောတိက၊<br>
သောဘဏရာသိ၊ဘွင့်ပြပြီ၊နည်းမှီစွဲထုန်ကြ။

သမ္ပယောဂ၊ဆဲ့ခြောက်ဝ၊နယပြီးပြီပ။

---

## (၂၄၂) နိယတ–အနိယတစေတသိက်တို့ကိုပြခြင်း။

သမ္ပယောဂနည်းကို ပြပြီး၍၊ သင်္ဂဟနည်းကို မပြခဲမှီ၊ နိယတစေတသိက်–အနိယတ စေတသိက်တို့ကိုခွဲစိတ်၍ ပြဆိုဦးအံ့၊ ။ဒေါသမူစိတ်၌ယှဉ်သောစေတသိက်တို့တွင်။ဣဿာ၊မစ္ဆရိယ၊ကုက္ကုစ္စသည်၊ အနိယတ၊ ကြွင်းသော စေတသိက်သည်နိယတ၊ ။အကုသိုလ်မှာ မှတ်ရန်၊ ။ကာမာဝစရကုသိုလ်၌ယှဉ်သောစေတသိက်တို့တွင်၊ဝိရတီသုံးခုသည်။ အနိယတ၊ကြွင်းသောစေတသိက်သည် နိယတ။ ။ပဥ္စမျာန်ကြဉ်သော ရူပစိတ် ၁၂၊ ကာမာဝစရကုသိုလ်,ကြိယာ၊ ဤစိတ်တို့၌ယှဉ်သော စေတသိက်တို့တွင်၊ကရုဏာ၊မုဒိတာသည် အနိယတ၊ကြွင်းသောစေတသိက်သည်၊ နိယတ၊ ။ကာမ မဟဂ္ဂုတ်၌–မှတ်ရန်။ ။ဒိဋ္ဌိဂတ ဝိပ္ပယုတ် စိတ်နှင့် ယှဉ်သော စေတသိက်တို့တွင်၊ မာနသည်–အနိယတ၊ ကြွင်းသော စေတသိက်သည်နိယတ၊လောဘမူ,ဒေါသမူ၊သသင်္ခါရိကစိတ်၌ယှဉ်သောစေတသိက်တို့တွင်၊ထိနမိဒ္ဓသည် အနိယတ၊ကြွင်းသော စေတသိက်သည် နိယတ။ ။ ဤသို့နိယတ–အနိယတ–အရကိုသိအပ်၏။

ဣဿာမစ္ဆေရ–ကုက္ကုစ္စ၊ ဝိရတီ–ကရုဏာဒယော၊<br>
နာနာ ကဒါစိ မာနောစ၊ ထိနမိဒ္ဓံ တထာ သဟ၊ ။

ဤဂါထာအရ၊နာနာ–ကဒါစိဖြစ်ပုံ၊အလုံးစုံကို၊ဋီကာသရာ၏နည်းဥသုံ ဖြင့် ပြဆိုဦးမည်၊ ။သူတပါး၏စည်းစိမ်ကို ငြူစူသောအခါဣဿာဖြစ်၏။

မစ္ဆရိယကုက္ကုစ္စမဖြစ်ကုန်၊ ။မိမိ၏စည်းစိမ်ကို လျှို့ဝှက်သောအခါ။ မစ္ဆရိယဖြစ်၏။ ဣဿာ,ကုက္ကုစ္စမဖြစ်ကုန်၊ ။ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုမိသောသုစရိုက်တို့၌၊စိုးရိမ်သောအခါ ကုက္ကုစ္စဖြစ်၏၊ဣဿာမစ္ဆရိယမဖြစ်ကုန်၊ ။ဤသို့လျှင်၊နာနာသဒ္ဒါ၏အရ-အဓိပ္ပါယ် အပြတည်း၊ ။သူတပါး၏စည်းစိမ်ကို ငြူစူသောအခါ ဣဿာဖြစ်၏၊ မငြူစူသောအခါမဖြစ်။ မိမိ၏စည်းစိမ်ကိုလျှို့ဝှက်သောအခါမစ္ဆရိယဖြစ်၏။မလျှို့ဝှက်သောအခါမဖြစ်၊ပြုအပ်ပြီးသောဒုစရိုက်,မပြုမိသော သုစရိုက်တို့၌၊ စိုးရိမ်သောအခါ-ကုက္ကုစ္စဖြစ်၏၊မစိုးရိမ်သောအခါမဖြစ်၊ ။ဤသို့လျှင်၊ကဒါစိသဒ္ဒါ၏အရ။ အဓိပ္ပါယ်အပြတည်း၊

ဝိရတီသုံးချင်း၊ အာဇီဝ ဟေတုကို မငဲ့မူ၍-ပြုအပ်သော ဝစီဒုစရိုက်မှ ရှောင်ကြဉ်သောအခါ သမ္မာဝါစာဖြစ်၏၊ ကမ္မန္တ,အာဇီဝမဖြစ်ကုန်၊ အာဇီဝဟေတုကိုမငဲ့မူ၍၊ ပြုအပ်သော ကာယဒုစရိုက်မှ ရှောင်ကြဉ်သောအခါ၊ သမ္မာကမ္မန္တဖြစ်၏၊ဝါစာ-အာဇီဝမဖြစ်ကုန်၊ ။အာဇီဝဟေတုကိုငဲ့၍ပြုအပ်သော၊ကာယ-ဝစီဒုစရိုက်မှ ရှောင်ကြဉ်သောအခါ၊ သမ္မာအာဇီဝဖြစ်၏၊ဝါစာ,ကမ္မန္တမဖြစ်ကုန်၊ ။ဤသို့လျှင်၊နာနာသဒ္ဒါ၏အရ-ဝိရတီ သုံးပါး၌အပြတည်း၊ ။ကဒါစိအရ-မှာမူကား၊ ရှောင်ကြဉ်သော အခါဖြစ်၍၊ မရှောင်ကြဉ်သောအခါမဖြစ်ရကား၊မထူးခြားလှပြီ၊အပ္ပမညာစေတသိက်၌၊ဆင်းရဲသောသတ္တဝါပညတ်ကိုအာရုံပြု၍၊ သနားသောအခါ-ကရုဏာဖြစ်၏။မုဒိတာမဖြစ်၊ ချမ်းသာသောသတ္တဝါပညတ်ကိုအာရုံပြု၍၊ဝမ်းမြောက်သောအခါမုဒိတာဖြစ်၏။ ကရုဏာမဖြစ်။ ။ဤသို့လျှင်၊ နာနာသဒ္ဒါ၏အရ၊အဓိပ္ပါယ်တည်း၊ ။ကဒါစိအရကား၊ နည်းယူ၍ ရလောက်ပြီ၊ ။မာနနှင့်ထိနမိဒ္ဓ၌ကား၊ ။ငါသာလျှင်မြတ်၏ဟုမိမိကိုယ်ကိုထောင်လွှားသောအခါ၊မာနဖြစ်၏။ မထောင်လွှားသောအခါမဖြစ်၊ ထိနမိဒ္ဓသည်ကား၊ နာမက္ခန္ဓာ၄-ပါး၏ မခံ့သောအခါ ထိနမိဒ္ဓဖြစ်၏၊ ခံ့သောအခါမဖြစ်ကုန်၊ ။ကဒါစိသဒ္ဒါအရ-မာန-ထိနမိဒ္ဓအပြတည်း။ ။ငင်းထိနမိဒ္ဓစေတသိက်သည်၊ဖြစ်သည်ရှိသော်၊ တကွဖြစ်၏ဟု တပ်အပ်သေချာ၊ ယခုက ညွှတ်စိတ်ဖြာ၍မှတ်ခဲ့ရာ၏၊

### နိယတ၊အနိယတ၊အဓိပ္ပါယ်ရ၊သရုပ်ခွဲပြပြီ၊

ထိုသို့ခွဲပြနိယတ-အနိယတ စေတသိက်- အကျဉ်းချုံး၍၊ နိဂုံးချုပ်လိုရကား၊

ဈာသသာ မဈ္ဈေရ-ကုဏ္ဍုဠ္ဌ၊ ဝိရတိ-ကရုဏာဒယော၊
နာနာ ကဒါစိ မာနော စ၊ ထိနမိဒ္ဓ-တထာ သဟ။ ။

ဟူသော ဂါထာကိုမှီ၍၊ ။ဈာသသာ-မဈ္ဈေရ-ကုဏ္ဍုဠ္ဌ ဝိရတိ-ကရုဏာဒယော၊ဈာသသာ-မစ္ဆရိယကုက္ကုစ္စ-ဝိရတိ-ကရုဏာ အစရှိသောစေတသိက်တို့သည်၊ကဒါစိ၊ရံခါ၊နာနာ၊အသီးအသီး။ဟုတွဲ၊ဖြစ်၍၊ဇာယန္တိ၊ဖြစ်ကုန်၏။မာနော စ၊မာနစေတသိက်သည်လည်း၊ကဒါစိ၊ရံခါ၊ဇာယတိ၊ဖြစ်၏။တထာ၊ထိုအတူ၊ထိနမိဒ္ဓံ၊ထိနမိဒ္ဓစေတသိက်သည်၊ သဟ၊တကွ၊ကဒါစိ၊ရံခါ၊ဇာယတိ၊ဖြစ်၏။ ။ဤဂါထာပါ၌၌၊ကရုဏာဒယောပါ၌၌၊အာဒိသဒ္ဒါ၏၊အာဒိဝန်အရ။ မုဒိတာ စေတသိက်ကိုယူလေ။ ။ဤသည်လျှင်-နိယတ-အနိယတစေတသိက်တည်း။

---

## (၂၄၃) သင်္ဂဟနည်းသချာကိုပြဆိုခြင်း၊
## သင်္ဂဟနည်းသုံးဆဲ့သုံးနည်းအရ-သရုပ-စေတသိက်
## ယှဉ်ဟန်ကိုပြပေဦးတော့အံ့။

လောကုတ္တရာစိတ်-စေတသိက်အရ-သုံးဆဲ့ခြောက်ပါးရှ၏၊

ပထမဈာန်-အညသမာန်း၁၃-အပ္ပမညာကြဉ်၊သောဘဏ ၂၃၊ပေါင်း၃၆၊
ဒုတိယဈာန်-၌ ၃၆-ပါးတို့တွင်၊ဝိတက်ကြဉ်၊စေတသိက် ၃၅၊
တတိယဈာန်-၌ ၃၆-ပါးတို့တွင်၊ ဝိတက်-ဝိစာရကြဉ်၊စေတသိက် ၃၄။
စတုတ္ထဈာန်-၌၃၆-ပါးတို့တွင်၊ဝိတက်-ဝိစာရ-ပီတိကြဉ်၊စေတသိက်၃၃၊
ပဉ္စမဈာန်-၌၃၆-ပါးတို့တွင်၊ဝိတက်-ဝိစာရ-ပီတိကြဉ်၊ စေတသိက် ၃၃၊
{လောကုတ္တရာ-သင်္ဂဟနည်း-ငါးပါး}

---

မဟဂ္ဂုတ်-စေတသိက်အရ၊ သုံးဆဲ့-ငါးပါးရှ၏၊

ပထမဈာန်-အညသမာန်း၁၃-ဝိရတိကြဉ်၊ သောဘဏ ၂၂။ပေါင်း ၃၅၊
ဒုတိယဈာန်-၌ ၁၅-ပါးတို့တွင်၊ဝိတက်ကြဉ်၊စေတသိက် ၃၄၊
တတိယဈာန်-၌ ၁၅-ပါးတို့တွင်၊ဝိတက်-ဝိစာရကြဉ်၊စေတသိက် ၃၃၊
စတုတ္ထဈာန်-၌၁၅-ပါးတို့တွင်၊ဝိတက်-ဝိစာရ-ပီတိကြဉ်၊စေတသိက်၃၂၊
ပဉ္စမဈာန်-၌၁၅-ပါးတို့တွင်၊ဝိတက်-ဝိစာရ-ပီတိ-အပ္ပမညာကြဉ်၊ စေတသိက် ၃၀။

{မဟဂ္ဂုတ်-သင်္ဂဟနည်းငါးပါး}

မဟာကုသိုလ်-အညသမာန်း ၁၃၊ သောဘဏ ၂၅။ သုံးဆဲ့ရှစ်ပါးရ၏၊
ပထမနွေး-အညသမာန်း ၁၃၊ သောဘဏ ၂၅၊ ပေါင်း ၃၈-ပါးရ၏၊
ဒုတိယနွေး-၌ ၃၈-ပါးတွင်၊ ပညိန္ဒြေကိုကြဉ်၊ စေတသိက် ၃၇၊
တတိယနွေး-၌ ၃၈-ပါးတွင်၊ ပီတိကိုကြဉ်၊ စေတသိက် ၃၇၊
စတုတ္ထနွေး-၌ ၃၈-ပါးတွင်၊ ပညိန္ဒြေ၊ ပီတိကြဉ်၊ စေတသိက် ၃၆၊

{မဟာကုသိုလ်-သင်္ဂဟနည်းလေးပါး}၊

---

မဟာဝိပါက်-စေတသိက်အရ၊ သုံးဆဲ့-သုံးပါးရ၏။

ပထမနွေး- အညသမာန်း ၁၃၊ ဝိရတီ အပ္ပမညာကြဉ်၊ သောဘဏ ၂၀။ ပေါင်း ၃၃၊
ဒုတိယနွေးရင်း ၃၃-ပါးတွင်၊ ပညိန္ဒြေကြဉ်၊ စေတသိက် ၃၂-ပါး၊
တတိယနွေး ၃၃-ပါးတွင်၊ ပီတိကြဉ်၊ စေတသိက် ၃၂-ပါး၊
စတုတ္ထနွေး-ရင်း ၃၃-ပါးတွင်၊ ပညိန္ဒြေ၊ ပီတိကြဉ်။ စေတသိက် ၃၁-ပါး၊

{မဟာဝိပါက်-သင်္ဂဟနည်း-လေးပါး}၊

---

မဟာကြိယာ-စေတသိက်အရ၊ သုံးဆဲ့ငါးပါးရ၏၊

ပထမနွေး-အညသမာန်း ၁၃-ဝိရတီကြဉ်၊ သောဘဏ ၂၂။ ပေါင်း ၃၅။
ဒုတိယနွေး-ရင်း ၃၅-ပါးတွင်၊ ပညိန္ဒြေကြဉ်၊ စေတသိက် ၃၄၊
တတိယနွေး ၃၅-ပါးတွင်၊ ပီတိကြဉ်၊ စေတသိက် ၃၄၊
စတုတ္ထနွေး-ရင်း ၃၅-ပါးတွင်၊ ပညိန္ဒြေ၊ ပီတိကြဉ်၊ စေတသိက် ၃၃၊

{မဟာကြိယာ-သင်္ဂဟနည်း-လေးပါး}၊

---

အကုသိုလ်စိတ်-စေတသိက်အရ၊ အညသမာန်း ၁၃၊ အကုသိုလ် ၁၄၊ ပေါင်း ၂၇-ပါးရ၏၊

ပထမ-အသင်္ခါရိက-အညသမာန်း ၁၃၊ သဗ္ဗာကုသလသာဓာရဏ ၄၊ လောဘ-ဒိဋ္ဌိ-ပေါင်း ၁၉၊ }
ဒုတိယ အသင်္ခါရိက-အညသမာန်း ၁၃၊ သဗ္ဗာကုသလသာဓာရဏ-၄၊ လောဘ-မာန၊ ပေါင်း ၁၉၊ } ၁

ပဌမ-သသင်္ခါရိက၊ ၎င်း ၁၉-တွင်၊ ထိနမိဒ္ဓ-ထည့်၍ စေတသိက် ၂၁၊
ဒုတိယ-သသင်္ခါရိက၊ ၎င်း ၁၉-တွင်၊ ထိနမိဒ္ဓ-ထည့်၍ စေတသိက် ၂၁၊ ၂

တတိယ-အသင်္ခါရိက၊ ၎င်း ၁၉-တွင်၊ ပီတိကြဉ်-စေတသိက် ၁၈၊
စတုတ္ထ-အသင်္ခါရိက၊ ၎င်း ၁၉-တွင်၊ ပီတိကြဉ်။ စေတသိက် ၁၈၊ ၃

တတိယ-သသင်္ခါရိက၊ ၎င်း ၁၈-တွင်၊ ထိနမိဒ္ဓ-ထည့်၍ စေတသိက် ၂၀၊
စတုတ္ထ-သသင်္ခါရိက၊ ၎င်း ၁၈-တွင်၊ ထိနမိဒ္ဓ-ထည့်၍ စေတသိက် ၂၀။ ၄

{လောဘမူ-သင်္ဂဟနည်းလေးပါး}။

---

ဒေါသမူ-အသင်္ခါရိက-ပီတိကြဉ်၊ အညသမာန်း ၁၂။ သဗ္ဗာကုသလသာဓာရဏ-၄၊ ဒေါ-ဣဿ-မစ်,ကုစ် ၄။ ပေါင်း ၂၀၊ ၅

ဒေါသမူ-သသင်္ခါရိက၊ ၎င်း ၂၀-တွင်၊ ထိနမိဒ္ဓထည့်၍ စေတသိက် ၂၂။ ၆

ဥဒ္ဓစ္စသဟဂုတ်-ဆန္ဒ-ပီတိ-ကြဉ်၊ အညသမာန်း ၁၁၊ သဗ္ဗာကုသလသာဓာရဏ ၄၊ ပေါင်း ၁၅။
ဝိစိကိစ္ဆာ-သဟဂုတ်၊ ၎င်း ၁၅-တွင်၊ အဓိမောက္ခကြဉ်၍ ဝိစိကိစ္ဆာထည့်၊ ပေါင်း ၁၅၊ ၇

{အကုသိုလ်သင်္ဂဟနည်း ၇-ပါး}။

---

အဟိတ်စိတ်-စေတသိက်ရ ဆန္ဒကြဉ်သော အညသမာန်း ၁၂-ပါးရ၏၊ ဟသိတုပ္ပါဒ်-၎င်းစေတသိက် ၁၂-ပါး။

သော—သန္တိ, ဝုဋ္ဌာ—ဆဋ္ဌ-ဝိရိယကြည့်သော—အညသမာန်း ၁၁-ပါး ရ၏၊ဝုဋ္ဌာန်၌ပီတိလှည့်ကြည့်၊
ဥ—သန္တိ-မနောဓာတ်—ဆဋ္ဌ ပီတိ-ဝိရိယကြည့်သောအညသမာန်း ၁၀၊ ဒွေးပဥ္စဝိညာဏ် ၁၀၊ သဗ္ဗစိတ္တသာဓာရဏ ၇-ပါးရ၏၊

{အဟိတ်—သင်္ဂဟနည်းလေးပါး}၊

---

## (၂၄၄) လောကုတ္တရာနည်း၌သဘောကိုပြခြင်း၊

သင်္ဂဟနည်းသုံးဆဲ့သုံးနည်းတို့တွင်၊လောကုတ္တရာသင်္ဂဟနည်းဝယ်၊အပ္ပမညာစေတသိက်ကိုကြည့်ရာ၌၊ အဘဲ့ကြောင့်ကြည့်သနည်းဟူမူ၊ အပ္ပမညာသည် သုခိတ,ဒုက္ခိတသတ္တဝါပညတ်ကိုအာရုံပြု၏၊ လောကုတ္တရာသည်-နိဗ္ဗာန်ကိုအာရုံပြု၏။ထိုသို့အာရုံမတူရကား၊ လောကုတ္တရာ၌—အပ္ပမညာကိုကြည့်တော်မူ၏၊ထိုကြောင့်ဋီကာကျော်၌၊ ၊အပ္ပမညာနံသတ္တာရမ္မဏတ္တာ လောကုတ္တရာနဥ္စနိဗ္ဗာနာရမ္မဏတ္တာဝုတ္တံ အပ္ပမညာဝဇ္ဇိတာတိ၊ ၊ဟုဘွင့်ပြ၏။ ၊အပ္ပမညာနံ၊အပ္ပမညာစေတသိက်တို့၏၊သတ္တာရမ္မဏတ္တာ၊သုခိတ ဒုက္ခိတ သတ္တဝါကို အာရုံ ပြုသည်၏ အဖြစ်ကြောင့်၊ လောကုတ္တရာ နဥ္စ၊ လောကုတ္တရာစိတ်၏လည်း၊ နိဗ္ဗာနာရမ္မဏတ္တာ၊ နိဗ္ဗာန်ကို အာရုံပြုသည်၏ အဖြစ်ကြောင့်၊အပ္ပမညာဝဇ္ဇိတာတိ၊ဟူ၍၊ အာစရိယေန၊ ရှင်မဟာအနုရုဒ္ဓါသည်။ ဝုတ္တံ၊မိန့်တော်မူ၏၊ ၊ဤလောကုတ္တရာနည်း၌ ဆောင်ပုဒ်၊ လင်္ကာ အချုပ်ကား၊

(၁) အညဆဲ့သုံးဖြာ၊သောဘဏာ၊ပမညာကြည့်ခါဖြစ်၊
(၂) သုံးဆဲ့ခြောက်ဖြာ၊လောကုတ်မှာ၊ပထမာဈာန်ရလစ်၊
(၃) ဒုင်း၌တွင်၊ဝိတက်ကြည့်၊ဒုဈာန်ယှဉ်—ဗျည်းတိ သစ်၊
(၄) တတိယမှာ၊ဝိစာရာ၊ကြည့်ခါ—ဖောတိ သစ်၊
(၅) စ-မ,ဈာန်နှစ်ထိ၊ဝိ,စာ,ပီ၊ကြည့်ပြီ-တေတ္တိံ သစ်၊
(၆) လောထုတ်စိတ်မှာ၊သင်္ဂဟာ၊နည်းလာငါးဖြာလှစ်၊

လောထုတ္တရာနည်း ငါးနည်းပြီးပြီ။

---

## (၂၄၅) မဟာဂ္ဂုတ်နည်း၌သဘောကိုပြခြင်း။

မဟာဂ္ဂုတ်၌—သင်္ဂဟ နည်းငါးပါးကို ပြဆိုဦးအံ့၊ ၊မဟာဂ္ဂုတ်စိတ်၌—ဝိရတိစေတသိက်သုံးလုံးကို၊အဘဲ့ကြောင့် ကြည့်သနည်းဟူမူ၊ ၊မဟာဂ္ဂုတ်

ချာန်ဘ်ိသည်၊ ဘိလဝိသုဒ္ဓိ၏ အစွမ်းအားဖြင့်၊ သုတ်သင်ပြီးသော ကာယပယောဂ၊ ဝစီပယောဂရှိသော ယောဂီပုဂ္ဂိုလ်အား၊ သက်သက် စိတ်သည့် ကြံစည်ခါမျှသာလျှင် ဖြစ်ကုန်၏၊ ကာမာဝစရကုသိုလ်ကဲ့သို့၊ ကာယကံ-ဝစီကံကိုသုတ်သင်သည့်၏အစွမ်းအားဖြင့်လည်းမဖြစ်၊လောကုတ္တရာကုသိုလ်ကဲ့သို့ ဒုစ္စရိုက်,ဒုရာဇီဝတို့ကိုအကြွင်းမဲ့ဖြတ်သည့်၏ အစွမ်းအားဖြင့်လည်း မဖြစ်၊ထိုကြောင့်၊ ဒုစ္စရိုက်,ဒုရာဇီဝကို ဖြတ်တတ်သော ဝိရတီ စေတသိက်ကို၊ မဟဂ္ဂုတ်စိတ်၌ ကြည့်အပ်ထုန်၏၊ဋီကာ၊ ၊ကရုဏာ မုဒိတာ ပနေတ္ထ ပဉ္စကမေဝယောဇေတဗ္ဗာ။ ၊သဂြိုဟ်ပါဠိအရ၊အဓိပ္ပါယ်အပြကား။ ၊ ဒုက္ခိတသတ္တဝါကိုအာရုံပြု၍၊ကရုဏာဘာဝနာပွါးသောအခါ၌၊ မဟဂ္ဂုတ်စိတ်မှာစေတသိက်စတုတ္တိံသ-ရကုန်၏၊ သုခိတသတ္တဝါကိုအာရုံပြု၍ မုဒိတာဘာဝနာပွါးသောအခါ၌၊ မဟဂ္ဂုတ်စိတ်မှာ၊ စေတသိက်-စတုတ္တိံသ ရထုန်၏၊ကရုဏာ-မုဒိတာစေတသိက်နှစ်ပါးသည် အာရုံကွဲပြားရကား။တပြိုင်နက်မဖြစ်ထုန်။ အသီးအသီးသာလျှင် ဖြစ်ကုန်၏၊ ၊ကရုဏာမုဒိတာ ပနာဘိန္နာရမ္မဏတ္တာ၊ ၊ဋီကာကျော်။ ၊ကရုဏာ မုဒိတာပန၊ ကရုဏာ မုဒိတာတို့သည်ကား၊ဘိန္နာရမ္မဏတ္တာ၊အာရုံကွဲပြားသည့်၏ အဖြစ်ကြောင့်တည်း၊ ၊မဟဂ္ဂုတ်နည်း၌သောင်ပုန်လင်္ကာအရကား၊

သောဘဏစေတွင်။ဝိရတီကြဉ်၊အညလျှင်ဆဲ့သုံးဝ၊
သုံးဆဲ့ငါးဖြာ။ဈာန်သုံးမှာ၊မဟဂ္ဂုပထမ၊
ဒုတိယဈာန်မှာ၊ဝိကြဉ်ပါ။စေမှာဇောတိံသ။
တတိဈာန်မှာ။ဝိ-ဝိစာ၊ကြဉ်ပါတေတ္တိံသ။
စတုတ္ထဈာန်မှိ။ဝိ-စာ-ပီ။ကြဉ်မှိဗာတ္တိံသ၊
ငါး၌တွင်။ပမည်ကြဉ်။တိံသယှဉ်ပဥ္စမ။
မဟဂ္ဂုတ်မှာ၊နည်းငါးဖြာ၊သချာညထ်ဖြင့်ဆ၊

မဟဂ္ဂုတ်-သင်္ဂဟ-ငါးနည်းပြီး၏။

---

## (၂၄၆) ကာမသောဘဏ၌သင်္ဂြိုဟ်ကိုပြခြင်း၊

ကာမသောဘဏ၊သင်္ဂဟနည်း၌၊ ကာမကုသိုလ်ကိုပြရာဝယ်၊ ၊အပ္ပမညာဝိရတိယောပနေတ္ထပဉ္စကမေဝယောဇေတဗ္ဗာ၊ ။ဟူသောပါဠိအရ၊ ထွမ်းလှူသော အခါသမယ၌။ ကာမကုသိုလ်သည်၊ အပ္ပမညာ, ဝိရတီစေ

တသိက်မယှဉ်ရကား၊ စေတသိက်တွေ့ သသာလျှင် ရကုန်ရာ၏၊ ထိုလကိုခံယူသောအခါကာလ၌၊ကာမာဝစရကုသိုလ်သည်၊ ဆွတ္တိ သသာလျှင်ရကုန်၏၊ ကရုဏာ၊မုဒိတာဘာဝနာပွါးသောကာလ၌၊ သတ္တတိ သကိုယ်စီရရာ၏၊ သပ္ပိုဟ်၌ကား၊ ရသင့်သည်အတိုင်းယူ၍ ပြုအပ်သောယထာလာဘယောဇနာနာနည်းကိုသာလျှင်ပြတော်မူ၏၊မဟာကုသိုလ်ဆိုတိုင်းအဋ္ဌတိံသစေတသိက်ရ၏ဟု မမှတ်လင့်။ ၊သဘောနက်လို့၊ ဉာဏ်ထက်မှ–၍အချက်ကို သိမည်ဟုမှတ်၊ ၊အဝိပ္ပါယ်ယူဆနည်း၊ နိဿယည်းကိုပြဆိုလိုက်ပြီ၊ ၊အပ္ပမညာသည်၊သတ္တပညတ်ကိုအာရုံပြု၏၊ ဝိရတိစေတသိက်သည်၊ ဝိတိက္ကမိတဗ္ဗ ဝတ္ထုကိုအာရုံပြု၏၊ ဤသို့အာရုံ ပြုခြင်း ပြားရကား။ ဤစေတသိက်သည် အသီးအသီး သာလျှင် ဖြစ်ထုန်၏ဟုမှတ်၊ ၊ပဌွေကမေဝယောဇေတဗ္ဗာပါဠိကို ယတိဖြတ်၍သိလေ၊

မဟာကြိယာစိတ်၌ဝိရတိကို၊အဘယ့်ကြောင့်ကြဉ်သနည်းဟူမူ၊လောကီဝိရတီသည်၊ စင်စစ်ကေန်၊ကုသိုလ်သဘောမှန်သောကြောင့်။ မဟာကြိယာစိတ်၌ မယှဉ်ကုန်၊ ထိုကြောင့် ဋီကာတို့၌၊ ။လောကိယ ဝိရတီနံ ဧကန္တ ကုသလသဘာဝတ္တာမဟာကြိယစိတ္တေဝိရတီနံ သမ္ဘဝေါနတ္ထိ၊ ၊ဟုဘွင့်ပြတော်မူ၏၊ ၊လောကိယဝိရတီနံ၊ လောကီဝိရတီတို့၏၊ ဧကန္တကုသလသဘာဝတ္တာ၊စင်စစ်ကုသိုလ်သဘောရှိသည်၏အဖြစ်ကြောင့်၊ မဟာကြိယစိတ္တေ၊မဟာကြိယာစိတ်၌။ ဝိရတီနံ၊ ဝိရတီတို့၏၊ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်၊နတ္ထိ၊မရှိ။ ၊မဟာဝိပါက်စိတ်၌-အဘဲ့ကြောင့်အပ္ပမညာ-ဝိရတီ-မယှဉ်သနည်းဟူမူ၊ ၊ကာမာဝစရဝိပါက်သည်။ ကာမကိုအာရုံပြု၏၊ အပ္ပမညာသည် သတ္တပညတ်ကို အာရုံပြု၏၊ ဝိရတီ စေတသိက် တို့သည်၊ ကုသိုလ်သဘော ရှိထုန်၏၊ ထိုသို့သဘော အာရုံ ထူးခြား ကုန်သောကြောင့်၊ မဟာဝိပါက်၌-ဝိရတီ၊အပ္ပမညာစေတသိက်နှစ်ပါးသည်မယှဉ်ဟုမှတ်၊

လောကီဝိရတီစေတသိက်တို့၏၊ ကုသိုလ်သဘောရှိသည်၏ အဖြစ်ကို–ထင်ရှားစွာပြဆိုဦးအံ့။ ။ပဉ္စသိက္ခာပဒါနိ-ကုသလာနိယေဝ၊ ၊သိက္ခာပဒဝိဘင်းပါဠိတော်၊ ၊ပဉ္စသိက္ခာပဒါနိ ငါးပါးသော သိက္ခာပုဒ်ရှိသော ငါးပါးသီလတို့သည်၊ကုသလာနိယေဝ၊ကုသိုလ်တို့သည်သာလျှင်တည်း။ဤပါဠိတော်အရ၊ပဉ္စသိက္ခာပဒါနိဟူသောပါဌ်ဖြင့်၊လောကီဝိရတီ၏ကုသိုလ်အဖြစ်ကိုပြတော်မူ၏၊ထိုကြောင့်၊အဘိဓမ္မာဝတာရ ဋီကာသစ်၌၊ ။တေစ ဝိရတီသဘာဝါဧဝ၊ ၊ဟုဘွင့်ပြ၏၊ ။တေစ၊ ထိုငါးပါးသီလတို့သည်လည်း၊ဝိရတီသဘာဝါဧဝ၊ဝိရတီသဘောရှိကုန်သည်သာလျှင်တည်း၊ ၊

ဤသို့ ထိက္ခာပဒဲ ဝိဘင်းပါဠိတော် အဋ္ဌကထာ, ဋီကာအရဖြင့် ငါးပါးသီလကို စောင့်သဖြင့်၊ အာဇီဝဋ္ဌမကသီလ ပြည့်စုံသည်ကို ပြတော်မူ၏။ ။ငါးပါးသီလသည်၊ အာဇီဝဋ္ဌမ-အကြွင်းဝင်၍ပြဟန်ကား၊ ။ငါးပါးသီလတို့တွင်၊ အစဖြစ်သောကာယကံသုံးပါးနှင့်သုရာပါနသိက္ခာပုဒ်ကို။သမ္မာကမ္မန္တ၌ သွင်းယူအပ်ကုန်၏၊ မုသာဝါဒ သိက္ခာပုဒ်ကို။သမ္မာဝါစာ၌ သွင်းယူအပ်ကုန်၏။ ၎င်းငါးပါးသောသိက္ခာပုဒ်တို့ကိုလည်း၊ မိစ္ဆာဇီဝလျှင်အကြောင်းရှိသော ငါးပါးသောဒုစရိုက်မှ ရှောင်ကြဉ်သည်၏ အစွမ်းအားဖြင့်။ သမ္မာအာဇီဝ၌ သွင်း၍ယူအပ်ရကား၊ ငါးပါးသီလကိုပြည့်စုံလေလျှင်၊ အာဇီဝဋ္ဌမကသီလကိုလည်း၊ပြည့်စုံသည်မည်၏ဟုမှတ်။ အာဇီဝဋ္ဌမကသီလကို၊ အသီးအခြားခံယူမှု၊အာဇီဝပြည့်စုံသည်မဟုတ်၊ ထိုကြောင့်၊ သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ၌၊ ။တဏ္ဍုသီလန္တိ ဝစနေနသမ္မာဝါစာကမ္မန္တာဇီဝါ ဂဟိတာ။ ။ဟုဖွင့်ပြတော်မူ၏၊ ။တဏ္ဍုဝစနေ၊ထိုစကားရပ်၌၊သီလန္တိ ဝစနေန၊သီလံ-ဟူသောသဒ္ဒါဖြင့်၊ သမ္မာဝါစာ ကမ္မန္တာဇီဝါ၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝတို့ကို၊ ဂဟိတာ၊ သိမ်းယူအပ်ကုန်၏၊ ။အဘိဓမ္မာဝတာရ ဋီကာသစ်၌လည်း၊ အာဇီဝဋ္ဌမကသီလ၏ငါးပါးသီလ၌၊ အကြွင်းဝင်ပုံကိုပြဆိုသေး၏၊ဤနည်းတူဖြစ်၍အသီးမယူပြီ၊

ဤအရာ၌၊ အချို့သော ဝါဒီဆရာတို့သည်ကား။ ဝစီကံလေးပါးတို့တွင်၊ မုသာဝါဒါဝေရမဏီဟူအစတပုဒ်ကို၊ ဆိုခါမျှဖြင့်၊ ပိသုဏာဝါစာစသော နောက်သုံးပါးမပါမရှိရကား။သမ္မာဝါစာအလုံးစုံကိုမရနိုင်၊လေးပါးလုံးကို ဆို၍ခံယူမှသာလျှင်၊သမ္မာဝါစာအလုံးစုံကိုရနိုင်၏၊ သစ္စဝိဘင်းအဋ္ဌကထာ၌လည်း၊ ။ယသ္မာ အညေနေဝ စိတ္တေန မုသာဝါဒါ ဝိရမတိ၊ အညေန ပိသုဏာဝါစာဒီဟိ တသ္မာ စတဿော ပေတာ ဝေရမဏိယော ပုဗ္ဗဘာဂေ နာနာ၊ ။ဟုပြတော်မူပေသည်ဟု-ပြောဆိုကြပေကုန်၏၊ ။ထိုဆရာ တို့၏ စကားအတိုင်း၊ မုသာဝါဒ တပါးကို ရှောင်ကြဉ်ခါမျှဖြင့်၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊သမ္ဖပ္ပလာပတို့သည်မပါကုန်ဟုမမှတ်သားအပ်။တပါးဆိုငြားသော်လည်း၊ကြွင်းသုံးပါးပါ၏ဟုမှတ်သားအပ်၏။အဘယ့်ကြောင့်ဟူမူ၊ မုသာဝါဒသိက္ခာပုဒ်တည်းဟူသောအဝိတ်ဖြင့်၊ ဝစီကံလေးပါးအပေါင်းကိုမှတ်၍ ပြသော သမုဒ္ဒါယုပလက္ခဏာ စကားဖြစ်သောကြောင့်တည်း၊ ထိုကြောင့် အာဝုဒ္ဒနာဝိုယသုတ် ဋီကာစာနံပါတ် ၁၃၁-၌၊ ။အဝယဝေနဝါသမုဒ္ဒါယုပလက္ခဏာမေတံ။ ။ဟုဖွင့်ပြတော်မူ၏၊ ။ဧတံ၊ ဤစကားသည်၊ အဝယဝေနဝါ၊အဝိတ်ဖြစ်သောသိက္ခာပုဒ်ဖြင့်လည်း၊ သမုဒ္ဒါယုပလက္ခဏံ၊အ

ပေါင်း ဆိက္ခာပုန်ကို မှတ်သောစကားတည်း။ ။ဤဒိုကာပါဠိကို၊ ဆိမြင်တော်မူကြသဖြင့်။ မုသာဝါဒဆိက္ခာပုန် အစိတ်ကို ဆောက်တည်သဖြင့်၊ ဝိသုဏာစသော ဆိက္ခာပုန် သုံးပါးကိုလည်း ရှောင်ကြဉ်အပ်၏ဟု ဆိအပ်တော့သည်။

မုသာဝါဒဆိက္ခာပုန်ကို ပယ်သဖြင့်လည်း၊ ပိသုဏာဝါစာစသော သုံးပါးကိုပယ်သည့်မည်၏ဟု၊ သမုဒါယုပလက္ခဏာ စကားကို မှတ်သားအပ်၏၊ အဘာယ်ကဲ့သို့၊ ဓမ္မူပမာအားဖြင့် သိအပ်သနည်းဟူမူ၊ ။အပိသုဏာ၊ ဟု အာဝုဒ္ဓနာဒိုယသုတ်၌၊ဘုရားဟောတော်မူခြင်းသည်၊ ပိသုဏာဝါစာကိုသာ လျှင်မဆိုသည်မဟုတ်၊ဖရုသစသည်ကိုမဆိုကုန်ဟု ပြတော်မူရကား။မြတ်ဘုရားဟောကြားသော အပိသုဏာဟူသောစကားသည်၊ဒေသနာဘိသ-နိဒဿနနည်းမျှသာတည်းဟုပြတော်မူလိုသော အဋ္ဌကထာဆရာသည်၊ အပိသုဏာတိ ဒေသနာဘိသမတ္တမေတံ။အမုသာ-အပိသုဏာ-အဖရုသာ၊ မန္တဘာဏိနောတိ အတ္ထော၊ ။ဟုပါဠေယျအဋ္ဌကထာ၌ဘွင့်ပြတော်မူ၏၊ ။ ဤသို့–အပိသုဏာတပုန်ကိုဟောသဖြင့်၊အမုသာစသောလေးပုန်ကိုယူအပ်၏ဟုအဋ္ဌကထာဆရာတော်ပြသကဲ့သို့၊ဤနေရာ၌လည်း၊သမုဒါယုပလက္ခဏာစကားဖြစ်ရကား၊ မုသာဝါဒါဝေရမဏီဟုဆိုသဖြင့်၊ ဖရုသဝါစာ-စသော နောက်သုံးပါးကိုလည်း ယူအပ်၏-ဟုမှတ်၊ ထိုကြောင့်၊ သုတ်ပါထေယျဒိုကာ၌၊ ။သတိစ ဝိသုဏာဝါစပ္ပဟာနေ၊ဖရုသဝါစာပဟီနာဝ ဟောတိ၊ ပဂေဝမုသာဝါဒေါ၊ ။ဟု ဘွင့်ပြ တော်မူ၏။ ။ပိသုဏာဝါစာပဟာနေ၊ ဝိသုဏာဝါစာကို ပယ်ခြင်းသည်၊ သတိ၊ ရှိသော်၊ ဖရုသဝါစာ၊ ဖရုသဝါစာကို၊ ပဟီနာဝ၊ပယ်ပြီးသည်သာလျှင်၊ ဟောတိ၊ ၏၊ မုသာဝါဒေါ၊မုသာဝါဒသည်၊ပဂေဝ၊အဘာယ်ဆိုဘွယ်ရှိတော့အံ့နည်း၊ ။သစ္စဝိဘင်း အဋ္ဌကထာဆရာတော်၏ အပြသည်လည်း၊ ဝစီကံလေးပါး၏ အသီးအသီး၊ မဟာထုသိုဘ်ဝိတ်၌၊ယှဉ်ပုံကိုသာလျှင် ပြဆိုသော စကားဖြစ်ပေသည်။မုသာဝါဒကိုရှောင်ကြဉ်လျှင်၊ပိသုဏ-ဖရုသ-သမ္ဖပ္ပလာပ ရှောင်ကြဉ်ရာမမည်ဟု ပြသည်မဟုဘ်၊ ထိုသို့ဖြစ်ရကား၊မုသာဝါဒါဝေရမဏီ-ဟု၊ အဝယဝသိက္ခာပုန်ကိုပြဆိုသဖြင့်။ ပိသုဏာဝါစာ, စသော နောက်ဆိက္ခာပုန်ကိုလည်း ရှောင်ကြဉ်အပ်၏ဟု တပ်အပ်သေချာ၊ မှတ်ကုန်ရာ၏၊ ငါးပါးသီလဖြစ်၍။ သာလျှင်၊ ပဉ္စ၊သန္နိုသဉ္စါနှင့် သင်္ချေယျညီမျှအောင်သာလျှင်၊ မုသာဝါဒကို အသီးထုတ်၍၊ ကြွင်းသုံးပုန်ကို သမုဒါယုပလက္ခဏာဖြင့် ဟောကြားတော်မူ

ဖြ။ ဟုထက်မျက်သော ဉာဏ်စက္ခုဖြင့်၊ ရှုကြလေကုန်၊ ။ဤအချင်တရပ်၊ ယထိပြတ်၍၊သုံးဖြတ်အပ်သောဝိနိစ္ဆယစကားမြတ်တည်း။

ဤနေရာ၌၊စကားဆက်၍ပြဆိုဦးအံ့၊ ။အာဇီဝဋ္ဌမကသီလသည်၊ပဋိပတ္တိဝတ္တမ အားဖြင့်၊ မဂ်အစ ဖြစ်ရကား။ အာဒိဗြဟ္မစရိယ သီလမည်၏။ ကြွင်းသောငါးပါး၊ရှစ်ပါးသီလသည်၊အဘိသီလသိက္ခာပုဒ်၌၊အကျုံးဝင်ရကား၊ ထူးမြတ်သော သီလဖြစ်သောကြောင့်၊အဘိသမာစာရိကသီလမည်၏။ထိုကြောင့်၊ဝိသုဒ္ဓိမဂ်မဟာဋီကာ၌၊ ။အဘိသီလသိက္ခာပရိယာပန္နတ္တာ အဘိဝိသိဋ္ဌောသမာစာရော။ ။ဟုဘွင့်ပြ၏။ ။အဘိသီလသိက္ခာပရိယာပန္နတ္တာ၊ အဘိသီလသိက္ခာပုဒ်၌ အကျုံးဝင်သောကြောင့်၊ အဘိဝိသိဋ္ဌော၊ အလွန်အထူးသဖြင့်မြတ်သော၊ သမာစာရော၊ကောင်းသော အကျင့်သည်၊ ဟောတိ၊ဖြစ်၏၊ဣတိ၊ကြောင့်၊အဘိသမာစာရော၊အဘိသမာစာရမည်၏။ ။ဤဋီကာဆရာတော် ပြဆိုသည့်အတိုင်းနှင့်အညီ၊အဘိသမာစာရိက တည်းဟူသော ငါးပါးသီလကို စောင့်ထိန်း၍ ပြည့်စုံလျှင်၊ အာဒိဗြဟ္မဟု ဆိုအပ်သော အာဇီဝသီလသည်လည်း၊ပြည့်စုံသည်သာတည်း၊ အာဒိဗြဟ္မသီလ-အာဇီဝကို၊ တသီးတခြားစောင့်ထိန်းရန်မရှိဟုမှတ်၊ ထိုကြောင့်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌၊ ။တဿသသမ္ပုဏ္ဏေယာ အာဒိဗြဟ္မစရိယကံသမ္ပဇ္ဇတိ။ ။ဟုဘွင့်ပြတော်မူ၏။ ။တဿ၊ထိုအဘိသမာစာရိက ငါးပါးသီလ၏၊သမ္ပုဏ္ဏိယာ၊ပြည့်စုံသဖြင့်၊အာဒိဗြဟ္မစရိယကံ၊အာဒိဗြဟ္မစရိယကဟုဆိုအပ်သော အာဇီဝဋ္ဌမက သီလသည်၊ သမ္ပဇ္ဇတိ၊ပြည့်စုံ၏၊ ။ဤသို့အဋ္ဌကထာ ဆရာ ပြတော်မူခြင်းသည်၊အင်္ဂုတ္တိုရ်ပါဠိတော်၌ဟောတော်မူသော၊ ။သောဝတ ဘိက္ခဝေဘိက္ခု အဘိသမာ စာရိကံဓမ္မံ အပရိပူရေတွာ အာဒိဗြဟ္မစရိယကံဓမ္မံ ပရိပူရေဿတီတိ နေတံဌာနံ ဝိဇ္ဇတိဘိ၊ ။ဟူသော ပါဠိတော်ကို ထောက်ထား၍ ဘွင့်ဆိုတော်မူ၏၊ ။ဤပါဠိတော်၏ အဓိပ္ပါယ်ကား၊အဘိသမာစာရိက သီလကို မဖြည့်မကျင့်မူ၍၊ အာဒိဗြဟ္မစရိယ သီလပြည့်စုံ၏ဟူ၍မရှိကောင်း၊အဘိသမာစာရိကသီလကို ဖြည့်ကျင့်မှသာလျှင်၊အာဇီဝဟုဆိုအပ်သောအာဒိဗြဟ္မစရိယပြည့်စုံကြောင်းကိုဟောတော်မူ၏ ဟူလို၊ ။ဤလျှင်တရပ်-အာဒိဗြဟ္မ၊အဘိသမာစာရ-နှစ်ပါး ထူးခြားပုံတည်း။

## (၂၄၇) ကာမသောဘဏသင်္ဂဟ ၁၂-နည်းကိုပြခြင်း။

ကာမ သောဘဏ စိတ်၌၊ သင်္ဂဟနည်း ၁၂-နည်းကို ခွဲခြား၍-ပြဆို ရေးသားဦးတော့အံ့။

(၁) သောဘဏစေ၊အညစေ၊ဍတိ သေပထမနွေး။
(၂) ဒုတိယနွေးလျှင်၊ပညာကြဉ်၊သဏ္ဍတိ ယှဉ်တွေး၊
(၃) တတိယနွေးမှာ၊ပီ,ကြဉ်ပါ၊သဏ္ဍာတိ သရေး၊
(၄) စတုတ္ထနွေးမှာ၊ပိ,ပညာ၊ကြဉ်ပါဆတ္တိ ရေး။
(၅) မဟာကုသလ၊သင်္ဂဟ၊နယလေးခုတွေး။
(၆) မဟာဝိပါက်မှာ၊ပမညာ၊ဝိရတာကြဉ်တုံဘိ၊
(၇) ပထမသုံးဆယ်သုံး၊ဒုနွေးချုံး၊သိမ်းရုံးဗာတ္တိ ရှိ။
(၈) စေဗာတ္တိ သ၊တတိယ၊စတုတ္ထကော်တိ သရှိ။
(၉) မဟာဝိပါက၊သင်္ဂဟ၊နယလေးမှတ်ဘိ၊
(၁၀) ကြိယာရှစ်တွင်၊ဝိရတီကြဉ်၊စေယှဉ်မှတ်ကုန်ကြ၊
(၁၁) ဝိတ်ပထမံ၊ဗျည်းတိ သံ၊ဒုတိယံဇောတိ သ။
(၁၂) တတိယနွေးမှာ၊ဇောတိ သာ၊စတုတ္ထာတေတ္တိ သ၊
(၁၃) မဟာကြိယာ လေးနည်းသာ၊သေချာမှတ်ကုန်ကြ၊

ကာမသောဘဏတဆဲ့နှစ်နည်းပြီးပြီ၊

---

## (၂၄၈) အထူးပြုသောစေတသိက်ကိုပြခြင်း။

**အမေး၊** ။အထူးပြုလိပ်၊စေတသိက်၊ ခွဲစိတ်မည်မျှနည်း။
**အဖြေ၊** ။ဝိရတီပမညာ၊ဈာန်လေးဖြာ၊ဆဲ့သာထူးသည်တည်း။

လောကုတ္တရာ၌ငင်း၊မဟဂ္ဂုတ်၌ငင်း။ဝိတက်-ဝိစာရ-ပီတိ-သုခ-ဝေဒနာ စေတသိက်တို့သည် အထူးပြုကုန်၏၊မဟဂ္ဂုတ်၌ အပ္ပမညာစေတသိက်တို့ သည် အထူးပြုကုန်၏၊ ကာမသောဘဏစိတ်၌၊ ဝိရတီတို့သည်၊ ကုသိုလ် တို့မှ ဝိပါက်, ကြိယာတို့ကို အထူးပြုကုန်၏။ အပ္ပမညာတို့သည်၊ ကုသိုလ် ကြိယာမှဝိပါက်တို့ကို အထူးပြုကုန်၏၊ ဉာဏ်ပီတိသည်၊ ပထမအစုံယုဂဠ စသည်မှ-ဒုတိယအစုံယုဂဠတို့ကို အထူးပြုကုန်၏-ဟုမှတ်၊

## (၂၄၉) အကုသလသင်္ဂဟသဘောကိုပြခြင်း။

အကုသိုလ်သင်္ဂဟနည်း၌။ ။ဇုသဘာဝမဟုတ္တရိယတုက္ကူးစွာနိပနေဃ္ဃပဋ္ဌေ ကမေ၀ယောဓေတဗ္ဗာနိ။ ။ဟူသောပါဠိ၌အရ။ အမိဗ္ဗါယ်အပြကား။ ။ သူတပါး၏ ဥစ္စာစည်းစိမ် ပြည့်စုံသည်ကိုမြင်၍၊ ငြူစူစောင်းမြောင်းခြင်း ဇုသဘာဝဖြစ်သောအခါ၊ စေတသိက် တဆဲ့ရှစ်ပါး ဒေါသမူစိတ်၌ရအပ်၏။မိမိ ပစ္စည်း-ဝန်တိုခြင်းမစ္ဆရိယဖြစ်သောအခါ၌ရင်း။ပြုအပ်ပြီးသောဒုက္ကရိုက်-မပြု မိသောသုစရိုက်ကိုနှောင်တဘာန်၊ ပူပန်သောအခါ၌ရင်း။ စေတသိက် တဆဲ့ ရှစ်ပါး-ဒေါသမူစိတ်၌ရအံ့ဟုမှတ်သားအပ်၏။ ။ပညာဉာဏ်ရှိသူတို့သတိ မူလေ။ ။၎ပါဠိ၌ အမိဗ္ဗါယ် အနှစ်သာရကို၊ ဘယ်ဆရာတဦးမှုမပြကုန်၊ သတိမရကြကုန်၊ ငါဆရာ ရှင်ဇောတိပါလ သည်သာလျှင် ပြလိုက်သည်၊ ထိုကြောင့်။ရှေးဆရာတော်တို့သည်၊ ။"မသိသူကျော်သွား၊သိသူပေါ်စား" ဟု လင်္ကာစကားများကို စပ်ဆိုတော်မူထုန်၏။

(၁) အကုသဗ္ဗံ၊လောဒိဠ္ဌ၊ဆဲ့သုံးတန်စေအည၊
(၂) တဆဲကိုးသာ၊အနှစ်ဖြာ။လဲပါဒိဠ္ဌ,မာန။
(၃) ရင်း၌မှာ၊ပိ,ကြည့်ရာ၊အသင်္ခါတတိ-စ။
(၄) တဆဲ့ရှစ်တွင်၊ဒေါ်လေးဝင်၊ဒေါ-အ,လျှင်-စေဝိသ။
(၅) သသင်္ခါငါးမှာ၊ထိ,မိဒ္ဓါ၊သွင်းခါအစဉ်ပြု။
(၆) ကောဝီသိ၊ဝီသတိ၊မှတ်ဘိ-ဗာဝီသ၊
(၇) အညဉ်တွင်၊ဆန်,ပီ,ကြဉ်၊အထုလျှင်လေးသဗ္ဗ။
(၈) တဆဲ့ငါးဖြာ၊ဥဒ္ဓစ္စာ၊သေချာမှတ်ကုန်ကြ၊
(၉) ဆန္ဒ,ပီတ်၊မိ-ကြဉ်ဘိ၊ဝီပိလေးသဗ္ဗ၊
(၁၀) တဆဲ့ငါးဖြာ၊ဝိစိကိစ္ဆာ၊သေချာမှတ်ကုန်ကြ။
(၁၁) အထုသလ၊သင်္ဂဟ၊နယပေါင်းသတ္တ၊

အကုသလရာသိ၌သင်္ဂဟနည်း။ခုနစ်နည်း၍တွင်ပြီးပြီ။

---

## (၂၅၀) အဟိတ်သင်္ဂဟနည်းကိုပြခြင်း။

အဟိတ်စိတ်၌သင်္ဂဟနည်းလေးပါးကိုပြဦးအံ့။

(၁) ဆန်ကြဉ်၌အည၊ဟာသိတ၊ဆဲ့နှစ်ဝ-စေတသစ်၊
(၂) ဝုဋ္ဌော,သောတိ၊ဆဲ့တစ်စိ၊စေမှိမှတ်ထုံလစ်၊

(၃) ပနောက်–ဥတိ၊စေရမ္ဒိ၊ဆယ်လီနည်းတူဖြစ်၊
(၄) ပဥ္စမိညာ၊ခုနစ်ဖြာ၊သဗ္ဗာစိတ္တဖြစ်။
(၅) အပဟောတုက၊သင်္ဂဟာ၊နယလေးဟုစစ်။

အယိတ်၌ သင်္ဂဟ ၄–နည်းပြီးပြီ၊

---

(၂၅၁) စေတသိက်ပိုင်းသရုပ်ဆောင်ပုန်လက်ာ၊

ဤစေတသိက်ပိုင်း၌၊သရုပ်ခွဲရန်၊လက်ာဆောင်ပုန်–နယငုတ်ကား။ ။ မိတ်တပါးဝယ်၊ စေတသွယ်တည်း၊ နှစ်သွယ် ဓယ၊ လေး၌–ငါးခွေး၊ ရှစ်တွေးကေ၊ဒွါဒသလေး၊ ဆဲခြောက်တေးတည့်၊ နှစ်ဆဲရှစ်–ခွေးလာ၊ သတ္တာ တာလီ၊တချို့၏၊ကော်ပညာ၊ဗျည်းပညာမှာ၊တခုသာတည်း။ ငါးဆဲကိုးဖြာ၊ ဆဲကိုးသာရှင့်၊ ခြောက်ဆဲ ခြောက်ပါး၊ တခုထားပေ၊ ထူးလေ တသွယ်၊ ခြောက်ဆယ်ကိုးရှိ၊တေသတ္တိနှင့်၊ဋ္ဌသတ္တိမှာ၊ တစ်စိလာသည်၊ ။မှတ်ပါ မယွင်းစေရမင်း။

ဤစေတသိက်ပိုင်း၌၊ ခထွာစက်–ဗန္ဓစက်လှည့်နည်းကိုကား၊စာအုပ်တွေ အသိအထိးဖြကြပြီးဖြစ်၍၊အသစ်မပြလိုက်ပြီ၊ ။နည်းအမြွက်ကား၊ ။ လောဘမူစိတ်မှာသာယှဉ်၍၊ ဒေါသမူစိတ်မှာ မယှဉ်သော စေတသိက်–လေးပါး၊ဒေါသမူစိတ်မှာသာယှဉ်၍၊ လောဘမူစိတ်မှာမယှဉ်သော စေတသိက်လေးပါး၊လောဘမူ–ဒေါသမူနှစ်ပါးရုံမှာယှဉ်သောစေတသိက် တဆဲ ရှစ်၊ နှစ်ပါးရုံ မယှဉ်သော စေတသိက်–နှစ်ဆဲခြောက်၊ ပေါင်းစေတသိက် ငါးဆဲ့နှစ်ဖြစ်ကုန်၏၊ဤနည်းမှီ၍၊ မူလမူလီ၊ အထိထိကိုတပ်၍၊ စိတ် ၈၉–ကုန်အောင်၊ခထွာစက်–ဗန္ဓစက်တို့ကို၊အခါခါလှည့်လေ၊

(၁) ဤနည်းမှိခါ၊သရုပါ၊သင်္ချာအပွမေယျာ၊
(၂) ဉာဏဝဇိရမိန်၊ထွန်းတောက်ထိန်၊ခွဲချိန်ရေတွက်သော၊
(၃) စေတသိက၊သရူပ၊မှတ်ပနိုင်ထော၊
(၄) ဤမျှပြက၊သရူပ၊ခွဲကြသောတုဓော၊
(၅) ပရမတ်တတ်လို၊စာသင်ပျို၊မှတ်ဆိုကြစေသော။

ဤတွင်၌ ဉာဏ်အဟုန်ရပ်ဆိုင်း၍–စေတသိက်ပိုင်း၊
အပြီးသတ်လိုက်ပြီ၊

သဒ္ဓမ္မဇောတိပါလေန၊ သုသမ်ိတေ ပကရဏေ။
စေတသိကပရိစ္ဆေဒေါ၊ ဘယာဘာဝေန-နိဋ္ဌိတော။ ။

သဒ္ဓမ္မဇောတိပါလေန၊ သူတော်တရား၊ ထွန်းကားစေ၍၊ ကောင်းစွာ စောင့်ရှောက်၊ သဒ္ဓါဆန္ဒရောက်ခြင်းရှိသောကြောင့်၊ ရှင်သဒ္ဓမ္မဇောတိပါလ ဟု၊ နာမမည်ရှိ။ ပညာရှိမထေရ်မြတ်သည်၊ သုသမ်ိတေ၊ ကရုဏာရှေ့တင်၊ ပညာယှဉ်၍၊ စီရင်ရေးသားအပ်သော။ ပကရဏေ၊ ပရမတ္ထသရုပအနုဝဏ္ဏနာမည်လတ်၊ ကျမ်းရွှေမြတ်၌၊ ဒုတိယော၊ စိတ်ပိုင်းမှ ဆင့်ထောက်၊ နှစ်ပိုင်းမြောက်ဖြစ်ထသော၊ စေတသိကပရိစ္ဆေဒေါ၊ စေတသိကမည်ထိုက်။ စေတသိက်ပိုင်းသည်၊ ဘယာဘာဝေန၊ အန္တရာယ်ဘေး၊ မရှိသေးသဖြင့်၊ နိဋ္ဌိတော၊ အပြီးအဆုံး၊ နိဂုံးခါးပတ်၊ တခဏ်းသတ်ပြီ။

---

# ၃-ပကိဏ်းပိုင်း။

## (၂၅၂) ပဋ္ဌမဂါထာ၏အနက်သဘောကိုပြခြင်း။

သမ္ပယုတ္တာယထာယောဂံ၊ တေပညာသ သဘာဝတော။
စိတ္တစေတသိကာ ဓမ္မာ၊ တေသံ ဒါနိ ယထာရဟံ။ ။

အဋ္ဌကထာပါဌ်၊ ။ယထာယောဂံ၊ မိမိ၏ သဘောအားဖြင့် ယှဉ်သင့် သည်အားလျော်စွာ၊ သမ္ပယုတ္တာ၊ အညီအညွတ်အပြားအားဖြင့် ယှဉ်ကုန် သော၊ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ၊ တရားတို့ သည်၊ သဘာဝတော၊ မိမိလက္ခဏာသဘောအားဖြင့်၊ တေပညာသ၊ သချာ ပိုင်းခြား၊ ငါးဆဲ့သုံးပါးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏၊ ဒါနိ-ဣဒါနိ၊ ယခု အခါ၌၊ တေသံ၊ ထိုငါးဆဲ့သုံးပါးကုန်သောသဘောတရားတို့၏၊ ယထာရဟံ၊ ထိုက်သည် အားလျော်စွာ၊ သင်္ဂဟောနာမ၊ ဝေဒနာ အစရှိသော သင်္ဂဟ အမည်ရှိသော ရောပြွမ်းရုက်စွ၊ ပကိဏ္ဏကသင်္ဂဟကို၊ နီယတေ၊ သရုပ်မြင် အောင်။ ထုတ်ဆောင်အပ်၏။ ။၏လျှင်အနက်ယောဇနာခြင်းတည်း။ ။ ဤဂါထာပါဌ်၌၊ အကျွမ်းဝင်သော ယထာယောဂံ၊ ဟူသော သဒ္ဒန္တရိက် ပါဌ်ဖြင့်။ စိတ် ၈၉-ပါးသည်၊ အာရုံကို အထူးအားဖြင့် သိခြင်း အာရမ္မဏ ဝိဇာနနလက္ခဏာအားဖြင့်၊ တပါးသောသဘောတရား။ စေတသိက် ၅၂-ပါး သည်ကား၊ အသီးအသီး ဖုဿန-ဝေဒိယန-အစရှိသော လက္ခဏာအားဖြင့်

၅၂-ပါးသော သဘောတရား။ ပေါင်းနှာမ်တေပညာသမည်ဖြား၊ ငါးဆဲ့သုံးပါးသောသဘောတရားကိုပြတော်မူ၏၊ ၊ဤမှတပါးသော ယထာရဟံ-ဟူသောသဒ္ဒန္တရိက်ပါဠ်ဖြင့်လည်း၊ စိတ်စေတသိက်မည်လတ်၊ တရားမြတ်တို့ကို။ ဝေဒနာ-ကိစ္စ-အာလမ္ဗဏ-ဟူသော အစိမုတ္တ သင်္ဂဟအားဖြင့်ရင်း၊ ဟေတု-ဒွါရ-ဝတ္ထု-ဟူသော၊ ဝိမုတ္တ သင်္ဂဟ အားဖြင့်ရင်း၊ ဤသို့ နှစ်ရပ်၊ အမည်တင်၍၊ခြောက်ရပ်သင်္ချာ၊မာတိကာအားဖြင့်ပြအံ့–ဟူသတည်း၊

---

## (၂၅၃) ဝေဒနာသင်္ဂဟ-သရုပ်ကိုပြခြင်း၊

သုခံ ဒုက္ခမုပေက္ခာတိ၊ တိဝိဓာ တတ္ထ ဝေဒနာ။
သောမနဿံ ဒေါမနဿ၊ မိတိဘေဒေန ပဉ္စဓာ။ ၊

အဓ္ဓကထာပါဌ်၊ ၊တတ္ထ၊ထိုဝေဒနာသင်္ဂဟ၌၊ဝေဒနာ၊ဝေဒနာသည်။ သုခဥ္စ၊သုခဝေဒနာရင်း။ဒုက္ခဥ္စ၊ဒုက္ခဝေဒနာရင်း၊ ဥပေက္ခာစ၊ ဥပေက္ခာဝေဒနာရင်း။ဣတိဣမိနာပဘေဒေန၊ဤသို့အနုဘဝနလက္ခဏာအားဖြင့်၊ တိဝိဓာ၊ သုံးပါးအပြားရှိသည်၊ ဟောတိ၊ဖြစ်၏။ ဝေဒနာ၊ဝေဒနာသည်။ သုခဥ္စ၊ သုခဝေဒနာရင်း။ ဒုက္ခဥ္စ၊ ဒုက္ခဝေဒနာရင်း။ ဥပေက္ခာစ၊ ဥပေက္ခာဝေဒနာရင်း။ သောမနဿဥ္စ သောမနဿဝေဒနာရင်း၊ ဒေါမနဿဥ္စ၊ဒေါမနဿဝေဒနာရင်း။ဣတိဘေဒေန၊ဤသို့ဣန္ဒြိယဝိဘင်းဒေသနာတော်အပြားအားဖြင့်၊ပဉ္စဓာ၊ ငါးပါးရှိသည်၊ဟောတိ၊ဖြစ်၏။ ၊ဤဂါထာပါဌ်အရ၊အဓိပ္ပါယ်အပြသော်ကား။ဝေဒနာသည်၊ အာရုံကို ခံစားသော အာရမ္မဏာနုဘဝနလက္ခဏာ၊ သာမညာကာရအားဖြင့်၊တပါးသာရှိ၏ဟုမှတ်။ ဝိသေသသဘောအားဖြင့်။ တိုက်ရိုက်ထင်ထင်၊သိမြင်အပ်သောနိတတ္တဝေဒနာ၊ဘောက်ပြန်သော ဒုက္ခစသည်တို့၏အစွမ်းအားဖြင့်၊ထုတ်ဆောင်၍ သိအပ်သော၊နေယျတ္ထဝေဒနာအားဖြင့်နှစ်ပါးအပြားရှိ၏၊ထိုတွင်၊နိတတ္တဝေဒနာဟူသည်၊ သုခဝေဒနာကို အနိစ္စ-အသာတ-ဟု ဘုရားဟောရာ၌သိအပ်၏၊နေယျတ္ထဝေဒနာဟူသည်၊ အလုံးစုံသောဝေဒနာကိုဒုက္ခဟုဘုရားဟောတော်မူရာ၌သိအပ်၏၊ ၊ဤလျှင်ကထာဝတ္ထု မူလဋီကာအဓိပ္ပါယ်တည်း၊ ၊တနည်း၊ဝေဒနာသည်။ သုခဝေဒနာတပါး၊ဒုက္ခဝေဒနာတပါး။ အဒုက္ခမသုခဝေဒနာတပါး၊ ပေါင်းသုံးပါးတည်း၊ ရင်းသုံးပါးတို့ကို။ ဋီကာကျော်ကျမ်းမြတ်၌၊ အပြစ်မရှိသောအနဝဇ္ဇဝေဒနာ၊အပြစ်နှင့်တကွသောသာဝဇ္ဇဝေဒနာ၊နှစ်ပါးစုံယောပြွမ်းရကား၊ သုခဘက်သို့လည်း မသက်၊ ဒုက္ခဘက်သို့လည်းမသက်၊ အလယ်ချက်သာ

ဖြစ်သော မဇ္ဈတ္တဝေဒနာ-ဟူ၍၊ သန္တိရိက်။ စကားပါဌ်ဖြင့် မိန့်တော်မူ ၏။ ။တနည်း။ဝေဒနာသည်၊ကိုယ်ဖြင့်သာယာအပ်သောကာယိက-သာတ ဝေဒနာ၊ကိုယ်ဖြင့်မသာယာအပ်သောကာယိကအသာတဝေဒနာ၊စိတ်ဖြင့် သာယာအပ်သော မာနသိကသာတဝေဒနာ၊စိတ်ဖြင့်မသာယာအပ်သော။ မာနသိကအသာတဝေဒနာအားဖြင့်၊ဝေဒနာငါးပါးအပြားရှိ၏၊ ။ဤအခွဲ သရုပ်ကိုရည်၍။ပိတိဘောဒေနပဋ္ဌာ-ဟု၊ ရှင်အနုရုဒ္ဓါဆရာမိန့်တော်မူ၏။ ။ တနည်း၊ စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတ-သမ္ဖဿဇာဝေဒနာ။ ဃာန သမ္ဖဿဇာ ဝေဒနာ၊ဇိဝှါသမ္ဖဿဇာဝေဒနာ၊ကာယသမ္ဖဿဇာဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာအားဖြင့်၊ခြောက်ပါးအပြားရှိ၏၊ ။သုတ်ပါဠိယျ ပါဠိတော်အတွက်။ ။သင်္ဂြိုဟ်၌၊ဆဋ္ဌနည်းကိုမပြသော်လည်း၊မှတ်ချက် တည်း၊ ။သဠာယတနသံယုတ်၊ မှတ်ကြဟန်အပြွက်လက်ကျက်ရန်ကား၊

(၁) ဝေဒနာဆ၊ယင်းမူလ၊ဆဲ့ရှစ်ဝ-ဝိစာရာ၊

(၂) ဂေဟာ-နိက္ခမ၊ဤနှစ်ဝ၊ခြောက်ထ-ဆတ္တိံသာ၊

(၃) ကာလသုံးဝ၊ခြောက်ပြန်က၊ဌသတ-ဝေဒနာ။

(၄) ဝေဒနာသံယုဘ်၊ဘွင့်ပြထုတ်၊မယုတ်မှတ်အပ်စွာ။

---

## (၂၅၄) သုခမေကဂ္ဂဂါထာသရုပ်ကိုပြခြင်း။

သုခမေကတ္ထ ဒုက္ခဥ္စ၊ ဒေါမနဿံ ဒွယေ ဌိတံ၊
ဒွါသဌိသု သောမနဿံ၊ ပဉ္စပညာသကေတရာ၊ ။

သုခဥ္စ၊သုခဝေဒနာသည်၎င်း။ ဒုက္ခဥ္စ၊ ဒုက္ခဝေဒနာသည်၎င်း။ ဧကတ္ထ၊ တခုသောစိတ်၌၊ဌိတံ၊တည်၏၊ဒေါမနဿံ၊ဒေါမနဿဝေဒနာသည်၊ ဒွယေ၊ စိတ်နှစ်ခုတို့၏အပေါင်း၌၊ဌိတံ၊တည်၏၊ သောမနဿံ၊သောမနဿဝေဒနာ သည်၊ဒွါသဌိသု၊ ၆၂-ပါးတုန်သော စိတ်တို့၌။ ဌိတံ၊တည်၏၊ ဣတရာ၊ဤမှ တပါးသောဥပေက္ခာဝေဒနာသည်၊ ပဉ္စပညာသကေ၊ငါးဆဲ့ငါးပါးသောစိတ် ၌။ဌိတာ၊တည်၏၊ ။ဤဂါထာပါဌ်၏အဓိပ္ပါယ်ကား။သုခသဟဂုတ်-ကာယ ဝိညာဉ်စိတ်သည်၊သုခဝေဒနာမည်၏၊ ဒုက္ခသဟဂုတ်-ကာယဝိညာဉ် စိတ် သည် ဒုက္ခဝေဒနာမည်၏။ ၎င်းဝေဒနာနှစ်ပါးသည်၊ စေတသိက် အားဖြင့်၊ ဝေဒနာ-ဝေဒနာချင်းမရကောင်းသောကြောင့်၊ဝေဒနာကြဉ်သော၊သဗ္ဗစိတ္တ သာဓာရဏ ခြောက်လုံးစီရအပ်၏၊ ဒေါသမူနှစ်ခုသည်၊ ဒေါမနဿဝေဒနာ မည်၏၊စေတသိက်အားဖြင့်။ ဝေဒနာ-ပီတိကြဉ်သော အညသမာန်းစေတ

သိက်ထဆဲ့တပါး။သဗ္ဗာကုသလသာဓာရဏ-၄၊ဓေါသ၊မစ္ဆရိယ၊ကုက္ကုစ္စ၊ပေါင်းလေးပါး၊ထိနမိဒ္ဓ၊ဤသို့အားဖြင့်၊ စေတသိက်တဆဲ့နှစ်ပါးရ၏။ကာမသောမနဿ-၁၈၊ပဌမဈာန်-၁၁၊ဒုတိယဈာန်-၁၁၊တတိယဈာန် ၁၁၊စတုတ္ထဈာန်-၁၁။ပေါင်းသောမနဿ ၆၂-ပါးတည်း။စေတသိက်အား ဖြင့်၊စေတသိက် ၅၂-ပါးတို့တွင်၊ဝေဒနာ၊ဝိစိကိစ္ဆာ၊ဒေါသ၊ ဣဿာ၊မစ္ဆရိယ၊ကုက္ကုစ္စ၊ပေါင်းခြောက်ပါးကြဉ်အပ်သောစေတသိက် လေးဆဲ့ခြောက်ပါးရ၏၊ ။ကာမဥပေက္ခာ-၃၂။ပဉ္စမဈာန်-၂၃၊ပေါင်းဥပေက္ခာ–၅၅–ပါး သည်။ဥပေက္ခာဝေဒနာမည်၏၊ စေတသိက်အားဖြင့်စေတသိက်၅၂-ပါးတို့တွင်၊ ဝေဒနာ၊ပီတိ၊ဒေါသ၊ဣဿာ၊မစ္ဆရိယ၊ ကုက္ကုစ္စ၊ ပေါင်းခြောက်ပါး ကြဉ်အပ်သော စေတသိက် လေးဆဲ့ခြောက်ပါးရ၏။ ။ဤသည်လျှင်။ ဂါထာပါဠိ၏ အဓိပ္ပါယ်တည်း။

ဤဝေဒနာသင်္ဂဟ၌၊ပါရီသောသနည်းဟုမှတ်၊စေတသိက်သရုပ်၊လင်္ကာအချုပ်ကား။ ။ပီ,ဒေါ,ဣဿ,မစ်,ကုစ္စာ၊ ဝိကိစ္ဆာ,ဧဆ၊ဝေဒနာဧကဟု၊သောဘဏလော,ဒိဋ္ဌိ,မာ၊ဝေနှစ်ဝသာ၊ ဝိတက္က,စာ,မောဃွံ၊ဝိဆန္ဒ,ထိ,မိဒ္ဓနှင့်၊သဗ္ဗာကုသလ-ဆဲ့တစ်ဖြာ၊ ဝေသုံးချပါ။ခြောက်သဗ္ဗဝေကြဉ်ရာ။ ဝေဒနာပဉ္စဟု၊ဝိမုတ္တတချပင်။ ပေါင်းအပ်လို့ယှဉ်၊ ဋ္ဌိပညာသ–သရုပ်စင်ကို၊ အဟုတ်လျှင်ပေါက်ပါတော့ကွဲလေး၊ ။အချိုးလင်္ကာ၊

ဗန္ဓစက်-ခဏ္ဍစက်လှည့်၍၊သရုပ်ခွဲရန်၊ နယုပဒေသကား၊ ။သုခဝေဒနာသာဖြစ်၍၊ သောမနဿဝေဒနာမဖြစ်သောစေတသိက်မရှိ၊သောမနဿဝေဒနာသာဖြစ်၍၊ သုခဝေဒနာမဖြစ်သောစေတသိက်-၄၀၊ သုခဝေဒနာလည်းဖြစ်၊သောမနဿဝေဒနာလည်းဖြစ်သောစေတသိက်-၆၊သုခဝေဒနာလည်းမဖြစ်၊ သောမနဿဝေဒနာလည်းမဖြစ်သောစေတသိက်–၆၊ပေါင်းစေတသိက် ၅၂-ပါး ဖြစ်သတည်း၊ ဤနယုပဒေသကိုမှီ၍၊ နယဂ္ဂါဟအမှု၊ သရုပ်ခွဲခြင်းပြုကြကုန်လသေး၊ ။ဝေဒနာသင်္ဂဟပြီးပြီ။ ။ဝေဒနာသင်္ဂဟ၊ သရုပ၊ပြီးထနိဋ္ဌိတော၊

---

## (၂၅၅) ဟေတုသင်္ဂဟ သရုပကိုပြခြင်း၊

လောဘောဒေါသောစမောဟောစ၊ ဟေတူအကုသလာတယော၊

အလောဘာဒေါသာမောဟောစ၊ကုသလာဗျာကတာတထာ၊ ။

အကုသလာ၊ အထုသိုလ်ဖြစ်ထုန်သော။ ဟေတူ၊ ဟိတ်တို့သည်၊ လောဘောစ၊လောဘဟိတ်ရင်း၊ ဒေါသောစ၊ဒေါသဟိတ်ရင်း၊ မောဟောစ၊မော

ဟပဟိတ်ငင်း။ဆွတိ၊ဤသို့။တယော၊သုံးပါးအပြားရှိကုန်သည်၊ ဟောန္တိ၊ဖြစ်ကုန်၏။ ကုသလာ ဗျာကတာ၊ ထုသိုလ်အဗျာကတ ဖြစ်ကုန်သော၊ ဟေတု၊ ဟိတ်တို့သည်။အလောဘောစ၊အလောဘဟိတ်ငင်း၊ အဒေါသောစ၊အဒေါသဟိတ်ငင်း၊အမောဟောစ၊အမောဟဟိတ်ငင်း၊ဆွတိ၊ဤသို့၊တထာ၊ထိုအတူသုံးပါးအပြားရှိကုန်သည်၊ ဟောန္တိ၊ဖြစ်ကုန်၏။ ။ဤဂါထာပါဌ်၌ အဓိပ္ပါယ်သော်ကား၊ ။ဟိတ်တို့သည်၊ လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်ဟူ၍၊အကုသိုလ်ဟိတ်သုံးပါးအပြားရှိ၏။ အလောဘဟိတ်,အဒေါသဟိတ်,အမောဟဟိတ်, ကြိယာဟိတ်-ဟူ၍ ဟိတ်သုံးပါး အပြားရှိ၏။ ၎င်းဟိတ်ကို ဝိပါက်ဟိတ်ဟူ၍လည်းဆိုအပ်၏။

ဤအရာဝယ်၊ မြောက်ကျွန်းသူ လူအပေါင်းတို့အား၊ ဟိတ်သုံးပါးသာလျှင်ရအပ်ကုန်၏။ ဟိတ်သုံးပါးအရ-မောဟဟူသော အကုသိုလ်ဟိတ်တပါး၊ အလောဘ,အဒေါသ,ဟူသော ကုသိုလ်ဟိတ်နှစ်ပါး၊ ပေါင်းသုံးပါးတို့တည်း။ ။မြောက်ကျွန်းသူတို့မှာကား၊ တယောက်နှင့်တယောက်၊ ဒေါသအမျက်–ထွက်ခြင်းမရှိရကား၊ ဒေါသဟိတ်ကိုလည်းမရအပ်၊ ဥစ္စာပစ္စည်းတို့၌၊တပ်နှစ်သက်ခြင်းမရှိရကား၊ လောဘဟိတ်ကိုလည်းမရအပ်၊ နိဗ္ဗာန်မဂ်ဖိုလ်သို့ ရောက်ကြောင်း၊ ပညာကောင်းနှင့် တကွ၊ ကမ္မ-ကမ္မဖလ-ရတနတ္တယတို့၌၊သက်ဝင်ယုံကြည်တတ်သောသဒ္ဓါတရားမရှိရကား၊အမောဟဟိတ်ကိုလည်း မရအပ်ကုန်၊ မြောက်ကျွန်းသူတို့သည်၊ ဒုရေးရှင်တို့အား၊ ပေးလှူကုန်၏။ ထိုသို့ပင်ပေးလှူကုန်သော်လည်း၊ ဉာဏဝိပ္ပယုတ် အလှူသာတည်း၊ ဉာဏသမ္ပယုတ် အလှူမဟုတ်ကုန်၊ အဘဲ့ကြောင့်ဟူမူ။ ဝန်တိုခြင်းမစ္ဆရိယ စိတ်မရှိသော ကြောင့်တည်း၊ ထိုကြောင့်ရကား။ သာရတ္ထဒီပနီ-ဋီကာကြီး၌၊ ။တေတံဌာနံ သမ္ပတ္တာနံ ဒေန္တိ ယေဝ၊မစ္ဆရိယစိတ္တံ နာမ နဟောတိ၊ ။ဟုဘွင့်ပြ၏၊ ။တေ၊ ထိုမြောက်ကျွန်း သူတို့သည်၊ တံဌာနံ၊ ထိုမြောက်ကျွန်းသို့၊ သမ္ပတ္တာနံ၊ ရောက်လာကုန်သော ဒုရေးစသည်တို့အား၊ ဒေန္တိ ယေဝ၊ ပေးလှူထုန်သည်သာလျှင်တည်း၊ မစ္ဆရိယစိတ္တံ နာမ၊ ဝန်တိုနှမြောသောစိတ်မည်သည်။နဟောတိ၊မဖြစ်၊ ။အသညသတ်ဘုံသား၊နဂ္ဂတိဘုံသားတို့အားကား၊ ဟိတ်ခြောက်ပါးကိုမရဟု–မှတ်အပ်၏၊ ။ဤသည်လျှင်– ဝိဘာဋ္ဌအဓိပ္ပါယ်တည်း။

ဇာတိဘေဒအားဖြင့်ကား၊ ။အတုသိုလ် ဇာတ်ဟိတ်သည် ၂၂-ပါးအပြားရှိ၏၊ ၂၂-ပါးအရ၊ လောဘဟိတ်သည်-လောဘမူစိတ်ရှစ်ခု၌ယှဉ်ရကား။ရှစ်ပါးရ၏၊ ဒေါသဟိတ်သည်။ ဒေါသမူနွေး၌ယှဉ်ရကား-နှစ်ပါးရ၏။

မောဟဟိတ်သည် အကုသိုလ်စိတ်-တဆဲ့နှစ်ပါး၌-ယှဉ်ရကား၊ တဆဲ့နှစ်ပါးရ၏၊ ပေါင်းအကုသိုလ် ဇောဟိတ် ၂၂-ပါးဖြစ်၏၊ ။ကုသိုလ်ဇောဟိတ်၊တရာ့ခုနစ်ပါးအရကား၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်လေးပါး၌၊ အလောဘ-အဒေါသ ဟိတ်နှစ်ပါးယှဉ်ရကား၊ အလောဘမှာ-၄၊ အဒေါသမှာ-၄၊ပေါင်းရှစ်ပါး။ဉာဏသမ္ပယုတ်လေးပါး၌ဟိတ်သုံးပါးယှဉ်ရကား။ အလောဘမှာ-၄၊အဒေါသမှာ-၄။အမောဟမှာ-၄၊ပေါင်း၁၂-ပါး၊ မဟဂ္ဂုတ်ကုသိုလ်ကိုးပါးလည်း။အလောဘဟိတ်-ကိုးပါး။အဒေါသဟိတ်ကိုးပါး၊အမောဟဟိတ်ကိုးပါး။ပေါင်း ၂၇-ပါး။မဂ်စိတ်နှစ်ဆယ်၌အလောဘမှာ ၂၀။အဒေါသမှာ-၂၀၊အမောဟမှာ-၂၀၊ ပေါင်းခြောက်ဆယ်။ ။ဤသို့လျှင်ကုသိုလ်ဇောဟိတ်၊ တရာ့ခုနစ်ပါး ဖြစ်သတည်း။ ဝိပါက် ဇောဟိတ်မှာလည်းနည်းတူ၊တရာ့ခုနစ်ပါးတည်း၊ ။ကြိယာဇောဟိတ် လေးဆဲ့ခုနစ်ပါးအရ၊မဟာကြိယာဉာဏဝိပ္ပယုတ်လေး၌၊ဟိတ်ရှစ်ပါး၊ ဉာဏသမ္ပယုတ်လေး၌ ဟိတ်တဆဲ့နှစ်ပါး၊ မဟဂ္ဂုတ်ကြိယာစိတ်၌ ဟိတ် ၂၇-ပါး၊ ပေါင်းလေးဆဲ့ခုနစ်ပါးဖြစ်၏။အကျဉ်းချုပ်ကား၊ ။နှစ်ဆယ်နှင့်နှစ်၊အကုဖြစ်၏၊ကုသလစ်-ဝိပါ၊ ဇောဟိတ်မှာကား။ တရာ့ခုနစ်ထီ၊အညီဖြစ်ပေ၊ကြိယေဝယ်၊လေးဆယ်ခုနစ်၊ ဇောဟိတ်ဖြစ်သည်၊ ။မှတ်စစ်သချပ်ကောက်ရိုးတည်း၊ ။ဤသည်လျှင်-ပထမဂါထာအရတည်း။

---

## (၂၅၆) အဟေတုကာဋ္ဌာရသေကဂါထာကိုပြခြင်း။

အဟေတုကာဋ္ဌာရသေက၊ ဟေတုကာ ဒွေဒွါဝီသတိ၊
ဒွိဟေတုကာမတာ သတ္တ၊ စတ္တာဠီသ တိဟေတုကာ။ ။

အဟေတုကာ၊အဟိတ်စိတ်တို့ကို၊အဋ္ဌာရသ၊တဆဲ့ရှစ်ပါးအပြားရှိကုန်၏ဟူ၍၊မတာ၊သိအပ်ကုန်၏၊ ဧကဟေတုကာ၊ ဧကဟိတ်စိတ်တို့ကို၊ဒွေ၊နှစ်ပါးအပြားရှိကုန်၏ဟူ၍၊မတာ၊သိအပ်ကုန်၏။ ဒွိဟေတုကာ၊ဒွိဟိတ်စိတ်တို့ကို၊ဒွါဝီသတိ။ ၂၂-ပါးအပြားရှိကုန်၏ဟူ၍၊မတာ၊သိအပ်ကုန်၏၊ တိဟေတုကာ၊တိဟိတ်စိတ်တို့ကို၊သတ္တစတ္တာဠီသ၊ လေးဆဲ့ခုနစ်ပါး အပြားရှိကုန်၏ဟူ၍၊မတာ၊သိအပ်ကုန်၏၊

ဤဂါထာအရ၊ စိတ်ပိုင်း၌ ပြဆိုခဲ့ပြီးသော ဒွေးပဉ္စဝိညာဉ် ၁၀။သမ္ပဋိစ္ဆိုင်းဒွေး၊သန္တီရဏသုံး၊အာဝဇ္ဇန်းဒွေး၊ဟသိတုပ္ပါဒ်၊ ဤတဆဲ့ရှစ်ရပ်သောစိတ်သည်၊ သမ္ပယုတ်ဟိတ် မရှိသည်၏ အဖြစ်ကြောင့်၊အဟိတ်စိတ်မည်၏၊

ထို၅ ကြွင်းသော ၇၁-ပါးသော စိတ်တို့သည် သမ္ပယုတ်ဟိတ် ရှိသည်၏ အဖြစ်ကြောင့်၊သဟိတ်စိတ်မည်၏။ ထိုသဟိတ်စိတ် တို့တွင်၊ မောဟမူလ္ဗေးသည်၊မောဟဟူသောဟိတ်တပါးသာရှိရကား။ ဧကဟိတ်စိတ်မည်၏။ စေတသိက်အားဖြင့်-တဆဲ့ခြောက်ပါးရ၏။ ၎င်းတဆဲ့ခြောက်ပါးအရတွင်၊မောဟမူလ္ဗေး၌ယှဉ်သော မောဟသည်၊ ယှဉ်ဘော်ယှဉ်ဘက် ဟိတ်မရှိရကား။ အဟိတ် စေတသိက်မည်၏။ ယခင်ပြပြီးသော အဟိတ်စိတ်မှာ၊ ဆဲ့ခွဲကြည့်သော အညသမာန်း စေတသိက် ၁၂-ပါးကိုရောစပ်လျှင်၊ အဟိတ်စေတသိက်-တဆဲ့သုံးပါးဟိတ်တက်သောအားဖြင့်ဖြစ်၏။

လောဘမူစိတ်သည်-လောဘ, မောဟ-ဟူသောဟိတ်နှစ်ပါး၊ ဒေါသမူစိတ်သည်-ဒေါသ,မောဟ-ဟူသော ဟိတ်နှစ်ပါး။ ကာမသောဘဏ ဝိတ်၌ ဉာဏဝိပ္ပယုတ် ၁၂-ပါးသည်၊အလောဘ,အဒေါသ-ဟူသောဟိတ် ၂-ပါး အပြားရှိရကား၊ဒွိဟိတ်စိတ် ၂၂-ပါးမည်၏၊စေတသိက်အားဖြင့်၊ငါးဆဲ့နှစ်ပါးသောစေတသိက်တို့တွင်၊ပညိန္ဒြေဝိစိကိစ္ဆာကြဉ်သော၊ စေတသိက်ငါးဆယ်ရအပ်၏၊ ၎င်းစေတသိက် ၅၀-တို့တွင်၊ လောဘ-ဒေါသ-မောဟ-အလောဘ-အဒေါသ ၎င်းစေတသိက်ငါးပါးသည်၊ယှဉ်ဘော်ယှဉ်ဘက်၊ ဟိတ်တပါးစီရှိရကား။ ဧကဟိတ် စေတသိက်မည်၏။ ယခင်ဧကဟိတ်စိတ်၌၊ရအပ်သောမောဟ၌ ယှဉ်သောမောဟကိုကြဉ်၍၊ ကျန်စေတသိက်တဆဲ့ငါးပါးသည်လည်း၊မောဟဟူသောဟိတ်တပါးသာရှိရကား။ ဧကဟိတ်စေတသိက်မည်၏။ ပေါင်းဧကဟိတ် စေတသိက် နှစ်ဆယ်အပြား။ ဟိတ်တက်သောအားဖြင့်ဖြစ်ကုန်၏။

ကာမသောဘဏ ဉာဏသမ္ပယုတ် ၁၂-ပါး။ မဟဂ္ဂုတ်စိတ် ၂၇-ပါး လောကုတ္တရာ စိတ်ရှစ်ပါးတို့သည်၊ အလောဘ-အဒေါသ-အမောဟဟိတ် သုံးပါးစီရှိရကား၊တိဟိတ်စိတ် ၄-ပါးမည်၏၊စေတသိက်အားဖြင့်၊အညသမာန်းတဆဲ့သုံးပါး၊သောဘဏစေတသိက် ၂၅-ပါး၊ပေါင်း ၃၈-ပါးရကုန်၏၊ ၎င်းသုံးဆဲ့ရှစ်ပါးတို့တွင်။ အလောဘ- အဒေါသ-အမောဟ-စေတသိက် သုံးပါးတို့သည်၊ ယှဉ်ဘော် ယှဉ်ဘက်၊ ဟိတ်နှစ်ပါးသာလျှင် ရှိရကား။ ဒွိဟိတ်စေတသိက်ဟု ခေါ်ဝေါ်အပ်ကုန်၏။ ယခင်ပြခဲ့ပြီးသော ဒွိဟိတ်စေတသိက်အကျန်၊၄၅-ပါးသည်လည်း၊ ယှဉ်ဘက်ဟိတ်နှစ်ပါးသာရှိရကား။ ဒွိဟိတ်စေတသိက်မည်၏။ ပေါင်းဒွိဟိတ် စေတသိက် ၄၈-ပါး၊ ဟိတ်တက်သောအားဖြင့်ဖြစ်၏၊ ၊တိဟိတ်စေတသိက် ၃၈-ပါးတို့တွင်၊ အလောဘ-အဒေါသ- အမောဟ-ဟိတ်သုံးပါးကို- နုတ်ကြဉ်ရကား၊ ကျန်စေတသိက်

၃၅-ပါးသည်။ယှဉ်ဘက်ဟိတ်သုံးပါးရှိသောကြောင့်။ တိဟိတ်စေတသိက် ၃၅-ပါး။ဟိတ်တက်သောအားဖြင့်ဖြစ်၏။လိုကြောင့်။အဘိဓမ္မာတတ်။ဆရာမြတ်တို့သည်။၍ဟိတ်တက်ပုံကိုမှတ်၍။ လက်ာစပ်ကြကုန်သည်ကား။ ။ အဟိတ်စေတေရသ၊ ဟိတ်ကြေနှစ်ဆယ်၊ ဒွိဟိတ်ရစေလေးဆယ်၊ စွန်းရှစ်သွယ်အပြ။တိဟိတ်ရဇျည်းတိံသာ၊ ခွဲမှတ်အပ်စွာ၊ဟိတ်တက်အရ၊ သရုပ်ပါကို၊နမူယူခါသိရန်ဘို့လေး။

၍လျှင်၊ဒုတိယဂါထာပါဌ်၏ အဓိပ္ပါယ်တည်း။

၍ဟေတုသင်္ဂဟ၌။ပါရှိသောသနည်းထုတ်၊စေတသိက်အချုပ်ကား။ ။ ဒေါ,လောဘ,ဝိကိစ္ဆာ၊ဟိတ်ရရန်ကြေ။မာ,ဣဿာ,မစ်,ကုက္ကုစ္စ။ဒိဋ္ဌိမောဟမှန်။ ဗျာကတ၍ကိုးတန်၊ဟိတ်နှစ်တန်အပြ။သောဘဏဲဗာဝီသနှင့်၊ ထိမိဒ္ဓနောတ္တပ္ပံ၊ဥဟိရိကံ-သတ်ဝီသဟိတ်သုံးတန်၊ ငါးဟိတ်မှန်ပီတိ၊ ကြွင်းမှတ်ဘိဆဲ့နှစ်ဖြာ၊ဟိတ်ခြောက်ရှာ။ပေါင်းလိုက်ပါကဒွိပညာရယ်၊ မှတ်ပစေလာ၊ဖြစ်ပါပေါ့ကွဲလေး။ ။၍သို့အချိုးလက်ာအတိုင်း။သရုပ်ခွဲကြပြီးလျှင်၊ ခဏ္ဍစက်-ဗန္ဓစက်-သရုပ်ခွဲနည်းဖြင့်ခွဲအပ်၏။ ။ခွဲကြပုံကား၊ လောဘဟိတ်သာဖြစ်၍။မောဟဟိတ်မဖြစ်သော စေတသိက်မရှိ။ မောဟဟိတ်သာဖြစ်၍၊ လောဘဟိတ်မဖြစ်သော စေတသိက် (၁၁)။ လောဘဟိတ်လည်းဖြစ်၊ မောဟဟိတ်လည်းဖြစ်သောစေတသိက် (၁၆)။လောဘဟိတ်လည်းမဖြစ်။မောဟဟိတ်လည်းမဖြစ်သော စေတသိက် ၂၅၊ ပေါင်းစေတသိက် ၅၂-ပါးဖြစ်၏။ ။၍နည်းကို နယဂ္ဂါဟပြု၍ သရုပ်ခွဲကြလေ။

ဟေတုသင်္ဂဟ၊သရုပ၊ ပြီးထနိဋ္ဌိတာ၊

---

## (၂၅၇) ကိစ္စသင်္ဂဟကိုပြဆိုခြင်း။

ပဋိသန္ဓာဒယောနာမ၊ ကိစ္စဘေဒေနရုဒ္ဒသ။
ဒသဓာ ဌာနဘေဒေန၊ စိတ္တုပ္ပါဒါ ပကာသိတာ၊ ။

ပဋိသန္ဓာဒယောနာမ၊ ပဋိသန္ဓေအစရှိသည့် မည်ကုန်သော။ စိတ္တုပ္ပါဒါ၊ စိတ်,စေတသိက်တို့ကို။ကိစ္စဘေဒေန၊ကိစ္စတို့၏အပြားအားဖြင့်။ရုဒ္ဒသ၊တဆဲ့လေးပါးအပြားရှိကုန်၏ဟူ၍၊ ပကာသိတာ၊ ပြအပ်ကုန်၏၊ ဌာနဘေဒေန၊ ဌာနတို့၏အပြားအားဖြင့်၊ ဒသဓာ၊ဆယ်ပါးအပြားရှိကုန်၏ဟူ၍၊ ပကာသိတာ၊ပြအပ်ကုန်၏၊ ။၍ဂါထာပါဌ်၏အဓိပ္ပါယ်သော်ကား။ကိစ္စသင်္ဂဟ၌၊ ကိစ္စဟူသည်၊ ပဋိသန္ဓေကိစ္စ၊ဘဝင်ကိစ္စ၊အာဝဇ္ဇန်းကိစ္စ၊ ဒဿနကိစ္စ၊သဝန

ကိစ္စ၊ဃာယနကိစ္စ၊သာယနကိစ္စ၊ ဖုသနကိစ္စ၊ သမ္ပဋိစ္ဆိုင်းကိစ္စ၊ သန္တီရဏကိစ္စ၊ဝုဋ္ဌောကိစ္စ၊ ဇောကိစ္စ၊ တဒါရုံကိစ္စ၊ စုတိကိစ္စ-အားဖြင့်။ ၁၄-ပါး ဖြစ်ထုန်၏။ ။ထိုတဆဲ့လေးပါးအရသရူပကား။

၁ { ဥပေက္ခာသန္တီရဏ ၂-ခု။ / မဟာဝိပါက် ၈-ခု။ / မဟဂ္ဂုတ်ဝိပါက် ၉-ခု။ } ပေါင်း ၁၉။

ပဋိသန္ဓေ-ဘဝင်-စုတိကိစ္စ တပ်သော စိတ်မည်၏။ ဒုဂ္ဂတိ ပဋိသန္ဓေ-၁။ သုဂတိအဟိတ်ပဋိသန္ဓေ-၁။ ဒွိဟိတ်ပဋိသန္ဓေ-၄။ တိဟိတ်ပဋိသန္ဓေ-၁၃။ ပေါင်း-၁၉-ပါးတည်း။

၂ {
အာဝဇ္ဇန်း ဒွေး=ဆင်ခြင်တတ်သောအာဝဇ္ဇန်းကိစ္စတပ်သောစိတ်။
စက္ခု ဝိညာဉ် ဒွေး=မြင်တတ်သောဒဿနကိစ္စတပ်သောစိတ်။
သောတဝိညာဉ်ဒွေး=နားထောင်တတ်သော၊သဝနကိစ္စတပ်သောစိတ်။
ဃာန ဝိညာဉ် ဒွေး=နမ်းရှုပ်တတ်သောဃာယနကိစ္စတပ်သောစိတ်။
ဇိဝှါ ဝိညာဉ် ဒွေး=လျက်တတ်သော သာယနကိစ္စတပ်သောစိတ်။
ကာယ ဝိညာဉ်ဒွေး=တွေ့ထိတတ်သော ဖုသနကိစ္စတပ်သောစိတ်။
သမ္ပဋိစ္ဆိုင်းဒွေး=ခံလင့်တတ်သော-သမ္ပဋိစ္ဆနကိစ္စတပ်သောစိတ်။
သန္တီရဏ-သုံး=ရုံစမ်းတတ်သော-သန္တီရဏကိစ္စတပ်သောစိတ်။
မနောဒွါရာဝဇ္ဇန်း=မှတ်တတ်သော-ဝုဋ္ဌောကိစ္စတပ်သောစိတ်။
}

၃ { အကုသိုလ်-၁၂။ / မဟာကုသိုလ်-၈။ / မဟာကြိယာ-၈။ / ဟသိတုပ္ပါဒ်-၁။ } ကာမဇော-၂၉။

၄ { မဟဂ္ဂုတ်ကုသိုလ်၉။ / မဟဂ္ဂုတ်ကြိယာ၉။ / လောကုတ္တရာ-၈။ } အပ္ပနာဇော-၂၆။

(၃ နှင့် ၄) } ဇော ကိစ္စတပ်သောစိတ် ၅၅ ပါး။

၅ { မဟာဝိပါက်-၈။ / သန္တီရဏ-၃။ } တဒါရုံကိစ္စတပ်သောစိတ်-၁၁-ပါး။

ဤသည်လျှင် ကိစ္စဘေဒနေ-ရုဒ္ဓသပါဌ်အရ-သရူပတည်း။

ဤသို့ပြဆိုအပ်ပြီးသော ကိစ္စတပ်သောစိတ်အရကို၊ ဌာန အားဖြင့် ရေတွက်သည်ရှိသော် ဆယ်ပါးရှိ၏။ ဆယ်ပါးအရ-ပဋိသန္ဓေဌာန၊ ဘဝင်

တဌာန၊ အာဝဇ္ဇန်းဌာန၊ ပဥ္စဝိညာဉ်ဌာန၊ သမ္ပဋိစ္ဆိုင်းဌာန၊ သန္တီရဏဌာန၊ ဝုဋ္ဌောဌာန၊ ဇောဌာန၊ တဒါရုံဌာန၊ စုတိဌာန၊ ဤသို့အားဖြင့်၊ ဆယ်ပါးဖြစ်သတည်း၊ ။ဒသဓာဌာန ဘေဒေန၊ ဟူသောပါဌ်အရတည်း၊

---

## (၂၅၈) ကိစ္စ-ဌာန-အထူးကိုပြခြင်း။

သတ္တိသည်-ကိစ္စမည်၏၊ ကိစ္စဝန္တဖြစ်သောစိတ်ဒြဗ်သည်၊ ဌာနမည်၏၊ ဤသို့ အားဖြင့်-အထူးကို မှတ်အပ်၏၊ ။ပဋိသန္ဓိကိစ္စ-ပဋိသန္ဓေ ဌာနကို ထုတ်၍အထူးပြလိုက်ဦးအံ့၊ ။အတိတ်ဘဝနှင့်-ပစ္စုပ္ပန်-ဘဝနှစ်ရပ်ကို၊ ဂဟောစပ်သကဲ့သို့၊ စပ်တတ်သော ပဋိသန္ဓေ စိတ်၏-အစွမ်း သတ္တိသည်၊ ကိစ္စမည်၏ဟုမှတ်။ ၎င်းစပ်တတ်သောသတ္တိရှိသောကိစ္စဝန္တ-ပဋိသန္ဓေစိတ်သည်၊ ဌာနမည်၏၊ ထိုကြောင့်-ဘိဟာဋ္ဌ ဋီကာကြီးတို့၌။ ။ပဋိသန္ဓိဝိနိမုတ္တံ ဌာနံနာမနတ္ထိ။ ။ဟုမိန့်တော်မူ၏၊ ။ပဋိသန္ဓိ ဝိနိမုတ္တံ၊ ပဋိသန္ဓေ ကိစ္စမှ လွတ်သော။ ဌာနံနာမ၊ ပဋိသန္ဓေဌာနမည်သည်၊ နတ္ထိ၊ မရှိ။ ။ပဋိသန္ဓေစိတ်သည်ပင်လျှင် ဌာနဟူလို။ ။သင်္ခေပဝဏ္ဏနာဋီကာ၊ အလိုမှာမူကား၊ ။ကိစ္စဝန္တဖြစ်သောစိတ်ဒြဗ်သည်ကိစ္စမည်၏၊ အန္တဝိဝရဝိကပ္ပပညတ်သည်၊ ဌာနမည်၏-ဟုမိန့်းတော်မူ၏၊

---

## (၂၅၉) နှစ်ဆဲ့ငါးဌာနကို တနည်းပြခြင်း။

(၁) သန္ဓိကေ၊ ဘဝင်ဆ၊ အာဝဇ္ဇန-နှစ်ဌာန်၊
(၂) ဝိညာဉ်-သံ-တီ၊ တရစီ။ နှစ်ထိဝေါဋ္ဌဗ္ဗန်၊
(၃) ဇဝန်ဆ၊ ရုံနွယ၊ သုံးဝ-စုတိမှန်၊
(၄) ပဥ္စဝိသတိ၊ ဌာနရှိ၊ မှတ်သိ-သောတုဇ်၊
(၅) သင်္ခေပဝဏ္ဏနာ၊ ကျမ်းဋီကာ၊ ဘင့်လာရှိဋ္ဌကန်၊

အကျယ်အားဖြင့်ကား။

(၁) ပ-ဘန္တရဲ့သန္ဓိဌာန်၊ ပအာ-တအာ-ဇအာ-ဝေါအား၊
တဒ-ဇဒန္တရဲ့တသာ၊ ဆဌာန်-ပရိဒ်ပယော၊ ။
(၂) ဘဝိ-ဘဇန္တရဲ့ယောဝ၊ ဒု-အာဌာန်-အာသန္တရဲ့၊
ဝိဌာနေက-ဝိတိန္တရဲ့၊ သံဌာနေက-သံဝေါန္တရဲ့၊ ။
(၃) တီဌာနေက-ဒုဝေါဌာန်၊ တီဇ-တိဘန္တရဲ့ ထထာ၊
ဝေါတ-ဝေါဘ-ဝေါရန္တရဲ့၊ အာတ-အာဘ-အာပန္တရဲ့၊ ။

(၇) ဇဌ္ဌာနံ ဆဝဇ-ဘ ဇ·ရ၊ န္တရံ ဥဒ္ဒယျံ ဒုတဒွါနံ၊
တပ-ဇပ-ဘပန္တရံ၊ ဗုတ္တိဒွါနံ-တိခါမတံ၊ ။

## သင်္ခေပဝဏ္ဏနာ၊

ဗဘာန္တရံ၊ဗုတ္တိဘဝင်နှစ်ခုတို့၏ အကြားကို၊ သန္ဓိဒွါနံ၊ ပဋိသန္ဓေဒွါနဟူ၍၊ ပရိဒီပယေ၊ပြရာ၏၊ ပအာ-တအာ-ဇအာ ဝေါအာ-တဗ-ဇဗန္တရံ၊ပဋိသန္ဓေအာဝဇ္ဇန်းအကြား၊တဒါရုံအာဝဇ္ဇန်းအကြား၊ ဇောအာဝဇ္ဇန်းအကြား၊ ဝုဋ္ဌောအာဝဇ္ဇန်းအကြား၊တဒါရုံဗုတိအကြား၊ဇောဗုတိအကြားကို၊ဘဿ၊ ဘဝင်၏၊ ဆဋ္ဌာနံ၊ ခြောက်ဌာနဟူ၍။ ပရိဒီပယေ၊ ပြရာ၏၊ ဘဝိ-ဘဇန္တရံ ယေဝ၊ဘဝင်-ပဉ္စဝိညာဉ်အကြား၊ဘဝင်-ဇောအကြားကိုသာလျှင်၊ဒွအာဌ္ဌာနံ၊ အာဝဇ္ဇန်းနှစ်ဌာနဟူ၍၊ ပရိဒီပယေ၊ ပြရာ၏၊ အာသန္တရံ၊ အာဝဇ္ဇန်း-သမ္ပဋိစ္ဆိုင်းအကြားကို၊ ကော၊တပါးသော။ ဝိဋ္ဌာနံ၊ပဉ္စဝိညာဉ်ဌာနဟူ၍၊ ပရိဒီပ ယေ၊ပြရာ၏။ဝိတိန္တရံ၊ပဉ္စဝိညာဉ် သန္တီရဏအကြားကို၊ကော၊တပါးသော၊ သံဌာနံ၊သမ္ပဋိစ္ဆိုင်းဌာနဟူ၍၊ပရိဒီပယေ၊ပြရာ၏။ သံဝေါန္တရံ၊သမ္ပဋိစ္ဆိုင်း ဝုဋ္ဌောအကြားကို၊ ကော၊တပါးသော၊ တိဌာနံ၊ သန္တီရဏဌာနဟူ၍၊ ပရိဒီပ ယေ၊ ပြရာ၏၊ တိဇ-တိဘန္တရံ၊ သန္တီရဏ ဇောအကြား၊ သန္တီရဏ-ဘဝင် အကြားကို၊ဒုဝေါဌာနံ၊ဝုဋ္ဌောနှစ်ဌာနဟူ၍။ပရိဒီပယေ၊ပြရာ၏၊တထာ၊ထို့ပြင်၊ ဝေါတ-ဝေါဘ-ဝေါဗန္တရံ၊ ဝုဋ္ဌောတဒါရုံအကြား၊ ဝုဋ္ဌော-ဘဝင်အကြား၊ ဝုဋ္ဌော ဗုတိ အကြားကိုငင်း၊အာတ-အာဘ-အာဗန္တရံ၊အာဝဇ္ဇာန်း-တဒါရုံ အကြား၊ အာဝဇ္ဇန်း, ဘဝင်အကြား၊ အာဝဇ္ဇန်း ဗုတိ အကြားကိုငင်း၊ ဆ၊ ခြောက်ပါးသော၊ဇဌ္ဌာနံ၊ဇောဌာနဟူ၍။ပရိဒီပယေ၊ပြရာ၏၊ဇဘ-ဇဗန္တရံ၊ ဇောဘဝင်-ဇောဗုတိ အကြားကို၊ ဒုတဌာနံ၊ တဒါရုံနှစ်ဌာနဟူ၍၊ ဥဒ္ဒယျံ၊ သိအပ်၏။ တပ ဇပ-ဘပန္တရံ၊ တဒါရုံ-ပဋိသန္ဓေ အကြား၊ ဇော-ပဋိသန္ဓေ အကြား၊ဘဝင် ပဋိသန္ဓေအကြားကို၊တိခါ၊သုံးပါးအပြားအားဖြင့်၊ဗုတိဌာနံ၊ ဗုတိဌာနဟူ၍၊မတံ၊သိအပ်၏။

ငင်းဂါထာအရ-ပြဦးအံ့၊ ၊ဗုတိ-နှင့်-ဘဝင်အကြား၊ ပဋိသန္ဓေ တဌာန အရကိုမရဏာသန္နဝိထိ၊ပဋိသန္ဓေဝိထိတို့၌သိအပ်၏၊ ဘဝင်ခြောက်ဌာနကို ပဋိသန္ဓေ ဝိထိ-မရဏာသန္နဝိထိ-မနောဒွါရိကဝိထိ စသည်တို့၌ သိအပ်၏၊ ပအာ-အရ၊ပဋိသန္ဓေဝိထိ-ဘဝနိကန္တိ ဝိထိ၌ရ၏။ ဘအာ-အရအတိမဟန္တာ ရုံဝိထိ၌-တဒါရုံအဆုံး ဘဝင်ကျသည်ကို မှတ်အပ်၏။ ဇအာ-အရ-အဝိဘူ တာရုံ မဟန္တာရုံဝိထိ၌ ဇောအဆုံးဘဝင်ကျသည်ကိုမှတ်အပ်၏၊ဝေါအာ

အရ-ပရိတ္တာရုံ၌-ဘွင်ကျခြင်းကို မှတ်အပ်၏၊ တ-ရ,အရ-ကာမဘုံမှ စုတေ၍၊ ကာမဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ထခါရုံအဆုံး၌-ဘွင်ကျသည့်-မရဏာသန္နဝီထိကိုမှတ်အပ်၏။ဇ-ရအရ၊ကာမဘုံမှစုတေ၍၊ပြဟ္မာ့ဘုံ၌ဖြစ်လတ္တံ့သောပုဂ္ဂိုလ်အား၊ ဇောအဆုံး၌ဘွင်ကျသော မရဏာသန္နဝီထိကို မှတ်အပ်၏၊ ။ဤလျှင် ဘွင်ခြောက်ဌာနတည်း၊

အာဝဇ္ဇန်းနှစ်ဌာနအပြ၊ဘ-ဝိအရ ပဉ္စဒွါရဝီထိ၌မှတ်အပ်၏။ဘ-ဇ,အရ-မနောဒွါရဝီထိ၌ သိအပ်၏၊ ပဉ္စဝိညာဉ်-သမ္ပဋိစ္ဆိုင်း-သန္တီရဏ ဌာနတို့ သသ်ထင်ရှားကုန်၏၊ ။ဝုဋ္ဌောနှစ်ဌာနအပြ ဂိ-ဇအရ-မဟန္တာရုံပရိတ္တာရုံဝီထိ၌မှတ်အပ်၏။တိ-ဘ-အရ-ပရိတ္တာရုံဝီထိ၌မှတ်အပ်၏၊ ဇောခြောက်ဌာနအပြတို့တွင် ဝေါ-တ,အရ-အတိမဟန္တာရုံဝီထိ၌မှတ်အပ်၏၊ဝေါ-ဘအရမဟန္တာရုံဝီထိ၌မှတ်အပ်၏၊ဝေါ-ရ,အရ ကာမဘုံမှစုတေ၍၊ ထိုကာမဘုံ၌ပင်ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အားဖြစ်သော မရဏာသန္နဝီထိတို့၌မှတ်အပ်၏၊ အာ-တ,အရ ဝိဘူတာရုံ၌မှတ်အပ်၏။အာ-ဘ,အရအဝိဘူတာရုံ၌မှတ်အပ်၏၊အာ-ရ,အရ၊ကာမဘုံမှစုတေ၍၊ပြဟ္မာ့ဘုံ၌ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အားဖြစ်သော မရဏာသန္နဝီထိ၌ မှတ်အပ်၏။ ။ဇောခြောက်ဌာန ဝီထိဝါရတည်း၊

တဒါရုံနှစ်ဌာနတွင်၊ဇ-ဘ,အရ အတိမဟန္တာရုံဝိဘူတာရုံတို့၌မှတ်အပ်၏၊ဇ-ရ,အရ၊ကာမဘုံမှစုတေ၍၊ ထိုကာမဘုံ၌ဖြစ်လတ္တံ့သောပုဂ္ဂိုလ်အားဖြစ်သောမရဏာသန္နဝီထိ၌မှတ်အပ်၏။ ။စုတိသုံးဌာနတို့တွင်၊ဇ-ပ,အရ ကာမဘုံမှစုတေ၍၊ကာမဘုံ၌ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အားဖြစ်သောမရဏာသန္နဝီထိ၌၊ ဇောအဆုံးကိုမှတ်အပ်၏၊တ-ပ,အရ-ငင်းမရဏာသန္နဝီထိ၌ပင်၊ တဒါရုံနောင်-စုတိကျသောဝီထိကိုမှတ်အပ်၏။ဘ-ပ,အရ-ငင်းမရဏာသန္နဝီထိ၌-ဘွင် နောင်စုတိကျသောဝီထိကိုမှတ်အပ်၏။ ။ဤသည်လျှင် စုတိသုံးဌာနတည်း၊ ။ဝီထိကိုကြေပြွန်မှ၊ ဤ ၂၅-ဌာနဖြစ်ဟန်ကို၊ ကေန်တိတိ၊ အမှန်သိကြမည် သောတုဇနတို့၊ ။ဤလျှင် ဌာနအရ-ဝီထိဝါရတည်း၊

အဋ္ဌသဋ္ဌိ တထာ ဒွေစ၊ နဝ ဋ္ဌ ဒွေ ယထာက္ကမံ၊
ကေ-ဋ္ဌိ-တိ-စတု-ပဉ္စ၊ ကိစ္စဋ္ဌာနာနိ နိဒ္ဒိသေ၊ ။

ကေ-ဋ္ဌိ-တိ-စတု-ပဉ္စ၊ကိစ္စဋ္ဌာနာနိ၊တကိစ္စ-တဌာန၊နှစ်ကိစ္စ-နှစ်ဌာန၊သုံးကိစ္စ-သုံးဌာန၊ လေးကိစ္စ-လေးဌာန၊ ငါးကိစ္စ-ငါးဌာနတင်သောစိတ်တို့ကို၊ ယထာက္ကမံ၊အစဉ်အတိုင်း၊ အဋ္ဌသဋ္ဌိစ၊ ၆၈-ပါးအပြားရှိကုန်၏ ဟူ၍ငင်း၊

တထာ၊ထိုမှ၊ ဗွေ့စ၊နှစ်ပါးအပြားရှိကုန်၏ဟူ၍ငင်း၊ နဝစ၊ကိုးပါးအပြားရှိကုန်၏ဟူ၍ငင်း၊အဋ္ဌစ၊ရှစ်ပါးအပြားရှိကုန်၏ဟူ၍ငင်း၊ဒွေစ၊နှစ်ပါးအပြားရှိကုန်၏ဟူ၍ငင်း၊နိဒ္ဒိသေ၊ညွှန်းပြရာ၏။

ဤဂါထာပါဌ်အရ၊အဓိပ္ပါယ်ကား၊ဧွေးပဉ္စဝိညာဉ်၁၀။ဓာဧ ၅ ၅။မနောဓာတ် ၃၊ပေါင်းခြောက်ဆဲ့ရှစ်ပါးသည်။တကိစ္စ-တဋ္ဌာနတပ်သောစိတ်မည်၏၊ သောမနဿ သန္တီရဏ-မနောဒွါရာဝဇ္ဇန်းသည်၊ နှစ်ကိစ္စ နှစ်ဋ္ဌာနတပ်သောစိတ်မည်၏၊ မဟာဂ္ဂုတ် ၉ပါက် ကိုးပါးသည်၊ သုံးကိစ္စ-သုံးဋ္ဌာနတပ်သောစိတ်မည်၏။မဟာဝိပါက်ရှစ်သည်၊လေးကိစ္စ-လေးဋ္ဌာနတပ်သောစိတ်မည်၏။ဥပေက္ခာသန္တီရဏစိတ် ၂-သည်၊ငါးကိစ္စ-ငါးဋ္ဌာန တပ်သောစိတ်မည်၏ဟူလို။ ။လင်္ကာအချုပ်-နယငုတ်ကား၊

(၁) ပဉ္စဝိညာဉ်မနောဓာတ်၊ဓာဧကုန်လတ်၊အဋ္ဌသဌ်-တကိစ္စာ။
(၂) သောတိ-ဝုဋ္ဌော၊ဧွေးကိစ္စော၊မှတ် လောနှစ်သိန်ာ၊
(၃) မဟဂ္ဂုတ်ဝိ၊ကိုးခုရှိ၊မှတ်ဘိ-သုံးကိစ္စာ၊
(၄) ရှစ်ဝိမဟာ၊လေးကိစ္စာ၊မှတ်ပါစိတ်ဝယ်မှာ၊
(၅) ဥပေက်သန္တိ၊နှစ်ခုမှိ၊ငါးထိ-ကိစ္စသာ၊

ဤကိစ္စသင်္ဂဟ၌၊ပါရှိသောသနည်းဟုမှတ်၊စေတသိက်အချုပ်ကား၊ ။ အထုသလ-ဝိရတီ။တကိစ္စမှိစေရ၊အပ္ပမညာလေးကိစ္စံ။ခွဲမှတ်ကြရန်၊သောဘာဏဆဲ့ကိုးတန်၊စေပည့်ဆဋ္ဌနှင့်။ဂေ်ဝိသငါးကိစ္စာ၊ပီခြောက်ဟုလာ၊ ဝိရိယခုနစ်ဖြာ။ကိုးကိစ္စာအရ။ဝိတက်-စာဓိမောက္ခဟု၊စေသဗ္ဗခုနစ်တန်၊ဆဲ့လေးဝမှန်၊ဒွိပညာသ-သရုပ်ကို၊ သချိာနယ်သိပါတော့ကွဲလေး၊

ကိစ္စသင်္ဂဟ။သရုပ၊ပြီးထနိဋ္ဌိတာ၊

---

## (၂၆၀) ဒွါရသင်္ဂဟကိုပြဆိုခြင်း၊

ဒွါရသင်္ဂဟ၌ဒွါရတို့သည်၊စက္ခုဒွါရ၊သောတဒွါရ၊ဃာနဒွါရ၊ဇိဝှါဒွါရ၊ကာယဒွါရ၊မနောဒွါရအားဖြင့်ခြောက်ပါးအပြားရှိ၏၊ထိုတွင်၊ စက္ခုပသာဒသည်-စက္ခုဒွါရ၊ သောတပသာဒသည်-သောတဒွါရ၊ ဃာနပသာဒသည်-ဃာနဒွါရ၊ ဇိဝှါပသာဒသည်-ဇိဝှါဒွါရ၊ ကာယပသာဒသည်-ကာယဒွါရ၊ မနောဒွါရာဝဇ္ဇန်းအား။အနန္တရပစ္စည်းတပ်သော ဘဝင်္ဂုပစ္ဆေဒတဆဲ့ကိုးခုသည်။မနောဒွါရမည်၏။ ။ထိုကြောင့်သင်္ဂြိုဟ်၌။ မနောဒွါရံပန ဘဝင်္ဂန္တိ

ပဝုတ္တတိ၊ ။ဟုမိန့်တော်မူ၏။ ။ဤပကိဏ်းပိုင်း၌။ဘဝင်္ဂုပစ္ဆေဒ-တဆဲ့ကိုးခုကို။မနောဒွါရဟုခေါ်ဆိုအပ်၏။ဘုံပိုင်းအကုသလကမ္မပထအရာ၌၊လောဘမူ၊ဒေါသမူစိတ်ဆယ်ခုကို၊ မနောဒွါရဟုခေါ်ဆိုအပ်၏။ ပဋ္ဌာန်း ပစ္စည်းပိုင်း၌၊အလုံးစုံသောစိတ်တခုယုတ်ကိုးဆယ်ကိုမနောဒွါရဟုခေါ်ဆိုအပ်၏။ ။ဤသုံးရပ်ကိုသတိချပ်လေ။ ။ဒွါရဟူသည်၊ စိတ်စေတသိက်တို့၏ ဖြစ်ရာဖြစ်ကြောင်းဖြစ်သဖြင့်၊ထွက်ရာဝင်ရာတံခါးနှင့်တူသောကြောင့်၊ ဒွါရမည်သတည်း။ထိုကြောင့်၊ဋီကာ၌။ ။အာဝဇ္ဇနာဒီနံ အရူပဓမ္မာနံ ပဝတ္တိမုခဘာဝတော ဒွါရံဝိယာတိဒွါရံ၊ ။ဟုပြတော်မူ၏။ ။အာဝဇ္ဇနာဒီနံ၊ အာဝဇ္ဇန်းအစရှိကုန်သော၊ အရူပဓမ္မာနံ၊နာမ်တရားတို့၏၊ ပဝတ္တိမုခဘာဝတော၊ဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့်၊ဒွါရံဝိယ၊လူတို့၏ထွက်ရာ-ထံခါးကဲ့သို့၊ပဝတ္တတိ၊ဖြစ်တတ်၏၊ဣတိတသ္မာ၊ထိုကြောင့်၊ဒွါရံ၊ဒွါရမည်၏။

ဒွါရသရုပ်-ထုတ်ပြဦးအံ့၊ ။ဤဒွါရ ခြောက်ပါးဝယ်၊ တပါးပါးသောဒွါရ၌၊ကာယဒုစရိုက်၊ဝစီဒုစရိုက်၊မနောဒုစရိုက်တို့သည်၊အာရုံခြောက်ပါးကိုစွဲ၍ဖြစ်ရကား၊ဒွါရခြောက်ပါးတည်း၊ဒုစရိုက်သုံးပါးနှင့်မြှောက်၊ဒုစရိုတဒွါရ-တဆဲ့ရှစ်ပါးရ၏၊ဤနည်းအတူ၊ သုစရိုတဒွါရလည်း၊တဆဲ့ရှစ်ပါးရ၏၊ပေါင်းသုံးဆဲ့ ခြောက်ပါးသော ဒွါရတို့သည်ဖြစ်ကုန်၏၊ ထိုကြောင့်ရကား၊သဂါထာ ဝဂ္ဂဘ်ယုတ္တအဋ္ဌကထာ၌။ ။ဆုမေသုဆသုဒွါရေသု အဋ္ဌာရသ ဒုစ္စရိတာနိပေါ ဟ္တိ၊တထာအဋ္ဌာရသသုစရိတာနိ၊ ။ဟုဘွင့်ပြတော်မူ၏။ ။ဆုမေသုဆသုဒွါရေသု၊ဤခြောက်ဒွါရတို့၌၊ အဋ္ဌာရသဒုစ္စရိတာနိ၊ တဆဲ့ရှစ်ပါးသောဒုစရိုက်တို့သည်၊ပေါ ဟ္တိ၊ဖြစ်ကုန်၏။တထာ၊ထိုအတူ၊ အဋ္ဌာရသသုစရိတာနိ၊တဆဲ့ရှစ်ပါးသော သုစရိုက်တို့သည်၊ပေါ ဟ္တိ၊ဖြစ်ကုန်၏၊ ။သုံးဆဲ့ခြောက်ဖြာ၊ဒွါရလာ၊သေချာကောက်စမ်းအဘယ်နည်း။ ။ဟုပုစ္ဆာထုတ်အပ်၏၊ ။စက္ခုဒွါရ၌ဖြစ်သောစိတ်၄၆-ပါးကို။သရုပ်ပြဦးအံ့၊ ။စက္ခုဒွါရ၌ဖြစ်သောစိတ်၄၆-ပါးအရကား၊ကာမစိတ်-ငါးဆဲ့လေးပါးတွင်၊ ဒွေးပဉ္စဝိညာဉ်တဆယ်ကိုနုတ်လျှင်၊ လေးဆဲ့လေးပါးရ၏။ ၎င်းတွင်။ စက္ခုဝိညာဉ်ဒွေးထည့်လျှင်၊ စက္ခုဒွါရစိတ်-လေးဆဲ့ခြောက်-ဖြစ်၏။ စက္ခုဝိညာဉ်နှင့်၊သောတဝိညာဉ်လှည့်၍ထည့်လျှင်၊ သောတဒွါရစိတ်၄၆၊ဃာန-ဇိဝှါ-ကာယဝိညာဉ်ကို လှည့်၍ထည့်လျှင်၊ ၄၆-ပါးစီဖြစ်သတည်း၊ မနောဒွါရ၌ဖြစ်သောစိတ်ကား၊ မနောဒွါရာဝဇ္ဇန်း။ ဇောငါးဆဲ့ငါး၊ တဒါရုံတဆဲ့ထစ်၊ပေါင်းခြောက်ဆဲ့ခုနစ်ပါးဖြစ်သတည်း၊

ဤလျှင်၊ဆစတ္တာလီသ၊သတ္တသဋ္ဌိစိတ္တာနိ-ပါဌ်အရပြီး၏၊

## (၂၆၁) ပုဂ္ဂိုလ်အားဖြင့်၊ဒွါရ၌ဖြစ်၊စိတ်ကိုစစ်၍ပြခြင်း။

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၏ စက္ခုဒွါရ၌၊ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်ခွေး၊ သမ္ပဋိစ္ဆိုင်းခွေး။သန္တီရဏ ၃။ဝုဋ္ဌော၊ကာမဇော-၂၀။ပေါင်း ၂၉-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ သုဂတိအဟိတ်-ဒွိဟိတ်ပုဂ္ဂိုလ်၌။ ၃၃-ပါးသော စက္ခုဒွါရိကစိတ်။ အဟိတ်ပုဂ္ဂိုလ်၌။ ၃၇-ပါး။ သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်၌။၃၂-ပါး။အနာဂါမ်၌၃၀၊ရဟန္တာ၌၂၆-ပါး။စသည်အားဖြင့်။ပဉ္စ ဒွါရ-စိတ်အရကို။ပုဂ္ဂလအားဖြင့်ခွဲကြလော။မနောဒွါရ၌လည်း၊ဒုဂ္ဂတိပုဂ္ဂိုလ် ဝယ်မနောဒွါရာဝဇ္ဇန်း၊ကာမဇော-၂၀။သန္တီရဏ-၃၊ပေါင်း ၂၄-ပါးသော စိတ်ဖြစ်၏။ သုဂတ် အဟိတ် ဒွိဟိတ် ပုဂ္ဂိုလ်၌ ၂၀-ပါး၊ တိဟိတ်ပုဂ္ဂိုလ်၌ ၄၁-ပါး၊သောတာပန်သကဒါဂါမ်၌၃၇-ပါး။အနာဂါမ်၌ ၃၅-ပါး။ရဟန္တာ၌ ၃၁-ပါး၊မနောဒွါရိကစိတ်တို့သည်ဖြစ်ကုန်၏။ ၊ညှထ်ကြံသင့်ပြီ။ ၊ လင်္ကာအချုပ်ကား။ ။နှစ်ဆဲ့ကိုးဝ။တေတ္တိံသနှင့်။သတ္တတိံသာ၊ဒွတ္တိံသာ တည်၊တိံသာ-ဆဗ္ဗိ၊ပုဂ္ဂိုလ်မှီ၊ငါးထိဒွါရ-ခွဲယူကြ။ ။စတုဝီသာ၊ဒွာဝီသာ နှင့်၊ကေဝတာလီ၊ခွန့်မှီသုံးဆယ်၊သုံးဆဲ့ငါးဝ၊ကေတိံသာ၊မနောဒွါ၊ပုဂ္ဂလာ ခွဲအပ်စွ။ ၊၅၍သည့်သျှင် ပုဂ္ဂလအရ၊ခြောက်ဒွါရကိုပြခြင်းတည်း။

(၁) ကေဒွါရိကစိတ္တာနိ၊ ပဉ္စဆဒွါရိကာနိစ၊
ဆဒွါရိကဝိမုတ္တာနိ၊ ဝိမုတ္တာနိစ သဗ္ဗထာ။ ။

(၂) ဆတ္တိံသတိ တထာ တိဏိ၊ ဧကတိံသ ယထာက္ကမံ၊
ဒသဓာ နဝဓာစေတိ၊ ပဉ္စဓာ ပရိဒီပယေ။ ။

ကေဒွါရိကစိတ္တာနိစ၊ တဒွါရ၌ဖြစ်သောစိတ်တို့ရင်း၊ ပဉ္စဆဒွါရိကာနိစ၊ ငါးဒွါရ-ခြောက်ဒွါရ၌ဖြစ်သောစိတ်တို့ရင်း။ဆဒွါရိကဝိမုတ္တာနိ၊ ရုံခါခြော် ဒွါရ၌ဖြစ်-ရုံခါခြောက်ဒွါရမှ လွတ်သော စိတ်တို့ရင်း၊ သဗ္ဗထာ၊အချင်းခပ် သိမ်း၊ဝိမုတ္တာနိစ၊ခြောက်ဒွါရမှလွတ်သောစိတ်တို့ရင်း၊ ယထက္ကမံ၊အစဉ် အတိုင်း။ဆတ္တိံသတိစ၊၃၆-ပါးရင်း၊ တထာ၊ထိုမြို့၊ တိဏိစ၊သုံးပါးရင်း။ဧ ကတိံသစ၊သုံးဆဲ့တပါးရင်း။ဒသဓာ၊ဆယ်ပါးအပြားရင်း၊နဝဓာစ၊ကိုးပါး အပြားရင်း။ဣတိ၊၅၍သို့၊ပဉ္စဓာ၊ငါးပါးအပြားအားဖြင့်၊ပရိဒီပယေ၊ပြရာ၏။

၅၍ဂါထာအရ၊ သရုပ်ခွဲကား၊ ။ဒွေပဉ္စဝိညာဉ်-၁၀၊ တဒွါရဖြစ်၏၊ အပ္ပနာဇော ၂၆-သည် မနောဒွါရ၌ဖြစ်၏၊တဒွါရ၌ဖြစ်သောစိတ် ၃၆-ပါး တည်း။ပဉ္စဒွါရာဝဇ္ဇန်း။သမ္ပဋိစ္ဆိုင်းခွေးသည်-ငါးဒွါရ၌ဖြစ်၏။ သောမနဿ

သန္တီရဏ-ဝုဠော။ ကာမဇော ၂၉။ ပေါင်း ၃၁-ပါးသည်။ ခြောက်ဒွါရ၌ ဖြစ်၏။ ဥပေက္ခာသန္တီရဏ နှစ်ပါး၊ မဟာဝိပါက်၊ ပေါင်းဆယ်ပါးသည်၊ သန္တီရဏ-တဒါရုံ ကိစ္စတပ်သောအခါ-ခြောက်ဒွါရ၌ ဖြစ်၏။ ပဋိသန္ဓေ-ဘဝင် ကိစ္စ-စုတိ ကိစ္စတပ်သောအခါ၊ ခြောက်ဒွါရမှလွတ်၏။ မဟဂ္ဂုတ် ဝိပါက် ကိုးပါးသည်၊ ပဋိသန္ဓေ၊ ဘဝင်-စုတိကိစ္စတပ်သောကြောင့်၊ အချင်းခပ်သိမ်း၊ ဒွါရခြောက်ပါးမှ လွတ်ရကား၊ ဒွါရဝိမုတ် စိတ်မည်၏။ ပေါင်းစိတ်ရှစ်ဆဲ့ ကိုးပါးတည်း၊

စေတသိက်အားဖြင့်၊ သရုပ်ခွဲနည်းကား၊ ။အပ္ပမညာနှစ်ပါး၊ ဝိရတီသုံးပါးတို့သည်။ မနောဒွါရ၌သာလျှင် ဖြစ်ကုန်၏၊ ကြွင်းသော လေးဆဲ့ခုနစ်ပါးသောစေတသိက်တို့သည်-ခြောက်ဒွါရ၌ဖြစ်ကုန်၏၊ ဒွါရဝိမုတ်စေတသိက်ကား၊ သုံးဆဲ့ငါးပါးသာတည်း၊

(၁) ဝိရတီ၊ ပမညာ၊ ဤငါးဖြာ၊ မနောဒွါရမှာဖြစ်၊
(၂) သတ္တတာလီ၊ အကြွင်းမျှ၊ ဖြစ်ပြီခြောက် ဒွါရစ်၊

စက္ခုဒွါရ၌သာဖြစ်၍-သောတဒွါရ၌ မဖြစ်-စသည်ဖြင့်၊ စတုက္က
ဖွည့်လည်လေ၊ ။ဒွါရသင်္ဂဟပြီးပြီ၊

---

## (၂၆၂) အာရမ္မဏသင်္ဂဟကိုပြဆိုခြင်း၊

အာရမ္မဏသင်္ဂဟ၌၊ အာရုံဟူသည်၊ ပစ္စည်းတရားဖြစ်ရကား၊ ရူပါရုံ-သဒ္ဒါရုံ- ဂန္ဓာရုံ- ရသာရုံ- ဖောဋ္ဌဗ္ဗာရုံ-ဓမ္မာရုံ ဟူ၍၊ ခြောက်ပါး အပြားရှိသတည်း၊ ထိုခြောက်ပါးတို့တွင်၊ အဆင်းဟု ဆိုအပ်သော ဝဏ္ဏာယတနသည်၊ ရူပါရုံမည်၏၊ အသံဟု ဆိုအပ်သောသဒ္ဒါယတနသည်၊ သဒ္ဒါရုံမည်၏၊ အနံ့ဟုဆိုအပ်သော ဂန္ဓာယတနသည်၊ ဂန္ဓာရုံမည်၏၊ အရသာဟု ဆိုအပ်သော ရသာယတနသည်၊ ရသာရုံ မည်၏၊ ပထဝီ-တေဇော-ဝါယော-ဟု ဆိုအပ်သော ဘုတ်သုံးခုတို့၏ အပေါင်းဖြစ်သော အတွေ့ ဖောဋ္ဌဗ္ဗာယတနသည်၊ ဖောဋ္ဌဗ္ဗာရုံမည်၏၊ ပသာဒရုပ်ငါးခု၊ သုခုမရုပ် ၁၆-ခု၊ စိတ်တရယုတ် ၉၀-စေတသိက်ဒွေပညာသ၊ နိဗ္ဗာန်၊ ပညတ်၊ ဤတများ အပေါင်းသည်၊ ဓမ္မာရုံမည်၏၊ ဤသို့ပိုင်းခြား၍မှတ်အပ်၏၊

အာရုံဟူသည်။ အဘယ်ကြောင့် အာရုံမည်သနည်းဟူမူ၊ ။စိတ္တစေတသိကာနိ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ၊ ။ဧတ္ထ၊ ဤဝဏ္ဏာယတန

စသည်၌၊ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့သည်၊ အာဂတ္တာ၊ လာ၍။ ရမန္တိ၊ မွေ့လျော်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊ အာရမ္မဏံ၊ အာရုံမည်၏။ ။စိတ်စေတသိက် တရားတို့သည် လာ၍ မွေ့လျော် တတ်သောကြောင့်။ အာရုံမည်၏။ ။တနည်း၊ စိတ်စေတသိက်တည်းဟူသော အာရမ္မဏိကပစ္စယုပ္ပန်တရားသည်၊ စွဲကိုင်၍ယူအပ်သောကြောင့် အာရုံမည်၏။ ထိုကြောင့်ရကား။ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍။ စက္ခုဒွါရ၌ဖြစ်သောစိတ်လေးဆဲ့ခြောက်ပါးဖြစ်သတည်း။ ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍။ သောတဒွါရ၌ဖြစ်သော စိတ်လေးဆဲ့ခြောက်ပါးဖြစ်သတည်း၊ ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြု၍ ဃာနဒွါရ၌ဖြစ်သော စိတ်လေးဆဲ့ခြောက်ပါးဖြစ်သတည်း။ ပစ္စုပ္ပန်ရသာရုံကို အာရုံပြု၍။ ဇိဝှါဒွါရ၌ ဖြစ်သော စိတ်လေးဆဲ့ ခြောက်ပါး ဖြစ်သတည်း။ ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကိုအာရုံပြု၍၊ ကာယဒွါရ၌ဖြစ်သောစိတ်-လေးဆဲ့ခြောက်ပါးဖြစ်သတည်း။ ထိုကြောင့်-အဋ္ဌကထာ၌၊ ။တတ္ထစက္ခုဒွါရိက စိတ္တာနံ သဗ္ဗေသမ္ပိ ရူပမေဝ အာရမ္မဏံ၊ တဉ္စပစ္စုပ္ပန္နံ၊ တထာ သောတဒွါရိက စိတ္တာဒီနံပိသဒ္ဒါဒီနိ၊ တာနိစပစ္စုပ္ပန္နာနိယေဝ။ ။ဟုမိန့်တော်မူ၏။ ။ကာလသုံးပါး၌ဖြစ်သော အာရုံခြောက်ပါးကိုအာရုံပြု၍၊ မနောဒွါရ၌ ဖြစ်သော စိတ်ခြောက်ဆဲ့ရှစ်ပါးသည်။ ထိုက်သည်အားလျော်စွာဖြစ်ကုန်၏။ ဤမနောဒွါရိကစိတ်သည်၊ နိဗ္ဗာန်ပညတ်ဟုဆိုအပ်သော ကာလဝိမုတ်ဖြစ်သော အာရုံကိုလည်း အာရုံပြု၏ဟူလို၊ ။ထိုကြောင့်၊ လက်သန်း အဋ္ဌကထာ၌။ ။မနောဒွါရိက စိတ္တာနံပန ဆဗ္ဗိဓမ္ပိ ပစ္စုပ္ပန္နမတီတံ အနာဂတံ ကာလဝိမုတ္တဉ္စ ယထာရဟ မာရမ္မဏံ ဟောတိ၊ ။ဟုဖွင့်ပြတော်မူ၏၊ ။ဤမနော ဒွါရိကဇောတို့၏၊ အာရုံပြုဟန်ကို သီးသန့်ခြားနား၍ပြပေအံ့၊ ။ဟသိတုပ္ပါဒ် ကြဉ်အပ်သော ကာမဇောသည်။ ကာလသုံးပါး၊ ကာလဝိမုတ်ဖြစ်သောအာရုံခြောက်ပါးကို အာရုံပြု၏။ ဟသိတုပ္ပါဒ်သည်ကား။ ကာလသုံးပါးဖြစ်သော အာရုံခြောက်ပါးကို အာရုံပြု၏။ အဘိညာဉ်ဇောသည်ကား။ ကာလသုံးပါး။ ကာလဝိမုတ်ဖြစ်သော အာရုံခြောက်ပါးကိုအာရုံပြု၏။ ကြွင်းသောမဟဂ္ဂုတ်-လောကုတ္တရာဇောသည်ကား၊ ကာလဝိမုတ်ကိုရင်း။ အတိတ်အာရုံကိုရင်း။ အာရုံပြု၏၊ ။ဤလျှင်-အာရုံယူပုံတည်း၊

ဤသို့ပြအပ်ခဲ့ပြီးသောအာရုံခြောက်ပါးတို့တွင်၊ စက္ခုပသာဒစသည်တို့အားထင်ခြင်းသို့မရောက်ကုန်သော၊ ရူပ-သဒ္ဒ စသောအာရုံငါးပါးတို့သည်။ ဓမ္မာရုံမည်၏ဟူ၍။ အကြင်ဆရာတို့သည်ဆိုကြကုန်၏၊ အတိတ်အနာဂတ်တို့၌၊ ပွင့်ပြီးပွင့်လတ္တံ့သော ဘုရားတို့၏ ရူပါရုံစသည်တို့ကဲ့သို့ဟူလို။ ထို

စကားကို-အနှစ်သာရအားဖြင့်မမှတ်သားအပ်ထုန်၊အဘဲ့ကြောင့်ဟူမူ၊စက္ခု စသောငါးပါးသော အရွေ့တို့အားထင်ခြင်းသို့မရောက်သည်သာလျှင် ဖြစ် ထုန်သော ရူပါရုံစသည်တို့တည်း၊ ဒိဗ္ဗစက္ခု အဘိညာဉ်၏ အာရုံဖြစ်သော ကြောင့်၊ ဝဏ္ဏာရုံဟူ၍မဆိုအပ်၊ ရူပါရုံဟူ၍ပင်၊ ကေန်ဆတ်ဆတ်–ဟောဆို အပ်၏-ဟု။ အဋ္ဌသာလိနီ အဋ္ဌကထာ-အဘိဓမ္မာဝတာရဋီကာတို့၌ ဘွင့်ပြ တော်မူ၏၊ ။ဤလျှင်တရပ်-မှတ်ဘွယ်တည်း၊

---

## (၂၆၃) ကာလဝိမုတ်တရားကိုပြဆိုခြင်း၊

(အမေး) နိဗ္ဗာန်ပညတ်၊ဤနှစ်ရပ်။ကာလတ်ဝိမုတ်မည်သတည်း၊

(အဖြေ) ပျက်စီးခြင်းမရှိ၊ဂုဏ်သတ္တိ၊မှတ်ဘိအံ့ကြောင့်တည်း၊

ဝိနာသာဘာဝတော အတီတာဒိ ကာလ ဝသေန န ဝတ္တဗ္ဗတ္တာ နိဗ္ဗာနံ ပညတ္တိစ ကာလဝိမုတ္တံနာမ၊ ။ဿိပဟိုဋ္ဌိဋီကာ၊ ။ဝိနာသာဘာဝတော၊အ သင်္ခတ တရားဖြစ်၍ ပျက်စီးခြင်း မရှိသော ကြောင့်၊ အတီတာဒိ ကာလ ဝသေန၊အတိတ်စသောကာလ၏အစွမ်းအားဖြင့်၊နဝတ္တဗ္ဗတ္တာ၊မဆိုအပ်သည် ၏အဖြစ်ကြောင့်၊နိဗ္ဗာနံ၊နိဗ္ဗာန်သည်ရင်း၊ပညတ္တိစ၊ပညတ်သည်ရင်း၊ကာလ ဝိမုတ္တံနာမ၊ကာလဝိမုတ်မည်၏၊ ။ဤဋီကာပါဠ်ဖြင့်၊နိဗ္ဗာန်,ပညတ်၊အာရုံ နှစ်ရပ်ကို၊ကာလဝိမုတ်အာရုံ-နဝတ္တဗ္ဗအာရုံ-ဟူ၍ဆိုအပ်၏၊

---

## (၂၆၄) ဒွါရဝိမုတ်စိတ်အရကိုပြဆိုခြင်း၊

ဒွါရဝိမုတ်စိတ် ၁၉–ပါးသည်ကား၊ ပစ္စုပ္ပန်-အတိတ်-ပညတ် ဖြစ်သော ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံခြောက်ပါးကို ထိုက် သည်အားလျော်စွာ-အာရုံပြု၏ဟုမှတ်၊ ထိုကြောင့် လက်သန်း အဋ္ဌကထာ ၌၊ ။ဒွါရဝိမုတ္တာနဉ္စပနိသန္ဓိ-ဘဝင်္ဂစုတိသင်္ခါတာနံဆဗ္ဗိဓမ္ပိယထာ သမ္ဘဝံ ယေဘုယျေနဘဝန္တရေဆဒွါရဂ္ဂဟိတံ ပစ္စုပ္ပန္နမတီတံ ပညတ္တိဘူတံဝါကမ္မ ကမ္မနိမိတ္တဂတိနိမိတ္တသမ္မတံအာရမ္မဏံဟောတိ၊ ။ဟုဘွင့်ပြတော်မူ၏၊ ။ ဤအဋ္ဌကထာပါဠ်၌၊ ကံ-ဟူသည် အားထုတ်အပ် ဆည်းပူးအပ်သော ဥဒ္ဒိဿ စေတနာကြဉ်သော အတုသိုလ်စေတနာတဆဲ့တစ်၊ မဟာကုသိုလ် စေတနာ ရှစ်ပါး၊ပေါင်းစေတနာတဆဲ့ကိုးပါးကို မှတ်အပ်၏၊ ။ပဋိသန္ဓေကိုဖြစ်စေ တတ်သောကုသိုလ်-အကုသိုလ်ဟူလို၊ ။ထိုကြောင့် သုံပိုင်း၌၊ ။ဘဝင္ဂ

ရေပဋိသန္ဓိဇနကံကမ္မံဝါ။ ။ဟူ၍ ရှင်အနုရုဒ္ဓါ မိန့်လတ္တံ့။ ။ထိုကံသည်။ ကာလအားဖြင့်အတိတ်၌ဖြစ်၍။ဒွါရအားဖြင့် မနောဒွါရ၌သာထင်၍၊ အာရုံအားဖြင့်ဓမ္မာရုံသာလျှင်တည်း။ထိုကြောင့်-သင်္ဂြိုဟ်၌၊ ။ကမ္မံပနအတီတမေဝ၊ တစ္ဆမနောဒွါရဂဟိတံ၊ ။ဟုမိန့်၏။ ။ကမ္မနိမိတ်ဟူသည်၊အကြောင်းဝတ္ထုကို အာရုံပြု၍။ထိုကံကိုပြု၏၊ထိုလောကီကုသိုလ်,အကုသိုလ်ကံပြုသောကာလ ၌-ရအပ်သော-အဆောက်အဦးဖြစ်သောဆွမ်း,သင်္ကန်း,ထီး,တန်းခွန်,ထား လက်နက် အစရှိသော အာရုံခြောက်ပါးကိုမှတ်အပ်၏၊ ထိုကြောင့်-သုံးပိုင်း၌၊ ။တံကမ္မကရဏကာလေ ရူပါဒိကမုပလဒ္ဓပုဗ္ဗမုပကရဏဘူတဥ္စကမ္မ နိမိတ္တံဝါ၊ ။ဟူ၍ဆိုလတ္တံ့။ ။ဤကမ္မနိမိတ်သည်၊ပဥ္စာရုံဖြစ်ငြားအံ့။ကာလ အားဖြင့်။ပစ္စုပ္ပန်အတိတ်၌ဖြစ်၏၊ခြောက်ဒွါရဖြင့် ယူအပ်၏၊ ဓမ္မာရုံဖြစ်ငြား အံ့။ကာလအားဖြင့်၊ အတိတ်၌ဖြစ်၏၊ မနောဒွါရဖြင့်ယူအပ်၏၊ ထိုကြောင့် သစ္စာသံခိပ်ဋီကာ၌၊ ။ကမ္မနိမိတ္တံ အတီတမေဝမနောဒွါရေနဂယှတိ၊ဝတ္တ မာနံဆဒွါရေဟိ၊ ။ဟုဘုရင်ပြုတော်မူ၏၊ ။အတီတမေဝ၊အတိတ်သာလျှင် ဖြစ်သော၊ကမ္မနိမိတ္တံ၊ကမ္မနိမိတ်ကို။ မနောဒွါရေန၊မနောဒွါရဖြင့်၊ ဂယှတိ၊ ယူအပ်၏။ဝတ္တမာနံ၊ပစ္စုပ္ပန်ဖြစ်သောကမ္မနိမိတ်ကို။ဆဒွါရေဟိ၊ခြောက်ဒွါရ တို့ဖြင့်။ဂယှတိ၊ယူအပ်၏၊

ဂတိနိမိတ်ဟူသည်။ အခြားမဲ့ဖြစ်လတ္တံ့သောဘဝသစ်၌၊ ရအပ်ခံစား အပ်သော-ကမ္မလာနီအဆင်းနှင်တူသော အမိဝမ်းရေ၊ နတ်ပြည့်ပဒေသာ ပင်၊ ငရဲမီးလျှံအစရှိသော ပစ္စုပ္ပန်ရူပါရုံကို မှတ်အပ်၏။ ထိုကြောင့်-သုံးပိုင်း ၌၊ ။အနန္တရမုပ္ပဇ္ဇမာနဘဝေဥပလဘိတဗ္ဗမုပဘောဂဘူတဥ္စ ဂတိနိမိတ္တံ ဝါ၊ ။ဟုဘုရင်ပြုတော်မူ၏။ ။ဂတိနိမိတ်သည် ကာလအားဖြင့်၊ ပစ္စုပ္ပန်၌ ဖြစ်၏။ ဒွါရအားဖြင့် မနောဒွါရ၌သာလျှင်ဖြစ်၏-ဟု မချွတ်သတ်။မှတ်အပ် ၏၊ ။ဤနေရာ၌။လင်္ကာအချုပ်မှာမူကား၊

(၁) ကံအပတိတ်ကြုံ၊ဓမ္မာရုံ။ယူတုံစိတ်မနော၊
(၂) ပဥ္စာရုံ-ကမ္မနိမိတ်။ပစ္စုပ်အတိတ်၊ယူရိပ်ခြောက်ဒွါရော၊
(၃) ဓမ္မာရုံ-ကမ္မနိမိတ်၊ကာလတိတ်။ယူရိပ်စိတ်မနော၊
(၄) ဂတိရူပါ၊မနောဒွါ။ယူခါပစ္စုပ်ဟော။
(၅) အဋ္ဌကထာ။ကျမ်းဝ၌လာ၊သေချာမှတ်စေသော၊

ဤအရာ၌၊ ပဋိသန္ဓေ-ဘဝင်-စုတိဟု-ဆိုအပ်သော၊ ကာလဝိမုတ်စိတ် ၁၉-ပါး၏၊အာရုံကိုခွဲခြား၍ ပြပေဦးအံ့။ ။ကာမပဋိသန္ဓေ၊ ကာမဘဝင်တို့

သည်၊ ခြောက်ဒွါရဖြင့်ယူ၍ ပေးအပ်သော၊ ပစ္စုပ္ပန်-အတိတ်ဖြစ်သော၊ ကမ္မနိမိတ်ဟု သမုတ်အပ်သော အာရုံငါးပါးကို အာရုံပြု၏၊ ကာမစုတိသည်၊ ခြောက်ဒွါရဖြင့်ယူ၍ပေးအပ်သော၊ အတိတ်ဖြစ်သော ကမ္မနိမိတ်ဟု သမုတ်အပ်သော အာရုံငါးပါးကို အာရုံပြု၏၊ ဤကာမဒွါရ ဝိမုတ်စိတ်တို့သည်၊ မနောဒွါရဖြင့်ယူ၍ပေးပါမူကား၊ အတိတ်ဖြစ်သောကံ-ကမ္မနိမိတ်ဓမ္မာရုံကို အာရုံပြု၏၊ ဂတိနိမိတ်ဖြစ်လျှင်၊ မနောဒွါရဖြင့်ယူအပ်သော၊ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏ဟုမှတ်၊ ဤလျှင်–ကာမ ပဋိသန္ဓေ-ကာမဘဝင်-ကာမ စုတိတို့၏ အာရုံပြုဟန်တည်း။

ရူပပဋိသန္ဓေငါးပါး၊ အာကာသ-အာကိဉ္စ-ဟူသော အာရုပ္ပပဋိသန္ဓေတို့သည် မနောဒွါရဖြင့်ယူ၍ ပေးအပ်သော ပညတ်ကမ္မနိမိတ် ဓမ္မာရုံကိုအာရုံပြု၏။ ဝိညာဏဉ္စ၊ နေဝသညာပဋိသန္ဓေတို့သည်၊ မနောဒွါရဖြင့် ယူ၍ပေးအပ်သောအတိတ်ဖြစ်သော၊ ကမ္မနိမိတ်ဓမ္မာရုံကိုအာရုံပြု၏၊

ဤသည်လျှင် မဟဂ္ဂုတ်-ပဋိသန္ဓေ-ဘဝင်-စုတိတို့၏
အာရုံပြုဟန်တည်း။

ဒွါရဝိမုတ်-အာရုံခွဲရန်လင်္ကာ၊

(၁) ကာမပဋိသန်၊ ပစ္စုန်၊ အတီတံ–အာရုံပြု။ ။(ဘွင်မှာနည်းတူ)။
(၂) ကာမစုတိ၊တိတ်မှတ်ဘိ၊စွဲဆိုညာထပ်တွင်ရှု၊
(၃) ရူပ–အာကာ၊အာကိဉ္စာ၊ပညတ်သာအာရုံပြု၊ ။(ပ-စု-ဘွင်ယူ)။
(၄) ဝိညာနေဝ၊အရူပ၊အတီတအာရုံရှု၊
(၅) ဒွါရဝိမုတ္တ၊အာရုံပြ၊ကာလ-ခွဲအပ်မှု။

ယေဘုယျေနဘဝန္တရေဆဒွါရဂ္ဂဟိတံအာရမ္မဏံဟောတိ။ ။ဟူသောပါဠိ၌။ ယေဘုယျသဒ္ဒါဖြင့်၊ အသညသတ်ဘုံမှ စုတေကုန်သော သတ္တဝါတို့အား၊ ဒွါရ-ဒွါရိကစိတ်တို့၏မရှိသောကြောင့်၊ တစုံတခုသောဒွါရဖြင့်၊ ဇောတို့၏ယူခြင်းသည် မရှိရကား၊ ကာမသုဂတိဘုံ၌၊ ပဋိသန္ဓေစိတ်၏ အာရုံကို ကမ်းလှမ်း၍ ယူနိုင်ရာမရှိ၍၊ အဘယ်သို့အားဖြင့်၊ ကာမဘုံဝယ်-ပဋိသန္ဓေ တည်နေမည်နည်းဟူမူ၊ ။အသညသတ်ဘုံမှ စုတေလတ္တံ့သော ပုဂ္ဂိုလ်အား၊ အသညသတ်ဘုံသို့မရောက်မီ၊ ရှေးကာမဘဝ၌၊ ပြုလုပ်ခဲ့သော၊ ခုနစ်ကြိမ်သောဇောဝါရ၌ အကျုံးဝင်သော၊ အပရာပရိယဝေဒနီယကာမာဝစရကုသိုလ်ကံသည်၊ မိမိ၏ အကျိုးပေးခွင့်ကိုရ၍၊ ကာမသုဂတိဘုံ၌ ပဋိ

သန္တေ၏ကံ-ကမ္မနိမိတ်-ဂတိနိမိတ်အာရုံထင်စေနိုင်ကုန်၏ဟုမှတ်။ ။ယေဘုယျသဒ္ဒါကိုထောက်၍ တစုံတခုသောဒွါရဖြင့်၊ မရဏာသန္နဇောတို့သည်၊ မယူကုန်ဟူလို။ ။ထိုကြောင့်၊သစ္စသင်္ခေပအဋ္ဌကထာ၌။

ဘဝန္တရကတံ ကမ္မံ၊ ယမောကာသံ လဘော တတော၊
ဟောတိ သာသန္န တေနေဝ၊ ဥပဋ္ဌာပိတ-ဂေါစရေ၊ ။

ဟုမိန့်တော်မူ၏။ ။ဘဝန္တရကတံ၊ အခြားမဲ့ကာမသုဂတိဘဝ၌ ပြုခဲ့သော။ယံကမ္မံ၊အကြင်အပရာပရိယကံသည်၊ ဩကာသံ၊အကျိုးပေးခွင့်ကို၊ လဘော၊ရ၏။ တတော၊ ထိုကြောင့်၊ သာသန္နံ၊ ထိုအသညသတ်ဘုံမှ စုတေသောသတ္တဝါ၏ ကာမပဋိသန္ဓေသည်၊ တေနေဝ၊ထိုအပရာ ပရိယာယကံသိုလ်ကံသည်ပင်လျှင်၊ ဥပဋ္ဌာပိတဂေါစရေ၊ ထင်စေအပ်သောအာရုံ၌၊ ဟောတိ၊ ဖြစ်၏။ ။ဤလျှင်တရပ်-ဝိနိစ္ဆယမှတ်ဘွယ်တည်း။

အရူပဘုံမှစုတေ၍ကာမဘုံ၌ဖြစ်လတ္တံ့သောပုဂ္ဂိုလ်အား အရူပဘုံဝယ် မနောဒွါရ-မရဏာသန္နဇော၌၊ ကံ-ကမ္မနိမိတ်-ဂတိနိမိတ် သုံးပါးတို့တွင်။ ကံနှင့် နာမ်ကမ္မနိမိတ်သာလျှင်- ထင်နိုင်ရန်ရှိ၏။ ဂတိနိမိတ်မှာ၊ ရုပ်နိမိတ်ဖြစ်၍၊ အဘယ်သို့ထင်နိုင်အံ့နည်းဟူမူ၊ ။အရူပဘုံ၌၊အချင်းခပ်သိမ်း။ရုပ်တို့၏မရှိသောကြောင့်၊တခုသောမဲ့ဝါရုံကိုသာလျှင်ရအပ်ရကား။ ထိုအရူပဘုံသားတို့အား။ဂတိနိမိတ်ရူပါရုံသည်။ အရူပဘုံ၌မထင်၊ ကာမဘုံသို့ရောက်၍၊ပဋိသန္ဓေစိတ်၏ဥပ္ပါဒက္ခဏာ၌ထင်သည်ဟု၊ပဋ္ဌာန်းအနုဋီကာ သစ္စသံခိပ် ဋီကာဆရာတို့ မိန့်တော်မူ၏။ ထိုကြောင့်ရကား။ ။အရူပ ဘဝေ ပစ္စုပ္ပန္နဂတိနိမိတ္တံနဥပဋ္ဌာတိ၊အရူပဘာဝါနန္တရပဋိသန္ဓိယာပိပုဗ္ဗေအနုပဋ္ဌိတံပိအာရမ္မဏံဟောတီတိ၊ ။ဟုမိန့်၏။ ။အရူပဘဝေ၊အရူပဘုံ၌၊ပစ္စုပ္ပန္နံ၊ပစ္စုပ္ပန်ဖြစ်သော၊ဂတိနိမိတ္တံ၊ဂတိနိမိတ်သည်၊ နဥပဋ္ဌာတိ၊ မထင်နိုင်။ အရူပဘာဝါနန္တရ ပဋိသန္ဓိယာပိ၊ အရူပဘဝ၏ အခြားမဲ့ ဖြစ်သော ကာမပဋိသန္ဓေ၏လည်း၊ပုဗ္ဗေ၊ရှေးဖြစ်သောအရူပဘဝ၌၊ အနုပဋ္ဌိတံ၊မထင်ခဲ့သည်လည်းဖြစ်သော၊အာရမ္မဏံ၊ဂတိနိမိတ်ဟုဆိုအပ်သော အာရုံသည်၊ ဟောတိ၊ဖြစ်၏၊ ဣတိ၊ ဤသည်လျှင်တည်း။ ။ဤသည်လျှင် တရပ်၊ ဝိနိစ္ဆယ မှတ်ဘွယ်တည်း။

## (၂၆၅) ဥါရဝိမုတ်တို့၏အာရုံကိုပြခြင်း။

ဥါရဝိမုတ္တာနဥ္စ။ပ။ပစ္စုပ္ပန္နမတိတံ၊ဟူသောပါဠိ၀ယ်၊ ပစ္စုပ္ပန္နံ-ဟူသော ပါဠိဖြင့်။အနာဂတ်အာရုံ၏ပစ္စုသန္နအာရုံအဖြစ်ကိုတားမြစ်တော်မူ၏။ထိုအနာဂတ်အာရုံသည်။အတိတ်ကံ–ကမ္မနိမိတ်ကဲ့သို့၊အာရုံကိုခံစားပြီးလည်းမဟုတ်၊ပစ္စုပ္ပန်ကံ-ကမ္မနိမိတ်၊-ဂတိနိမိတ်ကဲ့သို့ထင်ခြင်းသို့ရောက်ဆဲလည်းမဟုတ်၊ ထိုသို့ဖြစ်ရကား၊ အနာဂတ်အာရုံ၏ပစ္စုသန္နအာရုံအဖြစ်ကို ပယ်တော်မူ၏၊ထိုကြောင့်၊သိဟဠဋီကာ၌၊ ။ပစ္စုပ္ပန္နန္တိ အမိနာ အနာဂတာရမ္မဏဿပစ္စုသန္နဂေါစရဘာဝံနိဝါရေတိ၊ ။ဟုဘွင့်ပြတော်မူ၏၊ ။ပစ္စုပ္ပန္နန္တိ အမိနာ၊ပစ္စုပ္ပန္နံဟူသော ဤပါဠိဖြင့်၊ အနာဂတာရမ္မဏဿ၊အနာဂတ်အာရုံ၏၊ ပစ္စုသန္နဂေါစရဘာဝံ၊ ပစ္စုသန္န၏ အာရုံအဖြစ်ကို၊ နိဝါရေတိ၊ တားမြစ်တော်မူ၏၊ ။ဤဋီကာပါဠိ၊ စကားရပ်ဘို့ဖြင့်၊ နောင်အနာဂတ်ခေတ်၊ကာလသစ်၌၊ပွင့်လတ္တံ့ဖြစ်သောအရိမေတ္တေယျဘုရားရှင်အား။ သဥ္စါရှေ့ထား၊ကြည်ညိုသောအားဖြင့်။ဆွမ်းဘောဇဥ်ချိုချဉ်ရသာ၊ ပန်းနံ့သာဘို့ကို၊ လှူဒါန်းသောပုဂ္ဂိုလ်တို့၏။ ကုသိုလ် တရားသည် ပဋိသန္ဓေ အကျိုးကို၊ ဖွံ့ဖြိုးစွာမပေးနိုင်ထိုက်ဟု နေယျတ္ထအဓိပ္ပါယ်ကို၊ မှန်ကင်းဆရာတော်ဘုရားကြီးသည် မိန့်ပြဲတော်မူ၏။ ။ဤသည်လျှင် တရပ်၊ ဝိနိစ္ဆယ မှတ်ဘွယ်တည်း၊

ပဋိသန္ဓေစိတ်၏ အာရုံသုံးပါးတို့တွင်၊ကံ-ကမ္မနိမိတ်မှာ၊ ထင်လာရင်းအတိုင်းပြောင်းရွှေ့သော မည်သည်မရှိ၊ဂတိနိမိတ်မှာမူကား၊ ပဥ္စာနန္တရိယကံကို ပြုသောသူကိုထား၍၊ ကြွင်းသောပုဂ္ဂိုလ်တို့အား၊ တရံတခါပြောင်းရွှေ့သော သဘောရှိသည်ဟုမှတ်။ ငရဲဒိုး ငရဲမီးလျှံ စသော-နိရယဂတိနိမိတ်ထင်ပြီးမှပေးလှူပူဇော်ခြင်းစသော ကောင်းသောအာရုံကို နှလုံးသွင်းသဖြင့်၊နိရယဂတိ ကွယ်ပျောက်၍၊ နတ်ဗိမာန်ပဒေသာပင် စသောဒေ၀ဂတိနိမိတ်–ထင်လာပြန်၏။ ဤသို့ဒေ၀ဂတိနိမိတ်ထင်ပြီးမှလည်း၊ သတ်မှု-ခိုးမှုစသောအာရုံကိုနှလုံးသွင်းပြန်သဖြင့်။ဒေ၀ဂတိကွယ်ပျောက်၍၊ နိရယဂတိထင်ပြန်သည်၊ဤသို့စသည်ဖြင့်၊တောတောင်ရေမြေစသော-တိရစ္ဆာနဂတိအမိဝမ်းရေ ကမ္ဗလာနီအဆင်းဖြစ်သော မနုဿဂတိ အမိုက်မှောင်တည်းဟူသော ပေတဂတိစသည်တို့၏ ပြောင်းရွှေ့ဟန်ကို ပြန်လှန်၍ သိအပ်၏ဟု၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ-ဉာဏဝိဘင်းတွင်-ဘွင့်ပြတော်မူခဲ့၏။

၍နေရာ၌-ဝဏ္ဏုသာခကောကား။ ။သိပ္ပိုင်ကျွန်းကိုအပိုးရသောဒုဋ္ဌဂါမဏိမင်းကြီးအား။ သူနာညောင်စောင်း၌။ မထသောလျောင်းအိပ်ခြင်းဖြင့်။ လျောင်းအိပ်နေစဉ်၊ ကျေးတဆဲ့ရှစ်ပြည်ထောင်တို့ကို၊ သတ်ပုတ် ညှဉ်းဆဲဘူးသောအမှုကိုအောက်မေ့၍။ နှလုံးမသာယာခြင်းဖြစ်လတ်သော်၊ နိရယဂတိနိမိတ်ထင်၍၊ကြောက်လန့်ခြင်းပြင်းစွာဖြစ်ရာတွင်။ ရဟန္တာအရှင်မြတ်တို့လာ၍။ ပရိတ်တော် တရားတော်များကို သရဇ္ဈာယ်ရွတ်ဘတ်၍၊ အလှူစာရင်းများကို ဘတ်နာစေသဖြင့်။ ငြစ်ငြူးခြင်းကင်းစင်၍ ကြည်လင်ရွှင်လန်းသောခဏ၌ပင်လျှင်၊ဒုဂ္ဂတိနိမိတ်ပျောက်၍၊နတ်ဘုံဗိမာန်ဉယျာဉ်-ပဒေသာပင် ဟူသော-ဒေဝဂတိနိမိတ်ထင်လာကုန်၏-ဟု မဟာဝံသကျမ်း၌ မိန့်တော်မူ၏။ ဤဝဏ္ဏုသာခကောကိုထောက်ထား၍။ ကံ-ကမ္မနိမိတ်သည်၊မတုန်လှုပ်သော အစလ နိမိတ်မည်၏။ ဂတိနိမိတ်သည်ကား၊ တုန်လှုပ်သော စလနိမိတ်မည်၏ ဟုမှတ် ထိုကြောင့်၊သမ္မောအဋ္ဌကထာ၌။ ။သာစလတိ၊သေသာနိစ္စလာ၊ ။ဟုမိန့်တော်မူ၏။ ။သာ၊ထိုဂတိနိမိတ်သည်၊စလတိ၊တုန်လှုပ်၏။သေသာ၊ကြွင်းသောကံနှင့် ကမ္မနိမိတ်တို့သည်၊ နိစ္စလာ၊ မတုန်လှုပ်ကုန်၊ ။သေသာနိစ္စလာ၊ဟူသောအဋ္ဌကထာပါဠိဖြင့်။ကံ-ကမ္မနိမိတ်တို့၏ မတုန်မလှုပ်ထင်ဟန်ကိုပြဦးအံ့။ ။သိပ္ပိုင်ကျွန်း၊တာလပိဋ္ဌကျောင်း၌၊ကျိန်းအောင်းခါနေသောဂေါပကာသိဝလိမထေရ်သည်၊ မိမိကျောင်း၌ပင်၊ စေတီတည်ထား ကိုးကွယ်သတတ်၊ထိုဂေါပကာသိဝလိ မထေရ်သည်၊ သေခါနီးကာလဝယ်၊မရဏညောင်စောင်း၌၊ လျောင်းစက်လျက်၊စေတီတော်အာရုံသည်၊စက္ခုဒွါရအားထင်ခြင်းသို့ရောက်၍၊ ၎င်းအာရုံကိုပင်သျှင်ယူ၍၊သေသည်ရှိသော်။ နတ်ပြည်၌ပင်ဖြစ်ရတော့သည်ဟုမှတ်။ ။ဤသည်လျှင်၊ နိမိတ်သုံးရပ်ကိုတပ်အပ်ထင်ထင်၊သိမြင်ရန်အကြောင်းတည်း။

---

## (၂၆၄) နိမိတ်သုံးရပ်ကို၊အဇ္ဈတ္တ-ဗဟိဒ္ဓသန္တာန်ဖြင့်ပြခြင်း။

ထိုသုံးရပ်တို့တွင်၊ကံသည်-မိမိသန္တာန်၌ဖြစ်၍။ အဇ္ဈတ္တမည်၏၊ ကမ္မနိမိတ်သည်၊အဇ္ဈတ္တ၌၎င်း။ ဗဟိဒ္ဓ၌၎င်းဖြစ်၏။ဂတိနိမိတ်သည်၊ မိမိသန္တာန်မှအပ၌ဖြစ်ရကား၊ဗဟိဒ္ဓသန္တာန်ဟုမှတ်အပ်၏။မိမိကိုယ်၌ပင်လျှင်၊ ပိုးသတ္တဝါဖြစ်လတ္တံ့သောပုဂ္ဂိုလ်အား၊ ဂတိနိမိတ်သည်လည်း၊ အဇ္ဈတ္တ၌ဖြစ်ရာ၏ ဟု၊မူလဋီကာဆရာသည်၊ ပရိကပ္ပစကားကို ကြံဆသောအားဖြင့်၊ အဋ္ဌကထာကထာ၌ ဘွင့်တော်မူ၏။ ထိုသို့ပင် ဘွင့်ပြားသော်လည်း မူလဋီကာ၏ စ

ကားကိုစဉ်းစားအပ်၏၊ အဘယ်ကဲ့သို့နည်းဟူမူ၊ ဤပိုးသတ္တဝါသည်၊ ပေတယောနိ၌၊ အကြွမ်းဝင်ရကား၊ ပေတဂတိ အတိုင်း၊ အရိုက်မှောင် တောတောင်တို့သည်။ ဗဟိဒ္ဓ၌ပင်ထင်ပြီးမှပင်၊ မိမိကိုယ်၌ ပဋိသန္ဓေတည်နေမည် ဖြစ်သောကြောင့်၊ ဂတိနိမိတ်ကို ဗဟိဒ္ဓ သန္တာန်တပါးတည်း၌သာ ဖြစ်၏ ဟုမှတ်၊ အဇ္ဈတ္တ၌မဖြစ်ထုန်၊ ။ဤသည်လျှင်-မူလဋီကာအရ-ပြအပ်သော ဝိနိစ္ဆတည်း။

---

## (၂၆၇) ရဟန္တာစုတိ-အာရုံကိုပြဆိုခြင်း။

တရံတခါသောဂတိ၌မဖြစ်လတ္တံ့သော-ရဟန္တာပုဂ္ဂိုလ်အား၊ ကံ-ကမ္မနိမိတ်-ဂတိနိမိတ် တို့သည် ထင်နိုင်သလောဟူမူ။ ။ရဟန္တာ ပုဂ္ဂိုလ်တို့သည်၊ ဝဋ္ဋသမုစ္ဆေဒမရဏဖြစ်၍၊ ထိုထိုဂတိဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်မဟုတ်သောကြောင့်၊ စုတိစိတ်ကို ကြည့်ထား၍။ မနောဒွါရေ ပဇ္ဇန်း၊ မရဏာသန္နကိရိယာဇောတို့သည်၊ နာမ်-ရုပ်-လက္ခဏာ ပညတ်ကို-အာရုံ ပြုပေ၏၊ ထိုအာရုံသည်၊ ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟူသောအမည်မရှိထုန်၊ ထိုကြောင့်ရကား၊ သိဟဠဋီကာကျမ်း၌၊ ။ကတ္ထစိ အနုပ္ပဇ္ဇမာနဿ ခီဏာသဝဿ ယထောပဋ္ဌိတံ နာမရူပဓမ္မာဒိကမေဝ စုတိပရိယောသာနာနံ ဂေါစရဘာဝံ ဂစ္ဆတိ၊ န ကမ္မကမ္မနိမိတ္တာဒယော၊ ။ဟုမိန့်တော်မူ၏၊ ။ကတ္ထစိ၊ တရံတခါသော ဂတိ၌၊ အနုပ္ပဇ္ဇမာနဿ၊ မဖြစ်လတ္တံ့သော၊ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ် အား၊ ယထောပဋ္ဌိတံ၊ အကြင်သို့သောအခြင်းအရာဖြင့် ထင်သော၊ နာမရူပ ဓမ္မာဒိကမေဝ၊ နာမ်ရုပ်တရား အစရှိသော အာရုံသည်သာလျှင်၊ စုတိပရိ ယောသာနာနံ၊ စုတိလျှင်အဆုံးရှိကုန်သောမနောဒွါရိကဝီထိစိတ်တို့၏၊ ဂေါ စရဘာဝံ၊ အာရုံ၏ အဖြစ်သို့၊ ဂစ္ဆတိ၊ ရောက်၏။ ကမ္မ-ကမ္မနိမိတ္တာဒယော၊ ကံ-ကမ္မနိမိတ်အစရှိသောအာရုံတို့သည်၊ ဂေါစရဘာဝံ၊ အာရုံ၏ အဖြစ်သို့၊ နဂစ္ဆန္တိ၊ မရောက်ကုန်။ ။ဤ၌-အာဒိသဒ္ဒါဖြင့်၊ လက္ခဏာပညတ်တို့ကိုယူ ရမည်၊ ။ရဟန္တာပုဂ္ဂိုလ်၏မရဏာသန္နဝီထိ၌၊ မနောဒွါရာဝဇ္ဇန်း-မရဏာ သန္နကိရိယာဇောတို့သည်။ ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟူ၍၊ မခေါ်ဝေါ်အပ်၊ နာမ်ရုပ် လက္ခဏာပညတ်ကို အာရုံပြု၏ဟူလို၊ ။ရဟန္တာပုဂ္ဂိုလ်၏ စုတိ စိတ်သည်ကား၊ ပစ္စုပ္ပန်ဘဝ၌ရှေးဦးစွာဖြစ်ခဲ့သော ပဋိသန္ဓေစိတ်အာရုံနှင့် တူသောကာမစိတ္တုပ္ပါဒ် ၂၈-ခုတို့တွင်။ တခုခုဟုဆိုအပ်သော ကာမအာရုံ

ကိုအာရုံပြု၏ဟူ၍မှတ်။ ။ပစ္စုပ္ပန်ဘဝအဆုံးစုတိစိတ်နှင့်၊ပစ္စုပ္ပန်ဘဝပဋိသန္ဓေစိတ်သည်အာရုံတူမြဲတည်း၊

ပဋိသန္ဓိ ဘဝင်္ဂ၊ တထာ စဝနမာနသံ။
ဧကမေဝ တထေဝေက၊ ဝိသယဉ္စေကဇာတိယံ၊ ။

ဟူသောသင်္ဂြိုဟ်သုံပိုင်းဂါထာကိုထောက်၍ ။စုတိပရိယောသာနာနံ၊ ဟူသောဋီကာပုဒ်၏ စုတိတိုင်အောင်ဟူသော အဝဓိအနက်ဖြစ်သင့်ရကား၊ အာပါဏုကောဋိက ဝုတ္တံ ဝုဒ္ဓောဒေဝေါ။ ပြယုဂ်ပေါကဲ့သို့၊ စုတိကိုသွတ်၍၊ မနော ဒွါရိကစိတ်တော်ကိုသာ ယူအပ်ရကား၊ မရိယာဒ အဝဓိဟူ၍ ယူအပ်ရာ၏၊ ။ထိုကြောင့် အဖဂ္ဂုသာရဋီကာ၌၊ ။ပရိယောသာန သဒ္ဒေါ အနဘိ ဝိဓျတ္ထော၊အတဂ္ဂုဏသ္တော စ ဒဋ္ဌဗ္ဗော။ ။ဟု ဘွင့်ပြတော်မူ၏၊ ။ထိုသို့ မချွတ်ဆတ်ဆတ်၊ ပရမတ် အားဖြင့်၊ ပဋိသန္ဓေ-စုတိ-ဘဝင်တို့၏-အာရုံထူး ကြောင်းကို ပြတော်မူအပ်သဖြင့်၊ သဗ္ဗညုဘုရားရှင်၏ ပဋိသန္ဓေစိတ်သည်၊ ပထမမဟာဝိပါက်စိတ်ဖြစ်ခဲ့ရကား၊စုတိစိတ်တော်သည်လည်း။၎င်းပထမ မဟာဝိပါက် စိတ်သာတည်း၊ ၎င်းစိတ်သည်လည်း။ ကာမ ဝိတ္တုပ္ပါဒ်-ရှပ် ၂၈-ခုတို့တွင်၊တခုခုဟု ဆိုအပ်သော ကာမအာရုံကိုသာလျှင် အာရုံပြု၏၊ ထိုကြောင့်-အဋ္ဌသာလိနီအဋ္ဌကထာ၌။ ။ဧကန္တပရိတ္တာရမ္မဏာနိကာမာ ဝစရဝိပါကာနိ။ ။ဟူ၍ မိန့်တော်မူ၏၊ ။ကာမာဝစရဝိပါကာနိ၊ ကာ မာဝစရဝိပါက်စိတ်တို့သည်၊ ဧကန္တပရိတ္တာရမ္မဏာနိ၊ စင်စစ်ကာမဇာရေး သာလျှင်အာရုံရှိကုန်၏၊ ။ဘုရားရှင် စုတိတော်စိတ်သည်၊နိဗ္ဗာန်ကို အာရုံပြု သော လောကုတ္တရာစိတ်မဟုတ်ရကား။နိဗ္ဗာန်ကိုအာရုံမပြုကုန်ဟုမှတ်အပ် ရာ၏၊သုတ်မဟာဝါပါဠိတော်၌၊ရှင်အနုရုဒ္ဓါ-ကြွေးရင့်သော၊ ။အနေဇော သန္တိမာရဗ္ဘ၊ ယံကာလမကရီမုနိ။ ။ဟူသော ပါဠိကို အစွဲပြု၍၊ ဘုရား စုတိတော်စိတ်သည်၊ နိဗ္ဗာန်ကိုအာရုံပြု၏ဟူသော စကားကို ပြောဟောကြ ခြင်းသည်၊မသင့်ကုန်၊အဘဲ့ကြောင့်ဟူမူ။ဤပါဠိတော်သည်၊အနုပါဒိသေသ ပရိနိဗ္ဗာန်စံတော်မူခါနီးအခါ၀ယ်။ဘုရားရှင်သည် အသခ်တ ဓမ္မပုရီ-နိဗ္ဗာန် ပြည်သို့၊ဝါဝင်မည်ဟု မနောပဏိဓိ၊ ညွတ်ရောင်ညှို၍၊ ကြံတော်မူခြင်းကို သာလျှင်၊ရည်သန်၍ ရှင်အနုရုဒ္ဓါကြွေးရင့်တော်မူသည်ဟူ၍သာလျှင် မှတ်ယူ ရာ၏၊ စုတိတော်စိတ်၏ နိဗ္ဗာန်ကိုအာရုံပြု၏ ဟူသော အနက်ကို၊ မမှတ်ရာ ကုန်။ ။ဤသည်လျှင်-မချွတ်ဆတ်ဆတ်၊ပရမတ်အားဖြင့်ပြခြင်းတည်း၊

## (၂၆၈) ကေန်အာရုံပြုသောဂါထာကိုပြခြင်း။

ပဉ္စဝီသ ပရိတ္တမှိ၊ ဆဝီသတ္တာနိ မဟဂ္ဂတေ၊
ကေဝီသတိ ဝေါဟာရေ၊ အဋ္ဌနိဗ္ဗာနဂေါစရေ၊ ။

လက်သန်းအဋ္ဌကထာ။ ။ပဉ္စဝီသ၊ ၂၅-ပါးသောစိတ်တို့သည်၊ပရိတ္တမှိ၊ ပရိတ္တမှိဝေ၊ကာမအာရုံ၌သာလျှင်။ ဟောန္တိ၊ဖြစ်ကုန်၏၊ ဆဝိတ္တာနိ၊ခြောက်ပါးသောစိတ်တို့သည်။ မဟဂ္ဂတေ၊ မဟဂ္ဂတေဧဝ၊ မဟဂ္ဂုတ် အာရုံ၌သာလျှင်၊ဟောန္တိ၊ဖြစ်ကုန်၏၊ ကေဝီသတိ၊ ၂၁-ပါးသောစိတ်သည်၊ ဝေါဟာရေ-ဝေါဟာရဧဝ၊ပညတ်အာရုံ၌သာလျှင်၊ ဟောတိ၊ ဖြစ်၏။ အဋ္ဌ၊ရှစ်ပါးသောစိတ်တို့သည်၊ နိဗ္ဗာနဂေါစရေ၊နိဗ္ဗာနဂေါစရေဧဝ၊ နိဗ္ဗာန်အာရုံ၌သာလျှင်၊ဟောန္တိ၊ဖြစ်ကုန်၏။ ။ဤဂါထာပါဌ်အရ။ကေန် အာရုံပြုသောစိတ်။ ငါးဆဲ့ရှစ်ပါးကို၊အဘိညာဉ်နှစ်ပါးကို ကြဉ်သောအားဖြင့်ပြတော်မူ၏။ ။ဤအာရုမ္မဏကစိတ်အပေါင်းတို့တွင်။ စက္ခုဝိညာဉ်နှစ်ခုသည်၊ ပစ္စုပ္ပန်ရူပါရုံကိုအာရုံပြု၏၊သောတဝိညာဉ်နှစ်ခုသည်။ ပစ္စုပ္ပန်သဒ္ဒါရုံကိုအာရုံပြု၏။ ဃာနဝိညာဉ်နှစ်ခုသည်၊ပစ္စုပ္ပန်ဂန္ဓာရုံကိုအာရုံပြု၏၊ဇိဝှါဝိညာဉ်နှစ်ခုသည်၊ပစ္စုပ္ပန်ရသာရုံကို-အာရုံပြု၏၊ကာယဝိညာဉ်နှစ်ခုသည်။ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏၊မနောဓာတ်သုံးခုသည်။ ပစ္စုပ္ပန်ပဉ္စာရုံကိုအာရုံပြု၏၊ သန္တီရဏ၃-ခု။ ဟသိတုပ္ပါဒ်၊ မဟာဝိပါက် ရှစ်ပါးဟူသည် ကာမစိတ် ၅၄၊ စေတသိက် ၅၂။ရုပ် ၂၈-ပါးတည်းဟူသော ကာမတရားကို-အာရုံပြု၏၊ ပေါင်းကာမတရားကို-ကေန်အာရုံပြုသောစိတ် ၂၅-ပါး။ ဝိညာဏဉ္စာယတန ကုသိုလ်သည်၊ ဤဘဝ-ရှေးဘဝ-အတ္တုတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စ ကုသိုလ်ကိုအာရုံပြု၏၊ ၎င်းဝိပါက်သည်။ ရှေးဘဝ-အတ္တုတ္တသန္တာန်၌-ဖြစ်သော အာကာသာနဉ္စကုသိုလ်ကိုအာရုံပြု၏။ ၎င်းကြိယာသည်၊ဤဘဝ ရှေးဘဝ-အတ္တုတ္တသန္တာန်၌ ဖြစ်သော အာကာသာနဉ္စကုသိုလ်။ ဤဘဝအတ္တုတ္တသန္တာန်၌ ဖြစ်သော အာကာသာနဉ္စ ကြိယာကို အာရုံပြု၏။ နေဝသညာ-ကုသိုလ်-ဝိပါက်ကြိယာ-သုံးလုံးတို့သည်လည်း၊ ဤနည်းတူပင်-အာရုံပြု၏၊ ဤခြောက်ပါးသောစိတ်တို့သည်၊ မဟဂ္ဂုတ်-ဓမ္မာရုံကိုသာလျှင် အာရုံပြု၏ဟုမှတ်၊ ။ရူပါဝစရစိတ် ၁၅၊ အာကာသာနဉ္စစိတ် ၃။ ဝိညာဏဉ္စစိတ် ၃၊ ပေါင်း ၂၁-ပါးသောစိတ်တို့သည်။ပညတ်ဓမ္မာရုံကိုသာလျှင်-အာရုံပြုကုန်၏၊ ။လောကုတ္တရာစိတ်သည်၊နိဗ္ဗာန်ကိုသာလျှင်အာရုံပြု၏၊ ။ဤသည်လျှင် ကေန်အာရုံပြုသောစိတ်တည်း၊

## (၂၆၉) အနေကန်အာရုံပြုသောဂါထာကိုပြခြင်း။

ဝီသာနုတ္တရမုတ္တမှိ၊ အဋ္ဌမဋ္ဌပလုဉ္စိတော။
ပဉ္စသမ္ဗုဒ္ဓ ဆဠေ့ထိ၊ သတ္တဓာ တဏ္ဍ သင်္ဂဟော။ ။

ဝီသ၊ နှစ်ဆယ်သော ဝိဘ်တ္တိသည်၊ အနုတ္တရ မုတ္တမှိ၊ လောကုတ္တရာမှ လွတ်သောလောကီအာရုံ၌၊ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဉ္စ၊ငါးပါးသောစိတ်တို့သည်။အဋ္ဌမဋ္ဌပလုဉ္စိတော၊ အရဟတ္တမဂ်အရဟတ္တဖိုလ်ကြဉ်အပ်သော အာရုံ၌၊ ဟောန္တိ၊ဖြစ်ကုန်၏၊ ဆဠေ၊ခြောက်ပါးသော စိတ်တို့သည်။ သဗ္ဗတ္ထ၊ခပ်သိမ်းသောအာရုံ၌။ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ၊ဤသို့။သတ္တဓာ၊ခုနစ်ပါးအပြားအားဖြင့်၊ သင်္ဂဟော၊ ရေတွက်ခြင်းသည်၊ ဟောတိ၊ဖြစ်၏။ ။ဤဂါထာပါဠ်အရ။အနေကန်အာရုံပြုသောစိတ်။နှစ်ဆဲ့ကိုးပါးကို။အဘိညာဉ်ကိုကြဉ်သောအားဖြင့်ပြတော်မူ၏။ ။ပြဟန်ကား။ ။အကုသိုလ်စိတ် ၁၂။ မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ၄။မဟာကြိယာဉာဏဝိပ္ပယုတ် ၄။ဤ ၂၀-သောစိတ်တို့သည်ကာလသုံးပါး၌ ဖြစ်သောလောကီစိတ် ၈၁။စေတသိက် ၅၂။ ကာလဝိမုတ်ဖြစ်သော ပညတ်တရားတို့ကို အာရုံပြု၏။ ။မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄။ကုသိုလ်အဘိညာဉ် ဤငါးပါးသောစိတ်တို့သည်၊ အရဟတ္တမဂ်-အရဟတ္တဖိုလ်ကြဉ်သော ကာလ ၃-ပါး၌ ဖြစ်သောစိတ် ၈၇၊ စေတသိက် ၅၂၊ရုပ် ၂၈။နိဗ္ဗာန်ပညတ်ကိုအာရုံပြု၏။ ။မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာဉာဏ သမ္ပယုတ် ၄၊ကြိယာအဘိညာဉ်။ ဤခြောက်ပါးသော စိတ်တို့သည်၊ကာလသုံးပါး၌ ဖြစ်သောစိတ်-စေတသိက်-ရုပ်-နိဗ္ဗာန်ပညတ် တို့ကိုအာရုံပြု၏။ဤသည်လျှင်အနေကန်အာရုံပြုသောစိတ်ပေါင်းတည်း။ ။ အဘိညာဉ်ခွေးသည်ကား၊ ကေန်အနေကန်-နှစ်ပါးစုံကို အာရုံပြုသောစိတ် တည်း၊ပေါင်းစပ်အပ်သည်ရှိသော်၊ ကေန်အာရုံပြုသောစိတ် ၅၈၊အနေကန် အာရုံပြုသောစိတ် ၂၉၊ နှစ်ပါးစုံအာရုံပြုသောစိတ်၊ အဘိညာဉ်ခွေး၊ ဤသို့ လျှင်-စိတ်တခုယုတ်ကိုးဆယ်ဖြစ်၏။

---

## (၂၇၀) ကေန်အာရုံပြုလက်ာကိုပြဆိုခြင်း။

(၁) ပဉ္စဝိညာ၊မနောဓာ၊တဒါလမ္ဗဘိတော။
(၂) နှစ်ဆဲ့ငါးတန်၊စိတ်သင်္ချ၊ကေန်ကာမဟော။
(၃) ဝိညာနဉ္စာ၊နာသညာ၊ခြောက်ဖြာမဟဂ္ဂေါ်။

(၄) ရှုပ-အာကာ၊ အကိဥ္စ၊ ဇော်ဝိသာသည့်သွေ့ာ။
(၅) လောကုတ္တရာ၊ ဈာန်ရှစ်တန်၊ ကေန်နိဗ္ဗာန်ဟော၊
(၆) မဟဂ္ဂတ်၊ လောကုတ်မှန်၊ ဆဲ့လေးတန်—နာမ်ဟုဟော၊
(၇) ပဥ္စဝိညာ၊ မနော၊ ရုပ်မှာတေရသော။
(၈) ပစ္စုပ္ပန်မှာ ရုပ်နှင့်သာ၊ ကေန်မှာထို့တုဟော။
(၉) မဟဂ်ကေန် အတိတ်မှန်၊ နိတဗ္ဗ တိုက်ရိုက်ပြော၊
(၁၀) ကေန်မပါ၊ နာဂတ်မှာ၊ ဖုဋ္ဌါငိန့်စေသော၊
(၁၁) ပညတ်ကေန်၊ လောကုတ်မှန်၊ ကာလံဝိမုတ္တော၊
(၁၂) ကာမ-မဟဂ္ဂတ်၊ လောကုတ်မှန်၊ ပရ ဓတ္တံနေးတိ်သော။
(၁၃) မဟဂ်ကေန်၊ အဇ္ဈတ္တံ၊ အာရမ္မဏံ-အတုဟော၊
(၁၄) ရှုပအာကာ၊ လောကုတ်သာ၊ ဗဟိဒ္ဓါဆင့်သော။
(၁၅) ပဥ္စဝိညာ၊ တဆဟ်သာ၊ ငါးဖြာအာရုံဟော၊
(၁၆) မဟဂ္ဂတ်၊ လောကုတ်မှန်၊ ကေန်ဝမ္ဗာရုံဟော။
(၁၇) ပဥ္စဝိညာ၊ အာကာ-အာကိန်၊ ကြိမ်နေဝိ ကုဝိန္တော၊
(၁၈) လောကုတ်ရှစ်တန်၊ ပေါင်းလိုက်ပြန်၊ ဌာဝိသံ-တပါးဟော၊
(၁၉) ဝိညာ-နေဝ ကိန္နစ်ဖြာ ဒွယာအာရုံဟော
(၂၀) မနောခတုံ၊ ငါးအာရုံ၊ မှတ်ပုံအမြဲစော။
(၂၁) ရှုပဥ္စမဈာန်၊ ဆဲ့နှစ်တန်၊ ကေန်သုရားဟော၊
(၂၂) ဒု-ထ-စ-ဈာန်၊ အာရုံမှန်၊ ဆဲ့လေးတန်ပညတ္တော၊
(၂၃) ရှုပ-ပထမဈာန်၊ ဗျည်းဝိသံ၊ ကေန်မိန့်ဖုဋ္ဌော၊
(၂၄) ကေန်အာရုံ၊ နည်းမျိုးပုံ၊ မှတ်ပုံနိမ့်တော၊

ကေန်အာရုံပြု—လက်ာပြီးပြီ၊

---

## (၂၇၀) အနေကန်အာရုံပြုလက်ာကိုပြခြင်း။

(၂၅) ဟသိမပါ ဇောကာမာ၊ မနောဒွါ ဆသိညော၊
(၂၆) ကာမမဟဂ္ဂုတ် ဝိမုတ်ပညတ်၊ ပရမဘ်၊ ငါးရပ်အနေကော၊
(၂၇) တဒါရုံပါ ဇောကာမာ၊ ဘိညာဝိတ်ဝုဋ္ဌော၊
(၂၈) ပစ္စုပ်တိတ၊ နာဂတ-နာမ်၊ ရုပ်မွဲခြောက်တန်နေကန်စော၊
(၂၉) ဇတုပညာ ဝိတ်ကာမာ၊ ဘိညာ ဒွေးကိုနော၊
(၃၀) ငါးဆဲ့ခြောက်တန်၊ အနေကန်၊ အဇ္ဈတ္တ ဗဟိဒ္ဓေါ၊

(၃၁) သမ္မယုတ္တံ၊ဓောကာဓံ၊အဘိညာဏ်စိတ်ဝုဋ္ဌော။
(၃၂) နိဗ္ဗာန်အနေကန်၊ဆဲ့ဘတန်၊အမှန်မှုနိဟော၊
(၃၃) အနေကန်ဥဒါန်း၊မှတ်ပုံတန်း။မိန့်မြွန်းဗုဒ္ဓဃောသ၊

အနေကန်အာရုံပြု=လက်ာပြီးပြီ။

---

## (၂၇၂) စေတသိက်အာရုံပြုပုံကိုပြခြင်း။

(၁) အကုသိုလ်ဟိတ်၊စေတသိက်။အာရုံသိက်လောကီပြု၊
(၂) ဈာနသာပမညာ၊ဗဟိဒ္ဓါ၊သေချာ၊အာရုံရှု။
(၃) မဂ္ဂဝိရိယာ၊အဇ္ဈတ္တာ၊သေချာပြုအပ်မှု၊
(၄) သုံးသွေ့ဝိရတီ၊ရှေ့နှစ်လီ၊ပိရမီဘဇ္ဇပြု၊
(၅) သမုစ္ဆေဒ၊နိဗ္ဗာန၊ပြုရ-ဋီကာရှု၊
(၆) ကြွင်းတော့်သာ၊လုံးစုံသာ၊ဘယ်ဟာမကျန်ပြု၊
(၇) စေတသိက်အာရုံ၊အလုံးစုံ၊ဉာဏ်ဟုံ့ရာသိရ။

စေတသိက်အာရုံပြုလက်ာပြီးပြီ။

ဤအာရမ္မဏသင်္ဂဟ၌၊ ရုပ်ါရုံ့ကိုသာအာရုံပြု၍၊ သဒ္ဒါရုံ့ကိုအာရုံမပြု သောစိတ်-စသည်ဖြင့်။စတုက္ကစက်ကိုလှည့်လည်၍ခွဲကြလေကုန်။

အာရမ္မဏသင်္ဂဟ၊ပြီးထနိဋ္ဌိတာ။

---

## (၂၇၃) ဝတ္ထုသင်္ဂဟကိုပြဆိုခြင်း။

ဝတ္ထုသင်္ဂဟ၌၊ဝတ္ထုတို့သည်၊စက္ခုဝတ္ထု၊သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ကာယဝတ္ထု၊ ဟဒယဝတ္ထု၊ ဤသို့အားဖြင့်ခြောက်ပါးဖြစ်သတည်း။ထိုတွင်-စက္ခုဝိညာဉ်သည် စက္ခုံဝတ္ထုကိုမှီ၍၊ သောတဝိညာဉ်သည်-သောတဝတ္ထုကိုမှီ၍၊ ဃာနဝိညာဉ်သည် ဃာနဝတ္ထုကိုမှီ၍၊ဇိဝှါဝိညာဉ်သည်-ဇိဝှါဝတ္ထုကိုမှီ၍၊ကာယဝိညာဉ်သည်ကာယဝတ္ထုကိုမှီ၍ ကြွင်းသောစိတ်တို့သည်-ဟဒယဝတ္ထုကိုမှီ၍ဟုမှတ်၊စက္ခုပသာဒစသော ရုပ်တို့ကို-စိတ်စေတသိက်တို့ မှီရာဖြစ်သောကြောင့်။ ဝတ္ထုဟူ၍ခေါ်ဝေါ် အပ်ဘော့သည်ဟုမှတ်၊ထိုကြောင့်-ဋီကာကျမ်း၌။ ။နိဿယ ဘာဝေန စိတ္တစေတသိကာဝသန္တိ ဧတေသုတိ ဝတ္ထူနိ။ ။ဟုဘွင့်ပြ၏။ ။ဧတေ၊

သို့၊ ထိုစက္ခုပသာဒစသည်တို့၌၊ နိဿယဘာဝေန၊ မှီရာ၏အဖြစ်ဖြင့်၊ ပိဋ္ဌေတသိကာ၊ စိတ်စေတသိက်တို့သည်၊ ဝသန္တိ၊ နေတတ်ကုန်၏၊ ဆူဘိတသ္မာ၊ ထိုကြောင့်၊ တာနိ၊ ထိုစက္ခုစသည့်တို့သည်၊ ဝတ္ထုနိ၊ ဝတ္ထုမည်ကုန်၏၊

ဘုံအားဖြင့်ဝ-တ္ထုရုပ်မရပုံ-ပြဦးအံ့၊

ဆဝတ္ထုနိဿိတာ ကာမေ၊ သတ္တ ရူပေ စတုဗ္ဗိဓာ၊
တိဝတ္ထုနိဿိ ဘာ ရူပ္ပေ၊ ဓာတွေကာ နိဿိတာ မတာ၊

ကာမေ၊ ကာမတဆဲ့တတုံ၌၊ ဆဝတ္ထုံ၊ ခြောက်ပါးသောဝတ္ထုရုပ်ကို၊ နိဿိဘာ၊ မှီ၍ဖြစ်ကုန်သော၊ ဝိညာဏဓာတုယော၊ ဝိညာဏဓာတ်တို့ကို၊ သတ္တ၊ ရနှစ်ပါးအပြားရှိကုန်၏ဟူ၍၊ မတာ၊ သိအပ်ကုန်၏၊ ရူပေ၊ အသညသတ်ကြဉ်သောရူပ ၁၅-ဘုံ၌၊ ဘိဝတ္ထုံ၊ သုံးပါးသောဝတ္ထုရုပ်ကို၊ နိဿိတာ၊ မှီ၍ဖြစ်ကုန်သော၊ ဝိညာဏဓာတုယော၊ ဝိညာဏဓာတ်တို့ကို၊ စတုဗ္ဗိဓာ၊ လေးပါးအပြားရှိကုန်၏ဟူ၍ မတာ၊ သိအပ်ကုန်၏၊ အရူပေ၊ အရူပလေးဘုံ၌၊ ဝတ္ထုံ ဝတ္ထုရုပ်ကို၊ အနိဿိတာ အနိဿိတာဝေ၊ မမှီမူ၍သာလျှင်ဖြစ်သော၊ ဧကာ၊ တခုသော၊ ဓာတု၊ မနောဝိညာဏဓာတ်ကို။ မတာ၊ သိအပ်၏၊ ။ ဤဂါထာပါဌ်အရ၊ အဓိပ္ပါယ်သော်ကား၊ ကာမ ၁၁-ဘုံ၌ ဝတ္ထုခြောက်ပါး။ ဝိညာဏဓာတ် ခုနှစ်ပါးကိုရအပ်၏၊ ဝိညာဏဓာတ်-ခုနှစ်ပါးအရ။ စက္ခုဝိညာဉ်နွေးဟုဆိုအပ်သောစက္ခု ဝိညာဏဓာတ်၊ သောတဝိညာဉ်နွေးဟုဆိုအပ်သော-သောတဝိညာဏဓာတ်၊ ဃာနဝိညာဉ်ဟုဆိုအပ်သော-ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဉ်ဟုဆိုအပ်သော-ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဉ်ဟုဆိုအပ်သောကာယဝိညာဏဓာတ်၊ ပဉ္စဒွါရာဝဇ္ဇန်း-သမ္ပဋိစ္ဆိုင်းနွေးဟု ဆိုအပ်သော မနောဓာတ်၊ ကြွင်းသော စိတ်-ခုနစ်ဆဲ့ခြောက်ပါးတည်းဟူသော-မနောဝိညာဏဓာတ်။ ဤသို့အားဖြင့်-ဓာတ်ခုနစ်ပါးဖြစ်သတည်း။ ။အသညသတ်ကြဉ်သော-ရူပဆဲ့ငါးဘုံ၌ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဟဒယဝတ္ထု သုံးပါးကိုသာလျှင်ရ၏၊ ဃာန-ဇိဝှါ-ကာယဝတ္ထုကိုကား-မရအပ်ကုန်၊ ။ဝိညာဏဓာတ်လည်း၊ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်လေးပါးကိုရအပ်၏။ အရူပဘုံ၌၊ အချင်းခပ်သိမ်း-ဝတ္ထုခြောက်ပါးကိုမရအပ်ကုန်၊ မနောဝိညာဏဓာတ်တပါးကိုသာလျှင်ရအပ်ကုန်၏၊

## (၂၇၄) ရူပဘုံ၌ဃာနာဒိတ္တယ—မရပုံကိုပြခြင်း။

ရူပဘုံ၌၊အဘယ့်ကြောင့်။ဃာနာဒိတ္တယကိုမရသနည်းဟူမူ၊ ကာမဂုဏ်၌တပ်ခြင်းကင်းသော ကာမဝိရာဂဘာဝနာ၏ အစွမ်းကြောင့်၊ ဂန္ဓ-ရသ-ဖေါဋ္ဌဗ္ဗလျှင်အာရုံရှိသော ပသာဒတို့၌သည်းတပ်ခြင်းကင်းရကား ဃာနာဒိတ္တယပသာဒသည်၊ရူပဘုံ၌မရှိ၊ ။သုရားကိုဖူးမြင်ခြင်း။ တရားတော်နာယူခြင်းအကျိုး၄ါ စက္ခု၊သောတတို့၌ တပ်ခြင်းမကင်းသောကြောင့်။စက္ခု-သောတဝတ္ထု၊နှစ်ပါးကိုရအပ်ကုန်၏ဟုသိဟင္ဂနုဋီကာ၌ဒိန့်တော်မူ၏၊ ဤရူပဘုံ၌၊ဃာနာဒိတ္တယမရရှိသျှင်၊ ။ထိုရူပဗြဟ္မာတို့အား၊ နှာခေါင်းစသော သဏ္ဍာန်မရှိလေသလောဟူမူ၊ ။ဃာနံအတ္ထိ၊ ဃာနပသာဒေါစ ဃာနဝိညာဏဉ္စနတ္ထိ၊ တသ္မာဂန္ဓံ နဇာနန္တိ၊ ။ဇိဝှါလက်ာရဋီကာ၊ ။ဃာနံ၊ နှာခေါင်းသဏ္ဍာန်သည်၊ အတ္ထိရှိ၏။ ဃနပသာဒေါစ၊ ဃာနပသာဒသည်၎င်း၊ဃာနဝိညာဏဉ္စ၊ဃာနဝိညာဉ်သည်၎င်း၊နတ္ထိ၊မရှိ၊ တသ္မာ၊ထိုကြောင့်ဂန္ဓံ ဂန္ဓာရုံအနံ့ကို၊နဇာနန္တိ၊ဗြဟ္မာတို့မသိကြကုန်၊ နှာခေါင်းသဏ္ဍာန်ရှိ၏ဟူလို၊ ။ဤလျှင်တရပ် မှတ်ဘွယ်တည်း။

---

## (၂၇၅) ဗြဟ္မာဘုံ၌ ဂန္ဓာရုံရှိမရှိကို မေးဖြေခြင်း။

(အမေး) ဗြဟ္မာတို့ဘုံ၊ဂန္ဓာရုံ၊သင်းထုံ မွှုံမွှုံမွှေးလိမ့်နည်း၊

(အဖြေ) ဗြဟ္မာဘုံဘုံ၊ဂန္ဓာရုံ၊သင်းထုံမွှုံမွှုံမွှေး၏တည်း။

ရူပဗြဟ္မာဘုံတို့၌။ဂန္ဓ-ရသ-ဩဇာ–ဖေါဋ္ဌဗ္ဗဟုဆိုအပ်သောဘုတ်သုံးခုတို့သည်ရှိကုန်၏၊ထိုသို့ပင်ရှိသော်လည်း။ ဆုံမရှိသော ကျည်ပွေ့သည်၊ ထောင်းခြင်းကိစ္စကိုမပြီးစေနိုင်သကဲ့သို့ ဆုံနှင့်တူသော ဃာန-ဇိဝှါ-ကာယ-အရုပ်ကြည်တို့ကမရှိသောကြောင့်။ ကျည်ပွေ့နှင့်တူသော ဂန္ဓ ရသ၊ ဖောဋ္ဌဗ္ဗဩဇာပထဝီ-တို့သည်၊ ထောင်းခြင်းကိစ္စနှင့်တူသောအာယတနကိစ္စ အဟာရကိစ္စကို မပြီးစေနိုင်ကုန်၊ ထိုကြောင့် မဏိသာရမဉ္ဇူဋီကာ၌။ တတ္ထ စရူပါဝစရ သတ္တာန ဃာန-ဇိဝှါ ကာယတနာဘာဝတော ဝိဇ္ဇမာနာပိဂန္ဓရသာဖောဋ္ဌဗ္ဗ ယတနကိစ္စံနကရောန္တိ။ဟုဘွင့်ပြတော်မ၏၊ ။တတ္ထ၊ထိုရူပါဝစရဗြဟ္မာဘုံ၌၊ ရူပါဝစရသတ္တာနံ၊ရူပါဝစရဗြဟ္မာတို့အား၊ ဃနဇိဝှါကာယတနာ ဘာဝတော၊ ဃာနာယတန-ဇိဝှါယတန မရှိ

ထည့်၍ အဖြစ်ကြောင့်၊ ဂန္ဓ-ရသာ၊ဂန္ဓာရုံ,ရသာရုံတို့သည်၊ငိန္ဒြာမာန္ဒာဝိ၊ ရှိကုန်သော်လည်း။ အာယတနကိစ္စ၊ အာယတနကိစ္စကို၊ နကရောင့်မပြု ထတ်ကုန်၊ ပြဟ္မာဘုံ၌ဂန္ဓာရုံရှိ၍ဟူလို၊ ယမကအဋ္ဌကထာ၌လည်း၊နည်း တူပင်ပြတော်မူ၏၊ဗွင်ရုံးကျော်တင်•အဖြေဆရာကား၊ဖြဟ္မာဘုံ၌ဥယျာဥ် ဗိမာန်စသောဗဟိဒ္ဓရုပ်လည်း၊ဗာဟိရဖြစ်သောအဋ္ဌကလာပ်ကို ရကောင်း သည်ပင်ဖြစ်ရကား၊ ဂန္ဓာရုံရှိ၏၊ သင်းပျံ့ပျံ့မွှေး၏၊ ဟုဖြေဆိုတော်မူ၏၊ အာယတနကိစ္စကို-မပြီးစေနိုင်သော ဤဂန္ဓာရုံသည်၊ တခြားသဘောကို မလွှန်နိုင်သောကြောင့်၊ဓမ္မာယတန၌အတွင်းဝင်၏ဟု-အနုဋီကာ ဆရာ မိန့်တော်မူ၏၊ ၊ဤလျှင်တရပ်မှတ်ဘွယ်တည်း။

---

## (၂၇၆) ဝတ္ထုရုပ်တို့ကို ကေန်မှီ-မမှီကိုပြခြင်း၊

တေစတ္တာလီသ=နိဿာယ၊ ဒွေစတ္တာလီသဇာယရေ၊
နိဿာယစ–အနိဿာယ၊ ပါကာရုပ္ပါ အနိဿိတာ၊ ။

တေစတ္တာလီသ၊လေးဆဲ့သုံးပါးကုန်သောစိတ်တို့သည်၊နိဿာယ၊ဝတ္ထု ရုပ်ကိုမှီ၍ ဇာယရေ၊ဖြစ်ကုန်၏၊ ဒွေစတ္တာလီသ၊ လေးဆဲ့နှစ်ပါးကုန်သော စိတ်တို့သည်၊နိဿာယစ၊ ဝတ္ထုရုပ်ကိုမှီ ကုန်၍ငင်း၊ အနိဿာယစ၊မမှီကုန် ၍ငင်း၊ ဇာယရေ ဖြစ်ကုန်၏၊ ပါကာရုပ္ပါ၊အရူပဝိပါက်စိတ်လေးခုတို့သည်၊ အနိဿိတာ၊အချင်းခပ်သိမ်းမမှီကုန်မူ၍သာလျှင်၊ ဇာယရေ၊ဖြစ်ကုန်၏ ၊ ဤဂါထာပါဌ်အရ ဝတ္ထုခြောက်ပါးတို့တွင်၊ပဉ္စဝတ္ထုကိုမှီသောစိတ်၊ ဒွေး ပဉ္စဝိညာဉ် ၁၀၊ ဟဒယဝတ္ထုကို ကေန်မှီသောစိတ်-မနောဓါတ်သုံးလုံး၊ ထဒါရုံဘဆဲ့တစ်၊ဒေါသမူနှစ်ပါး သောတာပတ္တိမဂ်-ဟသိတုပ္ပါဒ် ရူပစိတ်၁၅ ဤသုံ ဆဲ့သုံးပါးတို့တည်း၊ ၊ဟဒယဝတ္ထုကိုအနေကန်မှီသောစိတ်သည် ကား၊လောဘမူ-၈၊ မောဟမူ- ၊ မနောဒွါရာဝဇ္ဇန်း၊မဟာကုသိုလ်–၈၊ မဟာကြိယာ-၈ အရူပကုသိုလ်–၄၊ အရူပကြိယာ–၄၊ သောတာပတ္တိမဂ် ကြဉ်သော-လောကုတ္တရာစိတ် ၇၊ဤလေးဆဲ့နှစ်ပါးသောစိတ်တို့တည်း၊ ဤ စိတ်တို့သည်၊ပဉ္စဝေါကာရဘုံ၌၊ ဖြစ်ခိုက်-ဟဒယဝတ္ထုကိုမှီ၍ဖြစ်ကုန်၏၊ စတုဝေါကာရဘုံ၌ဖြင်ခိုက်၊ဟဒယဝတ္ထုကိုမမှီကုန်ဟု ကပ်ဆပ်သော်ရာ မှတ်ကုန်ရာ၏၊ ၊အရူပဝိပါက် လေးပါးတို့သည်၊ ဝတ္ထုတို့ကို အချင်းခပ် သိမ်းမမှီကုန်ရကား၊ဝတ္ထုဝိမုတ်မည်၏ဟုမှတ်၊

လင်္ကာဆောင်ပုဒ်ကား။

(၁) ပဉ္စဝိညာ၊မနောဓာ၊တဒါ ဟသိဘော။
(၂) ဒေါသမူ၊ ဂုဏ်သောတာ၊ရူပါဝစ်ကိုးနှော။
(၃) လေးဆဲ့သုံးဖြာစိတ်သင်္ချာ၊မှီရဂေန်ဟော၊
(၄) ကြွင်းအကုသလာ၊မနောဓါ၊မဟာကုကိရော၊
(၅) အရူပါဝစရော၊ကုကိပါ၊သတ္တာ၁လောကုတ်နှော၊
(၆) လေးဆဲ့နှစ်လီ၊မှီမမှီ၊တွက်ပြီးအနေကော။
(၇) အရူပါဝစရော၊ဝိပါကာ၊သယ်ဟာမမှီဟော။
(၈) ထရုသုတ်ကိုးဆယ်၊အကျဉ်းသွယ်၊အလွယ်မှတ်စေသော၊

---

## (၁၇၇) စေတသိက်၏မှီရာကိုပြခြင်း။

(၁) ရုံခါမှီရှု၊ဆဝတ္ထု၊မှတ်ရူစေသတ္တာ၊ (သဗ္ဗစိတ္တသာဓာရဏ)
(၂) ဟဒယစွဲ၊မှီလေမြဲ မလွဲအားရုံသာ၊(ဒေါသမူစေတသိက် ၄)
(၃) ရုံခါမှီသာ လေးဆဲ့တစ်၊စီစစ်ခွဲပညာ။
(၄) ဝတ္ထုသင်ဟ၊သရူပ၊ပြီးထနိဋ္ဌိတာ၊

ဤတွင်၊ဉာဏ်အဟုန်ရပ်ဆိုင်း၍ပကိဏ်းပိုင်း
အပြီးသတ်လိုက်ပြီ၊

---

သဒ္ဓမ္မဇောတိပါလေန သုသင်္ခတော ပကာရဏော၊
ပကိဏ္ဏကပရိစ္ဆေဒေါ၊ ဘာသာဘာသေန နိဋ္ဌိတော၊

သဒ္ဓမ္မဇောတိပါလေန၊ သုတော်ဘရား၊ထွန်းကားစေ၍၊ ကောင်းစွာ စောင့်ရှောက်၊သမ္ဗာဆန္ဒရောက်ခြင်းရှိသောကြောင့်၊ရှင်သဒ္ဓမ္မဇောတိပါလ ဟူ၍နာမကျော်ဘိ ပညာရှိမထေရ်မြတ်သည်၊ သုသင်္ခတော၊ကရုဏာရှေ့ဆောင် ပညာသုဉ်၍ စီရင်ရေးသားအပ်သော ပကာရဏော၊ပရမတ္ထသရူပဘေဒနီဝဏ္ဏ နာမည်ဆန်း၊မြတ်ခွဲ့ဘျမ်း၊တတိယော၊ထို့ဆင့်ထောက်၊သုံးခုမြောက် အစစ်ဖြစ်ထသော ပကိဏ္ဏကပရိစ္ဆေဒေါ၊စိတ်စေတသိက်ရောပြွမ်း၊သရုပ် တမ်းသော ပကိဏ်းမည်သိုင်း၊ ဤသည့်အပိုင်းသည်၊ ဘာသာဘာသဝေန၊ အနက်ရှယ်သော၊ မရှိဘေသဖြင့်၊ နိဋ္ဌိတော၊ အပြီးအဆုံး၊ နိဂုံးခါးပါတ်၊ ထမ်းတားရပ်ပြီ၊

ပထမတွဲ—သုံးပိုင်းတခုပ်။ အပြီးချုပ်တည်း၊

# ပညာပါရမီပစ္စနိဂါထာ။

(၁) ဆုမိန္ဒာ ပုညကမ္မေန၊ သမ္ဗုဒ္ဓ ဒေသိတံ နယံ၊
ဒုဗ္ဗိညေယျံ ဝိဓာနာဝိ၊ သဗ္ဗံ ထိက္ခာယ ဗုဒ္ဓိယာ။ ။

ဆုမိန္ဒာ ပုညကမ္မေန၊ အဘိဓမ္မာအရာ၊ နက်နဲစွာကို၊ သေချာ လွှာ်ကျ ဘိစေဟူသား။ စေတနာအားဖြင့်၊ ရေသားပြုဖြင်၊ စီရင်ရသော၍ ကောင်းမှု အကျိုးအာနိသင်ကြောင့်၊ သမ္ဗုဒ္ဓဒေသိတံ၊ သစ္စာသိမြင်။ ဘုရားရှင်သည်၊ ကောန်ပင်ဆတ်ဆတ်၊ ညာဏ်တော်တပ်၍၊ ဟောကြားတော်မူအပ်သော၊ ဒုဗ္ဗိညေယျံ၊ ရဟန်းရှင်ဟူ၊ သာမန်လူတို့သည်၊ သိနိုင်ခဲလှသော၊ သဗ္ဗံ၊ ကြွင်းမဲ့ ဥဿုံ၊ အလုံးစုံသော၊ နယံ၊ ဓ. ထုံးထုံးပုံ၊ နည်းမျိုးစုံသည့်၊ ပိဋကတ်သုံးပုံ၊ ထရားဟုန်ကုံ၊ တိက္ခာယနာ၊ ဓ.ထက်မာထိန်၊ သိကြားချိန်သည့်၊ ဝဇိရစိန် လက်နက်၊ မိုးကြိုးစက် ကဲ့သို့၊ ထက်မျက်ဖွဲ့စွာသော၊ ဗုဒ္ဓိယာ၊ အာဓာနိ မှန်၊ အသိညာဏ်ဖြင့်၊ ဝိဓာနာဝိ၊ သူများထက်ချွန်စေ၊ လွန်စွာထိတ်၊ ကောန်ပင် ဓာကျွန်ုပ်မထေရ်မြတ်သိရပါလို၏။